www.burmeseclassic.com

ထိုင်း မြန်မာ မီးရထားလမ်း

ကိုယ်တွေ့ချေးတပ်မှတ်တမ်း

လင်းယုန်သစ်လွင်

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်
(ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)
ပေါင်းချုပ်

၂၀၀၃-ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ (၁၀၀၀)

မျက်နှာဖုံးပန်းချီ
ပန်းချီဝေမွန်လင်း

မျက်နှာဖုံးဖလင်ခွဲ
ကိုအောင်သိန်းစိုး

စာအုပ်ချုပ်
သဲမာထွန်း စာအုပ်ချုပ်လုပ်ငန်း

အတွင်းအုပ်ဆက်ဖလင်
ကိုအောင်သိန်းစိုး

ကွန်ပျူတာစာစီ
ဂျင်မီသောင်းကြူ

မျက်နှာဖုံးပုံနှိပ်သူ
ဦးမြသောင်း (၀၁၇၈၄) ခေတ္တရာပုံနှိပ်တိုက်
အမှတ် ၁၂၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦး၀င်းမြိုင် (၀၂၄၈၆) သီဒွီမြိုင်ပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၃၄ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးညွှန့်ဌေး (၀၃၁၃) စိန်ပန်းမြိုင်စာပေ
အမှတ် ၂၃ (အောက်)၊ ဦးကောင်းလမ်း၊ ကရင်အမျိုးသားရုပ်ကွက်.
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

စပယ်ဦး အမှာ

မှတ်မှတ်ရရဆိုရလျှင် (၃-၅-၉၂)နေ့က **ဆရာလင်းယုန်သစ်လွင်** သည် စပယ်ဦးစာပေ ဖြန့်ချီရေးသို့ နေ့လယ် တစ်နာရီခန့်တွင် ကိုယ်တိုင် ရောက်ရှိလာပြီး သတင်းနှင့် စာနယ်ဇင်း ကော်ပိရေးရှင်းမှ ထုတ်ဝေသော သူ၏ **"ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း"** စာအုပ်၊ (ပထမတွဲ၊ ဒုတိယတွဲ) နှစ်အုပ်ကို လက်မှတ်ရေးထိုး၍ အမှတ်တရ ပေးရင်း . . .

"တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ကိုယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ချွေးတပ်မှတ်တမ်းစာအုပ်ကို စပယ်ဦးက တစ်ပေါင်းတစ်စည်းတည်း ထုတ်ပေးစမ်းပါကွာ" ဟု ဆိုပါသည်။

ဆရာလင်းယုန်သစ်လွင်၏ အမှတ်မထင် ပြောဆိုစကားကို ရယ်ရယ် မောမောဖြင့် ထုတ်ပေးပါမည်ဟု ကတိပြုလိုက်ပါသည်။

သည်နောက် အကြောင်းအမျိုးမျိုးကြောင့် "ထိုင်း-မြန်မာ မီးရထား လမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း" စာအုပ်ကို မေ့မေ့လျော့လျော့ဖြင့် ထားခဲ့ပါသည်။

စပယ်ဦးစာပေဖြန့်ချီရေးကို မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း) မှ ယခုတည်ရှိရာနေရာ ၃၅-လမ်း (အလယ်လမ်း) သို့ ၂၀၀၁-ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ရွှေ့ပြောင်းကြရာ (စပယ်ဦးစာပေ စာအုပ်စင်)တွင် ထားရှိ

www.burmeseclassic.com

www.burmeseclassic.com

သည့်စာအုပ်များကို သယ်ယူရွှေ့ပြောင်းရာတွင် ဆရာလင်းယုန်သစ်လွင်၏ "ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း" စာအုပ်ကို တွေ့ရှိပြီး ဆရာ မှာကြားခဲ့သော "ကိုယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ချွေးတပ်မှတ်တမ်းစာအုပ်ကို စပယ်ဦးက တစ်ပေါင်းတစ်စည်းတည်း ထုတ်ပေးစမ်းပါကွာ" ဟူသော စကားကို ပြန်လည်ကြားယောင်မိပါသည်။

တစ်နေ့တွင် စပယ်ဦးစာပေနေရာသစ်သို့ ဆရာဆင်ဖြူကျန်းအောင်သိန်း ရောက်ရှိလာရာ ဆရာလင်းယုန်သစ်လွင် အမှတ်တရပေးခဲ့သော "ကိုယ်တွေ့ မှတ်တမ်း" စာအုပ်ကို ပြရင်း ဆရာ၏ အမှာစကားအရ ထုတ်ဝေလိုကြောင်း ပြောမိရာ ဆရာဆင်ဖြူကျန်းအောင်သိန်းက "ဟော...ဒီလိုဆိုရင် အတော်ပဲ၊ လင်းယုန်သစ်လွင်ရဲ့ စာမူထိန်းသိမ်းရေး ကော်မတီမှာ ငါလဲ ပါတယ်၊ စပယ်ဦးက ထုတ်မယ်ဆိုရင် အားလုံးသဘောတူကြမှာပါ" ဟု ဆိုပါသည်။

ဤသို့ဖြင့် ဆရာလင်းယုန်သစ်လွင်၏ စာမူထိန်းသိမ်းရေး ကော်မတီ၏ သဘောတူညီချက်ဖြင့် ဤ **"ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း"** စာအုပ်ကို စပယ်ဦးစာပေမှ တစ်ပေါင်းတစ်စည်းတည်း ထုတ်ဝေဖြန့်ချိလိုက်ရပါသတည်း။

"ဆရာလင်းယုန်သစ်လွင် မြင့်မြတ်သော ဘုံဘဝမှ ကျေနပ်ဝမ်းမြောက်ပါစေ။"

စပယ်ဦးစာပေ

ဆရာလင်းယုန်သစ်လွင်သည် (၂၅-၁၀-၉၂) နေ့ကာလည်း ယောမင်းကြီးစာပေမှ ဆုတ်ဝေသည့် "ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း" တတိယစာအုပ်ကို နောင် တစ်ပေါင်းတစ်စည်းတည်း ထုတ်ဝေနိုင်ရန် လက်မှတ်ရေးထိုး ပေးအပ်သွားခဲ့ပါသည်။

စပယ်ဦးစာပေ

မှတ်တမ်းအမှာ

(၁)

BURMESE CLASSIC

ပြီးခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် စစ်ဘေးစစ်ဒဏ် ကျရောက်ခံခဲ့ရသည့်နိုင်ငံ ဖြစ်လေသည်။

ထိုစစ်ကြီးနှင့်အတူ ဂျပန်စစ်ဝါဒီများနှင့် ဖက်ဆစ်စနစ်ဆိုးသည်လည်း ကျွန်ုပ်တို့နိုင်ငံအတွင်းသို့ ရောက်ရှိလာပြီးနောက် နှစ်ကာလအတန်ကြာပင် ကျွန်ုပ်တို့တိုင်းပြည် လူထုအပေါ် လွှမ်းမိုးချုပ်ချယ်ခဲ့လေသည်။

ဖက်ဆစ်ဂျပန်စစ်ဝါဒီတို့ ကြီးစိုးလွှမ်းမိုးနေသော ခေတ်ကာလတစ်လျှောက်လုံးပင် ကျွန်ုပ်တို့ နိုင်ငံသူ၊ နိုင်ငံသားများမှာလည်း စစ်ကြောင့်လည်းကောင်း၊ စနစ်ကြောင့်လည်းကောင်း သွေး၊ ချွေး၊ မျက်ရည်တို့ဖြင့် ဖုံးလွှမ်းစိုစွတ်ခဲ့ရလေသည်။ ဝိုသံ ရွှိက်သံ ညည်းတွားရေရွတ်သံများအကြားမှ များစွာသော နိုင်ငံသူ၊ နိုင်ငံသား တို့၏ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းများသည်လည်းကောင်း၊ ဘုရား၊ တန်ဆောင်း၊ ကျောင်းကန် ဧရပ် စသည်များသည်လည်းကောင်း၊ စာပေယဉ်ကျေးမှုရှေးဟောင်းအမွေအနစ် အနုပညာပစ္စည်း စသည်များသည်လည်းကောင်း သေကျေပျက်စီး လောင်ကျွမ်းပြုန်းတီး ဖြစ်ခဲ့ရလေသည်။

အဆိုပါဖြစ်ရပ်များတွင် ဖက်ဆစ်ဂျပန်များ၏ စစ်ရေးစစ်ရာ အလိုကျ ဖောက်လုပ်ခဲ့သည့် **"ထိုင်း-မြန်မာ မီးရထားလမ်းကြီး"** မှာလည်း ကြီးမားသော စစ်ရာဇဝတ်ပြစ်မှုကြီးတစ်ခုအဖြစ် ထိပ်ဆုံးမှ ပါဝင်ခဲ့လေသည်။ ထို့ကြောင့်ပင် ဤလမ်းမကြီးကို သမိုင်းမှတ်တမ်းတင် သုတေသီများနှင့် ကမ္ဘာနိုင်ငံအသီးသီးရှိ စာပေါင်းဆောင်ကြီးများက **"အရှေ့တောင်အာရှ၏ သေမင်းတမန် မီးရထားလမ်း"** တစ်နည်းအားဖြင့် (The Railway of Death) ဟူ၍ ခေါ်စမှတ်ပြုခဲ့ကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်သချိုင်းကော်မရှင်ကလည်း သုံးသောင်း (၃၀,၀၀၀) မှ ရှစ်သောင်း (၈၀,၀၀၀) အထိ သေကျေပျက်စီးလိမ့်မည်ဟု ခန့်မှန်းလေသည်။

ဤသည်မှာ မြန်မာနိုင်ငံဘက်မှ အရပ်သား ချွေးတပ်သားများ၏ သေကျေပျက်စီးရမှု ခန့်မှန်းခြေစာရင်းမျှ ဖြစ်လေသည်။ ထိုအထဲတွင် စစ်သုံ့ပန်းချွေးတပ်သားများနှင့် ထိုင်းနိုင်ငံဘက်မှ ဖြစ်သော မလေး၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ထိုင်း၊ တရုတ် စသော အရပ်သား ချွေးတပ်သားများ၏ စာရင်း မပါဝင်သေးချေ။

စစ်သချိုင်းကော်မရှင်သည် စစ်သုံ့ပန်း ချွေးတပ်သားများနှင့် ပတ်သက်၍ သေကျေဆုံးပါးရမှုကို အောက်ပါအတိုင်း ဖော်ပြလေသည်။

သဘြူဇရပ်စစ်သချိုင်းတွင် စစ်သုံ့ပန်း ချွေးတပ်သားများ ဖြစ်ကြသော ဗြိတိသျှစစ်သည်တော်ပေါင်း တစ်ထောင်ခုနစ်ရာနှစ်ဆယ့်ရှစ် (၁၇၂၈)၊ သြစတြေးလျ တစ်ထောင့်တစ်ရာခြောက်ဆယ့်သုံးယောက် (၁၁၆၃)၊ ဒတ်ချ်စစ်သား ခြောက်ရာ နှစ်ဆယ့်ဘစ်ယောက် (၆၂၁)၊ သုံ့ပန်း ချွေးတပ်သား အစုစုပေါင်း သုံးထောင့် ငါးရာတစ်ဆယ့်နစ်ယောက် (၃၅၁၂) ယောက် ဖြစ်လေသည်။

(ယခု သဘြူဇရပ် ကျိုက္ခမီကားလမ်းဘေးတွင် ရှိနေသော စစ်သချိုင်းမှာ ထိုသုံ့ပန်းစစ်သားများ၏ အရိုးမြေပုံများပင် ဖြစ်လေသည်။)

တစ်ဖန် အထက်ပါစာရင်းတွင် ထိုင်းနိုင်ငံဘက်၌ မြှုပ်နှံထားသော စစ်သုံ့ပန်း ချွေးတပ်သားများ၏ စာရင်း မပါဝင်သေးချေ။ ထိုင်းနိုင်ငံဘက်တွင် ဗြိတိသျှ၊ သြစတြေးလျနှင့် ဒတ်ချ် စစ်သုံ့ပန်း ချွေးတပ်သားပေါင်း ရှစ်ထောင့်လေးရာ (၈၄၀၀) ကျော် မြှုပ်နှံခဲ့ရကြောင်း **'စစ်သချိုင်းကော်မရှင်'** က ဖော်ပြလေသည်။

စစ်သချိုင်းကော်မရှင်၏ ထပ်မံ အဆိုပြုချက်မှာ ထိုင်းနိုင်ငံဘက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ သဘြူဇရပ် စစ်သချိုင်းတွင်လည်းကောင်း မြှုပ်နှံခြင်း ပြုခဲ့ရသည့် စစ်သုံ့ပန်းအလောင်းများ အပါအဝင် **'ထိုင်း-မြန်မာ မီးရထားလမ်း'** ကို အကြောင်းပြုလျက် သေကျေပျက်စီးခဲ့ရသော စစ်သုံ့ပန်း ချွေးတပ်သားပေါင်းသည် တစ်သောင်းသုံးထောင့်ငါးရာ (၁၃,၅၀၀) ထက်မနည်း ရှိလိမ့်မည်ဆိုသော အချက်ပင် ဖြစ်လေသည်။

(စစ်ကြီးပြီးသွား၍ စစ်သချိုင်းကော်မရှင်က စစ်သုံ့ပန်း ချွေးတပ်သားများ၏ အလောင်းများကို လိုက်လံတူးဖော်ရာတွင် အမှတ်အသား တွေ့သလောက်သာ ဟူးဖော်နိုင်လေသည်။)

(၅)

"ထိုင်း-မြန်မာ မီးရထားလမ်း" ကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ၁၉၄၂ ခုမှ ၁၉၄၅ ခုထိ ဂျပန်ကို ဖောက်လုပ်ခဲ့ကြလေသည်။

ထိုင်းနိုင်ငံ၊ ဘန်ပေါင် (Ban Pong) ဘူတာမှ မြန်မာနိုင်ငံ၊ သဘြူဇရပ် ဘူတာအထိ တစ်ရာ့ခုနစ်ဆယ့်ငါး (၁၇၅) မိုင် ရှိလေသည်။

စတင်ဖောက်လုပ်ရာတွင် ထိုင်းနိုင်ငံဘက်မှ ကရာ (Kra) ကျွန်းဆက်ကို ဖြတ်၍ ချမ်ပုံ (Chun Phon) မှ ဝိတိုရိယအင္ဂ မြောက်ဘက်ရှိ ပတ်ချန် (Pak Chan) မြစ်ကမ်းနဖူးထိ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်၏။ ထိုခရီးအကွာအဝေးသည် ငါးဆယ့်ငါး (၅၅) မိုင် ရှိလေသည်။

ဂျပန်တို့သည် ထိုင်း-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတွင် အသုံးချရန် အတွက် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ အလုပ်သမားပေါင်း တစ်သိန်း ခုနစ်သောင်း ခုနစ်ထောင် (၁၇၇,၀၀၀) စုဆောင်းခဲ့လေသည်။ ထိုအလုပ်သမား များကို ချွေးတပ်သားဟူ၍ ဂျပန်ခေတ်က ခေါ်ဆိုခဲ့ကြလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွား၍ **"မဟာမိတ် စစ်သချိုင်းကော်မရှင်"** က ဂျပန်စစ်အာဏာပိုင်များကို စစ်ဆေးခြင်းပြုသည့်အခါ မြန်မာနိုင်ငံအရပ်ရပ်မှ ချွေးတပ်သားပေါင်း တစ်သိန်း သုံးသောင်း (၁၃၀,၀၀၀) သာ စုဆောင်းခဲ့ကြောင်း၊ ထိုအထဲမှ လေးသောင်း (၄၀,၀၀၀) သည် လမ်.ခုလတ်တွင် ထွက်ပြေးခဲ့ကြောင်း၊ ချွေးတပ်သားပေါင်း တစ်သောင်းသုံးထောင့်ငါးရာ (၁၃,၅၀၀) တို့ကို ၎င်းတို့ အလုပ်တာဝန်ပြီးဆုံးသဖြင့် နေရပ်သို့ ကောင်းမွန်စွာ ပြန်လွှတ်လိုက်ကြောင်း အစစ်ခံလေသည်။

သို့ရာတွင်

ဂျပန်တို့၏ အထက်ပါ အစစ်ခံချက်သည် စိတ်ချယုံကြည်နိုင်ဖွယ် အကြောင်း မရှိဟု စစ်သချိုင်းကော်မရှင်က မှတ်ချက်ချလေသည်။

၁၉၄၇ ခု၊ အောက်တိုဘာလ (၇) ရက် နေ့စွဲနှင့် ထုတ်ပြန်ကြေညာသော လန်ဒန် **ဗြိတိသျှနိုင်ငံခြားရေးရုံး**၏ ကြေညာချက်တွင်မှ မြန်မာနိုင်ငံမှ ချွေးတပ်သား ပေါင်း ရှစ်သောင်း (၈၀,၀၀၀) ကျော် သေကျေပျက်စီးသည်ဟု ခန့်မှန်း လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အသောက် အနေအထိုင်မှစ၍ တောတွင်း ရွှေးတပ်စခန်းများ၏ ရောဂါဝေဒနာ ကျရောက်မှုများအထိ စာရေးသူ ကြုံခဲ့သလောက် တတ်စွမ်းသမျှ တင်ပြထားပါသည်။

ထို့ကြောင့် ဤစာအုပ်သည်-

'ထိုင်း-မြန်မာ မီးရထားလမ်း' အကြောင်းကို သာမက-

(က) ကျွးကျော်စစ်ပြုခံရသည့် နိုင်ငံသူ နိုင်ငံသားများ၏ ဆင်းရဲဒုက္ခ အဖုံဖုံကိုလည်းကောင်း၊

(ခ) ဒုတိယကမ္ဘာစစ်ကြီးနှင့် မြန်မာနိုင်ငံ၏ ဖြစ်ရပ်ကိုလည်းကောင်း၊

(ဂ) ဖက်ဆစ်ဝါဒ၏ ဆိုးသွမ်းကြမ်းကြုတ်မှုများကိုလည်းကောင်း ထိုက်သင့်သလောက် ပြောနိုင်စွမ်းလိမ့်မည်ဟု စာရေးသူ ယူဆပါသည်။

လင်းယုန် သစ်လွင်
ရန်ကုန်
၁၉၆၈ ခု၊ ဩဂုတ်လ (၁)ရက်။

ဂျပန်တို့သည် ထိုင်း-မြန်မာ မီးရထားလမ်းကို ဖောက်လုပ်ရာတွင် ရန်ကုန်-မန္တလေး သံလမ်းတစ်လမ်းကို ဖြုတ်ယူအသုံးပြုခဲ့ခြင်း ဖြစ်လေသည်။

စစ်ကြီးပြီးဆုံးသွားသည့်အခါ ဗြိတိသျှအစိုးရသည် ထိုင်းနိုင်ငံဘက်မှ လမ်းကို ပေါင်တစ်သန်းကျော်ဖြင့် ရောင်းချလျက် မြန်မာနိုင်ငံဘက်မှ လမ်းကိုမူ ပေါင်တစ်ဆယ့်ခြောက်သန်းကျော်ဖြင့် ရောင်းချလေသည်။ ထိုမှရငွေများကို အသက်မသေ ကျန်ရှိနေကြသော ဗြိတိသျှ စစ်သုံ့ပန်း ရွှေးတပ်သားများအား ခွဲဝေပေးလေသည်။

သံဖြူဧရပ် စစ်သချိုင်းဖွင့်ပွဲ အခမ်းအနားကို တနင်္သာရီခရိုင်၊ သံဖြူဧရပ် စစ်သချိုင်းတွင် ၁၉၄၆ ခု၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် ပြုလုပ်ခဲ့လေသည်။

(စာပေဗိမာန်ထုတ် နှစ်ငါးဆယ် ကမ္ဘာရေးရာ တတိယတွဲတွင်မူ ၁၉၄၆ ခု၊ ဒီဇင်ဘာလ (၂၃) ရက်နေ့ဟု ဖော်ပြထားလေသည်။)

ထိုအခမ်းအနားဖွင့်ပွဲသို့ ဗမာ့လွတ်လပ်ရေး ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ မြန်မာပြည် ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)၊ တနင်္သာရီတိုင်းမင်းကြီး ဦးခင်မောင်ရင်၊ ခရစ်ယာန်ဂိုဏ်းအုပ် ဘုန်းတော်ကြီး လော့ဘီရော့ပ် စသော ပဂ္ဂိုလ်ကြီးများနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ခဲ့ကြလေသည်။

အထက်ဖော်ပြပါ အချက်အလက်များသည် (The Burma-Siam Railway 1942-45) စာအုပ်ငယ်မှ ရရှိသော **"ထိုင်း-မြန်မာ မီးရထားလမ်း"** နှင့် ပတ်သက်၍ သိသင့် သိအပ်သည့်အချက်များ ဖြစ်လေသည်။

(၃)

စာရေးသူ တင်ပြထားသော ယခုမှတ်တမ်းမှာမူ အထက်ပါ စာအုပ်တွင် မပါသော အကြောင်းအချက်များ ဖြစ်ပါသည်။

အထူးသဖြင့် ထိုင်း-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတွင် အဓိကကျသော မြန်မာအမျိုးသား ရွှေးတပ်အလုပ်သမားတို့၏ ဘဝကို အလေးအနက်ပြု၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။ ပြီးလျှင် မြန်မာအမျိုးသား ရွှေးတပ်သားများနှင့် တစ်ပေါင်းတစ်စည်းတည်းလို ဖြစ်နေသော ဗြိတိသျှစစ်သုံ့ပန်းများ၏ အဖြစ်ကိုလည်းကောင်း၊ ဂျပန်စစ်သားများ၏ အပြုအမူ ဓလေ့စရိုက်များကိုလည်းကောင်း၊ ရွှေးတပ်သားများ၏ အလုပ်တာဝန်နှင့် လုပ်ကိုင်ကြုံပုံများကိုလည်းကောင်း၊ အစား

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

		စာမျက်နှာ
	(ပထမတွဲ)	
	မုတ်တမ်းအမှာ	
	လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း	၇
၁။	စတင်ခရီးထွက်ခြင်း	၉
၂။	သေမင်း၏ ခံတွင်းပေါက်	၂၁
၃။	နာမည်ကျော် သံဖြူဧရပ်	၃၂
၄။	တစ်ညတာ၏ အမောင်ရိပ်ဝယ်	၄၃
၅။	တောတွင်း ချွေးတပ်စခန်းများသို့	၅၉
၆။	ကျောက်တစ်လုံးစခန်း	၇၀
၇။	အံ့မခန်း ရက်စက်မှုများ	၈၇
၈။	ကျွန်တော်တို့ အလုပ်ဆင်းကြရပြီ	၁၀၃
၉။	ဗြိတိသျှ စစ်သုံ့ပန်း ချွေးတပ်သားများ	၁၁၇
၁၀။	ချွေးတပ်စခန်းနှင့် မွန်ဈေးသည် လှည်းများ	၁၃၄
၁၁။	ဆင်နှင့် ဆင်ဦးစီး ချွေးတပ်သားများ	၁၄၅
၁၂။	တပ်ဒိန်စခန်းနှင့် ဝမ်းရောဂါ	၁၅၉
၁၃။	များပြားလှသော သေဆုံးရမှု	၁၇၆
၁၄။	ကျောက်ပေါက်သော ချွေးတပ်သား	၁၈၃
၁၅။	ဂျပန်မကလေး သုံးစုံ	၂၀၃
	(ဒုတိယတွဲ)	
၁၆။	ခါးသီးသော ဒဏ်ခတ်မှု	၂၁၆
၁၇။	ချွေးတပ်သားနှင့် စစ်သုံ့ပန်းများ	၂၂၉
၁၈။	ချွေးတပ်စခန်းနှင့် အဓိပတိမင်းကြီး	၂၅၇
၁၉။	စခန်းပြောင်းရွှေ့ခြင်း	၂၇၆
၂၀။	ကျား၊ နှင့် ချွေးတပ်သား	၂၉၅
၂၁။	အသေဆိုး သေရပြန်ခြင်း	၃၁၇
၂၂။	ဘုရား၊ သုံး၊ ဆူစခန်	၃၃၁

စာရေးဆရာကြီးလင်းယုန်သစ်လွင် ရေးသားခဲ့သော စာအုပ်များ

၁။	ဟူပြိုင်လေကူးမယ်ပ	၁၉၅၂
၂။	ဘက်ဆုံးကြောကေခိုင်	၁၉၅၃
၃။	ဆိုက်ကား၊သမား	။
၄။	ချစ်တုန့်မပြန်	၁၉၅၄
၅။	ဘုံကျွန်	။
၆။	မေတ္တာသာလျှင်	၁၉၅၅
၇။	လက်ရွေးစင်ဝတ္ထုတိုများ	၁၉၅၆
၈။	ကရုဏာလိုင်း	၁၉၅၇
၉။	အမွေဆိုင်ညီအစ်ကို	၁၉၅၈
၁၀။	တရား၊ခံ	။
၁၁။	လျှို့ဝှက်ဂိုဏ်း	၁၉၅၉
၁၂။	နှင်းဆီမြိုင်လူသတ်မှု	။
၁၃။	ငွေရတုဂိုဏ်း	။
၁၄။	ရတနာခင်နှင့် လူသတ်ဂိုဏ်း	။
၁၅။	အသက်သွေးချွေး	၁၉၆၀
၁၆။	ချစ်သောမာဓီ	။
၁၇။	ခြေတော်တင်ခံမလေး	၁၉၆၁
၁၈။	မိုးတစ်ညဝယ်	။
၁၉။	စယ်ခြံလူသတ်မှု	။
၂၀။	သီတာသောင်ခြေဦး	၁၉၆၂
၂၁။	မေတ္တာရုန့်ပြယ်လေသော်	။
၂၂။	စောနန်းမွန်	။
၂၃။	ဘဝဇာတ်ဆရာထံတွင်	။
၂၄။	သမုဒယသံယောဇဉ်	။
၂၅။	ဂလက်ဒီယေးတာ၊ဂိုဏ်း	။
၂၆။	သေနတ်တစ်မှတ်အသက်တစ်သွေး	။
၂၇။	လျှို့ဝှက်ရတနာ	။
၂၈။	လူသတ်ပတ္တမြား	။
၂၉။	မေတ္တာပုလဲနန်	၁၉၆၃
၃၀။	ရွှေမနိုင်ခင်လေး	။
၃၁။	သွေးသောက်ဓား	။
၃၂။	သိန်းထိုက်ရတနာ	။
၃၃။	မျှော်ရလေမည်မွေးရပ်မြေ	။
၃၄။	မေတ္တာနှောင်ကြိုး	၁၉၆၃
၃၅။	သေမင်းတမန်လမ်းပေါ်ဝယ်	၁၉၆၄
၃၆။	သောင်းဒီပါမြေ	၁၉၆၅
၃၇။	သမုဒယနောင်	။
၃၈။	သက်မွန်ဆံဖွာ	။
၃၉။	ယမုန်နာတံငါဝတ္ထုတိုများ	။
၄၀။	နှစ်ဦးမေတ္တာဆုံကြရာဝယ်	။
၄၁။	ရတနာနန်	၁၉၆၆
၄၂။	ဓမ်းဆိပ်သို့ရောက်လေသော်	။
၄၃။	လျှို့ဝှက်လေဟာ	၁၉၆၇
၄၄။	စစ်သူလျှိုဂိုဏ်း	။
၄၅။	ကဗ္ဗတိန်မာဒင်	။
၄၆။	ယိုးဒယား—မြန်မာဒီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း	၁၉၆၈
၄၇။	ပင်လယ်တံငါ	၁၉၇၁
၄၈။	မမွှဝိလာသ	။
၄၉။	ဆားချက်မြေ	၁၉၇၃
၅၀။	ပါးစပ်လိုက်လား လက်လိုက်လား	။
၅၁။	အလွှာ	၁၉၇၄
၅၂။	မွေရကွိတ	။
၅၃။	မိုးသောက်ကြယ်	၁၉၇၅
၅၄။	အနာဂတ်အတွက် မွေးဖွားခြင်း	၁၉၈၄
၅၅။	ကျွန်းပြန်ဝိန်တစ်ပွင့်	
၅၆။	အိမ်ထောင်ပြုခြင်း	
၅၇။	ကိုဝိုးဇေခြင်း	
၅၈။	တို့ကျောင်းတော်သူ	
၅၉။	ရွာခံခြင်းပေးပွဲ	
၆၀။	ခွင့်လွှတ်ပါမောင်ရယ်	
၆၁။	သည်လယ်မြေ	
၆၂။	ဆောင်းလပြာသို	
၆၃။	အပြစ်နှင့် အမှန်	
၆၄။	ငပိဖေသာ	၁၉၉၃
၆၅။	လေ	၁၉၈၁
၆၆။	မြန်မာ့အာဟာရငပိနှင့်ငံပြာရည်	၁၉၈၆

စာပေဗိမာန် ထုတ် ပြည်သူ့လက်စွဲ စာစဉ်များ

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

		စာမျက်နှာ
	(ခုနှစ်ဃနဲ့)	
၂၃။	ထူးခြားသော သရဏဂုံတင်ခြင်း	၃၅၂
၂၄။	နောက်ဆုံးတွေ့ခဲ့ရသော သုံ့ပန်းများ	၃၆၃
၂၅။	ဆေးရုံသို့ တစ်ခေါက်သွားရခြင်း	၃၆၉
၂၆။	ယိုင်းရွေးတပ်သား	၃၉၄
၂၇။	မိတ်ဆွေများနှင့် တွေ့ဆုံခြင်း	၄၁၇
၂၈။	မမေ့နိုင်သော လက်ဆောင်	၄၂၈
၂၉။	စွန့်စားရသော အပြန်ခရီး	၄၄၁
၃၀။	မော်လမြိုင်တွင် ကြုံရသောအဖြစ်	၄၅၀
၃၁။	ကျောက်တံတားဆိပ်တွင်	၄၆၄
၃၂။	အစီရင်ခံပါသည်	၄၆၉
	(ဘဘဂဲဃနဲ့)	
	စာရေးသူ၏ အမှာ	
	တတိယမြောက် အပလုံ	၄၇၃
	ကိုဘစိန်၏ ရှေ့ခရီး	၅၁၄
	နောက်ဆုံးပိတ် ဘုရားသုံးဆူ	၅၂၈
	ကွေမြစ်ပေါ်မှ တံတား	၅၃၁
	ဗုဒ္ဓရုပ်တုတော် ထုလုပ်ပြီးစီး	၅၃၂
	ကျွန်ုပ်တို့၏ တစ်နေ့ကာ ကာလ နောက်ဆက်တွဲ	(က)
	ဂျပန်ဆရာဝန် ။	(ခ)
	အလုပ်ဒဏ်ကြောင့် မေ့မြောကုန်ခြင်း ။	(ဂ)
	ဂျပန်တို့ အကျပ်အတည်း ။	(ဃ)
	စစ်ကြောင့် အလုပ်လက်မဲ့ ထူပြောလာခြင်း ။	(င)
	နောက်ထပ် သုံ့ပန်းအလုပ်သမားများ ခေါ်ယူခြင်း ။	(စ)
	မီးရထားလမ်း အပြင်းအထန် ဖောက်လုပ်ခြင်း ။	(ဆ)
	ရထားလမ်း ပြီးစီးခြင်းနှင့် ကျဆုံးသူများ ။	(ဇ)

ကျွန်ုပ်မီခရိုင်၊ သံဖြူဇရပ် စစ်သံဝိုင်းဖွင့်ပွဲ

လွှတ်လပ်ရေး ဆေးဝါးဘောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း

လွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းက ကျွန်ုပ်တို့နိုင်ငံမှာ စစ်ဘေးကြီး ကျရောက်နဲ့ပါတယ်။ အဲဒီ စစ်ဘေးကြီးနဲ့အတူ ဂျပန် စစ်ဝါဒီတို့ရဲ့ ဖက်ဆစ်စနစ်ဆိုးကြီးဟာ လိုက်ပါလာခဲ့တယ်။

ဂျပန် စစ်ဝါဒီတို့ဟာ သူတို့ရဲ့ စက်ယန္တရားကြီး ဆက်လက်လည်ပတ်နိုင်ရေးအတွက် **"ထိုင်း–မြန်မာ မီးရထားလမ်းမကြီး"** ကို ဖောက်လုပ်ခဲ့ကြတယ်။ အဲဒီလမ်းမကြီး ဖောက်လုပ်ရေးအတွက် ကျွန်ုပ်တို့ လူမျိုးတွေဟာ ထောင်နဲ့သောင်းနဲ့ ခန့်ပြီး **"ရွှေတပ်"** အဆွဲခံခဲ့ရတယ်။

ဖော်မြူနိုင်လောက်အောင် ကြမ်းကြုတ်ရက်စက်မှု နည်းအမျိုးမျိုးနဲ့ ကျွန်ုပ်ပြည်သူဉီးဆဲစေခိုင်းခဲ့ကဲ့အတွက် "ထိုင်း–မြန်မာ မီးရထားလမ်း" ဖောက်လုပ်ရာမှာ ရွှေးတပ် အလုပ်သမားပေါင်း သုံးသောင်း (၃၀,၀၀၀) ကနေ ရှစ်သောင်း (၈၀,၀၀၀) လောက်ဟာ တော်ပြတ်ဆင်းရဲပြီး အသေဆိုး သေခဲ့ကြရတယ်။

အဲဒီလို ထောင်သောင်းချီပြီး ကျဆုံးခဲ့ရသူတွေရဲ့ ကျိန်ဆဲသံ ညည်းတွားရေရွတ်သံများ ကိန်းဝပ်ရာ မြေပြင်ကို အခု ကျွန်ုပ်တို့ ခြေချနေကြရပါပြီ။ ဝမ်းနည်းဖွယ်ရာ အဖြစ်ဆိုးကြီးကြောင့်လဲ ဒီမြေတစ်ခွင်ဟာ ညစ်နွမ်းခဲ့ရပါတယ်။ ကျွန်ုပ်တို့ဟာ စာနာတဲ့ အသိတရား၊ စူးစမ်းသိရှိလိုတဲ့ စိတ်ထားအပြည့်အဝနဲ့ ရောက်လာကြခြင်းလည်း ဖြစ်ပါတယ်။ မကြုံစဖူး ဖြစ်ခဲ့ရတာမို့ စိတ်မချမ်းမြေ့မှုတွေကြည်းမှုကိုလဲ ကျွန်ုပ်တို့ အပြည့်အဝ ခံစားကြရပါတယ်။

ကျွန်ုပ်တို့ရဲ့ နိုင်ငံနဲ့ လူသားတွေကို ဂျပန်ဖက်ဆစ် လူရိုင်းများက အလွန်အမင်း တရားလက်လွတ်ပြုခဲ့တဲ့အတွက် ကျွန်ုပ်တို့ဟာ ဒေါသမီးဟုန်းဟုန်း တောက်လောင်ခဲ့ကြရပါတယ်။ ဒါပေမယ့် ဆိုးယုတ်သူတွေဟာ သူတို့ရဲ့ မိုက်ရိုင်းစဉ်ဆက်ကို ပြန်ခံသွားရပြီဖြစ်လို့ ကျွန်ုပ်တို့အနေနဲ့ ဖြေသိမ့်နိုင်စရာ ရှိပါတယ်။

မြန်မာပြည်သူပြည်သားတွေဟာ ညီညာဖြူဖြူ နိုးကြားတက်ကြွခဲ့ကြတယ်။ ဖက်ဆစ်တွေကို လက်စားချေ တော်လှန်တိုက်ခိုက်ခဲ့ကြတယ်။ ဒီအချက်ဟာ

www.burmeseclassic.com

www.burmeseclassic.com

"မိမိစိုက်ပျိုးသလောက် ရိတ်သိမ်းရခြင်း" ဆိုတဲ့ သဘောလဲ ဖြစ်တယ်။ အမြဲတမ်း အခိုင်အမာတည်တဲ့နေတဲ့ လောကခံတရားသဘောလဲ ဖြစ်တယ်။

လူတစ်ဦးတစ်ယောက်ဟာ အခြားလူတစ်ဦးတစ်ယောက်အပေါ် နှိပ်စက်ကလူ ပြုတယ်။ သွေးစုပ်ခြယ်လှယ်တယ်။ တရားမျှတမှုကို မျက်ကွယ်ပြုတယ်ဆိုရင်၊ ဒါမှမဟုတ် နိုင်ငံတစ်ခုက အခြားနိုင်ငံတစ်ခုအပေါ် ဖိနှိပ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ တရားမျှတမှုအဝဝကို ချိုးဖောက်ခြင်း ပြုမယ်ဆိုရင် ထိုလူ၊ သို့မဟုတ် ထိုနိုင်ငံဟာ ထိုမတရားမှုအတွက် အပြစ်ဒဏ်ခတ်မှုကို မုချမလွဲ ခံရစမြဲပဲ ဖြစ်ပါတယ်။

ဒီလို လူတစ်ဦးက တစ်ဦးအပေါ်မှာ ဖြစ်စေ၊ နိုင်ငံတစ်ခုက နိုင်ငံတစ်ခု အပေါ်မှာပဲ ဖြစ်စေ ဖိနှိပ်ခြယ်လှယ်မှုတွေ၊ ခေါင်းပုံဖြတ်မှုတွေ ပြုလုပ်ခဲ့ကြလို့လဲ ဒီကမ္ဘာကြီးမှာ ဒုက္ခတွေ ပင်လယ်ဝေခဲ့တာဟာ အကြိမ်ကြိမ်ရှိပါပြီ။ တရားမဲ့ခြင်း၊ ဖိနှိပ်ခြယ်လှယ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ ဆက်လက်တည်ရှိနေသရွေ့ တုံ့ပြန်လက်စားချေမှုဟာ ကမ္ဘာပေါ်မှာ မကြာခဏ ပေါ်ပေါက်နေဦးမှာပါပဲ။ ဒီအချက်ဟာ ဆိုရင် ကမ္ဘာ့ရေးရာအဖြစ်အပျက် အတွေ့အကြုံများထဲမှ ပေါ်ထွက်လာတဲ့ လောကပါလ တရားလို့ ကျွန်ုပ်တို့အနေနဲ့ မှတ်သားခံယူပါတယ်။

ယနေ့ဆိုရင် ကျွန်ုပ်တို့ဟာ ကျေးကျွန်ပမာ အခိုင်းအစေခံရင်း သေဆုံးခဲ့ကြတဲ့ မဟာမိတ်တပ်သားများနဲ့ ကျွန်ုပ်တို့နိုင်ငံသား ထောင်ပေါင်းများစွာတို့ကို အမှတ်ရတဲ့အနေနဲ့ ဒီနေရာကို လာရောက်ခဲ့ကြပါတယ်။ နောင်ကို ဘယ်တော့မှ ဒီလိုအဖြစ်မျိုး၊ ဒီလို ချွေးတပ်ဆွဲခံရတာမျိုး၊ ဒီလို ကျေးကျွန်ပြုခံရတာမျိုး၊ ဒီကမ္ဘာကြီးမှာ မတွေ့ရစေဖို့ ကျွန်ုပ်တို့အားလုံး သဘောပေါက်ထားကြရပါမယ်။

လူကို လူက ကျွန်ပြုမှု၊ ခေါင်းပုံဖြတ်မှုတို့ ဘယ်လိုပုံစံမျိုးနဲ့မှ ကမ္ဘာပေါ်မှာ နောက်ထပ်ပေါ်မလာပါစေနဲ့လို့ ကျွန်ုပ်တို့အားလုံး ဆန္ဒပြုကြဖို့ လိုပါတယ်။

ကျွန်ုပ်တို့ဟာ ကွယ်လွန်သူများရဲ့ မြင့်မြတ်သော ဝိညာဉ်များနဲ့ ထွေ့ဆုံခိုက် သူတို့အတွက် ဆုမွန်ကောင်းများ တောင်းရဲသာ မဟုတ်ဘဲ ကမ္ဘာသူ၊ ကမ္ဘာသား အားလုံး အနှောင်အဖွဲ့ အချုပ်အချယ်များမှ အမြဲနှံ့ဆုံး လွတ်မြောက်ကြပါစေလို့ ဆုတောင်းသင့်ကြပါတယ်။

ဒီလို ဆုတောင်းရင်းနဲ့ တစ်ချိန်တည်းမှာပဲ လူအချင်းချင်း ဖိနှိပ်မှု၊ သွေးစုပ်ခြယ်လှယ်မှု၊ လူမဆန်မှု စတဲ့ အဖြစ်မျိုးကို တည်မြဲစေမယ့် ဖက်ဆစ်စနစ်ဆိုးဟာ မည်သို့သော အသွင်မျိုးနဲ့ပဲ ရှိသည်ဖြစ်စေ ကမ္ဘာ့မြေပြင်ပေါ်က အမြစ်ပါ မကျန် ပျောက်ပျက်သွားအောင် တော်လှန်တိုက်ဖျက်ကြဖို့ အလေးအနက် အဓိဋ္ဌာန် ပြုကြပါစို့ - ။

(The Burma-Siam Railway 1942-45, Than Byu Zayat, Burma on December 18th 1946. တအုပ်ငယ်မှ)

ဆိုင်း - ဖြန်မာ မီးရထားလမ်း
ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း

လင်းယုန်သခင်လွင်

၁။ စတင် ခရီးထွက်ခွာခြင်း

ကြုံတွေ့ ရင်ဆိုင်ရမည့် ဘေးအန္တရာယ် တစ်ခုတစ်ရာကို မသိရသေးသော ကြောင့်လည်း၊ ထိုအချိန် ထိုအခါက ကျွန်တော်၏ လူပ်ရှားမှုများသည် သွက်လက် ဖျတ်လတ်လျက် ရှိနေပါတော့သည်။

မရောက်ဖူးသေးသော ဒေသ၊ မသွားဖူးသေးသော ခရီးလမ်းတစ်ခုကို လူအမြောက်အမြားဖြင့် သွားကြရမည်ဖြစ်သောကြောင့်လည်း၊ ကျွန်တော့်စိတ်များသည် တက်တက်ကြွကြွ ဖြစ်နေသည်။ ဘာကိုမျှ ကျွန်တော် ပူရပင်ရမှန်း၊ ကြောက်လန့်စိုးရိမ်ရကောင်းမှန်း မသိ။ ထိုအဖြစ်မျိုး ဖြစ်လိမ့်မည်ဟူ၍လည်း ကျွန်တော် မတွေးတောမိ။ ကျွန်တော့်စိတ်က ထင်နေသည်မှာ ကျွန်တော်တို့ ချွေးတပ်သားများသည် တိုင်းပြည်အတွက် အလုပ်တစ်ခုခုကို သွားရောက်လုပ်ကိုင်ကြရန် ခရီးထွက်ကြရသည့် သဘောမျိုးလောက်ဟုသာ အထင်ရောက်နေမိလေသည်။

ထိုစဉ်က ကျွန်တော်မှာ အသက်အစိတ်ကျော်ရွယ် လူရွယ်တစ်ယောက် သာ ဖြစ်လေသည်။ စွန့်စွန့်စားစားနှင့် ခရီးသွားမည့် အလုပ်မျိုးကိုလည်း နှစ်သက်သူ တစ်ယောက်ဟူ၍ ဆိုနိုင်ပါသည်။ ပြီးလျှင် ပတ်ဝန်းကျင်တွင် ဖြစ်ပေါ် နေသော အခြေအနေအရပ်ရပ်ကလည်း၊ ကျွန်တော်၏ စိတ်ဓာတ်များကို နှိုးဆွ လျက် ပေးနေသည်ဟု ကျွန်တော် ထင်ပါသည်။

ပတ်ဝန်းကျင်သည် စစ်မက်၏ အရေးအခင်းများဖြင့် ဆူပွက်လှုပ်ရှားနေသည်။ မြန်မာတစ်နိုင်ငံလုံး စစ်ရေးစစ်ကြောင်းဖြင့် ဖုံးလွှမ်းနေသည်။ တစ်တိုင်းပြည်လုံး စစ်တလင်း စစ်မြေပြင်အဖြစ်၌ ရပ်တည်လျက် ရှိနေသည်။ လူငယ်လူရွယ်တို့မှာ လိုလို စစ်ထဲသို့ လိုက်ကုန်ကြသည်။ လူကြီးကိုင်းလိုပင် စစ်မက်၏ အကျိုးကြောင်း များကိုသာ ပြောကြားလျက် ရှိကြသည်။ ဝုံးသ၊ အမြောက်သ၊ သေနတ်သမားများနှင့် စစ်မှုစစ်တက်သမားကိုလည်း ကြုံတွေ့နေရသည့် အခါ သာမာန်ပြုစုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ပြီး ဂျပန်များ မြန်မာ့မြေပေါ်သို့ ရောက်ရှိခဲ့ပြီးနောက် တစ်နှစ်ကျော်ခန့် ကြာရှိခဲ့သော အချိန်ပင် ဖြစ်လေသည်။

ထိုအချိန်တွင် ထိုင်း-မြန်မာ မီးရထားလမ်း (The Railway of Death) သေမင်းတမန် မီးရထားလမ်းမကြီးကို ဂျပန်များ စတင် ဖောက်လုပ်နေသော အချိန်ပင် ဖြစ်လေသည်။

ဂျပန်တို့သည် ထိုထိုင်း-မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်ရေးအတွက် မြန်မာနိုင်ငံအရပ်ရပ်မှ လျှောတပ်သားပေါင်း တစ်သိန်းခန့်သောင်းကျော်ရရှိအောင် သိမ်းသွင်းစုစည်းခြင်း ပြုခဲ့လေသည်။

ထိုကဲ့သို့ ဂျပန်များ သိမ်းသွင်းခေါ်ဆောင်ခဲ့သည့် လျှောတပ်သားများထဲတွင် ကျွန်တော့်အမြင်ဖြင့် ပြောရသော် သုံးမျိုးသုံးစားတွေ့ရလေသည်။ ပထမအမျိုးအစားမှာ မိမိတို့သဘောဆန္ဒအလျောက် လျှောတပ်ထဲသို့ လိုက်ပါခဲ့ကြသောသူများ ဖြစ်ကြလေသည်။ ထိုလူစားမှာ လူနည်းစုမျှသာ ဖြစ်ကြလေသည်။ ဒုတိယအမျိုးအစားမှာ ငွေကြေးအခစားနားရယူလျက် သူတစ်ပါးကိုယ်စား လိုက်ပါလာကြသူများ ဖြစ်ကြလေသည်။ ထိုလူစားမှာလည်း လူနည်းစုသာလျှင် ဖြစ်လေသည်။ တတိယအမျိုးအစားမှာမူ လျှောတပ်ထဲသို့ လိုက်ပါလိုစိတ် လုံးဝမရှိကာဘဲ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်လာသည့်အတွက် လိုက်ပါခဲ့ရသူများဟူ၍ ဖြစ်လေသည်။ လျှောတပ်သားများထဲတွင် ထိုလူစားမျိုးမှာ အများဆုံးဖြစ်လေသည်။

ကျွန်တော်မှာ ပထမလူစားမျိုးထဲက ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သာမန်ရွေ့တပ်သားတစ်ယောက် မဟုတ်ပါဘဲ ဂျပန်တို့၏ ပါဒဖြန့်ချိရေးမှူးတစ်ယောက်အဖြစ် လျှောတပ်သားများကို ကွပ်ကဲလျက် ထိုင်း-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာသို့ လိုက်ပါခဲ့ရသော လျှောတပ်သားတစ်ယောက် ဖြစ်ခဲ့ရလေသည်။

ကျွန်တော်တို့တစ်တွေ ခရီး စတင်ထွက်ခွာသောအချိန်မှာ မေလ၏ စတုတ္ထရက်ပတ်ကုန်ဆုံးလုဆဲဆဲ အချိန်ပင် ဖြစ်ပါသည်။ နှစ်အားဖြင့်မူ ၁၉၄၂ ခုနှစ်တွင် ဖြစ်လေသည်။ ထိုအချိန်မှာ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသများ၌ မိုးဦးကျစ အချိန်ပင် ဖြစ်လေသည်။

မိုးသေး မိုးဖွဲကလေးများသည် ခပ်ပါးပါးကျဆင်းလျက် ရှိသည်။ မုတ်သုံလေသည် ရောဝတီမြစ်ပြင်ကျယ်ကြီးကို ဖြတ်သန်းကျော်လွှားလျက် ညောင်တုန်းမြို့တွင်းဆီသို့ တိုက်ခတ်လာသည်။ မြစ်ဆိပ်ကမ်း တာရိုးကလေးပေါ်တွင်မူ လျှောတပ်သား လူပေါင်း နှစ်ရာကျော်ကျော်၊ သုံးရာခန့်တို့မှာ လေးယောက်တစ်တွဲ တန်းစီလျက် ရှိနေကြလေသည်။

အချိန်မှာ နေ့လည် နှစ်နာရီခန့်ဖြစ်လေသည်။ သို့ရာတွင် နေရောင်ကိုကား မမြင်ရပါချေ။ ကောင်းကင်ပြင်တစ်ခွင်လုံးမှာ အုံ့မှိုင်းရိုင်ဝေနေသော မိုးရိပ်မိုးသားများဖြင့် ပြည့်နှက်လျက် ရှိလေသည်။ အနောက်တောင်ထောင့်ဆီမှ မည်းမည်းရိပ်ရိပ်ရှိသော မိုးသားတိမ်တိုက်များသည် မကြာမီအချိန်အတွင်း၌ တအုန်းအုန်း တဖြုန်းဖြုန်း ရွာချလေမလားဟု ထင်ရလေသည်။ သို့ရာတွင် လေပြင်း၏ တိုက်ခတ်ချက်ကြောင့် မိုးသားမိုးရိပ်များက တရွေ့ရွေ့လွင့်ပါးနေကြသည်။ ဤအဖြစ်ကြောင့် ရုတ်တရက် မိုးပြင်းထန်စွာ မရွာသွန်းသေးဘဲ ရှိလေသည်။

ကျွန်တော်သည် တန်းစီနေသော လျှောတပ်သားများကို ကရကဏာထားကြည့်လိုက်မိသည်။ အချို့သည် ဦးထုပ်များကို ဆောင်းထားသည်။ အချို့ကား ပါးဖက် ခမောက်များကို ဆောင်းထားသည်။ အချို့မှာ လုံကွင်းများကို ရစ်ပေါင်းထားကြလျက်၊ အချို့လည်း ဟောင်းနွမ်းညစ်ထေးသော တဘက်များကို ပေါင်းထားကြသည်။ အချို့မှာမူ ဦးခေါင်းဆောင်းဟူ၍ တစ်စုံတစ်ရာ မပါကြပါချေ။

ထိုအခါမှ ကျွန်တော်သည် လျှောတပ်သားများကို ပို၍ သတိပြုမိလေသည်။ လျှောတပ်သားအချို့တွင် အိပ်ရာလိပ်ကလေးများအစ၊ လွယ်အိတ်ကလေးများအစ ပါရှိလာကြသော်လည်း များစွာကုန်သော လျှောတပ်သားများတွင်မူ အဝတ်တစ်ထည်ကိုယ်တစ်ခုဘိုသလို ဖြစ်ကြလေသည်။ အမှန်ပင် သူတို့ကိုယ်ပေါ်၌ ခါးဝတ်ခါးစားဆိုသော အခြေအနေမျိုးဖြစ်ကြလေသည်။ သူတို့ဝတ်ထားသော အဝတ်များမှာလည်း အတော်ပင် ဟောင်းနွမ်းပေရေနေသည့် အမျိုးအစားထဲက ဖြစ်လေသည်။

"ဘယ်လိုလဲဗျ၊ တချို့လူတွေမှာ အဝတ်အစားအပိုအလျှံတို့၊ အိပ်ရာလိပ်ကလေးဘို့တောင် ပါမလာကြဘူး၊ သူတို့က တစ်နေရာနဲ့ တစ်နေရာ နေ့ချင်းပြန်ခရီးသွားတယ်များ ထင်နေသလား မသိဘူး"

ကျွန်တော်က အနီးတွင် ရှိနေကြသော ဘွန်ထိုက်ချို ကိုမောင်စိန်နှင့် ဟန်ချို ကိုချစ်တီးဆိုသူကို ပြောလိုက်ပါသည်။ သူတို့နှစ်ဦးစလုံးပင် ကျွန်တော့်ထက် အသက်ကြီးသူများ ဖြစ်ကြပါသည်။ ကိုမောင်စိန်မှာ ကျွန်တော်နှင့် တစ်မြို့တည်းသား ဖြစ်လျက် ကိုချစ်တီးဆိုသူမှာ ညောင်တုန်းအနီး ကွမ်းသီးပင် ရွာသားတစ်ယောက် ဖြစ်လေသည်။

"ဟိုရောက်ရင် အားလုံး လိုချင်တာရမှာပဲဗျ၊ ဒီကယူသွားတော့ တာဝန်တောင် မိုလေးသေးတယ်၊ ကျွန်တော်တောင် လွယ်အိတ်တစ်လုံးနဲ့ အဝတ်စားငါးထည်ပဲ ယူလာတယ်"

ဟန်ချို ကိုချစ်တီးက ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ရောက်တော့လဲ၊ ရန်ကုန်ရောက်တော့လား"

ကျွန်တော်က မေးလိုက်ပါသည်။

"ထိုင်းရောက်တော့ပေါ့ဗျာ၊ ဟိုမှာ အဝတ်အထည် အစားအသောက် သိပ်ပေါဆိုပဲ၊ ဂျပန်က ဒါတွေ အားလုံးပေးမှာပဲ"

ကျွန်တော် အထက်ကဆိုခဲ့သည့်အတိုင်း ချွေးတပ်ထဲသို့ ကိုယ့်သဘောနှင့် ကိုယ် လိုက်ပါလာသူများမှာ ကိုချစ်တီး ပြောသလိုပင် ယူဆထားကြသူတွေများလှပေသည်။ ဂျပန်များနှင့် ဂျပန်တို့၏ အလိုတော်ရိများကလည်း ချွေးတပ်သားများအား ဤအတိုင်းပင် ဝါဒဖြန့်ထားကြလေသည်။

အဝတ်ကောင်းကောင်းရမယ်၊ အစားကောင်းကောင်းရမယ်၊ ပိုက်ဆံကြေးငွေ အခံစားနား ကောင်းကောင်းရမယ်၊ ဂျပန်နိုင်ငံကိုပင် ရောက်လိုက ရောက်လိမ့်ဦးမည်ဟု ဆိုလေသည်။ ပြီးလျှင် တစ်နှစ်ပြည့်မြောက်သည့်အခါ မိမိတို့ မြို့ရွာသို့ ပြန်ပို့ပေးမည်ဟု ဆိုလေသည်။ ထိုအခါ အလုပ်မရှိ အကိုင်မရှိ ဖြစ်နေသူများ၊ စွန့်စားလိုသူများနှင့် တိုင်းတစ်ပါးသို့ရောက်လိုသူ လူငယ်လူရွယ်အချို့သည် ဂျပန်တို့၏ စကားကို အယုံကြီး ယုံကြည်လျက် ချွေးတပ်ထဲသို့ လိုက်ကြခြင်းပင် ဖြစ်လေသည်။

ဂျပန်များသည် ထိုသူထိုသူများအား အသင့်အတင့် ပညာအရည်အချင်းကို မေးမြန်းဆန်းစစ်လျက် ဘွန်ထိုက်ချို၊ ဟန်ချို စသော အလုပ်သမားမှူးများအဖြစ် ခန့်အပ်ခြင်း ဖြစ်လေသည်။ ဘွန်ထိုက်ချို၊ ဟန်ချို ဟူ၍ ခန့်အပ်ပြီးသည့်အခါ ဘွန်ထိုက်ချို လက်ပတ်များ၊ ဟန်ချိုလက်ပတ်များကို ထုတ်ပေးခြင်းပြုလေသည်။ ထိုလက်ပတ်အဝတ်များကို သက်ဆိုင်ရာသူက အကျီလက်မောင်းပေါ်တွင် ပတ်ထားရလေသည်။

ဂျပန်များသည် ညောင်တုန်းမြို့ ဆိပ်ကမ်းမှ မထွက်ခွာမီပင် ကျွန်တော်တို့ ချွေးတပ်သားများအား ဂျပန်ငွေ အနည်းအကျဉ်းကို ထုတ်ပေးခြင်း ပြုလေသည်။ ထိုအခါ၌မှ ချွေးတပ်သားဟူ၍လည်းကောင်း၊ ဘွန်ထိုက်ချို၊ ဟန်ချိုဟူ၍လည်းကောင်း၊ ဝါဒဖြန့်ချိရေးမှူးဟူ၍လည်းကောင်း အဆင့်အတန်း သတ်မှတ်လျက် ဆူကြွေနိမ့်မြင့်ပေးခြင်းတော့ မဟုတ်ပါချေ။ တစ်ပြေးညီ တစ်ချီးတစ်စားတည်းပေးခြင်း ဖြစ်လေသည်။ ကောင်းစွာမမှတ်မိသော်လည်း ကျွန်တော့်စိတ်အထင်ကို မပြောရလျှင် ချွေးတပ်သားတစ်ယောက်လျှင် ငွေအစိတ်ခန့်ပေးသည်ဟု အမှတ်ပြုမိပါသည်။

ထို့ကြောင့်လည်း ချွေးတပ်သားများသည် ညောင်တုန်းမြို့ ဆိပ်ကမ်း၌ပင် မုန့်ပဲသရေစာ ဝယ်စားသူက စားကြလေသည်။ ဆေးလိပ်အစ၊ ကွမ်းယာအစ ဝယ်ယူသူက ဝယ်ကြလေသည်။ လေးယောက်တစ်တွဲ ငုတ်တုတ်ထိုင်ရင်း တစ်ယောက်တစ်ပေါက် စကားပြောသူက ပြောလျက် ရှိကြသည်။ တစ်ခဏသော အချိန်ကလေးအတွင်း၌မှ မြစ်ဆိပ်ကမ်းနား တရိုးကလေး၌ လူသံသူသံများနှင့် လှုပ်လှုပ်ရွရွ စီစီညည်ည ရှိနေလေတော့သည်။

ဂျပန်စစ်သားအချို့သည် ရိုင်ဖယ်သေနတ်များ ဆွဲကိုင်လျက် ကျွန်ကော်တို့၏ အနီးပတ်ဝန်းကျင်၌ ရှိနေကြပါသည်။ ရည်ရောင် စစ်ယူနီဖောင်းဝတ်ထားသော မားလွယ်ကို ခါးတွင် ချိတ်ထားသည့် ဂျပန်စစ်ဗိုလ်သည် မြို့ခံလူကြီးများနှင့် ကိုင်ပင်ကာ ကျွန်တော်တို့ ချွေးတပ်သားများအား ပို့ဆောင်ရေးအတွက် အစီအစဉ်ကို ပြုလုပ်လျက် ရှိလေသည်။

ကျွန်တော်တို့၏ ခရီးစဉ်ကိုမူ ကျွန်တော်သည် မြို့ခံလူကြီးများထံမှတစ်ဆင့် သိသင့်သလောက် သိရှိရပြီးဖြစ်လေသည်။ ကျွန်တော်တို့သည် ညောင်တုန်းမှ မအူပင်သို့ သွားရမည် ဖြစ်လေသည်။ မအူပင်မှ တစ်ဖန် ရန်ကုန်သို့ သွားကြရမည်ဖြစ်လေသည်။ မအူပင်မြို့၌လည်း ကျွန်တော်တို့ကဲ့သို့သော ချွေးတပ်သားများ ရှိနေကြောင်း သိရလေသည်။ မအူပင်မှတစ်ဆင့် ရန်ကုန်သို့ သွားရမည်ဆိုသော်လည်း ရန်ကုန်မှနေလျက် ရှေ့ခရီးစဉ်ကိုမူ ကျွန်တော် မသိပါချေ။ မြို့ခံလူကြီးများကလည်း ထိုအကြောင်းကို ပြောပြနိုင်ခြင်း မရှိကြချေ။

ဤလို ကျွန်တော်တို့ ချွေးတပ်သားများ မြစ်ဆိပ်တာရိုးပေါ်တွင် ရှိနေကြသော်လည်း မြို့သူမြို့သားများသည်လည်းကောင်း၊ သက်ဆိုင်ရာ ဆွေမျိုးသားချင်းများသည်လည်းကောင်း ကျွန်တော်တို့ အနီးအနားသို့ လာရောက်ကြခြင်း မရှိပါချေ။ မည်သည့် ချွေးတပ်သားကိုမှလည်း သူ၏ အိမ်သူအိမ်သားများက လာရောက်၍ နှုတ်ဆက်သည်ကို မတွေ့ရချေ။ ခရီးသွား၊ ခရီးလာများသည် ချွေးတပ်သားများနှင့် ခပ်လှမ်းလှမ်းမှ ကွင်းရောင်သွားကြလေသည်။

အချို့သည် တာရိုးကလေးပေါ်ရှိ စုရုံးစုရုံးဖြစ်နေသော ချွေးတပ်သားများကို ခပ်လှမ်းလှမ်းမှ တစေ့တစောင်းကြည့်ရုံသာ ကြည့်ကြပြီးနောက် ထိုနေရာ ထိုအရပ်မှ သုတ်ခြေတင်လျက် ထွက်ခွာသွားတတ်ကြလေသည်။

ထိုအချိန်တွင် တဖွဲဖွဲကျဆင်းနေသော မိုးပေါက်ကလေးများသည် ပျောက်ကွယ် ရပ်စဲသွားတော့သည်။ မိုးကောင်းကင်မှာလည်း အတော်အတန် ကြည်လင်စပြုလာသည်။ မြစ်ပြင်မှ လေပြင်းမှာမူ ခပ်စောစောကထက် ပို၍ မြင်းထန်စွာ တိုက်ခတ်လာလေသည်။

"သဘောမရဘူး၊ အားလုံး သမွန်နဲ့ သွားကြရမယ်"

ကျယ်လောင်သော ထိုအသံများသည် မြို့ခံလူကြီးများရှိရာနှင့် ကျောင်းထိုင်ဆရာ၊ ဆရာမများရှိရာမှ ပေါ်ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ မြို့အောက်ဘက် တစ်နေရာမှ ဂျပန် နေတံဆိပ်အလံ ထိုးစိုက်ထားသော ရှေ့ဆုံးမှ သမ္မန်ကြိုးတစ်စင်းနှင့် သူ့နောက်မှ သမ္မန်ကိုးစင်းသည် တကျိုကျိုလှော်ခတ်လျက် ကျွန်တော်တို့တစ်တွေရှိရာ ဆိပ်ကမ်းသို့ တရွေ့ရွေ့ လာနေသည်။ သမ္မန်များပေါ်၌လည်း လက်နက်ကိုင် ဂျပန်စစ်သားတစ်ယောက်ကျ လိုက်ပါလာသည်။

သမ္မန်ကြိုးများမှာ စပါးသုံးလေးရာထက်မနည်း တင်ဆောင်နိုင်သော သမ္မန်ကြိုးများ ဖြစ်လေသည်။ ဦးမှ နှစ်ယောက် ပဲ့မှ တစ်ယောက် ခတ်ရလေသည်။

လှော်ခတ်လာသော သမ္မန်ကြိုးများသည် မကြာမီ ကျွန်တော်တို့ရှိရာ ဆိပ်ကမ်းတည့်တည့်တွင် ဝင်ရောက် ဆိုက်ကပ်မိလေသည်။

"ဘွန်ထိုက်ချို့နဲ့ ဟန်ချိုတွေ– ခင်များတို့လူတွေကို လေးယောက်တစ်တွဲ တန်းစီခိုင်းဗျို့၊ အားလုံး သမ္မန်တွေပေါ် တက်ကြရမယ်"

ကေဘိုထိုင် ဗိုလ်တစ်ယောက်က အော်ဟစ်၍ ပြောလေသည်။

ကေဘိုထိုင် တပ်ဖွဲ့မှာ ဂျပန်ခေတ်က ဂျပန်များအတွက် အီကူအညီ ရရှိစေရန် ဂျပန်များက အသိအမှတ်ပြုလျက် ဖွဲ့စည်းထားသော ဝါးချွန်ကိုင်တပ်သားများ ဖြစ်ကြလေသည်။ တပ်ဖွဲ့ဝင်များသည် မြို့ပေါ်နေ လူလတ်တန်းစားများနှင့် ထိုလူလတ်တန်းစားများ၏ သားများပင် ဖြစ်ကြလေသည်။

ထိုအခိုက် လူတစ်ယောက် ကျွန်တော်ရှိရာသို့ ခပ်သွက်သွက် လျှောက်လာသည်။ သူသည် ကျွန်တော်တို့မြို့ပေါ်မှ အစိုးရအမှုထမ်းတစ်ယောက် ဖြစ်လေသည်။ ဂျပန်များနှင့် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံနိုင်သူ ဖြစ်သောကြောင့်လည်း ဂျပန်များ၏ အရေးပေးခြင်းကို ခံရသူဖြစ်လေသည်။ ကျွန်တော့်အား ဝါဒဖြန့်ချိရေးမှူးဖြစ်အောင် ဆောင်ကြဉ်းပေးလိုက်သူလည်း ဖြစ်လေသည်။

"ဟိုရောက်ရင် စာထည့်လိုက်ပေါ့ကွာ– မင်း အိမ်အတွက်လဲ ဘာမှ စိတ်မပူနဲ့၊ အစစ ငါစောင့်ရှောက်ပါ့မယ်" ဟု ထိုသူက ဆိုလေသည်။

ကျွန်တော်သည် သူ့စကားကို ကြားလိုက်ရတော့မှလည်း ကျွန်တော့်အဖြစ်ကို ကျွန်တော် ပြန်လည်ကာ သတိပြုလိုက်မိလေသည်။

မိဘ ညီအစ်ကိုမောင်နမများနှင့် ခွဲခွာရတော့မည်။ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများနှင့် ခွဲခွာရတော့မည်။ မိမိမွေးဖွားရာ ဒေသ မြို့ပြနှင့် ခွဲခွာရတော့မည်ဟူသော အသိက ကျွန်တော်၏ နှလုံးသားအတွင်းသို့ ချက်ချင်းဝင်ရောက်လာသည်။

စိတ်မကောင်းသလို ဝမ်းနည်းသလို ဖြစ်မိသည်။ ကျွန်တော်သည် ထိုသူကို တစ်ချက်မျှ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ နောက်ထပ် သူသည် မည်သည့်

ကားမျှ မဆိုတော့ဘဲ ခပ်လှမ်းလှမ်း ညောင်ပင်ကြီးအောက်တွင် ရပ်နေသော ဂျပန်စစ်ဗိုလ်ဆီသို့ ထွက်ခွာသွားတော့သည်။

ကျွန်တော်သည် ကမ်းနဖူးထိပ် တာရိုးပေါ်မှ ရပ်လျက် မြို့ဆီသို့ လှမ်းကြည့်လိုက်မိသည်။ မြို့ငယ်မြို့ညိုသို့ သစ်ပင်ကြီးများအောက်ရှိ လူနေအိမ် အဆောက်အအုံများ၊ တိုက်တာ စသည်များကို ဟိုတစ်ကွက်၊ ဒီတစ်ကွက် မြင်တွေ့နေရသည်။ မြင်မြင်သမျှ အရာအားလုံး စိတ်အားတက်ကြွဖွယ်မရှိ ရိုဆေမှုန်ဝါးနေသည်ဟု ကျွန်တော် ထင်မိသည်။

ဟိုနေရာက ကျောင်း၊ ဟိုဟာက ဈေး၊ ဟိုဟာက ဆေးရုံ၊ ဟိုဘက်က ငါတို့နေတဲ့ရပ်ကွက်ဟူ၍လည်း ကျွန်ုပ်စိတ်ထဲက တမ်းမှန်းလိုက်မိလေသည်။ ကိုယ့်မြို့၊ ကိုယ့်ရပ်နှင့် ကိုယ့်မိသားစုများကို ခွဲရမည်ဆိုတော့မှလည်း ကျွန်တော့်ရင်ထဲတွင် ဖိုလှိုက်စပြုလာသည်။

ကျွန်တော်၏ အိမ်သားများသည် ကျွန်တော်၏ အပြုအမူကို မနှစ်သက်ကြသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်တော့်ကို လာရောက်နှုတ်ဆက်ခြင်း မပြုကြပါ။ ကျွန်တော့်အမေဆိုလျှင် ကျွန်တော့်အတွက် မျက်ရည်နှင့်မျက်ခွက်ဖြစ်နေပါတော့သည်။ ထိုအထဲက ကျွန်တော်သည် ဇွတ်ပေလျက် ချွေးတပ်ထဲသို့ လိုက်ခဲ့ခြင်း ဖြစ်လေသည်။

ချွေးတပ်သားများသည် ကမ်းထိပ် တာရိုးပေါ်မှနေလျက် သမ္မန်ကြိုးများ ဆိုက်ကပ်ထားရာ ကမ်းခြေရောပဲသို့ ဆင်းသက်ခြင်းပြုကြလေသည်။ လေးယောက်တစ်တွဲဟု ဆိုသော်လည်း တာရိုးအမြင့်မှ ကမ်းခြေအနိမ့်ပိုင်းသို့ ဆင်းသက်လာကြသည့်အခါ၌မူ လေးယောက်တစ်တွဲလည်း မဟုတ်၊ နှစ်ယောက်တစ်တွဲလည်း မဟုတ်၊ ကျဲအုပ်၊ နွားအုပ်ကြီးများကို မောင်းနှင်ချလိုက်သည့်အလား ပုံဖျက်ပန်းဖျက်နှင့် အပြေးအလွှား ဆင်းသက်ကြရလေသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း သူတို့နည်းတူ အပြေးအလွှား ဆင်းသက်ခဲ့ရလေသည်။ မတ်စောက်ကြီးဖြစ်နေသော ကမ်းခြေမှာ ထိုနည်းအတိုင်း ဆင်းသက်ရမည်သာ ဖြစ်လေသည်။

ကျွန်တော်တို့တစ်တွေ စီးနင်းလိုက်ပါရမည့် သမ္မန်များ အားလုံးတွင် ပေါင်းမိုးဟူ၍ တစ်စင်းတလေမှ မပါရှိချေ။ ကျွန်တော်တို့သည် သမ္မန်တစ်စင်းလျှင် လူနှစ်ဆယ်၊ အစိတ် စသည်ဖြင့် ကိုယ့်အုပ်စုနှင့်ကိုယ် သင့်သလို ကြည့်ထိုင်ရသည်။ ထိုအခါ သမ္မန်များ၏ ဝမ်းခေါင်းထဲတွင် ကြက်ခြင်းထဲက ကြက်တွေလို ဖြစ်နေလေတော့သည်။ သမ္မန်ပဲ့ပိုင်းနှင့် ဦးပိုင်းတွင်မူ ဂျပန်စစ်သားနှစ်ယောက် ကျစီကာ နေရာယူထားပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်များသည် မည်သို့စိတ်ကူးပေါက်သည်ဟု မပြောတတ်ပါချေ။ သမ္မန်ဆယ်စင်းကို တစ်စင်းနှင့်တစ်စင်း အရှည်လိုက်ကြီး ကြိုးပစ်လျက် ချည်နှောင်ထားလေသည်။ ထိုအခါ သမ္မန်ကြီးဆယ်စင်းမှာ မြစ်ထဲတွင် မြွေလိမ်မြွေကောက်ကြီး တွန့်လိမ်တွားသွားသလို ဖြစ်နေလေတော့သည်။

သမ္မန်ကြီးများသည် ပန်းလိုင်ချောင်းအတွင်းမှ နေလျက် ဧရာဝတီမြစ်ပြင်သို့ ထွက်ခဲ့လေသည်။ အနောက်ဘက်ကမ်းသည် စက္ကေ့ရွာငယ်ရှိ၍ အရှေ့ဘက်ကမ်းသည် မြေနကျွန်းပေါ် သဲသောင်းများ ထွန်းသည့်နေရာ ဖြစ်လေသည်။ လယ်သမား၊ ကိုင်းသမားများ၏ ကိုင်းလွှတ်ပြီးချိန်၊ ကိုင်းသိမ်းပြီးချိန် ဖြစ်သောကြောင့်လည်း စိမ်းစိုသောမြင်ကွင်းများကို ဟိုနေရာတစ်ကွက်၊ သည်နေရာတစ်ကွက်သာ ကွက်တိကွက်ကြား မြင်ရလေတော့သည်။

"ရန်ကုန်ရောက်တော့ ကျွန်တော်တို့ကို ဘယ်ဆက်ပြီး ပို့မှာလဲဗျာ"

သမ္မန်ဝမ်းခေါင်းထဲမှ ချွေးတပ်သားတစ်ယောက်က ကျွန်တော့်ကို လှမ်း၍ မေးလေသည်။ သူသည် ကျွန်တော်နှင့် တစ်ရုပ်ကွက်တည်းသား ကိုအောင်သိန်းဆိုသော ချွေးတပ်သားဖြစ်လေသည်။

"မြန်မာပြည်နဲ့ ထိုင်းနယ်စပ်ကို ပို့မှာပေါ့၊ အဆင်သင့်ရင် ထိုင်းထဲတောင် တို့တစ်တွေ ရောက်သွားဦးမယ်"

ကျွန်တော်က မည်သို့မှ အဖြေမပြုရသေးမီ ကျွန်တော်နှင့် ပခုံတိုင်နေသော ဘွန်ထိုက်ချို ကိုမောင်စိန်က ဖြေလေသည်။ ခပ်စောစောကမူ သိချင်းကလေးတည်းညည်း၊ လေကလေး တမြှေးမြှေးလျက် ရှိလေသည်။

"ဟိုမှာတော့ အဝတ်အထည်တွေ၊ အစားအသောက်တွေ ပေါမှာပဲနော်"

တစ်ယောက်သော ချွေးတပ်သားက လှမ်းမေးလေသည်။

"သိပ်ပေါပေါကွာ– အပြန်တော့ ဘန်ကောက်လုံချည်လေး ဘာလေးဆောင်ဝယ်ခဲ့ရဦးမယ်"

ကိုမောင်စိန်က ပြောလေသည်။

"မော်လမြိုင်က ဖြတ်သွားရင်တော့ ဒီအချိန် ဒူးရင်းသီးပေါမယ်ဟေ့– ဒူးရင်းသီး အဝစားရမယ်ကွ–"

ဦးကွန်းကျော်ဆိုသော ချွေးတပ်သားကြီးက ပြောလေသည်။ သူသည် ညောင်တုန်းမြို့ပေါ်သားတစ်ယောက် မဟုတ်ချေ။ ဆားမလောက် ရွာငယ်မှ အင်းလုပ်သားကြီးတစ်ယောက် ဖြစ်လေသည်။ အသက်ငါးဆယ်ကျော်အရွယ် ဖြစ်လေသည်။ နှုတ်ခမ်းမွေးကြီး တကားကားနှင့် ဖြစ်သည်။ မယားသေဆုံးပြီးနောက် စိတ်ပျက်လက်ပျက်နှင့် ချွေးတပ်ထဲသို့ လိုက်ပါလာခဲ့သည်ဟု ကျွန်တော့်ကို ပြောပြလေသည်။

ကျွန်တော်တို့သည် မအူပင်မြို့သို့ မရောက်မီ လမ်းခုလတ်ကြား၌ တစ်ယောက်နှင့်တစ်ယောက် မသိသေးသူများအဖြစ်မှ ရင်းနှီးသိကျွမ်းစ ပြုလာလေသည်။ တစ်ဦး၏အဖြစ်ကို တစ်ဦးက စုံစမ်းခြင်းပြုလေသည်။

သမ္မန်ကြီးဆယ်စင်းတွင် ညောင်တုန်းမြို့နယ်မှ ချွေးတပ်သားများမှာ သမ္မန်ကြီး ခြောက်စင်းတိတိအပြည့်ပင် ဖြစ်လေသည်။ သမ္မန်လေးစင်းမှ ချွေးတပ်သားများမှာ ဓနဖြူမြို့နယ်မှ ဖြစ်လေသည်။ ခရိုင်အားဖြင့်မူ ညောင်တုန်းနှင့် ဓနဖြူမြို့များသည် မအူပင်ခရိုင်အတွင်း အပါအဝင်ဖြစ်လေသည်။

သမ္မန်ကြီးတစ်စင်းထဲတွင် စုပေါင်း၍ သွားကြရာမှ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် စကားဆက်စပ်မိကြသောအခါမှလည်း တစ်ယောက်အကြောင်းကို တစ်ယောက် သိလာရလေတော့သည်။

ကျွန်တော်နှင့် တစ်သမ္မန်တည်း ပါလာသူများမှာ ငါးကြိုးအိုင် ရွာသားများ၊ ကညင်ကောက် ရွာသားများ၊ ဆားမလောက် ရွာသားများနှင့် နတ်ပေ ရွာသားများဖြစ်ကြလေသည်။ သူတို့သည် တောနယ်များမှ တကယ့်တောင်သူလယ်သမားကြီးများ ဖြစ်ကြလေသည်။ ကျွန်သော သမ္မန်ကိုးစင်းမှ ချွေးတပ်သားများမှာလည်း တောင်သူလယ်သမားကြီးများသာလျှင် အများအပြား ပါဝင်ကြောင်းနှင့် နောင်အခါတွင် ကျွန်တော် သိရပါလေသည်။

ကျွန်တော်သည် ထိုချွေးတပ်သားကြီးများနှင့် တစ်လှေတည်းစီး၍ တစ်ခရီးတည်း သွားရသည့်အခါမှလည်း ၎င်းတို့၏အဖြစ်ကို ရင်နှင့်စွာ နားလည်ရလေသည်။ သူတို့သူတို့သည် ကျေးရွာသူကြီးများနှင့် မသင့်မြတ်ကြသဖြင့်လည်းကောင်း၊ မြေရှင်၊ ငွေရှင်စသူများနှင့် အဆင်မပြေကြသောကြောင့်လည်းကောင်း၊ မြို့ပေါ်မှ အစိုးရအရာရှိများသည် ချွေးတပ်သားအရေအတွက် ပြည့်လျှင် ပြီးရောဆိုသည့် သဘောဖြင့်လည်းကောင်း တောင်သူလယ်သမားကြီးများခမျာ မလိုက်ချင်ပါဘဲနှင့် ချွေးတပ်ထဲသို့ ပါရှိလာခဲ့ကြခြင်းပင် ဖြစ်လေသည်။

"ကျုပ်က သူကြီးလုပ်တဲ့သူနဲ့ မသင့်မြတ်ကြဘူးဗျာ၊ ကျုပ်တို့ရွာက သူကြီးက အလွန်ဂိုးတဲ့လူ၊ သူ့ကြောင့် ခုလို ကျုပ် ချွေးတပ်ထဲပါလာရတာ" ဟူ၍လည်းကောင်း၊

"ကျုပ်ဖြစ်ရပုံကတော့ မြေရှင်နဲ့ မတဲ့လို့ပေါ့ဗျာ၊ ကျုပ်ကို သူ့ဘယ်မှာ ပြန်ပြီးမချချင်ဘူး၊ ပြောစရာအပြစ်ကလည်း မရှိသလောက်ဖြစ်နေတော့ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

ငွေကုန်ခံ အစိုးရဘက်ကလူတွေနဲ့ ပေါင်းပြီးတော့ ကျုပ်ကို ချွေးတပ်ထဲ မပါပါအောင် လုပ်လိုက်တာပဲ" ဟု၍လည်းကောင်း၊

"ဒီနှစ် အတော်ကလေး ကြိုးစားလုပ်ဖို့ ရည်ရွယ်ထားတာဗျ၊ လယ်ထဲ ဆင်းခါနီးဆဲဆဲမှာ ခုလိုဖြစ်ရတာပဲ" ဟု၍လည်းကောင်း သူတို့တစ်တွေ၏ အဖြစ်အမျိုးမျိုး၊ အကြောင်းအမျိုးမျိုးကို ကျွန်တော် ကြားသိရလေသည်။

တောင်သူလယ်သမားကြီးများကဲ့သို့ပင် မြို့ပေါ်နေ ဆင်းရဲသား အောက်တန်းစားများမှာလည်း ချွေးတပ်ထဲသို့ လိုက်ပါလာခဲ့ရသူပေါင်း အမြောက်အမြား ရှိကြလေသည်။ ဂျပန်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြပြီဖြစ်သော်လည်း ဗြိတိသျှကိုလိုနီစနစ်၏ အမွေဆိုးများမှာ ပျောက်ကွယ်သွားသည်တော့ မဟုတ်ပါချေ။ အလုပ်မရှိ ၁၀၉၊ ၁၁၀ စသော ပုံဒ်မများသည် ဗြိတိသျှအစိုးရ၏ အမှုထမ်းဟောင်းကြီးများဖြစ်ခဲ့သော အုပ်ချုပ်ရေးဘက်၊ ပုလိပ်ဘက်တွင် ကျင့်သုံးနေဆဲပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း မြို့ပေါ်နေ အောက်တန်းစားများကို ချွေးတပ်ဆွဲသည့်အခါ ထိုပုဒ်မ၊ ထိုအမြင်နှင့်ကြည့်၍ ဆွဲတတ်လေသည်။

အမှန်စင်စစ်အားဖြင့်မူ ထိုခေတ်၊ ထိုအခါက ချွေးတပ်ကိစ္စမှာ ဩ်ကြီးပြကြီး တိုင်းလိုပင် ရောင်တိမ်းမရသည့်ကိစ္စတစ်ခု ဖြစ်ခဲ့လေသည်။

ဂျပန်များသည် ထိုင်း-မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်နိုင်ရေးအတွက် မြန်မာပြည်အရပ်ရပ်မှ ချွေးတပ်သားပေါင်း "တစ်သိန်းခုနစ်သောင်းကျော်" ကို စုဆောင်းခြင်းပြုသည့်အခါ သက်ဆိုင်ရာမြို့နယ်မှ တာဝန်ရှိသူ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များအား အမိန့်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။

မည်သည့်မြို့နယ်က လူဦးရေမည်မျှပေးရမည်၊ မည်သည့်နေ့မှစတင်လျှက် မည်သည့်နေ့ကို နောက်ဆုံးထားပေးရမည် စသော သတ်မှတ်ချက်ပင် ဖြစ်လေသည်။

ထိုအခါ သက်ဆိုင်ရာ မြို့နယ်အရာရှိများသည် မြို့ပေါ်နေ နိုင်ငံရေးသမားအချို့နှင့် ပူးပေါင်းလျက် ဂျပန်များ၏ စိတ်တိုင်းကျ လူစုပေးရလေသည်။ အချို့အမြင့်ကျယ်၍ သတ္တိကောင်းသော နိုင်ငံရေးသမားများလောက်သာ ထိုကိစ္စထိတာဝန်ကို မယူဘဲ ခေါင်းမာစွာ ငြင်းဆန်ကြလေသည်။

မအူပင်ခရိုင်သည် ချွေးတပ်သား ထောင်နှင့်ချီ၍ စုဆောင်းပေးလိုက်ရသော နယ်တစ်နယ်ဖြစ်လေသည်။ ထို့ကြောင့်လည်း မအူပင်ခရိုင်အတွင်း အပါအဝင်ဖြစ်သော ပန်းတနော်၊ ညောင်တုန်း၊ ဓနဖြူစသည့် မြို့နယ်များတွင် ချွေးတပ်ကိစ္စမှာ အကြီးအကျယ် ဆူပူလှုပ်ရှားနေလေတော့သည်။

ကျွန်တော် ချွေးတပ်ထဲပါသွားသည့် နောက်ဝိုင်း၌လည်း ချွေးတပ်ဆွဲသောကိစ္စမှာ အုန်းအုန်းကျွက်ကျွက်ဖြစ်နေကြောင်း နောင်အခါ၌ သိရလေသည်။ ချွေးတပ်ဆွဲပြီဟေ့ဆိုလျှင် အသက်ဆယ့်သုံးနှစ်မှ ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်ကျော် ယောကျ်ားကြီးများအထိ အိုးပစ်အိမ်ပစ် ထွက်ပြေးကြလေသည်။ သူတို့သည် ဘုရား၊ ကျောင်း၊ ကန်များအတွင်း၌သော်လည်းကောင်း၊ တောထဲ၌သော်လည်းကောင်း၊ ချောက်ထဲ၌သော်လည်းကောင်း သွားရောက်လျက် ပုန်းအောင်းနေကြရလေသည်။ အချို့မှာ သုံးလေးရက် ထမင်းအငတ်ခံ၍ပင် ပုန်းလျှိုးနေကြရလေသည်။

ဤအဖြစ်မျိုးကြုံခဲ့ရဖူးသော ချွေးတပ်သားကြီး ဘကြီးစံမောင်က အောက်ပါအတိုင်း သူ့အဖြစ်ကို ပြောပြလေသည်။

"ဂျပန်တွေနဲ့ ဂျပန်အလိုတော်ရိတွေ ရွာထဲကို ဝင်ပြီး ချွေးတပ်ဆွဲတော့ မိုးချုပ်စအချိန်ကလေးမှာပေါ့၊ ခွေးတွေတစီစီနဲ့ တစ်ရွာလုံးဆူညံပြီး ကာလပျက်သလား အောက်မေ့ရတယ်၊ အဲဒါနဲ့ ကျုပ်လဲ ထမင်းစားနေရင်းတန်းလန်းကတဲပေါ်ကနေ ဝုန်းခနဲခုန်ချပြီး ခြေဦးတည့်ရာ စွတ်ပြေးတော့တာပေါ့၊ နှစ်ရက်လုံးလုံး ကျုပ် တောထဲမှာ ဝင်ပုန်းနေရတယ်၊ ကျုပ်အိမ်ကလဲ ကျုပ် ဘယ်မှာရှိနေမှန်း မသိကြဘူး၊ ကျုပ်ဟာ ထမင်းဆာဆာနဲ့ ငှက်ပျောအူတွေကို ခွာစားရတယ်၊ ဒီလိုနဲ့ နောက်ဆုံးတော့ ဂျပန်တွေလဲ ပြန်သွားလောက်ပြီထင်ပြီး ရွာထဲ ပြန်ဝင်လာခဲ့တာပေါ့၊ ရွာအဝင်လဲ ရောက်ပါလေရော သူကြီးနဲ့ သူ့လူတွေက ကျုပ်ကို ဆီးဖမ်းပြီး ဂျပန်လက် အပ်လိုက်တာပဲ၊ အိမ်ကို ခဏပြန်ပါရစေ၊ ကျုပ် သားမယား သားသမီးကို မှာချင်တာလေးတွေ မှာပါရစေလို့ ရှိခိုးပြီး တောင်းပန်တာတောင် မရဘူး၊ ဒီတော့ ဂျပန်တွေဆိုးတာလဲ မပြောနဲ့လေ၊ ကိုယ့်အမျိုးသားချင်းကတောင် ထောက်ထားမှု မရှိပါပဲဟာလား"

"သူကြီးနဲ့ ဘကြီးစံမောင်က မတည့်ကြဘူး ထင်တယ်"

ဘွန်ထိုက်ချို ကိုမောင်စိန်က မေးလေသည်။

"ဟုတ်တာပေါ့၊ ဘယ်တည့်ပါ့မလဲ၊ သူက ရွာထဲမှာ အင်မတန် အာဏာပြချင်တဲ့ လူကွယ်၊ နောက်ပြီး မြို့ပေါ်က အစိုးရအရာရှိတွေ လာရင်လဲ ကျုပ်တို့ မျှားထားတဲ့ ကြက်ကလေး၊ ဘဲကလေးတွေကို သူကိုယ်တိုင် လာဆွဲတော့တာပဲ၊ အဲဒါကြောင့် သူနဲ့ ကျုပ်နဲ့ တကျက်ကျက် ရန်ဖြစ်နေရတာပေါ့၊ ဟော-ခုတော့ သူ့နိုင်ပေါက်လဲရရော ကျုပ်ကို တွယ်တာပေါ့လေ"

ချွေးတပ်ထဲသို့ ပါခဲ့ရသူများ၏အကြောင်းကို မေးကြည့်သည့်အခါ လူတစ်ယောက်လျှင် အဖြစ်တစ်မျိုးဟူ၍ ပြောရမလို ရှိလေသည်။ အချို့သည်

www.burmeseclassic.com

www.burmeseclassic.com

ချွေးတပ်လာဆွဲသည်အခါ ပြေးမိပြေးရာ အိမ်ခေါင်မိုးပေါ်သို့လည်းကောင်း၊ ထုပ်တန်းပေါ်သို့လည်းကောင်း တက်ရောက် ပုန်းအောင်းလေသည်။ သို့ရာတွင် အောက်မှ နေလျက် ဂျပန်စစ်သားများက သေနတ်ပြ၍ ခေါ်သည့်အတွက် အမိခံလိုက်ကြရလေသည်။ အချို့မှာလည်း အိမ်သာထဲ ဝင်ပုန်းကြသည်။ ဂျပန်များကလည်း ထိုသူ အိမ်သာထဲက မထွက်မချင်း ခြောင်းမြောင်း၍ ဖမ်းဆီးခြင်းပြုလေသည်။ အချို့မှာ ခပ်ရွတ်ရွတ်လူစားမျိုး ဖြစ်သောကြောင့် မြစ်ထဲသို့ ဆင်းပြေးကြသည်။ ရေအောက်ကွင် ငုပ်လျှိုးနေကြသည်။ ဂျပန်များကလည်း ထိုသူ ရေပေါ်သို့ ပေါ်တက်လာသည့်အထိ စောင့်ဆိုင်းကာ ဖမ်းဆီးခြင်းပြုလေသည်။ ထိန်ကုန်းရွာမှ ကိုမြိုင်ဆိုသူတစ်ယောက်မှာမှ မြစ်အတွင်း ဆင်းပြေးရာမှ ရေနစ်၍ သေဆုံးရှာသည်။

ထိုအချိန် ထိုအခါက ချွေးတပ်ဆွဲသည်မှာ မြန်မာပြည်အနယ်နယ်အရပ်ရပ်၌ လူဖမ်းပွဲကြီးများ ပြုလုပ်နေသည့်သဘောပင် ဖြစ်လေသည်။

ငွေကြေးတတ်နိုင်သော ပစ္စည်းဥစ္စာရှိသူများက သူတို့ သူတို့၏ သားများ၊ မောင်များ၊ တူများ စသူများကို ချွေးတပ်ထဲသို့ မပါရလေအောင် ငွေလုံးပစ်အကုန်အကျခံလျက် ကြိုးပမ်းကာကွယ်ကြလေသည်။ အချို့က ဂျပန်စစ်သားများနှင့် ဂျပန်ဘက်တော်သားများအား တံစိုးလက်ဆောင် ပေးလေသည်။ အချို့ကလည်း ငွေကြေးပေးလျက် လူစားဝယ်၍ ထည့်လေသည်။ ထိုစဉ်အခါက ချွေးတပ်သားတစ်ယောက်၏ မြို့ပေါ်ပေါက်ဈေးနှုန်းမှာ သုံးရာမှ ငါးရာအထိ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးအနေနှင့် ချွေးတပ်သားဆိုသူများကို စစ်တမ်းထုတ်ကြည့်လျှင်ကား တောနေ တောင်သူလယ်သမားကြီးများနှင့် မြို့ပေါ်နေ အောက်တန်းစား အလုပ်သမားဆင်းရဲသားများသာ ဖြစ်ကြောင်း တွေ့မြင်ကြရမည်သာ ဖြစ်လေသည်။

၂။ သေဓင်းဆီ ခဲတွင်းထိတိ

ကျွန်တော်တို့ ချွေးတပ်သားများကို တင်ဆောင်လာသော သမ္မန်ကြီး ဆယ်စင်းသည် ည ၁၀ နာရီကျော်ကျော်အချိန်၌ပင် မအုပင်မြို့ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြလေသည်။

ညဉ့်ပိုင်း ၁၀ နာရီကျော်ကျော်အချိန်ကလေးမျှသာ ဖြစ်သေးသော်လည်း မအုပင်တစ်မြို့လုံးမှာ အမှောင်ကြီးကျလျက် ရှိလေသည်။ တစ်မြို့လုံးပင် လူသွားလူလာကင်းမဲ့လျက် တိတ်ဆိတ်ခြောက်ကပ်နေလေသည်။ လျှပ်စစ်မီးရောင်များကို မတွေ့ရသလို လူနေအိမ်ခြေအဆောက်အအုံများ၏ မီးရောင်များကိုလည်း လုံးဝ မတွေ့ရချေ။ ဒီစတြိတ်မြို့ကြီးတစ်မြို့ဖြစ်သော မအုပင်သည် အသက်ကင်းမဲ့သော အဖြစ်မျိုးသို့ ရောက်ရှိနေလေသည်။

မကြာမီ ကျွန်တော်တို့ သမ္မန်ကြီးများသည် ကမ်းခြေတွင် ကပ်ထားသော ဧရာဝတီဆိပ်ခံတွဲကြီးအနီးသို့ ကပ်မိကြလေသည်။ ထိုအခါကျမှပင် ဆိပ်ခံတွဲပေါ်မှ မလင်းတလင်းဖြစ်သော လက်ဆွဲမှန်အိမ် မီးရောင်များကိုလည်းကောင်း၊ ဂျပန်စစ်သားများ၏ စစ်ဖိနပ်သံများနှင့် အော်ဟစ်သံများကိုလည်းကောင်း၊ ကျွန်တော်တို့ကဲ့သို့သော ချွေးတပ်သားများ၏ အသံဗလံများကိုလည်းကောင်း ကျွန်တော်တို့ကြား ရမြင်ရလေတော့သည်။

ကျွန်တော်တို့သည် မအုပင်ဆိပ်ကမ်း၌ အချိန်ကြာမြင့်စွာ မနေရပေ။ ဆိပ်ခံတွဲကြီးပေါ်တွင် အသင့်ရှိနေသော ချွေးတပ်သား နှစ်ရာကျော်လေးကို ကျွန်တော်တို့၏ သမ္မန်ဆယ်စင်းပေါ်သို့ လူစုခွဲလျက် တင်လိုက်လေသည်။ ထိုအခါ သမ္မန်ထဲတွင် ကျွန်တော်တို့တစ်တွေမှာ ငါးပီသပီပ ငါးချဉ်ဆိပ် ဖြစ်လာလေသည်။ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်သံ၊ ကြိမ်းမောင်းရေရွတ်သံ၊

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တို့၏ ဆဲဆို မောင်းမဲသံများမှာလည်း ပွက်ပွက်ညံလျက် ရှိနေလေတော့သည်။

ဤလိုနှင့်သာ ကျွန်တော်တို့သည် မအူပင်မှ ခရီးတစ်ဖန် ထွက်ခဲ့ကြပြန်လေသည်။ မအူပင်မှ ထွက်သည့်အခါ၌မူ ယခင်ကလိုမဟုတ်တော့ပေ။ သမ္မန်ကြီး ဆယ်စင်းကို ရှေ့မှနေလျက် သင်္ဘောကလေးတစ်စင်းနှင့် ဆွဲဆောင်ခြင်းပြုလေသည်။ ချွေးတပ်သားများမှာလည်း ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်နေသော သမ္မန်ကြီးများ၏ ဝမ်းခေါင်းထဲ၌ပင် တစ်ယောက်ပေါ်တစ်ယောက် ထပ်လျက်သော်လည်းကောင်း၊ ငုတ်တုပ်ထိုင်ကာ ငိုက်မျဉ်းအိပ်စက်ရင်းမှသော်လည်းကောင်း ကသိကအောက်နှင့် လိုက်ပါခဲ့ရလေသည်။

ကျွန်ုပ်တို့သည် နောက်တစ်နေ့ ၁၀ နာရီအချိန်ခန့်တွင် ကြည့်မြင်တိုင် ဘီပ်ကမ်းသို့ ရောက်ရှိခဲ့ကြလေသည်။ ထိုအခါတွင်မူ ချွေးတပ်သားများအားလုံးကို သမ္မန်ပေါ်မှ ကုန်းထက်သို့ တက်စေပြီးနောက် တန်းစီခြင်းပြုစေကာ ဝမ်းရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးခြင်းပြုပေသည်။ ထို့နောက်မှ ကြည့်မြင်တိုင် ဒေါ်ကြီးကြီး ကျောင်းထဲသို့ ခေါ်ဆောင်သွားလျက် ထိုကျောင်းအတွင်း၌ နေရာချထားပေးခြင်း၊ ထမင်းထုပ်များ ပေးဝေခြင်းပြုလေသည်။ ထိုစဉ်က ကြည့်မြင်တိုင် ဒေါ်ကြီးကြီး ကျောင်းမှာ နယ်လေးရာ ရောက်ရှိလာကြသည့် ချွေးတပ်သားများအား ခဏခေတ္တနေရာချထားပေးရာ စခန်းတစ်ခုပင်ဖြစ်လေသည်။ ကျွန်တော်တို့ မအူပင်ခရိုင်မှ ချွေးတပ်သားများ မရောက်ရှိမီကပင် အခြားမြို့နယ်ခရိုင်များမှ ချွေးတပ်သားပေါင်း မြောက်မြားစွာတို့ ရောက်ရှိခဲ့ပြီးပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း ဒေါ်ကြီးကြီး ကျောင်းစခန်းတွင် စခန်းမှူးများ၊ ထမင်းဟင်းချက်ပြုတ်သူများ၊ ရိက္ခာဂိုဒေါင်များ၊ ဂျပန်စစ်သားများ၏ အဆောက်အအုံများ၊ ဆေးပေးခန်းများ စသည်ဖြင့် ရှိနှင့်နေပြီးဖြစ်လေသည်။ ပြီးလျှင် ချွေးတပ်သားများ ခေတ္တနားနေရာစခန်းဟူသည်မှာလည်း ဤနေရာတစ်ခုတည်း မဟုတ်ပေ။ မျက်မမြင်ကျောင်း၊ စလင်းကွင်း၊ ဆွံ့အ,နားမကြားကျောင်း စသည်များမှာလည်း ချွေးတပ်သားများအား ခေတ္တထားရှိရာစခန်းများ ဖြစ်နေလေတော့သည်။

ထိုခေတ် ထိုအချိန်က ချွေးတပ်ကိစ္စနှင့် ပတ်သက်လျက် အများဆုံး နာမည်ဆိုးထွက်ကြသူများထဲတွင် စခန်းမှူးဆိုသူများမှာလည်း ထိပ်တန်းက ပါဝင်သူများ ဖြစ်ကြလေသည်။

ဂျပန်စာလုံးများ ရေးထိုးထားသော လက်ပတ်အနီကို ပတ်ထားသည့် စခန်းမှူးများသည် ချွေးတပ်သားများအပေါ် အလွန်တရာတန်ခိုးအာဏာပြကြသူများ ဖြစ်လေသည်။ သူတို့သည် ဗြိတိသျှခေတ်က ထောင်မှူး၊ ထောင်ပိုင် စသူများနှင့်

လည်း အလွန်တရာတူလှပေသည်။ အဆိုးရွားဆုံးဖြစ်သော ၎င်းတို့၏ အပြုအမူမှာ ဂျပန်များကို အလိုလိုက်ကာ အကြိုက်ကို ရအောင် ရှာဖွေဆောင်ကြဉ်း ပေါင်းသင်းလျက် ချွေးတပ်သားများအတွက် ပေးကမ်းသော ရိက္ခာပစ္စည်းများကို အကြီးအကျယ် ဘုံးကြခြင်းပင် ဖြစ်လေသည်။

ငါးခြောက် ငါးခြမ်း၊ ပဲများ၊ အာလူးများ၊ ဆန်၊ ဆီ၊ ငရုတ် စသော ပစ္စည်းများ၊ ဤအရာများကို စခန်းမှူးများက သူတို့၏တပည့်တပန်းများနှင့် ခိုးထုတ်ကာ အပြင်တွင် ရောင်းစားခြင်းပြုကြလေသည်။ ချွေးတပ်သားများကိုမူ ဝတ်ကျေတ်ကုန် ဖြစ်သလိုနည်းနှင့် ချက်ပြုတ်ကျွေးမွေးခြင်း ပြုလေသည်။ ထို့ကြောင့်လည်း ချွေးတပ်သားခများများမှာ ခွေးစာလောက်မှ မကောင်းသည့် ထမင်းဟင်းများကိုပင် မဝရေစာ စားသောက်ခြင်း ပြုရရှာလေသည်။

သို့ရာတွင် စခန်းမှူးဆိုသူတွေမှာလည်း သိပ်မသက်သာကြချေ။ တစ်ခါတစ်ခါတွင် ကာလဝိဘက်နောက်ပိုးတက်တတ်လေသည်။ ဂျပန်တို့သည် စိတ်အခန့်မသင့်လျှင် စခန်းမှူးများအား နားရင်းအုပ်ခြင်း၊ လက်ဝါးစောင်းခုတ်ခြင်း၊ ပါးများကို ဘယ်ပြန်ညာပြန်ရိုက်နှက်ခြင်း၊ စစ်ဖိနပ်နှင့် ကန်ကြောက်ခြင်းများ ပြုကြလေသည်။

ဤနေရာတွင် အကြောင်းဆက်စပ်မိ၍ တောတွင်း ချွေးတပ်စခန်းသို့ ကျွန်တော် ရောက်ရှိပြီးနောက် ဝါဒဖြန့်ချိရေးမှူးတစ်ယောက်ထံမှ တစ်ဆင့်ကြားသိရသော စခန်းမှူးတစ်ယောက်၏ ဖြစ်ပုံကို တင်ပြလိုပါသည်။

(ချွေးတပ်စခန်းကြီးကြီးတစ်ခုတွင် ကြီးကြပ်ကွပ်ကဲရသော ဘလူဆိုသူ စခန်းမှူးတစ်ယောက် ရှိလေသည်။ သူသည် အမည်ရှေ့က သခင်တပ်ထားလျက် သူ့အမည်ကို သခင်ဘလူဟူ၍ တဲ့ဆိုပ်ခပ်နှိပ်ထားလေသည်။

သူသည် ချွေးတပ်သားများအတွက် ရရှိသော စားနပ်ရိက္ခာများကို အတော်မြောက်မြောက်မြားမြားပင် အပြင်အပသို့ ထုတ်လျက် ရောင်းချလေသည်။ သူ့နေအိမ်တွင်လည်း သူ့မယားက ဈေးဆိုင်တစ်ဆိုင် တည်ထားလေသည်။ ဤလိုနှင့်သာ မကြာမီ တစ်နှစ်လောက်အချိန်အတွင်း ကိုဘလူ၏ဇနီးတွင် ရွှေဆွဲကြိုး၊ ရွှေလက်ကောက်များနှင့် ဖြစ်လာလေတော့သည်။ ကိုဘလူမှာ ဂျပန်စစ်ဗိုလ်ကိုလည်း ကပ်ပေါင်းထားသူဖြစ်သောကြောင့် မည်သူကမှ အနှောင့်အယှက်မပြုဝံ့ဘဲ ရှိနေလေသည်။

ဤလိုနှင့် တစ်နေ့တွင် ကိုဘလူ မရှိခိုက် သူ့အိမ်သို့ ဂျပန်စစ်သားများ ရောက်ရှိလာလေသည်။ ဂျပန်စစ်သားများသည် အိမ်ထဲက်သို့ ရောက်မဆိုက်၌ပင်

www.burmeseclassic.com

www.burmeseclassic.com

ကိုဘလှ၏ မယား‌ကို ပါး‌ရင်း‌နာ‌းရင်း ရိုက်နှက်လျက် ကိုယ်ပေါ်ရှိ ရွှေများ‌အား‌လုံး‌ကို ဖြုတ်ယူသွား‌ကြလေသည်။ ပြီး‌လျှင် ထိုရွှေများ‌အား‌လုံး‌ကို ပြည့်တန်ဆာ‌အိမ်တစ်‌အိမ်၌ သွား‌ရောက်၍ ဖြန်း‌တီး‌ပစ်လိုက်ကြလေသည်။

ကိုဘလှသည် ထိုအဖြစ်‌ကို မကျေနပ်၍ သူ‌အား‌ကို‌းနေသော ဂျပန်စစ်ဗိုလ်‌အား‌တိုင်ကြား‌ခြင်း‌ပြုလေသည်။ ဂျပန်စစ်ဗိုလ်က သူ့‌ဂျပန်စစ်သား‌များ‌သည် ဤသို့ ပြုလုပ်ကြလိမ့်မည်မဟုတ်၊ ကိုဘလှ လိမ်လည်တိုင်ကြား‌ခြင်း‌သာ ဖြစ်လိမ့်မည်ဆို‌ကာ ကိုဘလှ‌အား ထောင်ထဲသို့ ထည့်ထား‌လိုက်သည်ဟု ဆိုလေသည်။)

ညနေ ၅ နာရီထိုး‌သည့်‌အခါ ဂျွန်တော်တို့ ချွေး‌တပ်သား‌များ‌အား ထမင်း‌ကျွေး‌မွေး‌ခြင်း‌ပြုလေသည်။ ဂျွန်တော်တို့ မအူပင်မှ ချွေး‌တပ်သား‌များ ထမင်း‌စား‌နေခိုက်ပင် အခြား‌ရဂိုင်တစ်‌ခုမှ ချွေး‌တပ်သား‌များ ထပ်မံ‌ကာ ရောက်ရှိလာ‌ကြ ပြန်လေသည်။ အား‌လုံး‌ပေါင်း လူတစ်ထောင်ခန့် ရှိလိမ့်မည်ဟု ထင်ပါသည်။ သူတို့‌ကို ကြည့်ရသည်မှာလည်း ဂျွန်တော်တို့ရဂိုင်မှ ချွေး‌တပ်သား‌များ‌လိုပင် ဖြစ်လေသည်။ အား‌လုံး‌လိုပင် အဝတ်တစ်ထည် ကိုယ်တစ်‌ခုသာ‌မား‌များ ဖြစ်ကြ လေသည်။ အချို့‌မှာ ကောင်းဘိရှည်ကြီး‌များ‌ကို အချို့‌အစား‌မကျ ဝတ်ဆင်ထား‌ကြ ပါသည်။ အချို့‌မှာလည်း စစ်ဖိနပ်ကြီး‌များ‌နှင့် ဖြစ်လေသည်။ လူတစ်ယောက် မှာမူ ထူး‌ထူး‌ဆန်း‌ဆန်း ခေါင်း‌ပေါင်း‌အုပ်ပေါင်း‌နှင့်၊ တုတ်‌ကောက်နှင့် မျက်မှန် အနက်ကြီး‌တပ်လျက် ဖြစ်လေသည်။

နောင်‌အခါမှ သိရသည်မှာ ထိုသူမှာ စိတ်မနှံ့သူတစ်‌ဦး‌ဟူ၍ ဖြစ်လေသည်။ ချွေး‌တပ်ထဲတွင် လူပေါင်း‌ခုံလင်လှလေသည်။ ထို‌အထဲတွင် ပေါ်‌ကြောင်‌ကြောင် လူများ၊ ရှုံး‌နှမ်း‌နှမ်း‌လူများ၊ စကား‌မပြောတတ်သူများ၊ နား‌မကြား‌သူများ စသည်ဖြင့် ပါရှိလာလေရာ ဂျွန်တော်တို့‌မှာ ငိုအား‌ထက် ရယ်အား‌သန်ဆိုသလို ဖြစ်ရလေ တော့‌သည်။

"မအူပင်ခရိုင်၊ မအူပင်ခရိုင်၊ ထွက်‌ကြ၊ ထွက်‌ကြ၊ အား‌လုံး‌တန်စီ‌ကြ၊ ဘွန်ထိုက်ချို‌တွေ့၊ ဟန်ချို‌တွေ့၊ ရှေ့ဆုံး‌က ထွက်ရပ်‌ကြ"

ဂျွန်တော်တို့ ထမင်း‌စား‌သောက်ပြီး‌စီး၍ တအောင့်တနား‌လောက် အကြာ လိုက်၌ပင် စခန်း‌ပေါက်ဝမှ ဤ‌အသံ‌ပေါ်ထွက်လာလေသည်။ ဂျပန်စစ်ဗိုလ် သုံး‌လေး‌ယောက်၊ ဂျပန်စစ်သား အစိတ်၊ သုံး‌ဆယ်ခန့်‌နှင့် စခန်း‌မှူး‌များ၊ စကား‌ပြန် များ‌ကိုလည်း တွေ့ရလေသည်။

ဂျပန်စစ်သား‌များ‌သည် ခရီး‌ဆောင် အထုပ်‌အပိုး‌များ၊ ရေဗူး၊ သေနတ်များ ကိုလည်း အသင့်လွယ်ပိုး‌ထား‌ကြလေသည်။ ဂျွန်တော်သည် ရှေ့ခရီး‌ကို ဆက်လက် ရတော့‌မည်ဖြစ်ကြောင်း ချက်ချင်း‌ပင် သဘောပေါက်လိုက်ပါသည်။

ဂျွန်တော်တို့ ခရိုင်မှ ချွေး‌တပ်သား‌များ‌သည် စခန်း‌အပြင်ဘက် မြေ ကျွက်လပ်တွင် လေး‌ယောက်တစ်တွဲ တန်း‌စီလိုက်ကြလေသည်။ ဂျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချို စသည်များ‌သည် ချွေး‌တပ်သား‌များ တန်း‌စီနေသည့် ရှေ့ဆုံး‌မှ ရပ်လိုက်ကြသည်။

ဂျပန်စစ်ဗိုလ် သုံး‌လေး‌ယောက်နှင့် စကား‌ပြန်သူငယ်၊ စခန်း‌မှူး စသူတို့သည် ဂျွန်တော်တို့ ရှိရာသို့ ရောက်လာပြီး‌နောက် ဂျွန်တော်တို့ ရှေ့တည့်တည့်တွင် ရပ်လိုက်ကြသည်။ ဂျွန်တော်တို့သည် စခန်း‌မှူး‌၏ ညွှန်ကြား‌ချက်အရ ခြေကို နံရပ်လျက် အလေး‌ပြုလိုက်ကြလေသည်။

"မင်း‌တို့‌အား‌လုံး ကောင်း‌ကောင်း‌နား‌ထောင်ပါ၊ အခု အရေး‌ကြီး‌တဲ့စကား‌ကို ပြောဖို့ရှိတယ်"

ဂျပန်စစ်ဗိုလ်တစ်‌ယောက်က မြန်မာစကား‌ကို အသုံး‌ပြုလျက် ပြော‌လေသည်။ ပြီး‌လျှင် သူက ရှေ့စကား‌ကို ဆက်၍‌မပြော‌ချေ။ စခန်း‌မှူး‌လုပ်သူက ပြော‌လေသည်။

ထိုင်း–မြန်မာ မီး‌ရထား‌လမ်း ဖောက်လုပ်ရာသို့ သွား‌ရောက်သည့်‌အခါ၌ ဘွန်ထိုက်ချို‌နှင့် ဟန်ချို‌များ‌သည် အဆင့်ဆင့်တာဝန်‌ယူလျက် ချွေး‌တပ်သား‌များ‌ကို အုပ်ချုပ်ကွပ်ကဲရမည်ဖြစ်ကြောင်း၊ ချွေး‌တပ်သား‌များ‌ကလည်း ဘွန်ထိုက်ချို၊ ဟန်ချို‌များ‌နှင့် ဝါဒဖြန့်ချို‌ရေး‌မှူး‌များ‌၏ စကား‌ကို နား‌ထောင်လျက် အလုပ်ကို ကြိုး‌စား‌ပြီး လုပ်ကြရမည်ဖြစ်ကြောင်း။

ယခု သွား‌ရောက်လုပ်ကိုင်ရမည့် အလုပ်သည် အာရှတိုက်သား‌များ အား‌လုံး ဖြိုတီသူနယ်ချဲ့သမား လက်အောက်မှ ထာဝစဉ် လွတ်လပ်ရေး‌ရရှိစေရန်နှင့် အာရှတိုက်သား‌များ အား‌လုံး‌၏ သာတူညီမျှကောင်း‌စား‌ရေး ရရှိမှုအတွက် ဖြစ် ကြောင်း၊ အာရှတိုက်သား‌များ‌၏ ကောင်း‌စား‌ရေး၊ သာတူညီမျှရှိစေရေး‌အတွက် အချို့‌သော မြန်မာလူငယ် လူရွယ်များ‌နှင့် ဗမာ့လွတ်လပ်ရေး‌တပ်မတော်‌ကြီး‌က နောင်တော့ ဂျပန်များ‌နှင့် တွဲလျက် ဖြိုတီသူနယ်ချဲ့မိစ္ဆာကောင်များ‌အား တိုက်ခိုက် ဖြိုခွင်း‌ခြင်း‌ပြုနေသည့်‌အခါ နောက်ပိုင်း‌မှ ချွေး‌တပ်သား‌များ‌ကလည်း အာရှစစ်ကြီး အောင်မြင်စေရေး‌အတွက် မီး‌ရထား‌လမ်း‌ကြီး‌ကို အင်တိုက်‌အား‌တိုက် ဖောက်လုပ် ကြရမည်ဖြစ်ကြောင်း။

ထိုလမ်း‌မကြီး ပြီး‌စီး‌သွား‌သည့်‌အခါ ဂျပန်နိုင်ငံမှ အဝတ်‌အထည်များ၊ အစား‌အစာများ၊ စက်မှုပစ္စည်း‌များ မြန်မာနိုင်ငံသူ နိုင်ငံသား‌များ‌အတွက် ရောက်ရှိ လာလိမ့်မည်ဖြစ်ကြောင်း၊ ထို့‌ကြောင့် လမ်း‌ခုလတ်မှသော်လည်း‌ကောင်း၊ ချွေး‌တပ် စခန်း အလုပ်ခွင်များ‌မသော်လည်း‌ကောင်း ထွက်မပြေး‌ကြ‌ဖေလိုကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ် အော်ဟစ်ရေရွတ်လေသည်။ လက်လှမ်းတမှီ အနီးတွင်ရှိနေသော ချွေးတပ်သားများ၏ ကျောကုန်းကိုလည်း သေနတ်ပြောင်းနှင့် ထိုးလေသည်။ ထိုအခါ ဘွန်ထိုက်ချို၊ ဟန်ချို စသည်သူများကလည်း "ခပ်သွက်သွက်လျောက်ကြဟေ့-ခပ်သွက်သွက်လျောက်ကြလေကွာ" ဟု နှိုးဆော်ခြင်းပြုကြလေသည်။

ကျွန်တော်တို့သည် ကြည့်မြင်တိုင်မှ နေလျက် ရန်ကုန်ဘူတာကြီးအရောက် ချီတက်ခဲ့ကြရလေသည်။ ရဲမန်ရဲခါ အရှိန်ပြင်းစွာ မောင်းနှင်သွားသော ဂျပန်စစ်ကားများကို တွေ့ရသည်မှအပ ကတ္တရာစေးလမ်းများမှာ တိတ်ဆိတ်ချောက်ချားလျက် ရှိလေသည်။ လမ်းတစ်လျှောက်လုံး ရန်ကုန်မြို့ကြီးအတွင်းသို့ ရောက်ခဲ့သည်အထိ ယခင်ကလို ထိန်လင်းသာယာသော မီးရောင်များကိုလည်းကောင်း၊ စည်ကားသိုက်မြိုက်သော ဈေးဆိုင်ကန်များကိုလည်းကောင်း၊ ရုပ်ရှင် ညဈေးတန်းစသည်များကိုလည်းကောင်း ရှင်မြူးစရာတစ်ကွက်မျှ မတွေ့ရပါချေ။ ရန်ကုန်သည် ဖြို့ပျက်ကြီးတစ်ခုနှင့်မခြား ဖြစ်နေလေတော့သည်။

ဤလိုနှင့် ကျွန်တော်တို့ ချွေးတပ်သားများသည် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိခဲ့ကြပြီးနောက် ကျွန်တော်တို့အား သယ်ယူသွားမည့် မီးရထားတွဲများထက်သို့ တက်ရောက်ခြင်း ပြုခဲ့ကြရလေသည်။

ကျွန်တော်တို့ကို သယ်ယူတင်ဆောင်သွားမည့် ရထားသည် ချွေးတပ်သားများအတွက် သီးသန့်ပို့ဆောင်သော ရထားပင် ဖြစ်လေသည်။ ရထားတွဲများပေါ်သို့ ကျွန်တော်တို့ ရောက်ရှိသည့်အခါ တွဲများပေါ်တွင် အခြားသော ချွေးတပ်သားများလည်း ရောက်ရှိနေကြပြီ ဖြစ်လေသည်။ ထို့ကြောင့်ပင် ရထားတွဲတိုင်းပေါ်တွင် ချွေးတပ်သားများဖြင့် ပြည့်ကျပ်လျက် ရှိနေလေတော့သည်။ ရထားတွဲများ၌လည်း ယခင်ကလို မီးလုံးများ အများအပြားတပ်ဆင်ထားခြင်း မရှိချေ။ ရထားတွဲတစ်တွဲလျှင် မီးလုံးကလေးတစ်လုံးသာလျှင် တပ်ဆင်ထားလေသည်။ ရန်ကုန်ဘူတာကြီးအတွင်း၌လည်း ယခင်ကလို မီးရောင်များ လင်းထိန်မနေပါချေ။ မထွန်းလျှင် မဖြစ်သော နေရာလောက်ကိုသာ မီးလုံးကလေးများ တစ်လုံး၊ နှစ်လုံးစ ထွန်းညှိထားလျက် အပေါ်မှ လုံခြုံသောအုပ်ဆောင်းများနှင့် ဖုံးအုပ်ထားခြင်းပြုလေသည်။ ကွမ်းခြံဘူတာကြီး၏ ပတ်ဝန်းကျင်တစ်ဝိုက်၌ကား မှောင်ကြီးကိုးပါးကျလျက် ရှိနေလေတော့သည်။

ကျွန်တော်တို့ရောက်ရှိပြီး၍ အချိန်တစ်နာရီခန့်အကြာ၌ပင် ရထားသည် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာခြင်း ပြုလေသည်။ ရထားခုတ်မောင်းသည်မှာလည်း ဖြည်းဖြည်းလေးလေးနှင့် တရွေ့ရွေ့တလှုပ်လှုပ် ခုတ်မောင်းနေခြင်းသာ

အကယ်၍ ထွက်ပြေးခြင်းပြုခဲ့ပါလျှင် ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့် အချိန်မိနစ်နှစ်ဆယ်လောက်ကြာသည်အထိ ပြောကြားခြင်းပြုလေသည်။

ဂျပန်စစ်ဗိုလ်အကြီးအကဲဖြစ်သူသည် စခန်းမှူးက ထိုစကားများကို ပြောကြားနေချိန်၌ သူလွယ်ထားသော ဓားရှည်ပေါ်တွင် လက်နှစ်ဘက်တင်လျက် ဦးခေါင်းတဆတ်ဆတ် ရှိနေပါတော့သည်။

စကားပြော၍ ပြီးဆုံးသွားသည့်အခါ စခန်းမှူးဖြစ်သူက ရှေ့မှတိုင်ပေးသဖြင့် ချွေးတပ်သားများက နောက်မှလိုက်လျက် "နိပွန် ဘိဓမာဘန်ဆိုင်း၊ နိပွန် ဘိဓမာဘန်ဆိုင်း" ဟူ၍ သုံးကြိမ်တိတိ ကြွေးကြော်အော်ဟစ်ခြင်း ပြုကြရလေသည်။

မကြာမီ ကျွန်တော်တို့ ချွေးတပ်သားများသည် ဂျပန်များ အစောင့်အကြပ်နှင့် မီးရထားဘူတာရုံရှိရာသို့ ဆင်းသက်ခဲ့ရလေသည်။ ဂျပန်အစောင့်အကြပ်များမှာ မအူပင်မှ လာစဉ်ကထက် ပို၍များပြားနေသည်ကိုလည်း ကျွန်တော်သည် သတိပြုလိုက်မိလေသည်။ ချွေးတပ်သားများမှာလည်း ကျွန်တော်တို့ မအူပင် တစ်ခရိုင်တည်း မဟုတ်တော့ပေ။ နောက်ရောက်လာသော ချွေးတပ်သားများလည်း ပါရှိလေသည်။ စုစုပေါင်း ချွေးတပ်သား တစ်ထောင်ထက်မနည်း ရှိလိမ့်မည်ဟု ခန့်မှန်းရလေသည်။

ဘွန်ထိုက်ချို၊ ဟန်ချို စသည်များမှာလည်း ယခင်ကလို ချွေးတပ်သားများနှင့် အရောရောအနှောနှော မဟုတ်တော့ချေ။ သူတို့သည် တန်းစီလျှောက်နေသော ချွေးတပ်သားများ၏ ဘေးမှထွက်ကာ ဂျပန်များနှင့်အတူ တွဲလျက် ချွေးတပ်သားများအား စောင့်ကြပ်လိုက်ပါခြင်း ပြုရလေသည်။

ချွေးတပ်သားများသည် ပြောင်လက်နက်မှောင်သော ကတ္တရာစေးခင်းလမ်းထားမှ ကပ်လျက် ခြေလှမ်းမှန်မှန်လျှောက်နေကြသည်။ ရန်ကုန်မြို့ကြီး၏ လမ်းမီးတိုင်များမှာလည်း ယခင်အချိန်များကလို ထွန်းလင်းတောက်ပခြင်းမရှိ၊ ခပ်မှန်မှန် ခပ်ဝါးဝါး ဖြစ်နေတော့သည်။ လမ်းမကြီးများနှင့် လမ်းသွယ်ကလေးများပေါ်၌လည်း ကားအသွားအလာ ယာဉ်အသွားအလာများ ခြောက်ကပ်လှလေသည်။ လူသူလေးပါး အသွားအလာဟူ၍လည်း ပြောပလောက်အောင်မတွေ့ရ။ စစ်ဒဏ်ကို တစ်ကြိမ်ခံလိုက်ပြီးသော ရန်ကုန်မြို့ကြီး၏ ညဉ့်ဝိုင်းအချိန်မှာ နိုးရိမ်ထိတ်လန့်ဖွယ်နှင့် အားငယ်လွမ်းဆွတ်ဖွယ်ရာ ကောင်းလှလေသည်။

ချွေးတပ်သားများ၏ ခြေလှမ်းများသည် တစ်ခါတစ်ခါ လေးလေးတွဲတွဲ ဖြစ်နေတတ်သည်။ ဤလိုဖြစ်သည့်အခါ ဂျပန်စစ်သားများက "ခုရား၊ ခုရား"

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေသည်။ ဘူတာများ၌လည်း ရထားသည် ရပ်နားသည်ဟူ၍ မရှိချေ။ စိတ်ပျက်စရာ တလှပ်လှပ်တအိအိ ခုတ်မောင်းလျက်သာ ရှိလေသည်။

ကျွန်တော်တို့ သွားရမည့်ခရီးမှာ ရန်ကုန်မှ မုတ္တသို့ ဖြစ်လေသည်။ ထိုကမှ တစ်ဆင့် မော်လမြိုင်မြို့ဘက်သို့ ကူးပြီးနောက် မော်လမြိုင် တောင်ဘူတာမှနေလျက် သံဖြူဇရပ်သို့ ခရီးဆက်ရမည်ဖြစ်လေသည်။ ကျွန်တော်သည် ရန်ကုန်မှနေလျက် မော်လမြိုင်ကိုကား ရောက်ဖူးသွားဖူးခြင်း ရှိခဲ့လေသည်။ ဤလိုသွားလာခဲ့ဖူးသည်မှာလည်း စစ်ကြီးမဖြစ်မီ အချိန်ကာလက ဖြစ်ပါသည်။ သို့ရာတွင် မော်လမြိုင်မှနေလျက် ရှေ့ဆက်သွားရမည့်ခရီးကိုမူ တစ်ကြိမ်တစ်ခေါက်မှ သွားရောက်ဖူးခြင်း မရှိခဲ့ပါချေ။

ရထားသည် တဖြည်းဖြည်းတလှပ်လှပ်နှင့် တဒွေ့ဒွေ့ခုတ်မောင်းနေခြင်းသာ ဖြစ်သောကြောင့် မိုးစင်စင်လင်းခဲ့သည့်တိုင် စစ်တောင်းမြစ်ကို ဖြတ်ကျော်ရခြင်း မရှိသေးဘဲ ဖြစ်နေလေတော့သည်။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော ရထားကြီးသည် မနက် (၈) နာရီ အချိန်ခန့်တွင် စစ်တောင်းတံတားကို ဖြတ်ကျော်ခြင်းပြုလေသည်။ ထိုကဲ့သို့ ဖြတ်ကျော်ခုတ်မောင်းသော တံတားမှာ ဗြိတိသျှတို့ ဆောက်လုပ်သွားသော သံတံတားမဟုတ်ပါချေ။ သံတံတားကြီးမှာ ဗုံးကြဲခြင်းခံရသဖြင့် ပျက်စီးနေလေပြီ။ ယခု မီးရထားခုတ်မောင်းခြင်းပြုနေသော တံတားမှာ ဂျပန်တို့ ဆောက်လုပ်ထားသော တံတားပင်ဖြစ်သည်

တံတားပေါ်၌ ရထားခုတ်မောင်းနေသည့်အခါ မီးရထားအရှိန်မှာလည်း ခပ်စောစောကထက် ပို၍နှေးကွေးလေးတွဲ့လာလေသည်။ တံတားကြီးတစ်ခုလုံးမှာလည်း တောင်ယိုင် မြောက်ယိုင်နှင့် ယိမ်းထိုးနေတော့သည်။ ကျွန်တော်တို့သည် ထိုအဖြစ်ကိုကြည့်ကာ အသည်းတထိတ်ထိတ် ရင်တမမ ဖြစ်နေရလေတော့သည်။ တစ်ဖက်ကုမ်းခြေသို့ ရထားကြီး အမြန်ဆုံးရောက်ပါစေတော့ဟူ၍လည်း ဆုတောင်းနေမိလေသည်။

ရထားကြီးမှာ ဖြည်းဖြည်းလေးလေး ခုတ်မောင်းနေရာမှ တစ်ခါတစ်ခါ တံတားကြီးတစ်ခုလုံး ပြိုကျသွားလေမလားဟူ၍ပင် ထင်မှတ်ရလေသည်။ ရထားနှင့် တံတားမှာ စစ်တောင်းမြစ် အလယ်ခေါင်တွင် ဒါန်းလွဲနေသလား ထင်မှတ်ရလေသည်။

ဤလို အသည်းတထိတ်ထိတ် ရင်တခုန်ခုန်နှင့်ပင် ရထားကြီးမှာလည်း တစ်ဖက်ကမ်းသို့ ရောက်ရှိခဲ့လေသည်။ ကျွန်တော်သည် ထိုအခါမှပင် ဟင်းခနဲ သက်ပြင်းချမိလေသည်။

မော်လမြိုင်သို့ရောက်ပြီးနောက် ကျွန်တော်တို့ ခွေးတပ်သားများသည် ရှေ့ခရီးကို မဆက်ရသေးဘဲ အင်္ဂလိပ်ကျောင်း အဆောက်အအုံကြီးတစ်ခုတွင် စခန်းချရပ်နားခြင်း ပြုကြရလေသည်။ စင်စစ်အားဖြင့် ထိုနေရာ ထိုအဆောက်အအုံကြီးမှာလည်း ခွေးတပ်သားများ ခေတ္တခဏ စခန်းချရပ်နားရန် ပြုလုပ်ထားသော ခွေးတပ်စခန်းတစ်ခုပင် ဖြစ်လေသည်။

ကျွန်တော်သည် မော်လမြိုင်မြို့ကြီး၏ ယခင်နှင့် ယခုအခြေအနေကို သတိထား အကဲခတ်လိုက်မိလေသည်။ မော်လမြိုင်တစ်မြို့လုံးမှာလည်း ဂျပန်စစ်သားများ၊ ဂျပန်စာလုံးများကို ရေးထိုးထားသော လက်ပတ်များ ပတ်ထားသည့် မြန်မာများ၊ ကုလားဒိန် ကုလားကပြားများနှင့် ရှုပ်ရှက်ခတ်နေလေသည်။ ဂျပန်စစ်သားများကိုလည်း ဈေးခြင်းတောင်းကို ဆွဲလျက်တစ်မျိုး၊ ကလေးတွေ တရုန်းရုန်းနှင့်တစ်သွယ်၊ ခွေးတွေ တစီစီနှင့်တစ်ပုံ အမျိုးစုံအောင် တွေ့မြင်ရလေသည်။ ဤအတွင်းကပင် ဆိပ်ခံဗော်တံတားထိပ်များ၌လည်း ခွေးတပ်ပြေးများကို စောင့်ဖမ်းနေသော ဂျပန်အလိုတော်ရိများကိုလည်းကောင်း၊ ဆေးထိုးလက်မှတ်များ စစ်ဆေးနေသော လူများကိုလည်းကောင်း တွေ့မြင်ရလေသည်။

ကျွန်တော် သတိပြုမိသလောက်ဆိုရလျှင် မြင်တွေ့ရသောအဖြစ်များ အားလုံးသည် စိတ်လက်ရှင်ပြကြည်နူးစရာဟူ၍ တစ်ကွက်တလေမျှ မပါရှိချေ။ အားလုံးသည် အနိဋ္ဌာရုံမြင်ကွင်းများချည်းဟူ၍သာ ဆိုရပေမည်။

ထိုအတွင်းက ကျွန်တော် ထပ်မံသတိပြုမိသော အချက်တစ်ရပ်မှာ ဂျပန်များ၏ အပြုအမူ အဆက်အဆံပင်ဖြစ်လေသည်။

ရန်ကုန်မှလိုက်လာသော ဂျပန်စစ်သားများသည် အထက်က ကျွန်တော်ဆိုခဲ့သော မော်လမြိုင် အင်္ဂလိပ်ကျောင်း ခွေးတပ်စခန်းကို ရောက်ရှိသည့်အခါ၌ ကျွန်တော်တို့အား တန်းစီစေလျက် လူများ စစ်ဆေးရေတွက်ပြီးနောက် မော်လမြိုင်ရှိ ဂျပန်စစ်သားများ လက်တွင်းသို့ စာရင်းအင်းနှင့်အတူတကွ လွှဲပြောင်းပေးအပ်ခြင်း ပြုလိုက်ကြလေသည်။ ဤတွင် မော်လမြိုင် ခွေးတပ်စခန်းရှိ ဂျပန်များကလည်း စာရင်းအင်းနှင့်တကွ သေချာဂဏန်း စစ်ဆေးခြင်းပြုကာ လက်ခံလိုက်လေသည်။ ဤတွင် ဂျပန်များ၏ ဆက်ဆံရေးမှာလည်း တစ်မျိုးတစ်ပုံ ပြောင်းလဲလာပါလေတော့သည်။

မော်လမြိုင် ခွေးတပ်စခန်းမှ ဂျပန်များသည် ခွေးတပ်သားများအပေါ်တွင် မပ်ကြမ်းကြမ်း အုပ်ချုပ်လေတော့သည်။ မပြောပလောက်သည့် အပြစ်ကလေးမျှ မလောက်နှင့် ခွေးတပ်သားများအား ပါးကို ဘယ်ပြန် ညာပြန် ရိုက်နှက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

စစ်ဖိနပ်နှင့် ကန်ကျောက်ခြင်း၊ မျက်ခွက်ကို လက်ဝါးစောင်းဖြတ်၍ ရိုက်နှက်ထိုးကြိတ်ခြင်း စသည်များကို ပြုမူလာလေတော့သည်။

စခန်းမှူးများ၊ ဘွန်ထိုက်ချို စသူများကလည်း မိမိတို့ အမျိုးသားချင်းဟူ၍ ငဲ့ညှာထောက်ထားခြင်းမရှိဘဲ၊ ဂျပန်စစ်သားများနည်းတူ ချွေးတပ်သားများအပေါ် နိပ်စက်ကလူ ပြုမူကျင့်သုံးလာလေသည်။ ထိုအထဲတွင် ကုလားကပြား ကုလားဒိန်းများမှာ အဆိုးရွားဆုံး၊ အကောက်ကျစ်ဆုံးပင် ဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်များ၏ အပြုအမူနှင့် စခန်းမှူးများ၊ ဘွန်ထိုက်ချို စသူများ၏ အပြုအမူကို ထိုအခါမှ သုံးသပ်ဆင်ခြင်ကြည့်မိလေသည်။

ထိုအခါ အောက်ပါအတိုင်း သိရလေသည်။

မော်လမြိုင်ကို ရောက်သည့်အခါ ချွေးတပ်သားများအနေနှင့် ပြေးပေါက်ပြေးလမ်း မလွယ်တော့ချေ။ အစောင့်အကြပ်များ ထူထပ်ခြင်း၊ မြစ်ကူးချောင်းများ ခရီးလမ်းများဖြစ်ခြင်း၊ တောတွင်းအလုပ်စခန်းများနှင့်လည်း နီးကပ်လာပြီဖြစ်ခြင်း စသောအကြောင်းများကြောင့် ဂျပန်များသည် သူတို့လက်ခုပ်တွင်းသို့ ရောက်ရှိလာသော ချွေးတပ်သားများအား ခပ်ကြမ်းကြမ်း ခပ်ပြတ်ပြတ် နိပ်စက်လာသည့် သဘောပင် ဖြစ်ဟန်တူလေသည်။

တောတွင်းချွေးတပ်စခန်းများ ရှိရာသို့ မရောက်မီအတွင်း ခရီးလမ်းတစ်လျှောက် ဖြတ်သန်းကြတွေ့ခဲ့ရသော ချွေးတပ်စခန်းများအနက် မော်လမြိုင်နှင့် သံဖြူဧရပ် ချွေးတပ်စခန်းများမှာ ကျွန်တော်တို့အပို့ အနေအထိုင် အကျဉ်းဆုံးနှင့် စိတ်ပျက်စရာ အကောင်းဆုံးစခန်းများပင် ဖြစ်လေသည်။ ထိုစခန်းများကို ရောက်သည့်အခါမှာလည်း ချွေးတပ်သားများမှာ ချွေးတပ်ပုံစံနှင့် ချွေးတပ်အကြောင်းကို တစ်စစ သိရှိလာလေတော့သည်။

ကျွန်တော်တို့သည် မော်လမြိုင် ချွေးတပ်စခန်းတွင် တစ်ရက်ခန့်နားနေခြင်း ပြုရပြီးနောက် ရှေ့ခရီးကို ဆက်လက်၍ ထွက်ခွာခြင်းပြုခဲ့ကြရပြန်လေသည်။ ရှေ့ခရီးစခန်းမှာ သံဖြူဧရပ်ပင် ဖြစ်လေသည်။ သံဖြူဧရပ်သည် ဂျပန်ခေတ် တစ်ခေတ်လုံး ချွေးတပ်နှင့် ပတ်သက်၍ နာမည်အကျော်ကြားဆုံး၊ လူတွေ အကြောက်ရွံ့ဆုံး နေရာဒေသတစ်ခုပင် ဖြစ်လေသည်။

သို့ရာတွင် ဖြစ်ရပ်အမှန်အကန်မှာမူ တောတွင်း ချွေးတပ်စခန်းများကသာ သံဖြူဧရပ်ထက် ပို၍အဆိုးရွားဆုံး၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်အရှိဆုံးနှင့် ရက်စက်ကြမ်းကြုတ်မှု အထူပြောဆုံးနေရာဒေသများ ဖြစ်လေသည်။ ကြမ်းတမ်းဆိုးရွားသော အလုပ်ဒဏ်ကို ခံကြရခြင်း၊ ရာသီဥတုဒဏ်ကို ခံကြရခြင်း၊ အစားအစာဆေးဝါး မလုံလောက်ခြင်း၊ ရောဂါဝေဒနာထူပြောခြင်း၊ ဂျပန်များ၏ လူမဆန်သော

နိပ်စက်ညှဉ်းပန်းမှုကို ခါးစီးလျက် ကုန်းရုန်းခံရခြင်းစသော ဆင်းရဲပင်ပန်းမှုအဖုဖုတို့မှာ တောတွင်း ချွေးတပ်စခန်းများတွင် တွေ့ကြုံခံစားရသည့်အဖြစ်များပင် ဖြစ်လေသည်။

ထိုအဖြစ်မျိုး၊ ထိုအကြောင်းမျိုးကိုလည်း ကျွန်တော်တို့ ချွေးတပ်သားများသည် ကြိုတင်ကာ သိရှိကြသည်တော့ မဟုတ်၊ တောတွင်း ချွေးတပ်စခန်းများသို့ ရောက်ရှိမှသာ ဘီလူးတွေ. နဖူးတွေ. တွေ့လျက် သိရှိကြရခြင်းပင် ဖြစ်လေသည်။ ထိုအခါ၌ကား ကျွန်တော်တို့ ချွေးတပ်သားများအနေနှင့် ပြေးပေါက်ဟူ၍ မရှိတော့ပါချေ။ ကျွန်တော်တို့အား လုံးပင် ဂျပန်များ လက်တွင်း၌ ပိတ်မိနေကြရသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့တစ်တွေ ရှေ့ခရီးသို့ သွားလာချီတက်နေသော ခြေလှမ်းများသည် သေမင်း၏ ခံတွင်းပေါက်ရှိရာသို့ သွားရောက်နေသော ခြေလှမ်းများဟူ၍ ဇောရန်မှတစ်ပါး အခြားမည်သို့မှ ပြောနိုင်ရန် အကြောင်းမရှိပေမိပါချေ။

www.burmeseclassic.com

www.burmeseclassic.com

၃။ နာမည်ကျော် သံဖြူဇရပ်

ကျွန်တော်တို့ ရွေးတပ်သားများသည် မော်လမြိုင်မှတစ်ဆင့် သံဖြူဇရပ် ရွေးတပ်စခန်းမကြီးသို့ ရောက်ရှိခဲ့ကြလေသည်။ သံဖြူဇရပ်ရွေးတပ်စခန်းသည် ထိုင်း–မြန်မာ မီးရထားလမ်း၊ ကားလမ်းဖောက်လုပ်ရာ၌ အရေးအပါဆုံးနှင့် အကြီးမားဆုံးဖြစ်သည့် ရွေးတပ်စခန်းတစ်ခု ဖြစ်လေသည်။

ဂျပန်များသည် ထိုင်း–မြန်မာ မီးရထားလမ်းကြီးကို ဖောက်လုပ်ခြင်းပြုရာ၌ ဦးစွာပထမ ကားလမ်းတစ်ခုကို ဖောက်လုပ်လေသည်။ ပြီးမှ မီးရထားလမ်းကို ဖောက်လုပ်ခြင်းဖြစ်သည်။ ကားလမ်းသည် ကတ္တရာစေးခင်းလမ်းလည်း မဟုတ်၊ ကျောက်ခင်းလမ်းလည်း မဟုတ်ပေ။ မြေပြင်တစ်ခုသာ ဖြစ်လေသည်။

သို့ရာတွင် ထိုလမ်းခရီးတစ်လျှောက်ရှိ မြေများသည် အတော်အတန်မာကျောသော မြေများဖြစ်ရုံမက အချို့နေရာများဆိုပါလျှင် ကျောက်သားကျောက်တုံးများ ရောပြွမ်းနေသော မြေအမျိုးအစားဖြစ်လေသည်။ ထို့ကြောင့်ပင် ကားလမ်းမှာ ကတ္တရာစေးခင်း ကျောက်ခင်းလမ်း မဟုတ်သည်တိုင် ကားများ မောင်းနှင်သွားလာနိုင်ပေသည်။

သံဖြူဇရပ် ရွေးတပ်စခန်းသည် သံဖြူဇရပ်မြို့အနီးတွင် ရှိလေသည်။ မီးရထားလမ်း၏ အနောက်ဘက် ခရီးနှစ်ဖာလုံးခန့်အကွာဟု ခန့်မှန်းရလေသည်။ ထိုနေရာ ထိုဒေသသည် တနင်္သာရီတိုင်းအတွင်း အပါအဝင်ဖြစ်လေသည်။ ရာသီဥတုမှာလည်း မိုးဦးကျစအချိန်ဖြစ်သောကြောင့် အမြဲတမ်းရိုဝေမှုန်မှိုင်းလျက် စိုစွတ်အေးမြလှသော အနေအထားမျိုးဖြစ်လေသည်။

ရထားဆိုက်သည်ဆိုလျှင်ပင် ကျွန်တော်တို့ ရွေးတပ်သားများသည် ရထားတွဲများပေါ်မှ အလုအယက် တိုးဝှေ့ဆင်းသက်ကြလေသည်။ ခရီးလမ်းတစ်လျှောက်လုံးတွင် ကျဉ်းကျဉ်းကျပ်ကျပ် စီးနင်းလိုက်ပါခဲ့ရသောကြောင့် ကျင်ကြီးကျင်ငယ်

ကိစ္စအတွက် ရထားလမ်းဘေး သစ်ပင်ကြီးများရှိရာသို့ ဝင်ပြေးသူပြေး၊ တောစပ်ရှိရာသို့ သွားထိုင်သူထိုင် ဖြစ်လိုက်ကြလေသည်။

ထိုအတွင်းကပင် ဂျပန်စစ်သားများ၏ အော်ဟစ်ဆဲဆိုသံ၊ ထုသံ၊ ရိုက်သံ၊ စစ်ဖိနပ်နှင့် ကန်ကျောက်သံများ ပေါ်ထွက်လာသည်။ ရွေးတပ်သားများ၏ ရုတ်ရုတ်သဲသဲဖြစ်သံနှင့် ဆူညံပြေးလွှားသံများကိုလည်း ကြားလိုက် မြင်လိုက်ရလေသည်။

ကျွန်တော်သည် ရထားတွဲပေါ်မှ ဆင်းသက်ခဲ့ပြီးနောက် ထိုအဖြစ်ကို လှမ်းကြည့်လိုက်သည်။

ဂျပန်စစ်သားများသည် ရိုင်ဖယ်ကိုယ်စီ၊ တုတ်ကိုယ်စီနှင့် မီးရထားသံလမ်းဘေးကို နှစ်ဘက်ညပ်လျက် ဝိုင်းပတ်ထားလေသည်။ အချို့ဂျပန်စစ်သားများသည် တာဝန်ပျိုသို့ပြေးသွားသော ရွေးတပ်သားများနှင့် သစ်ပင်ကြီးများအောက်တွင် ဝင်ရောက် ကျင်ငယ်စွန့်နေသော ရွေးတပ်သားများအား တဘုံးဘုံး တဖြန်းဖြန်း ထုရိုက်၍လည်းကောင်း၊ ကုပ်ပိုးမှ ဆွဲ၍လည်းကောင်း မီးရထားလမ်းဘေးသို့ ခေါ်ဆောင်လာသည်။

ထို့ကြောင့်လည်း ရွေးတပ်သား အတော်များများတို့ပင် ကျင်ကြီးကျင်ငယ် စွန့်သည့်ကိစ္စများကို ပြီးဆုံးအောင် မပြုရတော့ဘဲ ဂျပန်စစ်သားများ ဆွဲရာနောက်သို့ ယိမ်းကနဲယိမ်းကနဲ ပါလာလေတော့သည်။

"ဘိဝမာ၊ ဘိဝမာ အားလုံးရိုတာက၊ ထိုင်ပါ၊ ထိုင်ပါ"

ဂျပန်စစ်ဗိုလ်ကလေးတစ်ယောက်သည် ကျွန်တော့်အင်္ကျီလက်မောင်းပေါ်မှ လက်ပတ်ကို ကြည့်လျက် ကျွန်တော့်ကို လှမ်းခေါ်လေသည်။ လက်ဟန်ခြေဟန် ပြ၍လည်း ရွေးတပ်သားအားလုံးကို တန်းစီ၍ အထိုင်ခိုင်းပါဟု ဆိုလေသည်။

"ဟိုက်-မာစတာ၊ ဟိုက်-"

ကျွန်တော်သည် ဂျပန်စစ်ဗိုလ်အား လှမ်းပြောလိုက်ပြီးနောက် ဘွန်ထိုက်ချို့နှင့် ဟန်ချို့များအား လုံးကိုလည်း ဟစ်အော်လျက် ခေါ်လိုက်ပါသည်။ ထိုမျှများပြားလှသော ရွေးတပ်သားလူအုပ်ကြီးကိုလည်း ကျွန်တော်တစ်ဦးတည်း ထိန်းသိမ်းကျပ်ကိုင်၍ ရလိမ့်မည်မဟုတ်ချေ။ ပြီးလျှင် ရွေးတပ်သားများ ဖရိုဖရဲနှင့် အကွဲကွဲအပြားပြားဖြစ်နေသလောက် ဂျပန်စစ်သားများကလည်း တုတ်တဝင့်ဝင့် သေနတ်တကားကားနှင့် လိုက်လံရိုက်နှက်နေဦးမည်သာ ဖြစ်လေသည်။

"ဘွန်ထိုက်ချို့တွေ၊ ဟန်ချို့တွေ၊ လာကြ၊ လာကြ၊ အားလုံး ဒီကို လာကြဟို့"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဂျပန်စစ်ဗိုလ်နှင့်အတူ မီးရထားလမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်တွင် ရပ်လျက် အော်ဟစ်လိုက်ပါသည်။

ဘွန်ထိုက်ချို ကိုမောင်စိန်၊ ဟန်ချို ကိုချစ်တီး စသူများသည် ကျွန်တော့်အသံကြောင့် ဂျပန်စစ်ဗိုလ်နှင့် ကျွန်တော်ရှိရာသို့ အပြေးအလွှားရောက်လာကြလေသည်။ သူတို့ကလည်း လက်များကို ဝှေ့ရမ်းလျက် ကျွန်တော်ကဲ့သို့ပင် အော်ဟစ်ကြလေသည်။

ထိုအချိန်ထိအောင်ပင် ချွေးတပ်သားအချို့နှင့် ဂျပန်စစ်သားများမှာ ထွေးထွေးရွှပ်ရွှပ် ဖြစ်နေဆဲပင်ရှိလေသည်။ ဂျပန်တွေက နောက်မှနေလျက် ဝါးရင်းတုတ်များနှင့် လိုက်လံရိုက်နှက်သည့်အခါ ချွေးတပ်သားအချို့မှာ ဟိုပြေး သည်ပြေး ဖြစ်နေတော့သည်။ သို့ရာတွင် ချွေးတပ်သားများမှာလည်း မီးရထားဝင်းအပြင်သို့ ထွက်ပြေးနိုင်ကြခြင်းတော့ မဟုတ်ပါ။ သေနတ်ကိုင် ဂျပန်စစ်သားများသည် မီးရထားဝင်းပတ်ပတ်လည်ကို ခပ်စိပ်စိပ် ဝိုင်းထားကြလေသည်။

သို့ရှိနေခိုက် ကျွန်တော်နှင့်အတူ ယှဉ်ရပ်နေသော ဂျပန်စစ်ဗိုလ်သည် သူ့ဂျပန်စစ်သားများအား တစ်စုံတစ်ရာကို အော်ဟစ်ပြောလိုက်လေသည်။ သူ့နည်းတူပင် ဂျပန်စစ်သား သုံးလေးယောက်ကလည်း ဆင့်ကဲဆင့်ကဲ အော်ဟစ်လိုက်ကြလေသည်။

ထိုအခါမှ ချွေးတပ်သားများအား လိုက်လံရိုက်နှက်နေသော ဂျပန်စစ်သားများမှာလည်း အရိုက်အနှက် ရပ်တန့်သွားလေသည်။

မကြာမီ ဘွန်ထိုက်ချိုနှင့် ဟန်ချို နှစ်ဆယ်လောက်မှာလည်း သစ်ပင်ကြီးအောက်သို့ စုရုံးရောက်ရှိလာကြလေသည်။ ဂျပန်စစ်သားအချို့လည်း သူတို့စစ်ဗိုလ်အနီးတွင် ခြေခုံရပ်လျက် ရှိနေကြလေသည်။ သူတို့အထဲတွင် သေနတ်မကိုင်ဘဲ ဝါးစိမ်းတုတ်တစ်ချောင်းကို ကိုင်ထားသော အသက်ဆယ့်သုံးလေးနှစ်အရွယ် ဂျပန်ကလေးတစ်ယောက် ပါရှိလာသည်ကိုလည်း ကျွန်တော် သတိပြုလိုက်မိပါသည်။

ရုတ်တရက်သော် ကျွန်တော်သည် အတော်အံ့သြခြင်း ဖြစ်မိပါသည်။ အင်မတန်ငယ်ရွယ်သော ထိုဂျပန်ကလေးသည် ဂျပန်စစ်ဗိုလ်၏ သားကလေးများပေလော။ သို့မဟုတ် စစ်ထဲသို့ပါလာသော စစ်သားကလေးတစ်ယောက်ပေလော ဟူ၍ တွေးလိုက်မိခြင်းကြောင့် ဖြစ်လေသည်။

ထိုအခိုက် ဂျပန်စစ်ဗိုလ်သည် ထိုသူငယ်အား ဂျပန်ဘာသာစကားဖြင့် တစ်စုံတစ်ရာကို ပြောလိုက်လေသည်။

"ဒီမယ် မာစတာက ပြောတယ်၊ မင်းတို့လူတွေကို လေးယောက်တစ်တွဲ တန်းစီပြီး အထိုင်ခိုင်းပါတဲ့၊ လူစစ်ပြီးရင် စခန်းရှိရာကို သွားကြရမယ်တဲ့"

ကျွန်တော်သည် ထိုစကားကြားလိုက်ရမှ သူငယ်ကလေးမှာ ဂျပန်စစ်သားလို ဝတ်ဆင်ထားသော စကားပြန်ကလေးတစ်ယောက်ဖြစ်ကြောင်း သိရလေသည်။ ထိုသူငယ်က သူ့အဖေလောက်နီးနီးရှိသော ကျွန်တော်တို့ကို မင်း၊ ငါဟူသော အသုံးအနှုန်းနှင့် အကြောက်အလန့်မရှိ ပြောလေသည်။ သူ့စကားသံမှာ ခပ်ဝဲဝဲ ဖြစ်နေသည်ကိုထောက်၍လည်း မွန်ကလေးတစ်ယောက်ဖြစ်ကြောင်း အကဲခတ်လိုက်မိသည်။ ထိုသူငယ်သည် ဂျပန်စစ်သားများနှင့် အတော်ပင် အနေကြာလာဟန် တူလေသည်။ သူ့ကို ကြည့်ရသည်မှာ ဆောင့်ကြွားကြွား ညစ်ကျယ်ကျယ် ဖြစ်လေသည်။

"ကဲ–ဘွန်ထိုက်ချိုနဲ့ ဟန်ချိုတွေ၊ ခင်ဗျားတို့လူတွေကို လေးယောက်တစ်တွဲ တန်းစီပြီး အထိုင်ခိုင်းကြဗျာ၊ ခပ်မြန်မြန်လုပ်ကြဗျ၊ အတော်ကြာရင် မိုးရွာလာလိမ့်မယ်"

ကျွန်တော်က ပြောလိုက်သည်။

မကြာမီ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများသည် သစ်ပင်အောက်မှ ထွက်သွားကြသည်။ သူတို့သည် ချွေးတပ်သားများအား လိုက်လံထိန်းသိမ်းခြင်းပြုကာ လေးယောက်တစ်တွဲကျ တန်းစီအထိုင်ခိုင်းလေသည်။

ချွေးတပ်စခန်းအသီးသီးတွင် ဂျပန်စစ်ဗိုလ်များ လက်ကသုံးတောင်ဝှေးပြုသည့် ထိုစကားပြန်လူငယ်ကလေးများမှာလည်း နှစ်ယောက်၊ သုံးယောက်ရှိလေသည်။ သူတို့သည် မွန်ကလေးများနှင့် ကုလားဒိန်လေးများ ဖြစ်ကြသည်။ အသက်အရွယ်မှာလည်း ငယ်ရွယ်သူများ ဖြစ်ကြသည်။ သူတို့ကလည်း ချွေးတပ်စခန်းများတွင် တမှောင့် တစ်ဒုက္ခဖြစ်လေသည်။

စကားပြန်လူရိုင်းကလေးများသည် သူတို့အဖေလောက်၊ သူတို့အဘိုးလောက် အရွယ်ဝုန်ရှိသော ချွေးတပ်သားကြီးများအား ခြေထောက်နှင့် ကန်ကျောက်ခြင်း၊ မအေနမ စသည်ဖြင့် ဆဲရေးတိုင်းထွာခြင်း စသည်များ ပြုတတ်ကြလေသည်။ အမှန်အားဖြင့် သူတို့သည် ဂျပန်များထံမှတစ်ဆင့် အတုမြင်အတတ်သင်သဘောမျိုး ရနိုင်ဟန်ရှိလေသည်။

ချွေးတပ်သားခမျာများမှာမူ ဂျပန်ကိုလည်း ကြောက်ရသည်။ စခန်းမှူးများကိုလည်း ကြောက်ရသည်။ ဘွန်ထိုက်ချို၊ ဟန်ချို စသူများကိုလည်း ကြောက်ကြရသည်။ သူတို့လို စကားပြန်ကလေးများလည်း ကြောက်ကြရလေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ချွေးတပ်သား‌တို့၏ ဘဝမှာ အပင်ပန်း‌ခံ အညှဉ်း‌ဆေး၊ အထုအရိုက်ခံ သက်သက်မျှသာ ဖြစ်လေသည်။

ချွေးတပ်သား‌များ တန်း‌စီ လူစုနေခိုက် ကျန်တော်သည် သံဖြူဇရပ်ဘူတာ၏ ပတ်ဝန်းကျင် လေးဘက်လေး‌တန်‌ကို ကြည့်ရှုအကဲခတ်ခြင်း ပြုလိုက်မိလေသည်။

ပတ်ဝန်းကျင်အရပ်များသည် တောရိပ်တောင်ရိပ်များ ဝန်း‌ရံထား‌လေသည်။ ထက်ကောင်းကင်မှ မိုး‌သား‌တိမ်လိပ်များမှ ဆင်းနေသောကြောင့်လည်း ထောထောင်အား‌လုံးမှာ ညို့မှိုင်းရိတေလျက် ရှိလေသည်။ လေတဖြူးဖြူးတိုက်ခတ်နေခြင်းနှင့် အတူ ဟိုမှသည်မှ ပြန့်လွင့်လာသော တောကျေး တောငှက်ကလေး‌များ၏ အသံ‌ကိုလည်း ရံဖန်ရံခါ ကြား‌နေရလေသည်။

နေရာဒေသကား လွမ်းဆွတ်ဖွယ်၊ ကြေကွဲဖွယ် ကောင်းလှလေသည်။ လောလောဆယ်အား‌ဖြင့် ခရီး‌ရောက်မဆိုက် ဖြစ်နေသောကြောင့်တစ်ကြောင်း၊ ဖက်ဆစ်ဂျပန်များ၏ အထုအထောင်း အရိုက်အပုတ်ကို ကြောက်ရွံ့ထိတ်လန့်စွာ ခံစား‌နေရသောကြောင့်တစ်ကြောင်း ချွေးတပ်သား‌များ၊ ခမျာမျာ‌အနေနှင့် လွမ်း‌ရ ဆွေး‌ရ ကြေကွဲရမည့်အတွေး‌များ‌ကို တွေး‌တောမိခြင်း ပြုမိကြလိမ့်ဦးမည် မဟုတ်ပါချေ။

သို့ရာတွင် အချိန်ကာလ အတန်ကလေး ကြာရှိလာမည်ဆိုလျှင်‌ကား ထို အမြင် ထိုအတွေ့များသည် သူတို့၏ နှလုံး‌သား‌များ‌ကို လွမ်းဆွတ်ကြေကွဲစေလိမ့်မည်။ ပူဆွေးလောင်ကျွမ်းစေလိမ့်မည် မုချဟု ကျန်တော် တွေး‌လိုက်မိလေသည်။

မကြာမီ ချွေးတပ်သား‌များ‌အား‌လုံး‌ပင် စနစ်တကျ တန်း‌စီထား‌ပြီး ဖြစ်သွား‌သည်။

ဂျပန်စစ်ဗိုလ်သည် ကျန်တော့်‌ကို သူနှင့်အတူ ခေါ်ဆင်ပြီး‌နောက် နောက်ပါ ဂျပန်စစ်သား‌များ‌နှင့်အတူ ချွေးတပ်သား‌များ‌ကို စစ်ဆေး‌ခြင်း ပြုလေသည်။

ကျန်တော်တို့ မအူပင်ခရိုင်မှ ချွေးတပ်သား‌များ‌မှာ အတိအကျပင် ဖြစ်လေသည်။ သို့ရာတွင် အခြား‌ခရိုင်မှ ချွေးတပ်သား‌အချို့မှာ စာရင်းပါအတိုင်း‌မဟုတ်ဘဲ ခြောက်ယောက်တိတိ လျော့နေလေသည်။ ထို‌အထဲတွင် ဟန်ချီတစ်ယောက်လည်း အပါအဝင်ဖြစ်နေသည်။

ဂျပန်စစ်ဗိုလ်သည် ထိုကိစ္စကို မကျေမနပ်ဖြစ်လေတော့သည်။ လူပေါင်း ငါး‌ရာကျော်လောက်‌ကို ထပ်တလဲလဲ ရေတွက်လိုက်၊ သူ့လက်ထဲရှိ စာရင်း‌ကို ထပ်ခါထပ်ခါကြည့်လိုက်နှင့် ရှုံး‌ရှား‌ရှား‌ရှား ဖြစ်လာတော့သည်။

ချွေးတပ်သား‌ငါး‌ယောက်နှင့် ဟန်ချီတစ်ယောက် ပျောက်နေသည်မှာ အမှန်‌ပင် ဖြစ်လေသည်။ မည်သို့ရေတွက်ရေတွက်၊ မည်မျှလောက် စစ်ဆေး‌စစ်ဆေး လူခြောက်ယောက်လျော့နည်း‌နေခြင်း‌မှာ သေချာနေလေသည်။

ဂျပန်စစ်ဗိုလ်သည် ချွေးတပ်သား‌များ‌အား မော်လမြိုင်မှ တာဝန်ယူကာ လိုက်လံပို့ဆောင်သော ဂျပန်စစ်သား‌များ‌အား ရထား‌လမ်း‌ဘေး‌တွင် တန်း‌စီ မတ်တပ်ရပ်စေလျက် ဒေါသတကြီး‌နှင့် မေးမြန်း‌စစ်ဆေး‌ပါတော့သည်။ ပါ‌းစပ်မှ လည်း ထပ်တလဲလဲ ဆဲဆိုကြိမ်း‌မောင်း‌လေသည်။ နောက်ဆုံး၌မှ ဂျပန်စစ်သား‌ဆယ်လေး‌ငါး‌ယောက်ထဲမှ တပ်ကြပ်ကြီး‌ဖြစ်သော ဂျပန်[illegible]၏ ပါ‌းနှစ်ဘက်‌ကို ဘယ်ရော ညာပါ ရိုက်နှက်ခြင်း ပြုလေသည်။

ကျန်တော်သည် ထိုအဖြစ်‌ကို ခပ်လှမ်း‌လှမ်း‌မှ နေလျက် ကြည့်နေမိသည်။

တပ်ကြပ်ဂျပန်မှာ အသား‌များ တဆတ်ဆတ်တုန်နေရာပါသည်။ နှုး‌ဆစ် နှစ်ဘက်မှာလည်း တစ်ဘက်နှင့်တစ်ဘက် တဆတ်ဆတ်ရိုက်လျက် ကြမ်း လဲကျသွား‌တော့မည့်အလား ရှိလေသည်။ သို့ရာတွင် ဂျပန်စစ်ဗိုလ်က အသက်ရှူ အော်ဟစ်အမိန့်‌ပေး‌လိုက်သည့်အခါ ဂျပန်တပ်ကြပ်သည် သူ့ကိုယ်‌ကို ခပ်တောင့် တောင့်ထား‌လျက် ရင်ကိုကော့ကာ ခြေစုံရပ်‌ပေး‌ရသည်။ ဂျပန်စစ်ဗိုလ်‌ကလည်း တပ်ကြပ်၏ ပါ‌းနှစ်ဘက်‌ကို တအား‌တအား‌လွဲလျက် ရိုက်လေသည်။

ချွေးတပ်သား‌အား‌လုံး‌မှာလည်း တုတ်တုတ်မျှ မလှုပ်ဝံ့ချေ။ အား‌လုံး‌မှာ မျက်စိမျက်နှာပျက် ငြိမ်သက်နေကြလေသည်။

ဤလိုနှင့် ဂျပန်စစ်ဗိုလ်သည် တပ်ကြပ်ကြီး‌ဂျပန်အား ရိုက်နှက်နေခြင်း‌‌ကို ရပ်တန့်လိုက်ပြီး‌နောက် စကား‌ပြန်သူငယ်မှတစ်ဆင့် လူလျော့နေသော ချွေးတပ် အုပ်စုများ‌မှ ဘွန်ထိုက်ချို‌နှင့် ဟန်ချီများ‌ကို အပြင်သို့ ခေါ်ထုတ်လိုက်သည်။

ထိုသူများ‌အား‌လုံး‌ကို စီတန်း‌မတ်တပ်ရပ်နေစေသည်။ ထိုလူစုမှာ ဘွန်ထိုက်ချို ရော၊ ဟန်ချီပါ ဆယ်ယောက်ခန့် ရှိလိမ့်မည်ဟု ထင်ပါသည်။

"မရှိဘူး‌တကား၊ မရှိဘူး‌တကား"

ဂျပန်စစ်ဗိုလ်သည် ဘွန်ထိုက်ချို‌များ၊ ဟန်ချို‌များ‌ကို တစ်ယောက်ပြီး တစ်ယောက် စစ်ဆေး‌မေး‌မြန်း‌လေသည်။

"မင်း‌တို့ထဲက ချွေးတပ်သားခြောက်ယောက် လိုနေတယ်၊ ဘယ်မှာလဲ"

စကား‌ပြန်သူငယ်က မေး‌လေသည်။

သို့ရာတွင် ဘွန်ထိုက်ချို‌နှင့် ဟန်ချို‌များသည် ဂျပန်စစ်ဗိုလ်၏ အမေး‌ကို လည်း‌ကောင်း၊ စကား‌ပြန်သူငယ်၏ အမေး‌ကိုလည်း‌ကောင်း တစ်စုံတစ်ရာ ပြန်‌ကြား‌ခြင်း‌မရှိချေ။ အား‌လုံး‌နှုတ်ဆက်ငြိမ်သက်၍ နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ မသိဘူးလားကွ၊ မင်းတို့လူတွေ ထွက်ပြေးရင် မင်းတို့မှာ တာဝန်ရှိတယ်"

စကားပြန်သူငယ်ကပင် ပြောလေသည်။ ထိုသူငယ်သည် ဘွန်ထိုက်ချို၊ ဟန်ချို့များရှေ့တွင် ခါးထောက်လျက် မော်က်မောက်မာမာ ဂိုက်မျိုးဆိုက်မျိုး ဖြစ်နေသည်။

"ဟေ့ကောင်-မင်း မသိဘူးလား"

စကားပြန်သူငယ်သည် တန်းစီရပ်နေသော လူများထဲမှ ရှေ့ဆုံးထိပ်ဆုံးမှ ရပ်နေသော ဘွန်ထိုက်ချို့တစ်ယောက်ကို မေးလိုက်လေသည်။ အမေးခံရသူမှာ အသက်လေးဆယ်ကျော်အရွယ် ဦးကြီးတစ်ယောက် ဖြစ်လေသည်။

"ကျုပ် မသိပါဘူးကွယ်"

ဘွန်ထိုက်ချို့ ဦးကြီးက ဖြေလေသည်။

ထိုဦးကြီး၏ စကားအဆုံးဌ်ပင် ဂျပန်စစ်ဗိုလ်သည် သူ့အနီးရှိ ဂျပန်စစ်သားများဘက်သို့ လှည့်၍ တစ်စုံတစ်ရာကို ပြောလိုက်လေသည်။

ဂျပန်စစ်သားသုံးလေးယောက်သည် ရိုင်ဖယ်သေနတ်များကို ပခုံးထက်သို့ ရွှေ့ပြောင်းချိတ်လိုက်သည်။ ပြီးလျှင် ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာကြပြီး နောက် မသိဘူးဆိုသော ဘွန်ထိုက်ချို့ဦးကြီးအား လူအုပ်တွင်းမှ အပြင်သို့ ဆွဲထုတ်လိုက်လေသည်။

"မင်း မသိဘူးလား"

စကားပြန်သူငယ်က မေးမြန်းခြင်း ပြုပြန်ပါသည်။

ဦးကြီးခမျာ မျက်လုံးကလယ်ကလယ်နှင့် မည်သို့ဖြေရမှန်းမသိဘဲ ဖြစ်နေလေသည်။

"ဟေ့-မေးတာ ဖြေစမ်း"

"ဦးကြီး မသိပါဘူးကွယ်"

ဖြန်းခနဲ မြည်သွားသောအသံနှင့်အတူ ဂျပန်စစ်သား၏ ကြမ်းတမ်းမာကျောသော လက်ဝါးသည် အဘိုးကြီး၏ ပါးပြင်ထက်သို့ ကျရောက်သွားသည်။ ဘွန်ထိုက်ချို့ဦးကြီး၏ မျက်နှာသည် တစ်ဘက်သို့ လည်ထွက်သွားသည်။ ထိုအခိုက်အတန့်ဌ်ပင် ကျန်သော ဂျပန်စစ်သား၏ လက်တစ်ဘက်ကလည်း ဘွန်ထိုက်ချို့ဦးကြီး၏ ကျန်ပါးတစ်ဘက်ပေါ်သို့ ဖြန်းခနဲ ကျရောက်သွားပြန်သည်။ ဂျပန်စစ်သားနှစ်ယောက်သည် ဘွန်ထိုက်ချို့ဦးကြီးအား နှစ်ဘက်ညပ်လျက် ရိုက်နှက်လိုက်ခြင်းပင် ဖြစ်လေသည်။

ထိုဦးကြီး ပြီးသည့်အခါ ဒုတိယမြောက်ဖြစ်သော လူတစ်ယောက်ကို မေးမြန်း စစ်ဆေးကြပြန်လေသည်။ ထိုသူမှာ အသက်အစိတ်အရွယ် ဟန်ချို့တစ်ယောက် ဖြစ်လေသည်။

"မင်းကော မသိဘူးလား"

"သိတယ်"

ထိုလူရွယ်က ခပ်မာမာ ခပ်ဆတ်ဆတ် ဖြေလေသည်။

"သိတကား၊ သိတကား"

ဂျပန်စစ်ဗိုလ်သည် ထိုလူရွယ်၏ အနီးသို့ ခပ်သွက်သွက် လျှောက်လာသည်။ ပြီးသော် စကားပြန်သူငယ်အား တစ်စုံတစ်ရာကို ပြောလိုက်လေသည်။

"မင်းသိရင် အဲဒီလူခြောက်ယောက် ဘယ်မှာလဲ၊ ပြောစမ်း"

စကားပြန်သူငယ်က ဆိုလေသည်။

"သူတို့ထွက်ပြေးကြပြီ၊ လမ်းမှာ မီးရထားပေါ်က ခုန်ချပြေးကြတယ်"

ဟန်ချို့သူငယ်က ဖြေလေသည်။

ဂျပန်စကားပြန်ကလည်း စစ်ဗိုလ်ဖြစ်သူအား ပြန်လည်ကာ ပြောပြပြန်လေသည်။ ဤတွင် စကားပြန်လူငယ်မှတစ်ဆင့် နောက်ထပ်ဆင့်လျက် မေးခွန်းထုတ်ပြန်လေသည်။

"မင်း သူတို့ထွက်ပြေးတုန်းက သိရက်သားနဲ့ ဂျပန်မာစတာတွေကို ဘာကြောင့်မပြောတာလဲ"

ဟန်ချို့လူရွယ်မှာ မည်သို့မျှ မဖြေတတ်ဘဲ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဟေ့-ပြောလေကွာ"

ဟန်ချို့လူရွယ်မှာ နူတ်ဆိတ်နေလေသည်။

ထိုအခိုက်ဌ်ပင် အရိပ်အကဲနားလည်သော ဂျပန်စစ်သားနှစ်ယောက်သည် ဟန်ချို့လူရွယ်အား လူအုပ်အတွင်းမှ တအားဆောင့်လျက် ဆွဲထုတ်လိုက်သည်။ ဂျပန်စစ်သားတစ်ယောက်သည် လူရွယ်ရှိရာသို့ ခုန်လွှားလာပြီးနောက် ရင်ဝဆီသို့ စစ်ဖိနပ်နှင့် လှမ်းကန်လိုက်သည်။ လူငယ်သည် ဘေးသို့ပုံလျက်သား လဲကျသွားလေသည်။ သို့ရာတွင် ဂျပန်စစ်သားနှစ်ဦးက ဆွဲထူလိုက်သည့်အခါ ချက်ချင်းပြန်ထလာသည်။

"မင်း ဘာဖြစ်လို့ မပြောတာလဲ"

စကားပြန်က မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် မသိဘူး၊ ဘာမှမသိဘူး"

လူရွယ်က အသံကုန်အော်ဟစ်လိုက်သည်။

ထိုအခိုက်၌ပင် ဂျပန်စစ်သား၏ လက်များမှာလည်း ဟန်ချို့လူရွယ်၏ ပါးနှစ်ဘက်ပေါ်သို့ တဖြန်းဖြန်း ကျရောက်သွားပြန်လေသည်။

ထိုအခိုက် အုံမှိုင်းရီဝေနေသော မိုးသည် တဖွဲဖွဲရွာသွန်းစပြုလာလေသည်။

ကျွန်တော်တို့ မအုပင်ခရိုင်မှ ချွေးတပ်သားများမှာမူ လူအရေအတွက် လျော့နည်းခြင်းမရှိသဖြင့် ထိုကဲ့သို့ စစ်ဆေးမေးမြန်းခြင်း ရိုက်နှက်ကန်ကြောက်ခြင်းကို မခံကြရသော်လည်း မိုးတဖွဲဖွဲအောက်၌ပင် ငုတ်တုတ်မည်းထဲ ထိုင်နေကြရဆဲဖြစ်လေသည်။

စကားပြန်သူငယ်နှင့် စစ်သားများသည် တတိယမြောက်ဖြစ်သူအား စစ်ဆေးမေးမြန်းခြင်းပြုပြန်လေသည်။ ထိုသူမှာလည်း ဘွန်ထိုက်ချို့တစ်ယောက်ပင် ဖြစ်လေသည်။ အသက်အစိတ်အရွယ်ခန့် ဖြစ်သည်။ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသောအသွင် ရှိလေသည်။

"မင်းကော မသိဘူးလား"

စကားပြန်သူငယ်က ရှေးနည်းအတိုင်း မေးလေသည်။

"ဘာကွ"

ထိုသူငယ်က စကားပြန်သူငယ်ကိုပင် ခပ်ပြတ်ပြတ်ပြန်မေးလိုက်သည်။ သူ့ကိုယ်ကိုလည်း ခပ်တောင့်တောင့် ရပ်ထားသည်။ စကားပြန်သူငယ်ကိုလည်း အလွန်အမင်း မကျေမနပ်ဖြစ်နေဟန် တူလေသည်။ သူ့အမူအရာသည် ဖြစ်ချင်ရာဖြစ်စေတော့ဟူသော နှလုံးပိုက်ထားဟန်မျိုး ဖြစ်လေသည်။

သူ့အဖြေ၊ သူ့အပြောကြောင့် စကားပြန်သူငယ်မှာလည်း မျက်စိမျက်နှာပျက်သွားသည်။ အနီးတွင်ရှိနေသော ဘွန်ထိုက်ချို၊ ဟန်ချို့များနှင့် ကျွန်တော်ကိုယ်တိုင်မှာလည်း အတော်ပင် အံ့သြလိုက်မိသည်။

သို့ရာတွင် ဂျပန်စစ်ဗိုလ်နှင့် စစ်သားများမှာမူ မြန်မာစကားကို မတတ်ကြသောကြောင့် ကျွန်တော်တို့၏အဖြစ်ကို နားလည်ရိပ်မိဟန် မရှိပါပေ။

"မင်း မသိဘူးလား"

စကားပြန်ကလေး၏ အသံကလည်း ထန်လာလေသည်။

"ဟေ့ကောင်လေး–ငါဟာ မင်းအဖေလောက် ရှိတယ်ကွ၊ ဟိုအဘိုးကြီးဟာ မင်းဘိုးအလောက်ရှိတယ်၊ မင်းမေးစရာရှိရင် ကောင်းကောင်းမွန်မွန်မေးပါလား၊ ဟင်–ဆွေးသားလေး"

ထိုသူသည် မခံမရပ်နိုင်လွန်းသဖြင့် အသားများ ဆတ်ဆတ်ဟုန်လျက် အော်ဟစ်လိုက်သည်။

"အို–သည်းညည်းခံပါ လူလေးရာ၊ သားတို့၊ အဖေတို့က သူတို့လက်ခုပ်ထဲက ရေပဲ"

ခပ်စောစောက အရိုက်အနှက်ခံရသော ဘွန်ထိုက်ချို့ဦးကြီးက လှမ်းပြောလေသည်။

ထိုအခါကျမှပင် ကျွန်တော်သည် ဦးကြီးနှင့် အမေးအမြန်းခံရသော ဘွန်ထိုက်ချို့မှာ သားအဖဖြစ်ကြောင်း သိလိုက်ရလေသည်။

သို့ရာတွင် ယခုအချိန်၌ကား ဂျပန်စစ်ဗိုလ်မှာ သူ့စကားပြန်ကလေးနှင့် ချွေးတပ်သားဘွန်ထိုက်ချို့တို့၏ အဖြစ်ကို ရိပ်မိသိရှိသွားဟန် တူလေသည်။ ဂျပန်စစ်ဗိုလ်သည် ရှေ့သို့ ခြေလှမ်းလေးငါးလှမ်းတိုးလာပြီးနောက် "မကောင်းဘူးတကား၊ မတောင်းဘူးတကား၊ ခွေးရား၊ ခွေးရား၊ ဘာကရိုး" ဟု နှုတ်မှ တဖွဖွအော်လျက် ဘွန်ထိုက်ချို့၏ မျက်နှာတည့်တည့်ပေါ်သို့ လက်ဝါးစောင်းရိုက်ချလိုက်လေသည်။ ဘွန်ထိုက်ချို့မှာလည်း တစ်ဘက်သို့ ငိုက်ခနဲ ယိုင်လဲသွားတော့မလို ဖြစ်သွားလေသည်။ သို့ရာတွင် သူသည် သတိကြီးစွာထားလျက် မြေပြင်တွင် ခြေနှစ်ဘက်ကို ခိုင်ခန့်စွာရပ်တန့်ထားလေသည်။ ဘွန်ထိုက်ချို့၏ နှာခေါင်းပေါက်ထဲမှ သွေးများသည် ပါးစပ်ထဲရောက်သည်အထိ ကျဆင်းလာလေသည်။

ဂျပန်စစ်ဗိုလ်သည် သူ့စကားပြန်အား တစ်စုံတစ်ရာမေးလေသည်။ စကားပြန်သူငယ်ကလည်း ဖြစ်သမျှအကြောင်းထက် ပို၍ ပုံကြီးချဲ့ပြောဟန်တူလေသည်။ ထို့ကြောင့်ပင် ဂျပန်စစ်ဗိုလ်၏ လက်ဝါးစောင်းများသည် ဘွန်ထိုက်ချို့၏ မျက်ခွက်ပေါ်သို့ ဆက်ကာဆက်ကာ ကျရောက်လေသည်။ ဂျပန်စစ်ဗိုလ်သည် 'ကာရတေး' သမား ဖြစ်ဟန်တူသည်။ အရိုက်အနှက်ခံရသော ဘွန်ထိုက်ချို့လူရွယ်၏ မျက်နှာတစ်ခုလုံး သွေးချင်းချင်း ရဲသွားလေသည်။

သို့ရှိနေခိုက်၌ပင် ကျွန်တော်တို့အားလုံး မည်သို့မှ မထင်မှတ်သော၊ မျှော်လင့်ခြင်းလုံးလုံးမရှိသော အဖြစ်တစ်ရပ်ကို ကြုံတွေ့လိုက်ရလေသည်။

ဖြုတ်ခနဲ တိတောင်းသော အချိန်ကလေးအတွင်း၌ပင် ဘွန်ထိုက်ချို့ဖြစ်သူသည် ဂျပန်စစ်ဗိုလ်၏ မျက်နှာပေါ်သို့ လက်သီးတစ်လုံးကို တအားပင့်လွှဲကာ ထိုးနှက်လိုက်လေသည်။

လူရွယ်၏ လက်သီးဒဏ်ကြောင့် အလစ်တွင် ခံလိုက်ရသော ဂျပန်စစ်ဗိုလ်မှာလည်း နောက်သို့ ပက်လက်လန်ကာ လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘွန်ထိုက်ချိုလူရွယ်သည် ဆတ်ဆိုင်းလေးကွေးခြင်းမရှိပါဘဲ မီးရထားလမ်းဘေးမှ ဖြတ်လျှက် သံဖြူဧရပ်မြို့ဆီသို့ တရကြမ်းစွတ်၍ ပြေးလေသည်။

သို့ရာတွင် ကံကြမ္မာဆိုးလှစွာသော ထိုယူမှာ ဂျပန်များလက်တွင်းမှ လွတ်ကင်းအောင် မပြေးနိုင်ရှာပါချေ။ သေနတ်သံသုံးလေးချက်ကို ဆက်ကာဆက်ကာ ကြားလိုက်ရပြီးနောက် ထိုသူမှာလည်း ဇွေကျသွားရှာလေတော့သည်။

❑

၄။ တစ်ညတာ၏ အမှောင်ရိပ်ဝယ်

မိုးနှင့်လေပြင်းသည် တဖြုန်းဖြုန်းတအုန်းအုန်း ရွာချလိုက်လေသည်။ လေပြင်း၏ အရှိန်ကြောင့် သစ်ပင်ကြီးငယ်တို့သည်လည်း ခါးကျိုးကျမတတ် ယိမ်းထိုးလှုပ်ရှားသွားလေသည်။

ဂျပန်စစ်ဗိုလ်သည် လဲရာမှ ထလေသည်။ သူ့တစ်ကိုယ်လုံး ရွံ့တွေ၊ ရေတွေ ပေကျံကုန်လေသည်။ သူမျက်နှာမှာလည်း ချက်ချင်းပင် ဖူးရောင်လာလေသည်။

မိုးက အဆက်မပြတ် အပြင်းအထန်ရွာချနေပြီ ဖြစ်သောကြောင့်လည်း ဂျပန်စစ်ဗိုလ်သည် ကျွန်တော်တို့ မအူပင်ခရိုင် ချွေးတပ်သားများအား ဂျပန်စစ်သားအစောင့်ဖြင့် သံဖြူဧရပ်ချွေးတပ်စခန်းရှိရာသို့ သွားခွင့်ပြုလိုက်လေသည်။ ပြဿနာပေါ်နေသော ချွေးတပ်သားများကိုမူ စခန်းရှိရာသို့ မလွတ်သေးဘဲ မိုးရွာကြီးထဲ၌ပင် ငုတ်တုတ်ထိုင်နိုင်းထားလေသည်။

သူတို့ ဘာတွေဆက်လက်၍ ဖြစ်ကြလေမည်နည်း။ သေနတ်ထိမှန်သွားသော ဘွန်ထိုက်ချိုသည် သေလေပြီလား။ သူ့ဖခင်သည် အဘယ်သို့ရှိလေမည်နည်း။ ဂျပန်များနှင့်ပင် ဆက်လက်၍ ပြဿနာပေါ်နေဦးမည်လော။ ကျွန်တော်သည် ဇာတ်လမ်းကို ခပ်မှန်မှန်လှမ်းရင်း ထိုအကြောင်းများကို တွေးလိုက်မိလေသည်။

ထိုအတွေးများ ကျွန်တော့်ဦးခေါင်းထဲသို့ ဝင်ရောက်လာသောကြောင့်လည်း ကျွန်တော်သည် ခပ်စောစောက သေနတ်မှန်ကာ လဲကျသွားသော ဘွန်ထိုက်ချိုလူရွယ်ရှိရာသို့ လှမ်းမျှော်လျက် ကြည့်လိုက်မိလေသည်။ ထိုသူသည် မိုးရေမိုးပေါက်များအောက်တွင် စန့်စန့်စင်းစင်းကြီး လဲကျနေသည်။ ထိုသူ လုံးဝမလှုပ်ရှားလေတော့။ ကျွန်တော့်စိတ်အထင် ပြောရလျှင် အသက်မရှိလေတော့ဟူ၍ ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ထွက်ခွာလာသည့်တိုင် ကျန်ရစ်သော မိုးရထားလမ်းဘေး ချွေးတပ်သားများရှိရာမှ ဂျပန်စစ်သားများ၏ ဆဲဆိုရေရွတ်သံ၊ တဝုန်းဝုန်း ထုထောင်းရိုက်နှက်သံ၊ ချွေးတပ်သား တစ်ယောက်စ၊ နှစ်ယောက်စ၏ 'အမယ်လေးဗျ' ဟူသော အော်သံများကိုလည်း ခပ်သဲ့သဲ့ မကွဲမပြားကြားနေရဆဲ ဖြစ်လေသည်။

သဲဖြူဇရပ် ချွေးတပ်စခန်းကိုလည်း ကျွန်တော်သည် အဝေးမှပင် လှမ်းမြင်နေရလေသည်။ ချွေးတပ်စခန်းကြီးကို ဘေးပတ်ပတ်လည်မှ ခြံဝင်းများပမာ ဝင်းခတ်ထားသည်။ အတွင်းတွင် တဲတန်းလျားကြီးများ အမြောက်အမြားကိုလည်း တွေ့မြင်ရသည်။ ဝင်းပေါက်ဝ၌မူ ဂျပန်စစ်သားများ၏ အစောင့်အိမ်ကလေးများနှင့် မြင့်မားသောအလံတိုင်တစ်ခုထိပ်၌ လွင့်ထူထားသည့် ကြီးမားသော ဂျပန်နေတံဆိပ်အလံကြီးကို လှမ်း၍ တွေ့ရလေသည်။

ဤလှိုနှင့် ကျွန်တော်တို့ ချွေးတပ်အဖွဲ့သားများသည် လေးယောက်တစ်တွဲစီ တန်းလျက် စခန်းကြီးအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ အဝင်ပေါက်ဝရှိ အစောင့်စစ်သား၏ အိမ်ငယ်ကလေးအတွင်း၌မူ ဂျပန်စစ်သားနှစ်ယောက်သည် သေနတ်ကိုယ်စီနှင့် တစ်ဘက်လျှင် တစ်ယောက်ကျ စောင့်ကြပ်လျက် ရှိနေသည်။

စခန်းအတွင်းရှိ တဲလိုင်းကြီးများထဲတွင်မူ ကျွန်တော်တို့ အလျင်ရောက်ရှိနေကြသည့် ချွေးတပ်အဖွဲ့များကိုလည်း တွေ့မြင်ရလေသည်။ လူတွေက များပြားလှသည်။ စကားသံများမှာလည်း ညံညံစီစီ ဖြစ်နေလေတော့သည်။ မိမိတို့လူကို အော်ဟစ်သံများ၊ ကြိမ်းမောင်းခြင်းပြုသံများကိုလည်း ကြားလိုက်ရသည်။ ချွေးတပ်စခန်းကြီးတစ်ခုလုံးမှာ ဆူဆူညံညံ လှုပ်လှုပ်ရွရွဖြစ်နေလေပါသည်။

ကျွန်တော်တို့သည် မိုးရေမိုးပေါက်များအောက်၌ပင် တန်းစီကာ လူစစ်ဆေးခြင်း ခံကြရသည်။ ဂျပန်များမှာ မိုးကာအင်္ကျီများရှိနေသဖြင့် တော်သေးသော်လည်း ချွေးတပ်သားများအနေနှင့်မူ ရွံရွံစိနေလေတော့သည်။

မကြာမီ လူစစ်ဆေးခြင်းကိစ္စမှာ ပြီးစီးသွားလေသည်။ စခန်းမှူးသည် ကျွန်တော်တို့လူစုအား တဲတန်းလျားကြီးတစ်လုံးတွင် နေရာချထားပေးလေသည်။ ပြီးလျှင် နောက်နာရီဝက်ခန့်အချိန်အတွင်း၌ ထမင်းဆွဲရန်အတွက် ထမင်းချက်ခေါင်းက ခေါ်လိမ့်မည်ဖြစ်ကြောင်း၊ ခေါ်ချိန်တွင် မရှိပါက ထမင်းစားရလိမ့်မည် မဟုတ်ကြောင်း ပြောကြားပြီးနောက် တဲလိုင်းကြီးအတွင်းမှ ထွက်ခွာသွားလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချိုများသည် ကျွန်တော်တို့နှင့် သက်ဆိုင်သော ချွေးတပ်သားများအား စနစ်တကျနေရာချထားပေးခြင်း၊ အပြင်အပသို့ အရမ်းကားရော ထွက်ခွာသွားခြင်းမပြုရန်နှင့် တစ်ဦးနှစ်တစ်ဦး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ကြင်နာစွာ နေထိုင်ကြရန် ပြောကြားရပါသည်။

အမှန်စင်စစ် ကျွန်တော်တို့ မအုပ်ခရိုင်မှ ချွေးတပ်သားအားလုံးပင်လျှင် စပ်စောစောက ဂျပန်စစ်ဗိုလ်နှင့် စစ်သားများ၏ အပြုအမူကြောင့် စိတ်ဓာတ်အကြီးအကျယ်ကျဆင်းလျက် အကြောက်ကြီးကြောက်ရွံ့လျက်ရှိကြောင်း ကျွန်တော် လေ့လာမိပါသည်။

သူတို့သည် ကျွန်တော့်ကိုလည်း ဆရာလေး၊ ဆရာလေးဟူ၍ အားကိုးတကြီးနှင့် ဆက်ဆံလျက် ရှိကြပါသည်။ ထိုအချိန်၌မူ ကျွန်တော်တို့အားလုံးကပင် ဆိုးရွားကြမ်းကြုတ်သော ဖက်ဆစ်များ၏လက်တွင်းသို့ ကျရောက်ခဲ့ပြီးဖြစ်ကြောင်း သဘောပေါက်မိကြပြီဖြစ်လေသည်။ သို့ရာတွင် ကျွန်တော်တို့၏အဖြစ်နှင့် ကျွန်တော်တို့၏ အခြေအနေမှာ မည်သို့မှ နောက်ဆုတ်ရန် မဖြစ်နိုင်တော့ကြောင်းနှင့်လည်း အားလုံးပင် နားလည်လိုက်ကြပါသည်။

မကြာမီ အချိန်ပိုင်းကလေးအတွင်း၌ပင် ကျွန်တော်တို့သည် စခန်းပေါက်ဝမှ လူသံများကို ဆူဆူညံညံကြားလိုက်ရပေသည်။ ဂျပန်များ၏ အော်ဟစ်ဆဲရေးသံ တဗုန်းဗုန်း တဒိုင်းဒိုင်း ရိုက်နှက်သံများကလည်း စိတ်မချမ်းမြေ့ဖွယ် ပေါ်ထွက်လာလေသည်။

ကျွန်တော်သည် တဲတန်းလျားအပေါက်ဝမှ နေ၍ စခန်းပေါက်ဝ အသံကြားရာသို့ လှမ်းမျှော်ကာ ကြည့်လိုက်မိသည်။

ဂျပန်စစ်သားများသည် ခပ်စောစောက ရထားလမ်းဘေးတွင် ကျန်ရစ်ခဲ့သော ချွေးတပ်သားများအား ကျဲများ၊ နွားများကို ရိုက်နှက်သည့်အလား ရိုက်နှက်ခေါ်ဆောင်လာသည်ကို တွေ့လိုက်ရလေသည်။

ချွေးတပ်သားအားလုံး မိုးရေတွေ စိုစိုရွဲနေသည်။ သူတို့သည် လေးယောက်တစ်တွဲပင် ဖြစ်ကြသော်လည်း ခြေလှမ်းများမှာမူ တညီတညွတ် မရှိကြဘဲ ပုံပျက်ပန်းပျက်ဖြစ်လျက် ရှိကြလေသည်။

ကျွန်တော်သည် ထိုလူအုပ်ကြီးအတွင်းမှ တစ်စုံတစ်ရာကို မျက်လုံးများဖြင့် ရှာဖွေကြည့်ရှုမိသည်။ သေနတ်ထိမှန်ခြင်း ခံရရှာသော သူ၏ဖခင် ဘွန်ထိုက်ချို ဦးကြီးအား ရှာဖွေကြည့်ရှုမိခြင်းဖြစ်လေသည်။

"ဟိုလူကြီးတော့ ပါလာတယ်ဗျ ဆရာလေး"

ကျွန်တော့်ဘေးတွင် ရပ်နေသော ဟန်ချို ကိုချစ်တီးက ပြောလေသည်။

"သူ့သားတော့ မတွေ့ဘူးဗျ"

ကျွန်တော်က ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ခုလောက်ရှိ သေရောပေါ့ဗျာ"

အနီးရှိ ဘွန်ထိုက်ချို့တစ်ယောက်က ပြောလေသည်။

မကြာမီ သူတို့သည် ချွေးတပ်စခန်းအတွင်းသို့ ဝင်ရောက်မိကြလေသည်။ သူတို့တစ်တွေမှာလည်း ကျွန်တော်တို့နည်းတူပင် မိုးရွေကြီးယဲ့၌ တန်းစီရပြီးနောက် လူစစ်ဆေးခြင်းကို ခံကြရလေသည်။ ထိုကိစ္စပြီးစီးသွားသည့်အခါမှပင် စခန်းမှူးဖြစ်သူများသည် ထိုချွေးတပ်အဖွဲ့သားများအား ကျွန်တော်တို့ တဲတန်းလျားကြီးနှင့် ဘေးချင်းယှဉ်ဖြစ်သော တဲတန်းလျားအတွင်းသို့ နေရာချထားပေးလိုက်လေသည်။

"ကျွန်တော်တို့ ညကျရင် အဲဒီတန်းလျားဘက်ကို ကူးသွားပြီး ဦးကြီးကို သူ့သားအကြောင်းမေးကြည့်ရအောင် ဆရာလေး"

ဘွန်ထိုက်ချို့ ကိုထွန်းမြတ်ဆိုသူသည် မည်သို့စိတ်ကူးရလေသည် မသိ။ ကျွန်တော့်အား ထိုကဲ့သို့ ပြောလေသည်။

"ကောင်းသားပဲဗျ၊ ဒါပေမယ့် ကျွန်တော်တို့ အခြေအနေကို ကြည့်ကြဦးတာပေါ့၊ ဂျပန်တွေ သိပ်ရှုပ်နေရင်တော့ သွားလို့ဖြစ်ချင်မှ ဖြစ်မယ်"

ကျွန်တော်က ပြောလိုက်ပါသည်။

သဲဖြူဇရပ် ချွေးတပ်စခန်းနှင့် မျက်နှာချင်းဆိုင် ကိုက်သုံးလေးဆယ်အကွာတစ်နေရာတွင်မူ ဂျပန်စစ်တပ်စခန်းချထားသော အဆောက်အအုံငယ်များ ရှိလေသည်။ ကြီးမားသောအဆောက်အအုံတစ်ခုနှင့် အိမ်ငယ်ကလေးများ ခြောက်လုံး၊ ခုနစ်လုံးရှိသည်။ တစ်ဖန် ချွေးတပ်စခန်း၏ အရှေ့ဘက်တစ်နေရာနှင့် အနောက်ဘက် တစ်နေရာ၌လည်း ဂျပန်စစ်သားများနေသော တဲတန်းလျားများ ရှိလေသည်။ ဂျပန်တို့၏ အနေအထားသည် ချွေးတပ်စခန်းအား သုံးဘက်သုံးတန်မှ ကာရံထားသည့် အနေအထားဖြစ်လေသည်။

ချွေးတပ်စခန်းမှာမူ တဲတန်းလျားကြီးပေါင်း ခြောက်လုံးတိတိ ရှိသည်။ ထမင်းစားရုံကြီးတစ်ရုံနှင့် ထမင်းချက်ဖိုတဲကြီးများလည်း ရှိသည်။ ထမင်းစားရုံဟု ဆိုရသော်လည်း အမိုးသာရှိလျက် အကာအခင်းဟူ၍ မရှိချေ။ ကျင်ကြီးကျင်ငယ်စွန့်ရန်အတွက် အိမ်သာများမှာမူ တဲတန်းလျားများ၏ နောက်ပိုင်းခပ်ကျဉ်းခပ်လှမ်းလှမ်းတွင် ရှိလေသည်၊ ဆေးရုံအဆောက်အအုံတစ်ခုလည်း ရှိလေသည်။ သို့ရာတွင် ■ ဆေးရုံဟူ၍ဆိုရသော်လည်း လူနာများရှိသည်တော့ မဟုတ်ချေ။ ဆေးပေးခန်းသက်သက်မျှသာလျှင် ဖြစ်လေသည်။

မကြာမီ ထမင်းစားရုံမှနေလျက် "မအူပင်ခရိုင်၊ မအူပင်ခရိုင်" ဟူသော အော်ဟစ်သံကို ကြားရလေသည်။ ထိုအသံကြောင့် ဘွန်ထိုက်ချို့နှင့် ဟန်ချို့များ ကျွန်တော်ရှိရာသို့ စုရုံးရောက်ရှိလာကြလေသည်။ ချွေးတပ်သားများမှာမူ တဲတန်းလျားကြီးပေါ်၌ပင် စုစုဝေးဝေးထိုင်လျက် ဣန္ဒြေရစွာ ရှိနေကြလေသည်။

ယခုအချိန်၌မူ ကျွန်တော်တို့ခရိုင်မှ ချွေးတပ်သား၊ အတော်များများပင် သတိကြီးစွာထားလျက် အစစအရာရာ၌ ဆင်ဆင်ခြင်ခြင် နေထိုင်ကြရပါသည်။ သူတို့သူတို့သည် ဂျပန်များ၏ ရက်စက်ကြမ်းကြုတ်မှုကို မကြာမီအချိန်ကလေးအတွင်းမှပင် မျက်ဝါးထင်ထင် မြင်တွေ့လိုက်ကြရပြီး ဖြစ်သောကြောင့်လည်း၊ ၎င်းတို့အပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်ကို တွေးတောစိုးရိမ်နေကြဟန် ရှိလေသည်။

"ဆရာလေး– ထမင်းစားဖို့ ခေါ်နေပြီဗျ"

ဟန်ချို့တစ်ယောက်က ပြောလေသည်။

"လေးယောက်တစ်တွဲ တန်းစီခိုင်းပေါ့ဗျာ၊ ဣန္ဒြေရရဲ့ စနစ်တကျသွားကြတာပေါ့၊ အစစအရာရာ စည်းကမ်းနဲ့ ဧကြထိုင်ကြဖို့ကိုလဲ ကျွန်တော်တို့လူတွေကို သတိပေးကြဗျာ"

ကျွန်တော်တို့သည် လေးယောက်တစ်တွဲ တန်းစီကြသည်။ ဟန်ချို့နှင့် ဘွန်ထိုက်ချို့များက အော်မှာနေလျက် ကြပ်မတ်ပေးကြသည်။ မိုးမှာ ရွာနေဆဲပင် ဖြစ်လေသည်။ ဤလိုနှင့်သာ ကျွန်တော်တို့အားလုံးပင် ထမင်းစားရုံကြီးအတွင်းသို့ ရောက်ခဲ့ကြလေသည်။

ထမင်းကျွေးသည်မှာ ပန်းကန်ခွက်ယောက်ဟူ၍ လုံးဝမရှိ။ ဖျာကြမ်းများပေါ်တွင် အင်ဖက်များခင်းလျက် ချစ်တီးကုလားဆိုင်တွင် ထမင်းစားရသလို ဖြစ်လေသည်။ ဟင်းလျာမှာလည်း ပဲကြီးနှင့် ကန်စွန်းဥများ ရောနှောချက်ပြုတ်ထားခြင်းဖြစ်လေသည်။

ထမင်းကျွေးရုံတွင် တာဝန်ကျသော ချွေးတပ်သားများသည် အလွန်တရာ အပြောအဆို ဆိုးဝါးလျက် ကြမ်းတမ်းခက်ထန်သောသူများသာ ဖြစ်လေသည်။ သူတို့သည် အလကားနေရင်းမှ မအေနမ ဆဲရေးတိုင်းထွာနေကြသူများ ဖြစ်လေသည်။ တစ်ခါတစ်ခါ ငါချင်းမိုးမွန်အောင် ဆဲရေးတတ်သည်။ ထမင်းရုံတာဝန်မှူးဆိုသူကလည်း ရိုက်လားနှက်လား၊ ထိုးလားကြိတ်လားနှင့် လက်ဝါးစောင်းထက်လှလေသည်။

အကာအရံကင်းမဲ့သော ထမင်းစားရုံဖြစ်သောကြောင့်လည်း လေပြင်းတိုက်ခတ်လိုက်သည်အခါ မိုးရေမိုးပေါက်များသည် တဲရုံကြီးအတွင်းသို့ ဝင်ရောက်လာလေသည်။ ထိုအခါ ချွေးတပ်သားများ၏ ထမင်းပုံ၊ ဟင်းပုံများထဲသို့ မိုးရေမိုးပေါက်များက ဒရဟော ဝင်ရောက်လာသည်။ ချွေးတပ်သားများ၏ ကိုယ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

သို့လည်း မိုးရေများ စွတ်စိုကုန်လေသည်။ သို့ရာတွင် မည်သို့မျှမတတ်သာပါချေ။ ဤအတိုင်းပင် ဖြစ်သလိုစားကြရလေသည်။

"ဟေ့ကောင်–ခွေးမသား၊ ဒါ နင့်အမေလင်အိမ် မဟုတ်ဘူးကွ၊ ထမင်းမဝတိုင်း တောင်းလို့မရဘူးကွ"

ကျွန်တော်သည် အသံကြားရာသို့ လှမ်းကြည့်လိုက်ပါသည်။

ကျွန်တော်တို့ ညောင်တုန်းနယ်၊ ငါးကြိုးအိုင်ကျေးရွာမှ ကိုဇတော်ဆိုသော ခွေးတပ်သားကြီးအား ထမင်းကျွေးရုံ တာဝန်ကျ ခွေးတပ်သားက ပြောလိုက်ခြင်း ဖြစ်ကြောင်း သိရပါသည်။ ကိုဇတော်မှာ ဗလကောင်းသလောက် အစားကောင်းဟန် ရှိသော တောင်သူလယ်သမားကြီးတစ်ယောက် ဖြစ်လေသည်။ ထမင်းမဝ၍ ထပ်တောင်းရာမှ ယခုကဲ့သို့ အဆဲအဆိုခံရရှာခြင်းပင် ဖြစ်လေသည်။

လူမျိုးခြား ဖက်ဆစ်ဂျပန်များက မဟုတ်ဘဲ မိမိလူမျိုးချင်းလည်း ဖြစ်ရုံသာမက ဘဝတူ ခွေးတပ်သားချင်းလည်း ဖြစ်သူတစ်ယောက်က ထိုကဲ့သို့ ရက်ရက်စက်စက် နှင့်သိုးစွာပြောလိုက်ခြင်းကြောင့် ကျွန်တော့်ရင်ထဲတွင် နင့်ခနဲ ဖြစ်လိုက်မိပါသည်။

ကျွန်တော်သည် ထမင်းစားနေရင်းမှ ဆတ်ခနဲ ထ,ရပ်လိုက်ပါသည်။

"မဝသေးလို့ တောင်းစ ဲဗျာ၊ ခင်ဗျား ဒီလိုဆဲဖို့ မကောင်းပါဘူး"

ထမင်းကျွေးရုံ တာဝန်ကျ ခွေးတပ်သားသည် ကျွန်တော့်မျက်နှာကို မော်ကြည့်လိုက်သည်။ ပြီးလျှင် သူသည် ဒေါသတကြီးနှင့် လက်တွင်းမှ ထမင်းတောင်းကို ပစ်ချလိုက်သည်။

"မင်းနဲ့ ဘာဆိုင်လဲ ဟေ့ကောင်–"

ထိုသူသည် ကျွန်တော်ရှိရာသို့ ခပ်သွက်သွက် လှမ်းလာသည်။ ပ ာ်နှာတစ်ပြင်လုံးမှာလည်း ဒေါသအရှိန်ကြောင့် နီမြန်းနေသည်။

အနီးရှိ ထမင်းစားနေသော ဘွန်ထိုက်ချို ကိုမေ စန်တို့လူစုသည် ချက်ချင်းပင် ကျွန်တော့်အနီးသို့ စုရုံးလာကြသည်။

"ဒါ ကျုပ်အုပ်ချုပ်လာတဲ့ ကျုပ်နယ်ကလူဗျ"

"ဟင်–မင်းက ဘာကောင်လဲ"

"ဘာကောင်လဲဆိုတာ ကြည့်ပါလား"

ထိုသူသည် ကျွန်တော့်လက်မောင်းပေါ်ရှိ ဂျပန်လက်ပတ်ကို မြင်သွားသည့် အခါ ကိုယ်ရှိန်သတ်သွားသည်။

အမှန်အားဖြင့် ခွေးတပ်စခန်းများတွင် ဘွန်ထိုက်ချို၊ ဟန်ချိုနှင့် ဝါဒ ဖြန့်ချိရေးမှူး၊ စခန်းမှူး၊ ဆေးမှူး စသူတွေမှာ သာမန်ခွေးတပ်သားထက် အခွင့်အရေး

ရှိသူများ ဖြစ်ကြလေသည်။ ထိုသူများမှာ ခွေးတပ်သားများကဲ့သို့ အလုပ်လုပ်ရခြင်းလည်း မရှိပေ။ ခွေးတပ်သားအပေါ် အုပ်ချုပ်ကွပ်ကဲရန်နှင့် ဂျပန်များနှင့် ဟွဲဖက်လျက် တာဝန်ယူကြရန် ဖြစ်လေသည်။ ပြီးသော့် ဂျပန်များသည် စစ်သားများသာဖြစ်လေသောကြောင့် ကြီးသူကို ငယ်သူက လေးစားရိုသေရမည်ဟူသော အယူအဆရှိသူများလည်း ဖြစ်ကြလေသည်။ ထိုသဘောကြောင့်လည်း ထမင်းကျွေးရုံ တာဝန်ကျ ခွေးတပ်သားမှာ ကိုယ်ရှိန်သတ်သွားဟန် တူပါသည်။

"ထမင်းမဝပေမယ့် ထပ်မပေးနိုင်ဘူး၊ ခုဟာ ပုံစံအတိုင်းပေးတာ၊ ပုံစံထက် ဘယ်သူမှ ပိုမစားရဘူး"

ခွေးတပ်သားသည် ထိုစကားပြောပြီးနောက် ကျွန်တော်တို့လူစုအပါးမှ ထွက်ခွာသွားလေသည်။

ခွေးတပ်စခန်းများတွင် ဂျပန်များအနေနှင့်သာ ဆိုးရွားကြသည် မဟုတ်ပေ။ မိမိတို့ ခွေးတပ်သားအချင်းချင်းမှာလည်း ကြီးနိုင်ငယ်ညှဉ်းပြုတတ်ကြလေသည်။ အချို့ကလည်း ဂျပန်နှင့်လှည့်၍ တိုက်ပေးတတ်သည်။ ဂျပန်စကားပြန်များမှာ ဤမှာဘက်တွင် ပို၍ဆိုးလေသည်။ ခွေးတပ်သားက ပြောသည်က တစ်မျိုး၊ ဂျပန်ကို ပြန်၍ပြောသည်က တစ်မျိုးနှင့် ခွေးတပ်သားခများ ဒုက္ခမဖြစ်သင့်ဘဲ ဖြစ်ရကြာလေသည်။

ကျွန်တော်တို့ မအုပင်ခရိုင်မှ ခွေးတပ်သားများ ဆက်လက်၍ ထမင်းစားနေခိုက်၌ပင် ထမင်းကျွေးရုံ တာဝန်မှူးနှင့် သူ့နောက်ပါ လူလေးငါးယောက် ရောက်ရှိလာကြပြန်လေသည်။ သူတို့သည် ခွေးတပ်သားများအား ထမင်းကို ခပ်သုတ်သုတ်စားသောက်ကြရန် လိုက်လံအော်ဟစ်ကြလေသည်။ ကျွန်တော်တို့ အပြင် နောက်ထပ်ကျွေးရမည့်သူများ အများအပြားရှိနေသေးသည်ဟု ဆိုလေသည်။

ကျွန်တော်တို့မှာ ထမင်းစားသောက်ရသည်ကပင် သေပြေးရှင်ပြေး စားသောက်ကြရလေသည်။ မိုးဒဏ်လေဒဏ်ကတစ်မျိုး၊ ထမင်းကျွေးရုံမှူးက တစ်သွယ်၊ ဂျပန်များ၏ ရန်ကို ကြောက်ရသည်က တစ်ဖုံနှင့် အကြောင်းမျိုးစုံ စိတ်မချမ်းမြေ့စရာများနှင့် ရင်ဆိုင်နေကြရလေသည်။

ထမင်းစားသောက်ပြီးသူများသည် မိမိတို့ဖက်ကို မိမိတို့ ယူဆောင်လျက် ခပ်လှမ်းလှမ်းရှိ ကျွဲငြိုးကြီးတစ်ခုထဲတွင် သွားရောက်စွန့်ပစ်ရသည်။ ပြီးမှ မိမိတို့ တဲတန်းလျားကြီးများရှိရာသို့ ပြန်ခဲ့ကြရလေသည်။

ကျွန်တော်တို့ လူစုအပြီးတွင် "သရက်ခရိုင်၊ သရက်ခရိုင်" ဟူသော ကောက်ဟစ်သံများကို ကြားရသည်။ ထိုအခါ ကျွန်တော်တို့ တဲတန်းလျားကြီးနှင့် မကြာမီချင်းယှဉ်နေသော ခပ်စောစောက ဘွန်ထိုက်ချို ဦးကြီးများ အုပ်စုသည်

www.burmeseclassic.com

www.burmeseclassic.com

လေးယောက်တစ်တွဲတန်းစီလျက် ထမင်းကျွေးရုံအတွင်းသို့ ဝင်ရောက်သွားကြလေသည်။ ထိုအခါမှလည်း ခပ်စောစောက ဦးကြီးများမှာ သရက်ခရိုင်မှဖြစ်ကြောင်း သိရပါလေသည်။

ကျွန်တော်သည် ထမင်းစားလာသော ကျွေးတပ်သားများ အုပ်စုထဲတွင် ခပ်စောစောက ဦးကြီးကို တွေ့လိုတွေ့ငြား ကြည့်မိလေသည်။ ထိုဦးကြီးကို လုံးဝမတွေ့ရပါပေ။

မိုးမှာ တဝုန်းဝုန်းရွာသွန်းနေရာမှ တိတ်သွားပြန်လေသည်။ ကျွန်တော်သည် တဲတန်းလျားကြီး၏အတွင်းသို့ ခြေလှမ်းဝင်လိုက်သည်။ ကျွန်တော်တို့အရင် ရောက်ရှိနေသော ကျွေးတပ်သား လေးငါးယောက်သည် တဲပေါက်ဝတွင် ရစ်ဝဲရစ်ဝဲ ဖြစ်နေကြသည်။ မျက်စိမျက်နှာမကောင်းဘဲလည်း ဖြစ်နေကြသည်။

"ဟေ့–ဘာဖြစ်နေကြတာလဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"ခပ်စောစောက ဦးကြီးကို ဗျပန်တွေ လာခေါ်သွားတယ် ဆရာလေး"

"ဘယ်ဦးကြီးလဲ"

ကျွန်တော်က မေးလိုက်ပါသည်။ သရက်ခရိုင် ကျွေးတပ်သားများ၏ တဲတန်းလျားကြီး ရှိရာသို့လည်း လှမ်းကြည့်လိုက်မိသည်။ ကျွန်တော့်ရင်ထဲတွင် တစ်မျိုးကြီးဖြစ်သွားပါသည်။

"ဟိုမှာ–သူ့သားကို သေနတ်ပစ်ခံရတဲ့ ဦးကြီးပေါ့၊ ဟိုမှာ–ဟိုမှာ–"

ကျွန်တော်တို့နယ်မှ ကျွေးတပ်သား ဘိုနီသည် တစ်နေရာသို့ လက်ညှိုးထိုးပြရင်းမှ ပြောလေသည်။

ကျွန်တော်သည် ဘိုနီ ညွှန်ပြရာသို့ ကြည့်လိုက်သည်။ ခပ်စောစောက တဲတန်းလျား ကွယ်နေသဖြင့် မမြင်ရခြင်းဖြစ်သော်လည်း ယခုမြင်လိုက်ရသော ဖြစ်ရပ်မှာ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထ,မလောက်အောင် တုန်လှုပ်သွားရသော မြင်ကွင်းတစ်ခုဖြစ်လေသည်။

ဗျပန်စစ်သားနှစ်ယောက်၊ စကားပြန်သူငယ်နှင့် သံဖြူဇရပ်စခန်းမှ ကျွေးတပ်သားနှစ်ယောက်တို့သည် ခပ်စောစောက ဦးကြီးအား လက်ပြန်ကြိုးတုပ်လျက် ဗျပန်စစ်ရုံးအဆောက်အအုံတစ်ခုရှိရာသို့ ဆွဲခေါ်သွားကြသည်။ ဗျပန်စစ်သားနှစ်ယောက်အနက် တစ်ယောက်က သေနတ်ဖြင့် ချိန်ရွယ်လျက် ခေါ်ဆောင်သွားခြင်းဖြစ်လေသည်။

ဗျပန်များသည် ထိုကျွေးတပ်သား ဦးကြီးအား အဘယ်မျှ နှိပ်စက်ညှဉ်းဆဲကြလေဦးမည်နည်း။ သံတိ၍များပင် ပစ်ကြလေမလား၊ သားဖြစ်သူမှာလည်း

လူ့လောကတွင် ရှိနေသေးသလား၊ သေပဲ သေလေပြီလား။ ဤအတွေးများကို ကျွန်တော်တွေးလိုက်မိလေသည်။

အတန်ကြာ၌ တဲများနှင့် သစ်ပင်များ ကွယ်သွားသည့်အခါ ထိုအမြင်မှာလည်း ကျွန်တော်၏မျက်လုံးများအတွင်းမှ ကွယ်ပျောက်သွားလေသည်။

ကျွန်တော်သည် စိတ်မကောင်း၊ လက်မကောင်းဖြစ်လျက် တဲတန်းလျားအတွင်းရှိ ကျွန်တော်၏နေရာသို့ ပြန်လာခဲ့သည်။ ကျွန်တော်တို့ခရိုင်မှ လူများကိုလည်း မိမိတို့နေရာတွင် မိမိတို့ စနစ်တကျနှင့် ကောင်းမွန်စွာ လဲလျောင်းနေထိုင်ကြရန် ပြောကြားရလေသည်။ ဤအတွင်းကပင် ဗျပန်များခေါ်ဆောင်သွားသော ကျွေးတပ်သားဦးကြီးကိုလည်း ဘေးမသီ ရန်မခဘဲ လွတ်မြောက်လာပါစေဟု ဆုတောင်းခြင်းပြုရပါလေသည်။

ဤသို့နှင့် အချိန်မှာ တဖြည်းဖြည်းတစစ ညမှီးချုပ်လာလေသည်။ တိတ်ဆိတ်ငြိမ်သက်စပြုလာခြင်းနှင့်အတူ အမောင်ရိပ်များကလည်း လွှမ်းခြုံစပြုလာသည်။

ကျွေးတပ်သားများ နေထိုင်ကြရသော တဲတန်းလျားအားလုံး၌ပင် မီးတိုင်၊ မီးခွက်ဟူ၍ အလျဉ်းမရှိပါချေ။ အမောင်နှင့်မည်းမည်း ဖြစ်နေလေသည်။

မီးတိုင် မီးခွက်ကလေးများ၏ အတန့်မျှသော အလင်းရောင်ကလေးများ ရှိနေသည်မှာ စခန်းမှူးဆိုသူများ နေထိုင်သော အဆောက်အအုံများနှင့် ဗျပန်စစ်သားများ နေထိုင်သော အဆောက်အအုံများသာ ရှိလေသည်။

ကျွန်တော်တို့လူများသည် ဤကိစ္စ၌ အတော်ပင် သတိရှိကြသူများ ဟူ၍ဆိုရပါမည်။ ကျွန်တော်တို့လူစုသည် သံဖြူဇရပ်ဘူတာမှ ဖယောင်းတိုင်၊ မီးခြစ်၊ ကညင်ဆီတိုင်၊ ဆေးလိပ်စသည်များကို ညရေး ညတာအတွက် အပြေးအလွှားဝယ်ခြမ်းလာခဲ့ကြပါသည်။ ယခုမှ ဤပစ္စည်းကလေးများမှာ ကျွန်တော်တို့အဖို့ များစွာပင် အသုံးဝင် အရာရောက်လျက် ရှိနေလေတော့သည်။

ကျွန်တော်တို့လူစုသည် တဲလိုင်းကြီး အလယ်ဗဟို၌ ကညင်ဆီချောင်းတစ်ချောင်းကို စိုက်ထူလျက် မီးထွန်းညှိထားကြပါသည်။ တဲတန်းလျားတစ်ခု၏ အရှည်အလျားမှာ ပေခြောက်ဆယ်ထက်မနည်း ရှိလေသည်။ အလယ်တည့်တည့်တွင် လူသွားလမ်းတစ်လမ်း ချန်လှပ်ထားပြီးနောက် ဘေးတစ်ဖက်တစ်ချက်တွင် လူများနေထိုင်ရန် အဆင့်ပြုလုပ်လျက် ထားလေသည်။ ကျွေးတပ်သားများသည် ထိုအဆင့်ပေါ်၌ တန်းစီလျက် အိပ်ကြရလေသည်။

ကျွန်တော်တို့သည် ကညင်ဆီမီးတိုင်ကို ထွန်းညှိရာ၌ တဲတန်းလျား၏ အလယ်ဗဟိုတစ်နေရာတွင် ဝါးလုံးတစ်လုံးကို စိုက်ထူလိုက်ကြသည်။ ပြီးမှ ထို ဝါးလုံးထိပ်တွင် ကညင်ဆီမီးတိုင်ကို ချည်နှောင်ထားကြပါသည်။ စင်စစ်၌ ဤလို

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မိုးထွန်းညိုထားကြသည်မှာလည်း ညဉ့်ဦးပိုင်းအချိန်ကလေးအတွက်သာ ဖြစ်လေသည်။ တစ်ညလုံး မိုးစင်စင်လင်းသည်အထိကား မထွန်းနိုင်ကြချေ။ ကျွန်တော်တို့သည် ဝယ်ယူလာသော ကညင်ဆီတိုင်များကိုပင် ချွေချွေတာတာ အသုံးပြုကြရလိမ့်မည်ဟု သဘောပေါက်ထားကြလေသည်။

ကျွန်တော်တို့နှင့် ဘေးချင်းကပ်ဖြစ်နေသော တဲတန်းလျားတစ်လုံးမှာ မွန်အမျိုးသား ချွေးတပ်သားများ၏ တဲကြီးဖြစ်လေသည်။ သူတို့သည် အမောင်တွင်း၌ ငုတ်တုတ်ထိုင်လျက် မွန်စကားသံများကို တစ်ယောက်တစ်ပေါက် ဆူညံစွာပြောနေကြလေသည်။ တစ်ခါတစ်ခါ စခန်းမှူးများသည် သူတို့နေထိုင်ရာ တဲအတွင်းမှနေလျက် မွန်ချွေးတပ်သားများအား အော်ဟစ်ဆဲရေးခြင်းပြုလေသည်၊ ထိုအခိုက်၌သာ စကားသံဆူဆူညံညံများ ရပ်စဲသွားလျက် မကြာခင် ဆူညံမြဆူညံနေပြန်လေသည်။

ညဉ့်ဦးပိုင်းအချိန်ကလေး ဖြစ်သောကြောင့်လည်း ကျွန်တော်တို့အုပ်စုမှ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များသည် ကျွန်တော်တို့ရှိရာသို့ စုဝေးရောက်ရှိနေကြလေသည်။

ဂျပန်များ၏ နှိပ်စက်ကလူပြုကျင့်မှုနှင့် မိမိတို့ထက် ချွေးတပ်ဝါရင့်သော စခန်းမှူး၊ စခန်းတာဝန်ကျ စသူများ၏ အာဏာပြမှု၊ ထိုးကြိတ်ကန်ကျောက်မှုများကြောင့်လည်း ကျွန်တော်တို့အချင်းချင်းမှာ ယခုအခါ ကျောချင်းကပ်ဖြစ်လာကြလေသည်။ ကျွန်တော်တို့သည် ထွေရာလေးပါး စကားများကိုပြောရင်းမှာ ရွှေ့ခရီးအတွက်ကိုလည်းကောင်း၊ ချွေးတပ်သားများအပေါ်၌ တစ်ယောက်နှင့် တစ်ယောက် ညီအစ်ကိုသွေးသားချင်းကဲ့သို့ အုပ်ချုပ်ကွပ်ကဲခြင်းပြုရန်ကိုလည်းကောင်း တိုင်ပင်ဆွေးနွေးကြရလေသည်။

ထိုအတွင်းမှာပင် ဘွန်ထိုက်ချို့ ကိုကောင်းစိန်သည် စကားဖောက်လျက် ခပ်စောစောစက ဂျပန်များ ခေါ်ဆောင်သွားသော ချွေးတပ်သားဦးကြီးအကြောင်းကိုပါ ပြောပါလေတော့သည်။

"အဲဒီအကိုးကြီးကို ပြန်လွှတ်လိုက်ပြီလား"

"မသိဘူးဗျာ ဆရာလေး"

"လွှတ်လိုက်ပါစေလို့ ဆုတောင်းရတာပဲဗျာ၊ သူတို့တဲက မှောင်နေတော့ ဘာမှလဲ မတွေ့ရဘူး၊ ခင်ဗျားနဲ့ကျွန်တော် အဲဒီတဲကို သွားကြရအောင်"

ကျွန်တော်က ကိုကောင်းစိန်ကို သွေးတိုးစမ်းသလို ပြောကြည့်ပါသည်။

ကိုကောင်းစိန်မှာ အသက်သုံးဆယ်ကျော်ရွယ် တရုတ်ကပြားတစ်ယောက် ဖြစ်လေသည်။ ခနဖြူနယ်မှ ဖြစ်သည်။ သတ္တိကောင်းပုံလည်း ရှိလေသည်။

သူသည် ကျွန်တော့်ကို တရင်းတနှီး ပေါင်းသင်းလိုဟန်ရှိလျက် မည်သည့်ကိစ္စမဆို ဆောရောက်၍ တိုင်ပင်သူလည်း ဖြစ်လေသည်။

"ကျွန်တော်လဲ လိုက်ခဲ့မယ်. ဆရာလေး"

ဟန်ချို့ ကိုချစ်တီးနှင့် ချွေးတပ်သားကလေး သာဆင်က ပြောလေသည်။

"ကျွန်တော်ရယ်၊ ကိုကောင်းစိန်ရယ်၊ သာဆင်ရယ် သုံးယောက်သွားကြမယ်၊ သာဆင်– ဖယောင်းတိုင်နဲ့ မီးခြစ်ယူခဲ့ကွာ"

ကျွန်တော်က ပြောလိုက်ပါသည်။ သာဆင်ဆိုသောသူငယ်မှာ ကျွန်တော်တို့ အပေါင်ခရိုင် ချွေးတပ်သားများထဲတွင် အသက်အရွယ်အငယ်ဆုံးသော ချွေးတပ်သားတစ်ယောက်ဖြစ်ပါသည်။ ငါးကြိုးအိုင်ရွာသား ကရင် မြန်မာ ကပြားကလေးတစ်ယောက် ဖြစ်ပါသည်။ မျက်လုံးကောင်း၊ မျက်ခုံးကောင်းနှင့် လူချောကလေးတစ်ယောက် ဖြစ်လေသည်။

ထိုသူငယ်ကလေးမှာမူ ညောင်တုန်းမှ ထွက်လာစဉ်အခါကစ၍ပင် ကျွန်တော့်အနီးတွင် တတွဲတွဲနှင့် မခွဲဘဲ ဖြစ်နေရှာလေသည်။ အသက်ငယ်သော်လည်း ပတ္တိကောင်းသူကလေးတစ်ယောက် ဖြစ်လေသည်။

"ဟုတ်ကဲ့ ဆရာလေး၊ ကျွန်တော် လိုက်ခဲ့မယ်"

သာဆင်သည် ပြောပြောဆိုဆို ထိုင်ရာမှထလျက် သိမ်းဆည်းထားသော ဖယောင်းတိုင်ထုပ်ကလေးနှင့် မီးခြစ်ကို ထုတ်ယူလာလေသည်။

"ခင်ဗျားတို့အားလုံး ဒီကစောင့်ကြ၊ ကျွန်တော်တို့ပြန်လာရင် အကြောင်းစုံပြီးမယ်"

ကျွန်တော်က ဘွန်ထိုက်ချို့နှင့် ဟန်ချို့များကို ပြောလိုက်ပါသည်။

မကြာမီ ကျွန်တော်နှင့် ကိုကောင်းစိန်၊ သာဆင်၊ ဤသုံးဦးတို့သည် တဲတန်းလျားအတွင်းမှ တဲပေါက်ရှိရာသို့ လျှောက်ခဲ့ကြလေသည်။

အချိန်မှာ ည ၉ နာရီခန့် ရှိလေသည်။ ချွေးတပ်စခန်းတစ်ခုလုံးသည် ကြီးမားသောအမှောင်ထုအောက်၌ တိတ်ဆိတ်ငြိမ်သက်သယောင် ရှိနေသည်။ မိုးသည် တဖွဲဖွဲတဖြောက်ဖြောက် ရွာသွန်းနေသည်။

ကျွန်တော်သည် တဲပေါက်ဝတွင် ရှေ့ဆုံးမှ ရပ်နေသူတစ်ယောက် ဖြစ်လေသည်။ ကျွန်တော့်နောက်ပါးမှ ကရင်ကလေး သာဆင်ဖြစ်၍ နောက်ဆုံးလူမှာ ကျွန်ထိုက်ချို့ ကိုကောင်းစိန် ဖြစ်လေသည်။

ကျွန်တော့်မျက်လုံးအစုံသည် အမှောင်ထဲတွင် မှန်းဆလျက် သံဖြူဇရပ်ရှေ့ပေါ်ရှိ ချွေးတပ်စခန်းပေါက်ဝ၏ အစောင့်အိမ်ကလေးတွင်းမှ ဂျပန်စစ်သားအစောင့်ကို လှမ်းမျှော်ကာ ကြည့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်သား၏ အိမ်ကလေးမှာ ကျွန်တော်တို့ တဲတန်းလျားနှင့် ကိုက်ငါးဆယ်ခန့် အကွာအဝေးလောက်တွင် ရှိလေသည်။ မှောင်နေလေသည်။ ဘာကိုမျှ မမြင်ရဘဲ ရှိနေသည်။ စခန်းမှူးများ၏ အိမ်ငယ်ကလေးမှာမူ ကျွန်တော်တို့ တဲတန်းလျားနှင့် ကိုက်သုံးဆယ်အကွာအဝေးတွင် ရှိလေသည်။ နီကျင်ကျင်နှင့် မလင်းမလင်းရှိသော လက်ဆွဲမှန်အိမ်ငယ်ကစ်လုံးကို ကဲအတွင်း၌ ချိတ်ဆွဲထားလေသည်။

"သွားကြမယ်"

ကျွန်တော်က ခပ်တိုတို ခပ်တိုးတိုး ပြောပြီးနောက် ရှေ့ဆုံးမှ ထွက်ခွာလေသည်။ ကျန်လူနှစ်ယောက်ကလည်း ကျွန်တော့်နောက်မှ ခပ်သုတ်သုတ် လိုက်လာကြလေသည်။

စင်စစ်အားဖြင့်မူ ဤအပြုအမူသည်ပင် ကျွန်တော်တို့အနေနှင့် စွန့်စားလုပ်ဆောင်ရသော ကိစ္စတစ်ခု ဖြစ်နေလေတော့သည်။ ဂျပန်များ၏ လက်တွင်း၌ နေထိုင်ကြရသည့်အခါ ကျွန်တော်တို့သည် ဘေးအန္တရာယ်တစ်ခုခုတစ်ရာ မဖြစ်ရလေအောင် နေရာခပ်သိမ်း၌ သတိထားဆင်ခြင်ကြရပါသည်။ ဂျပန်များသည် ချွေးတပ်သားများအား တဲတန်းလျားတစ်လုံးနှင့်တစ်လုံး အကူးအသန်း အသွားအလာမရှိစေရ။ တစ်ခရိုင်နှင့် တစ်ခရိုင် ချွေးတပ်သားအချင်းချင်း အဆက်အဆံ မပြုလုပ်ရဟူ၍ကား အမိန့်ထုတ်ထားခြင်း မရှိပါချေ။

သို့ရာတွင် တစ်ခုခက်သည်မှာ အမိန့်တစ်ခုခုတစ်ရာ ထုတ်ပြန်ထားခြင်း မရှိသည့်တိုင် ဂျပန်များသည် သူတို့သဘော၊ သူတို့အယူအဆနှင့် မတွေ့ခဲ့လျှင် အပြစ်ကျူးလွန်သည်ဟူ၍ မှတ်ယူကာ ဘေးဒုက္ခပေးတတ်သည်သာ ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့သုံးယောက်သည် သတိကြီးမားစွာထားလျက် သရက်ခရိုင် ချွေးတပ်သားများ၏ တဲတန်းလျားကြီးရှိရာသို့ လျှောက်ခဲ့ကြလေသည်။ ဤအတွင်း အမှောင်ထုနှင့် တိတ်ဆိတ်ငြိမ်သက်ခြင်းက ကြီးစိုးနေသည့်အခါ ကျွန်တော်တို့၏ စိတ်ဓာတ်များသည် ပို၍ပင် ကြောက်ရွံ့ချောက်ချားခြင်း ဖြစ်ရလေတော့သည်။

မကြာမီပင် ကျွန်တော်တို့သုံးယောက်သည် သူတို့၏ တဲလိုင်းကြီးအတွင်းသို့ ဝင်ရောက်လိုက်ပါသည်။ ချွေးတပ်သားတစ်အုပ်စုသည် တဲတန်းလျားအပေါက်ဝ အမှောင်နှင့်မည်းမည်းအောက်တွင် ဆေးလိပ်ထိုင်သောက်လျက် စကားပြောနေကြလေသည်။

"ခင်ဗျားတို့ မီးလဲ မထွန်းဘူးလား"

ကျွန်တော်က မေးလိုက်သည်။ သို့ရာတွင် တစ်ခုတစ်ယောက်ကမှ စကားမပြန်တုံ့ပြန်ခြင်း မရှိချေ။ သူတို့ချင်းပြောနေသော စကားပင် ရပ်တန့်သွားကြပါသည်။

"သာဆင် ဖယောင်းတိုင်ထွန်းကွာ"

ကျွန်တော်က သာဆင်ကို ပြောလိုက်ပါသည်။

မီးရောင်ကလေးလင်းလာခိုက်၌ပင် ကျွန်တော်က စကားဆက်လက်၍ ပြောရလေသည်။ သူတို့သည် ကျွန်တော်တို့သုံးယောက်အား ဂျပန်စစ်သားတွေလား၊ ဂျပန်၏ လူယုံတော်တွေပေလားဟူ၍ ထင်မှတ်နေဟန်တူပါသည်။

"ကျွန်တော်တို့က ဟိုဘက်တဲကပါ၊ မအူပင်ခရိုင်က ချွေးတပ်သားပါ၊ ခင်ဗျားတို့နဲ့ အဖြစ်တူ ဘဝတူ ရဲဘော်တွေပေါ့ဗျာ"

ထိုအခါမှ သူတို့သည် ကျွန်တော်တို့သုံးယောက်၏ မျက်နှာများကို စေ့စေ့စပ်စပ် အကဲခတ်ပြီးနောက် စိတ်ချယုံကြည်သွားဟန် ပေါ်လွင်လာပါသည်။ ပြီးလျှင် ကျွန်တော့်ကိုလည်း သူတို့ မှတ်မိသွားကြဟန် တူလေသည်။ သံဖြူဇရပ်မီးရထားဘူတာရုံတွင် ဂျပန်စစ်ဗိုလ်နှင့် အတူတွဲလျက် ဘွန်ထိုက်ချို့နှင့် ဟန်ချိုများအား စုရုံးစေရန် ပြောကြားခဲ့သည့်အတွက်ပင် ဖြစ်လေသည်။-

"ထိုင်ကြဗျာ၊ ကျုပ်တို့က သရက်ခရိုင်ကပါ"

သူတို့လူစုထဲမှ ခပ်သွက်သွက် လူတစ်ယောက်က ပြောလေသည်။

ကျွန်တော်တို့သုံးယောက် သူတို့အနီးတွင် ဝင်ရောက်ထိုင်လိုက်ကြပါသည်။ ကျွန်တော်သည် တဲလိုင်းအဆင့်ပေါ်ရှိ ချွေးတပ်သားများကို ခပ်မှန်မှန်ခပ်ဝါးဝါး မီးရောင်အတွင်းကပင် အကဲခတ်ကြည့်လိုက်မိလေသည်။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ကြရာမှ အားလုံးပင် တရှူးရှူး အိပ်မောကျနေကြလေသည်။

"ညနေက ဂျပန်တွေဖမ်းသွားတဲ့ ဘွန်ထိုက်ချို ဦးကြီး ပြန်လွတ်လာပြီလားဗျာ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဦးမြိုင်လား၊ ဦးမြိုင်ကို သူတို့ဂျပန်တွေ စစ်ရုံးရှေ့မှာ ကြိုးနဲ့တုပ်ထားတယ်၊ နှာတိုင်းဆိုရင် အသေးမိပြီး မနက်ဆို သေမှာပါပဲ"

သူတို့လူစုထဲမှ တစ်ယောက်က ပြောပါသည်။

"သြော်--ဖြစ်ရလေဗျာ၊ သူ့နာမည်က ဦးမြိုင်တဲ့လား၊ နို့~သူသား သေနတ်မှန်ကာကရော"

ကျွန်တော်က ဆက်လက်၍ မေးမြန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ပွဲချင်းပြီး သေတာပေါ့ဗျာ၊ အလောင်းကို ခွေးဆွဲသလိုဆွဲပြီး မြုပ်လိုက်ပါရောလား၊ ဟင်း-ခွေးမသားဂျပန်တွေ၊ ဒင်းတို့လဲ တစ်နေ့မှာ ခွေးသေသလို သေရမှာပဲ"

ခပ်စောစောက လူကပင် မကျေမချမ်း ရေရွတ်လေသည်။

"သားတစ်ယောက်လုံး သေနတ်ပစ်ခံရလို့ သေသွားမှဟာ အဖေလုပ်တဲ့လူကို ဘာကြောင့် ကြိုးတုပ်ထားရမှာလဲဗျာ၊ အတော်မတရားတဲ့ကိစ္စပဲ၊ အပြစ်က ဘာရှိလို့လဲ"

ကိုကောင်းစိန်က မေးပြန်ပါသည်။

"ဦးမြိုင်တို့သားအဖဟာ သူတို့ဂျပန်မာစတာကို ခုခံတယ်၊ အမိန့်ကိုလဲ မနာခံဘူး၊ အဲတော့ အင်္ဂလိပ်လူဖြစ်ရမယ်လို့ ဂျပန်စကားပြန်လုပ်တဲ့ ကောင်လေးက ပြောတယ်ခင်ဗျာ၊ အမှန်တော့ အဲဒီခွေးသားလေး ဂြိုဟ်မွေတဲ့ကိစ္စပဲဗျာ"

ကျွန်တော်တို့သုံးယောက်စလုံး သက်ပြင်းချလိုက်မိကြလေသည်။ အမှန်စင်စစ် ဂျပန်များသည် ဘွန်ထိုက်ချို ဦးမြိုင်အပေါ်တွင် အပြစ်မရှိ အပြစ်ရှာခြင်းပင် ဖြစ်လေသည်။ သူတို့အထဲမှ ဂျပန်စစ်ဗိုလ် အထိုးခံလိုက်ရသည့်အတွက် အခဲမကျေ ဖြစ်နေဟန်တူလေသည်။ အမှန်အားဖြင့် ဘွန်ထိုက်ချို ဦးမြိုင်ခမျာ အပြစ်တစ်စုံတစ်ရာ မရှိရှာပါချေ။

သို့ရာတွင် ဘွန်ထိုက်ချို ဦးမြိုင်တွင် အပြစ်တစ်စုံတစ်ရာမရှိပါဟူ၍ မည်သူက ပြောပေးလေမည်နည်း။ လူကြီးတွေဟု ဂျပန်များက အသိအမှတ်ပြုထားသော စခန်းမှူးများက ပြောပေးလေမည်လော။ မည်သည့်ချွေးတပ်စုဆောင်းရေးတာဝန်ခံက ပြောပေးလေမည်နည်း။ ခပ်တိုတိုဆိုရလျှင် မည်သူတစ်ဦးတစ်ယောက်ကမျှ မားမားမတ်မတ် ရပ်၍ပြောပေးမည် မဟုတ်ပါချေ။ ချွေးတပ်သားများအနေနှင့် ကိုယ်ဖြစ်ကိုယ်ခံကြရန်သာ ရှိပေသည်။

ထိုအဖြစ်ကို တွေးလိုက်မိသောကြောင့်လည်း ကျွန်တော်သည် သရက်ခရိုင်မှ ထိုချွေးတပ်သားများအား စည်းလုံးညီညွတ်စွာနှင့် သတိထားလျက် နေထိုင်ကြရန် ကိုလည်းကောင်း၊ ဂျပန်များနှင့် တတ်နိုင်သလောက် စည်းကမ်းရှိရှိနေထိုင်ခြင်း ပြုကြရန်ကိုလည်းကောင်း သတိပေးစကားပြောကြားခြင်း ပြုပါသည်။ ဘွန်ထိုက်ချို ကိုကောင်းစိန်ကလည်း ကျွန်တော်ကဲ့သို့ပင် ပြောကြားခြင်းပြုလေသည်။

ဤလို စကားကောင်းကြသောကြောင့်လည်း ချွေးတပ်သားကလေး သာဆင်မှာ ဖယောင်းတိုင်များကို တစ်တိုင်ပြီးတစ်တိုင် ထွန်းညှိလျက် ရှိနေရလေသည်။ အချိန်မှာလည်း ၁၀ နာရီကျော်လွန်ခဲ့လေပြီ။

ထိုအချိန် ထိုအခိုက်၌ပင် ကျွန်တော်တို့အားလုံးသည် ဂျပန်စစ်ရုံးအဆောက်အအုံရှိရာမှ လူတစ်ဦးတစ်ယောက်၏ စူးစူးရှရှနှင့် ငယ်သံပါအောင် အော်ဟစ်လိုက်သံကို ကြားလိုက်ကြရလေသည်။ တိတ်ဆိတ်ငြိမ်သက်နေသောညအခါဖြစ်သောကြောင့်လည်း ထိုအသံသည် ကျွန်တော်တို့အားလုံး၏ နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းလိုက်သည့်အလား ဖြစ်ရလေသည်။

"ဟာ-ဦးမြိုင်အသံနဲ့တူတယ်"

သူတို့အထဲမှ ချွေးတပ်သားတစ်ယောက်က ပြောပါသည်။

ကျွန်တော်တို့အားလုံးပင် နားစွင့်လိုက်ကြလေသည်။ သူတို့အုပ်စုထဲမှ ခရစ်ယာန်ကရင်အမျိုးသားတစ်ယောက်ကမူ သူ့နှုမှုးနှင့် ရင်ဘတ်နှစ်ဖက်ပေါ်တွင် ထိတို့လိုက်ပြီး မျက်လုံးကို အတန်ကြာမှိတ်လျက် နှုတ်ဖျားက တတွတ်တွတ် ရွတ်ဆိုနေလေသည်။

နောက်ထပ် ကျွန်တော်တို့ မည်သည့်အသံဗလံကိုမျှ မကြားရတော့ချေ။ ဂျပန်စစ်ရုံးဆီမှလည်း တိတ်ဆိတ်ငြိမ်သက်နေသေးယောင် ရှိနေသည်။ သံဖြူဖရုပ်ချွေးတပ်စခန်းကြီးတစ်ခုလုံးမှာမူ အိပ်မောကျနေသော ချွေးတပ်သားပေါင်းများစွာတို့၏ ဟောက်သံ၊ သက်ပြင်းရှူသံ၊ ညည်းညူယောင်ယမ်းသံများဖြင့် စိတ်နှလုံးနောက်ကျိဖွယ်ကောင်းနေလေတော့သည်။

"ဦးမြိုင်တစ်ယောက် သွားရှာပြီထင်တယ်၊ ကြားလိုက်ရတဲ့အသံဟာ ဦးမြိုင်အသံပဲ"

ခပ်စောစောက ဘုရားသခင်ကို တ,လျက် မျက်စိအစုံမှိတ်ထားသော ခရစ်ယာန်ချွေးတပ်သားက ပြောလေသည်။

"ဟုတ်တယ်၊ ဦးမြိုင်အသံပဲ"

တစ်ယောက်သော ဟန်ချိုက ဖြည့်စွက်လျက် ထောက်ခံချက်ပေးလေသည်။

ကျွန်တော်၊ ကိုကောင်းစိန်၊ ကရင်အမျိုးသားကလေး မောင်သာဆင်တို့ကား မည်သို့မျှထင်မြင်ချက် မပေးနိုင်ကြပါ။ ကျွန်တော်တို့သုံးယောက်သည် ဘွန်ထိုက်ချို ဦးမြိုင်အသံဟုတ်မဟုတ် မပြောနိုင်ကြချေ။ ကျွန်တော်တို့တွေ့ကြရသည်မှာ အချိန်တိုတောင်းလွန်းလှပါသည်။

"ခမျာ မုန့်ဟင်းခါးရောင်းနေရင်း အဖမ်းခံရတာ၊ အမှန်ကတော့ တောင်သူလယ်သမားကြီးဗျ၊ မြို့ပေါ်မှာ အရောင်းအဝယ်ကောင်းတယ်ဆိုပြီး သရက်စျေးသွားအဖန်စပ်ယောက် စျေးရောင်းနေရရှာတယ်"

သူတို့နယ်မှ ချွေးတပ်သားတစ်ယောက်က ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သုံးယောက်သည် နောက်ထပ် ဖယောင်းတိုင်တစ်တိုင်မကုန်မီ အတွင်း သူတို့တစ်စုကို နှုတ်ဆက်လျက် ထိုင်ရာမှ ထခဲ့ကြသည်။

အပြင်အပကွင် ခပ်ဆာဆာအချိန်ကထက် မည်းမှောင်တိတ်ဆိတ်နေသည်။ မိုးမှာ မစဲသေးဘဲ တစိမ့်စိမ့်ရွာနေဆဲဖြစ်သည်။ အင်ဖက်အမိုးများပေါ်သို့ မိုးရေ မိုးပေါက်များ ကျဆင်းသံကပင် ထိုညအဖို့ ပို၍စိတ်ပျက်စရာ၊ အားငယ်စရာ ကောင်းလှလေသည်။

ထိုတစ်ညသည် အမဂ်္ဂလာညတစ်ညဟူ၍လည်း၊ ကျွန်တော် စိတ်အမှတ် ထားလိုက်မိသည်။ ထိုကဲ့သို့သော ညမျိုးကို ရှေ့ဆက်၍ အဘယ်မျှ ကျွန်တော်တို့ တွေ့ရပေဦးမည်နည်း။ သည်လိုလည်း၊ ကျွန်တော် တွေးလိုက်မိသည်။

စခန်းမှူးများ၏ အိမ်ငယ်ကလေးရှိရာသို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ခပ်စောစောက မီးရောင်ကိုပင် မတွေ့ရတော့။ အမှောင်နှင့် မည်းမည်းသာ။ စိတ်အားငယ်စရာ ကောင်းလေစွ။

ကျွန်တော်သည် ဂျပန်များ နေထိုင်ရာ အဆောက်အအုံရှိရာသို့လည်း လှမ်းကြည့်လိုက်သည်။ ခပ်မှုန်မှုန် လက်ဆွဲမီးအိမ်၏ မသဲကွဲသော အလင်းရောင် မျှကိုသာ တွေ့ရသည်။ လူရိပ်လူယောင်ဟူ၍ကား အစ,မထင်။

တကယ့် အမဂ်္ဂလာည ဝ ၂ည။

၅။ တောတွင်းချေးတပ်စခန်းများသို့

နောက်တစ်နေ့မနက်၌မူ သံဖြူဇရပ် ချေးတပ်စခန်းသို့ ကျွန်တော်တို့အရင် ရောက်ရှိနေကြသော ဇေးတပ်သားများအား တောတွင်းရှိ ချေးတပ်အလုပ်စခန်း အသီးသီးသို့ ပို့ဆောင်ခြင်းပြုလေသည်။

ချေးတပ်အဖွဲ့များမှာ မြို့နယ်အသီးသီး၊ ခရိုင်အသီးသီး၊ ဒေသအရပ်ရပ်မှ ဖြစ်ကြလေသည်။ မကွေး၊ ရေနံချောင်း၊ ချောက်၊ မုံရွာ၊ ပေါက်၊ မြိုင် စသော ဒေသများနှင့် ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဘိုကလေး စသော မြစ်ဝကျွန်းပေါ် အရပ်များ စသည်ဖြင့် မြန်မာပြည် မြို့ကြီးပြကြီးပေါင်းစုံ၊ ဒေသရပ်ရွာပေါင်းစုံမှ ဖြစ်လေသည်။

သံဖြူဇရပ် ချေးတပ်စခန်းကြီးတစ်ခုလုံးမှာ အော်သံဟစ်သံများ၊ ချေးတပ်သား များ၏ လွှပ်ရှားသံများ၊ စခန်းမှူး၊ စခန်းတာဝန်ခံ စသူများ၏ အသံများ၊ ဂျပန် စစ်သားများ၏ အသံဗလံများဖြင့် ဆူပွက်လျက် ရှိလေသည်။

သံဖြူဇရပ် ချေးတပ်စခန်းသည် မြန်မာနိုင်ငံအရပ်ရပ်မှ ချေးတပ်သားများအား တောတွင်းအလုပ်စခန်းအသီးသီးသို့ ပို့ဆောင်ရန်အတွက် စုစည်းသိုလှောင်ထားသော ပင်မချေးတပ်စခန်းကြီးတစ်ခုသာ ဖြစ်လေသည်။ အမှန်စင်စစ် သံဖြူဇရပ်ချေးတပ် စခန်းဟူ၍ နာမည်ကြီးသော်လည်း၊ ချေးတပ်သားဃေါင်းများစွာသည် ထိုသံဖြူဇရပ် ချေးတပ်စခန်းကြီး၌ အလုပ်လုပ်ကြရသည်တော့ မဟုတ်ချေ။ တကယ်တမ်း ဆင်းရဲပင်ပန်းစွာနှင့် လုပ်ကြကိုင်ကြရသည်မှာ တောတွင်းချေးတပ်စခန်းများသို့ ရောက်ရှိသည့်အခါမှသာလျှင် ဖြစ်လေသည်။

မနေ့ကမှ သံဖြူဇရပ် ချေးတပ်စခန်းသို့ ရောက်ရှိလာကြသော ကျွန်တော်တို့ မအူပင်ခရိုင်မှ ချေးတပ်သားများနှင့် အခြားခရိုင်တစ်ခုနှစ်ခုမှ ချေးတပ်အဖွဲ့သား

www.burmeseclassic.com

www.burmeseclassic.com

များမှာမူ ထိုနေ့အဖို့ တောတွင်းချွေးတပ်စခန်းများသို့ ထွက်ခွာသွားရခြင်း မပြုရသေးပါချေ။ သရက်ခရိုင်မှ ချွေးတပ်သားများမှာလည်း ကျွန်တော်တို့ကဲ့သို့ပင် ဖြစ်လေသည်။

သို့ရာတွင် ကျွန်တော်နှင့် ဘွန်ထိုက်ချို့များကိုမူ မနက်စောစောအချိန်ကပင် ဂျပန်စစ်သားအချို့နှင့် စကားပြန်သူငယ်တစ်ယောက်က လာရောက်ခေါ်ဆင်သဖြင့် သံဖြူဇရပ် ချွေးတပ်စခန်းရှိ ဂျပန်စစ်ဗိုလ်အကြီးဆုံးထံသို့ လိုက်ခဲ့ရလေသည်။

ကျွန်တော်တို့အား လာရောက်၍ ခေါ်ဆင်သော စကားပြန်သူငယ်မှာ ယမန်နေ့က စကားပြန်သူငယ်မဟုတ်ပေ။ ဂျပန်စစ်ဗိုလ်မှာလည်း ယမန်နေ့က မိုးရထားဘူတာရုံတွင် တွေ့ရသော ဂျပန်စစ်ဗိုလ်မဟုတ်ပါချေ။ စကားပြန်သူငယ်မှာ ယမန်နေ့က တွေ့ရသော စကားပြန်သူငယ်နှင့် ခြားနားလေသည်။ စကားအပြောအဆို ပြေပြစ်လျက် ယဉ်ကျေးသိမ်မွေ့ခြင်း ထိုက်သလောက်ရှိလေသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် စကားပြန်သူငယ်အား ဂျပန်စစ်ဗိုလ်က မည်သည့်ကိစ္စအတွက် ခေါ်သည်ဆိုခြင်းကိုလည်းကောင်း၊ ဂျပန်စစ်ဗိုလ် စိတ်သဘောကောင်းမကောင်းဆိုသည့်အကြောင်းကိုလည်းကောင်း၊ ဂျပန်စစ်ဗိုလ်၏ အမည်ကိုလည်းကောင်း မေးမြန်းကြည့်မိလေသည်။

"ခင်ဗျားတို့ကိုခေါ်တာ တောထဲပို့မယ့် ချွေးတပ်သားတွေကို စစ်ဆေးဖို့ အခေါ်ခိုင်းတာပါ၊ ကျွန်တော်တို့ မာစတာက သဘောကောင်းပါတယ်၊ သူ့နာမည်က ဟာတာချိတိုတဲ့" ဟု စကားပြန်သူငယ်က ပြောပါသည်။

မကြာမီ ကျွန်တော်တို့သည် ဂျပန်စစ်ရုံးအဆောက်အအုံရှိရာသို့ ရောက်ခဲ့ကြသည်။ အပေါက်ဝတွင် ဂျပန်စစ်သားနှစ်ယောက် သေနတ်ကိုင်လျက် စောင့်ကြပ်နေသည်။ တစ်နေရာ၌လည်း ဂျပန်စစ်သားလေးငါးဆယ်ခန့် တန်းစီလျက် ရှိနေကြလေသည်။

စကားပြန်သူငယ်နှင့် ကျွန်တော်တို့ကို ခေါ်ဆောင်လာသော ဂျပန်စစ်သားများသည် ကျွန်တော်တို့အား စစ်ရုံးအဆောက်အအုံအပြင်ဘက်တွင် တန်းစီလျက် ရပ်နေစေပါသည်။ ပြီးလျှင် စကားပြန်သူငယ်သည် အဆောက်အအုံအတွင်းရှိ ရုံးခန်းငယ်အတွင်းသို့ ဝင်ရောက်သွားပြီးနောက် ကျွန်တော်တို့တစ်တွေ ရောက်ရှိပြီဖြစ်ကြောင်းနှင့် ဂျပန်စစ်ဗိုလ်အား သွားရောက်၍ အကြောင်းကြားခြင်းပြုလေသည်။

မကြာမီ ရုံးခန်းအတွင်းမှ ရေညှိရောင်အဆင်အသွေးရှိသော စစ်ယူနီဖောင်းကို ဝတ်ဆင်ထားသော ဂျပန်စစ်ဗိုလ်နှင့် စကားပြန်သူငယ်တို့ တွဲလျက် ထွက်လာကြသည်။

ကျွန်တော်သည် ဂျပန်စစ်ဗိုလ်အား သတိထားလျက် အကဲခတ်လိုက်မိလေသည်။ သူသည် အရပ်အတော်ပင် ပုလေသည်။ မျက်နှာအမူအရာမှာ တည်ငြိမ်ရင့်ကျက်လျက် အတော်ပင် ဂုဏ်ရှေ့ရလေသည်။

ရုံးပေါက်ဝမှ ဂျပန်စစ်ဗိုလ် ထွက်လာသည်ဆိုလျှင်ပင် ခပ်လှမ်းလှမ်းတွင် တန်းစီနေသော ဂျပန်စစ်သားများရော၊ ကျွန်တော်တို့ပါ အလေးပြုလိုက်ရလေသည်။ ဂျပန်စစ်ဗိုလ်သည် ကျွန်တော်တို့ ရှေ့တည့်တည့်သို့ ရောက်သည့်အခါ စကားပြန်သူငယ်နှင့်အတူ ရပ်လိုက်လေသည်။ ပြီးလျှင် စကားပြန်သူငယ်မှတစ်ဆင့် ကျွန်တော်တို့အား အလုပ်တာဝန်အတွက် စကားပြောလေသည်။

"ခင်ဗျားတို့ ဘွန်ထိုက်ချိုအား လုံး ဂျပန်မာစတာတွေနဲ့အတူ တောထဲသွားရမယ့်လူတွေရဲ့စာရင်းကို စစ်ဆေးရမယ်၊ ဂျပန်မာစတာတွေကို ဘွန်ထိုက်ချို နစ်ယောက်ကျတွဲပြီး အကူအညီပေးပါတဲ့"

စကားပြန်သူငယ်က ပြောလေသည်။

ပြီးသော် ဂျပန်စစ်ဗိုလ်သည် စကားပြန်သူငယ်အား တစ်ဆင့်ပြောကြားလျက် ကျွန်တော့်ကို တစ်ယောက်တည်း သတ်သတ်ခွဲထုတ်လိုက်သည်။ ကျွန်တော့်လက်မောင်းပေါ်မှ လက်ပတ်ကိုကြည့်၍လည်း၊ ဝါဒဖြန့်ချိရေးမှူးတစ်ယောက်ဖြစ်ကြောင်း သိရှိသွားလေသည်။

"ခင်ဗျားက တောတွင်းသွားရမယ့်လူတွေကို စိတ်ဓာတ်တက်ကြွအောင် ဟောပြောပေးပါတဲ့၊ ဒီလမ်းမကြီးဖောက်လုပ်တာဟာ နိပ္ပွန်ဘုရင်မင်းမြတ်နဲ့ နိပ္ပွန်တပ်မတော်ကြီးအဖို့ရော မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးအတွက်ပါ အင်မတန်အရေးကြီးတယ်တဲ့၊ ဒီလမ်းမကြီးပြီးစီးသွားမှ အရှေ့အာရှစစ်ကြီးဟာ အောင်မြင်မယ်တဲ့"

စကားပြန်သူငယ်သည် ဂျပန်စစ်ဗိုလ် ဟာတာချိတိုက ပြောသည့်အတိုင်း အတော်အတန်ရှည်လျားသော စကားများကို ကျွန်တော့်အား တစ်ဆင့်ပြောကြားလျက် ရှိနေပါသည်။ ထိုစကားများပြီးစီးသည့်နောက်ပိုင်း၌လည်း ကျွန်တော်တစ်ဦးတည်းကို ကွက်လျက် ကိစ္စတာဝန်များပြီးလျှင် သူ့ထံသို့ ထပ်မံလာခဲ့ရမည်ဖြစ်ကြောင်း ပြောလေသည်။ အပေါက်ဝတွင် ရှိနေသော အစောင့်စစ်သားတစ်ယောက်ကိုလည်း ကျွန်တော့်ကို ညွှန်ပြလျက် တစ်စုံတစ်ရာ လှမ်းအပြာလို့က်သည်။

ဆိုလိုသည်သဘောမှာ ကျွန်တော်လာလျှင် ဝင်ခွင့်ပြုရန်နှင့် သူ့ထံသို့ခေါ်ခဲ့ရန် ပြောလိုက်ခြင်း ဖြစ်ဟန်တူလေသည်။ ဂျပန်စစ်သားသည် ကျွန်တော့်မျက်နှာနှင့်

www.burmeseclassic.com

www.burmeseclassic.com

လက်ပတ်ကို လှမ်းကြည့်လျက် ဟာတာချိတိုအား ဦးခေါင်းညွှတ်ကာ အလေးပြုလိုက်လေသည်။

ဂျပန်စစ်ဗိုလ် ဟာတာချိတို၏ အစီအစဉ်အရ မကြာမီအချိန်အတွင်း ဂျပန်စစ်သားငါးယောက်လျှင် ဘွန်ထိုက်ချို့နှစ်ယောက်ကျတွဲလျက် လွတ်လိုက်လေသည်။ ကျွန်တော့်ကိုလည်း သွားခွင့်ပြုလိုက်လေသည်။

ဤလိုနှင့်သာ ဘွန်ထိုက်ချို ကိုကောင်းစိန် အစရှိသောသူများနှင့် ကျွန်တော်မှာ ဂျပန်စစ်သားအချို့နှင့် တွဲဖက်လျက် တောတွင်းသို့ပို့မည့် ရွေးတပ်သားများအား စစ်ဆေးရခြင်း၊ သွေးထိုးစကားများကို ပြောရခြင်း စသည်များကို လုပ်ကိုင်ကြရလေသည်။

ထိုအတွင်းကပင် ကျွန်တော်သည် ဘွန်ထိုက်ချို့ကြီး ဦးမြိုင်၏ ညက အဖြစ်ကို သတိရမိသဖြင့် ဦးမြိုင်အား တွေ့လိုတွေ့ငြားသဘောဖြင့် တောင်တောင်မြောက်မြောက် ကြည့်မိလေသည်။ သို့ရာတွင် ဦးမြိုင်အား အစအနအရိပ်အရောင် မျှပင် မတွေ့ရပေ။ ဦးမြိုင်ကိစ္စကို မေးမြန်းရန်အတွက် သရက်ခရိုင် ရွေးတပ်သားများရှိရာ တဲတန်းလျားသို့လည်း ကျွန်တော်သွား၍ မဖြစ်သေးပါပေ။ ဂျပန်စစ်သားများ၊ စခန်းမှူး၊ စခန်းတာဝန်ခံ အစရှိသူများနှင့်တွဲလျက် တာဝန်ယူထားရသောကြောင့်လည်း မိမိသဘောအတိုင်း သွားချင်ရာသွား၍ မဖြစ်သေးဘဲ ရှိနေရလေသည်။

ထိုနေ့နံနက်ခင်းမှာ မိုးလေကင်းရှင်းသော နံနက်ခင်း ဖြစ်လေသည်။

ထောင်နှင့်ချီသော များပြားသော ရွေးတပ်အဖွဲ့သားများသည် သံဖြူဇရပ်ရွေးတပ်စခန်းကြီး၏ ဝင်းအတွင်း၌သော်လည်းကောင်း၊ ဝင်း၏အပြင်ပ၌သော်လည်းကောင်း လေးယောက်တစ်တွဲ တန်းစီကာ ငုတ်တုတ်ထိုင်နေကြရလေသည်။ ဘွန်ထိုက်ချို၊ ဟန်ချို စသူများကလည်း ဂျပန်စစ်သားများ၊ စခန်းမှူးများနှင့် တွဲလျက် လူစစ်ဆေးခြင်း၊ လိုနေသေးသော မိမိတို့ရွေးတပ်သားများကို အော်ဟစ်ခေါင်းခြင်း၊ စနစ်တကျမရှိသူများအား စခန်းမှူးနှင့် ဂျပန်စစ်သားများက ဆဲရေးတိုင်းထွာကာ တွန်းထိုးကန်ကျောက်ခြင်း စသည်ဖြင့် ရွေးတပ်စခန်းကြီးတစ်ခုလုံး အဝီစိပွက်သည့်အလား သောသောညည်းဖြစ်နေလေတော့သည်။

'ဖျာပုံခရိုင်၊ ဖျာပုံခရိုင်' ဟူ၍လည်းကောင်း၊ 'သာယာဝတီ၊ သာယာဝတီ' ဟူ၍လည်းကောင်း၊ 'မြို့၊ မြို့' ဟူ၍လည်းကောင်း၊ 'ပြည်ခရိုင်၊ ပြည်ခရိုင်' ဟူ၍လည်းကောင်း ဘွန်ထိုက်ချိုများ၊ ဟန်ချိုများ၏ အသံများလည်း နားကွဲမတတ်ကြားနေရလေသည်။

ဤသို့ အော်ဟစ်ခေါင်းရခြင်းများလည်း အမှန်စင်စစ် လိုနေသော ရွေးတပ်သားများ၏ အမည်ကို အတိအကျမသိနိုင်သောကြောင့် ဖြစ်ရလေသည်။ ဘွန်ထိုက်ချို့နှင့် ဟန်ချိုများသည် မိမိတို့အဖွဲ့မှ လူဘယ်နှယ်ယောက် လျော့နေသည်စသော အဖြစ်လောက်ကိုသာ သိရှိနိုင်ကြလေသည်။ နယ်ပေါင်းစုံ၊ အရပ်ဒေသပေါင်းစုံမှ လူပေါင်းစုံတို့ ဖြစ်ခြင်းကြောင့်လည်း တစ်ယောက်နှင့်တစ်ယောက် အမည်နာမကို သိရှိရန် ခဲယဉ်းလှလေသည်။ တစ်မြို့တည်းသား၊ တစ်ရွာတည်းသူများလောက်သာလျှင် တစ်ယောက်နှင့်တစ်ယောက် အမည်နာမ အတိုအကျကို သိရှိနိုင်ကြလေသည်။

ဤကိစ္စ ဤအဖြစ်မှာလည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသော ထိုင်း–မြန်မာ မီးရထားလမ်းဖောက်လုပ်သည့်ကိစ္စနှင့် ပတ်သက်၍ သိသင့်သိထိုက်သော မှတ်သားလောက်သည့် ကိစ္စတစ်ခုပင် ဖြစ်လေသည်။

ဂျပန်များသည် ထိုင်း–မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးအတွက် အလုပ်သမားများ အလိုရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်ဒေသမှ အာဏာပိုင်များနှင့် တိုင်ပင်ကာ ရွေးတပ်သားဦးရေ ပြည့်ဝစွာရရှိရေးတစ်ခုတည်းကိုသာ အဓိကထားခဲ့ပေသည်။

ငင်းတို့ခေါ်ဆောင်လာသော ရွေးတပ်သားသည် မည်သည့်မြို့နယ်မှဖြစ်သည်ဟူ၍လည်းကောင်း၊ မည်သူမည်ဝါဖြစ်၍ မည်သူ၏သားဟူ၍လည်းကောင်း စာရင်းအင်းရေးမှတ်ထားခြင်း မရှိပါချေ။ စခန်းမှူးများ၊ ဘွန်ထိုက်ချိုများနှင့် ဂျပန်များ ယခုကဲ့သို့ စာရင်းစစ်ဆေးနေရခြင်းသည်ပင် မည်သည့်ခရိုင်က ရွေးတပ်သားဦးရေ မည်မျှဟူသော အရေအတွက်လောက်သာ ဖြစ်လေသည်။

မကြာမီ လူစစ်ဆေး၍ ပြီးစီးသွားသော ရွေးတပ်သားများသည် အုပ်စုအလိုက် ဖွဲ့စည်းလျက် တောတွင်းရွေးတပ်သားများရှိရာသို့ ချီတက်ခြင်းပြုကြရလေသည်။ တစ်ခရိုင်ပြီး တစ်ခရိုင်၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဖြစ်လေသည်။

သေနတ်ကို ပခုံးထက်လွယ်ထားသော လက်များတွင် ဝါးစိမ်းတုတ်များကိုင်ထားသော ဂျပန်စစ်သားများသည် နှစ်ယောက်တွဲလျက်သော်လည်းကောင်း၊ သုံးယောက်တွဲလျက်သော်လည်းကောင်း သူတို့အချင်းချင်း စကားပြောလျက် ရွေးတပ်သားများအား ကျဲအုပ်၊ နွားအုပ်ကြီးများကို မောင်းနှင်သည့်ပမာ ခေါ်ဆောင်သွားကြလေသည်။

ကျွန်တော်သည် စခန်းပေါက်ဝ တစ်နေရာတွင် ရပ်လျက် ထိုအဖြစ်ကို ငေးမျှော်ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

မိုးမရွာသည့်အခါ ခပ်လှမ်းလှမ်းရှိ မြင်ကွင်းများအား လုံးသည် စိမ်းစိုညိုမောင်းသော ''တောအုပ်ကြီးများနှင့် မင်းလွင်မြို့ခိုးတွေ ဝေမှိုင်းရစ်ဖွဲ့နေသော မြင်ကွင်းတွေချည်းသာ ဖြစ်လေသည်။ တောအားလုံးမှာလည်း နံနက်ခင်း၏ ကျေးဇူး၊ ငှက်သံကလေးများနှင့် စိစီညံလျက်ရှိလေသည်။ ရံဖန်ရံခါဌ်ကား သမင်ကလေးများ၊ ချေသတ္တဝါကလေးများ၏ ဟောက်သံ၊ တောက်သံများသည် ခပ်လှမ်းလှမ်းအရပ်ဆီမှ ထွက်ပေါ်လာလေသည်။

ကျွန်တော်သည် အသွင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ချိတက်သွားနေကြသော ချွေးတပ်သားအဖွဲ့များကို ကြည့်လိုက်မိလေသည်။

သူတို့သည် လေးယောက်တစ်တွဲ အနေအထားဖြင့် စဉ်ထွက်သော်လည်း လေးယောက်တွဲအနေအထား မဟုတ်လေတော့။ စခန်းနှင့် အတော်ကလေးလှမ်းသွားသည့်အခါ အနေအထားတွေ ပျက်ကုန်ကြလေသည်။

အချို့သည် ခြေလှမ်းမှန်မှန် လျှောက်နေကြသော်လည်း အချို့ကား မတုန်မလှုပ်နှင့် တအိအိ တနဲ့နဲ့ သွားလျှောက်နေကြလေသည်။ သူတို့ကို မြင်ရကြည့်ရသည်မှာ ရှေ့ခရီးအတွက် သွားရမည်ကို ဝန်လေးတွန့်ဆုတ်နေဟန်ဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်စစ်သားများ၏ အပြုအမူကိုလည်း သတိထားကြည့်လိုက်မိပါသည်။ အချို့ဂျပန်စစ်သားများသည် စကားတပြောပြောနှင့် ခပ်အေးအေး သွားနေသော်လည်း အချို့သော ဂျပန်စစ်သားများမှာမူ ချွေးတပ်သားများအား ဝါးစိမ်းခက်များနှင့် တဖျန်းဖျန်း လိုက်ရိုက်နေလေသည်။ ပါးစပ်ကလည်း ဆဲဆိုအော်ဟစ်နေလေသည်။ ထိုအခါ လေးလေးကွေးကွေးဖြစ်နေသော ချွေးတပ်သားများသည် အနိုင်နိုင်အားတင်းလျက် ခြေလှမ်းကို ခပ်သုတ်သုတ်လျှောက်ကြလေသည်။

စခန်းပေါက်ဝမှနေလျက် ကားလမ်းအတိုင်း မျှော်ကြည့်လျှင် ခပ်လှမ်းလှမ်းတစ်နေရာသို့အရောက်တွင် ကားလမ်းမှာ ကွယ်ပျောက်နေလေသည်။ တောင်နှစ်လုံးအကြားမှ ဖြတ်လျက် ဖောက်လုပ်ထားခြင်းကြောင့် ရှေ့ခရီးကို မျှော်ကြည့်၍ မမြင်ရတော့ချေ။ မိုးကုပ်စက်ဝိုင်းသည် ထိုနေရာတွင် ကွယ်ပျောက်ခဲ့ချေပြီ။

ရှေ့ဆုံးမှ ချိတက်သွားသော ချွေးတပ်သားအုပ်စုသည် တောင်နှစ်လုံးအကြားသို့ တစ်စတစ်စ ဝင်ရောက်သွားကြလေသည်။ ကြည့်ရသည်မှာလည်း ရှေ့ကို့စရာကောင်းလှသည်။ ထိုသူ ထိုချွေးတပ်သားများသည် သေမင်းနိုင်ငံသို့ သွားရောက်ရန်အတွက် သေမင်း၏ ခံတွင်းပေါက်အတွင်းသို့ ဝင်ရောက်နေခြင်းနှင့် တူလှတော့သည်။

''ကျွန်တော်တို့တစ်တွေလဲ ဘယ်နေ့သွားရမယ် မသိဘူး၊ သွားကြရမှာပဲ ဆရာလေး''

ထိုအသံကြောင့် နောက်သို့ ကျွန်တော် လှည့်ကြည့်လိုက်ပါသည်။

ကရင်ကလေး သာဆင်ပင် ဖြစ်လေသည်။ သူသည် ဘယ်အချိန်က ကျွန်တော့်အနီးသို့ ရောက်ရှိနေမှန်းပင် မပြောတတ်ပေ။

ကျွန်တော် ရုတ်တရက် မဖြေနိုင်သေးပါ။ ချိတက်သွားသော ချွေးတပ်သားများကို ကြည့်လျက် တွေတွေငေးငေးဖြစ်နေရလေသည်။

''ဒီစခန်းမှာတောင် ဒါလောက်အနေအစားဆင်းရဲပြီး ဂျပန်တွေက နှိပ်စက်သေးတာ၊ တောတွင်းရောက်ရင် ပိုဆိုးမှာပဲ ဆရာလေး''

သာဆင်က နောက်ထပ် ပြောပါသည်။ အတော်ပင် သတ္တိကောင်းသူ လူငယ်တစ်ယောက်ဟု ဆိုရသော်လည်း သူ့မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲနေလေသည်။

''သွားတော့ သွားရမှာပေါ့ကွာ၊ ဒါပေမယ့် သိပ်လဲ စိုးရိမ်မနေပါနဲ့၊ တို့ဟာ ဖြစ်သမျှအကြောင်း အကောင်းချည်း သဘောထားရမယ့် ဘဝကွ၊ ခုမှ ထွက်ပြေးဖို့ ဆိုတာလဲ သိပ်မလွယ်တော့ဘူး သာဆင်''

ကျွန်တော်က ပြောလိုက်သည်။ အမှန်အားဖြင့်လည်း သံဖြူဇရပ် ချွေးတပ်စခန်းအတွင်းသို့ ရောက်သည်ဆိုလျှင်ပင် ထွက်ပြေးရန် မလွယ်လှတော့ပါ။ ထွက်ပြေး၍ မိလာသူများကိုလည်း ဂျပန်များက ကြိုးချည်ကြိုးတုပ်လျက် နှိပ်စက်နည်းအမျိုးမျိုးအဖုံဖုံနှင့် နှိပ်စက်ကြလေသည်။ ဤအထဲက ဂျပန်အလိုတော်ရှိမြန်မာ၊ မွန်၊ ကုလားဒိန် စသော သစ္စာဖောက်များကလည်း ဝင်ရောက်ကာ ဒုက္ခပေးတတ်လေသည်။

''ကျွန်တော်တို့ ဘယ်နေ့လောက် သွားရမလဲ''

သာဆင်က ညှိုးငယ်စွာ မေးလေသည်။

''သိပ်ကြာမယ်တော့ မထင်ဘူး၊ တို့ ဒီမှာနေရလွန်ရင် သုံးလေးရက်ပဲ၊ သူတို့က လူသစ်ရောက်ရင် လူဟောင်းကို ပို့တဲ့သဘောပဲ''

www.burmeseclassic.com

www.burmeseclassic.com

သာဆင်သည် ကျွန်တော်တို့အနီးတွင် ရပ်လျက် ကျွန်တော်ကဲ့သို့ပင် တောတွင်း ချွေးတပ်စခန်းများရှိရာသို့ ချီတက်သွားကြသော ချွေးတပ်အဖွဲ့များကို လှမ်းကြည့်နေလေသည်။

အချိန်အတန်ငယ်ကြာသည့်အခါ ကျွန်ဆော်သည် သာဆင်အား တဲတန်းလျားရှိရာသို့ သွားရောက်နေရန် ပြောကြားခဲ့ပြီးနောက် ဂျပန်စစ်ဗိုလ် ဟာတာချီတို့၏ ရုံးခန်းရှိရာသို့ ထွက်ခဲ့ရလေသည်။

ဂျပန်စစ်သားနှစ်ယောက်သည် ကျွန်တော့်အား တားမြစ်စစ်ဆေးခြင်းမပြုဘဲ ဝင်ရောက်ခွင့်ပြုလိုက်ပါသည်။ အခန်းပေါက်ဝတွင် ခပ်စောစောက စကားပြန်သူငယ်မှာ ခွေးခြေငယ်တစ်လုံးပေါ်တွင် ထိုင်လျက် ဂျပန်စကားသင် စာအုပ်ငယ်တစ်အုပ်ကို ဖတ်လျက် ရှိလေသည်။ သူငယ်သည် ကျွန်တော့်ကို တွေ့သည့်အခါ သူ့အနီးရှိ ကုလားထိုင်ငယ်တစ်လုံးထက်၌ ထိုင်စေရန် ညွှန်ပြပြောဆိုခြင်းပြုလေသည်။

"ခဏနေဦးဗျ၊ အထဲမှာ ညည်သည်စစ်ဗိုလ်နှစ်ယောက် ရောက်နေတယ်"

ကျွန်တော်သည် ထိုသူငယ် ညွှန်ပြသော ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်ပါသည်။

"မင်းနာမည် ဘယ်သူလို့ ခေါ်လဲကွ"

ကျွန်တော်က မိတ်ဆွေဖွဲ့လိုသည့် သဘောနှင့် မေးလိုက်ပါသည်။

"မောင်အေးချို"

"ဇာတိက ဘယ်ကလဲကွယ်"

"ကျွန်တော့်ဇာတိက ပျဉ်းမနားနယ်ဘက်ကပါ"

"ဒီရောက်တာ အတော်ကြာပြီလားကွယ်"

"သုံးလေးလလောက် ရှိပြီဗျ"

မောင်အေးချိုမှာ အတော်ပင် ဆက်ဆံရေးကောင်းပါသည်။ ယမန်နေ့က တွေ့ခဲ့ရသော စကားပြန်သူငယ်နှင့်ကား ဆိုနှင့်ရေလောက် ကွဲပြားခြားနားလှသည်။ ကျွန်တော်က စကားအဆက်စပ်ရ၍ မေးမြန်းကြည့်သောကြောင့်လည်း သူ့အဖြစ်၊ သူ့အကြောင်းကလေးများကို စိတ်ဝင်စားဖွယ် ကျွန်တော် သိရလေသည်။

မောင်အေးချိုမှာ မိဘနှစ်ပါးစလုံး မရှိတော့ဟု ဆိုပါသည်။ သူသည် ဆင်းရဲနွမ်းပါးသော အဘွားနှင့် နေထိုင်ရာမှ အဘွားကို လုပ်ကိုင်ကျွေးမွေးလိုသဖြင့် ဂျပန်စကားသင်ကျောင်းတွင် တက်ရောက်သင်ကြားကာ စစ်တပ်ထဲသို့ ရောက်လာခဲ့ခြင်းဖြစ်သည်ဟု ဆိုလေသည်။ သူ့အသက်မှာ ဆယ့်လေးနှစ်သာ ရှိလေသည်။ သူ စစ်တပ်ထဲသို့ရောက်သည့်အခါ စစ်ဗိုလ်ဟာတာချီတို့၏ စကားပြန်ကလေးတစ်ယောက် ဖြစ်ခဲ့လေသည်။ သို့ရာတွင် ထိုသူငယ် မောင်အေးချိုအဖို့ ဝမ်းနည်းစရာကောင်းသည်မှာ ဂျပန်စစ်တပ်ထဲသို့ သူ ရောက်ရှိခဲ့ပြီးနောက် သုံးလကျော်၊ လေးလလောက်အရ၌ပင် သူ့အဘွားမှာ ကွယ်လွန်အနိစ္စရောက်ခဲ့သည်ဟု ဆိုလေသည်။

ကျွန်တော်သည် မောင်အေးချိုအကြောင်းကို မေးမြန်းပြီးနောက် ကျွန်တော်တို့နှင့် ပတ်သက်သော အကြောင်းကိစ္စများကိုလည်း သူ့ထံမှတစ်ဆင့် မေးမြန်းနုစမ်းခြင်းပြုရပါလေသည်။

ဤတွင် ခပ်စောစောက ကျွန်တော်တို့ ထင်ထားသည့်အတိုင်း ကျွန်တော်တို့တပ်ဖွဲ့များသည် နောက်ထပ် သံဖြူဧရပ်စခန်းတွင် နှစ်ရက်၊ သုံးရက်ခန့်နေပြီးလျှင် တောတွင်းချွေးတပ်စခန်းများသို့ သွားရောက်ကြရလိမ့်မည်ဖြစ်ကြောင်း သိရှိရလေသည်။

"အရေးကြီးတာကတော့ တောတွင်းချွေးတပ်စခန်းရောက်ရင် ဆေးဝါးက သိပ်ရှားတယ်ဗျာ၊ အဲဒီတော့ သံဖြူဧရပ်မြို့ထဲက ဆေးဝါးရမယ်ဆိုရင်တော့ ဝယ်သွားပေါ့ဗျာ"

"ဝယ်လို့ကော ရပါ့မလား၊ သံဖြူဧရပ်မြို့ထဲကိုရော သွားခွင့်ပေးပါ့မလားကွယ်"

"ချွေးတပ်သားတွေ မသွားရပေမယ့် ခင်ဗျားတို့လို ဝါဒဖြန့်ချိရေးမှူးတွေနဲ့ စခန်းမှူးတွေကျတော့ သွားခွင့်ပေးပါတယ်၊ ဂျပန်စစ်ဗိုလ်ဆီက လက်မှတ်ယူသွားရတယ်၊ မာစတာဟာတာဆီက လက်မှတ် ကျွန်တော် တောင်းပေးမယ်လေ"

မောင်အေးချိုက ပြောလေသည်။

"အေးကွာ–ကျေးဇူးပဲ မောင်အေးချို၊ တောင်းပေးစမ်းပါကွာ"

ထိုအတွင်း၌ပင် စစ်ဗိုလ်ဟာတာ၏ အခန်းတွင်းမှ ဂျပန်စစ်ဗိုလ်နှစ်ယောက် ထွက်လာသည်။ နှစ်ယောက်စလုံးပင် မျက်မှန်နှင့် ဖြစ်ကြလေသည်။ သူတို့သည် ဟာတာထက်လည်း အရပ်အမောင်းကောင်းကြလေသည်။ ယူနီဖောင်းများမှာလည်း မစ္စတာဟာတာ၏ ယူနီဖောင်းကဲ့သို့ပင် ရေညှိရောင်များ ဖြစ်လေသည်။

ကျွန်တော်နှင့် မောင်အေးချိုသည် ချက်ချင်းပင် ထိုင်ရာမှ ပြင်ဆင်ထလျက် အလေးပြုလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်ဗိုလ်တစ်ယောက်သည် မောင်အေးချို၏ ပခုံးကို လှမ်းကိုင်လိုက်သည်။ "ဘိဓမာ ကောင်းတာကား၊ ကောင်းကောင်း ရိုကာား" ဟူ၍လည်း ဆိုလေသည်။

"ဟိုက်-မာစတာ"

မကြာမီ စစ်ဗိုလ်နှစ်ယောက် ထွက်ခွာသွားကြသည်။

"ကျွန်တော့်ကို နေကောင်းသလား၊ ငမ တဲ့ စစ်ဗိုလ်က မကြာခင် တဲတား ဆောက်ဖို့ တောထဲသွားရမယ်၊ သူက အင်ဂျင်နီယာ" ဟု မောင်အေးချိုက ပြောလေသည်။

ကျွန်တော်တို့သည် စကားဆုံးလျှင်ပင် မစ္စတာဟာတာ၏ ရုံးခန်းကလေး အတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ ကွန်တော်နှင့် စကားပြန် သူငယ်ကလေး မောင်အေးချိုတို့ စားပွဲရှေ့၌ ရပ်လိုက်မိသည်အခါ၌ပင် ဂျပန်စစ်ဗိုလ် မစ္စတာဟာတာသည် ကျွန်တော် ရုတ်တရက် အံ့သြလောက်အောင် မပီမသသော လေသံဖြင့် ဗမာလိုပြောလေသည်။

"မင်းရဲ့အလုပ်တာဝန် ပြီးခဲ့တက"

"ဟုတ်ကဲ့ မာစတာ၊ ပြီးခဲ့ပါပြီ"

"နိပွန်တပ်မတော်နဲ့ တွဲပြီး အလုပ်လုပ်ရတာ ကောင်းတက"

"ကောင်းပါတယ် မာစတာ"

"ဘိဓမာနာမည် ဘာခေါ်တက"

"သက်ပန်လို့ ခေါ်တယ်"

"မာစတာပြောတာ နားလည်တက"

"နားလည်ပါတယ် မာစတာ"

မစ္စတာဟာတာသည် သဘောကျသလို ပြုံးလေသည်။ ပြီးလျှင် ကျွန်တော့် အမည်နှင့် ကျွန်တော်၏ဇာတိကိုလည်း စာအုပ်ငယ်တစ်အုပ်တွင် ရေးမှတ်ထားလေသည်။

နောက်ထပ်လျှက် ပြောကြားသော စကားများကိုမူ မစ္စတာဟာတာသည် စကားပြန်ကလေး မောင်အေးချိုမှတစ်ဆင့် ပြောလေသည်။ သူပြောသော အကြောင်းအရာများသည် ကျွန်တော်၏ အလုပ်တာဝန်နှင့် ပတ်သက်သော စကားများဖြစ်လေသည်။ အရေ့အာရှတိုက်သားများ ကောင်းစားရေး၊ နိပွန်ဘုရင်မင်းမြတ် အလိုတော်ကျဖြစ်စေရေး၊ နိပွန်တပ်မတော်ကြီး စစ်အောင်မြင်ရေးဆိုသော စကားများမှာ သူတို့ဂျပန်များ၏ ထာဝစဉ် လက်သုံးစကားများ ဖြစ်နေဟန်တူလေသည်။

စကားပြန်သူငယ်ကလေး မောင်အေးချိုသည် သူပြောဆိုထားသည့်အတိုင်း ဂျပန်စစ်ဗိုလ် မစ္စတာဟာတာထံမှ လက်မှတ်တစ်စောင်ကို ကျွန်တော့်အား တောင်းပေးပါသည်။ မင်အနီတံဆိပ်တုံးရိုက်နှိပ်ထား၍ ဂျပန်စာများ ရေးသားထားသော စာရွက်ငယ်တစ်ရွက်ပေါ်တွင် မစ္စတာဟာတာသည် လက်မှတ်ရေးထိုးလျက် ကျွန်တော့်အား ပေးလေသည်။

ထိုလက်မှတ်ကလေး၏ တန်ခိုးကြောင့်ပင် ကျွန်တော်သည် သံဖြူဇရပ်မြို့တွင်းသို့ သွားရောက်နိုင်ခွင့်ရရှိလျက် ကျွန်တော် လိုချင်သော ဆေးဝါးကလေးများ၊ ဆေးလိပ်စသည်ကလေးများနှင့် အခြားသော အသုံးအဆောင်ပစ္စည်းကလေးများကို ဝယ်ခြမ်းနိုင်ခြင်း ရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

၆။ တျာက်တစ်လုံးစနိုး

တောတွင်း ချွေးတပ်စခန်းရှိရာသို့ ကျွန်တော်တို့ ထွက်ခွာမသွားရသေးမီ နောက်တစ်နေ့ မနက်၌ ဘွန်ထိုက်ချို ကိုကောင်းစိန်သည် ကျွန်တော်ရှိရာသို့ ပေါက်လာပါလေသည်။

"ကိုသက်ပန်- ခင်ဗျား သတင်းတစ်ခု ကြားပြီးပြီလား"

ကိုကောင်းစိန်က ကျွန်တော့်ကို မေးမြန်းခြင်းပြုလေသည်။ သူ့အမူအရာကို ကြည့်ရသည်မှာလည်း တစ်စုံတစ်ရာအကြောင်းကြောင့် စိတ်နလုံးမချမ်းမြေ့ဟန် ရှိလေသည်။

"ဘာလဲ ကိုကောင်းစိန်၊ ဘာသတင်းထူးကြားလို့လဲ"

ကျွန်တော်က မေးလိုက်ပါသည်။

ကိုကောင်းစိန်သည် တောင်မြောက်လေးပါးကို ကြည့်လျက် ကျွန်တော့် ဘေးတွင် ဝင်ရောက်ကာ ထိုင်လိုက်လေသည်။

"ဘွန်ထိုက်ချိုကြီး ဦးမြိုင် သေသွားပြီ"

"ခင်ဗျားကို ဘယ်သူက ပြောသလဲ ကိုကောင်းစိန်"

"ခပ်တိုးတိုး ပြောဗျ၊ ဒီပြင်လူတွေ ကြားသွားမယ်၊ ကျွန်တော့်ကို ပြော လိုက်တဲ့လူတွေက ဘယ်သူ့မှ ပြန်မပြောဖို့ နှုတ်ပိတ်လိုက်တယ်၊ ဦးမြိုင်ရဲ့အလောင်း ကို သွားမြုပ်ရတဲ့ အကောင်တွေက ပြောတာဗျ"

"သူတို့တတွေရော သိကြပြီလား"

"ဘယ်မှာ သိပါ့မလဲဗျာ၊ သူတို့သိတာက ပြန်မလာတာပဲ သိမှာပေါ့၊ အဲဒီ ညက ဘက်နက်နဲ့ တစ်ချက်တည်း ထိုးသတ်လိုက်သတဲ့ဗျာ"

"ကျတ်-ကျတ်-ဖြစ်ရလေဗျာ၊ သက်သက်မဲ့ အပြစ်မရှိ အပြစ်ရှာ သတ်လိုက် တာပဲ၊ ဂျပန်စစ်ဗိုလ် ဟာတာကလဲ ဘာမှမပြောဘူး ထင်ပါရဲ့ဗျာ"

ကျွန်တော်က စုတ်သပ်လျက် ညည်းညူလိုက်မိပါသည်။

"ဘာပြောမှာလဲဗျာ၊ သူတို့က စဗိုင်ဆိုပြီး စွပ်စွဲသတ်ပစ်တာပဲ၊ အမှန်တော့ သူတို့လက်ခုပ်ထဲက ရေမဟုတ်လား၊ စစ်ဖြစ်လာရင် စဗိုင်ဆိုတဲ့ စွပ်စွဲချက်ဟာ အင်မတန်ကြောက်စရာကောင်းတယ် ကိုသက်ပန်"

ကျွန်တော်သည် အချိန်အတော်ကြာ ငိုင်နေမိပါသည်။ ကိုကောင်းစိန် ကြားသိလာရသည်ဆိုသော ဘွန်ထိုက်ချိုကြီး ဦးမြိုင်၏ ကိစ္စမှာ မည်မျှလောက် မှားသည်၊ မှန်သည်ဟူ၍တော့ မသိ။ ဦးမြိုင်မှာ ဂျပန်များ ခေါ်ဆောင်သွားချိန်မှ စလျက် သူတို့ သရက်ခရိုင် ချွေးတပ်သားများ တောတွင်းစခန်းသို့ ထွက်ခွာသွား ရချိန်အထိ ပြန်မပေါ်လာတော့ပါချေ။

ထိုကဲ့သို့ရှိနေခိုက် ဂျပန်စကားပြန်ကလေး မောင်အေးချိုသည် တဲပေါက်ဝမှ ကျွန်တော်ရှိရာသို့ ဝင်ရောက်လာလေသည်။

ဘွန်ထိုက်ချို ကိုကောင်းစိန်မှာလည်း ကျွန်တော့်အနီးမှ ထွက်ခွာသွားလေ သည်။

"ဘာလဲဟေ့-မောင်အေးချို"

ကျွန်တော်ကပင် ဦးအောင် လှမ်းမေးလိုက်ပါသည်။

"မာစတာ ဟာတာ ခေါ်နေတယ်ဗျ"

"ဘယ်မှာလဲကွယ်-ရုံးခန်းမှာလား"

ကျွန်တော်သည် ထိုအမေးကို မေးရင်း ထိုင်ရာမှ ထလိုက်ပါသည်။

"ရုံးခန်းထဲမှာ မဟုတ်ဘူးဗျာ၊ ချွေးတပ်သားတွေ ကြိုးချည်ထားတဲ့ နေရာမှာ"

မောင်အေးချို၏ စကားကြောင့် ရုတ်တရက် ကျွန်တော့်မှာ ထိတ်ခနဲ ဖြစ်သွားမိပါသည်။ ချွေးတပ်သားများ ကြိုးတုပ်၊ ကြိုးချည် ခံကြရပြန်ပြီဆိုသည့် အတွက် စိတ်မကောင်းဖြစ်ရပြန်ပါသည်။

ကျွန်တော်နှင့် စကားပြန်သူငယ်ကလေး မောင်အေးချိုတို့သည် တဲတန်းလျား အတွင်းမှ လျင်မြန်စွာ ထွက်ခွာခဲ့ကြပါသည်။

"ဘယ်လိုဖြစ်လို့ ချွေးတပ်သားတွေကို ကြိုးနဲ့ တုပ်ထားတာလဲကွာ၊ ဘယ်နှစ်ယောက်လဲ"

တဲလိုင်းအပြင်သို့ ရောက်သည့်အခါ ကျွန်တော်က မေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"လေးယောက်ဗျ၊ ထွက်ပြေးတာကို မော်လမြိုင်ကနေ ဖမ်းပြီး ပြန်ပို့လိုက်တယ်လေ၊ မနေ့ညနေကတည်းက ကြိုးတုပ်ထားတာ"

ကျွန်တော်သည် မောင်အေးချို ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ရလေသည်။ ချွေးတပ်သားများအား အပြစ်ရှိ၍ ကြိုးတုပ်ခြင်းပြုသည့်အခါ ဂျပန်စစ်ရုံးအဆောက်အအုံ၏ နောက်ဘက်တွင် ဖြစ်လေသည်။ မစ္စတာ ဟာတာနေသော အိမ်ငယ်မှာ ထိုနေရာနှင့် ဆယ်လေးငါးကိုက် အကွာအဝေး ရှိလေသည်။

ထိုကုန်း၏ အောက်ခြေအနိမ့်ပိုင်း၌လည်း ဂျပန်စစ်တန်းလျားနှစ်လုံး၊ ရိက္ခာဂိုဒေါင်များနှင့် ဂျပန်စစ်ဗိုလ်များ နေထိုင်သည့် အိမ်ငယ်ကလေးများ ရှိလေသည်။ ဘေးပတ်လည်မှာ သံဆူးကြိုးဝင်း ခတ်ထားသည်။ ဝင်းအပြင်တစ်လျှောက်လုံးမှာ ရာဘာပင်များ ထူထပ်လျက် စိမ်းစိုနေလေသည်။ ဤနေရာမျိုးသည် လေကြောင်းရန်အတွက် အကောင်းဆုံးသော အကာအကွယ်ပြုနိုင်သည့် နေရာမျိုး ဖြစ်ပေသည်။

ကျွန်တော်တို့သည် မကြာမီပင် ချွေးတပ်သားလေးယောက်အား ကြိုးတုပ်ချည်နှောင်ထားသည့်နေရာသို့ ရောက်ရှိခဲ့ကြသည်။ ကြိုးချည်ထားသည်မှာ ရာဘာပင်လေးပင်၌ တစ်ယောက် တစ်ပင်ကျ ချည်နှောင်ထားခြင်း ဖြစ်လေသည်။

ကြိုးတုပ် ကြိုးချည်ထားခြင်းကို ခံနေကြရရှာသော ချွေးတပ်သားလေးယောက်တို့၏ ရှေ့တွင်မူ ဂျပန်စစ်ဗိုလ် မစ္စတာ ဟာတာနှင့်အတူ အခြားသော ဂျပန်စစ်ဗိုလ် သုံးလေးယောက်ကိုလည်း တွေ့ရသည်။ ဂျပန်စစ်သား ဆယ်လေးငါးယောက်ကိုလည်း တွေ့မြင်ရသည်။ ဂျပန်စစ်ဗိုလ် သုံးလေးယောက်အနက် တစ်ယောက်သော စစ်ဗိုလ်မှာ ယမန်နေ့မနက်ပိုင်းက မီးရထားလမ်းဘေးတွင် ပြဿနာပေါ်ခဲ့သော စစ်ဗိုလ်ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ကျွန်တော် ရောက်ရှိသွားသည့်အခါ မစ္စတာ ဟာတာက ထိုချွေးတပ်သားလေးယောက်မှာ သရက်ခရိုင် ချွေးတပ်သား အဖွဲ့သားများထဲမှ ထွက်ပြေးသူများဖြစ်ကြောင်း၊ ၎င်းတို့အား မော်လမြိုင်မှတစ်ဆင့် ဖမ်းဆီးပြန်ပို့လိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အား အပြစ်ဒဏ်ခတ်သည့်အနေဖြင့် ကြိုးချည်ထားကြောင်း၊ ချွေးတပ်သားများ ယခုကဲ့သို့ ထွက်ပြေးခြင်းမပြုစေရန် _ဟောပြောပေးရမည် ဖြစ်ကြောင်း ပြောလေသည်။

မစ္စတာ ဟာတာ၏ စကားကို ကြားလိုက်ရသောအခါမှာပင် ကျွန်တော်သည် ယမန်နေ့က သရက်ခရိုင်မှ ချွေးတပ်သားများ ထွက်ပြေးသောကိစ္စကို ပြန်လည်ကာ အမှတ်ရမိလိုက်လေသည်။ အမှန်အားဖြင့်မူ ဘွန်ထိုက်ချို ဦးမြိုင်နှင့်

မှ သား သေဆုံးရရှာသောအဖြစ်မှာ ထိုချွေးတပ်သားတစ်စု ထွက်ပြေးသောအဖြစ်မှစတင်ခဲ့ခြင်းပင် ဖြစ်လေသည်။

ဤလိုဖြစ်ရခြင်းအတွက် ထွက်ပြေးခြင်းပြုကြသော ချွေးတပ်သားများအပေါ် ဥလည်း အပြစ်ပြောမည်ဟုဆိုပါက နည်းလမ်းကျလိမ့်မည်တော့ မဟုတ်ပါပေ။ သူတို့တစ်တွေမှာလည်း ဤမျှလောက် ရက်စက်ကြမ်းကြုတ်သောအဖြစ်မျိုး၊ ဒုက္ခမျိုးဌ ဆက်လက်၍ သွားလာလိုကြလိမ့်မည်တော့ မဟုတ်ပါပေ။ အသက်စွန့်၍ ထွက်ပြေးလိုကြပေလိမ့်မည်သာ။ သူတို့ထွက်ပြေးခြင်းအထွက် ကြားမှ ဓားစာခံလိုက်ရှာသော ဘွန်ထိုက်ချိုသားအဖအဖြစ်မှာမူ ကံကိုသာ ဂို့းမယ်ဖွဲ့ရတော့မည် ဖြစ်လေသည်။

မစ္စတာ ဟာတာသည် ကြိုးချည်ထားသော ချွေးတပ်သားလေးယောက်အား မကြာမီ လွှတ်၍ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအား သူ့ထံသို့ လွှတ်လိုက်ရမည့်အကြောင်းနှင့် ချွေးတပ်သားများ ထွက်မပြေးရေးအတွက် သူတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုစေလိုကြောင်း မှာကာ အချိန်အတန်ကြာ ပြောကြားပြီးနောက် စကားပြန်ကလေး မောင်အေးချိုနှင့် ဂျပန်စစ်သားနှစ်ဦးတို့ကို ကျွန်တော်တို့နှင့်အတူ ထည့်ပေးလိုက်လေသည်။

ကျွန်တော်သည် မစ္စတာ ဟာတာအား အလေးပြုပြီးနောက် စိတ်နလုံးများနောက်ကျိစွာနှင့်ပင် ဂျပန်စစ်ရုံးဝင်းအတွင်းမှ ထွက်ခွာခြင်းပြုခဲ့ရလေသည်။

ထိုအတွေ့အကြုံများကို တွေ့ကြုံရပြီးနောက် နှစ်ရက်ခန့်အကြာ၌ပင် ကျွန်တော်တို့ မအူပင်ခရိုင်မှ ချွေးတပ်သားများသည် တောတွင်း ချွေးတပ်စခန်းတစ်ခုသို့ ထွက်ခဲ့ကြလေသည်။

ကျွန်တော်တို့နှင့်အတူ နေထိုင်ခဲ့ကြရသော သရက်ခရိုင် ချွေးတပ်သားများမှာမူ ကျွန်တော်တို့ထက် တစ်ရက်စောလျက် တောတွင်းချွေးတပ်စခန်း တစ်နေရာသို့ ထွက်ခွာသွားကြရပြီး ဖြစ်လေသည်။ ထိုအချိန်၊ ထိုအခါမှ စ၍လည်း သရက်ခရိုင်မှ ချွေးတပ်သားများနှင့် ကျွန်တော်တို့တစ်တွေမှာ ထပ်မံလျက် မတွေ့ကြရတော့ပါပေ။

သံဖြူဇရပ်စခန်းမှ ကျွန်တော်တို့ ထွက်ခွာရသည့်အချိန်မှာ နံနက် (၈) နာရီ အချိန်ခန့်တွင် ဖြစ်လေသည်။ ကျွန်တော် ချွေးတပ်သားများအား စခန်းအထွက် ပေါက်ဝမှ စောင့်လျက် ထမင်းရုံမှူးများနှင့် ထမင်းချက်ခေါင်းများက လူတစ်ယောက်လျှင် ထမင်းထုပ် တစ်ထုပ်ကျ ပေးလေသည်။

ဤတွင် အချို့သော ချွေးတပ်သားများအနေနှင့် မိမိတို့အတွက် ရရှိသော ထမင်းထုပ်ကို သိုဝှက်ထားပြီး နောက်ထပ် တစ်ပတ်ကျော်လွန်မှ တန်းစီခြင်းပြုပြန်

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ မိမိတို့အတွက် ရရှိသော ထမင်းထုပ် တစ်ထုပ်မျှဖြင့် မလောက်ရခြင်းကြောင့် ထိုကဲ့သို့ပြုကြခြင်း ဖြစ်လေသည်။

ထမင်းချက်ခေါင်းများနှင့် ၎င်းတို့၏ တပည့်တပန်းများကလည်း လူလျှင်လူပါးများ ဖြစ်ကြလေရာ ထိုကိစ္စကြောင့် တဆူဆူတပွက်ပွက် ဖြစ်တြပြန်လေသည်။ အချို့သော ချွေးတပ်သားများမှာမူ ထမင်းတစ်ထုပ်ရရှိရေးအတွက် သွေးထွက်သံယို ဖြစ်ရသည်အထိ အထိုးအကြိတ် အရိုက်အပုတ်ကို ခံကြရလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချို စသူများကလည်း ချွေးတပ်သားများကို ကွပ်ကဲထိန်းသိမ်းခြင်းပြုရသည်ကတစ်မျိုး၊ ဖြစ်ပေါ်လာသော ပြဿနာကို ဖြေရှင်းရသည်က တစ်သွယ်နှင့် စိတ်ပျက်စရာ အလွန်ကောင်းသည့်အဖြစ်မျိုး ဖြစ်ရလေတော့သည်။

ကျွန်တော်တို့အား စောင့်ကြပ်လိုက်ပါရသည့် ဂျပန်စစ်သားများမှာလည်း ကျွန်တော်ကဲ့သို့ပင် ထမင်းချိုင့်ကိုယ်စီ၊ ရေဘူးကိုယ်စီနှင့် ဖြစ်ကြလေသည်။ ကျွန်တော်တို့တစ်တွေမှာမူ ထမင်းထုပ်ကိုယ်စီ၊ ဝါးဆစ်ရေဘူးကိုယ်စီနှင့် ဖြစ်ကြလေသည်။

ဂျပန်စစ်ဗိုလ် ဟာတာသည် ကျွန်တော်တို့ ချွေးတပ်သားများအား သံဖြူဇရပ်သို့ ရောက်ရှိချိန်ကပင် ရေကို ကျိုချက်သောက်ရမည်ဟု အမိန့်ထုတ်ဆင့်ထားပါသည်။ သံဖြူဇရပ် ချွေးတပ်စခန်းအတွင်း၌လည်း ရေစိမ်းကို မသောက်ရ၊ ကျိုချက်၍ သောက်ရမည်။ အကယ်၍ ရေစိမ်းကို သောက်ခဲ့သော် ကြီးလေးသော အပြစ်ကို ပေးမည်ဖြစ်ကြောင်းနှင့် စာတမ်းများ ချိတ်ဆွဲထားလေသည်။ ပြီးလျှင် ထမင်းချက်ရုံအပြင်ဘက်၌ သံပရာပိုင်း ဒယ်အိုးကြီးများနှင့် အမြဲမပြတ်ရေနွေးများ ကျိုထားလေသည်။ ထိုရေနွေးကိုမူ ချွေးတပ်သား မည်သူမဆို အလိုရှိသလောက် သောက်ခွင့်ရှိလေသည်။

တနင်္သာရီတိုင်းအတွင်း ထိုနေရာ၊ ထိုဒေသမှာ ဝါးပိုးဝါးများ အလွန်တရာပေါများလှသည့် အရပ်ဒေသဖြစ်လေသည်။ ထို့ကြောင့်လည်း ချွေးတပ်သားများအပို ဝါးဆစ်ရေဘူးများ၊ ဝါးဆစ်ထမင်းစားခွက်များကို အလွယ်တကူရရှိနိုင်ခြင်း ဖြစ်လေသည်။ သို့ရာတွင် ဤလိုဝါးဆစ်ရေဘူး၊ ဝါးဆစ်ထမင်းစားခွက်များ ရရှိနိုင်သည်ဆိုခြင်းမှာလည်း ထထကြွကြွနှင့် လုံ့လဝီရိယရှိ၍ အမြင်ကျယ်သော ချွေးတပ်သားမှသာလျှင် ရရှိနိုင်လေသည်။ အမြင်လည်း မကျယ်၊ အပျင်းလည်း ထူနေသော ချွေးတပ်သားအဖို့မှာမူ အများနည်းတူ မရရှိနိုင်ပါခေ။

ကျွန်တော်တို့ ချွေးတပ်သားများသည် သံဖြူဇရပ်စခန်းမှ ထွက်ခွာမိကြလေပြီ။ ရှည်လျားများပြားသော လူတန်းကြီးသည် ကားလမ်းအတိုင်း ပုရွက်ဆိတ်တန်းကြီးများ သွားနေသည့်အလား တရွေ့ရွေ့ချီတက်နေကြလေသည်။ ကားလမ်းဘေး တစ်ဘက်တစ်ချက်သည် ကျောက်တုံး ကျောက်တောင်များနှင့် စိမ်းစိုသော သစ်တော ဝါးတောကြီးများသာ ဖြစ်လေသည်။ အတော်အတန် ခရီးပေါက်ခဲ့သည့်အခါ၌မူ စမ်းချောင်းများ၊ သစ်သားတံတားများနှင့် ကားလမ်းဖောက်စဉ် အခါက တည်ဆောက်ထားခဲ့ဟန်တူသော တဲတန်းလျား အပျက်အစီးများကို ဖရိုဖရဲတွေ့မြင်ရသည်။

"ကျွန်တော်တို့သွားရမယ့် စခန်းဟာ အတော်ခရီးဝေးတယ် ထင်တယ်"

ကျွန်တော်နှင့်အတူ ယှဉ်လျှောက်လာသော ကိုကောင်းစိန်က ပြောလေသည်။

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်လို့လဲဆိုတော့ ထမင်းထုပ်တွေတောင် ဝေပေးလိုက်တယ် မဟုတ်လား ကိုသက်ပန်၊ နောက်ပြီး ဂျပန်စစ်သားတွေကိုယ်တိုင်ကလဲ ထမင်းချိုင့်တွေနဲ့ ဟာ–"

"ခင်ဗျားတွေးတာ သိပ်မဆိုးဘူးဗျ၊ ကျွန်တော်တို့ လမ်းခုလတ် တစ်နေရာရာမှာ ထမင်းစားကြရလိမ့်မည်"

ချွေးတပ်သားအချို့မှာ ကျွန်တော်တို့နောက်တွင် ပြတ်ကျန်ရစ်ခဲ့သလိုအချို့မှာလည်း ကျွန်တော်တို့ရှေ့သို့ ကြောသွားကြလေသည်။ ဂျပန်စစ်သားများမှာလည်း အချို့က ရှေ့ရောက်သွားကြသည်။ အချို့ကား နောက်တွင် ကျန်ရစ်ခဲ့လေသည်။

ရံဖန်ရံခါများတွင်မူ ကားလမ်းပေါ်တွင် လော်ရီကားကြီးများ တစ်စီးအစ၊ နှစ်စီးအစ မောင်းနှင်လာတတ်ကြလေသည်။ ထိုကားကြီးများပေါ်တွင် ဂျပန်စစ်သားများ၊ စားနပ်ရိက္ခာပစ္စည်းများနှင့် အဆောက်အအုံဆောက်လုပ်ရန်အတွက် သစ်များ၊ ဝါးများ အစရှိသဖြင့် ပါရှိလာတတ်လေသည်။

တောတွင်း ချွေးတပ်စခန်းများသည် ကားလမ်းဘေးအတွင်းပိုင်း ခပ်ကျဉ်းကျဉ်းတွင် ဖြစ်လေသည်။ စခန်းတစ်ခုနှင့်တစ်ခု အကွာအဝေးသည် တညီတညွတ်ကား မဟုတ်ကြပေ။ အချို့စခန်းများသည် တစ်နေရာနှင့်တစ်နေရာ နှစ်မိုင်မှ သုံးမိုင်ထိ အကွာအဝေးဖြစ်၍ အချို့ကား ငါးမိုင်၊ ခြောက်မိုင် အကွာအဝေးဖြစ်လေသည်။ သို့ရာတွင် ချွေးတပ်စခန်းများနှင့် ဂျပန်များ နေထိုင်ရန်အတွက် ဆောက်လုပ်သော အဆောက်အအုံများမှာမူ စမ်းချောင်းနှင့် အနီးကပ်ဆုံးနေရာကို ရွေးချယ်လုပ်ဆောက်လုပ်ထားကြသည်က များလေသည်။

ဤနေရာတွင် ထိုင်း–မြန်မာ မီးရထားလမ်း၏ ခရီးအကွာအဝေးကိုလည်း ဖော်ပြလိုပါသည်။ ခရီးအကွာအဝေးသည် ထိုင်းနိုင်ငံ (Ban Pong) ဘန်ပေါင်းမှ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ သဲပြုဇရပ် ဘုတာအထိ ၁၇၅ မိုင် (တစ်ရာ့ခုနှစ်ဆယ့်ငါးမိုင်) ရှည်လျားလေသည်။

ထိုင်းနိုင်ငံဘက်မှ (Kra) ကရာကျွန်းဘက်ကို ဖြတ်၍ (Chum Phon) ချမ်ပုံမှ ဝိတိုရိယအင္ဂ မြောက်ဘက်ရှိ (Pakchan) ပက်ချန်မြစ်ကမ်းနပုံးထိ စတင်ဖောက်လုပ်ခဲ့ခြင်း ဖြစ်သေလည်။ ထိုခရီးအကွာအဝေးမှာ ၅၅ မိုင် (ငါးဆယ့်ငါးမိုင်) ဖြစ်လေသည်။

ကျွန်တော်တို့ ချွေးတပ်အဖွဲ့သားများသည် ကားလမ်းအတိုင်း ချီတက်ခဲ့ကြလေသည်။ ကားလမ်းသည် အချို့နေရာ၌ ပြေပြစ်ညီညာသော အနေအထား ဖြစ်သည်။ အချို့နေရာ၌မူ ကုန်းအဆင်းအတက်ဖြစ်သည်။ အချို့နေရာ၌ကား တောင်ကြားလမ်းများဖြစ်သည်။ အချို့နေရာမှာမူ စမ်းချောင်းကူးတံတားများ၊ လျှိုမြောင်ချောက်ကမ်းပါးကူး တံတားများ ဖြစ်လေသည်။

အလုပ်ကြမ်းနှင့် နပုံးတွေ့၊ ဒူးတွေ့ မတွေ့ရှိသေးဘဲ တောတောင်စိမ့်စမ်းများကို ဖြတ်သန်းသွားလာနေရသော ခရီးလမ်းတစ်ခု ဖြစ်သောကြောင့်လည်း အချို့အချို့သော ချွေးတပ်သားများသည် သိချင်းတကြော်ကြော် ဟစ်အော်သီဆိုလျက် ချီတက်နေကြလေသည်။ သို့ရာတွင် အချို့သော ချွေးတပ်သားများမှာလည်း ပင်ပန်းနွမ်းနယ်စပြုနေကြလေသည်။ ဤသူများသည် ချွေးတပ်ထဲသို့ ပါရှိလာခဲ့သည် မှန်သော်လည်း အတော်အတန် မကျန်းမမာဖြစ်နေသူများ၊ သို့တည်းမဟုတ် ကျန်းမာရေးမကောင်းသူများ ဖြစ်ကြောင်း ကျွန်တော် သတိပြုလိုက်မိပါသည်။

ကျွန်တော့်တွင် ခပ်သေးသေး အိပ်ရာလိပ်တစ်ခုနှင့် လွယ်အိတ်တစ်လုံး အပြင် သဲပြုဇရပ်ရောက်မှ ရရှိလာသော ဝါးဆစ်ရောဘူးတစ်လုံး ပါရှိလာပါသည်။ သို့ရာတွင် ရှည်လျားလှသော ခရီးလမ်းကို ချီတက်နေရသည့်အခါ ထိုပစ္စည်းကလေးမျှလောက်ကိုပင် မသယ်ပိုးနိုင်ဘဲ ဖြစ်နေရလေသည်။ ထိုအခါ ကရင်ကလေးသံဆင်သည် အလိုက်သိတတ်စွာနှင့် ကျွန်တော်၏ပစ္စည်းကလေးများကို ကူညီသယ်ပိုးပေးလေသည်။ သူ့တွင်မူ အဝတ်တစ်ထည် ကိုယ်တစ်ခုသာ ဖြစ်လေသည်။

ရှေ့ဆုံးမှ တပ်ကြပ်ကြီး ဂျပန်စစ်သားသည် အလံနှစ်ခုကို လက်ကကိုင်ထားလေသည်။ တစ်ခုမှာ အနီရောင်ဖြစ်သည်။ တစ်ခုမှာ အဖြူရောင်ဖြစ်လေသည်။ သူသည် ချွေးတပ်သားများအား ရပ်တန့်စေဝေးလိုလျှင် အလံနီကို ဝှေ့ယမ်းလျက် အချက်ပြလေသည်။ ဆက်လက်၍ ချီတက်စေလိုလျှင် အဖြူရောင်အလံကို ဝှေ့ယမ်းပြသေည်။ ကျွန်တော်တို့ ချွေးတပ်အဖွဲ့ကို ပို့ဆောင်ရသော ဂျပန်စစ်သားများထဲ၌ သူသည် အကြီးအကဲတစ်ယောက် ဖြစ်လေသည်။

အချိန်မှာ မွန်းလွဲပိုင်းသို့ ရောက်ရှိလာခဲ့လေသည်။ ကျွန်တော်တို့၏ ခရီးမှာလည်း စမ်းချောင်းငယ်တစ်ခု၏ ဘေးသို့ ရောက်ရှိလာခဲ့လေသည်။ မြင့်မားဝေဆာသော သစ်ပင်အုပ်ကြီးများကလည်း ထိုနေရာတစ်ဝိုက်ကို ဖြန့်ကျက်အုပ်မိုးလျက် ရှိလေသည်။

ထိုနေရာရောက်သည့်အခါ ရှေ့ဆုံးမှသွားနေသော တပ်ကြပ်ကြီး ဂျပန်သည် သူ့လက်ရှိ အလံနီကို ဝှေ့ယမ်းပြလေသည်။ ချွေးတပ်သားများနှင့် ဂျပန်စစ်သားများ ရှိရာသို့လည်း အော်ဟစ်အမိန့်ပေးလိုက်လေသည်။

"ဘိဓမာ- ထိုင်ပါ၊ ထိုင်ပါ"

ဂျပန်စစ်သားတစ်ယောက်က ခြေဟန်လက်ဟန်ပြလျက် ကျွန်တော့်ကို ပြောလေသည်။

"ဟေး-နားကြဦးဟေ့-"

ဘွန်ထိုက်ချိုနှင့် ဟန်ချိုများက တစ်ပြိုင်တည်းလို အော်ဟစ်လိုက်ကြလေသည်။

ကျွန်တော်တို့အားလုံးပင် မနက်စာထမင်း စားကြရန်အတွက် သစ်ပင်ရိပ်များအောက်သို့လည်းကောင်း၊ စမ်းချောင်းနံဘေးသို့လည်းကောင်း၊ ကျောက်တုံးကြီးများပေါ်တွင်လည်းကောင်း အုပ်စုဖွဲ့လျက် နေရာယူထိုင်လိုက်ကြလေသည်။ ဂျပန်စစ်သားများမှာလည်း စမ်းချောင်းတစ်နေရာတွင် သွားရောက်ထိုင်ကြလေသည်။

ဂျပန်စစ်သားများနှင့် ကျွန်တော်တို့ ချွေးတပ်အဖွဲ့သားများသည် အချိန်နာရီဝက်လောက်ကြာသည်အထိ ထမင်းစားရင်း အနားယူကြရလေသည်။ ကျွန်တော်တို့ ထွက်ခဲ့ကြသည်မှာ မွန်းတိမ်းချိန်သို့ ရောက်ရှိနေကြပြီဖြစ်သော်လည်း တောတွင်းအလုပ်စခန်း တစ်ခုတလေကိုသော်လည်းကောင်း၊ ချွေးတပ်သားတစ်ယောက်တလေမျှကိုသော်လည်းကောင်း မတွေ့ရသေးချေ။ ရှေ့ဆက်၍ အဘယ်မျှ သွားရဦးမည်ဆိုသည်ကိုလည်း မှန်းဆခြင်း မပြုတတ်ကြပါချေ။

မကြာမီ ဂျပန်တပ်ကြပ်ကြီးသည် သူ့လက်တွင်းမှ အလံဖြူကိုမြှောက်ကာ ဝှေ့ယမ်းပြလေသည်။ "အဘိဓမာ- ထပါ၊ ထပါ" ဟူ၍လည်း အော်ဟစ်လိုက်လေသည်။

ဤလိုနှင့် ကျွန်တော်တို့သည် ရှေ့ခရီးကို ဆက်လက်ချီတက်ကြရပြန်လေသည်။

တဖြည်းဖြည်း တစစနှင့် တောနက်သည်ထက် နက်လာခဲ့လေသည်။ ထိုနေရာသို့ရောက်သည့်အခါ၌မူ ဝါးတောကြီးများကလည်း အလွန်တရာထူပြော

www.burmeseclassic.com

www.burmeseclassic.com

လာလေသည်။ စမ်းချောင်းသည် အချို့နေရာတွင် ကွေ့ကောက်လျက်၊ အချို့နေရာတွင် ဖြောင့်တန်းလျက်၊ အချို့နေရာတွင် ကျယ်ပြန့်လျက်၊ အချို့နေရာတွင် ကျဉ်းမြောင်းလျက် အစဉ်တစိုက် စီးဆင်းနေလေသည်။ စမ်းချောင်း၏ တစ်ဖက်တစ်ချက်မှာမူ သစ်ကြီးဝါးကြီးပင်များနှင့် တောအထပ်ထပ်၊ တောင်အထပ်ထပ် ကာရံလျက် ရှိနေလေတော့သည်။

"တောက တဖြည်းဖြည်းနက်လာတယ် ကိုသက်ပန်၊ ကျွန်တော်တို့ ဂျပန်စစ်သားတွေနဲ့ ခပ်နီးနီးလိုက်မှ ဖြစ်မယ်"

ဟန်ချို ကိုချစ်တီးက ပြောလေသည်။

ကျွန်တော်တို့အတွဲတွင် ဘွန်ထိုက်ချို ကိုမောင်စိန်၊ ကိုကောင်းစိန်၊ ဟန်ချို ကိုချစ်တီး၊ ကိုအောင်သိန်း၊ သာဆင် အစရှိသူများ ပါဝင်ကြလေသည်။ လူတွဲဟု ဆိုရသော်လည်း လေးယောက်တစ်တွဲ မဟုတ်ကြပါချေ။ တောလမ်းခရီးသို့ သွားရောက်နေကြရခြင်းဖြစ်သောကြောင့်လည်း ဖြစ်သလို ပုံပျက်ပန်းပျက် ချီတက်နေကြရလေသည်။ ထိုအချိန်၌မူ ဂျပန်စစ်သားများကလည်း မည်သို့မှ ကန့်ကွက်ပြောဆိုခြင်း မပြုကြတော့ပေ။ သူတို့ကိုယ်တိုင်ပင် ဖြစ်သလို ချီတက်နေကြရလေသည်။

"ဘယ်လိုကြောင့်တုန်းဗျ"

ဘွန်ထိုက်ချိုတစ်ယောက်က ကိုချစ်တီးကို မေးလေသည်။

"တောနက်တော့ တောကောင်တိရစ္ဆာန် ရန်မူမှာ ကြောက်ရတာပေါ့၊ ဂျပန်စစ်သားတွေကတော့ သေနတ်ပါနေတာပဲ"

ကိုချစ်တီးက သူ့ဆိုလိုချက်ကို ရှင်းပြလေသည်။

"ဂုတ်တယ်၊ ဒါလောက်နက်တဲ့ တောကြီးတောင်ကြီးထဲမှာ ကျားလဲ ရှိမှာပဲ၊ ခဲပစောစော စမ်းချောင်းနား ရောက်စကဆိုရင် သမင်တွေ၊ တောဝက်တွေ ဖြတ်ပြေးတာ တွေ့လိုက်ရတယ်"

ကိုအောင်သိန်းက ပြောလေသည်။

"အဲဒါက အရေးမကြီးဘူးခင်ဗျ၊ တကယ်တမ်း ကြောက်ရမယ့်ကိစ္စက ငှက်ဖျားရောဂါတို့၊ အူရောင်ဖျားရောဂါတို့ပဲ"

ဘွန်ထိုက်ချို ကိုကောင်းစိန်က ပြောလေသည်။ ကိုကောင်းစိန်မှာ ကျွန်တော်တို့လူစုထဲတွင် အတော်ကလေး အစဉ်းစားအဆင်ခြင်ရှိသူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော်တို့သည် ခြေလှမ်းမှန်မှန်လှမ်းလျက် အတွေးအတောကိုယ်စီနှင့် လျှောက်နေကြပြန်ပါသည်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ကိုကောင်းစိန်ပြောသလိုပင် ငှက်ဖျားရောဂါ၊ အူရောင်ဖျားရောဂါ စသောအကြောင်းများကို တွေးလိုက်မိလေသည်။

"တောတွင်းအလုပ်စခန်းတွေ ရောက်တော့လဲ ဆေးရုံတို့၊ ဆရာဝန်၊ ဆရာမတို့ ရှိမှာပေါ့ဗျာ၊ ဂျပန်ဆရာဝန်တွေ၊ ဂျပန်ဆရာမကလေး ခပ်ချောချောတွေတောင် တွေ့ချင်တွေ့ရမှာ၊ ဘာမှ စိတ်ပူမနေကြပါနဲ့ဗျာ"

ကိုမောင်စိန်က ပြောလေသည်။

ထင်မိထင်ရာ စွတ်ပြောလာကြခြင်းဖြစ်သော်လည်း ကျွန်တော်တို့အားလုံးတွင် ကိုမောင်စိန်ပြောလိုက်သော စကားမှာ တွေးစရာအကြောင်းတွေ ဖြစ်လာသည်။ ပြီး- စိတ်ကူးယဉ်စရာအကြောင်းတွေလည်း ဖြစ်ပေါ်လာရလေသည်။

နေနတ်နွယ်အမည်ခံ နိပွန်လူမျိုးများ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာသည့်အခါ မြန်မာတစ်နိုင်ငံလုံးနှင့် မြန်မာတစ်မျိုးသားလုံး ဘိုးဘိုးအောင်တို့၊ စကြာမင်းတို့နှင့် တွေ့ရသလောက်နီးနီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြစ်ကြရလိမ့်မည်ဟု ရေဒီယိုမှ ဝါဒဖြန့်ခဲ့လေသည်။ ပြီး- တစ်ဖန် မလွဲမကင်းသာ၍ ခုံးကြွချရသဖြင့် မတော်တဆ ထိမှန်ပျက်စီးခြင်းခံကြရသော ဘုရားကျောင်းကန်များကိုလည်း မြေအုတ်တိုက်နေရာတွင် ရွှေအုတ်တိုက်နှင့် အစားထိုး တည်ဆောက်ပေးလိမ့်မည်ဟု ဝါဒဖြန့်ခဲ့လေသည်။

ထိုအခါ နိုင်ငံရေးအမြင်ကျယ်သော ကမ္ဘာ့ဗဟုသုတရှိကြသော မြန်မာအမျိုးသား လူနည်းစုတို့မှအပ၊ အသိပညာဗဟုသုတ နည်းပါးကြသော မြန်မာလူမျိုးတိုင်းကပင် ရွှေဂျပန်ဂွေဂျပန်ဟူ၍ အယုံကြီးယုံခဲ့ကြသည်။ အားအကိုးကြီးအားကိုးခဲ့ကြလေသည်။

နောက်တစ်ကြောင်းမှာလည်း ဗြိတိသျှနယ်ချဲ့စနစ်အပေါ် စက်ဆုပ် မုန်းတီးနေသော အချိန်ကာလလည်း ဖြစ်သောကြောင့် မြန်မာလူမျိုး အတော်များများပင် ဂျပန်တို့အပေါ် အထင်ကြီးခဲ့ကြခြင်းပင် ဖြစ်လေသည်။

သည်လို အယူအဆရှိသူများထဲတွင် ချွေးတပ်သားအချို့မှာလည်း အပါအဝင်ပင် ဖြစ်ကြလေသည်။ ကျွန်တော် အထက်က ဆိုခဲ့သည့်အတိုင်းပင် ချွေးတပ်ထဲသို့ ပါရှိလာကြသူများမှာလည်း အမျိုးမျိုးအစားစား ကွဲပြားနေသောကြောင့်ပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့အထဲမှ ချွေးတပ်သားအချို့သည် တောတွင်း မချွေးတပ်စခန်းများသို့ ရောက်သည့်အခါ၌ ချွေးတပ်သားအလုပ်သမားမကျက်

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံအဆောက်အအုံများ၊ ဂျပန်အမျိုးသား ဆရာဝန်၊ ဆရာမကလေးများ စသည်တို့ကိုပင် စိတ်ကူးယဉ်ပြောနေကြခြင်း ဖြစ်လေသည်။

ကျွန်တော်သည် ကိုမောင်စိန်က ထိုစကားကို ပြောလိုက်သည့်အခါ သဲဖြူဇရပ် ချွေးတပ်စခန်းမှ စကားပြန်ကလေး မောင်အေးချို၏ စကားများကို ပြန်လည် အမှတ်ရမိလေသည်။

တောတွင်း ချွေးတပ်စခန်းများတွင် ဆေးဝါးရှားသည်။ ရောဂါဘယထူပြောသည်ဆိုသော စကားပင်ဖြစ်လေသည်။ လူငယ်စကားပြန်ကလေး မောင်အေးချို၏ စကားများ အဘယ်ထိ မှန်ကန်မည်ဆိုခြင်းကိုမူ တောတွင်းရောက်မှ သိရမည် ဖြစ်လေသည်။

ဤလိုနှင့် ကျွန်တော်တို့ ချွေးတပ်သားများသည် ရှေ့ခရီးကို ဆက်လက် ချီတက်နေရဆဲ ဖြစ်လေသည်။ အချိန်မှာလည်း ညနေ (၃) နာရီထိုးနေလေပြီ။ သို့ရာတွင် ကျွန်တော်တို့နေရမည့် အလုပ်စခန်းသို့ကား မရောက်သေးဘဲ ရှိလေသည်။

ချွေးတပ်သားအားလုံးပင် အတော်ခြေလှမ်း လေးလာကြလေသည်။ ဂျပန်စစ်သားများပင်လျှင် ခပ်စောစောကလောက် ခြေလှမ်းမသွက်တော့ချေ။ သူတို့လည်း ခပ်မှန်မှန်သာ လျှောက်နေကြလေသည်။

ဤအချိန် ဤခရီးသို့ ရောက်ရှိလာခဲ့သည့်အခါ၌မူ ကျွန်တော်တို့သည် တောတွင်း ချွေးတပ်စခန်း သုံးလေးစခန်းကို ဖြတ်ကျော်ခဲ့ရပြီး ဖြစ်လေသည်။ သို့ရာတွင် ချွေးတပ်စခန်းများမှာ ကားလမ်း၏ အတွင်းဘက် ခပ်ကျကျတွင် ဖြစ်သောကြောင့်လည်း ကျွန်တော်တို့သည် ထိုချွေးတပ်စခန်းများ၏ အနေအထားကို အတိအကျ အသေအချာ မလေ့လာခဲ့ရပါချေ။ နောက်တစ်ဖန် ထိုစခန်းများရှိ ချွေးတပ်သားများမှာလည်း မီးရထားလမ်းဖောက်လုပ်သည့်နေရာများသို့ ရောက်ရှိနေချိန် ဖြစ်သောကြောင့်လည်း ချွေးတပ်သားများကို မမြင်မတွေ့ရသေးဘဲ ရှိလေသည်။

ညနေပိုင်းအချိန်သို့ ရောက်ခဲ့ပြီဖြစ်သောကြောင့်လည်း ကောင်းကင်ပြင်တွင် မည်းမည်းချိပ်ချိပ် မိုးရိပ်မိုးသားများ အုံ့မှိုင်းလာခြင်းနှင့်အတူ လေပြင်းကလည်း တဝီဝီတိုက်ခိုက်ခြင်း ပြုလာလေတော့သည်။

ညနေပိုင်းရောက်လျှင်မူ ဤအရပ် ဤဒေသ၌ ဤလိုရာသီမျိုးတွင် မိုးရွာသွန်းလိမ့်မည်မှာ မလွဲတမ်းလို ဖြစ်လေသည်။ ယခုလည်း မိုးသားမိုးရိပ်များ တစ်ခဲနက်ဆင်လာလေတော့သည်။

ထိုအခါ ခြေလှမ်းမှန်မှန် လျှောက်နေသော ဂျပန်စစ်သားများသည် ချွေးတပ်သားများကို အော်ဟစ်ပြောဆိုရင်း ခြေလှမ်းခပ်သွက်သွက် လှမ်းလေတော့

သည်။ ဂျပန်တပ်ကြပ်ကြီးသည် ကျွန်တော်နှင့် ဘွန်ထိုက်ချို့များ၊ ဟန်ချို့များကို လည်း မကြာမီ မိုးရွာလိမ့်မည်ဖြစ်ကြောင်းနှင့် ခြေလှမ်းခပ်သွက်သွက် ခပ်မြန်မြန် ချီတက်ကြရန် လက်ဟန်ခြေဟန်ပြလျက် ပြောဆိုခြင်းပြုလေသည်။

ဂျပန်စစ်သားများအနေနှင့်မူ မိုးကာအင်္ကျီများ ကိုယ်စီကိုယ်ငှ ပါရှိကြပါသည်။ ကျွန်တော်တို့ ချွေးတပ်သားများ အားလုံးမှာမူ မိုးကာဟူ၍လည်း မပါ၊ ထီးဟူ၍လည်း မပါကြရုံသာမက အချို့မှာ တစ်ထည်စိုလို့ပင် တစ်ထည် လဲစရာ မရှိကြသူများသာ ဖြစ်ကြလေသည်။ အဝတ်အထည် အပိုအလျှံကလေးများ ပါရှိလာကြသော သူများမှာလည်း မိုးရွာချလိုက်သည်ဆိုပါက အားလုံးနီကုန်ကြမည်သာ ဖြစ်လေသည်။

ထိုအတွင်းမှ လေသည် ခပ်စောစောကထက် ပိုမိုပြင်းထန်လာလေသည်။ မကြာမီပင် လေပြင်းနှင့်အတူ မိုးကြိုးသည်းထန်စွာ ရွာချလေတော့သည်။ ခပ်စောစောက သွေ့သွေ့ထပ်ထပ် လျှောက်နေရသော ကားလမ်းမှာလည်း ချက်ချင်းပင် ရွှံ့တွေ ရေတွေ ဖြစ်လာပါလေတော့သည်။

ကျွန်တော်တို့အားလုံးမှာလည်း ပြင်းထန်စွာ ရွာသွန်းတိုက်ခတ်နေသော မိုးထဲလေထဲ၌ပင် ရှေ့ခရီးကို ဆက်လက်၍ ချီတက်နေကြရလေသည်။ တနည်းဆိုရာတွင်း၏ ရာသီဥတုမှာ မိုးရာသီကာလ၌ မိုးအား အလွန်ကောင်းသောဒေသဖြစ်သောကြောင့်လည်း မိုးရွာလိုက်သည်ဟုဆိုလျှင်ပင် လေပြင်းပါ ရောဖက်လျက် လုံးကြီးခဲကြီး ရွာသွန်းတတ်လေသည်။

ယခုလည်း မိုးမှာ ဤအတိုင်းပင် ရွာသွန်းခြင်းဖြစ်လေသည်။ လေပြင်းနှင့် မိုးပြင်းသည် အညီအညွတ်ကြီးမားသည့်အလား ထောက်ထားညှာတာခြင်း၊ ကင်းမဲ့စွာဖြင့် တရွေ့ကြမ်း ရွာချလေသည်။ လေပြင်း၏ဒဏ်ကြောင့်လည်း သစ်ကိုင်းသစ်ခက်များမှာ မကြာခဏ ကျိုးပဲ့ပြတ်တောက်လျက် ကားလမ်းပေါ်သို့ ကျရောက်လာလေသည်။ ကားလမ်း၏ ဝဲနှင့်ယာ တစ်ဘက်တစ်ချက်ရှိ သစ်ပင်ဝါးပင်ကြီးများမှာလည်း ဘယ်ညာယိမ်းထိုးနေတော့သည်။ ဝါးပင်ကြီးများသည် တစ်ပင်နှင့်တစ်ပင် ရိုက်ခတ်လျက် တဖျန်းဖျန်း အသံထွက်လေသည်။ လေပြင်း၏အသံမှာလည်း ထိတ်လန့်စရာကောင်းလောက်အောင် တဝိုဝိုအော်မြည်လာလေသည်။

မိုးဒဏ်လေဒဏ်ကြောင့် ချွေးတပ်သားများ အားလုံးလိုလိုပင် မျက်စိမျက်နှာ ပျက်လျက် တည်ည်ည်ည်း တည်ကြည် ဖြစ်ကုန်ကြလေသည်။ ကျွန်တော်တို့အားလုံးပင် ရွံရှံစိုးကုန်တော့သည်။ လေပြင်းက တဟူးဟူးတိုက်ခတ်နေခြင်းကြောင့်လည်း အားလုံးပင် နှိက်နှိက်တုန်လာပါလေသည်။ ပို၍ဆိုးရွားလှသည်မှာ တိုက်ခတ်သော

www.burmeseclassic.com

www.burmeseclassic.com

လေသည် ကျွန်တော်တို့အား ရှေ့မှနေလျက် ပြင်းပြင်းထန်ထန် တိုက်ခတ်နေခြင်း ဖြစ်လေရာ ရင်ဘတ်ကို ဆီးတွန်းပစ်သလို ဖြစ်နေပါတော့သည်၊ ပြီးလျှင် ကားလမ်းမှာလည်း ချက်ချင်းပင် ဇွတ်ပေါက်ကုန်သောကြောင့် လျှောက်ကြဲရသည်မှာ ခြေကုပ်၍ မရအောင် ဖြစ်ရလေတော့သည်။

သို့ရာတွင် ချွေးတပ်သား မည်သူတစ်ဦးတစ်ယောက်မှ ခြေလှမ်းလေးလျက် နောက်တွန့်မနေဝံ့ကြပါချေ။ လေပြင်းမိုးပြင်းနှင့် တောကြီးမျက်မည်းအတွင်း ဖြစ်နေသောကြောင့်လည်း လူအုပ်မကွဲစေရန် အများသူတကာနည်းတူ ခြေလှမ်းကို အမိုးလှမ်းနေကြရလေသည်။ ထို့ကြောင့်လည်း အချို့သောချွေးတပ်သားများများမှာ ရွံ့ထဲရေထဲတွင် တဘုံးဘုံးတဘိုင်းဘိုင်းနှင့် မကြာခဏ လဲရလေသည်။ ဤသို့လဲကသွားလျှင်လည်း ကမန်းကတမ်း လူးလဲထလျက် အများသူကိုမှီအောင် အားတင်းလျှောက်ရပြန်လေသည်။

ကျွန်တော်တို့အားလုံးပင် တစ်နာရီခန့်အချိန်ကြာသည်အထိ ကြီးမားသောဒုက္ခဆင်းရဲကို ခံကြရပြီးမှ မိုးရွာသွန်းမှုမှာ အတော်ကလေး ရပ်စဲသွားလေသည်။ သို့ရာတွင် လေမှာ တဟူးဟူးကိုက်ခတ်နေဆဲ ဖြစ်လေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့တစ်တွေ တစ်ဦးနှင့်တစ်ဦး စကားစမြည်ပြောသည့်အခါ လူမမာအဖျားတက်သလို မေးရိုက်သံ သွားချင်းထိသံများနှင့် တုန်တုန်ခိုက်ခိုက်ဖြစ်နေကြလေသည်။

"ဒုက္ခပါပဲ၊ ခရီးကလဲ ရောက်ခဲလိုက်တာ ကိုသက်ပန်ရယ်"

တစ်လမ်းလုံး မည်သူမျှသော ကိုကောင်းစိန်သည် အထက်သွားနှင့် အောက်သွား တဆတ်ဆတ်ရိုက်လျက် ညည်းတွားခြင်း ပြုလေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း မိုးရေများနှင့် ရွှဲရွှဲစိုနေပါသည်။ သူဝတ်ထားသော ကွတ်အင်္ကျီကြောင့်လည်း ခပ်ပိန်ပိန်ဖြစ်သော သူ့မန္တလေးကိုယ်သည် ဝန်လေးကို ထမ်းပိုးထားရသူတစ်ယောက်ကဲ့သို့ ဖြစ်နေရလေသည်။

ကျွန်တော့်တွင်လည်း အအေးဒဏ်မှ ကာကွယ်ရန် လိုရ မယ်ရ ယူဆောင်လာသော ကွတ်အင်္ကျီတစ်ထည် ပါရှိလာပါသည်။ သို့ရာတွင် ကျွန်တော်၏ ကွတ်အင်္ကျီမှာ သံဖြူဧရပ်မှ ထွက်ခွာလာစဉ်အခါကပင် အိပ်ရာထဲတွင် ခေါက်ထည့်ထားခဲ့သည်။ ယခုဆိုလျှင်မူ သာဆင်၏ ပခုံးထက်မှ အိပ်ရာလိပ်မှာလည်း ရွှဲရွှဲစိုနေလေပြီ။ မိုးရေတွေပင် တပေါက်ပေါက် တစက်စက် ကျနေတော့သည်။ အိပ်ရာလိပ်အတွင်းရှိ အင်္ကျီ၊ ပုဆိုးများရော၊ စောင်များပါ မိုးရေများနှင့် စိုရွှဲနေလိမ့်မည်ဟု ကျွန်တော် တွေးလိုက်မိလေသည်။

"ကျွန်တော်တို့ ကိုယ်ပေါ်က အဝတ်တွေ ချွတ်ပြီး ရေညှစ်ပစ်ကြရင် ကောင်းမယ်၊ မိုးလဲ အတော်ကလေး စဲသွားပြီ၊ ဒါမှ သွားရင်းလာရင်း လေသလပ်ပြီး ခြောက်သွားမယ်"

ကျွန်တော်က ကိုကောင်းစိန်တို့၊ ဘွန်ထိုက်ချို့များအားလုံးကို ပြောလိုက်ပါသည်။

"ဒီအတိုင်း ကိုယ်တုံးလုံးကြီးလား ဗျာ"

ဟန်ချို ကိုချစ်တီးက ရွက်သလို ပြောလေသည်။

"အိုဗျာ-အားလုံး ယောကျ်ားတွေချည်းပဲဟာ၊ နောက်ပြီး တောကြီးထဲမှာ ရွက်စရာမရှိပါဘူး၊ ဂျပန်စစ်သားတွေဆိုရင် လူမြင်ကွင်းမှာတောင် ဗလာကျင်းပြီး ရေမျိုးသေးတာ"

ဘွန်ထိုက်ချို ကိုမောင်စိန်က ပြောလေသည်။ သူသည် ပြောရင်းဆိုရင်းမှပင် သူ့ကိုယ်ပေါ်ရှိ အဝတ်ပုဆိုးများကို ချွတ်လေသည်။

ထိုအခါ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များအားလုံးပင် ရှေ့ဆက်မသွားကြသေးဘဲ ကားလမ်းဘေး ဟိုနေရာ၊ သည်နေရာတွင် ဝင်ရောက်ခိုကပ်လျက် သူတို့ကိုယ်ပေါ်မှ အဝတ်များကို ချွတ်လျက် ညှစ်ပစ်ကြလေသည်။

ကျွန်တော့်မှာ အတွင်းခံဘောင်းဘီတိုနှင့် ဖြစ်သောကြောင့် ခပ်လွယ်လွယ်ပင် ရုပ်အင်္ကျီနှင့် ပုဆိုးကို ချွတ်လျက် ညှစ်ရလေသည်။ ပြီးမှ ပုဆိုးကိုပြန်ဝတ်လျက် ဘောင်းဘီတိုကို ချွတ်၍ ညှစ်ရလေသည်။ ဘွန်ထိုက်ချို့အချို့နှင့် ဟန်ချို့အချို့မှာလည်း ဘောင်းဘီတိုများ ပါရှိကြသဖြင့် ကျွန်တော်လုပ်သည့်နည်းတူ လိုက်၍ လုပ်ကြလေသည်။ ချွေးတပ်သားများသည် ကျွန်တော်တို့အပြုအမူကို မြင်သည့်အခါ သူတို့ကလည်း ကျွန်တော်တို့လိုပင် အဝတ်ချွတ်ကာ ရေများ ညှစ်ပစ်ကြလေသည်။

ဂျပန်စစ်သားများသည် ကျွန်တော်တို့ကို ခေတ္တရပ်လျက် စောင့်ဆိုင်းနေလေသည်။ ဂျပန်တပ်ကြပ်ကြီးကမူ စိုးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း ကျွန်တော်တို့၏ အပြုအမူကို ငေးကြည့်နေလေသည်။

ကျွန်တော်နှင့် သာဆင်သည် ကျွန်တော်တို့ကိုယ်ပေါ်မှ အဝတ်ပုဆိုးများကို ရေညှစ်ကြပြီးနောက် ကျွန်တော့်အိပ်ရာလိပ်နှင့် လွယ်အိတ်ထဲမှ အဝတ်များ၊ စောင်များကိုလည်း ရေများ ညှစ်ထုတ်ပစ်ရလေသည်။ ကိုကောင်းစိန်နှင့် ဘွန်ထိုက်ချို့များသည် ကျွန်တော်နှင့်သာဆင်အား လာရောက်အကူအညီပေးလေသည်။ ကျွန်တော့် လွယ်အိတ်ထဲရှိ ဆေးလိပ်များနှင့် ဆေးထုပ်၊ ဆေးဘူးကလေးများမှာလည်း မိုးရေများဖြင့် ရွှဲနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ ညနေဆောင်း၍ မိုးချုပ်လုနီးနေပြီးဖြစ်သောကြောင့်လည်း ကျွန်တော်တို့သည် ခပ်လောလော ခပ်သွက်သွက် လှပ်ကြကိုင်ကြရလေသည်။ ရေစိုသော အဝတ်ပုဆိုးစသည်များကိုမူ ကျွန်တော်တို့ နေထိုင်ကြရမည့် အလုပ်စခန်းသို့ ရောက်ပါမှ အခြေအနေကို ကြည့်လျက် မီးကင်သင့်က ကင်ရတော့မှာပဲဟု၍ စိတ်ထဲက တွေးလိုက်မိလေသည်။

ဂျပန်တပ်ကြပ်ကြီးသည် အလံဖြူကို ဝှေ့ရမ်းလျက် အော်ဟစ်လေသည်။ ဂျပန်စစ်သားများကလည်း "သွား၊ တက၊ သွား၊ တက၊ ထပါ၊ ထပါ" ဟူ၍ မပီမသ အော်ဟစ်လေတော့သည်။

သည်တစ်ကြိမ် ရှေ့ခရီးသို့ ချီတက်ကြသည့်အခါ၌မူ ချွေးတပ်သားအတော်များများပင် အင်္ကျီများကို ပြန်မဝတ်ကြတော့ပါချေ။ ကျိုးပဲ့၍ ကျနေသော သစ်ကိုင်းများ၊ ဝါးကိုင်း၊ ဝါးခက်များကို လမ်းပေါ်မှ လိုက်လံကောက်ယူကြပြီး နောက် အင်္ကျီများကို စွပ်လျှိုကာ မြှောက်ကိုင်လာကြလေသည်။ ထိုအခါ ကျွန်တော်တို့ တစ်တွေမှာ အလံများ ကိုင်ဆောင်လျက် ချီတက်နေကြသလို ဖြစ်နေလေတော့သည်။

အချိန်မှာ ၃ နာရီကျော်ကျော် ၄ နာရီခန့် ရှိသေးသော်လည်း တောကြီးတောင်ကြီးများအတွင်း၌ ဖြစ်သောကြောင့် နေရောင်မှာ ကွယ်ပျောက်လျက် ရှိလေပြီ။ ဂျပန်တပ်ကြပ်ကြီးနှင့် ဂျပန်စစ်သားများမှာလည်း ခပ်စောစောတုန်းကလို ခြေလှမ်းမှန်မှန်နှင့် ခပ်လေးလေး ခပ်အေးအေး မဟုတ်ကြတော့ပေ။ သူတို့သည် အော်ရင်းဟစ်ရင်း လက်တွင်ရှိ ဝါးစိမ်းတုတ်များကို ဝှေ့မြှောက်ရင်းက ခပ်သွက်သွက် လျှောက်ကြရန် ချွေးတပ်သားများအား နွှားမောင်းသလို မောင်းနှင်ခြင်းပြုလေသည်။

ချွေးတပ်သားများမှာလည်း တစ်နေကုန် တစ်နေခန်း လျှောက်ခဲ့ကြရသူများဖြစ်သောကြောင့် တဖြည်းဖြည်းနှင့် ခြေလှမ်းလေးနေလေတော့သည်။ နောက်ပိုင်းတွင် ပြတ်ကျန်ရစ်နေသော ချွေးတပ်သားများကိုမူ ဂျပန်စစ်သားများက လိုက်လဲလျက် ရိုက်နှက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း ပြုနေပြန်လေသည်။ ထိုအခါ ချွေးတပ်သားများမှာလည်း ရောင်ရင်း တိမ်းရင်းနှင့် တောင်ပြေး မြောက်ပြေး ပြေးလွှားကြလေသည်။

ယခုအခါ မိုးသည် လုံးဝတိတ်သွားလေပြီ။ သို့ရာတွင် လေမှာမူ အတော်အတန် တိုက်ခတ်နေဆဲဖြစ်လေသည်။ လေတိုက်ခတ်ခြင်းအရှိန်ကြောင့်လည်း ချွေးတပ်သားများ ကိုင်မြှောက်ထားသော သစ်ကိုင်းသစ်ခက်များမှ အင်္ကျီများသည် တဖျတ်ဖျတ်လှုပ်ရှားနေလေသည်။

ကျွန်တော်သည် သွားရင်းလျှောက်ရင်းမှ ဂျပန်စစ်သားများကို သတိပြုကြည့်လိုက်မိပါသည်။ ဘောင်းဘီအောက်ပိုင်းမှစလျက် ဖိနပ်၊ ခြေအိတ် စသည်များတွင် ရွှံ့အလူးလူး၊ ဖွက်အလူးလူး ပေကျံလျက် ရှိလေသည်။ သူတို့၏ မိုးကာအင်္ကျီများမှာလည်း ကြီးမားသော လေဒဏ် မိုးဒဏ်ကို လုံလဲအောင် ကာကွယ်နိုင်ဟန် မတူ။ သူတို့ ဘောင်းဘီ၊ အင်္ကျီများတွင် မိုးရေမိုးစက်များ ထိမှန်ထားလေသည်။

၅ နာရီခွဲလောက်တွင်မူ ရှေ့ဆုံးမှ သွားနေသော တပ်ကြပ်ကြီးဂျပန်နှင့် စစ်သားသုံးလေးယောက်သည် ခြေလှမ်းကို ရပ်တန့်လိုက်လေသည်။ တပ်ကြပ်ကြီးဂျပန်သည် ကျောက်တုံးကြီးတစ်တုံးပေါ်တွင် တက်ရပ်ပြီးနောက် အလံဖြူကို ဝှေ့မြှောက်လျက် ကျွန်တော်တို့အား အမြန်ဆုံးခွါချီတက်ခဲ့ကြရန် အချက်ပြလေသည်။

"ရောက်ပြီဟေ့-ရောက်ပြီ၊-ခပ်သုတ်သုတ် လာကြဟေ့-"

ဘွန်ထိုက်ချို၊နှင့် ဟန်ချို၊များက အော်ဟစ်ခြင်း ပြုကြလေသည်။ ချွေးတပ်သားများသည် တဝေးဝေးတဝါးဝါးအော်ဟစ်လျက် ထိုနေရာသို့ စုရုံးပြေးလွှားလာကြလေသည်။

တပ်ကြပ်ကြီးဂျပန်သည် ကျွန်တော်တို့အား ကားလမ်း၏ ဝဲဘက်လမ်းချို၊အတိုင်း ချီတက်သွားကြရန် ညွှန်ပြလေသည်။ ဂျပန်စစ်သားသုံးလေးယောက်သည် ရှေ့ဆောင်ပြုလျက် ထိုလမ်းအတိုင်း ချီတက်သွားကြသည်။ ဘွန်ထိုက်ချို၊နှင့် ဟန်ချို၊များသည် မိမိတို့ချွေးတပ်အဖွဲ့သားများကို စနစ်တကျ ပြန်လည်စုစည်းပြီးနောက် ဂျပန်များနောက်မှ လိုက်ပါသွားကြသည်။ ကျွန်တော်၊ တပ်ကြပ်ကြီးဂျပန်နှင့် ဂျပန်စစ်သားလေးငါးယောက်မှာမူ ထိုလမ်းကွေ့အချို၊၏ ထိပ်မှ ရပ်ကာ ဆက်လက်ချီတက်လာနေသော နောက်ပိုင်းမှ ချွေးတပ်အဖွဲ့သားများကို စောင့်ဆိုင်းနေရလေသည်။

ကျွန်တော်သည် ဂျပန်စစ်သားများနှင့်အတူ နောက်ပိုင်းကျန်နေသော ချွေးတပ်အဖွဲ့သားများကို ရပ်တန့်စောင့်ဆိုင်းနေရာမှ ပတ်ဝန်းကျင်တစ်ဝိုက်ကို သတိထားလျက် အကဲခတ်လိုက်မိလေသည်။ ထိုအခါမှပင် သစ်သားပြားပေါ်၌ ဆေးနက်ဖြင့် ရေးသားစိုက်ထူထားသော ဆိုင်းဘုတ်သုံးလေးခုကို တစ်ခုပြီးတစ်ခု သတိပြုလိုက်မိလေသည်။

"ဤနေရာတွင် ဒတ်ချ်စစ်သား မြှောက်ယောက် ထွက်ပြီး လွတ်မြောက်သွားသည်။ ဖမ်းဆီးမိအောင် သတင်းပေးနိုင်သူအား နိပွန် တပ်မတော်မှ ဆုတော်ငွေ အမြောက်အမြား ချီးမြှင့်မည်။"

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆိုင်းဘုတ်တစ်ခုမှာ-

"စမ်းချောင်းရေကို အစိမ်းအတိုင်းမသောက်ရ။ တွေ့ခဲ့လျှင် အပြစ်ကြီးလေးမှာ ပေးခြင်း ခံကြရမည်။"

နောက်တစ်ခု၊ ထိုနောက်တစ်ခုမှာ ဂျပန်စာများနှင့် ရေးသားထားခြင်း ဖြစ်လေသည်။ ဘာတွေရေးသားထားသည်ဟူ၍ မသိရပေ။ နောင်အခါမှ သိရသည်မှာ "ကျောက်တစ်လုံးစခန်း' ဟု ရေးသားထားခြင်းဖြစ်ကြောင်း သိရလေသည်။

နောက်ဆိုင်းဘုတ်တစ်ခုမှာမူ စာဟူ၍ လုံးဝမပါပေ။ တဲတန်းလျားလေးငါးခု၏ ပုံသဏ္ဌာန်များကို ရေးဆွဲထားခြင်းပင် ဖြစ်လေသည်။ သဘောမှာ ချွေးတပ်စခန်းတစ်ခုရှိကြောင်း ရေးသားထားခြင်းပင် ဖြစ်ဟန်တူလေသည်။

ချွေးတပ်သားကလေး သာဆင်မှာ အများနှင့် ရောနှောလိုက်ပါသွားခြင်း မပြုဘဲ ကျွန်တော့်အနီးတွင် ကျွန်တော်နှင့်အတူ ရပ်လျက် ကျွန်ရှိခဲ့လေသည်။ ထိုသူငယ်ကလေးမှာ ညောင်တုန်းမှ ထွက်ခွာလာသည့်အချိန်မှ စတင်လျက် ကျွန်တော့်အနီးတွင် တပူးကပ်ကပ် ဖြစ်နေပါတော့သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သာဆင်အား သံယောဇဉ်တွယ်သလို ဖြစ်နေလေတော့သည်။

ပတ်ဝန်းကျင်အားလုံးမှာ တောတောင်များ အထပ်ထပ်ဝိုင်းရံလျက် ရှိလေသည်။ အချို့သော နေရာခပ်လှမ်းလှမ်းရှိ တောအုပ်များအတွင်းဆီမှလည်း တောကောင်သတ္တဝါများ၏ အော်သံဟစ်သံများကို ကြားနေရလေသည်။ အခြေအနေအရပ်ရပ်ကို လေ့လာကြည့်ရှုရခြင်းအားဖြင့်လည်း ကျွန်တော်တို့သည် အတော်ပင် နက်ခေါင်သော တောကြီးတောင်ကြီးအတွင်းသို့ ရောက်ရှိလာခဲ့ပြီးဖြစ်ကြောင်းနှင့်လည်း သဘောပေါက်လိုက်မိလေသည်။

ဤလိုနှင့် ချွေးတပ်အဖွဲ့သားများအား လုံး ရောက်ရှိပြီးဆုံးသည့်အခါကျမှပင် ဂျပန်တပ်ကြပ်ကြီးနှင့် ကျွန်တော်တို့ ကျန်သူများမှာလည်း ထိုလမ်းချိုးကလေးအတိုင်း အတွင်းသို့ ဝင်ရောက်ခဲ့ကြရလေသည်။

❑

၇။ အဲ့ဗခန်း ရုတ်ခတ်မှုများ

ကျွန်တော်တို့ နောက်ချန်၍ နေရစ်သူများသည် မကြာမီပင် 'ကျောက်တစ်လုံး' စခန်းအတွင်းသို့ ရောက်ရှိခဲ့လေသည်။ ဤနေရာ၊ ဤစခန်းကို ကျောက်တစ်လုံးစခန်းဟူ၍ မည်သည့်အတွက် အမည်ပေးထားသည်ဆိုခြင်းကိုလည်း ချက်ချင်းလိုပင် ကျွန်တော်သည် သဘောပေါက်နားလည်လိုက်ပါသည်။

စခန်းဘေးတစ်နေရာတွင် အမြင့်ပေခြောက်ဆယ်လောက်ရှိ၍ လေးပင်အိမ်ကြီးတစ်လုံးလောက် ကြီးမားသော ကျောက်တုံးကြီးတစ်ခုကို တွေ့ရပါလေသည်။ ထိုကျောက်တုံးကြီးသည် ရည်ညွှန်းများ အထပ်ထပ်တက်နေသဖြင့် ညိုမည်းမည်းဖြစ်နေလေသည်။ စခန်းတစ်ခုလုံး၏ အကျယ်အဝန်းမှာလည်း အလွန်တရာကျယ်ဝန်းလှသည်။ ဂျပန်စစ်သားများ နေထိုင်သော အိမ်ငယ်ကလေးများ၊ စစ်ရုံးပြုလုပ်ထားသော အဆောက်အအုံများ၊ စားနပ်ရိက္ခာဂိုဒေါင်များနှင့် လက်နက်ပစ္စည်း (ချွေးတပ်ဖောက်လုပ်ရာတွင် အသုံးပြုသော လက်နက်များ)ထားသော ဂိုဒေါင်စသည်များကိုမူ ဝင်းခတ်လျက် သီးသီးသန့်သန့် ကာရံထားလေသည်။

ကျောက်တစ်လုံး ချွေးတပ်စခန်းသည် အတော်အတန်ချိုင့်ဝှမ်းသော အနိမ့်ပိုင်းတစ်နေရာတွင် ဆောက်လုပ်ထားခြင်းဖြစ်လေသည်။ သို့ရာတွင် ချွေးတပ်သားများနှင့် စစ်သုံ့ပန်းများ နေထိုင်ရသည့် တဲတန်းလျားများကသာ အနိမ့်ပိုင်းတွင်ဖြစ်လျက် ဂျပန်များနေထိုင်သော အိမ်ငယ်နှင့် အဆောက်အအုံများမှာမူ ကျောက်တောင်ကုန်းများနှင့် အတော်အတန်မြင့်မားသည့် တောင်ကမ္ဘများပေါ်တွင် ဖြစ်လေသည်။

ဤအချက်ကို ကြည့်မိသည့်အခါ ဂျပန်များသည် အရပ်သား ချွေးတပ်သားများ အပေါ်၌သော်လည်းကောင်း၊ သုံ့ပန်းချွေးတပ်သားများ အပေါ်၌သော်လည်းကောင်း စစ်မြေပြင်အနေအထားအရ အပေါ်စီး အထက်စီးယူကြောင်း သိနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုထက်ထူးခြားလျက် ကျောက်တောင်ကုန်းတစ်ခုပေါ်တွင် ဂျပန်အိမ်ငယ်များ၏ ပုံသဏ္ဌာန်အရ ဆောက်လုပ်ထားသော အိမ်ငယ်တစ်လုံးကို တွေ့ရသည်။ ထိုအိမ်ငယ်၏ ရှေ့မျက်နှာစာတွင် အလံတိုင်ကြီးတစ်တိုင်ကို စိုက်ထူလျက်ကြီးမားသော နေတံဆိပ်အလံကြီးတစ်ခုကို လွှင့်ထူထားသည်။ သေနတ်ကိုင်လဲ့ျက်တာဝန်ကျနေသော ဂျပန်စစ်သားတစ်ယောက်လည်း ထိုအိမ်ငယ်၏ မျက်နှာစာအမိုးအောက်တွင် ဟိမှဒီမှ လူးလာခေါက်ပြန် လျှောက်နေသည်။ ဂျပန်စစ်ရုံးဖြစ်သော ခပ်ရှည်ရှည်တန်းလျားသည် ထိုတောင်ကုန်းမြင့်၏ အောက်ခြေတွင် ဖြစ်လေသည်။ လက်နက်ရုံနှင့် စားနပ်ရိက္ခာဂိုဒေါင်မှာမူ စစ်ရုံး၏ အရှေ့ဘက်တောစပ်တစ်နေရာတွင် ဖြစ်လေသည်။

ထို့ကြောင့်လည်း တောင်ကုန်းထက် အိမ်ငယ်ကလေးပေါ်မှနေ၍ကြည့်လျှင် အားလုံးသော အဆောက်အအုံများကို ထင်ထင်ရှားရှားနှင့် အထက်စီးမှ မြင်တွေ့နိုင်လေသည်။ ထိုတောင်ကုန်းမြင့်ပေါ်ရှိ အိမ်ငယ်သည် ကျောက်တစ်လုံးစခန်းတွင် အကြီးအကဲဖြစ်သော ဂျပန်စစ်ဗိုလ်၏ နေအိမ်ပင် ဖြစ်လေသည်။

ဂျပန်တပ်ကြပ်ကြီးနှင့် ကျွန်တော်တို့ ရောက်ရှိသွားသောအချိန်တွင်မူ ရွေးတပ်သားများအားလုံး လေးယောက်တစ်တွဲ တန်းစီလျက် ရှိနေပြီ။ အားလုံးပင် ကျောက်တစ်လုံးကျောက်တုံးကြီးအနီးရှိ မြေကွက်လပ်တွင် တန်းစီရပ်နေကြရခြင်းဖြစ်သည်။ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များသည် မိမိတို့ သက်ဆိုင်ရာအဖွဲ့သားများ၏ တန်းထိပ်မှ ရပ်လျက် ရှိနေကြသည်။ သူတို့အားလုံးရှေ့မှ လိုက်လံပို့ဆောင်သော ဂျပန်စစ်သားများ ရပ်ကြသည်။ သူတို့သည် တပ်ကြပ်ကြီးအလာကို စောင့်ဆိုင်းနေကြခြင်းပင် ဖြစ်လေသည်။

ကျွန်တော်သည် ကရင်ကလေး သာဆင်အား သူနှင့်သက်ဆိုင်ရာ အုပ်စုအဖွဲ့တွင် ဝင်ရောက်လျက် တန်းစီခိုင်းရလေသည်။ သူ့အဖွဲ့မှာ ဘွန်ထိုက်ချို့ ကိုမောင်စိန်နှင့် ဟန်ချို့ ကိုအောင်သိန်းအဖွဲ့ပင် ဖြစ်လေသည်။ သာဆင်ကိစ္စပြီးလျှင် ကျွန်တော်ကိုယ်တိုင်မှာလည်း ဘွန်ထိုက်ချို့များ၏ထိပ်မှ ဝင်ရောက်၍ ရပ်လိုက်ရလေသည်။

မကြာမီ တပ်ကြပ်ကြီးဂျပန်သည် ကျွန်တော်တို့၏ အနေအထားများကို ကြည့်ရှုပြီးနောက် ဂျပန်စစ်သား နှစ်ယောက်နှင့်အတူ တောင်ကုန်းမြင့်ပေါ်ရှိ အိမ်ကလေးဆီသို့ ခပ်သုတ်သုတ်ထွက်ခွာသွားလေသည်။ ရွေးတပ်အဖွဲ့သားများကောင်းမွန်စွာရောက်ရှိလာပြီဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ စစ်ဗိုလ်အားသွားရောက်လျက် သတင်းပေးပို့ရခြင်းပင် ဖြစ်လေသည်။

ထိုအတွင်း ဂျပန်စစ်သားအားလုံး၏ ခွူးခွူးဝါးဝါးအော်ဟစ်လိုက်သံကြီးကို အထိတ်တလန့် ကြားလိုက်ရလေသည်။ ကျွန်တော်တို့အနီးရှိ ဂျပန်စစ်သားများရော

စခန်းတစ်ခုလုံးရှိ စစ်သားများအားလုံးပါ ခြေစုံရပ်လျက် တစ်စုံတစ်ဦးအားအလေးပြုလိုက်ခြင်းပင် ဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်စစ်သားများ အလေးပြုရာ တောင်ကုန်းမြင့် အိမ်ငယ်ကလေးရှိရာသို့ လှမ်းကြည့်လိုက်မိသည်။

ဂျပန်စစ်ဗိုလ်တစ်ယောက် အိမ်ငယ်ကလေးအတွင်းမှ ထွက်လာပြီးနောက် ထိုအိမ်ငယ်ကလေး၏ မျက်နှာစာတစ်နေရာတွင် ရပ်နေသည်ကို တွေ့ရလေသည်။ ပေစောစောက တောင်ကုန်းပေါ်သို့ တက်သွားသော တပ်ကြပ်ကြီးနှင့်တကွ ရှိရှိသမျှ ဂျပန်များက ထိုစစ်ဗိုလ်အား အလေးပြုလိုက်ကြခြင်းပင် ဖြစ်လေသည်။

တပ်ကြပ်ကြီးသည် တစ်စုံတစ်ရာကို အစီရင်ခံလျက် ရှိလေသည်။ စစ်ဗိုလ်ကိုယ်တိုင်မှာမူ ကျွန်တော်တို့ ရွေးတပ်သားများရှိရာသို့ လှမ်းကြည့်နေလျက် တပ်ကြပ်ကြီး၏ အစီရင်ခံချက်ကို နားထောင်နေဟန် ရှိလေသည်။

တပ်ကြပ်ကြီး စကားဆုံးသွားသည့်အခါ ဂျပန်စစ်ဗိုလ်သည် တစ်စုံတစ်ရာကို ပြန်လည်ပြောကြားလျက် အမိန့်ပေးနေလေသည်။ ဂျပန်တပ်ကြပ်ကြီးမှာ ခြေစုံရပ်လျက်၊ ရင်ကော့လျက် တဟိုက်တည်း ဟိုက်နေလေသည်။

မကြာမီ ဂျပန်စစ်ဗိုလ်သည် အိမ်ငယ်ကလေးအတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေသည်။ တပ်ကြပ်ကြီးနှင့် သူ့နောက်ပါ ဂျပန်စစ်သားနှစ်ယောက်မှာလည်း ခြေလှမ်းခပ်သွက်သွက်လှမ်းလျက် တောင်ကုန်းအောက်သို့ ပြန်လည်ဆင်းသက်လာကြသည်။ သို့ရာတွင် သူတို့သည် ရွေးတပ်သားများရှိရာသို့ မလာကြသေးဘဲ၊ စစ်ရုံးအဆောက်အအုံတွင်းသို့ ဝင်ရောက်သွားကြပြန်လေသည်။ အတန်ငယ်အချိန်ကြာပြီးနောက်မှပင် တပ်ကြပ်ကြီးဂျပန်နှင့်အတူ အခြားဂျပန်ဗိုလ်တစ်ယောက်နှင့် ဂျပန်စစ်သားဆယ်ယောက်ခန့်၊ စကားပြန်တစ်ယောက်တို့ပါ ကျွန်တော်တို့ရှိရာသို့ ရောက်ရှိလာကြလေသည်။

အမှောင်ရိပ်များပင် တစစ ဝင်ရောက်လာပြီ ဖြစ်သည့်အတွက် ဂျပန်များသည် ဘွန်ထိုက်ချို့၊ ဟန်ချို့များ၏ အကူအညီဖြင့် လျင်မြန်စွာ လူစစ်ဆေးခြင်းပြုလေသည်။ ပြီးလျှင် စကားပြန်မှတစ်ဆင့် ဂျပန်စစ်ဗိုလ်သည် ကျွန်တော်တို့အားစကားပြောခြင်းပြုလေသည်။

ထိုစစ်ဗိုလ်မှာ လိုင်းသုံးလိုင်းနှင့် ဖြစ်လေသည်။

သူ့အမည်မှာ ကုမေကာဖြစ်ကြောင်း နောင်အခါ၌ သိရလေသည်။ သူသည် ပေစောစောက တောင်ကုန်းမြင့်အိမ်ကလေးပေါ်ရှိ ဂျပန်စစ်ဗိုလ်၏ လက်အောက်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

စကားပြန်ဖြစ်သူသည် ကျွန်တော်တို့ ချွေးတပ်သားများ အလုပ်ကို ကြိုးစား လုပ်ကြရမည်ဖြစ်ကြောင်း၊ ဘွန်ထိုက်ချို ဟန်ချို့များကလည်း မိမိတို့ငယ်သား များအား အလုပ်ခွင်တွင် ကြိုးစားလုပ်ကြစေရန် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်ကြောင်း၊ ချွေးတပ်သားများ ထွက်ပြေးခဲ့လျှင် ဘွန်ထိုက်ချို၊ ဟန်ချို့များ အပြစ်ပေးခံရမည် ဖြစ်ကြောင်း၊ ချွေးတပ်သားများသည် ဘွန်ထိုက်ချို့နှင့် ဟန်ချို့များ၏ ပြောစကားကို နားထောင်ကြရမည်ဖြစ်ကြောင်း၊ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များသည် ဝါဒဖြန့်ချိရေး မှူးနှင့် စခန်းမှူးများ၏ အမိန့်ကို နာခံရမည်ဖြစ်ကြောင်း ပြောလေသည်။

တစ်ဖန် အလုပ်လုပ်သူအားလုံးအတွက် ခုနစ်ရက်တစ်ပတ်လျှင် တစ်ကြိမ်ကျ လုပ်ခငွေများကို ရှင်းလင်းပေးမည်ဖြစ်ကြောင်း၊ အလုပ်ပျက်ကွက်ခဲ့သူများကို မှ လုပ်ခမပေးရုံမက အစားအသောက်များပင် ပေးလိမ့်မည်မဟုတ်ကြောင်း၊ အလုပ် ပျက်ကွက်မှုများလာပါက တောနက်ရာ ဆေးရုံတန်းလျားများတွင် ထားရှိခြင်း ခံရမည်ဖြစ်ကြောင်းမှစလျက် စိတ်မသက်သာစရာကောင်းလှသော စည်းကမ်းချက် များကို ပြောကြားခြင်းပြုပါသည်။

ပြီးလျှင် စကားပြန်သည် ဂျပန်စစ်ဗိုလ် ကုမေကာ၏ အမိန့်ပေးချက်အရ ကျွန်တော်တို့ရှိရာသို့ လျှောက်လာလေသည်။ စကားပြန်သည် လူငယ်တစ်ယောက် မဟုတ်ပေ။ အသက်အစိတ်ခန့် ကုလားဒိန်ဖြစ်လေသည်။ သူနှင့်ကျွန်တော်မှာ သက်တူရွယ်တူဖြစ်လေသည်။

"ခင်ဗျားတို့အတွက် တဲလိုင်းအမှတ် ၅ နဲ့ ၆ မှာ နေရာချမယ်၊ မာစတာ က ပြောတယ်၊ ခင်ဗျား ဒီလူတွေကို ဟိုဘက်လိုင်းကြီးမှာရှိနေတဲ့ အင်္ဂလိပ်သုံ့ပန်း တွေနဲ့ မဆက်ဆံပါစေနဲ့တဲ့၊ အဲဒါကို ဘွန်ထိုက်ချို့တွေနဲ့ ဟန်ချို့ဘွေကိုလဲ သတိ ပေးပါတဲ့"

စကားပြန် ကုလားဒိန်သည် ဂျပန်စစ်ဗိုလ်ကုမေကာ ညွှန်ကြားသည့်အတိုင်း ပြောလေသည်။ သူက စကားအဖြတ်လိုက်တွင် ဂျပန်စစ်ဗိုလ်က တစ်စုံတရာ ထပ်မံလျက်ပြောလိုက်သည်။ ပြီးလျှင် ဂျပန်စစ်ဗိုလ်ကုမေကာသည် ကျွန်တော့် မျက်နှာကို စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေလေသည်။

"မာစတာပြောတာကို ခင်ဗျားနားလည်သလားတဲ့"

"ဟိုက် မာစတာ၊ ကောင်းကောင်းနားလည်ပါတယ်"

ကုမေကာသည် ဦးခေါင်းတစ်ချက် ဆတ်လိုက်ပြီးနောက် စကားပြန် ကုလားဒိန်အား ထပ်မံလျက် ပြောပြန်လေသည်။

ပြီးလျှင် စကားပြန်က ပြောပြန်လေသည်။

"ချွေးတပ်သားတွေဟာ အင်္ဂလိပ်သုံ့ပန်းတွေနဲ့ စကားပြောခြင်း၊ ဆေးလိပ် ကို၊ မုန့်တို့၊ ပိုက်ဆံပေးခြင်းလဲ မလုပ်ရဘူးတဲ့၊ တကယ်လို့ ချွေးတပ်သား တစ်ယောက်က အဲဒီလိုလုပ်မယ်ဆိုရင် သူ့ဆီကို ချက်ချင်းဖမ်းလာရမယ်တဲ့၊ ဒီလိုမလုပ်ရင် ခင်ဗျားနဲ့ ဘွန်ထိုက်ချို့၊ ဟန်ချို့တွေအားလုံးကို ကြိုးတုပ်ပြီး အပြစ် ပေးမယ်တဲ့"

ကျွန်တော်သည် ဂျပန်စစ်ဗိုလ်ကုမေကာနှင့် ကုလားဒိန်စကားပြန်တို့၏ ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရလေသည်။ ဤလိုနှင့် နာဂိုဂက်လောက်နီးနီးရှိသွားမှပင် ဂျပန်စစ်ဗိုလ်ကုမေကာသည် ဂျပန်စစ်သားများ အား ကျွန်တော်တို့နေထိုင်ကြရမည့် တဲလိုင်းများရှိရာသို့ ပို့ဆောင်ခြင်းပြုစေ ပါသည်။

စကားပြန် ကုလားဒိန်သည် ကျွန်တော်တို့နှင့်အတူ ပါလာလေသည်။ သူသည် ကျွန်တော်နှင့် ဘွန်ထိုက်ချို့များကို အသိမိတ်ဆွေဖွဲ့လျက် သူ့အမည်မှာ လှဖေဖြစ်ကြောင်း၊ ဇာတိမှာ မော်လမြိုင်မှဖြစ်ကြောင်း၊ အစစအရာရာ အားမငယ် စေရန်နှင့်တကွ မကြာမီ ထမင်းချက်ရုံမှ ထမင်းချက်ခေါင်းက ညစာထမင်းအတွက် လာရောက်အကြောင်းကြားလိမ့်မည်ဖြစ်ကြောင်း ပြောပါလေသည်။

အစဉ်သော် ကျွန်တော်သည် ထိုစကားပြန် ကုလားဒိန်အပေါ်တွင် အတော် ကလေး ကျေးဇူးတင်မိလေသည်။ တောကြီးတောင်ကြီးထဲတွင် သိဟောင်း ကျွမ်းဟောင်း မိတ်ဆွေကောင်းတစ်ယောက်ကဲ့သို့ အားပေးစကားပြောကြားသော ကြောင့်လည်း အတော်ပင် ယုံကြည်အားထားမိပါသည်။ ကျွန်တော်တို့အတွက် မသိနားမလည်သော ကိစ္စများရှိပါက ပြောကြားပါမည့်အကြောင်း အကူအညီ ပေးပါမည့်အကြောင်း ပြောရလေသည်။

"ခင်ဗျားက ဝါဒဖြန့်ချိရေးမှူးဆိုတော့ မနက်ဖြန်ကစပြီး ရာရှင်ရမယ်၊ ခင်ဗျားအတွက် ရာရှင်ရဖို့ကိစ္စကို ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်၊ ရာရှင်ရရင် တော့ ကိုယ့်ဟာကိုယ် ချက်ပြုတ်စားပေါ့ဗျာ၊ ဒါလဲလွယ်ပါတယ်၊ ချွေးတပ်သား ထဲက တစ်ယောက်ယောက် ခင်ဗျားသဘောကျတဲ့လူကို တပည့်အဖြစ်နဲ့ အချက် နိုင်းပေါ့၊ ဒါမှမဟုတ်ရင်လဲ ထမင်းချက်ခေါင်းကို အချက်ခိုင်းပေါ့"

ဟု သူက ပြောလေသည်။

"ကျွန်တော့်အတွက်က ဘာတွေရမှာလဲဗျ"

ကျွန်တော်က သူ့ကို ဆရာတင်လျက် မေးမြန်းခြင်းပြုရလေသည်။

"အစုံပေါ့ဗျာ၊ ရိက္ခာဂိုဒေါင်မှာရှိတဲ့ ပစ္စည်းဆိုရင် အကုန်လောက်လိုနိုး ရမှာပဲ ဆန်ရမယ်၊ ပဲရမယ်၊ သကြားရမယ်၊ အာလူးတို့၊ ကြက်သွန်ဖြူတို့ အစုံ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ဗျာ၊ အဲ-တစ်ခုတော့ ရှိတယ်၊ သူတို့ ဂျပန်တွေမစား၊တဲ့ ငံပြာရည်တို့၊ ငါးပိတို့၊ ငရုတ်သီးတို့တော့ ရမှာမဟုတ်ဘူး၊ နောက်ပြီး ဆေးလိပ်သောက်တတ်ရင် ကူးဝါးစီးကရက်လဲ ရမယ်"

ကုလားဒိန် စကားပြန်သည် နောက်ထပ်လျက် စကားအနည်းငယ်ပြောပြီး နောက် ကျွန်တော်နှင့် ဘွန်ထိုက်ချို့များထံတွင် ပါရှိလာသော ဆေးလိပ်များကို တစ်ဦးတစ်ဦးထံမှ နှစ်လိပ်၊ သုံးလိပ်မှအစ တောင်းယူပြီးနောက် တဲတန်းလျား အတွင်းမှ ထွက်ခွာသွားလေသည်။ ထိုအခါမှပင် ကျွန်တော်သည် ကုလားဒိန် လူလည်သည် ကျွန်တော်တို့ထံမှ ဆေးလိပ်များလိုချင်၍ အသိမိတ်ဆွေလာမွှဲ့ကြောင်း ရိပ်စားမိလေသည်။

အချိန်မှာ အမောင်ထုများ ဖုံးလွှမ်းလာသောအချိန်ပင် ဖြစ်လေသည်။

ကျွန်တော်သည် ဘွန်ထိုက်ချို့၊ ဟန်ချို့များနှင့် တိုင်ပင်လျက် တဲတန်းလျား နှစ်လုံးအတွင်း ကျွန်တော်တို့လူများကို နေရာချထားပေးခြင်းပြုရလေသည်။

ချွေးတပ်သားအားလုံးပင် ခရီးကလည်း ပင်ပန်း၊ ညစာထမင်းကလည်း မစားရသေးသောကြောင့် အားအင်ကုန်ခမ်းလျက် လေးလေးကွေးကွေး ဖြစ်နေလေသည်။ ထို့ကြောင့်လည်း သူတို့အားလုံးကိုပင် ချောမွေ့ဖျောင်းဖျလျက် အကျိုးသင့်အကြောင်းသင့် ပြောဆိုခြင်းပြုရလေသည်။

ထိုအခါ၌လည်း ကျွန်တော်၏ အဖွဲ့သားများမှာ သဘောပေါက်လက်ခံလျက် တစ်ယောက်တစ်လက်ဆိုသလို နေရာထိုင်ခင်းအတွက် စီမံလုပ်ကိုင်ကြလေသည်။

ကျွန်တော်တို့နေရသော တဲလိုင်းနှစ်ခုစလုံးပင် တစ်ကြိမ်သောအခါက အခြားသောချွေးတပ်အဖွဲ့သားများ နေထိုင်သွားခဲ့ပြီးဖြစ်ကြောင်းနှင့် လက်စလက်နက်ကို ကြည့်ရုံမျှဖြင့် သိရှိရလေသည်။

ကျွန်တော်တို့လူစုသည် တဲတန်းလျားကြီးအတွင်း၌ ကညင်ဆီမီးချောင်းများကို သံဖြူဇရပ်စခန်းတွင် ထွန်းညှိသည့်နည်းတူ ထွန်းညှိခြင်းပြုကြရလေသည်။ အချို့ချွေးတပ်သားများသည် ယခင်က လက်စလက်နဟောင်းဖြစ်သော မီးဖိုကြီးများအတွင်းသို့ အသင့်တွေ့ရသော ထင်းတုံးသစ်တုံးများကို ထည့်လျက် မီးမွှေးခြင်းပြုကြလေသည်။

လူအင်အားက များပြားလှသောကြောင့်လည်း ဤလို တစ်ယောက်တစ်လက်နှင့် မခိုမကပ်လုပ်လိုက်သည့်အခါ တဲတန်းလျားနှစ်ခုစလုံးပင် အမောင်နှင့် မည်းမည်းဖြစ်နေရာမှ လင်းလင်းချင်းချင်းနှင့် ကြည့်ကောင်းရှုကောင်းဖြစ်သွားပါတော့သည်။ မီးဖိုကြီးများမှ မီးအပူဒွေ့ကြောင့်လည်း တဲကြီးများအတွင်း အတော်အတန် နွေးနွေးထွေးထွေး ဖြစ်သွားပါတော့သည်။ ခါးဝတ်ပုဆိုးများ

စိုထိုင်းထိုင်းဖြစ်နေသော ချွေးတပ်သားများသည် ပုဆိုးလုံကွင်းများကို ချွတ်ခွာလျက် မီးပုံကြီးများ ပတ်ပတ်လည်တွင် မီးကင် မီးမြိုက်ခြင်းပြုကြလေသည်။

ကရင်အမျိုးသားကလေး သာဆင်နှင့် ဟန်ချို့ ကိုအောင်သိန်းတို့မှာ ထင်းကိုင်းခြောက်များကို မီးပုံထဲထည့်လျက် ကျွန်တော့်အိပ်ရာလိပ်ထဲမှ စောင်များ၊ ကွတ်အင်္ကျီ၊ ပုဆိုးများ၊ အိပ်ရာခင်း စသည်များကို မီးကင်လျက် ရှိနေကြလေသည်။

"ဝါဒမူး၊ ဝါဒမူး၊ ဘွန်ထိုက်ချို့၊ ဘွန်ထိုက်ချို့"

အပေါက်ဝမှ အော်ဟစ်ဝင်လာသော လူလေးငါးယောက်ကို တွေ့ရလေသည်။

"ဒီမှာဗျို့-ဒီမှာ-"

မကြာမီ ထမင်းချက်ရုံမှူးသည် ကျွန်တော်ရှိရာ မီးပုံအနီသို့ ရောက်လာလေသည်။

ထိုသူနှင့် သူ့နောက်ပါ တပည့်တပန်းများသည် ကိုယ်ပေါ်တွင် အင်္ကျီမပါဘဲ ပုဆိုးတိုတို ဝတ်ထားကြသည်။ သူတို့အားလုံး၏ ကိုယ်ပေါ်တွင် ချွေးများ စိုရွှဲစိုနေလေသည်။

"ဝါဒမူး ထမင်းရပြီ၊ ခင်ဗျားလူတွေထဲက လူနှစ်ကျိပ်လောက် ကျုပ်တို့နဲ့ ထည့်ပေးလိုက်ပါ၊ နောက်နေ့ နောက်ရက်တွေမှာလည်း ထမင်း ဘယ်လိုယူရမယ် ဆိုတာလဲ ပြောလိုက်မယ်"

ထမင်းချက်ရုံမှူးက ကျွန်တော့်ကို ပြောပါသည်။ သူသည် ကျွန်တော့်ကို ခပ်တိုတို ခပ်လွယ်လွယ် အသုံးအနှုန်းဖြင့် ဝါဒမူးဟူ၍ ခေါ်လေသည်။

ထမင်းချက်ရုံ တာဝန်မှူးမှာ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းနှင့် ဆံပင်ရှည် သျှောင်သမားတစ်ယောက် ဖြစ်လေသည်။ သူ့ကိုကြည့်ရသည်မှာ သဘောသကာယ ကောင်းမွန်ဟန် ရှိလေသည်။

"ကဲ-ကိုမောင်စိန်နဲ့ ကိုချစ်တီး၊ ဟိုဘက်တဲက ဆယ်ယောက်၊ ဒီဘက်တဲက ဆယ်ယောက်၊ ခပ်တောင့်တောင့် လူရွေးခေါ်ကြဗျာ၊ ပြီးတော့ ဟန်ချို့နှစ်ယောက်နဲ့ ဘွန်ထိုက်ချို့နှစ်ယောက်လဲ ထည့်ပေးလိုက်တာပေါ့"

ကျွန်တော်က ထိုကဲ့သို့ ပြောလိုက်သည့်အခါ ကိုမောင်စိန်နှင့် ကိုချစ်တီးတို့သည် ချက်ချင်းပင် ချွေးတပ်သားလူနှစ်ဆယ်နှင့် ဘွန်ထိုက်ချို့နှစ်ယောက်၊ ဟန်ချို့နှစ်ယောက်တို့ကို စုစည်းခေါ်ဆောင်လာလေသည်။

"ကိုင်း-ပြီးပြီဗျာ၊ သွားကြစို့ပဲ"

ကျွန်တော်က ထမင်းချက်တာဝန်မှူးကို ပြောလိုက်ပါသည်။ ညဦးရာတွင် ထမင်းချက်ရုံတာဝန်မှူးနှင့် သူ့နောက်ပါ လူများသည် ကျွန်တော်တို့ကို ပြုံးတူးကြောင်တောင် ကြည့်နေပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ထမင်းဟင်းထည့်ဖို့ ဘာနဲ့ယူကြမှာလဲ"

ထမင်းချက်ရုံမှူးက မေးလေသည်။

"ဘာဗျ၊ ထမင်းဟင်းထည့်ဖို့၊ ဟုတ်လား"

ကျွန်တော်ကလည်း သူ့စကားအတိုင်း ပြန်မေးရလေသည်။

"ဟုတ်တယ်လေ၊ ထမင်းထည့်ဖို့ တောင်းကြိုးကြိုးနှစ်လုံးသုံးလုံးလောက်ရယ်၊ ဟင်းထည့်ဖို့ ဝါးဆစ်ကျည်တောက် ခပ်ကြိုးကြိုး လေးငါးလုံးရယ်၊ ဒါမှမဟုတ်ရင် သံပုံးကြိုးကြိုး တစ်လုံးလောက်ရယ်၊ အဲဒါပါမှ ဖြစ်ရမှာပေါ့၊ နို့မဟုတ်ရင် ဘာနဲ့ထည့်ယူမလဲ၊ လက်ခုပ်နဲ့ ထည့်ယူမှာလား"

ထမင်းချက်ရုံတာဝန်မှူး၏ စကားကြောင့် ကျွန်တော်တို့အားလုံး အံ့အားသင့်သွားပါသည်။ ကျွန်တော်တို့အဖွဲ့တွင် မည်သည့်နည်းနှင့် သူပြောသလို တောင်းတွေ၊ ပလုံးတွေ၊ ရေပုံးတွေ၊ အိုးခွက်တွေ ပါလေမည်နည်း။ တောတွင်းချွေးတပ်စခန်းသို့သွားလျှင် ထိုပစ္စည်းများ ယူဆောင်သွားကြရမည်ဟု မည်သည့်ကျပန်၊ မည်သည့်စခန်းမှူး စသူများကမှ ပြောလိုက်ခြင်း၊ ဆေးလိုက်ခြင်းလည်း မရှိ။ ထိုအကြောင်း ထိုအဖြစ်မျိုး ကြုံရလိမ့်မည်ဟူ၍လည်း ကျွန်တော်တို့က ကြိုတင်၍ သိကြသူများလည်း မဟုတ်။

"ဒီလိုဆို ဘယ်နယ်လုပ်မလဲဗျာ၊ ကျွန်တော်တို့မှာ ဝါးဆစ်ဘူးဆိုလို့ ရေထည့်လာတဲ့ ဘူးကလေးတွေလောက်ပဲ ပါလာတယ်"

ကျွန်တော်က ပြောရလေသည်။ ထမင်းဆာနေသော ချွေးတပ်သားများမှာလည်း တောက်တခေါက်ခေါက်နှင့် မကျေမနပ်ဖြစ်လျက် ရေရွတ်ကြလေသည်။

"နေပါဦး၊ ခင်ဗျားတို့ ဘယ်စခန်းက လာခဲ့ကြတာလဲ"

ထမင်းချက်တာဝန်မှူးက မေးပြန်လေသည်။

"သံဖြူဇရပ်ကဗျ"

ကိုကောင်းစိန်က ပြောလေသည်။

"ဒါကြောင့်ကိုးဗျာ– ဒီပြင် ချွေးတပ်အဖွဲ့သားတွေဆိုရင် ထမင်းထည့်ဖို့ တောင်းတို့၊ ဟင်းထည့်ဖို့ ရေနံဆီသံပုံးတို့၊ ဝါးဆစ်ဘူး ကြိုးကြိုးမားမားတို့ အဆင်သင့် ပါလာကြတယ်၊ အေးလေ–သူတို့တွေက အလုပ်စခန်းတစ်ခုက တစ်ခုကို ပြောင်းလာကြတာကိုး–၊ အဲတော့ ပါလာကြတာပေါ့၊ ခင်ဗျားတို့ ဒီလိုလုပ်ဗျာ၊ ဟိုဘက်တဲလိုင်း ချွေးတပ်သားတွေဆီက တောင်းနှစ်လုံး သုံးလုံးလောက်နဲ့ ဟင်းထည့်ဖို့ ပုံးငှားပေးလိုက်မယ်၊ ကိစ္စပြီးတော့ ပြန်ပေးလိုက်ပေါ့"

ထမင်းချက်ရုံမှူးက ပြောပါသည်။

သူ့ကို ကျွန်တော်တို့ ကျေးဇူးတင်ရပါသည်။ သို့ရာတွင် ဤလိုဖြေရှင်းမှုမှာလည်း ယခုတစ်ညအတွက်သာ ဖြစ်လေသည်။ နောက်နေ့ မနက်ဆိုရင် စက်ချေဦးမည်။

"နောက်တစ်နေ့မနက်ဆိုရင် ခက်ဦးမယ်ဗျာ၊ အဲဒီတောင်းတို့၊ ပုံးတို့က ဘယ်မှာရနိုင်လဲဗျာ၊ ဂျပန်တွေဆီမှာ တောင်းရမှာလား"

ကျွန်တော်က မေးလိုက်ပါသည်။

"ဒီဂျပန်တွေကလား ပေးမှာဗျာ၊ ဝေးပါသေးရဲ့၊ ဒီလိုလုပ်ရတယ်ဗျာ၊ ခင်ဗျားတို့အဖွဲ့သားတွေ မနက်ဖြန်တော့ အလုပ်ထဲဆင်းရဦးမှာ မဟုတ်ဘူး၊ အဲဒီတော့ ဝါးသွားခုတ်ကြပေါ့ဗျာ၊ ခင်ဗျားတို့အထဲမှာ တောင်းပလုံးရက်ကတ်တဲ့သူ ပါမှာပေါ့၊ နောက်ပြီး ဟင်းထည့်ဖို့ကျတော့ ဝါးဆစ်ဘူး ခပ်ကြိုးကြိုးလုပ်ထားပေါ့၊ ရေနံဆီသံပုံးတို့ ဘာတို့ကတော့ မွန်ဈေးသည် လှည်းတွေလာတဲ့အခါမှာ ပိုက်ဆံစုပြီး ဝယ်ကြပေါ့"

ဤလိုနှင့် မကြာမီပင် ထမင်းချက်ရုံမှူးသည် ကျွန်တော်တို့အဖွဲ့သားများကို ခေါင်ပြီးနောက် တဲတန်းလျားအတွင်းမှ ထွက်ခွာသွားလေသည်။

ထိုညက သူ၏ကျေးဇူးကြောင့်ပင် တစ်ဘက်တဲတန်းလျားမှ တောင်းသုံးလုံးနှင့် ဟင်းထည့်ရန် ဝါးဆစ်ကျည်တောက်ကြိုးများကို ရရှိလာလေသည်။ ကျွန်တော်တို့ ကုသိုလ်ကောင်းသည်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် အချို့သောချွေးတပ်အဖွဲ့သားများမှာ တောင်းပလုံးများ၊ ဝါးဆစ်ဘူးများပင် မရှိကြ၍ ထမင်းကို ပုဆိုးလုံကွင်းနှင့် ထုပ်လျက်လည်းကောင်း၊ ဟင်းကိုမူ တောထဲတွင် အလေ့ကျပေါက်သော ဖက်ရွက်ကြီးများကို ခွေးလျက် ကန်တော့လုပ်၍လည်းကောင်း ထည့်သိုစားကြရသည်ဟု ဆိုပါသည်။ ဝါးတောကြီးများ ရှိနေသော်လည်း အချိန်များတော် သွားခုတ်၍မဖြစ်၊ ကားလမ်းဘေးနှင့် ဖောက်လုပ်ဆဲ ရထားလမ်းတွင် ဖြစ်သော်လည်း အနည်းငယ် ကွာလှမ်းလေသည်။ ထိုအခါ တောကောင်တိရစ္ဆာန်များ၏ ဘေးရန်ကိုလည်း ကြောက်ရွံ့ရသောကြောင့် ဖြစ်လေသည်။

နောက်တစ်နေ့တွင်မှ ထမင်းချက်ရုံမှူး ပြောသည့်အတိုင်း ကျွန်တော်တို့ ချွေးတပ်အဖွဲ့သားများသည် အလုပ်စခန်းသို့ မဝင်ရောက်ကြရသေးပေ။ အခြားသော တဲတန်းလျားများရှိ ချွေးတပ်သားများမှာမူ မိုးလင်းစပြုသည်နှင့် တစ်ပြိုင်နက် မိပ်ရာမှ ထကြရသည်။ ပြီးလျှင် တန်းစီကြရသည်။ လူစစ်ဆေးခြင်း၊ ကိုနီဆေးပြားကလေးများ တစ်ယောက်တစ်ပြားကျ ဝေငှပေးခြင်းပြုပြီးနောက် ပက်ဆိုင်ရာအလုပ်ခွင်၏ လက်နက်ပစ္စည်းများကို စတိုမှ စနစ်တကျထုတ်ယူကာ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ခွင်ရှိရာသို့ ထွက်ခွာသွားကြလေသည်။ သူတို့သည် မိုးချုပ်လုနီးမှပင် နွမ်းရိပန်းလျစွာနှင့် ပြန်ရောက်လာကြရှာလေသည်။

တောတွင်းချွေးတပ်စခန်း၏ ထမင်းဟင်းကိုမူ ယမန်ညကပင် ကျွန်တော်တို့ တစ်ကွေ့ မြည်းစမ်းကြည့်ကြရပြီး ဖြစ်လေသည်။ ပျော့သည်ပျော့၊ မာသည်မာနှင့်၊ တူးစော်နံနေသော ထမင်း၊ ပဲကြားနှင့် ပိန်းဉကို အခွံမခွာဘဲ ဆားများ၊ နှစ်ခွင်းမွှန်းများထည့်လျက် ရေနှင့်ပြုတ်ထားသော စိမ်းဆတ်ဆတ်ဟင်း၊ ဆီဆိုး၍ အလျဉ်းမပါသလို ငရုတ်သီး၊ ကြက်သွန်၊ ငံပြာရည်ဟူ၍လည်း လုံးဝမပါသော ပဲပြုတ်ရည်ဟင်းသာ ဖြစ်လေသည်။

"အချိန်မတော်ကြီးမှ ကျွန်တော်တို့တစ်တွေ ရောက်လာလို့ ခုလိုမနပ်တဲ့ ထမင်းဟင်းဖြစ်ရတာနဲ့ တူပါတယ်ဗျာ"ဟု ဘွန်ထိုက်ချို ကိုကောင်းစိန်က ပြောလေသည်။

"ဟုတ်မှာပေါ့ဗျာ၊ လူကလဲ ရှစ်ရာတစ်ထောင်စာလောက်အတွက် ချက်ရှာတာ၊ ထမင်းချက်ရုံမှုးကကော သဘောသကာယကောင်းရှာပါတယ်၊ သူ့နာမည်က ကိုစံခုတဲ့"

ကိုမောင်စိန်က ပြောလေသည်။

"အဲဒါထားပါတော့ဗျာ၊ ဟင်းထဲမှာ ဆီလဲမပါဘူး၊ ငရုတ်သီးကို၊ ကြက်သွန်နဲ့တို့ဆိုတာလဲ မပါဘူး၊ ပြီးတော့ ဒီတစ်မယ်ထဲနဲ့ စားရတာ၊ ရှေ့ဆက်ပြီးတော့လဲ ဒီအတိုင်း စားသွားရမှာလား မသိဘူး"

တစ်ယောက်က ပြောပြန်ပါသည်။

ကျွန်တော်တို့ အဖွဲ့သားများသည် ထိုနေ့နံနက်တွင် စောစီးစွာ အိပ်ရာမှ ထကြပြီးနောက် အလုပ်မဆင်းရကြောင်း သိရသည့်အခါ ထမင်းချက်ရုံမှုးထံတွင် သွားရောက်လျက် မှာများ၊ ငှားရမ်းရလေသည်။ သူ့ကိုလည်း ကျွန်တော်တို့ထံတွင် ပါရှိလာသော ဆေးလိပ်ကလေးများကို ပေါင်းကောင်းသင်းကောင်းဖြစ်အောင် လက်ဆောင်ပေးရလေသည်။ ပြီးလျှင် ကျွန်တော်တို့အဖွဲ့သားများသည် လူစုခွဲလျက် ဝါးခုတ်သူက ခုတ်ရသည်။ ရေခပ်သူက ခပ်ရသည်။ ညရေးညမှုအကွက် ထင်းခုတ်သူက ခုတ်ကြရလေသည်။

"ခင်ဗျားတို့ ဟောဒီသဲပုံးမျိုး သုံးလေးလုံးလောက်- ဝယ်ထားပါ၊ ဒါမှ ရေနွေးကျိုလို့ရမယ်၊ တစ်လုံးကို ဂျပန်ငွေ တစ်ဆယ်လောက် ပေးရတယ်၊ မွန်စေ့သည် လည်းတွေ့လာရင် ပါလာတတ်တယ်၊ စမ်းချောင်းထဲက ရေဆိုး မကျိုဘဲ သောက်ရင်တော့ ခင်ဗျားတို့လူတွေ ငှက်ဖျားဖျားမှာ သေချာတယ်။ နောက်ပြီး ဘာတဲ့ဗျာ၊ အုရောင်ဖျားဆိုလား ဖြစ်မယ်၊ ဒါမှမဟုတ် ဂမ်းရောဂါဖြစ်မယ်၊

ဂျပန်ကတွေ့ရင်လဲ ပါးနားရိုက်မှာ သေချာတယ်၊ ကြိုးချည်ခံရမယ်ဆိုရင်တော့ အရှင်လတ်လတ် ငရဲရောက်တာပဲ မှတ်ပေတော့၊ ဒီခွေးမသားတွေက သိပ်ရက်စက်တာဗျ၊ ကုမေကာဆိုတဲ့ ဂျပန်စစ်ဗိုလ်က ကျွားထက်ကြောက်စရာကောင်းတယ်"

ထမင်းချက်တာဝန်မှူးက ပြောပြလေသည်။ ကိုစံခသည် ဂျပန်များအပေါ် ခွဲလည်း အလွန်တရာ စိတ်နာနေဟန်တူပါသည်။ သို့ရာတွင် သူ မည်သို့တတ်နိုင်ပါမည်နည်း။ ထွက်လည်း မပြေး၊ ငုံ၊ ခံလို့ကလည်း မချဝံ့။

"လောလောဆယ် ကျွန်တော်တို့အတွက် သဲပုံးနှစ်လုံးလောက် ဝယ်ချင်တယ်ဗျာ၊ နို့မို့ရင် ရေသောက်ဖို့ ခက်မယ်၊ ညကတောင် ထမင်းစားပြီး ရေမသောက်ကြရဘူး"

အမှန်ပင် ကျွန်တော်တို့အားလုံး မနေ့ညက ထမင်းစားပြီး ရေမသောက်ကြရပါ။ သဲဖြူဧရုပ်မှ ထွက်ခွာလာစဉ်က ကျွန်တော်တို့ ယူဆောင်လာသော ရေနွေးများမှာလည်း လမ်းခရီးအကြားခွဲပင် ကုန်ခဲ့ကြပြီးဖြစ်လေသည်။

"တစ်လုံးတော့ ရမယ်၊ တစ်ဆယ်ပဲ ပေးသွားပေါ့ဗျာ၊ နောက်ပြီး ခင်ဗျားတို့ ဒီလိုလုပ်ဗျာ၊ ညနေကျရင် တချို့ချွေးတပ်သားတွေကို ထမင်းချက်ရုံမှာ ရေနွေးလာအယူခိုင်းပေါ့၊ ဝါးဆစ်ဘူးတွေထဲ ထည့်ထားကြရင် တစ်ညလုံးသောက်ဖို့ ရမှာပဲ၊ အလုပ်ဆင်းတဲ့ရက်ကျတော့လဲ ဒီလိုပဲ ယူသွားပေါ့ဗျာ၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော်တို့ကလဲ ဒယ်အိုးအားနေတဲ့နံလောက်သာ ရေနွေးကျိုနိုင်တာ၊ နောက်ကျရင် မရတော့ဘူး"

ထမင်းချက်ရုံသည် စမ်းချောင်းအနီးတွင် ဖြစ်လေသည်။ ရေမိုးကိစ္စ အဆင်ပြေ၍ လွယ်လင့်တကူဖြစ်အောင် တမင် စမ်းချောင်းအနီး၌ ဆောက်လုပ်ထားခြင်းပင် ဖြစ်လေသည်။ ထမင်းချက်ရုံတွင် ထမင်းချက်အလုပ်သမားပေါင်း ငါးဆယ်ခန့်ရှိလေသည်။ ရုံကြီးနှစ်ရုံ ဆောက်ထားလေသည်။ အမိုးသာရှိ၍ အကာ အလျဉ်း မရှိပါပေ။

မီးဖိုခွင်များတွင် မီးဟုန်းဟုန်းတောက်နေလေသည်။ သဲပရာပိုင်းဒယ်အိုးကြီးများကို ခွင်ပေါ်တွင် တည်ထားလျက် ချက်ပြုတ်ကြရခြင်းပင် ဖြစ်လေသည်။ အလုပ်သမားအားလုံး အကျီမဝတ်နိုင်ကြချေ။ မိုးရာသီဖြစ်သော်လည်း တစ်ကိုယ်လုံး ချွေးပြန်နေကြလေသည်။

သူတို့သည် လူများစုအတွက် ချက်ပြုတ်ရသောကြောင့်လည်း ဆန်ကို ရေမဆေးနိုင်ကြ။ ရေနွေးပွက်ပွက်ဆူလာလျှင် အိတ်ထဲမှ ဆန်များကို ဝါးဆစ်ခွက်နှင့် ခပ်လျက် ဒယ်အိုးထဲသို့ ထည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟင်းကျွေးဟင်းလျာဟုဆိုသော ပဲကြီး၊ ပဲကြား၊ အာလူး၊ ပိန်ဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ စိမ်းစားဥ စသည်များကိုလည်း အခွံသင်နေကြသည်မဟုတ်။ စမ်းချောင်းထဲဆင်းလျက် ပတ်ကျောတန်းကျ ရေနှင့်ဆေးကြောကာ ခပ်စောစော ကလိပင် ပွက်ပွက်ဆူနေသော ဒယ်အိုးထဲသို့ လောင်းသွန်ထည့်လေသည်။ ပြီးလျှင် ဆားအိတ်ထဲမှ ဆားကို ဝါးဆစ်ခွက်နှင့် ခပ်ထည့်သည်။ နှစ်ခွင်းမှန်ထည့်သည်။ ဤထမင်းဟင်းလျာများကိုပင် နပ်သည်ဖြစ်စေ၊ မနပ်သည်ဖြစ်စေ ချွေးတပ်သားများ စားသောက်ရကြလေသည်။

သည်လိုညဉ့်ဖျင်းဆိုးရွား လုသော ထမင်းဟင်းများသည် ချွေးတပ်သားများအား အသိုလျှင် အင်အားဖြစ်စေပါမည်နည်း။ နေ့စဉ်နှင့်အမျှ ကုန်ခန်းဆုတ်ယုတ်သွားရသော ချွေးတပ်သားခများ၏ အသွေးအသားတို့ကို အသိုလျှင် ပြန်လည်ကာ ဖြည့်တည်းနိုင်လေမည်နည်း။ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ၊ ဆေးကောင်းဝါးကောင်းဟူ၍လည်း လုံးဝမှီဝဲခြင်းမရှိရသော အလုပ်ကြမ်းသမား ချွေးတပ်သားများအဖို့ အသိုလျှင် အလုပ်ကို ကြိုးစား၍ လုပ်ကိုင်နိုင်စွမ်းရှိကြပါမည်နည်း။

သေနတ်ကိုင်ကားသော ဂျပန်များအား ချွေးတပ်အလုပ်သမားများသည် ကာယကံရွာက် မဖောက်လုန်နိုင်ကြသော်လည်း ဝစီက်၊ မနောက်အားဖြင့်မူ နေ့စဉ်နေ့တိုင်း ကျိန်ဆဲရေရွတ်နေကြသည်သာ ဖြစ်လေသည်။

ကျွန်တော်သည် ထမင်းချက်ရံတွင် ကိုစံခနှင့် စကားပြော်ရင်း ကိုစံခနှင့် သူ၏လူများ လုပ်ပုံကိုင်ပုံကိုလည်း သတိပြုကြည့်နေမိပါသည်။

သူကိုသည် သံပရာပိုင်း ဒယ်ကြီးများထဲမှ ထမင်းများကို အမုန်းအဆနှင့် ရေခန်းချက်ခြင်းသာ ဖြစ်လေသည်။ ရေခန်းသွားသည်ဆိုလျှင်ပင် အတန်ကြာမီးပေါ်တွင် တင်ထားပြီးနောက် ယောက်မကြီးများနှင့် ကော်လျက် ယိုင်ပတ်ကြိုးထဲသို့ ထည့်ကြလေသည်။ ထမင်းများကုန်သွားသည့်အခါ ဒယ်အိုးတွင် ချိုးများ ကပ်ကျန်နေလေသည်။ ထိုချိုးများကိုမူ ယောက်မနှင့် ထိုးခွာလျက် တောင်းကြိုးများတွင် ထည့်ပြီးနောက် စမ်းချောင်းအတွင်းသို့ သွန်ပစ်ခြင်းပြုလေသည်။

ထိုကဲ့သို့ သွန်ပစ်သော ချိုးများမှာ နိနီရဲရဲနှင့် စားချင့်စဖွယ် ရှိလှလေသည်။

"နှမြောစရာဗျာ၊ အဲဒီချိုးတွေ သွန်ပစ်မယ့်အစား ချွေးတပ်သားတွေကို မနက်စောစော အလုပ်ဆင်းခါနီး ဆားလေးဖြူးပြီး ကျွေးလိုက်ရင် အတော်ကောင်းမှာပဲခင်ဗျာ"

ကျွန်တော်က နှုတ်အငြိမ်မနေနိုင်ဘဲ ပြောလိုက်မိလေသည်။

"အမယ်လေး-အမယ်လေး မလုပ်ပါနဲ့ဗျာ၊ ဒီချိုးအကြောင်း ခင်ဗျားက မသိသေးဘဲကိုး၊ ဂျပန်တွေက ချိုးမစားရဘူးလို့ ပညတ်ထားတယ်ဗျ၊ ချိုးကို စမ်းချောင်းထဲ သွန်ပစ်ရမယ်လို့ အမိန့်ထုတ်ထားတယ်၊ အဲဒါဖောင့် ပန္ထားယ်သားတွေဟာ ငတ်လွန်းပြတ်လွန်းတော့ တိုက်တိတ်ခိုးစားကြတယ်၊ အဲ-ဂျပန်နဲ့လဲ ပက်ပင်းမိပါရော၊ ပါးစပ်ထဲက ထမင်းချိုးတွေ ပြန်ထွက်ရဲတင်မဟုတ်ဘူး၊ သွေးအန်အောင် ရိုက်တော့တာပဲ၊ သင်းတို့လဲ တစ်နေ့တော့ သွေးအန်သေရမယ့်အကောင်တွေ"

ကိုစံခသည် မကျေမချမ်း ရေရွတ်ရင်း ချိုးစားမိသော ချွေးတပ်သားတို့၏ ရာဇဝင်ကို ဆက်လက်၍ ပြောပြန်ပါသည်။

"တစ်ခါတုန်းကပေါ့၊ ချွေးတပ်သားလေးတစ်ယောက်က ဆာလွန်းလို့ပေါ့ဗျာ၊ ကျွန်တော့်ဆီမှာ ထမင်းချိုးကလေး နည်းနည်းရောင်းပါလို့ လာဝယ်တယ်ဗျာ၊ အဲဒါနဲ့ ကျွန်တော်ကလဲ သနားပြီး ရောင်းတော့ မရောင်းပါဘူး၊ သူ့ကို ထမင်းချိုးနည်းနည်းပါးပါး ပေးလိုက်ပါတယ်၊ ဂျပန်တွေ မမြင်အောင် စားဖို့လဲ ပြောလိုက်တယ်၊ ဒါပေမယ့်ဗျာ ခဏာ ကုသိုလ်ဆိုးချင်ရာတော့ ဂျပန်စစ်ဗိုလ်ကုမေကာနဲ့ ပက်ပင်းသွားတိုးပြီး ကြိုးတုပ်ခံရတော့တာပါပဲ"

"ကြိုးတုပ်ခံရတဲ့သဘောကို ပြောစမ်းပါဦးဗျာ"

ကျွန်တော်က မေးမြန်းခြင်း ပြုလိုက်ပါသည်။

"ချွေးတပ်သားတစ်ယောက်ကို အပြစ်ရှိလို့ ကြိုးနဲ့တုပ်ထားတဲ့ သဘောကို ခင်ဗျားမသိသေးဘဲကိုး၊ အေးလေ-ခင်ဗျားက မနေ့ကမှ ရောက်လာတဲ့ လူသစ်ဆိုတော့ ဘယ်မှာ တွေ့ဖူး၊ မြင်ဖူးဦးမှာလဲဗျာ၊ ချွေးတပ်သားတစ်ယောက်ကို ကြိုးတုပ်ကြိုးချည်ပြီး အပြစ်ပေးတယ်ဆိုတဲ့ကိစ္စဟာ သိပ်သက်သာလှတဲ့အပြစ်မဟုတ်ဘူးခင်ဗျာ၊ ခပ်စောစောက ကျွန်တော်ပြောသလိုပေါ့၊ ငရဲပြည်ကို အရှင်လတ်လတ် ရောက်တဲ့သဘောဗျာ၊ နောင်တော့ ခင်ဗျား တွေ့ကောင်းတွေ့ပါလိမ့်မယ်၊ ခပ်တိုတိုပြောရရင်တော့ တချို့များ ကြိုးလဲဖြေပေးလိုက်ရော သုံးလေးရက်လောက်သာခံပြီး သေတော့တာပဲခင်ဗျာ"

"ကျွတ်-ကျွတ်-ဒါလောက်တောင်ပဲလား"

ကိုစံခ စကားကြောင့် ကျွန်တော် ကြက်သီးမွေးညှင်း ထလိုက်မိလေသည်။

"အင်း-ခင်ဗျားတို့က လူစိမ်းတွေပဲ၊ တောတွင်းကို နမ္မ ရောက်စရှိသေးတော့ ဘယ်မှာ ပြောလို့ ယုံပါ့မလဲ၊ ဒါပေမယ့် သိပ်မကြာပါဘူးဗျာ၊ ဂျပန်တွေအကြောင်းနဲ့ တောတွင်းချွေးတပ်စခန်းတွေအကြောင်း ခင်ဗျားတို့လူတွေ သိရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ခုလဲ သိတန်သလောက်တော့ သိရပါပြီဗျာ၊ ဒါထက် နေပါဦး၊ ချွေးတပ်သားတွေ ချိုးစားတာကို ဂျပန်က ဘာဖြစ်လို့ ခုလောက် ပညတ်ရတာလဲဗျာ"

"ရောဂါဖြစ်မှာစိုးရတဲ့အတွက်လို့ ပြောတာပဲဗျာ၊ ဒါမှမဟုတ်လဲ ကျွန်တော်တို့ မြန်မာလူကြီးတွေပြောသလို အပျင်းထူမှာစိုးလို့ပဲလား၊ တော့် မပြောတတ်ပါဘူးဗျာ"

ကိုစံခက သူ့စကားသူ သဘောကျသည့်အလား ပြောရင်းက ရယ်မောရင်း ပြုလေသည်။

"ခင်ဗျား ဒီစခန်းက အကြီးဆုံးစစ်ဗိုလ်နဲ့ တွေ့ရပြီးပြီလား"

ကိုစံခသည် ရယ်မောခြင်းကို ရပ်လျက် ကျွန်တော့်ကို လှမ်းမေးပါသည်။ ကျွန်တော်တို့နှစ်ယောက်တွင် ကျွန်တော်က မီးဖိုများနှင့် ခပ်လှမ်းလှမ်းရှိ ကွပ်ပျစ်ပေါ်တွင် ဖြစ်သည်။ ကိုစံခမှာ ခါးတောင်းကို ခွေ့ခြင်အောင်ကျိုက်လျက် အင်္ကျီမဝတ်နိုင်ရှာဘဲ မီးဖိုကြီးများအနီးတွင် ဖြစ်ပါသည်။ သူ့လူများသည် ကိုယ်စီကိုယ်ငအလုပ်များနေကြပါသည်။

အချို့မှာ မီးဖိုများအတွင်းသို့ ထင်းများ ထိုးပေးနေကြသည်။ အချို့မှာလည်း ခွင်ထက်မှ ရေခန်းလုလုဖြစ်သော ထမင်းများကို အထက်အောက် မွှေလျက်ရှိသည်။ အချို့ကလည်း ထင်းတုံးကြီးများကို အနေတော် အလောတော်ဖြစ်အောင် ဖြတ်တောက် ခွဲစိတ်ခြင်းပြုကြသည်။ အချို့ကလည်း ပဲကြီးအိတ်ပိုင်းများ၊ ပိန်းဥတောင်းများကို စမ်းချောင်းအတွင်းမှ ထမ်းပိုးကာ တက်လာကြလေသည်။

"မတွေ့ရသေးဘူးဗျာ၊ ခင်ဗျား စောစောကပြောတဲ့ ကုမေကာဆိုတာ အကြီးဆုံးမဟုတ်လား"

ကျွန်တော်သည် ထမင်းချက်ရုံနှစ်ရုံရှိ အလုပ်သမားများ၏ လှုပ်ရှားမှုပေါင်းစုံကို ငေးကြည့်နေရင်းမှ ကိုစံခအား၍ ပြန်၍ မေးလိုက်ပါသည်။

"ကုမေကာ မဟုတ်ပါဘူး၊ ကိတဂျိမလို့ ခေါ်တယ်၊ သဘောမဆိုးလှပါဘူး၊ ကုမေကာက သူ့လက်အောက်ပေါ့၊ ကြောက်စရာ အင်မတန်ကောင်းတဲ့ ဂျပန်တစ်ယောက်ပေါ့ဗျာ၊ ကိတဂျိမဟာ မြန်မာစကားလဲ အတော်ကလေးတတ်တယ်၊ မြန်မာစာလဲ နည်းနည်းပါးပါးတတ်တယ်၊ ဒါပေမယ့် ခင်ဗျားကို ကျွန်တော် တစ်ခုပြောထားမယ်နော်၊ သူတို့ဂျပန်စစ်ဗိုလ်တွေဟာ မြန်မာစကားတတ်ပေမယ့် မတတ်ချင်ယောင်ဆောင်နေတတ်တယ်၊ နောက်တော့မှ ပြောတော့တာပဲ"

ကျွန်တော်နှင့် ကိုစံခတို့ စကားပြောနေခိုက် ယမန်နေ့ညက တွေ့ရသော စကားပြန် ကိုလှဖေသည် ကျွန်တော်တို့ရှိရာ ထမင်းချက်ရုံသို့ ခပ်သုတ်သုတ် လျှောက်လာနေသည်။

"ကိုယ့်လူ-ခင်ဗျားကို မာစတာခေါ်နေတယ်၊ ခပ်မြန်မြန်လာဗျို့"

၀။ ကျွန်တော်တို့ အလုပ်ဆင်းကြရပြီ

ထိုနေ့ကား ကျွန်တော်တို့ခရိုင်မှ ချွေးတပ်သားများ စတင်လျက် အလုပ်ဆင်းကြရမည့်နေ့ ဖြစ်သည်။

ကျွန်တော်တို့တွင် မိုးနှင့် မည်သို့ ရေစက်ပါလာသည် မသိ၊ တစ်ညလုံး ရွာသွန်းနေသော မိုးသည် နံနက်မိုးလင်းသည်အထိ မရပ်မစဲဘဲ တဖြုန်းဖြုန်း ရွာသွန်းနေဆဲပင် ဖြစ်လေသည်။ ကျွန်တော်တို့သည် အခြားသော တဲလိုင်းများရှိ ချွေးတပ်သားများနည်းတူပင် မိုးရေမိုးပေါက်များအောက်၌ သွားရောက်လျက် တန်းစီခြင်းပြုရလေသည်။ ကျွန်တော်မှာလည်း ဘွန်ထိုက်ချီများ၊ ဟန်ချီများနည်းတူ မိုးရေထဲတွင် တန်းစီခြင်းပြုရလေသည်။

ထိုအခိုက်မှာပင် စကားပြန်ကိုလှဖေသည် ကျွန်တော်ရှိရာသို့ လျှောက်လာပြီးနောက် မိုးကာအင်္ကျီတစ်ထည်ကို ပေးလေသည်။ ပြီးလျှင် စစ်ရုံးအံဆောက်အအုံများမှာ နောက်နာစာအမိုးကလေးအောက် ဂျပန်များရှိရာသို့ ခေါ်ဆောင်သွားပါသည်။

"အားလုံး သူတို့တစ်တွေ တန်းစီလူစစ်ပြီးတဲ့ အချိန်ကျမှ ခင်ဗျားက ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် တရားဟောရမယ်၊ နောက်တော့မှ အလုပ်ခွင်ရှိရာကို လိုက်သွားပေါ့ဗျာ၊ ထမင်းစားသောက်ပြီးမှ လိုက်ချင်လဲ လိုက်ပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဂျပန်မာစတာတွေနဲ့တော့ ကည့်အောင်ပေါင်းပေါ့ဗျာ၊ သူတို့ မကျေနပ်ရင်လဲ မဖြစ်ဘူး"

သူ့စကားကို ကျွန်တော် သဘောပေါက်ပါသည်။ သူဆိုလိုသည်မှာ ကျွန်တော်သည် ဝါဒဖြန့်ချီရေးမှူးတစ်ယောက် ဖြစ်သောကြောင့် ချွေးတပ်သားတို့သို့ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်စရာမလို၊ ဂျပန်နှင့် တည့်အောင်ပေါင်း၍ ပါးပါးနပ်နပ် ကျင့်သုံးနေထိုင်တတ်ရမည်ဟု ဆိုလိုခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ခုလဲ သိတန်သလောက်တော့ သိရပါပြီဗျာ၊ ဒါထက် နေပါဦး၊ ချွေးတပ်သား တွေ ချိုးစားတာကို ဂျပန်က ဘာဖြစ်လို့ ခုလောက် ပညတ်ရတာလဲဗျာ့"

"ရောဂါဖြစ်မှာစိုးရတဲ့အတွက်လို့ ပြောတာပဲဗျာ၊ ဒါမှမဟုတ်လဲ ကျွန်တော်တို့ မြန်မာလူကြီးတွေပြောသလို အပျင်းထူမှာစိုးလို့ပဲလား၊ တော့ မပြောတတ်ပါဘူးဗျာ"

ကိုစံခက သူ့စကားသူ သဘောကျသည့်အလား ပြောရင်းက ရယ်မောရင်း ပြုံးလေသည်။

"ခင်ဗျား ဒီစခန်းက အကြီးဆုံးစစ်ဗိုလ်နဲ့ တွေ့ရပြီးပြီလား"

ကိုစံခသည် ရယ်မောခြင်းကို ရပ်လျက် ကျွန်တော့်ကို လှမ်းမေးပါသည်။ ကျွန်တော်တို့နှစ်ယောက်တွင် ကျွန်တော်က မီးဖိုများနှင့် ခပ်လှမ်းလှမ်းရှိ ကွပ်ပျစ်ပေါ်တွင် ဖြစ်သည်။ ကိုစံခမှာ ခါးတောင်းကို မြှောင်အောင်ကျိုက်လျက် အကျီမဝတ်နိုင်ရာဘဲ မီးဖိုကြီးများအနီးတွင် ဖြစ်ပါသည်။ သူ့လူများသည် ကိုယ်စီကိုယ်ငအလုပ်များနေကြပါသည်။

အချို့မှာ မီးဖိုများအတွင်းသို့ ထင်းများ ထိုးပေးနေကြသည်။ အချို့မှာလည်း ခွင်ထက်မှ ရေခန်းလုလုဖြစ်သော ထမင်းများကို အထက်အောက် မွေလျက်ရှိသည်။ အချို့ကလည်း ထင်းတုံးကြီးများကို အနေတော် အလောတော်ဖြစ်အောင် ဖြတ်တောက် ခွဲစိတ်ခြင်းပြုကြသည်။ အချို့ကလည်း ပဲကြီးအိတ်ပိုင်းများ၊ ပိန်းဥတောင်းများကို စမ်းချောင်းအတွင်းမှ ထမ်းပိုးကာ တက်လာကြလေသည်။

"မတွေ့ရသေးဘူးဗျာ၊ ခင်ဗျား စောစောကပြောတဲ့ ကုမေကာဆိုတာ အကြီးဆုံးမဟုတ်လား"

ကျွန်ုပ်သည် ထမင်းချက်ရုံနှစ်ရုံရှိ အလုပ်သမားများ၏ လှုပ်ရှားမှုပေါင်းစုံကို ငေးကြည့်နေရင်းမှ ကိုစံခအား၍ ပြန်၍ မေးလိုက်ပါသည်။

"ကုမေကာ မဟုတ်ပါဘူး၊ ကိတဂိုမလို့ ခေါ်တယ်၊ သဘောမဆိုးလှပါဘူး၊ ကုမေကာက သူ့လက်အောက်ပေါ့၊ ကြောက်စရာ အင်မတန်ကောင်းတဲ့ ဂျပန်တစ်ယောက်ပေါ့ဗျာ၊ ကိတဂိုမဟာ မြန်မာစကားလဲ အတော်ကလေးတတ်တယ်၊ မြန်မာစာလဲ နည်းနည်းပါးပါးတတ်တယ်၊ ဒါပေမယ့် ခင်ဗျားကို ကျွန်တော် တစ်ခုပြောထားမယ်နော်၊ သူတို့ဂျပန်စစ်ဗိုလ်တွေဟာ မြန်မာစကားတတ်ပေမယ့် မတတ်ချင်ယောင်ဆောင်နေတတ်တယ်၊ နောက်တော့မှ မြော်တော့တာပဲ"

ကျွန်တော်နှင့် ကိုစံခတို့ စကားပြောနေခိုက် ယမန်နေ့ညက တွေ့ရသော စကားပြန် ကိုလှဖေသည် ကျွန်တော်တို့ရှိရာ ထမင်းချက်ရုံသို့ ခပ်သုတ်သုတ် လျှောက်လာနေသည်။

"ကိုယ့်လူ–ခင်ဗျားကို မာစတာခေါ်နေတယ်၊ ခပ်မြန်မြန်လာဗျို့"

၀။ ကျွန်တော်တို့ အလုပ်ဆင်းကြရပြီ

ထိုနေ့ကား ကျွန်တော်တို့ခရိုင်မှ ချွေးတပ်သားများ စတင်လျက် အလုပ်ဆင်းကြရမည့်နေ့ ဖြစ်သည်။

ကျွန်တော်တို့တွင် မီးနှင့် မည်သို့ ရေစက်ပါလာသည် မသိ၊ တစ်ညလုံး ရွာသွန်းနေသော မိုးသည် နံနက်မိုးလင်းသည်အထိ မရပ်မစဲဘဲ တဖြုန်းဖြုန်း ရွာသွန်းနေဆဲပင် ဖြစ်လေသည်။ ကျွန်တော်တို့သည် အခြားသော တဲလိုင်းများရှိ ချွေးတပ်သားများနည်းတူပင် မိုးရေမိုးပေါက်များအောက်၌ သွားရောက်လျက် တန်းစီခြင်းပြုရလေသည်။ ကျွန်တော်မှာလည်း ဘွန်ထိုက်ချိုများ၊ ဟန်ချိုများနည်းတူ မိုးရေထဲတွင် တန်းစီခြင်းပြုရလေသည်။

ထိုအခိုက်မှာပင် စကားပြန်ကိုလှဖေသည် ကျွန်တော်ရှိရာသို့ လျှောက်လာပြီး နောက် မိုးကာအင်္ကျီတစ်ထည်ကို ပေးလေသည်။ ပြီးလျှင် စစ်ရုံးအဆောက်အအုံ ရှေ့မျက်နှာစာအမိုးကလေးအောက် ဂျပန်များရှိရာသို့ ခေါ်ဆောင်သွားပါသည်။

"အား၊လုံး သူတို့တစ်တွေ တန်းစီလူစစ်ပြီးတဲ့ အချိန်ကျမှ ခင်ဗျားက ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် တရားဟောရမယ်၊ နောက်တော့မှ အလုပ်ခွင် ရှိရာကို လိုက်သွားပေါ့ဗျာ၊ ထမင်းစားသောက်ပြီးမှ လိုက်ချင်လဲ လိုက်ပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဂျပန်မာစတာတွေနဲ့တော့ ကည့်အောင်ပေါင်းပေါ့ဗျာ၊ သူတို့ မကျေနပ်ရင်လဲ မဖြစ်ဘူး"

သူ့စကားကို ကျွန်တော် သဘောပေါက်ပါသည်။ သူဆိုလိုသည့်မှာ ကျွန်တော်သည် ဝါဒဖြန့်ချိရေးမှူးတစ်ယောက် ဖြစ်သောကြောင့် ချွေးတပ်သားကဲ့သို့ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်စရာမလို။ ဂျပန်နှင့် တည့်အောင်ပေါင်း၍ ပါးပါးနပ်နပ် ကျင့်သုံးနေထိုင်တတ်ရမည်ဟု ဆိုလိုခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူနှင့် ကျွန်တော် စကားပြောနေခိုက် ကုမ္ပကာသည် ကျွန်တော်တို့ရှိရာသို့ ပေါက်လာသည်။ ပြီးလျှင် ဂျပန်စစ်သား လေးငါးယောက်နှင့်အတူ ချွေးတပ်သားများအား ကွိုနိုင်ဆေးပြားများ လိုက်လံဝေငှပေးရန် အမိန့်ပေးလေသည်။

"လက်ထဲကို ပေးရမှာ မဟုတ်ဘူးနော်၊ ပါးစပ်ဟ,ခိုင်းပြီး ဆေးတစ်ပြားတစ်ပြား ပစ်ထည့်ပေးရမှာ၊ နောက်ပြီး ချက်ချင်းမျိုချရင်ချ၊ မျိုမချဘဲ ထွေးထုတ်ပြီး ဝက်ထားမယ်ဆိုရင် ပါးကို ဘယ်ပြန်ညာပြန်တီးထည့်လိုက်၊ မဟုတ်ရင် ဂျပန်က ကိုယ့်လူကို တီးလိမ့်မယ်"

ကိုလှဖေက ပြောလေသည်။

ကျွန်တော်သည် ကျွန်တော်တို့ခရိုင်မှ ချွေးတပ်သားများ တန်းစီသည့်နေရာသို့ ခပ်သွက်သွက်လျှောက်ခဲ့လေသည်။ ကျွန်တော်နှင့်အတူ ဂျပန်စစ်သားသုံးလေးယောက်တို့ ဖြစ်လေသည်။ ကျွန်ုတော်၏ ရည်ရွယ်ချက်မှာ ကိုလှဖေပြောလိုက်သောစကားကြောင့် ကိုယ်ခရိုင်မှ ကိုယ့်လူများကို အဓိကထားလျက် မိမိကိုယ်တိုင် ဝေခြမ်းပေးရန်နှင့် မသိသေးသည့်အန္တရာယ်အတွက်လည်း သတိပေးပြောကြားရန်ပင် ဖြစ်ပါသည်။

"ဟ-ဟ-ပါးစပ်ဟ၊ ဆေးပြားကို တစ်ခါတည်း မျိုချလိုက်"

ကျွန်တော်တို့လူများမှာ လူသစ်များဖြစ်သောကြောင့် သတိပေးစကားကိုလည်း ပြောကြားခြင်းပြုရလေသည်။

ထိုအတွင်းကပင် ချွေးတပ်သားတစ်ယောက်အား ဂျပန်စစ်သားက ပါးနားကို ဘယ်ပြန်ညာပြန်ရိုက်လိုက်ခြင်းနှင့်အတူ "ခုရား ဘာကရိုး" ဟူသော အသံကိုလည်း ကြားလိုက်ရလေသည်။

ကျွန်တော်သည် အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။

ဘွန်ထိုက်ချို ကိုကောင်းစိန်အုပ်စုထဲမှ ချွေးတပ်သားသန်းမောင်ဆိုသော သူငယ်ကလေးပင် ဖြစ်လေသည်။ ထိုသူငယ်မှာ ဂျပန်က ရိုက်နှက်ကန်ကျောက်လိုက်သောကြောင့် ရှဲ့ထဲ ဗွက်ထဲသို့ ယိုင်လဲကျသွားရှာသည်။ သူ့လက်ထဲမှ ကွိုနိုင်ဆေးပြားအဖြူကလေးမှာလည်း ရှဲ့ရေထဲသို့ လွင့်စဉ်သွားလေသည်။

"ခုရား၊ ခုရား၊ အိန္၊ အိန္"

ဂျပန်စစ်သားသည် ဆဲဆိုရေရွတ်ရင်းက သန်းမောင်အား ကုပ်ပိုးမှ ကိုင်ဆွဲထူလိုက်သည်။ ပြီးလျှင် ပါးစပ်ကို ဘယ်ပြန်ညာပြန်ရိုက်နှက်ခြင်း ပြုပြန်လေသည်။ ကျေနပ်အားရလောက်အောင် ရိုက်နှက်ပြီးမှ ခပ်စောစောက လွင့်စင်သွားသော ဆေးပြားကို ရှဲ့ထဲမှ ကောက်ခိုင်းလေသည်။ ပြီးလျှင် မျိုချခိုင်းလေသည်။

သန်းမောင်မှာ မည်သို့မျှ ငြင်းဆန်ခြင်းမပြုနိုင်ရှာချေ။ ရှဲ့တွေပေကျံနေသော ကိုဆေးပြားကိုပင် မျက်လုံးစုံမှိတ်လျက် မျိုချရရှာလေသည်။

ချွေးတပ်သားများမှာ တစ်စခန်း တစ်စခန်းတွင် ထောင်နှင့်ချီကာ များပြားလှသည်ဖြစ်သောကြောင့်လည်း ဤလိုဖြစ်ရပ်မျိုးမှာ တစ်နေ့မဟုတ် တစ်နေ့ဆိုသလို စိတ်မချမ်းမြေ့ဖွယ် ကြုံတွေ့ရသောဖြစ်ရပ်များပင် ဖြစ်လေသည်။

ထိုအခါ ကုမ္ပကာ၏ အမိန့်ပေးချက်အရ ကျွန်တော့် ချွေးတပ်သားများအား ဆယ်မိနစ်ခန့် သွေးတိုးစကားပြောကြားရပါသည်။ ပြီးလျှင် ကွိုနိုင်ဆေးပြားများ ပေးသည့်အခါ ချက်ချင်းပင် မျိုချကြရန်ကိုလည်း ကျွန်တော့်စကားထဲတွင် ထည့်သွင်းပြောကြားခြင်း ပြုပါသည်။

ကျွန်တော်သည် စကားပြောရင်းမှလည်း ကုမ္ပကာအား မသိမသာ အကဲခတ်ရလေသည်။ ကောက်ကျစ်စဉ်းလဲမှု အပြည့်အဝပေါ်လွင်သော မျက်နှာအမူအရာရှိသည့် ဂျပန်စစ်ဗိုလ်ကုမ္ပကာသည် ချွေးတပ်သားများအား ကျွန်တော် စကားပြောနေခိုက်၌ စကားပြန် ကိုလှဖေအား သူ့အနီးတွင် ခေါ်ထားလေသည်။ ပြီးလျှင် ကျွန်တော် ဘာစကားတွေပြောသလဲ ဆိုသည်ကိုလည်း တစ်ဆင့်ပြန်၍ မေးလေသည်။

ထိုအချိန် ထိုမိနစ်ပိုင်းလေးအတွင်း၌ကား ဝါဒဖြန့်ချိရေးမှူးတစ်ယောက် အသက်မှာ စကားပြန်ဖြစ်သူ၏ လက်တွင်းတွင် ရှိနေသည်ဟု ကျွန်တော် တွေးလိုက်မိလေသည်။

ကျွန်တော် စကားပြော၍ ပြီးဆုံးသွားသည့်အချိန်၌ပင် ကျွန်တော်တို့ ချွေးတပ်သားများအားလုံးပင် မိမိသက်ဆိုင်ရာ အုပ်ချုပ်ကွပ်ကဲမည့် ဂျပန်စစ်သားများနှင့် တွဲလျက် လက်နက်ကိရိယာများကို စတိုမှသွားရောက်၍ ထုတ်ယူခြင်း ပြုကြရလေသည်။

ထိုအချိန် ထိုအခါ၌လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချိုများက ဂျပန်စစ်သားများအား များစွာ အကူအညီပေးရပါသည်။

ပေါက်တူး၊ ပေါက်ပြား၊ ပေါက်ချွန်း၊ ရဲတင်း ပုဆိန်၊ မြေသယ်သောခြင်းတောင်း၊ ဂေါ်ပြား၊ ဓားမ စသောပစ္စည်းများကို စတိုမှူးနှင့် သူ့လက်အောက် ဂျပန်များထံမှ အရေအတွက်နှင့် စာရင်းရေးမှတ်လျက် ထုတ်ယူကြရလေသည်။ ပြီးလျှင် တာဝန်ကျ ဂျပန်စစ်သားများက လက်မှတ်ရေးထိုးခြင်း ပြုကြရလေသည်။

အလုပ်သိမ်း၍ ပြန်လည်တက်ရောက်လာသည့်အခါ ပစ္စည်းများအားလုံးကို စနစ်ဓာတ်ကျကျ ပြန်လည်အပ်နှံခြင်း ပြုကြရလေသည်။ အကုန်လုံး၍ တစ်နံတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

သော ပစ္စည်းပျောက်ရှုံးဖြစ်ခဲ့လျှင် ထိုခွေးတပ်အဖွဲ့သားများအဖို့ အကုသိုလ်ကြိုဟ်ဆိုးကြီးမားစွာဝင်ရောက်ခြင်းဟူ၍ ဆိုရချေမည်။

မိုးသည် အဆက်မပြတ် ရွာသွန်းနေဆဲ ဖြစ်လေသည်။

မိုးကာအင်္ကျီပါသော ဂျပန်စစ်သားများနှင့် ကျွန်တော်မှတစ်ပါး ဘွန်ထိုက်ချို၊ ဟန်ချိုများရော၊ ခွေးတပ်သားအားလုံးတို့မှာ ရွံရွံစိုနေလေတော့သည်။

ကျွန်တော်တို့ ခွေးတပ်အဖွဲ့သားများနည်းတူပင် အခြားသော ခရိုင်မြို့နယ်များမှ ခွေးတပ်အဖွဲ့များမှာလည်း တဝုန်းဝုန်းရွာသွန်းနေသော မိုးရေမိုးပေါက်အောက်၌ပင် သက်ဆိုင်ရာဂျပန်စစ်သားများ၏ အုပ်ချုပ်ကွပ်ကဲမှုဖြင့် အလုပ်ခွင်ရှိရာသို့ သွားရောက်လျက် ရှိနေကြပါသည်။

ထိုသူများမှာ ကျွန်တော်တို့ကဲ့သို့ မနေ့တစ်နေ့ကမှ ရောက်ရှိလာကြသည့် လူသစ်ခွေးတပ်သားများ မဟုတ်ကြချေ။ သူတို့သည် လွန်ခဲ့သောခြောက်လကျော် ခုနစ်လအချိန်လောက်ကပင် ဤခွေးတပ်စခန်းသို့ ရောက်ရှိနေကြသူများ ဖြစ်ကြလေသည်။ ထို့ကြောင့်လည်း သူတို့သည် ကျွန်တော်တို့အဖွဲ့သားများလောက် ခြေလှမ်းမသွက်ကြတော့။ အားအင်ကုန်ခန်းနေဟန်၊ ပင်ပန်းမောပန်းနေဟန်၊ ခြေမသယ်ချင် လက်မသယ်ချင်ဖြစ်နေဟန် ရှိရှာကြလေသည်။

ဂျပန်စစ်သားများသည် လက်တွင်းမှ ဝါးရင်းတုတ်များ၊ ဝါးစိမ်းချောင်းများ၊ သစ်ကိုင်းသစ်ခက်များကို ကိုင်မြှောက်လျက် ထိုခွေးတပ်သားလူဟောင်းများအား ကျွဲ၊ နွားများကို မောင်းနှင်ခြင်းပြုသည့်အလား တဟေးဟေးတဟဲဟဲနှင့် ရေရွတ်မောင်းမဲကာ အလုပ်ခွင်ရှိရာသို့ ခပ်ကြမ်းကြမ်း ခေါ်ဆောင်သွားလေသည်။

မကြာမီ သူတို့နှင့် ကျွန်တော်တို့ လူအုပ်ကွဲသွားကြသည်။ အလုပ်လုပ်ကြရမည့်မှာ သူတို့က တစ်နေရာဖြစ်သည်။ ကျွန်တော်တို့က တစ်နေရာဖြစ်သည်။ ခွေးတပ်သားဟောင်းများသည် တစ်နေရာတွင် ရပ်ကျန်ခဲ့ကြသည်။ ကျွန်တော်တို့ကား ရှေ့ခရီးကို ဆက်လက်ချီတက်နေရဆဲပင် ဖြစ်လေသည်။

ကျွန်တော်တို့ အဖွဲ့သားများသည် စခန်းမှနေ၍ အလုပ်ခွင်ရှိရာသို့ ခရီးတစ်မိုင်ခန့် သွားကြရလေသည်။ ထို့နောက်တွင်မူ ကျွန်တော်တို့ အလုပ် စတင်လုပ်ဆောင်ရမည့်နေရာသို့ ရောက်ရှိလာကြလေသည်။

ထိုနေရာသို့ ရောက်ရှိလာသည့်အခါ ဂျပန်စစ်သားများသည် ဘွန်ထိုက်ချို၊ ဟန်ချိုများနှင့် ကျွန်တော့်ကို သစ်ပင်ကြီးများအောက်သို့ ခေါ်ဆောင်ပြီးနောက် လုပ်ရမည့် အလုပ်နေရာနှင့် အလုပ်ကိစ္စကို ညွှန်ပြပြောကြားခြင်းပြုလေသည်။ အမှန်စင်စစ် ထိုနေရာသည် နေရာသစ်တစ်ခုကား မဟုတ်ပါချေ။ လုပ်လက်စနှင့်

မပြီးမပြတ်ဖြစ်နေသော ရထားလမ်းအတွက် မြေပေါက်မြေဖို့ရမည့် နေရာတစ်နေရာဖြစ်လေသည်။

ငုတ်တိုင်များ စိုက်ထူလျက် ကြိုးတားထားသောအဖြစ်ကိုလည်းကောင်း၊ မြေများပေါက်တူးထားပြီးဖြစ်သော ကျင်းကြီးများ၊ ချိုင့်ကြီးများကိုလည်းကောင်း တွေ့မြင်ရလေသည်။ ပြီးလျှင် ထိုကျင်းကြီးများ၊ ချိုင့်ကြီးများအတွင်း၌ ရေများ ပေါင်းလန်လျက် ရှိလေသည်။

ထိုပြင် ကြိုးတားငုတ်ရိုက်လျက် မြေဖို့ရန် သတ်မှတ်ထားသောနေရာမှာလည်း ကျွန်တော့်စိတ်အထင်အားဖြင့် အရှည်မှာ နှစ်ဖာလုံ၊ သုံးဖာလုံလောက် ရှိလိမ့်မည်ဟု ခန့်မှန်းမိသည်။ မြေကြီးဖို့ရမည့်အမြင့်သည် အချို့နေရာတွင် သုံးပေ၊ အချို့နေရာတွင် ငါးပေ၊ အမြင့်ဆုံးနေရာသည် ဆယ်ပေလောက်ရှိပါလိမ့်မည်။ ကျွန်တော်တို့ လူအင်အားနှင့်ဆိုသော် အများဆုံး တစ်ပတ်ကျော်ကျော်လောက်နှင့် ပြီးစီးသွားမည့် အလုပ်ဟူ၍ ဆိုရပေမည်။

သို့ရာတွင် ဤအမြင့်မှာ သာမန်မျှသော အမြင့်ဖြစ်လေသည်။ အပေါ်ယံရှုပ်ကြည့်၍ ခန့်မှန်းသော ခန့်မှန်းချက်သာဖြစ်လေသည်။ တကယ့်လက်တွေ့ခံကား ဤလိုဖြစ်မလာပါချေ။

ကျွန်တော်တို့အုပ်စုမှ ခွေးတပ်သားများသည် တာဝန်အသီးသီးခွဲဝေပြီးနောက် နေရာသစ်များပေါ်ရှိ သစ်ပင်၊ ဝါးပင်များကို ရှင်းလင်းခုတ်ထွင်ခြင်း ပြုကြရလေသည်။ ပြီးလျှင် မြေပေါက်သူများက ပေါက်လျက်၊ မြေသယ်မြေဖို့ပြုလုပ်သူများက ပြုလုပ်ကြလေသည်။

သို့ရာတွင် ဤအလုပ်မှာ ကျွန်တော်တို့အဖို့ သမင်မွေးရင်း၊ ကျားစားရင်းဆိုသလို ဖြစ်နေပါတော့သည်။ ခွေးတပ်သားများက မြေများကို သယ်၍ဖို့လိုက်၊ တစ်ဘက်သော ကျောက်တောင်ကြီးများပေါ်မှ ရေများက ဒလဟောစီးကျလာလိုက်၊ ဖို့ထားသော မြေကြီးများ ရေအရှိန်နှင့် မျောပါသွားလိုက်ဖြစ်နေလေတော့သည်။

ကျောက်တောင်ကြီးများပေါ်မှ စီးကျလာသော ရေအားအရှိန်မှာ သေးငယ်သော အဟုန်အရှိန်မဟုတ်ပေ။ မြင့်မားသော တောင်ထိပ်ပေါ်မှ ဝါးလုံးကို တဘားထိုးချလိုက်သည့်အလား တဝေါဝေါအသံမြည်လျက် ကျဆင်းလာခြင်းဖြစ်လေသည်။

တစ်ဖန် နောက်တစ်ကြောင်းမှာလည်း မြေတူးယူသော ချိုင့်များအတွင်းသို့ မိုးရေမိုးပေါက်များက စီးဝင်လျက်ရှိပေရာ မြေသုံးလေးတောင်းလောက် တူးမိလျှင်ပင် ကျင်းများ၊ ချိုင့်များမှာ ရေပြည့်လျှံသွားလေတော့သည်။ ထိုအခါ မြေပေါ့

www.burmeseclassic.com

သမား ချွေးတပ်သားအဖို့ ကျင်းအသစ်တူးဆွရန်အတွက် နေရာသစ်ရွှာရပြန်ဒေသည်။

မြေဖို့သမားများမှာလည်း ထိုနည်းအတိုင်းပင် လုပ်ငန်းမတွင်ဘဲ ဖြစ်နေလေတော့သည်။ သူတို့သူတို့သည် အကွာအလှမ်းအားဖြင့် ကိုက်အစိတ်၊ သုံးဆယ် နေရာလောက်က မြေကြီးများကို တောင်းထဲတွင် ထည့်ရွက်ပြီးနောက် လိုအပ်သော နေရာသို့ သွားရောက်လောင်းသွန်ကြလေသည်။ သို့ရာတွင် တစ်ခေါက်ပြီး၍ နောက်တစ်ခေါက်လောင်းရန် ရောက်ရှိသွားသည့်အခါ ပထမလောင်းပစ်ခဲ့သော မြေများမှာ နေရာတွင် မရှိတော့ချေ။ ရေတိုက်စားသွားသဖြင့် မျှောပါသွားလေတော့သည်။

ဂျပန်စစ်သားများသည် အတော်အတန် မိုးလေလုံခြုံသော သစ်ပင်ကြီးများအောက်၌ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ရှိနေကြသည်။ သူတို့သည် စကားပြောရင်း ဆေးလိပ်သောက်ရင်းမှ ချွေးတပ်သားများကိုလည်းကောင်း၊ ဘွန်ထိုက်ချို၊ ဟန်ချို့များကိုလည်းကောင်း လှမ်းအော်လေသည်။ ခိုကပ်နေသည်ဟု အထင်ရှိသော ချွေးတပ်သားများကိုမူ အဝေးမှနေလျက် ကျောက်ခဲများ၊ တုတ်များနှင့် လှမ်းပစ်လေသည်။ တစ်ခါတစ်ခါတွင်မူ ချွေးတပ်သားများရှိရာသို့ အော်ဟစ်လျက် ပြေးလွှားလာပြီးနောက် ဝါးရင်းတုတ်နှင့် ကျောပြင်ကို ရိုက်နှက်ခြင်း၊ ခြေနှင့် ကန်ကျောက်ခြင်း စသည်ဖြင့် ပြုလေသည်။

ချွေးတပ်သားများမှာလည်း တစ်ကိုယ်လုံး ရွံ့တွေ ရေတွေနှင့် တလိန်းထိုးပေကျံလျက် ရှိလေသည်။ ဤအချိန် ရောက်ခဲ့သည်ထိ မိုးမှာလည်း ရွာကောင်းတုန်း ရွာကောင်းဆဲဖြစ်လေသည်။ မိုး၏ အအေးဒဏ်ကြောင့် အချို့ချွေးတပ်သားများမှာလည်း မေးရိုက်လျက် တခိုက်ခိုက်တုန်နေလေသည်။ အချို့မှာမူ အင်တိုက်အားတိုက် မြေပေါက်ထားရသောကြောင့် ပါးစပ်ပြဲလျက် တရှူးရှူးတရဲရဲဖြစ်နေလေသည်။

ထိုအချိန်ရောက်သည့်အခါ ဂျပန်များသည် ကျွန်တော်တို့ကို အလုပ်မှ ရပ်နားလိုက်လေသည်။ ထိုကဲ့သို့ ရပ်နားပေးလိုက်ခြင်းမှာ နံနက်ထမင်းစားသောက်ကြရန်အတွက်ပင် ဖြစ်လေသည်။

ဂျပန်စစ်သားများထဲတွင် ဒုတပ်ကြပ်အဆင့်အတန်းရှိသော မျက်မှန်တပ်ထားသည့် ဂျပန်စစ်သားတစ်ယောက် ပါရှိလေသည်။ ထိုဂျပန်စစ်သားသည် ကျွန်တော်တို့ကို အုပ်ချုပ်ကွပ်ကဲရသော ဂျပန်များထဲတွင် အကြီးအမှူးဖြစ်လေသည်။ ကျွန်တော်တို့အလုပ်ခွင်၌ အားလုံး ဂျပန်စစ်သားဆယ့်ငါးယောက်တိတိ လိုက်ပါလာလေသည်။ ဒုတပ်ကြပ်ဂျပန်နှင့် အခြားသော ဂျပန်စစ်သားကိုးယောက်သည် ထမင်းစားရန်အတွက် ကျောက်တစ်တုံးစခန်းသို့ ပြန်လည်သွားရောက်ကြသည်။ ကျန်သောဂျပန်စစ်သား ငါးယောက်သည် အလုပ်စခန်းဦးပင် ကျွန်တော်တို့နှင့်အတူ နေရစ်လေသည်။ သူတို့အတွက် စခန်းမှ ဂျပန်ထမင်းချက် တစ်ယောက်က ထမင်း လာရောက်၍ ပို့ပေးမည်ဖြစ်လေသည်။

ကျွန်တော်တို့ ချွေးတပ်အဖွဲ့သားများအတွက်ကိုမူ အုပ်စုအလိုက် လူစုခွဲလျက် ထမင်းယူရန် စေလွှတ်ရလေသည်။ အသစ်စက်စက် ရက်လုပ်ထားသော ထမင်းတောင်းများကို အလယ်မှ ဝါးထမ်းပိုးလျှိုလျက် ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်း၍လည်းကောင်း၊ အသစ်စက်စက်ဖြစ်သော ဝါးကျည်တောက်များကို ထိပ်တစ်ဘက်တစ်ချက်မှ အပေါက်ဖေါက်လျက် ကြိုးတပ်ကာ ထမ်းပိုးလျှိုး၍လည်းကောင်း၊ ကျောက်တစ်လုံးစခန်း ထမင်းချက်ရုံသို့ သွားရောက်ကြရလေသည်။ ထိုအခါ ကျွန်တော်ကိုယ်တိုင်ပင် ထမင်းယူချွေးတပ်သားများနှင့်အတူ ထမင်းချက်ရုံသို့ လိုက်ပါခဲ့ရလေသည်။

ကျွန်တော့်မှာ ရိက္ခာရှာရှင် သီးသန့်ရသူတစ်ယောက်ဖြစ်သောကြောင့်လည်း ကျွန်တော့်အတွက် ထမင်းဟင်းကို ထမင်းချက်ရုံခေါင်း ကိုစံခက ချက်ပြုတ်ပေးလေသည်။ ကျွန်တော့်အတွက် ထမင်းနှင့် ဟင်းလျာဆိုသည်မှာလည်း နှုံးနှုံးနပ်နပ်ရှိရုံ၊ အာလူးကို အခွံနွှာရုံ၊ ဆားပြားအစပ်တည့်ရုံမှလွဲ၍ ချွေးတပ်သားများစားသောက်ရသော ဆီမပါ၊ ကြက်သွန်မပါ၊ ငရုတ်သီးမပါ၊ ငန်ပြာရည်မပါသည့် ဟင်းလျာသာ ဖြစ်လေသည်။

ချွေးတပ်သားများအတွက် ထမင်းဟင်းပေးသည်မှာ အချိုးကျ ခန့်မှန်းလျက် ပေးခြင်းသာဖြစ်လေသည်။ သို့ရာတွင် မည်သည့်ချွေးတပ်သားအဖွဲ့မှ ပို၍လွဲဝလင်းသည်ဟူ၍ကား မရှိပါချေ။ အမြဲတမ်း မလောက်မငနှင့် လိုနေသည်ချည်းသာ ဖြစ်လေသည်။

ဤလိုဖြစ်ရသည်မှာလည်း ထမင်းချက်ရုံတာဝန်ကျ ကိုစံခကသော်လည်းကောင်း၊ သူ့လူတပည့်တပန်းများကသော်လည်းကောင်း စိတ်ကောင်းမရှိခြင်းကြောင့် မဟုတ်ပါပေ။ သူတို့ကိုယ်တိုင်မှာလည်း ရိက္ခာဂိဒေါင်မှာ ဂျပန်များထုတ်ပေးသော ရိက္ခာပစ္စည်းအတိုင်းအတာအရ ချက်ပြုတ်ရခြင်းသာ ဖြစ်လေသည်။ သို့ရာတွင် အကယ်၍ ချွေးတပ်သားအဖွဲ့တစ်ခုခုအတွက် ထမင်းဟင်းလိုနေမည်ဆိုပါမူ ကိုစံသည် ထမင်းချက်ရုံတာဝန်ကျအဖြစ်မှ ပြုတ်ကျလျက် သာမန်ချွေးတပ်သားအဆင့်ဦးဖြစ်သွားရပေလိမ့်မည်။ လူဦးရေအတိုးအပွားမရှိပါဘဲနှင့် ရိက္ခာပစ္စည်းကိုကား တိုး၍ပေးလိမ့်မည်တော့ မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ထမင်းချက်ရုံတာဝန်ကျဆိုသူမှာလည်း ထမင်းဟင်းလျာဝေခြမ်းပေးသည့် ကိစ္စတွင် လိုသလိုစေ မပိုစေနှင့်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားလျက် ကျင့်သုံးရသူတစ်ယောက် ဖြစ်လေသည်။

ဤနေရာတွင် ချွေးတပ်သား များ ငါးပိ၊ ငံပြာရည် မစား၊သောက်ရသော ကိစ္စနှင့် ဆိ၊ ငရုတ်သီး စသော အာဟာရပစ္စည်းများ မစား၊ရသည့် ကိစ္စကိုလည်း အလျဉ်းသင့်သဖြင့် ဖော်ပြလိုပါသည်။

ငါးပိနှင့် ငံပြာရည်ကိစ္စမှာမူ ကျောက်တစ်လုံး၊စခန်းသို့ ကျွန်တော်တို့ မရောက်မီက ဖြစ်ခဲ့သည့်ကိစ္စတစ်ရပ် ဖြစ်လေသည်။ ထိုကိစ္စ၊ ထိုအဖြစ်ဟောင်းကို ကျွန်တော်သည် ထမင်းချက်ရုံခေါင်း ကိုစံခဆဲမှတစ်ဆင့် ကြားသိရခြင်းပင် ဖြစ်ပါသည်။

ဂျပန်များသည် ချွေးတပ်စခန်းများတွင် ရှိနေသော မီးရထားလမ်းဖောက်လုပ်ရေး အလုပ်သမားများနှင့် စစ်သုံ့ပန်းများ စားသောက်ရန်အတွက် ရိက္ခာပစ္စည်းများကို အဝယ်တော်များခန့်ထားလျက် ဝယ်ခြမ်းတင်သွင်းစေခြင်းပင် ဖြစ်လေသည်။

ဤတွင် ခပ်စောစောအချိန်ပိုင်းက အဝယ်တော်ဖြစ်သော ရိက္ခာပေးသွင်းသူများသည် မြိတ်၊ ထားဝယ်ဘက်မှ စိမ်းစား၊ငါးပိများကိုလည်းကောင်း၊ ငံပြာရည်များကိုလည်းကောင်း သက်ဆိုင်ရာ ချွေးတပ်စခန်းများသို့ ပေးသွင်းခြင်းပြုလေသည်။ ထိုအခါ ငါးပိ၊ ငံပြာရည်ကို စား၊ရသည်မှာ ကြာပြီဖြစ်သော ချွေးတပ်သား များသည် ငါးပိ၊ ငံပြာရည်ကို စား၊ရပေတော့မည်ဟူသော အတွေးနှင့် အလွန်တရာ ဝမ်းသာလျက် သွား၊ရည်ယိုစီးနေကြလေသည်။

ထိုကဲ့သို့ရှိနေစဉ်အတွင်း စခန်း၏အကြီးအမှူးဖြစ်သော ဂျပန်စစ်ဗိုလ်က ထိုပစ္စည်းများမှာ ချွေးတပ်အလုပ်သမား များအား ကျွေးမွေးခြင်းပြု၊ရန်မသင့်၊ အလွန်ပင်နံစော်သောပစ္စည်းများဖြစ်သဖြင့် အန္တရာယ်ဖြစ်စေနိုင်သည်။ ရောဂါဘယကျရောက်ဆေလိမ့်မည်ဟု သဘောပိုက်ကာ ငါးပိခြင်းကြီးများနှင့် ငံပြာရည်များကို စမ်းချောင်းအတွင်းသို့ စွန့်ပစ်ခြင်းပြုစေလေသည်။ ချွေးတပ်စခန်း၌ အလုပ်သမား များအတွက် နောင်အခါတွင် ဤလိုပစ္စည်းများကို တင်သွင်းခြင်း မပြုစေရ။ ငရုတ်သီး၊ ဆိ အစရှိသော ပစ္စည်းများကိုလည်း တင်သွင်းခြင်း မပြုစေရဟု သတ်မှတ်ထားလေသည်။

ထို့ကြောင့်လည်း တောတွင်းချွေးတပ်စခန်းတွင် ငါးပိ၊ ငံပြာရည် စသော အာဟာရများနှင့် ငရုတ်သီး၊ ကြက်သွန်၊ ဆိ စသော ပစ္စည်းများမှာ ရွေထက်ပင် ရှားပါးလှခြင်း ဖြစ်လေသည်။

အထက်ကဆိုခဲ့သော ငါးပိ၊ ငံပြာရည်ကိစ္စမှာ ထိုမျှနှင့် မပြီးစီးသေးပါ။ ချွေးတပ်သားအချို့သည် ညဘက်တွင် ဂျပန်များ စွန့်ပစ်ထားသော ငါးပိများကို စမ်းချောင်းထဲသို့ တိတ်တဆိတ်ဆင်းသက်လျက် ရေတွင် ငုပ်ကာ ဆယ်ယူခြင်းပြုကြလေသည်။ ဤတွင် ကင်းဆောင့်ဂျပန်စစ်သားက မသက်ဖြစ်လျက် သေနတ်ဖြင့် ပစ်ခတ်သဖြင့် ချွေးတပ်သား၊တစ်ယောက် သေဆုံး၊ရှာလေသည်။

နောက်တစ်နေ့မနက်တွင် ထိုကိစ္စ၊ ထိုအကြောင်းကို ဂျပန်စစ်ဗိုလ် သိရှိသွားလေသည်။ ဂျပန်စစ်ဗိုလ်သည် ထိုငါးပိခြင်းကြီးများနှင့် ငါးပိအိတ်ကြီးများကို ချွေးတပ်သားများအား ရေတွင် ငုပ်လျက် ဆယ်ယူစေပြီး နောက် တွင်းနက်ကြီးများအတူးခိုင်းကာ မြေတွင် မြှုပ်စစ်လိုက်လေသည်။ ဤသို့နှင့် ငါးပိ၊ ငံပြာရည်ဇာတ်လမ်းတစ်ခုမှာလည်း အဆုံးသတ်လေတော့သည်။

"ကျွန်တော်တို့ ချွေးတပ်သားတွေကလဲ ဘယ်လောက်များ ငါးပိ၊ ငံပြာရည်ကို စွဲလန်းနေလဲဆိုတော့ ဝမ်းချောင်းထဲကိုဆင်းပြီး အဆယ်ခိုင်းတော့ဟောင် ခွဲဆေးလိမ့်မယ်ထင်ပြီး အတော်ဝမ်းသာနေကြတာခင်ဗျာ၊ နောက်တော့ မြေကျင်းကြီးတွေ အနက်ကြီးတူးပြီး အမြှုပ်ခိုင်းတော့မှ ခပ်မဲ့မဲ့ဖြစ်ကုန်ကြတော့တာပဲ"

ကိုစံခက ငါးပိ၊ ငံပြာရည် ဇာတ်လမ်းအဆုံးသတ်တွင် သူတို့တစ်တွေ၏ ဖြစ်ရပ်ကို ဖြည့်စွက်လျက် ပြောလေသည်။

"ဒါကတော့ဗျာ– ချွေးတပ်သားတွေဆိုတာကလဲ များသောအားဖြင့်တော့ ငါးပိ၊ ငံပြာရည်ကြိုက်တဲ့ လူတွေပဲဗျ၊ တစ်သက်လုံး အမေမွေးကတည်းက ငါးပိ၊ ငံပြာရည်စားပြီး ကြီးပြင်းလာကြတဲ့ လူတွေပဲဟာဗျာ၊ ပြီးတော့ နုလို ထမင်းကလဲ မကောင်း၊ ဟင်းကလဲ ဘာတစ်ခုမှ မည်မည်ရာရာ မရှိလေတော့ ငါးပိ၊ ငံပြာရည်ကို ပိုပြီး စားချင်ကြမေမှာပေါ့ဗျာ"

ကျွန်တော်က ပြောလိုက်ပါသည်။

စင်စစ်အားဖြင့်လည်း ချွေးတပ်စခန်းတွင် ရှိကြသော အလုပ်သမား ချွေးတပ်သားများတွင် ဗြိတိသျှစစ်သုံ့ပန်းများကလွဲလျှင် ကျန်သူများမှာ ငါးပိ၊ ငံပြာရည် စားသောက်ကြသော လူမျိုးများသာ ဖြစ်လေသည်။

မြန်မာ၊ မွန်၊ ကရင်နှင့် ကုလားကပြား အနည်းအကျဉ်း၊ တရုတ်ကပြား အနည်းအကျဉ်းဖြစ်လေသည်။ အားလုံးထဲတွင် မြန်မာနှင့် ကရင်က အများဆုံးဖြစ်လျက် မွန်အမျိုးသားများက တတိယ များလေသည်။ ဤသူများမှာ ငါးပိ၊ ငံပြာရည် ကြိုက်နှစ်သက်သော လူတွေချည်း ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆီ၊ ငရုတ်သီး၊ ကြက်သွန် စသော ပစ္စည်းများမှာမူ ဂျပန်များကိုယ်တိုင်က မစားမသုံးခြင်းကြောင့်ပေလား၊ သို့တည်းမဟုတ် ထိုခေတ် ထိုအခါက ရှားပါးလှသော ပစ္စည်းများ ဖြစ်သောကြောင့်ပေလား မပြောတတ်ပါချေ။ တောတွင်းရွေးတပ်စခန်းများတွင် လုံးဝ မတွေ့ရသော ပစ္စည်းများဟု ဆိုရချေမည်။

သို့ရာတွင် နောက်ပိုင်းရက်များ၌မူ ကျွန်တော်သည် ထမင်းချက်ရုံမှူး ကိုစံခဆံတွင် ငရုတ်သီးကလေးများ၊ ကြက်သွန်ကလေးများ၊ မဆလာထုပ်ကလေးများကို မြင်ရပါသည်။ ကျွန်တော်က ဂရုံသော ရိက္ခာရာရှင်ကို သူ့လက်ထဲထိုးပေး၍ စီးကရက်ဘူးကအစ တစ်ဝက်ခွဲဝေပေးသောကြောင့်လည်း သူနှင့် ကျွန်တော် တစ်ဆိုးတည်း စားဖြစ်သည့်အခါ ကျွန်တော်ကိုယ်တိုင်မှာလည်း ငရုတ်သီးကလေး၊ ကြက်သွန်ကလေးများနှင့် မဆလာနံ့သင်းသည့် ပဲဟင်းက်လေးများကို စားရပါသည်။

"အဲဒီငရုတ်သီး၊ ကြက်သွန်ကလေးတွေက မွန်ဈေးလည်းတွေ လာတဲ့အခါမှာလိုက်ရတာဗျာ၊ အဲဒါလဲ သိပ်မလွယ်ဘူး၊ ခမျာများ ဂျပန်တွေ မတွေ့အောင် သိုဝှက်ယူလာရတာ၊ လူတိုင်းကိုလဲ မရောင်းဝံ့ဘူး" ဟု ကိုစံခက ပြောပါသည်။

မနက်စာ ထမင်းယူရန်အတွက် ရောက်ရှိလာကြသော ရွေးတပ်သားအဖွဲ့များသည် ထမင်းချက်ရုံကြီးများ၏ အပြင်ဘက် သစ်ပင်ကြီးများအောက်၌ တန်းစီလျက် ရှိနေကြရလေသည်။ အဖွဲ့မစုံသေးလျှင် ထမင်းဝေခြမ်းခြင်း မပြုသေးချေ။ အဖွဲ့စုံမှသာလျှင် အမည်စာရင်းခေါ်လျက် ဝေခြမ်းခြင်းပြုလေသည်။ ရွေးတပ်အဖွဲ့များ၏ လူဦးရေမည်မျှဆိုသော စာရင်းသည် ထမင်းချက်ရုံမှူး ကိုစံခဆံ၌လည်းကောင်း၊ ဂျပန်စစ်ဗိုလ် ကုမေကာထံတွင်လည်းကောင်း၊ ရိက္ခာဂိုဒေါင်မှူး ဂျပန်တပ်ကြပ်ကြီးထံတွင်လည်းကောင်း ရှိလေသည်။

ထမင်းဝေခြမ်းရမည့်အချိန်ဆိုလျှင် ရိက္ခာဂိုဒေါင်မှူး တပ်ကြပ်ကြီးနှင့် ကုမေကာသည် ထမင်းချက်ရုံသို့ ရောက်ရှိလာစမြဲ ဖြစ်လေသည်။

ထမင်းယူရန် ရောက်ရှိလာကြသော ရွေးတပ်သားများမှာ မစုံလင်သေးသဖြင့် ထမင်းဟင်းများကို ဝေခြမ်းခြင်းမပြုရသေးပေ။ ဂျပန်စစ်ဗိုလ် ကုမေကာလည်း မလာသေးပေ။ ထိုအခါ ရောက်နှင့်နေကြသည့် ရွေးတပ်သားများသည် သစ်ပင်ကြီးများအောက် မိုးရေထဲ၌ပင် ငုတ်တုတ်ထိုင်လျက် ရှိနေကြရလေသည်။

"ဆရာလေး ဒီမှာပဲ ကျွန်ဆော်တို့နဲ့အတူ စားမလား၊ ဟိုကို ယူသွားမလား၊ ကျွန်တော်နဲ့အတူ စားရင်တော့ နေသိပ်မြင့်နေမယ်၊ အလုပ်တွေအားလုံးပြီးမှ စားရမှာ"

"ယူသွားတာ ကောင်းပါတယ် ကိုစံခ၊ ကျွန်တော့်လူတွေနဲ့ပဲ အတူသွားစားမယ်ဗျာ၊ နောက်တွေကျမှ ခင်ဗျားနဲ့ကျွန်တော် အတူစားတာပေါ့"

ကျွန်တော်က ပြောလိုက်ပါသည်။

အမှန်အားဖြင့် ကျွန်တော်တို့ခရိုင်မှ ကျွန်တော့်လူများကိုလည်း ကျွန်တော်က သဲယောင်ခြဲဖြစ်မိပါသည်။ စင်စစ် ကျွန်တော်တို့တစ်တွေမှာ တစ်ခရိုင်တည်းသားတွေဖြစ်၍ ခွဲခြားခွဲခြား မလုပ်သင့် မလုပ်ထိုက်ဟု ကျွန်တော် ယူဆမိပါသည်။ ပြီးလျှင် ထိုလူတွေထဲက သာဆင်မှာ ရွေးတပ်စခန်းတွင် ကျွန်တော်၏ ညီငယ်ကလေးတစ်ယောက်ကဲ့သို့ ဖြစ်နေပါသည်။ ကျွန်တော့်အတွက် ရဂုံမည့် ထမင်းနှင့်ဟင်းမှာ လူအများစာအတွက် မဖြစ်နိုင်သော်လည်း သာဆင်တစ်ယောက်အတွက်ကား ပိုကောင်းပိုပေလိမ့်မည်။ ထိုအခါ သာဆင်အတွက် ဝေစုရရှိသော ထမင်းနှင့်ဟင်းမှာ အခြားမဝသော ရွေးတပ်သားတစ်ယောက်နှစ်ယောက်အတွက် အကျိုးဖြစ်နိုင်လေသည်။

"ဒီလိုဆို ယူသွားတာပေါ့လေ၊ ဒါပေမယ့် ဆရာလေး မိုးထဲလေထဲမှာ စားရမှာပဲ" ဟု ကိုစံခက စိတ်မကောင်းသလို ပြောပါသည်။

"ဖြစ်သလိုပေါ့ဗျာ"

ထမင်းယူရန်လာကြသော ရွေးတပ်သားများထဲတွင် သာဆင်မှာ လူပို တစ်ယောက်အဖြစ် ပါရှိလေသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော့်အတွက် ရသင့်ရထိုက်သော ထမင်းဟင်းများကို သာဆင်အား အယူခိုင်းရပါသည်။

ကိုစံခသည် သီးသီးသန့်သန့် ချက်ထားသော အာလူးဟင်းနှင့် ထမင်းများကို သာဆင် ကြိုက်သလောက် ထည့်ယူစေပါသည်။

ကျွန်တော့်အတွက် ရရှိသော ထမင်းမှာ ရိုင်ပတ်ကြီးထဲတွင် စုပုံထားသော ထမင်းမဟုတ်ပေ။ သံပရာပိုင်း ဒယ်အိုးကြီးတစ်လုံးထဲမှ ထမင်းဖြစ်လေသည်။ ထိုထမင်းမှာ ရိုင်ပတ်ထဲရှိ ထမင်းနှင့် ဆန်ချင်းအတူတူဖြစ်သော်လည်း ဆားဟင်းမွန်စွာ နပ်ထားသဖြင့် နပ်သောထမင်းဟု ဆိုရပါမည်။ ရိုင်ပတ်ထဲမှ ထိုထမင်းမှာမူ နပ်ချင်မှ နပ်ပေမည်။ နပ်သည်ထမင်းက နပ်လျက်၊ မနပ်ဘဲ ချိုးကပ်တူးနေသော ထမင်းများကလည်း ပါရှိလေသည်။

ဟင်းမှာမူ ထိုနေ့က ကွဲပြားလေသည်။ ရွေးတပ်သားများအတွက် ဟင်းမှာ ပဲကြီးနှင့် ရွှေဖရုံသီးများ ရောနှောကျိုထားသော ဟင်းဖြစ်လေသည်။ ကျွန်တော့်အတွက်မှာမူ အာလူးနှင့် ရွှေဖရုံသီးကို မဆလာခတ်လျက် ခပ်ပျစ်ပျစ်ချက်ထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောင်အခါမှ ကျွန်တော် သိရသည်မှာ ကျွန်တော် အပါအဝင် ရိက္ခာရှာရှင်သီးသန့်ရရှိသူများမှာ စကားပြန် ကိုလှဖေ၊ ထမင်းချက်ခေါင်း ကိုစံခ၊ ရိက္ခာဂိုဒေါင်တွင် ဂျပန်များနှင့် တွဲဖက်၍ အလုပ်လုပ်ရသော ဂိုဒေါင်စာရေး ကိုခင်ရွှေနှင့် ကိုသန်းမောင်၊ လက်နက်ဂိုဒေါင်မှ စာရေး ကိုချစ်ထွန်းနှင့် ကိုပွကြီး၊ ဆင်ဦးစီးခေါင်း ဦးနမ်းလွေ့၊ စုစုပေါင်း လူကိုးယောက် ဖြစ်ကြလေသည်။

သာဆင်သည် ထမင်းများကို ဝါးဆစ်ကျည်တောက်ကြီးတစ်လုံးထဲသို့ ထည့်လေသည်။ ဟင်းကိုလည်း ဝါးဆစ်ကျည်တောက်ကြီး တစ်ခုထဲသို့ ထည့်လေသည်။ ပြီးလျှင် ရေနွေးတစ်ဘူးကို ဝါးဆစ်ကျည်တောက်ထဲသို့ ထည့်ပြန်လေသည်။

"ဟေ့-ကောင်လေး၊ ဆား ယူသွားဦးကွ၊ ဆား၊ အဲဒါက အရေးကြီးတယ်"

ကိုစံခက သာဆင်ကို လှမ်းပြောလိုက်လေသည်။

"ထည့်စရာ ကျည်တောက် မပါတော့ဘူးဗျ"

ကျွန်တော်က ပြောလိုက်ပါသည်။

ကိုစံခသည် နေရာမှ ထသွားပြီးနောက် ဝါးဆစ်ဘူးငယ်တစ်လုံးထဲသို့ ဆားများကို ကိုယ်တိုင်ကိုယ်ကျ ထည့်ပေးလေသည်။ သူ့ဝါးဆစ်ဘူးကလေးမှာ အဖုံးအပိတ်နှင့် လုပ်ထားသော ဝါးဆစ်ဘူးကလေး ဖြစ်လေသည်။ ပြီးလျှင် သိုင်းလွယ်ရန်အတွက် ကြိုးတစ်ချောင်း တပ်ထားလေသည်။

"ခုလို ကျွန်တော်တို့က သီးသန့်ချက်ပြုတ်စားတော့ ဂျပန်က ဘာမှ မပြောဘူးလား"

ကျွန်တော်က မေးကြည့်ပါသည်။

"ဘာဆိုင်လဲဗျာ၊ ဒါက ကျွန်တော်တို့အတွက် သီးသန့်ရတဲ့ ရိက္ခာပဲဟာ"

ကျွန်တော်သည် ကိုစံခကို နှုတ်ဆက်ပြီးနောက် အလုပ်စခန်းရှိရာသို့ သာဆင်နှင့်အတူ ပြန်ခဲ့လေသည်။

အလုပ်စခန်းသို့ ကျွန်တော်နှင့် သာဆင် ရောက်ရှိပြီးနောက် တအောင့်တနား ကြာရှိသွားသောအခါ၌ပင် ထမင်းယူသွားကြသော ဆွေးတမ်းသားများ ပြန်လည် ရောက်ရှိလာကြလေသည်။

သူတို့၏ ထမင်းတောင်းနှင့် ဟင်းထည့်သော ဝါးဆစ်ကျည်တောက်များကို သစ်ပင်ကြီးများအောက်တွင် ချထားကြလေသည်။ ဘွန်ထိုက်ချို့များ၊ ဟန်ချို့များသည် အဖွဲ့လိုက်ခွဲလျက် လူဦးရေ အချို့အစားအလိုက် ထမင်းဟင်းများကို

ခွဲဝေပြီးခြင်းပြုရလေသည်။ ပြီးမှ ဆွေးတမ်းသားတစ်ယောက်စီအတွက် ဝေခြမ်းခြင်းပြုပြန်ပါသည်။

ဤအခါ၌လည်း ဆွေးတမ်းသားများအဖို့ အခက်အခဲတစ်ရပ် ကြုံရပြန်ပါသည်။ ထိုအခက်အခဲမှာ တခြားမဟုတ်ပေ။ ဆွေးတမ်းသားများအတွက် ထမင်းပုံစားရန် ပန်းကန်ခွက်ယောက် မရှိကြခြင်းပင် ဖြစ်လေသည်။

တဲတန်းလျားတွင် စားသောက်ကြစဉ်အခါကမူ အင်ဖက်များ၊ တောင့်ပျော ရွက်များ၊ ဆောသစ်ရွက်ကြီးများကို တဲတန်းလျားပေါ်တွင် ဖြန့်ခင်းလျက် ပုံစား ခဲ့၍ ဖြစ်လေသည်။ ယခုမူ မိုးကလည်း သဲကြီးမဲကြီး ရွာသွန်းနေသည်။ ကိုလိုင်းအတွင်း၌လည်း မဟုတ်ပါခေါ့။ ထို့ကြောင့် အခက်အခဲ တွေ့ရလေ၏ကား သည်။

"တောင့်ပျောတွေရော၊ ဖက်တွေရော ရှိပေမယ့် မိုးက ဒါလောက်တောင် ရွာပြီး ရွှဲတွေ၊ ဒွက်တွေဖြစ်နေတာ ဘယ်နေရာ သွားစားရမှာလဲဗျာ"

ဘွန်ထိုက်ချို့ ကိုမောင်စိန်က ပြောလေသည်။

ဆွေးတမ်းသားများမှာလည်း ဖက်ရွက်များကို လက်တွင် အသီးသီးကိုင်ကာ မိုးရေအောက်ရပ်လျက် အခက်အခဲ တွေ့ကြရသည်။

ကျွန်တော့်အနေနှင့်မူ လောလောဆယ်ဆယ် ထမင်းထည့် စားသောက်ရန် အတွက် ယမန်နေ့ညကပင် ကိုလှဖေထံမှ ဝါးခွက်တစ်လုံးရထားပါသည်။ ထိုဝါးခွက်သည် ဝါးပိုးဝါးကို အဆစ်နှစ်ဖက်ခံလျက် ထက်ခြမ်းခွဲကာ အချောသပ်ထားသောခွက် ဖြစ်လေသည်။ လွယ်လွယ်ဆိုရလျှင် လေများတွင် အသုံးပြုသည့် ရေပက်ခွဲသဏ္ဌာန် ဖြစ်လေသည်။

"ဝါးတွေ အပေါသားပဲ၊ အဲဒီတော့ ဝါးပင်တွေ ခုတ်ပြီး ကိုသက်ပန်လက်ထဲက ခွက်လို တစ်ယောက်တစ်ခွက် လုပ်ကြရင် ကောင်းမယ်၊ နောင်တော့ ပြီတမ်းထည့်စားသွားရမှာပဲ"

ကိုကောင်းစိန်က အကြံပေးလေသည်။

မနေ့ကမူ ထမင်းတောင်းရက်ရခြင်း၊ ဝါးဆစ်ကျည်တောက်လုပ်ရခြင်း၊ ဟင်းကိစ္စ၊ ရေကိစ္စလုပ်ရခြင်းများနှင့် ခရီးပန်းလာခြင်းများကြောင့် ကျွန်တော်တို့တစ်တွေမှာ ထမင်းစားခွက်လုပ်ကြရန် သတိမေ့လျော့နေကြခြင်း ဖြစ်လေသည်။

"ခုမှတော့ လုပ်မနေကြနဲ့တော့၊ အချိန်မီတော့မှာ မဟုတ်ဘူး၊ ကျွန်တော်တို့ ပြန်ရောက်လာရင် အလုပ်ပြန်ဝင်ရမှာ၊ ဆာလဲ ဆာလှပြီဗျာ၊ ဒီမနက် ဖြစ်သလို

www.burmeseclassic.com

www.burmeseclassic.com

ဖက်ထဲထည့်စားကြမယ်၊ ညနေအလုပ်သိမ်းတော့မှ ထမင်းစားခွက် လုပ်ကြတာပေါ့၊ အဲဒီတော့လဲ ပြီးသလောက်၊ ဒါမှမဟုတ်လဲ ဝါးအတိုင်းခုတ်ပြီး တဲလိုင်းအရောက် ထမ်းသွားကြမယ်၊ ဟိုကြမှ တစ်ညလုံး လုပ်ကြတာပေါ့"

ဟန်ချို ကိုချစ်တီးက အကြံပေးလေသည်။

ဤလိုနှင့် ချွေးတပ်သားများအားလုံးပင် ဖက်ထဲတွင် ထမင်းဟင်းများ စုပုံပြီးနောက် လက်တစ်ဖက်က ကိုင်ကာ အတန်ငယ် မိုးရေမိုးပေါက်သက်သာသည့် သစ်ပင်ကြီးများ အောက်တွင်လည်းကောင်း၊ ကျောက်တောင်ကြီးများဘေးတွင် လည်းကောင်း ဝင်ရောက်ခိုကပ်လျက် ဖြစ်သလို စားကြရလေသည်။ ထိုအခါ မိုးရေမိုးပေါက်များသည် ထမင်းထဲသို့ တစ်ပေါက်ပေါက် ကျဆင်းနေလေသည်။

ဤအဖြစ်မှာ မိုးရာသီ တစ်ရာသီလုံး မိုးရွာသွန်းသော နေ့တိုင်း၌ပင် ချွေးတပ်သားများ ကြုံတွေ့ရသည့် မနက်စာ ထမင်းစားသောက်ရမှု ဆင်းရဲခက်ခဲပင် ဖြစ်လေသည်။

❑

၉။ ဒြတိယ့ စစ်သုံ့ပန်း ချွေးတပ်သားများ

ကျောက်တစ်လုံးစခန်းသို့ ကျွန်တော်တို့ ရောက်ရှိခဲ့ပြီး နောက်တနင်္ဂနွေနေ့တစ်ပတ်ကျော်လောက် ရရှိသွားသောအခါ၌ပင် သဲဖြူဈေးပေါ် ချွေးတပ်စခန်းပုံစကားပြန်ကလေး မောင်အေးချို့နှင့်အတူ ကုမိုမီးယား အမည်ရှိသော စစ်ဗိုလ်တစ်ယောက်နှင့် ဂျပန်အင်ဂျင်နီယာ တပ်စိတ်တစ်ခု ကျောက်တစ်လုံးစခန်းသို့ ရောက်ရှိလာလေသည်။

တစ်ဖန် ထိုအဖြစ်နှင့် မရွေးမနှောင်းပင် ကျွန်တော် အမည်နာမ အသေအချာမသိရသော ဂျပန်စစ်ဗိုလ်တစ်ယောက်နှင့် ၎င်း၏နောက်ပါ တပ်စိတ်တစ်ခုအပြင် ကျွန်တော်တို့အရင် ရောက်ရှိနေသော တဲလိုင်းနံပါတ် တစ်နှင့်နှစ်မှ ချွေးတပ်သားခြောက်ရာကျော်တို့မှာလည်း အထက်စခန်းတစ်ခုသို့ ရွှေ့ပြောင်းသွားခဲ့လေသည်။ ၎င်းတို့ ရွှေ့ပြောင်းသွားရသော စခန်းမှာ ဘုရားသုံးဆူစခန်းဟူ၍ ကိုစံခက ကျွန်တော့်အား ပြောလေသည်။ ထိုရွှေ့ပြောင်းသွားရသော ဂျပန်စစ်တပ်နှင့်အတူ စကားပြန်ကိုလှဖေမှာလည်း လိုက်ပါသွားရလေသည်။

ကျွန်တော်သည် သီဟောင်းကျွမ်းဟောင်းတစ်ယောက်ဖြစ်သော စကားပြန်သူငယ်ကလေး မောင်အေးချို့နှင့် ထပ်မံကာ တွေ့ကြရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ကျွန်တော် လေ့လာမိသလောက် ပြောရမည်ဆိုပါလျှင် မောင်အေးချို့မှာ အခြားသော စကားပြန်များထက် စိတ်ကောင်းသဘောကောင်းရှိခြင်း၊ စကားပြောရ အဆင်ပြေခြင်း၊ ကောက်ကျစ်စဉ်းလဲသည့် အသွင်မရှိခြင်းကြောင့်ပင် ဖြစ်ပါသည်။

မောင်အေးချို့ထံမှ ကျွန်တော်သိရသည်မှာ ယခုရောက်ရှိလာသော ဂျပန်အင်ဂျင်နီယာတပ်သည် မီးရထားလမ်းဖောက်လုပ်ရာတွင် တဲကားဆောက်လုပ်ရေးအတွက် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ သို့ရာတွင် မိုးရာသီအတွင်း၌မှ ကဲကား

www.burmeseclassic.com

www.burmeseclassic.com

များကို ဆောက်လုပ်ခြင်းပြုကြဦးမည်မဟုတ်ဘဲ မိုးအကုန် ဆောင်းအကူးရာသီ၌ ဆောက်လုပ်လိမ့်မည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင်မူ စမ်းချောင်းကူးတံတားများ၊ ချိုင့်ဝှမ်းနှင့် ချောက်ကမ်းပါးများကို အခြေအနေလေ့လာတိုင်းထွာခြင်း၊ တံတားအတွက် သစ်ပင်ကြီးများကို ခုတ်လှဲခြင်း စသည်များကို ပြုလုပ်လိမ့်မည်ဖြစ်ကြောင်းနှင့် သိရှိရပါသည်။

ကျောက်တစ်လုံးစခန်းသို့ ကျွန်တော်တို့ ရောက်ရှိလာခဲ့သည်မှာ တနင်္ဂနွေတစ်ပတ်ကျော်လွန်ခဲ့ပြီဖြစ်သောကြောင့်လည်း ကျွန်တော်တို့သည် စခန်းအခြေအနေကိုလည်းကောင်း၊ စခန်းရှိ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများ၏ အခြေအနေကိုလည်းကောင်း၊ အခြားသော တဲတန်းလျားများရှိ ရွှေးတပ်အဖွဲ့များမှ ရွှေးတပ်သားတို့၏ အခြေအနေကိုလည်းကောင်း အတော်အတန်လေ့လာမိကြပြီ ဖြစ်လေသည်။ ထို့ပြင် ကျွန်တော်တို့ ရွှေးတပ်အဖွဲ့သားများသည် အလုပ်ခွင်၏ သဘောသဘာဝကိုလည်း အတော်ပင် သဘောပေါက် နားလည်လာကြလေသည်။

ဥပမာ– ကျွန်တော်တို့သည် မည်သည့်အချိန်တွင် အိပ်ရာမှ ထလျက် မည်သည့်အချိန်တွင် လူစုဝေးတန်းစီကြရမည်ဆိုသည်ကိုလည်းကောင်း၊ မည်သည့်အချိန်တွင် နံနက်စာထမင်းယူ၍ မည်သည့်အချိန်တွင် အလုပ်မှ တက်ကြရမည်ဆိုသည်ကိုလည်းကောင်း၊ အလုပ်နှင့်ပတ်သက်သော လက်နက်ပစ္စည်းများကို အဘယ်ပုံထုတ်ယူ၍ အဘယ်နည်း ပြန်လည်အပ်နှံကြရမည်ဆိုခြင်းကိုလည်းကောင်း၊ ညရေးညတာအတွက် လိုအပ်သော ထင်းမီးများကို အဘယ်ပုံ သိမ်းကြရမည်ဆိုသည်ကိုလည်းကောင်း၊ ရေမိုးကိစ္စမှစ၍ ညရေးညတာကိစ္စများအထိ မည်သို့စီမံဆောင်ရွက်ကြရမည်၊ မည်သို့ တာဝန်ခွဲဝေကြရမည်ဆိုခြင်းကိုလည်းကောင်း တဖြည်းဖြည်းတစစ မုဆိုးစိုင်သင် နားလည်လာကြရလေသည်။

ဤလို တော်တွင်းရွှေးတပ်စခန်းများနှင့် အလုပ်တာဝန်၏ အကြောင်းများသဘောသဘာကများကို နားလည်ထားပါမူလည်း ကျွန်တော်တို့အဖို့ ထိုက်သင့်သလောက် ကိုယ်စိတ်နှစ်ပါး၏ သက်သာရာသက်သာကြောင်းကို ရရှိနိုင်မည်သာ ဖြစ်လေသည်။ ထိုသို့မှ သဘောပေါက် နားလည်ထားခြင်းမရှိပါက ကျွန်တော်တို့ အားလုံးအဖို့ ပို၍ပို၍ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရမည်သာ ဖြစ်လေသည်။

ပို၍ ရှင်းလင်းရန် ထပ်မံ၍ ဥပမာ တင်ပြလိုပါသည်။

အလုပ်တာဝန်အရ မနက်ခင်းတွင် ကျွန်တော်တို့ တန်းစီရမည့်အချိန်မှာ ၆ နာရီတိတိတွင် ဖြစ်လေသည်။ ထိုအခါ သက်ဆိုင်ရာ ဘွန်ထိုက်ချို့နှင့် ဟန်ချို့ စသူများသည် ၅ နာရီထက် နောက်မကျဘဲ အိပ်ရာမှ ထကြရလေသည်။

ပြီးလျှင် သူတို့သည် သက်ဆိုင်ရာ သက်ဆိုင်ရာ ရွှေးတပ်သားများအားလုံးရောမှ နှိုးကြရလေသည်။ ထိုအခါ ရွှေးတပ်သားများလည်း အိပ်ရာမှ လူးလဲ၍ ထကြရလေသည်။ မျက်နှာသစ်ခြင်း၊ အခင်းကလေး၊ အခင်းကြီးသွားလာကြခြင်း၊ ဆေးလိပ်အစ၊ ရေနွေးအစ သောက်ကြခြင်း စသည်များကို ပြုကြရလေသည်။ ရေနွေးသောက်ကြရသည်ဆိုသော်လည်း လက်ဖက်ခြောက်ခတ်ထားသော ရေနွေးမဟုတ်ပေ။ ရေနွေးရိုးရိုးအဖြူထည် ဖြစ်လေသည်။

သို့ရာတွင် တစ်ခါတစ်ခါ၌လည်း လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းကို သောက်နိုင်ကြပါသည်။ ဤသို့ သောက်နိုင်ကြသည်မှာ မွန်ဈေးသည်လှည်းများလာ၍ ဝယ်ခြမ်းရနိုင်သောအခါမျိုးတွင် ဖြစ်လေသည်။ ပြီးလျှင် မွန်ဈေးသည်များထံမှ ဝယ်ယူထားသော ကြံသကာကလေးများနှင့် ညစာထမင်းစားစဉ်က ခြိုးခြံသိမ်းဆည်းထားသော ထမင်းကြမ်းကလေးများကိုပင် စားသောက်ခြင်း ပြုနိုင်ကြလေသည်။

ဤတွင် ဘွန်ထိုက်ချို့၊ ဟန်ချို့ စသူများက အလုပ်သဘောနှင့် တောတွင်းရွှေးတပ်စခန်းများအကြောင်းကို မသိသဖြင့် ထင်သလို အိပ်နေမည်ဆိုပါမူ တန်းစီသည့်အခါ နောက်ကျနေပါက ပါးနားအရိုက်ခံရခြင်း၊ စစ်ဖိနပ်ဖြင့် အကန်အကျောက်ခံရခြင်း၊ ကျင်ကြီး၊ ကျင်ငယ်ပင် မစွန့်ရခြင်း စသော အဖြစ်မျိုးနှင့် ကြုံတွေ့ရမည်ဖြစ်လေသည်။

အကယ်၍ ရွှေးတပ်သားတစ်ဦးတစ်ယောက်သည် မည်သည့်အကြောင်းကြောင့် ဖြစ်စေ၊ မနက်ပိုင်းတန်းစီချိန်တွင် နောက်ကျနေမည်ဆိုပါက လူစစ်ဆေးသော ဂျပန်သည် ဦးစွာပထမ ဘွန်ထိုက်ချို့နှင့် ဟန်ချို့ကို ပါးနားရိုက်နှက်ခြင်း၊ ကိုင်ချည်ထချည် အလုပ်ခိုင်းခြင်း၊ စစ်ဖိနပ်ဖြင့် ကန်ကျောက်ခြင်းပြုလေသည်။ ပြီးလျှင် အိပ်ရာထနောက်ကျသော ရွှေးတပ်သားအား ကြီးမားသော ကျောက်တုံးကြီးကို ဦးခေါင်းပေါ်တွင် ရွက်စေလျက် အချိန်ကြာမြင့်စွာ မတ်တပ်ရပ်နေစေသည်။

ထိုကဲ့သို့ အပြစ်ပေးခံရသည့်အခါ ရွှေးတပ်သားမှာ မကြာမီ အချိန်အတွင်း တဆတ်ဆတ်တုန်လျက် ဘိုင်းခနဲ ပစ်လဲလေတော့သည်။ သို့ရာတွင် ထိုကိစ္စမှာ ထိုမျှနှင့် မပြီးပါချေ။ ဒုတိယအကြိမ်၊ တတိယအကြိမ် ထပ်တလဲလဲ လုပ်ခိုင်းလေသည်။

တစ်ခါတစ်ခါ၌မူ ဤအဖြစ်ထက် ပို၍ဆိုးရွားသော ညှဉ်းပန်းနှိပ်စက်မှုကို ပြုလေသည်။

တန်းစီနောက်ကျသော ရွှေးတပ်သားများအား ခါးတောင်းကို မြောင်အောင် ကျိုက်ထားစေသည်။ ပြီးလျှင် ခြေနှစ်ချောင်းကို ကားထားစေပါသည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com

ဝါးလုံးများကို မီးရှို့ကာ ခြေနှစ်ချောင်းအောက်မှ နေလျက် မီးတိုက်ခြင်းပြုလေသည်။ လူအရှင်လတ်လတ်ကို မီးရှို့မီးမြှိုက်သည့်သဘောပင် ဖြစ်လေသည်။

ထိုအခါ ချွေးတပ်သားခမျာ အဘယ်မျှထွန့်ထွန့်လူး၍ နေရှာလေမည်နည်း။ တွေးကြည့်ရုံမျှနှင့်ပင် ကြက်သီးမွေးညှင်းထလောက်သည့် လူမဆန်သော ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်လေသည်။

တစ်ဖန် လိုအပ်သော ထင်းမီးကိစ္စ၊ ရေမိုးကိစ္စများကိုလည်း သူ့အထာနှင့် သူ သဘာဝကျအောင် ဆောင်ရွက်တတ်ရန် လိုလေသည်။

ကျွန်တော်တို့သည် တဲလိုင်းကြီးများအတွင်း၌ မီးဖိုကြီးများဖိုလျက် မီးကို မပြတ်မလပ် ထည့်ထားရလေသည်။ နေ့ဘက် အလုပ်ဆင်းနေခိုက်တွင် မီးမပြတ်ရဲ့၊ မီးမသေရုံထားခဲ့ကြပြီး ညနေ အလုပ်ကတက်လာသည့် အချိန်များတွင် မီးဖိုကြီးများတွင် မီးတောက်မီးလျှံ ဟုန်းဟုန်းတောက်သည်အထိ မီးအားကောင်းကောင်း ထည့်ကြရလေသည်။ တဲတန်းလျားကြီးတစ်ခုလုံးတွင် မီးဖိုနှစ်ဖို့မှ သုံးဖိုအထိ ပြုလုပ်ထားကြရလေသည်။

ဤလို ထင်းမီးများ ထည့်နိုင်စေရေးအတွက် သက်ဆိုင်ရာ ဘွန်ထိုက်ချုံနှင့် ဟန်ချို့များသည် မိမိတို့ငယ်သားများအား အလှည့်ကျလူ သတ်မှတ်လျက် ညနေ အလုပ်မှအပြန်တွင် တောသစ်ပင်များကို ခုတ်လဲစေလျက် ထင်းအလိုငှာ ယူဆောင်ခိုင်းရလေသည်။

စင်စစ် ဤကိစ္စ၊ ဤတာဝန်မှာလည်း ညနေ အလုပ်သိမ်းချိန်ရောက်မှ ထင်းခုတ်၍ မဖြစ်ပေ။ တာဝန်ကျ ချွေးတပ်သားအုပ်စုသည် နံနက်စာထမင်းစားချိန်ကပင် ထမင်းကို ကမန်းကတန်း စားသောက်ပြီးနောက် သင့်လျော်ရာရာ သစ်ပင်များကို ထင်းအလိုငှာ ခုတ်လှဲထားရလေသည်။

ညနေပိုင်း အလုပ်သိမ်းချိန်မှာ ၅ နာရီဟွင် ဖြစ်လေရာ၊ ထိုအချိန်တွင် တောကြီးမြိုင်ကြီးများအတွင်း၌ ဖြစ်လေသောကြောင့် မကြာမီ အမှောင်ထုကဖုံးလွှမ်းလာမည့်အချိန် ဖြစ်လေသည်။

တဲတန်းလျားများအတွင်း၌ ဤလို မီးဖိုကြီးများဖိုလျက် ညနေအလုပ်စခန်းမှ အပြန်တွင် မီးဟုန်းဟုန်းတောက် ထည့်နိုင်သောကြောင့်လည်း အဝတ်တစ်ထည် ကိုယ်တစ်ခု ဖြစ်နေကြသော ချွေးတပ်သားများအနေနှင့် မိုးရေများ စိုရွှဲလာသော ခါးဝတ်ပုဆိုးများကို ကိုယ်ပေါ်မှ ချွတ်ချွါလျက် သွေ့ခြောက်အောင် မီးကင်နိုင်ကြလေသည်။ ပြီးသော် ချမ်းချမ်းစီးစီး ဖြစ်လာရခြင်းကိုလည်း မီးငွေ့လှုံကာ ကုစားရလေသည်။

နောက်တစ်ဖန် ရေနွေးကျို့ရသည့်ကိစ္စ၊ ထမင်းစားသောက်ရသည့်ကိစ္စ စသည်တို့မှာလည်း မီးရှိမှ အဆင်ပြေသည့် ကိစ္စများဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့သည် တဲတန်းလျားများတွင် မီးထင်းအပြတ် မခံနိုင်ကြခြင်းပင် ဖြစ်လေသည်။ မွန်းဈေးသည် လှည်းများထဲတွင် ကညင်ဆီမီးတိုင်များ ဝယ်၍ရသည်မှာ မှန်သော်လည်း ကညင်ဆီချောင်းများမှာ မီးပုံကြီးများကဲ့သို့ ခရီးမရောက်ပါချေ။ မွန်တို့ထံမှ ကျွန်တော်တို့လိုသလောက် ကညင်ဆီချောင်းများလည်း ဝယ်မရနိုင်ပေ။

တဲတန်းလျားကြီးများအတွင်း ဤလိုမီးဖိုများ ဖိုလိုက် နေ့မီး၊ ညမီး မပြတ်တမ်းထည့်ထားသော အပြုအမူကိုလည်း ကျွန်တော်တို့သည် ဖြိုကိုသျှ စစ်သုံ့ပန်းများထဲမှ အတုယူရခြင်းပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။

အဘယ်ကြောင့်ဆိုရပါမူ ကျောက်တစ်လုံးစခန်းတွင် ကျွန်တော်တို့အရင် ရောက်နေသော ချွေးတပ်သားများသည် သူတို့သူတို့၏ တဲတန်းလျားကြီးများအတွင်း၌ ပြောပလောက်အောင် မီးဖိုခြင်း၊ မီးထင်းထည့်ခြင်းကို မတွေ့ရချေ။ ညဘက်များတွင် မှောင်နှင့်မည်းမည်းဖြစ်နေလေတော့သည်။ သူတို့တစ်တွေ မီးထည့်ထားသည်မှာလည်း တော်စွလျော်စွ ဆေးလိပ်မီးညှိ၍ ရလောက်ရုံ သစ်ကိုင်းခြောက်၊ ဝါးခက်ခြောက်ကလေးများနှင့် ထင်းတုံးအတိုအစကလေးများ လောက်သာ ဖြစ်လေသည်။ အကယ်၍ သူတို့ကိုယ်ပေါ်ရှိ အဝတ်အထည်များမှီးကြောင့် စိုရွှဲလာခဲ့လျှင်လည်း ကိုယ်လုံးတီးချွတ်လျက် ရေညှစ်ချကာ သစ်ကိုင်းခြောက် အတိုအစကလေးများ၊ အမှိုက်သရိုက်များလောက်ကိုသာ မီးပုံရှို့လျက် တော်ရုံသဖြင့် မီးကင်ခြင်းပြုကြလေသည်။

ဤသို့ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း။ သူတို့တစ်တွေ အလုပ်ပင်ပန်းဆင်းရဲလွန်းလှသောကြောင့်ပေလော။ သို့တည်း၊ မဟုတ် ချွေးတပ်သားများအပေါ်တွင် စီမံအုပ်ချုပ် လူကြီးလုပ်ရသော ဘွန်ထိုက်ချို၊ ဟန်ချို စသူတွေကပင် အမြင်မကျယ်၍ မအုပ်ချုပ် မစီမံတတ်သောကြောင့်ပေလော။ မည်သို့ဟူ၍ မပြောတတ်ပါချေ။

ကျောက်တစ်လုံးစခန်းတွင် အရပ်သားချွေးတပ်သားများ နေထိုင်ရန်အတွက် ဆောက်လုပ်ထားသော တဲလိုင်းကြီးပေါင်း ခြောက်ခုရှိလေသည်။ တဲလိုင်းတစ်လိုင်းတွင် ချွေးတပ်သား သုံးရာခန့် နေထိုင်သည်။ သုံးရာခန့်အထိလည်း ကျပန်တို့ကထားလေသည်။ သို့ရာတွင် အမှန်အကန်နည်းနှင့် ထားသင့်ထားထိုက်သည်မှာ နှစ်ရာခန့်သာ ဖြစ်သင့်သည်ဟု ကျွန်တော် ယူဆမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ တဲတန်းလျားနှင့် ကိုက်သုံးလေးဆယ်ခန့်အကွာတွင် တဲလိုင်းကြီးတစ်လုံး ရှိပြန်ပါသည်။ ထိုတဲလိုင်းကြီးမှာလည်း ကျွန်တော်တို့ တဲလိုင်းကြီးများကဲ့သို့ မြေစိုက်ဆောက်လုပ်ထားသော တဲကြီးဖြစ်သည်။ အလျားအရှည်စသည်မှာလည်း ကျွန်တော်တို့တဲကြီးများ နည်းတူဖြစ်လေသည်။ ထိုတဲကြီးထဲတွင် စစ်သုံ့ပန်း နှစ်ရာခန့် ရှိလေသည်။

ကျွန်တော်သည် ကျောက်တစ်လုံးစခန်းသို့ ရောက်ရှိသွားပြီးနောက် တစ်ရက်၊ နှစ်ရက်အကြာ၌ပင် စစ်သုံ့ပန်းများ၏ သွားလာလှုပ်ရှားမှုကိုလည်းကောင်း၊ သူတို့၏ အနေအထိုင်ကိုလည်းကောင်း ခပ်လှမ်းလှမ်းမှနေလျက် အကဲခတ်လေ့လာကြည့်မိလေသည်။ ဗြိတိသျှစစ်သုံ့ပန်းများတွင် အင်္ဂလိပ်၊ သြစတေးလျ၊ ဒတ်ချ်နှင့် အိန္ဒိယ အမျိုးသားများဟူ၍ တွေ့ရလေသည်။ ထိုအထဲတွင် အိန္ဒိယအမျိုးသားမှာ အတော်ကလေး နည်းလေသည်။

ဂျပန်တို့သည် ထိုဗြိတိသျှစစ်သုံ့ပန်းများအား စက်ဘူ၊ ဟောင်ကောင် စသော တိုက်ပွဲများမှ ဖမ်းဆီးရမိလာခြင်းပင် ဖြစ်လေသည်။

ထိုတဲလိုင်းကြီးရှိ သုံ့ပန်းစစ်သားများသည် သူတို့၏တဲကြီးတွင် အမြဲမပြတ် မီးထည့်ထားလေသည်။ ညဘက်တွင် ပို၍ မီးထည့်လေသည်။ သူတို့သည် အလုပ်ကပြန်လာတိုင်းလည်း ထင်းတုံးများ၊ ထင်းကိုင်းများကို သယ်ဆောင်ထမ်းပိုးလာကြလေသည်။ ရေကိုဆိုလျှင်လည်း ချွေးတပ်သားများကဲ့သို့ပင် ဝါးကျည်တောက်ဘူးများနှင့် ထမ်းပိုးသယ်ဆောင်လာကြလေသည်။

အနေအထိုင်၊ အစားအသောက်မှစ၍ သွားလာလှုပ်ရှားမှုမှန်သမျှမှာ စစ်တပ်တစ်တပ်၏ ဖွဲ့စည်းအုပ်ချုပ်မှု ပုံသဏ္ဌာန်အတိုင်း ဖြစ်လေသည်။ ရာထူးအဆင့်အတန်းအလိုက် ကြီးသူက ငယ်သူကို အဆင့်ဆင့်အုပ်ချုပ်သွားလေသည်။ ထမင်းစားလျှင်သော်လည်းကောင်း၊ အလုပ်ဆင်းလျှင်ဖြေးသော်လည်းကောင်း၊ အလုပ်တက်လာလျှင်သော်လည်းကောင်း၊ အလုပ်လုပ်ရာ၌ဖြေးသော်လည်းကောင်း စနစ်တကျ ရှိလေသည်။ စစ်တပ်ပုံစံအတိုင်း ဖြစ်လေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချိုများသည် ထိုသုံ့ပန်းစစ်သားများ၏ အပြုအမူကို လေ့လာလျက် သူတို့ကဲ့သို့ ပုံစံကျ မနေတတ်သည်တိုင် ထင်းမီးကိစ္စ၊ ရေမိုးကိစ္စကိုမူ သူတို့နှင့်မခြား အတုယူလျက် နေထိုင်ခြင်းပြုရန် တိုင်ပင်ကြကာ ထိုကိစ္စကို စိမ်ဆောင်ရွက်ကြခြင်းဖြစ်လေသည်။

ထို့ကြောင့်လည်း အရပ်သားချွေးတပ်သားများ နေထိုင်သည့် တဲလိုင်းကြီးခြောက်လိုင်း ရှိသည့်အနက် ကျွန်တော်တို့ခရိုင်မှ အဖွဲ့သားများ နေထိုင်သော

တဲလိုင်းအမှတ် ၅ နှင့် ၆ သည် အခြားတဲလိုင်းများထက် အသန့်ရှင်းဆုံး၊ စနစ်အကျဆုံး၊ ပြဿနာအနည်းဆုံး ဖြစ်လေသည်။

ဗြိတိသျှ စစ်သုံ့ပန်းများနှင့် ပတ်သက်၍ နောက်ထပ် ကျွန်တော် သတိပြုလေ့လာမိသော အကြောင်းအချက်များလည်း ရှိလေသည်။ ဂျပန်များ၏ လက်တွင်း၌ စစ်သုံ့ပန်းအဖြစ် အဖမ်းဆီးခံနေကြရရှာသော ဗြိတိသျှစစ်သည်တော်များ၏ ဘဝမှာလည်း မသက်သာလှပါချေ။ အချို့နေရာများတွင်မူ သူတို့သည် ချွေးတပ်သားများထက် အခြေအနေပို၍ ဆိုးရွားလှသည်ကို တွေ့ရလေသည်။

ဥပမာ–ကျွန်တော်တို့ အရပ်သားချွေးတပ်သားများမှာ မီးရထားလမ်းဖောက်လုပ်ရာ၌ လုပ်ခငွေရရှိကြသော်လည်း စစ်သုံ့ပန်းချွေးတပ်သားများအနေနှင့်မူ လုပ်ခကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မှ မရရှိကြပါချေ။ ကျွန်တော်တို့အတွက်မှာမူ လုပ်ခကို တစ်ပတ်တစ်ကြိမ်ကျ ရှင်းလင်းပေးလေသည်။

ဤတွင် တောကြီးတောင်ကြီးများအတွင်း၌ ဖြစ်လေသောကြောင့် အခကြေးငွေရရှိခြင်းဖြင့် အကြောင်းတစ်စုံတစ်ရာ ထူးခြားပါသလား ဟူ၍မူမှာ ရှိလေသည်။ ကျွန်တော်

အမှန်အားဖြင့် တောကြီးတောင်ကြီးများအတွင်း ချွေးတပ်သားများရရှိသော ဂျပန်စကလျုများသည် သူ့ဘာသာ စစ်သုံ့ပန်းများအား ခရီးရောက်သည်ဟူ၍လည်း ဆိုနိုင်လေသည်။ နှစ်ဆိုသော်လည်း မွန်းဈေးလည်းများသည် ကျွန်တော်ဘဲရစာတိုက်မျိုးကိုလည်း တမင်တကာ မကြာခဏ ရောက်ရှိလာတတ်လေသည်ဖြစ်ဟန်ရှိလေသည်။ ကုလားပဲလှော်၊ ကြဲသကာ၊ မြေပဲကြားအား ဝဝလင်းလင်း ကျွေးမွေးခြင်းဖြင့် ဖက်ဆေးလိပ်၊ ဖယောင်းတိုင်ဘဲလှန်တိုက်ခိုက်လာမည်ကိုလည်း ဂျပန်များ လက်ဖက်ခြောက်၊ ကညစ်အားဖြင့် နိုးရိမ်ထိုက်သည့်အချက်လည်း ရှိပေသည်။ လေသည်။ သော ရန်သူသုံ့ပန်းအား ထိန်းသိမ်းထားရသည်ဆိုသည်

ထိုအခါ ကိုက်ကို ခါးပိုက် ပိုက်ထားရခြင်းနှင့် မည်သို့မျှ မခြားနားအရပ်သား ၎

နိုင်ကြရှာမျိုးတွင်မူ လူသားအချင်းချင်း တစ်ယောက်နှင့်တစ်ယောက်၊ နိုင်ခ်ာစ်ဦး ဉာဉာထောက်ထားရမည်၊ ကြင်နာသနားရမည်ဟူသော စိတ်ထား မည်သည့်စစ်တပ်ကမှ သဘောထားလိမ့်မည် မဟုတ်ပေ။ ထိုကဲ့သို့ ကထားလိုက်လျှင်လည်း မိမိလည်မျိုးကို တစ်နေ့နေ့တွင် အညစ်ခံရမည်သာ ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် များစွာသောသုံးပန်းစစ်သားတို့မှာလည်း ယူနိဖောင်းများ အစုတ်စုတ်၊ ဖိနပ်များအပေါက်ပေါက်ဖြစ်လျက် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ ထူလှပ်စိန့်ဝိုက်ပုန်ကား၊ ခြေသလုံးသိမ်၊ ဒူးကြီးလျက် ရှိနေကြလေသည်။ သူတို့အထဲတွင် အလုပ်သက်သာ၍ သတိကြီးစွာထားလျက် ဆင်ခြင်စဉ်းစားနေထိုင်သော စစ်ဗိုလ်များလောက်သာ မူလကိုယ်ခန္ဓာအချို့အစားမှ အတော်အတန်သာ ခွာတ်ယွင်းသော်လည်း ကျန်သော နောက်လိုက်ငယ်သားများမှာမူ နံရိုးကျဲကျဲ၊ မျက်ကွင်းဟောက်ပက်နှင့် ပိန်ချုံးချည့်နဲ့လျက် ရှိကြလေတော့သည်။

သို့ရာတွင် သူတို့သည် အလုပ်ဆင်းသည့် အခါ၌သော်လည်းကောင်း၊ အလုပ်ခွင်မှ ပြန်လည်တက်ရောက်သည့်ခါ၌သော်လည်းကောင်း နှစ်ယောက်တစ်တွဲစနစ်တကျတွဲလျက် စစ်ချီတက်သလို ချီတက်ကြလေသည်။ ဤလိုချီတက်ကြသည်ဆိုသော်လည်း သူတို့သူတို့၏ ခြေလှမ်းခြေချမှုများတွင် အားမာန်ဟူ၍ အလျဉ်းမပါတော့ချေ။ ဟိုယိမ်းသည်ယိုင်နှင့် မကြာမီလဲပြိုတော့မည့် ဟန်အမှုအရာမျိုးဖြစ်လေသည်။ ပမာဆောင်ရလျှင် သူတို့သူတို့၏ ခြေလှမ်းများသည် တိုက်ပွဲဝိုင် အားနှင့်မာန်နှင့် ချီတက်သော စစ်သည်တော်များ၏ ခြေလှမ်းမျိုးမိုးထည့်ထား လော့ချယ် တိုက်ပွဲရှုံးနိမ့်သဖြင့် အားအင်ကုန်ခန်းကာ နောက်ကြောင်းအလုပ်ကပြန်လာတိုင်း ဤခြေလှမ်းမျိုး ဖြစ်လေသည်။

လာကြလေသည်။ ရောက်ဆိုလျှင် လက်နက်ကိရိယာများ ဖြစ်သော ပေါက်ချွန်း၊ ဘူးများနှင့် ထမ်းပိုးသယ်ဆောင်ရာကြိုးများကိုလည်း ရိုင်ဖယ်သေနတ်များကို သယ်ဆောင်ထမ်းပိုးလာတတ်ကြလေသည်။

အနေအထိုင်၊ အစားအသောက်မှ စ၍ တစ်ခုချောင်းကို ကိုင်ဆောင်လျက် ရှေ့ဆုံးမှ တစ်တပ်၏ ဖွဲ့စည်းအုပ်ချုပ်မှု ပုံသဏ္ဌာန်အ သော်လည်းကောင်း လိုက်ပါလေ့အတန်းအလိုက် ကြီးသူက ငယ်သူကို အဆင့်ဆင့ စာလျှင်သော်လည်းကောင်း၊ အလုပ်ဆင်းလျှင်သော်လည်း ဖိနပ်ဟူ၍ အလျဉ်းလာလျှင်သော်လည်းကောင်း၊ အလုပ်လုပ်ရာ၌သော်လည်း ခဲချို့ကား အမြွာမြွာ ရှိလေသည်။ စစ်တပ်ပုံစံအတိုင်း ဖြစ်လေသည်။ ပြိုနေချေပြီ။

ကျန်တော်နှင့် ဘွန်ထိုက်ချို့များသည် ထိုသုံးပန်းစစ်သားများ ခေါ်ထားနှင့်နှင့် လေ့လာလျက် သူတို့ကဲ့သို့ ပုံစံကျ မနေတတ်သည့်တိုင် ထင်းမိုးကိစ္စ၊ ရေမိုးသည်။ သူတို့နှင့်မခြား အတုယူလျက် နေထိုင်ခြင်းပြုရန် တိုင်ပင်ကြကာ ထိုကိစ္စကိုဖြင့် ဆောင်ရွက်ကြခြင်းဖြစ်လေသည်။

ထို့ကြောင့်လည်း အရပ်သားချွေးတပ်သားများ နေထိုင်သည့် တဲလိုင်းကြီး ခြောက်လိုင်း ရှိသည့်အနက် ကျန်တော်တို့ခရိုင်မှ အဖွဲ့သားများ နေထိုင်သော

အရပ်သား ချွေးတပ်သားများနှင့် စစ်သုံ့ပန်းချွေးတပ်သားများတွင် မတူညီသော အကြောင်းအချက်များ ရှိလေသည်။ ဂျပန်များသည် သုံ့ပန်းချွေးတပ်သားများအား နံနက်စာနှင့် ညစာအတွက် ရိက္ခာဂိုဒေါင်မှ ဆန်၊ ဆား၊ အာလူး၊ ပဲ၊ သကြား စသည်များကို အချို့ကျ ထုတ်ပေးခြင်းပြုလေသည်။

သုံ့ပန်းအကြီးအကဲသည် ထိုရိက္ခာပစ္စည်းများကို နေ့စဉ်ထုတ်ယူပြီးနောက် ၎င်း၏လူများထဲမှ သင့်လျော်ရာလူကို ရွေးချယ်လျက် အချက်အပြုတ်တာဝန်ပေးလေသည်။ ချက်ပြုတ်စားသောက်သည့် ကိစ္စ၌မူ ၎င်းတို့သဘောအလျောက် ကြိုက်နှစ်သက်သလို ချက်ပြုတ်စားသောက်နိုင်ခွင့် ရှိလေသည်။ ထို့ကြောင့်လည်း ချွေးတပ်သားသုံ့ပန်းများသည် နံနက်စောစောတွင် အလုပ်မဆင်းမီ ဆန်ပြုတ်ခပ်ကျဲကျဲကို တစ်ကြိမ်သောက်နိုင်ကြလေသည်။ သို့သော် သူတို့ရရှိသော စားနပ်ရိက္ခာဆိုသည်မှာလည်း လောက်လောက်ငင မဟုတ်ပါချေ။ မနက်စောစော ဆန်ပြုတ်ကျဲသည့်အတွက် မနက်ထမင်းနှင့် ညထမင်းကိုမူ လျှော့ပေါ့၍ စားသောက်ကြရလေသည်။

ဤနေရာတွင် စစ်သုံ့ပန်းများနှင့် ပတ်သက်၍ ဂျပန်တို့၏ အပြုအမူမှာ စစ်မက်ရေးရာနှင့် ပတ်သက်သည့် အပြုအမူတစ်ရပ်ပေလား၊ ဟူ၍လည်း ကျွန်တော် တွေးလိုက်မိလေသည်။

ဂျပန်များသည် ၎င်းတို့လက်တွင်း၌ ဖမ်းဆီးရမိထားသော စစ်သုံ့ပန်းများအား တမင်သက်သက် မဝရေစာ ကျွေးမွေးထားခြင်း ဖြစ်ဟန်တူပါသည်။ ဆားကဲ့သို့သော လူ၏ကိုယ်ခန္ဓာတွင် အဓိကလိုအပ်သည့် အာဟာရဓာတ်မျိုးကိုလည်း တမင်တကာ လျှော့ပေါ့လျက် မလောက်မငပေးခြင်းပင် ဖြစ်ဟန်ရှိလေသည်။

ဖမ်းဆီးရမိထားသော ရန်သူများအား ဝဝလင်လင် ကျွေးမွေးခြင်းဖြင့် တစ်နေ့နေ့တွင် ၎င်းတို့အား တော်လှန်တိုက်ခိုက်လာမည်ကိုလည်း ဂျပန်များ ကြိုးစိုးရိမ်ဟန်တူလေသည်။ စင်စစ်အားဖြင့် စိုးရိမ်ထိုက်သည့်အချက်လည်း ရှိပေသည်။ ယုဉ်ပြိုင်တိုက်ခိုက်ဖက်ဖြစ်သော ရန်သူသုံ့ပန်းအား ထိန်းသိမ်းထားရသည်ဆိုသည်ကပင် မြွေမွေး မြွေပောက်ကို ခါးပိုက် ပိုက်ထားရခြင်းနှင့် မည်သို့မျှ မခြားနားပါချေ။

ဤနေရာမျိုးတွင်မူ လူသားအချင်းချင်း တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး ငဲ့ညှာထောက်ထားရမည်၊ ကြင်နာသနားရမည်ဟူသော စိတ်ထားမျိုးကိုမူ မည်သည့်စစ်တပ်ကမှ သဘောထားလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့်သို့ သဘောထားလိုက်လျှင်လည်း မိမိလည်မျိုးကို တစ်နေ့နေ့တွင် အညှစ်ခံရမည်သာ ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်သား များ၊ သို့မဟုတ် တပ်ကြပ်ကြီးအဆင့်လောက်ရှိသော ဂျပန်စစ်သား များသည် သုံ့ပန်းထဲမှ အကြီးအကဲဖြစ်သော စစ်ဗိုလ်များကိုမူ တော်ရုံတန်ရုံအကြောင်းမျှ လောက်နှင့် ထိုးကြိတ်ကန်ကျောက်ခြင်း၊ ပါးနားရိုက်နှက်ခြင်း စသည်ဖြင့် မပြုကြပါပေ။ ၎င်းတို့လက်စွမ်းပြ၊ ခြေစွမ်းပြကြသည်မှာ သုံ့ပန်းများထဲမှ သာမန် စစ်သားလောက်ကိုသာ ဖြစ်လေသည်။

သွေးတပ်စခန်းများတွင် အကြီးအကဲဖြစ်သော ဂျပန်စစ်ဗိုလ်သည်လည်းကောင်း၊ အလုပ်နှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရသော ဂျပန်စစ်ဗိုလ်သည်လည်းကောင်း၊ စစ်သုံ့ပန်းတို့၏ လုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း ညွှန်ကြားသည့်အတိုင်း ဖြစ်မဖြစ်၊ မုန်းမုန်းကိုမူ မကြာခဏပင် အလုပ်ခွင်သို့ လာရောက်၍ ကြည့်ရှုခြင်းပြုလေသည်။ တစ်ခါတစ်ခါ၌မူ ဂျပန်စစ်ဗိုလ်ကိုယ်တိုင်ပင် အလုပ်ခွင်အတွင်း၌ တစ်နေကုန်သည့်တိုင် စောင့်ကြပ်ကြည့်ရှုခြင်း၊ အမိန့်ပေးညွှန်ကြားခြင်းများ ပြုလေသည်။

များသောအားပြင့်ကား ဂျပန်စစ်ဗိုလ်များသည် ဗြိတိသျှ သုံ့ပန်းစစ်ဗိုလ်များနှင့် ညှိနှိုင်းတိုင်ပင်ကာ အလုပ်လုပ်ကြသည်က များပေသည်။ ဤနေရာ၌လည်း ဧဖတ်သူ ပို၍သဘောပေါက်စေရန် ဥပမာတင်၍ ပြလိုပါသည်။

ဥပမာ–ရထားလမ်းအတွက် ဇလီဖားတုံးချခြင်း၊ သံဇမ်းခင်းခြင်း၊ သံလမ်းဆက်ခြင်း၊ ချောက်ကမ်းပါးကျားတံတားကြီးများ ဆောက်လုပ်ခြင်း၊ စမ်းချောင်းတံတားများ ဆောက်လုပ်ခြင်း၊ ရေလွှဲတမ်းကြီးများ တည်ဆောက်ခြင်း၊ လမ်းမလွတ်သော ကျောက်တောင်ကြီးများအား ဒိုင်းနမိုင်းဖြင့် ဖောက်ခွဲဖြိုခွင်းခြင်း စသော အဓိကအရေးပါသည့် လုပ်ငန်းရပ်များ၌မူ အင်ဂျင်နီယာတပ်ဖွဲ့များမှ ဂျပန်စစ်ဗိုလ်များနှင့် သုံ့ပန်းသွေးတပ်သားထဲမှ စစ်ဗိုလ်အကြီးအကဲများသည် တိုင်တိုင်ပင်ပင် လုပ်ဆောင်ကြသည်က များပေသည်။ ဤနေရာတွင် သုံ့ပန်းစစ်ဗိုလ်ကလည်း အင်ဂျင်နီယာဗိသုကာအတတ်ကို တတ်ကျွမ်းထားသူတစ်ယောက်ဖြစ်ခဲ့လျှင် ပို၍ အဆင်ပြေသည်ကို တွေ့ရလေသည်။ ထိုအခါ ဂျပန်စစ်ဗိုလ်နှင့် အင်္ဂလိပ်စစ်ဗိုလ်မှာ တံတွဲတွဲ ဖြစ်နေလေတော့သည်။ သုံ့ပန်းစစ်ဗိုလ်မှာလည်း အမွှေ့အရေး ပို၍ရလေသည်။ သုံ့ပန်းစစ်ဗိုလ်သည် ထိုအခါများတွင် သာမန် ဂျပန်စစ်သား များပင် မသောက်နိုင်သော 'ကုဝါးစီးကရက်' (ဖီလစ်ပိုင်ဖြစ်) ကို သောက်ရလေသည်။ ဂျပန်စစ်ဗိုလ်ပေးသော 'ဆာကေ' အရက်ကိုလည်း သောက်ရလေသည်။ အကြောင်းအခွင့်သင့်လျှင် ဝက်သားကလေးများနှင့် ကျဲကျဲနှုန်း စသည့် ကလေးများကိုပင် ရိက္ခာရာရှင်အဖြစ် ရရှိတတ်ပေသည်။

သုံ့ပန်းသွေးတပ်သားများအား ထိုင်း–မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတွင် တာဝန်ပေးခိုင်းစေသည့် ကိစ္စမှာလည်း အရပ်သား သွေးတပ်သားများနှင့် မတူဘဲ ကွဲလွဲမှုရှိလေသည်။

ဂျပန်များသည် စစ်သုံ့ပန်းသွေးတပ်သားတို့အား စေခိုင်းသည့်အခါ ဂျပန်စစ်ဗိုလ်မှတစ်ဆင့် သုံ့ပန်းများထဲမှ အကြီးအကဲဖြစ်သူတစ်ဦးကိုသာ ခေါ်ယူလျက် အမိန့်ပေးခြင်းပြုလေသည်။ ဤတွင် သုံ့ပန်းအကြီးအကဲဖြစ်သော စစ်ဗိုလ်သည် သူ့လူများအား ဂျပန်စစ်ဘက်မှ ညွှန်ကြားသည့်အတိုင်း စေခိုင်းခြင်း၊ သူကိုယ်တိုင် ဝင်ရောက်လျက် အလုပ်တာဝန်ကို လုပ်ကိုင်ဆောင်ရွက်ခြင်း စသည်ဖြင့် ပြုလုပ်လေသည်။

ထိုသဘောကြောင့်လည်း လက်နက်ကိုင် ဂျပန်စစ်သား များသည် သုံ့ပန်းသွေးတပ်သား များ အလုပ်လုပ်နေသော နေရာအနီးပတ်ဝန်းကျင်၌ အစောင့်အကြပ်ပြုသည့် သဘောမျိုးလောက်သာ ဖြစ်လေတော့သည်။ သုံ့ပန်းသွေးတပ်သား များ၏ အလုပ်နှင့်ပတ်သက်၍ ဝင်ရောက်စွက်ဖက်နိုင်ခြင်း၊ အမိန့်သြဇာပေးနိုင်ခြင်း၊ စိတ်အခန့်မသင့်တိုင်း ရိုက်နှက်ကန်ကျောက်ခြင်း စသည်များကို အရပ်သား သွေးတပ်သား များအပေါ် ပြုမူသည်နည်းတူ မပြုလုပ်နိုင်ကြပါပေ။

သို့ရာတွင် ဤလိုစိတ်ထင်တိုင်း မပြုကျင့်နိုင်ဆိုသောကြောင့် ဂျပန်စစ်သား များနှင့် သုံ့ပန်းစစ်သား များမှာ အခါခပ်သိမ်း အဆင်ပြေနေသည် ငြိမ်းငြိမ်းချမ်းချမ်း ရှိနေသည်ဟု မယူဆစေလိုပါပေ။ ဂျပန်များနှင့် ဗြိတိသျှစစ်သုံ့ပန်းတို့၏ ပဋိပက္ခများလည်း ရံဖန်ရံခါ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာတတ်လေသည်။ ဤလို ပဋိပက္ခ ဖြစ်လာသည့်အခါများ၌မူ ဒဏ်ရာအနာတရရှိမှု၊ သွေးထွက်သံယိုဖြစ်မှုမှာ ရှုမှုအသက်သေရသည်အထိ အကြီးအမားဖြစ်ပွားတတ်လေသည်။ **(ဤအကြောင်းကို နောက်အပိုင်းတစ်နေရာတွင် ဖော်ပြပါမည်)။**

ရံဖန်ရံခါများ၌လည်း ဂျပန်စစ်သား များသည် ဗြိတိသျှစစ်သုံ့ပန်း များအပေါ်၌ မထိမဲ့မြင်ပြုတတ်ကြလေသည်။ အချို့သော ဂျပန်စစ်သား များကလည်း သုံ့ပန်းစစ်သား များအပေါ် လှောင်ပြောင်သရော်ခြင်း၊ မထိတထိ ကန်ကျောက်ရိုက်နှက်ခြင်း စသည်များကို ပြုမူတတ်ကြလေသည်။ သို့ရာတွင် ဤလိုအပြုအမူမျိုး၊ ဤလိုဖြစ်ရပ်မျိုးဆိုသည်မှာလည်း အရပ်သားသွေးတပ်သား များနှင့် ဖြစ်ပွားသော အကြိမ်အခါပေါင်းလောက်ကား များပြားလှသည်တော့ မဟုတ်ပါချေ။ ပြီးလျှင် ဂျပန်စစ်သား များသည် ဤလိုအပြုအမူမျိုး၌လည်း အရပ်စကားနှင့်ပြောရသော် 'လူကြည့်လုပ်သည်' သဘောမျိုးဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် သာမန်

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှ သုံ့ပန်းများသည် အလုပ်လုပ်ကိုင်ရာ၌ စနစ်ယောကျ်နေကြောင်းနှင့် အထက်တွင် ကျွန်တော် ဖော်ပြပြီးခဲ့ပါပြီ။ သို့ရာတွင် မည်သို့မည်ပုံ စနစ်ဖယောကျ်သည် ဆိုခြင်းကိုလည်း ဖြည့်စွက်လျက် ဖော်ပြလိုပါသည်။

ထိုင်း–မြန်မာ မီးရထားလမ်းဖောက်လုပ်ရာ၌ မြေပြင်လမ်းများကို ဖောက်လုပ်၍ အချို့နေရာများတွင် ပြီးစီးသွားသည့်အခါ စိတ်ချရသော မြေအသားတသွားသည့် နေရာများတွင် ဇလီဖားတုံးများခင်းခြင်း၊ သံလမ်းများချခြင်း ပြုလုပ်လေသည်။

ထိုလုပ်ငန်းများကိုမူ ကျွန်တော်တို့ အရပ်သား ခွေးတပ်သားများ မလုပ်မကိုင်ရသလောက် ဖြစ်လေသည်။ ဗြိတိသျှ သုံ့ပန်းများသာ လုပ်ဆောင်ကြရလေသည်။

ကျွန်ကော်အား ဂျပန်စစ်ဗိုလ် ကိတဂိုမက ခေါ်သည်အတွက် ကျွန်တော်သည် စစ်သုံ့ပန်းများ ဇလီဖားချ၊ သံလမ်းခင်းနေသော ရထားလမ်းတစ်နေရာသို့ ရောက်ရှိ သွားပါသည်။ ထိုနေရာသည် တပ်ဒိန်စခန်းနှင့် ကျောက်တစ်လုံးစခန်းကြားတွင် ဖြစ်လေသည်။

ကျွန်တော်တို့ ရောက်ရှိသွားသောအချိန်တွင် ဗြိတိသျှ သုံ့ပန်းများသည် ချခင်းပြီးသော ဇလီဖားတုံးများနှင့် မီးရထားသံလမ်းကို သံစို့ကြိုးများနှင့် ရိုက်နှက်ကုပ်တွယ်ရန် လုပ်ဆောင်နေခိုက်ဖြစ်လေသည်။

အမှန်စင်စစ် ကိတဂိုမသည် မီးရထားသံလမ်းခင်းသော လုပ်ငန်းနှင့် မည်သို့မျှ မသက်ဆိုင်ပါချေ။ သူသည် ခွေးတပ်စခန်းတစ်ခုလုံးကို အုပ်ချုပ်ရသူ စစ်ဗိုလ်တစ်ယောက်သာ ဖြစ်လေသည်။ သို့ရာတွင် ကိတဂိုမမှာလည်း တစ်ခါတစ်ရံတွင် သုံ့ပန်းခွေးတပ်သားများ အလုပ်လုပ်သည့် နေရာသို့လည်းကောင်း၊ အရပ်သားခွေးတပ်သားများ အလုပ်လုပ်သည့် နေရာသို့လည်းကောင်း သွားရောက်ကြည့်ရှုခြင်း ပြုလေ့ပြုထရှိပေသည်။

ကျွန်တော်တို့ရောက်ရှိသွားသည့်အခါ လမ်းခင်း လမ်းချရန် တာဝန်ယူဆောင်ရွက်ရသော ဂျပန်စစ်ဗိုလ်မှာလည်း၊ ထိုနေရာတွင် ရောက်ရှိနေလေသည်။ သေနတ်ကိုင် ဂျပန်စစ်သားများကလည်း သုံ့ပန်းခွေးတပ်သားများအား စောင့်ကြပ်လျက် ရှိလေသည်။ သေနတ်ကိုင် စစ်သားများသည် သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲပြုလျက် သစ်ပင်ကြီးများ အောက်တွင်လည်းကောင်း၊ ကျောက်တုံးကြီးများ အနီးတွင်လည်းကောင်း၊ အင်ဂျင်နီယာ ဂျပန်စစ်ဗိုလ်

အနီးတွင်လည်းကောင်း ရှိနေကြလေသည်။ ဂျပန်စစ်သားများသည် သေနတ်ကို ပခုံးထက်တွင် ချိတ်လွယ်ထားခြင်းမဟုတ်၊ လက်တွင် အသင့်ကိုင်ဆောင်ထားခြင်း ဖြစ်လေသည်။

ကျွန်တော်သည် စစ်သုံ့ပန်း ခွေးတပ်သားများ၏ လုပ်ပုံကိုင်ပုံကို လှမ်းကြည့်လိုက်လေသည်။

ထိုနေရာတွင် သုံ့ပန်းခွေးတပ်သား ခြောက်ဆယ်ကျော် ရှိလေသည်။ သူတို့သည် လက်ထဲတွင် သုံးပေ၊ လေးပေထက်မနည်း အရှည်ရှိသော "လွန်ပူ" ကြီးများကို ကိုင်လျက် မီးရထားသံလမ်း၏ အောက်ခံကျောက်တုံးများကို ရုပ်ရှင်ကြည့်နေရပ်နေကြသည်။ သုံ့ပန်းစစ်ဗိုလ်မှာမူ မီးရထားသံလမ်းနှစ်လမ်း၏ အလယ်တွင် ရပ်လျက် ရှိလေသည်။

ထိုအတွင်း သုံ့ပန်းစစ်ဗိုလ်က လက်မြှောက်၍ အချက်ပေးလိုက်သည့်အခါ လွန်ပူကိုင်ထားသော သုံ့ပန်းစစ်သားများသည် တစ်ချိန်တည်း၊ တစ်ချက်တည်း ဇလီဖားတုံးများပေါ်တွင် လွန်ပူများကို ထိုးစိုက်လိုက်ကြလေသည်။

သံလမ်းနှစ်လမ်းကြားမှ ရုပ်နေသော သုံ့ပန်းစစ်ဗိုလ်သည် ပေကြိုးတစ်ချောင်းကို ဆွဲ၍လည်းကောင်း၊ သူ့ခါးကို ခပ်ကိုင်းကိုင်းညွှတ်၍လည်းကောင်း သူ၏ သုံ့ပန်းစစ်သားများ ဇလီဖားတုံးများပေါ်တွင် ထိုးစိုက်ထားသော လွန်ပူများ နေရာမှန်မမှန် ဖြောင့်ဖြောင့်မတ်မတ်ရှိမရှိ ကြည့်ရှုစစ်ဆေးခြင်း ပြုလေသည်။

အားလုံးညီညာဖြောင့်တန်းနေသည့်အခါ သုံ့ပန်းစစ်ဗိုလ်က မြှောက်ထားသော လက်ကို အောက်ချလျက် အချက်ပေးခြင်းပြုလိုက်သည်။ ထိုအခါ သုံ့ပန်းစစ်သားများသည် "ဝမ်း၊ တူး၊ သရီး" ဟု တစ်ခွန်းချင်းဆိုလျက် လွန်ပူကို တစ်ပတ်ချင်း လှည့်လေသည်။ သုံးပတ်ပြည့်သည့်အခါ ရပ်လိုက်လေသည်။

တစ်ဖန် သုံ့ပန်းစစ်ဗိုလ်က လက်မြှောက်လျက် အချက်ပြလိုက်သည့်အခါ စစ်သားများသည် လွန်ပူများကို တစ်ပတ်ချင်း ပြန်လှည့်ထုတ်လေသည်။ ပြီးလျှင် သံမှိကြိုးများကို ထိုအပေါက်များအတွင်းသို့ ထိုးစိုက်လိုက်ကြလေသည်။

ဤကိစ္စပြီးသည့်အခါ လွန်ပူကိုင်သော သုံ့ပန်းခွေးတပ်သားများ၏ နေရာတွင် သံတူကြိုးများကိုင်ဆောင်သော ခွေးတပ်သားများက တစ်လှည့် ဝင်ရောက်လာလေသည်။ ပြီးသော် သူတို့စစ်ဗိုလ် အချက်ပေးသည့်အတိုင်း သံတူကြိုးများကို ပင့်မြှောက်လျက် "ဝမ်း၊ တူး၊ သရီး" ဟုဆိုကာ အရှိန်မှန်မှန် အချက်ကျကျ ထုရိုက်ခြင်းပြုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သုံ့ပန်းချွေးတပ်သား များသည် သူတို့စစ်ဗိုလ်၏ အမိန့်ပေးချက်မှန်သမျှကို တညီတညွတ် နာခံပြီးနောက် အလုပ်ကို စနစ်တကျ ဤသို့ပင် လုပ်ဆောင်ခြင်း ရှိကြလေသည်။ ထို့ကြောင့်လည်း ၎င်းတို့အပေါ်တွင် တော်ရုံတန်ရုံကိစ္စနှင့် ဂျပန် စစ်သားများက နှိပ်စက်ကလူ ပြုမူခြင်း မရှိနိုင်ခြင်းပင် ဖြစ်လေသည်။

ထိုင်း–မြန်မာ မီးရထားလမ်းဖောက်လုပ်ရာ၌ ဂျပန်များ ချွေးတပ်သားအဖြစ် အသုံးချခဲ့သော စစ်သုံ့ပန်းများအနက် ထိုထိုင်း–မြန်မာ မီးရထားလမ်းတစ်လျှောက်ရှိ တောကြီးတောင်ကြီးများအတွင်း၌ပင် ပင်ပန်းဆင်းရဲကြီးမားလှစွာဖြင့် သေဆုံးခဲ့ကြရရှာသော စစ်သုံ့ပန်းချွေးတပ်သား များ၏ စာရင်းဇယားကို **"မြန်မာနိုင်ငံ သံဖြူဇရပ်စစ်သချိုင်း ကော်မရှင်နှင့် လန်ဒန်ဩဇီတီသျှ နိုင်ငံခြားရေးရုံး"** ၁၉၄၇ ခု၊ အောက်တိုဘာလ (၇) ရက်နေ့၌ ထုတ်ပြန်ကြေညာချက်တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

(မှတ်ချက်) ဤစာရင်းကိုမူ စာရေးသူသည် "သေမင်းတမန် လမ်းပေါ်ဝယ်" စာအုပ်တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခု ဤစာအုပ်၌ ထပ်မံဖော်ပြသည်မှာ အရေးပါ၍ သိသင့် သိထိုက်သော အချက်အလက်တစ်ခုအနေဖြင့် ထပ်မံဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

စစ်သချိုင်းကော်မရှင်နှင့် ဩဇီတီသျှ နိုင်ငံခြားရေးရုံးသည် စစ်သုံ့ပန်းချွေးတပ်သား များ သေဆုံးရမှုနှင့် ပတ်သက်၍ အောက်ပါ အတိုင်း ဖော်ပြလေသည်။

သံဖြူဇရပ် စစ်သချိုင်းဟူ၍ စစ်သုံ့ပန်း ချွေးတပ်သား များ ဖြစ်ကြသော ဩဇီတီသျှ စစ်သည်တော်ပေါင်း ၁၇၂၈ (တစ်ထောင့်ခုနစ်ရာနှစ်ဆယ့်ရှစ်ယောက်)၊ သြစတြေးလျ စစ်သည်တော်ပေါင်း ၁၁၆၃ (တစ်ထောင့်တစ်ရာခြောက်ဆယ့်သုံးယောက်)၊ ဒတ်ချ် စစ်သည်တော်ပေါင်း ၆၂၁ (ခြောက်ရာနှစ်ဆယ့်တစ်ယောက်)၊ စုစုပေါင်း ၃၅၁၂ (သုံးထောင့်ငါးရာတစ်ဆယ့်နှစ်ယောက်) တို့၏ အလောင်းများကို မြှုပ်နှံခဲ့ရကြောင်းနှင့် ဖော်ပြခြင်းပြုလေသည်။

ဤသည်မှာ မြန်မာနိုင်ငံ သံဖြူဇရပ် စစ်သချိုင်းတွင် မြှုပ်နှံခြင်း ပြုရသော စစ်သုံ့ပန်း ချွေးတပ်သား များ၏ စာရင်းကိုသာ ဖော်ပြထားခြင်းဖြစ်လေသည်။ ထိုင်းနိုင်ငံဘက်ရှိ စစ်သချိုင်းတွင် မြှုပ်နှံခြင်းပြုရသော စစ်သုံ့ပန်း ချွေးတပ်သား များ၏ စာရင်း မပါရှိသေးချေ။

ထိုင်းနိုင်ငံ စစ်သချိုင်းတွင် ဩဇီတီသျှ၊ သြစတြေးလျနှင့် ဒတ်ချ် စစ်သည်တော်ပေါင်း ၈၄၀၀ (ရှစ်ထောင့်လေးရာ) မြှုပ်နှံခြင်း ပြုခဲ့ရကြောင်း စစ်သချိုင်းကော်မရှင်က ဖော်ပြခဲ့လေသည်။

တစ်ဖန် စစ်သချိုင်းကော်မရှင်က ထိုင်းနိုင်ငံ စစ်သချိုင်း၌ လည်းကောင်း၊ မြန်မာနိုင်ငံ သံဖြူဇရပ် စစ်သချိုင်း၌လည်းကောင်း၊ မြှုပ်နှံခြင်းပြုရသော စစ်သည်တော် ချွေးတပ်သား များအပြင်၊ အလောင်းကိုပင် ရှာဖွေမတွေ့ ရှိရသဖြင့် စစ်သချိုင်းများ၌ မြှုပ်နှံခြင်းမပြုရသော ချွေးတပ်သား စစ်သည်တော်များ အားလုံးပေါင်း၏ အပျက်အစီးစာရင်းသည် စုစုပေါင်း ၁၃၅၀၀ (တစ်သောင်းသုံးထောင့်ငါးရာ) ထက် မနည်း ရှိသည်ဟု ဖော်ပြလေသည်။

(မှတ်ချက်) အထက်ဖော်ပြချက် စာရင်းမှာ မြန်မာနိုင်ငံ တိုက်ပွဲများနှင့် မသက်ဆိုင်ချေ။ ဂျပန်များ ဖောက်လုပ်သော ထိုင်း–မြန်မာ မီးရထားလမ်းကို အကြောင်းပြုလျက် သေကျေပျက်စီးခဲ့ရရှာသည့် စစ်သုံ့ပန်း ချွေးတပ်သား များ၏ စာရင်းမျှသာ ဖြစ်လေသည်။

ဤလို စစ်သုံ့ပန်း ချွေးတပ်သား များ၏ အသေအပျောက်စာရင်းကို လည်းကောင်း၊ စစ်သချိုင်းကော်မရှင်၊ ဩဇီတီသျှ နိုင်ငံခြားရေးရုံး စသော အဖွဲ့အစည်းများနှင့် အစိုးရာက်ဆိုင်ရာ ဌာနများ၏ ထုတ်ပြန်ချက် စသည်များကိုလည်းကောင်း၊ ဖော်ထုတ်တင်ပြခြင်းပြုသည့်အခါ အရပ်သား ချွေးတပ်သား များ၏ ဘဝနှင့် စစ်သုံ့ပန်း ချွေးတပ်သား များ၏ ဘဝချင်းမတူညီသည့် အချက်ကိုလည်းကောင်း၊ စနစ်ဇယားကွက်ခြားမှုကိုလည်းကောင်း၊ ဤနေရာတွင် တစ်ဆက်တည်း ဖော်ပြရန် လိုလာပြန်ပါသည်။

ထို့ကြောင့် ကွဲလွဲသောအဖြစ်နစ်ရပ်ကို တင်ပြခြင်း ပြုရပေမည်။

တောတွင်း ချွေးတပ်စခန်းများရှိ စစ်သုံ့ပန်းချွေးတပ်သား များသည် ၎င်းတို့အထဲမှ စစ်သည်တော် တစ်ဦးတစ်ယောက် သေဆုံးခဲ့လျှင်သော်လည်းကောင်း၊ အများအပြား သေဆုံးခဲ့လျှင်သော်လည်းကောင်း မည်သည့်အကြောင်း၊ မည်သည့် ရောဂါဝေဒနာနှင့် သေဆုံးသည်ဖြစ်စေ သက်ဆိုင်ရာ ဂျပန်များကို အကြောင်းကြားပြီးနောက် တောကြီးအတွင်း၌ပင် ဖြစ်သလိုနည်းနှင့် မြှုပ်နှံသင်္ကြိုပ်ခြင်း ပြုကြလေသည်။

ထိုကဲ့သို့ မြှုပ်နှံသင်္ကြိုပ်ခြင်းပြုပြီးနောက် ၎င်းတို့၏ ဘာသာရေး အယူဝါဒအမှတ်အဖြစ် သေသူ၏ အလောင်းမြေမုံတွင် လက်ဝါးကပ်တိုင်ကလေးများကို

www.burmeseclassic.com

www.burmeseclassic.com

စနစ်တကျ စိုက်ထူထားခြင်း၊ အလောင်းမြေပုံအနီးရှိ သစ်ပင်ကြီးများတွင် ချွန်ထက်သော အရာဝတ္ထု သို့မဟုတ် ဓား စသည်များနှင့် အမှတ်အသားပြုခြင်း စသည်များကို လုပ်ကိုင်ထားခဲ့ကြလေသည်။

လက်ဝါးကပ်တိုင်ကိုမူ ခိုင်ခဲ့၍ ရာသီဥတုဒဏ်ကို ကြာရှည်ကြာမြဲခံမည့် သစ်သားများဖြင့် ပြုလုပ်ကြလေသည်။ အချို့ ချွေးတပ်စခန်းများရှိ စစ်သုံ့ပန်း ချွေးတပ်သားများက ဆိုပါလျှင် အလွန်တရာမှ သေသပ်မာကျောလှသော သစ်သား လက်ဝါးကပ်တိုင်များပေါ်တွင် ကွယ်လွန်သူ၏ နာမည်အတိုကောက်၊ ကိုယ်ပိုင် နံပါတ်၊ စစ်တပ်အမှတ်အသား၊ တပ်နံပါတ် စသည်များကိုပါ စိတ်ရှည်လက်ရှည် ထွင်းထုရေးထိုးခြင်း ပြုလေသည်။ သစ်ပင်ကြီးများတွင်လည်း ဤနည်းအတိုင်း ရေးထွင်းခြင်းပြုလေသည်။

သူတို့သည် ကွယ်လွန်သူ သူတို့၏ ရဲဘော်ရဲဘက်အား နောက်ဆုံးပြုစုခြင်း အနေဖြင့် ပြုစုလိုက်ကြခြင်းပင် ဖြစ်ဟန်တူလေသည်။

ဝမ်းရောဂါများ ကျရောက်သဖြင့် အမြောက်အမြား သေဆုံးခြင်းဖြစ်ခဲ့သည့် အခါ၌လည်း စစ်သုံ့ပန်း ချွေးတပ်သားများသည် တစ်ဦးချင်း၊ တစ်ယောက်ချင်း၏ အမည်များကို ရေးထိုးမနေနိုင်သည့်တိုင် အလောင်းများ ခုပေါင်းမြှုပ်နှံခြင်းပြုရသော ကျင်းကြီးများအနီး၌ ဆိုင်းဘုတ်များ စိုက်ထူခဲ့ခြင်း၊ လူဦးရေမည်မျှ ကျဆုံးကြောင်း သစ်ပင်ကြီးများတွင် စာတန်းရေးထွင်းခြင်း၊ ကျောက်တုံးကျောက်ခဲများကို အတိုကောက် စာလုံးပုံသဏ္ဌာန်များပြုလုပ်လျက် မြေကျင်းကြီးများပေါ်တွင် ဖိထားခဲ့ခြင်း စသည်များကို ဂရုတစိုက် ပြုလုပ်ခဲ့ကြလေသည်။

ကျွန်တော်တို့ အရပ်သား ချွေးတပ်သားများအနေနှင့်မူ မည်သူပင်သေသေ၊ မည်ရွေ့မည်မျှပင်သေသေ အလောင်းကို တောစပ်ရှိရာသို့ ထမ်းယူသွားပြီးနောက် မြေမြှုပ်ပစ်လိုက်ကြလေသည်။ ပြီးလျှင် အမျှအတမ်းပေးဝေခြင်း၊ "လွတ်ပြီဟေ့-မင်းသွားလိုရာ သွားပေတော့" ဟူသော စကားလောက်ကိုသာ ဝတ်ကျေတန်းကျေ ပြောဆိုပြီးနောက် ပြန်ခဲ့ကြလေသည်။

ဝမ်းရောဂါ အကြီးအကျယ်ဖြစ်ပွား၍ လူပေါင်းအမြောက်အမြား သေဆုံးကြရစဉ်အခါကဆိုပါလျှင် ထိုစကားမျှလောက်ကိုပင် မပြောနိုင်ကြပါချေ။ ကျွန်တော်တို့ အရပ်သား ချွေးတပ်သားများ၏ အဖြစ်မှာ "သေဆုံး ပေလင်တုံး" ဆိုသော အဖြစ်ဟု ဆိုရပါမည်။

(ချွေးတပ်စခန်းများနှင့် ကြောက်မက်ဖွယ် ဆိုးရွားလှသော ဝမ်းရောဂါ ဖြစ်ပွားမှုကိုလည်း နောက်ပိုင်းတစ်နေရာ၌ ဖော်ပြထားပါသည်။)

သို့နှင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်အခါ ဖြိုကိုသျှအစိုးရတို့သည် သက်ဆိုင်ရာနိုင်ငံရှိ အစိုးရအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် 'စစ်သခီျုင်း' ကောက်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့လေသည်။

ထိုအခါ စစ်သခီျုင်းကော်မရှင်သည် တောတွင်း ထိုင်း-မြန်မာ မီးရထားလမ်း တစ်လျှောက်ရှိ ကျဆုံးသူ စစ်သည်တော်များ၏ အလောင်းမြေပုံများကို တူးဖော်ပြီးနောက် အရိုးများကို ယူဆောင်ကာ 'သဲဖြူဧရပ်စစ်သခီျုင်း' တွင် မြှုပ်နှံခြင်း ပြုခဲ့လေသည်။

(မှတ်ချက်) တနင်္သာရီခရိုင် သဲဖြူဧရပ်မြို့အပြင်ရှိ စစ်သခီျုင်းဖွင့်ပွဲကို ၁၉၄၆ ခု၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့လေသည်။

ထိုစစ်သခီျုင်းဖွင့်ပွဲ အခမ်းအနားသို့ လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်၍ မိန့်ခွန်းမြွက်ကြားခဲ့လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၁၀။ ချွေးတပ်စခန်းနှင့် မွန်ဈေးသည်လှည်းများ

ကျောက်တစ်လုံးစခန်းသို့ ကျွန်တော်တို့ ရောက်ရှိခဲ့ပြီးနောက် တစ်လကျော်၊ နှစ်လခန့်အတွင်း၌ပင် ကျွန်တော်တို့သည် မွန်ဈေးသည်များနှင့် ဝထမဆုံးအကြိမ် အဖြစ် ဆက်ဆံခြင်းပြုကြရလေသည်။ ထိုအခါမှလည်း ကျွန်တော်တို့သည် မွန်ဈေးသည်များ၏ စိတ်နေသဘောထားကိုလည်းကောင်း၊ ၎င်းတို့၏ လှည်းများတွင် ပါရှိလာသော ရောင်းကုန်ပစ္စည်းများကိုလည်းကောင်း၊ မည်သို့မည်ပုံဝယ်ခြမ်းရသည်ဆိုခြင်းလည်းကောင်း၊ ထိုဈေးလှည်းများ၏ သက်စွန့်ဆဲဖျာလာရောက် ရောင်းချရမှုကိုလည်းကောင်း တစ်စတစ်စ သိရှိရလေသည်။ ကျွန်တော့်အနေနှင့်မူ မွန်ဈေးသည်များနှင့် ပတ်သက်၍ ကျွန်တော် သိလိုသော အကြောင်းအချက်များ ရှိပါက ထမင်းချက်ခေါင်း ကိုစံခအား မေးမြန်းခြင်းပြုရလေသည်။

ကျောက်တစ်လုံးစခန်းတွင် တစ်လကျော်၊ နှစ်လခန့် နေထိုင်မိသောအချိန်၌မူ ထမင်းချက်ခေါင်း ကိုစံခနှင့် ကျွန်တော်မှာ ရှေးကထက်တိုး၍ ခင်မင်ရင်းနှီးခြင်း ရှိလာလေတော့သည်။ ထို့ကြောင့်လည်း ထမင်းချက်ခေါင်း ကိုစံခ၊ ဘွန်ထိုက်ချို ကိုကောင်းစိန်၊ ကိုသာမြိုင်နှင့် ကရင်အမျိုးသားကလေး သာဆင် စသူတို့မှာ ကျွန်တော့်အတွက် ဆိုးတိုင်ပင် ကောင်းတိုင်ပင် သူများ ဖြစ်နေပါလေတော့သည်။ ဤသူများထဲမှ ကိုစံခနှင့် ကိုသာမြိုင်တို့နှစ်ဦးမှာမူ ကျောက်တစ်လုံးစခန်းရောက်မှ ရင်းနှီးခင်မင်ရသူနှစ်ဦး ဖြစ်ကြလေသည်။

မွန်ဈေးသည်လှည်းများ၏ အကြောင်းကိုဆိုရလျှင် ထိုဈေးသည်လှည်းများသည် ကျိုက္ခမီ၊ မုဒုံ၊ မော်လမြိုင်၊ သံဖြူဇရပ် စသော မြို့ကြီးများမှ နေလျက် ချွေးတပ်သားများရှိရာ တောတွင်းချွေးတပ်စခန်းများသို့ လာရောက်၍ ဈေးရောင်းချသူများ ဖြစ်ကြလေသည်။

မွန်ဈေးလှည်းများသည် ထိုကဲ့သို့ လာရောက် ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ ဂျပန်စစ်ဘက်အာဏာပိုင်တို့ထံတွင် ခွင့်တောင်းခြင်းပြုရလေသည်။ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်တို့ထံမှ ခွင့်ပြုကြောင်း လက်မှတ်များရရှိမှသာလျှင် တောတွင်း ချွေးတပ်စခန်းများသို့ လာရောက်ရောင်းချခြင်း ပြုနိုင်လေသည်။

ဈေးသည်လှည်းများသည် ကြမ်းတမ်းဆိုးရွားသော ရာသီဥတုနှင့် ပင်ပန်းခက်ခဲသော လှည်းလမ်းခရီးကို ညအိပ်ညနေပြုလျက် လာရောက်ကြရခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ဈေးလှည်းများသည် တစ်လှည်း၊ တစ်စီးတည်း လာရောက်ဝံ့ကြသည်တော့ မဟုတ်။ သုံးစီးမှ ငါးစီး၊ ခြောက်စီး စသည်ဖြင့် စုပေါင်းအဖော်ဖွဲ့လျက် လာရောက်ရောင်းချကြခြင်း ဖြစ်လေသည်။ ဦးလျှင်သူတို့သည် ကြွရာသင့်ရာ နေရာတွင် စခန်းချရပ်နားခြင်း ပြုကြလေသည်။ ထိုနေရာ၌ပင် ချက်ပြုတ်လျက် စားသောက်ကြသည်။ တစ်ညပတ်လုံး မီးထင်းပုံကြီးများ ထည့်လျက် ညရေးညတာကို အလှည့်ကျ စောင့်ကြရလေသည်။ ကြမ်းတမ်းဆိုးရွားသော တောလမ်းခရီးဖြစ်ခြင်းကြောင့်လည်း သူတို့၏ လှည်းများတွင်မူ မိန်းမသားဟူ၍ကား တစ်ယောက်တစ်လေမျှ မပါရှိပါချေ။

ဤလို ခရီးလမ်းက ကြမ်းတမ်း၍ ညအိပ်ညနေလာရခြင်း စသော အကြောင်းများသာမက စိတ်အခန့်မသင့်သော ဂျပန်များနှင့် တွေ့ရလျှင်လည်း ထုထောင်းရိုက်နှက်ခြင်း၊ လှည်းပေါ်တွင် ပါရှိလာသော မုန့်ပဲသရေစာနှင့် အရက်၊ ဆေးလိပ် စသည်များကို အနိုင်အထက် လုယက်ယူငင်ခြင်း စသော အဖြစ်ဆိုးနှင့်လည်း ခဏခဏတွင် ကြုံတွေ့ရတတ်လေသည်။ သည်အတွင်းကပင် တောတွင်းချွေးတပ်စခန်းများ ရှိရာသို့ ဖြစ်သလိုနည်းနှင့် လာရောက်လျက် ဈေးအရောင်းအချ ပြုကြလေသည်။ သူတို့၏ဇွဲသတ္တိကား အံ့တစ်ပါးချီးကျူးလောက်ပေသည်။

ချွေးတပ်စခန်းများသို့ မွန်ဈေးလှည်းများ ရောက်လာကြသည့်အခါ ချွေးတပ်သားများမှာလည်း အုန်းအုန်းကျက်ကျက် စုစုရုံးရုံးနှင့် ဈေးလှည်းများ ရှိရာသို့ ပြေးလွှားဝိုင်းအုံကြလေသည်။ မွန်ဈေးလှည်းများသည် ချွေးတပ်စခန်းအတွင်းသို့ကား မည်သည့်အခါမှ ဝင်ရောက်ရောင်းချခြင်း မပြုပေ။ စခန်းနှင့် အတန်ငယ်လှမ်းသော သစ်ပင်ကြီးများအောက်တွင် လှည်းကို နွားဖြုတ်လျက် ပုပ်တန့်ထားတတ်လေသည်။

ချွေးတပ်သားများသည် မွန်ဈေးလှည်းများတွင် ပါရှိလာသော ကုန်ပစ္စည်းများကို သူတစ်မျိုး ငါတစ်မုဲ့နှင့် အလုအယက် ဝယ်ခြမ်းကြလေသည်။ ပွဲတော်ကြီးကျင်းကုန်း အလကားဝေနေသလားဟူ၍ပင် ထင်ရလေသည်။ ဤသို့ဖြစ်ရသည့်အတွက် ချွေးတပ်သားများကိုလည်း အပြစ်မဆိုထိုက်ဟု ထင်ပါသည်။ နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com

နေ့တိုင်း မနပ်သောထမင်းနှင့် စိမ်းဆတ်ဆတ်ပဲဟင်း၊ အခွံမသင် ဆီပြာအလျဉ်း မပါသော ဝိန်ဉ၊ မျောက်ဥဟင်းတို့ကို စားနေရသည့် ချွေးတပ်သား များအဖို့ ရရာရကြောင်းဖြစ်သော အညှစ်စား အပေါစား ပဲကြီးလော်၊ ဖွဲနုမုန့်များကိုပင် အလုအယက် ဝယ်ခြမ်းစားသောက်ကြမည်သာ ဖြစ်လေသည်။

ဤသို့နှင့် နောက်ဆုံးတွင် လှည်းပေါ်ပါ ပစ္စည်းအားလုံးတို့မှာလည်း တက်တာ၊ ပိတ်ပင်ခြောင်လေတော့သည်။ သို့ရာတွင် ထိုပစ္စည်းများအနက် ကျွန်တော်တို့ တောတွင်း ချွေးတပ်စခန်းများ၌ တကယ်တမ်း အသုံးဝင် အရာရောက်သော ဖယောင်းတိုင်၊ မီးခြစ်၊ ဆေးတံသောက်ဆေး၊ ဆေးရွက်ကြီး၊ လက်ဖက်ခြောက်၊ ကညင်ဆီချောင်းနှင့် ကောက်ညင်းအရက်၊ ကြဲသကာအရက် စသည်များမှာမူ မွန်စော်လှည်းများတွင် အများအပြား ပါရှိလာခြင်း မဟုတ်ပေ။ သူတို့ထဲတွင် အများအပြား ပါရှိလာတတ်သည်မှာ ပဲကြီးလော်၊ ကုလားပဲလော်နှင့် ကြဲသကာ စသည်များသာ ဖြစ်လေသည်။ ကြဲသကာမှာမူ အင်ဖက်ခြောက်များနှင့် တစ်ပိဿာ ထုပ်၊ ငါးဆယ်သားထုပ် စသည်ဖြင့် ထုပ်ကားတတ်လေသည်။

မွန်စော်လှည်းများ ရောက်ရှိလာသည့်အခါ အတော်အတန် လူရည်လည်သော ချွေးတပ်သားများသည် ပဲကြီးလော်၊ ကြဲသကာ စသော အစားအစာများထက် အရက်ကို အလုအယက် ဝယ်ယူကြလေသည်။

မွန်စော်သည်များသည် အရက်ကို ရေနုံးဆီသံပုံးကြီးများထဲတွင် ထည့်ယူ လာတတ်လေသည်။ သို့ရာတွင် သူတို့ယုံဆောင်လာသော အရက်မှာလည်း များများစားစား မဟုတ်ပေ။ လှည်းတစ်စီးတွင် အများဆုံး သံပုံးတစ်လုံးလောက်သာ ဖြစ်လေသည်။ ထိုအရက်ကိုလည်း ဂျပန်များ မသိအောင် တင်ဆောင်လာကြခြင်း ဖြစ်ကြောင်းနှင့် မွန်စော်သည် အဘိုးကြီးက ကျွန်တော့်ကို ပြောပြပါသည်။

မွန်အဘိုးအို၏ အဆိုမှာမူ ဂျပန်စစ်သားများကလည်း အရက်ကို မြင်လျှင် အလုအယက်တောင်းတော့သည်ဟု ဆိုလေသည်။

စော်လှည်းများ ရောက်လာသည်ဆိုလျှင်ပင် အထက်က ကျွန်တော် ဆိုခဲ့ သည့်အတိုင်း လူရည်လည်သော ချွေးတပ်သားများသည် ဝါးဆစ်ဘူးများကို ယူဆောင်လျက် လှည်းရှိရာသို့ ပြေးလေတော့သည်။ မွန်စော်သည်က ပုလင်း တစ်လုံးနှင့် ခြင်တွယ်၍ ရောင်းချသော အရက်ကို ချွေးတပ်သားများက ဝါးဆစ် ဘူးတွင် ထည့်ယူရခြင်းပင် ဖြစ်လေသည်။ ဤနေရာတွင် ရောင်းသူရော၊ ဝယ်ယူ သူပါ ဂျပန်များကို အထူးသတိထားရလေသည်။

ချွေးတပ်သားများသည် ပတာတွင်းချွေးတပ်စခန်းများ၌ အနေကြာလာသည့် အခါ ဝါးဆစ်ဘူးအမျိုးမျိုးကို လက်ရာပြောင်မြောက်စွာဖြင့် စနစ်တကျလုပ်တတ်

လာကြလေသည်။ ရေထည့်သော ဝါးဆစ်ဘူး၊ အရက်ထည့်သော ဝါးဆစ်ဘူး၊ ရေနွေးထည့်သော ဝါးဆစ်ဘူး၊ ပိုက်ဆံထည့်သော ဝါးဆစ်ဘူးဟူ၍ ဖြစ်လေသည်။

ရောဘည့်သုံးသော ဝါးဆစ်ဘူးမှာ ထိပ်ပွင့်ဖြစ်သည်။ ရိုးရိုးဝါးဆစ်ဘူး တစ်လုံးပင် ဖြစ်လေသည်။ ပိုက်ဆံ (ဂျပန်စကားကို ဆိုလိုပါသည်) ထည့်သော ဝါးဆစ်ဘူးမှာ ခပ်သေးသေးဖြစ်သည်။ ကြွတ်သဏ္ဌာန် အဖုံးအပိတ်လုပ်ပျက် ထိပ်တွင် အပေါက်ငယ်ကလေး ဖောက်ထားသည်။ ချွေးတပ်သားတိုင်း၏ လည်ပင်းတွင် တစ်လုံးကျ နွယ်ဆွဲထားလေသည်။ မည်မျှလောက် မိုးရွာသည်ဖြစ် စေကာလည်း အတွင်းသို့ မိုးရေမဝင်နိုင်ပေ။ ရေနွေးထည့်သော ဝါးဆစ်ဘူးနှင့် အရက်ထည့်သော ဝါးဆစ်ဘူးမှာမူ အတူတူလိုပင် ဖြစ်လေသည်။ ထိုဝါးဆစ်ဘူး မှာလည်း အဖုံးအပိတ်နှင့် ဖြစ်လေသည်။ အဖုံးကို ဖွင့်လိုက်လျှင် ထိုးအဖုံးမှာ အရက်ထည့်သောက်သည့် ခွက်ငယ်ဖြစ်လေသည်။ ပမာပြောရလျှင် ဓာတ်ဘူးနှင့် ဓာတ်ဘူးအဖုံးကဲ့သို့ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ အရပ်သား ချွေးတပ်သားများမှာ လုပ်ခအဖြစ် ရရှိထား သော ဘုရားနိစ္စကမ္မကလေးများ ရှိသောကြောင့် မွန်စော်သည်များမှ စားစရာ ပစ္စည်းကလေးများနှင့် ဆေးလိပ်၊ အရက် စသည်များကို ဝယ်ယူနိုင်ကြသော ကြောင့်လည်း အချို့ကလေးစားလိုက်၊ ပဲလော်ကလေးဝါးလိုက်၊ ဆေးလိပ်ကလေး ဖွာလိုက်၊ အချို့ကလည်း အလုပ်မှ ပြန်တက်လာသော မိုးအေးသည့်နေ့များတွင် အရက်ကလေးသောက်လိုက်နှင့် ထိုပစ္စည်းကလေးများ မကုန်မချင်း အတော် ဖိမ်ကျသလို ဖြစ်နေကြလေသည်။

စစ်သုံ့ပန်း ချွေးတပ်သားများမှာမူ အရပ်သား ချွေးတပ်သားများကဲ့သို့ ဘုရားနိစ္စကမ္မဟူ၍လည်း မရှိ၊ ဝယ်ခြမ်းစားသောက်နိုင်သည့် အခွင့်အရေးလည်း မရှိသဖြင့် မွန်စော်လှည်းများ လာသည့်တိုင် ပါးစပ်အဟောင်းသာဖြင့် အငေး အမော ရှိနေကြရသည်မှလွဲ၍ မည်သို့မှ အကျိုးမထူးရှာကြပါပေ။

ထိုဖြစ်ရပ်ထဲမှ အဆိုးရွားဆုံးအဖြစ်မှာ ဆေးလိပ် ပြဿနာပင် ဖြစ် ပေသည်။

အရပ်သား ချွေးတပ်သားများသည် မွန်စော်လှည်းများမှ ဝယ်ယူရရှိလိုက် သော ကွမ်းသီးဖက်ဆေးလိပ်ကလေးများကို အလုပ်ခွင်အတွင်း၌ မီးခိုးထောင်းထောင်း ထအောင် သောက်ကြလေသည်။

ထိုအခါ အလုပ်ခွင် အလုပ်စခန်းများတွင် ရံဖန်ရံခါ အနီကပ်တွဲလျက် အလုပ်လုပ်ကြရသော စစ်သုံ့ပန်း ချွေးတပ်သားများမှာ ဆေးလိပ်သောက်ချင်မှု ကြောင့် ကျုးဇန်မျက် သိက္ခာပျက်ပင် ဖြစ်ကြရရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ခွင်အတွင်း၌ အရပ်သား ချွေးတပ်သားများ ဆေးလိပ်သောက်ကြသည်ကို မြင်သည့်အခါ ခပ်လှမ်းလှမ်းရှိ စစ်သုံ့ပန်း ချွေးတပ်သားများသည် အသံပြုလျက်သော်လည်းကောင်း၊ လက်ဟန်အမူအရာ ပြလျက်သော်လည်းကောင်း ဂျပန်စစ်သားများ မမြင်အောင် ဆေးလိပ်တောင်းကြလေသည်။

ဤတွင် အရပ်သား ချွေးတပ်သားများကလည်း ဂျပန်များအလစ်တွင် ဆေးလိပ်များကို ပစ်၍ပစ်၍ ပေးတတ်လေသည်။

အရပ်သား ချွေးတပ်သားများဖြစ်ကြသော မြန်မာအမျိုးသားများသည် ဘဝတူဖြစ်သည့် ဆင်းရဲဒုက္ခခံစားနေကြရရှာသော စစ်သုံ့ပန်း ချွေးတပ်သားများအပေါ်၌ သနားကရုဏာဖြစ်ကြလေသည်။ ထို့ကြောင့်လည်း မြန်မာချွေးတပ်သားများသည် ကြီးမားသောစေတနာ၊ ထောက်ထားညှာတာသော မေတ္တာစိတ်ဓာတ်ကြောင့် ဂျပန်စစ်သားများကိုပင် ကြောက်ရ လန့်ရွံစကောင်းဟူ၍ မေ့ပျောက်လျက် ထိုကဲ့သို့ ပေးကမ်းကြခြင်းပင် ဖြစ်လေသည်။

ချွေးတပ်စခန်းသို့ မွန်ဈေးလှည်းများ ရောက်ရှိလာသည့်အခါ ကျွန်တော်တို့ ထက် ချွေးတပ်ဝါရင့်နေပြီဖြစ်သော ထမင်းချက်ခေါင်း ကိုစံခနှင့် ဘွန်ထိုက်ချို ကိုသာမြိုင်တို့က ကျွန်တော့်အား မွန်ဈေးလှည်းမှ အရက်တစ်ပုလင်းကို ဝယ်ဖြစ်အောင် ဝယ်ထားပါဟူ၍ ပြောလေသည်။

"ဆေးဝါးဆိုတာက သိပ်စိတ်ချရတာ မဟုတ်ဘူးဗျ ဆရာလေး၊ ဒီတော့ အရက်တစ်ပုလင်းတော့ ဝယ်ဖြစ်အောင် ဝယ်ဆောင်ထားပေတော့၊ သိပ်ပြီးမိုးများလာလို့ အေးလာမယ်ဆိုရင် တစ်ခွက်လောက် သောက်လိုက်ပေါ့ဗျာ၊ နောက်ပြီး ဗျားချင်သလိုလို ဖြစ်လာရင်လဲ တစ်ခွက်လောက် သောက်လိုက်၊ ခုလို တောကြီးကောင်ကြီးထဲမှာ မီးတောက်အရက်ဟာ အကောင်းဆုံးပဲဗျ"

ကျွန်တော်သည် ကိုစံခနှင့် ကိုသာမြိုင်တို့၏ တိုက်တွန်းချက်အရ ကိုသာမြိုင်ပေးလိုက်သော အရက်ထည့်ရမည့် ဝါးဆစ်ဘူးကို ယူငင်ကာ သာဆင်နှင့် နှစ်ယောက်အတူ မွန်ဈေးလှည်းများ စခန်းချရာ စမ်းချောင်းအနီးရှိ သစ်ပင်ကြီးများအောက်သို့ ထွက်ခဲ့ပါသည်။

အချိန်မှာ ည ၆ နာရီထိုးပြီး၍ အတော်ပင် မှောင်နေလေပြီ။

ဤအချိန်ဆိုလျှင် ချွေးတပ်သားများမှာ စခန်းအပြင်အပသို့ မထွက်တော့ရပါချေ။ ကျွန်တော်မှာ ဝါဒဖြန့်ချိရေးမှူးတစ်ယောက် ဖြစ်သည်ကတစ်ကြောင်း၊ စစ်ဗိုလ်ကိတ္ဂိမ၏ အမိန့်လက်မှတ်ကို ရရှိထားသူတစ်ယောက်ဖြစ်သောကြောင့်

ကာ်ကြောင်း အကြောင်းကိစ္စ တစ်စုံတစ်ရာရှိခဲ့လျှင် ချွေးတပ်စခန်း၏ အပြင်အပသို့ ခပ်လွယ်လွယ် ထွက်ခွင့်ရသူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော်နှင့် သာဆင်သည် အခန်းတွင်းမှ ထွက်ခဲ့သည့်တိုင် အပေါက်ဝတစ်နေရာတွင် ရှိနေသော ကင်းစောင့် ဂျပန်စစ်သားကိုကား မတွေ့အောင်ရှောင်ကွင်း၍ ထွက်ခဲ့ကြပါသည်။ အမှန်အားဖြင့်မူ ကျွန်တော်တို့နှစ်ယောက်သည် ထွက်ပေါက်မဟုတ်သော ဝါးရုံပင်ကြီးများအကြားမှ ထွက်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

အတော်ပင် မှောင်ရိပ်များ ဖုံးလွှမ်းနေပြီဖြစ်သော်လည်း ဤနေရာ ဤခရီးမှာ မနှစ်သွားနေကျလမ်း ဖြစ်သောကြောင့်လည်း ကျွန်တော်တို့သည် အခက်အခဲမရှိကားလမ်းပေါ်သို့ ရောက်ရှိခဲ့ကြလေသည်။ ထိုနေရာမှနေ၍ မျောက်ကြည့်လိုက်လျှင် စမ်းချောင်းအနီး သစ်ပင်ကြီးများအောက်မှ မီးရောင်တစ်ခုကို ခပ်ဝါးဝါးမြင်နေရပါသည်။ ထိုမီးရောင်မှာ မွန်ဈေးသည်များ ထည့်ထားသော မီးဖိုမှ မီးအလင်းရောင် ဖြစ်လေသည်။

ကျွန်တော်နှင့် သာဆင်သည် မီးရောင်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြလေသည်။

မကြာမီပင် မွန်ဈေးလှည်းများ ရှိရာသို့ ကျွန်တော်တို့ ရောက်ရှိခဲ့ကြသည်။ ထူဆူညံညံပြောနေသော မွန်စကားသံများကို ကြားလိုက်ရသည်။ မွန်လိုပြောဆိုခြင်းဖြစ်သောကြောင့် ဘာတွေပြောနေကြောင်း ကျွန်တော်တို့ မသိပါ။ အနားရောက်မှပင် သုံ့ပန်းစစ်သားနှစ်ယောက်နှင့် မွန်ဈေးသည် ယောကျ်ားကြီးမှာ ပြဿနာပေါ်နေကြောင်း သိရလေသည်။

သုံ့ပန်းစစ်သားနှစ်ယောက်သည် ကျွန်တော့်ကို မြင်လိုက်သည့်အခါ မွန်ဈေးသည်များအပါးမှ နောက်သို့ဆုတ်ခွာသွားလေသည်။

ထိုအခိုက် ကျွန်တော်နှင့် သာဆင်ကို မြင်သွားသော မွန်အဘိုးအိုက မြန်မာသံ မပီမပြင်နှင့် ကျွန်တော့်ကို စကားတစ်ခွန်းပြောပါသည်။

"ဒီနှစ်ကောင် ဘာလိုချင်မှန်းလဲ ငါမသိဘူး၊ သူတို့မှာ ပိုက်ဆံလဲ မပါဘူးဟဲ့၊ သူတို့ပေးတာလဲ ငါမယူချင်ပါဘူးဟယ်–"

ကျွန်တော်က ရှေ့သို့ အတန်ငယ်တိုးလျက် လှမ်းကြည့်လိုက်သည့်အခါ သုံ့ပန်းစစ်သားနှစ်ယောက်စလုံးသည် နဖူးပေါ်လက်တင်လျက် ကျွန်တော့်ကို အလေးပြုကြပါသည်။

ကျွန်တော်သည် မီးဖိုမှ မီးအလင်းရောင်ဖြင့် သူတို့နှစ်ဦး၏အဖြစ်ကို အသေအချာကြည့်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးသောသုံ့ပန်းသည် ခါးပေါတွင် တိုနံ့နံ့မျှသာရှိသော အတွင်းခံဘောင်းဘီကလေးကို ဝတ်ထားသည်။ အပေါ်ဝတ် ဘောင်ဘီရှည်မှာမူ သူ့လက်ဆံတွင် မသေမသပ်ခေါက်လျက် ကိုင်ထားသည်။ ကျန်တစ်ယောက်မှာမူ လက်ထဲတွင် ဝါးဆစ်ဘူးကို ကိုင်ထားလေသည်။

ချက်ချင်းလိုပင် သုံ့ပန်းစစ်သားနှစ်ဦးသည် တစ်ဦးက လက်ထဲရှိ ဘောင်းဘီကို မြှောက်ပြ၍လည်းကောင်း၊ တစ်ဦးက ဝါးဆစ်ဘူးကို မြှောက်ပြ၍လည်းကောင်း နှုတ်မှလည်း တတွတ်တွတ်ပြောဆိုကာ သူတို့အား ဆေးလိပ်နှင့်အရက်ကို ပေး၍ ဘောင်းဘီကို ယူပါမည့်အကြောင်း ကျွန်တော့်ကို ပြောလေသည်။

"အဘိုး– သူတို့ကပြောနေတယ်၊ သူတို့ကို အရက်နဲ့ဆေးလိပ် ပေးပါတဲ့၊ ဘောင်းဘီကို ယူပါတဲ့"

ကျွန်တော်က မွန်စေ့းသည်များထဲမှ မွန်အဘိုးအိုကို ပြောလိုက်ပါသည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ သင်းတို့ဘောင်းဘီကို ယူလိုက်ရင် ဂျပန်က ငါ့ကို သတ်မှာပေါ့၊ သွား–သွား–မရဘူး"

မွန်အဘိုးကြီးက အော်လေသည်။ အခြားသော မွန်အမျိုးသားများကလည်း ခေါင်းခါခါ လည်ခါခါနှင့် မွန်လိုပြောလျက် မီးပုံရှိရာသို့ ထွက်ခွာသွားကြလေသည်။

ကျွန်တော်သည် သုံ့ပန်းနှစ်ဦးကို ကြည့်လိုက်မိပြန်ပါသည်။

နှစ်ဦးစလုံး အရိုးပေါ်အရေတင်လျက် လူရုပ်မပေါ်သည့် အခြေအနေမျိုး ပြစ်နေကြရှာသည်။ သူတို့တွင် အားမာန်ဟူ၍လည်း ရှိကြတော့မည်ဟု မထင်ပါ။ မကြာမီ လူ့အဖြစ်၊ လူ့ဘဝမှ စွန့်ခွာသွားကြရမည့် ပုံပန်းမျိုးဖြစ်လေသည်။

သူတို့ကိုကြည့်၍ ကျွန်တော် စိတ်မကောင်းဖြစ်မိလေသည်။ အငတ်ဒဏ် အပြတ်ပြတ်နှင့် ဆင်းရဲဒုက္ခရောက်ရှာလွန်းသောကြောင့်လည်း၊ ခါးပေါတွင် ဝတ်ဆင်ထားသော ဘောင်းဘီကိုပင် ဆေးလိပ်၊ အရက် စသည်များနှင့် အလဲအလှယ် ပြုခြင်းဟူ၍လည်း ကျွန်တော် တွေးလိုက်မိပါသည်။ ဤအထဲ ပို၍စိတ်မကောင်း ဖြစ်မိသည်မှာ ဘောင်းဘီရှေ့တံ၍ အလဲလှယ်ပြုရသော စစ်သုံ့ပန်းအဖို့ မည်သည့် နည်းနှင့်မှ ဘောင်းဘီအစား ပြန်၍ ရရှိနိုင်မည် မဟုတ်ကြောင်းပင် ဖြစ်လေသည်။

စစ်သုံ့ပန်းများသည် ဘောင်းဘီသော်လည်းကောင်း၊ အင်္ကျီ၊ ဦးထုပ်၊ ဖိနပ် စသည်များကိုလည်းကောင်း ဂျပန်များထဲမှ ရရှိစရာ အကြောင်း မမြင်ပါပေ။ တောတွင်း ချွေးတပ်စခန်းများတွင် ကြီးကြီးမားမား ဂျပန်စစ်ဗိုလ်များမှ လွဲလျှင် ဂျပန်စစ်သားများပင် ဘောင်းဘီအစုတ်စုတ်၊ အင်္ကျီအပြဲပြဲ ဖြစ်နေကြလေသည်။

သုံ့ပန်းစစ်သားနှစ်ယောက်သည် သနားစဖွယ် တတွတ်တွတ်ပြောလျက် သူတို့လိုချင်သော အရက်နှင့် ဆေးလိပ်ကို ထပ်တလဲလဲ တောင်းခံနေလေသည်။ အမှန်အားဖြင့် သူတို့နှစ်ဦးသည် ဂျပန်များ မသိအောင် စခန်းအတွင်းမှ တိတ်တဆိတ် မိုးထွက်လာကြခြင်းဖြစ်ပေသည်။

အကယ်၍ ဂျပန်စစ်သားများသာ တွေ့ခဲ့သော်–။

ဤအဖြစ်သည် သုံ့ပန်းစစ်သားနှစ်ဦးအဖို့ ထွေးငုံစရာမရှိသော ကြီးမားသည့် အန္တရာယ်တစ်ခုပင် ဖြစ်လေသည်။

"အရက်ရော ရှိရဲ့လား အဘိုး"

ကျွန်တော်က မေးလိုက်ပါသည်။

မွန်အဘိုးအိုသည် ကျွန်တော့်မျက်နှာကို မော့ကြည့်လေသည်။ သူသည် လက်ပတ်ကိုလည်းကောင်း၊ မျက်နှာကိုလည်းကောင်း အတန်ကြာ စူးစူးစိုက်စိုက် ကြည့်လေသည်။ ပြီးလျှင် မိုးဖိုအနီးရှိ မွန်အမျိုးသားတစ်ယောက်အား တစ်စုံတစ်ရာ လှမ်းမေးလိုက်သည်။ ထိုအထဲမှ တစ်ယောက်က ပြန်ပြောလိုက်မှပင်–

"နည်းနည်းတော့ ရှိတယ်" ဟု အသံခပ်ပြတ်ပြတ် ဖြေလေသည်။

"ကျွန်တော့်ဘူးထဲကို နှစ်ပုလင်းထည့်ပါ၊ သူတို့ဘူးထဲကိုလဲ နှစ်ပုလင်းထည့်ပေးပါ၊ ဆေးလိပ်စည်းတစ်စည်းလဲ သူတို့ကို ပေးလိုက်ပါ"

ကျွန်တော်သည် ထိုစကားပြောရင်း မွန်အဘိုးအိုအား ဂျပန်ငွေစက္ကူများကို လှမ်းပေးလိုက်သည်။ ပြီးလျှင် သုံ့ပန်းစစ်သား၏ လက်ထဲမှ ဝါးဆစ်ဘူးကို လှမ်းယူကာ မွန်အဘိုးအို၏ လက်သို့ ပေးလိုက်သည်။

မကြာမီပင် မွန်အဘိုးအိုသည် ကျွန်တော်ပေးသော ဂျပန်ငွေစက္ကူများကို ရေတွက်ပြီးနောက် လှည်းဆီသို့ လျှောက်သွားလျက် ဝါးဆစ်ဘူးများထဲသို့ အရက်များကို ခြင်တွယ်ကာ ထည့်လေသည်။

ဘောင်းဘီကို လက်ထဲတွင် ကိုင်ထားသော စစ်သုံ့ပန်းသည် ကျွန်တော့်ဆီသို့ သူ့လက်မှ ဘောင်းဘီကို လှမ်းပေးနေပြန်သည်။ ကျွန်တော်က မယူလိုကြောင်း ငြင်းဆန်သည့်တိုင် အတန်တန်ပေးနေသဖြင့် အကြိမ်ကြိမ် ငြင်းပယ်ရလေသည်။

သုံ့ပန်းစစ်သားနှစ်ဦးစလုံးပင် နောက်ဆုံး၌ ကျွန်တော်၏ စေတနာကို သဘောပေါက် နားလည်သွားကြလေသည်။ သူတို့အတွက် ကျွန်တော်က ငွေစိုက်ထုတ်လျက် ဝယ်ခြမ်းပေးနေကြောင်း နားလည်သွားကြလေသည်။ ထိုအခါ သုံ့ပန်း

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်စလုံးသည် ကျွန်တော်နှင့် သာဆင်အား ထိုင်၍ ရှိခိုးတော့မလောက် အကြိမ်ကြိမ် ထပ်တလဲလဲ အရိုအသေပြုနေပါသည်။

ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းတို့ ရောယှက်နေသော အရိပ်အယောင် သူတို့နှစ်ဦး၏ မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်နေသည်။ မိုးဖိုမှ မီးအလင်း ရောင်သည် သူတို့နှစ်ဦး၏ မျက်နှာပေါ်သို့ တစ်ဝက်တစ်ပျက် ထင်ဟပ်နေသည်။ ထိုအခါ ပြိုးနေသောနွေတ်ခမ်းနှင့် ရီဝေမှုန်မှိုင်းနေသော ပြာလဲ့လဲ့မျက်လုံး လေးလုံးသည် ကျွန်တော်၏ နှလုံးသားကို ကြေကွဲချောက်ချားစေပါသည်။

ကျွန်တော်သည် အကြောင်းတစ်ခုကို ချက်ချင်းပင် သတိရလိုက်ပါသည်။ စစ်သုံ့ပန်းများနှင့် မပတ်သက်ရ၊ စစ်သုံ့ပန်းများအား ကူညီအားပေးခြင်း မပြုရ၊ စစ်သုံ့ပန်းများအား ကူညီအားပေးလျှင် အပြစ်ကြီးလေးစွာ ပေးခြင်းကို ခံရမည်ဟူသော ချွေးတပ်သားများနှင့် ပတ်သက်သည့် ထိပ်တန်းပညတ်ချက်ကို ကျွန်တော် တွေးလိုက်မိလေသည်။

ပိုက်ဆံကုန်ရသည်က အရေးမကြီး၊ ခုနေ ဂျပန်စစ်သားများ လာခဲ့လျှင် ဟူသော အတွေးတစ်ခုကလည်း ကျွန်တော့်ခေါင်းထဲသို့ ဝင်ရောက်လာပြန်ပါသည်။

ကျွန်တော်သည် မွန်အဘိုးအို၏ လက်တွင်းမှ အရက်ထည့်ထားသော ဝါးဆစ်ဘူးနှင့် ကွမ်းသီးဖက်ဆေးလိပ်စည်းကို လျင်မြန်စွာလှမ်းယူလိုက်ရသည်။ ပြီးလျှင် စစ်သုံ့ပန်းချွေးတပ်သားနှစ်ဦး၏ လက်သို့ ခပ်သွက်သွက် ခပ်မြန်မြန် လှမ်း၍ ပေးလိုက်ရသည်။ ပြီးသော် သူတို့နှစ်ဦးအား ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားစေရန် လက်ပြ၍ နှင်ထုတ်ရလေသည်။

စစ်သုံ့ပန်း ချွေးတပ်သားနှစ်ဦးမှာလည်း ကျွန်တော်၏ ဝမ်းတွင်းစိတ်ကို နားလည်ရိပ်မိသွားဟန် တူလေသည်။ သူတို့သည် ကျွန်တော်နှင့် သာဆင်အား အကြိမ်ကြိမ် အထပ်ထပ် အလေးပြုပြီးနောက် ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

"ဂျပန်မာစတာသိရင် အားကြီးစိတ်ဆိုးမယ်"

အသက်သုံးဆယ်ကျော် အရွယ်ဟု ခန့်မှန်းရသော မွန်ဒေျးသည်ထဲမှ တစ်ယောက်က ကျွန်တော်၏ အပြုအမူကို မကျေမနပ် လှမ်းပြောလိုက်ခြင်း ဖြစ်လေသည်။

"သနားပါတယ်ဗျာ"

သာဆင်က ပြောလေသည်။

ကျွန်တော်သည် မွန်ဒေျးသည်၏ စကားကို မကြားယောင်ပြုလျက် ထွက်ခွာသွားသော စစ်သုံ့ပန်းနှစ်ဦးကို လှမ်းမျှော်ကာ ကြည့်နေမိလေသည်။ သုံ့ပန်း

စခန်းနှစ်ယောက်သည် ကျွန်တော်နှင့် သာဆင်တို့ ထွက်လာကြသော ဝါးရုံတောများဘက်သို့ ခပ်သွက်သွက်လျှောက်သွားပြီးနောက် အမှောင်ထုအတွင်း ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုအခါမှပင် ကျွန်တော်မှာ ဟင်းခနဲ သက်ပြင်းချလိုက်မိပါသည်။

"သူတို့ကို သနားတာ အရေးမကြီးဘူး၊ ဂျပန်မာစတာသိရင် ကျုပ်တို့ကို ကြိုးတုပ်မှာ၊ သူတို့ကို မရောင်းရဘူးလို့ ပြောထားတယ်၊ သူတို့ဆီက ပစ္စည်းကို မယူရဘူးလို့လဲ ပြောထားတယ်"

ခပ်စောစောက မွန်အမျိုးသားသည် အတော်ပင် မကျေမနပ်ဖြစ်ကာ တဖျစ်ဖောက်ဖောက် ရေရွတ်နေပြန်ပါသည်။ ထိုသူသည် ကျွန်တော်တို့ နားမလည်သော မွန်စကားဖြင့်လည်း ကျွန်တော်တို့ကို ကျိန်ဆဲရေရွတ်နေသည်ဟု ကျွန်တော် ထင်ပါသည်။

"အိုဗျာ-ခင်ဗျား အတော်လျှာရှည်တဲ့လူ"

သာဆင်က စိတ်ဝိုသလို ပြောလိုက်လေသည်။

"ဘာရှည်ရမလဲ၊ မင်း ဘာသိတဲ့ကောင်လဲ၊ တစ်ခါတည်း ငါတို့နွားရော၊ လှည်းရော ဂျပန် သိမ်းသွားမယ် သိလား၊ လူကိုလဲ ကြိုးတုပ်မယ်၊ နွားကိုလဲ သိမ်းသွားမယ်၊ လှည်းကိုလဲ မီးရှို့ပစ်မယ်"

မွန်အဘိုးအိုက လှမ်းအော်လိုက်မှပင် ထိုသူမှာ စိတ်ဆိုးမာန်ဆိုးနှင့် မီးပုံအနီးရှိ သူ့အဖော်ထံ ထွက်ခွာသွားလေသည်။ သို့ကိုင်အောင် သူသည် မကြားတကြား လေသံနှင့် ဆက်လက်ရေရွတ်နေဆဲ ဖြစ်လေသည်။

ကျွန်တော်နှင့် သာဆင်တို့က ဆေးလိပ်နှင့် မုန့်ပဲသရေစာများကို ဝယ်ခြမ်းခြင်းပြုနေသောအချိန်၌ပင် ဒေျးလှည်းမှ မွန်အဘိုးအိုသည် ဂျပန်များနှင့် ဆက်ဆံရသော သူတို့မွန်ဒေျးလှည်းများ၏ အဖြစ်ကို ပြောကြားခြင်းပြုလေသည်။

သူတို့ မွန်ဒေျးလှည်းများသည် တောတွင်း ချွေးတပ်စခန်းများ၌ ဒေျးလာရောင်းချခြင်းပြုရန် အမိန့်တောင်းခဲ့စဉ်အခါကပင် တောတွင်း ချွေးတပ်စခန်းများရှိ ဖြိုတီသျှစစ်သုံ့ပန်းတို့အား ရောင်းချခြင်းမပြုပါဟူ၍လည်းကောင်း၊ စစ်သုံ့ပန်းများထံမှ ပစ္စည်းတစ်စုံတစ်ရာကို ဝယ်ယူခြင်းမပြုပါဟူ၍လည်းကောင်း တာဝန်ခံကြရသည်ဟု ဆိုလေသည်။

ပြီးလျှင် စစ်သုံ့ပန်းများနှင့် အဆက်အသွယ်ပြုလုပ်ခြင်း၊ တစ်စုံတစ်ရာ စကားပြောဆိုခြင်း၊ စားစရာပစ္စည်းများ အလကားပေးခြင်း စသည်များကိုလည်း ကြပ်တည်းစွာ တားမြစ်သတိပေးထားသည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကိစ္စနှင့် ပတ်သက်၍ တစ်ကြိမ်သောအခါက အကြောင်းတစ်ခု ဖြစ်ပွားခဲ့ဖူးသည်ဟု ဆိုပါသည်။ ထိုအကြောင်းမှာ တခြားမဟုတ်ပေ။ မွန်စျေးလှည်းတစ်စီးမှ မွန်အမျိုးသားသုံးယောက်တို့သည် ချွေးတပ်စခန်းတစ်ခုတွင် စစ်သုံ့ပန်းများအား အစားအသောက်နှင့် ဆေးလိပ်များ ရောင်းချခြင်းပြုမိသည်။ စစ်သုံ့ပန်းများက ငွေကြေးပေး၍ ဝယ်ခြမ်းခြင်းမဟုတ်၊ ပစ္စည်းပေး၍ အလဲအလှယ်ပြုခြင်းသာ ဖြစ်လေသည်။

ထိုကိစ္စကို ဂျပန်များ သိသွားသဖြင့် မွန်စျေးလှည်းမှ စျေးသည်သုံးဦးအား ဖမ်းဆီးလျက် ကြိုးတုပ်ချည်နှောင်လေသည်။ ပြီးလျှင် လှည်းကိုလည်း မီးရှို့ဖျက်ဆီးပစ်လိုက်လေသည်။ နွားနှစ်ကောင်ကိုလည်း ကိစ္စတုံးပစ်လိုက်လေသည်။

ကြိုးတုပ်ချည်နှောင်ထားသော မွန်စျေးသည်သုံးယောက်တို့ကိုလည်း ထမင်းမကျွေး ရေမတိုက်ဘဲ ပစ်၍ထားသည်ဟု ဆိုလေသည်။

ဤသို့နှင့် ဂျပန်များက ကြိုးဖြေလိုက်သောအခါ၌မှ မွန်စျေးသည်သုံးဦးအနက် တစ်ဦးသာလျှင် အသက်ရှင်တော့သည်ဟု ဆိုလေသည်။ ထိုအသက်ရှင်သူတစ်ဦးမှာလည်း စိတ်နှလုံးများ ချောက်ချားလျက် ရှူးသွပ်သွားတော့ကြောင်းနှင့် မွန်အဘိုးအိုက ပြောပြပါသည်။

မွန်အဘိုးကြီး၏ စကားကို ကြားရသည့်အခါမှပင် ကျွန်တော်သည် ခပ်စောစောက စိတ်တိုလျက် ရေရွတ်နေသော မွန်စျေးသည်၏ အဖြစ်ကို သဘောပေါက်မိပါသည်။ ကျွန်တော်တို့၏ အပြုအမူအတွက် ထိုသူ မကျေမနပ်ဖြစ်သည်မှာလည်း ဖြစ်သင့်ဖြစ်ထိုက်ပါပေသည်ဟု သဘောပေါက်မိလေသည်။

ကျွန်တော်တို့သည် မွန်အဘိုးကြီးအား နောက်ထပ်ပေးရန်ရှိသော ဆေးလိပ်ဖိုးနှင့် မုန့်ဖိုးများကို ရှင်းလင်းပေးပြီးနောက် အဘိုးအိုအား နှုတ်ဆက်လျက် ထိုနေရာမှ ထွက်ခဲ့ကြသည်။

ပတ်ဝန်းကျင်မှာ အမှောင်ထုများ ဖုံးလွှမ်းနေလေပြီ။ တောနက်ရာမှ တောကောင်တိရစ္ဆာန်များ၏ အော်ဟစ်သံ၊ ပြေးလွှားသံများကိုလည်း ကြားနေရသည်။ အနီးတစ်ဝိုက်ရှိ ဝါးပင်ဝါးတောများမှ အပင်ချင်းပွတ်တိုက်သံ၊ အကိုင်းအခက်ချင်း ထိရိုက်သံများကလည်း တဖျပ်ဖျပ်တရဲရဲ အသံထွက်နေလေသည်။ ခပ်လှမ်းလှမ်းသို့ မျှော်ကြည့်လျှင် ကားလမ်းတစ်လျှောက်လုံးသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် အမှောင်ထုဖြင့် ဖုံးလွှမ်းနေလေသည်။

❑

၁၁။ ဆင်နှင့် ဆင်ဦးစီး ချွေးတပ်သားများ

မိုးလယ်ရာသီတွင်မူ တံတားဆောက်လုပ်မည့် ဂျပန်အင်ဂျင်နီယာတပ်သည် အလုပ်ကို ခပ်လောလောလုပ်ကိုင်ခြင်း ပြုလေသည်။

ထိုအခါ ကျွန်တော်တို့သည် ဂျပန်အင်ဂျင်နီယာတပ်နှင့် တွဲကြရလေတော့သည်။ ကျွန်တော်တို့ ချွေးတပ်အဖွဲ့သား များသည် ခပ်စောစောပိုင်းအချိန်ကထက် အလုပ်ကြမ်းဒဏ်ကို ပို၍ခံကြရလေတော့သည်။

ကျွန်တော်တို့တွင် မိုးကြိုးသည်းထန်စွာ ရွာသွန်းနေသည်ဟူ၍လည်းကောင်း၊ လေပြင်းမုန်တိုင်းတိုက်ခိုက်နေသည်ဟူ၍လည်းကောင်း၊ သို့မဟုတ် တစ်နေ့မပြတ် မိုးဆက်ကာဆက်ကာ ရွာသွန်းနေသည်ဟူ၍လည်းကောင်း အလုပ်မှ အနားမရကြပါချေ။ ကျွန်တော်တို့တွင် စနေနေ့တစ်ဝက်ဟူ၍လည်း မနားရချေ။ တနင်္ဂနွေနေ့ဟူ၍လည်း အလုပ်မဆင်းဘဲ မနေကြရပေ။ နေ့စဉ် နိစ္စဓုဝဖြစ်သော ဝတ္တရားများမနက် ၅ နာရီတွင် အိပ်ရာမှထလျက် ညနေ ၆ နာရီမှ အလုပ်က တက်ရသော ဝတ္တရားတစ်ခုပင် ဖြစ်လေသည်။

အင်ဂျင်နီယာတပ်နှင့် တွဲကြရသည့်အခါ ဦးစွာပထမ ကျွန်တော်တို့သည် ကပ်ဒိန်စခန်းနှင့် ဂျာက်တစ်လုံးစခန်းအကြားတစ်နေရာ၌ တောခုတ်တောရှင်းခြင်း လုပ်ကြလေသည်။

ထိုအခါ အင်ဂျင်နီယာတပ်မှ ဂျပန်စစ်ဗိုလ်သည် တစ်ချက်ခုတ်နှစ်ချက်ပြတ်သောဖြင့် အလုပ်အစီအစဉ်ကို ချမှတ်ပေးခြင်းပြုလေသည်။

ကျွန်တော်တို့ တောခုတ်တောရှင်းရသည်မှာ အင်ဂျင်နီယာတပ်အတွက် လိုအပ်သော အဆောက်အအုံများကို ဆောက်လုပ်ပေးရန် ဖြစ်လေသည်။ ဂျပန်စစ်ဗိုလ်သည် ထိုကဲ့သို့ တောခုတ်တောရှင်းခြင်းပြုရာမှ ဆောက်လုပ်ရမည့် တံတားများအတွက် သစ်ပင်ကြီးများကို ခုတ်လဲခြင်း ပြုစေပါသည်။ သစ်ပင်ကြီးများသည်

www.burmeseclassic.com

www.burmeseclassic.com

တံတားတိုင်များ၊ တံတားပေါင်များ၊ လက်ရန်း စသည်များနှင့် ဆောက်ခံတန်းကြီးများ အဖြစ် အသုံးချရန်ဖြစ်လေသည်။

ထိုအခါ ကျွန်တော်တို့ ချွေးတပ်အဖွဲ့သားများနှင့်အတူ ဆင်များ၊ ဆင်ဦးစီးများ၊ ဆင်တာဝန်ခံများ (ဆင်ဦးစီးခေါင် ဟူ၍လည်း ခေါ်လေသည်) စသူတို့လည်း ပါဝင်လာကြလေသည်။

ဂျပန်တို့သည် ထိုင်း–မြန်မာ ရထားလမ်းကြီးကို ဖောက်လုပ်ခြင်းပြုရာ၌ တနင်္သာရီတိုင်းတစ်လျှောက်ရှိ ဆင်နှင့် ဆင်ဦးစီးများကိုလည်း ချွေးတပ်ဆွဲခဲ့ကြလေသည်။ ဆင်အင်အား၊ ဆင်ဦးစီးအင်အားမှာလည်း မနည်းလှပါချေ။ တောတွင်း ချွေးတပ်စခန်းတိုင်း၌လိုပင် ဆင်စခန်းများ ရှိကြလေသည်။

ဆင်ဦးစီးများသည် သူ့လူ၊ သူ့အုပ်စုနှင့် နေကြ၊ စားကြလေသည်။

ဂျပန်အင်ဂျင်နီယာတပ်အတွက် တောခုတ်တောရှင်းရသောအလုပ်မှာလည်း ချွေးတပ်သားများနှင့် ဆင်သမားများအဖို့ မသက်သာလှပါချေ။

ရွှံ့ထဲ၊ ရေထဲ၊ မိုးလေထဲ၌ပင် ချွေးတဒီးဒီးကျဆင်းအောင် လုပ်ကိုင်ကြရလေသည်။ ချွေးတပ်သားများက သစ်ပင်ကြီးများကို ခုတ်လှဲခြင်း၊ သစ်မြစ်ကြီးများကိုပါ ပေါက်ထုတ်ပစ်ရခြင်း၊ ဝါးတောများနှင့် ဝါးမြစ်များကို ခုတ်ထွင်ရှင်းလင်းရခြင်း၊ ကျောက်တုံးကျောက်ကမ္ဘ စသည်များကို တူးဖော်ရွှေ့ပြောင်းပစ်ရခြင်း၊ ချိုင့်ဝှမ်းကျသောနေရာများကို ကျောက်တုံးနှင့် မြေများဖို့ရခြင်း၊ မို့မောက်နေသော နေရာများ၌ ကျောက်သားမြေပြင်ကို တူးထုတ်ပစ်ရခြင်း စသည်စသည်ဖြင့် အင်တိုက်အားတိုက် လုပ်ကြရသည်။

တောတောင်က ထူလွန်း နက်လွန်းလှသည်က တစ်ကြောင်း၊ မြေပြင်မှာလည်း ကျောက်တောင်ကျောက်တုံးများ ရောပြွမ်းနေသော နေရာဖြစ်ခြင်းကြောင့် တစ်ကြောင်း၊ ချွေးတပ်သားများမှာ အလုပ်ခွင် အလုပ်စခန်းအတွင်း၌ ဘိစိုက်ဒဏ်ရာရမှု၊ သွေးထွက်သံယိုမှု၊ အနာတရဖြစ်မှု စသည်များမှာလည်း နေ့စဉ်နေ့တိုင်း ဖြစ်ကြရလေသည်။

သို့ရာတွင် ထိုကဲ့သို့ ဒဏ်ရာအနာတရဖြစ်ရသော ချွေးတပ်သားအတွက် ဆေးဝါးဟူ၍ လုံးဝမရရှိပါချေ။ သွေးထွက်သံယိုဖြစ်ရသော ဒဏ်ရာများပေါ်တွင် ဝါးရွက်မှ အရည်ကို ညှစ်ချရခြင်း၊ တောသစ်ပင်ကြီးများမှ အရွက်များကို ကျောက်တုံးကျောက်ခဲများနှင့် ထောင်းထုကာ သိပ်၍ထားရခြင်း၊ ဆေးရွက်ကြီးများကို တံတွေးဆွတ်လျက်လည်းကောင်း၊ မီးကင်လျက်လည်းကောင်း ကပ်ထားရခြင်း စသော ပြီးကပစ် ပြီးစလွယ် အဖြစ်မျိုးကိုသာ လက်လှမ်းမီသလောက် လုပ်ကြရလေသည်။

တောခုတ် တောရှင်းခြင်းပြုရာမှ ချွေးတပ်သားများ ဘူးဖော်၍ မနိုင်မနင်းဖြစ်သော ကျောက်တုံးကြီးများကိုလည်းကောင်း၊ တံတားဆောက်လုပ်ရာတွင် အသုံးပြုရမည့် သစ်ပင်၊ သစ်တုံးကြီးများကိုလည်းကောင်း၊ သစ်ဆွဲဆင်ကြိုးများက လွတ်ကင်းရာတစ်နေရာကို ရွှေ့ပြောင်းသယ်ဆောင်ရခြင်း၊ ကျောက်တုံးကြီးများကိုမူ ဦးကင်းနှင့် တွန်းလှန်း ရွှေ့ပြောင်းရခြင်းစသည်များကိုလည်း ဆင်ဦးစီးနှင့် ဆင်ကြိုးများက မနိုင်မနင်း လုပ်ကြကိုင်ကြရသည်။ တစ်ခါတစ်ခါ၌မူ အလွန်တရာကြီးမားလေးလံသော ကျောက်တုံး၊ ကျောက်ကမ္ဘကြီးများကို ရွှေ့ပြောင်းရခြင်း၊ တွန်းရထိုးရခြင်းများကြောင့် ချွေးတပ်သား ဆင်ကြိုးများသည်ပင် ဝမ်းခေါင်းသံပါသည်အထိ တအားကြိုးအော်ဟစ်ခြင်း ပြုရကြလေသည်။

အမှန်စင်စစ် ကျွန်တော် လေ့လာမိသလောက် ပြောရမည်ဆိုပါလျှင် ကျွန်တော်တို့ ချွေးတပ်သားများ လုပ်ကြရသောအလုပ်များတွင် အချို့အချို့သော အလုပ်များသည် လူအင်အားနှင့်ချည်း လုပ်၍မဖြစ်နိုင်သော စက်ကိရိယာ စသည်များနှင့် တွဲဖက်၍ လုပ်ကိုင်သင့်သော အလုပ်များဟူ၍ ကျွန်တော် သဘောရပါသည်။

သို့ရာတွင် ဂျပန်များကမူ မည်သည့်စက်ကိရိယာပစ္စည်းကိုမှ အသုံးမပြုဘဲ လူအင်အားတစ်ခုတည်းကိုသာ မည်မျှမတာဖိလျက် စေခိုင်းအသုံးပြုခြင်း ဖြစ်လေသည်။ ထို့ကြောင့်လည်း အလုပ်ခွင်အတွင်း၌ နေ့စဉ်နှင့်အမျှ ထိခိုက်ဒဏ်ရာရရှိကြခြင်း၊ သွေးထွက်သံယိုဖြစ်ကြရခြင်း၊ မတန်တဆ လူ၏အားအင်ကို အသုံးပြုရခြင်း စသည်ဖြင့် သဘာဝထက် လွန်ကျွံသောအဖြစ်၊ မဖြစ်သင့် မဖြစ်ထိုက်သော နစ်နာဆုံးရှုံးရသည့် အဖြစ်မျိုးများကို ဖြစ်ကြရလေသည်။

ပြီးလျှင် ရာသီဥတုကလည်း မိုးဥတု၊ မိုးရာသီဖြစ်ပေရာ ခြေခင်းလက်ခင်း အနေနှင့် ကြည့်ပြန်ပါကလည်း သွေ့ခြောက်ကောင်းမွန်ခြင်း အလျဉ်းပင်မရှိချေ။ တစ်ဖန် တောနက် တောခေါင်ခေါင် လူသူလေးပါးတို့ အရောက်အပေါက်နည်းပါးလှသည့် အရပ်ဒေသတစ်ခုဖြစ်ခြင်းကြောင့် နစ်မောင်းများစွာက ထုတက်လျက်ရှိသော ရေညှိများ၊ မျောကြီး၊ ကျွတ်ကြီးများ၊ ကြီးထွားချင်တိုင်း၊ ကြီးထွားနေသော တောခြင်ကြီးများ၊ ဖြူတ်ကောင်နှင့် မှက်သတ္တဝါများကလည်း အမျိုးမျိုးအဖုံဖုံ အနှောင့်အယှက်ပေးပြန်ပါလေသည်။

ထိုအခါ လုပ်ငန်းနှင့်ပတ်သက်၍ ကိုင်ကြတွယ်ကြရခြင်းမှာလည်း ခြေမြဲ၊ လက်မြဲမဖြစ်တော့ချေ။ သွားလာလှုပ်ရှားကြရခြင်းမှာလည်း စိတ်သွားကိုင်းကိယ်မပါဘဲ မှန်းခြေမပေါက်တော့ပါချေ။ ပြီးလျှင် မိုးက တဝုန်းဝုန်းတဖြုန်းဖြုန်း ရွာသွန်းနေသည့်အထဲမှ ညနေ ၃ နာရီလောက် ရောက်လာသည်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com

အနှစ်နှစ်အလလ၊ ငတ်ပြတ်နေကြဟန်တူသော ခြင်္သေ့များ၊ ဖြူတ်များ၊ မှက်ကောင်များသည် ချွေးတပ်သားများ၏ သွေးသားကို အတင်းတရကြမ်း ဝင်ရောက်လျက် ကိုက်ခဲစုပ်ယူလေတော့သည်။

ဤလို ခြင်္သေ့များ၊ ဖြူတ်များနှင့် မှက်များက ကိုက်ခဲနေသည့်အကြားမှ ဂျပန်စစ်သားများကလည်း တစ်မှောင့်ပင် ဖြစ်ရပြန်ပါသည်။ တာဝန်ကျ ဂျပန်စစ်သားများ ထိုမျှလောက် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေကြရသော ချွေးတပ်သားအလုပ်သမားများအပေါ်၌ အနည်းငယ်မျှ သက်သာထောက်ထားခြင်း မရှိကြပါချေ။ အနည်းငယ် လေးကွေးသွားသည်ဆိုလျှင်သော်လည်းကောင်း၊ ကျင်ကြီးစွန့်သွားသည်မှာ အခါခါနှင်ကြာမြင့်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ အင်တိုက်အားတိုက် မလုပ်ဘဲ ခိုကပ်နေသည်ဟု ထင်လျှင်သော်လည်းကောင်း သူတို့သူတို့၏လက်တွင်းရှိ ဝါးစိမ်းချောင်းများ၊ ဝါးရင်းတုတ်များ၊ သစ်ကိုင်းသစ်ခက်အစရှိသည်များနှင့် တဗုန်းဗုန်းတအုန်းအုန်း ရိုက်နှက်ညှဉ်းပန်းခြင်း ပြုပြန်ပါတော့သည်။

ထိုအဖြစ်၊ ထိုအကြောင်းများကို စာရှုသူများ ထင်ထင်ရှားရှားနှင့် ကွက်ကွက်ကွင်းကွင်း ရှိစေရန်အတွက် မအူပင်ခရိုင်မှ ချွေးတပ်သားတစ်စု၏ လုပ်ကိုင်လှုပ်ရှားရသော လုပ်ငန်းတစ်ကွက်ကို အောက်ပါအတိုင်း တင်ပြခြင်း ပြုလိုက်ပါသည်။

ထိုနေ့နံနက်သည် မိုးပြင်းထန်စွာ ရွာသွန်းနေသော နံနက်ခင်းတစ်ခု ဖြစ်လေသည်။ မိုးရွာသွန်းနေသည်မှာ အဆက်မပြတ်ပါပေ။ သုံးလေးရက်ခန့် ရှိနေပြီတော့ ဖြစ်လေသည်။ ယမန်နေ့ညကလည်း မိုးသည် အပြင်းအထန်ရွာသွန်းခဲ့လေသည်။ ယခုလည်း ရပ်တန့်မသွားပါပေ။ ရွာကောင်းတုန်း ရွာကောင်းဆဲပင် ဖြစ်လေသည်။

ကျွန်တော်တို့ မအူပင်ခရိုင်မှ ချွေးတပ်အဖွဲ့သားများသည် အပြင်းအထန် ရွာသွန်းနေသော မိုးရေမိုးပေါက်များအောက်၌ပင် စခန်းအတွင်းမှ အလုပ်ခွင် ရှိရာသို့ ထွက်ခွာလာခဲ့ကြလေသည်။ ဂျပန်အင်ဂျင်နီယာတပ်အတွက် ကောများခုတ်ထွင်ရှင်းလင်းရခြင်းနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းပြုရသော အလုပ်ခွင်နေရာမှာ ကျွန်တော်တို့နေရသော ကျောက်တစ်လုံးစခန်းနှင့်ဆိုလျှင် ခရီးအကွာ အလှမ်းအားဖြင့် မိုင်ဝက်ခန့် အကွာအဝေးရှိလိမ့်မည်ဟု ခန့်မှန်းရလေသည်။ ထိုခရီးလမ်းအကွာအဝေးရှိရာသို့ ကျွန်တော်တို့ ချွေးတပ်သားများသည် စိတ်အား တက်ကြွစွာမူ အလျှဉ်းကင်းမဲ့သော ခြေလှမ်းများနှင့် လျှောက်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

ချွေးတပ်သားများအားလုံးသည် ခပ်စောစောပိုင်းဖြစ်သော လွန်ခဲ့သည့်သုံးလကျော်လောက်က ခြေလှမ်းမျိုးတွေ၊ မျက်နှာအမူအရာမျိုးတွေ၊ စကားအပြောအဆိုမျိုးတွေ မဟုတ်ကြတော့ပါချေ။ ဘယ်သူ ဘယ်ချွေးတပ်သားကိုပင် ကြည့်လိုက်ကြည့်လိုက် အင်အားဆုတ်ယုတ်လျက် မကြာမီ ယိုင်လဲလေတော့မည့်အဖြစ်မျိုးသို့ ဆိုက်ရောက်ခဲ့ကြလေပြီ။

သူတို့သူတို့သည် အချင်းချင်းပင်ဖြစ်သော်လည်း တစ်ဦးကိုတစ်ဦး၊ တစ်ယောက်ကိုတစ်ယောက် နှုတ်သွက် လျှာသွက်ဖြင့် စကားပြောဆိုခြင့်ကိုမူ မပြုကြပါချေ။ စကားတစ်ခွန်းပြောရမည့်အရေးမှာ အလွန်တရာဝန်လေးနေကြဟန်၊ ပင်ပန်းနေကြဟန်မျိုးတွေသာ ဖြစ်နေကြရာလေသည်။ ထို့ကြောင့်လည်း တစ်ယောက်နှင့် တစ်ယောက် တစ်ခဲတစ်ရာစကား မဆိုကြ၊ လှည့်စောင်း၍သော်မျှပင် ကြည့်ဖော်ရွေဖော်မရကြ၊ ဦးခေါင်းကြီးများ အောက်သို့ငုံ့လျှိုးကာ မိုးထဲလေထဲတွင် တအိအိတနဲ့နဲ့ သွားနေကြလေသည်။

"ခွူးရား–ဘီခမာ၊ မကောင်းဘူးက၊ သွားတက–သွားတက–"

မိုးကာအကျိုကြီးတဖားဖားနှင့် တုတ်ကြီးများတကားကားဖြစ်နေသော ဂျပန်စစ်သားများသည် သူတို့၏လက်တွင်းရှိ တုတ်များကို ဝင့်၍သော်လည်းကောင်း၊ ချွေးတပ်သားများ၏ ကျောပြင်ထက်သို့ တဗုန်းဗုန်းထုထောင်းရိုက်နှက်လျက်သော်လည်းကောင်း အလုပ်ခွင်ရှိရာသို့ ခြေလှမ်းခပ်သွက်သွက်လျှောက်ကြစေရန် အတင်းအဓမ္မမောင်းနှင်ခြင်းပြုလေသည်။

ထိုအခါ လူအုပ်၏နောက်ပိုင်းတွင် အတန်ငယ်ပြတ်ကျန်ရစ်သော အင်အားချည့်နဲ့သည့် ချွေးတပ်သားများ၊ အတော်အတန် မမာမကျန်းဖြစ်နေသော ချွေးတပ်သားများနှင့် သက်ကြီးရွယ်အိုဖြစ်နေသော ချွေးတပ်သားကြီးများမှ စလျက် အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိထားသော ချွေးတပ်သားခမျာများသည် တတ်နိုင်သလောက် အားစွမ်းကလေးများနှင့် ခြေလှမ်းကို ခပ်သွက်သွက်လျှောက်ကြပြန်လေသည်။

ထိုကဲ့သို့ မချိတရိနှင့် ခြေလှမ်းကို ခပ်သွက်သွက်လျှောက်ကြရာမှ အချို့အချို့သော အားအင်ကုန်ခန်းလှုပ်ရှားနေသည့် ချွေးတပ်သားခမျာများမှာ ခြေချော်၍ သော်လည်းကောင်း၊ ကျောက်တုံးများ၊ သစ်ငုတ်များနှင့် တိုက်မိ၍သော်လည်းကောင်း တဗိုင်းဗိုင်း လဲကျလေသည်။

"ဘီခမာ–မကောင်းဘူးက၊ ခွီးရှိတက၊ ခွီး–ခွီး–"

ဂျပန်စစ်သားများသည် တဗိုင်းဗိုင်း လဲကျသွားသော ချွေးတပ်သားကြီးများအား နှုတ်မှ တဖွဖွ ဆဲရေးတိုင်းထွာလျက် သူ့လက်တွင်းရှိ ဝါးစိမ်းချောင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

တဖျန်းဖျန်းရိုက်နှက်လေသည်။ အချို့သော ဂျပန်စစ်သားများကလည်း လဲနေသော ချွေးတပ်သား၏ ကျောပြင်နှင့် ဦးခေါင်းကို စစ်ဖိနပ်ဖြင့် ကန်ကျောက်ခြင်း ပြုလေသည်။

"ကြည့်စမ်းဗျာ-ရိုက်လိုက်နှက်လိုက်တာ၊ ခွေးမသားဂျပန်၊ ဒီအဘိုးကြီးတော့ မကြာခင် သေမှာပဲဗျာ"

ကျွန်တော်နှင့်အတူ လှည်းကလေးတွဲလာသော ဘွန်ထိုက်ချို ကိုကောင်းစိန်က ပြောလေသည်။

"ကြည့်စမ်း ဆရာလေး၊ ဟိုမှာကြည့်စမ်း-ဒီလူကြီးဟာ ကောင်းကောင်း မမာရှာဘူးဗျ"

ဘွန်ထိုက်ချို ကိုမောင်စိန်ကလည်း တစ်နေရာသို့ လက်ညှိုးထိုးညွှန်ပြလျက် ပြောလေသည်။

ကျွန်တော်သည် တဗုန်းဗုန်းအသံကြားနေသော လူအုပ်ကြီး၏ နောက်ပိုင်း တစ်နေရာသို့ လှမ်းကြည့်လိုက်သည်။ ရွှံထဲဗွက်ထဲတွင် လဲကျနေသော ချွေးတပ်သား ကြီးတစ်ယောက်အား ဂျပန်စစ်သားက သူ့လက်ရှိ ဝါးရင်းတုတ်နှင့် တဗုန်းဗုန်း ရိုက်နှက်နေခြင်း ဖြစ်လေသည်။

"သူ ဘယ်သူလဲဗျာ"

ကျွန်တော်က မေးလိုက်သည်။

"ဦးထွန်းရဲ့လေ၊ ကောင်းကောင်းမမာနေတဲ့ ဦးထွန်းရဲ့ပေါ့၊ ကိုမောင်စိန် အုပ်စုထဲက၊ ဆရာလေး သွားပြောပါဦးဗျာ၊ အဘိုးကြီး သေလိမ့်မယ်"

ကိုချစ်တီးက ပြောလေသည်။

ကျွန်တော်သည် ဂျပန်စစ်သားနှင့် လဲကျနေသော ဦးထွန်းရဲ့ ရှိရာသို့ ခြေကို ထိန်းလျက် ခပ်သွက်သွက် ပြေးသွားရလေသည်။ အနီးသို့ရောက်သည့်အခါ ဂျပန်စစ်သားကို အနှံအညှတ်တောင်းပန်ရလျက် လဲနေသော အဘိုးကြီးဦးထွန်းရဲ့ကို ရွှံထဲဗွက်ထဲမှ ဆွဲထုလိုက်ရသည်။

ဦးထွန်းရဲ့မှာ တဟည်းဟည်း ညည်းတွားလေသည်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်တက်နေသည်။ မိုးရေများရွှံနေသည့်ကြားမှ သူ့တစ်ကိုယ်လုံးမှာ ချစ်ချစ်တောက်ပူနေသည်။ ထိုအခါမှ ဦးထွန်းရဲ့ အဖျားတက်နေကြောင်း ကျွန်တော် သိရလေသည်။

ဂျပန်စစ်သားသည် တခွန်းခွန်းဆဲဆိုရေရွတ်လျက် ထိုနေရာမှ ထွက်ခွာသွား လေသည်။

"ဘကြီးထွန်းရဲ့ ဖျားနေပါလားဟင်-ဖျားနေရက်နဲ့ ဘာလို့ အလုပ်ထဲ လိုက်လာခဲ့ရတာလဲ၊ ဟိုတုန်းက ကျွန်တော့်ကို ပြောပါလား"

"လမ်းရောက်မှ ဖျားတာ ဆရာလေးရာ"

ဦးထွန်းရဲ့သည် တဟည်းဟည်း တဟွတ်ဟွတ် ချောင်းဆိုးရင်း ညည်းရင်းမှ အဖြေပေးလေသည်။

"ခု စခန်းကို ပြန်မလား"

ကျွန်တော်က မေးလိုက်သည်။ သူပြန်မည်ပြောလျှင် ကျွန်တော်က ပြန်လွှတ် ပေးနိုင်ပါသည်။ ပြီးလျှင် စစ်ဗိုလ်ကုမေကာထံ ချွေးတပ်သားတစ်ယောက် ဖျားနာ ကြောင်းကို ကျွန်တော်နှင့် သက်ဆိုင်ရာ ဘွန်ထိုက်ချို့က အကြောင်းကြားခြင်း ပြုရပေမည်။

"ဟီး-ဟီး-မပြန်-မပြန်ဘူး၊ ဘယ်လိုမှ မပြန်ဘူး၊ ကျုပ်-ကျုပ် လုပ်နိုင်ပါတယ် ဆရာလေး"

ဦးထွန်းရဲ့သည် စခန်းသို့ပြန်ရန်အတွက် ခါးခါးသီးသီးငြင်းဆန်ခြင်း ပြုလေ သည်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခိုက်နေရာမှ အလုပ်ကိုလုပ်နိုင်ကြောင်း နှင့် ပြောရှာလေသည်။

"ဖြစ်ပါ့မလား ဘကြီးထွန်းရဲ့ရယ်၊ ဒီထက်ပိုဖျားနေပါ့မယ်၊ စခန်းကို ပြန်ပါ လားဗျာ"

"မပြန်ဘူး၊ မပြန်ဘူး၊ ကျုပ်-ကျုပ် လုပ်နိုင်ပါတယ်"

ထိုအတွင်း သူ့ဘွန်ထိုက်ချို ကိုမောင်စိန်သည် ကျွန်တော်တို့အပါးသို့ ရောက်ရှိလာလေသည်။

"သူ့ကို ကျွန်တော်ပြောပါတယ် ဆရာလေး၊ သူ ဆေးရဲ့အပို့ခံရမှာ သိပ် ကြောက်တယ်တဲ့၊ ဒါကြောင့် မဆင်းနိုင် ဆင်းနိုင်နဲ့ ဆင်းလိုက်လာတာ"

ချွေးတပ်သားကြီး ဘကြီးထွန်းရဲ့မှာ အသက်ခြောက်ဆယ်မှ တစ်နှစ်၊ နှစ်နှစ် ကျော်လွန်ခဲ့ပြီဖြစ်လေသည်။ သူသည် ညောင်တုန်းမြို့နယ်၊ ကွမ်းသီးပင်ကျေးရွာမှ ကောင်းသူလယ်သမားကြီးတစ်ယောက် ဖြစ်လေသည်။ ယခုကား ဘကြီးထွန်းရဲ့မှာ အဖျားဒေဇာဝင်ရောက်နေလေသည်။ သို့ရာတွင် အလုပ်ခွင်ရှိရာသို့ မလိုက်မပါဘဲ စခန်းသို့ပြန်ရန် ပြောသော်လည်း ပြောမရဘဲ ဖြစ်နေလေသည်။ သူ့ဘွန်ထိုက်ချို

www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်စိန်ကလည်း စခန်းသို့ပြန်ရန် ကဖွဖွပြောလေသည်။ ကျွန်တော်ကလည်း ပြောပါသည်။ မည်သို့မျှ ပြော၍မရပါပေ။

"ကျုပ်–ကျုပ် လုပ်နိုင်အောင် ကြိုးစားလုပ်ပါ့မယ်"

ဘကြီးထွန်းရဲသည် ပြောပြောဆိုဆိုနှင့် ခြေလှမ်းစပြုလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုမောင်စိန်သည် ဘကြီးထွန်းရဲ၏ ဆန္ဒကို မည်သို့မျှတားမြစ်၍ မရဘဲ ဖေးဖေးမမပြုကာ အလုပ်ခွင်အရောက် ခေါ်ခဲ့ရလေသည်။

လျှောတပ်သား အတော်ခပ်များများသည် အတော်အတန်ဖျားနာရုံမျှဖြင့် စခန်းရှိ တဲလိုင်းများပေါ်တွင် မနေခဲ့လိုကြပါပေ။ ဤလိုဖြစ်ရသည်မှာလည်း အကြောင်းရှိလေသည်။ ထိုအကြောင်းမှာ တခြားမဟုတ်ပေ။ လျှောတပ်သားတစ်ဦးတစ်ယောက် ဖျားနာ၍ အလုပ်မဆင်းနိုင်သည်နှင့် တစ်ပြိုင်နက် ဂျပန်များသည် ထိုလျှောတပ်သားအား လုံးဝ ထမင်းမကျွေးရဟု အမိန့်ထုတ်လိုက်လေသည်။ ပြီးလျှင် ထိုလျှောတပ်သားအား တဲလိုင်းပေါ်တွင် သုံးရက်ထက် ပိုမထားတော့ပါပေ။ သုံးရက်ပြည့်မြောက်၍ လေးရက်နေ့ရောက်လျှင်ပင် ဟောတွင်းဆေးရုံရှိရာသို့ ပို့ပစ်လေတော့သည်။

ဟောတွင်းဆေးရုံသို့ အပို့ခံရသော လျှောတပ်သားဆိုပါလျှင် မပြန်လမ်းသို့ သွားရခြင်းနှင့် မည်သို့မှ မခြားတော့ပါ။ လျှောတပ်သားပေါင်းများစွာသည် ဟောတွင်းဆေးရုံများသို့ အပို့ခံရပြီးနောက် ပြန်မလာသည်က များလှပေသည်။ တစ်ရာလျှင် တစ်ယောက်ပင် မပြန်လာနိုင်ကြဟူ၍ ဆိုရချေမည်။ ထိုအခါ အလောက်အကန် လျှောတပ်အပါးဝလာသောသူများသည် ဟောတွင်းဆေးရုံများသို့ အပို့ခံရမည်ကို ကြောက်လန့်သည့်အတွက် ထူထူထောင်ထောင်နှင့် ထနိုင်ကြွနိုင်အခြေအနေရှိနေသရွေ့ ကာလပတ်လုံး ဖျားသည်ဖြစ်စေ၊ နာသည်ဖြစ်စေ အလုပ်ခွင်အတွင်းသို့ လိုက်ပါခဲ့ကြလေသည်။ အလုပ်ခွင်အတွင်းသို့ ရောက်ရှိသည့်အခါ၌မူ မိမိတို့အချင်းချင်း ဖြစ်ကြသောကြောင့် ဖြစ်နိုင်သမျှ တတ်နိုင်သလောက် ကူညီဖေးမပေးနိုင်ကြလေသည်။

တစ်ဖန် အကြောင်းတစ်ခု ရှိပြန်ပါသည်။ လျှောတပ်သားတစ်ဦးတစ်ယောက် ဖျားနာလျှင် တဲလိုင်းတွင် သုံးရက်ထားသည်ဟု ဆိုရသော်လည်း တစ်ခါတစ်ရံ၌မူ တဲလိုင်းအတွင်းသို့ ဂျပန်များ လာရောက်၍ စစ်ဆေးခိုက်နှင့် ပက်ပင်းတိုးနေပါက ချက်ချင်းပင် တောတွင်းဆေးရုံများ၌ရှိများသို့ အပို့ခံရလေတော့သည်။ မည်သူက

မည်သူလောက် ဝင်ရောက်ပြောဆိုစေကာမူ အကြောင်းမထူးပါချေ။ ဝင်ရောက်ပြောကြားသူကိုပင် ပါးနားကို ရိုက်လေတော့သည်။ ခပ်ရှင်းရှင်းဆိုရလျှင် ဤလိုကိစ္စမျိုးဟွင် ကျွန်တော်လည်း မတတ်နိုင်ပါ။ ဘွန်ထိုက်ချို၊ ဟန်ချို စသူများကလည်း မည်သို့မှ အကာအကွယ်မပေးနိုင်ကြပါချေ။

(လျှောတပ်သားများ အဘယ်ကြောင့် တောတွင်းဆေးရုံများသို့ မသွားလိုကြသည်ကိုလည်းကောင်း၊ တောတွင်းဆေးရုံများအကြောင်းကိုလည်း နောက်ပိုင်းတွင် အသေးစိတ် ဖော်ပြထားပါသည်။)

ဤလို လဲသူလဲ၊ ကွဲသူကွဲ၊ နာသူနာနှင့်ပင် ကျွန်တော်တို့သည် အလုပ်ခွင်ရှိရာသို့ ရောက်ခဲ့ကြလေသည်။ ဆင်နှင့် ဆင်ဦးစီးများမှာလည်း အလုပ်ခွင်အတွင်းသို့ ရောက်နှင့်နေကြပေပြီ။ သို့ရာတွင် ထိုနေ့အဖို့ ရောက်ရှိလာကြသော ဆင်နှင့် ဆင်ဦးစီးများမှာ အခါတိုင်းနေ့များကလောက် မများပါချေ။ အားလုံးပေါင်းမှ ဆင်ခြောက်ကောင်၊ ဆင်ဦးစီးခြောက်ယောက်နှင့် သာဂျမ်းအမည်ရှိ ဆင်ခေါင်းတစ်ယောက်တို့သာ ဖြစ်လေသည်။

ဆင်ဦးစီးနှင့် ဆင်ခေါင်း စသူတို့မှာ အားလုံးလိုလိုပင် ကရင်အမျိုးသားများနှင့် မွန်အမျိုးသားများသာလျှင် ဖြစ်ကြလေသည်။ ကရင်အမျိုးသားများမှာ ကောင်ရိုးကရင်များ၊ တောင်ပေါ်နေ ကရင်များဟူ၍ ပြောပါသည်။ အချို့အချို့သော ဆင်ဦးစီး ကရင်အမျိုးသားများနှင့် မွန်အမျိုးသားများမှာမူ မြန်မာစကားကို လုံးဝ မပြောတတ်ကြောင်း တွေ့ရလေသည်။ မြန်မာစကားတတ်သော မွန်နှင့် ကရင်အမျိုးသား ဆင်ဦးစီးများသည် ငါးပိမစားရသောကြောင့် တည်ညည်းညည်းတည္ညဉ့်ဖြစ်နေကြလေသည်။

ဆင်ခေါင်းသာဂျမ်းမှာ မြန်မာစကားပြောတတ်သူဖြစ်သဖြင့် ဆင်အရေအတွက် နှည်းနေသည့်အကြောင်းကို မေးကြည့်သည့်အခါ အခြားသောအလုပ်ခွင်များသို့ ခွဲပို့ရကြောင်း၊ ဆင်များ ပင်ပန်းလုပ်ပြိုဖြစ်ကြောင်း၊ ယခုအတိုင်းသာဆိုပါလျှင် ဆင်တွေ မကြာခင် သေကုန်လိမ့်မည်ဖြစ်ကြောင်းနှင့် ပြောပါလေသည်။

တောတွင်း လျှောတပ်စခန်းများတွင် ဆင်ခေါင်းဆိုသူများမှာလည်း တစ်ဒုက္ခပင်ဖြစ်လေသည်။ ဆင်ခေါင်း ဘွန်ထိုက်ချိုသည် ဆင်ဦးစီးများနှင့် ဆင်များကို ထိန်းသိမ်းကွပ်ကဲခြင်း ပြုရသူဖြစ်လေသည်။ သူ့လူ ဆင်ဦးစီးများမှာ မတန်တဆေး အလုပ်ပင်ပန်းလွန်းသည့်အခါ ဂျပန်များကို မတော်လှန်ဝံ့သော်လည်း ဆင်ခေါင်းနှင့်ကား တဆူဆူတပူပူ ဖြစ်နေတတ်လေသည်။ တစ်ခါတစ်ခါ မကျေနပ်ချက်ဆူကြပူကြလျှင်လည်း ထ၍ပင် သတ်ကြလေမလားဟူ၍ ထင်ရလေသည်။ ဤသို့လျှင်

www.burmeseclassic.com

www.burmeseclassic.com

သူကို့အား‌လုံး‌၏ လက်ထဲတွင် ဓား‌မြောင်၊ ချွန်း၊ ဓား‌ပ စသော‌လက်နက်များ ကလည်း အဆင်သင့် အမြဲတမ်း‌ရှိနေကြလေသည်။ သူကို့တစ်တွေ ပြောကြဆိုကြသော စကား‌များ‌မှာလည်း ကျွန်တော်တို့ နား‌မလည်သော စကား‌များ ဖြစ်ကြလေသည်။

ကျပန်များ‌ကိုလည်း သူတို့ဆဲကြဆိုကြ ကျိန်စာတိုက်ကြမည်မှာကား ယုံမှား ဖွယ်‌မရှိပါချေ။ ကျပန်သည် ဆင်ဦးစီး‌များ‌နှင့် ဆင်ခေါင်း‌များ‌အတွက် ချွေးတပ် အဖွဲ့သား‌များ‌အား ပေးသည့်နည်းတူ ဆန်၊ ဆား၊ ပဲ၊ ဝိန်းဉ စသည်များ‌ကိုသာ ပေးလေသည်။ အခြား‌မည်သည့်အရာ‌ကိုမျှ မပေးချေ။ ဆင်များ‌အတွက်လည်း အစာ‌အစာဟူ၍လည်း‌ကောင်း၊ ဆေး‌ဝါး‌ပစ္စည်း‌ဟူ၍လည်း‌ကောင်း တစ်စုံတစ်ရာ မရပေ။

အမှန်စင်စစ် ခပ်နှင့်နှင့်ဆိုရလျှင် ချွေးတပ်စခန်း‌များ‌တွင် လူတွေ‌ကိုရော တိရစ္ဆာန်များ‌ကိုပါ မသေရံကျွေးမွေးလျက် အစွမ်း‌ကုန်စေခိုင်းနေခြင်း‌ပေတည်း။

ကျပန်ဖက်ဆစ်တွေ နား‌လည်ထား‌သည်မှာ ထိုင်း–မြန်မာ မီး‌ရထား‌လမ်း‌ကြီး ပြီး‌စီး‌ရေး‌ကိစ္စတစ်ခုတည်း‌သာ ဖြစ်လေသည်။ ဆင်ဦးစီး‌များ‌နှင့် ချွေးတပ်သား‌များ‌ငါး‌ပိကပေး‌မျှ မြက်မြက်‌မစား‌ရခြင်း၊ ဆီကပေး ပြား‌ကလေး‌များ‌မှ မမြင်မတွေ့ရခြင်း၊ တစ်ထည်စိုလို့မှ တစ်ထည်လဲစရာ‌မရှိခြင်း၊ ဆေး‌ဝါး‌ပစ္စည်း‌မှ မမြင်မတွေ့ရခြင်း‌သည် အရေး‌တကြီး‌ကိစ္စမဟုတ်၊ ထိုကဲ့ပစ္စည်း‌များ‌ကို မမှီဝဲမစား‌သောက်ရသဖြင့် အား‌အင်ကုန်ခန်း‌လျက် ဗိုင်းခနဲ လဲပေး‌သွား‌လျှင်လည်း ဤသူ ဤသား‌များ‌အား မြေမြှုပ်‌ပစ်လိုက်ရုံ‌ရှိသည်ဟူ၍ သဘောထား‌ကြလေသည်။

ကျွန်တော်တို့ ချွေးတပ်သား‌များ‌သည် မကြာမီ လူစုတွဲလျက် သက်ဆိုင်ရာရာ လက်နက်‌ကိရိယာများ‌ကို ကိုင်ဆောင်ကြရပြီးနောက် လုပ်ငန်း‌အတွင်း‌သို့ ဝင်ရောက်ခြင်း ပြုကြရလေသည်။

ကျွန်တော်တို့တစ်တွေ လုပ်ကြကိုင်ကြရသည့်အလုပ်များ‌မှာ ယမန်နေ့ရက် များ‌က ပျင်းမပြတ်ဘဲ ကျွန်ရစ်နေသော လုပ်ငန်း‌များ‌ပင် ဖြစ်လေသည်။

ဤ‌ကဲ့သို့ ကူး‌လက်စနှင့် မပြီး‌မပြတ်ရှိနေသေး‌သော သစ်မြစ်၊ ဝါး‌မြစ်‌ကြီး များ‌ကို ဆက်‌လက်၍ ကူး‌ဖော်ခြင်း‌ပြုသူများ‌က ပြုရလေသည်။ ခုတ်လဲထား‌သော သစ်ပင်‌ကြီး‌များ‌ကို ဆင်များ‌အကူအညီနှင့် အပြင်သို့ တွန်း‌ထုတ်သူများ‌က တွန်း‌ထုတ်ရလေသည်။ အချို့‌ကလည်း ကျောက်တုံး၊ ကျောက်ခဲ‌ကြီး‌များ‌ကို သံတူရွင်း များ၊ ကုတ်များ‌ဖြင့် ကော်လျက် မျောက်‌ကမ်း‌ပါး‌ကြီး‌များ‌အတွင်း‌သို့ တွန်း‌ချရလေသည်။ အချို့‌သောအုပ်စု‌များ‌မှာမူ ကျပန်များ‌နေထိုင်ရန် တဲအိမ်များ၊ ရွက်ဖျင်

ကဲများ၊ လက်နက်‌ကိရိယာပစ္စည်း‌များ သိုလှောင်ရန် ဂိုဒေါင်တန်း‌လျား‌များ၊ ဓား‌နပ်ရိကွာထား‌သိုရန် နေရာများ စသည်များ‌ကို ဆောက်လုပ်ခြင်း ပြုလုပ်‌ကြရလေသည်။

အဆိုပါလုပ်ငန်း‌ရပ်များ‌အား‌လုံး‌မှာ သက်သက်သာသာလုပ်‌ကိုင်‌ကြရသော အလုပ်ဟူ၍‌ကား တစ်ခုမျှ‌မရှိပါချေ။ လုပ်ငန်း‌အား‌လုံး အား‌တိုက်အင်တိုက်လုပ်‌ကြ ရသည်သာ ဖြစ်လေသည်။ ဆင်‌ကြီး‌များ‌နှင့် တွဲဖက်၍ လုပ်‌ကြရသည့်အခါ၌လည်း ချွေးတပ်သား‌ဆယ့်လေး‌ငါး‌ယောက်‌မှာ ထိုဆင်‌ကြီး‌များ‌ကဲ့သို့‌ပင် အား‌သွန်ခွန်စိုက် လုပ်‌ကြရလေသည်။ ခုတ်လဲပြီး‌နောက် အကိုင်း‌အခက်များ ဖယ်ရှား‌ပြီး‌သော သစ်တုံး‌ကြီး‌များ၊ တံတား‌တိုင်‌ကြီး‌များ‌ကို အပြင်‌အပသို့ သယ်ထုတ်သည့်အခါ ဆင်‌ကြီး‌များ‌က သူတို့စွမ်း‌အား‌ရှိသလောက် တစ်ဘက်မှနေလျက် တွန်း‌ရွှေ့သည်နှင့် အမျှ ချွေးတပ်သား‌များ‌ကလည်း သံတူရွင်း‌ကြီး‌များ၊ ကုတ်များ‌နှင့် ကော်လျက် အား‌ကုန်တွန်း‌ရွှေ့ခြင်း ပြုရလေသည်။ ဤသို့မဟုတ်ပါဘဲ မိမိဘက်က ရေသာခို နေလိုက်မည်၊ ညာဝါးနေလိုက်မည်ဆိုပါက ကျပန်၏ တုတ်ချက်သည် မိမိတို့၏ ကျောပြင်ထက်သို့ မဆိုင်းမတွ ကျရောက်လာပေမည်။ သို့မှမဟုတ်လျှင်လည်း သစ်တုံး‌ကြီး‌က လည်ထွက်လာ‌ကာ မိမိတို့အဖို့ ထိခိုက်‌ဒဏ်‌ရာရရှိပေလိမ့်မည်။ ထို့‌ကြောင့် ချွေးတပ်သား‌များ‌အနေနှင့် အလုပ်တာဝန်‌ကို မနိမ့်မကပ်လုပ်‌ကြရသည် သာမက ရှိရှိသမျှအား‌စွမ်း‌ကို ဖျစ်ညှစ်လျက်၊ အကြိတ်အနယ်လုပ်‌ကြရသည်သာ ဖြစ်လေသည်။

ကျွန်သောသစ်မြစ်တူး‌ရသူများ၊ ကျောက်တုံး‌ကြီး‌များ‌ကို ကော်ထုတ်ရသူ များ‌မှာလည်း ထိုနည်း‌အတိုင်းပင် ဖြစ်လေသည်။ တစ်ဖန် တဲလိုင်းဆောက်ရသူ များ‌မှာလည်း သက်သာလှသည်မဟုတ်ပါပေ။ ကျပန်များ‌၏ အဆိုအဆဲ အကန့် အကျောက်‌ကို ခံရကာ ခပ်သွက်သွက် ခပ်မြန်မြန်နှင့် ခပ်‌ကြမ်း‌ကြမ်း‌လုပ်နေ‌ကြ ရလေသည်။ ထိုကဲ့သို့ ခပ်သွက်သွက် ခပ်‌ကြမ်း‌ကြမ်း လုပ်သူ‌ကိုမှလည်း ကျပန် များ‌က သဘောကျလေသည်။

တောတွင်း ချွေးတပ်စခန်း‌တွင် ဤလိုအလုပ်‌ကို ကြမ်း‌ကြမ်းတမ်းတမ်း လုပ်‌ကြရသည်၌ ကျွန်တော်မှတ်မိသော ချွေးတပ်သား‌သုံး‌ယောက်နှင့် ဆင်ဦးစီး တစ်ယောက် ရှိလေသည်။

ဆင်ဦးစီး‌မှာ အုန်း‌သာဆိုသူ မွန်တစ်ယောက်ဖြစ်လေသည်။ သူ့ဆင်မကြီး၏ အမည်မှာ ပုလဲစိန်ဟူ၍ ဖြစ်သည်။ မော်လမြိုင် သစ်စက်တစ်စက်မှ တရုတ်သူမဌား တစ်ဦးပိုင် ဆင်မကြီးဖြစ်‌ကြောင်း သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အုန်းသာသည် ဂျပန်များ၏ အဆဲအဆို အရိုက်အနှက်ကို မခံဟူသော စိတ်ဇာတ်ရိုးသူကစ်ယောက် ဖြစ်လေသည်။ သူ့အသက်မှာ ၂၇-၂၈ လောက် ရှိပေမည်။ ဂျပန်များသည် ဆင်ဦးစီးများအား စိတ်တိုင်းမကျလျှင် အောက်မှ နေလျက် ဆဲဆိုအော်ဟစ်ကာ တွေ့ရာတုတ်များ၊ ကျောက်တုံးကျောက်ခဲများနှင့် ပစ်ပေါက်ခြင်းပြုလေသည်။

ထိုအပြုအမူကို မခံချင်သော အုန်းသာသည် သူ့ဆင်မကြီး ပုလဲစိန်ကို ခပ်ကြမ်းကြမ်း ခိုင်းလေသည်။ အလုပ်ပင်ပန်းလှ၍ ဆင်မကြီးက ပေကတ်ကတ် လုပ်နေလျှင် သူ့လက်တွင်းရှိ မာမေဖြောင့်နှင့် ဆင်မကြီး၏ ဦးကင်းကို တအား တအား ထိုးစိုက်လေသည်။ တစ်ခါတစ်ခါ ဆင်မကြီး ပုလဲစိန်နှင့် ဆင်ဦးစီး အုန်းသာ၏ အဖြစ်မှာ ကြောက်စရာလန့်စရာကောင်းလှသည်။ အသည်းထိတ်ရင်တုန်စရာ ဖြစ်ရသည်နှင့်အမျှ အုန်းသာအနေနှင့်ကလည်း အသက်အန္တရာယ် နီးကပ်လှလေသည်။

သို့ရာတွင် ဆင်မကြီး ပုလဲစိန်မှာ အုန်းသာကိုကား မည်သို့မျှ အန္တရာယ် မပြုရှာပေ။ ကြီးမားလေးလံသော ကျောက်တုံးကြီးများ၊ သစ်တုံးကြီးများ၊ သစ်မြစ်ကြီးများကိုသာ စိတ်ဆိုးဆိုးနှင့် တအား ကော် တအား ဆွဲပစ်လေသည်။ မချိမဆံ့နှင့် မနိုင်မနင်းလုပ်ရသောအခါ၌မှ ဆင်မကြီး ပုလဲစိန်သည် တစ်တောလုံးဆူညံသွား အောင် မိုးချုန်းသည့်အလား တအားကုန်အော်ဟစ်ခြင်း ပြုလေသည်။ အလွန်တရာ မကျော၍ အလွန်တရာကြမ်းတမ်းသော ဦးကင်းအရေများပင် စုတ်ပြတ်လျက် ဖူးဖူးဖောင်းဖောင်းဖြစ်လာရလေသည်။

ထိုကဲ့သို့ဖြစ်ရသည့်အတွက် အုန်းသာကို ဆင်ခေါင်းကသော်လည်းကောင်း၊ ကျွန်တော်ကသော်လည်းကောင်း ဆင်မကြီး ပုလဲစိန်အား သက်သက်ညှာညှာ စေခိုင်းရန် ပြောသော်လည်း အုန်းသာက မနာယူပါချေ။ မြန်မြန်သေ၊ မြန်မြန် အေးမည်။ ဒါမှ ဒုက္ခငြိမ်းမည်ဟူသော သဘောမျိုးကို အုန်းသာက ပြောတတ်လေသည်။

ဆင်ဦးစီး အုန်းသာကဲ့သို့ပင် စိတ်သဘောထားသည့် ချွေးတပ်သားသုံးယောက်မှာ ကိုဇတော်၊ ဒွေလှကြီးနှင့် ကိုချန်ထွန်းဆိုသူများ ဖြစ်လေသည်။ သူတို့သုံးယောက် စလုံး ညောင်တုန်းနယ်၊ ငါးကြီးအိုင်ရွာသားများချည်း ဖြစ်ကြလေသည်။ သုံးယောက် စလုံး ကရင်အမျိုးသား လယ်သမားကြီးများ ဖြစ်လေသည်။

သူတို့သုံးယောက်ကလည်း ဂျပန်များ၏ အရိုက်အနှက်ကို မခံ၊ သေသေ ကျေကျေ အလုပ်ကို အင်တိုက်အားကိုက် လုပ်မည်ဆိုသော အစားထဲက ဖြစ်ကြ

လေသည်။ လုပ်လည်း တကယ်တမ်း လုပ်ကြလေသည်။ ထိုသုံးယောက်သည့် ချွေးတပ်သား ဆယ်ယောက်လောက် ထမ်းရမည့် တိုင်ကြီးများကို သူတို့သုံးယောက်ချည်း ထမ်းပိုးလေသည်။ ကျောက်တုံး၊ ကျောက်ကမ္ဘကြီးများကိုလည်း မချိမဆံ့ကူးဖော်ရွှေ့ပြောင်းပစ်ကြရလေသည်။ ဝါးမြစ်ကြီးများ၊ သစ်မြစ်ကြီးများကိုလည်း ခါးတွင် ကြိုးချည်လျက် ကျဲရုန်း၊ နွားရုန်း ရုန်းပစ်ကြလေသည်။ သူတို့သုံးယောက် လုပ်ကြပြီဆိုလျှင် မတန်တဆအလုပ်များချည်း ဖြစ်လေသည်။

ထိုအခါ ဂျပန်များက လက်ခုပ်လက်ဝါးတီးလျက် သြဘာပေးကြလေသည်။ "မဟိဓမာ ကောင်းတကား၊ အားကြီးကောင်းတကား၊ နွားရှိကဟ" ဟူ၍ပင် ကျဲ၊ နွားနင့်နှိုင်းလျက် ချီးမွမ်းထောမနာ ပြုကြလေသည်။

ဒွေလှကြီး၊ ကိုဇတော်၊ ကိုချန်ထွန်း ဤသုံးယောက်စလုံးမှာ အသက်လေးဆယ်ကျော်အရွယ်များချည်း ဖြစ်ကြလေသည်။ သုံးယောက်စလုံး ဒေါင်ကောင်းကောင်း၊ ဗလကောင်းကောင်းနှင့် ကျန်းမာရေး အလွန်ကောင်းကြသူတွေ ဖြစ်လေသည်။ ပုံစံနှင့် ဝေမျှပေးသော ထမင်းကိုလည်း သူတို့ ဘယ်အခါမှ မဝကြပါချေ။ ထိုကဲ့သို့ ဖြစ်ရသော်လည်း တစ်ခုတော်ပေသေးသည်။ နောက်ပိုင်းတွင် ပုံစံအတိုင်းရှိသော ထမင်းကိုပင် ကုန်အောင်မစားနိုင်သည့် ချွေးတပ်သားများ အတော်ကလေးများပြားလာသည့်အတွက် ထိုအပိုအလျှံ ထမင်းဟင်းများမှာ သူတို့သုံးယောက်အတွက် ဖြစ်လာလေတော့သည်။

သို့ရာတွင် ဒွေလှကြီး၊ ကိုဇတော်နှင့် ကိုချန်ထွန်းတို့ သုံးယောက်မှာ ဤအတိုင်း ရေရှည်မခံနိုင်တော့ပါချေ။ သူတို့သုံးယောက်၏ အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ အင်အားဆုတ်ယုတ်လာသည်ကို ကျွန်တော် သတိထားမိပါသည်။ ကိုဇတော်မှာ မျက်နှာများ တစ်နေ့တခြား ချောင်ကျလာသည်။ အလွန်တရာ တောင့်တင်းမာကျောနေသော လက်မောင်းလက်ရုံးကြီးများ၊ ရင်အုပ်ကြီးများမှာလည်း ပျော့ပျော့အိအိဖြစ်လာသည်။ သူ့မျက်လုံးများသည် ကဖြည်းဖြည်း အောက်အဆင်းကင်းမဲ့လျက် ခပ်မှုန်မှုန်ခပ်မှိုင်းမှိုင်း ဖြစ်လာသည်။ ကျန်သူနှစ်ယောက်မှာလည်း သူ့လောက်မဟုတ်သည့်တိုင် အထ၊လေး၊ အသွားလေး ဖြစ်လာသည်။ သူတို့အရင်ကလောက် ထမင်းစားနိုင်တော့ပေ။ ထမင်းစားလျှင်လည်း ငိုင်တွေတွေကြီးတွေ ဖြစ်နေလေတော့သည်။

ဤလိုနှင့် မကြာမီ ရက်ပိုင်းကလေးအတွင်း၌ပင် ကိုဇတော်နှင့် ဘကြီးထွန်းရဲ့ကိုနှစ်ယောက် သေဆုံးခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ဘကြီးထွန်းရဲ့နှင့် ကိုဇတော်တို့ သေဆုံးကြောင်းကို ဂျပန်စစ်ဗိုလ်ကုမေကာအား အကြောင်းကြားပြီးနောက် တောစပ်တစ်နေရာတွင် သွားရောက်မြှုပ်နှံခြင်း ပြုလိုက်ကြပါသည်။

နာရီပိုင်းအချိန်ကလေးလောက်သာ ခြားရှိ သေဆုံးသွားသော ထိုနှစ်ယောက်တို့၏ အသုဘအတွက် ကျွန်တော်တို့သည် ဖျာအစုတ်ကလေးတစ်ချပ်ကိုသာ အလှူခံ အလှူပြုလျက် ရစ်ပတ်ကာ တောစပ်အရောက် ထမ်းသွားကြရလေသည်။ လူနှစ်ယောက်သေဆုံးရသော ကိစ္စနှင့် ပတ်သက်၍ကား ဂျပန်များထံမှ မည်သည့် အကူအညီ၊ မည်သည့်အခွင့်အရေးကိုမျှ မရပါချေ။ တဲလိုင်းသို့ လာရောက်၍ပင် ကြည့်ဖော်ရှုဖော်မရပေ။ သေရင် ခပ်မြန်မြန်မြှုပ်ပစ်လိုက်ဆိုသော သဘောသာ ရှိလေသည်။

❑

၁၂။ တပ်ဒိန်စခန်းနှင့် ဝမ်းလုတို

နောက်ရက်များမကြာမီအတွင်း၌ပင် ကျွန်တော်တို့တဲလိုင်းအမှတ် ၃-၄-၅-၆ ရှိ ချွေးတပ်သားအဖွဲ့များသည့် ကျောက်တစ်လုံးစခန်းမှ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းခြင်းပြုခဲ့ကြရလေသည်။ ကုမေကာအပါအဝင်ဖြစ်သော ဂျပန်စစ်သားအချို့မှာလည်း ကျွန်တော်တို့ထက် တစ်ရက်စောလျှင် တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းသွားကြလေသည်။

ဂျပန်စစ်သားများ၏ အိပ်ရာလိပ်များ၊ ဝန်စည်အထုပ်အပိုးများကိုမူ ဆင်များနှင့် တင်ဆောင်သွားလေသည်။ အချို့သောဂျပန်စစ်ဗိုလ်များနှင့် စစ်သားများမှာ ကျောက်တစ်လုံးစခန်းရှိ ချွေးတပ်သားများနှင့် ကျန်ရစ်ခဲ့လေသည်။

ကျောက်တစ်လုံးစခန်းမှ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းလာရသည့်အခါ၌မူ ကျွန်တော့်အနေနှင့် တစ်ခုတော့ လေ့လာမိပါသည်။ ကျွန်တော်တို့ စခန်းရွှေ့ပြောင်းရသည်ဆိုခြင်းမှာ အောက်ဘက်သို့ ပြန်ဆင်းရခြင်းမဟုတ်၊ အထက်သို့တစ်ဆင့်တက်ခဲ့ရခြင်းသာ ဖြစ်လေသည်။

ထိုအခါ ကျွန်ုပ်တို့ ချွေးတပ်သားများသည် သုံးလေးလနှင့် နေရပ်သို့ ပြန်မှင့်ရလိမ့်မည်၊ ပြန်လွတ်ပေးလိမ့်မည်ဆိုသော စကားမှာ မည်သည့်နည်းနှင့်မှ အမှန်အကန်မဖြစ်နိုင်ကြောင်း ကျွန်တော် ရိပ်စားမိပါသည်။ ကျွန်တော်ကဲ့သို့ပင် လေ့လာမိသော ဘွန်ထိုက်ချို့နှင့် ဟန်ချို အစရှိသူများကလည်း တိုအဟိုင်းသဘောထားကြလေသည်။ ဘွန်ထိုက်ချို့ကိုကောင်းစိန်၊ ကိုသာမြိုင်နှင့် ကိုမောင်စိန်တို့ကမူ ကျွန်တော်တို့တစ်တွေသည် ဤတောကြီးမြိုင်ကြီးထဲ၌ပင် သေဆုံးကြရလိမ့်မည်ဟု ယူဆထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘွန်ကိုက်ချိုများထဲမှ ခပ်အအ, ခပ်ထိုင်းထိုင်း ဘွန်ထိုက်ချိုတစ်ယောက် ဖြစ်သော ကိုစိန်မောင်ဆိုသူတစ်ယောက်ကသာ ခြောက်လပြည့်လျှင် ပြန်ခွင့်ပေး လိမ့်မည်ဟု ယူဆထားသူဖြစ်လေသည်။

ကျွန်တော်တို့ စခန်းပြောင်းရာတွင် ထမင်းချက်ရုံခေါင်း ကိုစံခတို့လူစုမှာမူ မပါလာတော့ပေ။ သူနှင့် သူ့အဖွဲ့သားများမှာ ကျောက်တစ်လုံးစခန်းဌာပင် ကျန်ရစ်ခဲ့ကြလေသည်။

သို့ရာတွင် သူတို့အဖွဲ့သားများမှာလည်း မကြာမီပင် စခန်းတစ်ခုခုသို့ ရွှေ့ပြောင်းရလိမ့်မည်ဖြစ်ကြောင်းနှင့် ကိုစံခက ပြောပါသည်။

တပ်ဒိန်စခန်းသည် ကျွန်တော်တို့ ပထမဆုံးအဖြစ်နေခဲ့ရသော ကျောက်တစ်လုံးစခန်းထက် ကျယ်ဝန်းလေသည်။ စခန်းအနေအထားကျယ်ဝန်းသည်နှင့်အမျှ တဲတန်းလျားကြီးများမှာလည်း ကျောက်တစ်လုံးစခန်းထက် ရှည်လျားကျယ်ဝန်း သော တဲတန်းလျားကြီးများ ဖြစ်လေသည်။ ဂျပန်စစ်ဗိုလ်၊ စစ်သား စသူများ၏ အနေအထိုင်မှာလည်း ကျောက်တစ်လုံးစခန်းထက် ကောင်းလေသည်။

ဂျပန်စစ်ဗိုလ် အကြီးအကဲ နေထိုင်ရန် ဆောက်လုပ်ထားသော အိမ်ငယ် ကလေးမှာလည်း ကျောက်တောင်ကုန်းထက်တွင် ရှိလျက် ဂျပန်အိမ်ငယ်ကလေး တစ်အိမ်၏ ပုံစံအချိုးအစား ဖြစ်လေသည်။

ကျွန်တော်တို့ ရောက်ရှိသွားသည့်အခါ တဲတန်းလျားကြီးများအတွင်း၌ ချွေးတပ်သားများကို မတွေ့ရသော်လည်း ထိုတဲတန်းလျားများမှ မကြာမီကပင် ချွေးတပ်သားများ ထွက်ခွါရွှေ့ပြောင်းသွားကြောင်းကိုမူ ခြေရာလက်ရာကို ကြည့်ခြင်း အားဖြင့် သိရလေသည်။ သူတို့တစ်တွေ မည်သည့်စခန်းသို့ ရွှေ့ပြောင်းသွားရ လေသည်ဆိုခြင်းကိုကား ကျွန်တော်တို့ မသိပါချေ။

တပ်ဒိန်စခန်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရသော်လည်း ကျွန်တော်တို့ ချွေးတပ်သားများအနေနှင့် မည်သို့မျှထူးခြားကောင်းမွန်သည့် အဖြစ်မျိုးကို မခံစား ရပါချေ။ ပိုမိုကာ ကြမ်းတမ်းခါးသီးသော အလုပ်ခွင်၏ ဆင်းရဲပင်ပန်းမှုဒဏ်ကိုသာ တွေ့ကြုံကြရပါတော့သည်။

ဂျပန်များသည် ကပ်ဒိန်စခန်းနှင့် သုံးလေးဖာလုံခန့် အကွာအဝေး၌ရှိသော မီးရထားလမ်းတစ်နေရာ၌ စမ်းချောင်းကူးတံတားကြီးတစ်ခုကို မိုးအကုန် ဆောင်း အကူး ရာသီလောက်တွင် ဆောက်လုပ်ရန် စီစဉ်ထားကြလေသည်။ ထိုစမ်းချောင်း တံတားကြီးသည် သံဖြူဇရပ်မှ ဘုရားသုံးဆူစခန်းအထိ ဂျပန်များ ဆောက်လုပ် ကြရမည့် တံတားများအနက် အကြီးဆုံးနှင့် အရှည်ဆုံး တံတားကြီးတစ်ခုပင် ဖြစ်လေသည်။

ကျွန်တော်တို့ ချွေးတပ်သားများသည် ထိုတပ်ဒိန်တံတားကြီး ဆောက်လုပ် ရေးအတွက် လိုအပ်သော တိုင်ကြီးများ၊ အောက်ခံတံတားပေါင်ကြီးများနှင့် အခြားသောတံတားနှင့် သက်ဆိုင်ရာရာ သစ်တိုင်သစ်သားများကို ဂျပန်များ စေခိုင်းသလို လုပ်ကိုင်ပေးရမည်လည်း ဖြစ်လေသည်။ ပြီးလျှင် ရထားလမ်းအကွက် တောရှင်းခြင်း၊ မြေညှိမြေဖို့ခြင်း၊ ကျောက်တုံးကျောက်ခဲများ ဖို့ပေးခြင်းပြုရပေမည်။ ကျောက်တုံးကျောက်ခဲများကိုမူ တံတားဆောက်လုပ်မည့် စမ်းချောင်းကမ်းခြေ အနီးတစ်ဝိုက်တွင် မြေများမပြိုစေရန်အတွက် ရေကာတာသဘောမျိုး လောင်းဖို့ ပေးခြင်း၊ ဝါးများ သစ်များကို ရေကာတာတည်ဆောက်လျက် ကျောက်များ လောင်းသွန်ချပေးခြင်း စသည်များကိ လုပ်ကိုင်ကြရမည်ဖြစ်လေသည်။

တစ်ဖန် မီးရထားသံလမ်းများကိုလည်း ကားများနှင့် သယ်ယူလာပြီးနောက် လမ်းဘေးတွင် ချထားခဲ့သည်ဖြစ်လေရာ တံတားဆောက်လုပ်မည့်နေရာအရောက် တစ်နေရာနှင့်တစ်နေရာ ထမ်းပိုးသယ်ဆောင်ရသည်။ ပြီးသော် အချို့သောသံလမ်း များသည် ဂျပန်အင်ဂျင်နီယာတပ်က ပေးသည့် အကိုင်းအထွာအတိုင်း သံဖြတ်လွှ များဖြင့် ဖြတ်တောက်ခြင်းပြုရသည်။

တံတားပေါင်များ၊ တံတားလက်ရမ်း စသည်များကိုလည်း ဂျပန်များက စေခိုင်းသည့်အတိုင်း ဖြတ်တောက်ရခြင်း၊ ရွှေဘော်ထိုးရခြင်း၊ ပဲကွပ်ဖြင့် ရွှေရခြင်း စသော အလုပ်များကိုလည်း လုပ်ကိုင်ခြင်းပြုကြရသည်။

ကြမ်းတမ်းသော အလုပ်များကို နေ့ရှိသရွေ့ လုပ်ကိုင်လာကြသော ချွေးတပ်သားများမှာလည်း တစ်နေ့ထက်တစ်နေ့ ကိုး၍တိုး၍ အလုပ်ဒဏ်သင့်လာ လေတော့သည်။ ဘယ်သူ့ကို ကြည့်လိုက်ကြည့်လိုက် ခြေမသယ်ချင် လက်မလှုပ်ချင် ဖြစ်နေသည့် အမူအရာမျိုးတွေသာ ဖြစ်လာကုန်ကြပါသည်။

ဤတွင် အဆိုးရွားဆုံးဖြစ်သည့် ပြဿနာနှင့်လည်း ကြုံရပြန်လေသည်။ ကျွန်တော်တို့ ချွေးတပ်သားများမှာ များသောအားဖြင့် အဝတ်တစ်ထည် ကိုယ် တစ်ခုအဖြစ်နှင့် ချွေးတပ်ထဲသို့ ပါလာကြသူများသာလျှင် ဖြစ်ကြပေသည်။ တစ်မိုးတွင်းလုံး ရွှံ့ထဲမိုးထဲတွင် အလုပ်ကြမ်းကို လုပ်ကိုင်ကြရသူများဖြစ်သော ကြောင့်လည်း ခါးဝတ်ခါးစားများမှာ ရိုပြိုစုတ်ပြတ်ကုန်ကြလေသည်။ အချို့သော ချွေးတပ်သားများမှာလည်း ဂုန်နီပိုင်းများကို ခါးတွင် ရစ်ပတ်ထားရသည့်အဖြစ်မျိုး ဆိုက်ရောက်ကုန်ကြပါသည်။

ပို၍ ဂရုနာ ဂရုနှင့် ဖြစ်စရာကောင်းသည်မှာ ထိုဂုန်နီပိုင်းများကိုပင် ချွေးတပ်သားများမှာ ခပ်လွယ်လွယ်ရကြသည် မဟုတ်ချေ။ ဂျပန်များသည်

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို ကြိုးစားပန်းစားလုပ်ကိုင်သူ ချွေးတပ်သားများကိုသာလျှင် ထိုတစ်လတစ်မိုက်သာသာမျှရှိသော ဂုန်အိတ်ပါးကလေးများကို ဆုချခြင်းပြုလေသည်။

သို့ရာတွင် ထိုတစ်လ တစ်မိုက်သာသာမျှရှိသော ဂုန်နီအိတ်ပါးကလေး တစ်ခုကို ရရှိနိုင်ရေးအတွက် တော်ရုံသဖြင့် အလုပ်ကို ကြိုးစားလုပ်ကိုင်သည် ဆိုရုံမျှနှင့်လည်း မရရှိနိုင်ပြန်ပါချေ။ ချွေးတပ်သားတစ်ယောက်သည် ထိုဂုန်နီအိတ်ပါးကလေးကို ရရှိနိုင်ရေးအတွက် တစ်လသေသေ၊ တစ်လဆန်းဆန်းဆိုသလိုပင် နေ့စဉ်နေ့တိုင်း အလုပ်ကြမ်းများကို မတန်တဆ လုပ်ကိုင်ရလေသည်။

တစ်ဖန် တစ်ခုခက်ပြန်သည်မှာလည်း ချွေးတပ်သားအတော်များများသည် ဂုန်နီအိတ်ပါးကလေးများကို လိုချင်သောကြောင့် အလုပ်ကို ကြိုးကြိုးစားစားနှင့် သေသေကျေကျေလုပ်ကိုင်မည်ဆိုပါကလည်း ထိုကဲ့သို့လုပ်ကိုင်သူ ချွေးတပ်သားတိုင်းပင် ဂုန်နီအိတ်ပါးကလေးများကို ရရှိနိုင်လိမ့်မည်တော့ မဟုတ်ပြန်ပါပေ။ အဘယ့်ကြောင့်ဆိုရပါမူ ဂျပန်များထံ၌ပင် ချွေးတပ်သားများအား လူစေ့တက်စေ ပေးရန်သော်လည်းကောင်း၊ လူများစုအတွက် ပေးရန်သော်လည်းကောင်း ဂုန်နီအိတ်ပါးကလေးများ အလုံအလောက်မရှိသောကြောင့်ပင် ဖြစ်လေသည်။

ထိုတစ်လ တစ်မိုက်သာသာမျှရှိပေသော ဂုန်နီအိတ်ပါးကလေးများမှာလည်း ကျွန်တော်တို့ ကောတွင်းချွေးတပ်စခန်းများတွင် အင်မတန်မှ တန်ဖိုးရှိ၍ အလွန်တရာ အသုံးပင် အရာရောက်လှပါသည်။ အဘယ်ကြောင့်ဆိုရပါမူ ကြမ်းတမ်းသော အလုပ်ခွင် အလုပ်စခန်းများအတွင်းမှ မိုးအရွဲ့ရွဲ့၊ ရွံ့နွံအလိမ်းလိမ်း ပေကျံစိုစွတ်လျက် မောမောပန်းပန်းနှင့် တက်ရောက်လာရသော ချွေးတပ်သားကိုင်းပင်လျှင် ဆာလောင်မွတ်သိပ်လာကြသူများချည်း ဖြစ်လေသောကြောင့် သူတို့သူတို့၏ ခါးဝတ်ပုဆိုးများကို ချက်ချင်း မီးကင်မီးမြှိုက်လုပ်နိုင်ကြသည်မဟု မဟုတ်ပါချေ။

ပြီးလျှင် ဖိထားသော မီးပုံကြီးက သုံးလေးဖိုသာ ရှိသည်။ လူအင်အားက အလွန်တရာများပြားလှသည့်အတွက် ပထမ ခါးဝတ်ပုဆိုးများကို မီးကင်မီးမြှိုက်ကာ အခြောက်ပြုလုပ်နိုင်ရေးထက် ချမ်းခိုက်ခိုက်တုန်လှုပ်သော မိမိတို့၏ ကိုယ်ခန္ဓာကို အပူဓာတ်ရရှိစေရေးက အဓိကဖြစ်နေလေတော့သည်။ ထိုအခါ မိမိတစ်ဦး တစ်ယောက်၏ အကျိုးကို ကြဲကွဲလုပ်၍ မဖြစ်ပါချေ။ ထိုကဲ့သို့ တစ်ကိုယ်ကောင်းလုပ်လျှင်လည်း မည်သူကမှ သည်းညည်းခံလိမ့်မည် မဟုတ်ပါချေ။ ထိုအကြောင်းများကြောင့်လည်း ဂုန်နီအိတ်ပါးကလေးများ ရရှိထားသော ချွေးတပ်သားများအနေနှင့်က တဲတန်းလျားသို့ ပြန်ရောက်သည်ဆိုလျှင်ပင် စိုရွှဲလာသော ခါးဝတ်ကို ချွတ်လျက် ဂုန်နီအိတ်ပိုင်းကလေးကို ခေါင်းဖြတ် လဲလှယ်ဝတ်ဆင်ထားနိုင်လေသည်။ ထမင်းစားသောက်ပြီးမှသာ စိုလာသော ခါးဝတ်ပုဆိုးကို မီးကင်ခြင်းပြုကြလေသည်။

ဤလို ဂုန်နီအိတ်ပါးကလေးများပင် ရှားပါး၍ တန်ဖိုးရှိသလို ဖြစ်နေသောကြောင့်လည်း ရံဖန်ရံခါတွင် ဂုန်နီအိတ်ပါးကိစ္စ အရှုပ်အထွေးပြဿနာများကို ကျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချိုမျှားက ရှင်းလင်းဖျန်ဖြေပေးရမည် ဖြစ်ပါသည်။

ဂုန်နီအိတ်ပါး ပျောက်ဆုံးသွားသည်ဆိုသောကိစ္စ၊ မိမိ၏ဂုန်နီအိတ်ပါးကို မည်သူမည်ဝါ၊ မည်သည့်တဲလိုင်းက ခိုးယူထားပါသည်ဆိုသောကိစ္စ၊ မိမိ၏ဂုန်နီအိတ်ပါးကို မည်သူ့ထံ၌ အတိုးမရှိ တစ်ဆယ်နှင့် ပေါင်နှံထားရာမှ သွားရောက်ရွေးယူသည့်အခါ ဂုန်နီအိတ် ပြန်မပေးသောကိစ္စ စသည်စသည်များမှာလည်း တစ်နေ့မဟုတ် တစ်နေ့ဆိုသလို ဖျန်ဖြေရှင်းလင်းပေးရပါလေသည်။

တချို့တချို့သော ဒိဘ်ဓာတ်ခက်ထန်သည့် ချွေးတပ်သားများမှာလည်း ဂုန်နီအိတ်ပါးကိစ္စနှင့် တစ်ယောက်နှင့်တစ်ယောက် ထိုးကြ သတ်ကြဖြစ်လျက် ရောက်ဆုံး ဂျပန်များထံသို့ပင် ပြဿနာရောက်ရှိသွားလေသည်။ ထိုကဲ့သို့ ဖြစ်ရလျှင်မူ ချွေးတပ်သားနှစ်ဦးစလုံး မည်သူမျှ မသက်သာကောပါချေ။ ဂျပန်က နှစ်ဦးစလုံးကို ရိုက်နှက်ခြင်း၊ ဒဏ်ပေးခြင်း စသည်ဖြင့် ညှဉ်းဆဲခြင်းပြုလေသည်။

ပြီးလျှင် ကျွန်တော်နှင့် ဘွန်ထိုက်ချို့များကိုလည်း ဓေါ်ယူကြိမ်းမောင်းခြင်းပြုတတ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချို့များသည် တော်ရုံသဖြင့် ချွေးတပ်သားများ အချင်းချင်းဖြစ်ပွားသောကိစ္စများကို ဂျပန်များထံ အရောက်မခံဘဲ ကျွန်တော်တို့အချင်းချင်း ညှိနှိုင်းဖြေရှင်းပေးကြရလေသည်။

ချွေးတပ်သားများကိုလည်း တော်ရုံသဖြင့် ကိစ္စများတွင် ဂျပန်ထံသွားရောက်တိုင်ကြားခြင်းမပြုရန်နှင့် ကြိုးမာသောကိစ္စများ ဖြစ်ပွားခဲ့လျှင်လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချို့များအား အသိပေးပြောကြားပြီးမှသာ ဂျပန်များထံ တိုင်ကြားခြင်းပြုရမည်ဟု အမိန့်ထုတ်သလို ပညတ်ထားရလေသည်။

ထိုကဲ့သို့ရှိနေခဲ့ရာမှ တစ်နေ့တွင် ကျွန်တော်တို့ တပ်ဒိန်စခန်းရှိ ဂျပန်စစ်ဗိုလ်ထဲသို့ အဝတ်အထည်များ ရောက်ရှိလာပါသည်။ အဝတ်အထည်များဆို၍ အများအပြားမဟုတ်ပါပေ။ ချွေးတပ်သားအင်အားနှင့်ဆိုပါလျှင် ဆင့်ပါးစပ်နှမ်းပက်သည့်အနေလောက်သာ ဖြစ်လေသည်။

ရောက်ရှိလာသော အထည်များမှာ အရောင်အသွေးအားဖြင့် နီနီရဲရဲကြီးတွေ၊ စိမ်းစိမ်းပြာပြာကြီးတွေ၊ ဝါဝါဝင်းဝင်းနှင့် နှစ်ရောင်ကြီးတွေ ဖြစ်လေသည်။ ပြီးသော် ထိုအထည်များမှာ ချည်ထည်များမဟုတ်ပါ။ ပါးပါးလှပ်လှပ် နှာနှတ်လျှော်၊ ငှက်ပျောလျှော်ကဲ့သို့သော အထည်များသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို အကျည်အဝတ်များသည် အလုပ်ကြိုးစားသော ချွေးတပ်သားများအား ဆုလာဘ်အဖြစ် ပေးလိမ့်မည်ဟူ၍လည်း ဂျပန်များက ကြေညာခြင်းပြုလေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ ချွေးတပ်သားများထဲမှ အချို့သောသူတို့ကမူ ဂျပန်များပေးမည်ဆိုသော ထိုအဝတ်အထည်များကိုပင် လိုချင်မှုရှိသောကြောင့်လည်း အလုပ်ကို အစွမ်းရှိသလောက် ကြိုးစားလုပ်ကိုင်ကြလေသည်။ အချို့အချို့သော ချွေးတပ်သားများမူ မည်သို့မျှ ထူးခြားလာခြင်းမရှိကြောင်း ကျွန်တော် အကဲခတ်လေ့လာမိပါသည်။ အမှန်စင်စစ် သူတို့သည် ဂျပန်များက ပေးမည်ဆိုသော အဝတ်အထည်များကို မလိုချင်၍တော့ မဟုတ်ကြပါ။ သူတို့သူတို့တွင် ထိုအဝတ်အထည်များကို ရရှိစေရန်အတွက် ကြိုးစားလုပ်ကိုင်နိုင်လောက်သည့် အားအင်ဟူ၍ မရှိရှာကြကြောင့်ပြီဖြစ်သောကြောင့်ပေတည်း။

သူတို့ကိုယ်ခန္ဓာမှ ရှိသမျှဖြစ်သော လုပ်အားစွမ်းများကို ထိုင်းမြန်မာမီးရထားလမ်းမကြီးက စားသောက်မျိုဝါလိုက်ပြီ ဖြစ်သောကြောင့် ဟူ၍သာ ဆိုရပေမည်။

တနင်္ဂနွေတစ်ပတ်ခန့်ကြာသောအခါ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် ကျွန်တော်တို့ တပ်ဒဏ်စခန်းရှိ ချွေးတပ်သားများအားလုံးကို ကွက်လပ်တွင်ရိတန်းစီစေပြီးနောက် အထက်က ကျွန်တော်တင်ပြခဲ့သော အထည်များကို အလုပ်ကြိုးစားသည်ဟု ၎င်းတို့အထင်ရှိသည့် ချွေးတပ်သားများအား ဆုလာဘ်အဖြစ် ပေးလေသည်။

ဤသို့ပေးရာတွင် ဂျပန်များက မူတစ်ခုသတ်မှတ်လျက် ပေးဝေခြင်းဖြစ်လေသည်။ ထိုမူမှာ အလုပ်ခွင်တွင် တာဝန်ကျ၍ ချွေးတပ်သားများကို ကြပ်မတ်စေခိုင်းခြင်းပြုရသော ဂျပန်စစ်သားများက တန်းစီနေသော လူအုပ်ထဲမှ ၎င်းနှစ်သက်သောကျသည့် ချွေးတပ်သားကို တန်းအပြင်သို့ ဆွဲထုတ်လိုက်လေသည်။ ထိုသူများအားလုံးကို ရွေးထုတ်ပြီးနောက် ဂျပန်စစ်ဗိုလ် ရှေ့မှောက်တွင် သွားရောက်ယူငင်ရခြင်းပင် ဖြစ်လေသည်။

ကျွန်တော့်ကိုလည်း ဂျပန်စစ်ဗိုလ်ရာမာမိုတိုက စကားပြန်သူငယ်မှ တစ်ဆင့် ချွေးတပ်သားများအား ပြောကြားရမည့် စကားများကို ပြောဆိုမှာကြားထားပြီးဖြစ်ပါသည်။

ကျွန်တော်ပြောရမည့် စကားများမှာ အဝတ်အထည်မရရှိသော ချွေးတပ်သားများသည် အဝတ်အထည်ရှိသော ချွေးတပ်သားများကဲ့သို့ အလုပ်ကို ကြိုးစားလုပ်ကြရမည်ဖြစ်ကြောင်း၊ ထို့ကဲ့သို့ကြိုးစားလုပ်ပါက နောက်တစ်ကြိမ်ပေးဦးမည့် အဝတ်အထည်များကို ရရှိလိမ့်မည်ဖြစ်ကြောင်း၊ နောက်ထပ်၍ ဂျပန်နိုင်ငံမှ

အဝတ်အထည်များ အများအပြား လာလိမ့်ဦးမည်ဖြစ်ကြောင်းနှင့် ဤမီးရထားလမ်းကြီး ပြီးစီးသွားခဲ့လျှင် မြန်မာနိုင်ငံတွင် အဝတ်အထည် အစားအသောက်များမှစ၍ လူသုံးကုန်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ ပေါများကြွယ်ဝလာမည် ဖြစ်ကြောင်း စသော ဝါဒဖြန့်စကားများပင် ဖြစ်လေသည်။

ဂျပန်များထဲမှ ဆုလာဘ်အဖြစ်ရရှိခဲ့သော အဝတ်အထည်များကို ချွေးတပ်သားများသည် အချို့က လုံကွင်းလုပ်၍ ဝတ်သည်။ အချို့သောချွေးတပ်သားများကလည်း ကျောပေါ်တွင် အင်္ကျီကဲ့သို့ သဘောထားလျက် လက်ကန်တော့ဝိုးလျက် ခြုံကြလေသည်။ အချို့ကလည်း ညအိပ်ရာဝင်သည့်အခါ စောင်ကဲ့သို့ သဘောထားလျက် ခြုံကြလေသည်။ အချို့သောချွေးတပ်သားများမှာ လုံကွင်းလုပ်၍ ဝတ်ကြရသည့် ဆိုသော်လည်း အပ်ချည်မရှိ၊ အပ်မရှိသော တောကြီးထဲတွင် ဖြစ်သည့်အတွက် မည်သူမျှ ကွင်းချုပ်ကာ ဝတ်နိုင်ကြသည်တော့ မဟုတ်ပေ။ ခါးပေါ်တွင် ပတ်ထားရုံသက်သက်မျှသာ ဖြစ်လေသည်။

ယခင်အခါများကဆိုပါလျှင် ချွေးတပ်စခန်းများသို့ မှန်ဖျေးသည်လှည်းများ မကြာခဏလာရောက်လေ့ရှိသည်။ ယခုလို မိုးအားကောင်းသော နှောက်ပိုင်းရက်၊ နှောက်ပိုင်းအချိန်များ၌မူ မွန်ဖျေးလှည်းများမှာလည်း မရောက်လာတော့ပါပေ။ ထိုအခါ ကျွန်တော်တို့သည် အပ်နှင့် အပ်ချည်ကို မဆိုထားဘီး၊ ကွမ်းသီးဖက်ဆေးလိပ်ကလေးများကိုပင် အလျဉ်မီအောင် မရှာရ၊ မရှိက်ရပါတော့ချေ။ ကျွန်တော့်အနေနှင့် ယခင်အခါများက ရခဲ့သော စီးကရက်ရှာရှင်ဆိုသည်မှာလည်း လုံးဝမရတော့ချေ။ ကျွန်တော်သာ မဟုတ်၊ ဂျပန်စစ်သားများနှင့် ဗြိတိသျှစစ်ဘုံပန်းဗိုလ်မှာလည်း မရတော့ပါချေ။

တပ်ဒဏ်စခန်းသို့ ရောက်ခဲ့သည့်အခါ၌မူ ဘွန်ထိုက်ချိုအုပ်စုအသီးသီးမှ ချွေးတပ်သားအတော်များများပင် ဓကျန်းမာဖြစ်လာကြတော့သည်။ အချို့မှာလည်း ညနေဘက် အလုပ်ကတက်လာစဉ်အခါတွင် အတော်အတန်ဖျားနာခြင်းဖြစ်ပြီး နောက်တစ်နေ့မနက် အလုပ်ဆင်းကာနီးအချိန်၌မူ အိပ်ရာမှနှိုးမရတဲ့ အသက်ပျောက်ခဲ့သည်ကိုသာ ဝမ်းနည်းဖွယ်ရာ တွေ့ရှိရမလေသည်။

တောတွင်းဆေးရုံများသို့ သွားရမည်ကို ကြောက်ရွံ့လှသဖြင့် ဖျားနာနေသည့်အတွင်းကပင် အလုပ်ခွင်အတွင်းသို့ ဆင်းသက်လိုက်ပါလာခဲ့ကြသော ချွေးတပ်သားများကိုဆိုသည်မှာလည်း ခပ်စောစောပိုင်းအချိန်များကသာ ရှိခဲ့ဖူးလေသည်။ နောက်ပိုင်းအချိန်များတွင်မူ မည်သည့်ချွေးတပ်သားမှ ဤလိုစိတ်ထားမျိုး၊ ထိုကဲ့သို့သော အမူအကျင့်မျိုး မရှိကြရာတော့ပါပေ။ သူတို့သူတို့သည် နာမကျန်းမှုဖြစ်သည်ဆိုလျှင်ပင် တဲလိုင်းထက်တွင် ဗုန်းခနဲ ပစ်လဲပါလေတော့သည်။ ဤလိုပစ်လဲ

www.burmeseclassic.com

www.burmeseclassic.com

ပြီးသည့်နောက်ပိုင်း တစ်ရက်၊ နှစ်ရက်အတွင်းပင် ခမျာများမှာ အသက်ပျောက်သွားကြရှာပါတော့သည်။ အချို့မှာလည်း ကောတွင်းဆေးရုံများသို့ မသွားလိုပါဘဲ အတင်းအဓမ္မ အပို့အလွတ်ခံကြရရှာလေသည်။

ချွေးတပ်သားများ ဤလို ကြက်ကလေးပျောက်၊ ငှက်ကလေးပျောက်ဖြစ်ကာ သေဆုံးကြရခြင်းနှင့် ကောတွင်းဆေးရုံစခန်းများရှိရာသို့ အပို့အလွတ်ခံကြရခြင်း စသောအဖြစ်များမှာလည်း အလွန်တရာ ရင်ဆိုစရာ၊ တရားသဲ့ဝေဂ ရစရာကောင်းလှသောအဖြစ်များပင် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင်လည်း ကမ္ဘာ့စစ်မက်ဘေးဆိုးကြီးတစ်ခု၏ ပက်ကြောက်ဖွယ်လိလိ ရှိအပ်သော အဖြစ်ဆိုးကို အထင်ရှားဆုံး ပြသလိုက်ခြင်းဖြစ်သည်ဟု ဆိုလောက်ပေသည်။

ဥပမာ– ချွေးတပ်သားအချို့မှာ နေ့ဘက်တွင် တုန်တုန်ချည့်ချည့်နှင့် အလုပ်ခွင်အတွင်းသို့ ဆင်းသက်လိုက်ပါခဲ့သော်လည်း နောက်တစ်နေ့မနက်တွင် အိပ်ရာမှနိုးသည့်အခါ အသက်မရှိတဲ့ ဖြစ်နေပါတော့သည်။ အနီးရှိ ချွေးတပ်သားသည် ထိုသူနှင့် ပူးပူးကပ်အိပ်နေသည်မှာ မှန်သော်ငြားလည်း ထိုချွေးတပ်သား သူ့အဖော်သည် မည်သည့်အချိန်၊ မည်သည့်နာရီက သေဆုံးသွားသည်၊ အသက်ထွက်သွားသည်ဟူ၍ပင် မသိရှိလိုက်ပါချေ။ ဖြစ်ရသောအဖြစ်မှာ တစ်နေ့လုံးကျဲ၊ နွားပမာ ရုန်းကန်လုပ်ကိုင်ခဲ့ရသူချင်း ဖြစ်သောကြောင့်လည်း အိပ်မိပြီဆိုလျှင် တာမှန်း မသိတော့ပေ။ တစ်ဦးကိုတစ်ဦး ဖေးဖေးမမ မေးလား မြန်းလား လုပ်မနေနိုင်တော့ပေ။ လုပ်လိုစိတ်လည်း မရှိပါချေ။

ဤလိုနှင့် သေဆုံးသူချွေးတပ်သားမှာ မနက်မိုးလင်းသည့်အခါ တစ်ကိုယ်လုံး ကားစက်တောင့်တင်းနေပါတော့သည်။ သူ့ကိုယ်ပေါ်၌လည်း အကျီပူ၍ အလျဉ်းမရှိ။ ခါးပေါ်တွင်မူကား တိုနန့်နန့်ဖြစ်သော ဂုန်နီအိတ်ပိုင်းကလေးမျှကိုသာ မလုံမလဲဝတ်ဆင်ထားလျက် ဖြစ်သည်။ ပြီးသော် သူ့ရင်ဘတ်ပေါ်ဗဟိုင် ပိုက်ဆံထည်သော ပါးဆစ်ဘူးကလေးမှာ ခလောက်ဆွဲထားသည့်အလား တွဲလောင်းကလေး ရှိနေလေတော့သည်။

တဲတန်းလျားပေါ်၌ ချွေးတပ်သားတစ်ရာ သေဆုံးပျက်စီးခဲ့လျှင် ခုနစ်ဆယ့်ငါးယောက်သော ချွေးတပ်သားတို့၏ အလောင်းပုံစံမှာ သည်အတိုင်းပင် ကြုံခဲ့ရလေသည်။

ထိုအတွင်းကပင် ချွေးတပ်သားများတွင် နူရာပဲစွဲ၊ လဲရာသူခိုးထောင်းဆိုသကဲ့သို့ ဖက်ခွက်အနာကြီးများကလည်း ဖြစ်လိုက်ချေသေးသည်။ ထိုအနာအဆာကြီးများ ဖြစ်ရသည့်သဘောမှာ အလုပ်ခွင်အတွင်း တစ်စုံတရာနှင့် ထိခိုက်ရာမှ မပြောပလောက်သော ပွန်းပဲ့မှုများကပင် စတင်ဖြစ်ပွားရခြင်း ဖြစ်လေသည်။

ပွန်းပဲ့ထိခိုက်ခဲ့ရသော အနာကလေးအတွင်းသို့ ထုံးကျောက်ရေများဝင်ရာမှ ထိုအနာကလေးမှာ နေ့ချင်းညချင်း ဟောင်းလောင်းပေါက်ကြီးဖြစ်လာလေသည်။ မနံ့အသက်မှာလည်း အပုပ်နံ့ထွက်လာလေသည်။ ဤတွင် ဆေးဝါးဟူ၍ကလည်း တစ်ရွေးသားမျှ မရှိ။ အလုပ်ကလည်း အပြင်းအထန်ပင်ပန်းဆိုးရွားလှ၍ ဂရုဘာစိုက်မရှိဘဲ ဖြစ်သလိုနေလိုက်သည့်အခါ အနာကဲတွင် လောက်ကောင်များ တွယ်လာလေသည်။ ထို့နောက် တဖြည်းဖြည်းတစစကြီးလာပြီး အချို့အချို့သော ချွေးတပ်သားများမှာ ထိုအနာကြောင့်ပင် အသက်သေဆုံးကြရပါလေသည်။

နောက်ပိုင်းအချိန်များသည် ချွေးတပ်သားများအဖို့ အကြီးအကျယ် ကံဆိုးမိုးမောင်ကျရောက်သည့်အချိန်ပင် ဖြစ်လေသည်။ ဂျပန်များသည် ချွေးတပ်သားများအတွက် ကျန်းမာရေးကိုလည်း ဂရုမစိုက်နိုင်တော့ပေ။ စားရေးသောက်ရေးအတွက်လည်း ထို့အတူပင် ဖြစ်လေသည်။ အဝတ်အထည်ဆိုလျှင်လည်း တစ်ကြိမ်တစ်ခါသာ လာပြီးနောက် နောက်ထပ်၍ မမြင်မတွေ့ရတော့ချေ။ ဆေးဝါးမှာလည်း ကိုနိုင်ဆေးပြားလောက်ကိုပင် မမြင်ရတော့ချေ။ ထောတွင်းချွေးတပ်စခန်းများသည် ဖုတ်ဝင်နေသော သရဲတစ္ဆေများ လှုပ်ရှားသွားလာနေသည့် နေရာဒေသတစ်ခုကဲ့သို့ အ,မင်္ဂလာအပေါင်းနှင့် ပြွမ်းတီးနေလေတော့သည်။

ထိုကဲ့သို့ရှိနေရာခဲ့ရာမှ မိုးကုန်လုလုအချိန်သို့ ရောက်ရှိခဲ့သည့်အချိန်၌မူ ဂျပန်များသည် တပ်ဒိန်တဲ့ကားကြီး၏ တိုင်ကြီးများကို စမ်းချောင်းအတွင်း စတင်ကာ စိုက်ထူခြင်းပြုလေသည်။

တဲ့တားတိုင်ကြီးများ စိုက်ထူရာ [illegible] ကသွင်သွင် တဟောဟော စီးဆင်းနေသော စမ်းချောင်းရေအတွင်း၌ စိုက်ထူရခြင်းဖြစ်လေရာ တကယ်တမ်းအနေနှင့်မူ သက်သာလွယ်ကူသည့် အလုပ်တစ်ခု မဟုတ်ပါချေ။

စမ်းချောင်းရေအတွင်း အောက်ခံမြေသားမှာလည်း မြေရိုးရိုးမဟုတ်။ အလွန်တရာမာကျောလှသည့် ကျောက်တုံးကျောက်ခဲ ကျောက်မြေများဖြစ်လေသည်။ ဇရပ်မှာလည်း မိုးအခါ တောင်ကျရေများ အလွန်တရာကျဆင်းနေသည့်အချိန်အခါဖြစ်ခြင်းကြောင့် စမ်းချောင်းရေ၏ အစီးအလျဉ်နှုန်းသည် လူတစ်ယောက်ကို အလွယ်နှင့် ဆွဲဆောင်သွားနိုင်သည့် အစွမ်းသတ္တိရှိလေသည်။ တော်ရုံတန်ရုံ ရေကူးတတ်သူ တစ်ဦးတစ်ယောက်သည် စမ်းချောင်းရေစီးတွင် မျောပါသွားမည်ဟု ဆိုပါက မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်ဖွယ် အကြောင်းမရှိပါချေ။ ထိုသူ၏ အလောင်းကိုပင် ပြန်လည်၍ ရနိုင်စရာအကြောင်း မမြင်ပါချေ။

ထို့ကြောင့်လည်း ကျွန်တော်သည် စမ်းချောင်းအတွင်း ရေနက်ကျင်ဆင်းသက်၍ အလုပ်လုပ်ကြရမည်ဖြစ်သော ချွေးတပ်သားများကို မြစ်ဝကျွန်းပေါ်

www.burmeseclassic.com

www.burmeseclassic.com

သား ရေကူးရေငုပ်ကျွမ်းကျင်သူများအား စေခိုင်းတာပန်ပေးပါရန် ဂျပန်စစ်ဗိုလ် ရာမာမိုတိုနှင့် သဘောပေါက်အောင် စကားပြန်ကအလေး မောင်အေးချို့နှင့် မောင်ပြု၊ တို့မှတစ်ဆင့် ဆွေးနွေးပြောကြားခြင်း ပြုရလေသည်။

ထိုကိစ္စကိုမူ ဂျပန်စစ်ဗိုလ် ရာမာမိုတိုက အလွယ်တကူပင် သဘောပေါက် လက်ခံခြင်းပြုပါသည်။ ဤလို ခပ်လွယ်လွယ် သဘောပေါက် လက်ခံခြင်းပြုသည် မှာလည်း အကြောင်းရှိထားသောကြောင့် ဖြစ်လေသည်။

တံတားတိုင်များကို စိုက်ထူကြရန် စတင်စီမံကြသော ပထမဦးဆုံးနေ့တစ်နေ့ တွင် မွန်ချွေးတပ်သားတစ်ယောက်နှင့် ဘွန်ကိုက်ချို ကိုသာမြိုင်၏ အုပ်စုထဲမှ ချွေးတပ်သားသန်းမောင်ဆိုသူမှာ စမ်းချောင်းရေစီးတွင် မျောပါသွားခဲ့လေသည်။

မိုးသက်ကလည်း အပြင်းအထန် ရွာသွန်းနေခိုက်ဖြစ်လေသည်။ ထိုသူ နစ်ယောက် ရေထဲမျောပါသွားသည်မှာ မြို့ပျဉ်ပေါ်ချည် အတန်ကြာဖြစ်နေပါ သေးသည်။ ကမ်းပေါ်ရှိနေသော ကျွန်တော်တို့ ချွေးတပ်သားများရော၊ စစ်သုံ့ပန်း ချွေးတပ်သား ဖြိုတိသျှစစ်သားများကပါ ထိုသူနစ်ယောက်၏ အသက်ကို ကယ် တင်ရန် ကြိုးစားကြသော်လည်း အကြောင်းမထူးတော့ချေ။ ကျွန်တော်တို့နှင့် သုံ့ပန်းစစ်သားများက ကြိုးခွေများ ပစ်ချပေးလိုက်သော်လည်း လိုရာသို့မရောက်ဘဲ ဖြစ်နေရလေသည်။

မိုးသက်က အပြင်းအထန် ရွာသွန်းနေခြင်း၊ လေပြင်းကလည်း တဟဟ အသံမြည်လျက် အပြင်းအထန်ကိုက်ခိုက်နေသည့်အခါ ကျောက်တုံးကျောက်ဆောင် များထက်မှ ဗိုဗိုကိုယ်ကိုပင် လိမ့်ကျမသွားစေရန် အထူးသတိထားရလေသည်။

ဤလိုနှင့် မွန်အမျိုးသား ချွေးတပ်သားရော၊ သန်းမောင်အမည်ရှိ ချွေးတပ်သား တို့ပါ ရေလုံးရေယက်ကြီးများ၏ ရိုက်ခတ်ဖိနှိပ်မှုအောက်တွင် ထွေးလုံးပါသွားပြီး နောက်ဆုံးဦးမှ စုံးစုံးမြုပ်သွားလေတော့သည်။

ဂျပန်စစ်ဗိုလ် ရာမာမိုတိုသည်လည်းကောင်း၊ အိနားမတ်ဆုဆိုသော ကပ္ပတိန် အဆင့်ရှိ ဂျပန်စစ်ဗိုလ်သည်လည်းကောင်း၊ အင်္ဂလိပ်သုံ့ပန်းစစ်ဗိုလ်နှင့် ကျွန်တော် တို့ ချွေးတပ်သားများသည်လည်းကောင်း မည်သို့မျှ မတတ်နိုင်ကြတော့ပါချေ။ အားလုံးပင် လက်လျှော့လိုက်ကြရလေသည်။

ထိုအဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသောကြောင့်လည်း ဂျပန်စစ်ဗိုလ် ရာမာမိုတို သည် ကျွန်တော်ပေးသည့်အကြံဉာဏ်ကို လက်ခံခြင်းဖြစ်လေသည်။

ပြီးလျှင် သုံ့ပန်းစစ်ဗိုလ်သည့် ဂျပန်စစ်ဗိုလ်ကို ပြောကြားလျက် တံတား တိုင်များ ထူရမည့်အောက်ဘက် ကိုက်နှစ်ဆယ်အစိတ်အကွာလောက်တွင် ဝါးပိုး ဝါးလုံးကြီးများကို ကြိုးချည်လျက် တန်းသောများ ပြုလုပ်ပေးလေသည်။ သူ့

အကြံ၊ သူ့စိတ်ကူးမှာလည်း မဆိုးပါချေ။ အကယ်၍ တစ်နုံတစ်ယောက်သော ချွေးတပ်သားသည် ခြေချော် လက်ချော်ဖြစ်ကာ ရေစီးတွင် မျောပါသွားမည်ဆိုပါက ထိုဝါးပိုးဝါးလုံးကြီးများကို ဖက်တွယ်ထားပြီးနောက် ကမ်းခြေအရောက် ကူးလာနိုင်သောကြောင့်ပင် ဖြစ်လေသည်။

ကျွန်တော်တို့သည် တံတားတိုင်ကြီးများကို စိုက်ထူခြင်းပြုရန်အတွက် ဦးစွာပထမ စက်သီးတပ်ကြီးများနှင့် တိုင်များကို ခက်ခဲပင်ပန်းစွာ ဆင်ကြရ လေသည်။ ထိုကဲ့သို့ စက်သီးကြီးများ ဆင်ပြီးနောက်မှ အလေးချိန်အင်အား အလွန်တရာကြီးမားသော သံတုံးကြီးတစ်တုံးကို ကြိုးတွင် ဆွဲချည်ထားရသည်။ ပြီးမှ စိုက်ထူလိုသော သစ်သားတိုင်ကြီးကို ကြိုးများဆိုင်းကြပြီးနောက် ချွေးတပ်သား အချို့က ကုန်းပေါ်မှနေလျက် စက်သီးကြိုးကို ဆွဲလိုက်၊ ချလိုက် လုပ်ကြရလေသည်။ ထိုအခါ ကြိုးတွင် တပ်ဆင်ထားသော သံတုံးကြီးက စိုက်ထူသောတိုင်၏ ထိပ် တည့်တည့်ကို တဒုန်းဒုန်းထုနှက်ခြင်းဖြင့် မာကျောလှသော ကျောက်မြေအတွင်းသို့ ၁၀ အီအိဝင်သွားလေသည်။ စိုက်ထူသောတိုင်၏ အောက်ခြေကိုမူ အချွန်ပြုလုပ်ထား လေသည်။

တံတားတိုင်ကြီးများကို ဤလိုစိုက်ထူခြင်းပြုရာ၌ ရေစီးအလွန်ကြမ်းသော နေရာများတွင်မူ တစ်လုံးတည်းစိုက်ထူခြင်း မဟုတ်ပါပေ။ တစ်နေရာတွင် တိုင် သုံးတိုင်ကျ စိုက်ထူခြင်းပြုလေသည်။ စိုက်ထူရာ၌မူ တစ်တိုင်ပြီးတစ်တိုင် စိုက်ထူ လေသည်။

သို့ရာတွင် စမ်းချောင်းတံတားကူးအတွက် အောက်ခံတိုင်မကြီးများကို စိုက်ထူခြင်းပြုရာ၌လည်းကောင်း၊ တံတားပေါင်များကို သံစို့ရိုက်ခြင်း၊ မူလိတွယ်ခြင်း ပြုရာ၌လည်းကောင်း စစ်သုံ့ပန်းချွေးတပ်သားများမှာ အများဆုံးတာဝန်ယူလျက် လုပ်ကိုင်ကြရလေသည်။ ဤအလုပ်များမှာ အတိုင်းအထွာမှစလျက် ပညာပါသော အလုပ်များဖြစ်လေသည်။ သို့ရာတွင် သူတို့အနေနှင့်လည်း မသက်သာလှချေ။ အားလုံးပင် ဆင်းရဲပင်ပန်းစွာဖြင့် ခပ်ကြမ်းကြမ်းလုပ်ကိုင်ကြရလေသည်။

ကျွန်တော်တို့သည် တံတားဆောက်လုပ်ခြင်းအလုပ်ကို လုပ်ကြရသည့် အခါ၌မူ ယခင်အခါများကလို ညနေ ၆ နာရီအလုပ်သိမ်း၍ စခန်းသို့ပြန်ရသည့် အဖြစ်မျိုး မဟုတ်တော့ချေ။ မိုးမရွာသောနေ့များဆိုပါလျှင် ည ၁၀ နာရီ၊ တစ်ခါတစ်ရံ ၁၂ နာရီအထိ ခိုင်းစေခြင်းပြုလေသည်။ တစ်ခါတစ်ခါ၌မူ မိုးစင်စင် လင်းသည်အထိ စေခိုင်းခြင်းပြုလေသည်။ သည်လို တစ်ညလုံး မိုးအလင်းခိုင်းသော ကြောင့် နောက်တစ်နေ့မနက်တွင် စခန်းသို့ပြန်လွှတ်ခြင်းကိုလည်း မမှီနေချေ။ တစ်နေ့လုံးအလုပ်ခိုင်းပြီး ညနေ ၆ နာရီ၊ ၇ နာရီအချိန်ရောက်မှ ပြန်လွှတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ညတစ်ညလုံး တံဟားဆောက်လုပ်ခြင်းပြုသည့်အခါ၌ အလင်းရောင်ရှိစေရန်အတွက် ကာဗွန်မိုးတိုင်ကြီးများကို ထိန်လင်းစွာ ထွန်းညှိထားလေသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းအဖြစ်မှ မိုးအတော်ကလေး အရွာအသွန်းရပ်စဲသွားသည့် အချိန်တစ်ချိန်တွင်မူ ဂျပန်တို့သည် တံတားဆောက်လုပ်ခြင်းကိစ္စကို အပူတပြင်းလုပ်ဆောင်ခြင်း ပြုပါလေတော့သည်။ စစ်သုံ့ပန်းများကိုလည်းကောင်း၊ ရွေးတပ်သားများကိုလည်းကောင်း တဲတန်းလျားစခန်းရှိရာသို့ လုံးဝပြန်ခွင့်မပေးဘဲ စေခိုင်းခြင်းပြုလေသည်။

ကျွန်တော်တို့ ရွေးတပ်အဖွဲ့သားများသည် နှစ်နေ့နှင့် နှစ်ညတိတိ ကြာရှိခဲ့သည့်တိုင် စခန်းရှိရာသို့လည်း မပြန်ကြရ၊ အိပ်လည်း မအိပ်ရ ဖြစ်ကြရလေသည်။ သို့ရာတွင် တချို့တချို့သော ရွေးတပ်သားများသည် ညဘက်အချိန်သို့ရောက်လာသည်ဆိုလျှင်ပင် လူအုပ်ထဲမှ လစ်ထွက်သွားလျက် သစ်ပင်ကြီးများအောက်၌လည်းကောင်း၊ စမ်းချောင်းကျောက်ဆောင်များထက်၌လည်းကောင်း ဂျပန်များ မသိအောင် သွားရောက်လျက် အိပ်စက်ကြလေသည်။

ဤအဖြစ်ကိုမူ လူအင်အား အလွန်တရာများပြားလှခြင်းကြောင့် ဂျပန်များမှာ ရုတ်တရက် မသိဘဲ ဖြစ်နေကြလေသည်။ ပြီးသော် တပ်ဒိန်တံတားကြီးကို မိုးကုန်၍ ဆောင်းအလယ်ရာသီအရောက်တွင် အပြီးအစီးဆောက်လုပ်ကြရန် ဂျပန်များ ရည်ရွယ်သတ်မှတ်ထားကြလေသည်။ ထိုတံတားကြီးပြီးလျှင်လည်း နောက်ထပ်လျက် တံတားကလေးများ အဖြောက်အဖြာဆောက်လုပ်ရပေဦးမည်။ တံတားဖန် ဆောက်လုပ်ပြီး တံတားများ အတော်အတန်အသားကျသွားလျှင် ဇလီဖားခင်းခြင်း၊ သံလမ်းချခြင်း ပြုရပေလိမ့်မည်။ ဂုဏ်းလမ်းအားလုံးပြီးစီးရမည့်အချိန်သည် ဆောင်းနောင်းရာသီလောက်ဟူ၍ ဂျပန်များ ခန့်မှန်းသတ်မှတ်ထားလေသည်။ ထို့ကြောင့် ဂျပန်စစ်သားအချို့မှာလည်း သူတို့နှင့် တန်ရာတန်ရာဖြစ်သော ကိစ္စများကို ဝင်ရောက်လုပ်ကိုင်ကြလေသည်။ ထို့ကြောင့်လည်း ရွေးတပ်သားအချို့ပုန်းလျှိုးအိပ်ကြသည်ကို ဂျပန်များ မသိရှိကြခြင်းပင် ဖြစ်လေသည်။

ထိုကဲ့သို့ ရွေးတပ်သားများအား နှစ်ရက်၊ သုံးရက် နေ့ည မအိပ်မနားရဘဲ ဆက်တိုက်စေခိုင်းခြင်းပြုသည့်အခါ၌ကား ဂျပန်စစ်ဗိုလ်ရာမာမိုတိုသည် ကျွန်တော်တို့ ရွေးတပ်သားများအား နှစ်ဆိုင်းမွဲထားလေသည်။ ဤသို့ အဆိုင်းနှစ်ဆိုင်းခွဲလိုက်သည်မှာလည်း စောစောပိုင်းအချိန်က မဟုတ်ပေ။ နောက်ပိုင်းအချိန်၌သာ ဖြစ်လေသည်။

နောက်ပိုင်းအချိန်၌မူ တံတားဟိုင်ကြီးများ အားလုံးလိုလိုပင် စိုက်ထူ၍ ပြီးစီးသွားပေပြီ။ တံတားပေါင်ကြီးများလည်း တချို့တဝက်ပြီးစီးသွားပြီးတော့

ပြန်လေသည်။ ထိုအခါ လူအင်အားက အလွန်တရာများပြားနေသောကြောင့် နှစ်ဖိုင်းခွဲလိုက်ခြင်း ဖြစ်လေသည်။ တစ်ဆိုင်းက တံတားဆောက်လုပ်ခြင်းကိစ္စကို လုပ်နေရသည့်အချိန်တွင် ကျန်တစ်ဆိုင်းက ကျောက်ထုခြင်း၊ မီးရထားထင်းအတွက် သစ်ပင်များခုတ်လှဲလျက် ထင်းတုံးများ ဖြတ်တောက်စုပုံခြင်း ပြုရလေသည်။ ထိုဆိုင်းမှာမူ ညနေ ၆ နာရီဆိုလျှင် အလုပ်ခွင်မှ တဲလိုင်းစခန်းရှိရာသို့ ပြန်ကြရမည်ပင် ဖြစ်လေသည်။

ကျွန်တော့်မှာ မအူပင်ခရိုင် ရွေးတပ်သားအဖွဲ့နှင့် လိုက်သည့်အခါ လိုက်ရလျက်၊ ဘွန်ထိုက်ချို ကိုသာမြိုင်တို့အဖွဲ့နှင့် လိုက်သည့်အခါ လိုက်ရလေသည်။ ဤသို့ အလှည့်ကျလိုက်နေရသည်မှာလည်း စင်စစ် ကျွန်တော့်သဘောနှင့်ကျွန်တော် မဟုတ်ပါပေ။ ကုမေကာ၏ အစီအစဉ်အတိုင်း လိုက်ရခြင်းသာ ဖြစ်လေသည်။

ထိုနေ့မှာ မအူပင်ခရိုင်မှ ရွေးတပ်သားများ တံတားဆောက်လုပ်ရာ၌ ကဝန်ကျနေသည်မှာ သုံးရက်ပြည့်မြောက်သောနေ့ပင် ဖြစ်လေသည်။ အချိန်မှာ ညနေ ၆ နာရီမှပင် ကျော်လွန်ခဲ့ပေပြီ။

အခါတိုင်းကဆိုပါလျှင် ဂျပန်စစ်ဗိုလ် ရာမာမိုတိုသည် တံတားဆောက်လုပ်သည့် ရွေးတပ်သားအဆိုင်းအား သုံးရက်ထက် ပို၍မခိုင်းပေ။ သုံးရက်ပြည့်လျှင် ကျန်သောအဆိုင်းနှင့် အလှည့်ချင်းပြောင်းပေးလေ့ ရှိလေသည်။ ထိုအခါ တံတားဆောက်ရာလုပ်ငန်းခွင်သို့ ဝင်ရောက်ရမည့်အဆိုင်းသည် ညနေ ၅ နာရီလောက်ကပင် တံတားဆောက်လုပ်သည့်နေရာသို့ ရောက်ရှိလာစမြဲဖြစ်သော်လည်း ယနေ့ကမူ ၆ နာရီကျော်လွန်ခဲ့သည်အထိ မရောက်လာကြသေးဘဲ ရှိလေသည်။

ထိုအခါ သုံးရက်လုံးလုံး နေ့မနား၊ ညမနား လုပ်ကိုင်ခဲ့ကြရသော ရွေးတပ်သားများမှာလည်း အလွန်တရာ ပင်ပန်းနွမ်းနယ်ကြကာ တညည်းညည်း တညူညူ ဖြစ်လာကြပါတော့သည်။ အချို့မှာလည်း တောင်ကပ် မြောက်ကပ်၊ ကောင်ရောင် မြောက်ရောင် လုပ်လာကြပါတော့သည်။ ရွေးတပ်သားများသာ မဟုတ်၊ ဘွန်ထိုက်ချို၊ ဟန်ချို စသူများပင်လျှင် ဟိုလိုလို၊ ဒီလိုလို လုပ်နေကြလေတော့သည်။

ဤကဲ့သို့ဖြစ်နေခိုက်၌ပင် စကားပြန်ကလေး မောင်အေးချိုသည် ဂျပန်စစ်ဗိုလ်က ခေါင်ကြောင်းနှင့် ကျွန်တော့်အား လာရောက်၍ ပြောကြားခြင်း ပြုလေသည်။ ကျွန်တော်သည် ဘွန်ထိုက်ချို ကိုကောင်းစိန်တို့လူစုအား ထိုအကြောင်းကို ပြောကြားခဲ့ပြီးနောက် မောင်အေးချိုနှင့်အတူ ဂျပန်စစ်ဗိုလ်ရှိရာသို့ လိုက်ပါလာခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကုမေကာကမူ ရွက်ဖျင်တဲကလေးအတွင်းမှ ကျွန်တော် ထွက်တော့မည့် ဆဲဆဲ၌ပင် ချွေးတပ်သားအား လုံး အလုပ်မှ ရပ်နားခွင့်ပေးလိုက်ကြောင်း၊ အား လုံး စခန်းရှိရာသို့ ပြန်ကြရန်အတွက် စီစဉ်ထားရမည်ဖြစ်ကြောင်း၊ ထင်းရောင်းများ၊ ဝါးရောင်းများကိုလည်း မီးစည်း မီးတိုင်များ အသင့်လုပ်ထားရမည်ဖြစ်ကြောင်း ပြောဆိုအမိန့်ပေးခြင်း ပြုလိုက်ပါသည်။

ကျွန်တော်သည် ကုမေကာ အမိန့်ပေးလိုက်သည့်အတိုင်း ချွေးတပ်သားများ အားလုံးကို စုစည်းခြင်းပြုပြီးနောက် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကိုလည်း စခန်းတွင် ဝမ်းရောဂါဖြစ်နေသည့်အကြောင်းနှင့် မကြာမီ စခန်းသို့ ပြန်ကြရန်အတွက် မီးစည်း၊ မီးတုတ်များ ပြုလုပ်ထားရမည်ဖြစ်ကြောင်း ပြောကြားခြင်းပြုရပါလေသည်။

စခန်းတွင် ဝမ်းရောဂါဖြစ်ကြောင်း သတင်းကို ကြားသိကြရသော ဘွန်ထိုက်ချိုနှင့် ဟန်ချိုတို့ပင် မျက်စိမျက်နှာမကောင်းဘဲ ဖြစ်ကြပါလေသည်။ သို့ရာတွင် ကျွန်တော်တို့သည် ချွေးတပ်သားများကိုမူ ထိုသတင်း ထိုအကြောင်းကို လုံးဝ မပြောကြားဘဲ တညီတညွတ်ပင် အုပ်ဆိုင်းထားကြပါသည်။ ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ ဝမ်းရောဂါဖြစ်ကြောင်း ချွေးတပ်သားများ သိရှိသွားလျှင်လည်း မည်သို့မျှ အကြောင်းထူးလိမ့်မည်မဟုတ်၊ စခန်းရောက်မှပင် အသိပေးပြောကြားမည်၊ ယခုကား စိတ်သက်သာခွင့်ရှိသလောက် ရှိကြပါစေတော့ဟူသော သဘောပင် ဖြစ်ပါသည်။

သို့နှင့် နောက်ထပ် နာရီဝက်လောက်ကြာသွားသောအချိန်ဟုင် ကုမေကာနှင့် အခြားကျပန်စစ်ဗိုလ်၊ စစ်သားများ ကျွန်တော်တို့ရှိရာသို့ ရောက်လာကြလေသည်။ ကျပန်စစ်သားနှစ်ယောက်၏ လက်တွင် ကညင်ဆီချောင်းများ နှစ်ဆယ်၊ ခဲစိတ်ခန့် ပါရှိလာလေသည်။ ကျပန်စစ်သားသည် ကုမေကာ၏ အမိန့်အရ ကညင်ဆီချောင်း အချို့ကို ဘွန်ထိုက်ချိုနှင့် ဟန်ချိုဖြစ်သူများအား ကစ်ဉီးလျှင် တစ်ချောင်းကျ ဝေငှပေးလေသည်။

မကြာမီ ကျွန်တော်တို့အားလုံးသည် မီးစည်း မီးတိုင်များ ကိုင်ဆောင်ခြင်း ပြုကြလျက် ကျပန်များ ရှေ့ဆောင်ကာ စခန်းရှိရာသို့ ထွက်ခွာခဲ့ကြလေသည်။

အမှောင်နှင့်မည်းမည်းဖြစ်နေသော တောကြီး၊ တောင်ကြီးထဲ၌ မီးတိုင် မီးစည်းများကို ကိုင်ဆောင်ကာ တဖြည်းဖြည်းချင်း ထွက်ခွာလာကြသော ကျွန်တော်တို့ ချွေးတပ်သားအုပ်စုကြီးမှာ ကြည့်ရမြင်ရသည်ကပင် တစ်မျိုးတစ်ဖုံ စိတ်ခွောက်ချားဖွယ်ရှိလိမ့်မည်ဟု ကျွန်တော် ယူဆမိပါသည်။ ကျွန်တော်တို့သည် အကြောင်းတစ်ခုခုကြောင့် ပျက်စီးဆိတ်သုဉ်းသွားသော မြို့ကြီးရွာကြီးမြို့များကို

ဟံသာဆောက်လုပ်နေသည့် အချိန်အတွင်း ကျပန်စစ်ဗိုလ် ရာမာမိုတို့ နေထိုင်သည်မှာ ရွက်ဖျင်တဲငယ်တစ်လုံးအတွင်း၌ ဖြစ်ပါသည်။ ထိုတဲငယ်မှာ ဆောက်လုပ်နေသော တပ်ဒိန်တဲတားကြီးနှင့် အနီးကပ်ဆုံးနေရာတွင် ရှိပါသည်။ ကျပန်စစ်သားများနေသော တဲတန်းလျားများနှင့် လက်နက်ကိရိယာဂိုဒေါင်၊ စားနပ် ရိက္ခာဂိုဒေါင် စသည်များမှာမူ ရာမာမိုတို့၏ ရွက်ဖျင်ကဲကလေးနှင့် အတန်ငယ်မျှ အကွာအလှမ်းတွင် ဖြစ်လေသည်။

ရွက်ဖျင်တဲကလေးအတွင်းရှိ ကျပန်စစ်ဗိုလ် ရာမာမိုတို့၏ ရှေ့သို့ ရောက်ရှိသည့်အခါ၌မူ ကျွန်တော်သည် ကုမေကာနှင့်အတူ အခြားသောကျပန်စစ်ဗိုလ်နှင့် စစ်သားလေးငါးယောက်ကိုလည်း တွေ့မြင်ရလေသည်။ ကျပန်စစ်ဗိုလ်များထဲတွင် ကျွန်တော် တစ်ခါမျှ မတွေ့မမြင်ဖူးသော ကျပန်ဆရာဝန်နှစ်ယောက်ကိုလည်း တွေ့မြင်ရလေသည်။

ဤတစ်ကြိမ်တွင် ကျပန်စစ်ဗိုလ် ရာမာမိုတို့ မျက်စိမျက်နှာ မကောင်းသလို ဖြစ်နေသည်ဟူ၍လည်း ကျွန်တော် ယူဆမိပါသည်။ ကျွန်တော်၏ ယူဆချက် မှန်ကန်ကြောင်းကိုလည်း မကြာမီအချိန်ကလေးအတွင်း၌ပင် သိရပါသည်။

တပ်ဒိန်စခန်းရှိ ချွေးတပ်တဲလိုင်းများတွင် ဝမ်းရောဂါဖြစ်နေကြောင်း ရာမာမိုတို့က ပြောပါသည်။ ပြီးလျှင် ချွေးတပ်သားများအား ရေကို မကျိုမချက်ဘဲ သောက်သုံးခြင်းမပြုရန်၊ တဲတန်းလျားများအတွင်း မီးမပြတ်ထည့်ထားရန်နှင့် ဖြစ်နိုင်ခဲ့လျှင် ရေနွေးများ ကျိုပြီးနောက် တဲလိုင်းများကို ဆေးကြောပစ်ရန် ချွေးတပ်သားများအား ခိုင်းစေရန် ပြောကြားခြင်းပြုပါသည်။ ပြီးလျှင် ကျပန်စစ်ဗိုလ် ကုမေကာက ဆေးများပေးလိမ့်မည်ဖြစ်ကြောင်း၊ ထိုပေးသောဆေးရည်များကို ရေနွေးနှင့်ရောစပ်ပြီးနောက် တဲတန်းလျားများ၏ အတွင်းအပြင်များကို ပက်ဖျန်းရမည်ဖြစ်ကြောင်း၊ စားကြွင်းစားကျန်များနှင့် အမှိုက်သရိုက်များကို ရှင်းလင်း မီးရှို့ပစ်ရမည်ဖြစ်ကြောင်း၊ ချွေးတပ်သားတစ်ဦးတစ်ယောက် သေဆုံးခဲ့လျှင် အမြန်ဆုံးမြှုပ်ပစ်ရမည်ဖြစ်ကြောင်း၊ ကျပန်မာစတာများထံ အကြောင်းကြားခြင်း ပြုနေရန်မလိုကြောင်း စသည်များကို ပြောလေသည်။

ထို့နောက် ကျွန်တော်တို့ တပ်ဒိန်စခန်းရှိ ချွေးတပ်သားများအား အလုပ်မှ သုံးရက်အနားပေးလိုက်ကြောင်း ပြောပါသည်။

ဤကိစ္စများပြီးစီးသည့်အခါ ကျွန်တော်တို့ကို သွားခွင့်ပြုလိုက်ပါသည်။ ကုမေကာ၊ အခြားသော ကျပန်စစ်ဗိုလ် ဆရာဝန်နှစ်ဦးနှင့် ကျပန်စစ်သားများမှာမူ ရွက်ထည်တဲကလေးအတွင်း၌ပင် ကျန်ရစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စွန့်လွှတ်လျက် ယွက်ပြေးတိမ်းရှောင်လာကြသော လူအုပ်လူလေးကြီးနှင့်ပင် တူနေသယောင်ရှိသည်ဟု ကျွန်တော် တွေးလိုက်မိပါသည်။

ကမ္ဘာကြီးတွင် အမျိုးရှိသော ဂျပန်စစ်ဗိုလ်၊ စစ်သားများမှာမူ ကညင်ဆီချောင်းများကို မီးထွန်းညှိလျက် ကျွန်တော်တို့ရှေ့မှ အလျင်သွားနှင့်ကြလေသည်။ ကျွန်တော်တို့ ချွေးတပ်သားများသည် သူတို့၏ခြေလှမ်းများကို အမီမလိုက်နိုင်ကြပါပေ။ မကြာမီ သူတို့သည် ကျွန်တော်တို့၏အမြင်မှ ကွယ်ပျောက်၍ သွားကြလေသည်။

ဘွန်ထိုက်ချို ကိုကောင်းစိန်၊ ဟန်ချို ကိုချစ်တီးနှင့် ကိုအောင်သိန်းစသူများသည် ကျွန်တော့်အနီးသို့ ကပ်လာပြီးနောက် စခန်းတွင် ဖြစ်ပွားနေသော ဝမ်းရောဂါနှင့် ပတ်သက်သည့် အခြေအနေကို မေးမြန်းခြင်းပြုကြပါလေသည်။ သို့ရာတွင် သူတို့မေးမြန်းသောကိစ္စကို ကျွန်တော်ကလည်း ဘာတစ်ခုမှ အတိအကျ အဖြေမပေးနိုင်ပါဖူး။ ကျွန်တော့်အနေနှင့်ကလည်း ဂျပန်စစ်ဗိုလ် ရာမာမိုတိထံမှ ပြောကြားချက်များ၊ ညွှန်ကြားချက်များကိုသာ မောင်အေးချိုထံမှ တစ်ဆင့်ခံကြားသိခဲ့ရခြင်းသာလျှင် ဖြစ်လေသည်။

ကျွန်တော်တို့ ချွေးတပ်သားများသည် တဖြည်းဖြည်းနှင့် တပ်ဒိန်စခန်းအနီးသို့ ရောက်ရှိခဲ့ကြလေသည်။ စခန်းအနီးသို့ရောက်သည်ဆိုလျှင်ပင် အခါတိုင်းနှင့်မတူ ထူးခြားနေသော စခန်း၏ အနေအထားကို လှမ်းမြင်ကြရလေသည်။

စခန်းတစ်ခုလုံး မီးပုံများ၊ မီးရောင်များဖြင့် ထိန်ထိန်တောက်လျက်ရှိလေသည်။

မီးပုံမီးအလင်းရောင်များသည် ချွေးတပ်သားများနေထိုင်သည့် တဲတန်းလျားများရှိရာမှလည်းကောင်း၊ စစ်သုံ့ပန်း ချွေးတပ်သားများနေထိုင်သည့် တဲတန်းလျားများမှလည်းကောင်း၊ ဂျပန်စစ်သားများ ဖန်ထိုင်ကြသည့် တဲအိမ်ငယ်များနှင့် စစ်တန်းလျားအဆောက်အအုံများမှလည်းကောင်း၊ စခန်းတစ်ခုလုံး ဟိုနေရာ၊ သည်နေရာ စသည်များမှလည်းကောင်း အနှံ့အပြား လင်းထိန်နေပါသည်။

မကြာမီ ကျွန်တော်တို့သည် စခန်းအဝင်ပေါက်ဝသို့ ရောက်ရှိသွားကြလေသည်။ ဂျပန်စစ်သားအုပ်ချုပ်သည် အဝင်ပေါက်ဝမှ စောင့်လျက် ကျွန်တော်တို့အား သစ်သားခွက်ကြီးများအတွင်း၌ လက်ဆေးခြင်းပြုစေပါသည်။ သစ်သားခွက်ကြီးများအတွင်း၌မူ ကာဘော်လစ်ဆီများကို ရေနှင့်ရောစပ်လျက် ဖျော်ထားခြင်းပင် ဖြစ်ပါသည်။

လက်ဆေးကြောပြီးသော ချွေးတပ်သားများသည် တဲတန်းလျားအပေါက်ဝသို့နှစ်ယောက်တစ်တွဲ သွားကြရပြန်ပါသည်။ ဤလိုသွားကြရပြီးနောက် စခန်း

ဆဝင်ပေါက်ဝသို့ ရောက်သည်ဟုဆိုလျှင်ပင် ခါးပေါ်တွင် ဝတ်ဆင်ထားသော လုံကွင်းကိုလည်းကောင်း၊ (သို့မဟုတ် ဂုန်နီပိုင်းဖြစ်လျှင် ဂုန်နီပိုင်း နံယဉ်ကိုလည်းကောင်း၊ ခါးအထိ မ,တင်လျက် ရှေ့သို့ကုန်းပေးလိုက်ရပါသည်။

ထိုအခါ အပေါက်ဝတွင် အသင့်စောင့်ဆိုင်းနေသော ဆေးတပ်ဖွဲ့မှ ဂျပန်စစ်သားက ချွေးတပ်သား၏ စအိုအတွင်းသို့ ကာဘော်လစ်ရည်စိမ်ထားသော ဝါးချောင်းကလေးကို ပြွန်ခနဲ ထိုးသွင်းလိုက်ပါသည်။ ပြီးလျှင် စအိုတွင်းမှ ပြန်နှတ်လျက် ကာဘော်လစ်ရည်နှင့် ရေများ ရောစပ်ထားသော သံပုံးအတွင်းသို့ ပြန်ပစ်ချလိုက်လေသည်။

သံပုံးအတွင်း၌လည်း ထိုကဲ့သို့ ဆေးရည်စိမ်ထားသည့် ဝါးချောင်းကလေးများ အမြောက်အမြားရှိနေပါသည်။ ထိုဝါးချောင်းကလေးများမှာ ထိပ်ဖျားမှ ကားဖြင့် ခွဲနှိုက်ထားလေသည်။ ဝါးချောင်းကလေးများသည် အတွင်းမှ အူတိုင်အခေါင်းပေါက်ပါရှိလေရာ သံပုံးထဲမှ ဆေးရည်မှာ ထိုအူချောင်းကလေးများအတွင်း စိမ့်ဝင်နေလေသည်။ ချွေးတပ်သား၏ စအိုတွင်းသို့ ထိုဝါးချောင်းကလေးကို ထိုးသွင်းလိုက်သည့်သဘောမှာ ထိဆေးရည်များ စအိုတွင်းသို့ ဝင်သွားစေရန်ပင် ဖြစ်လေသည်။

များပြားလှသော တောတွင်းချွေးတပ်စခန်းရှိ ချွေးတပ်သားများအား ဂျပန်တို့သည် ဝမ်းရောဂါကာကွယ်ဆေးဟူ၍ကား စနစ်တကျ ထိုးမပေးနိုင်ပါပေ။ ကိုးပေးရန်လည်း ဆေးဝါးဟူ၍ အလုံအလောက်ရှိမှာန် မတူပါချေ။ ထို့ကြောင့်လည်း မဖြစ်ဖြစ်သည့်နည်း၊ မရ,ရသည့် ဆေးဝါးပစ္စည်း စသည်များနှင့် လုပ်ကိုင်ကာကွယ်ပေးရသည့်သဘောပင် ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၁၃။ မျောပြေးလွှားသော သေဆုံးရမှု

စခန်းသို့ရောက်ရှိခဲ့ပြီးနောက် တစ်ဘက်သော တဲတန်းလျားမှ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ဦးဘအုန်း၊ ဦးခွေးလေး စသူများသည် ကွန်တော်ရှိရာသို့ အူရားဖားရား ပေါက်လာကြသည်။ သုံးယောက်စလုံး၏ မျက်နှာအမှုအရာသည် ထိတ်လန့်ခြောက်ခံရခြင်း ကြီးမားစွာဖြစ်လျက် ရှိကြောင်း ထင်ရှားလှပါသည်။ သူတို့သည် ကျွန်တော့်ကိုလည်း တစ်စုံတစ်ရာသောအကြောင်းကိစ္စကို ပြောလိုဟန် ရှိနေကြပါသည်။

"ကျွန်တော့်လူအုပ်ထဲကဘော့ အားလုံးပေါင်း ခြောက်ဆယ်ကျော်လောက် ရှိများသွားပြီ ဆရာလေး၊ တစ်နေ့က တစ်နေ့ထဲ လူသုံးဆယ်ကျော်တယ်ခင်ဗျ"

ဘွန်ထိုက်ချို ကိုးကားပြောဆိုသည် ကျွန်တော့်အခန်းလေးထဲသို့ ဝင်မိသည်နှင့်ပင် မျက်စိမျက်နှာပျက်ပျက် ထိုစကားကို စကင်းက ပြောလေသည်။

တပ်ဝိန်စခန်းသို့ ရောက်သည့်အချိန်က စ၍ပင် ကျွန်တော့်မှာ လိုင်းထိပ်ကစ်နေရာရှိ ၁၈ ပေပတ်လည် စခန်းကလေးတစ်ခုကို သီးသန့်ရရှိထားပါသည်။

ထိုအခန်းငယ်တွင် ကျွန်တော့်အလျင် ပါဒဖြန့်ချိရေးမှူးတစ်ယောက် နေထိုင်သွားကြောင်း သိရလေသည်။

"ကျုပ်ကို ကဲနစ်လုံးကတော့ ကိုးဆယ်ကျော်သွားပြီ ဆရာလေး၊ မနေ့ညက အများဆုံးပဲ" ဟု ဦးဘအုန်းက ပြောပါသည်။ ထိုကဲ့သို့ပြောရင်းမှ ဦးဘအုန်းသည် နောက်ကြောင်းမဆေးသလို သူ့တဲတန်းလျားရှိရာသို့ လှမ်းကြည့်လိုက်လေသည်။

"မွန်ချောတပ်သားတွေနေတဲ့ လိုင်းကရော"

ကွန်တော်က မေးလိုက်ပါသည်။

"ဟာ-သူတို့က ပိုများမှာပေါ့၊ ဟော-တစ်ယောက်၊ ဟော-တစ်ယောက်ပဲဗျာ၊ ခု-ကျုပ်တို့ ဒီဘက်လာဟုန်းမှာပဲ သုံးလေးလောင်း ထမ်းချနေသေးတယ်"

ကျွန်တော်သည် ဘွန်ထိုက်ချို သုံးယောက်ထံမှ စိတ်မချမ်းမသာ အလွန်ကောင်းလှသော စကားများ ဟုန်လှုပ်ချောက်ချားဖွယ် ကြားလိုက်ရလေသည်။

ကျွန်တော်သည် သူတို့သုံးယောက်အား ရာမာမိုတို့ မှာကြားလိုက်သော မှတ်ချက်ချားချက်များကို တစ်ဆင့် ပြန်လည်ပြောကြားနေခိုက်၌ပင် တစ်ဘက်တဲတန်းလျားများမှ ဟန်ချို လေးငါးယောက် အရေးတကြီး ရောက်လာကြပြန်ပါသည်။ သူတို့တစ်တွေ လိုက်လာကြသည်မှာ နောက်ထပ်သေဆုံးသော လူသေအလောင်းကောင်များကို မြှုပ်နှံရေးကိစ္စအတွက်ပင် ဖြစ်လေသည်။

"ဟာကွာ-ကြည့်ရှုပ်ပြီးတော့လဲ မြှုပ်လိုက်ကြပါကွာ၊ ငါတို့များ လာပြောနေလို့ ဘာအကြောင်းထူးမှာလဲ"

ဘွန်ထိုက်ချို ဦးခွေးလေးက သူ့လူများကို လှည့်မာန်နေလေသည်။

"မကြည့်ချင်ဟော့ဘူး ဆရာလေးရာ၊ ကြာရင် သွေးပျက်ပြီး ရူးလိမ့်မယ်ဗျ" ဟူ၍လည်း ရှဲ့ရှဲ့မဲ့မဲ့ ညည်းညူလေသည်။

"ထမ်းမယ်လူ မရှိဘူးဗျ၊ အယ်သူမှ မထမ်းချင်ဘူး"

ဟန်ချို တချို့က ပြောလေသည်။

"တယ်ခက်တာပဲကိုး"

ဦးခွေးလေးက ရေရွတ်ခြင်း ပြုရှာလေသည်။ ပြီးလျှင် သူသည် ကျွန်တော်ရှိရာသို့ လှမ်း၍ "ဆရာလေးမှာ အရက်ရှိသေးသလားဗျာ" ဟု မေးနေပြန်ပါသည်။

သူပြောမှပင် ကျွန်တော် သတိရပါသည်။ ကျွန်တော့်အခန်းကလေးထဲတွင် ခပ်စောစောက ကျွန်တော်ဝယ်ထားသော အရက်များ ရှိနေပါသည်။ လိုရမည်ရဖြစ်စေရန် သာဆင်က ဝါးကျည်တောက်များနှင့် ထည့်လျက် သိမ်းဆည်းထားခြင်းဖြစ်လေသည်။ ပြီးလျှင် ဂျပန်စစ်ဗိုလ် ရာမာမိုတို့က ပေးသော ရာရှင်အရက်တစ်လုံးလည်း ရှိနေပါသည်။

"ကဲ-သာဆင်၊ လုပ်စမ်းပါဦးကွာ"

ကျွန်တော်က သာဆင်ကို ပြောရလေသည်။ သာဆင်ကိုမူ ကျွန်တော်က အခန်းကလေးထဲတွင် အတူနေခေါ်ထားခြင်း ဖြစ်ပါသည်။ ကျွန်တော့်အတွက် ရရှိသော ရာရှင်ပစ္စည်းကလေးများကိုလည်း ဆားမှစလျက် သာဆင်သည် သိမ်မွေးသိမ်းဆည်းထားသူ သူငယ်ကလေးတစ်ယောက် ဖြစ်လေသည်။

"ကဲ-သွားကြကွာ၊ ငါတို့ ခုပဲ လိုက်လာခဲ့မယ်"

ဦးဘအုန်းနှင့် ဦးခွေးလေးက သူတို့ဟန်ချိုများကို ပြန်လွှတ်လိုက်ပါသည်။ ဟန်ချိုအုပ်စုများသည် ကညင်ဆီမီးချောင်းများကို ထွန်းလျက် တဲလိုင်းအတွင်းမှ ထွက်ခွာသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ကိုကောင်းစိန်၊ ကိုမောင်စိန်၊ ကိုချစ်ကီး၊ ကိုအောင်သိန်း စသူများမှာလည်း ကျွန်တော့်အခန်းကလေးထဲသို့ ရောက်လာကြလေသည်။ သူတို့ကလည်း အရက်တောင်းရန်အတွက် ရောက်လာကြသူများ ဖြစ်လေသည်။ ဘွန်ထိုက်ချို ကိုကောင်းစိန်ကမူ ဂျပန်များသည် ချွေးတပ်သားများအတွက် ဝမ်းရောဂါကာကွယ်ဆေးများကို မပေးနိုင်ခဲ့လျှင် အရက်ကို ပေးသင့်သည်ဟု ပေဖန်ပြောဆိုနေပြန်လေသည်။ အချို့ကလည်း မွန်ဈေးသည်လှည်းများ ရောက်လာခဲ့လျှင် အလွန်တရာကောင်းလေစွဟု တမ်းတနေကြလေသည်။

မကြာမီ သာဆင်ချပေးသော အရက်ပါးကျည်တောက်တစ်လုံးမှာလည်း တစ်ယောက် နည်းနည်းကျစီနှင့် ချောသွားလေသည်။

ပြီးနောက် ကျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချို့များအားလုံး တစ်ဘက်သော တဲတန်းလျားများရှိရာသို့ မီးစည်း၊ မီးတိုင်များကိုင်လျက် ထွက်ခဲ့ကြပါသည်။

မဖြစ်မကျယ် အရက်ကလေးသောက်ထားသဖြင့် သွေးအနည်းငယ်ပူနေသောကြောင့် ကျွန်ုပ်ကိုယ်ကို ကျွန်တော် အတော်ကလေးပင် သတိကောင်းလိမ့်မည်ဟု အထင်ရောက်နေသော်လည်း တစ်ဘက်တဲတန်းလျားကို ရောက်ရှိ၍ သေဆုံးသော ချွေးတပ်သား ခပ်များများ၏ အလောင်းများကို မြင်တွေ့လိုက်ရသည့်အခါ၌မူ အတော်ကလေးပင် ယွေးလန့်ချောက်ချားသွားမိပါသည်။

တဲတန်းလျားပေါ်တွင် စန့်စန့်ကြီးသေဆုံးနေသော ချွေးတပ်သား၊ ခွေခွေလေး သေဆုံးနေရာသော ချွေးတပ်သား၊ ကိုယ်တစောင်းဖြစ်လျက် သေဆုံးနေသော ချွေးတပ်သား၊ မှောက်ခဲကြီး သေနေသော ချွေးတပ်သားများ၏ အလောင်းများကို ဟိုနေရာတွေ့၊ သည်နေရာတွေ့ တွေ့လိုက်ရပါလေသည်။

သို့ရာတွင် ထိုသေဆုံးသူ ချွေးတပ်သားများ၏ အလောင်းတွေကို ကြာရှည်ကြာမြင့်ကြည့်နေ၍ကား မဖြစ်သေးချေ။ အကြောင်းမထူးသည့်ကိစ္စကို အမြန်ဆုံးရှင်းလင်းပစ်ရန် တွေးလိုက်မိပါသည်။

ထို့ကြောင့် တဲလိုင်းနှင့် မီးပုံကြီးဘေးတစ်ဝိုက်ရှိ ချွေးတပ်သားများကို စုရုံးခေါ်ငင်ပြီးနောက် အမြန်ဆုံးကိစ္စပြတ်အောင် အစီစဉ်ခိုင်းရလေသည်။ ဘွန်ထိုက်ချို ဦးဆွေးလေးကိုလည်း ချွေးတပ်သားအချို့နှင့် တောစပ်သို့ သွားရောက်လျက် ကျင်းအတူးမိုင်းရလေသည်။

"လူစေ့ကျဉ်းစေ့တူးနေလို့တော့ မဖြစ်ဘူး ဆရာလေး၊ ကျပ်တို့ ကျဉ်းကြီးတစ်ခုတည်း ခပ်ကြီးကြီးတူးလိုက်မယ်၊ အားလုံး စုမြှုပ်လိုက်မယ်"

ဦးဆွေးလေးသည် တဲလိုင်းအပြင်ဘက်မှ နေလျက် အော်ဟစ်သွားလေသည်။

ကျွန်တော်နှင့် ကိုကောင်းစိန်၊ ကိုသာမြိုင်တို့မှာ ချွေးတပ်သားအချို့က သေဆုံးရာသူ ချွေးတပ်သားတို့၏ အလောင်းများကို နွယ်ကြိုးများ၊ ဝါးလုံးများနှင့် ကုပ်စည်းချည်နှောင်နေသည်ထိ ကြည့်မနေတော့ဘဲ တစ်ဘက်သော တဲလိုင်းသို့ ကူးခဲ့ကြလေသည်။

ထိုတဲလိုင်းသို့ ကျွန်တော်တို့ ရောက်ရှိသွားသည့်အခါ၌မူ ချွေးတပ်သားသုံးလေးယောက်၏ အလောင်းများကိုပင် ထမ်းထုတ်သွားကြလေပြီ။ အချို့ကပြီးစည်း၊ မီးတုတ်များကိုင်လျက် ဘေးတစ်ဘက်တစ်ချက်က လိုက်ကြသည်။ ထမ်းသူများက တောစပ်သို့ရောက်သည်အထိ တစ်ယောက်တစ်လဲပြိုလျက် ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ထမ်းသွားကြသည်။ သေဆုံးသူ ချွေးတပ်သားများ၏ အလောင်းများကို ဖျာစုတ်ကလေးများနှင့်မှ မပတ်မလိပ်နိုင်ကြပါ။ ဝက်များကို ကြိုးနှင့်တုပ်သလို ခြေနှစ်ဘက်၊ လက်နှစ်ဘက်ကို ကြိုးတုပ်လျက် အလယ်မှ ဝါးလုံးလျှိုကာ ထမ်းသွားရခြင်းပင် ဖြစ်လေသည်။

ထိုညကအဖြစ်မှာ စိတ်နှလုံးမချမ်းသာစရာ အကောင်းဆုံးသောအဖြစ်ဟူ၍ ဆိုရပါတော့မည်။ ညသန်းခေါင်ကျော်ခဲ့၍ အရက်အချိန်ဘက်သို့ ကူးပြောင်းပင်ရောက်လာခဲ့သည်အထိ ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုကောင်းစိန်တို့လူစုမှာ တမှေးကလေးမျှ မအိပ်စက်ကြရချေ။ ဟန်ချို့များမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်ရလေသည်။ မီးပုံများအတွင်းသို့ မီးထင်းထည့်သူက ထည့်ရသည်။ သေဆုံးသူများ၏ အလောင်းကို သွားရောက်မြှုပ်နှံခြင်းပြုသူများက ပြုကြရသည်။

ဝမ်းရောဂါမဖြစ်သော၊ သို့မဟုတ် ကူးစက်ခြင်းမခံရသော ချွေးတပ်သားအတော်များများ၏ အဖြစ်မှာလည်း အံ့သြစရာကောင်းလှလေသည်။ သူတို့သည် မီးပုံကြီးများ ဘေးပတ်ပတ်လည်တွင် တရှူးရှူးအိပ်စက်ကြသည်။ အချို့ကလည်း တဲတန်းလျားပေါ်၌ပင် အကြောက်အရွံ့ကင်းမဲ့စွာနှင့် တဖေါဖေါဟောက်လျက် အိပ်စက်ကြသည်။ အဘယ်အထိ အိပ်ကြပါသနည်းဆိုလျှင် သူတို့ဘေးမှ ချွေးတပ်သား သေဆုံးသည်ကိုပင် ထ၍ကြည့်ဖော်မရတော့ပေ။ သူတို့ကိုကြောလျှင်လည်း အကြောက်အလန့်မရှိကြ။ "မြန်မြန်သေရင် အေးတာပဲဗျာ"ဟု ဆိုကြလေသည်။

မနက်စောစောတွင် စကားပြန်သူငယ်သည် ကျွန်တော်ရှိရာ တဲလိုင်းသို့ ရောက်လာလေသည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချို့များအား ကုမေကာက ခေါ်ကြောင်း ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ကိုကောင်းစိန်၊ ကိုသာမြိုင် စသူများကို စုရုံးခေါ်ငင်ပြီး နောက် စကားပြန်သူငယ်နှင့်အတူ ဂျပန်စစ်ဗိုလ် ကုမေကာရှိရာသို့ လိုက်ပါခဲ့ရလေသည်။

"ဆရာလေးတို့ ကြိုးတန်းထားတဲ့ ဟိုဘက်ကို မဝင်နဲ့နော်"

စကားပြန်သူငယ်က ပြောပါသည်။

သူ့ဆိုလိုချက်သဘောကို ရုတ်တရုတ် ကျွန်တော် နားမလည်ပါ။ သို့ရာတွင် ကုမေကာရှိရာ စစ်ရုံးအဆောက်အအုံရှေ့သို့ လှမ်းကြည့်လိုက်သည့်အခါ၌မှ စကားပြန်သူငယ်၏ ဆိုလိုချက်ကို ချက်ချင်းပင် နားလည်ရလေသည်။

စစ်ရုံးအဆောက်အအုံရှေ့ မြေကွက်လပ်တစ်ဝိုက်တွင် ငုတ်တိုင်ရိုက်လျက် ကြိုးတွေတားထားလေသည်။ ချွေးတပ်သားများ၊ နေသော တဲတန်းလျားကြီးများတွင် ဝမ်းရောဂါကျရောက်နေသဖြင့် ချွေးတပ်သားများ ဂျပန်စစ်ရုံးအဆောက်အအုံအနီးသို့ မချဉ်းကပ်ဖေးရန်ပင် ဖြစ်လေသည်။ ဂျပန်များသည် သူတို့ကို ဝမ်းရောဂါပိုးကူးစက်မှာ ကြောက်ရွံ့သဖြင့် ကာကွယ်ထားခြင်းပင် ဖြစ်လေသည်။ စည်းသုံးတန်တားသည် ဆိုသော သဘောပင် ဖြစ်လေသည်။

"ကိုကောင်းစိန်ကို့အားလုံး ကြိုးဝိုင်းအထဲကို မဝင်မိကြစေနဲ့နော်"

ကျွန်တော်က အားလုံးကို ပြောလိုက်ရသည်။

မကြာမီ ကျွန်တော်တို့အားလုံးသည် စစ်ရုံးအဆောက်အအုံရှေ့ရှိ မြေကွက်လပ်တွင် စီတန်းရပ်လိုက်ကြသည်။ အားလုံးပေါင်းမှ ကျွန်တော်အပါအဝင် လူဆယ်ယောက်ခန့်သာ ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

ကျွန်တော်တို့သည် ကြိုးစည်းဝိုင်းအပြင်တွင် ရပ်နေကြခြင်းဖြစ်ပါသည်။ သည်လိုစီတန်းရပ်နေကြရာမှ ကျွန်တော်သည် ဂျပန်များ၏ အနေအထိုင်အပြုအမူကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း အကဲခတ်ကြည့်လိုက်မိပါသည်။

နေ့ခင်းပိုင်းအချိန်ပင် ဖြစ်သော်လည်း အဆောက်အအုံများပတ်ပတ်လည်တွင် မီးများထည့်ထားသည်ကို တွေ့ရလေသည်။

တဝွေ့ဝွေ့လောင်နေသော မီးပုံများမှာ ဟိုနေရာတစ်ပုံ၊ သည်နေရာတစ်ပုံ ဖြစ်လေသည်။ ပြီးလျှင် ကာဘော်လစ်ရည်များထည့်ထားသော ဝါးဆစ်ခွက်များကိုလည်း နေရာအနှံ့အပြား တွေ့ရသည်။ ကာဘော်လစ်နံ့များကလည်း ထောင်းထောင်းထမနေသည်။

ကုမေကာသည် ကျွန်တော်နှင့် ဘွန်ထိုက်ချို့များအား ညက ချွေးတပ်သား အသေအပျောက်ကို ဘယ်ရွှေ့ဘယ်မျှဟူ၍ မေးလေသည်။ သို့ရာတွင် အလေးအနက်ထား၍ မေးမြန်းသည့်သဘောမျိုး မဟုတ်ပေ။

ပြီးလျှင် ကျွန်တော်တို့အား ချွေးတပ်သားများသေဆုံးခဲ့လျှင် အမြန်ဆုံးမြှုပ်ပစ်ရန် ပြောလေသည်။ တစ်ဖန် ကျွန်တော်တို့ တဲတန်းလျားများတွင် ဖောက်ဖျန်းရန်အတွက် ကာဘော်လစ်ဆေးရည်များကို ပေးသည်။ တဲတန်းလျားများနှင့် အနီးတစ်ဝိုက်ကိုလည်း သန့်ရှင်းရေးပြုလုပ်ရန်နှင့် အမှိုက်များကို မီးရှို့ပစ်ရန် အမိန့်ပေးလေသည်။

သည်တစ်ကြိမ် ဂျပန်စစ်ဗိုလ် ကုမေကာ စကားပြောကြားသည်မှာ အချိန်အခါတိုင်းကလို မကြာမြင့်ပေ။ ခပ်မြန်မြန်ပြောလေသည်။ ပြီးလျှင် သူတို့ဂျပန်များ အားလုံးပင် ကျွန်တော်တို့အနီးသို့ မချဉ်းကပ်ကြပါချေ။

ကြောက်မက်ဖွယ်ကောင်းသော ဝမ်းရောဂါဆိုးသည် နောက်တစ်နေ့ ညနေ၌ပင် တစ်ဘက်တဲလိုင်းများမှ ကျွန်တော်တို့တဲလိုင်းသို့ ကူးစက်လာလေသည်။ ဗစပထမ၌မူ တစ်ယောက်စ၊ နှစ်ယောက်စသာဖြစ်သော်လည်း နောက်ပိုင်းတွင်ကား လေးယောက်၊ ငါးယောက် တစ်ပြိုင်တည်းဖြစ်ရာမှ အစုလိုက် အပြုံလိုက် သေကျေကြလေသည်။ အဲ့ဩစရာကောင်းသည်မှာ ဝမ်းတစ်ခါနှစ်ခါသွားပြီးလျှင် ဆယ်ပါ ပါသွားခြင်းပင် ဖြစ်လေသည်။ ငါးကြိမ်အိုင်ရွာသားများဖြစ်သော ရွှေလှကြီး၊ ဦးချန်ထွန်း စသူများမှာလည်း နေ့မြင် ညပျောက် ဖြစ်ကုန်ကြသည်။ ဘွန်ထိုက်ချို ကိုကောင်းစိန်မှာလည်း သေဆုံးရရှာလေသည်။

အခြေအနေမှာ တစ်စတစ်စ ဆိုးရွားလာလေသည်။ အသေအပျောက်များပြားလာသည့်အခါ ရောဂါမဖြစ်ဖူးသော ချွေးတပ်သားများသည် သေဆုံးသော ချွေးတပ်သားများ၏ အလောင်းကိုပင် မသယ်ချင် မမြှုပ်ချင်အောင် ဖြစ်နေကြသည့် အတွက် အတော်ပင် ဖျောင်းဖျလျက် နားဝင်အောင် ချော့မော့ပြောရလေသည်။

ကျွန်တော်၊ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ကရင်ကလေး သာဆင်တို့မှာလည်း ကာ်နိုင်သမျှ တစ်ယောက်နှင့်တစ်ယောက် သတိပေးလျက် တဲတန်းလျားကြီးအတွင်း ထင်းမီးမပြတ်လပ်ရအောင် လုပ်ကြရလေသည်။

ထိုအတွင်း အချို့သောချွေးတပ်သားများသည် သေဆုံးသူချွေးတပ်သားများ၏ ကိုယ်ပေါ်မှ ဂုန်နီအိတ်ပိုင်းကလေးများကိုလည်းကောင်း၊ စုတ်ပြတ်ရိုပြဲနေသော အဝတ်အထည်များကိုလည်းကောင်း ချုတ်ခွာယူငင်ခြင်းပြုကြလေသည်။

အစဉ်သော် ကျွန်တော်မှာလည်း ဟိုတဲပြေး၊ ဒီတဲပြေးရ ဖြစ်နေသောကြောင့် ဖိုးဖြစ် ထိုကိစ္စကို လုံးဝမသိရှိပါပေ။ ဂုန်နီအိတ်ပိုင်းကိုသော်မှ တစ်ထည်စိုရွှဲ တစ်ထည်လဲစရာမရှိ ဖြစ်နေသော ချွေးတပ်သားခများများမှာမူ ဘာကိုမျှကြောက်ရွံ့ရန် စကောင်းမှန်း မသိကြပေ။ ၎င်းတို့အဖို့ အလဲအလှယ်ပြုရန် ဂုန်နီအိတ်စုတ်

www.burmeseclassic.com

www.burmeseclassic.com

နံငယ်ပိုင်းကလေးလောက်ကို ရလျှင်ပင် တော်လှပြီဟူသော သဘောနှင့် ယခုကဲ့သို့ ချွတ်ခွါလျက် ယူငင်ထားကြခြင်းပင် ဖြစ်လေသည်။

ထိုအဖြစ်၊ ထိုကိစ္စကို ဘွန်ထိုက်ချို ကိုသာမြိုင်က ပြော၍ သိရသဖြင့် 'သေဆုံးသူများ၏ ကိုယ်ပေါ်မှ ဂုန်နီအိတ်ပိုင်းများကို ဖြစ်စေ၊ အဝတ်အထည် တစ်စုံတစ်ရာကိုဖြစ်စေ ချွတ်ခွာယူငင်ခြင်း မပြုရ" ဟု အပြင်းအထန်တားမြစ်ခြင်း ပြုရပါသည်။

ဟန်ချိန်နှင့် ဘွန်ထိုက်ချို့များ အားလုံးကို စုရုံးခေါ်ငင်၍လည်း သေဆုံးသူ ချွေးတပ်သားများ၏ ကိုယ်ပေါ်မှ ဂုန်နီအိတ်၊ သို့မဟုတ် အဝတ်အထည် တစ်စုံတစ်ရာနှင့် ထိုသူ၏အသုံးအဆောင် ပစ္စည်းမှန်သမျှကို မီးရှို့ဖျက်ဆီးပစ်ရမည်။ ဤလို မဟုတ်ပါဘဲ ဝမ်းရောဂါဖြစ်ပွားသူ၏ ပစ္စည်းပစ္စယများကို အသုံးပြုခဲ့လျှင် ဝမ်းရောဂါပိုးမွှားများ ကူးစက်၍ မိမိတို့ပင် ဝမ်းရောဂါဖြစ်ပွားနိုင်ကြောင်း ပြောရပါလေသည်။

ဟယ်ဒိန်စခန်းတွင် ဝမ်းရောဂါကျရောက်ဖြစ်ပွားလိုက်သည်မှာ အလွန်ဆုံး တနင်္ဂနွေဟစ်ပတ်ခန့်သာ ကြာမြင့်လိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ သို့ရာတွင် လူအသေအပျောက်ကား မနည်းလှချေ။ သုံးရာနှင့် ငါးရာအကြားဟူ၍ ထင်ပါသည်။ ဝမ်းရောဂါသည် ကျွန်တော်တို့ ဟယ်ဒိန်စခန်းတစ်ခုတည်းသာမက ကျောက်ဟစ်လုံးစခန်း၊ ဘုရားသုံးဆူစခန်းနှင့် ခုနစ်မွေစခန်းများ၌လည်း ဖြစ်ပွားကြောင်း၊ လူအသေအပျောက်များပြားလှကြောင်းနှင့် နောင်အခါမှ သိရလေသည်။

ဤပန်တို့ကား ဝမ်းရောဂါအခြေအနေကိုသော်လည်းကောင်း၊ ထိုရောဂါ ပေဒများကြောင့် လူပေါင်းမည်မျှ သေဆုံးရသည်ဆိုခြင်းကိုလည်းကောင်း မေးမြန်း စစ်ဆေးခြင်းပင် မပြုပါပေ။ ကြောက်ရွံ့ကြသဖြင့် ခပ်ဝေးဝေးရှောင်နေကြလေသည်။

❑

၁၄။ ကျောက်ပေါက်သော ချွေးတပ်သား

ဤပန်များသည် ဝမ်းရောဂါကိုသာ ကြောက်ကြသည်မဟုတ်။ ကျောက်ရောဂါ ဖြစ်ပွားခဲ့လျှင်လည်း အလွန်တရာကြောက်ရွံ့ကြသူများ ဖြစ်လေသည်။

ကျောက်ရောဂါဖြစ်ပွားသော ချွေးတပ်သားကလေးတစ်ယောက်နှင့် ပတ်သက်၍ ရင်နာစရာကောင်းလှသော တာဝန်မဲ့သည့် ဤပန်များ၏ အပြုအမူကို ကျွန်တော်သည် ယခုထက်တိုင် မှတ်မိ၍နေပါသေးသည်။

ထိုအဖြစ်မှာ တပ်ဒိန်စခန်းနှင့် ကျောက်တစ်လုံးစခန်းတစ်ခုခုတွင် ဖြစ်သည်ဟု ထင်ပါသည်။ စခန်းကိုကား ကျွန်တော် အတိအကျ မမှတ်မိတော့ပါ။ အချိန်မှာမူ ဆောင်းနောင်းရာသီဖြစ်ပါသည်။

ချွေးတပ်သားများအဖို့ ဖွတ်စိုထိုင်းမှိုင်းသည့် မိုးရာသီနှင့် ဆောင်းရာသီ၏ အအေးဒဏ်ကို ခံစားခဲ့ကြရပြီးနောက် ပူလောင်သွေ့ခြောက်သည့် ရာသီဥတုဒဏ်ကို ခံစားကြရပြန်သည့် အခါသမယဟူ၍ ဆိုပါမည်။

ထောတွင်းချွေးတပ်စခန်းများတွင် လပေါင်းအတော်ကြာညောင်းခဲ့ပြီဖြစ်လျက် အလုပ်၏ပင်ပန်းဆင်းရဲမှုဒဏ်ကိုလည်း တစ်နေ့မပြတ် ခံစားခဲ့ကြရသူများဖြစ်ခြင်းကြောင့် ခများများမှာ ပိန်လှီခြောက်ကပ်လျက် လူလုံးလူရုပ်မပေါ်သော အခြေအနေမျိုး ရောက်ရှိနေကြရာပေသည်။

သူတို့ကိုကြည့်လိုက်လျှင် ဦးစွာပထမ ကရုဏာသက်စရာကောင်းလှသည်ထက် ရွံ့ရှာစက်ဆုပ်စရာအဖြစ် မြင်ရပေမည်။

ကြည့်ပါ–

သူတို့သူတို့၏ ကျောပြင်ပေါ်တွင် အင်္ကျီဟူ၍ အလျဉ်းမရှိ။ ခါးထက်တွင်လည်း ဂုန်နီပိုင်းကို လန်ကွတ်တီသဖွယ် ရစ်ပတ်ထားရလေသည်။ အသားအရေမှာ

www.burmeseclassic.com

www.burmeseclassic.com

မည်းကြွတ်ခြောက်သယောင်းကာ ဗိုက်ပူနံကားနှင့် ခြေသလုံးကြွက်သားမရှိ၊ ဒူးဆစ်က ကြီးထွားနေလေသည်။

အသေအချာထပ်ရှုကြည့်လျှင် ဆံပင်က ရှည်ချင်တိုင်း ရှည်နေသည်။ အချို့ကား မုတ်ဆိတ်မွေး၊ ချိုင်းမွေး၊ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေး ထူလပျစ်နှင့် တစ်ကိုယ်လုံးဥလည်း အပ်ချစရာနေရာမရှိလောက်အောင် အဖုအပိမ့်များ၊ အနာအဆာများ တင်းကျမ်းပြည့်လျက် ရှိလေသည်။ ဟောင်စော်၊ ပုပ်စော်၊ ချဉ်စော်သော အနံ့အသက်မျိုးစုံကလည်း သူတို့သူတို့၏ကိုယ်မှ ထောင်းထောင်းထ၊နေလေသည်။

ထိုအတွင်း တစ်နေ့တွင် ဟန်ချို ကိုချစ်ကီးသည် သူ့အုပ်စုထဲမှ အလုပ်သမားလေးတစ်ယောက် အပြင်းအထန်ဖျားနေကြောင်းနှင့် ကျွန်တော့်အား လာရောက်ပြောပါသည်။

အချိန်မှာ ည ၈ နာရီခန့် ဖြစ်လေးသည်၊

"ဖျားနေရင် ဆေးဝါးမှမရှိတာ၊ ဘယ့်နှယ်လုပ်မလဲဗျာ၊ မနက်ကျတော့ ဆေးရုံစခန်းပို့လိုက်ပေါ့၊ ဂျပန်ကို ကျွန်တော် ပြောလိုက်မယ်"

ကျွန်တော်က စိတ်ပျက်စွာဖြင့် ကိုချစ်ကီးကို ပြောလိုက်ပါသည်။

"ခက်တာက ဆေးရုံကို မသွားချင်ဘူး ဖြစ်နေတယ်ဗျာ၊ သေရင်လဲ ဒီအလုပ်သမားလိုင်းပေါ်မှာပဲ သေပါစေ၊ မသွားပါရစေနဲ့လို့ ဇွတ်ငိုပြီး ပြောနေတယ်"

ကိုချစ်ကီးသည် ကျွန်တော့်ရှေ့တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ခြုံသံပါအောင် ညည်းပါသည်။

"ဟုတ်တော့ ဟုတ်တာပဲဗျာ၊ ဆေးရုံကိုဆိုရင် ဘယ်ချွေးတပ်သားကမှ မသွားချင်ကြဘူး၊ သွားချင်စရာလဲ မရှိဘူး"

"ဟုတ်ပါတယ်ဗျာ၊ အဲဒါ ဆရာလေး တစ်ဆိတ်လောက် လိုက်ကြည့်စမ်းပါဦးဗျာ"

ကိုချစ်ကီးက ထောင်းတောင်းပန်ပန် ပြောပြန်ပါသည်။ သူတို့အလုပ်သမားအဖွဲ့ စုနေကြသည်မှာ ကျွန်တော်နေသော တဲတန်းလျားတွင် ဖြစ်လေသည်။

ကျွန်တော့်အား ကိုချစ်ကီး ယုယမကခေါ်နေခြင်းမှာလည်း သူ့အဖို့ အကြောင်းရှိလေသည်။ ချွေးတပ်သားတစ်ဦးဖစ်ယောက် ဖျားနာမှု အကြီးအကျယ်ဖြစ်ခဲ့သော သူတို့ဟန်ချိုနှင့် ဘွန်ထိုက်ချို့များကွင် ဟာဝန်ရှိလေသည်။ ထိုတာဝန်မှာ ပြုစု

စောင့်ရှောက်ရမည့်တာဝန်တော့ မဟုတ်။ သက်ဆိုင်ရာ ဂျပန်အား အကြောင်းကြားပြီးနောက် ဆေးရုံစခန်းသို့ အမြန်ဆုံးပို့ရန် ဖြစ်လေသည်။

အချို့အချို့သော စိတ်ကောင်းသဘောကောင်းရှိကြသည့် ဘွန်ထိုက်ချို့နှင့် ဟန်ချို စသူများသည် မိမိကို့ချွေးတပ်သား တစ်ဦးတစ်ယောက် နေထိုင်မကောင်းဖြစ်ခဲ့လျှင် ဂျပန်များကို ရုတ်တရက်မပြောဘဲ ဖုံးဖိထားလျက် အလုပ်တာဝန်ချထားခြင်းပြုသည့်အခါ၌လည်း သက်သာသည့်နေရာများတွင် မွေး၍ ချထားပေးတတ်လေသည်။ ပြီးလျှင် တတ်နိုင်သမျှလည်း ပြုစုမှုရှိလေသည်။ ဤလိုနှင့် အချို့သော နာမကျန်းမှုကလေးများမှာလည်း ပျောက်ကင်းသွားတတ်ကြပါသည်။

"ကဲ–ထပါ ဆရာလေးရာ၊ လိုက်ပါဦးဗျာ၊ သိပ်မကြာပါဘူး၊ ခဏလေးပါ"

ကျွန်တော်သည် ဝတ္တရားတစ်ခုဟူ၍ သဘောထားကာ သူ့နောက်သို့ လိုက်ခဲ့ရလေသည်။

အပြင်တွင် လရောင်က မှုန်ပျပျသာနေသည်။ ထိုအချိန်၌မှ တဲတန်းလျားများအသီးသီးရှိ ချွေးတပ်သားများ၏အသံကို သိပ်မကြားရပါချေ။ တစ်နေကုန်တစ်နေခန်း အလုပ်ခွင်၌ ပင်ပန်းနွမ်းနယ်ခဲ့ကြသူများဖြစ်သဖြင့် အိပ်မောကျနေကြဟန်ရှိလေသည်။

ကိုချစ်ကီးနှင့် ကျွန်တော်သည် တစ်ယောက်နှင့်တစ်ယောက် စကားမဆိုကြဘဲ နှုတ်ဆိတ်လျက် လျှောက်ခဲ့ကြသည်။

ပတ်ဝန်းကျင် ခပ်လှမ်းလှမ်းရှိ တောတန်းညိုညို့ကြီးသည် မှိုင်းပျပျ လရောင်ယောက်၌ မချောက်မလှပ်ငြိမ်သက်နေသည်။ တဲတန်းလျားကြီးများအနီးရှိ မြင့်မားသိုဝေါင်သော သစ်ပင်ကြီးများသည် ချွေးတပ်သားများအဖြစ်ကို စိတ်မချမ်းမြေ့စွာ ဦးခေါင်းငုံ့ကြည့်နေဟန်သည့်အလား မားမားမတ်မတ်ဖြင့် ငြိမ်သက်စွာ ရပ်တည်နေကြသည်။

ကျွန်တော်နှင့် ကိုချစ်ကီးသည် မြောက်ဘက်တဲတန်းလျားကြီးရှိရာသို့ အကန့်လက်ကာ လျှောက်ခဲ့ကြသည်။ ကျောက်တောင်ကုန်းတစ်ခုထက်မှ ဂျပန်ကင်းသမား၏ ခြေလှမ်းသံသည် ကျွန်တော့်နားတွင်းသို့ မကွဲမပြားဝင်ရောက်လာသည်။

မှုန်မှားမှား လရောင်အောက် တောကြီးမြက်မည်းထဲ၌ ဤလိုပတ်ဝန်းကျင်တစ်ခုလုံး ကြီးမားစွာတိတ်ဆိတ်နေလျက် ကြီးကြားကြီးကြား စက္ကန့်ပိုင်းအချိန်အတွေးအတွင်း၌သာ ဂျပန်စစ်သား၏ ဖိနပ်သံတမျောက်မျောက်ကို ကြားနေရသည့်အခါ လျှို့ဝှက်သည်းဖိစောက်လမ်းတစ်ခုမှ ဓာတ်ကွက်တစ်ကွက်နှင့် ကျွန်တော်မလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ကျွန်တော်နှင့် ကိုချစ်တီးတို့သည် တဲလိုင်းအတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ ပြီးလျှင် ကျွန်တော်သည် တဖျစ်ဖျစ်တောက်လောင်နေသော ကညင်ဆီမီးချောင်း၏ အလင်းရောင်ဖြင့် လူမမာ၏မျက်နှာကို အကဲခတ်ကြည့်ရလေသည်။

ကျွန်တော်သည် ချက်ချင်းပင် နောက်သို့ဆုတ်လိုက်ရလေသည်။ ကျွန်တော်၏ နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက်ကိုလည်း ချက်ချင်းပိတ်ထားလိုက်ရလေသည်။

လူမမာသည် ဆယ့်ခုနစ်နှစ်နှင့် ဆယ့်ရှစ်နှစ်ဟု ခန့်မှန်းရသည့် လူငယ်တစ်ယောက် ဖြစ်လေသည်။ ထိုသူငယ်မှာ ကျောက်ပေါက်နေသည်။ နံစော်သော အနံ့အသက်တို့ကြောင့် သူ့အနီးတွင် မည်သူမျှမနေနိုင်ကြချေ။ အချို့မှာ နံစော်သော တဲလိုင်းတွင် မအီမသာလိုက်သဖြင့် တဲလိုင်းဘေး မြေကြီးပေါ်တွင် သစ်ရွက်များ ခင်းလျက် ဆင်းအိပ်နေကြသည်။

"သူ့နာမည် မောင်ထွန်းရွှေ၊ နေရပ်က အိမ်မဲ"

ကိုချစ်တီးက ပြောလေသည်။

သူက ဒါပဲပြောနိုင်ပေမည်။ ထိုဇာတ်ပို၌ ပြောနိုင်လိမ့်မည်မဟုတ်ကြောင်း ကျွန်တော် သိပါသည်။ အကယ်၍များ မောင်ထွန်းရွှေမှာ သူနှင့် တစ်ဖြို့ထဲ၊ တစ်ရွာထဲ အကူနေဖြစ်ခဲ့ပါမူ အဖအမည်၊ အမိအမည် စသည်လောက်ကို ဖြည့်စွက်လျက် ပြောနိုင်ကောင်း ပြောနိုင်ပါလိမ့်မည်။ သည်ထက်ပို၍ကား ဘာမှ ပြောနိုင်လိမ့်မည် မဟုတ်ပါချေ။

လူနာသည် ကယောင်ကတမ်းပြောလျက် အပြင်းအထန် ညည်းလေသည်။ သူ့မျက်နှာတစ်ပြင်လုံးမှာလည်း ပြည်ဖုကလေးများ၊ ပြည်စေးများဖြင့် တွက်တွက်ရဲနေသည်။ ပြည်ပေါက်ပြီး အနာများဖြင့် အိုင်းထနေသည်။

"နေစမ်းပါဦး၊ ဖြစ်တာ ဘယ်လောက်ကြာသွားပြီလဲ၊ ခင်ဗျား ကျွန်တော့်ကို မှန်မှန်ပြောစမ်း၊ မညာနဲ့နော်"

ကျွန်တော်က ကိုချစ်တီးကို မေးရလေသည်။

အမှန်ဆိုရမော် ဂျပန်များသည် အခြားအခြားသော ရောဂါဘယများထက် ကျောက်ရောဂါနှင့် ဝမ်းရောဂါဆိုလျှင် ထူးထူးခြားခြား ကြောက်ကြလေသည်။

ချွေးတပ်သားဟစ်ဂီးဟစ်ယောက် ကျောက်ပေါက်လေသော် ချွေးတပ်စခန်း၌သော်လည်းကောင်း၊ ဆေးရုံစခန်း၌သော်လည်းကောင်း မည်သည့်နေရာမျှ မထားလိုတော့ပါချေ။ ထိုချွေးတပ်သားအတွက် နေစရာမရှိ ဖြစ်ရတော့သည်။

"ပြန်တော့" ဟူ၍ ဗပ်ကိုကိုပြောလျက် ထိုချွေးတပ်သားအား ချွေးတပ်စခန်းများအတွင်းမှ အပြင်းအထန် မောင်းနှင်ထုတ်လိုက်လေသည်။

"ဖြစ်တာတော့ ဆယ်ရက်လောက်ရှိပါပြီ ဆရာလေး၊ ဒါပေမယ့် ဖြစ်စကတော့ သူကလဲ အလုပ်ထဲ ဆင်းလိုက်နေသေးတယ်ခင်ဗျာ၊ ကျွန်တော်ကလဲ သနားတာနဲ့ ဆေးရုံစခန်းကို မပို့မိတာပါ၊ ဒီလို ကျောက်ဖြစ်တယ်ဆိုတာလဲ အစက မသိလို့ပါ"

"အင်း–ခက်တာပဲဗျာ၊ ခု–ဘယ့်နယ်လုပ်မလဲ၊ ဒီတဲပေါ်ဆက်ထားလို့ ဂျပန်မိသွားရင်လဲ ခက်တယ်၊ ခုမှ ဆေးရုံစခန်းကို ပို့မယ်ဆိုရင်လဲ ခက်တယ်"

ကျွန်တော့်စကားကြောင့် ကိုချစ်တီးရော အနီးရှိ ချွေးတပ်သားများပါ ငိုင်ကျသွားကြပါသည်။

ဤတွင် တစ်ခုပြောရန် ရှိပြန်ပါသည်။ နောက်ပိုင်းအချိန်များ၌မူ (ဝမ်းရောဂါအကြီးအကျယ်ဖြစ်သည့် နောက်ပိုင်းကို ဆိုလိုပါသည်) ဂျပန်များသည် ချွေးတပ်သားများ နေထိုင်ရာ တဲတန်းလျားကြီးများရှိရာသို့ အဝင်အထွက် အသွားအလာ နည်းပါးသွားပါသည်။ ပြီးလျှင် အလုပ်ခွင်အတွင်း၌လည်း ယခင်ကလောက် အစစ်အဆေးအမေးအမြန်း မထူတော့ပါချေ။ သို့ရာတွင် တဲလိုင်းကြီးများအတွင်းသို့မူ မသက်စရာအကြောင်းရှိလာခဲ့ပါက အလစ်အလစ်တွင် ဝင်ရောက်စစ်ဆေးခြင်း ပြုတတ်ပါသည်။

"ခင်ဗျားတို့ကိုယ်တိုင် အသိပဲ၊ ကိုယ့်လူကို ကိုယ်က ဘယ်လိုပဲ ပုတ်ထား ဝှက်ထား ဂျပန်က မသက်စရာ နဲ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ် အလစ်အလပ် ဝင်စစ်တာဗျာ–"

မောင်ထွန်းရွှေကိစ္စမှာ ကျွန်တော်ကိုယ်တိုင်ပင် အတော်အကြံရ ကြုပ်နေပါသည်။

အမှန်စင်စစ် ကျွန်တော့်ထံသို့ မောင်ထွန်းရွှေကိစ္စကို ကိုချစ်တီး လာရောက်ပြောခြင်းကပင် သူ့အနေနှင့် ကြံရာမရသောကြောင့်ဟု ကျွန်တော် နားလည်သည်။

တစ်နည်းပြောရလျှင် အကူအညီတောင်းခြင်း၊ အကာအကွယ်ရှာခြင်းပင် ဖြစ်သည်။ ဂျပန်က သူ့အပေါ်တွင် လူနာထိန်ပုတ်မှုဖြင့် အရေးယူခဲ့သော် ကျွန်တော်က တစ်စုံတစ်ရာဝင်ရောက်ပြောဆိုကာ အကာအကွယ်ပေးခြင်းဖြင့် သူ့အဖို့ သက်သာမှုရရှိနိုင်သည်ဟူ၍လည်း ကိုချစ်တီး အတွေးပေါက်ဟန် တူလေသည်။

"ဒီလိုလုပ်ရင် မကောင်းဘူးလား ဆရာလေး၊ ကျွန်တော်တို့–"

ကိုချစ်တီး စကားဆုံးအောင် မပြောနိုင်တော့ပေ။ တဲလိုင်း၏ ဟိုမှာဘက်ထိပ်နှင့် သည်မှာဘက်ထိပ်မှ နှစ်ဘက်သုပ်ပိတ်လျက် ကညင်ဆီမီးချောင်းများကိုင်ကာ ဆူဆူညံညံ ဝင်ရောက်လာသော ဂျပန်များကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုမြင်လိုက်သည်နှင့် လိုင်းစစ်ရန် လာကြသော ဂျပန်တွေဖြစ်ကြောင်း၊ ချက်ချင်းပင် ကျွန်တော် နားလည်လိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွား၊ သလို ကိုချစ်ဘီးတစ်ကိုယ်လုံး သိမ့်သိမ့်ခါ လှုပ်ရှားသွားသည်ကိုလည်း ကျွန်တော် သတိပြုလိုက်မိလေသည်။

ပြဿနာတစ်ရပ်နှင့် ကျွန်တော်တို့ ရင်ဆိုင်ကြရပေတော့မည်။ ကျွန်တော်သည် ထူထူပူပူနှင့် စိတ်လှုပ်ရှားနေသည့်ကြားကပင် ထိုကိစ္စ၊ ထိုအခက်အခဲကို အာယ်ပုံကျော်လွန်ရပါမည်နည်းဟူ၍ ထွက်ပေါက်ရှာမိလေသည်။

ယခုအချိန်၌မူ ကျွန်တော်တို့အဖြစ်မှာ ကျောက်ပေါက်နေသော ချွေးတပ်သား ကလေး မောင်ထွန်းရွှေအတွက်သာမက ဟန်ချို ကိုချစ်တီးအတွက်ရော၊ ကျွန်တော့် အဖို့ပါ အန္တရာယ်ရှိနေပြီဖြစ်ကြောင်း ကျွန်တော် သတိပြုလိုက်မိလေသည်။

ဂျပန်များသည် ကျောက်ပေါက်နေသည့် မောင်ထွန်းရွှေကို တွေ့ခဲ့လျှင် မောင်ထွန်းရွှေတစ်ယောက်ထဲကိုသာ ချွေးတပ်စခန်းအတွင်းမှ မောင်းနှင်ထုတ်လိမ့်မည် မဟုတ်ပါချေ။ ဟန်ချို ကိုချစ်တီးနှင့် ကျွန်တော့်ကိုပါ အပြင်းအထန် အရေးယူပေလိမ့်မည်။

ဤကိစ္စ ဤအပြုအမူမှာ မနျဆက်ဆက် မြေကြီးလက်ခတ်မလွဲဖြစ်ရမည့် ကိစ္စဟူ၍လည်း ကျွန်တော် နားလည်ပါသည်။

ဂျပန် အရေးယူခဲ့သော်–

ကျွန်တော့်ဦးနောက်သည် ထိုအကွေးကိုလည်း လျင်မြန်စွာ တွေးလိုက်မိသည်။

ဤတွင် ချွေးတပ်စခန်းများ၌ ဂျပန်တွေ လုပ်လေ့လုပ်ထရှိသော အပြစ်ဒဏ် ခတ်သည့် ပုံရဲခန်းများအကြောင်းကိုလည်း အလျှင်းသင့်၍ ဖော်ပြလိုပါသည်။

ချွေးတပ်သား တစ်ဦးတစ်ယောက်တွင် တစ်ခုတစ်ရာအပြစ်ရှိသည်ဟု ဆိုကြပါစို့ ။

ဂျပန်များသည် ထိုချွေးတပ်သားအား တောစပ်တစ်နေရာရာသော်လည်းကောင်း၊ စမ်းချောင်းတစ်နေရာရာသော်လည်းကောင်း၊ စစ်ရုံးအဆောက်အအုံရှေ့သော်လည်းကောင်း ကြိုးဖုံးချည်နှောင်ကာ ရိုက်နှက်လျက် ခေါ်ဆောင်သွားပေလိမ့်မည်။

ပြီးလျှင် ကြိုးတုပ်လျက် စမ်းချောင်းအလွှင်း ပစ်ချ၏။ ထိုသူ ရေမွန်းသတိမေ့မြောသည်အထိ ဂျပန်စစ်သားနှစ်ယောက်၊ သုံးယောက်က အပေါ်မှ တက်နင်းထား၏။ မေ့မြောလောက်ပြီဆိုလျှင် ကမ်းထက်သို့ ဆွဲတင်လျက် ဒိုက်ပေါ်၊

ရင်ဘတ်ပေါ်ကို ခုန်၍ခုန်၍ နင်း၏။ သတိ တစ်ဖန်ရပြန်သော် နောက်တစ်ဖန် ရေသို့ချလျက် ရှေ့နည်းအတိုင်း ပြုကြပြန်လေသည်။

ဤအတိုင်း စိတ်ရှိသလောက် ညှဉ်းပန်းပြီးမှ ကမ်းစပ်တွင် ထားခဲ့ကြလေသည်။

ဤသည်မှာ အကြင်ချွေးတပ်သားအား ရေတွင်ချ၍ နှိပ်စက်ညှဉ်းဆဲသောနည်းပင်ဖြစ်သည်။

ထိုကြောင့် တစ်ခါတစ်ရံ ချွေးတပ်သားအချင်းချင်း အကြောင်းတစ်စုံတစ်ရာ ဆိုက်သဖြင့် ပြောင်လောင်ပြက်ရယ်ပြုလိုသည့်အခါ "ဟေ့ကောင် စမ်းချောင်းထဲ ဆင်းပြီး ပုစွန်ငပ်ချင်သလားကွ" ဟု ဆိုကတ်ကြလေသည်။

တစ်ဖန် ဒုတိယနှိပ်စက်နည်းမှာလည်း အထက်ပါ အပြုအမူကဲ့သို့ပင် ယုတ်မာရိုင်းစိုင်းလှလေသည်။

အကြင်ချွေးတပ်သား တစ်ဦးတစ်ယောက်သည် စမ်းချောင်းရှိရာသို့ ခေါ်ဆောင်သွားခြင်းကို မခံရဘဲ တောစပ်တစ်နေရာရာသို့ ခေါ်ဆောင်သွားခြင်းကို ခံရသူဖြစ်ခြားအံ့--။

ထိုသူအား လက်နှစ်ဘက်ကို နောက်ပြန်ထားလျက် လက်ကောက်ဝတ်တွင် ကြိုးတစ်ချောင်းဖြင့် သီးသန့်ချည်နှောင်၏။ ပြီးလျှင် လက်ကောက်ဝတ်ကို ချည်သည့်နည်းတူ ခြေနှစ်ချောင်းကိုလည်း ပူးတွဲလျက် ချည်နှောင်၏။ ပြီးနောက် တစ်ကိုယ်လုံးကို သစ်ပင်နှင့်ကပ်လျက် ချည်နှောင်ထားလိုက်လေသည်။ ထိုသူ၏ ကိုယ်ပေါ်တွင် အကျီ၊ ပုဆိုးရှိလျှင်လည်းကောင်း၊ ဂုန်နီအိတ်ပိုင်း လန်ကွက်တီ ရှိခဲ့လျှင်သော်လည်းကောင်း ဘာတစ်ခုမျှမထား အားလုံး ချွတ်ခွာထားလေသည်။

ကိုယ်လုံးကိုးဖြစ်နေသည့် ထိုချွေးတပ်သားအား အပြစ်ကြီးသည်ဟုထင်လျှင် ထင်သလောက် အုံးရက်မှ ခုနစ်ရက်သော်လည်းကောင်း၊ မသေမချင်းသော်လည်းကောင်း အစာငတ် ရေငတ် ပစ်ထားလေသည်။

ထိုအခါ အကြင်ချွေးတပ်သားသည် ထာမင်းမစား၊ ရေမသောက်ရသော ဒုက္ခဆင်းရဲကိုသာမက တောခြင်၊ တောမှက်ကြီးများ၊ ပုရွက်ဆိတ်၊ ခါချဉ် စသော သတ္တဝါများ၏ ကိုက်ခဲခြင်းကိုလည်း သွေးစက်စက်ယိုစီးကျသည်အထိ အလူးအလဲ ခံရရှာလေသည်။

ထိုသူ၊ ထိုချွေးတပ်သားအနေနှင့် ကျင်ကြီး၊ ကျင်ငယ်စွန့်သော ဓပုဂ္ဂိုလ်ကိုပင် မတ်တတ်က ပြုရရှာလေသည်။

အကယ်တိ ထိုသူအား သုံးရက်နှင့် ကြိုးဖြေပေးလိုက်သည်ဖြစ်ရိုး ပုံမှန်မှာ တဲလိုင်းရှိရာသို့ မလျှောက်နိုင်တော့ချေ။ အခြားသောချွေးတပ်သားများက (၎)

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကာ တွဲခေါ်ခြင်းပြုရလေသည်။ ထိုသူမှာ တပေါ်သို့ရောက်သည့်အခါ၌လည်း ဆယ့်လေးငါးရက်နှင့် အိပ်ရာထက်မှ မထနိုင်တော့ပေ။

ပြီးသော် ထိုသူ၏ လက်ကောက်ဝတ်နှစ်ဘက်နှင့် ခြေကျင်းဝတ်နှစ်ဘက်မှာလည်း ဂျပန်တို့က အပြင်းအထန် ကြိုးတုပ်ချည်နှောင်လိုက်သည့်ဒဏ်ကြောင့် အပေါ်အရေပြားနှင့် စုတ်ပြတ်လျက် သွေးချင်းချင်းရဲကာ အကွင်းလိုက် အရစ်လိုက် ဖြစ်သော အနာကြီးများသည် လက်ကောက်ဝတ်နှင့် ခြေကျင်းဝတ်ပေါ်တွင် ကြည့်ရက်စရာ မြင်ရက်စရာမရှိအောင် ဖြစ်နေရရှာလေသည်။

ထိုချွေးတပ်သားအဖို့ ကံကောင်းထောက်မသဖြင့် ထိုအနာများပျောက်ကင်း သွားသည့်တိုင် ခရုသင်းစွဲသလိုဖြစ်သော အကွင်းအရစ်ဖြူဖြူကြီးများသည် သေရာပါမည့် အမွေအနှစ်အဖြစ် စွဲထင်ကျန်ရစ်ခဲ့လေသည်။

ထိုသူအား အပြစ်ပေးကြိုးချည်ထားစဉ်က အခြားသော ချွေးတပ်သားများက သော်လည်းကောင်း၊ ဟန်ချို၊ ဘွန်ထိုက်ချို၊ စကားပြန်နှင့် ဝါဒဖြန့်ချိရေးမှူး စသူများကသော်လည်းကောင်း မည်သို့မျှ သွားရောက်၍ အကူအညီမပေးဝံ့ကြပါချေ။

အားယ်ကြောင့်ဆိုရပါမူ အမြဲထာဝစဉ် အလဲအလှယ်ရှိနေသော ကျောက်တောင်ကုန်းထက်မှ ဂျပန်ကင်းစောင့်သည် ထိုသူနှင့် ထိုသူ၏ အနီးပတ်ဝန်းကျင်ကို အထင်သားမြင်နေရသောကြောင့် ဖြစ်လေသည်။

တစ်စုံတစ်ယောက်သော ချွေးတပ်သားသည် ကြိုးတုပ်ထားသူ၏ အနီးသို့ချဉ်းကပ်သွားမိလျှင် သေနတ်ကို မောင်းတင်လျက် အသံကုန်အော်ဟစ်ဆဲရေးလေသည်။ ထိုမျှနှင့် မကျေနပ်လျှင် ထိုသူအား ချက်ချင်းခေါ်စစ်၏။ ကျေနပ်လောက်သော အဖြေကို မရခဲ့ပါမူ ထိုသူ၊ ထိုချွေးတပ်သားသည် ဒုတိယမြောက်ကံဆိုးသူပေတည်း။

ထို့ကြောင့်လည်း ဂျပန်များလက်တွင်းတွင် လက်နက်မဲ့များသာ ဖြစ်ကြရသည့် ချွေးတပ်သားများအနေနှင့် ဂျပန်မှာကို မဆန့်ကျင်ဝံ့၊ စိတ်ကူးယဉ်သည့် အလုပ်မျိုးကိုလည်း မည်သည့်ချွေးတပ်သားကမှ မလုပ်ရဲကြ။

ဤအကြောင်းကို ဤမျှနှင့်ဖြတ်ကာ မောင်ထွန်းရွှေနှင့် ကျန်တော်တို့တစ်စု၏ အဖြစ်ကို ဆက်လက်တင်ပြရပေမည်။

မီးတုတ်၊ မီးစည်းနှင့် ဝါးရင်းတုတ်များ၊ သေနတ်များကို ကိုင်လွယ်ထားသော ဂျပန်စစ်သားများနှင့် စကားပြန်သုငယ်ကလေးနှစ်ယောက်တို့သည် တဲလိုင်းကြီး၏ အဝင်ပေါက် တစ်ဘက်တစ်ချက်ထိပ်ရှိ ချွေးတပ်သားများအား အိပ်ရာမှန်းလျက် စတင်စစ်ဆေးခြင်းပြုနေကြလေသည်။

မောင်ထွန်းရွှေနှင့် ကျန်တော်တို့ ရှိနေကြသည်မှာ တဲလိုင်း၏ အလယ်ကောင်ကွက်တွင် ဖြစ်၏။ တဲလိုင်းတစ်ခု၏ အရှည်မှာ ပေတစ်ရာနီးပါးခန့် ရှိလေသည်။ အနံမှာ ပေသုံးဆယ် သုံးဆယ့်ငါးခန့် ဖြစ်လေသည်။

ထိုတဲလိုင်းအတွင်းတွင် အလယ်မှ လူသွားလမ်း ချန်လှပ်လျက် လက်ဝဲလက်ယာ တစ်ဘက်တစ်ချက်တွင် ဝါးများဖြင့် အဆင့်ထိုးထားလေသည်။ ထိုအဆင့်၏အမြင့်မှာ လေးပေခွဲကျော်ကျော် ငါးပေခန့် ရှိအံ့ထင်၏။ ထိုအဆင့်များပေါ်၌ ချွေးတပ်သားများ အိပ်ကြရ၊ နေထိုင်ကြရခြင်း ဖြစ်လေသည်။

ကိုတောင်းလှသော အချိန်ကလေးအတွင်း၌ပင် ကျန်တော်သည် ထွက်ပေါက်တစ်နေရာကို ကွေးလိုက်မိလေသည်။ ထိုမည်သောအကျပ်အတည်းမှ လွတ်မြောက်သည်ဖြစ်စေ၊ မလွတ်သည်ဖြစ်စေ ကျန်တော်တို့အဖို့ ဤတစ်လမ်းသာ လုပ်ဆောင်နိုင်မည့် နည်းဖြစ်လေသည်။ ငြိမ်ခံခြင်း၊ ငုတ်တုတ်မည်းထဲနေခြင်းထက် ကြွဖန်ကြိုးစားခြင်းသည် အကောင်းဆုံးဟူ၍လည်း ကျန်တော် ယုဆမိလေသည်။

ပြီးလျှင် ဤအတွေးအတောသည် စိတ်ကူးယဉ်သည့် အတွေးအတောမဟုတ်၊ သဘာဝကျ၍ လက်တွေ့အားဖြင့်လည်း ကျန်တော်နှင့် ကိုချစ်တီးအဖို့ အကျပ်အတည်းထဲမှ လွတ်မြောက်နိုင်သော လမ်းပေါက်တစ်ခုဖြစ်လေသည်။

ထို့ကြောင့်-

"ကိုဖိုးမို-ခင်ဗျား မီးတိုင်ကို တစ်နေရာယူသွားလိုက်ဗျာ၊ ခပ်မြန်မြန်ရင်လေးငြိမ်းပစ်လိုက်" ဟု ကျန်တော့်အနီးတွင် မီးချောင်းကိုကိုင်ကာ တွေတွေငိုင်ငိုင်ကြီးရပ်နေသော ချွေးတပ်သားဖိုးမိုအား ကျန်တော်က ပြောလိုက်ပါသည်။

"ကဲ-ကိုချစ်တီး ဒီလိုလုပ်ဗျာ၊ မောင်ထွန်းရွှေကို လူနှစ်ယောက်ကပွေ့ပြီး ကာဒီအဆင့်အောက်ကို သွင်းထားကြရအောင်၊ ဂျပန်တွေ ဒီနားမရောက်ခင် ခပ်မြန်မြန်လုပ်ကြမှ ဖြစ်မယ်၊ ကျွန်တော်တို့အဖို့ ဒီတစ်လမ်းပဲ ရှိတယ်"

ကညင်ဆီမီးချောင်းကိုင်ထားသော ဖိုးမိုသည် ကျန်တော်တို့အနီးမှ ခပ်သုတ်သုတ်ထွက်ခွါသွားလေသည်။ သူသည် ခပ်လှမ်းလှမ်းတစ်နေရာအရောက်တွင် ဂျပန်များ၏ အရိပ်အခြည်ကို ကြည့်လျက် မီးဟိုင်ကို ငြိမ်းသတ်လိုက်သည်။

ကျန်ကော်တို့တစ်စုမှာလည်း မောင်ထွန်းရွှေအား ဦးခေါင်းနှင့် ခြေမမှ,လျက် ခရာခဲဆစ် အဆင့်အောက်သို့ သွင်းရလေသည်။

မီးရောင်မရှိသည့်အခါ ကျန်တော်တို့ကစ်စု၏ အနီးတစ်ဝိုက်၌ အမှောင်ရိပ်ကဲ့လွှမ်းထားလေသည်။ တဲလိုင်းကြီး၏ဟိုမှာဘက်ထိပ်နှင့် သည်မှာဘက်ဆိပ်တွင် ဂျပန်စစ်သားများ၏ မီးတုတ်၊ မီးကိုင်များက ရှိနေသော်လည်း သူတို့လက်တွင်းမှ

www.burmeseclassic.com

www.burmeseclassic.com

ကညင်ဆီမီးတိုင်များ၏ အလင်းရောင်သည် ကျွန်တော်တို့ လူစုရှိရာသို့ ပြောပြလောက်အောင် အရောင်ဟပ် မလာပါချေ။

ကျွန်တော်တို့သည် မောင်ထွန်းရွှေအား မည်ည်းမည္ရာဘဲ ခေတ္တခဏ အောင့်အည်း ကြိတ်မှိတ်နေရန်ကိုလည်း သတိပေး ပြောကြား၍လေသည်။ မောင်ထွန်းရွှေ၏ တစ်ကိုယ်လုံးသည် အထိအကိုင်မခံနိုင်လောက်အောင် နာကျင်နေဟန်တူပါသည်။ ကျွန်တော်တို့တစ်စုက သူ့ကို ပွေ့မလျက် တဲလိုင်း၏ အဆင့်အောက်သို့ ခဲရာခဲဆစ်သွင်းသည့်အခါ မောင်ထွန်းရွှေသည် တဟည်းဟည်း ညည်းတွားရှာပါသည်။

သို့ရာတွင် ဂျပန်များ လရောက်စစ်ဆေးကြောင်းသိသည်နှင့် မောင်ထွန်းရွှေမှာလည်း အည်ည်းရပ်သွားပါသည်။ ခမျာသည် ရှိသမျှအင်အားကို ဖျစ်ညှစ်လျက် သူ့အလိုအလျောက်လည်း အဆင့်၏ အတွင်းဘက်ခပ်ကျကျသို့ သူ့ကိုယ်ကို လိမ့်ဝင်လိုက်လေသည်။

"ဖြစ်ပါ့မလား ဆရာလေး"

ကိုချစ်တီးက ကျွန်တော့်ကို မေးလေသည်။

"ဖြစ်ပါတယ်ဗျာ၊ အသားအို့မြေမပျက်နေပေါ့၊ မဖြစ်တော့လဲ ဘယ်တတ်နိုင်ပါ့မလဲ၊ လုပ်ဖို့က ဒီတစ်လမ်းပဲ ရှိတယ်၊ ခင်ဗျား ဂျပန်တွေ လိုက်စစ်တာကလဲ နေမကောင်းတဲ့လူ ရှိသလား၊ ညစာစားဖို့ ထမင်းယူထားတဲ့လူ ရှိသလား၊ မသက်စရာအကြောင်းရှိသလားဆိုကာလောက် လိုက်စစ်တာပါ၊ လူတစ်ရာကျော်၊ နှစ်ရာလောက်ကို ပြည့်တယ် မပြည့်တယ် လိုက်ရေနေတာ မဟုတ်ပါဘူးဗျာ"

တိုးခိုက်၌ပင် ဂျပန်စစ်သားများရှိရာ တစ်ဘက်သော တဲလိုင်းထိပ်မှ "ဟန်ချီတွေ၊ ဟန်ချီတွေ" ဟူသော စကားပြန်သူငယ်၏ အသံကို ကြားလိုက်ရလေသည်။ ကိုချစ်တီးကိုတဲကြိုးတွင် ဟန်ချီငါးယောက်ရှိသည်။ တစ်ဘက်သော တဲကြိုးမှ ဘွန်ထိုက်ချို ကိုမောင်စိန်မှာ ထိုးခိုနှိပ်၌ ဂျပန်တွေနှင့်အတူ ရှိနေသည်။

"လာ-လာ-သွားကြရအောင်"

ကျွန်တော်သည် ကိုချစ်တီးကို ခေါင်းကာ တဲလိုင်းတစ်ဘက်ထိပ် ဂျပန်များရှိရာသို့ ခပ်သွက်သွက် လျှောက်ခဲ့လေသည်။ အခြားဟန်ချီလေးယောက်တို့မှာလည်း ကျွန်တော်တို့နောက်ပါးမှ လိုက်လာကြလေသည်။

"မင်းတို့အထဲမှာ လူမမာရှိသလား၊ ထွက်ပြေးဖို့ကြံစည်တဲ့လူ ရှိသလား၊ မာစတာက မေးတယ်"

ဂျပန်များအနီးသို့ ကျွန်တော်တို့ရောက်သွားသည့်အခါ၌ပင် စကားပြန်လူငယ်က မေးလေသည်။

ဟန်ချီငါးယောက်စလုံးက မရှိကြောင်း ဖြေကြလေသည်။

ဂျပန်စစ်သားများသည် အိပ်နေသော ခွေးတပ်သားများအား တစ်ယောက်ချင်းစီတစ်ယောက် နှိုးလျက် "ကောင်းတကား-ကောင်းတကား" နှင့် တွင်တွင်ကြီး မေးလေသည်။ ထိုအထဲမှ စိတ်ရန့်မကင်းသူများဖြစ်ခဲ့လျှင် မျက်နှာကို ကညင်ဆီမီးတိုင်ဖြင့် ထိုးတော့မတတ် ကပ်လျက် ဘီလူးသရဲစီးသည့်အလား မေးမြန်းခြင်း ပြုလေသည်။

တဲလိုင်းများကို လာရောက်စစ်ဆေးသော ဂျပန်များအထဲတွင် ကုမေကာမှာ အကြီးဆောင်အကြီးအမှူး ဖြစ်လေသည်။ သူက ခွေးတပ်စခန်းတစ်ခုလုံးရှိ ခွေးတပ်သားများအပေါ်တွင် အုပ်ချုပ်ရာ၌လည်း တာဝန်အရှိဆုံး ဂျပန်စစ်ဗိုလ်တစ်ယောက် ဖြစ်လေသည်။

ကုမေကာကို ခွေးတပ်သားများက ခပ်လွယ်လွယ်ခေါ်တတ်သလိုနည်းဖြင့် သူမေစာဟု ခေါ်ကြလေသည်။ သို့ရာတွင် ကုမေကာယည် ဘုရားလောင်းတော် သူမေစာရှင်ရသေ့ကဲ့သို့ သူတော်ကောင်း၊ သူမြတ်လောင်းတစ်ယောက်တော့ မဟုတ်ပါချေ။ ဒေဝဒတ်ထက် နှစ်ပြန်လောက်ဆိုးဝါးလှသည့် ကုမေကာ ဖြစ်လေသည်။

ကုမေကာနှင့် ဂျပန်စစ်သားများ၊ စကားပြန်ကလေးနှစ်ယောက်တို့ပါ တဲတစ်လျှောက်ရှိ ခွေးတပ်သားများကို တစ်ယောက်ပြီးတစ်ယောက်၊ တစ်စုပြီးတစ်စု စစ်ဆေးလာလေသည်။

တဖြည်းဖြည်းနှင့် တဲလိုင်းအလယ်လောက်သို့ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်မှ သုံးပူးညှပ်ပိတ်ဝင်လာသော ဂျပန်များ ရောက်လုနီးလာလေပြီ။ ထိုအခါ ဟန်ချီကိုချစ်တီးအနေနှင့် မည်သို့ရှိလိမ့်မည်ဟူ၍ မဆိုနိုင်သော်လည်း ကျွန်တော့်ရင်ထဲတွင်မူ တဒိတ်ဒိတ်ခုန်နေပါတော့သည်။

ကျွန်တော်နှင့် ဟန်ချီများသည် ဂျပန်စစ်သားများ၏ နောက်ပါးမှ ကပ်၍ လိုက်ခဲ့ကြလေသည်။ ဂျပန်စစ်ဗိုလ်ကုမေကာ၊ ဘွန်ထိုက်ချို ကိုမောင်စိန်၊ စကားပြန်ကလေး မောင်အေးချို၊ ဤသုံးယောက်မှာ ရှေ့ဆုံးမှ ဖြစ်လေသည်။

ကျွန်တော်သည် မောင်ထွန်းရွှေအား ဝုန်းဝုန်းသည့် တဲအဆင့်အောက်ရှိရာသို့ လှမ်းကြည့်လိုက်မိလေသည်။ ကျွန်တော့်နားနှစ်ဘက်ကိုလည်း အာရုံစိုက်လျက် သတိပြုလိုက်မိလေသည်။

ဘာကိုမှမမြင်ရ၊ မည်သည့်ညည်းတွားသံကိုမှလည်း မကြားရ၊ အခြေအနေအရပ်ရပ်သည် ပုံမမျှက်၊ ပန်းမပျက် ပကတိအတိုင်း ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာတော့ပါဘူး။ မောင်ထွန်းရွှေအား သိုဝှက်ထားသည့် နေရာတည်တည်းကို ရောက်လာကြပါသည်။ ဂျပန်စစ်သားသုံးလေးယောက်သည် ထိုနေရာရှိ ရွှေးတပ်သားများအား အိပ်ရာမှ ထစေလျက် စုံစမ်းစစ်ဆေးခြင်းပြုလေသည်။

ထိုအခိုက် ရှေ့ဆုံးမှ ခြေလှမ်းမှန်မှန်နှင့် လျှောက်နေသော ဂျပန်စစ်ဗိုလ်ကုမေကာ၏ ခြေထောက်များသည် တုံ့ခနဲ ရပ်ဆိုင်းသွားလေသည်။

ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်ရပြန်ပါသည်။ ကုမေကာ၏ ရပ်တန့်သည့်နေရာမှာ မောင်ထွန်းရွှေအား ကျွန်တော်တို့ဝှက်ထားသည့် နေရာတည်ကသို့တွင် ဖြစ်လေသည်။

တဖြစ်ဖြစ်တောက်လောင်နေသော ကညင်ချောင်း မီးရောင်အလင်းဖြင့် ကုမေကာမျက်နှာကို ကွဲနတော် လှမ်းကြည့်လိုက်မိလေသည်။ ဂျပန်စစ်ဗိုလ်ကုမေကာသည် တစ်ခုတစ်ရာကို အနံ့ခံနေသလို သူ့နှာခေါင်းကို ပွစိပွစိလုပ်လေသည်။ သူသည် အနီးတစ်ဝိုက်ရှိ ရွှေးတပ်သားများကိုလည်း စူးစူးတောက်သော မျက်လုံးအစုံဖြင့် ကြည့်ရှုလေသည်။

ကျွန်တော်ထင်သည်မှာ ဂျပန်စစ်ဗိုလ် ကုမေကာ၏ နှာခေါင်းထဲတွင် ညှီနံ့ရှိုင်းအနံ့ရသက်များ ဝင်ရောက်နေသောကြောင့် တစ်ခုတစ်ရာကို မသက်သာခြင်းဟု ကျွန်တော်ထင်ပါသည်။

အမှန်အားဖြင့်လည်း ကျောက်ပေါက်နေသော မောင်ထွန်းရွှေ၏ အနံ့အသက်များသည် အော်ဂလီဆန်လောက်အောင်ပင် ညှီဟောင်ဟောင်ရှိလှလေသည်။ ကုမေကာကဲ့သို့သော ရွှေးတပ်သားများနှင့်အတူ တွဲနေသော ကျွန်တော့်အဖို့ပင် မခံမရပ်နိုင်လောက်အောင် ညှီစော်ဟောင်စော်နံလှပါသည်။

ကုမေကာသည် အတော်ပင် သက်သာကင်းဟန်ရှိလေသည်။ သူ့နှာခေါင်းကိုလည်း လက်နှင့်ပိတ်ထားသည်။ မျက်လုံးများကလည်း ကျီးငှက်တစ်ကောင်၏ မျက်လုံးကဲ့သို့ တစ်စုံတစ်ခုကို လှည့်ပတ်ရှာဖွေနေဟန် ဖြစ်လေသည်။

ဤလိုအချိန်နှင့် ဤလိုအခြေအနေမျိုးတွင် မောင်ထွန်းရွှေကသာ အနည်းငယ်မျှ ညည်းတွားခြင်းပြုလိုက်လျှင် ကိစ္စအားလုံးမှာ ဘူးပေါသည့်အဖြစ်မျိုးသို့ ရောက်ရချေမည်။

သို့ရာတွင် မကြာမီ ဂျပန်စစ်ဗိုလ်ကုမေကာနှင့် ဂျပန်စစ်သားများသည် ကိုချစ်တီးတို့ တဲလိုင်းအား စစ်ဖယ်၍ ပြီးစီးသွားလေသည်။ ထိုအခါ တဲလိုင်းအတွင်းမှ ထွက်ခွာသွားကြလျက် တဲလိုင်းအပြင်တွင် အိပ်နေကြသော ရွှေးတပ်သားများအား စစ်ဆေးခြင်းပြုပြီးနောက် တစ်ဘက်သော တဲလိုင်းအတွင်းသို့ ညှပ်မှ ညှပ်ပိတ်ပြုလျက် ဝင်ရောက်သွားကြပြန်လေသည်။

အမှန်အားဖြင့် ကျွန်တော်မှာ ထိုတဲလိုင်းများ စစ်ဆေးခြင်းပြုရာနေ့ကသို့ ဝင်ကာရာအနေနှင့် လိုက်သွားသင့်သူတစ်ယောက်ဖြစ်ကြောင်း သတိပြုမိပါသည်။ ဘွန်ထိုက်ချို ကိုမောင်စိန်သည်ပင် ဂျပန်များနှင့်အတူ လိုက်ပါသွားလေသည်။

ဤနေရာတွင် တစ်ခုဖော်ပြရမည်မှာ ဂျပန်များနှင့် ဘွန်ထိုက်ချိုများ၊ စခန်းမှူးများ၊ ဝါဒဖြန့်ချီရေးမှူးများ၏ ဆက်ဆံရေးပုံစံပင် ဖြစ်လေသည်။ အဆိုပါလူသုံးစားသည် ယခုကဲ့သို့ ဂျပန်များ လိုင်းစစ်ခြင်း၊ လူစီတန်း စစ်ဆေးခြင်းစသော ကိစ္စများရှိသည့်အခါ သူတို့နှင့်အတူ ဝင်ရောက်လျက် ပူးပေါင်းဆောင်ရွက်ခြင်း ပြုပါမှ ဂျပန်များက သဘောကျလေသည်။

သူတို့တစ်တွေ ယခုလို တဲလိုင်းများကို စစ်ဆေးနေပါလျက် ကျွန်တော့်လို ဝါဒဖြန့်ချီရေးမှူးတစ်ယောက်က ရှောင်ဖယ်ဖယ်လုပ်နေခဲ့လျှင်မူ အပြစ်မရှိ အပြစ်ရှာလုပ်လာတတ်လေသည်။

နိပ္ပန်တို့၏ မဟာစစ်ပွဲကြီး အောင်မြင်ရေးကို မလိုလားသောကြောင့်လော။

ဒုတိယစစ်မျက်နှာတစ်ရပ်ကဲ့သို့ အရေးပါလှသော ဤ ထိုင်း-မြန်မာ မီးရထားလမ်းမကြီး အောင်မြင်ပြီးစီးရေးကို မလိုလားသောကြောင့်လော။

သင်သည် အင်္ဂလိပ်တို့၏ သူလျှို (စပိုင်) တစ်ယောက် ဖြစ်သောကြောင့် ပေလော။

ဤမေးခွန်းများဖြင့် ကျွန်တော်တို့အပေါ်တွင် ကောက်ကျစ်စဉ်းလဲစွာ အပြစ်ပြုလာတတ်ပါသည်။

ထိုအခါ ကျွန်တော်တို့အဖို့ (အပြစ်ရှာခံရသူအဖို့) ဝံပုလွေနှင့် သိုးငယ်ပမာလည်ကိုစင်း၍ ခံကြဖို့ရန်သာ ရှိလေသည်။

စစ်ကာလ၊ စစ်အတွင်း ဂျပန်ဖက်ဆစ်များ၏ လက်တွင်း၌ စပိုင်သူလျှို ဟူ၍ အစွပ်အစွဲခံရသူတစ်ယောက်အနေဖြင့် သေလမ်းသို့ သွားရသည်မှလွဲ၍ အခြားမဲ့ဖြစ်သော လမ်းတစ်လမ်းသည် လုံးဝမရှိနိုင်တော့ပါပေ။

"ကဲ-ဆရာလေး၊ ဒီကိစ္စ ဘယ်လိုဆက်လုပ်ကြမလဲဗျ"

ဂျပန်များ တဲတန်းလျားအတွင်းမှ ထွက်ခွာသွားလျှင်ပင် ကိုချစ်တီးက ကျွန်တော့်ကို မေးမြန်းခြင်းပြုလေသည်။

"ဆေးရုံစခန်းကို တစ်နည်းနည်းနဲ့ ပို့မှဖြစ်မယ်ခင်ဗျာ၊ ဘွန်ထိုက်ချို ကိုမောင်စိန်ကို ဒီကိစ္စပြောမပြဘူးလား"

ကိုချစ်တီးတို့ တဲလိုင်းရှိ ဟန်ချိုင်းယောက်အပေါ်တွင် ကိုမောင်စိန်မှာ ကွပ်ကဲအုပ်ချုပ်ရသူဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သူ့ကို အစကတည်းက ပြောပါတယ်ဗျာ၊ သူကိုယ်တိုင်က သိပ်ကြောက်နေတယ်၊ ကျွန်တော့်ကိုလဲ တဆူထဲ ဆူနေတယ်၊ ကဲပါ–ဆရာလေးရာ၊ ခု–ညတွင်းချင်းပဲ ဆေးရုံစခန်းကို ပို့လိုက်ရရင် မကောင်းဘူးလား၊ မနက်ကျမှ ဂျပန်ကို ပြောတာပေါ့၊ အင်း–ဒုက္ခပဲဗျာ"

ကိုချစ်တီးကား ညည်းရှာလေသည်။

"ခုမှတော့ ညည်းမနေနဲ့တော့ဗျာ၊ ကျွန်တော် ဂျပန်တွေ နောက်ကို လိုက်သွားလိုက်ဦးမယ်၊ ပြီးတော့ ပြန်လှည့်ခဲ့မယ် ဟုတ်လား၊ ကိုမောင်စိန်ရယ်၊ ကိုသာမြိုင်ရယ်၊ ကျွန်တော်ရယ်၊ ခင်ဗျားရယ်၊ တိုင်ပင်ပြီး တစ်နည်းနည်းလုပ်ကြကာပေါ့"

ကျွန်တော်သည် ကိုချစ်တီးကို အားပေးစကား ပြောကြားပြီးနောက် ဂျပန်များရှိရာ တစ်ဘက်သော တဲလိုင်းကြီးသို့ ခင်သုတ်သုတ် ထွက်ခွာခဲ့ပါသည်။

ထိုညက ရွှေးကပ်သားများ နေထိုင်သည့် တဲလိုင်းကြီးများ အားလုံးကို စစ်ဆေးပြီးသည့်အခါ ဂျပန်များသည် စစ်သုံ့ပန်းရွေးတပ်သားများ နေထိုင်ရာ တဲလိုင်းကြီးကို သွားရောက်စစ်ဆေးခြင်း ပြုကြလေသည်။

အင်္ဂလိပ်၊ ဩစတြေးလျ၊ ဒတ်ခ်ျ စသော စစ်သုံ့ပန်းများ နေထိုင်သည့် တဲလိုင်းကြီးကို စစ်ဆေးရန် သွားရောက်သည့်အခါ၌မူ ဂျပန်စစ်ဗိုလ်ကုမေကာသည် စကားပြန်သူယေကလေးများနှင့် သူ့နောက်ပါ ဂျပန်စစ်သားများမှအပ ကျွန်တော်နှင့် ဘွန်ထိုက်ချိုများကို မခေါ်တော့ပေ။

ဂျပန်များသည် မြန်မာအမျိုးသား ရွှေးတပ်သားများနှင့် ဗြိတိသျှစစ်သုံ့ပန်းတို့ကူးလူးဆက်ဆံခြင်းမရှိစေရန် ကတ်နိုင်သလောက် သတိကြီးစွာထားကြကြောင်း ထင်ရှားလေသည်။

ကျွန်တော်သည် ဂျပန်စစ်ဗိုလ် ကုမေကာက ပြန်ခွင့်ပြုလိုက်သည့်အခါ၌ပင် ကိုသာမြိုင်၊ ကိုမောင်စိန် စသူများအား မောင်ထွန်းရွှေကိစ္စကို ဖွင့်ဟတိုင်ပင်ပြီးနောက် ကိုချစ်တီးရှိရာ တဲလိုင်းအတွင်းသို့ သူတို့နှစ်ဦးကို ခေါ်ဆောင်ခြင်းပြုခဲ့လေသည်။

ဘွန်ထိုက်ချို ကိုမောင်စိန်မှာ ခပ်စောစောက ကိုချစ်တီးပြောထားသည့်အတိုင်း ထိုကိစ္စအတွက် သူ့အပေါ်တွင် တာဝန်ကျရောက်လာမည်ကို အလွန်တရာစိုးရိမ်ထိတ်လန့်ကြောင်း ကျွန်တော် သိရလေသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချို ကိုသာမြိုင်၊ ဟန်ချို ကိုချစ်တီးနှင့် ကျွန်တော်တို့က အကြောင်းအကျိုးအမျိုးမျိုးပြုလျက် ပြောကြားခြင်းပြုရပါသည်။ အမှန်စင်စစ် မောင်ထွန်းရွှေမှာ ကိုမောင်စိန်၏ ဟန်ချိုအုပ်စုထဲမှ ရွှေးတပ်သားကလေးတစ်ယောက်

ဖြစ်လေရာ ထိုအစီအစဉ် ထိုကိစ္စထဲတွင် ဘွန်ထိုက်ချို ကိုမောင်စိန် ပဲ့ကျန်နေလျှင်လည်း ကောင်းလိမ့်မည်မဟုတ်ဟု ကျွန်တော်တွေးလိုက်မိသောကြောင့် ဖြစ်ပါသည်။ ပြီးလျှင် ကိုယ့်လူကိုယ့်အချင်းချင်းပင်ဖြစ်သော်လည်း တစ်နည်းမဟုတ်တစ်နည်း ဆိုသလို ဂျပန်ကို သတင်းပေးခဲ့လျှင်လည်း ကျွန်တော်တို့တွင် ဒုက္ခရောက်ရန် အကြောင်းရှိသောကြောင့်ပင်။

ဤလိုနှင့် နောက်ဆုံးတွင် ကိုမောင်စိန်မှာ မနေသာတော့ဘဲ ကျွန်တော်တို့၏ အစီအစဉ်ထဲတွင် ပါဝင်လာရလေသည်။ ကျွန်တော်တို့သည် မောင်ထွန်းရွှေနှင့် ပတ်သက်၍ လုပ်ဆောင်ရမည့် ကိစ္စတစ်ခုကိုလည်း တညီတညွတ်တည်း ဆုံးဖြတ်ချက်ချလိုက်ကြပါသည်။

ကျွန်တော်တို့၏ အစီအစဉ်မှာ နံနက်မိုးလင်းစ ရွှေးတပ်သားများ တန်းစီခြင်း မပြုရသေးမီ အချိန်အတွင်း မောင်ထွန်းရွှေအား ဂျပန်များအလစ်တွင် ဆေးရုံစခန်းသို့ ပို့ဆောင်ကြရန်ပင် ဖြစ်လေသည်။

ထိုအချိန်ဆိုလျှင် ကျောက်တောင်ကုန်းထက်မှ ကင်းစောင့်တာဝန်ကျ ဂျပန်စစ်သားသည် ကင်းစောင့်အိမ်ငယ်ကလေးအတွင်း၌သော်လည်းကောင်း၊ အနီးအနား၌သော်လည်းကောင်း ရှိနေလိမ့်မည်မဟုတ်တော့ပေ။ သူသည် ကင်းစောင့်ခြင်းအုပ်ကို ခေတ္တရပ်နားလျက် အခြားသော ဂျပန်စစ်သားများနှင့်အတူ ဆန့်ပြုတ်သောက်ခြင်း၊ ရေနွေးသောက်ခြင်း၊ အစားအစာတစ်စုံတစ်ခုကို စားသောက်ခြင်း ပြုရန်အတွက် တောင်ကုန်းမြင့်အောက်ခြေရှိ ဂျပန်များ စုဝေးရာ တဲတန်းလျားရှည်ကြီးအတွင်းသို့ ဆင်းသက်၍ လာပေလိမ့်မည်။ ပြီးလျှင် တောတွင်းရွှေးတပ်စခန်းများတွင် ဖြစ်သောကြောင့်လည်း မနက်လင်းလာသည့်အချိန်၌မူ ညအမှောင်အချိန်ကဲ့သို့ ဂရုတစိုက် သိပ်မရှိပေ။ ဤအချိန်၊ ဤအခွင့်အရေးကလေးကို မလွတ်တမ်း အရယူကာ မောင်ထွန်းရွှေအား တဲလိုင်းအတွင်းမှ တွဲ၍ ထုတ်သွားကြရန်ပင် ဖြစ်လေသည်။

ကျွန်တော်သည် ကိုချစ်တီးတို့လူစုနှင့် ဤအတိုင်း စီစဉ်ပြီးနောက် ကျွန်တော် နေထိုင်ရာ တဲလိုင်းရှိရာသို့ ပြန်ခဲ့လေသည်။

ကျွန်တော်နေထိုင်သော တဲလိုင်းသို့ ပြန်ရောက်သည့်အခါ၌မူ ကျွန်တော်သည် အိပ်ရာသို့ မရောက်ဝင်သေးဘဲ ရွှေးတပ်သားအချို့ စုဝေးထိုင်နေသော မီးပုံကြီးတစ်ပုံအနီးသို့ ဆက်လက်၍ လျှောက်ခဲ့လေသည်။

မီးပုံမှာ တဲလိုင်းအပြင်ဘက် တဲလိုင်းနှင့် ဝါးတစ်ရိုက်ခန့်အကွာအဝေး သစ်ပင်ကြီးတစ်ပင်အောက်တွင် ဖြစ်လေသည်။ ဆောင်းရာသီဖြစ်သောကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

ချွေးတပ်သားများသည် တစ်ညမပြတ်ဆိုသလို မီးဖိုကာ မီးထင်းများ ထည့်ထား ကြပါသည်။

ကျွန်တော် မီးပုံဘေးသို့ဝင်ရောက်၍ ထိုင်လိုက်မိသည့်အခါ၌ပင် ချွေးတပ်သား များသည် မောင်ထွန်းရွှေအကြောင်းကို အမေးအမြန်းထူကြပါသည်။ ကျွန်တော် ကလည်း ပြောသင့်ပြောထိုက်သမျှကို ပြန်လည်ကာ ပြောကြားခြင်းပြုရလေသည်။

မီးပုံဘေးတွင် ထိုင်နေကြသော ချွေးတပ်သားအုပ်စုမှာ နှစ်အုပ်စုလို ဖြစ်နေ ကြပါသည်။ ခြောက်ယောက်၊ ခုနစ်ယောက်မှာ မြန်မာချွေးတပ်သားများဖြစ်လျက် တစ်စုမှာ ဆယ်ယောက်ဂျက်မနည်းသော မွန်အမျိုးသား ချွေးတပ်သားများ ဖြစ်ကြ လေသည်။

ကျွန်တော်သည် ကွမ်းသီးဖက် ဆေးလိပ်တစ်လိပ်ကို မီးညှိသောက်ရင်း မွန်အမျိုးသား ချွေးတပ်သားများ၏ အပြုအမူကို ကြည့်လိုက်မိသည်။

မြန်မာချွေးတပ်သားများသည် နောက်ပိုင်းအချိန်များ၌ ထိုကောင်းအရာ ရှိပင် ရာရာစစ်ကြောင်းဖြစ်သော အိုးပဲ့ခွက်ပဲ့များ၊ ပုံးစုတ်ပုံးဟောင်းများဖြင့် ၎င်းတို့ အကွက် ညစာအဖြစ် ရရှိထားသော ထမင်းဟင်းများကို သိုဝှက်သိမ်းဆည်းခြင်း ပြုကာ ထိုကဲ့သို့ အချိန်မတော်ညဉ့်နက်ယန်းမေါင် ဂျပန်များအလစ်တွင် ပြန်လည် ကာ ချက်ပြုတ်စားသောက်ကြလေသည်။

မွန်အမျိုးသားများမှာမူ ထမင်းများကို အလုံးအဆုပ်ကြီးများပြုလုပ်လျက် မီးထဲတွင် ထည့်၍ ဖုတ်နေကြလေသည်။

ဤထမင်းဟင်းများသည် ညနေပိုင်းက ညစာအတွက် ရရှိထားသော ထမင်းဟင်းများပင် ဖြစ်သော်လည်း မနှံ့မနပ်ဖြင့် စိမ်းဆတ်ဆတ်ဖြစ်နေဆဲ ကြောင့်လည်း၊ ယမကဲ့သို့ ပြန်လည်ချက်ပြုတ်ခြင်း၊ မီးဖုတ်ခြင်းများကို ပြုလုပ်ကြ ခြင်းပင် ဖြစ်လေသည်။ မွန်အမျိုးသားများကမူ ထိုထမင်းများကို မီးကျမ်းအောင် ဖုတ်ပြီးနောက် အပေါသားကို ဖယ်ရှားပစ်ကာ အတွင်းသားကို ဆားဖြူး၍ စားသောက်ကြလေသည်၊

မိုးတွင်းကုန်းကုန်းမိုးပါလျှင် ကျွန်တော်တို့ ချွေးတပ်သားများသည် တောကြီး များအတွင်းမှ မျှစ်မျိုးကို ကျိုးဖဲ့ယူဆောင်လာကြပြီးနောက် ထိုမျှစ်များကိုပြုတ်ကာ ဆားရည်နှင့် တို့ယျက်၍ စားသောက်ခြင်းပြုကြလေသည်။

ဤသည်မှာ မိမိတို့၏ အသက်တစ်ချောင်းကို တည်မြဲနေနိုင်စေရေးအတွက် ဖြစ်ရာဖြစ်ကြောင်း၊ ရရာရာကြောင်း နည်းမျိုးဖြင့် ကြိုးစားလုပ်ကိုင် အသက်မွေးကြ ရခြင်းပင် ဖြစ်လေသည်။

ထမင်းကိစ္စကို ထပ်၍ဆိုရပါသော် ထမင်းဟင်းများကို နူးနုံနပ်နပ်ဖြစ်သည် အထိ ပြန်လည်ကာ ချက်ပြုတ်စားသောက်ခြင်း၊ ပြုကြရသည်မှာလည်း ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ် ကိစ္စတစ်ခုတော့ မဟုတ်ပါချေ။

အကယ်တန့်၊ ထိုအလုပ် ထိုအပြုအမူကို ဂျပန်စစ်ဗိုလ်ကုမေကာ သိရှိ သွားခဲ့လျှင် အရိုက်အနှက် အကန်အကျောက်ခံကြရဖြင့်၊ စားအိုးစားခွက်များကို ကန်ကျောက်ပစ်ခြင်း၊ ထမင်းဆုပ်၊ ထမင်းခဲများကို ခြေနှင့်နင်းလျက် ဖျက်ဆီး ပစ်ခြင်း၊ ဟန်ချို၊ ဘွန်ထိုက်ချီများအား ခေါင်ကာ ပါးရိုက်ခြင်း စသည်များကိုပင် ပြုလုပ်တတ်လေသည်။

ကျွန်တော်သည် မီးပုံဘေးတွင် ဆေးလိပ်တစ်လိပ်ကို ကုန်သည့်အထိ ထိုင်သောက်ပြီးနောက် တဲလိုင်း ကျွန်တော့်အခန်းရှိရာသို့ ပြန်ခဲ့သည်။

သို့ရာတွင့် အိပ်ရာတွင်းသို့ ရောက်သည့်အခါ၌လည်း တော်တော်နှင့် အိပ်မပျော်ပေ။ ကျောက်ပေါက်နေသော မောင်ထွန်းရွှေ၏အကြောင်းကို စဉ်းစား တွေးတောနေမိလေသည်။

သို့နှင့် နောက်ထပ်လျက် အချိန်တစ်နာရီလောက်ကုန်လွန်သွားမှ ကျွန်တော် သည် အိပ်ပျော်သွားပါသည်။

အချိန်မည်မျှကြာအောင် ကျွန်တော် အိပ်ပျော်သွားသည် မသိ။ ကျွန်တော့် ဘေးရှိ သာဆင်က "ဆရာလေး ဆရာလေး" ဟု အတွင်းခေါ်လျက် ကျွန်တော့် အား ကိုင်လှုပ်၍ နှိုးလိုက်သည့်အတွက် အထိတ်တလန့်ဖြင့် အိပ်ရာမှ လူးလဲကာ ထလိုက်ရလေသည်။

"ထွန်းရှေကို ဂျပန်တွေ ကွေ့သွားပြီ ဆရာလေး၊ ကိုချစ်တီးကိုလဲ ဂျပန်တွေ ရိုက်နှက်နေတယ်ဗျာ့"

သာဆင်က ပြောပါသည်။

"ဟေ-ဟုတ်လား"

ကျွန်တော်သည် ထိုင်ရာမှထလျက် သာဆင်ကို ခေါင်းငြိမ့်နောက် တဲလိုင်းမှ ထွက်ခွာခြင်းပြုခဲ့လေသည်။

တဲလိုင်းအပြင်သို့ရောက်သည့်အခါ ကျွန်တော်သည် ရှေ့ဆက်၍ မသွားဝံ့ သေးဘဲ ဟန်ချို ကိုချစ်တီးတို့ တဲကြီးရှိရာသို့ လှမ်းမျှော်ကြည့်လိုက်မိလေသည်။

အပြင်တွင် လရောင်မှာ ညဉ့်ပိုင်းကလို မှိုင်းပျပျ မှုန်ဝါးဝါး မဟုတ်၊ ထိန်ထိန်သာနေလေသည်။ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုဒြပ်အားလုံးသည် ထိန်လင်းသာ လရောင်အောက်၌ လှုပ်ရှားမှုမရှိ၊ ပကတိအတိုင်း ငြိမ်သက်လျက် ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအတွင်း ဂရုတစိုက်နားထောင်လျှင် ကြားနိုင်လောက်သော ဂျပန်စစ်သားများ၏ အသံဗလံများကိုလည်း ကြားလိုက်ရလေသည်။

ဤလို ကျွန်တော်နှင့် သာဆင်တို့ ကြည့်နေခိုက်၌ပင် လူနှစ်ယောက်သဏ္ဌာန်သည် တဲအတွင်းမှထွက်လျက် ကျွန်တော်နှင့် သာဆင်တို့ရှိရာသို့ တည့်မတ်စွာ လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သိပ်အချိန်မကြာလှ။ ဘွန်ထိုက်ချို ကိုမောင်စိန်နှင့် စကားပြန်ကလေးသည် ကျွန်တော်နှင့် သာဆင်တို့ရှိရာသို့ ရောက်လာလေသည်။

"ခင်ဗျားကို မာစတာ ခေါ်နေတယ်"

စကားပြန်သူငယ်က ပြောလေသည်။

"အေး--အေး--လာခဲ့မယ်"

စကားပြန်သူငယ်သည် ကျွန်တော်တို့အနီးမှ ထွက်ခွာသွားလေသည်။ ဘွန်ထိုက်ချို ကိုမောင်စိန်မှာ ကျွန်တော့်အနီးတွင် ရပ်ကျန်ခဲ့လေသည်။

"ဘယ်လိုဖြစ်တာလဲ ကိုမောင်စိန်"

ကျွန်တော်က မေးလိုက်သည်။

"ဘယ်လိုလဲဆိုတော့ ကုမေကာက အင်မတန်ပါးတာပဲဗျ၊ ခပ်စောစောတုန်းက လာစစ်ကတည်းက မသက်သာဘူး ထင်ပါတယ်ဗျာ၊ အဲဒီတော့ အိပ်ပျော်နေတုန်း နောက်တစ်ချီ အလစ်ဝင်ဖမ်းတာပေါ့"

ကိုမောင်စိန်က ပြောလေသည်။

မှန်ပေသည်။ ဂျပန်စစ်ဗိုလ် ကုမေကာသည် ခပ်စောစောကပင် ဟန်ချို ကိုချစ်ဟီးအုပ်စုက လူများအပေါ်တွင် စိတ်ရန်နဲ့မကင်းဖြစ်သွားကြောင်း ထင်ရှားလှပါသည်။ ဤကိစ္စကိုလည်း ခုမှပင် ကျွန်တော်က သဘောပေါက်မိလေသည်။

ထိုစဉ်က ကညင်ဆီမီးရောင်အတွင်းမှ မြင်တွေ့လိုက်ရသော ဂျပန်စစ်ဗိုလ် ကုမေကာ၏ နှာခေါင်းတံရဲ့ရဲ့မျက်နှာကိုလည်း ချက်ချင်းပင် ကျွန်တော် သတိရလိုက်မိလေသည်။

"ခု-ဘယ်လုပ်ထားလဲ ကိုမောင်စိန်"

ကျွန်တော်က ကိုမောင်စိန်ကို မေးရမြန်းရပြန်ပါသည်။

"မောင်ထွန်းရွှေကို တဲအပြင် ခပ်ဝေးဝေးထုတ်ထားတယ်၊ ကိုချစ်ဟီးကိုတော့ ရိုက်နှက်ပြီး ကြိုးတုပ်လိုက်ပြီ"

ကြိုးတုပ်လိုက်ပြီဆိုသော စကားသည် ကျွန်တော်တို့ ခွေးတပ်သားများအဖို့ 'ကြိုးမိန့်ပေးလိုက်ပြီ' ဆိုသော အဓိပ္ပါယ်နှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။

ကျွန်တော်နှင့် ကိုမောင်စိန်သည် သာဆင်ကို ထားခဲ့ကြပြီး ကိုချစ်ဟီးနှင့် ဂျပန်စစ်ဗိုလ် ကုမေကာတို့ရှိရာသို့ ထွက်ခဲ့ကြလေသည်။ နှစ်ဦးစလုံးပင် နောက်ထပ်လျှက် စကားတမ်းစုံတစ်ရာ မဆိုနိုင်ကြသော်လည်း အသီးသီး၏ ရင်ထဲတွင်မူ နိုးရိမ်စိတ်များ ဖုံးလွှမ်းနေကြပါသည်။

မောင်ထွန်းရွှေကိုစွဲသည် ဟန်ချို ကိုချစ်ဟီးအပေါ်၌သာမက ဘွန်ထိုက်ချို ကိုမောင်စိန်နှင့် ကျွန်တော့်အပေါ်တွင်လည်း အပြစ်တစ်စုံတစ်ရာ ကျရောက်လာလေမလားဟူသော တွေးတောနိုးရိမ်မှုပင် ဖြစ်လေသည်။

မကြာမီ ကျွန်တော်နှင့် ကိုမောင်စိန်သည် ဂျပန်စစ်ဗိုလ် ကုမေကာနှင့် ဂျပန်စစ်သားများ ရှိရာသို့ ရောက်ခဲ့ကြသည်။

တွေ့လိုက်ရသည်ဟုဆိုလျှင်ပင် ကုမေကာသည် မျက်နှာကြောတင်းတင်းနှင့် ကိုမောင်စိန်နှင့် ကျွန်တော့်ကို မျက်လုံးပြူးကြည့်လေသည်။ ပြီးလျှင် စကားပြန်သူငယ်မှတစ်ဆင့် မောင်ထွန်းရွှေ ကျောက်ပေါက်သည်ဟူ၍ကို သိ မသိ မေးမြန်းစစ်ဆေးခြင်းပြုလေသည်။

ကျွန်တော်နှင့် ကိုမောင်စိန်တို့ကလည်း လုံးဝမသိကြောင်း 'ဘူးကွယ်'ရလေသည်။ သို့ရာတွင် ကုမေကာသည် ကျွန်တော်တို့နှစ်ဦး၏ ပြေကြောချက်ကို လုံးဝကျေနပ်ဟန်မရှိချေ။ လက်ပူးလက်ကြပ်မမိသောကြောင့်လည်းကောင်း၊ ဟန်ချို ကိုချစ်ဟီးကိုယ်တိုင်ကလည်း ကျွန်တော်တို့နှင့် ပတ်သက်လျက် တစ်စုံတစ်ရာ မပြောကြားသောကြောင့်တစ်ကြောင်း၊ နောင်အခါတွင် ခွေးတပ်သားများ၏ အခြေအနေကို ဂရုစိုက်စစ်ဆေးကြည့်ရှုခြင်းပြုရန် ပြောရုံလောက်နှင့်ပင် ထိုကိစ္စမှာ ပြီးစီးသွားလေသည်။

ဟန်ချို ကိုချစ်ဟီးကိုမူ တဲလိုင်းကြီးအပြင် ခပ်လှမ်းလှမ်းတစ်နေရာရှိ သစ်ပင်တစ်ပင်တွင် ကြိုးတုပ်ချည်နှောင်ထားကြောင်း သိရလေသည်။

သည်အတိုင်းဆိုလျှင် ဟန်ချို ကိုချစ်ဟီးအဖို့ အတော်ကလေး ကုသိုလ်ကောင်းသည်ဟု ကျွန်တော် တွေးလိုက်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ကြိုးတုပ် ကြိုးချည်ခြင်း ခံရသော်လည်း တောစပ်ရှိရာသို့ ခေါ်ဆောင်သွားခြင်းကိုသော်လည်းကောင်း၊ စမ်းချောင်းရှိရာသို့ ခေါ်ဆောင်သွားခြင်းကိုသော်လည်းကောင်း ခံရသူတစ်ဦး မဟုတ်သောကြောင့်ပင်။ သို့ဆိုလျှင် ကုမေကာ စိတ်ဆိုးပြေခဲ့သော် ကြိုးဖြေပေးကောင်းပေးလိမ့်မည်ဟု ကျွန်တော်၊ ကိုမောင်စိန်နှင့် ကိုသာဖြိုင်တို့က ယူဆလိုက်ကြလေသည်။

အချိန်မှာ မိုးလင်းလုနီးပေပြီ။ လင်းရောင်ခြည်သည် အရှေ့လောကခန်တစ်ခွင်မှ နီမြန်းဝင်းစိုလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ဆက်လက်၍ အိပ်ချိန်မရကြတော့ပေ။ ၅ နာရီ၊ ၅ နာရီခွဲဆိုလျှင် တဲလိုင်းအသီးသီးရှိ ချွေးတပ်သားများအားလုံးပင် အိပ်ရာမှ ထကြပေလိမ့်မည်။

ဤလိုနှင့်သာ လင်းရောင်ကလေးများ ယှက်ဖြာကျဆင်းလာ၍ တောကျေး၊ တောင့်ကလေးများ တစာစာမြည်ကြွေးနေသော အချိန်၌ပင် ဂျပန်စစ်ဗိုလ် ကုမေကာနှင့် ဂျပန်စစ်သားခြောက်ယောက်တို့မှာ စကားပြန်သူငယ်ကလေးနှင့်အတူ ရောက်ရှိလာလေသည်။

ထို့နောက် မကြာမီပင် ကျွန်တော် အပါအဝင်ဖြစ်သော ဘွန်ထိုက်ချို့များ အားလုံးကို ခေါ်ငင်ပြီးနောက် ချွေးတပ်သားကလေး မောင်ထွန်းရွှေအား စခန်းအတွင်းမှ မောင်းနှင်၍ ထုတ်လေသည်။

နံနက်ခင်း၏ အေးမြလန်းဆန်းသော လင်းရောင်ခြည်သည် တစ်စထက်တစ်စ ပို၍ပို၍ တောက်ပပွင့်သစ်လာသည်။

ထိုအချိန်၌ပင် ကျောက်ရောဂါသည်ကလေး မောင်ထွန်းရွှေမှာလည်း ဝါးဖောင်ဇုံးဟစ်ချောင်းကို တနဲ့နဲ့ထောက်လျက် ဆန်ထုပ်ကလေးနှင့် ဝါးကျည်ဖောက် ရေဘူးကို ပခုံးပေါ်ဘက်တွင် ချိတ်လျက် ချွေးတပ်စခန်းအတွင်းမှ ကားလမ်းရှိရာသို့ တဖြည်းဖြည်းချင်း၊ တရွေ့ရွေ့ချင်း၊ တလှုပ်လှုပ်ချင်း၊ တစ်လှမ်းချင်းလျှင် ထွက်ခွာသွားရှာလေတော့သည်။

ဤသူငယ်သည် သူ့ဘာတိအိမ်မဲသို့ ပြန်ရောက်လေမည်လော။ သို့တည်း မဟုတ် တောကြီးခေါင်ခေါင်ဖြစ်သော ကားလမ်းဘေးတစ်နေရာ၌သော်လည်း ကောင်း၊ ရထားလမ်းဘေးတစ်နေရာ၌သော်လည်းကောင်း သူ့ဘဝ၊ သူ့အသက်ကို စွန့်လွှတ်ရလေမည်မလော။

မည်သို့ပင်ကား အတိအကျမပြောနိုင်ပေ။ ကျွန်တော်တို့အားလုံးသည် သူ့ရှေ့ဖြစ်ကို မခန့်မှန်းနိုင်ကြ။

ကျွန်တော်သည် တစ်စတစ်စ ဝေးမှန်းမသိ ဝေးသွားပြီဖြစ်သော မောင်ထွန်းရွှေ၏ ကျောပြင်ကို လှမ်းမျှော်ကြည့်ရင်းမှ နောက်ဆုံး လူလုံးပျောက်ကွယ်သွားသည့် အခါ၌မူ ဟင်းခနဲ သက်ပြင်းချလိုက်မိလေသည်။

❑

၁၅။ ဂျပန်မတလေး သုံးဖို

ဤလိုနှင့် မောင်ကွန်းရွှေကိစ္စပြီးသည့်နောက် ဟန်ချို ကိုချစ်တီးအား ဂျပန်စစ်ဗိုလ် ကုမေကာက ညနေဘက်တွင် ကြိုးဖြေ၍ ပေးလိုက်လေသည်။

ဘွန်ထိုက်ချို၊ ဟန်ချို များနှင့် ချွေးတပ်သားအားလုံးတို့ကပင် ဟန်ချို ကိုချစ်တီးမှာ အလွန်ကုသိုလ်ကောင်းသူတစ်ယောက်ဟူ၍ ပြောကြလေသည်။ သမုန်အားဖြင့်လည်း ထိုအချိန်၊ ထိုအခါက ဂျပန်စစ်ဗိုလ် ကုမေကာမှာ စိတ်ကောင်းဝင်နေသောကြောင့် ဖြစ်ဟန်တူပါသည်။

ဟန်ချို ကိုချစ်တီးအား ကြိုးဖြေ၍ လွှတ်ပေးလိုက်ခြင်း၊ ကုမေကာ စိတ်ကောင်းဝင်ခြင်းနှင့် ပတ်သက်၍ ကျွန်တော်တို့ ချွေးတပ်စခန်းတွင် ထိုနေ့က ကြုံတွေ့ရသောဖြစ်ရပ်တစ်ခုကိုလည်း အဆက်အစပ်ပြုလျက် ကျွန်တော် ပြောလိုက်ပါလေသည်။

ဤနေရာတွင် ကျွန်တော်က အထက်ကဖော်ပြခဲ့ပြီးသည့်အတိုင်း ကုမေကာမှာ ကျွန်တော်တို့ ချွေးတပ်စခန်းတွင် အကြီးဆုံးသော ဂျပန်စစ်ဗိုလ်တစ်ယောက်မဟုတ်ပါပေ။ သူတို့ ဂျပန်များအာလုံးထဲတွင် ရာမာမိုတိုမှာ အကြီးဆုံးဖြစ်လေသည်။

ရာမာမိုတိုမှာ အမှုအရာမှစလျက် ရုပ်ရည်ရူပကာယအထိ အခြားအခြားသော ဂျပန်စစ်ဗိုလ်၊ စစ်သားများနှင့် ကွဲပြားခြားနားသော အမူအကျင့်ရှိသူတစ်ယောက်ဟု မြင်ရပါမည်။

သူသည် အရပ်ပုသလောက် အသားအရည်နူးညံ့သည့် အသွင်ရှိလေသည်။ မျက်နှာပိုင်းသောမျက်နှာတွင် ဆောက်ပကြည်လင်သော မျက်လုံးနှင့် ပါပြားနီမြန်းသော နှာခေါင်းရှိလေသည်။ ခက်ထန်မာကျောသည့်အမူအရာသည် သူ့တွင် မရှိ၊ ပြုံးပြုံးရယ်ရယ်လည်း မဟုတ်။ ချိုချိုသာသာနှင့် ခပ်အေးအေး၊ ခပ်တည်တည်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးသော် ကျွန်တော် သတိပြုမိသလောက် ဖြောရလျှင် သူသည် ချွေးတပ်သား များအပေါ်၌ ကြိမ်းမောင်းဆဲရေးခြင်းလည်း မရှိ။ ရိုက်နှက်ကန်ကျောက်ခြင်းဆိုးရွားလည်း မည်သည့်အခါမှ မပြုတတ်ပေ။ စစ်သုံ့ပန်းအကြီးအကဲနှင့် ဆက်ဆံခြင်းပြုရာ၌ပင် အလေးအနက်ထားလျက် ဆက်ဆံတတ်ပေသည်။

သို့ရာတွင် ကျွန်တော်တို့စခန်းနှင့် ဘုရားသုံးဆူစခန်းတွင် ရှိကြသော ဂျပန်စစ်ဗိုလ် စစ်သားအားလုံးတို့ကမူ ရာမာမိုတိုအား အလွန်တရာလေးစားကြပါသည်။ ချွေးတပ်သားတို့အပေါ် ရိုက်နှက်ညှဉ်းပန်းသော အပြုအမူကိုလည်း ရာမာမိုတို၏ ရှေ့မှောက်တွင်ဆိုလျှင် တန်ရဲသဖြင့်သာ ပြုမူကြလေသည်။

သို့ရာတွင် တစ်ခုဆိုရန် ရှိပြန်ပါသည်။ လူက မည်မျှလောက်ကောင်းပါသည်ဆိုသော်လည်း စနစ်က မူမမှန်မကောင်းသည့်အတွက် ထိုလူကောင်းသူကောင်း၏ အပြုအမူဆိုသည်မှာလည်း ခရီးမရောက်ဟူ၍ ဆိုရပေမည်။ ပြီးလျှင် ထိုင်း-မြန်မာ မီးရထားလမ်း ဖောက်လုပ်သည့်ကိစ္စမှာလည်း သာမန်ရထားလမ်းတစ်လမ်းအနေဖြင့် ဖောက်လုပ်ခြင်းမဟုတ်။ စစ်မက်၏ အရေးအခင်းအတွက် ဖောက်လုပ်ခြင်းသာ ဖြစ်ပေသည်။

ထိုအခါ 'စစ်မက်နှင့် ဖက်ဆစ်စနစ်'တို့ ပေါင်းစပ်မိသောကြောင့်လည်း ဝက်ဝက်ကွဲအောင် ရုန့်ရင်းကြမ်းတမ်းမှုတွေ၊ နှိပ်စက်ကလူ ညှဉ်းဆဲမှုတွေက ရလဒ်အဖြစ် အဖြေထွက်လာလေသည်။ ကျွန်တော်ဆိုချင်သည်မှာ ဂျပန်တွေ အားလုံးမကောင်းဟူ၍တော့ မဟုတ်။ စိတ်ကောင်း စေတနာကောင်းရှိသော ဂျပန်များလည်း ရှိသင့်သလောက် ရှိပါ၏။ သို့ရာတွင် ဤလို စိတ်ကောင်းစေတနာကောင်း ရှိသော ဂျပန်က အင်မတန်မှ နည်းပါးလှလေသည်။

ပြီးလျှင် မြန်မာနိုင်ငံအတွင်းသို့ ဂျပန်များ ဝင်ရောက်လာကြသည်မှာ **မိတ်ဆွေဖြစ်ရေး၊ ချစ်ကြည်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု** စသော ကောင်းသောအကြောင်းတရားများနှင့် ဝင်ရောက်လာကြခြင်း မဟုတ်ပါပေ။

စစ်ရေးကိစ္စနှင့် ပတ်သက်၍ ဝင်ရောက်လာကြခြင်းသာ ဖြစ်၏။ ပြီးလျှင် သူတို့၏ စစ်ဝါဒ စသည်ကလည်း မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ လုံးဝမနှစ်မြို့နိုင်လက်မခံနိုင်သည့် ဖက်ဆစ်ဝါဒ၊ ဖက်ဆစ်စနစ် ဖြစ်လေသည်။

ထို့ကြောင့်လည်း စစ်နှစ် ဖက်ဆစ်ဝါဒတို့ ပူးပေါင်းမိသည့်အခါ အလွန်တရာ နည်းပါးလှစွာသော ဂျပန်လူကောင်းသူကောင်းတို့၏ ကောင်းသောအပြုအမူသည်ပင် တိမ်မြုပ်ပျောက်ကွယ်ရသည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။

ဤကိစ္စပြီးသည့်နောက် ထိုနေ့က ချွေးတပ်စခန်းတွင် ကြုံရသော ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

ကျွန်တော်တို့စခန်းမှ ကျောက်ပေါက်သော ချွေးတပ်သားကလေး မောင်ထွန်းရွှေအား ဂျပန်စစ်ဗိုလ် ကုမေကာက မောင်းနှင်ထုတ်လိုက်ပြီးသည့်နောက် မကြာမီအချိန်ကလေးအတွင်း၌မှာပင် စကားပြန်ကလေး မောင်အေးချိုသည် ဂျပန်စစ်ဗိုလ် ရာမာမိုတိုက ခေါ်နေကြောင်းဖြင့် ကျွန်တော့်ကို လာရောက်ပြောကြားခြင်း ပြုပါသည်။

ထိုအတွက် ကျွန်တော့်ရင်ထဲတွင် အတော်ကလေး တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရပါသည်။ မောင်ထွန်းရွှေကိစ္စနှင့် ပတ်သက်၍ ကျွန်တော့်အပေါ်တွင် ရာမာမိုတို့က အရေးယူအပြစ်ပေးခြင်းများ ပြုလေမလား၊ သို့တည်းမဟုတ် ထိုကိစ္စ၊ ထို အကြောင်းကြောင့်ပင် ကျွန်တော့်အား အခြားသော စစ်စခန်းတစ်ခုသို့ ရွှေ့ပြောင်းပစ်ရန်ပင် ဖြစ်လေမည်လား ဟူသော အတွေးအတောဖြင့် ကျွန်တော် တွေးလိုက်မိသောကြောင့် ဖြစ်ပါသည်။

"ငါ့တစ်ယောက်တည်းကို ခေါ်တာလား မောင်အေးချို၊ ဘာအကြောင်းလဲကွ"

ကျွန်တော်က မောင်အေးချိုကို မေးလိုက်ပါသည်။ မောင်အေးချိုမှာ ကျွန်တော်တို့စခန်းတွင် ဂျပန်စစ်ဗိုလ် ရာမာမိုကို၏ သီးသန့်စကားပြန်ကလေး ဖြစ်ပါသည်။

"ဆရာလေးတစ်ယောက်ထဲကို ခေါ်တာပဲဗျ၊ ဘာအကြောင်းဆိုတာတော့ ကျွန်တော် မသိဘူး"

မောင်အေးချိုက ပြောလေသည်။

သို့နှင့်သာ တို့တောင်းသောအချိန်ကလေးအတွင်း၌ပင် ကျွန်တော်သည် ဂျပန်စစ်ဗိုလ် ရာမာမိုတို့ နေထိုင်သော ကျောက်တောင်ကုန်းကလေးထက်ရှိ နေအိမ်ငယ်သို့ စကားပြန်သူငယ်နှင့်အတူ ထွက်လာခဲ့ပါသည်။

ထိုအချိန်တွင် ချွေးတပ်သားများမှာ အလုပ်စခန်းသို့ပင် မသွားကြသေးပါပေ။ ကျောက်တောင်ကုန်းမအောက်ခြေရှိ မြေပြောင်ပြောင်ကွက်လပ်တွင် လူစီတန်းလျက် အလုပ်တာဝန်ခွဲဝေနေကြဆဲ ဖြစ်လေသည်။

ဘွန်ထိုက်ချို၊ ဟန်ချို စသည့် အလုပ်သမားအုပ်စုခေါင်းဆောင်များသည် မိမိတို့နှင့်တွဲ၍ အလုပ်တာဝန်ကျသည့် ဂျပန်စစ်သားများ အမိန့်အရ လက်နှင့် ကိရိယာဂိုဒေါင် အဆောက်အအုံအတွင်းမှ ပေါက်တူး၊ ပေါက်ချွန်း၊ သဲကွဲရွင်း၊ သဲဂေါ်ပြား၊ လွှ၊ ပုဆိန် အစရှိသည်များကို စာရင်းအင်းနှင့် ရေတွက်လျက် ထုတ်ယူနေကြဆဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုပစ္စည်းများကို ဂိုဒေါင်တာဝန်ခံမှူး ဂျပန်များက အလုပ်စခန်းအတွင်းသို့ ဆင်းသက်လိုက်ပါသွားမည့် ဂျပန်စစ်သားများအား အရေအတွက်နှင့် စနစ်ဇယား ကျကျ ထုတ်ပေးခြင်းဖြစ်လေသည်။

တစ်ဖန် အလုပ်ဟာဝန်ကျ ဂျပန်စစ်သားများက အလုပ်သမားခေါင်းဆောင် ဖြစ်သော ဘွန်ထိုက်ချို၊ ဟန်ချို စသူများလက်သို့ စာရင်းအရေအတွက်နှင့် ပေးအပ်ပြန်လေသည်။ ထိုမှတစ်ဆင့် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများက ဆိုင်ရာဆိုင်ရာ ဖရွေးတပ်သားများ၏ လက်တွင်းသို့ ပေးအပ်ခြင်းပြုကြလေသည်။

ဤအတိုင်း ညနေအလုပ်စခန်းမှ ပြန်တက်လာသည့်အခါ၌လည်း စာရင်းအင်းနှင့် ပြန်လည်အပ်နှံခြင်းပြုရလေသည်။ မှန်ကန်တိကျမှု ရှိပါမှလည်း ဂိုဒေါင်မှူးဂျပန်များက လက်ခံခြင်းပြုလေသည်။

မကြာမီ ကျွန်ုပ်တော်နှင့် စကားပြန်သူငယ်ကလေး မောင်အေးချို့တို့သည် ရာမာမိုတိုနေထိုင်သော ကျောက်ကောင်ကုန်းထက် အိမ်ကလေးသို့ ရောက်ရှိခဲ့ကြ ပေသည်။

ထိုးစိုက်အကိုင်းပင် ကျွန်တော်နှင့် **မောင်အေး**ချို့တို့သည် ရာမာမိုတိုအား အပေးပြုလျက် သူ့ရှေ့တွင် ရပ်လိုက်ကြပါသည်။

ဂျပန်စစ်ဗိုလ် ရာမာမိုတို့၏ အိမ်ငယ်သည် ကျောက်တောင်ကုန်းထက်တွင် ဆောက်လုပ်ထားသော အိမ်ငယ်ကလေးတစ်အိမ် ဖြစ်ရုံသာမက သပ်ရပ်သန့်ရှင်းသော အိမ်ကလေး ဖြစ်လေသည်။ အပေးကောက်အုံပုံသဏ္ဌာန်သည် ဂျပန်အိမ်ငယ်တစ်အိမ် ပုံသဏ္ဌာန်ပင် ဖြစ်သည်။ သစ်နှင့်ဝါးကို အသုံးပြုလျက် ဆောက်လုပ်ထားသော်လည်း ဆေးရောင်ကလေးများ သုတ်ထားသဖြင့် ကြည့်နူးစဖွယ်ရှိလေသည်။

အိမ်ငယ်၏ အမိုးနှင့်အကာမှာလည်း ဝါးကပ်များ ဖြစ်လေသည်။ သို့ရာတွင် အမိုးမှာ မိုးအားကောင်းသော အရပ်ဒေသတစ်ခုဖြစ်ခြင်းကြောင့် နှစ်လပ်မိုးထား လေသည်။

အိမ်ငယ်အတွင်း၌ စားပွဲများ၊ ကုလားထိုင်များ၊ မြေပုံလိပ်များ၊ ဓားရှည်များ၊ မှန်ပြောင်းများ၊ မြေတိုင်းကိရိယာနှင့် မှန်ပြောင်း စသည်များ အမျိုးပေါင်းစုံ တွေ့ရလေသည်။ သူ့အိမ်ကလေးအတွင်းသို့ ဧရာက်ရှိသည့်အခါ၌မူ ရွှေးတပ်စခန်းတောကြီးမျက်မည်းထဲသို့ ဧရာက်နေသည်ဟု မထင်ရ။ ဂျပန်နိုင်ငံရှိ ရွာကလေး တစ်ရွာသို့ ရောက်နေသလားဟူ၍ပင် ထင်မှတ်ရလေသည်။

ကျွန်တော် ရောက်ရှိသွားသောအချိန်တွင် ကုမေကာနှင့် အလှမ်းသော ဂျပန်စစ်ဗိုလ်နှစ်ယောက်တို့ကိုလည်း ရာမာမိုတိုနှင့်အတူ တွေ့ရလေသည်။ တစ်ယောက်မှာ မျက်နှာစိမ်းဂျပန်ဖြစ်သော်လည်း ကျန်တစ်ယောက်မှာ ကျွန်တော်တို့စခန်းမှ

ဂျပန်စစ်ဗိုလ်ပင် ဖြစ်လေသည်။ သူသည် ကုမေကာနှင့် တန်းတူဖြစ်သည်။ သူ့ကို ကျွန်တော်တို့ ရွှေးတပ်သားများက 'ရွှေမျက်မှန်' ဟူ၍ ခေါ်ကြလေသည်။ သူသည် မျက်မှန်ဘပ်ထားရသော ဂျပန်တစ်ယောက် ဖြစ်သောကြောင့်ပင်။

ရာမာမိုတိုသည် ထိုင်ရာမှ ထလိုက်ပြီးနောက် ကျွန်တော်နှင့် စကားပြန်သူငယ်တို့ ရပ်နေရာသို့ လျှောက်လာသည်။ ရာမာမိုတို စားပွဲမှ ထလိုက်သည့်အခါ မျက်နှာစိမ်း စစ်ဗိုလ်မှာလည်း ထိုင်ရာမှ ထလိုက်လေသည်။ ရွှေမျက်မှန်နှင့် ကုမေကာတို့မှာမူ မြေပုံလိပ်တစ်ခုကို ဖြန့်ကြည့်လေသည်။

ရာမာတိုတိုသည် ကျွန်တော်နှင့် မောင်အေးချို့ကို ခေါင်းပြီးနောက် အိမ်ငယ်၏ တစ်ဘက်သော ပြတင်းပေါက်ရှိရာသို့ လျှောက်ခဲ့ပြန်သည်။ ပြီးလျှင် ပြတင်းပေါက်တွင် ရပ်လျက် တောင်ကုန်းအောက်ခြေတစ်နေရာသို့ လက်ညှိုးထိုးပြန်ပြခြင်းပြုလေသည်။

ကျွန်တော်မြင်လိုက်ရသည်မှာ သစ်ပင်ကြီးများအောက်တွင် ဆောက်လုပ်ထားသော ဂျပန်အိမ်ငယ်ကလေး သုံးလုံးပင် ဖြစ်လေသည်။ အိမ်ငယ်ကလေးများမှာ စမ်းချောင်းဘေးတွင် ဖြစ်လေသည်။ စမ်းချောင်းရေတသွင်သွင် စီးဆင်းနေသည်ကိုပင် လှမ်းရှုမြင်နေရသည်။ ကြည့်ရသည်ကပင် စိတ်ဘဝင်ကြည်မြဖွယ် ကောင်းလှပါသည်။

အစက သည်နေရာတွင် သည်အိမ်ကလေးတွေ ရှိမှန်း ကျွန်တော်မသိ။ ကျွန်တော်သာမဟုတ်၊ ဘွန်ထိုက်ချို၊ ဟန်ချို စသူများနှင့် ရွှေးတပ်သားများလည်း သိရှိကြဟန် မတူ။ ဘွန်ထိုက်ချို ကိုသာမြို့၊ ကိုမောင်စိန်၊ ဟန်ချို ကိုချစ်တီး စသော ကျွန်တော်နှင့် အရင်းနှီးဆုံးသူများကလည်း တစ်ခါမှ စကားစပ်၍ မပြောကြပါပေ။

အိမ်ငယ်ကလေးများသည် သစ်ပင်တောအုပ်များအကြား၌ ဆောက်လုပ်ထားခြင်း ဖြစ်သောကြောင့်လည်း နေပြောက်ပင် မထိုးသလောက်ဖြစ်၏။ ကားလမ်းနှင့် ဖောက်လုပ်နေဆဲ မီးရထားလမ်း၏ အတွင်းဘက် ခပ်ကျကျတွင် ဖြစ်လေသည်။

ရာမာမိုတိုသည် ထိုအိမ်ကလေးသုံးလုံးကို လက်ညှိုးထိုးညွှန်ပြပြီးနောက် စကားပြန်သူငယ်မှတစ်ဆင့် ကျွန်တော့်အား စကားဆိုခြင်းပြုလေသည်။

ဤတွင် အိမ်ငယ်ကလေးများကို တွေ့မြင်လိုက်ရသည့်အခါ အံ့သြခြင်းဖြစ်ရသကဲ့သို့ ရာမာမိုတို၏ စကားများကို ကြားသိရသောအခါ၌လည်း ကျွန်တော့်အနေနှင့် အံ့သြခြင်းဖြစ်ရပြန်ပါသည်။

သူ့အဆိုအားဖြင့်မူ ထိုနေ့မကြာမီအချိန်အတွင်း ဂျပန်အမျိုးသမီးစည်းသည်များသည် ဤစခန်းသို့ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း၊ အားလုံးဆယ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ရိုလိမ့်မည်ဖြစ်ကြောင်း၊ ထိုအမျိုးသမီး ဧည့်သည်များသည် ဤအိမ်ကလေးများတွင်
တည်းခိုနေထိုင်ကြလိမ့်မည်ဖြစ်ကြောင်း၊ သူတို့တစ်တွေ နေထိုင်ကြသည်မှာ
တစ်လခန့်ကြာလိမ့်မည် ဖြစ်ကြောင်း။

ထို့ကြောင့် ဂျပန်အမျိုးသမီး ဧည့်သည်များ ရောက်ရှိလာသည့်အခါ ဤ
အိမ်ကလေးများ၏ အနီးအနားသို့ ချွေးတပ်သားများ၊ ဘွန်ထိုက်ချို့များ၊ ဟန်ချို့
စသူများ တစ်ဦးတစ်ယောက်မျှ ဖြတ်သန်းသွားလာမှုမပြုစေရန် သတိပေးပြောကြား
ထားစေလိုကြောင်း ပြောလေသည်။

ရာမာမိုတိုက ကျွန်တော့်အား ထိုစကားများပြောကြားခြင်း ပြုနေခိုက်တွင်
မျက်နှာစိမ်းစစ်ဗိုလ်မှာလည်း အနီးတွင် ရပ်လျက် ခပ်ပြုံးပြုံးဖြစ်နေသည်။ မနီးမဝေး
စားပွဲတွင် ရှိနေကြသော ကုမ္ပဏီကာနှင့် ရွှေမျက်မှန်တို့မှာလည်း ရာမာမိုတို့၏
နောက်ကွယ်မှ နေလျက် ပြုံးစိစိဖြစ်နေကြလေသည်။

ဤအချက်ကို ကျွန်တော်သည် သဘောလည်းမပေါက်၊ ရိပ်စားမိခြင်းလည်း
မရှိဘဲ အတွေးခေါင်နေမိပါသည်။ ဒီနေ့အဖို့ ဂျပန်တွေကိုကြည့်ရသည်မှာ တစ်ဖျိုး
ကြီးပဲဟူ၍သာ ကျွန်တော် တွေးလိုက်မိပါသည်။ ပြီးလျှင် ကျွန်တော့်အတွေးက
တစ်မျိုးဖြစ်သည်။ ဂျပန်စစ်ဗိုလ်များသည် သူတို့ဂျပန်နိုင်ငံမှ စစ်ထွက်လာခဲ့သည်
မှာ အချိန်ကာလ အတော်ပင်ကြာညောင်းလှပြီဖြစ်သောကြောင့် သူတို့သူတို့၏
ဇနီးမယားများ ဂျပန်နိုင်ငံမှ လိုက်ပါလာခြင်းဟူ၍သာ ထင်မှတ်မိလေသည်။

သို့ရာတွင် အမှန်စင်စစ် ထိုသို့မဟုတ်ပါဟု၎ ဂျပန်များသည် ပြည့်တန်ဆာမ
များသာ ဖြစ်ကြောင်း နောင်အခါမှ သိရလေသည်။ ထိုပြည့်တန်ဆာမများအား
မည်သည့်အရပ်၊ မည်သည့်နေရာမှ နေလျက် မည်သူက မည်သို့မည်ပုံပို့လိုက်သည်
ဟူ၍ကား မသိ။ ထိုနေ့နံနက် ၁၀ နာရီခန့်လောက်တွင် ဂျပန်မဆယ်ယောက်တို့
သည် ကားကြီးတစ်စီးဖြင့် ကျွန်တော်တို့ ချွေးတပ်စခန်းသို့ ရောက်ရှိလာလေသည်။

သူတို့တွင် အိပ်ရာလိပ်များ၊ အဝတ်အထည်သေတ္တာများလည်း ပါရှိလေသည်။
ကားထက်မှ ဆင်းလာကတည်းက ဣန္ဒြေသိက္ခာမရှိကြ။ တဟားဟားတခစ်ခစ်နှင့်
ကားထက်မှ ဝရုန်းသုန်းကား ဆင်းသက်လာကြလေသည်။

ထိုအချိန်ကလည်း ကျွန်တော့်မှာ ရာမာမိုတိုက ခေါ်ယူထားသောကြောင့်
စကားပြန်ကလေး မောင်အေးချို့နှင့်အတူ ရာမာမိုတို့၏အနီးတွင် ရှိနေပါသည်။

ဂျပန်များသည် သူမတို့၏ ဝန်စည်ပစ္စည်း အိပ်ရာလိပ် စသည်များကို
ကိုယ့်ဟာကိုယ်သယ်ယူကြပြီးနောက် မျက်နှာစိမ်းစစ်ဗိုလ်၏ ရှေ့ဆောင်မှုဖြင့်
အိမ်ငယ်ကလေးများရှိရာသို့ သွားကြလေသည်။

ကျွန်တော်သည် ထိုနေ့က ရာမာမိုတို့၏ အမိန့်ပေးချက်အတိုင်း ဘွန်ထိုက်ချို့
များနှင့် ဟန်ချို့များ၊ ချွေးတပ်သားများအား စုရုံးစေပြီးနောက် ဂျပန်မများ
နေထိုင်သော အိမ်ငယ်ကလေးများအနီးသို့ သွားရောက်ခြင်းမပြုကြရန်နှင့် တတ်နိုင်
သလောက် ထိုနေရာအနီးအနားကို ရှောင်ကွင်းခြင်းပြုကြရန် ပြောကြားခြင်းပြုရ
လေသည်။

ဤလိုနှင့်သာ တနင်္ဂနွေတစ်ပတ်ခန့် အချိန်ကြာမြင့်လာသည်အထိ မည်သို့မျှ
အကြောင်းထူးခြင်းခြင်း မဖြစ်ပေါ်ခဲ့ပါချေ။ ဘွန်ထိုက်ချို့၊ ဟန်ချို့များနှင့် ချွေးတပ်သား
များလည်း အသွားမပျက်၊ အစားမပျက် နဂိုအနေအထားအတိုင်း ရှိနေကြလေသည်။

သို့ရာတွင် တနင်္ဂနွေတစ်ပတ်မှ ကျော်လွန်လာသည့်အချိန်၌မူ ချွေးတပ်သား
အချို့သည် ဂျပန်မများ ရေချိုးသည်ကို တိတ်တဆိတ်သွားရောက်လျက်
ချောင်းမြောင်းကြည့်ရှုကြကြောင်း၊ ဂျပန်မများသည် ရေချိုးခြင်းပြုကြသည့်အခါ
ဂျပန်စစ်သားများကဲ့သို့ပင် ကိုယ်လုံးတီးချွတ်လျက် ရေချိုးလေ့ရှိကြောင်းနှင့်
ချွေးတပ်သားအချို့ထံမှ ကျွန်တော် ကြားသိရလေသည်။

ဤတွင် ထိုသတင်း ထိုစကားအတွက် ကျွန်တော့်တွင် စိတ်ပူခြင်းဖြစ်ရ
ပြန်ပါသည်။ ကျွန်တော့်အတွက်သာမက ချွေးတပ်သားများအတွက်ပါ စိုးရိမ်မကင်း
ဖြစ်ရလေသည်။ ချွေးတပ်သားများသည် ရာမာမိုတိုကိုယ်တိုင်က ကြိုတင်ပြောကြား
ထားပါလျက် ဤလိုအပြုအမူမျိုးကို ပြုမူ၍ ဂျပန်များ ဖော့ရှိခဲ့လေသော်
အကြီးအကျယ် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံကြရပေလိမ့်မည်။ ကျွန်တော့်အပေါ်၌
လည်း ချွေးတပ်သားများအား မထိန်းသိမ်းကောင်းလားဟူ၍ အပြစ်ပြောခြင်း၊
အပြစ်ပေးခြင်း ခံရပေလိမ့်မည်ဟူသော အတွေးအတောမျိုးသည် ကျွန်တော်ဦးခေါင်း
ထဲသို့ ဝင်ရောက်လာပါသည်။

ထို့ကြောင့် ကျွန်တော်သည် ဘွန်ထိုက်ချို့ ကိုသာမြိုင်၊ ကိုအုန်းကျော်၊
ကိုမောင်စိန် စသူများအား ထိုအကြောင်းကို ဖွင့်ဟပြောကြားလျက် သူတို့နှင့်
တိုင်ပင်ခြင်း ပြုရလေသည်။

ကျွန်တော်သည် ချွေးတပ်သားများနှင့် ပတ်သက်၍ တစ်စုံတစ်ရာအကြောင်း
ကိစ္စပေါ်ပေါက်လာတိုင်း သက်ဆိုင်ရာ ဘွန်ထိုက်ချို့များ၊ ဟန်ချို့များနှင့် ဆွေးနွေး
တိုင်ပင်ပြီးမှ ထိုသူ ထိုသူများ၏ အကူအညီကို ရယူကာ လုပ်ကိုင်ဆောင်ရွက်မြဲ
ဖြစ်ပါသည်။

အမှန်အတိုင်းဆိုရလျှင် ချွေးတပ်သားဆိုသူများမှာ အရပ်ဒေသပေါင်းစုံမှ
ဖြိုနယ်ပေါင်းစုံတို့မှ မ,တစ်ရာသားများ ဖြစ်ကြပါသည်။ လူမျိုးစုံ၍လည်း အရွက်

www.burmeseclassic.com

အမှုအကျင့်ပေါင်း ထွေပြားလှလေသည်။ ဂျပန်စစ်သားများအနေဖြင့် လက်နက်ကိုင်ထားသူများ ဖြစ်သောကြောင့်တစ်ကြောင်း၊ ကြမ်းကြုတ်ရက်စက်ခြင်းရှိသောကြောင့်တစ်ကြောင်း၊ အုပ်ချုပ်ရလွယ်ကူသလောက် ကျွန်တော့်အနေနှင့်မူ အုပ်ထိန်းရမလွယ်လှပါဟု ခဲ့။ တစ်ခါတစ်ခါ ဘာမဟုတ်သော ကိစ္စကလေးလောက်နှင့် ပြဿနာတက်နေတတ်လေသည်။

ထိုအခါ သက်ဆိုင်ရာ ဘွန်ထိုက်ချီများ၊ ဟန်ချီများနှင့် ဆွေးနွေးတိုင်ပင်လျက် ထိုသူ ထိုပုဂ္ဂိုလ်များ၏ အကုအညီကို ရယူကာ အရေးယူဆောင်ရွက်ခြင်းမှာ အကောင်းဆုံးသော လုပ်ဆောင်မှုဖြစ်ခဲ့ရလေသည်။

ဘွန်ထိုက်ချီသုံးယောက်နှင့် ကျွန်တော်သည် သတင်းရရှိထားသည့်အတိုင်း ထိုနေ့ညနေဘက်တွင် နှစ်ယောက်တစ်စတွဲ လမ်းခွဲကြပြီး ဂျပန်စစ်ဗိုလ်၊ ဂျပန်စစ်သားများ မသိရအောင် သစ်ပင်ကြီးများ၊ ကျောက်တောင်ကြီးများကို အကာအကွယ်ယူလျက် ဂျပန်များရှိရာ အိမ်ငယ်ကလေးများအနီးသို့ ချဉ်းကပ်ခြင်းပြုခဲ့ကြလေသည်။

နှစ်ယောက်တစ်တွဲ လူစုခွဲကြသည့်အခါ ကျွန်တော်နှင့် ဘွန်ထိုက်ချီကိုသာမြိုင်က တစ်တွဲ၊ ကိုမောင်စိန်နှင့် ကိုဟုန်းကျော်တို့ကတစ်တွဲ ဖြစ်ကြလေသည်။

ဘွန်ထိုက်ချီ ကိုသာမြိုင်မှာ အလွန်တရာအားဆေးစွာ နေတတ်သူတစ်ယောက် ဖြစ်လေသည်။ သူ့အသက်သည် လေးဆယ်ကျော်မကျော်သေးဟု ခန့်မှန်းရလေသည်။ ဆံပင်အရှည်သမားတစ်ယောက်ဖြစ်လျက် သူ့ခေါင်းကို တဘက်တစ်ထည်ဖြင့် အမြဲတမ်းရစ်ပေါင်းထားတတ်လေသည်။ စကားပြောလျှင် ခပ်လေးလေး ခပ်ဆိုင်းဆိုင်း ပြောတတ်သည်။ အလွန်ရိုးသားလျက် အလွန်တရာ ကြောက်တတ်သူတစ်ယောက် ဖြစ်လေသည်။

ဂျပန်များရှိရာသို့ သွားရောက်လျက် ချောင်းကြည့်ရှုကြသည်ဆိုသော ဩဇာတပ်သားများအား သွားရောက်၍ စောင့်ဖမ်းရမည့်ကိစ္စ၌ပင် ကျွန်တော်နှင့် ဘွန်ထိုက်ချီနှစ်ယောက် ဇွတ်အဓမ္မခေါ်သဖြင့်သာ ခမျာသည် တာဝန်ကို ကြောက်သဖြင့် မလိုက်ချင်ပါဘဲ လိုက်ပါခဲ့ရခြင်း ဖြစ်လေသည်။

ထို့ကြောင့်လည်း ကိုသာမြိုင်သည် ကျွန်တော့်ရှေ့မှ မသွားဘဲ ကျွန်တော့်နောက်ပါးမှ ကုပ်ချောင်းချောင်း လိုက်ပါလာခဲ့လေသည်။ သူ့အဖြစ်ကို ကြည့်ရသည်မှာလည်း အားမရစရာနှင့် သနားစရာ ကောင်းနေပါတော့သည်။

သူနှင့် ကျွန်တော်သည် မကြာမီပင် အင်ပင်ကြီးများ အုပ်ဆိုင်းနေသော နေရာတစ်ခုသို့ ရောက်ရှိခဲ့ကြလေသည်။

ကျွန်တော်သည် ဤနေရာမှ ရှေ့ဆက်၍ မသွားသေးဘဲ ရပ်တန့်လိုက်ကြလေသည်။ နှစ်ဦးသားသည် အင်ပင်ကြီးတစ်ပင်၏ ပင်ခြေရင်းသို့ ဝင်ရောက်၍ နှိုက်ပစ်လိုက်ကြလေသည်။

"ကျွန်တော်တို့ကို ဂျပန်က တွေ့သွားလို့လဲ ဒုက္ခဖြစ်နေပါဦးမယ် ဆရာလေး"

ကိုသာမြိုင်က ပြောပါသည်။ သူ အသံမှာ သိသိသာသာကြီး တုန်ယင်နေရှာပါသည်။

"ကိစ္စမရှိပါဘူး ကိုသာမြိုင်၊ ဒါလောက်တောင် ကြောက်မနေပါနဲ့ဗျာ၊ ဂျပန်နဲ့ တွေ့တော့လဲ ကျွန်တော်တို့ဟာ ဩဇာတပ်သားတွေများ လာသလားလို့ လိုက်ချောင်းတယ်ပြောရမှာပေါ့၊ ကျွန်တော် ပြောပါမယ်ဗျာ"

ဘွန်ထိုက်ချီ ကိုမောင်စိန်နှင့် ကိုအုန်းကျော်တို့ နှစ်ယောက်ကိုတော့ မတွေ့ရ။ သူတို့က စမ်းချောင်း၏ အရှေ့ဘက်ကမ်းမှသွားကြ၍ ကျွန်တော်နှင့် ကိုသာမြိုင်တို့က အနောက်ဘက်ကမ်းမှ လာခဲ့ကြခြင်းဖြစ်လေသည်။

ကျွန်တော်နှင့် ကိုသာမြိုင်တို့ ရောက်ရှိနေသော သစ်ပင်ကြီးများအောက်မှနေ၍ ကြည့်လျှင် စမ်းချောင်းအနီးရှိ ဂျပန်များနေသော အိမ်ငယ်ကလေးသုံးလုံးကို တွေ့မြင်နေရပေသည်။ တသွင်သွင်တလက်လက် စီးဆင်းနေသော စမ်းချောင်းရေအလျဉ်ကိုလည်း အတိုင်းသား မြင်နေရသည်။ တောင်ကုန်းငယ်ထက်ရှိ ဂျပန်စစ်ဗိုလ် ရာမာမိုတို နေထိုင်သော အိမ်ငယ်ကိုလည်းကောင်း၊ ဂျပန်စစ်သားများ နေထိုင်သော စစ်တန်းလျား အဆောက်အအုံအချို့ကိုလည်းကောင်း သစ်ပင်ကောအုပ်များအကြားမှ လှမ်းမြင်နေရသည်။

ထိုအမြင်အားလုံးကို မြင်နေရသော်လည်း ကျွန်တော်နှင့် ကိုသာမြိုင်တို့ ရောက်ရှိနေသော နေရာမှာမူ စိတ်ချလောက်သော နေရာတစ်နေရာပင် ဖြစ်လေသည်။ သစ်ပင်ကြီး ဝါးပင်ကြီးများနှင့် ကျောက်တုံး ကျောက်ကမ္ပ များစွာသည် ကျွန်တော်တို့နှစ်ဦးအား ကောင်းစွာပင် အကာအကွယ်ပြုလျက် ရှိပေသည်။

ကျွန်တော်သည် ဂျပန်များနေသော အိမ်ငယ်သုံးလုံးရှိရာသို့ လှမ်းကြည့်မိလိုက်လေသည်။ အစဉ်သော် အိမ်ငယ်ကလေးသုံးလုံးစလုံးပင် လူသူမရှိသလိုတိတ်ဆိတ်ငြိမ်သက်နေသော်လည်း မကြာမီအချိန်ကလေးအတွင်း၌ပင် ဂျပန်များ၏ စီစီညည်းအသံများ ကြားလိုက်ရသည်။

ကျွန်တော်သည် ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက်ကိုလည်း မျက်လုံးလှည့်ပတ်လျက် ကြည့်လိုက်မိသည်။ ဩဇာတပ်သားဟူ၍ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပေ။ သို့ရာတွင် ခပ်လှမ်းလှမ်း စမ်းချောင်းအနီးရှိ ဝါးရုံကောများအကြားမှ တလှုပ်လှုပ်တရွရွဖြစ်နေသည်ကို မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်တာဝန်ပြီးသည့်အခါ ဆင်ဦးစီးသည် သူ့ကို၏ဆင်ကြီးများကို လွှတ်ထားတတ်ပေရာ ဆင်ကြီးများသည် ဝါးရွက်ဝါးညွှန့်များ၊ မျှစ်များကို ချိုးယူစားသောက်နေကြခြင်းပင် ဖြစ်လေသည်။

ကျွန်တော်၏ မျက်လုံးများသည် ဂျပန်မများရှိရာ အိမ်ငယ်ကလေးသုံးလုံးဆီသို့ လှမ်းကြည့်လိုက်ပြန်ပါသည်။

သည်တစ်ကြိမ်၌မူ တဘက်ကြီးများကို ခါးတွင် ရစ်ပတ်လျက် ရေချိုးရန် အိမ်ငယ်ထက်မှ ဆင်းသက်လာသော ဂျပန်မနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဂျပန်မနှစ်ယောက်စလုံး ခါးပေါ်တွင် ကဘက်ကြီးများ ဝတ်ထားသည်မှလွဲ၍ ကိုယ်ခန္ဓာအထက်ပိုင်းတွင် မည်သည့်အဝတ်အထည်မှ မရှိ။ ထိုအခါ ဖွံ့ဖွံ့ကားကား သူတို့၏ ရင်သားများသည် ထိုးထိုးထောင်ထောင် ဖြစ်နေလေသည်။

သူတို့ ရေချိုးကြသည်မှာ စမ်းချောင်းအတွင်းသို့ ဆင်းသက်၍ ချိုးကြသည်မဟုတ်ပါဟေ့။ စမ်းချောင်းကမ်းစပ်တစ်နေရာတွင် ခါးပြတ်သဲစည်ပိုင်းကြီးများရှိသည်။ ထိုသဲစည်ပိုင်းကြီးများထဲတွင် စမ်းချောင်းရေကို ကျိုချက်ပြီးမှ ချိုးကြခြင်းဖြစ်လေသည်။

ဂျပန်မနှစ်ယောက်သည် ကျွန်တော်နှင့် ကိုသာမြိုင်တို့ကြည့်နေခိုက်၌ပင် ခါးထက်တွင် ပတ်ထားသော တဘက်ကြီးများကို ချွတ်ပစ်ခြင်းပြုလိုက်ကြသည်။ ပြီးလျှင် ရေစည်ကြီးများထဲမှ ရေများကို တဖွမ်းဖွမ်းခပ်၍ ချိုးကြလေသည်။ သူတို့ ရေချိုးကြသည်မှာ မည်သည့်အကာအကွယ်မျှ မရှိ၊ ကိုယ်ပေါ်တွင်လည်း ဘာအပတ်အထည်ကိုမျှ ပတ်ထားခြင်းမရှိ။ ထို့ကြောင့်လည်း သူတို့၏ ဝတ်လစ်စလစ် ရေချိုးကြခြင်းအမှုကို ချွေးတပ်သားအချို့က လာရောက်ချောင်းမြောင်းကြည့်ကြခြင်းပင် ဖြစ်ဟန်တူလေသည်။

ဤနေရာတွင် ချွေးတပ်သားများ၏ အဖြစ်၊ ချွေးတပ်သားများ၏ ဘဝကိုလည်း ကျွန်တော် အနည်းငယ် ထပ်မံတင်ပြချင်ပါသည်။

ချွေးတပ်သားဆိုသူများမှာ သားကွဲ၊ မယားကွဲနှင့် တောကြီးမျက်မည်းထဲသို့ ရောက်ရှိလာကြသူများ ပါဝင်သလို၊ အချို့မှာလည်း အိမ်ထောင်ရက်သားမရှိသော လူပျိုလူလွတ်ဘဝနှင့် ချွေးတပ်ထဲသို့ ပါရှိလာကြသူများ ဖြစ်ကြလေသည်။

မည်သို့ပင်ဖြစ်စေ၊ တောတွင်းချွေးတပ်စခန်းများသို့ သူတို့တစ်ကွေရောက်ရှိနေကြသည်မှာလည်း တိုတောင်းသော နေ့ရက်မဟုတ်၊ လပေါင်းများစွာ ကြာရှိနေသူများနှင့် နှစ်နှင့်ချီလျက် ကြာရှိခဲ့ကြသူများ ဖြစ်ကြလေသည်။

ထိုအခါ သူတို့သူတို့မှာလည်း ယွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် လူများဖြစ်ကြဟန်ရော လူသားတိုင်းတွင် ဖြစ်ပေါ်တတ်သော ဆန္ဒမျိုး ရှိနေကြမည်သာဖြစ်လေသည်။

ထိုအတွက် သူတို့အပေါ်တွင် အပြစ်တင် အပြစ်ဖြော်ရန်မသင့်ဟူ၍ ကျွန်တော် ယူဆမိလေသည်။

သည်အတွင်း နောက်ထပ်လျက် ဂျပန်မ သုံးယောက်တို့ အိမ်ငယ်ကလေးတစ်လုံးထက်မှ ဆင်းသက်လာကြပြန်ပါသည်။ ထိုသုံးယောက်အနက် တစ်ယောက်ကသာ ခါးထက်တွင် ပိတ်ဖြူအဝတ်ကြီး ပတ်ထားဟော်လည်း နှစ်ယောက်မှာ တစ်စုံတစ်ရာအဝတ်ဟူ၍ မပါပါချေ။ တစ်ကိုယ်လုံး ဗလာကျင်းလျက် ထွက်လာကြခြင်းပင် ဖြစ်လေသည်။

သူမတို့ကို ကြည့်ရသည်မှာ ထိုအပြုအမူအတွက် တစ်စုံကစ်ရာ စိတ်စနိုးစနောင့်ဖြစ်ဟန်မရှိ။ သူတို့အချင်းချင်းကိုလည်း အနည်းငယ်မျှ ဂရုစိုက်ဟန်မတူ။ ပတ်ဝန်းကျင်ဆိုသည်ကိုလည်း လုံးဝဂေဒင်းမသော်မျှ ကြည့်ဖော်မရ။ သူတို့သူတို့၏ ကိုယ်ကာယများကို ကိုယ်ကိုးထိုး၊ ခွေးစားစားဟူ၍ သဘောထားကြဟန် တူလေသည်။

ရေစည်ကြီးများအနီးတွင် ငါးယောက်သား ဆုံမိကြသည့်အခါမှာလည်း တစ်ယောက်တစ်ပေါက် စကားတွေ့ပြောလျက် သောသောညံနေကြသည်။ သူတို့ ဘာတွေပြောနေကြသည်ကို ကျွန်တော် မသိရသော်လည်း အဟားဟားဟားဝါးဝါး ဖြစ်နေကြပုံနှင့် တစ်ယောက်တစ်ပေါက်ပြောဆိုနေကြပုံကို ဖယောက်ချင့်၍လည်း တစ်ယောက် တစ်မျိုးစီ၏ အတွေ့အကြုံများကို၊ ယဖာက်သည့် ချနေကြဟန် တူလေသည်။

ထိုအခိုက်မှာပင် ကျွန်တော့်အားမှ ကိုသာမြိုင်သည် ကျွန်တော့်ကို လက်ကုတ်လိုက်ပြီး "ဟိုမှာ ဟိုမှာ ဆရာလေး" ဟု ခပ်အုပ်အုပ်အသံပြုလိုက်လေသည်။

သူသည် ကျွန်တော့်ကို တစ်စုံတစ်ရာ လက်ညှိုးထိုး၍လည်း ပြလေသည်။ ဘုရားသို့ ကျွန်တော် ကြည့်လိုက်ပါသည်။ ချွေးတပ်သားတစ်စုကို့သည် ကျောက်တုံးကြီးများနှင့် သစ်ပင်ချုံနွယ်များကို အကာအကွယ်ပြုလျက် ဂျပန်မတစ်စုရေချိုးနေကြသည်ကို အလုအယက် ချောင်းမြောင်းကြည့်ရှုနေကြသည်ကို တွေ့လိုက်ရပါသည်။

သူတို့တစ်စုသည် ကျွန်တော်နှင့် ကိုသာမြိုင်ကို တွေ့ပင် တွေ့ကြလေသလား၊ ဂျပန်မတွေအပေါ်တွင် အာရုံရောက်နေသဖြင့် မတွေ့ဘဲ မတွေ့ကြလေသလား မပြောတတ်။ ကျွန်တော်တို့ရှိနေကြသည့်နေရာနှင့် ဆယ်ကိုက်အကွာလောက်သာ ဖြစ်သော်လည်း ကျွန်တော်နှင့် ကိုသာမြိုင်အပေါ် ပုံဝဝတိထား အရေးစိုက်ဟန် မရှိကြပေ။ ဂျပန်မများအပေါ်၌သာ သဲသဲမဲမဲ စိတ်ဝင်စားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"လာဗျာ ကိုသာမြိုင်"

ကျွန်တော်သည် ကိုသာမြိုင်အား လက်တို့ခေါ်ငင်ပြီးနောက် ချွေးတပ်သားများ ရှိရာဘက်သို့ ထွက်ခဲ့သည်။

သူတို့နှင့် ကျွန်တော်တို့နှစ်ဦးမှာ ဆယ်ကိုက်လောက်အကွာအဝေးဟုဆိုသော်လည်း ထိုအကွာအဝေးမှာ ခပ်လွယ်လွယ်သွား၍ ရောက်သည့်အကွာအဝေးမဟုတ်။ ကျွန်တော်တို့ရောက်ရှိနေသော နေရာသည် မြေညီမြေပြန့်မဟုတ်။ အချွန်အတက်ဟုဆိုသော်လည်း တောင်ကျမ်းပြည့်လျှမ်းနေသော ကျောက်တောင် ကျောက်ကမ္ဘများ ထူပြောလှသည့် နေရာတစ်နေရာဖြစ်လေသည်။ ပြီးလျှင် ကျောက်ကမ္ဘ၊ ကျောက်တုံးများပေါ်၌ ဇရပ်ငယ်များသည် အမွေးပါက်လျက် အင်မတန်ချောချောကျိကျိ ဖြစ်နေလေသည်။

ထို့ကြောင့် ကျွန်ကော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်သည် သူတို့လူစုရှိရာသို့ ကွေ့ကောက်လျက် လမ်းရွေးကာ သွားနေရလေသည်။

"ရွှေမျက်မှန်နဲ့ ဂျပန်တစ်ယောက် ဆရာလေးရေ့၊ ဒီဘက်မှာ လာနေသလား မဆိုနိုင်ဘူး"

ကျွန်တော့်ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားရသည်။ သူ့စကားအဆုံးတွင် သူနှင့် ကျွန်တော် နှစ်ယောက်စလုံး ကျောက်တုံးကြီးတစ်တုံးဘေးသို့ ထိုင်ချလိုက်ရသည်။

နှစ်ယောက်စလုံးပင် အသက်ကိုပင် ပြင်းပြင်းမရှူရဲတဲ့ကြ။ ကားလမ်းဘေးမှ စကားတပြောပြော လျှောက်လာနေသော ရွှေမျက်မှန်ဟု ကျွန်တော်တို့ခေါ်သည့် ဂျပန်စစ်ဗိုလ်နှင့် အခြားဂျပန်စစ်သားတစ်ယောက်ကို လှမ်းကြည့်မိပါသည်။

သူတို့နှစ်ဦးမှာ ကျွန်တော်တို့ရှာသို့ လာနေကြခြင်းတော့ မဟုတ်ပါ။ အလုပ်သိမ်းချိန်ဖြစ်သောကြောင့် အလုပ်ခွင်မှ စခန်းသို့ ပြန်လာခြင်းပင်ဖြစ်လေသည်။ ကားလမ်းဘေးမှ သူတို့နှစ်ဦး ကပ်လျှောက်လာသည့်အခါ ကျွန်တော်တို့ရောက်ရှိနေသော တောစပ်နှင့်ဆိုသော် အတော်ကလေး နီးကပ်လေသည်။

သို့ရာတွင် သာမန်အကြည့်မျိုးဖြင့် လှမ်းကြည့်၍ကား ချွေးတပ်သားများနှင့် ကျွန်တော်တို့နှစ်ယောက်ကို မြင်နိုင်လိမ့်မည် မဟုတ်ပေ။ သစ်ပင်ချုံနွယ်များ၊ ကျောက်တုံး၊ ကျောက်ကမ္ဘများသည် ကာဆီးဝှိုင်းရံနေလေသည်။ လူရိပ်လူသံကြား၍ စေ့စေ့စပ်စပ်ကြည့်ပါမှ မြင်ပေလိမ့်မည်။

ရွှေမျက်မှန်နှင့် သူ့အဖော် ဂျပန်စစ်သားသည် စကားတပြောပြောနှင့် ဆက်လက်၍ လျှောက်ကြလေသည်။ သူတို့နှစ်ယောက် အတော်ကလေး လွန်သွားမှပင် ကျွန်တော်နှင့် ကိုသာမြိုင်မှာ နေရာမှထလိုက်ကြသည်။ ပြီးနောက် ကျွန်တော်တို့သည် ခပ်လှမ်းလှမ်းတွင် ရှိနေသော ချွေးတပ်သားများရှိရာသို့ အရောက်သွားမနေကြတော့ဘဲ သူတို့ကို အသံပြုလျက် လှမ်းခေါ်လိုက်ပါသည်။

ထိုအခါမှပင် ကိုယ်တော်မြတ်တစ်စုမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကြလျက် မျက်စိပျက်ပျက် မျက်နှာအမူအရာပျက်ပျက်နှင့် ကျွန်တော်တို့ရှိရာသို့ လျှောက်လာကြသည်။ ဤတွင်မှလည်း ဂျပန်မများ ကိုယ်လုံးတီးချွတ်လျက် ရေချိုးကြသည်ကို ချောင်းမြောင်းကြည့်ရှုကြသူတွေမှာ ထိုတစ်စုသာမကဘဲ သူတို့နှင့် ခပ်လှမ်းလှမ်းမှ ထွက်လာသော ချွေးတပ်သားတစ်စုကိုပါ ထပ်မံလျက် တွေ့လိုက်ရလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်သည် သူတို့အားလုံးကို စုရုံးခေါ်ငင်ပြီးနောက် ကားလမ်းရှိရာသို့ ခပ်သုတ်သုတ်ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ကားလမ်းအနီးရောက်သည့်အခါ၌မှ ကျွန်တော်ကိုရှိရာ ဟောစပ်ဘက်သို့ ခြေဦးတည့်လာနေကြသော ချွေးတပ်သားလေး ငါးခြောက်ယောက်တို့ကိုလည်း တွေ့နေရပြန်ပါသည်။ သူတို့လေးငါးခြောက်ယောက်တို့မှာလည်း ဂျပန်မများအား ချောင်းမြောင်းကြည့်ရှုရန် လာရောက်ကြသူများပင် ဖြစ်လေသည်။

သူတို့သည် ကျွန်တော့်ကို တွေ့မြင်သည့်အခါ ရုတ်အမ်းအမ်းအမူအရာဖြင့် မလုံမလဲဖြစ်နေကြလေသည်။

ကျွန်တော်တို့လူစု ကားလမ်းပေါ်သို့ ရောက်ခဲ့ကြ၍ အချိန်အနည်းငယ်အတွင်းမှာပင် ဘွန်ထိုက်ချို ကိုမောင်စိန်၊ ကိုအုန်းကျော်တို့နှင့်အတူ လာနေသော ချွေးတပ်သားအချို့ကိုလည်း တွေ့လိုက်ရသည်။ ထိုချွေးတပ်သားတစ်စုမှာလည်း ဂျပန်မများကို ကမ္မဋ္ဌာန်းစီးဖြန်းကြသူများပင် ဖြစ်လေသည်။

ကျွန်တော်နှင့် ကိုမောင်စိန်၊ ကိုသာမြိုင်၊ ကိုအုန်းကျော် စသော ဘွန်ထိုက်ချို သုံးယောက်တို့သည် ဖမ်းမိလာသော ချွေးတပ်သားများအား ကားလမ်းဘေးဟစ်နေရာ၌ပင် စုရုံးစေရပါသည်။ ဤကိစ္စကား စခန်းရောက်မှ ဖြေရှင်း၍ မဖြစ်၊ တောစကား တောပျောက်၊ တောင်စကား တောင်ပျောက်၊ ပွဲပြီးမီးသေလုပ်ရပေမည်ဟု ကျွန်တော် ယူဆလိုက်ပါသည်။

ကျွန်တော်သည် ချွေးတပ်သားများအား နောင်အခါတွင် ဤလိုအပြုအမူမျိုးကို မပြုလုပ်ကြရန်နှင့် ဒဏယ်၍ ဂျပန်စစ်ဗိုလ် ကုမေကာ တွေ့ရှိသွားခဲ့လျှင် ကြိုးတုပ်၊ ကြိုးချည်ခြင်းကို ခံရပေလိမ့်မည်ဖြစ်ကြောင်း၊ ယခုကိစ္စကိုလည်း စခန်းသို့ပြန်ရောက်လျှင် မည်သည့်ချွေးတပ်သားကိုမှ ပြောကြားခြင်းမပြုကြရန် သတိပေးစကား ဆိုပြီးနောက် တစ်စုတစ်ဝေးပင် စခန်းရှိရာသို့ ပြန်ခဲ့ကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၁၆။ ဝါးသီးသော ဒဏ်ခတ်မှု

အထက်၌ ကျွန်တော် ရေးသားတင်ပြခဲ့သော အကြောင်းများထဲတွင် အပြစ်ရှိသည်ဟု ဂျပန်တို့က ထင်မြင်ယူဆသော ဩဇာတပ်သားများအား ကြိုးချည်ကြိုးတုပ်ပြုလုပ်ခြင်း၊ စမ်းချောင်းရေထဲသို့ နှစ်မြှုပ်ထားစေခြင်း၊ ကျောက်တုံးအလေးကြီးများကို ထမ်းပွက်ထားစေခြင်း၊ မီးတုတ် မီးလွှဲဖြင့် ရိုက်ခြင်း စသည်တို့ကို အလျဉ်းသင့်သလို ရေးသားတင်ပြခဲ့ပါသည်။

ယမုတစ်ဖန် အလုပ်ခွင်များအတွင်း၌ ပစ္စည်းတစ်စုံတစ်ခု မတော်တဆ ပျောက်ရှခြင်းနှင့် ပတ်သက်၍ ဩဇာတပ်သားများအပေါ်တွင် ပြုမူသော ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုတစ်ခုကိုလည်း ဖြည့်စွက်လျက် တင်ပြခြင်းပြုလိုပါသည်။ ဤအဖြစ် ဤကိစ္စမှာ မိုးအခါ မိုးရာသီက ကျွန်တော်တို့ ဩဇာတပ်စခန်းတွင် ကြုံခဲ့ရသော ဓားမကြီးတစ်ချောင်းပျောက်ဆုံးရသည့်ကိစ္စပင် ဖြစ်ပါသည်။

ဓားမကြီးတစ်ချောင်း ပျောက်ဆုံးရသောကိစ္စဟု ဆိုသဖြင့် စာရှုသူများ၏ စိတ်၌ ထူးခြားသော အကြောင်းတစ်ရပ်မဟုတ်ဟူ၍ ယူဆကောင်း ယူဆမိကြပါလိမ့်မည်။ အမှန်မှာ ဓားမကြီးတစ်ချောင်းပျောက်ဆုံးရသော ကိစ္စမှာလည်း မမေ့နိုင်လောက်သော ဩဇာတပ်စခန်း၏ အတွေ့အကြုံဖြစ်ရုပ်တစ်ခုပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ပြည့်စုံသော 'ဩဇာတပ်မှတ်တမ်း' တစ်ခုအဖြစ်သို့ ရောက်ရှိစေရန် ထည့်သွင်းတင်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

ထိုကိစ္စဖြစ်ရသည့်အချိန်မှာ မိုးအား အလွန်အမင်းကောင်းနေသော ဝါဆို ဝါခေါင်လအတွင်း ဖြစ်ပါသည်။ ထိုလ နှစ်လအနက် တစ်လ,လဖြစ်ပါလိမ့်မည်။ မည်သည့်လဟူ၍ကား အတိအကျ မမှတ်မိတော့ပါ။

ထိုအချိန် ထိုလများအတွင်းက ထိုင်း-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာ တစ်လျှောက်၌ နေ့ဆက်ရက်ဆက်ပင် မိုးရွာသွန်းလျက် ရှိနေလေသည်။ စမ်းချောင်း

ရေများကလည်း ဖောင်းလျှံလျက် အဟုန်အရှိန်ကြီးမားစွာ စီးဆင်းနေသည့်အခါ ဖြစ်လေသည်။ တောင်ကျရေများသည် တောင်ပေါ်မှ ဝါးလုံးကို ထိုးချလိုက်သည့် အလား အရှိန်ပြင်းစွာ အော်ဟစ်လျက် စီးကျလာသည်။ လျှို့မြောင်ချိုင့်ဝှမ်းများအတွင်း၌လည်း မိုးရေများပြည့်လျက် ဖွေးဖွေးကျဲကျဲရှိနေသည်။ ကျောက်တုံးကျောက်ခဲများ၊ တောတောင် သတ္တဝါများသည်ပင် တောင်ကျရေတွင် ဒလိမ့်ကိုက်လျက် စမ်းချောင်းအတွင်းသို့ စီးဆင်းမျောပါလာလေသည်။

ထိုအခါ ကျွန်ုပ်တော်တို့ ဩဇာတပ်သားများ နေထိုင်သော တဲဟန်းလျားကြီးများ၏ ဘေးပတ်ပတ်လည်ရှိ တောအုပ်တောတန်းကြီးများသည်ပင် ဘယ်အခါကြည့်လိုက်ကြည့်လိုက် မိုးရေမိုးပေါက်များအောက်တွင် မှုန်မှုန်ဝါးဝါး မှိုင်းမှိုင်းညို့ညို့ဖြင့် ငြိမ်သက်စွာ ရပ်တည်လျက် ရှိနေကြသည်။ မိုးကောင်းကင်ကို မော့ကြည့်လိုက်သည့်အခါတွင်လည်း သာယာကြည်လင်သည်ဟူ၍ မရှိ၊ တိမ်လိပ်များဖြင့် မည်းမည်းချိတ်ချိတ် ရှိနေလေတော့သည်။

"ဘိမော မကောင်းဘူးတကား၊ မိုး မိုး အားကြီးရှိတကား"

မိုးတသဲသဲ ရွာသွန်းနေသည့်အခါ ဩဇာမျက်မှန်ဂျပန်သည် ကျွန်တော့်ကို ဤသို့ပြောဖော်လေသည်။

ထိုအခါ ကျွန်တော်ကလည်း မိုးရွာသည်မှာ အလွန်ကောင်းကြောင်း၊ မြန်မာနိုင်ငံတွင် မိုးရွာမှသာ ဆန်ရေစပါးများ စိုက်ပျိုးနိုင်ကြောင်း ပြန်လည်ကာ တတ်သလောက် မှတ်သလောက် ဖြေကြားခြင်းပြုရလေသည်။

ဩဇာမျက်မှန်ဂျပန်မှာ မိုးရွာလာပြီဆိုလျှင် ဂျပန်စစ်မိုးကာ အင်္ကျီကြီးကို ပတ်လျက် သစ်ပင်ကြီးအောက်၌ သွားရောက်ကာ ခိုလှုံနေတတ်လေသည်။ သူထိန်းကွပ်စေခိုင်းရသော အလုပ်သမားများအား ထိုသစ်ပင်အောက်မှ နေလျက်ကြည့်ရှုလေ့ရှိပေသည်။

သူသည် ကတြုန်ဖြုန်းရွာသွန်းနေသော မိုးရေမိုးပေါက်များကြားသို့ လှမ်းမျှော်ငေးကွေကြည့်ရင်း သီချင်းကလေးကညည်းညည်း ရှိနေတတ်သည်။ သူ့သီချင်း၏ အဓိပ္ပါယ်ကိုကား တစ်စုံတစ်ရာ ကျွန်တော် နားမလည်ပါ။ သို့ရာတွင် သူ့မျက်နှာအမူအရာသည် ထိုသီချင်းသံနှင့်အတူ ပူဆွေးလောင်ကျွမ်းနေသော သူ့ဝမ်းတွင်းနလုံးသား၏ ဝေဒနာတစ်ရပ်ကိုကား အထင်အရှားဖော်ပြလျက် ရှိသည်။

သူသည် သူ့တိုင်းပြည်၊ သူ့နိုင်ငံနှင့် ဝေးကွာခဲ့ပြီးဖြစ်သော သံယောဇဉ်နှောင်ဖွဲ့မှုများအား ကအောက်မေ့မေ့ တလွမ်းတတဖြစ်နေဟန် တူလေသည်။

ထိုနေ့သည် မိုးသည်းထန်စွာ ရွာသွန်းသော နေ့တစ်နေ့ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ချွေးတပ်အလုပ်သမားများမှာလည်း သည်းထန်စွာ ရှာသွန်းနေသော မိုးရေမိုးပေါက်များအောက်၌ပင် သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အသီးသီးလုပ်ကိုင်နေကြရလျက် ရှိလေသည်။

ဤနေရာတွင် တစ်ခုတော့ ကျွန်တော် ပြောချင်ပါသည်။ ကျွန်တော်က ဝရွမျက်မှန်ကျပန်စစ်သား၏ မိုးတစိမ့်စိမ့်၌ သူ့အိမ် သူ့နိုင်ငံသို့ လွမ်းဆွတ်တသ ကြောင်း ဖော်ပြသည့်အခါ ကတ်ကတ်သတ်သတ်နှင့် အပြစ်ပြောဝေဖန်လိုသူအချို့က ဤနေရာတွင် ကျပန်စစ်သားတစ်ယောက်၏ အလွမ်းအဆွေးဝေဒနာကို ဖော်ပြနေရမည်လော၊ မြန်မာချွေးတပ်သားတစ်ယောက်၏ အလွမ်းအဆွေးကိုမူ အဘယ့်ကြောင့် မဖော်ပြရလေသနည်းဟူ၍ အပြစ်ဆိုကောင်း ဆိုကြပါလိမ့်မည်။

ကျွန်တော် ပြောချင်သည်မှာ ကျွန်တော် ရေးသားတင်ပြနေသော အကြောင်းအချက်များသည် ဖြစ်ရပ်မှန်နှင့် နီးစပ်နိုင်သလောက် နီးစပ်စေရန် ကျွန်တော် မှတ်သားမိသမျှကို ကြိုးပမ်းတင်ပြနေခြင်းသာ ဖြစ်ပါသည်။

နောက်တစ်ကြောင်းအားဖြင့်လည်း ကျပန်စစ်သားဆိုသည်မှာ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ဖွဲ့စည်းပေါင်းစပ်ထားသော လူသားတစ်ဦးတစ်ယောက်ပင် ဖြစ်ပါသည်။ ထိုလူသားသည် လူသားနှင့် စပ်ဆိုင်သော သုခ၊ ဒုက္ခ ဝေဒနာများကို လူပီပီ ကွေးကောတတ် ခံစားတတ်ခြင်း ရှိပါသည်ဟူ၍ ဆိုလိုခြင်းဖြစ်ပါသည်။

တစ်ဖန် ယခုလိုအခါမျိုးတွင် ချွေးတပ်သားခများများအနေနှင့် အလွမ်းအဆွေးတွေ ပိုမနေနိုင်ကြရှာပါပေ။

တဖြုန်းဖြုန်း တဝုန်းဝုန်းနှင့် အပြင်းအထန် ရွာသွန်းနေသော မိုးသက်မုန်တိုင်းများအောက်၌ ကျွတွေ၊ နွားတွေပမာ ကုန်းရုန်းလုပ်နေကြရရှာသူများသာ ဖြစ်လေသည်။ ထိုအခါ ကိုယ့်အရပ်၊ ကိုယ့်ဌာနီသို့ လွမ်းဖို့ ဆွေးဖို့ဆိုသော စိတ်မျိုးတို့မှာလည်း ဘယ်လိုမှ ဖြစ်ပေါ်မလာနိုင်ကြရှာပါပေ။

ဤလိုနှင့် ထိုနေ့က တစ်နေ့လုံးလုံး မိုးရေမိုးပေါက်များအောက်၌ အလုပ်ကို လုပ်ကြရလေသည်။ ထမင်းစားသောက်ရသည်မှာလည်း သစ်ပင်ကြီးများအောက်နှင့် ဝါးပင်ကြီးများအောက် မိုးထဲလေထဲ၌မှာပင် ဖြစ်သလိုနည်းနှင့် စားသောက်ခြင်း ပြုကြရပါသည်။

ကျွန်တော်တို့သာမဟုတ်၊ သာမန် ကျပန်စစ်သားများမှာလည်း အလုပ်ခွင်နှင့် လူနေစခန်း ဝေးကွာခဲ့လျှင် ကျွန်တော်တို့ကဲ့သို့ပင် သစ်ပင် ဝါးပင်များ အောက်၌ ဖြစ်သလို ကြိုသလို စားသောက်ကြရသည်။ အလုပ်စခန်းနှင့် လူနေစခန်း နီးကပ်ခဲ့လျှင်မူ ကျပန်များသည် စခန်းတွင် ပြန်လည်စားသောက်ပြီးပါမှ အလုပ်ခွင်ရှိရာသို့ ပြန်လာကြလေသည်။

ထမင်းစားချိန် နာရီဝက်ခန့်သည် ကျွန်တော်တို့ ချွေးတပ်သားများနှင့် စစ်သုံ့ပန်း ချွေးတပ်သားများအဖို့ အနားရကြရသောအချိန်ပိုင်း မိနစ်ပိုင်းကလေး ဟူ၍လည်း ဆိုနိုင်ပါသည်။

ရွှေမျက်မှန်ဟု ကျွန်တော်တို့က အမည်ပေးထားသော ကျပန်သည် လိုင်းတစ်လိုင်းနှင့် ကြယ်ပွင့်နှစ်ပွင့်ရှိသော ကျပန်စစ်သားတစ်ယောက် ဖြစ်လေသည်။ သူနှင့်အတူ တွဲ၍ တာဝန်ကျသော ကျပန်စစ်သားမှာ လိုင်းတစ်လိုင်းနှင့် ကြယ်ပွင့်တစ်ပွင့်ဖြစ်သည်။

ကျပန်စစ်သားများသည် နှစ်ယောက်တစ်တွဲပြုလျက် ဘွဲ့နှိုက်ထိုက်ချိုအုပ်စုတစ်စုမှ ချွေးတပ်သားများကို ဘွဲ့ထိုက်ချိုဖြစ်သူနှင့်အတူ ကြီးကြပ်စေခိုင်းခြင်း ပြုရလေသည်။ ထို့ကြောင့် အလုပ်ခွင်တစ်နေရာသို့ ကြည့်လိုက်လျှင် ဘွဲ့ထိုက်ချိုတစ်ယောက်၊ ကျပန်နှစ်ယောက်၊ ဟန့်ချိုသုံးယောက်မှ ငါးယောက်အထိ ပေါင်းစပ်ပါဝင်သည်ကို တွေ့ရလေသည်။ ဤသည်မှာ ခပ်စောစောအချိန်နှင့် ခပ်စောစောရက်ပိုင်း၊ လပိုင်းများက အခြေအနေဖြစ်လေသည်။ နောက်ပိုင်းအချိန်များ၌မူ ဤလို မဟုတ်တော့ပါချေ။

ရွှေမျက်မှန်ကျပန်မှာ မြန်မာစကားကို တစ်လုံးစ၊ နှစ်လုံးစ နားလည်၍ ကျွန်တော်နှင့် အတော်အတန် သဘောပေါက်အောင် ပြောဆိုနိုင်သည့် ကျပန်တစ်ယောက် ဖြစ်ပါသည်။ ကျပန်စစ်သားများထဲတွင် အတော်အတန် စိတ်သဘောကောင်းသူတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သူနှင့် ကျွန်တော်မှာ တစ်ခါတစ်ခါ အလုပ်ခွင် သစ်ပင်ကြီးများအောက်၌လည်းကောင်း၊ ကျောက်ကမူ ကျောက်တုံးကြီးများထက်တွင်လည်းကောင်း ထိုင်ကြရင်း စပ်ဓိစပ်ရာ စကားများကို ပြောတတ်ကြလေသည်။

မိုးတွေ သိပ်ရွာလာသည့်အခါ ကျွန်တော်က သူ့ကို မေးကြည့်မိသည်။ ကျပန်နိုင်ငံတွင် ရှိနေသော သားမယားများနှင့် ကျပန်နိုင်ငံသို့ ပြန်လိုစိတ်ရှိမရှိဆိုသော အကြောင်းပင် ဖြစ်ပါသည်။

ရွှေမျက်မှန်သည် သူ့အင်္ကျီအိတ်ထဲမှ စာတိုပုံနှစ်ပုံကို ထုတ်ပြသည်။ ထို စာတိုပုံနှစ်ပုံကို စက္ကူအထူများ၊ ပလတ်စတစ်များဖြင့် အသေအချာ ရစ်ပတ်ထားသည်။

တစ်ပုံမှာ သားသည်မိခင် ကျပန်အမျိုးသမီးတစ်ဦး၏ ပုံဖြစ်သည်။ ကလေးတစ်ယောက်ကို ရင်ခွင်တွင် ပွေ့ချီထားသည်။ ဘေးတွင်လည်း ကလေးနှစ်ယောက် ရပ်လျက်၊ ရှေ့မှာလည်း ကလေးနှစ်ယောက်က ထိုင်လျက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုပုံမှာ ရွှေမျက်မုန်၏ ကြင်ရာသက်ထားနှင့် သားသမီးငယ်ကလေးများ၏ ပုံပင် ဖြစ်လေသည်။ ဘေးတွင် ရပ်နေသော ကလေးနှစ်ယောက်နှင့် ရင်ခွင်ထဲမှ ကလေးသည် သားကလေးများဖြစ်၍ ရှေ့မှနှစ်ယောက်သည် သမီးကလေးများဟု ခြေဖြာပါသည်။ သို့ရာတွင် ရင်ခွင်ထဲမှ ကလေးမှာ သူ ဂျပန်နိုင်ငံမှ ထွက်ခဲ့ရ၍ စကံာပူရောတပ်ကို သိမ်းပြီး နှစ်ရက်အကြာ၌ မွေးဖွားခြင်းဖြစ်ကြောင်း ပြောလေသည်။

သို့ဆိုလျှင် ဖခင်ဖြစ်သူ ရွှေမျက်မုန်သည် ထိုသားငယ်၏ မျက်နှာကိုပင် မမြင်မတွေ့ရသေးဟု ဆိုရပေမည်။ မိခင်၏ရင်ခွင်တွင်း၌ ရှိနေသည်မှာလည်း အပတ်များနှင့် ထွေးလျက် ချီပွေ့ထားသောပုံသာ ဖြစ်သည်။ ကလေး၏မျက်နှာ တစ်ခြမ်းကိုသာ ခပ်ပါးပါးတွေ့ရလေသည်။

နောက်တစ်ပုံမှာ ရွှေမျက်မုန်ကို မိသားစုပုံဖြစ်လေသည်။ ထိုလူစုထဲတွင် ရွှေမျက်မုန်ကိုယ်တိုင် ပါဝင်နေသည်။ အားလုံးပေါင်း ကိုးယောက်ဖြစ်သည်။ ဂျပန်လယ်သမား အိမ်ထောင်စုတစ်စုပင် ဖြစ်ကြောင်း သူတို့အားလုံး၏ ဝတ်စားဆင်ယင်ထားမှုကပင် သိသာနိုင်ပေသည်။

အရှေ့တောင်အာရှမှ ဂျပန်အာဏာပိုင်တို့ စစ်စိတ်စစ်သွေးကြွလျက် စစ်ရေးစစ်ရာ ခင်းကျင်းသည့်အခါ ဂျပန်ပြည်သူ တောင်သူလယ်သမားများမှာလည်း ကောက်ဆွနှင့် တံခွေကို လက်လွတ်လျက် လူသတ်လက်နက်ကို ကိုင်ဆောင်ကာ စစ်မြေပြင်သို့ ထွက်ခဲ့ရကြာပါကားဟူ၍ ကွေးစရာဖြစ်ခဲ့ရလေသည်။

ထိုနေ့က တစ်နေ့လုံးပင် မိုးရွာသွန်းနေလေသည်။ ညနေပိုင်းသို့ ရောက်ခဲ့သည့်တိုင် မိုးမှာ ရပ်စဲမသွားဘဲ တစိမ့်စိမ့် တဖွဲဖွဲ ရွာသွန်းနေဆဲပင် ဖြစ်သည်။ ဤလို မိုးတစိမ့်စိမ့် ရွာသွန်းနေသည့်အခါ၌လည်း အခြေအနေမှာ ပိုမိုကာ ဆိုးရွားလာသည်။ မိုးသည်းထန်စွာ ရွာသွန်းနေစဉ်အခါက မည်သို့မျှ မဖြစ်သော်လည်း မိုးပါးသွားက တစိမ့်စိမ့် တဖွဲဖွဲလောက် ရွာသွန်းသည့်အခါ၌မူ ဖြုတ်များနှင့် တောခြင်ကြီးများသည် တဝီဝီပျံသန်းလာလျက် ကျွန်တော်တို့အား ကိုက်ခဲခြင်း ပြုကြလေသည်။

ထိုအခါ ချွေးတပ်သားများအနေနှင့် အလုပ်ကို လုပ်ကြရသည်ကတစ်ဖက်၊ ဖြုတ်နှင့် ခြင်များကို ရိုက်နက်ရသည်ကတစ်ဖက် ဖြစ်နေလေတော့သည်။

ဤလိုနှင့် ၅ နာရီခွဲသည့်အခါ ကျွန်တော်တို့အားလုံးပင် ကိုယ့်အဆိုင်းနှင့် ကိုယ် လူတွဲလျက် အလုပ်ခွင်အတွင်းမှ တက်ရောက်ခဲ့ကြလေသည်။

စခန်းရောက်သည့်အခါ ချွေးတပ်သားများအားလုံးပင် ကဲတန်းလျားကြီးများ ရှိရာသို့ ချက်ချင်းမသွားရသေး။ ထိုးစံအတိုင်း လက်နက်ပစ္စည်းဂိုဒေါင်ရှေ့ ရှိ မြေကွက်လပ်တွင် အတွဲလိုက် အစုလိုက် လူစုခွဲလျက် တန်းစီနေကြရသည်။

နံနက်ပိုင်းက မိမိတို့ ထုတ်ယူသွားကြသော ရဲတင်း၊ ပုဆိန်၊ လွှ၊ မား၊ မေ၊ ပေါက်ချွန်း၊ သံတူရွင်း စသော ပစ္စည်းများကို သက်ဆိုင်ရာ အလုပ်ခွင်ကြီးကြပ်ရေး ဂျပန်စစ်သားများနှင့်အတူ ဂိုဒေါင်တာဝန်ခံ ဂျပန်များထံ ပြန်လည်အပ်နှံခြင်း ပြုကြရလေသည်။

ဤလို ပစ္စည်းအပ်နှံခြင်း ပြုကြသည့်အခါ၌ပင် အလုပ်ဆိုင်းတစ်ဆိုင်းမှာ မကြီးတစ်ချောင်း လိုနေသည့်အတွက် ပြဿနာပေါ်ပါလေတော့သည်။

ဂိုဒေါင်တာဝန်ကျ ဂျပန်စစ်သားမှာ 'ရာတာနာရှိ' ဟူ၍ ကျွန်တော် ထင်သည်။ ကောင်းစွာ မမှတ်မိတော့ပါ။ တစ်လိုင်း ကြယ်နှစ်ပွင့်အဆင့်ဟူ၍ ထင်သည်။

အစဉ်၌သော် ထိုမာမကြီးတစ်ချောင်း လိုနေခြင်းအကွက် သူတို့ ဂျပန်အချင်းချင်း ပြဿနာပေါ်လေသည်။ နောက်တော့ အချင်းချင်း ပြဿနာပြီးငြိမ်းသွားလျက် သိုးငယ်များဖြစ်ကြသော ချွေးတပ်သားများဘက်သို့ ယုံးစံအတိုင်း မြားဦးလှည့်လာလေသည်။

ထိုအချိန်က ကျွန်တော်နှင့် ဘွန်ထိုက်ချို၏အမျို့တို့မှာ တဲလိုင်းကြီးများသို့ပင် ရောက်ရှိနေကြလေပြီ။ သို့ရာတွင် ထိုမာမကြီးတစ်ချောင်းကိစ္စအတွက် ကျွန်တော်နှင့် ဘွန်ထိုက်ချို၏များကို စကားပြန်သူငယ်က လာရောက်၍ ခေါ်ငင်သဖြင့် ချွေးတပ်သားများစုဝေးနေရာ မြေကွက်လပ်သို့ လိုက်ခဲ့ရပြန်ပါသည်။

ဂျပန်စစ်သားများသည် ကျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချို စသည်များကိုလည်းကောင်း၊ ချွေးတပ်သားအားလုံးကိုလည်းကောင်း အုပ်စုခွဲလိုက်ပြီးနောက် ဂိုဒေါင်အဆောက်အအုံရှေ့ရှိ ကွပ်လပ်တွင် ရပ်တန့်နေစေပါသည်။

ထိုအချိန်က မိုးမှာ သဲလိုက် ဖွဲလိုက် ဖြစ်နေပါသည်။ အမောင်ရိပ်များကလည်း ဝင်ရောက်စပြုလေပြီ။ ထိုအမောင်ရိပ်များနှင့်အတူ ခြင်များ၊ ဖြုတ်များ၊ မှက်များကလည်း တဝီဝီ ရောနှောလိုက်ပါလာလျက် ကျွန်တော်တို့အား ကိုက်ခဲခြင်း ပြုကြလေသည်။

ဂျပန်များသည် ကုမေကာကို စောင့်ဆိုင်းနေကြခြင်း ဖြစ်ဟန်တူလေသည်။ သို့ရာတွင် သူတို့အားလုံးသည် ကျွန်တော်တို့လို မိုးရေအောက်၌ မဟုတ်ကြပေ။ စစ်တန်းလျားပုံ ဆောက်လုပ်ထားသော ဘေးကာမရှိသည့် ကဲလိုင်းထဲတွင်သာ ချို့၊ ဂိုဒေါင်ရှေ့မျက်နှာစာ အမိုးအောက်တွင် တချို့ ဖြစ်လေသည်။ ထိုနေရာများတွင် ပါးကို လုပ်ထားသော တန်းလျားထိုင်ခုံများ၊ မီးဖိုကြီးများ ရှိသဖြင့်။

www.burmeseclassic.com

www.burmeseclassic.com

အချို့သောဂျပန်များသည် တန်းလျားထိုင်ခုံထက်တွင် ဆေးလိပ်ထိုင်သောက်နေကြသည်။ အချို့မှာ ဖိနပ်နှင့် မိုးကာများကို မီးကင်လျက် ရှိနေကြသည်။

ထိုအချိန်၌ပင် မိုးမှာလည်း အပြင်းအထန်ရွာသွန်းလာပြန်သည်။ ကျွန်တော်တို့ အားလုံးသည် မိုးရေမိုးပေါက်များအောက်ဝယ် ခြင်ကိုက် ဖြုတ်ကိုက် ခံရလျက် ရပ်နေကြရလေသည်။ ကျွန်တော်တို့အဖြစ်သည် အရှင်လတ်လတ် ငရဲရောက်နေသလား ထင်ရလေသည်။

ကျွန်တော်တို့အားလုံးမှာလည်း မိုးရေ မိုးပေါက်များအောက်၌ ရပ်မြဲ ရပ်နေကြရလေသည်။ ကျွန်တော့်အထင်ပြောရသော် ဤအဖြစ်သည် ကျွန်တော်တို့အားလုံး အဖို့ တစ်နာရီထက် အချိန်မနည်းလေတော့ဟု ကျွန်တော် တွက်ဆမိပါသည်။ သို့ရာတွင် ဂျပန်စစ်သားများအနေနှင့်မူ ကျွန်တော်တို့တစ်စုအား သူတို့မျက်မှောက်၌ ရှိနေသည်ဟူ၍ပင် သဘောပိုက်ဟန် မတူပါချေ။

ယခင်ယခင်အခါများကမူ ချွေးတပ်သားများတွင် အပြစ်တစ်စုံတစ်ရာရှိသဖြင့် ဒဏ်ပေးဒဏ်ခတ်ခြင်းပြုသည့်အခါ အပြစ်ရှိသူ ချွေးတပ်သားများကိုသာ ဒဏ်ပေးဒဏ်ခတ်ခြင်း ပြုတတ်ကြသော်လည်း ယခုမူကား ဤသို့မဟုတ်လေတော့။

မားမကြီးတစ်ချောင်း ပျောက်ရှရခြင်းအတွက် ကျွန်တော်တို့ စခန်းတစ်ခုလုံးရှိ ဘွန်ထိုက်ချိုများ၊ ဟန်ချိုများ၊ ချွေးတပ်သားများကိုသာမက ဝါဒဖြန့်ချိရေးမှူးဖြစ်သော ကျွန်တော့်ကိုပင် အပြစ်ဒဏ်ခတ်ခြင်း ပြုပါလေတော့သည်၊

ထို့ကြောင့်လည်း ချွေးကပ်သားများ၌ လက်နက်ကိရိယာ တစ်စုံတစ်ရာ ပျောက်ရှခဲ့လေသော် ဂျပန်များ အာဃာတအထိ အဖေးတာကြီး သဘောထားကြသည်၊ ချွေးကပ်သားများအပေါ် အာဃာတအတိုင်းအတာအထိ အပြစ်ဒဏ်ပေးကြသည်ဆိုခြင်းကို စာဖတ်သူများ သဘောပေါက်လောက်ပေသည်။ အဖြစ်မှန်အတိုင်း တင်ပြရခြင်းသာ ဖြစ်လေသည်။

အချိန်ကြာညောင်းလာသည့်အခါ ကျွန်တော်တို့အားလုံးပင် ခိုက်ခိုက်တုန်အောင် ချမ်းစီးလာလေသည်။ ခြေသလုံးကြွက်သားများပင် တောင့်လျက် ကိုက်ခဲလာရမလေဟော့သည်။

ကျွန်တော့်မှာ ဂျပန်က ပေးထားသော မိုးကာအင်္ကျီကြီးကို ကိုယ်ပေါ်တွင် လွှမ်းခြုံထားနိုင်သော်လည်း အချိန်ကြာလာသောအခါ၌မူ ထိုအဖြစ်သည်ပင် ပို၍ မသက်မသာရှိလှသည်ဟု ထင်မြင်မိလေသည်။

စင်စစ် ကျွန်တော့်ကိုယ်ပေါ်ရှိ ဗစ်ဂျပန်မိုးကာကြီးကပင် တစ်ချိန်ထက်တစ်ချိန်၊ တစ်စထက်တစ်စ ပို၍ပို၍လေးလံလာလေသည်။ ထိုအခါ ကျွန်တော့်မှာ ကြီးမား

သော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ထမ်းပိုးထားရသူတစ်ယောက်ပမာလည်း ဖြစ်နေပါလေတော့သည်။

အမှောင်ရိပ်များသည် ခပ်စောစောအချိန်ကထက် ပိုမိုရင့်ကျက်လာသည်။ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ သစ်ပင်ကြီး ဝါးပင်ကြီးများမှာလည်း ပြင်းထန်သော မိုးသက်လေပြင်း၏ အဟုန်အရှိန်ကြောင့် တသိမ့်သိမ့် တရှဲရှဲ ရိုက်ခတ်မြည်ဟည်းလျက် ရှိနေသည်။

ထိုကဲ့သို့ ရှိနေစဉ်၌ပင် ကျောက်ဟောင်းကုန်းထက်ရှိ ဂျပန်စစ်ဗိုလ် ရာမာမိုတို့၏ အိမ်ငယ်ဆီမှ ဆင်းသက်လာသော ကုမေကာကို မြင်လိုက်ရသည်။ မကြာမီအချိန်ကလေးအတွင်း၌မှာပင် ကုမေကာသည် ကျောက်ဟောင်းကုန်းအောက်ခြေရှိ စစ်တန်းလျားအတွင်းသို့ ရောက်ရှိလာလေသည်။

ဂျပန်စစ်သားများသည် ထိုင်ရာမှထလျက် ကုမေကာအား အလေးပြုလိုက်ကြသည်။ ပြီးလျှင် သူတို့သည် ကုမေကာအား အကြောင်းကစ်စုံတစ်ရာကို အစီရင်ခံပြောကြားခြင်း ပြုကြသည်။ သူတို့ပြောကြားသော အကြောင်းအရာသည် မားမကြီးပျောက်ဆုံးကြောင်းပင် ဖြစ်လိမ့်မည်ဟု ကျွန်တော်က ယူဆလိုက်မိပါသည်။

အချိန်သိပ်မကြာလှ။ ဂျပန်စစ်ဗိုလ် ကုမေကာသည် သူ၏နောက်ပါ ဂျပန်စစ်သားများနှင့်အတူ စကားပြန်သူငယ်ကိုပါ ခေါ်ဆောင်လျက် ကျွန်တော်တို့ အားလုံး စီတန်းရပ်နေသည့်နေရာသို့ လျှောက်လာလေသည်။

ကုမေကာသည် လူအုပ်အတွင်းမှ ပထမဦးစွာ ကျွန်တော့်ကို ရွေးထုတ်လိုက်သည်။ ပြီးလျှင် စစ်တန်းလျား အဆောက်အအုံတွင်းသို့ ဝင်ရောက်၍ နေ့ဆေးပါသည်။ သဘောမှာ ကျွန်တော်သည် ဝါဒဖြန့်ချိရေးမှူးတစ်ယောက်သာလျှင် ဖြစ်သောကြောင့် မားမကြီးပျောက်ဆုံးနေသော ကိစ္စ၌ မည်သို့မျှ အကျုံးမဝင်မသက်ဆိုင်ဟူသော သဘောပင်ဖြစ်ဟန်တူလေသည်။

ပြီးလျှင် ဟန်ချိနှင့် ဘွန်ထိုက်ချို စသူများကိုလည်း လူအုပ်ထဲမှ ခွဲထုတ်လိုက်ပြန်သည်။ သူတို့ကိုမူ တသီးတခြား ရပ်နေစေပါသည်။

ထို့နောက် စကားပြန်သူငယ်မှတစ်ဆင့် ဟန်ချိနှင့် ဘွန်ထိုက်ချိုများအား မားမပျောက်ဆုံးခြင်းအကြောင်းကို စစ်ဆေးမေးမြန်းခြင်း ပြုလေသည်။

သို့ရာတွင် မည်သည့်ဟန်ချို၊ ဘွန်ထိုက်ချိုကမှ ၎င်းတို့ အဆိုင်းအတွဲကြောင့် ပျောက်ရှရခြင်းဖြစ်ပါသည်ဟူ၍ကား ဝန်ခံခြင်းမပြုကြပေ။ အားလုံးကပင် မိမိတို့အပေါ် ကျရောက်လာမည့် အပြစ်အတွက် 'ဘုး' ကွယ်ခြင်းပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ဤသို့ဖြစ်ရသည်မှာလည်း တခြားကြောင့်မဟုတ်ပေ။ မူလပထမ လက်နက်တိုက်စတို့အတွင်းမှ ပစ္စည်းများကို ထုတ်ပေးခြင်းပြုလိုက်စဉ်အခါကပင် စာရင်းအင်းဟူ၍ပင် ရှိသော်လည်း ထိုစာရင်းသည် စုပေါင်းလျက် ရေးမှတ်ယူငင် ထားလိုက်သည့် စာရင်းမျှသာ ဖြစ်လေသည်။ မည်သည့်ဟန်ချို၊ မည်သည့်ဘွန်ထိုက်ချို့ အဆိုင်းက မား အဘယ်မျှထုတ်သည်၊ လွ အဘယ်နှစ်ချောင်းယူသည်၊ ပုဆိန်၊ ပေါက်ပြား၊ ပေါက်ချွန်း အဘယ်မျှ အဘယ်မျှ ယူသည်ဆိုခြင်းကိုမူ ခွဲခြား ရေးမှတ် လိုက်သော စာရင်းမဟုတ်သောကြောင့်ပင် ဖြစ်လေသည်။

ဤတွင် တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်၊ သုံးကြိမ်က လေးကြိမ် စသည်ဖြင့် ထပ်တလဲလဲ မေးမြန်းစစ်ဆေး၍ တရားခံမပေါ်သည့်အခါ ဂျပန်စစ်ဗိုလ် ကုမေကာသည် သူ့ထုံးစံအတိုင်း မျက်နှာကြီးနီမြန်းလာလေသည်။

ကုမေကာ၏ နှုတ်မှလည်း ဆဲရေးတိုင်းထွာသော အသံများမှာလည်း ကျား တစ်ကောင်၏ ဟိန်းဟောက်သံနှင့်မခြား ပေါ်ထွက်လာလေသည်။ ကုမေကာ၏ လက်ဝဲစဖက်သည် ဘွန်ထိုက်ချိုနှင့် ဟန်မျိုများ၏ ပါးပေါ်သို့ တဖျန်းဖျန်းကျရောက် လေကေသည်။

ဤလိုနှင့် အားမရသော ကုမေကာသည် သူ့အနီးတွင်ရှိသော ဂျပန်စစ်သား များအား တစ်ဆုံတစ်ရာကို အမိန့်ပေးပြောကြားလိုက်လေသည်။

ထိုအခါ ဂျပန်စစ်သား သုံးယောက်သည် တဲတန်းလျားအတွင်းသို့ ခပ်သွက်သွက် ဝင်ရောက်သွားကြလေသည်။ သူတို့တဲအတွင်းမှ ပြန်ထွက်လာသော အခါ၌မူ လက်ထဲတွင် ပါးရင်းတုတ်တစ်ချောင်းကျစီ ပါရှိလာလေသည်။

သို့ရာတွင် တစ်ခုရှိသည်မှာ ဤအချိန်ကိုအောင်ပင် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများ ရောက်ပိုင်းတွင် တန်းစီရပ်နေကြရရှာသော ချွေးတပ်သားအများစုကြီး ကိုမူကား တစ်ဆုံတစ်ရာ မေးမြန်းစစ်ဆေးခြင်း ရိုက်နှက်ခြင်း မပြုသေးချေ။

ဟုတ်ပေ့ါ ကုမေကာသည် ဟန်ချိုနှင့် ဘွန်ထိုက်ချိုများအား တစ်ယောက်စီ အပ်ခံစစ်ဆေးခြင်းပြုပြန်ပါသည်။

ထိုအခါ ဟန်ချိုနှင့် ဘွန်ထိုက်ချိုများကလည်း သူတို့အုပ်စု သူတို့အဆိုင်း ကြောင့် မပျောက်ဆုံးရခြင်းမဟုတ်ကြောင်း ရှေးနည်းတူ ဖြေကြားခြင်းပြုကြပြန် လေသည်။

ဤတစ်ကြိမ် ဟုတ်ပေ့ါ ပါးရင်းတုတ်ကိုင်ထားသော ဂျပန်စစ်သား သုံးယောက်တို့က တားမြစ်ခံရပုံရှိသဖြင့် သုံးချက်တိတိ တင်ပါးထက်သို့ ရိုက်နှက်ခြင်း ပြုလေသည်။ ဆရိုက်ခနက်ခံရပုံရှာသူ ဟန်ချိုနှင့် ဘွန်ထိုက်ချိုများကလည်း ငယ်သံများပါအောင် အော်ဟစ်ကြလေသည်။

ထိုအဖြစ် ဖြစ်စဉ်အခါက ကျွန်တော်ကို ချွေးတပ်စခန်းတွင် ဟန်ချို ဖယ်လေးငါးယောက်နှင့် ဘွန်ထိုက်ချို ငါးယောက် ခြောက်ယောက်ခန့် ရှိလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

သည်လိုနှင့်ပင် ဟန်ချို၊ ဘွန်ထိုက်ချိုများ လူစေ့တက်စေ့ တစ်ပတ်ပြီးသွား ပေတော့သည်။

အချိန်မှာလည်း လုံးဝပင် အမှောင်ဖုံးသွားလေပြီ။ မိုးသည် အပြင်းအထန် ရွာသွန်းခြင်းမှ ရပ်စဲလျက် တစိမ့်စိမ့် ကဖွဲဖွဲ ရွာသွန်းနေဆဲပင် ဖြစ်လေသည်။

ဂျပန်စစ်ဗိုလ် ကုမေကာမှာလည်း ဟန်ချိုနှင့် ဘွန်ထိုက်ချိုများအား နောက်ထပ်တစ်ဖန် စစ်ဆေးမေးမြန်းခြင်း ပြုပြန်လေသည်။

သူသည် ဘွန်ထိုက်ချိုများထဲမှ ထိပ်ဆုံးတွင် ရှိနေသော ဘွန်ထိုက်ချို တစ်ယောက်အား စတင်မေးမြန်းခြင်း ပြုပြန်လေသည်။ အမေးအမြန်းခံရသူမှာ ဘွန်ထိုက်ချိုလူရိုးကြီး ကိုသာမြိုင်ပင် ဖြစ်လေသည်။

ကိုသာမြိုင်ကလည်း ရှေးနည်းအတိုင်းဟင် သူ့အဖွဲ့မှ လူများကြောင့် ဓားမ ကြီးပျောက်ဆုံးရခြင်း မဟုတ်ကြောင်း ထပ်မံပြောဆိုခြင်း ပြုပြန်လေသည်။

ဤတွင် ဝါးရင်းတုတ်ကိုင် ဂျပန်စစ်သားများထဲမှ တစ်ဦးသော ဂျပန်စစ်သား ကလည်း ရှေးနည်းအတိုင်း ကိုသာမြိုင်၏ တင်ပါးထက်သို့ ချိန်ရွယ်၍ ဝါးရင်းတုတ် ဖြင့် တဗုန်းဗုန်း ရိုက်နှက်ခြင်း ပြုပြန်လေသည်။

သည်လိုနှင့် တစ်ယောက်ပြီးတစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် လူကုန်သွားပြန်လေသည်။ ဤအချိန်အထိအောင်လည်း ဓားမကြီးကိစ္စမှာ တရားခံ မပေါ်ဘဲ ရှိနေဆဲပင် ဖြစ်လေသည်။

ဂျပန်စစ်ဗိုလ် ကုမေကာသည် ဤလိုပင် ဓားမကြီးပျောက်ဆုံးမှု တရားခံ မပေါ်သမျှ နှိပ်စက်ညှဉ်းပန်းနေလေမလား။ ဤလိုနှင့် မိုးစင်စင်လင်းသည့်တိုင် မိုးရေမိုးပေါက်များအောက်၌ ဝင့်ဒုက္ခ အခံခိုင်းထားလေမလား၌၍ ကျွန်တော် တွေးလိုက်မိသေးသည်။

ကျွန်တော်သည် စစ်တန်းလျားထဲတွင် တစ်ယောက်တည်း ထိုင်နေရာမှ ထိုဖြစ်ရပ်၊ ထိုကိစ္စအတွက် ထွက်ပေါက်ရလိုရငြား၊ အဖြေတွေ့လိုတွေ့ငြား အကြံဉာဏ်ထုတ်လိုက်မိလေသည်။

တရားခံသည် ကျွန်တော်ပင် ဖြစ်ချင်ကြောင်း၊ ကျွန်တော့်ကြောင့်ပင် ထိုဓားမကြီး သည် စမ်းချောင်းအတွင်းသို့ ကျသွားသည်ဟု ပြောရလျှင် ကောင်းလေမလား၊ ဤလိုလည်း ကျွန်တော် တွေးလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးယဉ်မဟုတ်သော လက်တွေ့လုပ်ဆောင်ရမည့် အရေးကိစ္စများသည် စိတ်ကူးသလို ခပ်လွယ်လွယ်နှင့် လုပ်ဆောင်၍ကား မဖြစ်နိုင်ပါချေ။

ကျွန်တော်က ထိုကဲ့သို့ပြောသည့်တိုင် ဂျပန်စစ်ဗိုလ် ကုမေကာသည် ခပ်လွယ်လွယ် လက်ခံပါမည်လော။

ပြီးလျှင် ထိုကိစ္စတွင် ကျွန်တော့်ထက် တာဝန်ပိုရှိ၍ ကျွန်တော့်ထက် ဖြစ်နိုင် ယုံကြည်နိုင်ရန် အကြောင်းယုတ္တိရှိကြသော ဘွန်ထိုက်ချီများကပင် သူတို့အပေါ် ကျရောက်လာမည့် အပြစ်အတွက် ခါးခါးသီးသီး ငြင်းဆန်လျက် ရှိနေကြလေသည်။

ကျွန်တော့်စိတ်အထင်ကို ပြောရလျှင် ထိုကိစ္စ၌ ဘွန်ထိုက်ချိုတစ်ယောက် ပေါက်ကသော်လည်းကောင်း၊ ဟန်ချိုတစ်ယောက်ယောက်ကသော်လည်းကောင်း တစ်နည်းနည်းဖြင့် သူ့အပြစ်ပါဟူ၍ ဓားစာခံလုပ်လိုက်လျှင်လည်း ကျန်သော ရွှေးတပ်သားပေါင်း မြောက်မြားစွာနှင့် ကျန်သော ဘွန်ထိုက်ချို၊ ဟန်ချို စသူများမှာ ယခုလို မိုးရေမိုးပေါက်အောက်တွင် အချိန်ကြာမြင့်လှစွာ ဆင်းရဲဒုက္ခခံစားနေရသောအဖြစ်မှ လွတ်မြောက်သွားပေလိမ့်မည်ဟူ၍လည်း ကျွန်တော်ထွေးလိုက်မိပါသည်။

သို့သော်-

ဤလို ထင်မြင်ယူဆချက်ဟူသည်မှာလည်း ကျွန်တော့်အထင် ကျွန်တော့်အတွေးမျှသာ ဖြစ်လေသည်။ ကျွန်တော် စိတ်ကူးသလို ပြောလိုက်သည့်အတွက် ထိတရားခံအဖြစ် တာဝန်ယူလိုက်သူအပေါ်တွင် နောက်ထပ်လျှက် ကျရောက်လာမည့် အန္တရာယ်မှာမူ အဘယ်ထိ နက်ရှိုင်းလိမ့်မည်၊ အဘယ်ထိ ကြောက်မက်ဖွယ်ဖြစ်လိမ့်မည်ဆိုခြင်းကိုကား ကျွန်တော်ကိုယ်တိုင်မှာလည်း တပ်အပ်သေချာ မတွေးတောမသိရှိနိုင်သည့်အဖြစ်မျိုးသာ ဖြစ်လေသည်။

ကျွန်တော်တို့အားလုံးသည် နချိန်ထိ တဲလိုင်းများပေါ်သို့ မတက်ရောက်ကျရသေးချေ။ ညစာထမင်းလည်း မစားသောက်ရသေးချေ။ ဘွန်ထိုက်ချိုနှင့် ဟန်ချို အပါအဝင်ဖြစ်ကြသော ရွှေးတပ်သားများ အားလုံးမှာလည်း မိုးရေမိုးပေါက်များ အောက်မှ အကြောအချုပ်များ တောင့်လျက် သွေးအသွားအလာများ ရပ်ဆိုင်းမလောက် ရပ်နေကြရကုန်ပင် ဖြစ်လေသည်။

ထိုအတွင်း ကုမေကာသည် နောက်ထပ်၍ အစီအစဉ်ကစ်ခုကို ပြုပြန်လေသည်။

သူသည် ဘွန်ထိုက်ချို၊ ဟန်ချို စသူများနှင့် ကျွန်တော့်ကိုပါ ကညင်ဆီခေါင်းများနှင့် ဝါးလုံးများကို မီးရှို့ မီးညှိခြင်းပြုစေပြီး နောက် အလုပ်တာဝန်ကသော

ဂျပန်စစ်သားများနှင့်အတူ နေ့ဘက်က ကျွန်တော်တို့တစ်တွေ အလုပ်လုပ်ခဲ့သော တောကြီးမျက်မည်းထဲသို့ ဓားမပြောက်ကို ရှာဖွေခြင်းပြုစေရန် စေလွှတ်လိုက်လေသည်။

ရွှေးတပ်သားများမှာမူ တဖွဖွရွာသွန်းနေသော မိုးရေမိုးပေါက်များ အောက်၌ပင် မူလကအတိုင်း ရပ်ကျန်ရစ်ခဲ့ကြလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချိုများသည် ခဏကာတောင်ကြီးများအနီးတစ်ဝိုက်၌လည်းကောင်း၊ ရထားလမ်းဖောက်လုပ်ခဲ့သော နေရာတစ်ဝိုက်၌လည်းကောင်း၊ ဧလီဖားတုံးများနှင့် တဲတားတိုင်များ ခုတ်ထွင်ဖြတ်တောက်သော နေရာတစ်ဝိုက်၌လည်းကောင်း ဓားမပြောက်ကို လူစုခွဲလျက် လိုက်လံရှာဖွေခြင်းပြုကြရလေသည်။

ကျွန်တော်၊ ဘွန်ထိုက်ချို ကိုသာမြိုင်၊ ကိုမောင်စိန်နှင့် ဟန်ချို ကိုချစ်ကိုး၊ မောင်အေး၊ ထွန်းကြိုင် စသူများမှာ အတွဲတစ်တွဲဖြစ်ပေသည်။ မိုးက တဖွဖွရွာသွန်းနေသည့်အခါ ကျွန်တော်တို့လက်တွင်းရှိ ကညင်ဆီမီးခြောင်းများနှင့် ဝါးစည်းမီးတုတ်များမှာလည်း တဖျစ်ဖျစ် တရှဲရှဲ အသံမြည်တောက်လောင်လျက် ရှိလေသည်။

ဝါးလုံးအခြောက်များနှင့် သစ်ကိုင်းအခြောက်များကို မီးရှို့ထားသော မီးစည်းများမှာမူ ကြာရှည်မခံပါချေ။ မကြာခဏအတွင်း၌ပင် မီးငြိမ်းမီးသေ၍ သွားလေသည်။ ထိုအခါ ကျွန်တော်တို့သည် ကညင်ဆီမီးခြောင်းများကို အားကိုးအားထား ပြုလျက် စမ်းတဝါးဝါး မမြင်မစမ်းနှင့် ဓားမပြောက်ကို လိုက်လံရှာဖွေခြင်းပြုကြရလေသည်။

မိုးက တဖွဖွရွာသွန်းနေသည်။ ဖြူတ်များ ခြင်များကလည်း တဝီဝီပျံသန်းလာလျက် ကိုက်ခဲခြင်းပြုလေသည်။ ကျွန်တော်တို့နှင့်အတူ လိုက်ပါလာသော အလုပ်တာဝန်ကျ ဂျပန်စစ်သားများကလည်း ဝါးရင်းတုတ်များ ကိုယ်စီကိုင်လျက် တခွန်းခွန်း တကားကား ဆဲဆိုရေရွတ်ခြင်းပြုလေသည်။

ကျွန်တော်တို့သည် အချိန်တစ်နာရီခန့်နီးနီး ဓားမပြောက်ကို လိုက်လံရှာဖွေခြင်း ပြုကြရသည်။ သို့ရာတွင် မည်သို့မှ အကြောင်းထူးခြားခြင်း မရှိပါချေ။ အချည်းနှီးအဖြစ်နှင့်ပင် နောက်ဆုံးစခန်းသို့ ပြန်ခဲ့ကြရလေသည်။

ဤလိုနှင့် ကျွန်တော်တို့ ပြန်ရောက်သွားသောအချိန်၌မှ ခပ်စောစောကကွက်လပ်ကြီးတွင် တန်းစီနေကြရသော ရွှေးတပ်သားများကို မတွေ့ရတော့ချေ။ သူကို့အားလုံးပင် တဲတန်းလျားကြီးများအတွင်းသို့ ရောက်ရှိနေကြပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ချွေးတပ်သားများ တဲတန်းလျားပေါ်သို့ ပြန်လည်ရောက်ရှိသွားကြသည်မှာ လည်း ဂျပန်စစ်ဗိုလ် ကုမေကာ သဘောနှင့် ပြန်လွှတ်လိုက်ခြင်း မဟုတ်ပါချေ။ ဂျပန်စစ်ဗိုလ် ရာမာမိုတို၏ အမိန့်ပေးပြောကြားချက်အရ သွားခွင့်ပြုလိုက်ခြင်း ဖြစ်ကြောင်း စကားပြန်ကလေး မောင်အေးချို့ထံမှတစ်ဆင့် ကျွန်တော့် သိရလေသည်။

ကုမေကာသည် ဘွန်ထိုက်ချို့နှင့် ဟန်ချို့များအား ဆဲဆိုရေရွတ်ခြင်း ပြုပြီးနောက် သွားခွင့်ပေးလိုက်လေသည်။ ပျောက်နေသော ဓားမကြီးကို မနက်ဖြန် တွင် ပြန်လည်ရရှိအောင် ရှာဖွေခဲ့ရမည်ဟူ၍လည်း စကားပြန်သူငယ်မှတစ်ဆင့် ဘွန်ထိုက်ချို့နှင့် ဟန်ချို့များအား ပြောကြားခြင်းပြုလေသည်။

အထက်ပါဖြစ်ရပ်သည် ကျွန်တော်နှင့်တကွ ချွေးတပ်သားများ ထိုင်း-မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်ရာတွင် ကြုံတွေ့ခဲ့ကြရသော ဓားမကြီး တစ်ချောင်း ပျောက်ရှသည့်ကိစ္စပင် ဖြစ်လေသည်။

❑

စီးကရက်" ဟူ၍ နှုတ်ဖျားက ရေရွတ်လျက် ကျွန်တော့်ထံ တောင်းခံခြင်း ပြုလေသည်။

သူ၏အလိုဆန္ဒကို ကျွန်တော်သည် ချက်ချင်းပင် သိလိုက်ပါသည်။ သုံ့ပန်း စစ်ဗိုလ်သည် ကျွန်တော့်ထံမှ ဆေးလိပ်ကို တောင်းခံနေခြင်းပင် ဖြစ်လေသည်။

ကျွန်တော်၏လက်သည် လျင်မြန်သွက်လက်စွာပင် အိတ်ထဲရှိ ကွမ်းသီးဖက် ဆေးလိပ်ကလေးသုံးလိပ်ကို ထုတ်၍ ပေးလိုက်သည်။

ထိုအခါ ဘွန်ထိုက်ချို့ ကိုသာမြိုင်ကလည်း ကျွန်တော့်နည်းတူပင် သူ့အိတ်ထဲမှ ဆေးလိပ်နှစ်လိပ်ကို တစ်လိပ်ပြီးတစ်လိပ် ထုတ်လျက် ပေးလိုက်သည်။

အင်္ဂလိပ်စစ်ဗိုလ်သည် အလွန်အမင်း ကျေးဇူးတင်လျက် ကျွန်တော်နှင့် ကိုသာမြိုင်တို့အား အကြိမ်ကြိမ်အခါခါ ဆလံပေးသလို ပြုလေသည်။ နှုတ်မှ အသံထွက်ကာ "ကျေးဇူးတင်ဒယ်၊ ကျေးဇူးတင်ဒယ်" ဟု အာလုတ်သံကြီးနှင့် ပြောလေသည်။ သူ့အပြုအမူသည် ကျွန်တော်နှင့် ကိုသာမြိုင်တို့နှစ်ဦးအား အလွန်တရာ စိတ်မကောင်းဖြစ်စေပါသည်။ အားတဲ့အားနာမှုကိုလည်း ရင်နှင့်စွာ ဖြစ်စေပါသည်။ ကျွန်တော်တို့သည် ဘေးဒုက္ခကို အတူတကွ ကြုံတွေ့နေကြရသည့် အခါ၌ လူမျိုးကွဲဟူ၍လည်းကောင်း၊ တစ်ကြိမ် တစ်လှည့်က မတရားသဖြင့် အုပ်ချုပ်စိုးမိုးသည့် လူတန်းစားများဟူ၍လည်းကောင်း ဘာဘာညာညာ မတွေးမိကြ။ ကျွန်တော်တို့နှလုံးသားဌ ဖြစ်ပေါ်နေကြသည်မှာ လူသားအချင်းချင်း ကြင်နာသနားခြင်း စိတ်ဓာတ်သာလျှင် ဖြစ်လေသည်။

မကြာမီပင် သုံ့ပန်းစစ်ဗိုလ်သည် ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာပြီးနောက် မျက်ချင်းပင် ထိုင်ရာမှ ထွက်ခွာသွားလေသည်။

ကျွန်တော်ရော၊ ကိုသာမြိုင်တို့ပါ သူ့အပြုအမူကို လှမ်းကြည့်လိုက်ကြသည်။

သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော်တို့ထံမှ ရရှိသွားသော ကွမ်းသီးဖက်ဆေးလိပ် ကလေးများကို မအိပ်သေးဘဲ ငုတ်တုတ်ထိုင်နေကြသော သူ့လူများအား တစ်လိပ် ကျစီ ဝေမျှပေးလိုက်သည်။ ပြီးလျှင် တစ်စုံတစ်ရာကိုလည်း နှုတ်တဖွဖွပြောနေသည်။ နောက်ဆုံးတွင် သူသောက်နေသော လက်ကြားမှ ဆေးလိပ်တိုကိုပင် သုံးလေးကြိမ် ခပ်ပြင်းပြင်းဖွာလိုက်ပြီးနောက် တစ်ဦးသော သုံ့ပန်းလက်သို့ လှမ်းပေးလိုက်လေသည်။

"သူက အားလုံးထဲမှာ အကြီးဆုံးနဲ့ တူတယ်"

ကိုသာမြိုင်က ကျွန်တော့်ကို ပြောလေသည်။

"ဟုတ်တာပေါ့၊ သုံ့ပန်းအားလုံးထဲမှာ သူဟာ အကြီးအကဲပေါ့၊ ဒါကြောင့် သူ ရသွားတဲ့ ဆေးလိပ်ငါးလိပ်ကို ဝေပေးလိုက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှ စစ်သုံ့ပန်းများကိုမူ ကျွန်တော်တို့သည် တောတွင်းချွေးတပ်စခန်းများကို ရောက်ခဲ့သည့်အချိန်မှ စတင်လျက် တွေ့ဖူးမြင်ဖူးပြီဖြစ်ကြောင်းနှင့် ၎င်းတို့နှင့်အတူ တွဲ၍ပင် အလုပ်ကို လုပ်ကိုင်ခဲ့ရပြီးဖြစ်ကြောင်း အထက်၌လည်း ကျွန်တော် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

စစ်သုံ့ပန်းများ၏ အနေအထိုင် အပြုအမူနှင့် တပ်ဖွဲ့သဘောမျိုး အုပ်ချုပ်ထိန်းကွပ်ထားခြင်း စသည်များကိုလည်း တင်ပြခဲ့ပါသည်။

နောက်တစ်ချက် ကျွန်တော် လေ့လာသလောက်ပြောရလျှင် သူတို့သည် ရန်သူများ၏ လက်တွင်း၌ စစ်သုံ့ပန်းများအဖြစ် ရှိနေကြရသည့်အခါ ပို၍ပင် စည်းကမ်းစနစ်ကျနစွာ နေထိုင်ကြပေသည်ဟု ကျွန်တော် ထင်ပါသည်။ ပြီးသော် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် ပို၍ပို၍ သက်ညှာထောက်ထားခြင်း ရှိကြသည်ဟူ၍လည်း ဆိုရပေမည်။

သူတို့အထဲတွင် နာမကျန်းဖြစ်စ ပြုနေသော အားအင်ကုန်ခန်းနေသည့် သူများလည်း ပါရှိလေသည်။ သည်လိုနာမကျန်းဖြစ်စပြုနေသော အားအင်ကုန်ခန်းနေသူ သုံ့ပန်းများမှာလည်း အများနည်းတူပင် အလုပ်ကို လုပ်ကိုင်ကြရရှာလေသည်။ ထိုအဖြစ်မျိုး၌လည်း သူတို့သည် တာဝန်ကို ဘဲလစ်ဟင်းမခံဘဲ တက်နိုင်စွမ်းသလောက် စိတ်အားတင်းလျက် လုပ်ကြကိုင်ကြသူများပင် ဖြစ်ကြလေသည်။

ဤတွင် အားအင်ကုန်ခန်းနေသော နာမကျန်းစဖြစ်နေသော စစ်သားတစ်ဦးတစ်ယောက်အတွက် ကျန်ရှိသော ရဲဘော်ရဲဘက်များက ပို၍တာဝန်ယူကာ ထိုစစ်သားအတွက် အလုပ်ကို ပို၍လုပ်ကြလေသည်။ သူတို့သူတို့သည် ရန်သူများ လက်တွင်း၌ ပို၍ပို၍ ရဲဘော်စိတ်ရှိကြသည်ဟု ဆိုရပေမည်။

ဂျပန်များ ဖမ်းဆီးရမိထားသော ဗြိတိသျှ စစ်သုံ့ပန်းများထဲကွင် သာမန်စစ်သည်များချည်း မဟုတ်ပေ။ စစ်ဗိုလ်များ၊ တပ်ကြပ်များ စသည်များဖြင့်လည်း အဆင့်အတန်း အနိမ့်အမြင့်အမျိုးမျိုးပင် ရှိကြလေသည်။

ဤသို့ဖြစ်ကြသောကြောင့်လည်း စစ်သုံ့ပန်းများသည် ၎င်းတို့အချင်းချင်း စစ်တပ်တစ်တပ်၏ အုပ်ချုပ်ပုံ၊ အုပ်ချုပ်နည်းအတိုင်း အုပ်ချုပ်ကွပ်ကဲသွားကြသည်ဟု အထက်က ကျွန်တော်ဆိုခဲ့ပါသည်။ ထို့ကြောင့်လည်း စစ်သုံ့ပန်းများသည် ဂျပန်တို့၏ လက်တွင်း၌ အညှဉ်းပန်း အနိပ်စက်ခံရခြင်းမှ အတော်အတန် သက်သာမှု ရရှိကြခြင်းဟူ၍လည်း ကျွန်တော် ထင်ပါသည်။

ပြီးလျှင် ဤကွပ်ကဲခြင်းနှင့် ဤလိုစီစဉ်ထားခြင်းမှာလည်း အင်္ဂလိပ်စစ်သုံ့ပန်းများအဖို့ရော၊ ဂျပန်များအဖို့ပါ ပို၍အလုပ်လုပ်ရ အဆင်ပြေခြင်း ရှိလေသည်။

သုံ့ပန်းစစ်ဗိုလ်၊ စစ်သားများအနေနှင့်လည်း ပို၍ နှစ်ခြိုက်စရာကောင်းသော အပြုအမူပင် ဖြစ်လေသည်။

ခပ်စောစောပိုင်း နွေဦးပေါက်အချိန်ကမူ ဗြိတိသျှစစ်သုံ့ပန်းအချို့သည် ချွေးတပ်စခန်းတစ်ခုမှ ထွက်ပြေးလွတ်မြောက်သွားခြင်း ရှိခဲ့ဖူးလေသည်။

ထိုအဖြစ်သည် 'ကျောက်တစ်လုံးစခန်း' ၌ ဖြစ်ပွားခဲ့ခြင်းပင် ဖြစ်လေသည်။ အင်္ဂလိပ်အမျိုးသား သုံးယောက်၊ ဒတ်ချ်အမျိုးသား စစ်သားနှစ်ယောက်နှင့် ဩစတြေးလျ အမျိုးသားနှစ်ယောက်တို့သည် အလုပ်တာဝန်ကျရာစခန်းမှ ဂျပန်စစ်သားများ အလစ်တွင် ထွက်ပြေးလွတ်မြောက်သွားခြင်းပင် ဖြစ်လေသည်။

ဂျပန်တို့သည် စစ်သုံ့ပန်းများ ထွက်ပြေးသွားသည့်အကြောင်းကို တစ်နာရီခန့် အချိန်အတွင်း၌ပင် သိရှိသွားကြလေသည်။

ထိုအခါ ချွေးတပ်စခန်းအသီးသီးတွင် ရှိနေသော သူတို့၏ စစ်စခန်းများသို့လည်းကောင်း၊ ကင်းစခန်း ကင်းဂိတ်အသီးသီးသို့လည်းကောင်း၊ သံဖြူဇရပ်ရှိ ကင်ပေတိုင်စစ်ရုံးနှင့် ဂျပန်စစ်ရုံးချုပ်သို့လည်းကောင်း ဖုန်းအဆက်အသွယ် ပြုလုပ်လျက် သတင်းပေးပို့လေသည်။

ကျောက်တစ်လုံးစခန်းရှိ ဂျပန်စစ်တပ်ကလည်း လူစုခွဲကာ စစ်သုံ့ပန်းများ ထွက်ပြေးလိမ့်မည်ဟု ယူဆရသော နေရာများသို့ တောနင်းလျက် ဖမ်းရက်ကြံ့လိုက်ကြလေသည်။

ဤလို စစ်သုံ့ပန်း ချွေးတပ်သားများ ထွက်ပြေးခြင်းပြုသည့်အခါ ဂျပန်များသည် အရပ်သား ချွေးတပ်သားများအပေါ်၌ ဂရုတစိုက် မရှိနိုင်ကြအော်ကာ တောအထပ်ထပ်ကို ကျော်ဖြတ်လျက် စစ်သုံ့ပန်း ချွေးတပ်သားများနောက်သို့ လိုက်ကြလေသည်။

ဤကိစ္စမှာ သူတို့ဂျပန်များအနေဖြင့် အလွန်တရာ အရေးကြီးသည့် ကိစ္စတစ်ရပ် ဖြစ်လေသည်။ စခန်းရှိ ဂျပန်စစ်သားများ စစ်ဗိုလ်များ အားလုံးပင် မျက်စိမျက်နှာ ပျက်ကုန်ကြလေသည်။ ခေါင်းမီးတောက် ဖြစ်ကုန်ကြလေသည်။

စခန်းရှိ ဂျပန်စစ်ဗိုလ်အကြီးအကဲဖြစ်သူမှာလည်း ထိုသုံ့ပန်းစစ်သားများ ထွက်ပြေးခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသော ဂျပန်စစ်သားများအား တန်းစီပေးပြီးနောက် ပါးနားကို ဘယ်ပြန်၊ ညာပြန် ရိုက်နှက်ခြင်း ပြုလေသည်။

ဂျပန်စစ်ဗိုလ်က ဤကဲ့သို့ ရိုက်နှက်ခြင်းပြုသည့်အခါ အရိုက်ခံရသော ဂျပန်စစ်သား ငါးယောက်သည် ခြေကို စုံရပ်လျက် တုတ်တုတ်မျှ မလှုပ်ရှားရဲဘဲ ငြိမ်သက်တောင့်မတ်စွာ ခံနေကြရလေသည်။ စစ်သား ငါးယောက်စလုံးပင် ဟန်ကိုယ်လုံး အသားများ ဆတ်ဆတ်တုန်နေသည်။ သူတို့ငါးယောက် တဆတ်ဆတ်တုန်နေ

www.burmeseclassic.com

www.burmeseclassic.com

သည်မှာ လဲကျသွားလေမလားဟူ၍ ထင်ရလေသည်။ ဂျပန်စစ်သားများသည် သူတို့ အထက်အကြီးအကဲများအား အလွန်တရာ ကြောက်ရွံ့လေးစားကြရလေသည်။

ကျွန်တော်သည် အင်္ဂလိပ် စစ်သုံ့ပန်းများ၏ အခြေအနေနှင့် သူတို့တစ်တွေ၏ အမူအရာကိုလည်း မသိမသာ အကဲခတ်ကြည့်မိလေသည်။

စစ်သုံ့ပန်းများအားလုံးပင် ထိုနေ့က အထူးသဖြင့် ငြိမ်သက်နေကြလေသည်။ သူကိုသည် အခါတိုင်းနေ့များကလို သွက်သွက်လက်လက် လှုပ်ရှားခြင်းမရှိကြဟု ကျွန်တော် ထင်သည်။ သုံ့ပန်းများ အားလုံးလိုပင် ရင့်ကျက်တည်ငြိမ်သော အသွင် ရှိနေကြသည်။

သူတို့သည် အခါတိုင်း နေ့များကလောက် တစ်ယောက်ကိုတစ်ယောက် စကားပြောခြင်း၊ ပြုံးဟယ် ရယ်ဟယ် ပြုမူခြင်းများကိုပင် မတွေ့ရပေ။ ခပ်တည်တည် ခပ်ငြိမ်ငြိမ် ရှိနေကြလေသည်။

ဤသည်မှာ ဗြိတိသျှ စစ်သုံ့ပန်းများ၏ ဗဟိုဒွဿဏ္ဍာန် အမြင်အတွေ့ကို လေ့လာသိရှိရသလောက်သာ ဖြစ်လေသည်။ အမှန်စင်စစ် သူတို့သူတို့၏ အစ္စရတ္တ အတွင်းသဏ္ဌာန်၌မူ ထွက်ပြေးသွားကြသော ဘဝတူဖြစ်သည့် သူတို့သူတို့၏ ရဲဖော်ရဲဘက်များအတွက် လွတ်ပါစေ ကျွတ်ပါစေဟူ၍ ဝမ်းတွင်းမှ ကျိတ်ဆုတောင်း နေကြပေလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

ဗြိတိသျှ စစ်သုံ့ပန်း အကြီးအကဲဖြစ်သူ၏ မျက်နှာမှာ ထိုနေ့ ထိုအချိန်က ပို၍ပင် တည်ငြိမ်လေးနက်သော အမူအရာရှိလေသည်။ ထိုစစ်ဗိုလ်သည် သူ့အပေါ်၌ ကျရောက်လာမည့် အန္တရာယ်တစ်စုံတစ်ခုအဟုတ်လည်း ကြိုတင်ကာ စိတ်အားတင်းထားဟန် ရှိသည်။ သူသည် လှုပ်ရှားမှုမှန်သမျှကို အထူးသတိထားလျက် ပြုမူနေကြောင်း ထင်ရှားလှလေသည်။ ယုတ်စွအဆုံး လမ်းလျှောက်သည်ကပင် ခြေလှမ်းကို မှန်မှန်လှမ်းလျက် တည်ငြိမ်လေးနက်သော အမူအရာဖြင့် လျှောက်သည်။ ဟောင်းဖြောက် ဝါယာကိုလည်း လှည့်စောင်း၍မျှ သူ မကြည့်။ သူ့မျက်လုံးအစုံသည် သူ့ခရီးလမ်း၏ ရှေ့ကူရှသို့သာ စူးစိုက်၍ ကြည့်လေသည်။

ထိုကိစ္စနှင့် ပတ်သက်၍ စခန်း၏ ဂျပန်စစ်ဗိုလ်က သုံ့ပန်းစစ်ဗိုလ်အား ခေါ်ယူစစ်ဆေးမြင်းပြုလေသည်။ တစ်ဦးချင်း တစ်ယောက်ချင်း စစ်ဆေးမေးမြန်းခြင်းတော့ မဟုတ်။ သုံ့ပန်းစစ်ဗိုလ်အကြီးအကဲအား ဂျပန်စစ်ဗိုလ်အကြီးအကဲနှင့် စစ်ဗိုလ်သုံးလေးယောက်က စစ်ဆေးမေးမြန်းခြင်းပင် ဖြစ်လေသည်။ တစ်ဖန် သဲဖြူဧရပ်မှ ဂျပန်စစ်ဗိုလ်ကြီးများ ကားနှင့်ရောက်လာသည်။ သူကိုကလည်း သုံ့ပန်းစစ်ဗိုလ်အား စစ်ဆေးမေးမြန်းခြင်း ပြုလေသည်။

ကျွန်တော့်ရင်ထဲတွင် သုံ့ပန်းစစ်ဗိုလ်အတွက် စိုးရိမ်မကင်းစိတ် ဖြစ်ပေါ်ပါသည်။ ကြမ်းကြုတ်ရက်စက်သော ဂျပန်များသည် ဗြိတိသျှသုံ့ပန်း စစ်ဗိုလ်နှင့် စစ်သားများအား မသေရဏမယ် နှိပ်စက်ညှဉ်းဆဲကြတော့မည်မှာ မလွဲဟူ၍ ယူဆလိုက်မိသည်။

သို့ရာတွင် သုံ့ပန်းစစ်ဗိုလ်နှင့် စစ်သားများမှာ ထိုကိစ္စအတွက် မည်သို့မျှ အထွေအထူး အရေးယူအပြစ်ပြုခြင်း မခံရပါချေ။ သူ့အတွက် ဘုရားသခင် ဘောင်မ,ခြင်းဟူ၍ ဆိုရပေမည်။

စင်စစ် ထွက်ပြေးသွားကြသော စစ်သုံ့ပန်း ခုနစ်ယောက်တို့မှာ စစ်သုံ့ပန်းများထားရာ တဲလိုင်းကြီးမှ ထွက်ပြေးကြခြင်း မဟုတ်ပေ။ အလုပ်ခွင်ကွင် အလုပ်ဆင်းနေရာမှ ထွက်ပြေးလွတ်မြောက်သွားခြင်းသာ ဖြစ်လေသည်။

ထို့ကြောင့် အင်္ဂလိပ်စစ်ဗိုလ် အကြီးအကဲအပေါ်တွင် မည်သို့မျှ ဂဟပန်သက်ရောက်ခြင်းမရှိကဲ့ အလုပ်ခွင်အတွင်း၌ အစောင့်ကာဝန်ကျသည့် ဂျပန်စစ်သားအချို့အပေါ်၌သာ အပြစ်မကင်းဖြစ်ရခြင်းပင် ဖြစ်လေသည်။

စခန်းမှ ထွက်ခွာသွားကြသော ဂျပန်စစ်သားများမှာလည်း တပ်စုအလိုက်၊ တပ်စိတ်အလိုက် စခန်းသို့ ပြန်လည်ကာ ပျောက်ရှိလာကြလေသည်။ သို့ရာတွင် နေ့လယ်ပိုင်းအချိန်က ထွက်ပြေးသွားကြသော စစ်သုံ့ပန်းများကိုမူ တစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးရမိလာခြင်း မရှိပါချေ။

ဤလိုဖြစ်ပွားခဲ့ပြီးသည့် နောက်ပိုင်းရက်များ၌မူ ဂျပန်များသည် စစ်သုံ့ပန်းချွေးတပ်သားတို့၏ အပေါ်၌ တင်းတင်းကြပ်ကြပ် ပြုလုပ်လာသည်ကို တွေ့ရလေသည်။ အလုပ်ခွင်စခန်းများ၌လည်း သေနတ်အကွင်းသို့ ကျည်ဆန်အသင့်ထိုးလျက်လည်းကောင်း၊ သေနတ်ဖျားတွင် လှံစွပ်တပ်လျက်လည်းကောင်း စောင့်ကြပ်ခြင်း ပြုလာကြလေသည်။

ထွက်ပြေးလွတ်မြောက်သွားသော စစ်သုံ့ပန်း ခုနစ်ယောက်တို့နှင့် ပတ်သက်၍မူ ထိုသူများအား ဖမ်းဆီးပေးနိုင်ပါက ဆင်္ဂေအမြောက်အမြား ချီးမြှင့်မည် ဖြစ်ကြောင်းနှင့် သစ်သားပြားပေါ်တွင် စာတမ်းရေးထိုးလျက် ကားလမ်းဘေးတစ်နေရာရှိ တောင်ကမ္ဘယ်ထက်ကွင် စိုက်ထူထားလိုက်လေသည်။

(ထိုအကြောင်းမှာ ဗြိတိသျှ သုံ့ပန်းများနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အကြောင်းတစ်ချက်ကို ကြားညှပ်လျက် တင်ပြလိုက်ခြင်းပင် ဖြစ်လေသည်။)

ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်တို့ နှစ်ဦးသည် မီးပုံဘေးတွင် ထိုင်ကာ ဆေးလိပ်သောက်ရင်းမှ စကားတပြောပြော ရှိနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် ထိုအခိုက်၌ပင် ခပ်စောစောက သံ့ပန်းစစ်ဗိုလ်မှာလည်း ကျွန်တော်နှင့် ကိုသာမြိုင်တို့ ရှိရာသို့ ထပ်မံကာ ရောက်လာပြန်လေသည်။

သည်တစ်ကြိမ် ရောက်လာသည့်အခါ၌မူ သူ့လက်ထဲတွင် သတ္တုရေခွက်ငယ်နှစ်လုံး၊ သတ္တုဇွန်းနှစ်ချောင်း၊ သားလိုးဓားငယ်ကလေး သုံးချောင်းနှင့် စီးကရက်ထည့်သော ရွှေရောင်ဘူးကလေးတစ်ဘူးတို့ ပါရှိလာသည်ကို ကျွန်တော် သတိပြုလိုက်မိလေသည်။

သံ့ပန်းစစ်ဗိုလ်သည် ရှေးနည်းအတိုင်း ခပ်ပြုံးပြုံးအမူအရာဖြင့် ဦးခေါင်းတစ်ချက် ညွှတ်လိုက်ပြီးနောက် မီးပုံဘေးတွင် ထိုင်ချလိုက်ပြန်ပါသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်တို့သည် သံ့ပန်းစစ်ဗိုလ်၏ မျက်နှာကို တစ်စုံတစ်ရာ နားမလည်သလို နစ်ဖေါက် ပြိုင်တူ မော်ကြည့်လိုက်မိကြသည်။

သံ့ပန်းစစ်ဗိုလ်သည် သူ့လက်တွင် ပါရှိလာသော ပစ္စည်းကလေးများကို ပြုံးရွှင်သောအမူအရာအပြည့်ဖြင့် ကျွန်တော့်ကို လှမ်းပေးနေပါသည်။ သံ့ပန်းစစ်ဗိုလ်သည် ခပ်စောစောပိုင်းအချိန်က သူ့အား ဆေးလိပ် လေးငါးလိပ် ပေးလိုက်သောကြောင့် ကျေးဇူးတုံ့ပြန်သည့် သဘောဖြင့် ထိုပစ္စည်းကလေးများကို ကျွန်တော်နှင့် ကိုသာမြိုင်အား ပေးနေခြင်းဖြစ်ကြောင်း ကျွန်တော် နားလည်ရပါသည်။

ပြီးလျှင် ထိုပစ္စည်းကလေးများကိုလည်း ကျွန်တော်နှင့် ကိုသာမြိုင်တို့နှစ်ဦးခွဲဝေ၍ ယူကြပါဟူသော သဘောကိုလည်း လက်ဟန်အမူအရာပြလျက် ပြောရပါသည်။

သို့ရာတွင် ကျွန်တော်ကသော်လည်းကောင်း၊ ဘွန်ထိုက်ချို ကိုသာမြိုင်ကသော်လည်းကောင်း သူပေးသော ပစ္စည်းများကို တစ်ဦးတစ်ယောက်ကမှ လက်လှမ်းယူငင်ခြင်း မပြုကြပါ။ ကျွန်တော်တို့နှစ်ယောက်သည် ကြိုတင်လျက် တိုင်ပင်ထားကြသည့်အလား နှစ်ယောက်စလုံးကပင် ခေါင်းခါငြင်းဆန်ကြပါသည်။

ဤတွင် သံ့ပန်းစစ်ဗိုလ်ကလည်း သူ ယူဆောင်လာသော ပစ္စည်းကလေးများကို အကြိမ်ကြိမ်အဖန်ဖန် ပေးလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်တို့ကလည်း အခါခါ ငြင်းပယ်သည်။ သို့နှင့် ကျွန်တော်တို့သုံးယောက်မှာ မီးပုံဘေးတွင် ပြဿနာရှုပ်နေကြလေသည်။

ခပ်လှမ်းလှမ်း တဲလိုင်ပေါ်ရှိ သံ့ပန်းစစ်သား လေးငါးယောက်သည် ကျွန်တော်တို့ ပေးလိုက်သော ကွမ်းသီဖက်ဆေးလိပ်ကလေးများကို ဖောက်ဖွာရင်း ကျွန်တော်တို့ သုံးဦးရှိရာသို့ လှမ်းကြည့်နေကြလေသည်။

သံ့ပန်းစစ်ဗိုလ်သည် ကျွန်တော်တို့နှစ်ယောက် အားနာစိတ်မကောင်းခြင်း ဖြစ်လောက်အောင်ပင် သူ ယူဆောင်လာသော ပစ္စည်းကလေးများကို ဇွတ်အတင်း

ပေးနေကြလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်တို့ကလည်း ဇွတ်အတင်းပင် ငြင်းနေမိလေသည်။ သည်လို ကျွန်တော်တို့နှစ်ယောက်က အကြိမ်ကြိမ်အခါခါ ငြင်းဆန်နေသည့်အခါ သံ့ပန်းစစ်ဗိုလ်၏ မျက်နှာမှာလည်း ခပ်စောစောအချိန်ကလို ပြုံးပြုံးရွှင်ရွှင်မဟုတ်တော့ဘဲ အတော်ကလေး ညှိုးနွမ်းသွားသည်ကိုလည်း ကျွန်တော် သတိပြုလိုက်မိလေသည်။

စင်စစ် သံ့ပန်းစစ်ဗိုလ်၏ အယူအဆမှာ သူက ကျေးဇူးတုံ့ပြန်သော ပစ္စည်းကလေးများကို ကျွန်တော်နှင့် ကိုသာမြိုင်က လက်မခံသည့်အကွက် အများမှာ စိတ်မကောင်းခြင်း ဖြစ်ရှာဟန် တူပါသည်။

ဤတွင် ကျွန်တော့်ဘေးတွင် ရှိနေသော ကိုသာမြိုင်မှာလည်း သံ့ပန်းစစ်ဗိုလ်၏ အဖြစ်ကို သဘောပေါက်သွားဟန် ရှိလေသည်။ ကိုသာမြိုင်သည် သံ့ပန်းစစ်ဗိုလ်၏ မျက်နှာကို ကြည့်လျက် သက်ပြင်းတစ်ချက် ချလိုက်လေသည်။ ကိုသာမြိုင်သည် ကျွန်တော်ကိုယ်တိုင်က သံ့ပန်းစစ်ဗိုလ်၏ ပစ္စည်းကလေးများကို လက်ခံယူငင်ခြင်းမပြုဘဲ ဇွတ်အတင်း ငြင်းဆန်နေသည့်အခါ သူ့အနေနှင့်လည်း မည်သည့်နည်းနှင့်မှ လက်ခံပဲ့လိမ့်မည် မဟုတ်ပါဟေ။

ကျွန်တော်တို့သည် သံ့ပန်းစစ်ဗိုလ်၏ လက်ဆောင်ပစ္စည်းကလေးများကို အဘယ်ကြောင့် ထိုမျှလောက် ခါးခါးသီးသီး ငြင်းဆန်နေရလေသနည်း။ မည်သည့်အကြောင်းကြောင့် အားနာမှု မဖက်ရလေသနည်း ဆိုသော ကိစ္စမှာလည်း အကြောင်းအချက် ရှိလေသည်။

သူ ယူဆောင်လာသော သတ္တုရေခွက် နှစ်လုံး၊ သတ္တုဇွန်း နှစ်ချောင်း၊ သားလိုးဓားငယ်ကလေး သုံးချောင်းနှင့် ရွှေရောင်စီးကရက်ဘူးကလေး တစ်ဘူးစသည်တို့သည် သူ့အနေနှင့် ကျွန်တော်တို့နှစ်ယောက်အပေါ် မေတ္တာထားလျက် ကျေးဇူးဥပကာယ တုံ့ပြန်သော ပစ္စည်းပစ္စယကလေးများ၊ တစ်နည်းဆိုရသော် လက်ဆောင်မွန်ကလေးများသာလျှင် ဖြစ်ကြောင်း ကျွန်တော် စဉ်းစားမိပါသည်။

သို့ရာတွင် ကျွန်တော်တို့သည် သူပေးသော ပစ္စည်းကလေးများကို မက်မောရှုပင် ဖြစ်စေ၊ သူ၏ မေတ္တာစေတနာကို အားနာခြင်းကြောင့်ပင်ဖြစ်စေ လက်ခံယူငင်ခြင်း ပြုလိုက်ကြမည်ဟု ဆိုပါက မကြာမီအချိန်ကလေးအတွင်း၌ပင် ကြောက်မက်ဖွယ်ကောင်းလှသော အေးအန္တရာယ်တစ်စုံတစ်ရာသည် ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်တို့ အပေါ်၌ မချဆက်ဆက် ကျရောက်လာမည်မှာ မလွဲပါချေ။

www.burmeseclassic.com

www.burmeseclassic.com

ဤလိုအဖြစ်မျိုးကိုကား ကျွန်တော်နှင့် ကိုသာမြိုင်မှာ ကိုယ်တိုင်ကိုယ်ကျ မခံစားခဲ့ရဖူးသည့်တိုင် မျက်မြင်ကိုယ်တွေ့အဖြစ်၌ကား နှစ်ယောက်စလုံး ကြုံခဲ့ကြရဖူးလေပြီ။

ထိုအကြောင်းနှင့် ဆက်စပ်လျက် ထိုင်း-မြန်မာ မီးရထားလမ်းမကြီးဖောက်လုပ်ရာတွင် မြန်မာအမျိုးသား ချွေးတပ်သားများ၏ အနေအစားကိုလည်းကောင်း၊ ဗြိတိသျှ စစ်သုံ့ပန်းများ၏ အနေအစားကိုလည်းကောင်း အတန်ငယ်မျှ ထပ်မံလျက် ဖော်ပြလိုပါသည်။

ဗြိတိသျှ စစ်သုံ့ပန်းများအား တောတွင်းချွေးတပ်စခန်းများ၌ ဂျပန်များက ပေးကမ်းခြင်းပြုသည်မှာ စားနပ်ရိက္ခာ ရာရှင်ပစ္စည်းမျှသာ ဖြစ်လေသည်။ လုပ်ခကြေးငွေဟူ၍ကား အလျင်းပင် ပေးခြင်း မရှိပါချေ။ တစ်ဖန် ထိုပစ္စည်းများကို ပေးခြင်းပြုသည်မှာလည်း လောက်လောက်ငင ပြည့်ပြည့်ဝဝ ပေးကမ်းခြင်းတော့ မဟုတ်။ မလောက်မငဲ့ မမျှမတဖြစ်သော မဂရေစာပစ္စည်းမျှကိုသာ ထုတ်ပေးခြင်း ဖြစ်လေသည်။

ပြီးသော် ကျွန်တော်တို့ တောတွင်းချွေးတပ်စခန်းများ၌ နှောက်ပိုင်းအချိန် နှောက်ပိုင်းရက်များတွင် အစာအစာပစ္စည်းများမှာ အလွန်အကြွင်းအကျိုးကြောင့် သိသိသာသာ ရှားပါးချို့တဲ့လာပါသည်။

ထိုအခါတွင်လည်း စစ်သုံ့ပန်းတို့မှာ အများဆုံးပင် ဒဏ်သင့်ကြသည်ဟု ကျွန်တော် ထင်ပါသည်။ ယုတ်စွအဆုံး သုံ့ပန်းစစ်သားများသည် ဆားကိုပင် လုံလောက်ပြည့်ဝအောင် မစားရသည့်အခြေမျိုးသို့ ဆိုက်ရောက်စေခဲ့ပါသည်။

ကမ္ဘာ့လူသားအားလုံးအတွက် ကြောက်မက်ဖွယ်ရာနှင့် ရွံရာစက်ဆုပ်စရာကောင်းလှသော စစ်မက်၏ ဒဏ်ရာဒဏ်ချက်များသည်လည်းကောင်း၊ ဆင်းရဲဒုက္ခဝေဒနာများသည်လည်းကောင်း၊ လူမဆန်သော ညှဉ်းပန်းနှိပ်စက်မှုများသည်လည်းကောင်း ကျွန်တော်တို့ တောတွင်းချွေးတပ်စခန်းများ၌ ဖြစ်ရပ်ကို မီးမောင်းထိုးပြသည့်အလား ကွက်ကွက်ကွင်းကွင်းနှင့် အထင်အရှား မြင်တွေ့နိုင်သည်ဟု ဆိုချင်လှပါသည်။

အထက်ကလည်း ကျွန်တော် ဆိုခဲ့ပြီးပါပြီ။ အာဟာရဓာတ် ကင်းမဲ့လှသော၊ သြဇာရသာဓာတ် ချို့ကဲ့လှသော အစားအသောက်များကိုသာ မနှုးမနပ်စားသောက်ရခြင်း၊ ဆားကိုပင် ပြည့်ဝလောက်အောင် မမှီဝဲကြရခြင်း စသောအကြောင်းများကြောင့် ချွေးတပ်သား အတော်ခပ်များများပင် သူအို သူနာရုပ် ပေါက်နေကြလေသည်။

ဥပမာ- ထိုသူ၊ ထိုချွေးတပ်သားတစ်ယောက်သည် ပိုးဟပ်ဖြူအကောင်ကဲ့သို့လည်းကောင်း၊ ကြွေလုလုဆဲ အမှည့်လွန်သစ်သီးကဲ့သို့လည်းကောင်း၊ ဆေးရုံပေါ်မှ ဆင်းသက်လာသော နာလန်ထစ လူမမာကဲ့သို့လည်းကောင်း တစ်ကွက်ကလေးမှ ကြည့်ကောင်းရှုကောင်း မရှိပါချေ။ သူတို့ကိုမြင်ရသည်မှာ အနိဋ္ဌာရုံအတိသာလျှင် ဖြစ်ချေသည်။

ဤနေရာတွင် ဗြိတိသျှ စစ်သုံ့ပန်းတို့နှင့် ပတ်သက်၍ တစ်နည်းအားဖြင့် တွေးစရာအကြောင်းတစ်ချက် ရှိပြန်လေသည်။ ဂျပန်များသည် ၎င်းတို့လက်တွင်း၌ ဖမ်းဆီးရမိထားသော စစ်သုံ့ပန်းများအား တမင်သက်သက်ပင် မဝရေစာ ကျွေးခြင်း ပေလားဟူ၍ ဖြစ်လေသည်။

ဖမ်းဆီးရမိထားသော ရန်သူများအား ဝဝလင်လင် ကျွေးမွေးခြင်းဖြင့် တစ်နေ့နေ့တွင် ၎င်းတို့အား တော်လှန်တိုက်ခိုက်လာမည်ကိုလည်း ဂျပန်တို့ စိုးရိမ်ဟန်တူလေသည်။ ထိုစိုးရိမ်စိတ်ကြောင့်ပင် ကြိုတင်ကာကွယ်ခြင်းလား မပြောတတ်။ ပြီးလျှင် ထိုကိစ္စ ထိုအပြုအမူများသည် စစ်ရေးစစ်ရာနှင့် အကျုံးပင် သက်ဆိုင်သော စာရေးသူ မသိနားမလည်သည့် အကြောင်းခြင်းရာများလည်း ဖြစ်တန်ကောင်းပေသည်။

ဤနေရာတွင်မူ မြန်မာချွေးတပ်သားနှင့် ဗြိတိသျှ စစ်သုံ့ပန်းများ၏ အခြေအနေမှာ အတော်ပင် ကွဲပြားခြားနားလှပါသည်။

ဤ ထိုင်း-မြန်မာ မီးရထားလမ်းမကြီးကို ဖောက်လုပ်ခြင်းပြုရာ၌ ဂျပန် စစ်အာဏာပိုင်များနှင့် ဒေါက်တာဘမော် အစိုးရကို မည်သို့မည်ပုံ သဘောတူညီမှု ရှိခဲ့ကြသည်ဟူ၍ကား ကျွန်တော် စာရေးသူ မသိရှိပါပေ။

သို့ရာတွင် ထိုင်း-မြန်မာ မီးရထားလမ်းမကြီးကို ဖောက်လုပ်ခြင်းပြုရာ၌ မြန်မာချွေးတပ်သားအမည်ခံ ရထားလမ်းဖောက်လုပ်ရေး အလုပ်သမားများမှာမူ ဂျပန်တို့ထံမှ လုပ်ခငွေအဖြစ် ဂျပန်စက္ကူများ ရရှိခဲ့သည်မှာကား အမှန်ပင် ဖြစ်ပါသည်။ ထိုဂျပန်စက္ကူများဆိုသည်မှာ ဂျပန်ခေတ်က တစ်ပြည်လုံးတွင် ဂျပန်တို့ ထုတ်ဝေဖြန့်ဖြူးလိုက်သော ဘုရားနိတဲ့ဆိပ် စက္ကူများပင် ဖြစ်လေသည်။

တောတွင်း ချွေးတပ်စခန်းများ၌ ထုတ်ပေးသော ထိုစက္ကူများသည် ထိုစဉ်အခါက မြို့ကြီးပြကြီးများ၊ ပေါ်ရှိ လူတိုင်း၏ ပါးစပ်ဖျား၌ ပြောလေ့ပြောထရှိကြသော 'ထောင်မလဲ သဲကော်' စက္ကူတွေပင် ဖြစ်လေသည်။ တောတွင်းချွေးတပ်စခန်း၌ ကျွန်တော်တို့ရရှိသော ထိုစက္ကူများမှာ အချို့သည် ဆေးပင် ကောင်းလောင်းမခြောက်သေး။ စက္ကူများအပေါ်တွင် ဝါးမျှင် ဝါးကြောကလေးများနှင့် ခင်ဆင်ဆင်တူသော အမွေးအမင်ကလေးကွေပင် ထိုးထိုးထောင်ထောင် ရှိနေတတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဒုတိယကမ္ဘာစစ်ကြီး ပြီးစီးသွားသည့်အခါ မြန်မာတစ်မျိုးသားလုံးပင် ထိုဘုရားနှစ်ကျွန်းများ၏ ဒဏ်ကို အကြီးအကျယ် ခံလိုက်ရပေသည်။)

အရပ်သား ချွေးတပ်သားများသည် ဘဝတူဖြစ်သည့် ဆင်းရဲဒုက္ခခံစားနေကြရရှာသော စစ်သုံ့ပန်း ချွေးတပ်သားများအပေါ်၌ သနားကရုဏာပိုကြလေသည်။ အရပ်သားချွေးတပ်သားများသည် ကြီးမားသော ငဲ့ညှာထောက်ထားစိတ်ဖြင့် ဂျပန်များကိုပင် ကြောက်ရ လန့်ရကောင်းမှန်း မသိကြဘဲ ဒုတိယသုံ့ပန်းများအား ဆေးလိပ်များပေးခြင်း၊ မုန့်ပဲသရေစာများကို ပေးကမ်းခြင်း စသည်ဖြင့် ပြုကြလေသည်။

ဤကွင် မြန်မာချွေးတပ်သားများ၏ စိတ်ကောင်း စေတနာကောင်းရှိမှုကို တုံ့ပန်သော ဒုတိယသု စစ်သုံ့ပန်းတို့ကလည်း ၎င်းတို့ထံတွင် ရှိနေသော စီးကရက်စွပ်တံကလေးများ၊ ရင်ထိုးတံဆိပ်ကလေးများ၊ ဆေးတံ၊ ရေဘူး စသော ပစ္စည်းကလေးများကို လက်ဆောင်ပစ္စည်းအဖြစ် ပြန်လည်ကာ ပေးကမ်းခြင်းပြုကြလေသည်။ ထိုပစ္စည်းကလေးများထဲမှ အချို့အချို့သော ပစ္စည်းကလေးများမှာမူ စစ်တပ်တစ်တပ်နှင့် သက်ဆိုင်သော ရင်ထိုး တံဆိပ်ကလေးများပင် ပါရှိသည်ဟု ကျွန်တော် ထင်ပါသည်။

သည်လိုနှင့် ကျွန်တော်တို့အားလုံး မမျှော်လင့်သောနေ့ တစ်နေ့၏ ညအချိန်မတော်တွင်မူ ဂျပန်စစ်ဗိုလ် ကုမေကာသည် သူ့နောက်ပါ စစ်သားများနှင့်အတူ ကျွန်တော်တို့ ချွေးတပ်သားများ နေကိုင်သော ကဲတန်းလျားကြီးများပေါ်သို့ တက်ရောက်လျက် ရှာဖွေစစ်ဆေးခြင်း ပြုပါလေတော့သည်။

ဤတွင် စစ်သုံ့ပန်း ချွေးတပ်သားများထဲမှ တောက်တိုမယ်ရ ပစ္စည်းကလေးများကို ရရှိသိမ်းဆည်းထားသော ဘွန်ထိုက်ချို့များ၊ ဟန်ချို့များနှင့် ချွေးတပ်သားအချို့တို့မှာလည်း အကြီးအကျယ်ပင် ပြဿနာပေါ်ပါလေသည်။

ဂျပန်စစ်ဗိုလ် ကုမေကာသည် ထိုသူ ချွေးတပ်သားများအားလုံးကို တဲလိုင်းကြီးများအပြင်သို့ ထုတ်ထားလျက် တန်းစီကာ ရပ်နေစေပါသည်။ တွေ့ရှိသော ပစ္စည်းပစ္စယကလေးများကိုလည်း မည်သို့မည်ပုံရရှိကြောင်း၊ မည်သူ့ထံမှ ရရှိခြင်းဖြစ်ကြောင်း စသည်များကိုလည်း စစ်ဆေးမေးမြန်းခြင်း ပြုလေသည်။

စင်စစ် ကုမေကာ မေးမြန်းသော မေးခွန်းနှစ်ခုစလုံးသည်ပင် ချွေးတပ်သားများအနေနှင့် အဖော်ပင် အဖြေပေးရကျပ်လှသော မေးခွန်းနှစ်ခုဟူ၍ပင် ဆိုရပါမည်။ ထိုမေးခွန်းနှစ်ခုကို အဖြေပုံ သူတို့ ဖြေကြားခြင်း ပြုကြလေမည်နည်း။ အနောင့်အသွားမလွတ်သော မေးခွန်းနှစ်ခုပင် ဖြစ်လေသည်။ ပြီးသော် မည်သည့် စစ်သုံ့ပန်းထံမှ ရရှိပါသည်ဟူ၍ အဖြေပေးနည်းနှင့် သူတို့ပြောဟတ်လေမည်နည်း။

ထိုအခါ ချွေးတပ်သားများကလည်း ယေဘုယျသဘောမျိုးဖြင့် ထိုပစ္စည်းကလေးများသည် သုံ့ပန်းစစ်သားများထံမှ ရရှိခြင်းသာဖြစ်ကြောင်း မကွယ်မဝှက် ပြောကြားခြင်းပြုကြလေသည်။ သူတို့သူတို့၏ အဖြေမှာ အမှန်အတိုင်းဖြေကြားခြင်း ဟူ၍ပင် ဆိုရပါမည်။

ချွေးတပ်သားများ၏ အဖြေကို ကြားရသော ဂျပန်စစ်ဗိုလ် ကုမေကာသည် ထိုသူများအား လုံးအား (ဆယ့်လေးငါးယောက်ခန့် ရှိလိမ့်မည် ထင်ပါသည်) ကြိုးချည်၊ ကြိုးတုပ်ခြင်း ပြုစေပါသည်။

ဂျပန်စစ်သားများသည် ကုမေကာ၏ အမိန့်ပေးချက်ဖြင့် ထိုသူများအား ကျဲများ နွားများကို ရိုက်နှက်သည့်အလား တဘုန်းဘုန်း တအုန်းအုန်း ထုရိုက်ခြင်း ပြုလေသည်။

နောက်ဆုံးတွင်မူ ကုမေကာသည် ထိုသူ ထိုချွေးတပ်သားများအပေါ်၌ စွဲချက်တစ်ရပ်ကို တင်လိုက်လေသည်။ ကုမေကာ တင်သော စွဲချက်မှာ-

"ထိုသူများသည် နိပ္ပန်တပ်မတော်ကြီးကို ဆန့်ကျင်လျက် ရန်သူဖြိုတိသျှသုံ့ပန်းတို့နှင့် အဆက်အသွယ်ပြုသည်။ ရန်သူတို့ကို အားပေးအားမြှောက်ပြုသည်"

ဟူသော စွဲချက်ပင် ဖြစ်လေသည်။

ဤစွပ်စွဲချက်သည် တရားဥပဒေမဲ့ နယ်မြေဒေသပမာ ဖြစ်နေသော တောတွင်း ချွေးတပ်စခန်းများ၌ အဘယ်မျှ ကြောက်မက်ဖွယ်ကောင်း၍ အဘယ်ထိ အန္တရာယ် ကျရောက်နိုင်သည်ဆိုခြင်းကိုမူ ချွေးတပ်သား အားလုံးလောက်နီးနီး သိရှိ သဘောပေါက်ထားကြခြင်းပင် ဖြစ်လေသည်။

ကုမေကာ၏ ထိုစွပ်စွဲချက်ကို စကားပြန်သူယောက ပြောကြားလိုက်သည့်အခါ သက်ဆိုင်သူ ကာယကံရှင် ချွေးတပ်သားများ၊ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များကို မဆိုထားဘိ၊ ကြားလိုက်ရသော ကျွန်တော်တို့အားလုံးပင် ကြက်သီးထလျက် ကျောချမ်းမိကြလေသည်။

ကုမေကာသည် ထိုချွေးတပ်သားများကို ထိုအချိန် ထိုညမှစ၍ပင် တဲတန်းလျားများနှင့် မနီးမဝေးရှိ မြေကွက်လပ်ကြီး၌ ကြိုးချည် ကြိုးတုပ် ထားလိုက်လေသည်။

ဤတွင် ထိုသူ၊ ထိုချွေးတပ်သားများအား ကြိုးချည် ကြိုးတုပ်ပုံကိုလည်း အတန်ငယ် ကျွန်တော် ဖော်ပြလိုပါသည်။

မြေကွက်လပ်အတွင်း၌ ဝါးလုံးတိုင် နှစ်တိုင်ကို တစ်တိုင်နှင့်တစ်တိုင် ခပ်လှမ်းလှမ်း ခပ်ကွာကွာ စိုက်ထူထားလေသည်။ ပြီးလျှင် ထိုဝါးလုံးတိုင်နှစ်တိုင်တွင် တန်းပစ်လျက် ဝါးလုံးတစ်လုံးကို အလျားလိုက် ချည်နှောင်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ခပ်လွယ်လွယ်ပြောရပါမူ အဝတ်လှန်းသော တန်းကဲ့သို့ ဖြစ်သည်။ အမြင့်မှာ ခုနစ်ပေ၊ ရှစ်ပေခန့် ဖြစ်လေသည်။ ထို့နောက် လက်နှစ်ဖက်ကို ကန့်လန့်တန်းထားသော ဝါးလုံးထက်တွင် နှစ်ဖက်စလုံးဟင်းကားဆွဲပြီးနောက် လက်ကောက်ဝတ်မှနေလျက် ကြိုးတစ်ချောင်းဖြင့် ချည်နှောင်လိုက်လေသည်။

ထိုအခါ ကြိုးချည်ခံရသော ဆွေးတပ်သားခမျာသည် မတ်တပ်ရပ်လျက် လက်နှစ်ဖက်စလုံးကို အထက်သို့ မြှောက်ထားရသလို ဖြစ်နေသည်။ ထိုသူမှာ ထိုင်ချင်၍လည်း ထိုင်မရ၊ သူ့ကိုယ်ကို လှည့်ပတ်၍လည်း မရနိုင်ပေ။ ကုန်ကုန်ပြောရလျှင် ယားယံ၍မှလည်း ကုတ်လို့မရ၊ ခါးဝတ်ပုဆိုး ကျွတ်ကျ၍မှလည်း ဝတ်မဖြစ်ပေ။ ထိုသူ၏ လက်နှစ်ဖက်စလုံးကို လက်ကောက်ဝတ်မှ နေလျက် ဝါးလုံးတန်းတက်တွင် ပူးချည်ထားခြင်းဖြစ်လေရာ လက်နှစ်ဖက်စလုံးမှာ အသုံးမပင် အရာမရောက် ဖြစ်နေလေတော့သည်။

ကုမေကာသည် ထိုသူများအား လုံးဝ ထိုညတစ်ညလုံးမနေလျက် နောက်တစ်နေ့ည မိုးချုပ်ထိ ဤလိုပင် ကြိုးတုပ်ထားလေသည်။ ကြိုးတုပ်ထားစဉ်အတွင်း အချို့သူများမှာ မတ်တတ်ကပင် သေးတဖျန်းဖျန်း ပါကြလေတော့သည်။ အချို့တို့ကား ခါးဝတ်ပုဆိုးများပင် ကွင်းလုံးကျွတ်ကျလျက် အမြင်မတော်အောင် ရှိလေသည်။ အချို့ကား မတ်တပ်ကြီး ဦးခေါင်းကို ပခုံးနှင့် လက်မောင်းရင်းတွင် မှေးတင်ကာ မျက်စိကို စုံမှိတ်လျက် တဟီးဟီး ညည်းတွားရှာလေသည်။ ထိုသူများသည် ကြိုးချည် ကြိုးတုပ်ခံနေစဉ်အတွင်း အစားအသောက်ဟူ၍ အလျဉ်းမစားကြရချေ။ ရေကိုပင် သောက်ခွင့်မရကြပါပေ။

သုံ့ပန်းစစ်သားများက ပေးကမ်းသော ပစ္စည်းကလေးများ ယူမိခြင်းနှင့် ပတ်သက်၍ ထိုအဖြစ်မျိုးကို မြင်ဖူးကြသောကြောင့်လည်း ကျွန်တော်နှင့် ဘွန်ထိုက်၊ ကိုသာမြိုင်မှာ သုံ့ပန်းစစ်ဗိုလ် လက်ကမ်းလာသော ပစ္စည်းကလေးများကို ခါးခါးသီးသီး ငြင်းပယ်နေကြခြင်းပင် ဖြစ်ပါသည်။

"သူပေးတဲ့ ပစ္စည်းကလေးတွေ မယူလို့ စိတ်မကောင်းရှာဘူးနဲ့ ဧကပါတယ်"

ကိုသာမြိုင်က ပြောလေသည်။

"ဟုတ်မှာပေါ့ဗျာ၊ ကျွန်တော်ကိုယ်တိုင်လဲ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဘယ်လိုလုပ်ပြီး ယူပုံမှာလဲဗျာ၊ ခင်ဗျားကိုယ်တိုင်ပဲ ကိုချစ်တီးတို့အဖြစ်ကို မြင်ဖူးတယ် မဟုတ်လား"

"သိပါတယ် ဆရာလေး၊ ဟို–ဘုရားသုံးဆူစခန်းကို ပြောင်းသွားတဲ့ စစ်သုံ့ပန်းတွေ ပေးတဲ့ ပစ္စည်းကလေးနဲ့ ပတ်သက်ပြီး ကြိုးတုပ်ခံရတဲ့ကိစ္စ မဟုတ်လား"

ကိုသာမြိုင်မှာလည်း ထိုကိစ္စ ထိုအဖြစ်ကို အမှတ်ရနေဆဲပင် ဖြစ်လေသည်။

"ဟုတ်တာပေါ့ ကိုသာမြိုင်"

ကျွန်တော်နှင့် ကိုသာမြိုင်သည် တစ်ယောက်နှင့်တစ်ယောက် ထိုစကားများကို ပြောနေသည့်အခါ သုံ့ပန်းစစ်ဗိုလ်မှာလည်း ကျွန်တော်တို့နှစ်ယောက်ကို စူးစိုက်ကြည့်ရှုလျက် ခပ်ငေးငေး ရှိနေပါသည်။

သူသည် ကျွန်တော်တို့ပြောနေသော စကားများကို နားမလည်သောကြောင့်လည်း အတွေးတစ်မျိုး ပေါက်နေဟန်တူပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့စကားအပြတ်တွင် အားတက်သရော အမှုအရာဖြင့် သူ့လက်တွင်းမှ ပစ္စည်းကလေးများကို လက်ကမ်းလျက် ပေးပြန်ပါလေသည်။ သူ့မျက်နှာမှာလည်း မျှော်လင့်ချက်အသစ်ဖြင့် ထပ်မံရွှင်မြူးလာပြန်လေသည်။

သုံ့ပန်းစစ်ဗိုလ်၏ အဖြစ်ကို မြင်လိုက်ရသောအခါ ကျွန်တော့်ရင်ထဲတွင် နင့်ခနဲ စိတ်မကောင်းဖြစ်မိသည်။ ခပ်စောစောက ဦးခေါင်းခါလျက် မငြင်းဆန်ရက်လောက်အောင်လည်း ဖြစ်ရလေသည်။

ထို့ကြောင့်ပင် နောင်ခါလာမှ နောင်ခါလျောက်လျား၊ သူပေးသော ပစ္စည်းကလေးများကို လက်ခံလိုက်ရသော် ကောင်းလေမလားဟူ၍လည်း ကျွန်တော့်စိတ်တွင် အတွေးဖြစ်ပေါ်မိလေသည်။

သို့ရာတွင် လက်တွေ့အားဖြင့်ကား သည်အပြုအမူကို မပြုပဲ့ကျော်ခပ်ရိုးရိုး ဝန်ခံရပေမည်။ ကြောက်စရာကောင်းသော ဂျပန်စစ်ဗိုလ် ကုမေကာ၏ မျက်နှာသည် ထိုအတွေးကို ကျွန်တော် တွေးလိုက်မိသည့်အခါ၌ပင် ကျွန်တော်၏ စိတ်များကို ကြီးမားစွာ ချောက်ချားစေပါသည်။

ဤလိုဖြစ်ရခြင်းအတွက် ကျွန်တော့်ကိုယ် ကျွန်တော် အားမလိုအားမရ ဖြစ်မိပါသည်။ စိတ်မကောင်းခြင်းလည်း ဖြစ်မိပါသည်။ ဤကိစ္စတွင် သူပေးသော ပစ္စည်းကလေးများကို ကျွန်တော်နှင့် ကိုသာမြိုင်သည် လက်ခံခြင်း မပြုနိုင်ဟုဆိုလျှင်လည်း ထိုအဖြစ် ထိုအကြောင်းကို သုံ့ပန်းစစ်ဗိုလ် သဘောပေါက်နားလည်အောင် ရှင်းလင်းပြောပြထိုက်လေသည်။ လူ့ယဉ်ကျေးမှုအရ ပြောပြရန် ဝတ္တရားလည်း ကျွန်တော်နှင့် ကိုသာမြိုင်တွင် တာဝန်ရှိလေသည်။

သို့ရာတွင် ကျွန်တော်သည်လည်းကောင်း၊ ဘွန်ထိုက်ချို ကိုသာမြိုင်သည်လည်းကောင်း အင်္ဂလိပ်စကားတတ်ကြသူများ မဟုတ်သလို၊ သုံ့ပန်းစစ်ဗိုလ်ကိုယ်တိုင်မှာလည်း မြန်မာစကားတတ်သူတစ်ဦး မဟုတ်ကြောင်း ထင်ရှားလှပလေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ နှစ်ယောက်နှင့် သုံ့ပန်းစစ်ဗိုလ်တို့၏ အဆက်အသွယ်

www.burmeseclassic.com

www.burmeseclassic.com

ကိစ္စမှာ မပြေမလည် မရှင်းမလင်းနှင့် စိတ်မချမ်းမြေ့စရာ ကြုံတွေ့နေကြရခြင်းပင် ဖြစ်လေသည်။

ကျွန်တော်တို့ သုံးယောက်၏ အလယ်တွင် ရှိနေသော မီးပုံမီးသည် အရှိန်ကောင်းစွာ ရလျက် တောက်လောင်နေလေသည်။ မီးပုံအတွင်းမှ ရှန်းကန်လှုပ်ရှားထွက်လာသော မီးပွင့်မီးပွားကလေးများသည် မီးခိုးတန်းနှင့်အတူ ရောထွေးလျက် တဲတန်းလျားဘက်သို့ လွင့်တက်သွားသည်။ အပြင်အပတွင်မူ ဆောင်းနှင်းများက ရီဝေသိပ်သည်းလျက် ဆောင်းနတ်သမီးသည် နှင်းဝတ်ကမ္မလာကြီးကို လွှမ်းခြုံထားလေသည်။

ကျွန်တော်သည် ဘာသာခြားစကားတွင် ဟိန္နူစတန်နီစကားကို အတော်အသင့် ပြောတတ်သူတစ်ဦး ဖြစ်ပါသည်။ သုံ့ပန်းစစ်ဗိုလ်မှာလည်း ကျွန်တော်ကဲ့သို့ပင် ဟိန္နူစတန်နီစကားကို ပြောကြားနိုင်သူတစ်ယောက် ဖြစ်မည်ဆိုပါက ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်၏ ဆက်ဆံရေးသည် ထိုက်သင့်သလောက် အဆင်ပြေသွားနိုင်စရာအကြောင်း ရှိသည်ဟူသော အတွေးတစ်ခုကို ကျွန်တော် တွေးလိုက်မိလေသည်။

ထိုအတွေး ကျွန်တော့်ခေါင်းထဲသို့ ဝင်ရောက်လာသည်မှာလည်း တခြားကြောင့် မဟုတ်။ ခပ်စောစောပိုင်းအချိန်က 'ဘရားသုံးဆူ' စခန်းသို့ ရွှေ့ပြောင်းသွားကြသော ဗြိတိသျှစစ်သုံ့ပန်းများထဲမှ အကြီးအကဲ စစ်ဗိုလ်နှင့် စစ်သားလေးငါးယောက်တို့သည် ဟိန္နူစတန်နီစကားကို ကောင်းမွန်စွာ ပြောတတ်ကြသဖြင့် သူတို့နှင့် ကျွန်တော်၏ ဆက်ဆံရေးမှာ အတော်ပင် အဆင်ပြေခဲ့သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်ုပ်တို့ရွှေ့မှောက်တွင် ရှိနေသော သုံ့ပန်းစစ်ဗိုလ်အား "ဟိန္နူစတန်နီ စကားတတ်ပါသလား" ဟု မေးမြန်းခြင်း ပြုလိုက်ပါသည်။

သုံ့ပန်းစစ်ဗိုလ်သည် သူ့ဦးခေါင်းကို ခပ်လွယ်လွယ် ညိတ်လိုက်သည်။ သူ့နှုတ်မှလည်း ဟိန္နူစတန်နီ စကားတတ်ကြောင်း ပြောလေသည်။ ဟိန္နူစတန်နီ စကားပြောသော သူ့အသံသည် ခပ်အစ်အစ် ခပ်အောအောနှင့် လုံးကြီးခကြီး ပြောသော ယေယျလေးသိမ်း ဖြစ်လေသည်။

အနီးတွင် ရှိနေသော ဘွန်ထိုက်ချို ကိုသာမြိုင်သည် ကျွန်တော်နှင့် အင်္ဂလိပ်စစ်ဗိုလ်၏ အဆက်အဆံကို ချက်ချင်းပင် သဘောပေါက်သွားလေသည်။ ကျွန်တော် ဟိန္နူစတန်နီ စကားပြောတတ်ကြောင်း ကိုသာမြိုင် သိသည်။ သူသည် ထိုင်ရာမထ

ကျွန်ုပ်ကဲ့အနီးသို့ ကိုးကပ်လာသည်။ ကျွန်တော်နှင့် အင်္ဂလိပ်စစ်ဗိုလ်တို့၏ ရှေ့အဆက်အဆံကို သိချင်စိတ်ထက်သန်နေဟန် ရှိလေသည်။

ထိုအခါမှ ကျွန်တော်ကလည်း သုံ့ပန်းစစ်ဗိုလ်အား သူပေးသော ပစ္စည်းကလေးများကို အဘယ်ကြောင့် လက်ခံယူငင်ခြင်း မပြုဝံ့ကြောင်းနှင့် ရှင်းလင်းပြောကြားရလေသည်။ ပြီးလျှင် ကျွန်တော်တို့ တပ်ဒိန်စခန်းတွင် ယခင်က ဖြစ်ပျက်ခဲ့ဖူးသော စစ်သုံ့ပန်းများနှင့် ရွှေးတပ်သားများ၏ အဖြစ်ကိုလည်း ကျွန်တော်ဟတ်သလောက် ဟိန္နူစတန်နီဘာသာဖြင့် ပြောဆိုခြင်း ပြုရလေသည်။

ထိုကဲ့သို့ ပြောလိုက်မှလည်း သုံ့ပန်းစစ်ဗိုလ်မှာ ဦးခေါင်းတဆက်ဆက် ညိတ်လျက် စိတ်ကျေနပ်သွားဟန် ရှိလေသည်။ သို့ရာတွင် လက်ဆောင်ပစ္စည်းကလေးများကို မပေးနိုင်သည့်အတွက်ကြောင့် စိတ်မကောင်းဟန်တော့ ရှိရှာလေသည်။

ကျွန်တော်တို့သည် မီးပုံကြီးဘေးတွင် ထိုင်ကာ ဤလို စကားကောင်းနေကြခိုက် တဲလိုင်းအတွင်းသို့ ဝင်ရောက်လာသော ဂျပန်စစ်သားတစ်ယောက်အား အနီးသို့ ရောက်မှပင် သတိပြုလိုက်မိကြလေသည်။

ဂျပန်စစ်သားသည် ရိုင်ဖယ်သေနတ်ကို ပခုံးထက်တွင် ချိတ်လွယ်ထားသည်။ သေနတ်ဖျားတွင် လှံစွပ်တပ်ထားသည်။ သူသည် တဲလိုင်းတစ်ဝိုက်တွင် ကင်းဖာဝန်ကျနေသော စစ်သားတစ်ယောက်ဖြစ်ကြောင်း မြင်ရုံမျှနှင့် သိရလေသည်။

ထိုစစ်သား၏ ခြေထောက်တွင် ဂျပန်စစ်သားဖိနပ်ကို စီးထားသည်။ ထို့ကြောင့်လည်း ထိုစစ်သား၏ ခြေလှမ်းသံ ခြေချသံကို ကျွန်ုပ်ဟာတို့ မကြားမိခြင်း ဖြစ်လေသည်။

ဤနေရာတွင် ဂျပန်စစ်သားစီး ကင်းဘတ်ဖိနပ်ဟု ဆိုထားသဖြင့် ထိုကင်းဘတ်ဖိနပ်အကြောင်းကိုလည်း အနည်းငယ် ပြောလိုပါသည်။

ဂျပန်စစ်သားများ စီးနင်းသော ကင်းဘတ်ဖိနပ်များကို ကျွန်တော်တို့ကစ်တွယခုအသုံးပြု ကွေ့မြင်နေကြရသည့် ကင်းဘတ်ဖိနပ်များနှင့် မတူချေ။ ထိုစဉ်အခါက ဂျပန်စစ်သားများ အသုံးပြုသော ကင်းဘတ်ဖိနပ်သည် အနက်ရောင်များ ဖြစ်သည်။ ဖိနပ်၏ ဦးပိုင်းမှာလည်း ယခု ကျွန်တော်တို့ အသုံးပြုနေသော ကင်းဘတ်ဖိနပ်များနှင့် ကွဲလွဲနေသည်။

ဂျပန်စစ်သားများ စီးသော ကင်းဘတ်ဖိနပ်ဦးပိုင်းသည် ခြေချောင်းကြားနေရာ၌ ခြေမနှင့် ကျန်သော ခြေချောင်းလေးချောင်းနေရာတွင် အကွဲအပိုက်ပြုလုပ်ထားတစ်ကြောင်း ပါရှိလေသည်။ ဖိနပ်ဦးသည် အချွန်း သို့မဟုတ် အပိုင်းပါရှိ

www.burmeseclassic.com

တစ်ပြေးညီ တစ်သားတည်း မဟုတ်ပေ။ ပြီးလျှင် အောက်ခံရာဘာမှာလည်း ဟီးလ်ခေါ် ဖနောင့်ခုံမြင့် မရှိပေ။ အားလုံးတစ်သားတည်း တစ်ပြေးညီ ဖြစ်လေသည်။

ဂျပန်တို့သည် သာမန်စစ်သားများအတွက် စစ်ယူနီဖောင်းများကိုလည်းကောင်း၊ စားနပ်ရိက္ခာ စသည်များကိုလည်းကောင်း နည်းနည်းနှင့် ကျဲကျဲ အသုံးပြုကြသူများ ဖြစ်လေသည်။ သူတို့သည် စစ်ပွဲတစ်ပွဲအတွက် စစ်အောင်နိုင်ရေး တစ်ခုတည်းကိုသာ အဓိကထားဟန် တူလေသည်။ ဇြတိသျှစစ်သားများလို ယူနီဖောင်းအကျအန၊ စားနပ်ရိက္ခာ ရာရှင်ပစ္စည်းအကျအန ဟူ၍လည်း ဇီဇာချဲ့ နေခြင်း မရှိပေ။

ကျွန်တော် လေ့လာမိသလောက်ပြောရလျှင် တိုက်ပွဲတွင် အသုံးပြုသော လက်နက်ဟူသည်မှာလည်း အပေါ့စား၊ အသေးစား လက်နက်သာလျှင် ဖြစ်လေသည်။ ဂျပန်စစ်သားများ ကိုင်ဆောင်သော ရိုင်ဖယ်သေနတ်များမှာ ဇြတိသျှ စစ်သားများ အသုံးပြုသော ရိုင်ဖယ်သေနတ်များထက် ပေါ့ပါးလေသည်။

ကင်းဘက်ဖိနပ်ကို စီးနင်းကာ ခြေသံမကြားအောင် ဝင်ရောက်လာသော ဂျပန်စစ်သားကို တွေ့လိုက်ရသောကြောင့်လည်း သို့ပန်းစစ်ဗိုလ်မှာ အတော်အတန် မျက်စိမျက်နှာ ပျက်သွားလေသည်။ ကျွန်တော်ကိုယ်တိုင်ပင် အနည်းငယ် စိတ်ထင့်လိုက်မိသည်။ ကျွန်တော့်ဘေးတွင် လူချင်းကပ်လုမတတ် ရှိနေသော ဘွန်ထိုက်ချို ကိုးဆယ်မြိုင်မှာလည်း မျက်နှာပျက်ပျက် ကျွန်တော့်ကို လက်ကုတ်လိုက်သည်။

အမှန်ပြောရသော် ဂျပန်စစ်သားသည် ကျွန်တော်တို့ရှိရာ မီးပုံသို့ အဘယ့်ကြောင့် ဝင်လာသည်ဆိုခြင်းကိုလည်း ကျွန်တော်တစ်ယောက်သာ သဘောပေါက်နားလည်လေသည်။

ကျွန်တော်ကိုရှိရာသို့ ဂျပန်စစ်သား ဝင်ရောက်လာသည်မှာ ဆေးလိပ်တောင်းရန်အတွက် ဝင်ရောက်လာခြင်းဟူ၍လည်း ကျွန်တော် တွက်ဆထားမိပြီး ဖြစ်လေသည်။ ဂျပန်စစ်သားများသည် မကြာခဏဆိုသလိုပင် ကျွန်တော့်ထံတွင် ဆေးလိပ်တောင်းခံခြင်း ပြုတတ်ကြလေသည်။

သို့ရာတွင် ဂျပန်စစ်သားကို မြင်လိုက်သဖြင့် ကျွန်တော့်စိတ်ထဲက ထင့်မိသည်မှာ သို့ပန်းဖြစ်သော အင်္ဂလိပ်စစ်ဗိုလ်မှာ ကျွန်တော်တို့အနီးတွင် ရှိနေသောကြောင့် ဖြစ်သည်။ ဂျပန်စစ်သားသည် ထိုအမြင် ထိုအတွေ့ကြောင့် ကျွန်တော်နှင့် ကိုသာမြိုင်အပေါ် ဦးတည်လည်းကောင်း၊ သို့ပန်းဖြစ်သော အင်္ဂလိပ်စစ်ဗိုလ်အပေါ် ဦးတည်လည်းကောင်း ရန်ရှာပေမလားဟူသော ပူပန်ကြောင့်ကြမှု ဖြစ်မိလေသည်။

ဂျပန်စစ်သားသည် အင်္ဂလိပ်စစ်ဗိုလ်ကို မျက်နှာမူလျက် ကျွန်တော့်ဘေးတွင် ဝင်၍ ရပ်လိုက်လေသည်။ သူသည် လက်တစ်ဖက်ကို ခါးတွင် ထောက်ထားသည်။

ပါးလျားသော မျက်ခုံးမွေးများအောက်မှ ပြူးကြောင်သေးငယ်သော မျက်လုံးအစုံသည် အင်္ဂလိပ်စစ်ဗိုလ်အား စူးစူးတောက်တောက် ကြည့်လေသည်။

အင်္ဂလိပ်စစ်ဗိုလ်ကလည်း ထိုင်ရာမှနေလျက် ဂျပန်စစ်သားအား တစ်ချက်မျှ မော့ကြည့်လေသည်။ ပြီးသော် ချက်ချင်းပင် မျက်နှာကို အောက်ပြန်၍ ငုံ့ပစ်လိုက်သည်။ အင်္ဂလိပ်စစ်ဗိုလ်အနေနှင့် ဂျပန်စစ်သားကို တွေ့လိုက်ရသော်လည်း ဖီးပုံဘေးမှ ထွက်ခွာသွားရန်ကိုကား ရည်ရွယ်ဟန် မတူပေ။

ထိုအဖြစ်ကိုကြည့်လျက် ကျွန်တော့်မှာ တိုတောင်းသောအချိန်ကလေးအတွင်း၌ပင် အတွေးအတောပေါင်း မြောက်မြားစွာတို့ကို တွေးတောခြင်းပြုလိုက်မိပါလေသည်။

ဂျပန်စစ်သားနှင့် အင်္ဂလိပ်စစ်ဗိုလ်၊

အင်္ဂလိပ်စစ်ဗိုလ်နှင့် ဂျပန်စစ်သား။

အောင်နိုင်သူနှင့် ရှုံးနိမ့်သူ။

ဤအတွေး ကျွန်တော့်ခေါင်းထဲ ဝင်ရောက်လာသည်။ သာမန်စစ်သား တစ်ယောက်နှင့် စစ်ဗိုလ်တစ်ယောက် ဖြစ်သောကြောင့်လည်း ရာထူးအဆင့်အဟန်းအားဖြင့်မူ အတော်ပင် ကွာခြားလှပေသည်။

ပြီးလျှင် လူပုံပန်းကွာခြားမှုကိုလည်း ကျွန်တော် သတိပြုလိုက်မိပါသည်။ တစ်ဦးက ကိုယ်ကာယဖွံ့ဖြိုးကြွေခိုင်မှုတွင်လည်းကောင်း၊ ဥပဓိရုပ်ခန့်ညားမှုတွင်လည်းကောင်း ရည်မွန်သောသွင်ပြင် ရှိပါသည်။ တစ်ယောက်က ပိန်ပိန်သေးသေး၊ ပုကွကွကလေး ဖြစ်လေသည်။

အင်္ဂလိပ်စစ်ဗိုလ်နှင့် ဂျပန်စစ်သားတို့၏ ရင်ထဲတွင် မည်သို့မည်ပုံ ရှိနေကြမည်ဟူ၍ကား ကျွန်တော် မပြောတတ်၊ မသိနိုင်ပါ။ ကျွန်တော့်ရင်ထဲတွင်မူ ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုဟူ၍ အထင်ရောက်နေမိပါသည်။

ဂျပန်စစ်သားသည် ဦးခေါင်းငိုက်စိုက်ချနေသော အင်္ဂလိပ်စစ်ဗိုလ်ကိုလည်းကောင်း၊ မလှမ်းကမ်း တဲတန်းလျားထက်တွင် ငုတ်တုတ်မည်းထဲ ထိုင်နေကြသော သို့ပန်းစစ်သား လေးငါးယောက် ရှိရာသို့လည်းကောင်း အပြန်အလှန်ကြည့်လိုက်ပြီးနောက် ခပ်မဲ့မဲ့ ပြုံးလိုက်လေသည်။

ပြီးလျှင် "အင်္ဂလိပ်–အင်္ဂလိပ်–" ဟု အသံမပီမသ ပြုသည်။ ခြေနှစ်ချောင်းကို ခုန်ဆွခုန်ဆွလုပ်လျက် ဖိနပ်သံ တဗုန်းဗုန်းမြည်အောင် ပြုလေသည်။

ကျွန်တော်သည် ဂျပန်စစ်သား၏ ထိုအပြုအမူကို ရုတ်တရက် သဘောမပေါက်မိပေ။ နောက်မှ သူ့အပြုအမူကို သိရသည်မှာ သူသည် ဖိနပ်သံ တဗုန်းဗုန်း

www.burmeseclassic.com

www.burmeseclassic.com

မြည်စေလျက် အင်္ဂလိပ်စစ်ဗိုလ်အား မော်ကြည့်စေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း နားလည်ရလေသည်။

ဂျပန်စစ်သား၏ ထိုအပြုအမူကြောင့် အင်္ဂလိပ်စစ်ဗိုလ်မှာလည်း ဦးခေါင်း ငုံ့ထားရာမှ နေလျက် ဂျပန်စစ်သားအား မော်ကြည့်လိုက်သည်။

- ထိုအခါ ဂျပန်စစ်သားသည် တဲလိုင်းပေါ်သို့ လက်ညှိုးညွှန်ပြလျက် "ဂိုး-ဂိုး-" ဟူ၍ နှုတ်မှ ရွတ်ဆိုလေသည်။

သူ ဆိုလိုသည်မှာ မိုးပုံအနီးတွင် ထိုင်နေသော အင်္ဂလိပ်စစ်ဗိုလ်အား တဲလိုင်းထက်ရှိ သူ၏နေရာသို့ ထွက်ခွာသွားရန် မောင်းနှင်လွှတ်သည့်သဘောပင် ဖြစ်လေသည်။

အင်္ဂလိပ်စစ်ဗိုလ်သည် ချက်ချင်းပင် ဂျပန်စစ်သား၏ ဆိုလိုချက်ကို သဘောပေါက်သွားလေသည်။ သူသည် ထိုင်ရာမှ ဆတ်ခနဲ ထ,လိုက်သည်။ သူ့မျက်နှာအမူအရာမှာ ခပ်စောစောက ကျွန်တော်တို့နှင့် ဆက်ဆံသည့် အသွင်မျိုး မဟုတ်တော့ပေ။ တင်းမာတည်ငြိမ်သော အမူအရာမျိုးသို့ ရုတ်ချည်းပြောင်းလဲသွားလေသည်။

အင်္ဂလိပ်စစ်ဗိုလ်က ထိုင်နေရာမှ ထ,ရပ်လိုက်သည့်အခါ ဂျပန်စစ်သားနှင့် အင်္ဂလိပ်စစ်ဗိုလ်မှာ ကိုယ်လုံးကိုယ်ထည်ချော၊ အနိမ့်အမြင့်ပါ အပြတ်အသတ် ကွာခြားလှကြောင်း ပို၍ထင်ရှားနေလေသည်။

ထိုအတွင်းကပင် ကျွန်တော်သည် သူကို့နှစ်ဦး၏ အခြေအနေကို ကြည့်ရင်း တစ်ခုတစ်ရာဖြစ်မျာ ဖြစ်ကြလေမည်လောဟူသော အတွေးဖြင့် စိုးရိမ်မကင်း ရှိမိလေသည်။ သူတို့နှစ်ယောက် ယှဉ်ရပ်နေကြသည်မှာ တစ်ယောက်နှင့်တစ်ယောက် ခြေတစ်လှမ်းအကွာ လက်တစ်ကမ်းအလိုမျှသာ ဖြစ်လေသည်။

ထိုအချိန်တွင် ဂျပန်စစ်သား၏ လက်သည် အင်္ဂလိပ်စစ်ဗိုလ်၏ ပါးပေါ်သို့ ကျရောက်သွားပါက အင်္ဂလိပ်စစ်ဗိုလ်မှာ သုံ့ပန်းအကျဉ်းသမားပင် ဖြစ်သော်လည်း မည်သည့်နည်းနှင့်မှ ခေါင်းငုံ့မခံဟု ကျွန်တော် ယူဆမိပါသည်။

ထို့ထက်ပို၍ သေချာသည်မှာ ခပ်လှမ်းလှမ်း တဲလိုင်းထက် တစ်နေရာတွင် စုစုဝေးဝေးနှင့် ဆေးလိပ် ထိုင်သောက်နေသော သုံ့ပန်းစစ်သားလေးငါးယောက်တို့၏ အခြေအနေပင် ဖြစ်လေသည်။

ဆေးလိပ် ထိုင်သောက်နေကြသော သုံ့ပန်းစစ်သား လေးငါးယောက်သည် အနည်းငယ် လှုပ်ရှားလျက် အချင်းချင်း စကား တိုးတိုးပြောကာ မိုးပုံဘေးတွင် ဖြစ်ပွားလာမည့် အရေးအခင်းကို စူးစိုက်လျက် အကဲခတ်နေကြခြင်းပင် ဖြစ်လေ

သည်။ သူတို့သည် မိမိတို့၏ အကြီးအကဲဖြစ်သော စစ်ဗိုလ်အား စော်ကားမော်ကား ပြုလုပ်ပါက ငြိမ်ခံနေကြလိမ့်မည်မဟုတ်ဟူ၍လည်း ကျွန်တော် ယူဆမိပါသည်။

ထိုအခါ ဂျပန်စစ်သားများလည်း တစ်ဦးတည်း တစ်ယောက်တည်း မဟုတ်ပါပေ။ သူ့အဖော်နှစ်ယောက်သည် တဲတန်းလျားပေါက်ဝတွင် ရပ်လျက် ရှိနေလေသည်။ ထိုဂျပန်စစ်သားနှစ်ယောက်သည် ရိုင်ဖယ်ကို လက်တွင် ကိုင်ထားလေသည်။ ထိုနှစ်ဦးသော စစ်သားတို့၏ အနေအထားများလည်း အရေးအခင်း ကြုံခဲ့သော် အသင့်ဖြစ်နေစေရန် ပြုလုပ်ထားသော အနေအထားမျိုးဟူ၍ ကျွန်တော် ယူဆမိလေသည်။

ဤတွင် ကျွန်တော် တွေးထင်မိသည်မှာ အကယ်၍များ မိုးပုံဘေးမှ အင်္ဂလိပ်စစ်ဗိုလ်နှင့် ဂျပန်စစ်သားသာ ပဋိပက္ခဖြစ်ပွားမှုရှိခဲ့သော် တဲလိုင်းပေါ်မှ ဗြိတိသျှ စစ်သုံ့ပန်းများကလည်း လှုပ်လှုပ်ရှားရှားနှင့် ပြေးလွှားလာကြမည်မှာ သေချာပါသည်။ ထိုအခါ တဲပေါက်ဝတွင် ရှိနေသော သေနတ်ကိုင် ဂျပန်စစ်သားနှစ်ယောက်တို့ကလည်း လှုပ်လှုပ်ရှားရှားနှင့် ပစ်လှားခတ်လာ လုပ်လေမည်။ သို့ကြောင့် ထိုအခြေအနေမျိုး မကျရောက်ပါစေနှင့်ဟု ကျွန်တော့်ရင်ထဲက ဆုတောင်းမိလေသည်။

ဂျပန်စစ်သားသည် လက်ညှိုးတရမ်းရမ်းပြုလျက် သူ့ပါးစပ်မှ တဲတွေးစက်တဲတွေးပေါက်များ တဖွားဖွားစဉ်ထွက်လာသည်ထိ "ဂိုး-ဂိုး-" ဟု အဆက်မပြတ် ရေရွတ်သည်။

အင်္ဂလိပ်စစ်ဗိုလ်သည် မျက်မှောင်ကုတ်လျက် ဂျပန်စစ်သား၏ မျက်နှာကို ရွံရှာစက်ဆုပ်သောအကြည့်ဖြင့် ကြည့်လေသည်။ သူသည် စက္ကန့်အတန်ကြာမျှ ခပ်တည်တည် ခြေစုံရပ်နေပြီး ဘောင်းဘီအိတ်အတွင်းသို့ လက်တစ်ဖက်ကို ထိုးသွင်းလျက် သူ့လူများရှိရာသို့ ချာခနဲ လှည့်ထွက်သွားလေသည်။

သို့နှင့် ထိုကိစ္စပြီးသွားပါမှ ဂျပန်စစ်သားသည် ကျွန်တော့်ဘက်သို့ မျက်နှာမူလိုက်ပြီး "ဘိဓမာ-ဆေးလိပ်ရှိတကား" ဟူ၍ ထုံးစံအတိုင်း ဆိုပါလေသည်။

ကျွန်တော်က သူ့အမေးကို ခေါင်းဆတ်လျက် အဖြေပေးလိုက်သည်။ ပြီးလျှင် ခဏနေပါဦးဟု လက်ဟန်ပြလိုက်သည်။

"ကဲ-ကိုသာမြိုင်၊ ဆေးလိပ် သုံးလေးလိပ် သွားယူပါဦးဗျာ"

ကျွန်တော်က ပြောလိုက်ပါသည်။

ကိုသာမြိုင်မှာ ကျွန်တော်က စေလွှတ်သည်ကို မငြင်းဆန်သာ၍ ထိုင်ရာမှ ထသွားရသော်လည်း ထိုကိစ္စအတွက် သိပ်ကျေနပ်ပုံ မပေါ်ပါချေ။ စေတနာရှိဟန်

www.burmeseclassic.com

www.burmeseclassic.com

လည်း မရချေ။ မပြောသာ မငြင်းသာသော အခြေအနေကြောင့်သာ မျိုသိပ်ထား ရဟန် တူလေသည်။

အမှန်ကို ပြောရလျှင် ကျွန်တော်ကိုယ်တိုင်ကလည်း ဂျပန်စစ်သားကို ဆေးလိပ်ပေးရမည့်ကိစ္စ၌ အခါတိုင်းကလို စေတနာမထက်သန်ဘဲ ဖြစ်နေရ လေသည်။ မပေးဘဲနေလို့ ရလျှင်လည်း မပေးဘဲ နေလိုက်ချင်လေသည်။ ထို့ကြောင့် လည်း ကိုသာမြိုင်တွင် ဖြစ်ပေါ်လာသော စိတ်ထားကို ကျွန်တော် အပြစ်မတင် လိုပါချေ။

ဒုတိယကမ္ဘာစစ်ကြီးတွင် ဖက်ဆစ်စနစ်သည် ပီပီပြင်ပြင် ရုပ်လုံးပေါ်ခဲ့ လေသည်။ ကမ္ဘာ့လူသားပေါင်းများစွာတို့အား ဖက်ဆစ်ဝါဒီများသည် အမျိုးမျိုး အဖုံဖုံ ညှဉ်းပန်းနှိပ်စက်ခြင်း ပြုခဲ့လေသည်။ ထိုအခါ ဖက်ဆစ်ဝါဒီ ခေါင်းဆောင် များနှင့် ဖက်ဆစ်တပ်သားများအား ကမ္ဘာ့လူသားထုကြီးက တစ်နေရာမဟုတ် တစ်နေရာ၊ တစ်ကြောင်းမဟုတ် တစ်ကြောင်း၊ တစ်နည်းမဟုတ် တစ်နည်းဆိုသလို အော့နှလုံးနာခဲ့ကြလေသည်။ စက်ဆုပ်ရွံရှာခဲ့ကြသည်။ နောက်ဆုံး တွန်းလှန် တိုက်ခိုက်ခဲ့ကြလေသည်။

ဤတွင်း ချွေးတပ်စခန်းများ၌လည်း ထိုနည်း ထိုသဘောမျိုးပင် ဖြစ်လေ သည်။ ချွေးတပ်သားများသည် ဖက်ဆစ်ဟော်လန်ရေးတွင် လက်နက်ကိုင်လျက် တော်လှန်တိုက်ခိုက်ကြရန် အခြေအနေက မပေးသဖြင့် မတိုက်ခိုက်ခဲ့ကြရသော်လည်း ဖက်ဆစ်ဝါဒီများအပေါ်၌ကား ရွံရှာစက်ဆုပ်ခြင်း၊ အကြည်ညှိကင်းမဲ့ခြင်း၊ စိတ်ဓာတ် အားဖြင့် ဆန့်ကျင်တော်လှန်ခြင်းမျိုးကား အပြည့်အဝ ရှိခဲ့ကြလေသည်။

အချိန် သိပ်မကြာမီအတွင်း၌ပင် ကိုသာမြိုင်သည် ကွမ်းသီးဖက်ဆေးလိပ် နှစ်လိပ်ကို ယူဆောင်လျက် ကျွန်တော့်နှင့် ဂျပန်စစ်သားတို့ ရှိရာသို့ ရောက်လာ လေသည်။

ကျွန်တော်သည် ကိုသာမြိုင်၏ လက်တွင်းမှ ဆေးလိပ်နှစ်လိပ်ကို လှမ်းယူ လိုက်ပြီးနောက် ဂျပန်စစ်သား၏လက်သို့ ပေးလိုက်သည်။

ဂျပန်စစ်သားသည် ဆေးလိပ်တစ်လိပ်ကို မီးညှိပြီးနောက် တစ်စုံတစ်ရာ စကားမဆိုဘဲ မီးပုံအနီးမှ ထွက်ခွာသွားလေသည်။

"ဂျပန်တွေဟာ သိပ်ဆိုးတာပဲ ဆရာလေး၊ ချွေးတပ်သားတွေ အပေါ်မှာရော၊ စစ်သုံ့ပန်းတွေ အပေါ်မှာရော နည်းနည်းလေးမှ သနားကြင်နာစိတ်မရှိကြဘူးနော်"

ဂျပန်စစ်သား ကျွန်တော်တို့အနီးမှ ထွက်ခွာသွားသည့်အခါ ကိုသာမြိုင်က စတင်၍ စကားဆိုလေသည်။

"ဂျပန်ဖွေ ဆိုးတယ်ဆိုတာထက် သူတို့တစ်တွေ လိုက်နာကျင့်သုံးရတဲ့ စနစ်ကိုက ဆိုးတယ်ဆိုရင် ပိုပြီးမှန်တယ် ကိုသာမြိုင်၊ ခင်ဗျား တစ်ခုတွက်ကြည့် မှပေါ့၊ ကျွန်တော်တို့နဲ့ စစ်သုံ့ပန်းတွေလောက်သာ ဒီတောမျက်မည်းထဲမှာ ဒုက္ခ တွေ့နေကြတာ မဟုတ်ပါဘူး၊ သူတို့ဂျပန်စစ်သားတွေ ကိုယ်တိုင်ဟာလဲ အင်မတန် ဆင်းရဲဒုက္ခရောက်နေကြတာပဲဗျာ"

ကျွန်တော်က ပြောလိုက်ပါသည်။

ကိုသာမြိုင်သည် ကျွန်တော့်စကားကြောင့် ဦးခေါင်းတဆတ်ဆတ် ပြုလေ သည်။ သူသည် ကျွန်တော်၏ ဆိုလိုချက်ကို သဘောတူ လက်ခံဟန်ရှိလေသည်။

ဤတွင်းဇနွေးတပ်စခန်းများတွင် ကျွန်တော်ကို့သာလျှင် မဟုတ်။ ဂျပန် စစ်သားများမှာလည်း ဟောင်းဘီအပြဲပြဲ၊ အင်္ကျီအစုတ်စုတ်၊ ဖိနပ်အပေါက်ပေါက် နှင့် ဖြစ်သလို ကျသလို နားသောက်နေထိုင်ကြရသူများသာ ဖြစ်ကြလေသည်။

"စစ်ကြီး ဘယ်တော့ပြီးမှာလဲ ဆရာလေး"

ကိုသာမြိုင်သည် မည်သို့ စိတ်ကူးရလေသည် မသိ၊ မည်သည့်အတွေး အခေါ်တွေကို တွေးတောလိုက်မိသည် မသိ၊ ကျွန်တော့်အား အထက်ပါ မေးခွန်းကို ရုတ်တရက် မေးမြန်းခြင်း ပြုလိုက်ပါသည်။

ကိုသာမြိုင်၏ အမေးသည် ကျွန်တော့်နှလုံးသားကို ဖျပ်ခနဲ လှုပ်ရှားသွား စေပါသည်။ သည်ကိစ္စကို ကျွန်တော့်အနေနှင့် တစ်ကြိမ်တစ်ခါမှ မစဉ်းစား ပဲကွေးတော့မိ။

"စစ်ကြီး ဘယ်တော့ ပြီးသွားမလဲ၊ ငြိမ်းချမ်းရေး ဘယ်အချိန်ရမလဲ"

ဤသည်ကို ကျွန်တော်က ပွေးတောစဉ်းစားသင့်ပေသည်။

ဘွန်ထိုက်ချို ကိုသာမြိုင်၏ အမေးမှာ လေးနက်သည်။ ကျယ်ဝန်းနက်နဲသော သဘောကို ဆောင်သည်။ ဤအချက်ကိုကား ကျွန်တော် သဘိပြုလိုက်မိပါသည်။

ဤတွင်း ချွေးတပ်စခန်းများ၌ များစွာကုန်သော ချွေးတပ်သားများ၊ ဘွန်ထိုက်ချို၊ ဟန်ချို စသူများသည် ထိုမေးခွန်းမျိုးကို မည်သူတစ်ဦးတစ်ယောက် ကမှ ကိုသာမြိုင်လို မမေးမမြန်းခဲ့ကြ။ သူတို့တစ်တွေ မေးလေမေးထရှိကြသည်မှာ-

"မီးရထားလမ်း ဘယ်တော့ပြီးမှာလဲ"

"ကျွန်တော်တို့တစ်တွေ ဘယ်တော့ပြန်ရမှာလဲ"

ထပ်တလဲလဲ သူတို့မေးမြန်းကြသည်မှာ ဤမေးခွန်းနှစ်မျိုးသာ ဖြစ်လေသည်။

"ကိစ္စတစ်ခုဟာ အစရှိရင် အဆုံးရှိရမှာပေါ့ဗျာ၊ စစ်ကြီးဖြစ်ခဲ့တဲ့အကြောင်း တွေ ရှိသလို၊ စစ်ကြီးပြီးတဲ့ နေ့တစ်နေ့၊ အချိန်တစ်ချိန်ဟာလဲ မလွဲမသွေ ရှိရမှာ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ကိုသာမြိုင်ထံမှ နောက်ထပ်လျက် စကားတစ်စုံတစ်ရာ ထွက်မလာတော့ပေ။

အမှန်စင်စစ် ကျွန်တော်တို့ နှစ်ဦးစလုံးသည် မီးငွေ့ကို လှုံရင်း အတွေး ကိုယ်စီဖြင့် ငြိမ်သက်နေကြခြင်းသာ ဖြစ်လေသည်။

ထိုညက ကျွန်တော်နှင့် ကိုသာမြိုင်မှာ အင်္ဂလိပ်စစ်ဗိုလ်နှင့် နောက်ထပ်လျက် မဆုံကြတော့ပေ။ ကျွန်တော်နှင့် ကိုသာမြိုင်သည် မီးပုံဘေးတွင် အချိန်အတန်ကြာ ဆက်လက်၍ ထိုင်နေကြသော်လည်း အင်္ဂလိပ်စစ်ဗိုလ်မှာမူ ကျွန်တော်တို့ထံသို့ နောက်ထပ်မလာတော့ပါချေ။ သူသည် တစ်စုံတစ်ရာပြဿနာ ပေါ်လာမည်ကို တွေးတောနိုးရိမ်သောကြောင့် ဖြစ်ဟန်တူပါသည်။ ပြီးလျှင် ကျွန်တော်ကိုယ်တိုင်က အင်္ဂလိပ်စစ်သုံ့ပန်းများနှင့် လျှော်တပ်သားများ၏ လွန်ခဲ့သောတစ်ချိန်က ဖြစ်ရပ်များကို ပြောလိုက်သောကြောင့်လည်း ကျွန်တော်တို့အပေါ်တွင် ကျရောက်ဖြစ်ပေါ်လာမည့် အန္တရာယ်အတွက် စိုးရိမ်စိတ်ဖြစ်သွားဟန် ရှိလေသည်။

ဤလိုနှင့် ကျွန်တော်တို့၏ တဲကြီးပေါ်သို့ ရောက်ရှိလာသော စစ်သုံ့ပန်း များမှာလည်း ကျွန်တော်တို့ တဲကြီးပေါ်တွင် အကြာအရှည်မနေကြပါချေ။ ဂျပန် တို့သည် ဗြိတိသျှ စစ်သုံ့ပန်းများအား နောက်တစ်နေ့ မနက်၌ပင် ယခင် စစ်သုံ့ပန်းများ နေထိုင်သွားရာ တဲလိုင်းကြီးအား ထပ်မံကာ ပြုပြင်စေပြီးနောက် ထိုတဲလိုင်းကြီးသို့ ရွှေ့ပြောင်းပေးလိုက်ပေသည်။

❑

၁၈။ လျှော်တပ်စခန်းနှင့် အဓိပတိမင်းကြီး

နောက်ရက်များသည် ဆောင်းလယ်ရာသီအဂင်းသို့ ပင်ရောက်ခဲ့သော ရက်များပင် ဖြစ်လေသည်။

သည် မိုးရာသီ မိုးကာလမှ လွန်မြောက်လျက် ဆောင်းရက်များ ဖြစ်သော ကြောင့်လည်း တောတောင်ရေမြေအားလုံးသည် တစ်မျိုးတစ်ဖုံ ကြည်နူးနှစ်သိမ့်ဖွယ် ရှိနေလေသည်။

နံနက်လင်းသည်ဟုဆိုလျှင်ပင် ယခင် မိုးရာသီတုန်းကလို တအုန်းအုန်း တဖြုန်းဖြုန်း ရွာသွန်းနေသော မိုးရေမိုးပေါက်များ၏ ဒဏ်ကို လျှော်တပ်သားများ မခံစားရတော့ပါချေ။ တောတောင်လျှိုမြောင်အားလုံးအား ရီဝေမှုန်မှိုင်းစွာ လွှမ်းခြုံ ရစ်သိုင်းထားသော ဆောင်းနှင်းများဖြင့် ပိတ်ဖုံးနေသည့်အမြင်၊ အထိတွေ့များ ကိုသာ လျှော်တပ်သားများ မြင်တွေ့ခံစားရလေသည်။

နံနက်စောစောဆိုလျှင် မည်သည့်အရပ်၊ မည်သည့်နေရာကိုပင် ကြည့်ကြည့် ဖူထဲသိပ်သည်းသော ငွေသားကမ္ဘာနှင့်တူသည့် ဆောင်းနှင်းထုကြီးများကိုသာ မိုးသားဖြူဖြူကြီးများအလား အတိုင်းသား မြင်တွေ့နေရလေသည်။

ဤလို ဆောင်းလယ်ရာသီ၏ ရက်များ၌မူ လျှော်တပ်သားများသည် မနက် အရုဏ်တက်ချိန်လောက်ကပင် အိပ်ရာမှ နိုးကြလေသည်။ သူတို့သည် မီးငွေ့ကို လှုံရန်အတွက် မီးပုံများရှိရာသို့ တစ်ယောက်ပြီးတစ်ယောက် အလှအယက် ရောက်လာတတ်ကြလေသည်။

မီးပုံကြီးများအနီးသို့ ရောက်ကြသည့်အခါ၌လည်း သူတို့သူတို့သည် မိမိတို့နှင့် သက်ဆိုင်ရာ သက်ဆိုင်ရာဖြစ်ကြသော ရပ်ရွာဒေသအကြောင်းများကိုလည်းကောင်း၊ လုပ်ခင်းဆောင်တာများအကြောင်းကိုလည်းကောင်း၊ သားမယား၊ သားသမီး

www.burmeseclassic.com

www.burmeseclassic.com

စသော ဆွေမျိုးသားချင်းတို့၏ အကြောင်းများကိုလည်းကောင်း လူစုဖွဲ့လျက် ပြောကြားခြင်းပြုကာကြလေသည်။

အချို့အချို့သော ချွေးတပ်သားများက ဆိုပါလျှင် ချွေးတပ်ထဲသို့ ၎င်းတို့ ပါလာသည့်အချိန်က နေအိမ်တွင် ကျန်ရစ်ခဲ့သော သားသမီးငယ်ကလေးများ၏ အကြောင်းကိုလည်းကောင်း၊ မမွေးမဖွားသေးဘဲ ကိုယ်ဝန်နှင့် ကျန်ရစ်ခဲ့သော သားသမီး၊ ကလေးများ၏ အကြောင်းကိုလည်းကောင်း၊ မပြီးမပြတ်ဘဲ ကျန်နေသော စိုက်ပျိုးထွန်ယက်ခင်းများ၏ အကြောင်းကိုလည်းကောင်း လွမ်းလွမ်းဆွေးဆွေးနှင့် ဟသသ ပြောကတတ်ကြလေသည်။

အချို့အချို့သော ချွေးတပ်သားများသည် မိုးကုန်၍ ဆောင်းပေါက်လာသည့် အချိန်ကပင် ၎င်းတို့၏ ဒေသရပ်ရွာများ၌ ကျင်းပပြုလုပ်မြဲဖြစ်သော ကျောင်းကန် ဘုရားပွဲတော်များအကြောင်း၊ ကထိန်ပွဲ၊ မီးထွန်းပွဲတော်များအကြောင်း၊ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆွမ်းကြီးလောင်းလှူပွဲများအကြောင်းမှ စလျက် ထိုပွဲတော် လမ်းတော်များသို့ အိမ်သူသက်ထားများနှင့် သွားလာခဲ့ကြပုံ၊ ဆင်နွှဲပျော်မြူးခဲ့ကြပုံများကိုပါ စိကာပတ်ကုံးပြောတတ်ကြလေသည်။

ထိုအခါ သူတို့သူတို့၏ စကားများကို ကြားရသော ကျွန်တော့်အနေနှင့် အလွန်တရာစိတ်မကောင်းခြင်း ဖြစ်ရပါသည်။ သူတို့ကဲ့သို့ပင် ကိုယ့်အဖြစ်ကို ကိုယ်ပြန်တွေးရ၍လည်း စိတ်မချမ်းမြေ့ခြင်း ဖြစ်ရလေသည်။

လွမ်းစရာ ဆွေးစရာရှိ၍ လွမ်းတတ် ဆွေးတတ်သူများအဖို့ ဆောင်းဥတု ရာသီမှာ ပို၍ အလွမ်းကြွယ်စေသည်ဟု ကျွန်တော် ထင်ပါသည်။

မီးပုံကြီးဘေးတွင် စုပြုံကာ ထိုင်နေကြသော ချွေးတပ်သားများသည် မီးငွေ့ကို လှဲရင်းမှ သူတို့၏အိမ်ရာများအကြောင်းကို အချိန်အတန်ကြာမျှသာ တစ်ယောက်လျှင် တစ်မျိုး ပြောနိုင်ကြလေသည်။ အတော်ကလေးအချိန်ကြာသည့် အခါ နှုတ်ဆိတ်လျက် ငြိမ်သက်သွားကြရာလေသည်။

သူတို့ခမျာများသည် သိပ်သည်းရီဝေနေသော နှင်းထုများအတွင်းသို့ အငေးအမောကြည့်ရင်း တဖြောက်ဖြောက်ကျဆင်းနေသော နှင်းပေါက်သံကို နားစွင့်ရင်း အတွေးရေယာဉ်ကြောဝယ် နစ်မျောလျက် ရှိရှာကြလေသည်။

ထိုင်း–မြန်မာ မီးရထားလမ်းမကြီးဖောက်လုပ်ရာ တောတွင်း ချွေးတပ်စခန်းများ၌ နေ့စဉ်နှင့်အမျှ ကြုံတွေ့ခဲ့ရသော ဖြစ်ကြောင်း ဖြစ်ရပ်ကလေးများသည် ကျွန်တော့်အဖို့ တစ်သက်လျှာတွင် မေ့မျောက်မရနိုင်သော အကြောင်းရပ်များဟူ၍ ဆိုချင်ပါသည်။

ဤတွင် ဖြစ်ကြောင်း ဖြစ်ရပ်ကလေးများဟူ၍ ဆိုရသော်လည်း အချို့အချို့သော ကိစ္စရပ်များမှာမူ ပေါ့ပေါ့ဆဆ သဘောထားရမည့် သေးငယ်သော ကိစ္စရပ်များ မဟုတ်ပါပေ။ ကိုယ်တွေ့ကြုံရသူအဖို့ တစ်သက်လျှာတွင် မေ့မျောက်၍ မရနိုင်လောက်သည့် သက်စွန့်ဆဲဖျား ကြုံဆုံရချက်များပင် ဖြစ်လေသည်။

ဝမ်းရောဂါဆိုးကြီးများနှင့် ကြုံတွေ့ရခြင်း၊ တဲတန်းလျားကြီးများအတွင်းသို့ ညအခါ ကျားများ ဝင်ရောက်လာတတ်ခြင်း၊ ကျောက်တောင်ကြီးများကို ဒိုင်းနမိုင်းဖောက်ခွဲရခြင်း၊ ကျောက်ရောဂါများ ဖြစ်ရခြင်း စသည်စသည်တို့မှာ အသက်ဘေးနှင့် နီးကပ်လှသော အဖြစ်များဟု ဆိုရပါမည်။

ထိုအတွင်း ရံဖန်ရံခါ မလွဲမရှောင်သာ ကြုံရတတ်သော လုပ်မှုကိုင်မှုနှင့် ခြေလှမ်းမှားသော အဖြစ်များကြောင့် ဂျပန်များနှင့် ပြဿနာပေါ်ရသော ကိစ္စဟူသည်မှာလည်း တကယ်တမ်းတွေးကြည့်လျှင် သေးငယ်သော အမှုမထားလောက်သော အဖြစ်သနစ်များဟူ၍ ပြောမဖြစ်ပါချေ။

အဆိုးဆုံးမှာ ဟောတွင်းချွေးတပ်စခန်းများရှိ ဂျပန်တို့သည် (အားလုံးမဟုတ်သည်တိုင် အများစုမှာ) ချွေးတပ်သားများအဖို့ ကျားများနှင့် တောဆင်ရိုင်းများထက်သော်လည်းကောင်း၊ ဝမ်းရောဂါနှင့် ကျောက်ရောဂါထက်သော်လည်းကောင်း ပို၍ပို၍ ကြောက်စရာကောင်းနေခြင်းပင် ဖြစ်လေသည်။

ချွေးတပ်သားများအပေါ်တွင် ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုနှင့် ပတ်သက်၍ကား အထက်ကလည်း ကျွန်တော် တဖွဖွဆိုခဲ့ပြီးပါပြီ။ ယခုလည်း ထပ်မံ၍ ဆိုရပါဦးမည်။ ဂျပန်များသည် ချွေးတပ်သားတို့အပေါ်၌ အနည်းငယ်မျှ အကြင်နာ သနားမဖက်ဘဲ သူ မကူအောင် ရက်စက်ကြမ်းကြုတ်ကြသူများသာ ဖြစ်လေသည်။

ထို့ကြောင့်လည်း ချွေးတပ်စခန်းများ၌ အလုပ်လုပ်ကြရသည်မှာ အခြားသော အလုပ်ကို လုပ်ကြရသည်ထက် ပို၍ စိတ်ဆင်းရဲခြင်း ဖြစ်ကြရသည်ဟူ၍လည်း ကျွန်တော် ယူဆမိပါသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသည် ဂျပန်ကစ်ခေတ်လုံး၌ ဆေးဝါးရှားပါးခြင်း၊ အစာအသောက်ရှားပါးခြင်း၊ အဝတ်အထည်ရှားပါးခြင်း စသော ဆင်းရဲကျပ်တည်းမှုများနှင့် တစ်နိုင်ငံလုံး ရင်ဆိုင်ကြရပေရာ တောတွင်း ချွေးတပ်စခန်းများ၌လည်း ထိုအဖြစ် ထိုဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ကြရပေသည်။

ထိုမျှမက ဤလိုဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်ကြရသည့်အတွင်းမှ ဖက်ဆစ် စနစ်၏ ရက်စက်ကြမ်းကြုတ်မှုက ပို၍ပို၍ လွန်ကဲလာသည့်အခါ ချွေးတပ်သား

www.burmeseclassic.com

www.burmeseclassic.com

ခမျာများအဖို့ ပြေးစရာလည်း မြေမရှိ၊ ပေးစရာလည်း ငွေမရှိ ဆိုသည့်စကားကဲ့သို့ အားကိုးစရာ ကင်းမဲ့လျက် အထူးပင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရလေသည်။

ထိုအကြောင်းမှာလည်း ချွေးတပ်သားများ ကြုံတွေ့ရသော ဆင်းရဲဒုက္ခပေါင်း မြောက်မြားစွာအနက် တစ်ကြောင်းအပါအဝင်ဟူ၍ ဆိုရပေမည်။

သည်နေရာတွင် အကြောင်းတစ်ခုကို စကားဖြတ်လျက် ဆိုရပေဦးမည်။

ရက်,လကိုကား ကျွန်တော် အသေအချာ မမှတ်မိတော့ပါ။ နွေဦးပေါက် ရာသီတစ်နေ့တွင် ကျွန်တော်တို့ တောတွင်း ချွေးတပ်စခန်းများရှိရာသို့ မြန်မာနိုင်ငံ၏ ထိုစဉ်အခါက **'အဓိပတိအရှင်မင်းကြီး ဒေါက်တာဘမော်'** ကြွရောက်လာလိမ့်မည်။ ချွေးတပ်သားများအား လှည့်လည်စစ်ဆေးခြင်း ပြုလိမ့်မည်ဟု သတင်းစကား ကြားသိရလေသည်။

ဤသတင်းသည် သံဖြူဇရပ် ချွေးတပ်စခန်းမှ နေလျက် ဘုရားသုံးဆူစခန်း အထိ တောမီးလောင်သည့်ပမာ ပျံ့နှံ့လာလေတော့သည်။

ထိုင်း-မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်ရာတွင် မြန်မာနိုင်ငံဘက်မှ တာဝန်ယူရသည်မှာ သံဖြူဇရပ်မှနေလျက် ဘုရားသုံးဆူစခန်းအထိ ဖြစ်လေသည်။ ကစ်နည်းဆိုရသော် သံဖြူဇရပ်သည် မြန်မာနိုင်ငံ၏ ချွေးတပ်စခန်းအစ ဖြစ်လျက် ဘုရားသုံးဆူစခန်းမှာ မြန်မာနိုင်ငံဘက်မှ ချွေးတပ်စခန်းအဆုံး ဖြစ်လေသည်။

တစ်ဖန် ထိုင်းနိုင်ငံ (Ban Pong) ဘန်ပေါင်မှ မြန်မာနိုင်ငံ ဘုရားသုံးဆူ စခန်း အထက်အထိ ထိုင်းဘက်မှ တာဝန်ယူရလေသည်။

တစ်ရာ့ခုနစ်ဆယ့်ငါးမိုင် ရှည်လျားသော ထိုင်း-မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်ရေးတွင် မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် 'ဘုရားသုံးဆူစခန်း' ကို ဗဟို ထားလျက် တာဝန်ခွဲဝေယူကြရခြင်းပင် ဖြစ်လေသည်။

ထိုင်းနိုင်ငံဘက်မှ ချွေးတပ်သားများမှာ ထိုင်းနိုင်ငံသူ၊ နိုင်ငံသား ဆင်းရဲသား များနှင့် မလေးလူမျိုးများ များပြားသည်ဟု သိရလေသည်။ သို့ရာတွင် ထိုချွေးတပ်သားများသည် ဘုရားသုံးဆူစခန်း၏ သည်မှာဘက်သို့ ကူးသန်းမလာရသလို၊ မြန်မာနိုင်ငံဘက်မှ ချွေးတပ်သားများမှာလည်း ဘုရားသုံးဆူစခန်း၏ ဟိုမှာဘက်သို့ မကူးသန်းရပါချေ။ ထိုကိစ္စကိုမူ ဂျပန်စစ်အာဏာပိုင်တို့သည် တင်းတင်းကျပ်ကျပ် ပိတ်ပင်တားမြစ်ခြင်းပြုလေသည်။

ဤတွင် အထက်က စကားကို ဆက်လက်၍ ဆိုရပါမည်။

အဓိပတိအရှင်မင်းကြီး ဒေါက်တာဘမော် ချွေးတပ်စခန်းများသို့ လာရောက်၍ ကြည့်ရှုလိမ့်မည်ဆိုသော သတင်းကို ကျွန်တော်တို့တစ်တွေ ကြားသိရသည်မှာ

ဂျပန်စစ်သားများနှင့် စကားပြန်ကလေးများထံမှ တစ်ဆင့် ကြားသိရခြင်းပင် ဖြစ်လေသည်။

ထိုအခါ ချွေးတပ်သားများနှင့် ဘွန်ထိုက်ချို၊ ဟန်ချို စသူများက ထိုသတင်း ဟုတ် မဟုတ် ကျွန်တော့်အား မေးကြ မြန်းကြပါသည်။

ကျွန်တော်ကိုယ်တိုင်မှာလည်း ထိုသတင်းကို ဂျပန်စစ်သားများနှင့် စကားပြန် များထံမှ ကြားသိရခြင်းသာ ဖြစ်သည်။ အဘယ်မျှ မှန်ကန်၍၊ အဘယ်မျှ တိကျ လိမ့်မည်ဆိုခြင်းကိုမူ အသေအချာမပြောနိုင်ဘဲ ဖြစ်ရလေသည်။

ချွေးတပ်သားများမှာမူ တောတွင်း ချွေးတပ်စခန်းသို့ အဓိပတိမင်းကြီး လာရောက်၍ ကြည့်ရှုစစ်ဆေးခြင်းပြုလိမ့်မည် ဆိုသည့်အတွက် တလူပ်လူပ်တရွရွ ဖြစ်နေကြလေသည်။

သူတို့တစ်တွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်မှာလည်း အကြောင်းရှိသော ကြောင့် ဖြစ်လေသည်။ သူတို့သူတို့ခမျာများသည် သူတို့၏ အနေဆင်းရဲခြင်း ဒုက္ခ၊ အစားဆင်းရဲခြင်း ဒုက္ခ၊ အဝတ်ဆင်းရဲခြင်း ဒုက္ခမှစ၍ ဖြစ်ဖြစ်သမျှသော ဒုက္ခပေါင်း သောင်းခြောက်ထောင်ကို အဓိပတိအရှင်မင်းကြီးအား တင်ပြတိုင်ကြား ကြမည်ဟု အားခဲထားကြလေသည်။

သည်အထဲတွင် ကျွန်တော်၏ ဘွန်ထိုက်ချို ကိုသာမြိုင်တစ်ယောက်မှာလည်း အပါအဝင်ပင် ဖြစ်နေပါတော့သည်။

သူသည် အဓိပတိအရှင်မင်းကြီး လာရောက်မည်ဆိုသည့်အတွက် စိတ်မာတ် တက်ကြွနေရုံမျှမက သူကဲ့သို့ ချွေးတပ်စခန်း၌ ကစ်နစ်ကျော် အချိန်ကြာမြင့်ခဲ့ပြီး သူများကိုလည်း စုစည်းလျက် သွေးထိုးပေးနေပါလေတော့သည်။

"အဓိပတိ အရှင်မင်းကြီး ကြွလာရင်တော့ ကျွန်မတော်တို့အဖြစ်ကို ကိုင်ကြား ရမှာပဲ ဆရာလေး၊ ကျွန်တော် ဒီပြင်လူတွေကိုလဲ ကြောထားတယ်၊ ကျွန်တော်တို့ အားလုံးစုပြီးတော့ တညီတညွတ်တည်း ကိုင်ကြမယ်ခင်ဗျာ့"

ဘွန်ထိုက်ချို ကိုသာမြိုင်က စိတ်ဓာတ် တက်ကြွစွာဖြင့် ထိုစကားကို ဆိုပါသည်။

ကျွန်တော်သည် ကိုသာမြိုင်၏ မျက်နှာကို တအံ့တသြ ကြည့်လိုက်မိသည်။ မည်သည့်စကားကိုမှ ကျွန်တော်က ပြန်မဆိုသေးပါ။ အခါတိုင်းနှင့် မတူသော လန်းဆန်းတက်ကြွနေသည့် သူ့အမူအရာသည် တောတွင်း ချွေးတပ်စခန်းတွင် တစ်နှစ်နီးပါး အတူတွဲလျက် နေခဲ့ရသော ကျွန်တော့်အဖို့ အံ့သြမကုန်ဖြစ်ရ လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အလွန်တရာ ရိုးအ,လျက် အင်မတန် တည်ငြိမ် အေးစက်လှသော ကိုသာမြိုင်၏ စိတ်လှုပ်ရှားနေမှုကိုလည်းကောင်း၊ ရွှင်ပျလန်းဆန်းနေမှုကိုလည်းကောင်း သည်တစ်ကြိမ် သည်တစ်ခါသာ ကျွန်တော် တွေ့ရဖူးပါသည်။

"ကျွန်တော့်လူတွေကိုလဲ အားလုံးကို ဂုန်နီပိုင်းတွေပဲ အပတ်ခိုင်းထားတယ်၊ ဒါမှ ကျွန်တော်တို့ရဲ့ ဆင်းရဲဒုက္ခကို အဓိပတိမင်းကြီး သိသွားမယ်၊ မျက်မြင်ကိုယ်တွေ့လဲ ဖြစ်သွားမယ်"

ဘွန်ထိုက်ချို ကိုသာမြိုင်သည် ရွှင်လန်းဝမ်းမြောက်သော ကလေးသူငယ်တစ်ယောက်အလား ထိုစကားကို ထပ်၍ ပြောပြန်ပါသည်။

ကျွန်တော်သည် သူ့မျက်နှာကို ခပ်တွေတွေ ငေးကြည့်နေမိသည်။ သူနှင့်အတူ ပါလာသော ချွေးတပ်သား ဇလေဇါးယောက်တို့မှာလည်း သူ့လိုပင် အားတက်ရွှင်လန်းနေကြပါသည်။

သူကိုသည် မမြင်ရ မတွေ့ရသေးသော ကိစ္စတစ်ခုအတွက် ကြီးစွာသော မျှော်လင့်အားထားချက် တစ်စုံတစ်ရာဖြင့် စိတ်ဓာတ်တက်ကြွနေသည်ဆိုခြင်းမှာမူ အထူးပင် ထင်ရှားလှပါသည်။ သူကို့အားလုံးသည် တညီတညွတ်သော ယူနီဖောင်းများကို ဝတ်ဆင်ထားကြသလို ဂုန်နီပိုင်းများကို ဝတ်ဆင်ထားကြပါသည်။

ခါးပေါ်တွင် ဝတ်ဆင်ထားသည်မှာ ဂုန်နီပိုင်းဖြစ်သလို၊ ကျောပေါ်တွင် လွှမ်းခြုံထားသည်မှာလည်း ဂုန်နီပိုင်းစုတ်ပင် ဖြစ်လေသည်။ အားလုံးပင် ဂုန်နီအိတ်ပုတ်၊ ဂုန်နီအိတ်ခြုံလျက် ဆဲရှည်သမားများချည်းသာ ဖြစ်ကြလေသည်။ မွဲမွဲပြောင်ပြောင် အသားအရောင်များနှင့်ချည်း ဖြစ်ပေရာ မသိလျှင် တောင်ပေါ်နေ နွားကျောင်းသူ အထင်များလောက်ပေသည်။

"ကျွန်တော်တို့ကို ခေါ်လာတုန်းက မြွောက်လဲ ကြာမယ်ပြောတာ၊ ခုဆိုရင် တစ်နှစ်နဲ့ နှစ်လရှိပြီ ဆရာလေ"

ကိုသာမြိုင်က ဆိုပြန်ပါသည်။ သူ့နောက်ပါ လူများကလည်း တညီတညွတ်ပင် ဦးဆောင်သီဟိုက်ကြသည်။

"အဲဒီပေါက်ကြီး ကြွလာရင်တော့ ကျွန်တော်တို့ကို ပြန်ခွင့်ပေးဖို့ ပြောရမှာပဲ၊ အဲလိုပြောတဲ့အကွက် ဂျပန်က ရိုက်လို့ သေချင် သေပါစေတော့"

ကိုသာမြိုင်နှင့်အတူ ပါလာသော ချွေးကပ်သားကစ်ယောက်က ပြောလေသည်။

ကျွန်တော်သည် သူတို့အားလုံးကို ကြည့်ကာ စိတ်မကောင်းဖြစ်ရပြန်ပါသည်။ အကွေးအဂေးတစ်ခုကိုလည်း ကျွန်တော် ပေးလိုက်မိလေသည်။ အဓိပတိ

မင်းကြီးသည် သူတို့သူတို့၏ ဆင်းရဲဒုက္ခကို တကယ်တမ်း သိပါမည်လော။ တကယ်တမ်း ကယ်တင်နိုင်ပါမည်လော။

အဓိပတိ အရှင်မင်းကြီးဆိုသူသည်ပင် ဂျပန်များအား အဘယ်မျှကြောက်ရွံ့နေရလေသနည်း။

သွေး၊ ချွေး၊ မျက်ရည်တို့ဖြင့် ဖုံးလွှမ်းအပ်သော ဤနိုင်ငံတွင် အဓိပတိ အရှင်မင်းကြီးနှင့် အပေါင်းပါတို့သည် အဘယ်မျှ အစွမ်းထက်မြက်ကြသူတွေပေနည်း။

ကျွန်တော့်အနီးမှ ဘွန်ထိုက်ချို ကိုသာမြိုင်တို့လူစု ထွက်ခွာသွားသည့်ကိုင် ကျွန်တော်သည် ထိုအတွေးများကို ကရွတ်ကင်းလျှောက် တွေးတောရင်း ကျန်ရစ်ခဲ့ပါသည်။

ဤလိုနှင့် နောက်ကစ်နေ့ နေ့လယ်ခင်းအချိန်တွင် ဂျပန်စစ်ဗိုလ် ရာမာမိုတို က စကားပြန်သူငယ်ကလေးအား စေလွှတ်လျက် သူရှိရာ စစ်ရုံးအဆောက်အအုံသို့ ကျွန်တော့်အား ခေါ်ငင်ခြင်းဖြစ်ပါလေသည်။

ကျွန်တော်သည် စကားပြန်သူငယ်လေးနှင့်အတူ ရာမာမိုတို့ရှိရာသို့ လိုက်ပါခဲ့ရလေသည်။

ရာမာမိုတို့ရှိရာသို့ မရောက်မီ လမ်းခုလတ်တစ်နေရာတွင် စစ်သုံ့ပန်းများ အလုပ်လုပ်နေသည်ကို တွေ့ရလေသည်။

သူတို့သည် မိုးကုန်ပြီးစက ကျွန်တော်တို့ ချွေးတပ်သားများနှင့် ဆင်သမားများ နှုတ်လဲ့ထားသော သစ်ပင်၊ သစ်လုံးကြီးများကို လွှများ ပုဆိန်များဖြင့် ဖြတ်တောက်လျက် ရှိနေကြလေသည်။

ထိုသစ်တိုင် သစ်လုံးကြီးများသည် မကြာမီ ဆောက်လုပ်တော့မည်ဖြစ်သော 'ဟပ်ဒိန်တံတားကြီး' အတွက်ပင် ဖြစ်လေသည်။

အလုပ်လုပ်နေကြသော သုံ့ပန်းစစ်သားများထဲတွင် တစ်ညာက ကျွန်တော်နှင့် ကိုသာမြိုင်တို့ တွေ့ကြုံခဲ့ရသော သုံ့ပန်းစစ်ဗိုလ်မှာလည်း အပါအဝင် ဖြစ်လေသည်။ သူသည် အလုပ်တာဝန်ကို ပင်ပန်းကြီးစွာ မလုပ်ရသော်လည်း တံတားတိုင် ဖြတ်တောက်ခြင်း၊ တံတားတိုင်ရွှေ့ခြင်း၊ မူလိစုပ်ရန်အတွက် လွှန်ပူပေါက်ဖောက်ရခြင်း စသော အတိုင်းအထွာအားလုံးမှာမူ သုံ့ပန်းစစ်ဗိုလ်၏ အစီအမံအားလုံးပင် ဖြစ်လေသည်။

သူသည် ဆောက်လုပ်ရေးဖက်၌ ကျွမ်းကျင်သော အင်ဂျင်နီယာစစ်ဗိုလ်တစ်ယောက် ဖြစ်ဟန်တူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ဂျပန်များသည် 'ထိုင်း-မြန်မာ မီးရထား လမ်းကြီး' ကို ဖောက်လုပ်ခြင်းပြုရာ၌ နည်းနည်းနှင့် ကျဲကျဲဝိုင်းသည့် သဘောမျိုး ဖောက်လုပ်ခြင်းပြုသည်မှာ မှန်၏။ တစ်နည်းဆိုရလျှင် 'ပြီးကပစ် ပြီးစလွယ်' ဟု ဆိုနိုင်၏။ သို့ရာတွင် 'တပ်ဒိန်တံတားကြီး'ကဲ့သို့ ရှည်လျားကြီးမား သော တံတားကြီးတစ်ခုကို ဆောက်လုပ်ခြင်းအမှုဆိုမူ ပြီးစလွယ်လုပ်၍ မရနိုင်ကြောင်း ထင်ရှားလှလေသည်။

ရှည်လျားကြီးမားသော တံတားကြီးတစ်ခုပေါ်မှ မီးရထားကြီးတစ်စင်းလုံး ဖြတ်သန်းခုတ်မောင်းခြင်းပြုရမည့်ကိစ္စဆိုမူ ဘယ်နည်းနှင့်မှ ပေါ့ပေါ့တန်တန်လုပ်၍ မရနိုင်ကြောင်း ဂျပန်များ သဘောပေါက်ထားပြီး ဖြစ်လေသည်။

တစ်ဖန် နောက်တစ်ကြောင်းဆိုရန်ရှိသည်မှာ သည်လိုတံတားကြီးမျိုးသည် သံဘောင်များ၊ သံယက်မကြီးများ၊ ကွန်ကရစ်တိုင်ကြီးများဖြင့် အခိုင်အခဲ့ အကျအန ဆောက်လုပ်ခြင်းပြုရမည့်ကိစ္စ ဖြစ်သော်ငြားလည်း ရရာရကြောင်းလျှင် ဖြစ်သော တောသစ်ပင်ရိုင်းများကိုသာ အသုံးချလျက် ဆောက်လုပ်ရမည့်ကိစ္စ ဖြစ်လေရာ ဂျပန်တို့၏ ထိုတံတားကြီးဆောက်လုပ်ရေးတာဝန်မှာ အဘယ်မျှ ကြီးမားကြောင်း သိသာလောက်ပေသည်။

ထို့ကြောင့်လည်း ဂျပန်တို့၏ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်သည် ၎င်းတို့အတွက် အကောက်အကျရရှိစေမည့် ဗြိတိသျှသုံ့ပန်းများထဲမှ ဆောက်လုပ်ရေး တွင် ကျွမ်းကျင်နားလည်သော အင်ဂျင်နီယာ သုံ့ပန်းစစ်သားများအား တမင် ရွေးချယ်လျက် တပ်ဒိန်စခန်းသို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ကြောင်းမှာလည်း ထင်ရှားလှလေသည်။

သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော့်ကို မြင်သည့်အခါ လက်မှ ပေကြိုးကို ကိုင်ယမ်း ဟိန္ဒူစကန်နီဘာသာဖြင့် ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်ခြင်းပြုလေသည်။

ကျွန်တော်ကလည်း သူ့ကို ပြန်လည်ကာ နှုတ်ဆက်ရလေသည်။ အနီးတွင် ရှိနေသော သုံ့ပန်းစစ်သား လေးငါးယောက်သည် သူတို့၏အကြီးအကဲ စစ်ဗိုလ်နှင့် ကျွန်တော်၏အပြုအမူကို ခပ်ပြုံးပြုံး ရပ်ကြည့်နေကြလေသည်။

ထိုလေးငါးယောက်သည် လွန်ခဲ့သော ညတစ်ညက သုံ့ပန်းစစ်သားများပင် ဖြစ်ကြလေသည်။ သူတို့အားလုံးသည် တစ်ညသောအခါက ဆေးလိပ်ကလေးများ ပေးကမ်းသည့် ကျေးဇူးကများကို ယခုအထိ သတိရနေဟန် တူလေသည်။

ကျွန်တော်သည် ထိုနေရာမှ ကျော်လွန်ခဲ့ပြီးနောက် ရာမာမိုတို့ရှိရာ စစ်ရုံး အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။

စားပွဲပေါ်တွင် မြေပုံလိပ်ကြီးတစ်ခုကို ဖြန့်ကာ ခဲတံတစ်ချောင်းဖြင့် အလုပ်များနေသော ဂျပန်စစ်ဗိုလ် ရာမာမိုတို့ကို တွေ့ရလေသည်။

ကျွန်တော်သည် သူ့ရှေ့တွင် ခြေခုံရပ်လျက် အလေးပြုလိုက်သည်။ ထိုအခါ ရာမာမိုတို့သည် ကျွန်တော့်ကို ခေါင်းမော့ကြည့်လေသည်။

ပြီးလျှင် စကားပြန်သူငယ်မှတစ်ဆင့် ကျွန်တော့်ကို စကားဆိုလေသည်။

ဦးစွာ ပထမ ကျွန်တော် သိရသည်မှာ "မနက်ဖြန်တွင် ချွေးတပ်သားအားလုံး အား အလုပ်မှ တစ်ရက်အနားပေးမည်" ဆိုသော စကားပင် ဖြစ်လေသည်။

အဲ့သြဖွယ် ကောင်းလေစွ-။

တောတွင်း ချွေးတပ်စခန်းများသို့ ကျွန်တော် ရောက်ခဲ့သည်မှာ တစ်နှစ်ပြည့်လုနီးလေပြီ။ အလုပ်မှ အနားပေးမည်ဆိုသော စကားကို (ဝမ်းရောဂါဖြစ်ပွားနေသည့် အချိန်မှအပ) သည်တစ်ကြိမ်၊ သည်တစ်ခါသာ ကျွန်တော် ကြားရဖူးသည်။ ဂျပန်တွေ ဘယ်လိုဖြစ်တာပါလိမ့်ဟု ကျွန်တော် တွေးမရ ဖြစ်ရလေသည်။

"ဒါပေမယ့် ချွေးတပ်သားတွေအားလုံး တဲတန်းလျားတွေထဲမှာပဲ နေကြရမယ်၊ ထမင်းစားရင်လဲ တဲထဲမှာပဲ စားကြရမယ်၊ မာစတာတွေ အမိန့်မပေးဘဲ ဘယ်သူမှ အပြင်ကို မထွက်ရဘူး၊ အဲဒါ နားလည်အောင် ပြောထားရမယ်"

စကားပြန်ကလေး မောင်အေးချိုက ပြောလေသည်။

ထိုစကားများသည် စင်စစ် မောင်အေးချို၏ စကားများ မဟုတ်ပါ။ ဂျပန် စစ်ဗိုလ် ရာမာမိုကိုက ပြောသောစကားများကို မောင်အေးချိုက နှုတ်ဖျားက ပြန်လည်ကာ ရွတ်ဆိုနေခြင်းပင် ဖြစ်လေသည်။

"နောက်ပြီး သဘက်ခါကျရင် ချွေးတပ်သားတွေနဲ့ ဆရာလေးပါ ဒီစခန်းက ပြောင်းရမယ်တဲ့၊ ပြောင်းရမယ့်စခန်းက 'ခုနစ်ခွေစခန်း'၊ အဲဒါ အားလုံးစီစဉ်ထားပါတဲ့၊ လမ်းခင်းဖို့ ကျောက်တွေ အရေးတကြီးလိုတယ်၊ မီးရထားထင်းတွေ ခုတ်ရမယ်၊ ကျောက်ထုရမယ်တဲ့"

ရာမာမိုတို့၏ စကားအတိုင်း မောင်အေးချိုက ပြောလေသည်။

ခုနစ်ခွေစခန်းသို့ ပြောင်းရမည်ဆိုသည့်အတွက် ကျွန်တော်သည် အတော်ပင် စိတ်ပျက်မိပါသည်။ ခုနစ်ခွေစခန်းသည် တောနက်ရာကျ၏။ ဈေးလှည်းများ အရောက်အပေါက် နည်းပါးလှ၏။ ရောဂါဝေဒနာလည်း ထူပြောလှလေသည်။

သို့ရာတွင် အမိန့်ကား အမိန့်ပင် ဖြစ်လေသည်။

ကျွန်တော်တို့အားလုံးသည် ဂျပန်စစ်သားများ၊ စစ်တပ်များ၏ အုပ်ချုပ် ကွပ်ကဲမှုအောက်၌ နေထိုင်ကြရသူများသာ ဖြစ်လေသည်။ ကျွန်တော်တို့ကိုပေးသော အမိန့်သည် စစ်တပ်က ပေးသော အမိန့်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နည်းဆိုရလျှင် ကျွန်တော်တို့အားလုံးသည် ဂျပန်ဖက်ဆစ်များ၏ လက်တွင်း၌ 'စေသည့်ကျွန်၊ ထွန်သည့်နွား' ပမာ မဟုတ်ပါလား။

"မာစတာက မေးနေတယ်၊ ခုပြောတာတွေ နားလည်သလားတဲ့"

အဘယ်မျှ ကျွန်တော် ငိုင်တွေ ငေးမောနေမိသည် မသိ။ စကားပြန်ကလေး ပောင်အေးချိုက နှစ်ခါထပ်လျက် ပြောလိုက်သည်ဟု ထင်ပါသည်။ ထိုအခါမှပင် ကျွန်တော် သတိဝင်လျက် သူ့စကားကို ကြားလိုက်မိပါသည်။

"ဟိုက်-မာစတာ၊ ဟိုက်-"

ကျွန်တော်သည် ကိုယ်ကို ခပ်တောင့်တောင့် ပြင်ရပ်လိုက်သည်။ အသံ ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

ဂျပန်စစ်ဗိုလ် ရာမာမိုတိုသည် ကျွန်တော့်ကို ကြည့်လျက် ပြုံးလေသည်။ သို့ရာတွင် သူ့အပြုံး၏ ယနောက်ကွယ်တွင် အဓိပ္ပာယ်ဆောင်ချက်ကိုကား ကျွန်တော် နားမလည်ပါချေ။

သူသည် ကျွန်တော့်ကို ခပ်ပြုံးပြုံးကြည့်ပြီးနောက် မောင်အေးချိုဘက်သို့ လှည့်လျက် တစ်စုံတစ်ရာ စကားဆိုပြန်ပါသည်။

ပြီးလျှင် မောင်အေးချို ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီး ထပ်မံလျက် စကားဆိုပြန်ပါသည်။

"ချွေးတပ်သားတွေအားလုံး အပြင်မထွက်ဖို့ကိုတော့ ကြပ်ကြပ်မတ်မတ် ပြောထားပါတဲ့၊ နားမထောင်တဲ့လူကို အရေးယူမယ်တဲ့"

ကျွန်တော်သည် နောက် ထပ်မံပြောလိုက်သော ရာမာမိုတို၏ ထိုစကား အတွက် အံ့သြသည်ထက် အံ့သြခြင်း ဖြစ်ရပြန်ပါသည်။

စင်စစ် ရာမာမိုတိုမှာ ထိုက်သင့်သလောက် စိတ်နလုံးကောင်းရှိသော ဂျပန်စစ်ဗိုလ်တစ်ယောက်ဟူ၍ ကျွန်တော် နားလည်ထားပါသည်။ သူသည် ကျွန်တော်တို့စခန်း၌သာမက အခြားကျန်သော ချွေးတပ်စခန်းများကို အုပ်ချုပ် ရာ၌လည်း အတော်ပင် သက်ညှာသူ စစ်ဗိုလ်တစ်ယောက် ဖြစ်လေသည်။

သူသည် ရံဖန်ရံခါ အနည်းငယ်ပြုံးတတ်သည်မှအပ ကျန်သောအချိန်များတွင် မျက်နှာထား ဘည်ကြည်စွာနေတတ်သည်။ သို့ရာတွင် သူ၏ တည်ငြိမ်သော မျက်နှာပေါ်၌ ကြောက်မက်ဖွယ်အသွင် မရှိ၊ သူ့တွင် ကုမေကာကဲ့သို့ ကျား တစ်ကောင်လို ကြမ်းကြုတ်သည့်အသွင် မရှိ၊ စကားပြောလျှင်လည်း ညင်းညင်းညည့်ညည့် ပြောကတ်လေသည်။ စကားပြောလျှင် ခြေလက်များသည် ဘယ်တော့မှ အငြိမ်တရ မရှိ။ ဤသည်မှာ သူတို့နှစ်ဦး၏ ကွဲလွဲချက် ဟစ်စိတ်တစ်ခေသ ဖြစ်လေသည်။

နောက်ဆုံး ရာမာမိုတိုသည် ကျွန်တော့်အား သွားခွင့်ပြုလိုက်သည်။ ကျွန်ုတော်သည် ဂျပန်စစ်ရုံး အဆောက်အအုံရှိရာ ဆောင်ကုန်းငယ်ထက်မှ ဆင်းသက် ခဲ့ပါသည်။

သို့ရာတွင် ကျွန်တော့်ဦးနောက်ထဲမှာမူ ဝေခွဲမရနိုင်သော အတွေးအတော တစ်ခုမှာ ပါရှိလာပါသည်။ ထိုအတွေးကြောင့်လည်း ကျွန်တော်၏ ခြေလှမ်းများသည် အလွန်တရာ နှေးကွေးလေးလံနေသည်ဟု ကျွန်တော် သတိပြုလိုက်မိပါသည်။

မနက်ဖြန်တွင် ကျွန်တော်တို့ ချွေးတပ်စခန်းရှိ အလုပ်သမားအားလုံးတို့အား အလုပ်ခွင်မှ တစ်ရက်တာမျှ အနားယူခွင့်ပြုပါပေမည်။

ကြိုတောင့်ကြိုခဲ၊ ဖြစ်တောင့်ဖြစ်ခဲ ရရှိသော ထိုအခွင့်အရေးတစ်ခုကို ပေးလိုက် သည့်တိုင် ဂျပန်စစ်ဗိုလ် ရာမာမိုတိုသည် ကျွန်တော်တို့တစ်တွေအား အဘယ် အကြောင်းဖြင့် အပြင်ပသို့ ထွက်ခွင့်မပြုလေသနည်း။

ဤမျှ တင်းကျပ်သော စည်းကမ်းသတ်မှတ်ချက်ဂုံမှ မည်သို့မှ ကျွန်တော် စဉ်းစား၍ မရပါ။

တောတွင်း ချွေးတပ်စခန်းရှိ ဂျပန်များနှင့် ပတ်သက်၍ ကျွန်တော်တို့တွင် တစ်ခုပြောရန် ရှိလေသည်။ ကျွန်တော်တို့ ချွေးတပ်သားများသည် ဂျပန်များအား အလွန်တရာ ကြောက်ရသူများသာ ဖြစ်လေသည်။ ဂျပန်တို့၏ စကားကို 'ဘုရင့် စကား မိုးကြိုးသွား' ဟူသော အဖြစ်လောက်နီးနီး ချွေးတပ်သားခမျာများမှာ ကြောက်ရွံ့နာခံကြရလေသည်။ အဘယ်မျှ ကြောက်ရွံ့နာခံကြရသည်ဆိုခြင်းကိုမူ အထက်က ကျွန်တော် ရေးသားတင်ပြခဲ့သော အကြောင်းအချက်များအရ အဓိပ္ပာယ် ရှင်းလင်းလောက်ပေပြီ။

ကျောက်တောင်ကုန်းအောက်ခြေရှိ မြေပြင်ညီသည့် နေရာသို့ ရောက်သည် အထိ ကျွန်တော်သည် ဂျပန်စစ်ဗိုလ် ရာမာမိုတို့၏ စကားများကို တွေးလာမိပါသည်။ ပြီးလျှင် 'ခုနစ်ခွေစခန်း'သို့ ရွှေ့ပြောင်းရမည့်ကိစ္စကိုလည်း ကျွန်တော် စဉ်းစားခြင်း ပြုလိုက်မိပါသည်။

ထိုအခိုက် ကျွန်တော့်အား လှမ်း၍ နှုတ်ဆက်လိုက်သော သုံ့ပန်းစစ်ဗိုလ်၏ အသံကြောင့် တွေးလာသော ကျွန်တော့်အတွေးမှာ ပျက်ပြယ်သွားရလေသည်။ ကျွန်တော်သည် ဦးခေါင်းကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။ အနီးပတ်ဝန်းကျင် တစ်ဝိုက်ကိုလည်း ကျွန်တော်၏ မျက်လုံးများက လှည့်ပတ်ကာ ကြည့်လိုက်မိသည်။ ကျွန်တော့်ရှေ့တွင် ရပ်နေသော သုံ့ပန်းစစ်ဗိုလ်ကိုမူ စကားတစ်ခွန်းမှ မဆိုနိုင် သေးပါပေ။

www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့၏ ဘဝကား အန္တရာယ်ကို ပထမဆုံး ကြည့်ရမည်ဖြစ်လေသည်။ ကျွန်တော်တို့၏ သွား၊ မှု၊ စား၊ သောက်မှု၊ လှုပ်ရှားမှု အရပ်ရပ်မှန်သမျှ၌ ကျရောက်လာမည့် ဘေးအန္တရာယ်ကို ဦးစွာပထမ သတိချပ် ဆင်ခြင်ခြင်းပြုရပေမည်။ ကျွန်တော်တို့ကား ရန်သူများ ပတ်ပတ်လည်တွင် ကျရောက်နေသော သားကောင်များသာ ဖြစ်လေသည်။

လက်နက်ကိုင် ဂျပန်စစ်သား ဆယ်ယောက်ခန့်သည် သုံးနေရာ၊ လေးနာ ခွဲလျက် ဟိုတစ်စု သည်တစ်စုနှင့် သစ်ပင်အောက်များတွင် ရှိနေကြလေသည်။ သူတို့သည် စကားတပြောပြောနှင့် ဆေးလိပ်သောက်သူ သောက်လျက် သုံ့ပန်း စစ်သားများ အလုပ်လုပ်နေကြသည်ကို စောင့်ကြပ်ကြည့်ရှုနေခြင်းပင် ဖြစ်လေသည်။

သို့ရာတွင် သူတို့အား လုံးကို ကျွန်တော် သတိပြုမိသည်မှာ သူတို့သည် အားလုံးထိုင်နေကြသည်တော့ မဟုတ်။ မတ်တတ်ရပ်လျက် ရှိနေကြခြင်းပင် ဖြစ်လေသည်။

ကျွန်တော်နှင့် သုံ့ပန်းစစ်ဗိုလ်တို့ တွေ့ကြသောနေရာသည် ဂျပန်စစ်သားများ ရှိနေကြသည့်နေရာနှင့် အနည်းဆုံး ကိုက်သုံးလေးဆယ်ခန့် အကွာအဝေး ဖြစ်လေ သည်။ ပြီးလျှင် ကျွန်တော်တို့နှစ်ဦးမှာလည်း ကြီးမားသော သစ်ပင်ကြီးတစ်ပင် အောက်တွင် ဖြစ်လေသည်။

သုံ့ပန်းစစ်ဗိုလ်သည် ဂျပန်စစ်ရုံးမှ ကျွန်တော် ပြန်ဆင်းလာမည်ကို ဤသစ်ပင် ကြီးအောက်မှ ကြိုတင်ဖောင့်ဆိုင်းနေခြင်းဖြစ်ဟန် ဟူပါသည်။

သူသည် ကျွန်တော့်အား ခပ်ပြုံးပြုံး နှုတ်ဆက်လေသည်။ ထို့နောက် ဘောင်းဘီအိတ်ထဲမှ 'ကူးဝါး' စီးကရက်တစ်ဘူးကို ထုတ်ပေးလေသည်။ တစ်ဖန် ကျွန်ုပ်သော လက်တစ်ဖက်မှ ဘောင်းဘီအိတ်ကို နှိုက်လိုက်ပြီး စက္ကူဖြင့် ရစ်ပတ် ထုပ်ထားသော 'ဂျပန်မှုန့်လုံးကြီး' တစ်လုံးကို ပေးခြင်းပြုပြန်ပါသည်။

ဤကွင် ကူးဝါးစီးကရက်အကြောင်းကိုမူ အထက်တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်၍ ဂျပန်မှုန့်လုံးကြီးအကြောင်းကိုမူ စာရှုသူများအား ပြောကြားရပေဦးမည်။

လွန်ခဲ့သော နှစ်လကျော်၊ သုံးလလောက်အချိန်က ကူးဝါးစီးကရက်များကို ဂျပန်စစ်သားများအတွက် 'ရာရှင်' မရခဲ့သော်လည်း ယခုမူ သုံ့ပန်းစစ်ဗိုလ်ကိုပင် ကူးဝါးစီးကရက်များ ပြန်လည်ကာ ထုတ်ပေးပြန်လေသည်။

ဤအချက်မှာလည်း အခြားကြောင့် မဟုတ်ဘဲ တပ်ဒိန်တံတားကြီး ဆောက်လုပ်ရေးမှာ လွန်စွာအရေးကြီးလှသဖြင့် သုံ့ပန်းစစ်ဗိုလ်ကိုပင် စီးကရက် ရာရှင် ထုတ်ပေးနေခြင်းဖြစ်ဟန် ဟူပါသည်။ 'ဂျပန်မှုန့်လုံးကြီး'အကြောင်း ပြောရ

မည်ဆိုလျှင် ဂျပန်မှုန့်လုံးကြီးမှာ တောတွင်းချွေးတပ်စခန်း၌ပင် ဂျပန်တို့လုပ်ကိုင် သော မုန့်တစ်မျိုးဖြစ်လေသည်။

ကောက်ညှင်းနှင့် ဆန်ကြမ်းကို ရောနှောကြိတ်နယ်ပြီးနောက် အတွင်းမှ ကြဲသကာနှင့် ကုလားပဲ၊ သို့တည်းမဟုတ် သကြားနှင့် ကုလားပဲကို ဌာပနာအဖြစ် ထည့်ထားသော ဖြူဖြူဖွေးဖွေးနှင့် ပေါက်စီကဲ့သို့သော မုန့်အလုံးကြီးဖြစ်လေသည်။ မြန်မာမုန့်လုံးကြီးကဲ့သို့ ဆီနှင့် ကြော်ထားခြင်းတော့ မဟုတ်။ ပေါက်စီများ ပေါင်းထားလို ပေါင်းထားခြင်း ဖြစ်လေသည်။

ချွေးတပ်သားတစ်ဦးတစ်ယောက်သည် အလုပ်ကို 'အလွန်အမင်း' ကြိုးစား၍ လုပ်မည်ဆိုပါက တနင်္ဂနွေ တစ်ပတ်ပြည့်သည့်အခါ ထိုမုန့်လုံးကြီးတစ်လုံးကို ဘောက်ဆူးအဖြစ် ရရှိလေသည်။

ဤဖြစ်ရပ် ဤအခွင့်အရေးမှာလည်း ခပ်စောစောပိုင်း အချိန်ကသာ ဖြစ်လေသည်။ နောက်ပိုင်းအချိန်တွင်ကား ချွေးတပ်သားများအဖို့ မုန့်လုံးကြီးကို ဝေး၍ ထမင်းကိုပင် ဝဝလင်လင် မစားရတော့ပါချေ။

ချွေးတပ်သားများမှာ တောကြီးတောင်ကြီးထဲတွင် အငတ်ငတ်အပြတ်ပြတ် နေရရှာသူများသာ ဖြစ်လေရာ အချို့အချို့သော ချွေးတပ်သားများသည် ထိုဂျပန် မုန့်လုံးကြီးတစ်လုံးကို စားချင်လွန်းလှသဖြင့် အလုပ်ခွင်တွင် 'ခုနစ်ရက်ကိတ်' အားတိုက်ခွန်တိုက် လုပ်ကိုင်တတ်ကြလေသည်။

သို့ရာတွင် သူတို့ခမျာများ၏ ပင်ပန်းဆင်းရဲခံရမှုနှင့် ဂျပန်မုန့်လုံးကြီးတစ်လုံး စားသောက်ရမှုမှာ 'အိုကာမ ငွေတစ်ရာရ' ဆိုသကဲ့သို့ မတန်တစ်ဆ ရှိလှပေသည်။ ထို့ကြောင့်လည်း ဤလိုအဖြစ်မျိုး မဖြစ်ရလေအောင် ကျွန်တော် ဘွန်ထိုက်ချို များအား လက်သိပ်ထိုး ပြောကြားထားရလေသည်။

ကျွန်တော်သည် သုံ့ပန်းစစ်ဗိုလ် ပေးသော စီးကရက်ဘူးကိုသာ လှမ်းယူ ပြီးနောက် မုန့်လုံးကြီးကိုမူ မယူလိုကြောင်းနှင့် ငြင်းဆန်ခြင်းပြုလေသည်။

ကျွန်တော့်အနေနှင့် စဉ်းစားမိပါသည်။ ဂျပန်များသည် ယခုနောက်ပိုင်း တပ်ဒိန်တံတားကြီးကို ဆောက်လုပ်ခြင်းပြုသည့်အခါမှပင် စစ်သုံ့ပန်းများအား မုန့်လုံးကြီးလေး တစ်ခုတစ်လေမျှ ကျွေးမွေးလာခြင်းဖြစ်လေသည်။ ထို့ကြောင့် ဤမုန့်လုံးကြီးကလေးတစ်လုံး ရရှိရေးအတွက် သုံ့ပန်းစစ်ဗိုလ်ခမျာမှာ အားယန္တ ဆင်းရဲပင်ပန်းခြင်း ခံရရှာလေသနည်း။

သူ့အတွက် ရရှိသော ထိုမုန့်ကလေးတစ်လုံးကိုမူ ကျွန်တော်သည် ဘယ်နည်း နှင့်မှ မစားရက် မယူရက်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် သူ့ကိုကား ကျွန်တော်ဝမ်းထဲမှ ချီးကျူးမိပါသည်။ တစ်ဖက်သား၏ ပြုဖူးသော ဆေးလိပ်ကလေးကျေးဇူးကြောင့် ခမျာသည် သူစားမည့်အစာကိုပင် မစားမသောက်ဘဲ ကျွန်တော့်အား ပေးခြင်းပြုလေသည်။

သို့နှင့် ကျွန်တော်တို့နှစ်ဦးသည် သစ်ပင်ကွယ်တွင် ရပ်လျက် စကားတစ်ခွန်း၊ နှစ်ခွန်း ပြောလိုက်မိကြလေသည်။

သူက ဝမ်းနည်း စိတ်မကောင်းကြောင်းနှင့် မကြာမီ တစ်ရက်၊ နှစ်ရက်အတွင်း အဓိပတိမင်းကြီး ဒေါက်တာဘမော် ရွေးတပ်စခန်း မီးရထားလမ်းကို လာရောက်ကြည့်ရှုလိမ့်မည်ဟု ကြားသိရကြောင်း ပြောပါသည်။

အဓိပတိမင်းကြီး လာရောက်မည့်အကြောင်းကို ကျွန်တော်တို့ ရွေးတပ်သားများသာမက စစ်သုံ့ပန်း ရွေးတပ်သားများပင် သိရှိနေကြပေပြီ။ ပြီးလျှင် သုံ့ပန်းစစ်ဗိုလ်၏ စကားကြောင့်လည်း ကျွန်ကော့်တွင် အသိတစ်ခု ပင်လာခဲ့ပေသည်။ ထိုအသိကား တခြားမဟုတ်၊ အဓိပတိ အရှင်မင်းကြီး ကြွရောက်လာမည့်ကိစ္စမှာ ရွေးတပ်သားများ၏ အစားအသောက် အနေအထိုင်နှင့် အလုပ်အကိုင်ကို ကြည့်ရှုရန်အတွက် လာရောက်ခြင်းသာ ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်မိခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်နှင့် သုံ့ပန်းစစ်ဗိုလ်သည် အချိန်အနည်းငယ်မျှ စကားစမြည်ပြောကြားခြင်း ပြုကြပြီးနောက် ကျွန်တော်သည် တဲလိုင်းများရှိရာသို့ ထွက်ခွာခြင်းပြုခဲ့လေသည်။

အချိန်မှာ ညနေစောင်းနေပေပြီ။

ထိုအချိန်တွင် ရွေးတပ်သား အသီးသီးတို့မှာလည်း အလုပ်ခွင်စခန်းမှ ပြန်လည်တက်ရောက်လာကြလေပြီ။

ကျွန်တော်သည် ဘွန်ထိုက်ချို့များ၊ အားလုံးနှင့် ဟန်ချို့များ၊ ရွေးတပ်သားများအား မြေကွက်လပ်ကြီးတစ်ခုရှိရာသို့ စုစည်းခြင်းပြုလိုက်ပါသည်။ အားလုံးလူစုံသလောက် ရှိသည့်အခါ ဂျပန်စစ်ဗိုလ် ရာမာမိုတို ပြောလိုက်သည့် မနက်ဖြန် အလုပ်မှ တစ်ရက်၊ သာ အနားရမည့်အကြောင်း ကြေငြာခြင်းပြုလိုက်ပါသည်။

သို့ရာတွင် ကျွန်တော် ကြိုတင်တွက်ဆထားသည်နှင့် မျက်မြင်အဖြစ်မှာမူ တခြားစီဖြစ်နေပါသည်။ ထိုအဖြစ်ကို ကြည့်လျက် ကျွန်တော့်မှာ အံ့သြခြင်းဖြစ်ရပြန်ပါသည်။

ကျွန်တော်က ထင်ထားသည်မှာ ရွေးတပ်သားများသည် အလုပ်ခွင်မှ တစ်နေ့တာ အနားရကြမည်ဆိုးသော သတင်းကို ကြားလိုက်ရလေလျှင် ဝမ်းမြောက်

ဝမ်းသာနှင့် အော်ကြ၊ ဟစ်ကြ၊ လက်ခုပ်လက်ဝါးတီးလျက် သြဘာပေးကြလိမ့်မည်ဟု အထင်ရှိထားပါသည်။

သို့သော် သူတို့သူတို့သည် ကျွန်တော့်စကားကို ကြားရ၍ ဝမ်းမြောက်ရွှင်လန်းဟန်လည်း မပြ၊ နှစ်သိမ့်အားတက်ဟန်လည်း မရ၊ သူတို့ကိုကြည့်ရသည်မှာ မတုန်မလှုပ် ကျောက်သား ကျောက်ရုပ်များကဲ့သို့ပေတည်း။

လူပေါင်း ငါးရာကျော်ကျော်၊ ခြောက်ရာခန့်သည် ကျွန်တော့်မျက်စိအောက်၌ ငြိမ်သက်စွာ ရပ်နေကြလေသည်။

ရွေးတပ်သားများကို မဆိုထားဘိ၊ သူတို့သူတို့အပေါ်တွင် အုပ်ချုပ်ကွပ်ကဲရသူများ ဖြစ်ကြသော ဘွန်ထိုက်ချို၊ ဟန်ချို စသူတွေသည်ပင် စကားတစ်ခွန်းမျှ မဟ၊ ငြိမ်သက်နေကြလေသည်။

အားလုံးကို ကြည့်ရ မြင်ရသည်မှာ အားမရစရာလိုလို၊ စိတ်မချမ်းသာစရာလိုလို၊ စိတ်ချောက်ချားစရာလိုလို တစ်မျိုးကြီးဖြစ်နေသည်။ စင်စစ် သူတို့သူတို့၏ အဖြစ်ကို တကယ်တမ်း သိရှိရသည့်အခါ၌မူ ရင်နာစရာကောင်းလှပေသည်။

သူတို့သူတို့သည် အလုပ်ခွင်မှ တစ်ရက်တာ အနားရကြမည်ဆိုသော်လည်း ဝမ်းသာအယ်လဲ မဖြစ်နိုင်ရှာကြ။ အမှန်စင်စစ် သူတို့တစ်တွေ တကယ်တမ်း အလိုရှိကြ တောင့်တကြသည်မှာလည်း အလုပ်ခွင်မှ တစ်ရက်တာအနားရရှိရေးမဟုတ်။ သူတို့သူတို့၏ သားမယားများ၊ သားသမီးများ၊ ဆွေမျိုးဥာတိများရှိရာ နေရင်းဇာတိသို့ ပြန်လည်ခွင့်ရရှိရေးကိုပင် ဖြစ်သည်။

တောကြီးတောင်ကြီးထဲတွင် ဆင်းရဲပင်ပန်းကြီးလှစွာဖြင့် နေထိုင်ခဲ့ကြရသည်မှာ အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့ကြပြီ မဟုတ်ပါလား။ ထိုအခါ သူတို့ပြန်ချင်ကြပေပြီ။

"ကျွန်တော် ပြောတာ အားလုံးကြားတယ် မဟုတ်လား"

ကျွန်တော်က အော်ဟစ်၍ မေးလိုက်သည်။

"ကြားပါတယ်၊ ကြားပါတယ်ဗျို့-"

အားလုံးက ဝိုင်းအော်ကြလေသည်။

ထိုအထဲတွင် အသံများအားလုံး စဲသွားသည့်အခါ လူတစ်ယောက်အသံက အော်ကြီးဟစ်ကြီး ပေါက်ကွဲထွက်လာလေသည်။

"ဆရာလေး-ကျုပ်တို့ ဘယ်တော့ ပြန်ရမှာလဲဗျာ့"

ထိုသူကို ကျွန်တော် ကြည့်လိုက်ပါသည်။ ဟသံတနယ်သား ကိုသံချောင်းဆိုသူ ဖြစ်နေသည်။ သူသည် သာမန်ရွေးတပ်သားတစ်ယောက်တော့ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

ယခုနောက်ပိုင်းတွင် ဖျားဟပ်သား ခြောက်ဆယ်ခန့်အပေါ်၌ အုပ်ချုပ်ကွပ်ကဲနေရသော ဟန်ချိုတစ်ယောက် ဖြစ်လေသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါကို ပြောစမ်းပါ ဆရာလေး၊ ကျုပ်တို့ ဘယ်တော့ ပြန်ရမှာလဲ"

"အဲဒီကိစ္စ ဂျပန်မာစတာတွေဆီမှာ မေးပေးပါလား ဆရာလေး"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ ပြန်ရမယ့်ရက်ကို အတိအကျ မေးပေးစမ်းပါ"

တစ်ယောက်တစ်မျိုး အော်ကြ ဟစ်ကြလေသည်။

ကျွန်တော်သည် ကွက်လပ်အစွန်ဆုံး တစ်နေရာရှိ သစ်ငုတ်တိုပေါ်တွင် ရပ်နေရာမှ အတန်ကြာ ငိုင်နေမိသည်။

စိတ်ပျက်စရာ၊ အားငယ်စရာ၊ စိတ်နှလုံးမချမ်းမြေ့စရာကောင်းသော အကြောင်းအချက်များသည် ကျွန်တော့် ဦးနှောက်ထဲသို့ တစ်ခုပြီးတစ်ခု ဝင်ရောက်လာသည်။

ကျွန်တော် မည်သို့ ဖြေရလေမည်နည်း။ တာဝန်အရ ကျွန်တော်ပြောရမည့် စကားသည် သူတို့အား လုံးအဖို့ စိတ်နှလုံးချမ်းသာရာ ရစေမည့် စကားမဟုတ်ပါပေ။ သူတို့သူတို့ ကြားလိုသောစကားနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် စကားကိုသာ ကျွန်တော်က ပြောရမည် ဖြစ်လေသည်။

ထိုစကားကို ကျွန်တော် ရုတ်တရက် ပြောလို့မထွက်၊ ပြောလည်း မပြောချင်၊ ပြောလည်း မပြောရက်ပါပေ။ ထို့ကြောင့်လည်း အချိန်အတန်ကြာ ကျွန်တော် ငိုင်နေမိခြင်း ဖြစ်လေသည်။

ကျွန်တော်တို့ဟစ်တွေ ဤလိုရှိနေကြစဉ်အတွင်း၌ပင် ဂျပန်စစ်ဗိုလ် ကုမေကာသည် ဂျပန်စစ်သားနှစ်ယောက်၊ စကားပြန်ကလေး မောင်အေးချို့နှင့်အတူ ကျွန်တော်တို့လူစုရှိရာသို့ လာနေသည်ကို တွေ့လိုက်ရလေသည်။

ကုမေကာ လာနေသည်ကို တွေ့လိုက်ရသည့်အခါ ဆွေးတပ်သားအားလုံးပင် အတန်ငယ် လှုပ်လှုပ်ရှားရှားဖြစ်နေရာမှ ငြိမ်သက်သွားကြလေသည်။

ကျွန်တော်ကိုယ်တိုင်မှာလည်း ထိုအခါမှပင် ကျွန်တော် ရှေ့ဆက်၍ ပြောရမည့် စကားများကို မပြောရလေတော့သည်။

"နောက်တစ်ခု ကျွန်တော် ပြောချင်တာက ခင်ဗျားတို့အားလုံး မနက်ဖြန် အနားရကြတယ်၊ ဒါပေမယ့် အားလုံး တဲတန်းလျားထဲမှာပဲ နေကြရမယ်၊ အပြင်အပကို ဘယ်သူမှ မထွက်ကြရဘူး၊ ထမင်းစားရင်လဲ တဲတန်းလျားထဲမှာပဲ စားကြရမယ်"

စကားအဆုံး၌ပင် ကုမေကာမှာလည်း ကျွန်တော်တို့အနီးသို့ ရောက်ရှိလာမလေသည်။

ထိုအခါ ကျွန်တော်သည် နောက်ထပ် ပြောကြားရမည်ဖြစ်သော စခန်းမပြောင်းရွှေ့ရမည့် ကိစ္စကိုလည်း တစ်ပါတည်းဆက်လျက် ပြောကြားခြင်း ပြုလိုက်ရလေသည်။

ကျွန်တော့်အနေနှင့် ဤလို ပြောစရာရှိသောကိစ္စများ ပြောဆို၍ ပြီးစီးသွားသော်လည်း ဂျပန်စစ်ဗိုလ် ကုမေကာ ရောက်ရှိလာပြန်သည့်အတွက် ဆွေးတပ်သားများမှာ ကုမေကာ၏ စကားများကို နားမထောင်ချင်ပါဘဲနှင့် ဆက်လက်၍ နားထောင်ကြရပြန်ပါသည်။

ဂျပန်စစ်ဗိုလ် ကုမေကာ ပြောသော စကားများကိုမူ ထုံးစံအတိုင်း စကားပြန် သူငယ်က ပြန်လည်ပြောကြားခြင်း ပြုရလေသည်။

ကုမေကာ၏ စကားများမှာ ဆွေးတပ်သားများအဖို့ မည်သို့မှ စိတ်ဝင်စားဖွယ် မရှိပါချေ။ နေမျိုးနွယ်နိပ္ပန်တို့၏ မဟာအရှေ့အာရှစစ်ပွဲကြီး အောင်မြင်စေရန် အတွက် အစွမ်းကုန်ကြိုးစားလျက် အလုပ်ကို လုပ်ကြရမည်။ ထိုင်း–မြန်မာ မီးရထားလမ်းမကြီး အောင်မြင်ပြီးစီးသွားပါက မြန်မာနိုင်ငံအတွက် ဂျပန်ပြည်မှ အဝတ်အထည်များ၊ အစားအစာများ၊ စက်ကိရိယာပစ္စည်း စသည်များ တောင်ပုံရာပုံ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည် ပစ္စည်းပစ္စယ အလွန်တရာ ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း စသည်များ ဖြစ်လေသည်။

ပြီးလျှင် နောက်ဆုံး သတိပေးပြောကြားသွားသော ကုမေကာ၏ စကားများမှာ "မနက်ဖြန်တွင် တဲလိုင်းများအပြင်သို့ နိပ္ပန်မာစတာများ၏ အမိန့်ပေးချက် တစ်စုံတစ်ရာမရဘဲ မထွက်ကြရ" ဟူသော အမိန့်ပင် ဖြစ်လေသည်။

ထိုစကားကိုမူ ကုမေကာသည် သုံးလေးကြိမ်ထက်မနည်း ပြောလေသည်။ ဤကိစ္စပြီးသည့်အခါ ကျွန်တော်တို့အားလုံးပင် လူစုခွဲလိုက်ကြလေသည်။

နောက်တစ်နေ့သည် ကျွန်တော်တို့အားလုံး အလုပ်မှ အနားရကြသောနေ့ပင် ဖြစ်လေသည်။

ကျွန်တော် တစ်ယောက်မှလွဲ၍ ကျန်သူများအားလုံးတို့ပင် တဲတန်းလျားကြီးများထဲတွင် ငြိမ်သက်စွာ ရှိနေကြလေသည်။ လူတွေ ရှိနေကြသော်လည်း စကားသံ ဆူဆူညံညံဟူ၍ မကြားရချေ။ အထူးပင် ငြိမ်သက်တိတ်ဆိတ်နေလေသည်။ ဆွေးတပ်သား အားလုံးလိုလိုပင် အလုပ်ခွင်မှ အနားရသော ထိုတစ်နေ့၊ တစ်ရက်ကာ

www.burmeseclassic.com

www.burmeseclassic.com

အဖို့ မေးမိန်းအိပ်စက်နေကြသည်သာ များလေသည်။ ထမင်းစား၌၊ အခင်းကြို၊ ခင်းလေး သွားလာရုံမှ လွဲလျှင် တုံးလုံးပက်လက် လဲလျောင်းနေကြသူက များလေသည်။

ဤလိုနှင့် နေ့လယ် တစ်နာရီအချိန်တွင် ကျွန်တော်သည် တစ်ယောက်ပင် တည်းပင် စမ်းချောင်းငယ်ရှိရာသို့ ရေချိုးရန် ထွက်လာခဲ့ပါသည်။

တဲတန်းလျားများရှိရာ စခန်းအတွင်းမှ စမ်းချောင်းရှိရာသို့ သွားသည့်အခါ ဦးစွာပထမ ဖောက်လုပ်နေဆဲ ရထားလမ်းကို ဖြတ်ကျော်ခြင်း ပြုရလေသည်။ ပြီးလျှင် ကားလမ်းကို ကျော်ဖြတ်ခြင်းပြုရလေသည်။ ထို့နောက် အတန်ငယ်သွားမှ စမ်းချောင်းသို့ ရောက်ရှိလေသည်။

ဤနေရာတွင် တစ်ခုတြေးစရာရှိလေသည်။ ကျွန်တော်မှာ သာမန်ချွေးတပ်သား တစ်ယောက်မဟုတ်ဘဲ ဝါဒဖြန့်ချိရေးမှူးတစ်ယောက် ဖြစ်နေသောကြောင့်လည်း၊ ချွေးတပ်သားများလို မနေရဘဲ ထိုက်သင့်သလောက် လွတ်လပ်စွာ သွားလာနေရခြင်းပင် ဖြစ်လေသည်။

သည်လိုနှင့် ကျွန်တော် ကားလမ်းကို ဖြတ်ကျော်ကူးလိုက်မိသည့်အခါ 'ဘုရားသုံးဆူစခန်း' ဘက်မှ မောင်းနှင် ဆင်းသက်လာသော ကားလေးငါးစီးကို တွေ့မြင်လိုက်ရလေသည်။

ထိုကားများသည် ယခင်သွားလာနေကျ ကားများနှင့် မတူပေ။ တစ်မျိုးတစ်ပုံ ထူးခြားနေသည်ဟု ကျွန်တော် သတိပြုလိုက်မိပါသည်။ ရှေ့ဆုံးကားတစ်စီးနှင့် နောက်ဆုံးကားတွင် လက်နက်ကိုင် အစောင့်စစ်သားများ ပါရှိလာလေသည်။ အလယ်ကားတစ်စီးတွင်မူ နေတံဆိပ် ဂျပန်အလံများနှင့် သုံးရောင်ခြယ် ဒေါင်းအလံများ ထိုးထားသည်ကို တွေ့ရလေသည်။ ပြီးလျှင် ထိုကားပေါ်တွင် ကုလားထိုင်များ၊ အမိုးအကာများဖြင့် လှလှပပ ပြင်ဆင်ထားလေသည်။

ထိုကားကြီးကို ပြင်ဆင်ထားသည်မှာ တရုတ်နှစ်သစ်ကူးပွဲတော်များတွင် ပြင်ဆင်ထားခြင်းနှင့် တူလှပေသည်။

ကားများသည် ကျွန်တော် ရပ်ကြည့်နေခိုက်၌ပင် အရှိန်ခပ်ပြင်းပြင်း မောင်းနှင်သွားကြလေသည်။

ထိုအခိုက် ဘယ်ကပေါ်လာမှန်း မသိရသော စကားပြန်သူငယ်ကလေး မောင်အေးချိုအသံကို ကျွန်တော် ကြားလိုက်ရလေသည်။

"ဆရာလေး-ဆရာလေး-တွေ့လိုက်လားဗျ"

"ဘာလဲ မောင်အေးချို၊ ဘာကို တွေ့ရမှာတုန်း"

ကျွန်တော်သည် အသံလာရာကို လှည့်ကြည့်ရင်း မောင်အေးချိုကို ပြန်၍ မေးလိုက်ပါသည်။

"ဟိုသင်းလေ-ဆရာလေး၊ အဓိပတိမင်းကြီးဆိုတာ"

မောင်အေးချို၏ ထိုစကားမျှလောက်နှင့်ပင် ကျွန်တော်သည် ခပ်ဆာဆာက ဖြတ်သန်းမောင်းနှင်သွားသော ကားများ၏ အကြောင်းကို သဘောပေါက် နားလည်မိပါတော့သည်။

အဓိပတိ အရှင်မင်းကြီးသည် ထိုင်း-မြန်မာ မီးရထားလမ်းကို ဤမှုပ်၊ ဤနည်းဖြင့် လာရောက်ကြည့်ရှုခြင်းသာ ဖြစ်လေသည်။

သို့ရာတွင် ကျွန်တော်သည် စမ်းချောင်းအတွင်း၌ ရေမိုးချိုးပြီး၍ တဲတန်းလျားသို့ ပြန်ရောက်သည့်အချိန်အထိ ဘွန်ထိုက်ချို ကိုသာမြှိုင်ကိုသော်လည်းကောင်း၊ မခြားတစ်ခုတစ်ယောက်သော ချွေးတပ်သားကိုသော်လည်းကောင်း ထိုအဖြစ်အပျက်ကို ပြောကြားခြင်းမပြုခဲ့ပါပေ။ နောက်ဆုံး သူနှင့် ကျွန်တော် လူချင်းခွဲခွာသည့်အချိန်အထိလည်း ထိုအကြောင်းကို မပြောဖြစ်ခဲ့ပါပေ။

အမှန်စင်စစ် လူတစ်ဦးတစ်ယောက်အဖို့ မျှော်လင့်ချက် တစ်ခုတစ်ရာရှိနေခြင်းသည် အကောင်းဆုံးသော အခြေအနေဟူ၍ ဆိုရမည်ဖြစ်လေသည်။

ကျွန်တော်သည် ထိုအခါမှပင် ဂျပန်များက ချွေးတပ်သားများအား အလုပ်မှတစ်နေ့တာ အနားပေးခြင်း၏ သဘောကိုလည်းကောင်း၊ ထိုကဲ့သို့ အနားရရှိသော အချိန်ကလေးအတွင်း တဲထဲမှ အပြင်အပသို့ မထွက်ရဟူသော ကြပ်တည်းစွာ ဟားမြစ်ချက်ကိုလည်းကောင်း ကောင်းစွာပင် သဘောပေါက် နားလည်ရလေသည်။

ချွေးတပ်သား အများစုကြီးမှာမူ ထိုင်း-မြန်မာ မီးရထားလမ်း ဖောက်လုပ်ရာသို့ အဓိပတိ အရှင်မင်းကြီး လာရောက်ခဲ့သည်ဆိုခြင်းကို လုံးဝပင် မသိလိုက်ကြပါချေ။

❑

www.burmeseclassic.com

www.burmeseclassic.com

အိမ်အဝင်တွင် သားပြ၊ မယားပြ မျက်နှာပန်းလှအောင်ဟူသော သဘောမျိုး ဖြစ်ဟန် တူလေသည်။

သို့ရာတွင် ချွေးတပ်စခန်းများ၌ နေထိုင်ခဲ့ကြရသည်မှာ ၎င်းတို့ မျှော်လင့်ထားသည်ထက် နေ့တွေ၊ လတွေ ကြာညောင်းလာခဲ့သည်မျှမက အစားအဆင်းရဲခြင်း၊ အဝတ်အဆင်းရဲခြင်း၊ အနေအဆင်းရဲခြင်း အလုပ်ကြမ်းဒဏ်ကို တစ်နေ့မပြတ်ကြုံတွေ့ခံစားလာခဲ့ရခြင်းများကြောင့် ခပ်စောစောအချိန်က လောဘတကြီးခုတ်ယူသိမ်းဆည်းထားကြသော ထိုနလင်ကျော်၊ တောင်နံကတိုး စသောပစ္စည်းများကိုပင် မမက်မောနိုင်ကြတော့ပါချေ။ ဟိုလူကို ပေး၊ သည်လူကို ပေး ပေးပစ်ကြလေတော့သည်။

စခန်းတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းရတိုင်း မသယ်နိုင်၊ မပိုးနိုင်ဖြင့် လွှင့်ပစ်သူက လွှင့်ပစ်လေသည်။ မီးရှို့မီးတိုက်ပစ်သူကလည်း မရှားပေ။

တစ်နေ့တခြား အင်အားချည့်နဲ့လျက် အရိုးပေါ်အရေတင်ဖြစ်လာသော နောက်ပိုင်းအချိန်၌မူ ခနေ့်တစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းကြရသည့်အခါ၌ပင် အချို့အချို့သော ချွေးတပ်သားများမှာ တောင်ဝှေးကို တအောက်အောက်ထောက်လျက် သွားကြရှာလေသည်။ အချို့ကား ခြေလှမ်းကို ရေတွက်၍ လျှောက်သလို တစ်လှမ်းချင်း တစ်ရွှေ့ရွှေ့ချင်း တစ်အိအိ တစ်နဲ့နဲ့ လျှောက်လျှောက်နေကြရှာလေသည်။ ထိုအခါ မည်သည့်ချွေးတပ်သား တစ်ဦးတစ်ယောက်ကမှ လေးလံသော အရာဝတ္ထု တစ်ခုတစ်ခုကို သယ်ပိုးယူဆောင်ချင်စိတ် မရှိကြတော့ပါချေ။

သူ့ဟို့သူတို့ခများများသည် အသက်နှင့် ခန္ဓာကိုယ်မှ လွဲ၍လည်း အခြားအခြားသော မည်သည့်ပစ္စည်းကိုမျှ တပ်မက်ခြင်းရှိလိမ့်မည် မဟုတ်ဟူ၍ ကျွန်တော် ထင်ပါသည်။

ကျွန်တော်၏ ရင်းနှီးသော မိတ်ဆွေကြီးဖြစ်သည့် ဘွန်ထိုက်ချို ကိုသာမြိုင်၏ တောင်နံကတိုးတုံးကိုလည်း ကျွန်တော် သတိထားလျက် အကဲခတ်မိလေသည်။ အစပထမက ကိုသာမြိုင်၏ တောင်နံကတိုးတုံးမှာ ယောကျ်ားကြီးတစ်ယောက်၏ ပေါင်လုံးသာသာ ဖြစ်လေသည်။ အရှည်မှာ နှစ်တောင်သာသာ ဖြစ်လေသည်။

ကိုသာမြိုင်သည် ထိုတောင်နံကတိုးတုံးကို ဂုန်နီအိတ်အပါးတစ်ခုနှင့် ရစ်ပတ်လျက် အမြဲတမ်းပင် ခေါင်းအုံးလျက် အိပ်လေသည်။ (တောင်နံကတိုးဟု သူတို့တစ်တွေ ပြောရ၍သာ သိရပါသည်။ ဟုတ်မဟုတ်ကိုကား ကျွန်တော် မပြောတတ်ပါ။ အနည်းငယ်တော့ မွေးသလိုလို ရှိလေသည်။)

ကိုသာမြိုင်၏ ထိုတောင်နံကတိုးတုံးမှာ ရက်တွေ၊ လတွေ အတော်ကြာညောင်း၍ ချွေးတပ်စခန်းပေါင်း တစ်ခုမှတစ်ခု၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းရပေါင်း

၁၉။ စခန်းပြောင်းရွှေ့ခြင်း

ကျွန်တော်တို့သည် နောက်တစ်နေ့ မနက်၌ပင် ဂျပန်စစ်သား အစောပိုင်အရောက်များဖြင့် 'ခုနစ်ခွေစခန်း'သို့ ရွှေ့ပြောင်းခြင်းပြုခဲ့ကြရလေသည်။

လူပေါင်းငါးရာကျော်သည် တပ်ဒိန်စခန်းအတွင်းမှ 'လေးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲပြုလျက် ကားလမ်းရှိရာသို့ ထွက်ခဲ့ကြလေသည်။

ဤတွင် အချို့အချို့သော ချွေးတပ်သားများမှာ မပြောပလောက်သော ၎င်းတို့၏ အဝတ်စုတ်အထုပ်ကလေးများ၊ ဝါးပိုးဝါးကို ပြုလုပ်ထားသော ထမင်းစားခွက်ကလေးများနှင့် ဝါးကျည်တောက်ရေဘူး စသည်ကလေးများကိုလည်း၊ ကောင်း၊ ရပ်ရွာဒေသမှ ထွက်ခွာလာစဉ်အခါက ပါရှိလာသော သင်ဖျာအစုတ်၊ သပေါ့ဖျာအစုတ်၊ အိပ်ရာလိပ်စသည်ကလေးများကိုလည်းကောင်း ထမ်း၍ ယူဆောင်လာကြလေသည်။

အချို့အချို့သော ချွေးတပ်သားများမှာမူ တောတွင်းချွေးတပ်စခန်းများသို့ ရောက်ရှိလာမှ ၎င်းတို့ရှာဖွေရရှိထားသော နလင်ကျော်တုံးများ၊ တောင်နံကတိုးတုံးများကို တပင်တပန်းနှင့် ထမ်းပိုးလျက် သယ်ဆောင်လာကြလေသည်။

သည်အဖြစ်ကို တွေ့မြင်ရသည်မှာလည်း တစ်မျိုးအားဖြင့် ရင်နှင့်စရာကောင်းလှပေသည်။

အဖြစ်မှာ တောတွင်းချွေးတပ်စခန်းများသို့ ရောက်ရှိလာကြသော ချွေးတပ်သားများသည် ကောသစ်ပင်ကြီးများကို ခုတ်ထွင်ရှင်းလင်းခြင်းပြုကြရပေရာ တောင်နံကတိုး၊ နလင်ကျော်စသည့် ဆေးပင် ဝါးပင်များကို တွေ့ရှိကြရသဖြင့် နေရပ်သို့ အပြန်တွင် ယူဆောင်သွားကြရန်အတွက် ခုတ်ယူသိမ်းဆည်းထားကြခြင်းပင် ဖြစ်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

*များလာသည့်အခါ တဖြည်းဖြည်းနှင့် သေးငယ်လာလေတော့သည်။ တစ်စုနှင့် တစ်စလည်း တို၍တို၍လာလေတော့သည်။

ဤလိုဖြစ်ရသည်မှာ တောင်နံကတိုးတဲ့ကဲ့ခြောက်သွေ့ကြွလိုလာသော ကြောင့်လည်း မဟုတ်၊ အလိုလိုနေရင်း တို၍တို၍သွားသောကြောင့်လည်း မဟုတ်၊ စိတ်အပျက်ကြီးပျက်လျက် ဟိုလူ ဒီလူကို ဖြတ်တောက်လျက် ပေးပစ်ခြင်းကြောင့် ဖြစ်လေသည်။

တပ်ဒိန်စခန်းနှင့် ခုနစ်ခွေစခန်းမှာ ကျွန်တော့်စိတ် ခန့်မှန်းချက်အရ ပြောရလျှင် ခြောက်မိုင်သာသာ၊ ခုနှစ်မိုင်ခန့် အကွာအဝေးရှိလိမ့်မည်ဟု ထင်သည်။

အချိန်မှာ မိုးစာသီ မိုးကာလ မဟုတ်သောကြောင့်လည်း ကားလမ်းသည် အတော်ပင် သွေ့ခြောက်လျက် အကော်ကလေးပင် သာယာကောင်းမွန်နေလေသည်။

စစ်အတွင်းအချိန်လည်း ဖြစ်လျက် တောတွင်း ကားလမ်းတစ်ခုလည်း ဖြစ်သောကြောင့် ကမ္ဘကထစ်များ၊ ကုန်းဆင်းကုန်းတက်များ၊ ချိုင့်ဝှမ်းများ ရှိသည် မှန်သော်လည်း လမ်းဘေး ဝဲနှင့်ယာတစ်ဖက်တစ်ချက်ရှိ သစ်ပင်၊ ဂါးပင်ကြီးများသည် ကားလမ်းတစ်လျှောက်ကို အေးမြသော အရိပ်အာဝါသဖြင့် ဖုံးအုပ်ကာကွယ်လျက် ရှိနေပေကော့သည်။ တောတောင်ပတ်ဝန်းကျင်သဘာဝမှာလည်း တိတ်ဆိတ်လျက် ငြိမ်သက်နေလေသည်။

ထို့ကြောင့်လည်း ချွေးတပ်သားများသည် စကားတပြောပြော ပြုံးကြွလျက် တလှုပ်လှုပ် တနဲ့နဲ့ သွားနေကြလေသည်။ ကျွန်တော်တို့ ချွေးတပ်သားများအား ဆောင့်ကြပ်လိုက်ပါလာကြသော ဂျပန်စစ်သားများမှာလည်း သုံးယောက်တစ်တွဲ၊ လေးယောက်တစ်ကွပ်ဖွဲ့၍ စကားတပြောပြော လျှောက်နေကြလေသည်။

စင်စစ် ဂျပန်စစ်သားများသည် ရိုင်ဖယ်သေနတ်ကို ပခုံးထက်တွင် ချိတ်လွယ်ထားလျက် လက်ထဲတွင်မူ ဂါးစိမ်းချောင်းများနှင့် သစ်ကိုင်း သစ်ခက်များကို ကိုင်ဆောင်ထားကြလေသည်။ ရံဖန်ရံခါ သူတို့သည် အလွန်အမင်းနေးကွေးလေးလံလွန်းလှသော ချွေးတပ်သားများအား တုတ်တဝင့်ဝင့်လုပ်လျက်ဟော်လည်းကောင်း၊ တဟေးဟေး တပါးဝါး အော်ဟစ်ရေရွတ်ခြင်းဟော်လည်းကောင်း ပြုလုပ်ကြလေသည်။

တပ်ဒိန်စခန်းမှ နံနက်စောစောထွက်လာသော ကျွန်တော်တို့ ချွေးတပ်သားများမှာ ခုနစ်ခွေစခန်းသို့ ရောက်မှပင် နံနက်စာထမင်းကို စားကြရပေမည်။ ထမင်းချက်တာပန်းကျသော ထမင်းချက်ခေါင်း အိုးသုကြီးနှင့် သူ့လူများမှာမူ

ယမန်နေ့ညကပင် လော်လီကားကြီးတစ်စင်းနှင့် ဆင်များပေါ်တွင် ဆန်အိတ်များ၊ အားဖြည့်စသည်များကို တင်ဆောင်ကာ တပ်ဒိန်မှ ထွက်ခွာသွားနှင့်ကြပြီး ဖြစ်သည်။

ယနေ့အဖို့မှာလည်း ကျွန်တော်တို့သည် အလုပ်ခွင်သို့ ဆင်းသက်ကြရဦးမည် ဟု မဟုတ်ချေ။ စခန်းပြောင်းရွှေ့ခြင်း၊ ခုနစ်ခွေစခန်းသို့ရောက်သည့်အခါ တဲတန်းလျားအဖျက်အစီးများကို ပြင်ဆင်ခြင်း၊ အခြားအခြားသော လုပ်စရာရှိသည့် စခန်းတွင်းကိစ္စများကို ပြုလုပ်ခြင်း စသည်များလောက်နှင့် တစ်နေ့တာအဖို့ ပြီးဆုံးရမည်ဖြစ်လေသည်။

သို့နှင့် ကျွန်တော်တို့သည် ဆယ့်တစ်နာရီကျော်ကျော်အချိန်၌ ခုနစ်ခွေစခန်းသို့ ရောက်ရှိခဲ့ကြလေသည်။ သို့ရာတွင် တပ်ဒိန်စခန်းမှ ထွက်ခွာလာခဲ့သည့်အဖိုင်း လှုံ့တက်စံတော့ မဟုတ်တော့ပေ။ အချို့အချို့သော ချွေးတပ်သားများမှာ နောက်တွင် ပြတ်ကျန်ခဲ့ကြလေသည်။

ဂျပန်စစ်သားများ၊ ဘွန်ထိုက်ချို၊ ဟန်ချို အစရှိသူများနှင့် တာဝန်ရှိသော ကျွန်တော်မှာ ရောက်ရှိလာသော ချွေးတပ်သားများအား စစ်ဆေးရေတွက်ခြင်း ပြုရလေသည်။ ကျွန်တော်တို့ဖာစ်တွေ တစ်နာရီလောက်နီးနီး ဖောင့်ကြပ်ကြည့်ရှုလျက် စစ်ဆေးနေသည်ဟိုင် လူမစုံသေး၊ မပြည့်သေးပေ။ လူလေးဆယ်နီးနီး လိုနေလေသည်။

သို့ရာတွင် ဂျပန်စစ်သားများမှာလည်း ထိုအချိန်ထိအောင် ဆက်လက်၍ ဖောင့်ဆိုင်းမနေကြတော့ပါဖျေ။ ဂျပန်များသည် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများကို ကာပန်ပေးလွှဲအပ်ပြီးလျှင် ညနေပိုင်းတွင် လူစုံမစုံ ဂျပန်စစ်ရုံးဟယ်သို့ လာရောက်၍ ပြောကြားခြင်းပြုရန် ကျွန်တော့်အား မှာကြားခြင်းပြုပြီးနောက် ၎င်းတို့နေထိုင်ကြရမည့် စစ်ရုံးအဆောက်အအုံနှင့် အိမ်ငယ်ကလေးများရှိရာသို့ ထွက်ခွာသွားကြလေသည်။

ဤတွင် ဂျပန်စစ်သားများ၏ အပြုအမူကိုလည်း ကျွန်တော် သတိထားလျက် လေ့လာမိပါသည်။ ယခုနောက်ပိုင်းရက်များ၌ကား ဂျပန်စစ်သားများ ကိုယ်တိုင်ကပင် အထက်က ပေးအပ်သည့် အမိန့်တာဝန်အရ ထမ်းဆောင်နေကြရသော်လည်း ချွေးတပ်သားများအပေါ်၌ ယခင်အခါများကလောက် တင်းတင်းကြပ်ကြပ်မပြုကြတော့ချေ။ သူတို့သည် အိုနာကျိုးကန်းနှင့် တောကြီးမျက်မည်းထဲတွင် ရောက်ရှိနေကြသော ချွေးတပ်သားများအနေနှင့် မည်သည့်နည်းနှည်းနှမျှ ထွက်ပြေးနိုင်ကြလိမ့်မည်မဟုတ်ဟု ယူဆထားကြသောကြောင့်ပင် ဖြစ်ဟန်တူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

စင်စစ်အားဖြင့်လည်း ယခုလိုနောက်ပိုင်းအချိန်၊ နောက်ပိုင်းရက်များတွင် ရွေးတပ်သားအတော်များများပင် တောတွင်းရွေးတပ်စခန်းများမှ ထွက်ပြေးပြီး ပြုလိုကြတော့မည် မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုရပါမူ ၎င်းတို့တွင် ဂျပန်များလက်တွင်းမှ လွတ်မြောက်အောင် ထွက်ပြေးနိုင်လောက်သည့် အားခွန်ဗလမျိုးလည်း မရှိကြတော့ပါချေ။ တစ်နည်းပြောရလျှင် ထိုမှုလောက် ဝေးလံနက်မှိုင်းတောကြီးခေါင်ခေါင်အရပ်မှ လွတ်မြောက်အောင် ထွက်ပြေးရန်လည်း မဖြစ်နိုင်တော့ပါချေ။

ကြည့်ပါ၊ အကြင်ရွေးတပ်သားတစ်ဦးတစ်ယောက်သည် ဤကောလှုပ်ရွေးတပ်စခန်းတစ်ခုခုမှနေလျက် ထွက်ပြေးခြင်းပြုသည်ဆိုငြားအံ့၊ ထိုသူ၊ ထိုရွေးတပ်သားအဖို့ တစ်နေရာမဟုတ် တစ်နေရာ၊ တစ်စခန်းမဟုတ် တစ်စခန်းတွင် ဂျပန်များလက်တွင်းသို့ သက်ဆင်းရောက်ရှိရမည်မှာ မလွဲပါပေ။

ထိုအခါ ၎င်းရွေးတပ်သားအဖို့ ကြိုးတုပ်၊ ကြိုးချည်ခံရပေမည်။ တစ်နေ့နောက်တစ်ကြောင်း ရှိပြန်သည်။ ထိုရွေးတပ်သားသည် ဂျပန်တို့ရန်မှ လွတ်ကင်းသည် ထားဦး၊ တစ်နေရာရာတွင် အစာရေစာငတ်လျက် အားပြတ်ကာ သေဆုံးရပေလိမ့်မည်။

ထိုအကြောင်းကို နားလည်ရိပ်စားမိသောကြောင့်လည်း ဂျပန်များကိုယ်တိုင်ကပင် နောက်ပိုင်းရက်များ၌ ရွေးတပ်သားများအား အတော်ပင် လျစ်လျူရှုထားခဲ့ခြင်းသာ ဖြစ်လေသည်။

ကျန်တော်သည် ဘွဲ့ထိုက်ချိုမှုနှင့် ဟန်ချိုများကို ခုနစ်ခွေစခန်း၏ အဝေးပေါက်ဝရှိ သစ်ပင်ကြီးများအောက်တွင် နေခဲ့စေပြီးနောက် ထမင်းချက်တဲရုံကြီးများရှိရာသို့ ထွက်ခဲ့လေသည်။ ထမင်းချက်ရုံကြီးအနီးသို့ ကျန်တော် ရောက်ရှိသွားသောအခါမှာ အချို့ကလေး ရွေးတပ်သားအုပ်စုများသည် ၎င်းတို့အတွက် နံနက်စာ ထမင်းကိုပင် ယူဆင်ကာ စားသောက်ခြင်းပြုနေကြလေပြီ။

ကျန်တော်သည် ထမင်းချက်ခေါင်း ကိုထွန်းမောင်နှင့် တွေ့ဆုံပြီးနောက် ရွေးတပ်သားများအကွက် ထမင်းဟင်းလျာများကိုလည်းကောင်း၊ အဝင်ပေါက်ဝတွင် ရှိနေသော ဟန်ချိုနှင့် ဘွဲ့ထိုက်ချိုများအတွက် ထမင်းများသွားရောက်ပို့ပေးစေရန် အစီအစဉ်များကိုလည်းကောင်း ကိုထွန်းမောင်နှင့် တိုင်ပင်လုပ်ဆောင်ရခြင်း ပြုရလေသည်။

"တဲလိုင်းတွေကတော့ အားလုံး ဖရိုဖရဲတွေချည်းပဲ ဆရာလေး၊ ပြန်ပြင်ပြီးမှ နေလို့ရမှာပဲ ခင်ဗျာ"

ထမင်းချက်ခေါင်း ကိုထွန်းမောင်က ဖြေပါသည်။

ကိုပွန်းမောင်မှာ မီးဖိုကြီးများအနီးတွင် ရွေးတလုံးလုံးဖြစ်နေလေသည်။ ကျန်တော်ရှိရာသို့ စကားလှမ်းပြောရင်းမှ သူ့လူများကိုလည်း အော်ဟယ်ဟစ်ဟယ်နှင့် အပြန်ပေးနေလေသည်။

"အားဗျာ— တဲတန်းလျားတွေကတော့ တစ်ခုမှ မကောင်းဘူးဗျာ၊ ပြင်သင့်စရာလောက်တော့ ပြင်ကြရမှာပဲ၊ ဒီလူတွေ ထမင်းစားပြီးလို့ ခဏတဖြတ်နားပြီးမှ အလုပ်ခိုင်းရမှာပဲဗျာ"

ကျန်တော်သည် ကိုထွန်းမောင်ရှိရာ မီးဖိုကြီးတစ်ဖိုအနီးသို့ လျှောက်ခဲ့ပြီးနောက် ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်ခြင်းပြုလေသည်။

ကိုထွန်းမောင်သည် ကျန်တော်နှင့် စကားဆက်လက်မပြောနိုင်သေးဘဲ သူ့ကိစ္စ သူ့တာဝန်များကို စီစဉ်လုပ်ဆောင်နေရလေသည်။

"အားလုံး ကိုထွန်းမောင်လူ ဘယ်နှစ်ယောက်လဲဗျာ"

ကျန်တော်ကား ကိုထွန်းမောင်ကို မေးလိုက်လေသည်။

"အားလုံး နှစ်ဆယ်ခင်ဗျာ၊ ကျန်တော်နဲ့မှ နှစ်ဆယ့်တစ်ယောက်၊ ဆရာလေးကိုက အားလုံး လူငါးရာကျော် မဟုတ်လား၊ ကျန်တော်တို့မှာ လူနှစ်ဆယ်တည်းနဲ့ ဘိုတော့ ဘယ်မှာ ထောင့်စေ့ပါ့မလဲ၊ နေ့မီး ညမီးဆက်နေမှာပဲ"

ကိုထွန်းမောင် ပြောစကား ဟုတ်မှန်ပေသည်။ သူတို့တွင် အားလုံးပေါင်း လူနှစ်ဆယ်သာ ဖြစ်လေသည်။ ချက်ပြုတ်ရသည်မှာ လူပေါင်း၎င်းရာကျော်အတွက် ဖြစ်လေသည်။ သူတို့တစ်တွေမှာလည်း ရထားလမ်းဖောက်လုပ်သော ရွေးတပ်သားများနည်းတူပင် ပင်ပန်းမှုကြီးများလှပေသည်။ သူတို့အဖို့ အဆိုးဆုံးသောအလုပ်မှာ ထင်းခုတ်ရသောအလုပ်ပင် ဖြစ်လေသည်။ ရေမိုးကိစ္စမှာမူ စမ်းချောင်းအနီးတွင် မီးဖိုတဲများ ဆောက်လုပ်ထားခြင်းကြောင့် ခက်သာရာရပေသည်။

ကျန်တော်သည် ကိုထွန်းမောင်နှင့် စကားစမြည်ပြောကြားရင်းမှ မီးဖိုတဲများကိုလည်းကောင်း၊ ရွေးတပ်သားများ နေထိုင်ကြရမည့် တဲလိုင်းကြီးများကိုလည်းကောင်း၊ ဂျပန်များနေထိုင်ကြရမည့် အိမ်ယက်လေးများနှင့် စစ်ရုံးငယ်အဆောက်အအုံများကိုလည်းကောင်း လှမ်းကြည့်ကာ အကဲခတ်မိလေသည်။

ခပ်တိုတိုပြောရလျှင် မြင်မြင်သမျှ အရာအားလုံးမှာ စိတ်ပျက်စရာတွေချည်းဖြစ်လေသည်။ ခုနစ်ခွေစခန်းတစ်ခုလုံး၏ အနေအထားမှန်သမျှသည် တပ်ဒိန်စခန်း၏ အနေအထားကို လုံးဝ မမီပါပေ။

တဲတန်းလျားများအားလုံးပင် ယိုင်လဲတော့မလောက် အခြေအနေတွင် ဖြစ်လေသည်။ ဝါးထရံဟူ၍လည်း တစ်ချပ်တစ်လေမျှ မတွေ့ရပေ။ အင်ဖက်အိမ်နှင့် အကာအရံဟူသမျှသည် စုတ်ပြတ်ပေါက်ပြဲနေလေသည်။ တဲတန်းလျားကြီးများမှာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ခါးကျိုးလျက်လည်းကောင်း၊ ခွေယိုင်လျက်လည်းကောင်း၊ တစ်ဖက်စောင်း
နိမ့်ကျလျက်လည်းကောင်း ရှိလေသည်။

ကိုထွန်းမောင်တို့၏ မီးဖိုကြီးနှစ်လုံးမှာလည်း အပေါက်အပြုံများနှင့်
ဖရိုဖရဲပင် ဖြစ်လေသည်။ သို့ရာတွင် မီးဖိုတဲကြီးများမှာ အမိုးသာရှိလျက် အကာ
အရံဟူ၍ကား လုံးဝမရှိသော တဲကြီးများ ဖြစ်လေသည်။

ဂျပန်များနေသည့် တဲအိမ်ကလေးများမှာလည်း တပ်ဒိန်းစခန်းနှင့် ကျောက်
တစ်လုံးစခန်းမှ တဲအိမ်ငယ်များကို မမီပါချေ။ ထိုတဲအိမ်ကလေးများနှင့် ဂျပန်စစ်ရုံ
ပြုလုပ်ထားသော နေရာမှာလည်း တပ်ဒိန်စခန်းကလို ကျောက်တောင်ကုန်းမြင့်ထဲ
တွင် မဟုတ်ပေ။ မြေညီမြေပြန့်ကွင် ဖြစ်လေသည်။

ဂျပန်စစ်ရုံးအဆောက်အအုံရှေ့၌ မွှင့်ထူကားသော နေတံမြတ်အလံသည်ပင်
အရောင်အဆင်းကင်းမဲလွန်း ဖြူရော်ရော မွဲခြောက်ခြောက်ရှိလေသည်။ ထိုပြင်ကွင်
များအားလုံးသည် အနိဋ္ဌာရုံမြင်ကွင်းများဖြည်း ဖြစ်သည်ဟု၍ ကျွန်တော် ယူဆ
မိလေသည်။

ကျွန်တော်နှင့် စမင်းချက်ခေါင်း ကိုထွန်းမောင်ကိုသည် ထွေရာလေးပါးသော
စကားများကို နောက်ထပ်ယောက် မာဆက်နိုင်ကြသေးဘဲ ချွေးတပ်သားများ၏
ထမင်းကိစ္စများကိုလည်းကောင်း၊ စခန်းပေါက်ဝတွင် ကျန်ရှိနေခဲ့ကြသော ဘွန်ထိုက်ချို
နှင့် ဟန်ချို့များအတွက် နံနက်စာထမင်းကိုလည်းကောင်း စီမံခန့်ခွဲလျက် ပေးနေ
ရလေသည်။ ထိုကိစ္စပြီးစီးသွားမှပင် ကျွန်တော်တို့ စကားဆက်နိုင်ကြလေသည်။

ယခုကစ်ကြိမ်၌က ကျွန်တော်တို့နှစ်ဦးမှာ မီးဖိုတဲကြီးများအတွင်း၌
မဟုတ်ကြတော့ပါဟေ။ မီးဖိုတဲနှစ်ပါနှင့် ခပ်လှမ်းလှမ်းတစ်နေရာရှိ ထင်းတုံးကြီး
ထက်တွင် တစ်ယောက်တစ်ဟုံးကျ ထိုင်လျက် ဖြစ်လေသည်။

"ဒီစခန်းတစ်ခုလုံးကို ကြည့်ရတာ နည်းနည်းလေးမှ ကျက်သရေမင်္ဂလာ
မရှိဘူးဗျ၊ ကျွန်တော်တို့လူစုဆိုရင် မနေ့ညက တစ်ညလုံး မအိပ်ကြရသလောက်
ပါပဲ၊ ဟောဟို တဲတန်းလျားပေါ်မှာပေါ့"

ကိုထွန်းမောင်သည် ခပ်လှမ်းလှမ်းရှိ တဲတန်းလျားတစ်လုံးကို ညွှန်ပြရင်း
ကျွန်တော့်အား ပြောလေသည်။ ထိုတဲလိုင်းသည် အားလုံးသောကဲလိုင်းများအနက်
အတော်ကလေးကောင်းမွန်သော တဲတန်းလျားတစ်လုံး ဖြစ်လေသည်။ အမှန်ဆို
ထိုက်သည်မှာ အဆိုးဆုံးမှ အကောင်းဆုံးဟူ၍ ဆိုထိုက်လေသည်။

"ဘယ်လိုဖြစ်လို့လဲ၊ ဒါကော် လူဟောင်းတွေ တစ်ယောက်မှ မကျန်ရစ်ခဲ့
ဘူးနော်"

ကျွန်တော်သည် ကိုထွန်းမောင်အား မေးခွန်းနှစ်ခုကို တစ်ကြိမ်တည်း
မေးလိုက်လေသည်။

ထိုအခိုက် ကျွန်တော်တို့ရှိရာသို့ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ကိုမောင်စိန်
တို့ ပေါက်လာကြလေသည်။ ထိုနှစ်ယောက်သည် ကျွန်တော်နှင့် ကိုထွန်းမောင်တို့
အနီးရှိ ထင်းတုံးကြီးပေါ်တွင် ဝင်ရောက်ထိုင်လိုက်ကြသည်။ ထိုအခိုက်၌ပင်
ကိုထွန်းမောင်ကလည်း ကျွန်တော့်အမေးကို ဖြေကြားခြင်းဖြစ်လေသည်။

"လူဟောင်းထဲက တစ်ယောက်ပဲ တွေ့ရတယ် ဆရာလေး၊ ဟောဟိုဘက်
အစွန်ဆုံး တဲလိုင်းပေါ်မှာပေါ့၊ ဒါပေမယ့် ဒီလူဟာ အသက်မရှိတော့ပါဘူး၊
လောက်ကောင်တွေ တဖွားဖွားကျနေတဲ့ အသုဘအလောင်းကောင်ကြီးပဲ ဆိုပါတော့၊
ပုပ်စော်နံလိုက်တာ နှာခေါင်းမခံနိုင်ဘူး"

"ဘာဗျာ-လူသေအလောင်းကောင်ကြီး၊ ဟုတ်လား"

ဘွန်ထိုက်ချို ကမောင်စိန်က မျက်လုံးအပြူးသားဖြင့် မေးလေသည်။ အမှန်ပင်
သူ့မျက်လုံးနှစ်လုံးသည် ပုံမှန်မျက်လုံးကဲ့သို့ ပြူးထွက်လာသည်။ သူ့တစ်ကိုယ်လုံး
သည် တုန်တုန်ယင်ယင်ဖြစ်သွားသည်။ အတော်အတန် သတ္တိကောင်းလှပါသည်
ဆိုသော ကိုသာမြိုင်သည်ပင် မျက်နှာပျက်သွားလေသည်။

"ဟုတ်တယ်ဗျာ၊ ဒီလူဟာ မကျန်းမမာဖြစ်ပြီး ကျန်ရစ်ခဲ့တာနဲ့ တူတယ်"

ကိုထွန်းမောင်က ပြောလေသည်။

ထမင်းချက်ခေါင်း၏ စကားသည် မှန်ကောင်းမှန်ပေလိမ့်မည်ဟု ကျွန်တော်
တွေးမိလေသည်။ တစ်ခါတစ်ခါ ချွေးတပ်သားများသည် စခန်းတာဝန်ကို တစ်ခုသို့
ရွှေ့ပြောင်းခြင်းပြုကြရာ၌ နာမကျန်းဖြစ်နေသော ချွေးတပ်သားတစ်ယောက်၏
နှစ်ယောက်စသည် ဘဲစခန်းများတွင် ကျန်ရစ်နေတတ်သည်။ ဤသည်မှာလည်း
ကျောက်ပိုင်းအချိန်တွင် ဖြစ်တတ် ကြုံကြိုက်တတ်လာသည့် အခြေအနေပြစ်လေသည်။
ကျွန်တော် အထက်ကလည်း ဆိုခဲ့ပြီးပါပြီ။ ဂျပန်များသည် ခပ်စောစောပိုင်းအချိန်
များကသာ လူမမာ ချွေးတပ်သားများအား တောတွင်းဆေးရုံများသို့ မသွားမနေ
ပို့လွှတ်ကြသော်လည်း နောက်ပိုင်းအချိန်၌မူ သေချင်သေ၊ ကြေချင်ကြေ၊ သိပ်ပြီး
အရေးမစိုက်တော့ပါချေ။ ထိုအခါ နာကောင်တုံးလုံးဖြစ်နေသော ချွေးတပ်သားများ
ကလည်း ဆေးရုံစခန်းသို့ မသွားတော့ဘဲ တဲတန်းလျားအလုပ်စခန်း၌ပင် လူကောင်း
များနှင့် အရောရော အနှောနှောပြုလျက် နေလေတော့သည်။

ထိုကိစ္စကို ဂျပန်များက မသိမဟုတ်၊ သိခဲလေသည်။ သို့ရာတွင် ဂျပန်များ
ကိုယ်တိုင်ပင် ဖြစ်သလို၊ ကျသလိုနည်းနှင့် အငတ်ငတ်အပြတ်ပြတ်၊ အမွှေးတုံတုံ
အပြုပြု ဖြစ်နေသောကြောင့်လည်း ချွေးတပ်သားများ၏ အဒရားကိစ္စကို သိပ်ဂရု

www.burmeseclassic.com

www.burmeseclassic.com

မစိုက်ကြခြင်းပင် ဖြစ်လေသည်။ စင်စစ် ထိုင်း-မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်ရာ တောတွင်း ချွေးတပ်စခန်းများသို့ တာဝန်ကျရောက်နေသော ကျွန်တို့ကိုယ်တိုင်ပင်လျှင် အနည်းနှင့်အများ စိတ်ဓာတ်ကျဆင်းနေကြခြင်းပင် ဖြစ်လေသည်။

"ဆရာလေး– ကျုပ်လူတွေနဲ့ ကျုပ်တော့ အဲဒီတဲလိုင်းမှာ မနေပါရစေနဲ့ဗျာ"

ကိုမောင်စိန်က အထိတ်တလန့် ပြောလေသည်။

"အားလုံး မဲချယူရမှာ ကိုယ့်လူ၊ ကဲအတိုင်းကျရာပဲဗျ"

ကိုသာမြိုင်က ဆိုလေသည်။

လူတစ်ယောက် သေဆုံးလျက် လောက်ကောင်တွေ တဖွာဖွာကျနေသော တဲတန်းလျားပေါ်တွင်မူ ဘွန်ထိုက်ချို ကိုမောင်စိန်သာမဟုတ်၊ မည်သည့်ဘွန်ထိုက်ချို အဖွဲ့သားများမှ နေလိုကြလိမ့်မည် မဟုတ်ပါပေ။

"နေစမ်းပါဦး၊ အဲဒီအလောင်းကြီးက ခုထိရှိနေသေးလို့ဟား"

ကျွန်တော်က ကိုထွန်းမောင်ကို မေးလိုက်သည်။

"ဘယ်ရှိတော့မှာလဲ ဆရာလေးရာ၊ လေသင့်တိုင်း အပုပ်နဲ့က တထောင်းထောင်း ထွက်နေတော့ ကျွန်တော်တို့လူနကပဲ သွားပြီးမြှုပ်လိုက်ရတယ်"

"ဒီလိုဆို တော်သေးတာပေါ့"

ကိုမောင်စိန်သည် သက်ပြင်းချရင်း ပြောလေသည်။

"မတော်သေးနဲ့ ကိုယ့်လူ၊ ညဘက်ကျရင် အကြောင်းသိရမယ်၊ ကျုပ်တို့တော့ မနေ့ညက တစ်ညလုံး မအိပ်ရဘူး"

ကိုထွန်းမောင်က ပြောပြန်လေသည်။

"အဲဒါက ဘယ်လိုကြောင့်လဲ ကိုထွန်းမောင်"

ကိုသာမြိုင်က မေးလိုက်လေသည်။

"အဲဒီတဲတန်းလျားပေါ်က တစ်ညလုံးလိုလိုပဲ ညည်းသံညူသံတွေ ကြားရတယ်ဗျာ့ ဆရာလေး၊ ဒါနဲ့ ကျွန်တော့်လူတွေက မီးတုတ်ကိုယ်စီနဲ့ သွားကြည့်ကြတယ်၊ အဲဒီတော့လဲ ဘာမှမတွေ့ရဘူးခင်ဗျာ့၊ ဒီလိုနဲ့သာ ကျွန်တော်တို့ဟာ တစ်ညလုံး မိုးလင်းကောတာပါပဲဗျာ"

"ခင်ဗျား စိတ်ထင်လို့နဲ့ တူပါတယ်ဗျာ"

ကျွန်တော်က ပြောလိုက်ပါသည်။

"ဟာ– ကျွန်တော်တစ်ယောက်တည်း ကြားရတဲ့ကိစ္စ မဟုတ်ဘူးဗျာ့ ဆရာလေးရ၊ ကျွန်တော်တို့လူတွေ အားလုံးကြားရတဲ့ ညည်းသံတွေခင်ဗျာ့၊ နောက်ပြီး ဒီစခန်းနဲ့ ပတ်သက်လို့ ကျွန်တော် ကြားထားရသလောက်ဆိုရင်

ဓပ်စောစောပိုင်းက ဒီစခန်းမှာ ကျောက်ရောဂါတွေ အကြီးအကျယ်ဖြစ်လိုက်တယ်၊ လူနှစ်ရာကျော် သုံးရာလောက် သေဆုံးတယ်၊ နောက်ပြီး ဝမ်းရောဂါဖြစ်တယ်၊ လူလေးငါးရာထက်မနည်း သေသွားတယ်၊ အဲဒီလိုနဲ့သာ ဒီစခန်းဟာ ပျက်သလောက်ဖြစ်သွားတာပဲ၊ ဂျပန်တွေတောင် မနေဝံ့ကြဘူး၊ မဟုတ်လားဗျာ၊ ခုမှ ကျောက်ထုရမယ့် အလုပ်တွေ၊ ထင်းဖြတ်ရမယ့်အလုပ်တွေ ပေါ်လာလို့ ကျွန်တော်တို့တစ်တွေကို ဒီစခန်းပြောင်းလိုက်ကာ မပုတ်လားဗျာ"

ထမင်းချက်ခေါင်းက ပြောလေသည်။

သူပြောသည့်အပိုင်းလည်း ဟုတ်ပေသည်။ ယခုနှစ်မိုးအကုန် ဆောင်းအကူးနှင့် ဆောင်းအကုန် နွေအကူးတွင် သည်ခုနှစ်ချွေစခန်း၌ ရောဂါဘယတွေ သောက်သောက်လဲ ဖြစ်ပွားလိုက်သည်။ ဝမ်းရောဂါမှာမူ ခုနှစ်ချွေစခန်း၌သာမက ကျွန်တော်တို့ ပြောင်းရွှေ့လာခဲ့သော တပ်ဒဏ်စခန်း၊ ကျောက်တစ်လုံးစခန်း၊ ဘုရားသုံးဆူစခန်း အစရှိသော တောတွင်း ချွေးတပ်စခန်းပေါင်း များစွာတို့လည်း အနည်းနှင့်အများဆိုသလို ကူးစက်ဖြစ်ပွားခဲ့လေသည်။ အသေအပျောက်ဆိုသည်မှာလည်း ဝမ်းရောဂါဖြစ်ပွားလိုက်သည့်အခါ အနည်းဆုံး လူတစ်ရာကျော်နှစ်ရာမှ ငါးရာကျော် ခြောက်ရာအထိ သေကျေပျက်စီးခြင်း ရှိခဲ့ကြလေသည်။

ထို့ကြောင့်လည်း ခုနှစ်ချွေစခန်းနှင့် ပတ်သက်၍ ထမင်းချက်ခေါင်း၏ ပြောကြားချက်များ မှန်ကန်သည်ဟု ဆိုရပေမည်။

သို့နှင့် ကျွန်တော်တို့သည် တိုင်ပင်စရာရှိသည်များကို ကိုင်ပင်ပြောကြားကြပြီးနောက် ချွေးတပ်သားများ ထမင်းစားသောက်ပြီးစီးကြသည့်အခါ ယိမ်းယိုင်ပျက်စီးနေသော တဲတန်းလျားများကို ချွေးတပ်သားအချို့နှင့် ပြင်ဆင်လုပ်ကိုင်ခြင်း ပြုကြရလေသည်။

သို့ရာတွင် ဤအချိန်ထိအောင်ပင် တပ်ဒဏ်စခန်းမှ ထွက်ခွာလာခဲ့ကြသော ချွေးတပ်သားအချို့တို့မှာလည်း ခုနှစ်ချွေစခန်းသို့ ရောက်မလာကြသေးပါချေ။ ခပ်စောစောက လူလေးဆယ်ကျော် ငါးဆယ်ခန့်လိုနေရာမှ လူဆယ့်ငါးယောက်တိတိလိုနေပြန်လေသည်။ အချိန်မှာလည်း နေ့လယ်နှစ်နာရီခန့်သို့ ရောက်ရှိနေလေပြီ။

ထို့ကြောင့်လည်း ကျွန်တော်သည် ဘွန်ထိုက်ချို့အချို့နှင့် ဟန်ချို့အချို့ကို စခန်းအဝင်ပေါက်ဝတွင် အစောင့်အဖြစ်ထားလျက် ကျန်လူများနှင့် တဲတန်းလျားများကို ပြင်ဆင်လုပ်ကိုင်ခြင်းပြုရလေသည်။

ထိုအချိန်၌ပင် ခုနှစ်ချွေစခန်းအတွက် အကြီးအမှူးအဖြစ် တာဝန်ကျလာသော ဂျပန်စစ်ဗိုလ်နှင့် စစ်သားလေးငါးယောက်တို့သည် ကျွန်တော်နှင့် ချွေးတပ်သားများ ရှိရာသို့ ရောက်လာကြလေသည်။ သူတို့နှင့်အတူ မောင်ချစ်ဆိုသော စကားပြန်

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ကလေးပါ ပါရှိလာလေသည်။ ထိုသူငယ်မှာ တပ်ဒိန်စခန်းမှ ကျပန်စစ်ဗိုလ်
ရာမာမိုတို့၏ စကားပြန်ကလေး မောင်အေးချိုထက် အသက်ငယ်ရွယ်သူ သူ
ကလေးတစ်ယောက် ဖြစ်လေသည်။ ထိုသူငယ်သည် မောင်အေးချိုလေ
စကားပြော မသွက်လက်ပေ။

ခုနစ်ခွေစခန်းသို့ အကြီးအကဲအဖြစ် တာဝန်ယူလာသော ကျပန်စစ်ဗိုလ်
လိုင်းနှစ်လိုင်း၊ ကြေယ်တစ်ပွင့် အဆင့်အတန်းရှိသည့် စစ်ဗိုလ်တစ်ယောက်ဖြစ်
သည်။ သူ့အမည်မှာ အိနားမတ်ဆာဟူ၍ ဖြစ်လေသည်။ သူ့အမည်ကို သိနေ
ဘွန်ထိုက်ချို့နှင့် ဟန်ချိုအချို့တို့ကမူ 'အီးနမ်း–အီးနမ်း' ဟူ၍ ပြက်ရယ်ပြုလျက်
ခေါ်တတ်ကြလေသည်။ သို့ရာတွင် သူ၏ရှေ့မှောက်၌မူ ဤလို မခေါ်ဝံ့ကြပါ
အိနားမတ်ဆုသည် ကုလားကဲ့သို့ သဘောထားပဆိုးရွား။ ကြည့်လိုက်လျှ
ခပ်ပြုံးပြုံး ခပ်ရွင်ရွင်နေဟတ်သည်။" သတို့ကျပန်စစ်သားများနှင့်လည်း လိုက်လိုက်
လျောလျော ဆက်ဆံနေထိုင်တတ်သည်။ ပြီးလျှင် သူ့တွင် အခြားကျပန်များ
မတူသော ကွဲလွဲချက်တစ်ခု ရှိလေသည်။ ထိုအချက်မှာ အခြားမဟုတ်၊ စာ
ဝါသနာပါခြင်းပင် ဖြစ်လေသည်။ သူသည် အခါခပ်သိမ်းဆိုသလိုပင် စာအုပ်
တစ်အုပ်ကို လက်တွင် ကိုင်ထားတတ်လေသည်။ နေ့လယ်နေ့ခင်းအချိန်များ၌လည်း
ခွေးတပ်သားများ ကျောက်ဆူရာ ထင်းဖြတ် ထင်းခုတ်ရာသို့ လာရောက်ကြသည့်
တတ်လေသည်။ ထိုအခါ ခပ်ပင်ရိပ်ကောင်းကောင်းနှင့် စမ်းချောင်းနံဘေး
ကျောက်တုံးများထက်တွင် ထိုင်လျက် ကားအေးလူလူ စာဖတ်နေတတ်လေသည်။

တပ်ဒိန်မှ ခုနစ်ခွေစခန်းသို့ ရွှေ့ပြောင်းရသည့်အခါ ကျွန်တော်တို့
ခွေးတပ်သားများကို ကြပ်မတ်ကွပ်ကဲလျက် စေခိုင်းရန်အတွက် ကျပန်စစ်သား
အစိတ်ခန့် ပါရှိလာလေသည်။ ထိုအထဲတွင် အိနားမတ်ဆုမှာ အကြီးအကဲ
ဖြစ်လေသည်။

သူသည် တပ်ဒိန်စခန်းတွင် နေစဉ်အခါကပင် စကားပြန်ကလေး မောင်အေးချို
နှင့် မောင်ချစ်တို့ထံမှ မြန်မာစကားနှင့် မွန်စကားများကို သင်ကြားမှတ်သားနေသော
ကျပန်တစ်ယောက် ဖြစ်လေသည်။ သူ့လက်ထဲတွင် ကျပန်စာအုပ်ကလေးတစ်အုပ်ကို
အမြဲလို ကိုင်ဆောင်ထားသလို ဘောင်းဘီအိတ်ထဲ၌လည်း မှတ်စုစာအုပ်ငယ်
တစ်အုပ်ကို အခါခပ်သိမ်း တွေ့ရလေသည်။

ခုနစ်ခွေစခန်းသို့ရောက်မှ ကျွန်တော် သိရသည်မှာ အိနားမတ်ဆုသည်
ကဗျာဝါသနာပါသော စစ်သားတစ်ယောက်ဟူ၍ ဖြစ်လေသည်။ ကျွန်တော်တို့
မြန်မာ့အတွေးနှင့် ပြောရလျှင် သူသည် နဝဒေး၊ နတ်သျှင်နောင်တို့ကို အားကျဟန်
တူသည်ဟူ၍ ဆိုရပေမည်။

"အားလုံး လာတက– အားလုံး ကောင်းကောင်းရှိတက–"

အိနားမတ်ဆုက ကျွန်တော့်ကို မေးလေသည်။

သူ့ဆိုလိုချက်ကို ကျွန်တော် ချက်ချင်းပင် သဘောပေါက်ပါသည်။ 'တပ်ဒိန်စခန်းမှာ ထွက်ခွာလာသော ခွေးတပ်သားအားလုံး ကောင်းမွန်စေ့စွာ ရောက်ကြပြီလား' ဟူ၍ သူ မေးမြန်းလိုခြင်းပင် ဖြစ်လေသည်။

ကျွန်တော်က ခွေးတပ်သားဆယ်ငါးယောက် ရောက်မလာသေးကြောင်းနှင့် ထိုသူများအား စောင့်ဆိုင်းရန်အတွက် ဘွန်ထိုက်ချို့နှင့် ဟန်ချိုအချို့တို့အား အဝင်အပေါက်ဝတွင် အစောင့်ခိုင်းထားရကြောင်း ပြောရလေသည်။

အိနားမတ်ဆုသည် ကျွန်တော့်စကားကို ကြားလိုက်ရသည့်အခါ ပြုံးပြုံးရွှင်ရွှင်
ကြီး ဖြစ်သွားလေသည်။ ကျွန်တော်ပြောသည်ကို သဘောကျ၍ ပြုံးခြင်းတော့
ဟုတ်ဟန်မတူ၊ သူ မြန်မာလိုပြောသောစကားကို ကျွန်တော် နားလည်သဖြင့်
အားရကျေနပ်လျက် ပြုံးခြင်းပင် ဖြစ်ဟန်တူလေသည်။

ပြီးလျှင် သူသည် စကားပြန်သူငယ်မှတစ်ဆင့် လုပ်ငန်းအစီအစဉ်များကို
ပြောကြားခြင်းပြုလေသည်။

ကျွန်တော်ကို ခွေးတပ်သားများသည် နောက်နေ့မနက်မှစ၍ အလုပ်ခွင်သို့
ဝင်ရောက်ကြရမည်ဟု ဆိုလေသည်။ ထင်းဖြတ်ကြရမည်၊ ကျောက်ဆုကြရမည်၊
ဒိုင်းနမိုင်းဖောက်ခွဲကြရမည်ဟု ဆိုလေသည်။ ခွေးတပ်သားများအားလုံး နောက်
တစ်နေ့မနက်တွင် ကျပန်စစ်ရုံးရှေ့ရှိ မြေကွက်လပ်၌ တန်းစီကြရမည်ဟု ပြောလေ
သည်။ တစ်ဖန် စမ်းချောင်းအတွင်းမှ ရေကို အစိမ်းမသောက်ရ၊ ကျိုချက်လျက်
သောက်ကြရမည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချို့များက ပြောကြားခြင်းပြုကြရမည်ဟု
ဆိုလေသည်။

နောက်ဆုံး တပ်ဒိန်စခန်းမှ ထွက်ခွာလာသော ခွေးတပ်သားဆယ့်ငါးယောက်
သည် ညနေစောင်းမှ မရောက်ခဲ့သော် ကျွန်တော်နှင့် ဘွန်ထိုက်ချို့များ လိုက်သွား
ကြရမည်ဖြစ်ကြောင်းနှင့် အမိန့်ပေးခြင်းပြုလေသည်။

ဤသို့နှင့် ကျွန်တော်တို့သည် ထိုနေ့တစ်နေ့လုံး တဲတန်းလျားအပျက်အစီး
များကို လှုပ်လှုပ်ရှားရှား ချိတက် ပြင်ဆင်တန်သလောက် ပြင်ဆင်ခြင်း ပြုကြရ
လေသည်။ ညရေးညတာအတွက်လည်း ထင်းမီးများ ဖိုကြရခြင်း၊ ကိုယ်တဲလိုင်းနှင့်
ကိုယ် ထင်းခုတ်စုဆောင်းရခြင်း၊ ရေမိုးခပ်ထားရခြင်းများ ပြုကြရသည်။ သောက်ရေ
အတွက်ကိုကား ကျွန်တော်တို့သည် စမ်းချောင်းရေကို သံပုံးကြီးများတွင် ထည့်ကျို
ပြီးနောက် အအေးခံလျက် ဝါးဆစ်ဘူးများဖြင့် သိုမှီးထားကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ဘွန်ထိုက်ချို့အုပ်စုများကို တဲတန်းလျားပေါ်၌ နေရာချထားခြင်းပြုသည့်အခါ မဲချလျက် နေရာချထားခြင်း ပြုကြရလေသည်။ ဘွန်ထိုက်ချို့ကိုမောင်စိန်နှင့် ဟန်ချို့ အုန်းမောင်တို့လူစုမှာ လူသေအလောင်း တွေ့ထားသဖြင့် သူတို့မနေချင်ပါဘူးဆိုသော တဲတန်းလျားကိုမှ တမင်ရွေးလျက် ဖယ်သလို မဲကျသဖြင့် ထိုတဲတန်းလျားတွင် သွားရောက်၍ နေရာယူကြရလေသည်။

"ဒုက္ခပါပဲဗျာ–ကျုပ်တို့ မနေချင်တဲ့ တဲလိုင်းကိုမှ မဲလာပေါက်နေတယ်၊ အဲဒီတဲက အစွန်ဆုံးတဲကျတယ်၊ တောစပ်နဲ့လဲ နီးတယ်"

ကိုမောင်စိန်က ညည်းညည်းတွားတွား ပြောလေသည်။

"အများနဲ့ဟာပဲဗျာ–ကြောက်စရာ မဟုတ်ပါဘူး၊ ကျုပ်တို့အထဲမှာ ခင်ဗျားအုပ်စုက လူအများဆုံးဗျာ့"

"ည,ညကျရင် ကျားလာတယ်လို့လဲ ကိုထွန်းမောင်က ပြောတယ်၊ မတော်ဟာဆ ကျားဝင်ဆွဲမှဖြင့် သရဲထက်ဆိုးမယ်"

ဟန်ချို့ အုန်းမောင်က ရှဲ့ရှဲ့မဲ့မဲ့ ပြောလေသည်။

ဘွန်ထိုက်ချို့ ကိုမောင်စိန်နှင့် ဟန်ချို့ အုန်းမောင်တို့သည် အတော်ပင်စိတ်ပျက်လျက် အတော်ကြီး ကြောက်ရွံ့ထိတ်လန့်နေကြောင်း ထင်ရှားလှလေသည်။ သူတို့နှစ်ယောက် နေရာယူထားသည်ကပင် တဲလိုင်းအလယ် လူအုပ်ကြားထဲတွင်ဖြစ်လေသည်။

"တဲလိုင်းထိပ်မှာ မီးဖိုထားပေါ့ဗျာ၊ ဖောင်းကားခပ်ကြီးကြီးကို မပြတ်ထည့်ပေးထား၊ နောက်ပြီး ဝါးပိုးဝါးအဆစ်ပိတ်ဖွေးကိုလဲ အသင့်ဆောင်ထား၊ တကယ်လို့ ကျားလာမယ်ကင်ရင် မီးဖိုထဲထည့်ပေး၊ ဝါးကွဲပြီး ထ,ပေါက်တော့ သေနတ်သံမြည်သလို မြည်မှာပဲ၊ ပြီးတော့ လူအလှည့်နဲ့ စောင့်ပေါ့"

ကျွန်ကော်က နည်းပေးလမ်းပြ ပြောရလေသည်။

"ဆရာလေးပေးတဲ့ အကြံဉာဏ် ကောင်းတယ်ဗျာ၊ ငါတို့များ အဲဒီအတိုင်း လုပ်ရမှာပဲ အုန်းမောင်"

ကိုမောင်စိန်က သူ့လူ အုန်းမောင်ကို ပြောလေသည်။

ဤလိုနှင့် အချိန်မှာလည်း ညနေလေးနာရီထိုးခဲ့ပေပြီ။ လမ်းခုလတ်တွင် ကျန်ရစ်ခဲ့သော ဖွေးဖြူသားဆယ့်ငါးယောက်တို့အနက် ဆယ့်သုံးယောက်တို့ကား နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ရောက်ရှိလာကြလေသည်။ ကျန်နှစ်ယောက်မှာ လမ်းတွင် ကျန်ရစ်ခဲ့ကြောင်း သိရလေသည်။

ထိုနှစ်ယောက်မှာ တစ်ယောက်က ဟန်ချို့ ကိုချစ်တီးအုပ်စုမှ ဖိုးမိုဆိုသူ ချွေးတပ်သားဖြစ်သည်။ မအူပင်နယ်သား ဖြစ်လေသည်။ တစ်ယောက်မှာ

ဘွန်ထိုက်ချို့ ကိုဘအုန်းအုပ်စုထဲမှ မြသိန်းဆိုသော သူငယ်ဖြစ်သည်။ ထိုသူနှစ်ယောက်စလုံး ကောင်းစွာကျန်းမာကြသူများ မဟုတ်ကြောင်း ကျွန်တော် သိပါသည်။

"ကျွန်တော်တို့ လိုက်ကြဦးမှ ထင်တယ် ဆရာလေး"

ကိုဘအုန်းက ပြောလေသည်။ ကိုဘအုန်းသည် မင်းဘူးနယ်သားတစ်ယောက်ဖြစ်လေသည်။ ဆယ်ငါးရွာ ဆွေးသမားတစ်ယောက် ဖြစ်လေသည်။ စကားပြောလျှင် ခပ်သွက်သွက်ပြောတတ်သည်။ ရယ်စရာမောစရာ ရှိလျှင်လည်း အားပါးတရ ရယ်မောတတ်လေသည်။ တပ်ဒိန်စခန်းမှ ခုနစ်ခွေစခန်းသို့ ပြောင်းရွှေ့ကြရမည်ဟု ဆိုစဉ်အခါကမူ "ဒီတစ်သက်တော့ အိမ်ပြန်ရောက်တော့မှာ မဟုတ်ပါဘူး" ဟု ဆိုလျက် တဟီးဟီး ငိုကြွေးပါလေတော့သည်။

"ကျွန်တော့်အထင်တော့ ဖိုးမိဟာ လမ်းမှာတင် သေချင်သေနေလိမ့်မယ် ဆရာလေး၊ မောတယ် မောတယ်ဆိုပြီး လမ်းခုလတ်က ကျောက်တုံးကြီးတစ်တုံးပေါ်မှာ လဲအိပ်ကျန်ရစ်ခဲ့တာပဲ"

ကိုချစ်တီးက ပြောလေသည်။

"ကျုပ်ကောင်လေးလဲ ဒီအကိုင်းပဲ ဖြစ်လိမ့်မယ်ထင်တယ်ဗျ၊ မြသိန်းဟာကောင်းကောင်းမမာဘူးဗျ ဆရာလေး"

ကိုဘအုန်းက ပြောပြန်လေသည်။

"အေးဗျာ–ကျွန်တော်တို့တစ်တွေ လူစုပြီး လိုက်သွားကြတာပေါ့၊ ည, ထမင်းဝေချိန်တောင် ရောက်နေပြီ၊ ကဲ–ဘွန်ထိုက်ချို့ လေးငါးယောက်ရယ်၊ ဟန်ချို့ လေးငါးယောက်ရယ် သွားကြတာပေါ့"

ကျွန်တော်တို့အားလုံး လူပေါင်းဆယ်ယောက်ခန့်ရှိမည်ဟု ထင်ပါသည်။ တစ်စုတစ်ဝေးကြီးပင် မီးတုတ်များ၊ ဝါးချွန်များ ကိုင်ဆောင်လျက် ခုနစ်ခွေစခန်းအတွင်းမှ ထွက်ခဲ့ကြလေသည်။

ဟန်ချို့ ကိုချစ်တီးနှင့် ဘွန်ထိုက်ချို့ ကိုဘအုန်းတို့၏ ပြောစကားအရ အချို့သော ဟန်ချို့များသည် လိုရမယ်ရဟူသော သဘောဖြင့် ပေါက်တူး၊ ပေါက်ချွန်းစသော လက်နက်များကိုလည်း ယူဆောင်လာကြောင်း လမ်းရောက်မှ ကျွန်တော် သိရပါလေသည်။

အချိန်မှာ ညနေ ၄ နာရီသာသာဖြစ်သော်လည်း တောလမ်းခရီးဖြစ်သည်က တစ်ကြောင်း၊ ဆောင်းရာသီဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ၅ နာရီခွဲ ၆ နာရီ ဆိုလျှင်ပင် လမ်းခရီးမှာ အမှောင်ထုဖြင့် ပိတ်ဖုံးနေလိမ့်မည်တော့ ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့လူစုသည် ခြေလှမ်းသွက်သွက်လှမ်းလျက် ကားလမ်းခရီးအတိုင်း လျှောက်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တောရိပ်တောင်ရိပ် ထူထပ်ပိတ်ဆိုးနေသော နေရာဒေသဟစ်ခုဖြစ်ခြင်း၊ ကြောင့်လည်း ကားလမ်းပေါ်တွင် နေ၏အလင်းရောင်မှာ ကွယ်ပျောက်လျက်ပင် ရှိလေပြီ။ ဤနေရာ ဤဒေသကား စိမ့်ကြိုးမြို့ငယ်ကြီး၊ ရိပ်ကြီးတောတောင်ဟူသော အရပ်ဒေသတစ်ခုပင် ဖြစ်လေသည်။

ကျွန်တော်နှင့် ကိုသာမြို့ငယ်မှာ စကားပြောတစ်လှည့်၊ မပြောတစ်လှည့်နှင့် ထိုသူများနောက်ပိုင်းမှ ခြေလှမ်းမှန်မှန်လှမ်းလျက် လိုက်ပါလာခဲ့လေသည်။ ထိုအတွင်း ကျွန်တော်၏စိတ်ထဲတွင် ချွေးတပ်သား ဖိုးမိုနှင့် မြသိန်းအကြောင်းကို တွေးလိုက်မိလေသည်။

ဖိုးမိုနှင့် မြသိန်းတို့ နှစ်ယောက်သည် ခပ်စောစောအချိန်က ကိုဘအုန်းပြောသလို လမ်းခုလတ်တွင် အားပြတ်၍များ သေလေပလား။ ထိုသို့မဟုတ်ပါက လည်း အားပြတ်၍ လဲနေကျခိုက် ကျားဆွဲကိုပင် ခံရလေပလား။ ထိုအတွေးကြောင့် ကျွန်တော့်တွင် စိုးရိမ်စိတ်ဝင်ရောက်လာပါသည်။

စင်စစ် ကျွန်တော်တို့ ချွေးတပ်သားများသည် ဒေသကြောင်တောင်အချိန်များပင် ဖြစ်သော်လည်း ဤခရီး ဤလမ်း၌ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်းအနေနှင့် အသွားအလာ မပြုဝံ့ကြပါပေ။ ဤခရီး ဤလမ်းသည် အခြားတစ်ပါးသော ဘေးအန္တရာယ်များကို မစိုးရိမ်ရပေမင့် တောဆင်ရိုင်းနှင့် ကျားများအား ရင်ဆိုင်ရမည့် အဖြစ်ကိုမူ ကျွန်တော်တို့ စိုးရိမ်ရလေသည်။ ဤကိစ္စမှာ ကျွန်တော်တို့ ချွေးတပ်သားများသာ မဟုတ်၊ ကျပန်များအနေနှင့်လည်း စိုးရိမ်သတိထားရသော ကိစ္စတစ်ခုဖြစ်လေသည်။

ကျွန်တော်၏ ခေါင်းထဲတွင် ထိုအကွေးပေါ်ပေါက်လာသောကြောင့်လည်း ကျွန်တော်က ကိုသာမြို့ငယ်အား ဖိုးမိုနှင့် မြသိန်းတို့နှစ်ယောက် ကျားဆွဲများပင် ခံရလေမလားဟူ၍ ပြောလိုက်မိလေသည်။

"ဖြစ်နိုင်တယ်ဗျာ ဆရာလေး၊ ကျားတွေဟာ ဒီကားလမ်းဘေးအနီးတစ်ဝိုက်ကို တစ်ခါတစ်ခါ ရောက်လာတတ်တယ်၊ ဟိုတစ်လောကတောင် ကျပန်စစ်သားလေးငါးယောက်နဲ့ တွေ့သေးတယ် မဟုတ်လား"

ကိုသာမြို့ငယ်က ပြောလေသည်။

"ဒါပေမယ့် သူတို့က သေနတ်ပါလေတော့ ကိစ္စမရှိဘူးပေါ့ဗျာ"

ကျွန်တော်က ပြောပါသည်။

"ခုနစ်ခွေစခန်းဟာလဲ ကျားဆွဲတတ်တယ်လို့တော့ သတင်းကြီးနေတာပဲ ဆရာလေး၊ ညရေးညတာကို ကျွန်တော်တို့ သတိဝီရိယထားကြရမှ ဖြစ်လိမ့်မယ်"

"အေးပေါ့ဗျာ- အားလုံး နိုးနိုးကြားကြား ရှိကြရမှာပေါ့လေ၊ ညဘက် အပြင်အပကို ထွက်ရင်လဲ တစ်ယောက်ထဲ မထွက်နဲ့ပေါ့၊ ပြီးတော့ မီးမပါဘဲလဲ မယွက်ကြစေနဲ့ပေါ့"

သို့နှင့် ကျွန်တော်တို့လူစုသည် ခရီးမိုင်ဝက်ခန့် ပေါက်ခဲ့ကြပေပြီ။ သို့ရာတွင် ထိုခရီးအကွာအဝေးသို့ ရောက်ခဲ့ကြသည်အထိကား တစ်နုံတစ်ရာ အကြောင်းများခြားသေးပါပေ။ ဖိုးမိုကိုသော်လည်းကောင်း၊ မြသိန်းကိုသော်လည်းကောင်း မတွေ့ရသေးဘဲ ရှိလေသည်။

ကျွန်တော်သည် ခုနစ်ခွေစခန်းမှ ထွံက်လာ၍ ခရီးတစ်ဖာလုံသာသာ အရောက်၌ပင် ကျွန်တော်တို့လူစုအား နှစ်အုပ်စုခွဲလိုက်ပြီး ဖြစ်လေသည်။ ကားလမ်းမှာ အတော်ပင် ကျယ်ပြန့်စွာ ဖောက်လုပ်ထားသည့် လမ်းတစ်လမ်းဖြစ်ပါသည်။ လော်လီကားကြီးများပင် နှစ်စီးလွတ်လွတ်ကျတ်ကျက် မောင်းနှင်ရောင်တိမ်းခြင်း ပြုနိုင်သည့် အကျယ်အပန်းဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် အတူတူပါလာသူ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များအား နှစ်အုပ်စုခွဲစေလျက် ကားလမ်းဘေး ပဲနှင့်ယာ တစ်ဖက်တစ်ချက်တွင် ဖိုးမိုနှင့် မြသိန်းတို့အား ကြည့်ရှုရှာဖွေစေခြင်း ဖြစ်လေသည်။

ဤလိုနှင့် နောက်ထပ် ခရီးတစ်ဖာလုံကျော်ကျော်၊ နှစ်ဖာလုံခန့် ဆက်လက်၍ သွားမိကြသည်။ အမှောင်ရိပ်များကလည်း တစ်စထက်တစ်စ ဝင်ရောက်စပြုလာလေတော့သည်။ ဤအချိန်၌ပင် ကျွန်တော်နှင့် ကိုသာမြို့ငယ်တို့ရှေ့မှ သွားနေကြသော ဘွန်ထိုက်ချို့ ကိုဘအုန်းတို့လူစုဆီမှ အသံတစ်သံကို ကြားလိုက်ရလေသည်။

"တွေ့ပြီ ဆရာလေး၊ တွေ့ပြီခင်ဗျာ- ဖိုးမိုခင်ဗျာ-ဖိုးမို"

အသံမှာ ဘွန်ထိုက်ချို့ ကိုဘအုန်း၏ အသံပင် ဖြစ်လေသည်။ ထိုအသံကြောင့် ဟန်ချို့နှင့် ဘွန်ထိုက်ချို့များ အားလုံး ကိုဘအုန်းရှိရာသို့ စုရုံးပြေးလွှားသွားကြသည်။ ကျွန်တော်နှင့် ကိုသာမြို့ငယ်လည်း ထိုလူစုရှိရာသို့ ပြေးလွှားလာခဲ့ကြပါသည်။

ကျွန်တော်တို့သည် ကားလမ်းမကြီးဘေးတစ်နေရာတွင် ခွေခွေကလေးလဲနေသော ဖိုးမိုအား တွေ့လိုက်ရလေသည်။

"ဖိုးမို-ဖိုးမို-ဖိုးမို"

ဟန်ချို့ ကိုချစ်တီးသည် သူ့ခါးကို ကိုင်းညွှတ်လျက် ဖိုးမို၏ ပခုံးတစ်ဖက်ကို အသာအယာလှုပ်ကာ တွင်တွင်ခေါ်လေသည်။

"ဖိုးမို-ဖိုးမို"

www.burmeseclassic.com

www.burmeseclassic.com

ကိုချစ်တီးက ထပ်မံလျက် ခေါ်လေသည်။ ပခုံးကိုလည်း ခပ်စောစောကထက် ကိုင်၍လှုပ်လေသည်။

သို့ရာတွင် ဖိုးမိုသည် လုံးဝပင် မလှုပ်မရှား။ သူ့ပခုံးကို ကိုင်လှုပ်နေသည်ကိုပင် လုံးဝပင် သိပုံမပေါ်။ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေလေသည်။

"အသက်မှ ရှိသေးရဲ့လားဗျာ"

ဘွန်ထိုက်ချို ကိုဘအုန်းက ပြောလေသည်။

"ကြည့်ရတာတော့ တယ်ပြီး မဟန်ဘူးဗျာ– တောင့်တောင့်ကြီး ဖြစ်နေသလားပဲ"

ဟန်ချို အုန်းမောင်က ထင်မြင်ချက်ပေးလေသည်။

အုန်းမောင် ထင်မြင်ချက်ပေးသည်မှာ မဆိုးလှပါပေ။ သူပြောသလိုပင် ဖိုးမိုသည် တောင့်တောင့်ကြီးဖြစ်နေပြီဟူ၍လည်း ကျွန်တော်ကိုယ်တိုင်က ယူဆမိလေသည်။

ထိုအချိန်တွင် အမှောင်ထုကလေးလည်း ခပ်စောစောကထက် ပို၍ပို၍ နက်ရှိုင်းလာလေသည်။ လေမတိုက်သည့်အတွက်ကြောင့်လည်း ကားလမ်းဘေး တစ်ဖက်တစ်ချက်ရှိ သစ်ပင်ကြီး သစ်ပင်ငယ်တို့မှာ ပကတိ ငြိမ်သက်လျက် ရှိနေကြလေသည်။ တောအားလုံး၊ တောင်အားလုံးသည် ထိတ်လန့်ကြောက်ရွံ့ဖွယ် အတိသာ ဖြစ်သည်ဟု ကျွန်တော့်စိတ်တွင် ယူဆမိလေသည်။

"ဖိုးမို–ဖိုးမို"

သည်တစ်ကြိမ်တွင် ဟန်ချို ကိုချစ်တီးသည် ဖိုးမို၏ဘေးတွင် ထိုင်ချလိုက်လေသည်။ သူ့အသံမှာလည်း ငိုသံပါနေလေတော့သည်။

"ဖိုးမိုရယ်၊ တောက်–အသေဆိုးနဲ့ သေရလေခြင်းကွာ–ဖိုးမို အသက်မရှိတော့ဘူးဗျာ ဆရာလေး"

ကိုချစ်တီး အသံသည် ကျွန်တော်တို့အားလုံး၏ ရင်ကို ဆို့နင့်သွားစေပါသည်။

ရုတ်တရက်သော် ကျွန်တော်တို့အားလုံးမှာလည်း မည်သည့်စကားကိုမျှ ပြန်လည်ကာ မပြောကြားနိုင်ကြပါ။ ခပ်တွေတွေ ခပ်ငိုင်ငိုင်ကြီး ဖြစ်နေကြလေသည်။

အမှန်အားဖြင့် ကျွန်တော်တို့အားလုံးသည်ပင် ချွေးတပ်သားပေါင်းမြောက်မြားစွာတို့၏ သေဆုံးရပုံများကို အမျိုးမျိုးအဖုံဖုံ တွေ့ကြုံကြရဖူးသူများချည်း ဖြစ်ကြလေသည်။ ချွေးတပ်စခန်းများတွင် ဝမ်းရောဂါဖြစ်ပွားသဖြင့်လည်းကောင်း၊ ကျောက်ရောဂါဖြစ်ပွားသဖြင့်လည်းကောင်း လူပေါင်းအမြောက်အမြား သေဆုံးခြင်း ရှိခဲ့

ကြုံဖူးလေသည်။ တစ်နေ့တည်း တစ်ညတည်းအတွင်း၌မှာပင် လူပေါင်းငါးဆယ်ကျော်ကျော် သေကျေပျက်စီးကြသည်ကိုလည်း ကျွန်တော်တို့ ကြုံခဲ့ဖူးကြပြီ။ ဝမ်းရောဂါဖြစ်ပွားစဉ်အခါကဆိုပါလျှင် ညအိပ်ရာဝင်စဉ်အခါက လူချင်းပူးကပ်လျက် အိပ်နေခဲ့ကြရာမှ နံနက်လင်း၍ အလုပ်ခွင်သို့ ဆင်းသက်ရန် လှုပ်၍နှိုးသည့်အခါမှ မိမိဘေးရှိ ချွေးတပ်သားခများမှာ အသက်မရှိတော့သည့်အဖြစ်မျိုးကိုလည်း ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရဖူးလေပြီ။

သို့ရာတွင် ထိုစဉ်အခါက ကြုံခဲ့ရသည့်အဖြစ်မှာ ကျွန်တော်တို့အားလုံးအဖို့ ယခုလောက် ရင်နင့်ရင်နာ မဖြစ်မိကြပါပေ။ ယခု ဖိုးမိုသေဆုံးနေပုံကို မြင်ကြရသည့်အခါ၌ကား ကျွန်တော်တို့အားလုံးပင် ရင်နင့်ရင်နာ ဖြစ်ကြရရုံမျှမက ဖက်ဆစ်ဂျပန်များအပေါ်၌လည်း နာကြည်းစိတ် ဖြစ်မိကြလေသည်။

ကျွန်တော်တို့သည် တစောင်းခွေခွေကလေး သေဆုံးနေပြီဖြစ်သော ဖိုးမို၏ အဖြစ်ကိုကြည့်ကာ သက်ပြင်းကိုယ်စီ ချလိုက်မိကြပါသည်။ ကိုချစ်တီးဆိုပါလျှင် မျက်လုံးအိမ်အတွင်းမှ မျက်ရည်ပေါက်ပေါက် ကျဆင်းလျက် အံတကြိတ်ကြိတ် တက်တခေါက်ခေါက် ဖြစ်နေပါတော့သည်။

"အချိန် သိပ်မရှိတော့ဘူးဗျာ၊ ဖိုးမိကိစ္စကို ခပ်သုတ်လုပ်ကြမှာပဲ၊ မြသိန်းကို ရှာဖို့ကလဲ လိုသေးတယ်၊ ခုတောင် အတော်မှောင်လာပြီ"

ကျွန်တော်က အခြေအနေအရပ်ရပ်ကို ချင့်ချိန်သုံးသပ်လျက် ပြောရလေသည်။ ကျွန်တော်တွေးမိသည်မှာ ဖိုးမိကိစ္စကား၊ ကျွန်တော်တို့အားလုံးအနေနှင့် ထူးတော့မည် မဟုတ်ပါပေ။ ကျွန်တော်တို့တစ်တွေက ပူဆွေးငိုကြွေးနေကြပေမင့် ဖိုးမိတစ်ယောက် ရှင်ပြန်ထမြောက်လာလိမ့်မည်လည်း မဟုတ်။ အချိန်ရှိခိုက် နောက်တစ်ဦးကို ရှာဖို့က အရေးကြီးလေသည်။

"ဘယ်လိုလုပ်ကြမလဲ ဆရာလေး"

ဘွန်ထိုက်ချို ကိုဘအုန်းက မေးလေသည်။

"ဟောဟိုလမ်းဘေး သစ်ပင်ကြီးအောက်မှာ မြှုပ်လိုက်ကြတာပေါ့ဗျာ၊ အုန်းမောင် မီးတုတ်တွေ ထွန်းကြမှ ထင်တယ်"

ကျွန်တော်တို့တစ်စုသည် ဖိုးမို၏ကိစ္စကို ခပ်လောလော ခပ်သုတ်သုတ် စီစဉ်ခြင်းပြုကြရလေသည်။ ဟန်ချို့သုံးယောက်နှင့် ကိုဘအုန်းသည် ကျွန်တော်တို့ယူဆောင်လာသော မီးတုတ်များထဲမှ မီးတုတ်နှစ်ချောင်းကို မီးထွန်းညှိခြင်းပြုလေသည်။ သန်းရွှေဆိုသော ဟန်ချိုသုငယ်ကလည်း ကညင်ဆီချောင်းတစ်ခုကို မီးထွန်းညှိခြင်းပြုလေသည်။ ကျန်လူများသည် ကျွန်တော် ညွှန်ပြသော သစ်ပင်ကြီးများအောက်တွင် ဖိုးမိအတွက် ကျင်းတူးခြင်းပြုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျင်းအနက်ကြီးတူးဖို့ မလိုပါဘူးဗျာ၊ အကြောင်းသိပ်ထူးမယ့် ကိစ္စမှ မဟုတ်တာ"

ကျွန်တော်တို့သည် တစ်ယောက်တစ်လက်ဆိုသလို သုံးလေးတောင်ခန့် အနက်ရှိသော ကျင်းတစ်ကျင်းကို တူးကြရလေသည်။ သို့ရာတွင် ကားလမ်းဘေး မြေပြင်မှာ မြေမျော့မဟုတ်ပေ။ ရိုးရိုးမြေကြီးလည်း မဟုတ်ပေ။ ကျောက်တုံး၊ ကျောက်ခဲများ ထူထပ်ပေါများလှသည့် နေရာတစ်နေရာဖြစ်လေသည်။ ထို့ကြောင့်လည်း အတော်ကြီး အပင်ပန်းခံလျက် တူးကြရလေသည်။

ကျွန်တော်ကိုယ်တိုင်မှာလည်း ပေါက်တူးတစ်လက်ကို ကိုင်လျက် အခြားသူများ နည်းတူ ဝင်ရောက်လျက် တူးလေသည်။ ကျွန်တော်တို့သည် ဖိုးမိုအား နောက်ဆုံးပြုစုရခြင်းအဖြစ်ဟု၍လည်း သဘောထားလိုက်ကြပါသည်။

ယင်းကိစ္စပြီးစီးသည့်အခါ လမ်းဘေးမှ ဖိုးမိုအလောင်းကို ကျင်းရှိရာ သစ်ပင်ကြီးအောက်သို့ ရွှေ့ပြောင်းသယ်ယူကြရလေသည်။ ပြီးလျှင် ကျင်းထဲသို့ အချိုးတကျထည့်လျက် အပေါ်မှ မြေသား ကျောက်သားများဖြင့် ဖုံးဖိခြင်းပြုကြရလေသည်။

"သွားတော့ ဖိုးမိုရေ–သွားတော့–သွားတော့– မင်း ဒေသ၊ မင်းရပ်ရွာကို ရောက်အောင် ပြန်ပေတော့၊ ဒီနေ့ဒီအချိန်ကစပြီး မင်းဟာ ရွှေးတပ်သားအဖြစ်၊ ရွှေးတပ်သားဘဝက လွတ်ပြီ ကျွတ်ပြီပေါ့ကွာ"

ဟန်ချို ကိုချစ်တီး၏ အသံမှာ တုန်ယင်နေပါသည်။ သူ့ထဲမှ လူတစ်ယောက် ကောတွင်းရွှေးတပ်စခန်းတွင် တိရစ္ဆာန်တစ်ကောင်လို သေကျေပျက်စီးရခြင်းကြောင့်လည်း ကိုချစ်တီး စိတ်ထိခိုက်လှဟန် ကူလေသည်။

စင်စစ် ကိုချစ်တီးနှင့် ဖိုးမိတို့မှာ တစ်ရွာတည်းသားများဖြစ်ကြောင်း နောင်အခါတွင် ကျွန်တော် သိရပါသည်။ ဤလိုနှင့် ဖိုးမိကိစ္စ ပြီးစီးသည့်အခါ မိုးစုပ်စုပ် ချုပ်လေတော့သည်။

လေးဘက်လေးတန်မှ ဝင်ရောက်လာသော အမှောင်ထုကြီးနှင့်အတူ ခပ်လှမ်းလှမ်း တောနက်ရာအရပ်ဆီမှ တောကောင်တိရစ္ဆာန်များ၏ အော်ဟစ်သံများကိုလည်း ကြားလိုက်ရလေသည်။ ဤတွင်မှ တစ်ခါတစ်ခါ ကျားဟိန်းသံများကိုလည်း မကွဲမပြား ကြားရလေသည်။ ထိုအခါ ကျွန်တော်တို့အားလုံးပင် စိတ်အားငယ်ကြသည်မှာကား အမှန်ပင် ဖြစ်လေသည်။

ကျွန်တော်သည် ဖိုးမို၏ မြေပုံအနီးမှ မတွက်ခွာမီ ဘွန်ထိုက်ချို၊ နှင့် ဟန်ချို များ၏ မျက်နှာများကို လှမ်းကြည့်လိုက်သည်။ ထိုအခါ ကျွန်တော်တို့အားလုံးပင် စိတ်အားငယ်ကြသည်မှာ အမှန်ပင် ဖြစ်လေသည်။

မိသည်။ အားလုံး၏ မျက်နှာများပေါ်တွင် ဝမ်းနည်းခြင်းနှင့် စိတ်အားငယ်ခြင်း အရိပ်အရောင်များက အထင်းသား ပေါ်လွင်လျက် ရှိနေသည်။

ကျွန်တော်တို့အားလုံးပင် ဖိုးမိအတွက် ဝမ်းနည်းကြရသည်။ စိတ်လက်မချမ်းမသာ ဖြစ်ကြရသည်။ ပြီးလျှင် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ကြရလေသည်။ ရှေ့ခရီးကို ဆက်လက်သွားကြရမည့်အရေးခဲ့လည်း စိတ်အားငယ်မိကြလေသည်။

သို့ရာတွင် ကျွန်တော်တို့ မည်သို့မှမတတ်နိုင်။ ရှေ့ခရီးကိုတော့ ဆက်လက်ကြရပေဦးမည်သာ။ ကျန်သောလူတစ်ယောက်၏ အသက်တစ်ချောင်းအတွက် ကျွန်တော်တို့တစ်တွေ ခပ်လွယ်လွယ် ဥပေက္ခာ မပြုနိုင်ကြပါပေ။

"ကဲ–သွားကြမယ်"

ကျွန်တော်က ပြောလိုက်ပါသည်။

"ဖိုးမို့ရေ– နေရစ်ခဲ့တော့ကွာ"

ဘွန်ထိုက်ချို ကိုသာမြိုင်က ကြေကွဲစွာ ဆိုလေသည်။

ဤလိုနှင့်သာ ကျွန်တော်တို့လူစုသည် ဖိုးမို၏ မြေပုံအနီးမှ ခြေလှမ်းလေးစွာဖြင့် ထွက်ခွာခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုနိုင်ကြပေ။ အားလုံးပင် ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်နေကြလေသည်။

မီးတုတ်နှင့် ကညင်ဆီ မီးချောင်းမှ အလင်းရောင်သည် ကြီးမားသောသည်အမှောင်ထုအား စိတ်လိုသလောက် မဖောက်ထွင်းနိုင်ပါချေ။ အလင်းရောင်သည် အလွန်တရာနည်းပါးလှလေသည်။ ပတ်ဝန်းကျင် ခပ်လှမ်းလှမ်းမှ တောကောင်သတ္တဝါများ၏ ပြေးလွှားလှုပ်ရှားသံ၊ အော်ဟစ်မြည်ကြွေးသံများကိုလည်း ကျွန်တော်တို့တစ်တွေ ကြားနေရလေသည်။ ထိုအခါ ကျွန်တော်တို့လူစုမှာ ပို၍ စိတ်အားငယ်မိကြလေသည်။

ကျွန်တော်တို့လူစုတွင် ရိုးရိုးကညင်ဆီ မီးချောင်း သုံးချောင်းနှင့် ကညင်ဆီမီးချောင်းနှင့် ဝါးခြမ်းမွှား၊ ဝါးလုံးများ ဖက်တွဲပြုလုပ်ထားသော မီးတုတ်လေးချောင်းသာ ပါရှိလာပါသည်။ ထိုမီးချောင်းနှင့် မီးတုတ်များကို အသွားခရီးတွင် အားလုံးထွန်းညှိပစ်လိုက်ပါက အပြန်ခရီးတွင် ကျွန်တော်တို့ အခက်အခဲ တွေ့ပေမည်။ ထို့ကြောင့် ကျွန်တော်တို့သည် မီးတုတ်နှင့် ကညင်ဆီ မီးတိုင်များကို အားလုံးမထွန်းညှိဘဲ တချို့ကို ချန်ထားရလေသည်။

ဤလိုနှင့် ကျွန်တော်တို့သည် ရှေ့ခရီးကို တစ်နာရီလောက် ဆက်လက်ခဲ့ကြသော်လည်း မြသိန်း၏ အရိပ်အရောင်ကိုမူ အစအနမျှ မတွေ့ရပါပေ။ ထိုအတွင်း နောက်ထပ်လျက် ထွန်းညှိခြင်းပြုရသဖြင့် ကျွန်တော်တို့ အပြန်ခရီးအတွက်

www.burmeseclassic.com

www.burmeseclassic.com

မီးတုတ်တစ်ချောင်းနှင့် ကညင်ဆီတိုင်တစ်ချောင်းသာ ကျန်လေတော့သည်။ ဤတွင်မှ ကျွန်တော်တို့အားလုံး ခရီးကို ရပ်တန့်ခြင်း ပြုလိုက်ကြပါသည်။

"ကဲ-ကျွန်တော်တို့ ပြန်လှည့်ကြမှပဲ၊ ရှေ့ဆက်သွားလို့တော့ ဘယ်နည်းနဲ့မှ ဖြစ်တော့မှာ မဟုတ်ဘူး ဆရာလေး"

ဘွန်ထိုက်ချို ကိုမောင်စိန်က ပြောလေသည်။

"ဟုတ်တယ် ဆရာလေး၊ ကျွန်တော်တို့ ပြန်ကြမှပဲ၊ သူ့ကုသိုလ်ကံအတိုင်းပဲ သဘောထားရမှာပဲဗျာ"

ကိုအောင်မွှင့်ဆိုသော ဟန်ချိုက ပြောလေသည်။

ကျွန်တော်သည် မြသိန်းနှင့် ပတ်သက်၍ အတွေးအတောတစ်ခုကို စဉ်းစားမိလေသည်။ အမှန်အားဖြင့် ကျွန်တော်တို့လူစုသည် ရှေ့ဆက်သွားကြရန်မလိုတော့ဟူ၍လည်း၊ ကျွန်တော် ယူဆမိလေသည်။ အဘယ့်ကြောင့်ဆိုသော် မြသိန်းသည် မနက်ပိုင်း တပ်ဒိန်စခန်းမှ ထွက်ခွာလာစဉ်အခါက ဤနေရာသို့ ရောက်သည်အထိ လိုက်ပါလာနိုင်လိမ့်မည်ဟူ၍လည်း ကျွန်တော် တွက်မိသည်။

ယခု ကျွန်တော်တို့တစ်တွေ့ ပေါက်ရောက်လာသော ခရီးအကွာအဝေးမှာလည်း သိပ်မနည်းလှတော့ပေ။ စင်စစ် ယခု ကျွန်တော်တို့ ရောက်ရှိခဲ့သော ခရီးသည် မြသိန်းအား တွေ့နိုင်လောက်သည့် နေရာပင် ဖြစ်လေသည်။

ယခုမူ မြသိန်းတစ်ယောက် အစအန ပျောက်နေတော့သည်။

ခပ်ရှင်းရှင်းတွက်ဆရသော် မြသိန်းသည် အခြားသူများနှင့် ကွဲကွာကျန်ရစ်ခဲ့သည်တိုင် လမ်းခရီး၌ တစ်နံတစ်ရာ ဘေးအန္တရာယ်မရှိခဲ့သော် မျက်စိလည်လမ်းမှားသွားနိုင်စရာ အကြောင်းမရှိနိုင်ပေ။

ခုနစ်ခွေစခန်း ဟူသည်မှာလည်း ကားလမ်းဘေးတွင် ဖြစ်လေသည်။ ဖောက်လုပ်ထားသော ကားလမ်းမှာလည်း တစ်လမ်းတည်းသာ ဖြစ်လေသည်။

သို့ဆိုလျှင် မြသိန်းတစ်ယောက် ဘယ်ရောက်သွားလေသနည်း။ ခပ်တိုတို တွေးရလျှင် မြသိန်းအား ကျားဆွဲသွားလိမ့်မည်ဟုသာ ဆိုရန်ရှိလေသည်။

ဤလိုနှင့် ကျွန်တော်တို့သည် ရှေ့ခရီးကို မဆက်လက်နိုင်ကြတော့သည့် အဆုံး၌ မြသိန်းနှင့် ပတ်သက်၍ ကမ္မသကာ သဘောထားလိုက်ကြရလေသည်။ ကျွန်တော်တို့အားလုံးပင် စိတ်လက်မကောင်းစွာနှင့် ထိုနေရာမှ လှည့်၍ပြန်ခဲ့ကြရလေသည်။

သို့နှင့် ခုနစ်ခွေစခန်းသို့ ကျွန်တော်တို့ရောက်သည့်အခါ ည ၉ နာရီထိုးလုနီးပေပြီ။

ကျွန်တော်သည် ဂျပန်စစ်ဗိုလ် အိနားမတ်ဆအား အကြောင်းစုံကို ရှင်းလင်းပြောကြားခြင်း ပြုရလေသည်။

အိနားမတ်ဆသည် စာအုပ်ငယ်တစ်အုပ်ကို လက်ထဲတွင် ကိုင်ထားရာမှ ကျွန်တော်၏ ပြောကြားချက်များကို စိတ်ပါဝင်စားမှု နည်းလှစွာဖြင့် နားထောင်ခြင်း ပြုလေသည်။

ကျွန်တော်သည် ဝတ္တရားရှိသည့်အတိုင်း ဖိုးမှိကိစ္စနှင့် မြသိန်းကိစ္စကို ဂျပန်စစ်ဗိုလ် အိနားမတ်ဆအား တင်ပြပြောဆိုခြင်းပြုပြီးနောက် ကိုသာမြိုင်နှင့်အတူ တဲလိုင်းများရှိရာသို့ ပြန်ခဲ့လေသည်။

ထိုညက ကျွန်တော်နှင့် ကိုသာမြိုင်တို့မှာ တော်တော်နှင့် အိပ်မပျော်ကြပါ။ ညဦးပိုင်းအချိန်ကမူ ကျွန်တော်၊ ကိုသာမြိုင်နှင့် ကိုချစ်တီး၊ ကိုဘအုန်း စသူများသည် တဲတန်းလျားထိပ် မီးဖိုကြီးဘေးတွင် ထိုင်လျက် ထွေရာလေးပါး စကားများကို ပြောကြားလျက် ရှိနေကြပါသည်။

ကျွန်တော်တို့ပြောကြားသည့် စကားများမှာလည်း လောလောဆယ် စိတ်မကောင်းစရာဖြစ်သော ဖိုးမှိနှင့် မြသိန်းတို့အကြောင်းပင် ဖြစ်လေသည်။

ဖိုးမှိတစ်ယောက် သေဆုံးသွားရရှာသည်မှာမူ ကျွန်တော်တို့ မျက်မြင်ဒိဋ္ဌပင် ဖြစ်လေသည်။ ကျွန်တော်တို့က သင့်တော်လျောက်ပတ်သည့် သစ်ပင်ကြီးအောက်တစ်နေရာတွင် ကျင်းတူးလျက် မြှုပ်နှံခြင်းပြုနိုင်ခဲ့ကြလေသည်။ မြသိန်းတစ်ယောက်ကား ဘယ်အရပ်ဌာနသို့ ရောက်လေသည်ဟု မပြောတတ်။

ဤတွင် လူတစ်ယောက် အရှင်လတ်လတ် ကျားဆွဲခံရသည့်အဖြစ်ဆိုးကို ကျွန်တော်သည် အမျိုးမျိုးအဖုံဖုံ တွေးတောကြည့်မိပါသည်။ ထိုအတွေးကို တွေးလိုက်မိသည့်အခါ နှလုံးတုန် ရင်ခုန် ဖြစ်လိုက်မိလေသည်။

မြသိန်း၏ သနားစဖွယ်ကောင်းသော မျက်နှာနှင့် ကျားဆွဲရာသို့ တစာစာ ရုန်းကန်အော်ဟစ်ရင်း တရွတ်တိုက် ပါသွားမည့်အဖြစ်ကိုလည်း အိပ်ရာထဲရောက်သည့်အခါ တစ်ယောက်တည်း တွေးနေမိလေသည်။

ထိုအတွေးအရဲ့ကပ်ငြိမှုကြောင့် ထင်ပါသည်။ မှေးခနဲ အိပ်ပျော်သွားသည့်အခါ ကျွန်တော်တို့ တဲလိုင်းများအတွင်းသို့ ကျားများ ဝင်ရောက်လာသည်ဟု အိပ်မက် မက်ပါလေတော့သည်။

ကျွန်တော့်အိပ်မက်သည် အဘယ်ထိစင်းလျက် အဘယ်မျှ မှန်ကန်လေသနည်းဆိုသော် ကျွန်တော့်နားထဲတွင် တဖျောင်းဖျောင်း၊ တဒိန်းဒိန်း ပေါက်ကွဲမြည်ဟည်းသံများကိုလည်း ကြားလိုက်ရလေသည်။ ဆူဆူညံညံ အော်ဟစ်လိုက်သော အသံဗလများကိုလည်း တဝေါဝေါကြားလိုက်ရလေသည်။ ပြီးလျှင် ကျွန်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ဘေးချင်းယှဉ်အိပ်နေသော ကိုသာမြိုင်ကလည်း အထိတ်တလန့်နှင့် ကျွန်တော့်တစ်ကိုယ်လုံးကို ဆွဲကိုင်လှုပ်ရမ်းလျက် နှိုးခြင်းကို ခံလိုက်ရလေသည်။

"ဆရာလေး-ဆရာလေး၊ ထဗျာ- ထ ထ၊ ကျားဝင်လာတယ်ဗျာ၊ ကျား-ကျား-"

ကျွန်တော်သည် ဘိပ်ရာမှ လူးလဲထလိုက်သည်။ ကျွန်တော့်နားထဲတွင်လည်း ဝါးဆစ်ဘူး ပေါက်ကွဲသံများ၊ ဝါးလုံးကို ကီးခေါက်သံများ၊ တဲတန်းများ၏ ကြမ်းပြင်ကို ထုနှက်သံများ၊ ချွေးတပ်သားများ၏ တဟေးဟေး တဝါးဝါး အော်ဟစ်သံများကိုလည်း ကြားနေရဆဲ ဖြစ်လေသည်။

"ဘာဖြစ်တာလဲ ကိုသာမြိုင်"

ကျွန်တော်က မေးလိုက်လေသည်။

"ကိုမောင်စိန်တို့၊ အုန်းမောင်တို့ တဲဆဲကို ကျားဝင်ဆွဲတာတဲ့ဗျာ့"

ထိုအခိုက်၌ပင် ချွေးတပ်သား ဆယ့်လေးငါးယောက်နှင့် ဘွန်ထိုက်ချို့များ၊ ဟန်ချို့များသည် ကျွန်တော်ရှိရာသို့ စုရုံးရောက်လာကြလေသည်။ ထိုအထဲတွင် ကျွန်တော်နှင့် တစ်တဲတည်းအတူနေ ချွေးတပ်သားများလည်း ပါရှိကြလေသည်။ သူတို့အားလုံး၏ လက်ထဲတွင် ဝါးချွန်များနှင့် ဝါးရင်းတုတ်များ ကိုင်ဆောင်ထားကြလေသည်။

ဤအချိန်ထိအောင်ပင် ကိုမောင်စိန်ကို့ တဲတန်းလျားရှိရာမှ ဆူပူအော်ဟစ်သံများမှာ ရပ်စဲမသွားသေးပါချေ။ အော်မြွာဟစ်မြွာ ဟစ်နေကြလေသည်။

"ကျွန်တော်တို့ သွားကြရအောင်ဗျို့..."

ကျွန်တော်သည် ထိုင်ရာမှ ထလိုက်ပါသည်။ အနီးတွင် ညဦးပိုင်းက အသင့်ချထားသော ဝါးချွန်တစ်ချောင်းကိုလည်း ဆွဲကိုင်လိုက်မိလေသည်။

ပြီးလျှင် ကျွန်တော်တို့တဲလိုင်းမှ ချွေးတပ်သား နှစ်ဆယ်အစိတ်ခန့်ကို ခေါ်ဆောင်လျက် ဘွန်ထိုက်ချို့များ၊ ဟန်ချို့များ စုစုပေါင်း လူလေးငါးဆယ်ခန့်နှင့် အဟူ မီးကိုင်မီးတုတ်များ၊ ဝါးချွန်များကို အသင်းသီးခွဲကိုင်ကြလျက် တဲလိုင်းအတွင်းမှ ထွက်ခဲ့ကြပါသည်။ ထိုကမှတစ်ဖန် ကျွန်တော်တို့လူစုသည် ဘေးပတ်ဝန်းကျင်ကို အထူးသတိချပ်လျက် ဆူဆူညံညံအသံများ ကြားနေရသော ကိုမောင်စိန်တို့ တဲတန်းလျားကြီးရှိရာသို့ ထွက်ခွာခဲ့ကြလေသည်။

တဲတန်းလျားတစ်လုံးနှင့် တစ်လုံးမှာ ကိုက်လေးဆယ် ငါးဆယ်ထက်မနည်း အကွာအလှမ်းရှိလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ ကျွန်တော်တို့လူစု ထွက်လာသည့်အခါ အခြားကျန်သော တဲတန်းလျားနှစ်ခုမှ ချွေးတပ်သားအချို့ကလည်း ကျွန်တော်တို့နည်းတူပင် ဝါးရင်းတုတ်များ မီးတိုင်များ စွဲကိုင်ကာ ထွက်လာကြ

ပေသည်။ ဤလိုနှင့် ကျွန်တော်တို့ တစ်စုတစ်ဝေးကြီး ကိုမောင်စိန်တို့ တဲတန်းလျားအတွင်းသို့ စုပြုံဝင်ရောက်ခဲ့ကြလေသည်။

"ဘယ်လိုဖြစ်တာလဲ ကိုမောင်စိန်"

ကျွန်တော်က မေးလိုက်သည်။

"ဟာ-မပြောပါနဲ့တော့ ဆရာလေးရာ၊ ကျားရော-သရဲရောဗျာ့"

ကိုမောင်စိန်က မျက်လုံးပြူး မျက်ဆံပြူး ပြောလေသည်။

"ဘာဗျာ့-"

"ကျားရော-သရဲရော ဆရာလေး"

ကိုမောင်စိန်က ထပ်ပြောလေသည်။

"ကျားရော-သရဲရော၊ မဟုတ်သေးပါဘူးဗျာ၊ ခင်ဗျားစကားကို ရှင်းအောင်ပြောစမ်းပါ၊ ခင်ဗျားကိုယ်တိုင် တွေ့လိုက်တာလား"

ကျွန်တော်က မေးလိုက်ပါသည်။

ကိုမောင်စိန် ရုတ်တရက် စကားထွက်မလာပေ။ ပြူးကြောင်ကြောင် မျက်လုံးနှင့် ကျွန်တော့်တို့လူစုအား ပါးစပ်အဟောင်းသား ငေးကြည့်နေလေသည်။

"ပြောစမ်းပါဦး၊ ခင်ဗျာ့ကိုယ်တိုင် မြင်လိုက်တာလား"

ကျွန်တော်က သဲကွဲအောင် ထပ်မံမေးလိုက်ပါသည်။

"ဒီလိုဗျ-ဒီလို၊ ညက ကျွန်တော် အိပ်ရာဝင်တော့ မီးပုံကို မီးထည့်ဖို့နဲ့ အလှည့်ကျစောင့်ဖို့ လူသုံးယောက်ကို ကာဝန်ချထားခဲ့တယ်၊ အဲ-အဲဒါ ပန်းမောင်နဲ့ လှကျော်ရယ်၊ စံတင့်ရယ် အလှည့်ရောက်တော့ ဟောစပ်က ညည်းသံညူသံတွေကို ကြားရတယ်တဲ့၊ ဒါနဲ့ သူတို့လဲ မီးပုံထဲကို ထင်းတွေ တရကြမ်းထည့်ပြီး ဆက်စောင့်နေကြတာ အတော်လေးနေတော့ တောစပ်က ကျားဟိန်းသံနဲ့ မီးလုံးကြီးတွေလို တဝင်းဝင်းတောက်နေတဲ့ ကျားမျက်လုံးကြီးတွေ မြင်ရတာပဲတဲ့ ဆရာလေး"

စကားအဆုံးတွင် ဘွန်ထိုက်ချို့ ကိုမောင်စိန်သည် သူ့အနီးတွင် ရှိနေသော အလှည့်ကျသမား သုံးယောက်တို့ကို စောင်းငဲ့၍ ကြည့်လေသည်။

"ဟုတ်ပါတယ် ဆရာလေး၊ အဲဒီအတိုင်း ကျွန်တော်တို့ မြင်ရတာပဲခင်ဗျာ့"

ပန်းမောင်ဆိုသော ချွေးတပ်သားက ပြောလေသည်။

"ဒါနဲ့ ကျွန်တော်တို့လဲ အသင့်ဖြတ်ထားတဲ့ ဝါးဆစ်လုံးတွေကို မီးဖိုထဲ စုထည့်ပြီး ညာသံပေး အော်ရတာဗျာ့"

ထိုစကားကို လှကျော်က ဆက်၍ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ကျွန်တော့်အနေနှင့် တွေးလိုက်ပါသည်။ စင်စစ် သူတို့တစ်တွေ ကျားကို တွေ့ရသည်၊ သရဲကို တွေ့ရသည်ဆိုသော ကိစ္စမှာ ဘာမှ မယ်မယ်ရရ ရေရေရာရာမရှိချေ။ သူတို့သူတို့၏ စိတ်ထဲတွင် ညဦးပိုင်းအချိန်ကနှင့် တစ်နေ့ခင်းလုံး လိုလိုပင် ကျားနှင့်သရဲကို အမှတ်ထင် စွဲလမ်းနေကြဟန် တူလေသည်။

ဤအတွင်း လူခြေတိတ်သော ညဉ့်နက်သန်းကောင်သို့ ရောက်သည့်အခါ စိတ်ချောက်ချားခြင်းဖြစ်ကြဟန် တူလေသည်။ ထိုအဖြစ်ကြောင့်လည်း မည်းမည်းမြင်လျှင် သရဲ၊ ချွတ်ချွတ်သံကြားလျှင် ကျားဟူသော အစွဲဖြင့် အထိတ်တလန့် ဖြစ်ကြဟန် ရှိလေသည်။

ယခုလည်း အချိန်မှာ ညဉ့်နှစ်နာရီကျော်နေပေပြီ။

ထိုအခါ မည်သို့ပင်ဖြစ်စေ၊ သူတို့သူတို့တစ်တွေ၏ စိတ်ထဲတွင် ကျားနှင့် သရဲကို ထိတ်လန့်နေကြသည်တော့ ဖြစ်လေသည်။ ဤဥပါဒါန်အစွဲအလမ်းတစ်ခုကပင် သူတို့သူတို့၏ စိတ်ဝမ်းကို ခြောက်လှန့်ဖမ်းစားထားဟန် ရှိလေသည်။

"အလကားပါဗျာ–ခင်ဗျားလူသုံးယောက် စိတ်ချောက်ချားပြီး အစွဲအလမ်းလွန်လို့ ကျားထင်ပြီး လန့်အော်တာဖြစ်မှာပဲ ကိုမောင်စိန်၊ သရဲတစ္ဆေဆိုတာကလဲ လူကွေ ဒါလောက်တောင် များပြားနေတဲ့အထဲကို မလာဝံ့ပါဘူးဗျာ"

သူတို့တစ်တွေ ကြောက်စိတ်ပြေအောင် ကျွန်တော်က ပြောရလေသည်။

"ကျားလာတယ်ဆိုတာတော့ ဟုတ်မယ်ဗျာ ဆရာလေး၊ သရဲဆိုတာတော့ ကျွန်ကော်တို့လဲ သိပ်မယုံပါဘူး"

ကိုဘအုန်းက ပြောလေသည်။

"ကျွန်တော်တို့က မျက်မြင် နားကြားဗျာ"

စံတင့်က ပြောပြန်ပါသည်။

ဤလိုနှင့် အချိန်အတန်ကြာ တစ်ယောက်တစ်ပေါက် အငြင်းပွားနေကြလေသည်။ သို့ရာတွင် တစ်ခုရှိသည်မှာ ကျွန်တော်တို့တစ်တွေ မည်မျှအငြင်းအခုံဖြစ်နေကြသော်လည်း အချို့အချို့သော ရွေးတပ်သားများအနေနှင့်မူ အိပ်ရာကပင် မထကြပါချေ။ သူတို့သည် သေဆုံးလောင်တုံးဆိုသော လူစားမျိုးတွေပေလော၊ သို့မဟုတ် ကံကိုပင် ယိုးမယ်ဖွဲ့လျက် နေကြသူတွေများပေလော၊ ထိုသို့မမဟုတ်ပါက သူတို့အဖြစ် သူတို့ဘဝကို စိတ်အနာကြီး နာကျည်းနေကြသူများပေလော၊ ဒါကိုတော့ ကျွန်တော် မဝေခွဲနိုင်ပါချေ။

"ကျွန်တော်ပြောချင်တာ တစ်ခုရှိတယ်ဗျာ"

ကျွန်တော်က စကားစ,လိုက်ပါသည်။ ထိုအခါ သူကိုအားလုံး ငြိမ်သက်သွားကြလေသည်။

"ကျားနဲ့ဘီလူး၊ ထိုနှစ်ဦးကို၊ ထူး၍ကျပ်ကျပ်၊ တွေ့တိုင်းသတ်မှ သူမြတ်ပီသတယ်လို့ စလေဆရာကြီးဦးပုညက ဆိုထားတယ်ဗျာ၊ ဒီတော့ ကျားပဲဖြစ်ဖြစ်၊ သရဲပဲဖြစ်ဖြစ် တွေ့တဲ့နေရာမှာ သတ်ကြပေါ့ဗျာ၊ ဒါမှ ခင်ဗျားတို့တစ်တွေဟာ သူမြတ်ပီသမှာဗျာ"

ကျွန်တော်က အတည်ပေါက်လိုလို ခပ်ရွဲ့ရွဲ့လိုလို ပြောလိုက်ပါသည်။ ဤစကားပြောလိုက်သည်မှာ ကျွန်တော့်တွင် ရည်ရွယ်ချက် ရှိပါသည်။ သူတို့တစ်တွေ သရဲစွဲလမ်းစိတ်၊ ကျားစွဲလမ်းစိတ် ပြေပျောက်သွားပါစေတော့ဟူသော သဘောပင် ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ ဆူဆူညံညံ စကားပြောနေခိုက် ကျပန်စစ်ဗိုလ် အိနားမတ်ဆုသည် ရိုင်ဖယ်ကိုင် ကျပန်စစ်သားနှစ်ယောက်၊ စကားပြန်သူငယ်ကလေး မောင်ချစ်တို့နှင့်အတူ ကျွန်တော်တို့လူစုရှိရာသို့ ရောက်ရှိလာလေသည်။

ကျွန်တော်သည် အိနားမတ်ဆုကို ကြည့်လျက် အတော်ပင် အံ့သြခြင်း ဖြစ်ရပြန်ပါသည်။ အချိန်မှာ ညဉ့်နှစ်နာရီကျော်လွန်နေပြီဖြစ်သော်လည်း အိနားမတ်ဆု၏ လက်ထဲတွင် ကဗျာစာအုပ်ငယ်ကို ကိုင်လျက်သား တွေ့လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

အိနားမတ်ဆုက စကားပြန်သူငယ်မှ တစ်ဆင့် မေးသဖြင့် ကျွန်တော်က တဲလိုင်းအတွင်းသို့ ကျားဝင်သည့်အကြောင်း၊ ထို့ကြောင့် ဆူဆူပူပူဖြစ်ရကြောင်း ရှင်းလင်းပြောကြားရလေသည်။ သရဲကိစ္စကိုမူ ကျွန်တော်ကိုယ်တိုင်ကပင် အယုံအကြည်မရှိသဖြင့် ပြောမပြတော့ပါပေ။

ထိုအတွင်းကပင် အိနားမတ်ဆုသည် မည်ကဲ့သို့ စိတ်ကူးပေါက်လေသည်မသိ၊ နောက်တစ်နေ့မနက်တွင် တပ်ဒိန်စခန်းသို့ သွားကြမည်ဟု ဆိုလေသည်။ ဘွန်ထိုက်ချိုတစ်ယောက်ကိုလည်း အဖော်အဖြစ် ခေါ်ခဲ့ပါဟု ပြောလေသည်။ ပြီးသော် သူက ထင်မြင်ချက်ပေးသည်မှာ ရွေးတပ်သား မြသိန်းသည် တပ်ဒိန်စခန်း၌ပင် ကျန်ရစ်လိမ့်မည်ဟု ဆိုသည်။ သို့မဟုတ်ကလည်း လမ်းခုလက်မှ နေလျက် တပ်ဒိန်စခန်းသို့ ပြန်လှည့်ပြေးလိမ့်မည်ဟု ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ကျပန်စစ်ဗိုလ် အိနားမတ်ဆု၏ အယူအဆကား ရွေးတပ်သား မြသိန်းတစ်ယောက် တပ်ဒိန်စခန်းတွင် ရှိနေပေလိမ့်မည်ဟူသော အယူအဆပင် ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၂၀။ ကျားနှင့် လျှောက်သား

နောက်တစ်နေ့မနက် ခပ်စောစောအချိန်၌ပင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆု၊ စကားပြန်သူငယ်ကလေး မောင်ချစ်၊ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ကျွန်တော် ဤလေးဦးတို့သည် တပ်ဒိန်စခန်းသို့ ထွက်ခဲ့ကြရပြန်ပါသည်။

ဤလိုထွက်လာကြသည့်အခါ အိနားမတ်ဆုနှင့် မောင်ချစ်က တစ်တွဲ၊ ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်က တစ်တွဲ ဖြစ်လေသည်။ လူချင်းမှာလည်း ရှေ့ဆင့် နောက်ဆင့် ဖြစ်ကြသည်။ အိနားမတ်ဆုနှင့် မောင်ချစ်က ရှေ့မှဖြစ်သည်။ သို့ရာတွင် လူတွဲချင်းကား သိပ်အလှမ်းမကွာဝေးလှပါ။ ဆယ်ကိုက်ကျော်ကျော် အကွာအဝေးမျှသာ ဖြစ်လေသည်။

ဤတစ်ကြိမ်၌လည်း ကျွန်တော်သည် အိနားမတ်ဆုကို သတိထားလျက် ကြည့်လိုက်မိပြန်ပါသည်။ သူ၏ ကဗျာစာအုပ်ကလေးသည် သူနှင့်မကွာ ပါရှိလာမြဲအတိုင်း ဖြစ်လေသည်။ သို့ရာတွင် လက်တွင် ကိုင်လျက် ဖတ်ရွတ်လာခြင်းတော့ မဟုတ်ပါ။ ဘောင်းဘီအိတ်တွင်း၌ ဖြစ်လေသည်။ ဘောင်းဘီအိတ်ပေါ်၌ တစ်ဝက်တစ်ပျက်ပေါ်ထွက်နေသော တွေ့နေကျ စာအုပ်ငယ်ပင် ဖြစ်ကြောင်း ကျွန်တော်သည် အမှတ်ပြုမိလေသည်။

ပြီးသော် သည်တစ်ကြိမ် တပ်ဒိန်စခန်းကို သွားကြရာ၌ အိနားမတ်ဆုနှင့် ပတ်သက်၍ ထူးခြားသော အပြုအမူတစ်ခုကိုလည်း ကျွန်တော် သတိပြုမိလေသည်။ သူသည် ဂျပန်ရိုင်ဖယ်ကို အသင့်ပြင်ဆင်၍ လက်တစ်ဖက်မှ တစ်ဖက်သို့ ပြောင်းလဲလျက် ကိုင်ဆောင်လာခြင်းပင် ဖြစ်လေသည်။ အခါတိုင်းကဆိုလျှင် ဂျပန်စစ်သားများသည် တောတွင်း ချွေးတပ်စခန်းများကို သွားလာခြင်းပြုကြရာ၌ ရိုင်ဖယ်ကို ပခုံးထက်တွင် ချိတ်လွယ်လျက် ခပ်အေးအေး ခပ်ပေါ့ပေါ့ သွားလာခြင်းသာ ဖြစ်လေသည်။

"အိနားမတ်ဆုကို ကြည့်ရတာ တစ်မျိုးပဲဗျ ဆရာလေး"

ဘွန်ထိုက်ချို ကိုသာမြိုင်က ပြောလေသည်။

"ခင်ဗျားက ဘယ်လိုထင်လို့လဲ"

ကျွန်တော်က မေးလိုက်ပါသည်။ ကျွန်တော့်စိတ်ထဲ၌လည်း ကိုသာမြိုင်နှင့် ကျွန်တော်မှာ အတွေးချင်း၊ အမြင်ချင်း တစ်ထပ်တည်းများ ဖြစ်နေလေရော့သလား ဟူ၍ တွေးမိလိုက်လေသည်။

"ကျွန်တော်တို့ နောက်ချန်ပြီး သိပ်အလှမ်းဝေးဝေးလိုက်ရင် မကောင်းဘူးထင်တယ်၊ ကျားတွေ ဘာတွေနဲ့ တွေ့ချင် တွေ့နေမှာဗျ၊ ဒီတော့ သူတို့နောက်က ကပ်ပြီးလိုက်မှ"

ကိုသာမြိုင်က တစ်စုံတစ်ခုကို စိုးရိမ်ဟန်နှင့် ပြောလေသည်။

"အေးပါဗျာ၊ ခုအတိုင်းဆိုရင်လဲ လူချင်း သိပ်မလှမ်းပါဘူး ကိုသာမြိုင်"

ကျွန်တော်တို့နှစ်ယောက်က နောက်ပိုင်းမှ စကားတပြောပြောလျှောက်နေကြသလို၊ အိနားမတ်ဆုနှင့် စကားပြန်သူငယ်မှာလည်း ရှေ့မှ စကားတပြောပြော သွားလျက် ရှိကြလေသည်။ စင်စစ် စကားတပြောပြော သွားလျက်သား ရှိလေကြသည်။ စင်စစ် စကားတပြောပြောသွားနေကြသည်ဆိုသော်လည်း အိနားမတ်ဆုသည် စကားပြန်သူငယ်ကလေး မောင်ချစ်ထံမှ စကားသင်နေခြင်းသာ ဖြစ်လေသည်။

"ဒီအချိန်ဟာ ကျွန်တော်တို့ ရပ်ရွာဒေသမှာ မြေပဲဦး ပေါ်ချိန်ပေါ့ ဆရာလေးရာ"

ဘယ်က ဘယ်လို စကားရောက်သွားသည် မသိ။ ဘွန်ထိုက်ချို ကိုသာမြိုင်သည် လွမ်းသလိုလို ဆွေးသလိုလို အသံအောက်ဦးနှင့် ကျွန်တော့်ကို ပြောလိုက်လေသည်။

သူ့ရင်ထဲတွင် မည်သို့ရှိနေသည်ဟူ၍ကား တပ်အပ်သေချာ ကျွန်တော် မသိပါ။ သို့ရာတွင် သူ့အသံကို ကြားရသည်ကပင် ကျွန်တော့်ရင်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရပါသည်။

ဘွန်ထိုက်ချို ကိုသာမြိုင်မှာ အထက်အညာသားတစ်ဦး ဖြစ်သည်။ ကျွန်တော်မှာ မြစ်ဝကျွန်းပေါ် အရပ်သားတစ်ယောက် ဖြစ်ပါသည်။ သူတို့ အညာဒေသတွင် မြေပဲဦးပေါ်ချိန်ဟုဆိုသည့်အခါ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ရှိ ကိုင်းသမား၊ ယာသမားများအနေနှင့်လည်း ထိုအချိန်မှာ ကောက်သစ်ပေါ်ချိန်၊ စိမ်းစား၊ ကန်စွန်း၊ ပြောင်း စသော သီးနှံများပေါ်ချိန်ဟုပင် ကျွန်တော် အမှတ်ပြုလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အတူယှဉ်ကာ လမ်းလျှောက်နေရာမှ ကိုသာမြိုင်၏ မျက်နှာကို မော့ကြည့်လိုက်သည်။ သူ့မျက်လုံးအိမ်များအတွင်း၌ မျက်ရည်များ ရစ်ဝိုင်းနေသည်ကို ကျွန်တော် သတိပြုမိလိုက်သည်။

"ကျွန်တော်တို့ဆီမှာလဲ ဒီအတိုင်းပဲပေါ့ဗျာ၊ မုန်လာဥတို့၊ ဂေါ်ဖီတို့၊ ခရမ်းချဉ်သီးတို့၊ နံနံပင်တို့ သိပ်ပေါတဲ့ ရာသီပေါ့"

"ဆရာလေးက ညောင်တုန်းမြို့ပေါ်ကဆို-"

တစ်ကြိမ်က ကျွန်တော့်ဇာတိ ဇာစ်မြစ်ကို ပြောထားဖူးသောကြောင့်လည်း ထိုမေးခွန်းကို ကိုသာမြိုင်က မေးမြန်းခြင်း ဖြစ်လေသည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်အမေဘက်ကတော့ ဆွေဆွေမျိုးမျိုးတွေ အားလုံးဟာ လယ်လုပ် ကျဲကိုင်တွေချည်းပဲပေါ့၊ အဲ-အဖေ့ဘက်ကျတော့ ကုန်သည် ယောင်ယောင်၊ ဈေးသည်ယောင်ယောင်နဲ့ မဖြစ်ညစ်ကျယ်တွေပေါ့ဗျာ"

"မဖြစ်ညစ်ကျယ် ဟုတ်လား- ဟား-ဟား-ဟား-"

ကျွန်တော့်စကားကို ကိုသာမြိုင်က သဘောကျသလို ရယ်မောလေသည်။ ပြီးလျှင် ခွက်ခွင်းပင် စကားဆက်ပြန်လေသည်။

"ဆရာလေးက အိမ်ထောက်ရက်သား မရှိတဲ့ လူတစ်ယောက်ဆိုတော့ တော်သေးတာပေါ့ဗျာ၊ ကျွန်တော့်မှာ ကလေးငါးယောက်ရှိတာ၊ အကြီးဆုံး သမီးလေးက ကျွန်တော် ဈေးတပ်ထဲပါလာတော့ ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်၊ ကျွန်တော့်မှာ ဆွေရယ် မျိုးရယ်လို့လဲ အားထားစရာ သိပ်မရှိဘူး၊ ခုဆိုရင် သင်းကို့မိသားစုတွေ ဘယ်လိုလုပ်ကိုင် စားသောက်နေကြသလဲ မပြောတတ်ဘူး၊ ဒီအကြောင်းကို ထမင်းစားတိုင်း၊ အိပ်ရာဝင်တိုင်း ကျွန်တော် အမြဲသတိရတယ် ဆရာလေး"

ကျွန်တော်တို့နှစ်ယောက်သည် ရှေ့စကားကို ဆက်၍ မပြောနိုင်ကြပါပေ။ နှစ်ယောက်စလုံး အတွေးအတောကိုယ်စီနှင့် နှုတ်ဆိတ်လျက် ဆက်လက်လျှောက်ခဲ့လေသည်။ ကျွန်တော်တို့ ခြေလှမ်းများသည် အတော်ပင် နှေးကွေးလေးလံသွားသည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော့်ခေါင်းထဲသို့လည်း ကိုယ့်မြို့ ကိုယ့်ရပ်နှင့် ပတ်သက်သော မိဘ၊ ညီအစ်ကို၊ မောင်နှစ်မ စသူများနှင့် ပတ်သက်သော စိတ်မချမ်းမြေ့စရာ အတွေးအတောပေါင်းမြောက်မြားစွာက တသိကြီးဝင်ရောက်လာပါသည်။ ကိုသာမြိုင်တွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

စင်စစ် ကျွန်မတော်တို့ ဇာတ်သားများမှာ များသောအားဖြင့် တောသူတောင်သားများနှင့် မြို့ပေါ်နေ လူဆင်းရဲများ၊ လူ့ဘောင်တန်းလွှာများသာ

ဖြစ်ကြလေသည်။ မြေရှင်၊ ငွေရှင် ကြေးရတက်များ၏ သားသမီးများဟူ၍ကား မမျှးတပ်သားများထဲတွင် တစ်ယောက်တစ်လေမှ မပါလာပါချေ။

စစ်မက်ကြီးတစ်ခု ဖြစ်ပွားလိုက်လျှင် ထိုစစ်မက်ကို အကြောင်းပြုလျက် အများဆုံးဒဏ်ခံရသည့်လူတွေမှာ တောင်သူလယ်သမား၊ အလုပ်သမားများနှင့် မြို့နေဆင်းရဲသားလူတန်းစားများသာ များလှသည်ဟု ကျွန်တော် ဆိုချင်ပါသည်။

"ခက်တာက ကိုယ့်အရေးထက် သင်းတို့အရေးက ပိုပြီး စိတ်ပူရတယ် ဆရာလေး၊ နောက်ပြီး မဝတ်ရ မစားရတဲ့အရေးတို့၊ ဗုံးမှန် စက်သေနတ်မှန်ပြီး သေရမယ့်အရေးတို့ထက် သမီးမိန်းကလေးအပျိုအရွယ်အတွက်က သာပြီးတော့ တောင် ပူရသေးတယ်ဗျာ၊ ဂျပန်စစ်သားတွေဆိုတာက ရမ်းကားလှမဟုတ်လားဗျာ"

ကိုသာမြိုင်ခမျာ ရွာတွင် ကျန်ရစ်ရှာသော သမီးအပျိုအရွယ်ကလေးအတွက် ကြောင့်ကြပူပန်မှု ကြီးမားဟန် တူလေသည်။

ဤသို့နှင့် စကားတပြောပြော လျှောက်ခဲ့ကြသော ကျွန်တော်တို့သည် ယမန်ညက ရောက်ရှိခဲ့သော ခရီးအကွာအလှမ်းသို့ ရောက်ခဲ့ကြလေသည်။ ကိုသာမြိုင်နှင့် ကျွန်တော်သည် မနေ့ညက ဖိုးမိုအား မြှုပ်နှံထားခဲ့သော မြေပုံမို့မို့ကလေးရှိရာ သို့လည်း ပြိုင်တူပင် လှမ်းကြည့်မိကြပါသည်။

အိနာမတ်ဆနှင့် စကားပြန်ကလေး မောင်ချစ်တို့မှာမူ ကျွန်တော်တို့နှစ်ဦးနှင့် ခပ်စောစောကထက် အလှမ်းကွာဝေးသွားလေသည်။ သူတို့နှစ်ယောက်သည် တောင်ကြားလမ်းချိုးကွေ့တစ်ခုအကွယ်တွင် လှုလုံးပျောက်သွားတော့သည်။

အချိန်သည် မနက် ၈ နာရီထိုးလုနေလေပြီ။

နေလုံးသည် အတော်ပင် မြင့်တက်လာလေသည်။ သို့ရာတွင် နေ၏ အပူရှိန်မှာ ကျွန်တော်တို့သွားရာ လမ်းပေါ်သို့ကား ထိုးကျလာခြင်း မရှိပါချေ။

ကားလမ်းဘေး ဝဲနှင့်ယာ တစ်ဖက်တစ်ချက်သည် ကြီးမားအုပ်ဆိုင်းသော သစ်ပင်တောရိပ်များ ကာဆီးလျက် ရှိလေသည်။ တစ်ခါတစ်ရံ တောကျေးတောင့်ကယ်ကလေးများ၏ မြည်ကြွေးသံကို ကြားရသည်။ စမ်းချောင်းအနီးသို့ ရောက်သည့်အခါများတွင်မူ စမ်းရေစီးသံကို တသွင်သွင် ကြားနေရလေသည်။

စင်စစ် ကျွန်တော်တို့တွင် ဘေးဒုက္ခတစ်စုံတစ်ရာ မရှိသူများဟုဆိုလျှင် သော်လည်းကောင်း၊ ချွေးတပ်သားများအဖြစ်၌ မဟုတ်ဟုဆိုလျှင်သော်လည်းကောင်း၊ ကျွန်တော်တို့၏နိုင်ငံသည် စစ်ဘေးစစ်ဒဏ်ကျရောက်နေသော နိုင်ငံတစ်နိုင်ငံ မဟုတ်ဟု ဆိုလျှင်သော်လည်းကောင်း ဤခရီး၊ ဤလမ်းနှင့် ဤတောတောင်၊ ဇရမြေ ပတ်ဂန်းကျင်အရပ်သည် အလွန်လျှင် မွေ့လျော်ဖွယ်၊ ကြည်နူးဖွယ်ကောင်းလှသော တောလည်ခရီးထွက်ခြင်းတစ်မျိုးဟူ၍ ဆိုနိုင်လောက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုကား ဤသို့ မဟုတ်ပါချေ။ သာယာသော တောလမ်းခရီးသည် ကျွန်တော်တို့အဖို့ ကြောက်မက်ဖွယ်ကောင်းလှသည့် ကန္တာရကြီး ဖြစ်နေလေသည်။ တသွင်သွင်စီးကျနေသော စမ်းချောင်းရေစီးသံများမှာလည်း သေမင်း၏ စုတ်တို့သံနှင့် တူလှသည်။

ထိုအခါ ကျွန်တော်တို့ ချွေးတပ်သားများအနေနှင့် ချောက်ချားခြင်း၊ ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်း၊ လွမ်းဆွတ်ကြေကွဲရခြင်း စသော သောကပရိဒေဝနှင့် ဒုက္ခ ဒေါမနဿများကိုသာ ခံစားရလေတော့သည်။

"ကျွန်တော်ဖြင့် ကိုယ့်အဖြစ်ကိုယ် တွေးမိတိုင်း ရွှေလှကြီးကို သွား–သွား၊ သတိရမိတယ်"

ကိုသာမြိုင်က ဆိုပြန်ပါသည်။

"ဘယ်ရွှေလှကြီးလဲ၊ ငါးကြီးအိုင်ရွာသား ကိုရွှေလှကြီးလား"

ကျွန်တော်က မေးလိုက်ပါသည်။ ငါးကြီးအိုင်ရွာသား ရွှေလှကြီးမှာ ဘွန်ထိုက်ချို ကိုမောင်စိန်၏ အုပ်စုထဲမှ ချွေးတပ်သားကြီး ဖြစ်ပါသည်။ ယခု သူ မရှိလေတော့ပြီ။ ငါးကြီးအိုင်ရွာသည် ကျွန်တော်တို့ ညောင်တုန်းမြို့ အရှေ့ဘက်ကွင်းမှ လယ်သမားရွာတစ်ရွာ ဖြစ်လေသည်။

အရပ်အမောင်း ထောင်ထောင်မောင်းမောင်းနှင့် အသားအရောင် နီစပ်စပ်ရှိသော ရွှေလှကြီးသည် ခွန်အားဗလကောင်းသလောက် စိတ်ထားသဘောထားလည်း ကောင်းမွန်လှလေသည်။

စိတ်ကောင်း နှလုံးကောင်းရှိသော ရွှေလှကြီးတွင် ရိုးသားသော သဘောလည်း ရှိလေသည်။ သူသည် မြောက်ပင်၍ ပြောလျှင် သေအောင် အလုပ်လုပ်မည့် လူစားထဲက ဖြစ်လေသည်။ ဂျပန်က မြောက်ပေးလျှင် သူက ဆင်နှင့်ဖက်လျက် သစ်တုံးကြီးများကို ခါးကြိုးချည်ဆွဲသူဖြစ်ကြောင်း အထက်က ကျွန်တော် ဆိုခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် ရွှေလှကြီး တောထဲတွင် သေရလေသည်။

"သူကဆို ကျွန်တော့်ထက်တောင် ကလေးနှစ်ယောက် ပိုသေးတယ်၊ သားအကြီးဆုံးအကောင်က အိမ်ထောင်ကွဲနေပြီလို့ ပြောတယ်၊ သူ့သမီးအပျိုက အသက်ဆယ့်ရှစ်နှစ်ရှိပြီတဲ့၊ ကျွန်တော့်သမီး ခင်သိန်းထက် လေးငါးနှစ်ကြီး တာပေါ့"

ကိုသာမြိုင်က ပြောပြန်ပါသည်။

ချွေးတပ်သားများသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်လာကြသည့်အခါ စကားစပ်မိကြလျှင် မိမိတို့၏ အိမ်ထောင်ရေး၊ သားရေး၊ သမီးရေးနှင့် လယ်ယာ

လုပ်ငန်းခွင် အစရှိသည်များကို ပြောပြတတ်ကြလေသည်။ ထိုသဘောကြောင့်လည်း ကိုသာမြိုင်သည် ရွှေလှကြီးနှင့် ပတ်သက်သောအကြောင်းများစွာတို့ကို ပြောပြနိုင်ခြင်းပင် ဖြစ်လေသည်။

"သူဟာလဲ သေခါနီးဆဲဆဲထိ သူ့သမီးကလေးတွေအတွက် စိတ်မဖြောင့်ဘဲ ဖြစ်သွားရှာတယ်၊ သေမယ့်ဆဲဆဲ ညကများဆို သူ့သားမယားအကြောင်းတွေ၊ သူ့သမီးကလေးကို စိတ်မချတဲ့အကြောင်းတွေ၊ သူ့လယ်လုပ်ခွင်အကြောင်းတွေကို ကယောင်ကတမ်း ပြောသွားသေးတာပဲ ဆရာလေး"

"ဟုတ်တာပေါ့ဗျာ၊ ကိုရွှေလှကြီးဆုံးတော့မယ်ဆိုတဲ့ ညက သန်းကောင်လောက်ကြီးမှာ ထ,အော်သေးတယ်လေ၊ နွားတွေ နွားတွေ၊ သူ့နွားတွေ ဂျပန်ဆွဲသွားပါတယ်လို့၊ အဲဒီတော့မှ ကျွန်တော်လဲ အိပ်ပျော်နေရာက လန့်နိုးပြီး ခင်ဗျားတို့ရှိရာကို ပြေးလာခဲ့ရတယ်၊ ကျွန်ကော်ရောက်ပြီးလို့ တအောင့်လောက်ကြာတော့ ရွှေလှကြီးဟာ အသက်ထွက်သွားတာပဲ"

ကျွန်တော်ကိုယ်တိုင်ကလည်း တပ်ဒိန်စခန်းကွင် ကိုရွှေလှကြီး သေဆုံးရသည့်ညက အဖြစ်အပျက်များကို ပြောပြမိလေသည်။

"ဆရာလေးက အဲဒါလောက်သာ သိတာဗျ၊ ကျွန်တော့်ကို ပြောသွားတဲ့ အဖြစ်တွေဟာဆိုရင် အင်မတန်သနားစရာကောင်းတဲ့ အဖြစ်တွေပေါ့၊ သူ့ကို ချွေးတပ်ထဲထည့်ဖို့ ဂျပန်တွေရဲ့ သူကြီးလူတွေရယ် လာဖမ်းတော့ သူဟာ ကလင်းထဲမယ် စပါးနှယ်နေတဲ့အချိန်တဲ့ဗျာ၊ အဲဒါ နွားနှစ်ကောင်ကို အိမ်ပြန်ပို့ပါရစေဦး၊ သားမယားကို မှာစရာရှိတဲ့ ကိစ္စလေးတွေ မှာခဲ့ပါရစေဦးလို့ ရှိခိုးဦးတင် တောင်းပန်တာကောင် မရဘူးတဲ့ဗျာ၊ သူကြီးအိမ်ကနေ ချက်ချင်းပဲ ညောင်တုန်းဂါတ်တဲကို ပို့လိုက်တာတဲ့"

ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်သည် စကားကပြောပြောနှင့် လျှောက်လာခဲ့ကြလေသည်။

သို့နှင့် ကျွန်တော်တို့ တောင်ကြားလမ်းကွေ့ကလေးသို့ ရောက်ကြသည့်အခါ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုနှင့် စကားပြန်ကလေး မောင်ချစ်တို့ကို လှမ်းကြည့်လိုက်ကြသည်။ သို့ရာတွင် နှစ်ဦးစလုံးပင် အရိပ်အရောင်မျှ မတွေ့ရဘဲ ရှိလေသည်။

"ကျွန်တော်တို့ ခပ်သုတ်သုတ်လျှောက်ကြမှ ဆရာလေး"

ရှေ့မှ နှစ်ယောက်ကို မတွေ့ရသည့်အခါ ကိုသာမြိုင်ခမျာ စိုးရိမ်သွားဟန် ဟူပါသည်။ သူသည် တောလမ်းခရီးကို နှစ်ယောက်၊ သုံးယောက်ဟုသာ သွားရသည့်အခါ၌ အိနားမတ်ဆု၏ ရိုင်ဖယ်သေနတ်ကို အားကိုးလိုဟန် မျိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအဖြစ်မှာ မှန်သင့်သလောက်တော့ မှန်ပါသည်။ နေ့ဘက်၌ပင် ဖြစ်သော်လည်း တောလမ်းခရီးကြမ်းကို လက်နက်မပါဘဲ နှစ်ယောက်တည်း သွားရသည့်အခါ အတော်အတန် စိုးရိမ်ရလေသည်။ ကျွန်တော်တို့ မနေ့က စခန်းပြောင်းရွှေ့ရသည့်မှာမူ လူအများစုနှင့် အုပ်စုသင်းပင်းဖွဲ့လျက် သွားခဲ့ရခြင်းဖြစ်သောကြောင့် မစိုးရိမ်ရသော်လည်း နှစ်ယောက်တည်း နောက်ကျန်နေသည့်အခါ ကျွန်တော် ကိုယ်တိုင်မှာပင် ထိတ်လန့်သလို ဖြစ်မိလေသည်။

လက်နက်ဟူ၍ ကျွန်တော်နှင့် ကိုသာမြိုင်တို့၏ လက်ထဲတွင် တုတ်တစ်ချောင်းနှင့် ဝါးချွန်တစ်ချောင်းမျှသာ ပါရှိလေသည်။

ကျွန်တော်နှင့် ကိုသာမြိုင်သည် ခြေလှမ်းခပ်သွက်သွက် လျှောက်ကြပြန်ပါသည်။

ကျွန်တော်တို့ လျှောက်နေသော လမ်းသည် အမြင့်မှ အနိမ့်သို့ ဆင်းသက်ရာ လမ်းတစ်ခုဖြစ်လေသည်။ လမ်း၏တစ်ဖက်သည် ဝါးရုံတောကြီးများဖြစ်လျက် အခြားတစ်ဖက်မှာ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော သစ်တောကြီးဖြစ်လေသည်။ ထိုကုန်းမြင့်အဆင်းမှ လွန်မြောက်၍ သွားလျှင်မူ စမ်းချောင်းငယ်တစ်ခု စီးဆင်းနေသော မြေညီပိုင်းသို့ ရောက်လိမ့်မည်ဖြစ်သည်။

"လမ်းဘေးတွေကိုလဲ ဂရုစိုက်ကြည့်ပေးဗျာ၊ မြသိန်းကို တွေ့လို့တွေ့ငြားပေါ့"

ကျွန်တော်က ပြောလိုက်သည်။

ကျွန်တော်ကိုယ်တိုင်မှာလည်း လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်ကို အဟူးသဖါထားလျက် ကြည့်ပါသည်။

"ဆရာလေးက ထင်သလားဗျာ"

"ဘာကိုလဲ ကိုသာမြိုင်"

"မြသိန်းလေ၊ မြသိန်းကို ပြောတာပေါ့၊ မနေ့ညတုန်းကလဲ ကျွန်တော် လိုက်မယ့်သာ လိုက်ခဲ့ရတယ်၊ တွေ့လိမ့်မယ်တော့ လုံးလုံးကို မထင်ဘူး"

"ဘယ်လိုလဲ၊ ခင်ဗျားက ဘယ်လိုထင်လို့လဲ၊ မြသိန်းကို ထွက်ပြေးပြီထင်လို့လား၊ ဒါမှမဟုတ် အိနားမတ်ဆုထင်သလို တပ်ဒိန်စခန်းရောက်နေတယ်ထင်လို့လား"

ကျွန်တော်က မေးလိုက်လေသည်။

"ဒီလိုလဲ ကျွန်တော် မထင်ပါဘူး"

"ဒါဖြင့် ခင်ဗျားအထင် ဆိုစမ်းပါဦး"

"ဒီသူငယ် တပ်ဒိန်စခန်းမှာလဲ ရှိမယ် မထင်ဘူး၊ ထွက်ပြေးဖို့ဆိုတာကလဲ မလွယ်ပါဘူး ဆရာလေးရယ်၊ သူ့မှာ ထွက်ပြေးနိုင်လောက်တဲ့ အားခွန်ဗလလဲ မရှိတော့ပါဘူး ဆရာလေးရာ"

"အေးပါဗျာ-ခင်ဗျားအထင်ကိုသာ ခပ်ရှင်းရှင်းပြောစမ်းပါဗျ"

"ကျွန်တော့်အထင်တော့ မြသိန်းဟာ ကျားစာဖြစ်သွားပြီထင်တယ်"

ကျွန်တော်သည် ဘွန်ထိုက်ချို ကိုသာမြိုင်စကားကြောင့် စိတ်ထဲမှ ဇဝေဇဝေ ဖြစ်မိလေသည်။ မြသိန်းတစ်ယောက် ကိုသာမြိုင်ထင်သည့်အတိုင်း ကျားဆွဲ ကျားစားခံရလေပြီလော။

ထိုအတွေးကို ကျွန်တော် တွေးမိသောအခိုက်အတန့်ကလေးအတွင်း၌ပင် ကျွန်တော်တို့၏ ပတ်ဝန်းကျင် တောကြီးတစ်တောလုံး မြည်ဟည်းသွားသည်သေနတ်သံ သုံးလေးချက်ကို ဆင့်ကာဆင့်ကာ ကြားလိုက်ရလေသည်။

သေနတ်သံကြားရသည်မှာ အိနားမတ်ဆုနှင့် စကားပြန်ကလေး မောင်ချစ်တို့ ရှိရာမှ ဖြစ်လေသည်။

ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ကျွန်တော်သည် သေနတ်သံကြားရာသို့ အပြေးအလွှားဟောခဲ့ကြသည်။

ကုန်းမြင့်ကလေးအဆင်းသို့ ရောက်ရှိနေပြီဖြစ်သောကြောင့်လည်း ကျွန်တော်တို့နှစ်ယောက်စလုံးပင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုနှင့် စကားပြန်ကလေး မောင်ချစ်တို့ ရှိရာသို့ လျင်မြန်စွာ ရောက်ရှိခဲ့ကြလေသည်။

"ကျား- ဆရာလေး၊ ကျားဗျ၊ ကျား-ကျား-" ဟူ၍ မောင်ချစ်က စမ်းချောင်းငယ်တစ်နေရာသို့ လက်ညှိုးညွှန်ပြရင်း ပြောပြလေသည်။

ဂျပန်စစ်ဗိုလ် အိနားမတ်ဆုကိုယ်တိုင်မှာလည်း ရိုင်ဖယ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလျက် တစ်စုံတစ်ရာကို ချောင်းမြောင်းနေသလို စမ်းချောင်းဘက်သို့ မျက်လုံးစူးစူးစိုက်ကြည့်နေသည်။

ကျွန်တော်သည် အိနားမတ်ဆုကိုလည်းကောင်း၊ စမ်းချောင်းငယ်ရှိရာသို့လည်းကောင်း တစ်လှည့်စီ ကြည့်လိုက်မိသည်။ သို့ရာတွင် မောင်ချစ်ပြောလိုက်သော ကျားကိုကား အရိပ်အယောင်မျှ မမြင်မတွေ့ရပေ။

"ထိတော့ ထိသွားဟယ် ဆရာလေး၊ ဟောဟို ဝါးရုံတောကြီးထဲ ဝင်သွားဟယ်၊ နှစ်ကောင်ဗျ၊ နှစ်ကောင်၊ ဟော- ဟော-ဟိုမှာ-ဟိုမှာ--ဝါးပင်တွေ လှုပ်တုတ်လှုပ်တုတ်နဲ့၊ မာစတာ--မာစတာ"

စကားပြန်သူငယ်သည် ကျွန်တော့်အား ပြောရာမှ ဝါးရုံတောတစ်နေရာသို့ လက်ညှိုးထိုးလျက် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုအားလည်း ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အိနားမတ်ဆုသည် လက်တွင်းမှ ရိုင်ဖယ်သေနတ်နှင့် လူပ်ယှပ်ရှားရှား ဖြစ်နေသော ဝါးရုံကောအတွင်းသို့ တစ်ချက်လှမ်း၍ ပစ်လိုက်သည်။

အိနားမက်ဆု၏ ထိုအပြုအမူကို ကျွန်တော် သတိထားမိပါသည်။ အမှန်စင်စစ် အိနားမတ်ဆု သေနတ်နှင့် လှမ်း၍ ပစ်လိုက်သည်မှာ ကျားက နှစ်ကောင်ဖြစ်နေသောကြောင့် ဒေသနတ်သံပေးလျက် ခြောက်လှန့်ပစ်ခတ်လိုက်သည့် သဘောဟူ၍ ယူဆရပါသည်။

ကျားမှာ တစ်ကောင်ကည်းဆိုလျှင် မထောင်းသာလှသော်လည်း နှစ်ကောင် ဖြစ်၍နေသည့်အခါ ကျွန်တော်တို့အဖို့ စိုးရိမ်ရပါသည်။ ကျွန်တော်တို့သည် လူပေါင်းလေးယောက် ဖြစ်သော်လည်း သေနတ်တစ်လက်သာ အားထားစရာ ရှိလေသည်။ ဤလိုတောနက်ကြီးအတွင်း၌ မည်သို့ပင် ဒေသနတ်ပါသည်ဆိုရပေမဲ့ လူတစ်ယောက်ကည်းက ကျားနှစ်ကောင်ကို ရင်ဆိုင်လျက် ခုခံတိုက်ခိုက်ရမည်မှာကား စင်စစ်အားဖြင့် မလွယ်ကူပါခေ။ ထို့ကြောင့် အိနားမတ်ဆုသည် ကျည်ဆန်တစ်တောင့်ကို ဖြုန်းလိုက်ခြင်းဖြစ်ဟန် တူလေသည်။

အိနားမတ်ဆုက လက်ဟန်ပြဂျက် တားမြစ်ထားသောကြောင့်လည်း ကျွန်တော်တို့သည် ရှေ့မတိုးဝံ့ဘဲ ငြိမ်သက်စွာ ရပ်နေကြရပါသည်။ ဘွန်ထိုက်ချို ကိုသာမြိုင်မှာလည်း ဘေးပတ်ဝန်းကျင်အနီးတစ်ဝိုက်ကို လှည့်ဝှောင်းကြည့်လေသည်။ သူ့စိတ်ထဲတွင် ကျားက အလစ်ဝင်တွယ်လေမလားဟု ကြောင့်ကြဟန် ရှိလေသည်။

သည်လိုနှင့် အချိန်အတော်ကလေး ကြာသွားလေသည်။ ခပ်စောစောက လှုပ်ရှားနေသော ဝါးရုံကောရိုရာမှမူ တစ်စုံတစ်ရာလှုပ်ရှားခြင်း မရှိတော့ချေ။

ထိုအခါ အိနားမတ်ဆုက ကျွန်တော်တို့ကို လက်ဟန်ပြလျက် ရှေ့မှနေ၍ သွားလေသည်။ ကျွန်တော်တို့က သူ့နောက်ပါးမှ လိုက်ခဲ့ကြသည်။

ကျွန်တော်တို့ သွားနေသည်မှာ ကားလမ်းအကိုင်းမဟုတ်။ စမ်းချောင်းငယ် ရှိရာသို့ ဖြစ်လေသည်။ စမ်းချောင်းသည် ကျွန်တော်တို့ရောက်ရှိနေသော နေရာနှင့် ဆိုလျှင် ကိုက် (၃၀) ထက်မနည်း အကွာအဝေးရှိလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော်သည် ရှေ့ဆုံးမှ သွားနေသော အိနားမတ်ဆုကို သတိထားကြည့်လိုက်သည်။ အိနားမတ်ဆုသည် ရိုင်ဖယ်ကို အသင့်ကိုင်လျက် ခြေလှမ်းကို တစ်လှမ်ချင်းလှမ်းရင်း မျက်စိနှင့် နားကို ကောင်းစွာ အသုံးချလျက် သတိကြီးစွာ ထား၍ သွားနေကြောင်း ထင်ရှားလှပါသည်။

ထိုအခါ ကျွန်သူ ကျွန်တော်တို့သုံးယောက်ကလည်း အိနားမတ်ဆုနည်းဟုပင် ခြေကို ခပ်ဖွဖွနင်းလျက် နောက်ပါးမှ လိုက်ကြရသည်။

ဘွန်ထိုက်ချို ကိုသာမြိုင်သည် သူ့လက်ရှိ ဝါးချွန်ကို အဆင်သင့်မြှောက်ကိုင်ထားလေသည်။

"ဟော–ဟိုမှာ–"

စမ်းချောင်းငယ်နှင့် အတော်ကလေး နီးကပ်သော နေရာတစ်နေရာသို့ ရောက်သည့်အခါ အိနားမတ်ဆု၏ နောက်မှ စကားပြန်ကလေး မောင်ချစ်၏အသံ လွှက်ပါလာပြန်သည်။ ပြီး–သူငယ်က တစ်စုံတစ်ရာကို လက်ညှိုးထိုးပြနေသည်။

ကျွန်တော်သည် မောင်ချစ် လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ မြင်လိုက်ရသည်မှာ စမ်းချောင်းဘေးတစ်နေရာ၌ သစ်ပင်ကြီးတစ်ပင်အောက်တွင် ပက်လက်ကြီးလန်နေသော လူတစ်ယောက်၏ အလောင်းပင် ဖြစ်လေသည်။

ထိုမြင်ကွင်းသည် ကျွန်တော်တို့ အားလုံးအဖို့ မည်သူမည်ဝါဟူ၍ အငြင်းပွားနေစရာမလိုပါခေ။ ကိုသာမြိုင်၏ နှုတ်ဖျားမှလည်းကောင်း၊ ကျွန်တော့်နှုတ်ဖျားမှလည်းကောင်း ပြိုင်တူ တစ်သံတည်း ရေရွတ်လိုက်မိကြလေသည်။

"မြသိန်း–မြသန်း–ဖြစ်မှဖြစ်ရလေကွာ"

ကျွန်တော်နှင့် ကိုသာမြိုင်သည် နှုတ်ဖျားမှ ပြောပြောဆိုဆိုပင် မြသိန်း၏ အလောင်းရှိရာသို့ ပြေးသွားရန် ဟန်ပြင်လိုက်ကြသည်။

ဤတွင် အိနားမတ်ဆုသည် ကျွန်တော်တို့နှစ်ဦး၏ လှမ်းတော့မည်ဆဲဆဲ ခြေဟန်ကို ရိုင်ဖယ်နှင့် ဆီးကာလျက် ဟန့်တားခြင်းပြုလိုက်သည်။ "ကျားကျားရှိတကား" ဟူ၍လည်း မပီမသ မြန်မာစကားဖြင့် ပြောလေသည်။ ထို့နောက် ဝါးရုံတောကြီးအတွင်း တောင်မြောက်လေးပါးကို အကဲခတ်ကြည့်ရှုလေသည်။

ကျွန်တော်နှင့် ကိုသာမြိုင်တို့ နှစ်ဦးစလုံးပင် အိနားမတ်ဆု၏ အပြုအမူကို သဘောပေါက်ကြပါသည်။

အိနားမတ်ဆုသည် မြသိန်း၏အလောင်း အနီးအနားရှိ ကျားရှိလေဦးမည် ထင်ဟူသော စိုးရိမ်မှုကြောင့် ကျွန်တော်နှင့် ကိုသာမြိုင်အား ဟန့်တားလိုက်ခြင်း ဖြစ်လေသည်။

ဤလိုနှင့် အခြေအနေကို ဖိတ်ရှုလောက်သည်အထိ လေ့လာပြီးမှ ကျွန်တော်တို့သည် အိနားမတ်ဆု၏ ရှေ့ဆောင်မှုဖြင့် မြသိန်းအလောင်းအနီးသို့ ချဉ်းကပ်ခဲ့ကြလေသည်။

မြသိန်း၏အလောင်းမှာ ကျားစားထားသဖြင့် မျက်နှာတစ်ခြမ်းမရှိတော့။ ရင်ဘတ်သားတချို့နှင့် ပေါင်သားတချို့လည်း မရှိတော့။ ဝမ်းဗိုက်နေရာအနှံ့တွင် ကုတ်ဖဲ့ရာ၊ ကိုက်ရာများဖြင့် သွေးအလိမ်းလိမ်း ပေကျံလျက် ရှိလေသည်။ မြင်ရက်စရာ ရှုချက်စရာမရှိဟူ၍သာ ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်ဗိုလ် အိနားမတ်ဆုကိုယ်တိုင်ကပင် မြဿိန်း၏အဖြစ်ကို ကြည့်လျက် စိတ်မကောင်းဖြစ်သွားလေသည်။ သူသည် ဂျပန်စကားဖြင့် တစ်စုံတစ်ရာကို ပြောဆိုရေရွတ်လိုက်သည်။ သို့ရာတွင် သူ့အသံသည် ခက်ထန်မာကျောခြင်း မရှိ။ ညည်းတွားသည့်လေသံမျိုး ဖြစ်လေသည်။ ပြီးသော် အိနားမတ်ဆုသည် သူ့ခေါင်းကို ခပ်လေးလေး ရမ်းခါခြင်းပြုလေသည်။

မကြာမီ အိနားမတ်ဆုက ကျွန်တော်တို့အား မြဿိန်း၏အလောင်းကို မြှုပ်နှံခြင်းပြုရန် အမိန့်ပေးလေသည်။

ကျွန်တော်တို့သည် ဟိတောင်းသော အချိန်ကလေးအတွင်း မြဿိန်း၏ အလောင်းကို ကျင်းကလေး ခပ်တိမ်တိမ်ကူးလျက် မြှုပ်နှံခြင်းပြုကြရလေသည်။

စမ်းချောင်းအနီးမှ မြေသည် အတော်ကလေးပင် ပျော့လျက် ခပ်ပွပွမြေ ဖြစ်သောကြောင့်သာ ကျွန်တော်တို့အဖို့ တော်သေးသည်ဟု ဆိုရပါမည်။ ကျွန်တော်တို့ မြေကျင်းတူးကြရသည်မှာ ပေါက်တူး၊ ပေါက်ချွန်းစသည့်လက်နက်များနှင့် အကျအန တူးကြရသည်ထောက် မဟုတ်ပါ။ ဝါးချွန်တစ်ချောင်း၊ မားမတိုတစ်ချောင်း ဖြင့် ခွေးဒီးဒီးကျအောင် တူးဆွရခြင်းသာ ဖြစ်လေသည်။

ပြီးလျှင် မြဿိန်း၏အလောင်းကို မြှုပ်နှံခြင်းပြုရာ၌လည်း ကျွန်တော်တို့အဖို့ စိတ်တိုင်းကျ မဖြစ်ပါချေ။ ကျင်းမှာ အဟော်ပင် တိမ်ဖန်လေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် အလောင်းပေါ်မှ မြေများဖို့ခြင်း၊ စမ်းချောင်းအနီးအနားတစ်ဝိုက်နှင့် ကားလမ်းဘေးအနီးတစ်ဝိုက်ကွင် ရှိသော ကျောက်တုံး ကျောက်ခဲများကို ထမ်းပိုးမ,ချိလျက် အလောင်းမြှုပ်ပေါ်တွင် ဖို့ခြင်းများကို ပြုလုပ်ကြရပြန်ပါသည်။

ဤလို လုပ်ရခြင်းကြောင့်လည်း မြဿိန်း၏အလောင်းမြှုပ်မှာ ကျောက်ဂူသွင်းလျက် မြှုပ်နှံထားသော မြေပုံတစ်ခုကဲ့သို့ ဖြစ်နေပါတော့သည်။

ထိုကိစ္စများ ပြီးစီးသည့်အခါ ကျွန်တော်တို့ သုံးယောက်သည် စမ်းချောင်းအတွင်းသို့ ဆင်းသက်လျက် ခြေ လက်များကို ဆေးကြောသုတ်သင်ခြင်း ပြုရလေသည်။

ကျွန်တော်၊ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် စကားပြန်ကလေး မောင်ချစ်ကို ဤလိုလုပ်ကိုင်နေကြသည့်အခါ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုသည် အလွန်တရာ ဖာဝန်ဝတ္တရားများကို ကျေပွန်စွာဖြင့် သေနတ်ကို အသင့်ကိုင်လျက် တောကောင် သတ္တဝါများ၏ ဟောရန်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း ပြုလေသည်။ ဤအချက်ကိုမူ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုအပေါ်၌ ကျွန်တော် လွန်စွာပင် ကျေးဇူးတင်မိပါသည်။ ကျွန်တော့်စိတ်ထဲတွင်လည်း အိနားမတ်ဆုအား များစွာပင် ချီးကျူးမိပါသည်။

အချိန်မှာ နံနက် ၁၀ နာရီကျော်လွန်ခဲ့လေပြီ။

မြဿိန်း၏ အလောင်းကို တွေ့ရသောကြောင့်လည်း အိနားမတ်ဆုသည် တပ်ဒိန်းစခန်းသို့ ဆက်လက်မသွားတော့ချေ။ ကျွန်တော်တို့အားလုံး ခုနစ်ခွေစခန်းသို့ ပြန်လှည့်ခဲ့ကြလေသည်။

"ဆရာလေးကို ကျွန်ကော်ပြောတဲ့အတိုင်း မှန်နေပြီ မဟုတ်လား၅"

နှစ်ယောက်အကုတူ လျှောက်လာရာမှ ဘွန်ထိုက်ချို ကိုသာမြိုင်က ပြောလေသည်။

"ဘာလဲ ကိုသာမြိုင်"

ကျွန်တော်က မေးလိုက်ပါသည်။ သူ ဘာဆိုလိုကြောင်း ရုတ်တရက် ကျွန်တော် နားမလည်လိုက်သောကြောင့် ဖြစ်ပါသည်။

"မြဿိန်းကို ကျားဆွဲပြီလို့၊ ခု-ကျွန်တော်ထင်တဲ့အတိုင်းပဲ မဟုတ်လား"

"အင်း-အင်း-ဟုတ်ပါတယ်ဗျာ၊ ဒီကောင်တစ်ယောက်ထဲ နောက်ကျွန်နေလို့ ကျားဆွဲခံရတာလား၊ မောမောနဲ့နားနေတုန်း ကျားက ခုန်အုပ်လိုက်တာပဲလား၊ ဒီနှစ်ခု ဟစ်ခုခုဖြစ်မှာပဲပေါ့၊ ဒီတစ်ချီ စခန်းပြောင်းမှာ ကျွန်တော်တို့ လူနှစ်ယောက် ဆုံးရတာပေါ့"

ကျွန်တော်က ပြောလိုက်သည်။

"အဲဒါက လမ်းခုလတ်မှာ သေရတာ ရှိသေးတယ်၊ ခုနစ်ခွေစခန်းမှာ ဘယ်လောက် သေကြကျေကြဦးမလဲပဲ၊ ဒီစခန်းက ခပ်ဆိုးဆိုးဗျ ဆရာလေး"

ကိုသာမြိုင်က သူ၏ယူဆချက်ကို ပြောလေသည်။

"တောတွင်း ခွေးတပ်စခန်းကွေ ဆိုးတယ်ဆိုကာတော့ ဒီတစ်နေရာဟာလည်း ဆိုးတာတော့ မဟုတ်ပါဘူး ကိုသာမြိုင်၊ စခန်းတွေအားလုံး ဆိုးတာပဲ၊ ခုဆိုရင် ကျွန်တော်တို့ ခွေးတပ်သားတွေရဲ့ ကျန်းမာရေးအခြေအနေဟာလဲ တစ်နေ့တခြား ပိုဆိုးလာတယ် မဟုတ်လားဗျာ"

"ဟုတ်တာပေါ့ ဆရာလေးရာ"

ကျွန်တော်နှင့် ကိုသာမြိုင်က ရှေ့မှနေလျက် စကားတပြောပြော လျှောက်လာကြသလို အိနားမတ်ဆုနှင့် မောင်ချစ်တို့ကလည်း နောက်မှ စကားတပြောပြော လိုက်လာကြလေသည်။ အပြန်ခရီးလမ်း၌မူ ကျွန်တော်နှင့် ကိုသာမြိုင်သည် နောက်ချန်လျက် မနေဝံ့ကြပါပေ။ ကျားအန္တရာယ်ကြောင့် ဖြစ်လေသည်။

"မနေ့ညက ကျွန်ကော်တို့ ဒီနေရာထိ ရောက်ရင် မြဿိန်းအလောင်းကို တွေ့ချင်မှ တွေ့မှာ ဆရာလေး"

www.burmeseclassic.com

www.burmeseclassic.com

"ရုတ်တရက် တွေ့ဖို့ မလွယ်ဘူးဗျ၊ ကားလမ်းနဲ့ ခုတွေ့နေရတဲ့ နေရာနဲ့က အတော်ဝေးသားပဲ၊ ခု အိနားမတ်ဆ တွေ့တာတောင် ကျားကို စ,တွေ့တာ ဖြစ်မယ်"

ကျွန်တော်က ပြောလိုက်သည်။

"အင်း-ဒါလဲ ဟုတ်တာပဲ"

"ဘာပဲပြောပြော၊ ဖိုးမိုသေရတာဟာ မြသိန်း သေရတာထက်တော့ တော်သေးတယ်ဆိုရမှာပေါ့၊ ဖိုးမိုက အားပြတ်သေရတာ၊ မြသိန်းကတော့ အရှင်လတ်လတ် ကျားဆွဲခံရတာ၊ သေရပုံချင်းက အကွဲပြားသား"

ကျွန်တော်က ပြောပါသည်။

သို့နှင့် ကျွန်တော်တို့သည် မကြာမီပင် ခုနစ်ခွေစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြလေသည်။

စခန်းအပြင်ကစံနေရာတွင် ထင်းခုတ်ထင်းပြတ်လုပ်နေကြသော ချွေးတပ်သားအချို့တို့သည် ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်ကို တွေ့လိုက်ရသည့်အခါ မြသိန်းအကြောင်းကို မေးမြန်းကြလေသည်။ ကျွန်တော်တို့ကလည်း ဖြစ်ကြောင်းကျိုးစင်ကို ပြန်လည်ကာ ပြောကြရလေသည်။

မြသိန်းအကြောင်းကို သိရသော ချွေးတပ်သားအားလုံးပင် မြသိန်းအတွက် စိတ်လက်မကောင်း ဖြစ်ကြရကြလေသည်။

သူတို့သူတို့သည် လုပ်ဖော်ကိုင်ဖက်တစ်ယောက် အသေဆိုး သေရကြသည်ကို စိတ်ထိခိုက်ခြင်း ဖြစ်ကြရကြလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်သည် စခန်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် ထိုနေ့အဖို့ ချွေးတပ်သားများရှိရာ အလုပ်ခွင်စခန်းသို့ လိုက်သွားခြင်း မပြုတော့ဟူသော ဆုံးဖြတ်ချက်ဖြင့် စခန်း၏ တဲတန်းလျားအတွင်း၌ပင် အနားယူလျက် ရှိနေကြပါသည်။

ဤလို ရှိနေခဲ့ရာမှ ညနေသုံးနာရီအချိန်ခန့်တွင်မူ စကားပြန်သူငယ်ကလေး မောင်ချစ်သည် ကျွန်တော်နှင့် ကိုသာမြိုင်ရှိရာသို့ ပေါက်လာလေသည်။

"ဆရာလေးနဲ့ ဦးသာမြိုင်ကို မာစတာက ခေါ်နေတယ်"

စကားပြန်သူငယ်က ပြောလေသည်။

"ဘာကိစ္စလဲကွယ့်-"

ကျွန်တော်သည် တုံးလုံးလဲနေရာမှ ထ,ထိုင်လိုက်လေသည်။

"ဒိုင်းနမိုင်းခွဲရဖို့နဲ့ တူတယ်"

မောင်ချစ်က ပြောလေသည်။

"ဟေ-ဒိုင်းနမိုင်းခွဲရမယ်၊ ဟုတ်လား"

ကျွန်တော်က အံ့သြသလို မေးလိုက်ပါသည်။ ကျွန်တော့်အနီးတွင် ရှိနေသော ဘွန်ထိုက်ချို ကိုသာမြိုင်ကလည်း "ဘယ်လိုလဲကွ၊ တို့များ ခွဲရမှာလား" ဟု မျက်လုံးပြူး မျက်ဆန်ပြူး မေးလိုက်လေသည်။

"ကျွန်တော် ထင်တာ ပြောတာလေ"

စကားပြန်သူငယ်က မရှင်းမလင်း ပြောလေသည်။

"မင်း သိရမှာပေါ့ကွာ-ဟုတ်ရင် ဟုတ်တယ်ပေါ့"

ကျွန်တော်က အစ်လိုက်ပါသည်။ သို့ရာတွင် စကားပြန်သူငယ်ကလေး မောင်ချစ်သည် နောက်ထပ် မည်သည့်စကားကိုမျှ မဟ,တော့ပါချေ။ နှုတ်ဆိတ်သွားလေသည်။

ကျွန်တော်သည် အကြောင်းတစ်ခုကို စဉ်းစားလိုက်မိလေသည်။ စကားပြန်သူငယ်မှာ အသက်အရွယ်အားဖြင့် ဆယ့်လေးနှစ်ထက် ကြီးလိမ့်ဦးမည်မဟုတ်ဟု ထင်ပါသည်။

သို့သော် သူတို့ကလေးတွေသည် ဂျပန်စစ်သားများနှင့် ကာလအတန်ကြာ အတူတကွ နေထိုင်လာသည့်အခါ သူတို့ကိုယ်တိုင်မှာလည်း စစ်မှုထမ်းများ၏ ဘဝနှင့် ကျင့်ဝတ်ကို ကြောက်ရွံ့လေးစားလာဟန် တူပါသည်။ ထို့ကြောင့်လည်း မောင်ချစ်သာမဟုတ်၊ အခြားအခြားသော စကားပြန်သူငယ်ကလေးများသည်ပင် အလွန်တရာ နှုတ်လုံခြင်း ရှိကြလေသည်။

ခပ်စောစောအချိန်ကမူ မောင်ချစ်သည် ကျွန်တော်နှင့် ကိုသာမြိုင်အား လွတ်ခနဲ ပြောလိုက်မိခြင်းသာ ဖြစ်ဟန်တူလေသည်။ စင်စစ် ဂျပန်များနှင့် အတူနေထိုင်ကြရသည့်အခါ၌ သူတို့သူတို့ခများကလေးတွေမှာလည်း အလွန်တရာ အနေရကျပ်တည်းကြဟန် တူလေသည်။ နောက်တစ်ကြောင်းမှာလည်း ဂျပန်များကိုယ်တိုင်ကပင် နှုတ်လုံစေရန် ပြောကြားထားကြဟန် တူလေသည်။

"ကဲပါလေ-ဟိုရောက်တော့ အကြောင်းစုံ သိရမှာပေါ့၊ သွားကြမယ် ကိုသာမြိုင်"

ကျွန်တော်က ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။

ထိုအခါမှ ဘွန်ထိုက်ချို ကိုသာမြိုင်မှာလည်း ကျွန်တော့်နည်းတူ ထိုင်ရာမှ ထလေသည်။

ကျွန်တော်တို့သည် မကြာမီပင် အိနားမတ်ဆုရှိရာ စစ်ရုံးအဆောက်အအုံသို့ ရောက်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အိနားမတ်ဆုထံမှ တစ်စုံတစ်ရာ မသိရသေးမီ မောင်ချစ်ပြောသည့်အတိုင်း ဒိုင်းနမိုင်းဖောက်ခွဲသော အလုပ်အတွက်ပေလားဟူ၍လည်း တွေးလိုက်မိလေသည်။

စင်စစ် ဒိုင်းနမိုင်းဖောက်ခွဲရသည့်အလုပ်မှာ အတော်အတာန် အန္တရာယ်ရှိသော အလုပ်တစ်ခုဖြစ်လေသည်။ ကျွန်တော်မှာ ကျောက်တစ်လုံးစခန်းတွင် နေ့ရစဉ် အခါကပင် ကျောက်တောင်ကြီးများအား ဒိုင်းနမိုင်းခွဲရသည့်အလုပ်ကို တွေ့ဖူးမြင်ဖူးပြီး ဖြစ်လေသည်။ ထို့ကြောင့်လည်း အလုပ်၏သဘောကိုလည်းကောင်း၊ အန္တရာယ်၏ အဖြစ်ကိုလည်းကောင်း တွက်ဆမိပြီး ဖြစ်လေသည်။

ကျွန်တော်တို့သည် အိနားမတ်ဆု၏ ရှေ့မှောက်တွင် ရပ်လိုက်မိကြလေသည်။ ကိုအခါ အိနားမတ်ဆုနှင့် အတူရှိနေသော ဂျပန်စစ်သားတစ်ယောက်နှင့် ကျွန်တော်တို့အထဲမှ ခွေးတပ်သားနှစ်ယောက်ကိုကိုလည်း တွေ့လိုက်ရပြန်လေသည်။

ဤတစ်ကြိမ်၌ကား အိနားမတ်ဆုသည် ထွေထွေထူးထူး စကားမပြောပေ။ တွေ့လိုက်သည်ဆိုလျှင်ပင် ကျွန်ကော်အား ကွမ်းသီးဖက်ဆေးလိပ်စည်း တစ်စည်းကို လှမ်းပေးလေသည်။

ထို့နောက်မှပင် စကားပြန်သူငယ်မှတစ်ဆင့် ကျွန်တော်နှင့် ဘွန်ထိုက်ချို များ ယနေ့ည၌တွင် ကျောက်တောင်ကြီးများကို ဒိုင်းနမိုင်းဖောက်ခွဲရမည့်အကြောင်း ပြောလေသည်။ ပြီးလျှင် ဂျပန်စစ်သားနှင့်အတူ အလုပ်ခွင်ရှိရာသို့ လိုက်သွားရမည်ဟု အမိန့်ပေးခြင်းပြုလေသည်။

ကျွန်တော်သည် အိနားမတ်ဆု ပြောသည်ကို တစ်စုံတစ်ရာ ငြင်းဆန်မှု မပြုနိုင်ပါခေ။ ငြင်းဆန်သော်လည်း ရနိုင်မည်မဟုတ်ကြောင်း သဘောပေါက်ပြီး ဖြစ်ပါသည်။

ထို့ကြောင့် သူ့အမိန့်ကို နာခံလျက် ကိုသာမြိုင်နှင့်အတူ အလုပ်ခွင်ရှိရာသို့ လိုက်ခဲ့ရလေသည်။ ခပ်ဝေးဝေးက ခွေးတပ်သားနှစ်ယောက်မှာလည်း ယမ်းဘီလူး သေတ္တာကို တစ်ယောက်တစ်လုံး ထမ်းပိုးလျက် သယ်ဆောင်ခဲ့ကြရလေသည်။

❑

၂၁။ အသေဆိုး သေရန်ခြင်း

"ဖြစ်ပါ့မလား ဆရာလေး"

လမ်းခရီးတွင် ကိုသာမြိုင်က မေးလေသည်။

"ဖြစ်ပါတယ်ဗျ။ ဂျပန်တောင် လုပ်နိုင်ရင် ကျွန်တော်တို့ ခင်ဗျားတို့အနေနဲ့လဲ လုပ်နိုင်ရမှာပေါ့"

"ဒီပြင်လူတွေလဲ မဖောက်ခဲ့ဘူးဆိုရင် ဘယ့်နယ်လုပ်မလဲ"

"အဲဒီတော့လဲ ခင်ဗျားနဲ့ ကျွန်တော်ပေါ့ဗျာ"

ကိုသာမြိုင်သည် အတော်ကြာ စကားမဟ,သေးဘဲ ငြိမ်သက်နေလေသည်။

"လုပ်လေ-ဆရာလေးလုပ်ရင် ကျွန်တော်လဲ လိုက်လုပ်မှာပဲ"

အတန်ကြာသွားမှမှ ကိုသာမြိုင် စကားဆိုလေသည်။

"ခက်တာက မလုပ်ပြန်ရင်လဲ ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေ အသုံးမကျဘူး မြန်မာတွေ အလကားလို့ ထင်မယ်ဗျ"

"သူတို့က ခြေထောက်မှာ ဖိနပ်စီးထားတယ်၊ ဆရာလေးတို့ ကျွန်တော်တို့က ဖိနပ်မရှိဘူး၊ ကျောက်ခဲ ကျောက်တုံးအချွန်ကလေးတွေပေါ် စွတ်ပြေးရတော့ ခြေထောက်က သွေးငေါက်ငေါက်ပန်းထွက်တာ၊ ဖောက်ရခွဲရမယ်ဆိုရင်တော့ အဲဒီဒဏ်ခံရမှာ အနည်းဆုံး သေချာတယ်"

"ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့"

မကြာမီ ကျွန်တော်တို့သည် အလုပ်သမားများရှိရာသို့ ရောက်ခဲ့ကြလေသည်။ ထိုအလုပ်သမားအဆိုင်းများသည် ကျောက်တောင်ကြီးများအား ဖောက်ထွင်းရသော အလုပ်သမားအဆိုင်းများ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ရောက်မဆိုက်၌ပင် အလုပ်ခွင်တွင် ရှိနေသော ဂျပန်စစ်သား သုံးယောက်နှင့်အတူ ကျောက်တောင်ကြီးများအား အပေါက်ငယ်ကလေးများ ဖောက်ထွင်းနေကြသော အလုပ်သမားများရှိရာသို့ လိုက်လံကာ ကြည့်ရှုရလေသည်။

ဤလို လိုက်လံကြည့်ရှုလျက် စစ်ဆေးခြင်းပြုလုပ်သည့်အခါ ဂျပန်စစ်သား သုံးယောက်တို့၏ လက်ထဲတွင် တစ်ပေသာသာအရှည်ရှိသော ဝါးချောင်းကလေးများကို တစ်ယောက်လျှင် တစ်ချောင်းကျ ကိုင်ဆောင်ထားကြလေသည်။

ဒိုင်းနမိုင်းခွဲရန်အတွက် ကျောက်တောင်ကြီးများအား အပေါက်ဖောက်ထွင်းခြင်းပြုကြရသည်မှာ အလုပ်သမား လေးယောက်လျှင် တစ်ဆိုင်းကျ တစ်တွဲကျ ဖြစ်လေသည်။

သူတို့သည် မနက်လင်း၍ အလုပ်ဆင်းလာကြသည့်အချိန်မှ စတင်လျက် ဂျပန်စစ်သားများက သတ်မှတ်ပေးထားသော နေရာများ၌ အပေါက်တစ်ခုကျစီ ဖောက်ထွင်းခြင်း ပြုကြရလေသည်။

ဖောက်ထွင်းရပုံမှာ ဤသို့ဖြစ်လေသည်။

ချွေးတပ်သားလေးယောက်အနက် နှစ်ယောက်တို့က သံတူရွင်းအချွန်ကြီး တစ်ခုကို ဂျပန်စစ်သားများ သတ်မှတ်ပေးထားသော ကျောက်တောင်ကြီး၏ တစ်နေရာထက်၌ လက်မှကိုင်လျက် စိုက်ပေးထားကြရလေသည်။ ဤတွင် နှစ်ဦးသော ချွေးတပ်သားတို့က ကြီးမားသော သံတူကြီးများဖြင့် တအားကုန်လွဲလျက် သံတူရွင်း၏ အနောင့်ပေါ်သို့ ထုနှက်ခြင်းပြုကြရလေသည်။

ဤလိုနှင့် ညနေစောင်း ငါးနာရီထိုးသည့်အခါ၌မူ တစ်ပေသာသာ နှစ်ပေ နီးနီးခန့်ရှိသော ကြွက်တွင်းပေါက်ကဲ့သို့သော ကျင်းကလေးတစ်ခု ဖြစ်လာလေသည်။ ထုနှက်ဖောက်ဆွင်းနေစဉ် အချိန်အတွင်း၌လည်း မကြာခဏဆိုသလို ကျောက်မှုန့်ကလေးများကို သေးငယ်သော ဝါးခြမ်းပြားတစ်ချောင်းဖြင့် အပြင်သို့ ကော်ထုတ်ပစ်ရလေသည်။

သည်အလုပ်မှာ အချောင်ခိုလျက် ဟန်လုပ်,လုပ်နေ၍လည်း မဖြစ်ပါချေ။ အလွန်တရာ မာကျောသော ကျောက်တောင် ကျောက်ကမ္ပကြီးများကို ဖောက်ထွင်းရသည့် ကိုယ့်တာဝန်နှင့်ကိုယ် လုပ်ကိုင်ရသော ကိစ္စဖြစ်ခြင်းကြောင့်လည်း ရေသာခိုနေ၍ မဖြစ်ပါပေ။

အကယ်၍ အချိန်ကျ၍မှ အများနည်းတူ မပြီးခဲ့သော် အထုအရိုက်၊ အညှဉ်းအပန်း ခံရလေသည်။ ပြီးလျှင် ထိုလူ၊ ထိုအဆိုင်းအား စခန်းရှိရာသို့ ပြန်မလွှတ်ဘဲ မိုးချုပ်သည်အထိ၊ မှောင်မည်းလာသည်အထိ ပြီးစီးအောင် အလုပ်ခိုင်း

လေသည်။ ဤသို့ဖြစ်လာသည့်အခါ ဂျပန်များ စိတ်အခန့်မသင့်လျှင် ထိုလေးယောက်အဆိုင်းသာမက တခြားသော ချွေးတပ်သားများမှာလည်း မသက်မသာ ဖြစ်ရတတ်လေသည်။

ထို့ကြောင့်လည်း ကျောက်တောင်ကြီးအား အပေါက်ငယ်ကလေး တစ်ပေါက်ဖြစ်အောင် ဖောက်ထွင်းရသည့်အခါ နဂိုကပင် အားအင်ကုန်ခန်းနေသော ခမျာများအနေဖြင့် များစွာပင် ပင်ပန်းရှာကြလေသည်။

တူထုသမားနှစ်ယောက်မှာ ချွေးပြိုက်ပြိုက်ကျဆင်းလျက် ဟောဟဲလိုက်နေသလို တူရွင်းကိုင်၍ ပေးရသော ချွေးတပ်သားနှစ်ယောက်တို့မှာလည်း လက်ဖဝါးများ ပေါက်ပြဲလျက် သွေးချင်းချင်း ရဲရဲကြလေသည်။

ရံဖန်ရံခါ၌မူ သံတူရွင်း၏ အနောင့်တည့်တည့်ပေါ်သို့ သံတူ မထုမိဘဲ နေရာလွဲသွားသည့်အခါ ကျရှင်းကိုင်ထားသော ချွေးတပ်သားခမျာ၏ လက်ပေါ်သို့ ထုမိတတ်လေသည်။

သို့ဖြစ်သည့်အခါ သူတို့သည် သွေးထွက်သော ဒဏ်ရာဒဏ်ခွက်များပေါ်သို့ ဂျံသိပ်၍သော်လည်းကောင်း၊ ကောသစ်ရွက် သစ်ခေါက်တို့၏ အရည်များကို ညှစ်ချ၍သော်လည်းကောင်း အလုပ်ကာဝန်ကို ပြီးစီးသည်အထိ ဆက်လက်၍ လုပ်ကြရလေသည်။

ဤနေရာတွင် ကြားဖြတ်လျက် တစ်ခုဖော်ပြချင်ပါသည်။ ဂျပန်များသည် အလုပ်နှင့်ပတ်သက်၍ ဒဏ်ခတ်ခဲ့လျှင် ဟစ်ဦးတစ်ယောက်တည်း၊ တစ်ဆိုင်းတည်း သာမက အားလုံးကို အပြစ်ပေးတတ်လေသည်။

ဥပမာ-ကျောက်တောင်ကြီး၏ တစ်နေရာကို အပေါက်ဖောက်ရန်အတွက် ကာဝန်ကျသော လေးယောက်တွဲ အဆိုင်းတစ်ဆိုင်းသည် အများနည်းတူ အလုပ်ပြီးစီးရမည့် အချိန်၌ မပြီးစီးပါက ဂျပန်များ၏ အရိုက်အနှက် အကန့်အကျောက်ကို ခံရကာ ကျင်းငယ်ပြီးသည်အထိ ဆက်လက်၍ တူးကြရလေသည်။

ထိုအခါ အလုပ်တာဝန်ပြီးစီးသွားသော ချွေးတပ်သားများ ဟန်ချိုနှင့် ဘွန်ထိုက်ချို့များမှာလည်း စခန်းသို့ မပြန်ရသေးဘဲ တောကြီးမျက်မည်းထဲ၌ပင် ငုတ်တုတ်ထိုင်နေကြရလေသည်။

ဤသို့ဖြစ်ရသောအခါ ကျန်သောချွေးတပ်သားများနှင့် ဟန်ချို၊ ဘွန်ထိုက်ချို့များကလည်း အလုပ်မပြီးစီးသော ထိုချွေးတပ်သား လေးဦးအပေါ်၌ အမျက်မာန်မှားကြလေသည်။

သူတို့ကြောင့် တို့အပြစ်ပေးခံရတာပဲ၊ ဒီကောင် လေးယောက်ကြောင့် ခုလို တို့ဖြစ်ရတာပဲဟူ၍ အမျိုးမျိုးရေရွတ်ခြင်း ပြုတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျပန်များက ဤလိုပြုမူတတ်သောကြောင့်လည်း ချွေးတပ်သားများအချင်းချင်း သည်လည်းကောင်း၊ ဘွန်ထိုက်ချို ဟန်ချို စသူများကလည်းကောင်း အလုပ်တွင် ခိုကပ်နေသော ချွေးတပ်သားအဆိုင်းများအား ဝိုင်းဝန်းပြောဆိုခြင်း၊ ကူညီသင့်သည်ကို ကူညီလုပ်ကိုင်ပေးခြင်း စသည်ဖြင့် ပြုမူကြလေသည်။

ညနေ ငါးနာရီထိုးသည့်အခါ ကျပန်စစ်သားများသည် ချွေးတပ်သားများ ဖောက်ထွင်းထားသော ကျောက်တောင်များရှိ ကျင်ပေါက်ငယ်များကို ၎င်းတို့ထံတွင် အသင့်ရှိနေသော အတိုင်းအထွာ တုတ်ချောင်းကလေးများဖြင့် လိုက်လံကိုင်းထွက်ကြည့်လေသည်။ ဤတွင် အချို့ အတန်ငယ်တိမ်နေသော ကျင်းများကို လည်း ဆိုင်ရာဆိုင်ရာ ချွေးတပ်သားတို့အား ထပ်မံလျက် ဖောက်ထွင်းခိုင်းလေသည်။

ဤလိုနှင့် ငါးနာရီခွဲလောက်တွင် အားလုံးပြီးစီးသွားလေသည်။ ကျင်းငယ်များ အတွင်းသို့ အသင့်ပြင်ဆင်ထားသော ယမ်းဘီလူးများကို ထည့်ပြီးနောက် ဘေးပတ်ပတ်လည်မှ ကျောက်မှုန့် ကျောက်ခဲကလေးများကို ထိုးသိပ်ပေးလေသည်။ စနက်တံကိုမူ တစ်မိုက်တစ်ထွာခန့် အပြင်ကွင် ထုတ်ထားလေသည်။

ထိုကိစ္စပြီးသည့်အခါတွင်မူ ကျွန်တော်ကိုယ်တိုင်မှာလည်း ကျွန်တော့်ဝတ္တရားကို စတင်လျက် ဆောင်ရွက်ခြင်းပြုရလေသည်။

ကျွန်ကော်သည် ဟန်ချို့နှင့် ဘွန်ထိုက်ချို့များအား စုရုံးခေါ်ငင်ပြီးနောက် ဒိုင်းနမိုင်းဖောက်ခွဲခြင်းပြုရမည့်အကြောင်းကိုလည်းကောင်း၊ မည်သူမည်ဝါ ဖောက်နိုင်မဖောက်နိုင်ဆိုသည်ကိုလည်းကောင်း မေးမြန်းခြင်းပြုရလေသည်။

ဤလို ကျွန်တော်က မေးမြန်းသည့်အခါ မည်သည့်ဟန်ချို့နှင့် ဘွန်ထိုက်ချို့ကမှ ဖောက်ခွဲလိုကြောင်း မပြောကြပါပေ။ ဘွန်ထိုက်ချို့ ကိုသာမြို့ငမှလွဲလျှင် အားလုံးကပင် ထိုအလုပ်ကို မလုပ်လိုကြောင်း ငြင်းဆန်ခြင်းပြုကြလေသည်။

"မဖောက်ပါရစေနဲ့ဗျာ၊ ကျွန်တော်တို့ မပြေးနိုင်ဘူး"

"ဟာ မဖောက်ချင်ဘူးဗျာ၊ ဒီအလုပ်ဟာ သိပ်ပြီး အန္တရာယ်များတယ်"

အားလုံးတို့ကပင် ထိုစကားကို ပြောကြားကြလေသည်။

မှန်ပါသည်။ သူတို့သူတို့တွင် ပြေးနိုင်လွှားနိုင်သည့် အင်အားဟူ၍ ဟုတ္တိပတ္တိ မရှိကြတော့ပါချေ။ သူတို့သူတို့အားလုံးပင် အားအင်ကုန်ခန်းနေကြသူများဟူ၍ ဆိုရမည်ဖြစ်လေသည်။

ဒိုင်းနမိုင်းဖောက်ခွဲရမည့်အလုပ်ကိုမူ ကျွန်တော်ကိုယ်တိုင်ကလည်း သူတို့ကို အတင်းအကျပ် တိုက်တွန်းလှုံ့ဆော်ခြင်းတော့ မပြုပါ။ အတင်းအား အဓမ္မစေခိုင်းခြင်းပြုရန်လည်း မသင့်ဟု ကျွန်တော်က ယူဆမိပါသည်။

ကောင်းလေပြီ။ သို့ဆိုပါလျှင် လက်ပတ်တံဆိပ်များ အဖြုတ်အသိမ်းမခံကြ[illegible]အောင် သူတို့တစ်တွေ အဘယ်ပုံလုပ်ဆောင်ကြရလေမည်နည်း။ ဤအတွက် [illegible]လမ်းတစ်ခုရှိလေသည်။

ထိုနည်းလမ်းတစ်ခုမှာ အခြားမဟုတ်ပါ။ ဟန်ချို့နှင့် ဘွန်ထိုက်ချို့များသည် သူတို့သူတို့၏ ချွေးတပ်သားများအပေါ်၌ မထောက်မညာ ရက်စက်ကြမ်းကြုတ်စွာ [illegible] ကျပန်များ ပြုမူနှိပ်စက်သည့်နည်းတူ တဘုန်းဘုန်း တခိုင်းခိုင်း ထုရိုက်ကန်ကျောက် [illegible] ညှဉ်းပန်းနှိပ်စက် စေခိုင်းပေးကြရန်ပင် ဖြစ်လေသည်။

သို့ဆိုလျှင် ထိုဟန်ချို၊ ဘွန်ထိုက်ချို့၏ လက်မောင်းပတ်တံဆိပ် အဖြုတ်ခံရရေး (ဝါ) ရာထူးအဆင့်အတန်း မလျှော့ကျရေးမှာ အများကြီး သေချာစီစဉ်ချရလေသည်။

ကျပန်များသည် ဟန်ချို့နှင့် ဘွန်ထိုက်ချို့များက ချွေးတပ်သားများအပေါ်ကွင် [illegible]ပို ရိုက်နှက်ညှဉ်းပမ်းလျက် စေခိုင်းခြင်းပြုနေလျှင်လည်း မည်သို့မျှ ဟန့်တားပိတ်ပင်မည်ကော့ မဟုတ်ပါပေ။ ပို၍ပို၍ပင် ဝမ်းသာလျက် ပို၍ပို၍ပင် အားပေးမြောက်ပြုလေသည်။ အဘယ်ကြောင့်ဆိုသော် ချွေးတပ်သားများအား ဟန်ချို၊ ဘွန်ထိုက်ချို့များက ခပ်ကြမ်းကြမ်း ဖိနှိပ်စေခိုင်းခြင်း ပြုနေသည့်အခါ ကျပန်စစ်သားများကလည်း သစ်ပင်ရိပ်ကောင်းကောင်း၊ ကျောက်တောင်ခြေရင်းကောင်းကောင်းနှင့် ကျောက်တောင်ကမူများ ခြေရင်းတွင် အေးအေးလူလူ စကားစမြည်ပြောခိုင်းခြင်း၊ ငိုက်မျဉ်းနေနိုင်ခြင်း၊ သိချင်းကလေး တအေးအေး ရွတ်ညည်းနေနိုင်ခြင်းကြောင့်ပင် ဖြစ်လေသည်။

ကျွန်တော် အထက်က ဆိုခဲ့သည့်အတိုင်း ချွေးတပ်အဖွဲ့အစည်းများတွင် [illegible]လိုပုံသဏ္ဌာန် ချုတ်ယွင်းလာသည်နှင့်အမျှ ကျပန်များဘက်ကလည်း ပုံသဏ္ဌာန်စံမျိုး ဖြစ်လာလေတော့သည်။

ယခင်အခါများက တောတွင်းအလုပ်ခွင်များသို့ ဆင်းသက်လိုက်ပါလာကြသော ကျပန်စစ်သားဦးရေမှာ ထောင်စေ့အောင် များပြားသော်လည်း ယခုမူ [illegible]ပန် အနည်းအကျဉ်းသာ လိုက်နိုင်လေတော့သည်။ ယခင်က ကျပန်စစ်သား [illegible]စ်ဆယ် အစိတ် လိုက်သည့်နေရာတွင် ယခုအခါ သုံးလေးယောက်၊ လေးငါး [illegible]ယောက်သာ လိုက်နိုင်လေတော့သည်။ ပြီးသော် ထိုသို့ လိုက်ပါလာသော ကျပန် [illegible]စ်သားတိုင်းမှာလည်း အမြဲတမ်းပင် သေနတ်ကို ကိုင်ဆောင်ထားကြလေသည်။

သို့ရာတွင် ကျွန်တော်တို့ ဟောကွင်းရောက် ချွေးတပ်သားတို့ကမူ ကျပန် [illegible]၏ စစ်ရေးစစ်ရာအခြေအနေကို မည်သို့မျှ မသုံးသပ်တတ်ရိုး အမှန်ပင် [illegible]စ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တွေ စစ်နိုင်နေသလား၊ ရှုံးနေသလား၊ ဒါကုံ ကျွန်တော်တို့ မသိ။ သိနိုင်လောက်သော အခြေအနေနှင့် သိရ ကြားရလောက်သော ပတ်ဝန်းကျင်မှ အထားမျိုးဟူ၍ကလည်း ကျွန်တော်တို့ဘဝတွင် မရှိ။ အားလုံး နေကြ ထိုင်ကြရသည်မှာ တောကြီး တောင်ကြီးများ လေးဘက်လေးတန် ကာဆီးနေသည့် မရပ်သာလျှင် ဖြစ်လေသည်။

မကြာမီ စကားပြန်သူငယ်ကလေးသည် ဂျပန်စစ်သားသုံးယောက်နှင့်အတူ ရုပ်နေရာမှ နေလျက် ဆယ့်နှစ်ယောက်၊ ဆယ့်နှစ်ယောက်ဟု အော်၍ ပြောလေသည်။

ကျွန်တော်က မည်သို့မျှ ပြန်မပြောဘဲ ဘွန်ထိုက်ချို ကိုသာမြို့ကို ခေါင်လျက် ဂျပန်စစ်သားသုံးယောက်နှင့် စကားပြန်သူငယ်တို့ ရှိရာသို့ ခပ်သွက်သွက် လျှောက်ခဲ့လေသည်။

သူတို့လေးယောက်ရှိနေသည်မှာ ကျောက်ကမူငယ်တစ်ခု၏ ဆင်ခြေလျှောတစ်နေရာတွင် ဖြစ်လေသည်။ ကြီးမားသော သစ်ပင်ကြီးနှစ်ပင်သည် တောင်ကမူးတွင် ရှိလေသည်။ ဖွင့်ပြီးဖြစ်သော ယမ်းဘီလူးသေတ္တာနှစ်လုံးနှင့် စနက်တံအပိုင်းအပြတ်များ ခွေထားသော စနက်တံကြိုးများကိုလည်း တွေ့ရလေသည်။

"တို့မှာ အားလုံးပေါင်းမှ ဘွန်ထိုက်ချိုသုံးယောက် ရှိတာကွ၊ ငါပါမှ လေးယောက်ရမယ်၊ ဘယ်လိုလုပ်ပြီး ဆယ့်နှစ်ယောက် ပေးနိုင်မှာလဲ၊ မင်းမာစတာတွေကို ပြောစမ်းပါဦး"

ကျွန်တော်က မောင်ချစ်ကို ပြောရလေသည်။

မောင်ချစ်က ဂျပန်ကို ပြန်ပြောပြလေသည်။ ဘွန်ထိုက်ချိုအချို့နှင့် ဟန်ချို အချို့ ခွေးတပ်သားအချို့တို့မှာ ထင်းခုတ်၊ ထင်းဖြတ်ရသော အလုပ်တာဝန်တွင် ကျရောက်နေလေသည်။

"ဟန်ချိုတွေကော မဖောက်နိုင်ဘူးလား၊ တဲ့"

"ဘယ်ဖြစ်မလဲကွာ-လမ်းတောင် ကောင်းကောင်းလျှောက်နိုင်ကြတာမှ မဟုတ်တာ၊ မင်းကြည့်လေကွာ-ရေညှိတွေကလဲ သိပ်မွှေးတဲ့နေရာ၊ ပြီးတော့ ကျောက်တုံးကျောက်ခဲတွေဆိုတာကလဲ ချွန်မြနေတာပဲ၊ လဲလိုက်ရင် နည်းနည်းမှ သက်သာမှာမဟုတ်ဘူး"

စကားပြန်သူငယ်သည် ကျွန်တော်ပြောကြားသည့်စကားများကို ဂျပန်များအား ပြန်လည်ပြောကြားပြန်လေသည်။

ဂျပန်စစ်သားသုံးယောက်သည် အတန်ကြာ တွေနေသည်။ ပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် စကားကွိကွိကွက္ခ ပြောကြလေသည်။ ထို့နောက်

အဘယ့်ကြောင့်ဆိုရပါမူ ခမျာများ အနေနှင့်က ခရီးတစ်လျှောက်လုံး အလွန်တရာပင်ပန်းဆင်းရဲခြင်းကို ကြုံတွေ့ခဲ့ရသူများ ဖြစ်လေသောကြောင့်ပင်။ ထို့ကြောင့်လည်း ဤအလုပ်မျိုးကို လုပ်ကိုင်သင့်သူများသည် ကျွန်တော်အပါအဝင် ဘွန်ထိုက်ချို အချို့သာ ဖြစ်သည်ဟု ကျွန်တော် ယူဆမိပါသည်။

ဤနေရာတွင် နောက်ပိုင်းအချိန်များ၌ ဟောတွင်း ခွေးတပ်စခန်းများနှင့် ခွေးတပ်သားများ၏ အခြေအနေကိုလည်း ထပ်မံ၍ တင်ပြလိုပါသည်။

ဟောကွင်း ခွေးတပ်စခန်းများတွင် လပေါင်း၊ ရက်ပေါင်းများစွာ နှစ်နှင့်ချီ၍ အလုပ်ကြမ်းများကို တစ်နေ့မပြတ် လုပ်ကိုင်လာရခြင်း၊ ရောဂါဝေဒနာဆိုးများကြောင့် လူအသေအပျောက် အလွန်တရာများပြားလာခြင်း၊ တချို့မှာလည်း (တချို့ဆိုသော်လည်း ခွေးတပ်သား အတော်ခပ်များများ) 'ဆေးရုံ'ဟု အမည်ပေးထားသော ကောတွင်း တဲတန်းလျားကြီးများသို့ အတင်းအကျပ် အပို့ခံရခြင်းစသော အကြောင်းများကြောင့် အလုပ်စခန်းများ၌ အလုပ်လုပ်နိုင်သော ခွေးတပ်သားဟူ၍ အတော်ပင် လျော့နည်းလာလေသည်။

ပြီးသော် ခွေးတပ်သား အဖွဲ့အစည်းများမှာလည်း ယခင်အခါကများလို မိမိကိုယ်ကို နယ်၊ မိမိတို့အုပ်စုနှင့် မဟုတ်တော့ပါချေ။ ဟိုလူဒီလူ ရရာရကြောင်းလူများကို ဖြစ်သလိုနည်းနှင့် စုပေါင်းဖွဲ့စည်းလျက် လုပ်ကိုင်သွားကြရခြင်းသာ ဖြစ်လေသည်။ ထိုအခါ မူလပုံသဏ္ဌာန်မှာ ပျက်ပြားသွားခဲ့ရလေသည်။

တစ်ဖန် နောက်ပိုင်းအချိန်များတွင် အလုပ်လုပ်နိုင်သူ အင်အားနည်းပါးလာခြင်းကြောင့် ဟန်ချိုနှင့် ဘွန်ထိုက်ချိုအချို့တို့ကိုပါ ဂျပန်များက စေခိုင်းလာလေတော့သည်။ သဘောမှာ မင်းတို့လူအတွက် မင်းကိုပင် လူစားအဖြစ် လုပ်ကြရမည်ဆိုသည့် သဘောထားပင် ဖြစ်လေသည်။

ခပ်စောစောပိုင်းက အချိန်ကဆိုပါလျှင် ဟန်ချိုနှင့် ဘွန်ထိုက်ချိုများသည် ခွေးတပ်သားများနှင့်အတူ အလုပ်ခွင်အတွင်းသို့ လိုက်ပါရလျက် ခွေးတပ်သားများအပေါ်တွင် အလုပ်သမားခေါင်းများအဖြစ် ကြီးကြပ်ရ၊ ထိန်းသိမ်းကွပ်ကဲရ သက်သက်မျှသာ ဖြစ်သော်လည်း နောက်ပိုင်း၌ကား လက်ပတ်တံဆိပ်များကို အဖြုတ်အသိမ်းခံကြရလျက် ခွေးတပ်သားများအနှင့်အတူ ကျောက်ထုရခြင်း၊ ကျောက်သယ်ရခြင်း၊ တောထွင် တောခုတ်ရခြင်း၊ မြေသယ်မြေဖို့ ပြုလုပ်ရခြင်းစသော အလုပ်များကို လုပ်ကိုင်ကြရသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချို၊ ဟန်ချို စသူများသည် သူတို့သူတို့၏ လက်ပတ်တံဆိပ်များ အဖြုတ်အသိမ်းခံကြရမည့်အရေးကိုမူ သေရတော့မလောက် ကြောက်ရွံ့စိုးရိမ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ကျပန်နှစ်ယောက်ပါနှင့်မှ အားလုံးပေါင်း ခြောက်ယောက်ဆိုလျှင် သုံးကြိမ်ထက်မနည်း ဖောက်ခွဲရမည်ဖြစ်ကြောင်း၊ မိုးချုပ်လုနီးနေပြီဖြစ်ကြောင်း ပြောပြနိုင်လေသည်။

သို့ရာတွင် မိုးချုပ်သော်မှချုပ်စေ၊ ကျွန်တော်တို့ဘက်ကလည်း လူတိုးမိုးမပေးနိုင်တော့ပါချေ။ သူတို့အင်္ဂါနှင့်လည်း မည်သို့မှ မတတ်သာတော့ပါချေ။ နောက်ဆုံး လူလေးယောက်ကိုပင် သူတို့လက်ခံကြရလေသည်။

ဤတွင် ကျပန်စစ်သားသုံးယောက်သည် ကျွန်တော်တို့လေးယောက်အတွက် တာဝန်ပေးရမည်ဖြစ်သော မီးရှို့ဖောက်ခွဲရမည်ဖြစ်သော စနက်တဲများကို လိုက်လံပြသခြင်းပြုလေသည်။

ပထမအချီအဖြစ် ကျွန်တော်တို့ လေးယောက်သည် တစ်ယောက်လျှင် ငါးလုံးကျဖြစ်လေသည်။ ဒုနက်တဲ တစ်ခုနှင့်တစ်ခု၏ အကွာအဝေးမှာ ခနဉ့်မှန်းခြေအားဖြင့် ဆယ်ပေမှ ဆယ့်ငါးပေဟု ထင်ပါသည်။ စနက်တဲငါးခုဆိုလျှင် ထိုငါးခုသော စနက်တဲတို့ကို တစ်နေရာတည်း၌ စုပြုံမြုပ်နှံထားခြင်းတော့ မဟုတ်ပါပေ။ ဖောက်ခွဲရမည့်သူသည် မိမိတာဝန်ကျသည့် စနက်တဲ ငါးခုကို ကြိုက်ရာတစ်ခုခုမှ စတင်လျက် တစ်ခုပြီးတစ်ခု မီးရှို့ဖောက်ခွဲရမည် ဖြစ်လေသည်။

တစ်ဖန် မီးရှို့ရမည်ဟုဆိုသဖြင့် စနက်တဲ၏ ထိပ်ဖျားကလေးကို ဆေးလိပ်မီးဖြင့် ကိုကဆိတ်၊ တိုကနန်း လုပ်ထားခဲ့၍ မရပေ။ ဆေးလိပ်မီးဖြင့် စနက်တဲထိပ်ဖျားကို ထိထားပြီးနောက် အတွင်းရှိ ယမ်းမှုန့်ထဲသို့ မီးစွဲဝင်သွားအောင် ဆေးလိပ်ဖင်ကို ပါးစပ်နှင့် တအားကုန်းလျက် မှုတ်ရလေသည်။

ဤတွင် ပထမဆုံးစနက်တဲက မီးနှင့် ယမ်းမှုန့်တွေ့ထိသဖြင့် ရိုးခနဲပန်းထွက်လာသော ဒုတိယစနက်တဲရှိရာသို့ ပြေး၍ မှုတ်ရပြန်လေသည်။ တစ်ဖန် ဒုတိယစနက်တဲက ရိုးခနဲ တောက်လောင်ပြန်သော် တတိယစနက်တဲသို့ ပြေးရပြန်သည်။ ဤသို့နှင့် စတုတ္ထစနက်တဲ၊ ပဉ္စမစနက်တဲ စသည်စသည်ဖြင့် တစ်ခုပြီးတစ်ခု ဖြစ်လေသည်။ မပေါက်မကွဲဘဲ ကျန်မနေစေရန်ကိုလည်း အထူးသတိပြုရလေသည်။ အကယ်၍များ ကျန်နေခဲ့သော် ထိုတာဝန်ကျသူအား ကျပန်စစ်သားများက ပါးရိုက်ခြင်းပြုလေသည်။

စာရေးသူက ထိုမျှလောက် အသေးစိတ်ကား ဖော်ပြနေခြင်းအတွက် ဒိုင်းနမိုင်းစနက်တဲကို ဆေးလိပ်မီးဖြင့် ကုန်းမှုတ်ရသည့်အလုပ်မှာ ခက်ပါသလား၊ ဟူ၍ မေးစရာဖြစ်လာပါသည်။

အဖြေမှာ အမှန်တော့ မခက်လှပါဟူ၍သာ ဖြေရပါမည်။ သို့ရာတွင် ထိုအလုပ်မှာ အသည်းထိတ်စရာ ကောင်းလှပါသည်။

ဥပမာ–စနက်တဲတစ်ခုကို မီးရှို့နေချိန်၌ အခြားရှိုပြီးဖြစ်သော စနက်တဲတစ်ခုခုက ထ၍ပေါက်ကွဲလိုက်လျှင်မူ ထိုသူသည်ဖြစ်စေ၊ အခြားတစ်ယောက်ယောက်သည်ဖြစ်စေ နေရာတွင် အသက်ပျောက်သွားရန်သာ အကြောင်းရှိလေသည်။

ကျွန်တော်တို့သည် လုပ်ဆောင်ရန် တာဝန်အတွက် အသင့်ပြင်ဆင်လိုက်ကြသည်။

ကျွန်တော်တို့က လေးယောက်၊ ကျပန်က နှစ်ယောက်၊ အားလုံးပေါင်း ခြောက်ယောက် ဖောက်ခွဲရမည်ဖြစ်လေသည်။

ကျပန်စစ်သားသုံးယောက်အနက် တစ်ယောက်မှာ မဖောက်ခွဲပေ။ ဘာကြောင့်သူ မဖောက်ခွဲသည်ဆိုခြင်းကိုလည်း ကျွန်တော် သဘောပေါက်နားလည်ပါသည်။ ထိုကျပန်စစ်သားသည် ယမန်နေ့က ဒိုင်းနမိုင်းဖောက်ခွဲရာတွင် ခြေတစ်ဖက်ထိခိုက်သွားခြင်းကြောင့် ဖြစ်လေသည်။

"မာစတာကပြောမှ ခင်ဗျားတို့ စ,ရှို့ရမယ်နော်"

ကျပန်စစ်သားပြောသည့်အတိုင်း မောင်ချစ်က ပြောလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို သုံးယောက်တို့က နားလည်ကြောင်း ခေါင်းညိတ်လိုက်ကြသည်။

မကြာမီ ကျွန်တော်တို့အားလုံး လူစုခွဲလိုက်ကြလေသည်။

ကျပန်စစ်သားနှစ်ယောက်သည် သူတို့နေရာသို့ ကျွန်တော်တို့ထက် အလျင်စိုးအောင် စတင်လျက် ထွက်ခွာသွားကြလေသည်။

ကျွန်တော်သည် ကိုသာမြိုင်နှင့် ကျွန်သော ဘွန်ထိုက်ချို နှစ်ယောက်တို့အားသတိထား၍ ဖောက်ခွဲခြင်းပြုကြရန် ပြောကြားရလေသည်။

ကျွန်တော်တို့ လူစုခွဲလိုက်သည့်အခါ ဘွန်ထိုက်ချို သုံးယောက်အနက် နှစ်ယောက်ကိုသာ ကျွန်တော် လှမ်းမြင်နေရလေသည်။ တစ်ယောက်မှာမူ ကျောက်တောင်ကြီးကွယ်နေသဖြင့် မမြင်ရပါပေ။ ကျွန်တော်မြင်နေရသော နှစ်ယောက်မှာ တစ်ယောက်က ကိုသာမြိုင်၊ တစ်ယောက်က ကိုဖိုးရင် ဖြစ်လေသည်။

ကျွန်တော်သည် ကျပန်စစ်သားနှစ်ယောက်ကို လှမ်းကြည့်လိုက်လေသည်။ သူတို့နှစ်ဦးစလုံး စနက်တဲထိပ်ဖျားကလေးများကို မီးကုန်းမှုတ်နေကြလေပြီ။

စင်စစ် ကျပန်စစ်သားနှစ်ယောက် လုပ်ပုံ မတရားဟူ၍ ကျွန်တော် ယူဆပါသည်။ အမှန်မှာ စနက်တဲများရှိနေသည့် အနေအထားအရ ကျွန်တော်နှင့် ကိုဖိုးရင်ဆိုသော ဘွန်ထိုက်ချိုတို့ကသာ စတင်မီးရှို့ထိုက်သူ နှစ်ဦးဟူ၍ ကျွန်တော် ယူဆပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် ဒိုင်းနမိုင်း မြှုပ်ထားရာနေရာသည် ကိုဖိုးရင်နှင့် ကျွန်တော်ကသာ ရှေ့ဆုံးမှ ကျနေသောကြောင့် ဖြစ်လေသည်။ ပြီးလျှင် ကျွန်တော်တို့၏ ပြေးပုန်းရမည့် နေရာသည် ရှေ့ဘက်တွင် မရှိ၊ နောက်ဘက်၌သာ ဖြစ်လေသည်။

ကျွန်တော် ကြည့်မြဲ ဆက်လက်၍ ကြည့်နေပါသည်။

ဂျပန်စစ်သားနှစ်ယောက်သည် ဒိုင်းနမိုင်းစနက်တံနှစ်ခုကို မီးရှို့၍ ပြီးသည့်တိုင် သစ်ပင်အောက်တွင် ရှိနေသော သူတို့အဖော် ဂျပန်စစ်သားသည် ကျွန်တော်တို့အား အော်ဟစ်အချက်ပေးခြင်း မပြုသေးပါချေ။ သူ့လူဂျပန်နှစ်ယောက်၏ အပြုအမူကိုသာ အကဲခတ်ကြည့်ရှုနေလေသည်။

ထိုအဖြစ်ကြောင့်လည်း ကျွန်တော်က ကိုဖိုးရင်ကို ထပ်မံလျက် သတိပေး အော်ဟစ်ရလေသည်။

"ကိုဖိုးရင် သတိထားနော်၊ သစ်ပင်ကြီးကြီးတစ်ပင်ကို ကြည့်ထားဗျို့"

ထိုအချိန်၌ပင် သစ်ပင်အောက်ရှိ ဂျပန်စစ်သားအသံကို ကြားလိုက်ရလေသည်။

ကျွန်တော်သည် ပထမဆုံး စနက်တံ၏ ထိပ်ဖျားကို ဆေးလိပ်မီးဖြင့် ကုန်း၍ မွှတ်လိုက်ပါသည်။ ပြီးနောက် ချွန်မြသော ကျောက်တုံးကျောက်ခဲကလေးများပေါ်တွင် တတ်နိုင်သလောက် ခြေထောက်ကို ခပ်ဖေါ့ဖေါ့ဖွလျက် ပြေးလွှားရလေသည်။ ပြီးလျှင် ဒုတိယစနက်တံ၊ တတိယစနက်တံ စသည်စသည်များကို ပြေး၍ ပြေး၍ မီးမွှတ် မီးရှို့ခြင်းပြုရလေသည်။

သို့နှင့် နောက်ဆုံးပိတ်ဖြစ်သော ပဉ္စမစနက်တံကို မီးရှို့ခြင်းပြုတော့မည် ဆဲဆဲ၌ပင် ပြင်းထန်မြဲဟူသော ပေါက်ကွဲသံကြီးတစ်ခုကို နားကွဲထွက်မတတ် ကြားလိုက်ရသည်။

ဂျပန်နှစ်ယောက်တို့မှာမူ ထိုအချိန်တွင် သူတို့အဖော်ရှိရာ ကျောက်တောင်ကမူကလေးအနီး သစ်ပင်ကြီးအောက်သို့ပင် ရောက်ရှိနေကြပါလေပြီ။

ကျွန်တော်သည် ကျွန်တော့်တာဝန်အရ ကျန်ရှိနေသေးသော စနက်တံကို ဆေးလိပ်မီးဖြင့် တအားကုန်း မွှတ်လိုက်လေသည်။ တရှိုးရှိုးနှင့် ယမ်းငွေ့များ မီးလောင်တက်လာသည်ဆိုလျှင်ပင် အန်းကပ်ဆုံးဖြစ်သော သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းသို့ ပြေးဝင်ဝပ်ချလိုက်ရလေသည်။

ပေါက်ကွဲမြည်ဟည်းသံများသည် ဆက်တိုက်ဆက်တိုက် ပေါ်ထွက်လာလေသည်။

ကျောက်တုံး ကျောက်ခဲများ၊ သဲပွင့် သဲမှုန့်များ၊ ကျောက်ပွင့် ကျောက်မှုန့်များ၊ အပိုင်းပိုင်းအဆစ်ဆစ် ပြက်ကျလာသော သစ်ကိုင်းသစ်ခက်များ၊ ခါးလယ်မှ လည်းကောင်း၊ ထိပ်ဖျားအညွှန့်ဖျားမှလည်းကောင်း လွင့်စဉ်ကျိုးပဲ့ကျလာသော ဝါးကိုင်းဝါးညွှန့်များ။

ဤအရာများနှင့်အတူ ဝမ်းခေါင်းသံပါအောင် အော်ဟစ်လိုက်သော သစ်ဆွဲဆင်ကြီးများ၏ အသံများကိုပါ ကြုံကြုံပါအောင် ကြားလိုက်ရလေသည်။

ထိုအချိန် ထိုခဏအတွင်း၌မူ တောကြီးတစ်တောလုံး ပျက်စီးကော့မလားဟူ၍ပင် ထင်မှတ်ရလေသည်။ ကျောက်ပွင့် ကျောက်မှုန့်ကလေးများ၏ လေထဲတွင် လွင့်ပါပျံ့နှံ့နေသောကြောင့်လည်း ထိုအချိန် ထိုခဏတွင် မည်သည့်အရာကိုမှ သဲသဲကွဲကွဲ ကြည့်၍ မမြင်ရဘဲ ရှိလေသည်။

ဝါးရုံတောအတွင်းတွင် ဝါးညွှန့်ဝါးရွက်များ၊ ဝါးနု ဝါးညှောင့်များကို စိတ်အေးလက်အေး ချိုးဖဲ့စားသောက်၍ နေကြသော သစ်ဆွဲဆင်ကြီးများပင် ပေါက်ကွဲပွင့်ထွက်လာသော ကျောက်တောင်ကြီးမှ အစအနများ၊ ကျောက်တုံးကျောက်ခဲများ ထိမှန်သဖြင့် ဦးကင်းကြီးများ လည့်ထွက်သွားလျက် အသံကုန် အော်ဟစ်ကာ ဝါးရုံတောကြီးများအတွင်းသို့ စွတ်ပြေးကြလေသည်။

ဤလို အနီးပတ်ဝန်းကျင်တစ်ဝိုက်၌ ဝရုန်းသုန်းကား ဖြစ်ပေါ်နေခိုက် ခပ်လှမ်းလှမ်းမှ "အမယ်လေးဗျ" ဟူသော ဘွန်ထိုက်ချို ကိုဖိုးရင်၏ အသံဆိုးကြီးကို တုန်လှုပ်ချောက်ချားစရာ ကောင်းလောက်အောင် ကျွန်တော် ကြားလိုက်ရလေသည်။

ကျွန်တော်သည် သစ်ပင်ရင်းကို ခေါင်းထိုးဝပ်နေရာမှ အသံကြားရာသို့ ဦးခေါင်းမော့လျက် လှမ်းကြည့်လိုက်လေသည်။

ကျွန်တော်နှင့် ဆယ့်လေးငါးကိုက် အကွာအဝေးတွင် ရှေ့သို့ဟပ်ထိုးကြီး လဲကျသွားသော ဘွန်ထိုက်ချို ကိုဖိုးရင်၏ အဖြစ်ကို တွေ့လိုက်ရလေသည်။ ပြီးလျှင် ကျောက်တုံး ကျောက်ခဲများ၊ ကျောက်ပွင့်ကျောက်မှုန့် စသည်များသည် လဲကျသွားသော ကိုဖိုးရင်၏ ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ်ဆိုရမလောက် ကျရောက်ထိမှန်လျက် ရှိလေသည်။

ထိုအဖြစ်ကို မြင်တွေ့နေရသော်လည်း ကျွန်တော်သည် ကိုဖိုးရင် ရှိရာသို့ အကူအညီအဖြစ် မသွားရောက်နိုင်ဘဲ ဖြစ်ရလေသည်။

ဒိုင်းနမိုင်းပေါက်ကွဲသံများသည်လည်းကောင်း၊ ဆင်အော်သံများသည်လည်းကောင်း၊ ကျောက်တုံးကျောက်ခဲများသည်လည်းကောင်း မိုးသီးမိုးပေါက်ကွဲသည့်

www.burmeseclassic.com

www.burmeseclassic.com

အလား၊ မုန်တိုင်းဆင် တိုက်ခတ်သည့်အလား တဖွားဖွား ကျဆင်းနေဆဲပင် ဖြစ်လေသည်။

သို့နှင့် ဆယ်မိနစ်လောက်ကြာသွားမှပင် ပေါက်ကွဲသံများ ရပ်စဲသွားလျက် သစ်ပင်အောက်ရှိ ဂျပန်စစ်သားများ၏ အော်ဟစ်အမိန့်ပေးသံကို ကြားလိုက်ရလေသည်။

ဂျပန်စစ်သားက ဤသို့အော်ဟစ်လျက် အမိန့်ပေးလိုက်မှပင် ကျွန်တော်တို့ အားလုံး နေရာမှ ထကြလေသည်။

ကျွန်တော်သည် ဘွန်ထိုက်ချို ကိုဖိုးရင် လဲကျသွားရာသို့ ခပ်သုတ်သုတ် ပြေးဝင်သွားပါသည်။

ဘွန်ထိုက်ချို ကိုဖိုးရင်မှာ ဦးခေါင်းနောက်ဆက်တစ်နေရာတွင် ကျောက်တုံး မှန်ထားသော ဒဏ်ရာဖြင့် သွေးအိုင်ထဲတွင် မရှုမလှ လဲနေလေသည်။ သူ့နှုတ်ဖျား မှလည်း အသံခပ်သဲ့သဲ့နှင့် တဟင်းဟင်း ညည်းတွားလျက် ရှိလေသည်။

"ကိုဖိုးရင်-ကိုဖိုးရင်"

ကျွန်တော်သည် ကိုဖိုးရင်အား ပွေ့ထူလိုက်သည်။

ထိုအခိုက် ကျွန်တော့်အနီးသို့ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ကိုမောင်စိန်တို့ အပြေးအလွှား ရောက်ရှိလာကြလေသည်။

"ကိုဖိုးရင် ဘယ်ထိသွားသလဲ၊ ဘယ်ထိသွားလဲဗျ ဆရာလေး"

ကိုမောင်စိန်က မေးလေသည်။

"ဟာ-ခေါင်းတစ်ခေါင်းလုံး ရစရာမရှိပါလား၊ သွေးတွေ ရဲလို့၊ သွေးတွေ-"

ကိုသာမြိုင်သည် ပြောပြောဆိုဆိုပင် သူ့အင်္ကျီကိုဖိုးရင်အား ကျွန်တော်နည်းတူ ဝင်ရောက် ပွေ့လိုက်လေသည်။

မကြာမီ ကျွန်တော်တို့ရှိရာသို့ ချွေးတပ်သားအချို့ ပြေးလွှားရောက်ရှိလာကြလေသည်။ ပြီးလျှင် ဂျပန်စစ်သားသုံးယောက်နှင့် စကားပြန်လူငယ် မောင်ချစ်တို့ ရောက်လာကြလေသည်။

ကျွန်တော်နှင့် ကိုသာမြိုင်သည် အပြင်းအထန် ဒဏ်ရာရရှိသွားသဖြင့် သွေးများ ဒလဟောထွက်နေသော ဘွန်ထိုက်ချို ကိုဖိုးရင်အား ပြုစုနေကြသော်လည်း ဂျပန်စစ်သား သုံးယောက်တို့မှာမူ အနီးတွင် ခါးထောက်ရပ်လျက် တကွိကွိတကွက်ကျ လုပ်နေကြသည်။

ထိုအခိုက်၌ပင် ဒဏ်ရာရနေသော ကိုဖိုးရင်မှာလည်း အသက်ကို ပြင်းထန်စွာ ရှူရှိုက်လိုက်သည်။ သူ့အသက်ရှူသံကြီးမှာ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းလှလေသည်။

"ကိုဖိုးရင်-ကိုဖိုးရင်-"

ဘွန်ထိုက်ချို ကိုသာမြိုင်က ခေါ်ကြည့်လေသည်။

သို့ရာတွင် ကိုဖိုးရင်မှာ အသက်ရှူ မမှန်တော့ပါ။ မြန်လိုက် နေးလိုက် ဖြစ်နေသည်။ ရံဖန်ရံခါ နှာခေါင်းမှ မရှုဘဲ ပါးစပ်ဟလျက် ရှူလေသည်။ ငါးထွေများ ကုန်းပေါ်ရောက်၍ အသက်ရှူသကဲ့သို့ပင်။

ကျွန်တော် အစက ထင်သည်မှာ ကိုဖိုးရင်၌ ရရှိသော ဒဏ်ရာသည် ဦးခေါင်းနောက်ဆက်တွင်သာ ဖြစ်သည်ဟုထင်သော်လည်း ပက်လက်လှန်ထူလိုက်သည့်အခါ၌မူ နဖူးပေါ်တွင်လည်း ကျောက်တုံးနှင့် တိုက်မိသဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိနေကြောင်း တွေ့မြင်ရလေသည်။

"ကဲ- ဆရာလေး၊ သွေးမထွက်အောင် ဒဏ်ရာကို အဝတ်နဲ့ စည်းပေးထားမှပဲ"

ကိုသာမြိုင်သည် ပြောပြောဆိုဆို သူ့ခါးပေါ်ရှိ လုံချည်ကွင်းကို အောက်ပိုင်းမှ နေလျက် ဆုတ်ဖြဲလိုက်ပြီးနောက် ကျွန်တော့်အား ပေးလေသည်။

"လုပ်ဦးလေဗျာ ကိုမောင်စိန်၊ ခင်ဗျားနဲ့ ဟစ်ယောက်ယောက်က ကိုဖိုးရင်ကို အသာပွေ့ထားမှပေါ့"

ကျွန်တော်က ပြောလိုက်လေသည်။

မကြာမီ ကျွန်တော်တို့တစ်စုသည် သွေးများ ငေါက်ငေါက် ပန်းထွက်နေသော ကိုဖိုးရင်၏ ဒဏ်ရာပေါ်သို့ ဖြစ်သလိုနည်းနှင့် ပတ်တီးစည်းနှောင်ခြင်း ပြုလိုက် ရလေသည်။

"ကဲ-ဆရာလေး၊ သူ့ကို ဟိုလွတ်တဲ့နေရာ ရွှေ့သွားပါတဲ့၊ နောက်ပြီးတော့မှ စခန်းကို ယူသွားဖို့ မာစတာက ပြောတယ်"

ဂျပန်စစ်သားများ၏ ဆန္ဒအရ စကားပြန်သူငယ်က ပြောလေသည်။

အချိန်ကလည်း မိုးချုပ်လုနီးပေပြီ။ ထို့ကြောင့်လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချို့များသည် ကိုဖိုးရင်အား ဝိုင်းဝန်းရွှေ့မ,ကြလျက် လွတ်ရာ လွတ်ကြောင်းနေရာသို့ ရွှေ့ပြောင်းခြင်း ပြုကြရလေသည်။

ထိုအချိန်၌ပင် ဘွန်ထိုက်ချို ကိုဖိုးရင်မှာလည်း ဟစ်ခွန်းတည်းသာ ညည်းညူခြင်း ပြုနိုင်တော့လျက် တစ်ဘက်သို့ ဦးခေါင်းလည်ကျသွားရှာလေသည်။

"သွားရှာပြီ ဆရာလေး၊ သွားရှာပြီ"

ဘွန်ထိုက်ချို ကိုသာမြိုင်သည် နှင့်ဆို့ကြေကွဲစွာနှင့် ပြောလိုက်လေသည်။

ကျွန်တော်နှင့် ကိုမောင်စိန်တို့သည် ပြိုင်တူပင် သက်ပြင်းချလိုက်မိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

စကားပြန်သူငယ်ကလေးသည် ကိုဖိုးရင် သေဆုံးသွားပြီဖြစ်ကြောင်း ဂျပန်စစ်သားသုံးယောက်တို့အား ပြောကြားခြင်းပြုလေသည်။

"အဲဒီ လူသေအလောင်းကို ချွေးတပ်သားတွေနဲ့ တစ်နေရာမှာ သွားမြှုပ်လိုက်ပါတဲ့"

ဂျပန်စစ်သားများက ပြောသည့်အတိုင်း စကားပြန်သူငယ်က ပြောလေသည်။

သို့နှင့်သာ ကျွန်တော်တို့သည် မည်သို့မှ ထပ်မံ၍ အကြောင်းထူးလာတော့မည် မဟုတ်သော ကိုဖိုးရင်၏အလောင်းကို တောစပ်တစ်နေရာသို့ ယူဆောင်သွားကြရလေသည်။

"ကဲ–အားလုံးပဲဗျို့၊ တစ်ယောက်တစ်လက်ဆိုသလို ကိုဖိုးရင်အတွက် ကျင်းနက်နက်တစ်ကျင်း ကူးကြပါဗျာ"

ကျွန်တော်က ပြောလိုက်လေသည်။

ကျွန်တော်တို့သည် မြေတွင်း ခပ်နက်နက်တစ်တွင်းကို လျင်မြန်စွာ အချိန်လုလျက် တူးကြပြီးနောက် အမောတထုံးလုံး မပြတ်ဖုံးမိ ကိုဖိုးရင်၏ အလောင်းကို မြေမြှုပ်သင်္ကြံဟန်ခြင်း ပြုလိုက်ကြရလေသည်။

❑

၂၂။ ဘုရားသုံးဆူစခန်း

မုနှစ်ဖွေစခန်းတွင် ဘွန်ယိုက်ချို ကိုဖိုးရင် သေဆုံးပြီး၍ ဘနဂ်ဖွေတစ်ယောက်ခန့် ကျော်လွန်သွားသောအချိန်၌ပင် ကျွန်တော်တို့ ချွေးတပ်သားများမှာလည်း 'ဘုရားသုံးဆူ' စခန်းသို့ ပြန်ပြောင်းခြင်း ပြုခဲ့ရပြန်လေသည်။

ဘုရားသုံးဆူစခန်းအကြောင်းမှာလည်း အဖော်ကဖလေးပင် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ဘုရားသုံးဆူစခန်းဟူသော အမည်မှာ ဘုရားဓာတ် သုံးဆူရှိသည်ကို အစွဲအမှတ်ပြုလျက် မှည့်ခေါ်ထားခြင်းပင် ဖြစ်လေသည်။ ကိုးနဂင်းစေတီတော်ခန့်မျှ ဥဿဖက်ကော့အမြင့်ရှိသည့် စေတီသုံးဆူ ရှိလေသည်။ အုတ်အင်္ဂဇောဟိုနှင့် ဟည်ထားသော စေတီသုံးဆူ မဟုတ်မူဘဲ ထိုအရပ် ထိုဒေသတွင် ရှိသော ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ချပ်များဖြင့် တည်ထားသော စေတီသုံးဆူကိုသာ ဖြစ်လေသည်။ ရေညှိများ အထပ်ထပ်တက်လျက် ညိုမှိုင်းနေသည်။ ထိုစေတီကော့သုံးဆူကို အလောင်းဘုရားလက်ဖက်ကွင် ယိုးဒယားသို့ ခရီးစဉ် ဖြတ်မာတပ်များ စခန်းချစဉ်အခါက တည်ထားခဲ့သည်ဟူ၍ အဆိုရှိလေသည်။

ချွေးတပ်သားများ၏ စခန်းမှာမူ ထိုစေတီသုံးဆူနှင့် အကန့်ငယ်ကွာလှမ်းသော အတွင်းဘက် ခပ်ကျဉ်းကျဉ်းတွင် ဖြစ်လေသည်။ ဘုရားသုံးဆူမှာကား မီးရထားလမ်းနှင့် နီးကပ်လေသည်။

ကျွန်တော်တို့ ချွေးတပ်သားများသည် ထိုဘုရားသုံးဆူစခန်းသို့ ရောက်ရှိသွားကြသည့်အခါ စေတီသုံးဆူအနီးရှိ တောပန်း၊ တောင်ပန်းများကို လိုက်လံကာ ခူးယူကြပြီးနောက် စေတီတော်သုံးဆူတွင် ပန်းကပ်ခြင်း၊ ရိုခိုးပူဇော်ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းများကို တည်ကြည်တည်တံ့စွာ ပြုလုပ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် စေတီတော် သုံးဆူးအား ဝက်ပြုပြီးနောက် ခပ်လှမ်းလှမ်း သစ်ပင်အောက် တစ်နေရာတွင် ရပ်လျက် ချွေးတပ်သားများ၏ အပြုအမူကို စောင့်ဆိုင်းကြည့်ရှုနေမိပါလေသည်။

ချွေးတပ်သားအားလုံးတို့သည်ပင် အနီးအပါးမှ ရရာရကြောင်းလျှင် ဖြစ်သော သစ်ညှန့်များ၊ တောပန်းများကို အလုအယက် ချိုးယူလာကြပြီးနောက် စေတီတော်များ ရှေ့တွင် ထိုင်ကာ ရှိခိုးပူဇော်ခြင်း ပြုကြလေသည်။ သူတို့သူတို့၏ နှုတ်ဖျားမှငည်း တလုပ်လှုပ်တရွရွ ဆုတောင်းခြင်း ပြုကြလေသည်။

အားကွေကို သူတို့သူတို့တစ်ကွေ ဆုတောင်းကြလေမလဲ။ ဤသည်ကိုလည်း ကျွန်တော် ဖွေးကြည့်မိပါသည်။ အိမ်ပြန်ဖို့မလွဲရှိကား အခြားအကြောင်း မရှိနိုင်ပါပေ။ လူကစ်ရာလျှင် တစ်ရာလုံး၊ လူတစ်ထောင်လျှင် တစ်ထောင်စလုံး သည်ပင် ဤမည်သော ဆုတောင်းမှုကိုကား မချွတ်လျှင် ပြုကြပေလိမ့်မည်။ ကျွန်တော်၏ ရင်နှီးလှစွာသော ရဲဘော်ကြီး ကိုသာမြိုင်ပင်လျှင် ဤမည်သော ဆုတောင်းပတ္ထနာမှုကို မချွတ်မလွဲပြုပေလိမ့်မည်ဟု ကျွန်တော် ထင်မှတ်မိပါသည်။

ထိုအတွင်းမှာပင် အချို့အချို့သော ချွေးတပ်သားများမှာ စေတီတော်များအား ရှိခိုးကန်တော့ရင်းမှ မျက်ရည်များ ဖြိုင်ဖြိုင်စီးကျနေသည်ကို မြင်တွေ့ရပါလေသည်။ ထမင်းချက်ခေါင်းကြီး ကိုစံခ ကိုယ်တိုင်ပင် ရှိုက်ကြီးငင်ကြီးနှင့် ငိုကြွေးလျက် ရှိလေသည်။ ခမျာကိုယ်တိုင်လည်း နေရပ်သို့ ပြန်ချင်ရှာပေရော့မည်။

ထမင်းချက်ရုံ စဖို့မှူးကြီး ကိုစံခမှာ ကျွန်တော်တို့တစ်တွေနှင့် ပြန်လည်ကာ ရေစက်ဆုံဆည်းကြရခြင်းပင် ဖြစ်လေသည်။

ကျွန်တော်တို့လူစု တပ်ဒိန်စခန်းမှ ခုနစ်ခွေစခန်းသို့ ရွှေ့ပြောင်းရစဉ်အခါက ကိုစံခတို့ ထမင်းချက်သမားတစ်စုမှာ တပ်ဒိန်စခန်း၌ ကျန်ရစ်ခဲ့ကြလေသည်။ ထိုစဉ်က ခုနစ်ခွေစခန်းတွင် ကျွန်တော်တို့နှင့် ကွဲရသော ထမင်းချက်ရုံမှူးမှာ ကိုထွန်းမောင်ဆိုသူ ဖြစ်လေသည်။

ယခုကစ်ဖန် ဘုရားသုံးဆူစခန်းတွင် ကိုစံခတို့လူစုနှင့် ကျွန်တော်တို့ ပြန်လည်ကာ တွဲကြရပြန်လေသည်။

ကိုစံခတို့ ထမင်းချက်သမားတစ်စုသည် ဘုရားသုံးဆူစခန်းသို့ ကျွန်တော်တို့ မပြောင်းရမီ တစ်ရက်စောလျက် ခုနစ်ခွေစခန်းသို့ ရောက်ရှိလာခဲ့လေသည်။

"ဖိုးမိုရေ-အမျှဟေ့-အမျှ-အမျှ-"

"မြသိန်းရေ-အမျှဟေ့-အမျှ-အမျှ-"

"ကိုဖိုးမိုရေ-အမျှဗျို့-အမျှ-အမျှ-"

တစ်ယောက်တစ်ပေါက် အော်ဟစ်လိုက်ကြသော ဘွန်ထိုက်ချို့နှင့် ဟန်ချို များ၏ အသံသည် ကျွန်တော်၏ နားတွင်းသို့ စိတ်နှလုံးမချမ်းမြေ့ဖွယ် ဝင်ရောက် လာပါတော့သည်။

အချိန်ကလည်း ညနေစောင်း ဖြစ်လေသည်။ နေလုံး မကွယ်ပျောက်သေး သည့်တိုင် တောရိပ် တောင်ရိပ်များက ခပ်မှိုင်းမှိုင်း၊ ခပ်ဝေဝေ ဖြစ်လျက် ရှိနေ လေသည်။ တိုက်ခတ်သည့်လေ၏ အရှိန်ကြောင့်လည်း ပတ်ဝန်းကျင်တစ်ဝိုက်ရှိ သစ်ပင်ကြီးများ၊ ပါးပင်ကြီးများသည် တဖျတ်ဖျတ် တရှဲရှဲ မြည်လျက် ရှိလေသည်။ ထိုကဲ့သို့ ရှိနေသည့်အတွင်းမှ သက်ဆိုင်ရာ သက်ဆိုင်ရာဖြစ်သော ကွယ်လွန်ကြ ကုန်သည့် ချွေးတပ်သားများအား အမည်နာမကို ထုတ်ဖော်လျက် အမျှအတမ်းပေး ဝေသည့် အသံဗလံများကို ကြားလိုက်ရသည့်အခါ ကျွန်တော့်မှာ စိတ်နှလုံးများပင် ရူးသွပ်ချင်လောက်အောင် ဖြစ်ရပါလေသည်။

ကျွန်တော်သည် ထိုအဖြစ်ကို အငေးအငိုင်သားကြည့်ရင်းမှ သစ်ပင်အောက် တွင် တွေတွေကြီး ရပ်နေမိပါသည်။ ကျွန်တော် မြင်နေရသမျှ ကြားနေရသမျှ သည် အားလုံးပင် ဝမ်းနည်းစရာတွေ၊ ကြေကွဲစရာတွေသာ ဖြစ်လေသည်။

ကျွန်တော် ရပ်နေသည့် သစ်ပင်ကြီးအောက်မှ နေ၍ ကြည့်သည့်အခါ ဘုရားစေတီ သုံးဆူနှင့် ချွေးတပ်သားအုပ်စုများကိုသာမက ခပ်လှမ်းလှမ်း တောင်ကမူ ထက်တွင် စိုက်ထူထားသော ဆိုင်းဘုတ်ကြီး သုံးခုကိုလည်း တွေ့ရလေသည်။

ထိုဆိုင်းဘုတ်ကြီး သုံးခုမှာ တစ်ခုက ဂျပန်စာ ရေးထိုးထားသည်။ တစ်ခုက အင်္ဂလိပ်လိုဖြစ်သည်။ တစ်ခုက မြန်မာလို ရေးသားထားပါသည်။ 'ဤနေရာမှ နေ၍ ကျော်လွန်မသွားရ။ ကျပ်တည်းစွာ တားမြစ်သည်' ဟူသော အဓိပ္ပာယ် ဖြစ်လေသည်။ ထိုအဓိပ္ပာယ်ကို မြန်မာ-ထိုင်း မီးရထားလမ်း ဖောက်လုပ်ရေးဆိုင်ရာ ဂျပန်စစ်ဘက်မှ အာဏာပိုင်တို့က ထုတ်ထားခြင်းပင် ဖြစ်လေသည်။

အမှန်အားဖြင့် ထိုင်း-မြန်မာ မီးရထားလမ်း ဖောက်လုပ်ရာတွင် ဘုရား သုံးဆူစခန်းမှာ အလယ်ဗဟိုအဖြစ် သတ်မှတ်ထားသော နေရာပင် ဖြစ်လေသည်။

ထိုအခါ မြန်မာပြည်ဘက်မှ ချွေးတပ်သားများနှင့် စစ်သုံ့ပန်းများသည် ဘုရားသုံးဆူစခန်းမှ လွန်၍ တစ်ဖက်သို့ မကူးသန်းရတော့ပေ။ တစ်ဖန် ထိုင်းပြည် ဘက်မှ ချွေးတပ်သားများနှင့် စစ်သုံ့ပန်းတို့သည်လည်း ဘုရားသုံးဆူစခန်းမှ လွန်၍ ဤမှာဘက်သို့ အကူးအသန်း မပြုရတော့ပါပေ။ မီးရထားသံလမ်းနှစ်လမ်း ပေါင်းဆုံရာသည် ဘုရားသုံးဆူစခန်းတွင် ဖြစ်လေသည်။

ဘုရားသုံးဆူစခန်း၏ ဟိုမှာဘက်နှင့် သည်မှာဘက်သို့ စစ်သုံ့ပန်းများ သော်လည်းကောင်၊ အရပ်သား ချွေးတပ်သားများသော်လည်းကောင်း၊ ဘွန်ထိုက်ချို့၊

www.burmeseclassic.com

www.burmeseclassic.com

ဟန်ချိုမှ စလျက် အခြားအခြားသော ပုဂ္ဂိုလ်များသော်လည်းကောင်း အကူးအသန်၊ အသွားအလာမပြုရေးကိုမူ ဂျပန်စစ်အာဏာပိုင်များသည် အခြားတစ်ပါးကိစ္စများထက် ကျပ်တည်းစွာ တားမြစ်ထားလေသည်။

ထိုင်း-မြန်မာ မီးရထားလမ်းကြီးဖောက်လုပ်စ အချိန်ကမူ ဘုရားသုံးဆူစခန်းနှင့် အတန်ငယ်လှမ်းဆော နေရာတစ်နေရာတွင် ဂျပန်စစ်ရုံးတစ်ခုဆောက်လုပ်ထားကြောင်း သိရလေသည်။ နောက်ဆုံး မီးရထားလမ်း အတော်အတန် ပြီးစီးသွားသည့်အခါနှင့် ဂျပန်များ စစ်ရေးစစ်ရာ အခြေအနေ ဆိုးရွားလာသည့် အခါမှပင် ဤနေရာ စစ်ရုံးအဆောက်အအုံကို ဖျက်သိမ်းခြင်းပြုလိုက်ကြောင်းနှင့် သိရှိရလေသည်။

ကျွန်တော်သည် သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်ကာ ချွေးတပ်သားများ၏ အပြုအမူကို တွေဝေငေးမောကြည့်ရှုနေခိုက် ကျွန်တော်တို့ရှိရာသို့ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ချွေးတပ်သား ကိုချိုဆိုသူတို့ ပေါက်လာကြပါသည်။ ကိုချိုဆိုသူမှာ ဟသံတနယ်သားတစ်ယောက် ဖြစ်လေသည်။ အသက် လေးဆယ်ခန့်အရွယ် ဖြစ်သည်။ သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ လက်သမားဆရာတစ်ယောက် ဖြစ်ကြောင်း သိရပါသည်။

ကိုချိုမှာ ချွေးတပ်ထဲပါလာစဉ်အခါက ကျန်းမာသန်စွမ်းသူတစ်ယောက်၊ ခြေလက်အင်္ဂါကောင်းသူတစ်ယောက် ဖြစ်လေသည်။ ယခုကား ခြေတစ်ဖက် မသန်စွမ်းရှာတော့ပါချေ။ ဝါးတောင်ဓဝုံးတစ်ချောင်းကို အားကိုးပြုလျက် ထော့နင်း ထော့နင်း လျှောက်နေရရှာပါသည်။ ဤသို့ ဖြစ်ရသည်မှာ လွန်ခဲ့သော မိုးရာသီ အတွင်း၌ တံတားဆောက်လုပ်ရန်အတွက် သစ်ပင်ကြီးများကို ခုတ်လှဲရာမှ သစ်တုံးပိသောကြောင့် ဘယ်ခြေတစ်ဖက် မသန်မစွမ်းဖြစ်ရရှာခြင်းပင် ဖြစ်လေသည်။

သို့ရာတွင် ဂျပန်တို့သည် ထိုချွေးတပ်သား ကိုချိုကိုလည်း ပြန်မလွှတ်ပါချေ။ ခြေတစ်ဖက် မသန်စွမ်းသော်လည်း လက်နှစ်ဖက်နှင့် ခြေတစ်ချောင်းတို့ ကောင်းနေသေးသည်။ အလုပ်ကို လုပ်နိုင်သေးသည်ဟူသော အယူအဆဖြင့် ချွေးတပ်စခန်းတွင် ဆက်လက်၍ စေခိုင်းနေသည်မှာ ယခုအချိန်အထိပင် ဖြစ်လေသည်။

"ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ ဆရာလေးရာ"

ကျွန်တော့်အနီးသို့ ရောက်ရှိလာသည့်အခါ ကိုချိုက ဝမ်းနည်းသံကြီးနှင့် ပြောကြားပါလေသည်။

သူ ဘာကိုကွေး၍ ဆိုလိုသည် မသိ။ သူ့စကားအဓိပ္ပါယ်ကို ကျွန်တော် နားမလည်ပါ။

"ဘာလဲ ကိုချို၊ ခင်ဗျား ဘာကို ပြောတာလဲ"

ကျွန်တော်က သဲကွဲအောင် မေးလိုက်ပါသည်။

"ဩော်-ဒီနေရာရောက်ပြီး ဒီဘုရားသုံးဆူကို ဖူးရတော့ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျ ဆရာလေး၊ ဘယ်တုန်းကနဲ့မှ မတူဘူး၊ အိမ်ကို သိပ် လွမ်းတာပဲ"

"ဩော်-ဩော်-"

ကျွန်တော်သည် ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ချွေးတပ်သား ကိုချိုတို့၏ မျက်နှာကို တစ်လှည့်စီ ကြည့်လိုက်မိသည်။ နှစ်ဦးစလုံး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝဲနေလေသည်။

"ဟုတ်တယ်ဗျာ၊ ကျုပ်စိတ်ထဲမှာလဲ တစ်မျိုးကြီးပဲဗျာ၊ ဒီစခန်းရောက်လာတာ တခြားစခန်းတွေတုန်းကနဲ့ မတူဘူး၊ စိတ်မကောင်းစရာ လွမ်းစရာကြီးပဲဗျာ၊ ကျွန်တော်တို့ ချွေးတပ်သားတွေ အားလုံး မျက်ရည်မကျတဲ့လူ မရှိသလောက်ပဲ ဆရာလေး"

ကိုသာမြိုင်သည် ကိုချိုကို ပြောနေရင်းမှ ကျွန်တော့်ဘက်သို့ တစ်ဖန်လှည့်ကာ ပြောရှာပါသည်။

ကျွန်တော်က သူတို့နှစ်ယောက် ပို၍ စိတ်မကောင်းဖြစ်မည့်စိုးသဖြင့် တစ်စုံတစ်ရာ စကားမဆိုဘဲ ခပ်လှမ်းလှမ်းသို့ ငေးမျှော်ကြည့်ရှုနေပါသည်။

ကျွန်တော် မျက်စိစူးစိုက်ထားရာ မြင်ကွင်းအောက်၌မူ စေတီသုံးဆူကို ဝတ်ပြုကန်တော့နေကြသော ချွေးတပ်သားများ၊ မတ်တပ်ရပ်လျက် ဆုတောင်း မေတ္တာပို့နေသော ချွေးတပ်သားများ၊ စေတီတော်များ အောက်ခြေရှိ ရေညှိများ၊ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ဖယ်ရှားပစ်နေကြသော ချွေးတပ်သားများ စသည်ဖြင့် လှုပ်ရှားမှု အမျိုးမျိုးအပုံပုံကို မြင်နေရလေသည်။

"ခုပုံအတိုင်းသာဆိုရင် ကျွန်တော်တို့တစ်တွေဟာ စွန့်စွန့်စားစားနဲ့ ထွက်ပြေးကြမှပဲ အိမ်ပြန်ရောက်မလား မဆိုနိုင်ဘူး ဆရာလေး၊ ဆရာလေး တွေးကြည့်စမ်းပါဗျာ၊ ကျွန်တော်တို့ ဆရာလေးတို့ဟာဆိုရင် တစ်နေ့ထက်တစ်နေ့၊ တစ်လထက် တစ်လဆိုသလိုပဲ သံဖြူဓရပ်နဲ့ ဝေးသထက် ဝေးဝေးလာတယ်နော်၊ ဟောခုဆိုရင် ထိုင်းနယ်စပ်ကို ရောက်လုနီးနေပြီ၊ နေရပ်ပြန်ရဖို့ ဘယ်ဆီနေမှန်း မသိကြရဘူး"

ကိုချိုက ပြောလေသည်။

ကျွန်တော်က မည်သို့မှ ပြန်မပြောဘဲ ငြိမ်နေမိသည်။

"သိပ်တော့ မကြာတော့ဘူး ထင်ပါတယ်ဗျာ၊ ခု-ကျုပ်တို့ ရောက်လာတာ နောက်ဆုံးစခန်းပဲဗျ၊ ကျုပ်အထင်တော့ ဒီစခန်းက အလုပ်တာဝန်တွေ ပြီးတာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ကို ပြန်လွှတ်လိမ့်မယ်လို့ ထင်တာပဲ၊ အဲဒါကို ပြန်လွှတ်ခါနီး ဆဲဆိုမှ ထွက်ပြေးလို့ ဖမ်းမိသွားရင်တော့ ကျုပ်တို့ သက်သာမှာ မဟုတ်ဘူးဗျ၊ ကြိုးချည် ကြိုးကုပ်နဲ့ အထုအရိုက်လဲ ခံကြရဦးမယ်၊ ပြန်မလွှတ်ဘဲ ထားတာကိုလဲ ခံရဦးမယ်၊ အဲဒီတော့မှ ပိုပြီးအထိနာမယ်"

ကိုသာမြိုင်က ပြောပါသည်။

ကျွန်တော် သူတို့နှစ်ဦးစကားထဲတွင် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ ကျွန်တော့်အတွေးနှင့် ကျွန်တော် ငြိမ်နေပါသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း နေရပ်သို့ ပြန်နိုင်ရေးနှင့် ပတ်သက်၍ စွန့်စားရမည့် ကိစ္စတစ်ရပ်ကို စနစ်ပြောင်းရွှေ့လာရစဉ်အခါကပင် ဝမ်းတွင်းကြိတ်တွေးနေမိသူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော် စဉ်းစားမိသည်မှာ ဂျပန်တို့ကား ရထားလမ်းပေါက်စ ပြုနေသည်တိုင် ကျွန်တော်တို့ ချွေးတပ်သားများ အားလုံးကိုမူ တစ်ယောက်မကျန် ပြန်လွှတ်လိမ့်မည် မဟုတ်ဟု ကျွန်တော် ထင်ပါသည်။ သူတို့က ပြန်လွှတ်မည့် သူများဟူသည်မှာလည်း လုံးလုံးလျားလျား အလုပ်မလုပ်နိုင်သည့် အိုနာကျိုးကန်းလူများသာ ဖြစ်လိမ့်မည်ဟု၍ ကျွန်တော် ထင်မြင်မိပါသည်။ အဘယ့်ကြောင့် ဆိုရပါမူ ရထားလမ်းများကို ပြင်ဆင်ရန်အတွက်လည်းကောင်း၊ ထင်းအတွက်၊ ရေအတွက်လည်းကောင်း၊ ပစ္စည်းပစ္စယ အတင်အချအတွက်လည်းကောင်း ဤတောတွင်း ဘုတာရုံစခန်းများ၌ အလုပ်သမားများ ရှိနေရဦးမည် ဖြစ်လေသည်။ ထိုအခါ ကျွန်တော်တို့ ချွေးတပ်သားများထဲမှ ကံဆိုးသူများ၊ တစ်နည်းမြောရလျှင် အလုပ်လုပ်ကိုင်နိုင်သေးသူများသည် တောတွင်း ချွေးတပ်စခန်းများ၌ နေရစ်ကြရလိမ့်ဦးမည်တော့ ဖြစ်လေသည်။

ဤအကြောင်းများကို တွေးလိုက်မိသောကြောင့်လည်း ကျွန်တော်ကိုယ်တိုင် ကပင် ထွက်ပြေးရသော် ကောင်းလေမည်လားဟူ၍ စိတ်ကူးနေမိခြင်း ဖြစ်လေသည်။

"အင်း ထွက်ပြေးလို့ ဖမ်းမိပြန်ရင်လဲ မသက်သာဘူးဗျ၊ ဒီလိုမှ မပြေးပြန်ရင်လဲ ဘယ်နေ့ ဘယ်ရက်မှ ပြန်ရမယ် မပြောတတ်ဘူးဗျ၊ ကျွန်တော်တို့တစ်တွေ အဖြစ်က ရှေ့ကိုးရအခက်၊ နောက်ဆုတ်ရ အခက်ပါဗျာ"

ကိုချိုက ညည်းညည်းတွားတွား ရေရွတ်ရှာပါသည်။

ထိုအခိုက်၌ပင် ဘုရားပတ်ပြုပြီးသော ချွေးတပ်သားအချို့ ကျွန်တော်တို့ရှိရာ သစ်ပင်ကြီးအောက်သို့ ရောက်ရှိလာကြလေသည်။ ထိုနည်းတူစွာပင် အောက်ဘက်ချိုင့်ဝှမ်းထဲမှ တက်ရောက်လာကြသော ချွေးတပ်သား လေးငါးယောက်မှာလည်း ကျွန်တော်တို့ရှိရာသို့ ရောက်လာကြပါသည်။

ချွေးတပ်သားများ၏ တဲတန်းလျားများသည် အောက်ဘက်ချိုင့်ဝှမ်းထဲတွင် ဖြစ်လေသည်။ စောတီသုံးဆူရှိရာနှင့်ဆိုလျှင် နှစ်ဖာလုံခန့် ဝေးလိမ့်မည်ထင်ပါသည်။ စောတီတော်သုံးဆူ ရှိရာနေရာမှာ ကုန်းမြင့်ပိုင်းတွင် ဖြစ်လျက် တဲတန်းလျားများမှာ အောက်ချိုင့်ထဲတွင် ဖြစ်လေသည်။ သို့ရာတွင် ကုန်းမြင့်ပိုင်းမှနေ၍ ကြည့်သော်လည်း တဲတန်းလျားများကို မမြင်ရပါချေ။ သစ်ပင် တောအုပ်များ၊ ဝါးရုံပင်များက ကြီးမားထူထပ်စွာ ပိတ်ဆီးကာကွယ်ထားလေသည်။

ထိုကုန်းမြင့်ထက်မှ အောက်ဘက်ချိုင့်ဝှမ်းရှိရာသို့ ဆင်းသက်သွားမိမှသာလျှင် ချွေးတပ်စခန်းတဲတန်းလျားများသို့ ရောက်မည်ဖြစ်လေသည်။ တဲတန်းလျားများနှင့် မနီးမဝေးတွင်မူ စမ်းချောင်းရှိလေသည်။ ကျွန်တော် အထက်က ဆိုခဲ့ပူးသည့်အတိုင်း ဂျပန်တို့သည် ချွေးတပ်သားများနှင့် ၎င်းတို့နေထိုင်ရန်အတွက် တဲတန်းလျားများနှင့် အဆောက်အအုံများကို ဆောက်လုပ်ခြင်းပြုရာ၌မူ စမ်းချောင်းနှင့် နီးကပ်သော နေရာများ၌ ဆောက်လုပ်ကြစမြဲပင် ဖြစ်လေသည်။

"ဆရာလေးတဲ့တွေကတော့ ဟုတ်ဘိဟုတ် တစ်လုံးမှ မကောင်းဘူးခင်ဗျ၊ နောက်ပြီး တဲဟစ်တဲပေါ်မှာလဲ လူနာနှစ်ယောက် ဖော့ခဲ့သေးတယ်၊ နှစ်ယောက်စလုံး သေမှာပါပဲဗျာ"

ချိုင့်ဝှမ်းရှိရာမှ တက်ရောက်လာသည့် ချွေးတပ်သားများထဲမှ အ,မင်္ဂလာသတင်းစကားကို စိတ်မကောင်းစရာ ကြားသိရပါလေသည်။ သို့ရာတွင် ဤလို သတင်းစကားမျိုးမှာမူ ကျွန်တော်တို့ ချွေးတပ်သားများအဖို့ရာ၌ အဆန်းတကြယ် မဟုတ်တော့ပါချေ။ ကြားနေကျ သတင်းစကားပင် ဖြစ်လေသည်။ ထို့ကြောင့် မည်သူကမှ တအံ့တသြမဖြစ်ကြပါပေ။ ကိတ်လန့်ဟုန်လှုပ်ခြင်းဟူ၍လည်း လုံးဝ မဖြစ်ကြပါချေ။ ဤသတင်းကို ပြောကြားသော ချွေးတပ်သားကိုယ်၌ကလည်း ထူးထူးခြားခြားပြောနေခြင်း မဟုတ်ပါချေ။

ဤလိုအဖြစ်မျိုးကိစ္စများ၌မူ ဇြတိသွေးသုံးပန်း ချွေးတပ်သားများနှင့် ကျွန်တော်တို့ အရပ်သား ချွေးတပ်သားများ ကွာခြားလှပါသည်။

ကျွန်တော်တို့ ချွေးတပ်သားများမှာ နောက်ပိုင်းအချိန်ကာလများတွင် စခန်းတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းခြင်းပြုကြရသည့်အခါ၌ မကျန်းမမာဖြစ်နေသူများအား စွန့်ပစ်ထားခဲ့ကြပါသည်။ မိမိတို့၏ သွေးသားညီအစ်ကိုမှ လွဲလျှင် မည်သူကမှ ဒုက္ခဆင်းရဲခံလျက် ထမ်းပိုးသယ်ဆောင်သွားကြခြင်း မရှိပါချေ။ ထိုသူ ထိုချွေးတပ်သား၏ ကံတရားအတိုင်း ကံစီမံရာဟူ၍ သဘောထားကာ စွန့်ပစ်ခဲ့ကြလေသည်။ အမှန်စင်စစ် ကျွန်တော်မှစ၍ ဘွန်ထိုက်ချို၊ ဟန်ရှူစသူ

www.burmeseclassic.com

www.burmeseclassic.com

များကလည်း ဘိုသူ ထိုချွေးတပ်သားအား သယ်ဆောင်သွားရန်အတွက် အစီအမံ မပြုလုပ်ခဲ့ကြပါချေ။

ဤသို့ဖြစ်ရသည်မှာလည်း ကျွန်တော်တို့ကိုယ်တိုင်က ရက်စက်လှခြင်းကြောင့် လည်းကောင်း၊ အကြင်နာသနားစိတ် နည်းပါးလှခြင်းကြောင့်တစ်ကြောင်း၊ မိမိတို့ မိတ်ဆွေအဖွဲ့ဝင်အပေါ်၌ ကာဝန်မယူချင်သောကြောင့် တစ်ကြောင်းတော့ မဟုတ်ပါပေ။ လူမမာချွေးတပ်သားများအား ကျွန်တော်တို့က ခေါ်ဆောင်ခြင်းပြုသည်ကို ဂျပန်များက သဘောမတူခြင်းကြောင့် ဖြစ်လေသည်။

အစဦးပိုင်း အချိန်များကဆိုပါလျှင် မမာမကျန်းဖြစ်သော ချွေးတပ်သားများအား ဂျပန်တို့က တောတွင်း ဆေးရုံစခန်းများသို့ ပို့သောအဖြစ်ကိုလည်း ကျွန်တော် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ နောက်ပိုင်းအချိန်တွင်မူ ဂျပန်များကလည်း ထိုကဲ့သို့ပို့ပေးခြင်း မပြုတော့ပါပေ။ တောတွင်း ဆေးရုံစခန်းများဟူသည်မှာလည်း ပျက်စီးယိုယွင်းလှမတတ် ဖြစ်ကုန်ကြောင်းသည်။ တိုအခါ မကျန်းမမာဖြစ်ကုန်ကြသော ချွေးတပ်သားများဟူသည်မှာလည်း တဲတန်းလျားများပေါ်တွင် ဖြစ်သလို နည်းဖြင့် စွန့်ပစ်ထားခြင်းကို ခံကြရကြလေသည်။

ဗြိတိသျှစစ်သုံ့ပန်း ချွေးတပ်သားများမှာကား ဤလိုမဟုတ်ချေ။ သူတို့ သူတို့၏ ရဲဘော်ရဲမက် လူနာများအား စခန်းတစ်ခုမှ တစ်ခု၊ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်းပြုသည့်အခါ ဝါးများကို ထမ်းစင်ဖြင့် ပြုလုပ်လျက် ပင်ပန်းဆင်းရဲခံကာ ထမ်းပိုးခေါ်ဆောင်သွားကြစမြဲပင် ဖြစ်လေသည်။

ဗြိတိသျှ စစ်သုံ့ပန်း ချွေးတပ်သားများ၏ ဤအပြုအမူနှင့် ပတ်သက်၍ကား ဂျပန်တို့က ကန့်ကွက်ခြင်း ပြုမပြုဆိုသည်ကိုမူ ကျွန်တော် လုံးဝမသိရှိပါချေ။ ကျွန်တော့်စိတ်အထင် ပြောရလျှင် ကန့်ကွက်တားမြစ်ခြင်း မပြုဟူ၍သာ ထင်ပါသည်။

ဤသည်မှာ ဂျပန်များက ဗြိတိသျှ စစ်သုံ့ပန်း ချွေးတပ်သားများအပေါ် အထူးအခွင့်အရေးပေးခြင်းဖြစ်လျှင်လည်း ဖြစ်နိုင်ပါသည်။ ထိုသို့မှ မဟုတ်လျှင်လည်း သုံ့ပန်းများနှင့် ပတ်သက်သော စည်းကမ်းဥပဒေရှိသောကြောင့် ဖြစ်လျှင်လည်း ဖြစ်နိုင်ပါသည်။ ဤကိစ္စမျိုးတွင်မူ ဗြိတိသျှ သုံ့ပန်း ချွေးတပ်သားများမှာ ကျွန်တော်တို့ အရပ်သား ချွေးတပ်သားများထက် ပိုမိုကာ အခွင့်အရေးရရှိကြောင်း ထင်ရှားလှလေသည်။

"ကဲ-ကျွန်တော်တို့အားလုံး စခန်းကို သွားကြရအောင် ကိုသာမြိုင်၊ မိုးချုပ်လုနီးနေပြီ"

ကျွန်တော်က ဘွန်ထိုက်ချို ကိုသာမြိုင်ကို ပြောလိုက်ပါသည်။ အချိန်မှာလည်း နေ၏အလင်းရောင် ကွယ်ပျောက်လုနီးလေပြီ။

"အားလုံး သွားကြစို့ဟေ့-လာကြ၊ လာကြ၊ သွားကြမယ်ဟေ့-သွားကြမယ်"

ဘွန်ထိုက်ချို ကိုသာမြိုင်က သစ်ပင်အောက်မှ နေ၍ အသံကုန်အော်ဟစ်ခြင်း ပြုလေသည်။ သူ့နည်းတူပင် အခြားသော ဘွန်ထိုက်ချို၊ ဟန်ချိုတို့ကလည်း အသံသုံးဆူဝှေ့မှောက်ရှိ ချွေးတပ်သားများအား အော်ဟစ်ခေါ်ဆင်ခြင်း ပြုလေသည်။

သုံးအချိန်၌မူ ကျွန်တော်တို့ ချွေးတပ်သားများမှာ စခန်းရွှေ့ပြောင်းခြင်း ပြုရာ၌ ကိုယ်လူ ကိုယ်တပ်ကို ကိုယ်ထိန်းကျောင်းသည့် သဘောမျိုး ဖြစ်နေရလေသည်။ ခုနစ်ခွေစခန်းမှ ပြောင်းရွှေ့ကြသော ဂျပန်စစ်သားများမှာမူ ဘုရားသုံးဆူစခန်းအတွင်းသို့ ကျွန်တော်တို့ထက် အချိန်စောစွာ ရောက်ရှိနေကြပြီးဖြစ်လေသည်။

ကြောမီ ကျွန်တော်တို့ ချွေးတပ်အဖွဲ့သားများသည် တဲတန်းလျားကြီးများ ရှိရာ ချိုင့်ဝှမ်းဆီသို့ ခိုတန်းလျက် ဆင်းသက်လာခဲ့ကြလေသည်။

လမ်းမှာ အတန်ငယ် ဟျဉ်းမြောင်းသော်လည်း တစ်ဘက်တစ်ချက်ရှိ ဝါးကောက်ပင်များ၊ သစ်ပင်ကြီးများကြောင့် ဒေါပွန်ကရာ အရိပ်အာဝါသ ကောင်းမွန်စွာ ခံရလေသည်။ ကွေ့ကောက်ကျဉ်းမြောင်းသော ထိုလမ်းကလေးအတိုင်း ကျွန်တော်တို့ ချွေးတပ်သားများ ဆင်းသက်လာသည့်အခါ ဝါးတောကြီးများ အကွက်နှင့် သစ်ပင်ကောအုပ်များအဖွင့်သို့ တောကြောင်များ၊ တောပက်များသည် မိတ်လန့်တကြား ဝင်ရောက်ပြေးသွားကြလေသည်။

ကျွန်တော်သည် လမ်းလျှောက်နေရင်းမှ ချွေးတပ်သားများ၏ ယခင်နှင့် ယခု မတူသော အဖြစ်ကိုလည်း တွေးတောလိုက်မိပါသည်။ ယခင်အချိန် ယခင်အခါများကသာဆိုပါလျှင် မာကျောရှိ အရာသာ အလျဉ်းကင်းမဲ့လှသော ဆင်သားကိုပင် နွားငတ်ရေကျ စားသောက်လာကြသည့် ချွေးတပ်သားများသည် ယခုပို တောကြောင်၊ ကောဝက် စသော သတ္တဝါများကို မြင်တွေ့ပါက ဝိုင်းဝန်းလျက် ညာသပေးကာ လိုက်လံပစ်ခတ်ကြပေမည်။ ယခုမူ ဤလိုမဟုတ်ကြတော့။ အားလုံးပင် ငြိမ်ငြိမ်သက်သက်နှင့် စခန်းရှိရာသို့ ခြေလှမ်းလေးတွဲစွာ လျှောက်နေကြလေသည်။ လူအုပ်ထဲမှ တစ်ယောက်၊ နှစ်ယောက်ကသာလျှင် "ဟိုမှာ-ဟိုမှာ--တောဝက်၊ တောဝက်" ဟုလည်းကောင်း၊ "ဟော-ဟော-တောကြောင်ဟေ့ တောကြောင်ဟေ့-" ဟူ၍လည်းကောင်း၊ လက်ညှိုးထိုးပြရုံ ပါးစပ်က ပြောရုံမျှ ပြောနိုင်လေတော့သည်။

ချွေးတပ်သား အားလုံးတို့သည်ပင် အားအင်ကုန်ခန်း ပင်ပန်းနွမ်းနယ်ရှိကြသည်မျှမက စိတ်ဓာတ်များပင် ဆုတ်ယုတ်ကျဆင်းလျက် ရှိနေကြပြီဖြစ်ကြောင်း ထင်ရှားလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းတွင် ထူးထူးခြားခြား ဖြစ်လာသော ချွေးတပ်သားအချို့၏ အပြုအမူကိုလည်း ကျွန်တော် တင်ပြချင်ပါသည်။ ထိုအပြုအမူမှာ မခြားမဟုတ်ပါ။ ချွေးတပ်သားများထဲမှ အသက်အရွယ် အတော်အတန် ကြီးမားသူများသည် ဝါးစိပ်ပုတီးကုံးများ ပြုလုပ်လျက် ပုတီးစိပ်ကြခြင်းပင် ဖြစ်လေသည်။

ထိုဝါးစိပ်ပုတီးကလေးများကို သူတို့သူတို့သည် အတော်ပင် လက်ရာကောင်းမွန်အောင် ပြုလုပ်နိုင်ကြသည်မှာလည်း ချီးကျူးအံ့သြစရာ ကောင်းလှပါသည်။ ဝါးကို ပုတီးစေ့အလုံးချောကလေးများ ဖြစ်လာအောင် ကျောက်ကြမ်း၊ ကျောက်ချောဖြင့် စိတ်ရှည်လက်ရှည် မွတ်သွေးကြသည်။ ပြီးသော် အလယ်မှ အပေါက်ကလေးများ ဖောက်ကြသည်။ ထိုမှပြီးလျှင် ပုတီးကုံးသိပ်ပြီးနောက် ပုတီးထိပ်ဖျားမှာ နဂါးရုပ်၊ ဂဠုန်ရုပ်ကလေးများဖြစ်အောင်ပင် လုပ်တတ်ကြလေသည်။ ကျွန်တော်၏ မိတ်ဆွေ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ထမင်းချက်ခေါင်း ကိုစံဖို့၏ လည်ပင်း၌ပင် ထိုဝါးပုတီးကလေးများ တစ်ကုံးကျစီ ဆွဲထားကြပါသည်။

ကိုသာမြိုင်နှင့် ကိုစံခတို့သည် ညနေပိုင်း အားလပ်သောအချိန်များ၌ ဘုရားသုံးဆူသို့ သွားရောက်ကြလျက် အတန်ငယ် အမောပျိုးချိန်အထိ စိပ်ပုတီးစိပ်လေ့ ရှိကြပါသည်။ ဖနောင်တော့ သူတို့နှစ်ဦးကဲ့သို့ပင် အခြားသော ချွေးတပ်သားကြီးများလည်း ပုတီးသွားစိပ်ကြောင်း သိရှိရပါသည်။

ဘုရားသုံးဆူစခန်းရှိ တဲတန်းလျားများသို့ ရောက်ရှိကြသည့်အခါ၌လည်း ကျွန်တော်တို့အဖို့ ခုနစ်ခွေစခန်းရှိ ကဲတန်းလျားများကဲ့သို့ပင် အပျက်အစီးများချည်း ဖြစ်လျက်ရှိသည်ကို ကြုံရပြန်ပါသည်။ သို့ရာတွင် ထိုနေ့အဖို့ အတော်ပင် မိုးချုပ်နေပြီဖြစ်ခြင်းကြောင့်လည်း ကျွန်တော်တို့သည် တဲတန်းလျားများကို ပြုပြင်မနေနိုင်ကြတော့ပါချေ။ ဖြစ်သလိုသာ ချွေးတပ်သားများအား နေရာချထားပေးခြင်း ပြုရပါသည်။

ကျွန်တော်သည် ဘွန်ထိုက်ချိုအုပ်စုအသီးသီးအား နေရာချထားပေးပြီးနောက် ထမင်းဟင်းကိစ္စများကိုလည်း စီစဉ်ပြောကြားခြင်းပြုခဲ့ပြီးလျှင် အိနားမတ်ဆုရှိရာ ကျပန်စစ်ရုံးအဆောက်အအုံသို့ ကရင်ကလေး သာဆင်နှင့် နှစ်ယောက်အတူ ထွက်လာခဲ့ပါသည်။

ဘုရားသုံးဆူစခန်း၌ ကျပန်များ နေထိုင်ရန် ဆောက်လုပ်ထားသော အိမ်ငယ်ကလေးများနှင့် ကျပန်စစ်ရုံး ပြုလုပ်ထားသည့် အဆောက်အအုံရှိသည့်နေရာမှာ စမ်းချောင်း၏ တစ်ဖက်ကမ်းတွင် ဖြစ်လေသည်။ ထိုနေရာကို ကူးသွန်းသွားလာခြင်း ပြုရန်အတွက် ဝါးတဲတားကလေးကို ထိုးထားလေသည်။ ထိုဝါးတဲတားကလေးမှာမူ ကျပန်များ စိတ်ကြိုက် ကျပန်စစ်သားများကိုယ်တိုင် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။ ထို့ကြောင့်လည်း စမ်းချောင်းကူး တံတားကလေးမှာ ကျပန်ဆန်လှသည်။ ကျပန်ပုံသဏ္ဌာန် ပေါ်လွင်နေပေသည်။

ကျွန်တော်နှင့် သာဆင်သည် စမ်းချောင်းကလေး၏ တစ်ဖက်သောကမ်းခြေမှ နေ့လျက် ဝါးတံတားကလေးအတိုင်း တစ်ဖက်သော ကမ်းခြေသို့ ဖြတ်ကူးခဲ့ကြလေသည်။ တံတားကလေးပေါ်သို့ ကျွန်တော်တို့ မရောက်မီ ခပ်လှမ်းလှမ်းကနေ၍ပင် ကျပန်တို့၏ အိမ်ငယ်ကလေးများတွင် ထွန်းညှိထားသော ကျည်ဆောင်းမီးတိုင်များကို လှမ်းမြင်နေရသလို စစ်ရုံးအဆောက်အအုံနှင့် ဆယ်ကိုက်ခန့် အကွာအဝေးတွင်လည်း မီးပုံတစ်ပုံအနီးတွင် ကျပန်စစ်သားများ စုရုံးစုရုံးဖြစ်နေသည်ကို လှမ်းမြင်လိုက်ရလေသည်။

ကျွန်တော့်စိတ်အထင် ကျပန်စစ်ဗိုလ် အိနားမတ်ဆုသည် ထိုကျပန်အုပ်စုကဲ့၌ပင် ရှိနေလိမ့်မည်ဟု ယူဆမိသောကြောင့်လည်း ထိုကျပန်စစ်သားများရှိရာ မီးပုံဆီသို့ ဆက်လက်ကာ လျှောက်လာခဲ့လေသည်။

"ဆရာလေး- လာဗျ၊ လာ-လာ-၊ ခင်ဗျားကို မာစတာ မေးနေတယ်၊ ခပ်စောစောက ကျွန်တော် နှစ်ခေါက်တောင် သွားကြည့်သေးတယ်"

ကျွန်တော်နှင့် သာဆင်တို့ မီးပုံနား အရောက်တွင် စကားပြန်သူငယ်ကလေး မောင်ချစ်က လှမ်းခေါ်ပါသည်။

မီးပုံအနီးတွင် ကျပန်စစ်သား ခြောက်ယောက် ခုနစ်ယောက်ခန့် ဝိုင်းနေသည်။ အိနားမတ်ဆုနှင့် အခြားကျပန်စစ်သား နှစ်ယောက်တို့မှာမူ မီးပုံနှင့် ခပ်လှမ်းလှမ်းရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်လျက် စကားပြောနေကြသည်။ သူတို့ရှေ့တွင်လည်း ကျပန်စစ်သားများ အသုံးပြုသည့် ထမင်းစားခွက်များ၊ ဝါးကျည်တောက်များ၊ ခင်းထားသော အင်ဖက်များပေါ်တွင် ပုံထားသည့် ကောက်ညှင်းမုန့်များ၊ အငွေ့ထောင်းထောင်းပွက်နေသော ထမင်းများကို တွေ့ရလေသည်။

"ဘိုမော၊ လာ-လာ- ဝက်ရှိသက၊ အများကြီး ကောင်းတကား"

အိနားမတ်ဆုသည် ကျွန်တော့်ကို မြင်သည့်အခါ ထိုကဲ့သို့ပြောရင်း ထိုင်ရာမှ ထလေသည်။

ထိုအခါ ကျွန်တော် မီးပုံရှိရာသို့ လှမ်းကြည့်လိုက်မိပါသည်။ တောဝက်တစ်ကောင်ကို ခေါင်းဖြတ်၊ ခြေထောက်ဖြတ်လျက် တံစို့ထိုးကာ မီးကင်နေကြခြင်းပင် ဖြစ်လေသည်။ မီးပုံဘေးတွင်လည်း ဝါးဟန်းဖစ်လျက် ခဲတံကျည်တောက်များကဲ့သို့ ဝါးဆစ်ကျည်တောက်ကြီးများဖြင့် ထမင်းများ ချက်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

"ဝက် အားကြီးကောင်းတကား၊ ဘိုမော စားတကား"

www.burmeseclassic.com

www.burmeseclassic.com

အိနားမတ်ဆုသည် ကျွန်တော့်ပခုံးကို ပြင်းစွာ ပုတ်ခတ်လျက် ပြောပါသည်။ ပြီးလျှင် ဟဟားဟား ရယ်မောလေသည်။ ထိုအခါမှ အိနားမတ်ဆု ဆာကေအရက် သောက်တားကြောင်း ကျွန်တော် သိရပါသည်။

ပြီးသော် အိနားမတ်ဆုသည် ကျွန်တော့်ပခုံးကို ခပ်တင်းတင်းကိုင်လျက် ဝါးရုံပင်များအောက်သို့ ခေါ်ဆောင်သွားပါသည်။ စကားပြန်ကလေး မောင်ချစ်၊ ကရင်ကလေး သာဆင်နှင့် ကျပန်စစ်သားတစ်ယောက်သည် ကျွန်တော်တို့နောက်မှ လိုက်ပါလာပါသည်။

ကျွန်တော်တို့သည် မကြာမီပင် ဝါးရုံပင်များ အောက်သို့ ရောက်ရှိလာကြလေသည်။ ထိုအခါ အိနားမတ်ဆု မည်သည့်အတွက် ကျွန်တော့်ကို ခေါ်ဆောင်လာသည်ဆိုခြင်းကိုလည်း ကျွန်တော် သိရပါတော့သည်။

"ဘိမမာ၊ ကောင်းတာကား၊ အမျှားကြီး ကောင်းတာကား"

"ဟိုက်-မာစတာ၊ အမျှားကြီး ကောင်းတယ် မာစတာ"

အိနားမတ်ဆုသည် ကျွန်တော့်ပခုံးကို ကိုင်လှုပ်လျက် ဝါးရုံပင်အောက်သို့ လက်ညှိုးထိုးပြလေသည်။ သူ့ဘေးရှိ ကျပန်စစ်သားကလည်း တခွိခွိရယ်လေသည်။ ထိုကျပန်စစ်သားမှာလည်း အိနားမတ်ဆုလိုပင် ဆာကေ သောက်ထားဖြင့်ပင် သိရလေသည်။

ဝါးရုံပင်အောက် အင်ဖက်များပေါ်တွင် ဝက်ခေါင်းတစ်ခေါင်း၊ ခြေထောက်လေးချောင်းနှင့် အူများ၊ အသည်းနှလုံးများကို တွေ့ရလေသည်။

အိနားမတ်ဆုသည် တဟားဟား ရယ်မောနေရာမှ စကားပြန်သူငယ်ကလေးဘက်သို့ လှည့်လျက် တစ်စုံတစ်ရာသော စကားကို ပြောလေသည်။

"ဆရာလေး-အဲဒါတွေ ယူသွားပြီး ချက်စားတဲ့ဗျ"

မောင်ချစ်က ကျွန်တော့်ကို ပြောပါသည်။

စကားပြန်သူငယ်၏ စကားအဆုံးတွင် အိနားမတ်စုသည် ကျွန်တော့်ကို ကြည့်ကာ ဦးခေါင်းတစ်ချက် ညိတ်ပြပြီးနောက် ကျပန်စစ်သားနှင့်အတူ ကွပ်ပျစ်ရှိရာသို့ ထွက်ခွာသွားလေသည်။

"ကဲ-ဆရာလေးတို့ ယူသွားကြပေတော့၊ ဒီညတော့- ကျပန်မာစတာတွေ တော်တော်မူးနေကြလိမ့်မယ်ဗျ၊ မနက်က သူတို့အတွက် အရက်တွေ စီးကရက်တွေနဲ့ ကောက်ညှင်းဆန်တွေ သင်္ကြားတွေ ရယ်ကြတယ်"

ကျွန်တော့်ကို စကားပြန်သူငယ်က ပြောနေပါသည်။

"ကျပန်တွေအားလုံး မူးနေသလားကွယ့်"

ကျွန်တော်က မေးလိုက်ပါသည်။ ထိုကဲ့သို့ မေးရင်း မြန်းရင်းမှလည်း ကျွန်တော်နှင့် သာဆင်တို့သည် ဝက်ခေါင်းနှင့် ဝက်ခြေထောက်များ၊ ဝက်အူ၊ ဝက်အသည်းများကို အင်ဖက်များနှင့် ထုပ်နေကြရလေသည်။

"သုံးလေးယောက်တော့ မသောက်ဘူးဗျ၊ မာစတာ အိနားမတ်ဆုတို့ဟာ သိပ်မကြာတော့ဘူးဗျ၊ စစ်တိုက်ထွက်ရလိမ့်မယ်နဲ့ တူတယ်"

စကားပြန်သူငယ်က ပြောပါသည်။

"ဘယ်တော့ ထွက်ရမှာလဲ၊ ဘယ်နေရာ ထွက်ရမှာလဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"အဲဒါကတော့ ကျွန်တော်လဲ အသေအချာ မပြောတတ်ဘူးဗျာ၊ ထွက်တော့ ထွက်ရမှာပဲ"

ထိုကိစ္စနှင့် ပတ်သက်၍ကား စကားပြန်သူငယ်အား ထပ်မံမေးမြန်း၍ ရလိမ့်မည်မဟုတ်ကြောင်း ကျွန်တော် နားလည်လိုက်ပါသည်။ ထို့ကြောင့်လည်း ထိုအရေး ထိုကိစ္စကို နောက်ထပ်လျက် ကျွန်တော် မမေးမြန်းတော့ပါ။ တခြားအကြောင်းတစ်ခုကိုသာ ကျွန်တော် မေးမြန်းလိုက်ပါသည်။

"မနက်တော့ ကို့တစ်တွေ အလုပ်ဆင်းရမလားကွ"

"ဆင်းရမှာပေါ့ဗျာ၊ ဒီတစ်ခါ စခန်းပြောင်းတာ သိပ်ဝေးတာမှ မဟုတ်ဘဲ၊ နောက်ပြီး အလုပ်ကလဲ သိပ်ပင်ပန်းမှာမှ မဟုတ်တာ"

မောင်ချစ်က ပြောပါသည်။

"ဘာတွေ လုပ်ရမယ်လို့ ပြောလဲကွ"

ကျွန်တော်က မေးကြည့်ပါသည်။

"ထင်းဖြတ်ရမယ်၊ ကျောက်ထုရမယ်"

"ကဲ-ကဲ- ငါတို့ သွားရမယ်ဟေ့- ဒါတွေ ပြန်ချက်ရဦးမယ်၊ တို့လူခြောက်ဆယ်ကျော် ဝေမျှစားရမယ်"

ကျွန်တော်နှင့် သာဆင်သည် မောင်ချစ်ကို နှုတ်ဆက်ပြီးနောက် စမ်းချောင်းကူးတံတားရှိရာသို့ လျှောက်ခဲ့ကြသည်။ တံတားထိပ်သို့ ကျွန်တော်တို့ ရောက်သည့်အခါ ကျွန်တော်တို့ကို လာစောင့်နေသော ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ကိုစံခတို့ကို တွေ့ရလေသည်၊

"ကိုယ့်လူတွေ ဒီညတော့ ဝက်သားဟင်းစားရမယ်၊ ရော့ဗျို့၊ အိနားမတ်ဆုက ပေးလိုက်တယ်၊ ကိုစံခဆီမှာ ဂရုတ်သိမ်းလေးများ ရှိသေးရင်တော့ အဆင်ပြေပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကော်သည် ပြောပြောဆိုဆိုပင် လက်ထဲမှ ဝက်ခေါင်းကြီးကို ဘွန်ထိုက်ချို ကိုသာမြိုင်လက်သို့ လှမ်းပေးလိုက်ပါသည်။

"ဟာ-လာဘ်ဟိုက်တာပဲ ဆရာလေးရေ- ကျွန်တော်တို့ ဒီတစ်ချီ ဖခင်နဲ့ ပြောင်းရတာ ဟန်ကြသားဗျ၊ ရှိတယ်-ရှိတယ်၊ ကျွန်တော့်ထဲက .အကောင်ကွေ ဆီမှာ ငရုတ်သီးခြောက် ရှိလိမ့်ဦးမယ်"

ထမင်းချက်ခေါင်း ကိုစံခက ပြောလေသည်။ ဝက်ခေါင်းနှင့် ဝက်ခြေထောက်များ ရလာသည့်အတွက်ကြောင့်လည်း သူတို့နှစ်ယောက် အူမြူးနေကြလေသည်။ သူတို့သာမဟုတ်၊ ချွေးတပ်သားများလည်း ဝမ်းသာရွှင်မြူးကြလိမ့်မည်ဟု ကျွန်တော် တွေးလိုက်မိပါသည်။ နှစ်နှင့်ချီကာ ဝက်သားဟင်း မစားခဲ့ရသော ကျွန်တော်တို့ အားလုံးအဖို့ ဝက်ခေါင်းနှင့် ဝက်ခြေထောက်များ ရရှိလာသည်မှာ မဟာလာဘ် လာဘကြီးတစ်ခုပင် ဖြစ်နေပါတော့သည်။

မကြာမီ ကျွန်တော်တို့လူစုသည် ဂစ်ဖက်ကမ်းသို့ ကူးခဲ့ကြသည်။

"ချွေးတပ်သားတွေကို ည ထမင်းဝေပြီးပလားဗျ"

ကျွန်တော်က ကိုစံခကို မေးလိုက်ပါသည်။

"ဆရာလေး ပြန်အရောက်စောင့်နေတာ အတော်ပဲ ကျုပ်သွားတာပေါ့ဗျ"

"ဘာဟင်းလဲဗျ"

"ဟိုဒင်းဗျ-မတ်ပဲ ရေလုံပြုတ်တာလေ၊ မနက်ကျရင်တော့ အာဇီးစားရမယ်ဗျ"

ကိုစံခက ဖြေပါသည်။

"အကောင်ပဲဗျို့-နည် ဝက်သားဟင်းထဲမှာ အာလူးရောချက်ဗျာ၊ ဒါမှလဲ ဒီလူစုနဲ့လောက်မှာ ကိုစံခ"

ကျွန်တော်က အကြံပေးလိုက်ပါသည်။

"အဲဒါ ကောင်းတယ်ဗျ"

ကိုသာမြိုင်က ဖြေလေသည်။

"ဒါဖက် ကိုသာမြိုင်၊ ကဲပေါ်က လူနာနှစ်ယောက်ဆိုတာ ခင်ဗျားတို့ သွားကြည့်ကြသေးလားဗျ"

ကျွန်တော်က မေးလိုက်ပါသည်။ တဲတစ်လုံးပေါ်တွင် ရှိနေကြသည်ဟုဆိုသော လူမမာနှစ်ယောက်ကို ကျွန်တော် သွားမကြည့်ရသေးပါ။ ယခုမှပင် သတိရ၍ မေးကြည့်ရပါလေသည်။

"သွားကြည့်တယ် ဆရာလေး၊ ဟိုတောင်ဘက်ဘီ ဝါးရုံပင်ဖျားအောက်က တဲတန်းလျားပေါ်မှာဗျ၊ ဒီစခန်းမှာ အဲဒီတဲတိုင်းကို ဆေးရုံသဘောလုပ်ထားဟန်

တူပါတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ သူက ဒီပြင်တဲတန်းလျားတွေနဲ့ အတော် ကလေး လှမ်းတယ်ဗျ၊ နောက်ဦး ကြက်ခြေခတ်အနီကြီးလဲ ရေးထားတယ်"

ဘွန်ထိုက်ချို ကိုသာမြိုင်က ပြောပါသည်။

"အခြေအနေကော ဘယ်လိုနေလဲဗျ"

"တစ်ယောက်ကတော့ သေမှာပဲ ဆရာလေး၊ ကစ်ယောက်ကတော့ ကုသိုလ် ကံကောင်းရင် မသေဘူး ထင်ရတာပဲ၊ ကျွန်တော်တို့ တဲပေါ်တက်သွားတယ်ဆိုရင်ပဲ ရင်ကောင်းလို့ ဝါးဆစ်ဘူးနဲ့ ရေနွေးထည့်ပေးခဲ့ရတယ်၊ အဲ-တစ်ယောက်ကတော့ ကောင်းတောင် မခြေပြာနိုင်ဘူး၊ မျက်ကွင်းဟောက်ပက်နဲ့ အသက်ဖုတ်လို့ဂ်ုတ်လို့ဂ် ဖြစ်နေရုံကယ်"

ကျွန်တော်တို့သည် မီးရောင်များ မြင်နေရသော စမ်းချောင်းအောက်စီနေရာရှိ ထမင်းချက်ရုံဆီသို့ ဆက်လက်၍ လျှောက်ခဲ့ကြလေသည်။ ထမင်းချက်ရုံမှာလည်း မခြားအခြားသော စခန်းများရှိ နေထိုင်ရာ တဲတန်းလျားနှင့် အတော်အတန် မပ်ကွာကွာတွင် ဖြစ်လေသည်။

ဤသို့နှင့် ထမင်းချက်ရုံအနီးသို့ ကျွန်တော်တို့ ရောက်ရှိသွားကြသည့်အခါ ထမင်းချက်ရုံအနီးတစ်ပိုက်ကွင် ညစာထမင်း ယူဆင်ကြရန် စောင့်ဆိုင်းနေသော မျိုးကပ်သားများနှင့် ဟန်ချို့များကို တွေ့ရလေသည်။ သူတို့သည် ကညင်ဆီခေါက်ဆိုး မီးတိုင်များ၊ မီးစည်း မီးတုတ်များကို ကွန်းညှိလျက် ဟိုစုနှ သည်စုနှ ထိုင်ကာ စောင့်နေကြခြင်းဖြစ်လေသည်။ အားလုံးပင် ဆာလောင်မွတ်သိပ်နေကြပြီဖြစ်ကြောင်း ကျွန်တော် အကဲခတ်မိပါသည်။

သူတို့သည် ကျွန်တော်တို့ကို မြင်လိုက်သည့်အခါ ထိုင်နေရာမှ စုရုံးစုရုံး ထလိုက်ကြလေသည်။

"မင်းတို့ ထမင်းမရသေးဘူးဟေ့-အားလုံး နောက်ထပ်ပြီး တစ်နာရီ ကျော်ကျော်၊ နှစ်နာရီလောက် စောင့်လိုက်ကြဦး၊ တဲလိုင်းပေါ် ပြန်နေကြဦးဟေ့-"

ဘွန်ထိုက်ချို ကိုသာမြိုင်က ကြွေးကြော်လိုက်ပါသည်။

"ဟာ-ဆာလည်ပြီဗျ၊ သေရောပေါ့ဗျာ၊ ဘယ်အချိန်ရှိပြီလဲဗျာ"

တစ်ယောက်တစ်ပေါက် အော်ဟစ်ညည်းတွားလိုက်ပါသည်။

"ဒီမယ် ကြည့်စမ်း၊ ဒါ ဘာလဲဆိုတာ၊ ဝက်သားဟင်းချက်ရဦးမယ်ကွ၊ ဝက်သား၊ ဝက်သား၊ အဲဒါကြောင့် စောင့်ကြဦးလို့ ပြောတာ၊ မင်းတို့ ခုဏလုရင် ပဲရေလုံပြုတ်ပဲ ရမယ်"

ကိုသာမြိုင်သည် သူ့လက်မှ ဝက်ခေါင်းကြီးကို မီးရောင်ရှေ့သို့ ထိုးမြှောက်ကာ ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ညည်းညည်းညူညူ ဖြစ်နေသော ချွေးတပ်သားများမှာလည်း ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကြလေသည်။ သူတို့သည် တဲတာန်းလှူးများရှိရာသို့ပင် မပြန်ကြတော့ပါချေ။ ထမင်းချက်ရုံရှေ့ ခပ်လှမ်းလှမ်းတွင် မီးပုံများဖိုလျက် စကားဝိုင်းဖွဲ့နေကြလေသည်။

ထမင်းချက်ခေါင်း ကိုစံခမှာလည်း သူ့ရဲဘော် ထမင်းချက်သမားများနှင့် အတူ ဝက်ခေါင်းနှင့် ဝက်ခြေထောက်များကို အဆောတလျင် ချက်ပြုတ်ကြရန် စီမံလျက် ရှိနေကြရလေသည်။

ထိုကဲ့သို့ ကိုစံခနှင့် သူ့လူများ ဟင်းချက်ပြုတ်ရန် စီစဉ်နေကြခိုက် ကျွန်တော်သည် ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် သာဆင်တို့ကို ခေါ်ဆောင်ခဲ့ပြီးနောက် လူမမာနှစ်ယောက်ရှိနေသော တဲတန်းလှူးရှိရာသို့ ထွက်ခဲ့ပါသည်။

ထိုတဲငယ်မှာ ကျွန်တော်တို့ ချွေးတပ်သားများ နေထိုင်သော တဲတန်းလှူးများနှင့် အဝေးကလေး အလှမ်းပေးလေသည်။ ကျွန်တော်တို့သည် ကညင်ဆီ မီးချောင်းတစ်ချောင်းကို ထွန်းညှိခြင်း ပြုခဲ့ကြသည်။ တစ်ယောက်လျှင် ဝါးခွန် တစ်ချောင်းကျစီကိုလည်း အသင့်ဆွဲကိုင်လျက် လာခဲ့ကြပါသည်။ ဤနေရာမှာ လူနေတဲတန်းလှူးများ ဖြစ်သည်တစ်ကြောင်း၊ မီးအလင်းရောင်များလည်း ရှိသည် တစ်ကြောင်း ဖြစ်သောကြောင့် ကျား၏ ဟောအန္တရာယ်ကို နိုးရိမ်ကြောင့်ကြစရာ မရှိသော်လည်း တောပက်များနှင့် အခြားသောသတ္တဝါတို့၏ အန္တရာယ်ကို နိုးပိုမ်ရလေသည်။ ထို့ကြောင့် ညရေးညတာဆိုလျှင် သတိဝိရိယထားရခြင်းပင် ဖြစ်လေသည်။

သို့နှင့် မကြာမီအချိန်ကလေးအတွင်း ကျွန်တော်တို့သည် တဲငယ်အနီးသို့ ရောက်ရှိလာခဲ့ကြပါသည်။ ထိုကဲ့သို့ တဲငယ်အနီး ရောက်သည်ဟုဆိုလျှင်ပင် တဲပေါ်မှ လူဟစ်ဦးတစ်ယောက်၏ ညည်းတွားသံကို ကြားရပါတော့သည်။

ထိုအသံကို ကြားလိုက်သောကြောင့်လည်း ကျွန်တော့်မှာ အလွန်တရာပင် စိုးရိမ်ကောင်းခြင်း ဖြစ်ရပါသည်။ လူကောင်းသူကောင်းဟူ၍ တစ်ဦးတစ်ယောက်မှ မရှိပါဘဲ မမာမကျန်းသော လူနှစ်ယောက်တည်းအားသာလျှင် ဤလို တောကြီး မျက်မည်း အလယ်ရှိ တဲအိုတဲပျက်အပေါ်၌ စွန့်ပစ်ထားခြင်းခံရရှာသည်မှာ သေရသည်ကမှ ကောင်းလှ၏ဟူ၍ ကျွန်တော် တွေးလိုက်မိပါသည်။

နောက်တစ်ကြောင်းကိုလည်း ကျွန်တော် တွေးလိုက်မိသည်။ ထိုအတွေးမှာ အခြားမဟုတ်ပါ။ ထိုနေ့အဖို့ ကျွန်တော်တို့တစ်စု ရောက်ရှိလာ၍ တော်သေးသည်။ အကယ်၍သာ ဤဘုရားသုံးဆူစခန်းသို့ ကျွန်တော်တို့ မရောက်ဟုဆိုပါက

ကိုလူမမာနှစ်ယောက်အဖို့ သေမည် ရှင်မည်ကို အပ,ထား၍ ရေတိုက် ရေပေးမည့် သူသော်မှု ရှိလိမ့်မည် မဟုတ်ပါချေ။

ထိုအတွေးကို တွေးရင်း ကျွန်တော်သည် ရှေ့ဆုံးမှနေလျက် တဲငယ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ သာဆင်သည် မီးတိုင်ကို ကိုင်လျက် ကျွန်တော်နှင့် ယှဉ်လျက် သာ ဖြစ်လေသည်။ ကိုသာမြိုင်မှာ နောက်ဆုံးမှ ဖြစ်လေသည်။

တဲငယ်သည် အမိုးအကာများ၊ အခင်းများ ဖရိုဖရဲ ကျိုးပဲ့ပျက်စီးလျက် တစ်ဖက်သို့ ယိမ်းယိုင်နေလေသည်။ မှောင်မည်းနေသော တဲငယ်အတွင်းသို့ ခြေချလိုက်သည့်အခါ၌ပင် ခပ်စောစော ကြားနေရသော ညည်းညူသံများလည်း ပို၍ ကျယ်လောင်လာသည်။ ကျွန်တော့်ကျောထဲကလည်း စိမ့်ခနဲ ဖြစ်လိုက်မိလေသည်။

"သာဆင် မီးမြှောက်ပြစမ်းဟေ့-"

ကျွန်တော်က ပြောလိုက်ပါသည်။

စင်စစ် သာဆင်မှာ လူပင် ငယ်သော်လည်း သတ္တိကား မသေးငယ်လှပါ။ ရှေ့သို့ ခြေနှစ်လှမ်း သုံးလှမ်းတိုးသွားသည်။ သူ့လက်ရှိ ကညင်ဆီဗုံးကိုလည်း မြှောက်ပြလေသည်။

ကျွန်တော်တို့ မျက်စိခြောက်လုံးအောက်တွင် တွေ့မြင်လိုက်ရသော သတ္တဝါမှာ လူစင်စစ်မှ ဟုတ်ပါလေစဟူ၍ ကျွန်တော် သံသယဝင်မိပါသည်။ ထိတ်လန့် ကုန်လျှပ်သွားသည့်အဖြစ်ကြောင့်လည်း "ဟင်-" ခနဲ အာမေဋိတ်ပြုလျက် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိလေသည်။

ကျွန်တော်တို့ တွေ့မြင်လိုက်ရသည်မှာ ငုတ်တုတ်ကြီးထိုင်နေသော ဇက်ကျိုး ကျနေသည့် လူတစ်ယောက်ဖြစ်လေသည်။ ထိုသူ၏ ကိုယ်အထက်ပိုင်းတွင် အဝတ် ဟူ၍ လုံးဝ မရှိ။ ကိုယ်အောက်ပိုင်းတွင် တစ်မိုက်တစ်ထွာသာသာခန့်မျှ ဖြစ်သော ဂုန်နီအိတ်ပါးကလေးမှာ တင်ပါးရောက်သည်အထိ ပုံကျနေ၏။ ထိုသူ၏ ဝမ်းဗိုက် သားမှာလည်း ပြားချပ်နေ၏။ နံရိုးများသည် ပါးလွှာသောအရေကို ဖောက်ထွင်း၍ ထွက်လာတော့မလောက် အပြိုင်းပြိုင်း ငေါထွက်နေ၏။ သူ့ခေါင်းထက်မှ တစ်မိုက် သာသာ အရှည်ရှိသော ဆံပင်တို့သည် နဖူးမှ နှာခေါင်းများအထိ ဖွာကာကြီ ကျဆင်းနေ၏။

ငုတ်တုတ်ကြီးဖြစ်သည်မှာ သူ့နောက်ကျောက တဲငယ်၏အကာကို မှီထား ခြင်းကြောင့် ဖြစ်လေသည်။ ဆင်းထားသော ခြေနှစ်ချောင်းမှာလည်း မည်းမည်း မြောင်းမြောင်းနှင့် တုတ်ချောင်းကြီးနှစ်ချောင်းကို ချထားသည့်အလား ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ညကြီးအချိန်မတော် ဤလိုတောကြီးခေါင်ခေါင်ထဲတွင် ဤအဖြစ်မျိုးကို အခြားသူများသာ မြင်တွေ့ရပါက ငယ်သံပါအောင်ပင် လန့်ဖျပ်၍ အော်လိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

ယခုလည်း ဤတဲငယ်ပေါ်တွင် လူမမာနှစ်ယောက် ရှိနေသည်ဟု ကြိုတင် သိရှိထားသော ကျွန်တော်သည်ပင်လျှင် အထိတ်တလန့် ဖြစ်မိပါလေသည်။

"ဒီလူ အသက်မရှိတော့ဘူး ထင်တယ် ဆရာလေး"

ဘွန်ထိုက်ချို ကိုသာမြိုင်က ပြောလေသည်။

"သေပြီထင်ပါတယ်ဗျာ၊ ဒီကောင် ညမိုးချုပ်လို့ ခင်ဗျားတို့ပြန်သွားထဲက သေမှာပေါ့ဗျာ"

ညောင်နာနာအသံနှင့် တုန်တုန်ယင်ယင် ပြောလိုက်သော ညည်းညူနေသူ လူမမာ၏ အသံဖြစ်လေသည်။ ထိုသူမှာ တဲတန်းလျား၏ တစ်ဘက်သောအစွန်မှ ဖြစ်လေသည်။

ကျွန်တော်မှာလည်း အသံကြားလိုက်မှပင် ထိုသူရှိရာသို့ လှမ်းကြည့်လိုက် မိလေသည်။ အမှောင်ထုဆဲတွင် ဖြစ်လေသည်။ ကညင်ဆီမီးရောင်သည် ထိုသူထံသို့ မပေါက်ရောက်ပါချေ။ ထိုသူကိုယ်တိုင်မှာလည်း ထိုစကားမျှကိုပင် အနိုင်နိုင် အားတင်းပြောပြီးနောက် ဆက်လက်၍ ညည်းတွားနေပြန်ပါသည်။ သူ့အသံမှာ ခပ်စောစောကလောက် မပြင်းထန်ပါချေ။

ကျွန်တော်တို့သည် ညည်းညူနေသော လူမမာရှိရာသို့ မသွားနိုင်ကြသေးဘဲ ငုတ်တုတ်ကြီးဖြစ်နေသော လူကိုသာ အသက်ရှိသည် မရှိတော့ ဟူသည်ကို စူးစမ်းခြင်း ပြုကြရလေသည်။

သာဆင်သည် သူ့လက်မှ ဝါးချွန်ကို တဲငယ်အဆင့်ပေါ်သို့ ချထားလိုက် ပြီးနောက် ကညင်ဆီမီးခွက်ကို ကိုင်လျက် ထိုငုတ်တုတ်ကြီးလူအား လက်တစ်ဖက် နှင့် ဆွဲကိုင်လှုပ်ရမ်းကြည့်လေသည်။

မည်သို့မှ အကြောင်းမထူးပါပေ။ တောင့်တောင့်ကြီး ဖြစ်နေလေသည်။

"သေနေပြီ ထင်တယ်၊ လှုပ်ကြည့်ရတာ တောင့်တောင့်ကြီးပဲ အစ်ကို"

သာဆင်က ပြောပါသည်။

ထိုအခါမှ နောက်တွင် ရပ်နေသော ကိုသာမြိုင်သည် ရှေ့သို့တိုးလာပြီး ထိုငုတ်တုတ်ကြီး၏ ပခုံးကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်လိုက်သည်။

ဤတွင်မှ ငုတ်တုတ်ဖြစ်နေသော အလောင်းကောင်ကြီးမှာ တစ်ဘက်သို့ ဘုန်းခနဲ လဲကျသွားလေသည်။

"ဟယ်-နင့်မေကလွား-"

ကိုသာမြိုင်သည် လန့်အော်လျက် ယောင်ယမ်းကာ ခုန်ပေါက်လိုက်လေသည်။

ကျွန်တော်နှင့် သာဆင်မှာ သူ့အဖြစ်ကို ကြည့်ရာမှ ငိုအားထက် ရယ်အားသန် ဆိုသလို တဟားဟား ရယ်လိုက်မိကြပါသည်။

"သေနေပါပြီဗျာ- သေနေပါပြီ"

ခပ်လှမ်းလှမ်းရှိ လူမမာက ညောင်ညည်ညည်လေသံနှင့် ပြောလေသည်။

ဤတွင်မှာလည်း ကျွန်တော်တို့သည် ထိုလူမမာရှိရာသို့ လျှောက်ခဲ့ကြ လေသည်။

ထိုမမာနေသောသူမှာ သေဆုံးနေသူထက် အတော်အတန် အခြေအနေသင့် သေးသည်ဟု ဆိုရပါမည်။ ထိုသူ့ကိုယ်ပေါ်တွင် ချေးအထပ်ထပ် တက်နေသော ဖျင်ကြမ်းအကျိုကို ဝတ်ထားသည်။ ခါးပေါ်၌လည်း ချည်ပွပုဆိုးကြမ်းနှင့် ဖြစ်သည်။ ပြီးလျှင် ထိုသူသည် ဂုန်နီအိတ်ပိုင်းတစ်ခုကို ခြုံထားသည်။

ထိုသူ၏ အနီးပတ်ဝန်းကျင်တွင် ဝါးကျည်တောက်၊ ထမင်းစား ဝါးဆစ်ခွက် တစ်ခွက်၊ ဆားအနည်းငယ်ထည့်ထားသော ဝါးဆစ်ဘူးငယ်တစ်လုံး၊ ဤအရာများကို တွေ့ရလေသည်။

ထိုသူသည် သူ့အနီးသို့ ကျွန်တော်တို့ ရောက်ရှိသွားသည့်အခါမှပင် အသည်း ရပ်သွားလေသည်။

"ခင်ဗျား အခြေအနေ ဘယ်လိုနေလဲ၊ ခင်ဗျား ဘာလိုချင်လဲ၊ ထမင်း စားချင်လား"

ဘွန်ထိုက်ချို ကိုသာမြိုင်က မေးလေသည်။

"ထမင်းနည်းနည်းလောက် စားချင်တယ်ဗျာ၊ ကျုပ်အခြေအနေက လမ်း ကောင်းကောင်း မလျှောက်နိုင်ဘူး၊ ဒါကြောင့် ကျုပ်နေရစ်ခဲ့တာ၊ ဆေးလိပ်ကလေး များ ပါရင်လဲ ပေးခဲ့ကြပါဗျာ"

ထိုသူသည် လူနာ အမဲခြောက်တောင်းသော လေသံမျိုးနှင့် ပြောပါသည်။ ကျွန်တော်တို့ကို တွေ့ရသောကြောင့်လည်း သူသည် အတော်အားတက်သွားပုံ ရပါသည်။

"ဆရာလေး-သူ့ကို ထမင်းယူပေးလိုက်ရရင် ကောင်းမလားဗျ"

ကိုသာမြိုင်က မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူတို့ထံ၌လည်း ကညာဆီမီးတိုင်တစ်ခု ပါရှိလာလေသည်။ ကျွန်တော်က ပြောလိုက်သည့်အခါ သူတို့အထဲမှ သုံးလေးယောက်က ထိုလူမမာအား ဝင်ရောက်၍ ပွဲကြပြန်ပါသည်။

"ကဲပါဗျာ ဒီလိုလုပ်မနေပါနဲ့၊ ကြာလှတယ်၊ ဖယ်ကြစမ်း၊ ကျုပ်တစ်ယောက်ထဲ ဒီလူကို ထမ်းစမ်းမယ်"

ကိုမာဒင်ဆိုသော ချွေးတပ်သားက ပြောလေသည်။ ထိုသူမှာ အတော်ကလေး ကျန်းမာသန်စွမ်းသေးသူတစ်ယောက် ဖြစ်လေသည်။

ကိုမာဒင်သည် ပြောပြောဆိုဆိုပင် အခြားသူများကို ပယ်ရှားစေပြီး ထိုချွေးတပ်သား လူမမာအား ထမ်းပိုးခြင်းပြုလေသည်။

ထိုအခါမှပင် ကျွန်တော်တို့ တစ်စုမှာလည်း တဲတန်းလျားရှိရာသို့ လျင်မြန်စွာမောစွာ ရောက်ရှိခဲ့ကြပါလေသည်။

ကျွန်တော်တို့ ချွေးတပ်သားများ ညစာထမင်းစားကြသည့် အချိန်မှာမူ ဆယ်နာရီကျော်နေပါလေပြီ။ စမ်းချောင်း၏ တစ်ဖက်ကမ်း ဂျပန်စစ်သားများ ရှိကာမူလည်း ထိုအချိန်အထိ မီးပုံများထည့်လျက် သီချင်းဆိုသံများကို ကြားနေရလေသည်။

"ထမင်းက ကိစ္စမရှိဘူး၊ သူ့ကို ဒီအတိုင်းထားပစ်ခဲ့လို့ ကောင်းပါ့မလား၊ ကိုသာမြိုင်"

ကျွန်တော်က ကိုသာမြိုင်ကို ပြောလိုက်ပါသည်။ သူ အလိုရှိသော ထမင်း နှင့် ဆေးလိပ်ကိုမူ ကျွန်တော်တို့က အလွယ်တကူပင် ပေးနိုင်စွမ်းရှိကြပါသည်။ သို့ရာတွင် ထိုသူအား ထိုညအဖို့ ဤတဲငယ်ပေါ်တွင် လူသေအလောင်းကောင်ကြီး နှင့် တစ်ယောက်တည်း ထားခဲ့ရမည်မှာမူ မသင့်တော်လွန်းလှဟု ကျွန်တော် တွေးလိုက်မိပါသည်။

"ထားပစ်ခဲ့ရင်တော့ လူသေအလောင်းကြီးနဲ့ သူတို့နှစ်ယောက်ထဲ နေရမှာပဲ အစ်ကို"

သာဆင်က မြည်လေသည်။

ကိုသာမြိုင် ကိုယ်တိုင်မှာလည်း အတန်ကြာငိုင်နေပါလေသည်။

"ခင်ဗျား လုံးလုံး မလျှောက်နိုင်ဘူးလား"

ကျွန်တော်က မေးလိုက်ပါသည်။

"လူတွဲခေါ်ရင်တော့ နည်းနည်းပါးပါး လျှောက်နိုင်ပါလိမ့်မယ်ဗျာ"

ထိုသူက ပြောပါသည်။

"ကဲ-ကိုသာမြိုင်၊ ဒီလိုလုပ်ရအောင်ဗျာ၊ သူ့ကို ဟိုဘက်တဲရောက်အောင် ကျွန်တော်တို့ တွဲခေါ်သွားကြတာပေါ့၊ ဟိုသေနေတဲ့ အလောင်းကြီးကိုတော့ မနက်ကျမှ ကြည့်လုပ်ကြတာပေါ့ဗျာ"

"လုပ်လေ- လုပ်ပေါ့၊ ကဲ-ဆရာလေးက မီးတိုင်ကိုင်ပြီး လမ်းပြပေး၊ ကျွန်တော်နဲ့ သာဆင်က တွဲမယ်"

မကြာမီ ကျွန်တော်ကို သုံးယောက်သည် ထိုအစီအစဉ်အတိုင်း လုပ်ကြရလေသည်။

ကျွန်တော်က ရှေ့မှနေလျက် ကညာဆီမီးတိုင်ကို ကိုင်ကာ လမ်းပြပေးရလေသည်။ ကိုသာမြိုင်နှင့် သာဆင်တို့နှစ်ယောက်က လူမမာ ချွေးတပ်သားအား ကစ်ယောက်ကစ်ဖက် ပွဲလေသည်။

ကဲတစ်လုံးနှင့် ကစ်လုံးမှာ သိပ်ဆေးကွာလှသည်တော့ မဟုတ်ပါ။ အစွန်ဆုံး အနီးဆုံးဖြစ်သော ကဲသည် ခရီးတစ်ဖာလုံလောက်သာ ရှိပေမည်။ သို့ရာတွင် လူနာချွေးတပ်သားမှာ ခြေဒဏ္ဍာရီဆွဲလျက် တညည်းညည်းတညူညူ ဖြစ်နေသဖြင့် အတော်ပင် ခရီးမတွင်ကျယ်ဘဲ ဖြစ်နေရလေသည်။

ဤလိုနှင့် ခရီးတစ်ဝက်လောက် အရောက်တွင် ကျွန်တော်တို့ရှိရာသို့ ဘွန်ထိုက်ချို ကိုမောင်စိန်အုပ်စုမှ ဇနွှေးကပ်သား လေးငါးယောက် ပေါက်လာလေ

www.burmeseclassic.com

www.burmeseclassic.com

၂၃။ ထူးခြားသော သရုပ်ဖော်တင်ခြင်း

နောက်တစ်နေ့မနက်တွင် ကျွန်တော် အိပ်ရာမှထလျက် စမ်းချောင်းရေစပ်၌ မျက်နှာသစ်နေခိုက်၌ပင် စကားပြန်သူငယ်သည် ကျွန်တော်ရှိရာသို့ ပေါက်လာပါလေသည်။

"ဘာလဲဟော့-မောင်ချစ်"

ကျွန်တော်က စကားပြန်သူငယ်ကို လှမ်းမေးလိုက်ပါသည်။

"ဆရာလေးကို မာစတာ ခေါ်နေတယ်ဗျ၊ ဆရာလေးတို့ ဒီနေ့ အလုပ်မဆင်းရဘူးတဲ့"

စကားပြန်သူငယ်က ကျွန်တော့်ကို ပြောပါလေသည်။

"အေး-အေး-ငါ လာခဲ့မယ်၊ မင်းသွားနှင့်-"

ကျွန်တော်က ထိုကဲ့သို့ ပြောလိုက်သည့်တိုင် စကားပြန်သူငယ်သည် ထွက်ခွာမသွားသေးဘဲ ကျွန်တော့်အနီး၌ပင် ရပ်နေပါသည်။ ကျွန်တော်ကလည်း နောက်ထပ်၍ မည်သို့မှ မပြောတော့ဘဲ စမ်းချောင်းရေစပ်မှ တက်လာခဲ့ပါသည်။

ဘုရားဝန်းဆွစခန်း၏ စမ်းချောင်းရေစပ်မှာ အခြားသော စခန်းများ၌ကဲ့သို့ပင် မတူပါ။ အတော်ပင် သာယာလျက် အလွန်တရာလည်း စိတ်ကြည်နှူးဖွယ်ရာ ကောင်းလှပါသည်။ စမ်းချောင်း ကုန်းမြင့်ထက်တွင် ကျောက်မြေကျောက်တောင်များ ဖြစ်သော်လည်း ကမ်းစပ်မြေမှာ သဲနှင့် ကျောက်များ ရောပြွမ်းနေသော နေရာဖြစ်လေသည်။ ပြီးလျှင် သစ်ပင် သစ်ရိပ်များကလည်း အတော်ပင် ကောင်းလှပါသည်။ စမ်းချောင်းရေလယ်ရှိ ပေါ်ထွန်းနေသော ကျောက်တန်းကျောက်ဆောင်ကလေးများမှာလည်း တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ခုန်ကျော်ကူးသန်းသွား၍ ရောက်ရှိနိုင်လေသည်။ ဂျပန်များနေသောဘက်မှာမူ အထူးပြောဖွယ်

မရှိ။ ကျွန်ကော်တို့ ချွေးတပ်သားများ နေသည့်ဘက်ထက် ပို၍ကောင်းပြီး ပို၍ သာယာသည်။ သန့်လည်း သန့်ရှင်းလှပေသည်။

ကျွန်တော်သည် စကားပြန်သူငယ်နှင့်အတူ ကဲတန်းလျားရှိရာသို့ လျှောက်ခဲ့ပါသည်။ တဲအနီးအရောက်၌ပင် ကိုသာမြိုင်၊ ကိုမောင်စိန်၊ ကိုဘအုန်း စသော ဘွန်ထိုက်ချိုများကို တွေ့ရလေသည်။ ထိုအချိန်တွင် ချွေးတပ်သားများလည်း အိပ်ရာမှ နိုးကုန်ကြလေပြီ။ အချို့သည် တဲတန်းလျားအပြင်ရှိ မြေကွက်လပ်တွင် တန်းစီနေကြလေပြီ။ သူတို့က ထိုနေ့အဖို့ အလုပ်ဆင်းရလိမ့်ဦးမည်ဟူ၍ပင် ထင်နေကြဟန် တူလေသည်။

"ဒီနေ့ အလုပ်မဆင်းရဘူးတဲ့ ကိုသာမြိုင်၊ ကျွန်တော့်ကို ဂျပန်စစ်ဗိုလ် ခေါ်နေလို့ သွားလိုက်ဦးမယ်၊ အားလုံး ချွေးတပ်သားတွေကိုတော့ ဟန်းစီထား ပေါ့ဗျာ၊ ဂျပန်က လာစစ်ချင် စစ်နေမှာ"

ကျွန်တော်က ဘွန်ထိုက်ချို ကိုသာမြိုင်ကို ပြောလိုက်ပါသည်။ ပြီးလျှင် ဘွန်ထိုက်ချို၊ ဟန်ချို့များအား မှာကြားသင့်သည်များကို မှာကြားပြီးနောက် မောင်ချစ်နှင့်အတူ ဂျပန်စစ်ခုံရုံးရှိရာသို့ ထွက်လာခဲ့ပါသည်။

သည်တစ်ကြိမ် ကျွန်တော်တို့ ချွေးတပ်အဖွဲ့ စခန်းပြောင်းရွှေ့ခြင်းပြုခဲ့ရသည်မှာ လူပေါင်း ခြောက်ဆယ်ကျော်ကလေးသာ ဖြစ်လေသည်။ ကျွန်ကော်တို့ လူအချို့မှာ ခုနစ်ခွေစခန်းတွင် ကျန်ရစ်ခဲ့ကြလေသည်။ လူနည်းသည့်အတွက် တစ်ခုတော့ ကောင်းသည်ဟု ဆိုနိုင်ပါသည်။ ဤကောင်းသည့်အချက်မှာ ထမင်းဟင်းများကို နူးနူးနပ်နပ် ကျက်သည့်အထိ စားသောက်ရမြဲပင် ဖြစ်ပါသည်။ လူအင်အား နည်းလေလျှင် ထမင်းချက်သမားများကလည်း ထမင်းဟင်းကို ကျက်အောင် နပ်အောင် ချက်ပြုတ်နိုင်ကြလေသည်။

"ဒီစခန်းမှာ အလုပ်တော့ နည်းမယ်၊ ဒါပေမယ့် ဆရာလေးတို့ အတော် ကြာကြာနေရလိမ့်မယ် ထင်တယ်"

မောင်ချစ်၏နှုတ်ဖျားမှ ပွင့်ထွက်လာသောစကား ဖြစ်လေသည်။

"ဘယ်လိုကြောင့်လဲ မောင်ချစ်"

ကျွန်တော်က သူ့ပခုံးကို ညင်သာစွာ ဆုပ်ကိုင်လျက် မေးလိုက်ပါသည်။

"ဆရာလေး-ဘယ်သူ့ကိုမှ မပြောနဲ့နော်"

စကားပြန်သူငယ်သည် ကျွန်တော့်မျက်နှာကို မော့ကြည့်လေသည်။

"စိတ်ချ ညီလေးရာ-အစ်ကို ဘယ်သူ့ကိုမှ မပြောပါဘူးကွာ"

"ဆရာလေး စဉ်းစားကြည့်လေဗျာ၊ ရထားလမ်းက ခုဆိုရင် ပြီးနေမယ်ဗျ၊ အဲ-ဒါပေမယ့် ပြီးသွားတဲ့ ရထားလမ်းအတွက် တစ်စခန်း တစ်စခန်းမှာ အလုပ်

www.burmeseclassic.com

www.burmeseclassic.com

သမား လေးငါးဆယ်တော့ ထားရဦးမှာပေါ့ဗျာ၊ ဒါမှလဲ နောက်ဟော့ လမ်းပြင်ဖို့ အလုပ်တို့၊ တံတားပျက်ရင် ပြင်ဖို့ အလုပ်တို့ကျတော့ ဖြစ်မှာပေါ့ဗျ၊ နောက်ပြီး ထင်းဆိုရင် အမြဲတမ်း လိုနေမှာ မဟုတ်လားဗျာ"

စကားပြန်သူငယ်က ပြောပါသည်။ ဒီနေ့ ဒီရက်ရောက်မှ စကားပြန်သူငယ် ထူးထူးခြားခြားပြောသော စကားကြောင့်လည်း ကျွန်တော် အလွန်တရာအံ့သြခြင်း ဖြစ်ရပါသည်။ ကျွန်တော် အထက်ကဆိုခဲ့သည့်အတိုင်း ဤသူငယ်ကလေးများသည် အလွန်တရာပင် နှုတ်လုံကြသောကြောင့်ပင် ဖြစ်ပါသည်။

တံတားကလေးထိပ်သို့ ကျွန်တော်တို့နှစ်ယောက် ရောက်ရှိခဲ့ကြပါသည်။ ထိုအခါ ကျွန်တော်သည် စကားပြန်သူငယ်၏ ပခုံးကို ခပ်တင်းတင်း ကိုင်ထားရာမှ ခြေလှမ်းကိုလည်း ခပ်လေးလေး ပြင်လျှောက်ရပါသည်။

"ကျွန်တော်တို့ မကြာခင် မော်လမြိုင်မှာရှိတဲ့ စစ်ဌာနချုပ်ကို ပြောင်းရမယ် အစ်ကို"

စကားပြန်သူငယ်က ပြောပါသည်။

"ဘာဖြစ်လို့ ပြောင်းရမှာလဲကွ၊ ညီလေးပြောင်းသွားတော့ တို့အတွက် ဘယ်သူက စကားပြန်လုပ်ပေးမှာလဲ"

ကျွန်တော်က မေးလိုက်ပါသည်။ စင်စစ် ကျွန်တော့်အနေဖြင့် စကားပြန်သူငယ်အား မေးမြန်းလိုသော အခြားအကြောင်း၊ အခြားကိစ္စများ ရှိနေပါသည်။ သို့ရာတွင် ရတ်တရက် မမေးရဲပါ။ သူတို့ကလေးတွေနှင့် ဆက်ဆံရသည့်ကပင် အကောင်းပါးနပ်လိမ္မာစွာ ဆက်ဆံရသည့် အနေအထားမျိုး ဖြစ်ပါသည်။

"မာစတာ အိနားမတ်ဆာတို့ ပြောင်းရင် ကျွန်တော်တို့လဲ ပြောင်းရဖို့ သေချာပါတယ် အစ်ကို၊ အစ်ကိုတို့ဆီကို နောက်ထပ် ဂျပန်လူသစ်တွေ လာမှာပဲ၊ အဲ-သူတို့အထဲမှာ မြန်မာလိုတတ်တဲ့ ဂျပန်တွေ ပါချင်ပါလာမှာပေါ့၊ အဲလို မဟုတ်ရင် ကုလားကပြား စကားပြန်တွေ ပါလာမှာပေါ့ အစ်ကို"

မောင်ချစ်က ပြောပြန်ပါသည်။ မောင်ချစ်ကို ကြည့်ရသည်မှာလည်း အရင်ကလောက် မျက်စိမျက်နှာ မသာယာပါ။

"အစ်ကိုတို့တစ်တွေကို ဒီမှာ အကြာကြီးထားလိမ့်မယ်လို့ မင်း ထင်သလား ကွယ့်-"

ကျွန်တော်က သူ့စကားကို ပြန်ကောက်မေးရပါသည်။ ဤလို မေးရသည်မှာ အခြားကြောင့် မဟုတ်ပေ။ ပို၍ သေချာအောင် ဖြစ်လေသည်။ အကယ်၍များ ကျွန်တော်တို့တစ်ဖွဲ့ တော်တော်နှင့် မပြန်ရသေးဟု ဆိုလျှင်ကား ကျွန်တော်

ကိုယ်တိုင် ထိုသေမင်း၏ ခံတွင်းပေါက်မှ လွတ်မြောက်ရေးအတွက် တိတ်တဆိတ် ထွက်ပြေးကောင်း ပြေးရပေလိမ့်မည်။ ဤသို့လည်း ကျွန်တော် သဘောပိုက်ထားပါသည်။

"ကျွန်တော့်အထင်တော့ ဆရာလေးတို့ နောက်တစ်နှစ်နဲ့ မပြန်ရသေးပါဘူးဗျာ"

စကားပြန်သူငယ်က ပြောပါသည်။

သူ့စကားကြောင့် ကျွန်တော့်ရင်ထဲတွင် အမောကြီး မောသွားရပါသည်။ ရှေ့ဆက်၍လည်း စကားမပြောချင်လောက်အောင် ဖြစ်မိပါသည်။

မကြာမီ ကျွန်တော်တို့သည် စမ်းချောင်းကူး တံတားယောင်ကို ဖျက်လွှန်ခဲ့သည်။ ထိုကမ္ဘတစ်ဆင့် နေတံဆိပ်အလံထူထားရာ စစ်ရုံးအဆောက်အဦရှိရာသို့ ဆက်လက်၍ လျှောက်ခဲ့ကြသည်။ နောက်ထပ်၍ကား နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် တစ်စုံတစ်ရာ မပြောကြတော့ပါ။

စစ်ရုံးအဆောက်အဦအတွင်းသို့ ရောက်သည့်အခါ စားပွဲတွင် ထိုင်နေသော အိနားမတ်ဆုနှင့် အခြားဂျပန်သုံးလေးယောက်တို့ကို တွေ့ရပါသည်။ အိနားမတ်ဆုကို တွေ့ရသည်မှာ ပြုံးပြုံးရွှင်ရွှင်ပင် ဖြစ်လေသည်။

"တော်ပေသေးရဲ့" ဟု [illegible]တော့စိတ်ထဲက မှတ်ချက်ချလိုက်မိသည်။ ဂျပန်စစ်ဗိုလ်များ ခေါ်သည်ဆိုလျှင် အလိုလိုနေရင်း စိတ်ထဲက တွေးတော စိုးရိမ်နေရပါသည်။ အိနားမတ်ဆုမှာ ယမန်နေ့ညက အရက်သောက်ထားသောကြောင့် ယခုမနက်အထိ တစ်မျိုးတစ်ဖုံ ဖြစ်နေပေဦးမည်လားဟူ၍လည်း တွေးတော ပူပန်မိခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ဘုရားသုံးဆူစခန်းသို့ ရောက်သည့်အခါ ဂျပန်များထဲတွင် အိနားမတ်ဆုမှာ အကြီးဆုံးတစ်ယောက်ဖြစ်ပါသည်။ ကျန်သော ဂျပန်အားလုံးသည် အိနားမတ်ဆုထက် အဆင့်အတန်းငယ်သူများ ဖြစ်ကြလေသည်။ သို့ရာတွင် အသက်အရွယ်အားဖြင့်မူ အိနားမတ်ဆုထက် ကြီးသူတွေ ဖြစ်ကြလေသည်။ ထမင်းချက် ဂျပန်စစ်သားတစ်ယောက်သာလျှင် အိနားမတ်ဆုထက် ငယ်ရွယ်သူ ဖြစ်လေသည်။ ဘုရားသုံးဆူစခန်းသို့ ရွှေ့ပြောင်းလာသည်မှာ ဂျပန်စစ်သား စုစုပေါင်း ဆယ့်တစ်ယောက် ဖြစ်လေသည်။

"ဘိခမာ-ဝက်သား ကောင်းတယ်ကား"

ကျွန်တော့်ကို တွေ့လိုက်လျှင်ပင် အိနားမတ်ဆုက ထိုစကားကို စတင်ပြောပါသည်။ အိနားမတ်ဆုသည် မြန်မာစကားကို အတော်အတန် ပီပီသသပြောနိုင်နေ

www.burmeseclassic.com

www.burmeseclassic.com

လေပြီ။ 'ကား' နှင့် 'လား' ကွဲလွဲနေသည်မှအပ အတော်ကလေးလည်း နားထောင်၍ ကောင်းနေပါလေသည်။

"သိပ်ကောင်းတယ် မာစတာ"

ကျွန်တော်က ပြန်လည်ဖြေကြားလိုက်ပါသည်။

"သိပ်ကောင်းတယ်၊ ဟုတ်တကား"

"ဟုတ်တယ် မာစတာ၊ သိပ်ကောင်းတယ်"

အိနားမတ်ဆုသည် သဘောကျစွာ တခစ်ခစ်ရယ်လေသည်။ သူ့အနီးရှိ ကျပန်သုံးလေးယောက်ကလည်း သဘောကျသလို ရယ်မောကြလေသည်။

"အင်း-အင်း- ဘိခမာ၊ အားလုံး ထိုင်ပါ၊ ထိုင်ပါ ရှိတကား၊ အင်း-အားလုံး အလုပ်ကား ထိုင်ပါ၊ ထိုင်ပါ ရှိတယ်၊ နားလည်တကား"

"ဟိုက်-မာစတာ၊ ဟိုက်-"

ကျွန်ထော်က နားလည်ကြောင်း ပြောရလေသည်။ အမှန်အားဖြင့် ယနေ့မနက် အလုပ်မဆင်းရသေးကြောင်းကိုမူ စကားပြန်သူငယ်ကလေးထံမှ ကျွန်တော် ကြိုတင်သိထားရပြီး ဖြစ်ပါသည်။

ပြီးသော် ကျွန်တော်သည် စကားပြန်သူငယ်မှ တစ်ဆင့် ချွေးတပ်သား နှစ်ယောက် စခန်းတွင် ကျန်ရစ်ခဲ့ကြောင်းကိုလည်းကောင်း၊ တစ်ယောက်မှာ သေဆုံးသွားသည့်အကြောင်းကိုလည်းကောင်း အိနားမတ်ဆုအား ပြောကြားခြင်း ပြုရလေသည်။

ထိုအခါ အိနားမတ်ဆုထံမှ သေဆုံးသူ ချွေးတပ်သားအား မြှုပ်နှံပစ်လိုက်ရန်နှင့် ကျွန်ကော်တို့ ချွေးတပ်သားအဖွဲ့သားများအားလုံး စေ့စေ့ငင ရောက်မရောက် မေးမြန်းခြင်းပြုပါသည်။ ပြီးလျှင် ပျက်စီးနေသော တဲတန်းလျားများကို ပြုပြင်နေထိုင်ကြရန်၊ ရေကို ကျိုချက်သောက်ရန်နှင့် ညဘက်များတွင် သူတို့ တစ်တွေက အခေါ်မရှိဘဲ ချွေးတပ်သားများ တစ်ဖက်ကမ်းသို့ ကူးသန်း မလာကြရန်၊ ကျွန်တော်ပင် ကိစ္စရှိ၍ လာပါက မီးတုတ်ထွန်း၍ လာရန်၊ တံတားထိပ်ရှိ ကင်းရဲစွာင် ကင်းတာပန်းကျ ကျပန်စစ်သားအား ကိစ္စကို ပြောကြားရန် မှာကြားခြင်း ပြုပါသည်။

ထိုကိစ္စများပြီးသည့်အခါ ကညင်ဆီမီးတိုင် ၁၀ ချောင်း၊ ကွမ်းသီးဖက် ဆေးလိပ် နှစ်စည်း၊ ကြဲသကာ တစ်ထုပ်နှင့် မြေပဲဆံ တစ်ပြည်သားခန့်ကို ကျွန်တော့်အတွက် ရိက္ခာဂိုဒေါင်တွင် မောင်ချစ်နှင့်အတူ သွားရောက်ထုတ်ယူရန် စာရေးပေးလိုက်ပါသည်။

ကျွန်တော်သည် အိနားမတ်ဆုအား အလေးပြုပြီးနောက် ကျေးဇူးတင်ကြောင်း ပြောဆိုကာ စစ်ရုံးအဆောက်အအုံအတွင်းမှ စကားပြန်သူငယ်နှင့် နှစ်ယောက်သား ထွက်ခဲ့ကြပါသည်။

အိနားမတ်ဆုသည် နှုတ်ဖျားမှ "ကျေးဇူးတင်တယ်၊ ကျေးဇူးတင်တယ်" ဟု ကြွက်တူရွေး စကားသင်းသလို တတွတ်တွတ် ရွတ်ဆိုရင်း ကျန်ခဲ့လေသည်။

ရိက္ခာပစ္စည်းများနှင့် အလုပ် လက်နက်ကိရိယာများထားသော ဂိုဒေါင်သည် ကျပန်များနေသော ကမ်းခြေဘက်၌ပင် ဖြစ်လေသည်။ ကျပန်တို့၏ အိမ်ငယ် အဆောက်အအုံများနှင့်ဆိုလျှင် အကန်ငယ်လုမ်းလုမ်းကွင် ဖြစ်လေသည်။ သစ်ပင်ကြီးများအောက်တွင် ဆောက်လုပ်ထားသော အင်ဖက်ခိုးထားသည့် ရှည်မျောမျော အဆောက်အအုံများပင် ဖြစ်လေသည်။

"မနေ့တုန်းက တောဝက်ဟာ သေနတ်နဲ့ ပစ်လို့ ရတာလားကွ"

ရိက္ခာဂိုဒေါင်ရှိရာသို့ နှစ်ယောက်အတူ လျှောက်လာရင်းမှ ကျွန်တော်က စကားပြန်သူငယ်ကို မေးလိုက်ပါသည်။

"သေနတ်နဲ့ပစ်တာ မဟုတ်ဘူး အစ်ကို၊ ဟို-ကျပန်သွားခေါ်ကြီးက ကျောကွင်းလုပ်ပြီး ထောင်ထားတာဗျ၊ ဟို-တဲ့အိမ်တွေရဲ့ နောက်ဖက်မှာပေါ့၊ ကျောကွင်းတွေ လုပ်ထားပြီး ထမင်းတွေ ပစ်ထားတာယ်၊ အဲဒါ ဝက်က လာတော့ ကျောကွင်းထဲ ဝင်တိုးမိတာပဲ၊ အဲဒီကျပန်သွားခေါ်ကြီးက ဒီဘက်က သိပ်ပြီး ကျွမ်းကျင်တယ်"

စကားပြန်သူငယ်က ကျွန်တော့်ကို အသေအချာပြောလေသည်။

"ညကုန်းက အားလုံးမူးနေကြလားကွ"

ကျွန်တော်က အတွေးအတောတစ်ခုဖြင့် မေးလိုက်ပါသည်။

"ကင်းစောင့်ကဲ့ ကျပန်နှစ်ယောက်ကတော့ သိပ်မမူးပါဘူး၊ ကျန်တဲ့ ကျပန်တွေတော့ မူးနေတာပဲ၊ မာစတာ အိနားမတ်ဆုလဲ မူးနေတာပဲဗျ"

"ဒါပေမယ့် ညတိုင်းတော့ သူတို့သောက်မှာ မဟုတ်ပါဘူးနော်"

ကျွန်တော်က စူးစမ်းလိုက်ပါသည်။

"ညတိုင်းကော့ ဘယ်သောက်ပါ့မလဲ အစ်ကိုရယ်၊ သောက်ရင်လဲ ဒါလောက် မူးနေအောင် ဘယ်မှာ သောက်ပါ့မလဲ၊ ကင်ပေတိုင် စစ်သားက ရောက်ချင် ရောက်လာတာ၊ သူတို့ကတော့ ကစ်စခန်းနဲ့တစ်စခန်းကို ညဘက်လဲ သွားတာပဲဗျ"

ကျွန်တော်နှင့် စကားပြန်သူငယ်သည် စကားတပြောပြော လျှောက်ခဲ့ကြရာမှ မကြာမီအချိန်၌ပင် ရိက္ခာဂိုဒေါင်ရှိရာသို့ ရောက်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ဂိုဒေါင်မှူး ဂျပန်၏ စစ်သားအား အိန္ဒာမက်ဆုံ၏ စာကို ထုတ်ပေးလိုက်ပါသည်။

ဂိုဒေါင်မှူးသည် ကျွန်တော်နှင့် စကားပြန်သူငယ်တို့အား ဂိုဒေါင်အတွင်းသို့ ခေါ်ဆောင်သွားပါသည်။ ဂိုဒေါင်အတွင်းသို့ ရောက်သည့်အခါ ကျွန်တော်သည် အတွင်းရှိ အခြေအနေကို တစေ့တစောင်း အကဲခတ်လေ့လာမိပါသည်။

ပဲအိတ်များ၊ ဆန်အိတ်များ၊ အာလူးခြောက်ကြီးများ၊ သကြားအိတ်၊ ကြံသကာပုတ်မှ စလျက် ပစ္စည်းအတော်ခပ်များများ ရှိနေသည်ကို တွေ့ရပါလေသည်။ ဖယောင်းပုံးနှင့် ရေနံဆီပုံးများကိုလည်း တွေ့ရလေသည်။ ထိုပစ္စည်းများမည်သည့်နေရာတွင် အသုံးပြုသည်ကိုကား ကျွန်တော် မပြောတတ်ပါ။ ချွေးတပ်သားများအဖို့ကား မဟုတ်ကြောင်း ထင်ရှားလှပါသည်။

ကျွန်တော်သည် ရိက္ခာဂိုဒေါင်မှ ပစ္စည်းများကို ထုတ်ယူခဲ့ပြီးနောက် စကားပြန်သူငယ်ကလေးအား နှုတ်ဆက်လျက် ဟစ်ဖက်ကမ်းသို့ ပြန်ကူးခဲ့ပါသည်။ တဲတန်းလျားများရှိရာသို့ ကျွန်တော်ရောက်သွားသည့်အခါ ကျွန်တော့်အား စောင့်ကြို နေကြသော ဘွန်ထိုက်ချို၊ ဟန်ချို စသူများကိုလည်းကောင်း၊ မြေကွက်လပ်တွင် တန်းစီထိုင်နေကြသော ချွေးတပ်သားများကိုလည်းကောင်း အဆင့်သင့် တွေ့ရပါလေသည်။

ကျွန်တော်သည် ချွေးတပ်သားများအား ထိုနေ့အဖို့ အလုပ်ဆင်းရလိမ့်မည် မဟုတ်ကြောင်းနှင့် တဲတန်းလျားများကို တာတ်နိုင်သမျှ ပြုပြင်ခြင်းပြုကြရန် ပြောကြားရလေသည်။ ပြီးလျှင် ရေကို ကျိုချက်၍ သောက်ကြရန်နှင့် ညရေးညတာအတွက် ထင်းများ ရှာဖွေစုဆောင်းထားကြရန်ကိုလည်း သတိပေးပြောကြားခြင်း ပြုရလေသည်။

"ဆရာလေး–ဟို သေတဲ့လူကိစ္စ ဘယ်လိုလုပ်ကြမလဲဗျ"

ချွေးတပ်သားများအားလုံး နေရာမှ ထ,သွားကြသည့်အခါ ဘွန်ထိုက်ချို ကိုသာမြိုင်က ကျွန်တော့်ကို မေးလေသည်။

"ထုံးစံအတိုင်းပေါ့ဗျာ– မြှုပ်ပစ်လိုက်ကြတာပေါ့"

ကျွန်ုပ်က ပြောလိုက်ပါသည်။ ဟုတ်ပါသည်။ ချွေးတပ်သား တစ်ဦး တစ်ယောက် သေဆုံးခဲ့လျှင် မြေမြှုပ်ပစ်လိုက်ရုံမှ လွဲ၍ မည်သို့မှ ပြုလုပ်စရာ အကြောင်းမရှိပါပေ။

ထိုအချိန်မှာ ချွေးတပ်သားများ ကျွန်တော်တို့အနီးတွင် မရှိကြသော်လည်း ဘွန်ထိုက်ချို၊ ဟန်ချို ခုနစ်ယောက်၊ ရှစ်ယောက်ခန့်မှာကား ကျွန်တော့်အနီး၌ပင် ရှိနေကြပါသည်။

"ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်"

ဘွန်ထိုက်ချို ကိုမောင်စိန်က ပြောပါသည်။ သူသည် အသုဘကိစ္စနှင့် ပတ်သက်၍လည်း အကြံဉာဏ်တစ်ခုတလေ ပေးလိုဟန် တူပါသည်။

"ဆိုစမ်း ကိုမောင်စိန် ဘယ်လိုလဲ"

ဟန်ချို ကိုချစ်တီးနှင့် ဘွန်ထိုက်ချို ကိုသာမြိုင်တို့က ပြိုင်တူလို မေးလေသည်။ သူတို့နှစ်ဦးစလုံးက ဘွန်ထိုက်ချို ကိုမောင်စိန်အား ရယ်စရာ လူတစ်ယောက်လို ပြုံးစိစိမေးလိုက်ကြခြင်း ဖြစ်လေသည်။

ကျွန်တော်တို့ လူစုထဲတွင် ဘွန်ထိုက်ချို ကိုမောင်စိန်မှာ လူရွှင်တော်တစ်ယောက်လို ဖြစ်နေပါသည်။ သူသည် ရွှတ်နောက်နောက်လည်း ပြောတတ်သည်။ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောလည်း နေတတ်သည်။

ကိုမောင်စိန်မှာ လူပုံလူပန်းအားဖြင့်လည်း ပွဲကျလောက်သည်။ အသားအရေက ဖြူစပ်စပ်၊ မျက်ပေါက်က ကျဉ်းကျဉ်း၊ ပါးနှစ်ဖက်က ချိုင့်လျက်၊ နှုတ်ခမ်းပြောင်ပြောင်၊ ဦးခေါင်း ဘိုကေမှာ ခပ်ပါးပါး ဆံပင်ရှိလေသည်။ ပြီး–လှမှာ အရပ်ပု၍ လမ်းလျှောက်လျှင်လည်း ကားယား ကားယား ဖြစ်လေသည်။

ဘွန်ထိုက်ချို ကိုသာမြိုင်တို့လူစုက အမေးအမြန်းရှိသော်လည်း ကိုမောင်စိန်မှာ ရုတ်တရက် စကားသံမထွက်သေးပါ။ ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေပါသည်။

"ဆိုပါဗျာ–ဘယ်လို–"

ကျွန်တော်က မေးလိုက်သည်။

"ဟိုဗျာ–ဟိုဒင်းလေ–အဲ–အဲဒီလူ အသုဘကို ကျွန်တော်တို့ သရဏဂုံတင်ကြရင် ကောင်းမယ်ဗျ၊ ဒါမှလဲ သူဟာ ဒီနေရာ ဒီအရပ်က ကျွတ်လွတ်မယ်"

ကိုမောင်စိန်က မရဲတရဲ မပွင့်မလင်း ပြောပါတော့သည်။

"ဟာဗျာ–သရဏဂုံတင်ရအောင် ဘုန်းကြီးက ဘယ်ရှိလို့လဲဗျ၊ ခင်ဗျားဟာကြံကောင်းစည်ရာဗျာ"

ဘွန်ထိုက်ချို ကိုသာမြိုင်က ပြောလိုက်ပါသည်။ အခြားသော ဟန်ချိုနှင့် ဘွန်ထိုက်ချိုများကလည်း ကိုမောင်စိန်အား ဝိုင်းဝန်းရယ်မောနေကြပါသည်။ သို့ရာတွင် ကိုမောင်စိန်ကမူ မျက်နှာတစ်ချက်ကလေးမပျက်ဘဲ ခပ်တည်တည် ဆက်၍ ပြောပါသည်။

"တစ်ခု ရှိပါတယ်ဗျာ၊ သရဏဂုံတင်တယ်ဆိုတာ ဘုန်းကြီးပါမှ၊ ဘုန်းကြီး ရှိမှ မဟုတ်ပါဘူးဗျ၊ သရဏဂုံရှိတဲ့လူက သရဏဂုံတင်ရင်လဲ ပြီးတာ ပဉ္စမဏာ ပါပဲဗျာ၊ ကျွန်တော်ပြောချင်တာက ဒီအတိုင်းကြီး မြှုပ်ပစ်တာထက်ဟော့ သရဏဂုံ

www.burmeseclassic.com

www.burmeseclassic.com

တင်ပွဲလေး ဘာလေးလုပ်ပြီးမှ မြှုပ်ရင် ပိုကောင်းမယ် မဟုတ်လား၊ အဲဒီလို လုပ်ပြီး အမျှအတမ်းလေး ဝေလိုက်ရင် ခမျာအဖို့လဲ ကျွတ်ကျွတ်လွတ်လွတ် သွားလိုရာ သွားနိုင်တာပေါ့ဗျာ"

ဤလို ကိုမောင်စိန်က ပြောလိုက်သည့်အခါ ဘွန်ထိုက်ချို၊ ဟန်ချိုအားလုံးပင် ငြိမ်သက်သွားကြပါသည်။ ခပ်စောစောကလို ပြိုးစိစိ ရယ်မောမော မျက်နှာနေ မျက်နှာထားမျိုးလည်း မဟုတ်တော့ဘဲ ခပ်တည်တည်ဖြစ်သွားကြပါသည်။

"ကျွန်တော်ပြောတာ ဟုတ်,မဟုတ် ခင်ဗျားတို့ စဉ်းစားကြည့်လေ၊ ဟို-သုံ့ပန်းစစ်သားတွေကမှ သူတို့လူတစ်ယောက် သေရင် သူတို့ဟာသူတို့ ရွတ်ကြ ဖတ်ကြသေးတယ်၊ ကျွန်တော်တို့ကတော့ ဘာမှလုပ်ကြတာ မဟုတ်ဘူး၊ သူတို့လို ကျွန်တော်တို့လဲ ရွတ်ကြ ဖတ်ကြရင် ဖြစ်နိုင်တာပဲဗျ"

ရွေးတပ်သား ဘွန်ထိုက်ချို၊ ဟန်ချိုများ အားလုံးပင် သူ့ပြောစကားကို အတော်ပင် သဘောကျ လက်ခံလိုက်ဟန် ရှိလေသည်။ သူတို့အားလုံး ခပ်တွေတွေနှင့် ငြိမ်မြဲ ငြိမ်နေကြလေသည်။ ကျွန်တော့်ရဲဘော်ကြီး ကိုသာမြိုင်ကိုယ်တိုင်ပင် ကျွန်တော့်မျက်နှာကို လှမ်းကြည့်နေပါသည်။ သူ့အမူအရာမှာ "ဘယ်လိုလဲ ဆရာလေး" ဟူသော အမူအရာမျိုး ဖြစ်လေသည်။

"ဒီနေ့လဲ ကျွန်တော်တို့ အားရတဲ့နေ့ပဲဗျ၊ ဒီအသုဘကို အသုဘနဲ့ ကူအောင် သင်္ကြိဟ်လိုက်ကြရအောင်ဗျာ ဆရာလေး၊ ဗုဒ္ဓဘာသာပီပီ သရဏဂုံလေး ဘာလေး တင်လိုက်ကြရအောင်"

ကိုမောင်စိန်က ကျွန်တော့်ကို လှမ်းပြောပါသည်။

"ဘယ်သူက ရွတ်မှာ ဖတ်မှာလဲ ကိုမောင်စိန်"

ကျွန်တော်က မေးလိုက်ပါသည်။

"ဖြစ်ပါတယ် ဆရာလေးရာ၊ ဟော-သူ့ကို ရွတ်ခိုင်း ဖတ်ခိုင်းတာပေါ့ဗျာ"

ကိုမောင်စိန်က လူအုပ်ထဲမှ တစ်ယောက်ကို လက်ညှိုးထိုးပြပါသည်။ သူညွှန်ပြသော သူမှာ မအူပင်နယ်မှ ဦးဘကောင်းဆိုသူ ဖြစ်လေသည်။

"ဟုတ်တယ်-ဟုတ်တယ်၊ ဦးဘကောင်းကြီးရှိသားပဲ၊ သူ့ကို ဘုန်းကြီးများလို ရွတ်ခိုင်းပြီး ရေစက်ချ အမျှဝေခိုင်းရင် ဖြစ်ပါတယ်၊ သူက တရားလဲ ဟောတတ်တာပဲ"

ဘွန်ကိုက်ချို၊ ဟန်ချိုများက ဝိုင်းပြောကြလေသည်။

ကျွန်တော်သည် ဦးဘကောင်းကို လှမ်းကြည့်လိုက်သည်။ ဦးဘကောင်းမှာ ညတိုင်း ညတိုင်း အိပ်ရာဝင်ချိန်တွင် ဘုရား၊ တရား ရွတ်ဖတ်သရဇ္ဈာယ်သူ

ဖြစ်သည်။ ပရိတ်တရားများကို ရွတ်လျက် ရံဖန်ရံခါ သံနေသံထားဖြင့် တရားဟော ကတ်သည်။ အလုပ်သက်သာသော ဘွန်ထိုက်ချို့တပ်ယောက် ဖြစ်လေသောကြောင့် လည်း လပြည့် လကွယ်နေ့များတွင် ဥပုသ်များပင် စောင့်လိုက်သေးသည်။ ကျန်တော်တို့တစ်တွေမှာ တောကြီး တောင်ကြီးအလယ်တွင် ရောက်နေသူများ ဖြစ်ကြသော်လည်း နေ့၊ လ၊ ရက် စသည်များကို မသိလျှင် ဦးဘကောင်းကိုပင် မေးကြမြန်းကြရပါသည်။ အငြင်းပွားကြလျှင်လည်း ဦးဘကောင်းထံ အဆုံးအဖြတ် ခံကြရပါသည်။

"ဘယ့်နယ်လဲ ဦးဘကောင်း"

ကျွန်တော်က ဦးဘကောင်း၏ သဘောထားကို မေးလိုက်ပါသည်။

"ဖြစ်ပါတယ်ဗျာ၊ ဖြစ်ပါတယ်၊ ကျုပ်က ရဟန်း ခုနစ်ဝါ၊ ရှစ်ပါ ရလာကဲ့ လုပဲဟာ အားလုံး သိပါတယ်"

ကျွန်တော်သည် ဦးဘကောင်း၏ ပြောဂုဏ်ဆိုပုံနှင့် သူ့အမူအရာ၊ သူ့ပုံသဏ္ဌာန်ကို ကြည့်လျက် ပြုံးရပါသည်။ ဦးဘကောင်းသည် သူ့အကျိုး သူ့ပုဆိုးများကို ယောဂီရောင် သစ်ခေါက်ဆိုးလျက် ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်လေသောကြောင့်ပင်။

"ခင်ဗျားတို့အားလုံးက သဘောတူရင် လုပ်ကြပေါ့ဗျာ"

ကျွန်တော်က အဆုံးအဖြတ်ပေးသလို ပြောလိုက်ပါသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချို၊ ဟန်ချိုတစ်စုက ကြိုးမှုးလျက် ထိုကွယ်လွန်သူ ရွေးတပ်သား၏ အသုဘကို နေ့လယ်ဘက်တွင် သရဏဂုံတင်ခြင်း ပြုကြပါလေသည်။

သူတို့တစ်တွေ သရဏဂုံတင်ကြသည်မှာ ဤသို့ဖြစ်လေသည်။

ဘွန်ထိုက်ချို ဦးဘကောင်းက ဘုန်းတော်ကြီးတစ်ပါးကဲ့သို့ တဲတာန်လျား၏ အမြင့်ထက်မှ နေရာယူလျက် ထိုင်လေသည်။ ဘွန်ထိုက်ချို၊ ဟန်ချိုများက မြေကြီးပေါ်မှာ ထိုင်ကြသည်။ ဘုတို့လူစုက ရှေ့မှဖြစ်လျက် ကျန်သော ရွေးတပ်သား အများစုတို့က နောက်မှ ဖြစ်လေသည်။ ပြီးသော် အသုဘအလောင်းကောင်ကြီးကိုလည်း ယခင်သေဆုံးသူ ရွေးတပ်သားများကဲ့သို့ မဟုတ်ဘဲ ထမ်းစင်များလုပ်လျက် အကျအန ပြင်ဆင်ထားလေသည်။

ဤလိုပြင်ဆင်ထားသည်မှာ ဂါးများနှင့် ဖြစ်လေသည်။ လူလေးယောက်တို့ အလွယ်တကူ ထမ်းပိုးနိုင်စေရန်လည်း ပြုလုပ်ထားပါသည်။ သစ်ရွက်သစ်ခက်များကိုလည်း အသုဘအလောင်းပေါ်မှ လိုက်ပေါင်းပမာ ပြုလုပ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ဘွန်ထိုက်ချို ဦးဘကောင်းက ငါးပါးသီလ ပေးသည်။ အသုဘကို သရဏဂုံ တင်ပေးသည်။ ပြီးလျှင် သခ်ါရသဘောတရားကို အသံနေ အသံထား နှင့် ရွတ်လျက် တရားဟောခြင်းပြုလေသည်။

ထိုကိစ္စများပြီးလေသော် သေဆုံးသူ ချွေးတပ်သား၏ အလောင်းကို တဲတန်းလျားအတွင်းမှ ချွေးတပ်သားလေးယောက်တို့က ထမ်းထုတ်သွားကြလေသည်။ အတော်ပင် အလှမ်းကွာဝေးသော တောတွင်းတစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် မြှုပ်နှံခြင်းပြုလိုက်ကြပါသည်။ ထိုကိစ္စများ ပြီးသည့်အခါ ဟန်ချို ကိုချစ်တီးက ကွယ်လွန်သူ ချွေးတပ်သားအား အမျှအတမ်းပေးဝေလျက် အမိန့်ပြန်တမ်း ထုတ်ပြန်ခြင်းပြုလေသည်။ သို့ရာတွင် ဘွန်ထိုက်ချို ကိုသာမြိုင်တို့ လူစု၏ဖြစ်ပုံမှာ အံ့သြစရာတော့ ကောင်းလှပါသည်။ သူတို့သည် ကွယ်လွန်သူ ချွေးတပ်သား၏ အမည်နာမကိုမျှ မသိရှိကြပါချေ။ ထိုသူ၏အမည်ကို သိရှိနိုင်ရန် မှာလည်း မလွယ်ကူပါပေ။ ထိုချွေးတပ်သား၏ အဖွဲ့မှာ ဘုရားသုံးဆူစခန်းသို့ ကျွန်တော်တို့ မရောက်မီကပင် ပြောင်းရွှေ့သွားကြပြီးဖြစ်သည်။ ထိုသူနှင့်အတူ တဲတန်းလျားပေါ်တွင် တွေ့ရသော လူမမာချွေးတပ်သားကလည်း ကွယ်လွန်သူ ချွေးတပ်သားခမျာ၏ အမည်နာမကိုသော်မျှ မပြောတတ်ဘဲ ရှိလေသည်။

❑

၂၄။ နောက်ဆုံးတွေ့ခဲ့ရသော သို့ပန်းများ

ဘုရားသုံးဆူစခန်းတွင် ကျွန်တော်တို့တစ်တွေ့ လုပ်ကိုင်ရသောအလုပ်မှာ ကျောက်ထုရခြင်း၊ ထင်းခုတ်ရခြင်းနှင့် ဝါးခုတ်ကြရသော အလုပ်များပင် ဖြစ်လေသည်။

ဤစခန်းသို့ ရောက်သည့်အခါ ဝါးခုတ်ရသော အလုပ်တစ်ခု ပိုလာသည်ဟု ဆိုရပါမည်။ ချွေးတပ်သားများသည် ဝါးများကို ခုတ်ရပြီးနောက် မီးရထားတွဲ ပက်လက်များပေါ်သို့ တင်ပေးရပါသည်။ ထိုဝါးများကို သံဖြူဧရပ် သို့မဟုတ် မော်လမြိုင်သို့ ယူဆောင်သွားလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

ထုပြီးသော ကျောက်များနှင့် ဖြတ်တောက်ပြီးသော ထင်းများကိုမူ မီးရထားသံလမ်းဘေးသို့ စုပုံပေးခြင်း၊ စနစ်တကျ လဲထိုးပေးခြင်းများ ပြုရပါသည်။ ပြီးလျှင် ရထားလာသည့်အခါ ထင်းနှင့်ဝါးများကို သွားရောက်တင်ပေးကြရပါသည်။ ရထားလာသည်မှာ အချိန်မှန်တော့ မဟုတ်ပါ။ ည တစ်နာရီ၊ နှစ်နာရီအချိန်များတွင် ရောက်လာလေ့ရှိပါသည်။ နေ့အခါများတွင်မူ လုံးဝ ရထားမလာပါချေ။

ဘုရားသုံးဆူစခန်း၌မူ ကျွန်တော်တို့ ချွေးတပ်သားများမှာ စကားပြန်သူငယ် ပြောကြားသည့်အတိုင်း အတော်အတန် အလုပ်သက်သာမှု ရှိကြပါသည်။ သို့ရာတွင် တစ်ခုဆိုးသည်မှာ ည အချိန်မတော်တွင် ရောက်ရှိလာသော ရထားပေါ်သို့ ဝါးနှင့် ထင်းများ သွားရောက်လျက် တင်ပေးရခြင်းပင် ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ ချွေးပန်များ၏ အထိုးအနှက်၊ အကန့်အကျောက်မှာမူ ဘုရားသုံးဆူစခန်းရောက်သည့်အခါ အံ့ဖွယ်ပင် သက်သာမှု ရကြပါသည်။

ချွေးပန်စစ်သားများသည် အလုပ်ခွင်အတွင်းသို့လည်း အချိန်ပြည့် မလိုက်တော့ပါချေ။ ကျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချိုများကိုသာ ကာဝန်လွှဲပေးထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်များသည် မနက်ပိုင်း တစ်ခေါက် အလုပ်ခွင်အတွင်းသို့ လိုက်လာကြပြီးနောက် အလုပ်တာဝန်များကို ကျွန်တော်နှင့် ဘွန်ထိုက်ချို့များအား ခွဲဝေချထားလျက် တစ်နာရီ၊ နှစ်နာရီလောက် အများဆုံးနေကာ ပြန်သွားတတ်ကြလေသည်။ ပြီးလျှင် နေ့လယ် နေ့ခင်းအချိန်၌ တစ်ခေါက် လာကြည့်သည်။ တစ်ဖန် ခဏနှင့် ပြန်သွားကြပြီး ညနေပိုင်းရောက်သည့်အခါ၌ အလုပ်ပြီး၊ မပြီး တစ်ခါလာရောက်လျက် ကြည့်ရှုစစ်ဆေးခြင်းပြုလေသည်။

ထိုင်း–မြန်မာ ရထားလမ်းသည် သွားလမ်း၊ ပြန်လမ်း နှစ်လမ်း မဟုတ်ပါ။ တစ်လမ်းတည်း ဖြစ်လေသည်။ ထိုအခါ သံဖြူဇရပ်ဘက်မှ ရထားလာသည့်နေ့တွင် ထိုင်းဘက်မှ ရထားမလာပါ။ ထိုင်းဘက်မှ လာလျှင် သံဖြူဇရပ်မှ မလာပါ။ သို့ရာတွင် ရထားနှစ်စင်း လမ်းပြောင်းလမ်းလွဲ လုပ်နိုင်ရန်အတွက်မှာမူ တပ်ဒိန်စခန်း အထက်နားတွင် ဘူကာတစ်ခု ဆောက်လုပ်ထားပါသည်။ ရထားခေါင်းတွဲများအတွက် ရေကိုလည်း ထိုဘူကာရောက်မှ ထည့်ကြရလေသည်။

စကားပြန်သူငယ် မောင်ချစ်သည် ကျွန်တော့်အား ဘုရားသုံးဆူစခန်းတွင် ဘူကာတစ်ခုဆောက်လုပ်ခြင်း ပြုလုပ်လိမ့်မည်ဆိုသည့်အကြောင်း ပြောပါသည်။ ထိုဘူဟာရုံဆောက်လုပ်ရေးအတွက် မကြာမီ ဖြိတ်သျှသုံ့ပန်း လေး၊ ငါးဆယ်ခန့် ရောက်ရှိလာလိမ့်မည်ဟုလည်း ပြောထားပါသည်။ စကားပြန်သူငယ်၏ စကားသည် ဟုတ်မှန်လိမ့်မည်ဟူ၍လည်း ကျွန်တော် ယူဆပါသည်။ အဘယ်ကြောင့်ဆိုလျှင် ဘုရားသုံးဆူစခန်း သံလမ်းဘေးတစ်နေရာတွင် သစ်ပင်များကို ခုတ်ထွင်လျက် မြေများ ညှိထားပါသည်။ သစ်ပင်များကိုလည်း ခုတ်ထွင်ကာ ရှင်းလင်းထားပါသည်။ ကျွန်တော်တို့ ချွေးတပ်ဖွဲ့သားများကိုယ်တိုင်မှာလည်း ထိုနေရာတစ်ဝိုက်တွင် ကျောက်များစုပုံနေရသောကြောင့် ဖြစ်လေသည်။

ကျွန်တော်တို့ ချွေးတပ်ဖွဲ့သားများသည် ဘုရားသုံးဆူစခန်းသို့ ရောက်ခဲ့ကြ၍ တစ်လကျော်ကြာမြင့်ခဲ့ကြသည့်အထိ မည်သည့်ထူးခြားမှုမှ မရှိကြဘဲ ကျောက်ထု၊ ထင်းခုတ်၊ ဝါးခုတ် စသော အလုပ်များကိုပင် လုပ်ကိုင်လျက် ရှိနေကြရပါသည်။ ထိုအချိန်ထိအောင်လည်း မောင်ချစ်ပြောသော သုံ့ပန်းစစ်သားများလည်း ရောက်လာခြင်း မရှိသေးပါချေ။

ရထားလမ်းပေါက်သွားလေပြီဖြစ်သောကြောင့် ဂျပန်များအတွက် စားနပ်ရိက္ခာနှင့် ကျွန်တော်တို့ ချွေးတပ်သားများအတွက် စားနပ်ရိက္ခာများမှာလည်း ရထားများနှင့် ပါရှိလာတတ်လေသည်။ တစ်ခါတစ်ခါ၌လည်း ကျွန်တော်တို့သည် ရထားတွဲများပေါ်၌ ဂျပန်စစ်သားများကို အမြောက်အမြား တွေ့ရသည်။ တစ်ခါတစ်ခါ သံဖြူဇရပ်ဘက်မှ လာသော ရထားတွဲများပေါ်၌လည်း မြန်မာအမျိုးသားများ

လိုလို လူများကို တွေ့ရလေသည်။ သို့ရာတွင် ညအမှောင်နှင့်မည်းမည်းဖြစ်သည်ကတစ်ကြောင်း၊ ရထားတွဲများမှာလည်း လုံးဝ မီးမရှိသောကြောင့်တစ်ကြောင်း သဲသဲကွဲကွဲ မသိရဘဲ ဖြစ်ရလေသည်။

ဤလိုရှိနေခဲ့ရာမှ တစ်နေ့တွင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုက ကျွန်တော့်အား ခေါ်သည်ဆိုသဖြင့် သူ ရှိရာ ချောင်းတစ်ဖက်ကမ်းသို့ သွားရောက်ခြင်းပြုရလေသည်။

ဂျပန်စစ်ဗိုလ် အိနားမတ်ဆုသည် ကျွန်တော့်အား မကြာမီရက်အတွင်း ဖြိတ်သျှသုံ့ပန်းများ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း၊ ထိုသုံ့ပန်းစစ်သားများနေထိုင်ရန်အတွက် ယခင်က ဆေးရုံလုပ်ထားသော တဲတန်းလျားကို ပြုပြင်ပေးရန် ပြောကြားခြင်းပြုပါသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် နောက်တစ်နေ့ မနက်၌ ချွေးတပ်သားလူနှစ်ဆယ်တို့ကို အလုပ်ခွင်အတွင်းသို့ လိုက်သွားခြင်းမပြုစေဘဲ တဲတန်းလျားကြီးကို ပြင်ဆင်ခြင်း ပြုစေရပါသည်။ ကျွန်တော်တို့တစ်တွေ တဲတန်းလျားကြီးကို ပြင်ဆင်ပြီးသည့်နောက်၌မူ ဂျပန်စစ်သားအချို့ ရောက်ရှိလာပြီးနောက် ဘေးပတ်ပတ်လည်မှ ဝင်းခြံတိုင်များ စိုက်ထူခိုင်းသဖြင့် စိုက်ထူပေးကြရပြန်ပါသည်။ နောက်တစ်နေ့တွင်မူ ဂျပန်စစ်သားများသည် ထိုနေရာကို ဝင်ပေါက်၊ ထွက်ပေါက် တစ်ခုတည်းသာ ထားပြီးနောက် သံဆူးကြိုး ကာရံလိုက်ကြလေသည်။ ကိုတဲတန်းလျားနှင့် မလှမ်းမကမ်း နှစ်နေရာတွင်လည်း ဂျပန်ကင်းစောင့် အိမ်ငယ်ကလေးနှစ်လုံးကို ဆောက်လုပ်ထားလိုက်ကြလေသည်။

နောက် တနင်္ဂနွေတစ်ပတ်ခန့် ရှိသွားသော နေ့တစ်နေ့တွင်မူ စစ်သုံ့ပန်းချွေးတပ်သား နှစ်ဆယ်ရှစ်ယောက်တို့သည် ဘုရားသုံးဆူစခန်းကို ရောက်ရှိလာကြလေသည်။ သူတို့ကို ခေါ်ဆောင်လာသည်မှာ လော်လီကားကြီး နှစ်စီးနှင့်ဖြစ်သည်။ လက်နက် အပြည့်အစုံ ကိုင်ဆောင်ထားသော ဂျပန်စစ်သားဆယ့်နှစ်ယောက်တို့ လိုက်ပါလာလေသည်။ ထိုသုံ့ပန်းစစ်သားများမှာလည်း အထက်က ကျွန်တော်တို့ တွေ့ခဲ့ရသော စစ်သားများကဲ့သို့ပင် အစုတ်စုတ်အပြတ်ပြတ် နွမ်းနယ်လျက် ရှိကြလေသည်။ သူတို့အထဲတွင် အင်္ဂလိပ်အချို့နှင့် ဩစတြေးလျလူမျိုးအချို့ ပါဝင်လေသည်။ အကြီးအကဲဖြစ်သူမှာကား အင်္ဂလိပ်အမျိုးသားစစ်ဗိုလ်တစ်ယောက်ပင် ဖြစ်လေသည်။

အိနားမတ်ဆုသည် ကျွန်တော့်ကို ခေါ်ပါသည်။ ကျွန်တော်နှင့် စကားပြန်သူငယ် မောင်ချစ်တို့လည်း အိနားမတ်ဆုနှင့်အတူ သုံ့ပန်းစစ်သားများ နေထိုင်ကြရမည့် တဲတန်းလျားကြီးသို့ လိုက်ခဲ့ရသည်။ ခပ်စောစောက လူမရှိသေးသော

www.burmeseclassic.com

www.burmeseclassic.com

အစောင့်အိမ်ငယ်နှစ်လုံးတွင် လက်နက်ကိုင် ဂျပန်စစ်သားလေးယောက်တို့ ရောက်ရှိနေကြတော့ပြီ ဖြစ်သည်။

အိနားမတ်ဆုသည် ဗြိတိသျှ စစ်သုံ့ပန်းများထဲမှ ဗိုလ်ဖြစ်သူကို ခေါင်ပြီးနောက် နေရာထိုင်ခင်းအတွက်လည်းကောင်း၊ နေထိုင်ရမည့် စည်းမျဉ်းများကိုလည်းကောင်း ပြောကြားခြင်းပြုလေသည်။ အိနားမတ်ဆုသည် အင်္ဂလိပ်စကားကိုကောင်းမွန်စွာပြောနိုင်သူတစ်ယောက် ဖြစ်လေသည်။ အင်္ဂလိပ်စစ်ဗိုလ်နှင့် စကားပြောသည့်အခါ မျက်နှာ ခပ်တည်တည်ထားလျက် ပြောလေသည်။ တစ်ခုတစ်ရာ စိုးရိမ်ဟန် အလျဉ်းပင် မရှိပါဟု။

မကြာမီပင် အိနားမတ်ဆုသည် သုံ့ပန်းစစ်ဗိုလ်နှင့် သုံ့ပန်းစစ်သားအချို့ကို ခေါင်ခဲ့ပြီးနောက် စမ်းချောင်းတစ်ဖက်ကမ်း ရိက္ခာဂိုဒေါင်ရှိရာသို့ လာခဲ့လေသည်။

ကျွန်တော်နှင့် မောင်ချစ်တို့မှာလည်း သူတို့နှင့် အတူတကွ လိုက်ပါလာခဲ့ရလေသည်။ ကျွန်တော်သည် ထိုကဲ့သို့ လိုက်ပါလာရင်းမှ သုံ့ပန်းစစ်ဗိုလ်နှင့် သူ၏ စစ်သားများကို တစေ့တစောင်း ကြည့်ရှုကာ အတော်ပင် စိတ်မကောင်းခြင်း ဖြစ်ရလေသည်။

"ဒီသုံ့ပန်းတွေက ထိုင်းဘက်က ခေါ်လာတာဗျ"

နှစ်ယောက်အတူ ယှဉ်တွဲလျှောက်နေရာမှ စကားပြန်သူငယ်က ပြောပါသည်။

"ဘူကာရံအဆောက်အအုံ ဆောက်ဖို့ဆိုတာလားကွ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟုတ်လိမ့်မယ် ထင်တယ် အစ်ကို၊ ဒါပေမယ့် အထက်ကတော့ အာအမိန့်မှ မထာ ဘူး၊ သူတို့လောလောဆယ် လုပ်ရမှာကတော့ ချွေးတပ်သားတွေ ထုထားတဲ့ ကျောက်တွေကို သဲလမ်းထဲ ဖြည့်ခင်းရမယ်၊ နောက်ပြီး တချို့ ဧလီဖားတုံးတွေကို အသစ်လဲရမယ်လို့ ပြောသံကြားတယ်"

စကားပြန်သူငယ်မှာ ဂျပန်များနှင့် အတူနေရသူဖြစ်သောကြောင့်လည်း၊ သတင်း အတော်များများကို သိကြားထားသူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော်တို့ကစ်တွေ စမ်းချောင်းကူးတံတားကလေးထိပ်သို့ ရောက်သည့်အခါ တစ်ဖက်သော ကင်းစောင့်းမိမင်ငယ်ရွေ့မှ ဂျပန်စစ်သားသုံးယောက်တို့သည် အထိတ်တလန့် ဟစ်အော်လျက် အိနားမတ်ဆုအား အလေးပြုလေသည်။ သူတို့သုံးယောက်စလုံး လက်နက်ကိုယ်စီကိုင်ထားကြသည်။ သူတို့ဂျပန်များကို ကြည့်ရသည်မှာ ယခင်နေ့များကနှင့် မတူကြောင်း ထင်ရှားလှပါသည်။ သူတို့သည်

ဗြိတိသျှစစ်သားများ၏ ရှေ့တွင် ပို၍ အသားလုပ်ပြဟန် တူပါသည်။ သူတို့၏ အကြီးအကဲကိုလည်း အခါတိုင်းထက် ပို၍ လေးစားကြောင်း ပြသကြဟန် တူပါသည်။

အိနားမတ်ဆု ကိုယ်တိုင်မှာလည်း ထိုနေ့ ထိုအချိန်က အခါကိုင်းနေ့၊ အခါတိုင်းအချိန်များထက် မျက်နှာတည်တည်ထားပါသည်။ အခါကိုင်း လက်တွင် ကိုင်ဆောင်နေကျဖြစ်သော ကဗျာစာအုပ်ကလေးကိုမူ သည်နေ့ သည်အချိန်တွင် အိနားမတ်ဆု၏ လက်ထဲတွင် မတွေ့ရပါချေ။

မကြာမီ ရိက္ခာဂိုဒေါင်သို့ ရောက်ခဲ့ကြလေသည်။ အခါတိုင်း ဂျပန်နှစ်ယောက်၊ သုံးယောက်သာ ရှိသော ဂိုဒေါင်တွင် ဂျပန်စစ်သား ခြောက်ယောက်တို့ကို တွေ့ရလေသည်။ ထိုအထဲမှ ဂျပန်လေးယောက်မှာ လက်နက်ကိုင်လျက် ရှိကြသည်။ တစ်ယောက်သော ဂျပန်စစ်သားသည် စက်ဖေနက် အသေးစားကို ကိုင်တွယ်ထားလေသည်။

သုံ့ပန်းများအား ရိက္ခာထုတ်ပေးသည်မှာ ဆန်၊ ဆား၊ ပဲ၊ အာလူးနှင့် ကညင်ဆီမီးခြောင်းများ ဖြစ်လေသည်။ သုံ့ပန်းအကြီးအကဲဖြစ်သူကိုမူ ကျွန်တော့်ကို ပေးသည့်အတိုင်း ကြိုသကားအနည်းငယ်၊ မြေပဲဆားအနည်းငယ်နှင့် ကောက်ညှင်းဆန် အနည်းငယ် ပေးလေသည်။ ဆေးလိပ်ဟူ၍ကား မပေးပါချေ။

သုံ့ပန်းစစ်သားများသည် ဆန်အိတ်နှင့် ပဲအိတ် စသည်များကို ဝါးနှစ်လုံးပေါ်တွင် ကန့်လန့်ဖြတ်တင်ပြီးနောက် ရှေ့က နှစ်ယောက်၊ နောက်က နှစ်ယောက် ထမ်းပိုးလျက် သယ်ဆောင်ခြင်းပြုကြသည်။ အားအင်ကုန်ခန်းနေကြသူများ ဖြစ်ခြင်းကြောင့်လည်း ဆန်တစ်အိတ်ကို လူလေးယောက်ထမ်းနေရခြင်း ဖြစ်လေသည်။

ဤကိစ္စများအားလုံး ပြီးစီးသွားသည့်အခါ အိနားမတ်ဆုသည် သုံ့ပန်းစစ်ဗိုလ်နှင့် ကျွန်တော့်အား တစ်ဖက်ကမ်းသို့ ပြန်ခွင့်ပြုလိုက်ပါသည်။

တံတားကလေး၏ အလယ်သို့ ရောက်သည့်အခါ သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော့်အား မြန်မာလူမျိုးတစ်ယောက်ပါလားဟူ၍ မြန်မာလို မပီမသ မေးပါသည်။

ကျွန်တော်က သူ့ကို အံ့သြစွာကြည့်လျက် ဟုတ်မှန်ကြောင်း ဖြေလိုက်ပါသည်။

ထိုအခါတွင် သူ့အဖြစ်ကို တိုတောင်းစွာ ပြောပြလေသည်။ သူသည် ပြင်ဦးလွင်တွင် ငါးနှစ်ကျော် နေခဲ့ဖူးကြောင်း၊ မြန်မာအမျိုးသားများထဲမှ သူ့မိတ်ဆွေလူကြီးလူကောင်းများ၊ အရာရှိ အရာခံများသည် ပြင်ဦးလွင်၊ မန္တလေးနှင့် စစ်ကိုင်းတွင် ရှိကြောင်း၊ မြန်မာစာနှင့် မြန်မာစကားကို သုံးနှစ်ခန့် သင်ကြားခဲ့ဖူးကြောင်း၊ စစ်ကြီးဖြစ်တော့မည့်ဆဲဆဲ တစ်နှစ်မရှိတရှိ အချိန်လောက်တွင် စကားပူသို့ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရကြောင်း၊ ထိုင်း မြန်မာလမ်းဖောက်လုပ်သည့် ကိစ္စတွင် ထိုင်းနိုင်ငံ ကရာ (Kra) ကျွန်းဆွယ်ဘက်၌ တာပန်ထမ်းဆောင်လယ်ကိုင်ခဲ့ရကြောင်းမှ စလျက် မြန်မာလူမျိုး နိုင်ငံရေးပုဂ္ဂိုလ်များထဲမှ သခင်အောင်ဆန်း၊ သခင်မြ စသူတို့ကို သူ ကောင်းစွာ သိရှိကြောင်း ပြောပါလေသည်။

မကြာမီ ကျွန်တော်နှင့် သုံပန်းစစ်ဗိုလ်သည် ကျွန်တော်တို့ ခွေးတပ်သားများ နေရာ တဲတန်းလျားကြီးအနီးသို့ ရောက်ခဲ့ကြပါသည်။

ကျွန်တော်တို့နှစ်ဦး လူချင်းခွဲရတော့မည်ဆဲဆဲတွင် ကျွန်တော်သည် အိတ်ထဲမှ ကွမ်းသီးဖက် ဆေးလိပ်နှစ်လိပ်ကို ထုတ်လိုက်ပြီးနောက် သုံပန်းစစ်ဗိုလ်၏ လက်သို့ ကမ်းပေးလိုက်ပါသည်။ ကျွန်တော်၏ အပြုအမူများကိုလည်း ဂျပန်များ မမြင်အောင် သတိထားလျက် ပေးလိုက်ရခြင်း ဖြစ်လေသည်။

သုံပန်းစစ်ဗိုလ်သည် ကျွန်တော် ပေးလိုက်သော ဆေးလိပ်ကို လျင်မြန်သွက်လက်သော လက်ဖြင့် လှပ်ယူလိုက်သည်။ ပြီးလျှင် ဘောင်းဘီအိတ်ထဲသို့ ကမန်းကတမ်း ထိုးထည့်လိုက်သည်။ ပြီးသော် ရွှင်ပြုံးသော မျက်နှာဖြင့် ကျေးဇူးတင်ကြောင်း ပြောလေသည်။ သူ့အပြုံးသည် တက်ကြွတောက်ပသော အမူအရာတော့ မဟုတ်၊ နွမ်းလျသောအပြုံးမျှသာ ဖြစ်ကြောင်း ကျွန်တော် သတိပြုလိုက်မိပါသည်။

သူက မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားသည် လူတစ်ဖက်သားတို့အပေါ်တွင် ကြင်နာတတ်သူများ၊ ငဲ့ညှာတတ်သူများ ဖြစ်ကြောင်းကိုလည်း ပြောလေသည်။ ထိုစကားနှင့် တစ်ဆက်တည်းမှာပင် နောက်ထပ်လျက် အခါအခွင့်သင့်ပါက ကျွန်တော်နှင့် တွေ့လိုသေးကြောင်း ထိုအတွက် ဘုရားသခင်က အခွင့်ပေးလိမ့်မည်ဟု ဆင်ကြောင်း ပြောကြားပြီးနောက် ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်လျက် တဲကန်းကြီးများ ရှိရာသို့ ခပ်သုတ်သုတ် ထွက်ခွာသွားလေသည်။

❑

၂၅။ ဆေးရုံသို့ တစ်ဆင့်ပါက်သွားရခြင်း

နောက်ထပ်လျက် တနင်္ဂနွေတစ်ပတ် ကုန်လွန်ခဲ့ပြန်လေသည်။ ထိုအချိန်သို့ ရောက်ခဲ့သည့်တိုင် ကျွန်တော်တို့ ချွေးတပ်သားများ၏ လှုပ်ငန်းများသည် အပြောင်းအလဲ မရှိသော ကျောက်ထု၊ ကျောက်သယ်ရခြင်း၊ ဝါးခုတ်ရခြင်း၊ ထင်းခုတ်ရခြင်း စသော အလုပ်များကိုသာ နိစ္စဓ္ရုဝ လုပ်ကိုင်နေကြရလေသည်။

သို့ရာတွင် ဘုရားသုံးဆူစခန်းသို့ ကျွန်တော်တို့ ရောက်ရှိပြီး၍ တနင်္ဂနွေနှစ်ပတ်ခန့် ကျော်လွန်ခဲ့သည့်အခါ၌ ဂျပန်တို့၏ ထူးခြားပြောင်းလဲသော အနေအထိုင် အပြုအမူများကိုလည်း ကျွန်တော် သတိပြုမိလေသည်။

ဂျပန်များသည် သုံပန်းစစ်သားများအပေါ်၌ ရှေးကထက် တိုးလျက် ဂရုကစိုက်ကြပ်မတ်လာပါသည်။ စည်းကမ်းများကိုလည်း တင်းတင်းကျပ်ကျပ် ထုတ်ပြန်ခြင်း ပြုလာသည်။ သဘောသကာယ ကောင်းမွန်သော ဂျပန်စစ်ဗိုလ်ကလေး အိနားမတ်ဆာကိုယ်တိုင်ကပင် ကျွန်တော့်အား သုံပန်းများနှင့် အရောတဝင်မပြုလုပ်ရန်၊ ဆေးလိပ် ပေးခြင်း၊ မုန့်ပဲသရေစာပေးခြင်း မပြုလုပ်ရန် ထပ်မံ သတိပေးခြင်းလည်း ပြုလာပါသည်။ ချီသာကြည်လင်သော အိနားမတ်ဆာ၏ မျက်နှာမှာ ခပ်တည်တည် ခက်ထန်ထန်အသွင်မျိုးဆောင်လျက် ရှိပါသည်။

ဤအဖြစ်သည် အိနားမတ်ဆာသာလျှင် မဟုတ်၊ အခြားသော ဂျပန်စစ်သားများ၌လည်း ထူးထူးခြားခြား ပြောင်းလဲလာသည်ဟု ကျွန်တော် မြင်ပါသည်။ ပြီးလျှင် ဂျပန်များသည် ယခင်ရက်များတုန်းကလို ထုံထုံထိုင်းထိုင်း လေးတွဲ့တွဲ့ကြီးတွေ မဟုတ်ကြတော့ပေ။ အတော်ပင် ဖျတ်လတ်သွက်လက်သည့် အသွင်မျိုးကို ဆောင်လျက် နေထိုင်သွားလာ လှုပ်ရှားကြလေသည်။ သူတို့သည် သေနတ်ကိုလည်း မကြာခဏ ပွတ်တိုက်ပြုပြင်သည်။ အမြဲတမ်း ယမ်းတောင့်ထိုးထားသည်။ သေနတ်နှင့် သူတို့ကိုယ်သည် ပူးတွဲချည်နှောင်ထားသလို အမြဲတမ်း ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

နှုပ်၏။ မျွေးကပ်သားများ၊ သုံ့ပန်းစစ်သားများသည် မည်သည့်အကြောင်း၊ မည်သည့်ကိစ္စနှင့်မှ ထိုအဆောက်အအုံအနီးသို့ ချဉ်းကပ်ခွင့် မရှိပါချေ။ အဆောက်အအုံငယ်ကိုလည်း ဘေးပတ်လည်မှ သံဆူးကြိုး ဝိုင်းထားလေသည်။ ဝင်ပေါက် ထွက်ပေါက် တစ်ခုတည်း ရှိလေသည်။ ထိုအပေါက်ကိုပင် ဂျပန်စစ်သားနှစ်ယောက် စောင့်လေသည်။ ညဘက်ဆိုလျှင် မီးထွန်းထားသည်။ ဂျပန်စစ်ဗိုလ်ကြီးများ ဖြစ်ကြသော ကုမာမိတို့၊ ဟီတချိမ စသူတို့သည် ရံဖန်ရံခါ ညဘက်များ၌ပင် ထိုအဆောက်အအုံကလေးသို့ ရောက်ရှိလာတတ်လေသည်။

ကွန်တော့်အထင်ပြောရလျှင် ထိုအဆောက်အအုံငယ်ထဲတွင် တယ်လီဖုန်းလိုင်း အဆက်အသွယ်များသာမက ကြိုးမဲ့ကြေးနန်းစက်များလည်း ရှိလိမ့်မည်ဟု ထင်ပါသည်။ ထိုင်းပြည်၊ ဘန်ပေါင်စခန်းနှင့် မြန်မာနိုင်ငံဘက်မှ သံဖြူဧရပ်စခန်းတို့၏ အလယ်ဗဟိုစခန်းသည် ဘုရားသုံးဆူစခန်း ဖြစ်ဟန်တူလေသည်။ ထို့ကြောင့် ဘုရားသုံးဆူစခန်းသည် ထိုင်းနိုင်ငံရှိ ဂျပန်စစ်ဘက်နှင့် မြန်မာနိုင်ငံရှိ ဂျပန်စစ်ဘက်တို့၏ စစ်ဓရုံးစစ်ရာ အားဆက်အသွယ်ကို အလဲအလှယ်ပြုလုပ်ပေးရာ နေရာဒေသတစ်ခု ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

ဤလိုနှင့် နောက်ပိုင်းအချိန်များတွင် ဂျပန်တို့၏ ထူးခြားတင်းကြပ်သော ပညတ်မူကြောင့် နီးစပ်ဝေဟဂုမလိုဖြစ်ခဲ့သော မျွေးတပ်သားများနှင့် စစ်သုံ့ပန်းများမှာလည်း ခပ်ဝေးဝေး ခပ်ကွာကွာ ဖြစ်သွားကြလေသည်။

ယခင်က စားနပ်ရိက္ခာပစ္စည်းများ ထုတ်ကြသည့်အခါ တစ်ဇနီတည်း၊ တစ်ချိန်တည်း ဖြစ်သော ထမင်းချက်ခေါင်း ကိုစခန့်၍ သုံ့ပန်းစစ်ဗိုလ်တို့မှာလည်း တစ်နေ့စီ တစ်ချိန်စီ ပြောင်းလွဲသွားလေသည်။ နေ့စဉ် အလုပ်ခွင်အတွင်း၌အတူတွဲလျက် အလုပ်လုပ်နေကြရသော သုံ့ပန်းခွေးတပ်သားများနှင့် ကွန်တော်တို့ အရပ်သား ခွေးတပ်သားများမှာလည်း အတုကကွ မဟုတ်တော့ပါချေ။ များစွာမှ အလှမ်းကွာဝေးသွားလေသည်။

ထိုအခါ ကွန်တော်နှင့် သုံ့ပန်းစစ်ဗိုလ်တို့မှာလည်း နောက်ထပ်လျက် အဆက်အသွယ်မပြုရတော့ပါပေ။ တစ်ခါတစ်ခါ အလုပ်ဆင်း အလုပ်တက်သော အချိန်များ၌သာ တစ်ယောက်နှင့်တစ်ယောက် ခပ်ဝေးဝေး ခပ်လှမ်းလှမ်းမှ ရိပ်ခနဲ ဖျတ်ခနဲ တွေ့လိုက်ကြရခြင်း ရှိလေသည်။

ပြီးလျှင် ယခင်က အလုပ်သွား အလုပ်ပြန်သည့်အခါများ၌လည်းကောင်း၊ ရိက္ခာထုတ်သွားသည့်အခါများတွင်လည်းကောင်း ဗြိတိသျှ စစ်သုံ့ပန်းများသည် ကွန်တော်ကို ခွေးတပ်သားများ၏ ကဲတန်းလှားကြီးများဟေးမှ ဖြတ်သန်းကူးလွှားလာဝင်ထွက်ကြရသော်လည်း ယခုနောက်ပိုင်းရက်များတွင်မူ ထိုလမ်း၊ ဤနေရာမှ

သူတို့သည် ယခင်ကလို တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း နေ့လေ့မရှိတော့ လေးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ အုပ်စုဖွဲ့လျက် နေထိုင်ကတ်ကြသည်။ ယုတ်စွအဆုံး ရေချိုးသည့် ဂျပန်က ရေချိုးနေလျှင်ပင် အနီးတွင် သုံးလေးယောက် သေနတ်ကိုယ်စီကိုင်လျက် ကိုးကန်းတောင်းမှောက် မျက်လုံးဖြင့် စောင့်ကြပ်ကြည့်ရှုကြလေသည်။ ကျွန်တော်တို့ ခွေးတပ်သားများ ညဘက် ရုထားကွဲပေါ်သို့ ထင်းများ၊ ဝါးများ တင်သည့်အခါ၌ပင် ယခင်ကလို စောင့်ရှောက်ပုံမျိုး မဟုတ်တော့ပါချေ။ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ လူစုခွဲလျက် ဟိုနေရာ သည်နေရာမှ ခပ်ကျဲကျဲ လူခွဲကာ စောင့်ကြပ်ကြည့်ရှုခြင်းပြုကြလေသည်။

သူတို့ဂျပန်များကို ကြည့်ရသည်မှာ သားကောင်ကို ချောင်းမြောင်းသော ကျားကဲ့သို့လည်းကောင်း၊ ကျားနှင့် တွေ့ဆုံရမည်ကို သတိကြီးစွာထားသော မုဆိုးကဲ့သို့လည်းကောင်း ရှိနေကြလေသည်။

ဂျပန်တို့၏ ဤအဖြစ်ကို ကွန်တော်သာမဟုတ်၊ ဘွန်ထိုက်ချို ကိုးသာမြို့၌ ကိုယ်တိုင်ကပင် သတိပြုလာမိဟန် တူပါသည်။

"ဆရာလေး-ဂျပန်တွေကို ကြည့်ရတာ တစ်မျိုးကြီးပဲဗျ" ဟု တစ်နေ့တွင် ဆိုပါသည်။

"ခင်ဗျားက ဘယ်လိုထင်လို့လဲ ကိုသာမြို့ရင်"

ကွန်တော်က ပြန်၍ မေးလိုက်ပါသည်။

ကိုသာမြို့ရင်သည် ကွန်တော့်အမေးကို ချက်ချင်း အဖြေမပေးပါ။ အတော်ကြာ ငေးနေသည်။ ပြီးမှ သူ့ထင်မြင်ချက်ကို ပြောလေသည်။

"ကြည့်ရတာ တစ်မျိုးကြီးပဲ၊ အရင်ရက်တွေကနဲ့ နည်းနည်းမှ မတူဘူး၊ ဆရာလေးလဲ သတိထားမိချင် ထားမိမှာပေါ့ဗျာ၊ ခုတစ်လော ဂျပန်တွေဟာ သေနတ်ကို ဘယ်တော့မှ လက်က မချဘူး၊ အိပ်ရင်တောင် ဖက်အိပ်သလား မသိဘူး၊ နောက်ပြီး ထမင်းစားရင်လဲ အလှည့်နဲ့၊ ရေချိုးရင်လဲ အလှည့်နဲ့၊ ကုန်ကုန်မပြောရရင် ချေးယို သေးပေါက်တာတောင် စောင့်တဲ့ဂျပန်က စောင့်ပေးကယ်ဗျ"

ကိုသာမြို့ရင်က ပြောလေသည်။

"အင်း-သူတို့ကို အတယ်က အမိန့်ပေးထားလို့ ဖြစ်မှာပေါ့"

ကွန်တော်က ပြန်မပြောလိုက်ပါသည်။

ကွန်တော်တို့ ဘုရားသုံးဆူစခန်းတွင် တယ်လီဖုန်း ဆက်သွယ်ရေးဌာနတစ်ခု ရှိလေသည်။ ထိုအဆောက်အအုံမှာ ဂျပန်တွေ နေသော ကမ်းခြေတစ်ဘက်တွင် ဖြစ်လေသည်။ ထိုအဆောက်အအုံကလေးအတွင်းသို့ကား ကွန်တော်သည် မရောက်

www.burmeseclassic.com

www.burmeseclassic.com

သွားလာရခြင်း မရှိကြတော့ပါဘူး။ သူတို့ သုံ့ပန်းများအတွက် အဝင်အထွက်လမ်း တစ်လမ်းကို သီးခြား ဖောက်လုပ်ပေးထားလေသည်။ တစ်ဖက်ကမ်း ရိက္ခာဂိုဒေါင်များ ရှိရာသို့ ကူးသန်းသွားလာရန်ကိုလည်း တံတားသစ်တစ်ခုကို ဆောက်လုပ်ပေးထားပါသည်။ သို့ရာတွင် ထိုလမ်းသစ်နှင့် ထိုတံတားသစ်များမှာ ဂျပန်စစ်ဗိုလ်၏ အစီအမံအရ သုံ့ပန်းများ ကိုယ်တိုင်ကိုယ်ကျ ဖောက်လုပ်တည်ဆောက်ရသော လမ်းသာလျှင် ဖြစ်လေသည်။

ဤတွင် မြေပြင်လမ်းကလေး ဖောက်လုပ်ရခြင်းနှင့် ပတ်သက်၍မူ အထူးဆိုဖွယ်ရာ မရှိသော်လည်း စမ်းချောင်းကူးတံတားကလေး ဆောက်လုပ်သည့်ကိစ္စနှင့် ပတ်သက်၍ကား ဗြိတိသျှ စစ်သုံ့ပန်းများ၏ ကျွမ်းကျင်မှုနှင့် စိတ်ကူးဉာဏ်ကောင်းမှုကို ကား ကျွန်တော်တို့ အထူးပင် ချီးကျူးမိကြပါသည်။

ဗြိတိသျှ စစ်သုံ့ပန်းများသည် စမ်းချောင်းကူးတံတားအတွက် တောတွင်းရှိ သစ်ပင် ဂါးပင်များကို ဖောင်နိုးရာရာ ရွေးချယ်ခုတ်ထွင်ကြပါသည်။ ကြိုးအတွက် ကြိမ်နွယ်ပင်များ၊ လျှော်ပင်များကို ခုတ်ထွင်ခွာယူကြပါသည်။ ပြီးလျှင် တံတားဖောင်များ၊ တံတားတိုင်များ၊ အောက်ခံတန်းများအတွက် သစ်များကို ရွေးချယ်ကြပြီး တိုတောင်းသောအချိန်အတွင်း၌ပင် လုပခိုင်ခံ့သော ခုံးတံတားတစ်ခုကို သေသေသပ်သပ် ဆောက်လုပ်ခြင်း ပြုလိုက်ကြလေသည်။

ထိုကဲ့သို့ သူတို့ဆောက်လုပ်လိုက်သော တံတားကလေးမှာ နိုင်ခဲ့သပ်ရပ်ရုံသာမက သူတို့၏ လက်ရာ အစွမ်းအစကိုလည်း ဖော်ပြထားသည့်နှယ် ရှိလေသည်။ ဂျပန်စစ်ဗိုလ် ဟိတချိမနှင့် ဂုမာမိတိုတို့ ရောက်ရှိလာသည့်အခါ၌ပင် ထိုတံတားကလေးပေါ်တွင် သုံးလေးခေါက် လျှောက်ကြည့်ကြလေသည်။

နောက်ထပ် တနင်္ဂနွေတစ်ပတ် ကုန်လွန်သွားပြန်လေသည်။ ထိုအချိန်တွင် ဂျပန်စစ်ဗိုလ်ကလေး အိနားမတ်ဆုက ကျွန်တော့်ကို တွေ့လိုကြောင်း ခေါ်သည့် အတွက် ကျွန်တော်သည် စကားပြန်သူငယ်နှင့်အတူ တစ်ဖက်ကမ်း ဂျပန်များရှိရာသို့ လိုက်ခဲ့ရပါသည်။

အိနားမတ်ဆုနှင့် ကျွန်တော်တို့ တွေ့ကြသည့်အခါ အိနားမတ်ဆုက နောက်တစ်နေ့ မနက်စောစောတွင် သူနှင့်အတူ တောတွင်းဆေးရုံသို့ လိုက်ခဲ့ရမည်ဟု ပြောပါသည်။

ကျွန်တော် ရောက်ရှိနေသော ဘုရားသုံးဆူစခန်းတွင် တောတွင်းဆေးရုံ တစ်ခု ရှိပါသည်။ ဆေးရုံရှိရာနေရာသည် လူနေစခန်းနှင့် တစ်မိုင်ခန့် အကွာအဝေး ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ စခန်း၏ အရှေ့စူးစူးအရပ်တွင် ဖြစ်လျက် တောအတော်နက်ပါသည်။ ထိုဆေးရုံစခန်းတွင် ဆွေးတပ်သားလူနာ မည်ရွေ့မည်မျှ

ရှိသည်ကို ကျွန်တော် မသိပါ။ တစ်ကြိမ်တစ်ခေါက်မှလည်း ကျွန်တော် မရောက်ဖူးသေးပါ။ ထို့ကြောင့် အခြေအနေအရပ်ရပ်ကို ကျွန်တော် မသိရဘဲ ရှိပါသည်။

အိနားမတ်ဆုက ကျွန်တော့်ကို ဆက်လက်၍ ပြောသည်မှာ ဤသို့ဖြစ်ပါသည်။ ကောတွင်းဆေးရုံသို့ သွားရောက်ပြီးနောက် ဆေးရုံရှိ လူနာခွဲစိတ်သားများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးမည်။ ထိုလူနာများထဲမှ အတော်အတန် ကျန်းမာလာသူများနှင့် အလုပ်လုပ်နိုင်သူများအား အလုပ်စခန်းသို့ ရွှေ့ပြောင်း ခေါ်ဆောင်ရန်အတွက် ဖြစ်ကြောင်း ပြောပါသည်။ ပြီးလျှင် တကယ်တမ်း မကျန်းမာဖြစ်နေသူများအား တောတွင်းဆေးရုံတွင် မထားဘဲ မော်လမြိုင်ဆေးရုံကြီးများသို့ ပို့ပေးမည်ဖြစ်ကြောင်း ပြောလေသည်။

ကျွန်တော်သည် အိနားမတ်ဆု၏ စကားကြောင့် အတော်ပင် အံ့သြမိပါသည်။ ကျွန်တော့်ရင်ထဲတွင် ဝမ်းမြောက်သလိုလည်း ဖြစ်မိပါသည်။ အဘယ့်ကြောင့်ဆိုရမူ ကျွန်တော် ခွဲစိတ်ပစ်စခန်းသို့ ရောက်ရှိခဲ့သည်မှာ အချိန်အားဖြင့် တစ်နှစ်နီးနီး ရှိခဲ့ပြီ ဖြစ်သော်လည်း ဘာတွင်းဆေးရုံစခန်းများမှ လူနာခွဲစိတ်သားများအား မော်လမြိုင်ဆေးရုံကြီးများသို့ ပို့ပေးမည်ဆိုသော စကားမှာ သည်တစ်ကြိမ်သည်တစ်ခါသာ ကြားဖူးသောကြောင့် ဖြစ်ပါသည်။ ဤတွင် ကျွန်တော် ကွေးလိုက်မိသည်မှာ ထိုကိစ္စ ထိုအစီအမံသည် အိနားမတ်ဆု၏ သဘောအလျောက်ပြုလုပ်သော အစီအမံမဟုတ်နိုင်။ အဏာက် ဂျပန်စစ်ဗိုလ်များ၏ အစီအမံဖြစ်မည်ဟူသော အကြောင်းပင် ဖြစ်လေသည်။

သို့နှင့် ကျွန်တော်သည် အိနားမတ်ဆု၏ ပြောကြားချက်များကို ခံယူပြီးနောက် တဲတန်းလျားများရှိရာဘက်သို့ ပြန်ထွက်လာခဲ့ပါသည်။ ကျွန်တော်၏ ဦးခေါင်းထဲ၌လည်း အကြောင်းပေါင်းများစွာတို့ကို ကွေးတောလာခဲ့မိပါသည်။ ဤလိုနှင့် စမ်းချောင်းကူးတံတားကလေးထိပ်သို့ ကျွန်တော် ရောက်သည့်အခါ ကျွန်တော်၏ နောက်ပါးမှ စကားပြန်သူငယ်ကလေး မောင်ချစ်၏ အသံကို ကြားလိုက်ရပါသည်။ မောင်ချစ်သည် ကျွန်တော့်နောက်သို့ လိုက်လာခြင်း ဖြစ်ဟန် ကူပါသည်။ ကျွန်တော်သည် ခြေလှမ်းကို ရှေ့ဆက်မလှမ်းသေးဘဲ နောက်သို့ လှည့်ကြည့်ရင်း မောင်ချစ်ကို စောင့်နေသည်။

"ဆရာလေးတို့ ဆေးရုံက လူနာတွေတော့ ဟန်ကျတာပဲ"

ကျွန်တော်က တစ်စုံတစ်ရာ မမေးမြန်းရသေးမီ မောင်ချစ်က ပြောလေသည်။ သူငယ်သည် ကျွန်တော်၏ လက်တစ်ဖက်ကိုလည်း တရင်းတနှီးဆုပ်ကိုင်လိုက်ပါသည်။

"ဘာလဲကွ–ဘယ်လို ဟန်ကျတာလဲ၊ ပြောလမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း သူ့ပခုံးကို ခပ်သာသာပုတ်ရင်း မေးလိုက်ပါသည်။
ကျွန်တော်တို့ နှစ်ယောက်စလုံးပင် ရှေ့ဆက်မလျှောက်ကြသေးဘဲ တံတားထိပ်ဖျင်
ရပ်နေကြခိုက် ဖြစ်ပါသည်။

ထိုအခိုက်၌ပင် တစ်ဘက်ကမ်း ဂျပန်စစ်သားများ၏ စစ်ရုံးအဆောက်အအုံ
ကလေး ရှေ့မှနေလျက် ဂျပန်စစ်သားတစ်ယောက်က ကျွန်တော့်ကို လှမ်းအော်
ခေါ်ပါသည်။ မောင်ချစ်ကိုလည်း ဂျပန်စကားဖြင့် တစ်စုံတစ်ရာကို လှမ်းအော်
ပြောနေပါသည်။

"ဆရာလေးကို မာစတာ အိနားမတ်ဆု ပြန်ခေါ်နေတယ်"

မောင်ချစ်က ပြောပါသည်။

ဂျပန်စစ်သား ဦးထုပ်ကလေးကို ခေါင်းတွင် ဆောင်းကာ မျက်နှာသုတ်
တဘက်တစ်ထည်ကို လည်ပင်းတွင် ပတ်ထားသော စကားပြန်သူငယ်ကလေး၏
မျက်နှာကို ကျွန်ုပ်ကလေးကို ခေါင်းတွင် ဆောင်းကာ မျက်နှာသုတ်
တဘက်တစ်ထည်ကို လည်ပင်းတွင် ပတ်ထားသော စကားပြန်သူငယ်ကလေး၏
မျက်နှာကို ကျွန်ုပ်ကော် နားမှီကိုက်ကိုက် ကြည့်လိုက်ပြီးနောက် "ဘလဲဆိုတာ
နောက်ပြီးဟော့ အစ်ကို့ကို ပြောပါဦးကွ၊ လာကွာ-စစ်ရုံးကို လိုက်ခဲ့ပါဦး" ဟု
ပြောလျက် သူ့ကိုပါ ခေါ်ငင်ခဲ့ရပါသည်။

ကျွန်တော်သည် ဟောကွင်း ချွေးတပ်စခန်းများ၌ တစ်နှစ်နီးနီးခန့် နေထိုင်ခဲ့
ရသောအချိန်အတွင်း အထူးသတိထားခဲ့သော အကြောင်းတစ်ခု ရှိလေသည်။
ထိုအကြောင်းမှာ အခြားမဟုတ်ပါ။ ဂျပန်စစ်ဗိုလ်များနှင့် စကားပြောရပည်းဆိုသည့်
အခါများတွင် တတ်နိုင်သမျှလောက် အနီးတွင် စကားပြန်သူငယ်ကလေးများ ရှိနေ
စေခြင်းပင် ဖြစ်ပါသည်။ ယခုလည်း ထိုရည်ရွယ်ချက်ကြောင့်ပင် မောင်ချစ်ကို
အပါခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

မကြာမီ ကျွန်တော်နှင့် စကားပြန်သူငယ်သည် အိနားမတ်ဆုရှိရာ စစ်ရုံး
အဆောက်အရုံအတွင်းသို့ ရောက်ရှိခဲ့ကြပါသည်။

အိနားမတ်ဆုသည် လက်ထဲတွင် အသင့်ကိုင်ထားသော မျက်နှာသုတ်
တဘက်အသစ်တစ်ထည်ကို ကျွန်တော့်အား လှမ်းပေးပါသည်။ ပြီးသော်
ခပ်စောစောက ကျွန်တော့်ကို ပြောကြားရာတွင် မေ့ကျန်ဟန်တူသော စကားတစ်ခွန်း
ကိုလည်း ထပ်မံပြောကြားခြင်း ပြုပါသည်။ ထိုစကားမှာ သူပြောကြားသော
တောတွင်းဆေးရုံမှ လူနာများအား မော်လမြိုင်ဆေးရုံကြီးသို့ မပို့ပြောင်းပို့ဆောင်
ပေးမည်ဆိုသော သတင်းကို ဘွန်ထိုက်ချို၊ ဟန်ချိုနှင့် ချွေးတပ်သား တစ်ဦး
တစ်ယောက်ကိုသော်မှ မပြောကြားရဟူသော သတိပေးချက်ပင် ဖြစ်ပါသည်။
ထိုကိစ္စပြီးသည့်အခါ ကျွန်တော်နှင့် မောင်ချစ်သည် စစ်ရုံးအဆောက်အအုံအဝင်းမှ
ပြန်လည်ထွက်ခဲ့ကြပါသည်။

"ဟေ့-ညီလေး၊ မင်းမျက်နှာသုတ် တဘက်နဲ့ ငါရလာတဲ့ တဘက်ကလေးက
ဟစ်ဆင်တည်း တစ်သွေးတည်းပါလားကွ"

စမ်းချောင်းကူး တံတားငယ်ရှိရာသို့ နှစ်ယောက်အတူ လျှောက်လာသည့်အခါ
ကျွန်တော်က ပြောလိုက်ပါသည်။

"ဟုတ်တယ် အစ်ကို၊ မာစတာ အိနားမတ်ဆုက ကျွန်တော့်ကိုလဲ မနေ့
ညနေကမှ ဘောက်ဆူးချတာ" ဟု စကားပြန်သူငယ်က ပြောပါသည်။

"ဒါထက် ခပ်စောစောက စကားကို ဆက်စမ်းပါဦးကွ၊ ငါတို့ ချွေးတပ်သား
လူမမာတွေ ဘယ်လိုဟန်ကျတာလဲကွ"

ကျွန်တော်က ခပ်စောစောက စကားကို ပြန်ကောက်လိုက်ပါသည်။
ကျွန်တော်တို့နှစ်ဦးသည် စမ်းချောင်းကူးတံတားထိပ်သို့ ပြန်ရောက်ခဲ့ကြပါသည်။

"ဒီလိုလေ ဆရာလေးရ၊ မော်လမြိုင် ဆေးရုံကြီးကို ပို့ပေးမယ်ဆိုပေမဲ့
ဆရာလေးတို့ လူနာတွေအတွက် အများကြီး ကောင်းတာပေါ့ဗျာ၊ တောထဲက
ဆေးရုံအကြောင်းကို ဆရာလေးလဲ အသိသားပဲ မဟုတ်လား၊ ဆေးဝါးလဲ မရှိ၊
ဆရာဝန် ဆရာမလဲ မရှိ၊ ထမင်းတောင် နပ်မှန်အောင် စားရတာမဟုတ်ပဲ၊
မော်လမြိုင် ဆေးရုံကြီးမှာဆိုတော့ အစစအရာရာ ဒီကောထဲမှာထက် သာတာပေါ့"

စကားပြန် သူငယ်ကလေး၏ ပြောစကားမှာ များစွာပင် မှန်ကန်လှပါသည်။
ကျွန်တော်တို့ ချွေးတပ်သား လူနာများအနေနှင့် မော်လမြိုင်ဆေးရုံကြီးသို့ ရောက်ရှိ
သွားမည်ဆိုပါက အခြေအနေသည် ထောတွင်းခေါင်ခေါင်ကြီးထက် အဆပေါင်း
များစွာ သာလွန်နိုင်ပါသည်။ နောက်ဆုံး အစားအသောက်ကို မိမိတို့ငွေကြေးနှင့်
ဝယ်ခြမ်းစားသောက်မှ မပြုနိုင်ကြသည့်တိုင် လူပေးသူပေး အစားအသောက်ကလေး
များကိုကား မျှော်လင့်နိုင်စရာအကြောင်း ရှိပါသည်။ ပြီးလျှင် ဆေးဝါးအစ
ဆရာဝန်၊ ဆရာမ အစရှိသဖြင့်လည်း မော်လမြိုင် ဆေးရုံကြီးတွင် ရှိနေပေလိမ့်မည်။
နောက်တစ်နည်းပြောရလျှင် အတော်အတန် ကျန်းမာလာ၍ ဂျပန်များ လက်တွင်းမှ
ကွက်ပြေးခြင်းပြုလိုပါကလည်း မော်လမြိုင်လို မြို့ကြီးပေါကဆိုလျှင် အတော်ကလေး
လွယ်ကူပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ မော်လမြိုင် ဆေးရုံကြီးဆိုသည်မှာ
တောတွင်းဆေးရုံအမည်ခံ တဲအိုကဲ့ပျက်များထက်တော့ သာလွန်မည်မှာ မုချဖြစ်
ပေလေသည်။

"ဒါကြောင့် ဆရာလေးကို မာစတာ အိနားမတ်ဆုက ထပ်ခေါ်ပြီး
ပြောတာပေါ့ဗျ၊ ဒီအကြောင်း ဘယ်သူ့မှ မပြောရဘူးလို့"

စကားပြန် သူငယ်က ထပ်ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ကော်တို့နှစ်ယောက် လျှောက်လာကြသည်မှာ တံတားကလေး၏ အလယ်သို့ပင် ရောက်ရှိခဲ့ကြလေပြီ။

"အဲဒါက ဘယ်လို့ကြောင့်လဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဖြောက်–ဆရာလေးကလဲဗျာ၊ ပွေးကြည့်ပါလားဗျ၊ တောထဲက လူနာတွေကို မော်လမြိုင် ပို့မယ်ဆိုတော့ ဘယ်သူမဆို သွားချင်မှာပေါ့၊ အဲဒီတော့ ထမင်းမစား ရချင် နေပါစေ၊ အလကားနေရင်း နေမကောင်းဘူး၊ မမာဘူး၊ ဆေးရုံပို့ပေးပါလို့ ပြောကြမှပေါ့"

မောင်ချစ်က ပြောပါသည်။

"အေး–အေး–မင်းအတွေးလဲ မည့်ဘူးကွ၊ ဒါပေမယ့် မင်း မာစတာတွေကလဲ တကယ့်ကို သေလောက်အောင် မမာတဲ့လူကိုမှ တောထဲ ဆေးရုံကို ပို့တာပါကွ၊ တော်ရုံတန်ရုံ မမာတာလောက်နဲ့ မပို့ပါဘူး"

ကျွန်တော်က မောင်ချစ်ကို ပြောလိုက်ပါသည်။

"ဒါပေမယ့် ဆရာလေးတို့ လူကွေဟာ အတော်ပန်းနေကြပြီ မဟုတ်လား၊ ကုန်၊ စိတ်တင်းထားလို့ နေနိုင်ကြတာပါ၊ စိတ်လျော့လိုက်ရင် အားလုံး လူမမာတွေ ချည်း ဖြစ်ကုန်ကြမှာပဲ"

ကျွန်တော်သည် ထိုသူငယ်၏ စကားကြောင့် ထိုသူငယ်၏ မျက်နှာကို အံ့သြစွာ လှည့်ကြည့်မိပါသည်။ အရွယ်ကလေးနှင့် မလိုက်ဘောင်ပင် မောင်ချစ်သည် တွေးဆတတ်ပါကလားဟူ၍လည်း ဝမ်းထဲမှ ကြိတ်၍ ချီးကျူးမိပါသည်။ ပြီးမှ ကျွန်တော် မျက်ချင်း သတိပြုလိုက်မိပါသည်။ ဤစကားနှင့် ဤအတွေးများသည် စင်စစ် မောင်ချစ်၏ ဦးနှောက်မှ ထွက်ပေါ်လာခြင်း မဟုတ်တန်ရာ။ သူနှင့် အတူနေ အတူစား ဂျပန်များထံမှ တစ်ဆင့် ကူးစက်လာခြင်းသာ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိခြင်း ဖြစ်ပါသည်။

စကားပြန်သူငယ်သည် ကျွန်တော်နှင့် စကားပြောရင်း ကျွန်တော်တို့ ရွေးတပ်သားများ နေထိုင်ရသော တဲတန်းလျားရှိရာအထိ လိုက်ပါလာပါသည်။ သူ့တွင် ဘာအကြောင်းဟူ၍ ထူးထူးထွေထွေ မရှိသော်လည်း တစ်ခါတစ်ရံတွင် ကျွန်တော်တို့ တဲတန်းလျားများရှိရာသို့ လာရောက်ကာ စကားစမြည် ပြောကြား နေတတ်လေသည်။ ထိုသူငယ်မှာ အခြိန်ရှိသရွေ့ နေ့ရှိသမျှ ဂျပန်စစ်သားများနှင့်သာ နေထိုင်ရလျက် ဂျပန်စကားကိုသာ ပြောကြားနေရခြင်းကြောင့်လည်း ကာယကြွ သော် သူ့အဖြစ် သူ့ဘဝကို သူ ငြီးငွေ့လာဟန် တူပါသည်။ သူသည် မြန်မာ တိုင်းရင်းသား မွန်မြန်မာကလေးတစ်ယောက် ဖြစ်သောကြောင့်လည်း မြန်မာစကားကို

ပြောလျက် မြန်မာတွေနှင့်သာ ရောနောနေထိုင်လိုဟန် ရှိလေသည်။ သို့ရာတွင် ကလေးသူငယ် လူရွယ်ကလေးတစ်ယောက်သာ ဖြစ်သဖြင့် သူ့အဖြစ်ကို သူ နာကံနာနဲနဲ့ မတွေးတော မသုံးသပ်တတ်ဟု ဆိုရပါမည်။ လူဆိုသည်မှာ ဇီဇ မျိုးနွယ်၏ ခလေစရိုက် သဘာဝကို စွန့်လွှတ်မေ့ကျန်နိုင်ရန် အလွန်တရာ ခဲယဉ်း လှသည်ဟု ကျွန်တော် တွေးမိပါသည်။

စကားပြန် သူငယ်ကလေးများနှင့် ပတ်သက်၍ တောတွင်း ရွာငယ်စခန်း များတွင် ကျွန်တော် လေ့လာသတိထားမိသော အကြောင်းအချက်ပေါင်း များစွာ ရှိပါသည်။ များစွာသော စကားပြန် သူငယ်ကလေးများသည် အသက်အရွယ်အားဖြင့် လည်း အလွန်တရာနုနယ် ငယ်ရွယ်ကြပါသည်။ လူမျိုးအားဖြင့်လည်း မြန်မာ စင်စစ်က နည်းလျက် မွန်အမျိုးသားကလေးများနှင့် ကုလားကပြားကလေးတွေသာ ဖြစ်ကြလေသည်။ ထိုအထဲတွင် အချို့အချို့သော စကားပြန်သူငယ်ကလေးများမှာ သနားစရာကောင်းလောက်အောင် ကလေးဆန်ကြလျက် အချို့ကား ချဉ်စရာ၊ ပွဲစရာကောင်းလောက်အောင် လူလည် လူကလိန်ကလေးများ ဖြစ်ကြပါသည်။ သနားစရာကောင်းသော အချို့စကားပြန် သူငယ်ကလေးများမှာ မျက်စိသူငယ်၊ နားသူငယ်နှင့် ဂျပန်စစ်ဗိုလ်ကြီးများ အနီးတွင် ကပ်လျက် ဂျပန်စစ်တပ်ကြီးများ ချီတက်ရာနောက်သို့ တကောက်ကောက် လိုက်ပါနေရသည်ကိုလည်း စိတ်မချမ်းမြေ့ ဖွယ်ရာ မြင်တွေ့နေရလေသည်။

ကျွန်တော်တို့တစ်တွေ တပ်ဒိန်စခန်းမှနေ၍ ဘုရားသုံးဆူစခန်းသို့ မရောက်မီ အပလုံဆိုသော စခန်းတစ်ခုဌ် တစ်လကျော်ကျော်၊ နှစ်လခန့် နေထိုင်ခဲ့ကြရပါသည်။ ထိုစခန်းတွင် ကျွန်တော် ရှိစဉ်က ကွေ့ကြိုခဲ့ရသော မွန်အမျိုးသား စကားပြန် သူငယ်ကလေးတစ်ယောက်၏ အဖြစ်မှာလည်း အတော်ပင် ရင်နာစရာ သနားစရာ ကောင်းလှပါသည်။

အပလုံစခန်းသည် မွန်အမျိုးသား ရွေးတပ်သားများကို အများဆုံး တွေ့မြင် ခဲ့ရသော စခန်းတစ်ခုဖြစ်လေသည်။ တဲတန်းလျားကြီးပေါင်း ခုနစ်လုံးရှိသည့်အနက် တဲကြီးငါးလုံးသည် မွန်အမျိုးသား ရွေးတပ်သားများ ထောင်နှင့်ချီကာ ပြည့်သိပ် ပြွတ်ခဲနေပါသည်။ ထိုမျှလောက် များပြားလှသော မွန်အမျိုးသား အစုအဝေးကြီး ကိုလည်း ကျွန်တော်သည် ဤတစ်ကြိမ်တစ်ခါသာလျှင် ဟုတ်ဟုတ်ညားညား မြင်တွေ့ဖူးပါသည်။ ညမိုးချုပ်ပြီဆိုလျှင် မီးပုံထင်းပုံတွေ တဖွေးဖွေးတရဲရဲ တောက်လောင်လျက် မွန်စကားသံများဖြင့် ပွက်ပွက်ညံကာ ရှိလေသည်။

ကျွန်တော်တို့ တပ်ဒိန်စခန်းမှ အပလုံစခန်းသို့ ရွှေ့ပြောင်းကြရသည်မှာလည်း ကျွန်တော်တို့အဖွဲ့မှ လူကုန် မဟုတ်ပါချေ။ ဘွန်ထိုက်ချီအဖွဲ့ တစ်ဖွဲ့ကသည်းသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သောကြောင့် လူပေါင်းတစ်ရာကျော်ကလေးသာ ဖြစ်ပါသည်။ ဂျပန်စစ်ဗိုလ်ကုမေကာက အပလုံစခန်းသို့ ကျွန်တော်တို့ ဘွန်ထိုက်ချီတစ်ဖွဲ့ တစ်လလောက်သာ သွားရမည်ဟု ဆိုပါသည်။ ပြီးလျှင် ထိုအပလုံစခန်းသို့ ကျွန်တော်ပါ လိုက်ပါသွားရန်နှင့် အပလုံစခန်းတွင် ရှိနေသော မွန်ချွေးတပ်သားများကိုလည်း ဝါဒဖြန့်တရားများ ဟောပြောရမည်၊ ကြပ်မတ်ကြည့်ရှုရမည်ဟု ဆိုပါသည်။

သို့ရာတွင် လက်တွေ့အားဖြင့်မူ အပလုံစခန်းသို့ ရောက်သည့်အခါ မွန်ချွေးတပ်သားများ၏ အနီးသို့ပင် ကျွန်တော့်မှာ မကပ်နိုင်ပါချေ။ အဘယ့်ကြောင့်ဆိုရပါမူ ထိုစခန်းတွင် တွေ့ကြုံရသော မွန်အမျိုးသားအများစုမှာ မြန်မာလို လုံးဝ မတတ်သလောက် ဖြစ်နေခြင်းကြောင့်ပါပေ။ ပြီးလျှင် မွန်အမျိုးသား ချွေးတပ်သားများမှာ ရွှက်တိရွှတ်ထိုးသမားတွေ များလှပေသည်။ ဂျပန်စစ်သားက လွဲလျှင် မည်သည့်အုပ်ချုပ်ကွပ်ကဲမှုကိုသော်မှ မနာခံလိုကြပါပေ။ သူတို့အချင်းချင်းလည်း မကြာခဏ ရန်ဖြစ်လိုက်၊ ထိုးလိုက်ကြ၊ ကြိတ်လိုက်ကြ ဖြစ်နေကြလေသည်။ ညဘက်များတွင်လည်း အိပ်သည့်အချိန်က နည်း၍ ဆူဆူညံညံ စကားပြောနေခြင်း၊ ထမင်းဆုပ်ကို မီးဖုတ်မီးကင်စားခြင်း၊ တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်သတ်ပုတ်ကြခြင်းဖြင့်သာ အချိန်ကုန်နေကြလေသည်။ သို့ရာတွင် တစ်ခုဆိုရန် ရှိသည်မှာ သူတို့အချင်းချင်း ရန်ပွဲဆင်ကြသည်မှာ ပွဲပြီး မီးသေဆိုသလို ပြီးပြီးပျောက်ပျောက် ဖြစ်ကြလေသည်။ ဂျပန်စစ်သားများ ရှေ့တွင်မူ သူတို့ချင်း ရန်မဖြစ်ဝံ့ကြပါချေ။ ရန်ဖြစ်ကြသည်ဆိုရာ၌လည်း တစ်ယောက်နှင့်တစ်ယောက် ထထိုးခြင်း၊ ဖက်၍ နပန်းလုံးခြင်း စသည်လောက်သာ ဖြစ်ကြလေသည်။ တစ်စုံတစ်ရာ ကြီးမားသော ဒဏ်ရာအနာတရဖြစ်အောင်တော့ မလုပ်ကြပါချေ။ ပြီးနောက် တစ်ခုရှိသေးသည်။ လူနှစ်ယောက် ရန်သတ္တုရဖြစ်လျက် တစ်ယောက်နှင့်တစ်ယောက် ကိုးကြိတ်နေလျှင်သော်လည်းကောင်း၊ နပန်းလုံးနေလျှင်သော်လည်းကောင်း၊ ဘေးဘီမှ လူများက ဖျန်ဖြေခြင်း မပြုကြချေ။ ဝိုင်းအော်လျှင် အော်နေမည်၊ သို့မဟုတ် သူတို့ချင်း စကားပြောပင် မပျက်ဘဲ လှည့်ရှိမှု မကြည့်ဘဲ ဖာသာလဝါ ရှိနေတတ်လေသည်။

သူတို့အဖြစ်မှာ စိတ်ပျက်စရာလည်း ကောင်းပါသည်။ ရယ်စရာ ကောင်းလှသည်။ သို့ရာတွင် ကျွန်တော့်အနေနှင့် ဝင်ရောက် ဖျန်ဖြေခြင်း၊ တားမြစ်ခြင်းတော့ မပြုဝံ့ပါချေ။ အကြောင်းမသိခင်က တစ်ကြိမ်၊ နှစ်ကြိမ် ဝင်ရောက်ဖျန်ဖြေမိသည်ကိုပင် သူတို့အားလုံး၏ ဝိုင်းပန်ငြိုငြင်မှုကို ခံယူခဲ့ရဖူးပါသည်။

ဤအဖြစ်မှာ မွန်ချွေးတပ်သားများသာမက မွန်အမျိုးသား ဆင်ဦးစီးများမှာလည်း ထိုနည်းနှင့်နှင့်ပင် ဖြစ်ကြလေသည်။ ကျောက်တစ်လုံးစခန်းနှင့် တပ်ဒိန်စခန်းတွင် ဆင်ပေါင်း မြောက်မြားစွာနှင့် အလုပ်လုပ်ကြရစဉ်အခါကလည်း အလုပ်

သိမ်းပြီဆိုလျှင် မွန် ဆင်ဦးစီးများမှာ အချင်းချင်းစကားများ ရန်ဖြစ်နေတတ်ကြလေသည်။ ဆင်ခေါင်းကြီး ဦးနမ့်လွေ့မှာလည်း အလုပ်ခွင်အတွင်း၌သာ သူ့လူ ဆင်ဦးစီးများကို အပြောအဆိုရှိလျက် အလုပ်ခွင်အပြင်အပသို့ ရောက်သည့်အခါ ပွဲကား သူနှင့် တစ်စုံတစ်ရာ မသက်ဆိုင်သလို မျက်နှာလွဲလျက် နှုတ်ဆိတ်နေတတ်လေသည်။

ပြီးသော် ဆင်ဦးစီး မွန်အမျိုးသားများမှာ အသောက်သမားများ ဖြစ်လေသည်။ ချေးလှည်းများ လာရောက်သည့်အခါ အရက်ကို ရသလောက် ဝယ်ယူထားကြသူများလည်း ဖြစ်လေသည်။ ဂျပန်စစ်ဗိုလ်များကလည်း ဆင်သမားများကို အထူးအခွင့်အရေးတစ်ရပ်အနေနှင့် အရက်များ ပေးလေသည်။ ထိုအခါ ဆင်ဦးစီးများသည် ညနေတိုင်း အရက်မူးနေတတ်ကြလေသည်။ နဂိုက ဆူဆူညံညံလုပ်တတ်သူများမှာ အရက်မူးသည့်အခါ ပို၍ဆိုးတတ်ကြပါသည်။

ဆင်ဦးစီးများနှင့် ပတ်သက်၍ ကျွန်တော်က ဆင်ခေါင်းကြီး ဦးနမ့်လွေ့ကို ပြောဖူးပါသည်။

"ဦးနမ့်လွေ့-ခင်ဗျားလူတွေ ညနေတိုင်း ညနေတိုင်း ဆူဆူပူပူလုပ်တယ်၊ အဲဒါ တစ်ဆိတ်ပြောစမ်းပါဦးဗျ"

"မပြောနဲ့ ဆရာလေးရေ-သူတို့ကို ဘယ်သူမှ ပြောလို့ရမှာ မဟုတ်ဘူး၊ မောရုံပဲ ရှိတယ်၊ ဂျပန် လာပြောရင်လဲ ခဏပဲ ရမှာပဲ" ဟု ဦးနမ့်လွေ့က ဆိုပါသည်။

"သူတို့ ဘာအကြောင်းတွေ ပြောနေကြတာလဲဗျ၊ နေ့တိုင်း ညတိုင်းပဲ ပြောရတာ မဆုံးနိုင်ဘူးလား" ဟု ကျွန်တော်က ထပ်မေးကြည့်ပါသည်။

"အို-သူတို့ပြောတာတွေလား၊ စုံနေတာပဲ၊ ဘယ်တော့မှလဲ ဆုံးမှာမဟုတ်ဘူး၊ ဒီချွေးတပ်ထဲ ပါလာတဲ့ အကြောင်းတွေရော၊ အိမ်မှာကျန်ခဲ့တဲ့ သားမယား အကြောင်းတွေရော၊ သစ်စက်ထဲက အလုပ်လုပ်ပြီး ပိုက်ဆံမရတဲ့ အကြောင်းတွေရော၊ ယိုးဒယားဘက်မှာ သွားလုပ်ရင် ဒီမှာထက် ပိုကောင်းမယ်ဆိုတဲ့ အကြောင်းတွေရော ပြောချင်ရာ ပြောနေကြတာပဲ"

ဆင်ခေါင်းကြီး ကိုယ်တိုင်မှာလည်း သူ့လူများကို သူကိုယ်တိုင် နိုင်နိုင်နင်းနင်း ရှိဟန်မတူပါချေ။ စကားပြောလွန်း၍ နားငြီးလာသည့်အခါ တစ်နေရာရာသို့ ရောင်ထွက်သွားတတ်ပါသည်။ သို့မဟုတ်လျှင်လည်း သစ်ပင်ကောင်းကောင်း တစ်နေရာတွင် ဂုန်အိတ်တစ်ထည်ကို ဖြန့်ခင်းလျက် မိုးစင်စင်လင်းသည့်အထိ

www.burmeseclassic.com

www.burmeseclassic.com

သွားရောက်ကာ အိပ်စက်နေတတ်ပါသည်။ သူ့လက်မောင်းပေါ်တွင် ပတ်ထားသော ဂျပန်လက်ပတ်ကြိုးမှာလည်း ထိုအခါများတွင် မည်သို့မျှ ခရီးမရောက်ဘဲ ရှိနေတတ်ပါသည်။

အပလုံစခန်းသို့ ကျွန်တော်တို့ ရောက်ရှိပြီးနောက် တနင်္ဂနွေ နှစ်ပတ်ခန့် ကြာသည့်အခါ ဂျပန်စစ်ဗိုလ်တစ်ယောက်နှင့် စစ်သား လေးငါးဆယ်ခန့် အပလုံစခန်းသို့ ရောက်ရှိလာပါသည်။ သူတို့သည် အပလုံစခန်းတွင် နေထိုင်ရန်တော့ မဟုတ်ပါ။ ကားလမ်းအတိုင်း သံဖြူဧရပ်မှ ဘုရားသုံးဆူစခန်းသို့ သွားကြရန် ဖြစ်ပါသည်။ သို့ရာတွင် အပလုံစခန်း၌ တစ်ရက်၊ နှစ်ရက် အနားယူနေကြရဦးမည်ဟု ဆိုပါသည်။ သူတို့နှင့်အတူ အသက်ဆယ့်သုံးနှစ်အရွယ် မွန်စကားပြန်ကလေး တစ်ယောက်လည်း ပါရှိလာပါသည်။ ထိုစကားပြန်သူငယ်ကလေးမှာ မြန်မာစကားကို ပြောတတ်သော်လည်း အသံမှာ အတော်ပင် ဝဲလုပါသည်။ ကျွန်တော်သည် သူ့စကားလုံးများကို နာ.လည်အောင် မနည်းပင် နားထောင်ဆက်စပ်ယူရပါသည်။

ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် အပလုံစခန်းသို့ ရောက်ရှိလာကြသည့် အခါ သူတို့ဂျပန်များနေထိုင်ရာ တဲအိမ်ငယ်များတွင် သွားရောက်နေထိုင်ကြပါသည်။ ထုံးစံအတိုင်း စားသောက်သည့်အခါ၌လည်း သူတို့ဂျပန်စစ်သားများနှင့်ပင် အတူတွဲလျက် ချက်ပြုတ်စားသောက်ခြင်း ပြုကြပါသည်။ အထက်က ကျွန်တော် ဆိုခဲ့သော မွန်အမျိုးသား စကားပြန်သူငယ်ကလေးမှာလည်း ထိုဂျပန်စစ်ဗိုလ်၊ စစ်သားများနှင့်ပင် အတူတွဲကာ ဂျပန်များနည်းတူ နေထိုင်စားသောက်ခြင်း ပြုရလေသည်။

သို့ရာတွင် ထိုသူငယ်မှာ နောက်တစ်နေ့ ညနေဘက်သို့ရောက်၍ ရွေးတပ်သားများ အလုပ်ခွင်မှ တက်ရောက်လာသည့်အခါ၌မှ ဂျပန်များ နေထိုင်ရာ တောင်ကုန်းထက် တဲအိမ်မှ နေလျက် မွန်အမျိုးသား ရွေးတပ်သားများ နေထိုင်ရာ တဲတန်းလျားများ ရှိရာသို့ ဆင်းသက်လာပါသည်။ ပြီးလျှင် ရွေးတပ်သားများနှင့် စကားစမြည် ပြောလျက် ရွေးတပ်သားများအတွက် ပေးသော ပုံစံထမင်းကို အတူတကွ ဝင်ရောက် စားသောက်ခြင်း ပြုပေလသည်။

ဤတွင် ကုသိုလ်ကံဆိုးရှာသော ထိုသူငယ်မှာ ရွေးတပ်သားများနှင့်အတူ ထမင်းစားနေခိုက်၌ပင် ဂျပန်စစ်ဗိုလ်နှင့် စစ်သား သုံးလေးယောက်တို့ ရောက်ရှိလာကြလေသည်။ အချိန်မှာ ညနေစောင်း မိုးချုပ်လုဆဲဆဲ ဖြစ်လေသည်။ ရွေးတပ်သားများမှာ မိုးရာသီဆိုလျှင် ညစာထမင်းကို တဲတန်းလျားကြီးအတွင်း၌သာ စားလေ့စားထရှိသော်လည်း နွေနှင့်ဆောင်း ကာလများတွင်မူ တဲတန်းလျားကြီးများ အတွင်း၌ စားလေ့စားထ မရှိကြဘဲ တဲအပြင်ဘက်ရှိ သစ်ပင်ကြီးများ

အောက်၌လည်းကောင်း၊ ကွင်းပြင်များ၌လည်းကောင်း အုပ်စုဖွဲ့ကာ စားသောက်လေ့ရှိကြသည်။ ဤသည်မှာ မွန်အမျိုးသားများသာ မဟုတ်၊ မြန်မာရွေးတပ်သားများလည်း ထိုနည်းအတိုင်းပင် ဖြစ်ကြလေသည်။

ယခုလည်း နွေရာသီအချိန်အခါဖြစ်သောကြောင့် မွန်အမျိုးသား ရွေးတပ်သားများသည် သစ်ပင်ကြီးများ အောက်၌လည်းကောင်း၊ ကွင်းပြင်များ၌လည်းကောင်း အုပ်စုဖွဲ့လျက် စားသောက်နေခြင်းဖြစ်လေရာ မွန်အမျိုးသား စကားပြန် သူငယ်ကလေးသည် သစ်ပင်ကြီးတစ်ပင်အောက်ရှိ ရွေးတပ်သားအုပ်စုတွင် ပါဝင် ရောနောကာ ဝင်ရောက် စားသောက်နေခြင်း ဖြစ်လေသည်။

ထိုအခါ မွန်ရွေးတပ်သားများထဲတွင် ဝင်ရောက်ရောနောနေသော စကားပြန် သူငယ်ကလေးအား အဝေးအလှမ်းကနေ ကြည့်၍ပင် သိသိသာသာကြီး မြင်နိုင်လေသည်။ ရွေးတပ်သားများနှင့် စကားပြန် သူငယ်ကလေး၏ အသွင်အပြင်မှာ ဗူးထူးခြားခြား ကွဲပြားလှရုံသာမက ဂျပန်စစ်သား ဦးထုပ်ကလေးကို ဆောင်းထားသောကြောင့်လည်း ဘာ၍ပင် ထင်ရှားနေပါတော့သည်။

ထို့ကြောင့်လည်း ဂျပန်စစ်ဗိုလ်နှင့် သူ့နောက်ပါ စစ်သား သုံးလေးယောက်သည် ခြေလှမ်းသွက်သွက်နှင့် ထိုမွန်ရွေးတပ်သားအုပ်စုရှိရာသို့ တည့်တည့်မတ်မတ်ကြီး လျှောက်သွားလေသည်။ ပြီးလျှင် ထိုသူငယ်အား ကုပ်ပိုးမှ ကိုင်လျက် ဆွဲမလိုက်သည်။ ထိုအပြုအမူနှင့် တစ်ကြိမ်တည်းလိုပင် စကားပြန်သူငယ်၏ ပါးနှစ်ဖက်ကို ဂျပန်စစ်ဗိုလ်က ဘယ်ပြန် ညာပြန် ရိုက်နှက်ခြင်းပြုလေသည်။ စကားပြန်သူငယ်၏ ပါးစပ်ထဲတွင် ရှိသော ထမင်းလုပ်သည် အပြင်အပသို့ လွင့်စင်ထွက်ကျလာလေသည်။ ဂျပန်စစ်ဗိုလ်သည် ဒေါသတကြီးဖြင့် အော်ဟစ်ဆဲရေးလေသည်။ သူ့နောက်ပါ ဂျပန်စစ်သားများကိုလည်း တစ်စုံတစ်ရာ အမိန့်ပေးခြင်းပြုလိုက်သည်။

ထိုအခါ ကျားချောင်းသလို ချောင်းမြောင်းနေသော ဂျပန်စစ်သား သုံးလေးယောက်သည် ဂျပန်စစ်ဗိုလ်၏နည်းတူ အော်ဟစ်ဆဲဆိုလျက် ထမင်းဝိုင်းစားနေကြသော မွန်ရွေးတပ်သားများအား ဝင်ရောက် ကန်ကျောက်လေသည်။ ထိုးကြိတ် ရိုက်နှက်ခြင်းလည်း ပြုလေသည်။ ဝါးဆစ်ခွက်များ၊ ထမင်းထည့်ထားသော တောင်းများ၊ ပလုံးများ၊ ဖက်ထဲတွင် ပုံထားသော ဟင်းကျွေးများနှင့် ထမင်းဆုပ်များကိုလည်း ခြေနှင့် ကန်ကျောက်ပစ်ကြလေသည်။ ပြီးသော် အနီးတွင် ရှိနေသော မိုးဖိုမှ ထင်းချောင်းများကို တစ်ချောင်းပြီးတစ်ချောင်း ဆွဲယူလျက် မွန်ရွေးတပ်သားများအား ရိုက်နှက်ခြင်း၊ မီးစနှင့် ထိုးခြင်းများ ပြုလုပ်လေသည်။

ဤတွင် ထမင်းဝိုင်းတွင် ရှိနေသော မွန်ရွေးတပ်သားများမှာလည်း ခြေခြင်းကည့်ရာသို့ စွတ်ပြေးကြလေသည်။ အချို့ကား ထမင်းခွက်များကို ကိုင်လျက်

www.burmeseclassic.com

www.burmeseclassic.com

စားရင်းတန်းလန်းက ထပြေးသည်။ အချို့မှာလည်း ထမင်းခွက်များ လွတ်ကျလေသည်။ တချို့သော ချွေးကပ်သားများမှာ ဂျပန်စစ်သားများ၏ အကန်အကျောက်ကို မရှောင်တိမ်းနိုင်သည့်အတွက် မြေပေါ်တွင် သုံးလေးပတ် လိမ့်သွားရလေသည်။

တိုတောင်းသောအချိန်ကလေးဌိပင် ထိုနေရာအနီးတစ်ဝိုက်ဌ ကုလားသိုက်ကျားဝင်ကိုက်သလို ဆူညံလှုပ်ရှားသွားလေသည်။ အင်ပင်ကြီးအောက်ရှိ မွန်ချွေ တပ်သားများ၏ ထိုထမင်းဝိုင်းမှာလည်း ပျက်သွားပါလေတော့သည်။ မြေပြင်ပေါ်တွင် ထမင်းများ၊ ပဲဟင်းများ၊ တောင်းပလုံးများနှင့် ထမင်းစား ဝါးဆစ်ခွက်များ၊ ဖက်များသာလျှင် ပြန့်ကြဲကြေမွလျက် ဖရိုဖရဲကျန်ခဲ့လေသည်။

ကျွန်တော်သည် တဲပေါက်ဝမှနေလျက် ဂျပန်စစ်ဗိုလ်နှင့် စကားပြန်သူငယ်ကလေး ရှိရာသို့ လှမ်းကြည့်လိုက်မိပါသည်။ ဂျပန်စစ်ဗိုလ်သည် လက်တစ်ဖက်နှင့် စကားပြန်သူငယ်ကလေး၏ လည်မျိုကို ညှစ်လျက် ကျန်သောလက်တစ်ဖက်က ဓားပိုးကို လက်ဝါးဖောင်း ခုတ်လေသည်။ ကျောပြင်ကိုလည်း တဗုန်းဗုန်းထုနှက်ခြင်း ပြုလေသည်။ ထိုအခါ စကားပြန်သူငယ်၏ လည်ချောင်းထဲမှ ထမင်းများသည် အဖောင့်လိုက် အန်ကျလာလေသည်။ စကားပြန် သူငယ်ကလေးမှာ ကြောင်တစ်ကောင်၏ လက်တွင် ဖမ်းမိထားသော ကြွက်ငယ်အလား တွန့်လိမ်တွန့်လိမ် ဖြစ်နေရှာပါသည်။ နောက် မကြာမီ ဂျပန်စစ်သားများသည် ထိုသူငယ်အား တောင်ကုန်းထက် တဲအိမ်များရှိရာသို့ ခွေးသေကောင် ဆွဲခေါ်သလို ဆွဲခေါ်သွားလေသည်။

ဤလိုနှင့် နောက်တစ်နေ့ မနက်စောစောတွင် ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် အပလုံစခန်းမှ ထွက်ခွာသွားကြလေသည်။ ကျွန်တော်သည် စမ်းချောင်းငယ်တွင် မျက်နှာသစ်နေရင်း လှမ်းကြည့်လိုက်သည်။ ယမန်နေ့ညက အရိုက်အနှက် ခံထားရသော စကားပြန်သူငယ်မှာ ဂျပန်စစ်ဗိုလ်၏ ဘေးတွင် ကပ်လျက် ဂျပန်စစ်သားများ ချီတက်ရာသို့ လိုက်ပါသွားရှာလေသည်။

သည်လို စကားပြန် သူငယ်ကလေးများကို တွေ့ရသည့်အခါ၌လည်း ကျွန်တော်တို့တွင် စိတ်မကောင်း ဖြစ်ကြရသည်။ ဘွန်ထိုက်ချို ကိုသာဖြိုး၊ ဆင်ခေါင်းကြီး ဦးနမ့်လွေ့ စသူတို့မှာလည်း ကျွန်တော်ကဲ့သို့ပင် စိတ်မကောင်း ဖြစ်ရကြပါသည်။ ဦးနမ့်လွေ့ကိုယ်တိုင်ပင် မွန်အမျိုးသားကြီးတစ်ယောက် ဖြစ်သော်လည်း သူ့မှာ ထိုစကားပြန် သူငယ်ကလေးနှင့် စကားတစ်ခုံတစ်ရာ မပြောလိုက်ရသဖြင့် ဘာမှ ဇာစ်ဇာစ်မြစ်မြစ် မသိလိုက်ရဘဲ ရှိပါသည်။

ကျွန်တော်သည် ထိုစကားပြန် သူငယ်ကလေး၏ အဖြစ်ကို တွေးတောကြည့်မိပါသည်။ စင်စစ် စကားပြန် သူငယ်ကလေးသည် ဂျပန်များနှင့် အတူနေ၊ အကူသွားရလျက် ဂျပန်တွေ စားသည့် အစားအစာများကို စားရသည်မှာ တောတွင်း ချွေးတပ်စခန်းရှိ ချွေးတပ်သားများ၏ အစားအစာကို စားသောက်ရသည်ထက် ပို၍ ကောင်းမွန်မည်တော့ ဖြစ်လေသည်။

ချွေးတပ်သားများ၏ အစားအစာနှင့် ပတ်သက်၍ကား အထက်တွင် ကျွန်တော် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ထမင်းမနပ်တနပ်၊ ဆီ၊ ငရုတ်သီး၊ ငံပြာရည် အလျဉ်းမပါသော စိမ်းဆတ်ဆတ် ပဲဟင်းဖြစ်ပါသည်။ အပလုံစခန်းတွင် ထိုနေ့က စားရသော ထမင်းဟင်းဆိုသည်မှာလည်း သည်အတိုင်းပင် ဖြစ်ပါသည်။ ဂျပန်စစ်သားများအနေနှင့်မူ တောထဲ ကောင်ထဲ၌ပင် ဖြစ်သော်လည်း ချွေးတပ်သားများလောက် အစားအသောက် မဆိုးရွားလှပါ။ သူတို့ကား ဆန်ဖြူ၊ ဆန်ကောင်းကို စားရပါသည်။ နပ်သော ထမင်းလည်း ဖြစ်ပါသည်။ ကျွန်ုပ်တော် တွေ့ဖူးသလောက် ဟင်းမှာ အချိုသက်သက် ချက်သောဟင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဟင်းထဲ၌ပင် သကြားထည့်ချက်လေသည်။ သူတို့၏ ဟင်းလျာသည် အာလူး၊ ရွှေဖရုံသီး၊ ကန်စွန်းဥ၊ မုန်လာဥ၊ ကုလားပဲများ ဖြစ်သည်က များပါသည်။ သို့ရာတွင် ထိုဟင်းလျာသည် မနှံ့မနပ် စိမ်းဆတ်ဆတ်မဟုတ်ပါ၊ သန့်သန့်ပြန့်ပြန့်လည်း ဖြစ်ပါသည်။

စကားပြန်သူငယ်သည် ထိုထမင်းဟင်းမျိုးကို မစားဘဲ ချွေးတပ်သားများနှင့် အတူ မနပ်သော ချွေးတပ်ပုစံထမင်းကို လာရောက်စားသောက်သည်မှာ အစားအသောက်ကို မက်မောခြင်းထက် သူ့အမျိုး သူ့ဒေလ့စရိုက်ကို ခင်တွယ်သော သဘောဟု ဆိုရမလို ရှိလေသည်။ ကျွန်တော်ကတော့ သည်အကိုင်း တွေးကြည့်မိပါသည်။ ကိုသာဖြိုင်ကိုလည်း ထိုအတွေးအတိုင်း ပြောမိပါသည်။ မည်သို့ပင် ဖြစ်စေ လူမျိုးဆိုသည်မှာ မိမိ၏ ဒေလ့စရိုက် အမူအကျင့်ကိုသာ ခင်မင်မြတ်နိုးရှိ ဖြစ်လေသည်။

နောက်တစ်နေ့ မနက်တွင် ကျွန်တော် ခပ်စောစော အိပ်ရာမှ ထခဲ့ပါသည်။ အိနှားမတ်ဆက ဆေးရုံစခန်းသို့ သွားရမည်ဟု ကြိုတင်မှာကြားထားခြင်းကြောင့် ဖြစ်ပါသည်။ လွယ်အိတ်ကို လွယ်ပြီးနောက် လွယ်အိတ်ထဲတွင် ဆား၊ ဝါးကျည်တောက်တစ်လုံးနှင့် ဆေးလိပ်အနည်းငယ်ကိုလည်း ထည့်ယူခဲ့ပါသည်။ ရေနွေး၊ ဝါးကျည်တောက်နှင့် ဝါးချွန်တစ်ချောင်းကိုလည်း ယူခဲ့ပါသည်။ ပြီးလျှင် ဂျပန်စစ်သားများ နေထိုင်ရာ စမ်းချောင်းတစ်ဖက်သို့ ထွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ရောက်ရှိသွားသည့်အခါ အိနားမတ်ဆုနှင့် ဂျပန်စစ်သား နှစ်ယောက်အပြင် စကားပြန်သူငယ်တို့ပါ ခရီးအတွက် ပြင်ဆင်ပြီး ဖြစ်သည်ကို တွေ့ရလေသည်။ သူတို့ ဘယ်အချိန်က အိပ်ရာထကြသည် မသိ။ ကျွန်တော် ရောက်သွားသည့်အခါ အားလုံး ဆန်ပြုတ်သောက်ပြီး နေကြလေပြီ။ ကွပ်ပျစ်နှင့် ခုံသဖွယ်ပြုလုပ်ထားသော ဝါးတန်းလျားပေါ်ရှိ ဆန်ပြုတ်ခွက်များကို ထမင်းချက် ဂျပန်စစ်သားက လိုက်လံကာ သိမ်းဆည်းခြင်း ပြုနေလေသည်။

အိနားမတ်ဆုသည် ကျွန်တော့်ကို မြင်သည့်အခါ "ဘွန်ထိုက်ချို့ ဘွန်ထိုက်ချို့" ဟု အော်ပြောပါသည်။ အနီးတွင် ရှိနေသော စကားပြန် သူငယ်ကိုလည်း တစ်စုံတစ်ရာ ပြောလိုက်ပါသည်။

"ဘွန်ထိုက်ချို့တစ်ယောက် ခေါ်ခဲ့ပါတဲ့"

မောင်ချစ်က ကျွန်တော့်ကို လှမ်းပြောလေသည်။

ကျွန်တော်သည် သူကိုရှိရာသို့ ဆက်လက်မသွားတော့ဘဲ တဲတန်းလျားရှိရာသို့ ပြန်လှည့်ခဲ့ပါသည်။ ထို့နောက် ဘွန်ထိုက်ချို့ ကိုသာမြိုင်အား ခေါ်ငင်ကာ ဂျပန်များကို စမ်းချောင်းတံတားထိပ်မှ ရပ်စောင့်ရလေသည်။ ဤလိုနှင့် ကျွန်တော်တို့ လူစုသည် မကြာမီ အချိန်အတွင်း ဘုရားသုံးဆူစခန်းမှ ထွက်ခဲ့ကြပါသည်။

အိနားမတ်ဆု ခေါင်းဆောင်သော ကျွန်တော်တို့ လူပေါင်း ခြောက်ဖယောက်သည် ဘုရားသုံးဆူစခန်းမှ တောတွင်းဆေးရုံစခန်းသို့ ထွက်ခဲ့ကြပါသည်။ ဆေးရုံစခန်းသို့ သွားရာလမ်းသည် ဖြောင့်ဖြူးညီညာသော လမ်းမဟုတ်ပါ။ ချုံနွယ်ပိတ်ပေါင်းများ၊ တောင်ကမူများ၊ ချိုင့်ဝှမ်းများ ဟူထပ်လှလေသည်။ ခရီးလမ်း၏ အနေအထားကို လေ့လာရခြင်းအားဖြင့်ပင် ဆေးရုံစခန်းမှာ လူသွားလူလာနည်းပါးလှကြောင်း အကဲခတ်နိုင်လေသည်။ ဂျပန်တို့သည် ဆေးရုံစခန်းရှိ လူမမာများအတွက် စားနပ်ရိက္ခာပေးပို့ရာ၌ ဆယ့်ငါးရက်လျှင် တစ်ကြိမ်၊ တစ်လလျှင် တစ်ကြိမ်ကျလောက်သာ သွားရောက်ပေးပို့ခြင်း ရှိလေသည်။ ထိုကဲ့သို့ပေးပို့ရာတွင် ဆေးရုံစခန်းနှင့် အနီးကပ်ဆုံးဖြစ်သော ချွေးတပ်စခန်းများရှိ ဂျပန်ရိက္ခာဂိုဒေါင်မှူးနှင့် ထမင်းချက်ခေါင်းတို့က တာဝန်ယူကြရလေသည်။ ဥပမာ–ဘုရားသုံးဆူစခန်းနှင့် အနီးကပ်ဆုံးဖြစ်သော ဆေးရုံစခန်းအတွက် ဘုရားသုံးဆူစခန်းမှ ရိက္ခာဂိုဒေါင်မှူး ဂျပန်နှင့် ထမင်းချက်ခေါင်း ကိုစံခတို့က တာဝန်ယူရလေသည်။ ထို့ပြင် လူမမာများအား ပေးသော စားနပ်ရိက္ခာဆိုသည်မှာလည်း အထွေအထူးမဟုတ်ပေ။ ဆန်နှင့် ဆားသာလျှင် ဖြစ်လေသည်။ ထိုအထဲက ဆန်မှာလည်း ထမင်းချက် စားသောက်လောက်အောင် ပေးသည်တော့ မဟုတ်ပေ။ ဆန်ပြုတ်ကျိုသောက် ရရုံမျှသာ ဖြစ်လေသည်။

စင်စစ် တွေးကြည့်လျှင် ချွေးတပ်စခန်းများရှိ ဆေးရုံစခန်းများ၌ နေကြရသော ချွေးတပ်သား လူမမာဆိုသူများမှာ ပင်လယ်ကြီးများအတွင်းရှိ မီးပြတိုက်များတွင် နေကြရသော သူများနှင့် ခပ်ဆင်ဆင်တူပါသည်။ သူတို့သည် လူ့လောကကြီးထဲတွင် နေထိုင်ကြပါလျက် လူသားအများနှင့် အဆက်အသွယ်ပြတ်နေသူများပမာ ဖြစ်ရလေသည်။ ၁၅ ရက်လျှင် တစ်ကြိမ်၊ တစ်လလျှင် တစ်ကြိမ် လောက်သာ အခြားသူများနှင့် တွေ့ကြရလေသည်။ တွေ့ကြရသည်ဆိုရာ၌လည်း အချိန်ကြာမြင့်စွာ မဟုတ်ဘဲ ခဏတာမျှသာ ဖြစ်လေသည်။

ဆေးရုံခေါ် တဲတန်းလျားများရှိ ချွေးတပ်သားများ၏ ဘဝမှာ အထူးကြေကွဲစရာ ကောင်းလှလေသည်။ သူတို့၏ အဖြစ်မှာ ဆန်ပြုတ်ကိုပင် ဝဝလင်လင် မသောက်ရသောအဖြစ်၊ ဆားပြားကိုပင် စိတ်ထင်သလို မသုံးဆောင်ရသောအဖြစ်ပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း အချို့သော ချွေးတပ်သား လူမမာတို့မှာ ဖားဖား၊ ရုံစခန်းသို့ ရောက်သည့်အတွက် ရောဂါဝေဒနာ မပျောက်ကင်းရုံမျှမက စိတ်ဓာတ်များ ကယောင်ချောက်ချားနှင့် ခပ်ကြောင်ကြောင်ပင် ဖြစ်ကုန်ကြပါသည်။ တချို့တို့မှာလည်း မသေသင့် မသေထိုက်ပါဘဲနှင့် သေကျေပျက်စီးကြရရှာလေသည်။ တချို့မှာလည်း ထိုဆေးရုံစခန်းများ၏ စိတ်ပျက်ချောက်ချားစရာ အတွေ့အကြုံများကို မခံစားလိုသောကြောင့် သူတို့ကိုယ်သူတို့ အနှိုင်နိုင် အားတင်းလျက် အလုပ်စခန်းရှိရာသို့ ပြန်လာတတ်ကြပါလေသည်။

ကျွန်တော်တို့သည် နှစ်ပိုင်းသာသာခန့် အကွာအလှမ်းရှိသော တောတွင်း ဆေးရုံစခန်းရှိရာသို့ တစ်နာရီခန့်လောက် သွားနေရပါသည်။ ဤသည်မှာ လမ်းခရီး မကောင်းသောကြောင့် ဖြစ်လေသည်။ လမ်းကောင်း လမ်းဖြောင့်သာ ဆိုလျှင် ထိုမျှ အချိန်ကြာကြာသွားရမည် မဟုတ်ပါချေ။

ဘုရားသုံးဆူ ဆေးရုံစခန်းသည် တဲတန်းလျား သုံးတန်းလျားသာ ရှိလေသည်။ ထိုတန်းလျား သုံးလုံးအနက် တစ်လုံးသည် ဗုန်းဗုန်းပြိုလဲနေလေသည်။ တစ်လုံးမှာလည်း တစ်ဖက်သို့ ယိမ်းယိုင်လျက် ပြိုလဲမတတ် ဖြစ်လေသည်။ ကျန်တစ်လုံးသည်သာ အတော်အသင့် ကောင်းမွန်ခြင်း ရှိပါသည်။ သို့ရာတွင် ထိုကောင်းမွန်ပါသည်ဆိုသော တစ်လုံးမှာလည်း မယိမ်းမယိုင်ရုံမျှသာ ဖြစ်လေသည်။ အခင်းနှင့် အကာ အမိုးများမှာမူ အပေါက်ပေါက်အပြဲပြဲ အစုတ်စုတ်အပြတ်ပြတ် ဖြစ်နေလေသည်။

စုစုပေါင်း ငါးဆယ်ကျော်မျှဖြစ်သော လူမမာများသည် ထိုတဲတန်းလျားပေါ်တွင် စုရုံးနေထိုင်ကြလေသည်။ သူတို့အထဲမှ အတော်အတန် ကျန်းမာမှု ရှိနေကြသူများက ကျန်လူမမာအားလုံးကို ခေါင်းဆောင်မှုပေးလျက် စီမံအုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ လူမမာအားလုံး စားသောက်ရန်အတွက် ဆန်ပြုတ်ခြင်း၊ ထင်းမီးစသည်များကို ရှာဖွေစုဆောင်းခြင်း ပြုလေသည်။ အားလုံးအတွက် ရရှိသော ဆန်၊ ဆားစသည်များကိုလည်း ထိုကျန်းမာသော လူ သုံးလေးယောက်ကပင် သိမ်းဆည်းခြင်း၊ အချိုးကျ ချက်ပြုတ်ခြင်း စသည်ဖြင့် ပြုလေသည်။ ဘုရားသုံးဆူ ဆွေးရုံစခန်း၏ လူနာများအားလုံးကို ဦးဘစောနှင့် ကိုဘတင်ဆိုသော ချွေးတပ်သားနှစ်ယောက်က ခေါင်းဆောင်ခြင်းပြုလေသည်။ ဂျပန်များကလည်း ထိုသူနှစ်ယောက်ကိုပင် အသိအမှတ် ပြုထားလေသည်။

အိန္ဒိယမတ်ဆုသည် ဂျပန်စစ်သားနှစ်ယောက်နှင့်အတူ စကားပြန်သူယေမောင်ချစ်ကို ခေါ်ဆောင်ကာ တဲတန်းလျားပေါ်ရှိ လူမမာအားလုံးကို လိုက်လံကြည့်ရှုခြင်းပြုလေသည်။ ကျွန်တော်၊ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ဦးဘစောတို့မှာ တဲတန်းလျားအပြင်ဘက်ရှိ မီးဖိုကြီးအနီးတွင် ကျန်ရစ်ခဲ့ကြလေသည်။ မီးဖိုပေါ်တွင် သံပုံးတစ်လုံးနှင့် ဆန်ပြုတ် ပြုတ်ထားသည်။ ပြီးလျှင် ဝါးဆစ်ကျည်တောက်သုံးလေးခုနှင့် ဆန်များ ထည့်လျက် မီးဖိုဘေးတွင် ကပ်ထောင်ထားသည်ကိုလည်း တွေ့ရသည်။

"ကျွန်တော်တို့ နေထိုင်ကောင်းစ လူသုံးလေးယောက်ကတော့ ထမင်းလေးနည်းနည်းဖက်စားမှ ဖြစ်တယ် ဆရာလေး၊ ဒါကြောင့် ဆန်ကို ဝါးကျည်တောက်ထဲထည့်ပြီး ကောက်ညှင်းကျည်တောက် ဖုတ်သလို ဖုတ်ထားရတယ်"

ဦးဘစောက ကျွန်တော်တို့ကို ပြောပါသည်။

"ထမင်းချက်ဖို့ အိုးမလေး ဘာလေး မရှိဘူးလား"

ကျွန်တော်က မေးလိုက်ပါသည်။

"ခပ်စောစောက မြေအိုးကလေးတစ်လုံး ရှိတယ် ဆရာလေး၊ အဲဒီအိုးလေးကို စိတ်နောက်နေတဲ့ အကောင်က ရိုက်ခွဲပစ်လိုက်တာ ကိစ္စပြီးပါလေရော"

"ဘယ်က စိတ်နောက်နေတဲ့ လူလဲ၊ ခင်ဗျားတို့ အထဲကလား"

ကျွန်တော်က ထပ်မံ စပ်စုလိုက်ပါသည်။ ဤတွင် ဦးဘစောက အကြောင်းနံကို အောက်ပါအတိုင်း ပြောပြပါသည်။

သူတို့ဆွေးရုံစခန်းတွင် ခပ်စောစောအချိန်က လူနာ နှစ်ရာကျော်ကျော် သုံးရာခန့် ရှိသည် ဆိုပါသည်။ ထိုလူနာများထဲတွင် အချို့မှာ လွန်စွာ စိတ်ရောဂါပြင်းထန်သူများ ဖြစ်သောကြောင့် ဆေးရုံစခန်းသို့ ရောက်ရှိပြီးနောက် မကြာမီ အချိန်အတွင်း၌ပင် တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်ကြသည်။ တချို့မှာလည်း ဆေးရုံစခန်းတွင် မနေလိုသောကြောင့် အလုပ်စခန်းရှိရာသို့ ပြန်လည်သွား၊ ရောက်ကြသည်။ အချို့ကား ဖြစ်လိုရာဖြစ်စေဟူသော စိတ်ထားနှင့် ထွက်ပြေးခြင်း၊

ပြုကြသည်ဟု ဆိုပါသည်။ ဤအတွင်းမှပင် အချို့သော ချွေးတပ်သား လူမမာများမှာ စိတ်ဖောက်ပြန်ရူးသွပ်လျက် ခြေဦးတည့်ရာ ကောတွင်းသို့ ဝင်ရောက်သွားကြကာ အချို့မှာလည်း ကျောက်တောင်ကြီးများထက်မှ ချောက်ကမ်းပါးထဲသို့ ခုန်ချသေခြင်း၊ စမ်းချောင်းအတွင်းသို့ ခုန်ဆင်းသေခြင်း စသော အပြုအမူတို့ကို ပြုကြကြောင်းနှင့် ပြောပြပါသည်။ ဦးဘစောသည် ဤဆေးရုံစခန်းသို့ မိုးအကုန်ဆောင်းအကူး အချိန်လောက်ကပင် ရောက်ရှိလာခဲ့သည်ဟု ဆိုပါသည်။ ဦးဘစော ရောက်ရှိသည့်အချိန်၌ပင် ချွေးတပ်သားတစ်ယောက်မှာ နာမကျန်းဖြစ်နေရာမှ ဝန်းဝင်ကာ ရူးကြောင်ကြောင်ဖြစ်သွားသည်ဟု ဆိုပါသည်။ ထိုချွေးတပ်သား လူမမာသည် တစ်လကျော်၊ နှစ်လလောက် ဤစခန်းတွင် အနှောင့်အယှက်ပေးခဲ့ပြီးနောက် စမ်းချောင်းအတွင်းသို့ ခုန်ဆင်းကာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်ကြောင်း ပြောပြပါလေသည်။

"ကျွန်တော်တို့ ထမင်းအိုးကို ရိုက်ခွဲလိုက်တယ်ဆိုတာ အဲဒီချွေးတပ်သားမေပါ့ခင်ဗျာ၊ ထိန်းလို့မနိုင် သိမ်းလို့မရနဲ့ တော်တော် ဒုက္ခပေးတဲ့ သတ္တဝါပေါ့"

"အဲဒီလိုတွေကျတော့ကော ဂျပန်က ဘာမှ မပြောဘူးလား၊ ဘာမှ လုပ်မပေးဘူးလားဗျ"

ကျွန်တော့်အနီးတွင် ရှိသော ဘွန်ထိုက်ချို ကိုသာမြိုင်က မေးလိုက်လေသည်။

"ဂျပန်တွေအကြောင်းကို ခင်ဗျားလဲ အသိသားပဲဗျာ၊ ဘာလုပ်ပေးမလဲ၊ ဘာမှ လုပ်မပေးဘူး၊ ကျုပ်တို့ ဆေးရုံစခန်းရောက်နေတဲ့ ချွေးတပ်သားကွေဟာ ဘာနဲ့တူလဲဆိုတော့ နွားသတ်ရုံထဲ ရောက်နေတဲ့ နွားတွေထက် ဆိုးတာပေါ့၊ နွားသတ်ရုံရောက်နေတဲ့ နွားကမှ မသေခင် ဝဝလေး စားရဦးမယ်၊ ကျုပ်တို့က ဆန်ပြုတ်တောင် ဝအောင် သောက်ရတာ မဟုတ်ဘူး၊ အဲဒီထဲ တစ်ခါတစ်ခါ ဆားပြတ်နေလို့ ဆန်ပြုတ်ကို ဆားမပါဘဲ ပေါ့ရွတ်ရွတ်သောက်ရတယ်၊ ခုလို ဆားပြတ်နေတုန်း ဆရာလေးက ဆားယူလာတာ အတော်ပဲ ဖြစ်သွားတာပေါ့၊ မနေ့က မနက်ကလဲ ဆန်ပြုတ်ထဲ ဆားမထည့်ရဘူး၊ အဲ-စိတ်နောက်နေတဲ့လူတွေကလဲ ဂျပန်ကျတော့ အကြောက်သားဗျ၊ ဂျပန်တွေ လာပြီဆိုမှဖြင့် မျက်လုံးကြီးတွေ အကြောင်သားနဲ့ ငြိမ်နေတာပဲ၊ ဂျပန်ကတော့ စိတ်နောက်တဲ့လူကော ဘာကောချမ်းသာမပေးဘူး၊ ပါးနားရိုက်တော့ အကြီးအကျယ် လန့်နေတာပေါ့ဗျာ"

ဦးဘစောက သူတို့၏ ဆေးရုံစခန်းအကြောင်းကို စိတ်ဝင်စားစဖွယ် ပြောပြပါသည်။ ဦးဘစောမှာ သာမန်ချွေးတပ်သားတစ်ယောက်တော့ မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

ဘွန်ထိုက်ချို့တစ်ယောက် ဖြစ်လေသည်။ ဦးဘစောနှင့် ကိုဘတင်တို့မှာ အတော် အတန် ကျန်းမာလာပြီဖြစ်သော်လည်း ဂျပန်များကိုယ်တိုင်က အလုပ်စခန်းရှိရာသို့ ရုတ်တရက်ပြန်ခွင့်မပေးသေးဘဲ ထားခြင်းဖြစ်လေသည်။ သဘောမှာ အတော်အတန် ကျန်းမာနေသူနှစ်ဦး၊ သို့မဟုတ် သုံးလေးဦးလောက်တို့ကို ဆေးရုံစခန်းများတွင် အကြီးအမှူးအဖြစ်နှင့် ရှိနေစေခြင်းပင် ဖြစ်လေသည်။

ထိုအခါ ဦးဘစောနှင့် ကိုဘတင်တို့လို လူကောင်းများအတွက်မှာမူ စားနပ် ရိက္ခာအတွက် ဆန်၊ ဆား၊ ပဲ စသည်များကို လူကောင်း ချွေးတပ်သားများ နည်းတူ အပြည့်အဝ ရရှိကြလေသည်။ သို့ရာတွင် တစ်ဦးပေါ်တစ်ဦး မရက်စက် နိုင်သော သဘောဖြင့် ဝေခြမ်းမျှတကာ စားသောက်ရခြင်းဖြစ်လေရာ သူတို့အတွက် ရရှိသော ရိက္ခာကလေးများမှာလည်း လောက်ငသည်ဟူ၍ မရှိဘဲ ဖြစ်ရလေသည်။

ယိုင်လဲ ပြိုကျတော့မည်ဖြစ်သော တဲတန်းလျားစုတ်များပေါ်တွင် ရှိနေကြသည့် လူမမာ ချွေးတပ်သားများအနက် အချို့ကား ဆန်ပြုတ်ကိုပင် အနည်းအကျဉ်း လောက်သာ သောက်စားနိုင်ကြသော်လည်း အချို့မှာမူ သူတို့အတွက် ပေးသော အချိုးကျ ဆန်ပြုတ်လောက်နှင့် မတင်းတိမ်ဘဲ ရှိကြလေသည်။ ထိုအခါ အစားပစ် အသောက်ပစ် ဖြစ်နေသော လူမမာများ၏ ဆန်ပြုတ်ကို ထိုစားနိုင်သောက်နိုင်သူ များအား ဝေခြမ်းပေးရလေသည်။ သို့နှင့်လည်း ထိုသူ ထိုချွေးတပ်သားများမှာ မတင်းတိမ်ဘဲ ဖြစ်ကြရကြသည်ဟု ဆိုပါသည်။ ထိုကဲ့သို့ဖြစ်ရသည်မှာ နာလန်ထစ လူမမာများက စားလုံးသောက်လုံး ကြီးမားခြင်းကြောင့်ဟူ၍ မဆိုသာချေ။ ဂျပန်များ ပေးဝေသော လူတစ်ယောက်အတွက် တစ်နေ့တွက် ဆန်နှစ်ဆုပ်ကပင် အဖော်ကြီး နည်းပါးသောကြောင့်ဟု ဆိုရပါမည်။

လူနာစခန်းရှိ ဇာများပေါ်တွင် ချိုးကျူးဖွယ် တွေ့မြင်ရသည်မှာ ဆန်ပြုတ် သောက်သော ဌာန်းကလေးများပင် ဖြစ်လေသည်။ ထိုဌာန်းကလေးများသည် ဝါးပိုးပါးကို အခွက်ကလေးဖြစ်အောင် ပြုလုပ်ထားသော ဌာန်းကလေးများ ဖြစ်လေ သည်။ သံဌာန်းကလေးများနှင့် တစ်ပုံစံတည်းတူလျက် ချောမွေ့နေအောင် ကျောက်နှင့် စားထားခြင်း ဖြစ်လေသည်။

နောက်တစ်ခု တွေ့ရသည်မှာ အင်ကြင်းကျောက်ကို ပြုလုပ်ထားသော မီးခတ်ကလေးများပင် ဖြစ်လေသည်။ ဦးဘစောထံတွင်လည်းကောင်း၊ ကိုဘတင် ထံတွင်လည်းကောင်း ထိုမီးခတ်ကျောက်များကို တွေ့ရပါသည်။ တစ်ခါတစ်ရံ မီးဖိုများ မီးငြိမ်း မီးပြတ်သွားခဲ့သော် ထိုမီးခတ်ကိုပင် အသုံးပြုရသည်ဟု ပြောပါ သည်။ ဂျပန်ခေတ် ဇာတာတွင်း ချွေးတပ်စခန်းများတွင် ဤလို ကျောက်မီးခတ် များမှာ လွန်စွာမှ အသုံးဝင် အရာရောက်လှလေသည်။

ချွေးတပ်သားများမှာ မိသားတစ်ရာ လူပေါင်းခုံလှသည်။ ထို့ကြောင့်လည်း ချွေးတပ်ထဲတွင် လူပေါင်းခုံ ကွေ့ရပါသည်။ ဆံပင်ညှပ်တတ်သူ၊ စက်ချုပ်တတ်သူ၊ လက်သမားလုပ်တတ်သူ၊ ပန်းရံလုပ်တတ်သူ၊ တောင်းပလုံး ရက်လုပ်တတ်သူ၊ အရပ်ထုတတ်သူ၊ ပန်းချီဆရာ၊ ကျောက်ထိုးဆရာ၊ ကျောင်းဆရာမှ စလျက် တောင်သူလယ်သမားများအထိ ဖြစ်ကြလေသည်။ ထို့ကြောင့်ပင် ဤလို ပုဂ္ဂိုလ် အသီးသီးတို့၏ လက်စွမ်းလက်စကလေးများကို အခွင့်သင့်သည့်အချိန် အခွင့် သင့်သည့် နေရာတွင် တွေ့ရတတ်လေသည်။

အချို့ကား ထောင်အကြိမ်ကြိမ် ကျဖူးသူများ၊ ကျန်းရောက်ဖူးသူများ ဖြစ်လေသည်။ ဤလို လူတွေ များပြားသည့်အုပ်စုနှင့် တဲတန်းလျားများတွင်မူ ထောင်ပုံစံ ဆေးလိပ်များ၊ အဝတ်ပုတီး၊ ဂါးပုတီး စသည်များကို တွေ့ရတတ်လျက် ဓိဋ္ဌောဆရာများ ပါသည့် အုပ်စုအဖွဲ့များတွင်မူ ဆင်ဈေးမို့ စုသူများ၊ ကဗိုးနှာနှင့် လျက်ဆား၊ ချွေးထုတ်ဆေး စသည်များကို ကတ်ကတ်သတ်သတ် ဖော်စပ်၍ ချွေးတပ်သားအချင်းချင်း ဖရောင်းချသူများကိုလည်း တွေ့ကြုံရပါလေသည်။ တပ်ဒိန် စခန်းဂွင် ကျန်တော်ကို ရှိစဉ်က ဆံပင်ညှပ်ဆရာတစ်ယောက်ကိုလည်း တွေ့ခဲ့ရ ဖူးသည်။ ထိုသူမှာ ချွေးတပ်ထဲသို့ ဆံပင်ညှပ်နေရင်း တန်းလန်းမှ ပါရှိလာခြင်း ဖြစ်လေရာ သူ့ထံတွင် လက်ဆွဲအိတ်တစ်လုံးနှင့် ဆံပင်ညှပ်ပစ္စည်းများ အစုံအလင် ပါရှိလာလေသည်။ ကျန်တော်တို့သည် အလုပ်အားလပ်သောအချိန်များ၌ ထိုဆရာ ထံတွင် ဆံပင်ညှပ်ရပါလေသည်။ တစ်ခါညှပ်လျှင် ဂျပန်စက္ကူ တစ်ကျပ် ပေးရ လေသည်။

ဤအကြောင်းနှင့် ဆက်စပ်လျက် အလျဉ်းသင့်ဖြင့် ဖော်ပြရန် အကြောင်း တစ်ခု ရှိလာပါသည်။ ကျန်တော်တို့အဖွဲ့ ကျောက်တစ်လုံးစခန်းတွင် နေကြရစဉ်က ဖြစ်လေသည်။ တစ်ခါသော် ကျန်တော့်မှာ လူမှန်းသူမှန်းမသိအောင် မျက်ပိ ပေး တော့သည်။ အပြင်းအထန်ဖျားသည်က တစ်ကြောင်း၊ တောကြီးခေါင်ခေါင်တွင် ဆေးမရှိ ဝါးမရှိ၊ ဆွေမျိုးသားချင်းဟူ၍လည်း တစ်စုံတစ်ယောက်မျှ မရှိသဖြင့် တစ်ကြောင်း အလွန်တရာ စိတ်အားငယ်ခြင်း ဖြစ်မိပါသည်။ ဤတွင် အဖျားကြီး လှ၍ အပူလွန်ကာ ငန်းဝင်လာသည်ဟု ကျန်တော့်အဖော်များက ပြောပါသည်။

ကျန်တော် လူမှန်းမသိအောင် အလူးအလဲဖြစ်လျက် ကယောင်ကတမ်းတွေ ပြောသည်ဟု ကျန်တော့်လူများက ပြန်ပြောပြပါသည်။ ဤတွင် ကျန်တော့်အဖော် များနှင့် ဘွန်ထိုက်ချို ကိုမောင်စိန်သည် ကျန်တော့်အတွက် ဆေးဆရာတစ်ယောက် ကို ပင့်ခေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုဆေးဆရာမှာ ကျွန်တော်ကိုနှင့် တဲတန်းလျားနီးချင်း ဖြစ်လေသည်။ မြန်အောင်မှ ဖြစ်၍ လူနာအိမ်က အပြန်တွင် ချွေးတပ်ထဲ ဖမ်းခေါ်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။ သူ့အမည်မှာ ဦးထွန်းမောင်ဟူ၍ သိရပါသည်။ ဦးထွန်းမောင်တွင် ဆေးလွယ်အိတ်နှင့် ဆေးပုလင်း အမျိုးစုံ ပါရှိလာပါသည်။ သူသည် ကျွန်တော့်ကို ဆေးနှစ်မျိုးလောက် တိုက်ပါသည်။ လေးငါးရက်လောက် လာ၍ ကုသပေးလေသည်။ သူ့ကို ဆေးဖိုးဝါးခအဖြစ် ငွေနှစ်ဆယ် အစိတ် ပေးလိုက်ရပါသည်။ ကျွန်တော် နေကောင်း၍ အိပ်ရာမှ ထနိုင်သည့်အခါ ဦးထွန်းမောင်ကို မတွေ့ရတော့ပါချေ။ ဦးထွန်းမောင်ပါသော အုပ်စုမှာ စခန်းပြောင်းသွားရလေသည်။ ကျွန်တော် သူ့ကို အမှတ်ရ၍ စခန်းပြောင်းရွေ့ရတိုင်း စုံစမ်းသော်လည်း သတင်းအစအနပင် မရရှိပါချေ။ နောင်အခါများ၌လည်း မတွေ့ရတော့ပါချေ။

ချွေးတပ်စခန်းများတွင် ထိတ်လန့်ကြောက်မက်ဖွယ်ရာတွေ၊ စိတ်ပျက်အားငယ်စရာတွေ ကြုံရဆုံရသည်နှင့်အမျှ ရယ်ဖွယ်ရာများ၊ တရားသဲ့ဝေရစရာများ၊ မခံချင်စရာများကိုလည်း တွေ့ရကြုံရပါလေသည်။ တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့်တစ်နယ်ပင် ဖြစ်သော်လည်း တောတွင်း ချွေးတပ်စခန်းရောက်မှ ခင်မင်ကြရသူများနှင့်လည်း တွေ့ရသည်။ တစ်ဖန် ထိုသူများနှင့် နေ့မြင်ညပျောက် ဆိုသလို ခွဲကြရသည်လည်း ရှိသည်။ မကြည့်ချင် မမြင်ချင်လောက်အောင် မုန်းတီးစက်ဆုပ်နေသူဖြစ်သော်လည်း အရှည်သဖြင့် တွဲနေရသည်လည်း ရှိလေသည်။ ဂျပန်စစ်ဗိုလ် ကုမေကာဆိုလျှင် ကျွန်တော်တို့ ချွေးတပ်သားတိုင်းက အသေအလဲ ရွံမုန်းနေသော်လည်း သူ့စက်ကွင်းမှ ကျွန်တော်တို့တစ်တွေ မလွတ်အောင် ဖြစ်နေရလေသည်။ မကြာခဏ ကုမေကာနှင့် ကျွန်တော်တို့ ပြန်လည်ကြုံဆုံနေရပါလေသည်။ ယခုလည်း ဘုရားသုံးဆူစခန်းသို့ ရောက်၍ ကုမေကာနှင့် ကျွန်တော်တို့ ဝေးခဲ့ရပြီ။ ကုမေကာလက်တွင်းမှ ကျွန်တော်တို့တစ်တွေ လွတ်ခဲ့ကျွတ်ခဲ့ကြလေပြီဟု ဝမ်းသာနေကြရလေသည်။ သို့ရာတွင် ရှေ့ကွင် မည်ကဲ့သို့ ဖြစ်လေဦးမည်ဟူ၍ကား ကျွန်တော်ကို တပ်အပ်သေချာ မပြောနိုင်သေးပါချေ။

ကျွန်ကော်တို့ စကားပြောနေခိုက်၌ပင် အိနားမတ်ဆသည်စကားပြန်သူငယ်အား ကျွန်တော်ကိုကို ဟုခေါ်လွှက်လိုက်လေသည်။ ကျွန်တော်တို့ သုံးယောက်သည် ပြောလက်စ စကားကိုဖြတ်လျက် အိနားမတ်ဆုတို့ တဲတန်းလျားအတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။

မကြာမီ အိနားမတ်ဆု၏ အစီအစဉ်အရ တဲတန်းလျားပေါ်ရှိ လူနာများအားလုံးကို တဲအပြင်သို့ အထွက်ခိုင်းလေသည်။ ပြီးလျှင် ထိုသူများအားလုံးကို တဲရှေ့မြေကွက်လပ်တွင် အထိုင်ခိုင်းပြီးနောက် ထိုလူပေါင်း ငါးဆယ်ကျော်ထဲမှ

လူဆယ်လေးငါးယောက်တို့အား တစ်ယောက်စီ၊ တစ်ယောက်စီ ရွေးထုတ်လျက် ကသိုးတခြား ထားလိုက်လေသည်။ အိနားမတ်ဆနှင့်အတူ ပါလာသော ဂျပန်စစ်သားနှစ်ယောက်သည် လူများစုဖြစ်သော လူနာများအား အသေအချာ လိုက်လံစစ်ဆေးခြင်း ပြုသည်။ အထိုင်ခိုင်းသည်၊ အထခိုင်းသည်၊ ပြီးလျှင် ရှေ့နောက် ပံ့ယာသို့ လှည့်ပတ်အကြည့်ခိုင်းသည်။

လူနာများမှာ များသောအားဖြင့်ကား အားအင်ကုန်ခမ်းဆုတ်ယုတ်ကာ ချည့်နဲ့နေကြသူများသာ ဖြစ်ကြလေသည်။ ထို့ကြောင့်ပင် ဂျပန်စစ်သားနှစ်ယောက်က ထိုင်ချည် ထချည် ခိုင်းသည့်အခါ အတော်ပင် အားယူကာ ထိုင်ကြဲ ထကြရကျလေသည်။ လူအတော်များများပင် ပါးစောင့်ဝေးကို အားပြုကာ ထိုင်ကြဲ ထကြရလေသည်။ ပြီးလျှင် သူတို့ကစ်တွေ ဖောပန်နေသည်။ ပါးစပ်မှ,ကာ ထွက်သက်နှင့် ဝင်သက်လေကို ဖိုလိုက်ဖိုလိုက် ရှူလေသည်။

အချို့ကား မည်မျှလောက်ပင် စေခိုင်းဆော်လည်း သုံးလေးကြိမ်ထက် လွန်၍ အထအထိုင် မလုပ်နိုင်ကြတော့ပါချေ။ ဂျပန်စစ်သားက မည်မျှလောက် ဆဲရေးရေရွတ်သည့်တိုင် အသက်ကို ပါးစပ်ပြဲအောင် ရှူလျက် ဇွတ်ပေကာ ထိုင်နေလေတော့သည်။ စမ်းဓနုဂင်းထဲမှ ငါးအရှင်လတ်လတ်ကို နေပူပူ ကုန်းခေါင်အောင် ပစ်တင်ထားသည်နှင့် တူလှလေသည်။

ဤအတွင်းကပင် တချို့လူမမာများမှာ သုံးလေးကြိမ် ထချည် ထိုင်ချည် လုပ်ပြီးနောက် နေရာတွင်ပင် ခွေကျသွားလေသည်။ အချို့မှာလည်း ဆေးတဖျန်းဖျန်း ပါကျလာသည်။ အချို့ကား မောဟိုက်ပင်ပန်းစွာဖြင့် တဟီးဟီးညည်းတွားလေသည်။ လပေါင်းများစွာ ရောဂါဝေဒနာ ခံစားနေကြရရှာသော သူတို့သူတို့၏ ကိုယ်ခန္ဓာတွင် ဇီဝဟူသော အသက်ကလေး ရှိနေသေးသည့်တိုင် အသွေးအသားများမှာမူ အလွန်အမင်း ချို့တဲ့နေလေပြီ။ မော်လမြိုင် ဆေးရုံကြီးသို့ ရောက်သည့်တိုင် ကျန်းမာအသက်ရှင်လာမည့်သူမှာ အတော်ပင် နည်းပါးပေလိမ့်မည်ဟု ကျွန်တော် တွေးလိုက်မိပါသည်။

ဂျပန်စစ်သားနှစ်ယောက်သည် လူမမာ လူများစုအား ထိုကဲ့သို့ စမ်းသပ်စစ်ဆေးပြီးနောက် ကျန်သော သတ်သတ်ဖယ်ထုတ်ထားသည့် လူမမာများအား စစ်ဆေးခြင်း ပြုပြန်ပါသည်။ ထိုသူများကိုမူ တန်းစီနေစဉ်ကပင် အရပ်ခိုင်းထားလေသည်။ ထို့ကြောင့်လည်း ထိုသူ ဆယ်လေးငါးယောက်အနက် ထိပ်ဆုံးတွင် ရပ်နေသောသူမှ စတင်လျက် တစ်ယောက်စီ တစ်ယောက်စီ တန်းစီနေသည့်နေရာမှ ထွက်ခွာသွားကြရလေသည်။ ဆယ်ခေါက်တိတိ အပြေးခိုင်းလေသည်။ ဆယ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com

ပြေးရသည့်အခါ အသွားအပြန် အခေါက်နှစ်ဆယ်ကိုတိုတိ ဖြစ်လေသည်။ တနှစ်စီ နေရာနှင့် တဲတန်း၏ အပေါက်ဝမှာ ပေတစ်ရာထက်မနည်း အကွာအဝေး ဖြစ်ပါလိမ့်မည်။

ထိုကဲ့သို့ ပြေးရသည့်အခါ အချို့မှာ နှစ်ခေါက်လောက်နှင့် မောနေလေသည်။ အချို့လည်း သုံးလေးခေါက်၊ အချို့လည်း လေးငါးခေါက်နှင့် မောနေကြပါသည်။ ဆယ်ခေါက်တိတိ ပြည့်သည့်အခါ၌မူ အားလုံးပင် ဟောဟဲလိုက်ကာ အမောဆို့နေကြပါလေသည်။

စင်စစ် ဂျပန်များသည် ဤလိုနည်းဖြင့် မော်လမြိုင်သို့ ပို့ရမည့်သူနှင့် ချွေးတပ်အလုပ်စခန်းတွင် ပြန်လည်စေခိုင်းရမည့်သူဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားစီစစ်ခြင်းပင် ဖြစ်လေသည်။ ဆရာဝန် မဟုတ်သော ဂျပန်စစ်သားများသည် ဆရာဝန်များကဲ့သို့ စစ်ဆေးစမ်းသပ်ခြင်း မပြုနိုင်ကြောင်း ထင်ရှားလှလေသည်။ ချွေးတပ်သား လူနာများအနေနှင့်မူ မည်သည့်အတွက် ဤလိုစစ်ဆေး စမ်းသပ်သည်ဟူ၍ မသိရှာကြပါချေ။ သူတို့ခမျာတွေမှ ဂျပန်စစ်သားများက ထခိုင်းလျှင် ထကြရမည်။ ထိုင်ခိုင်းလျှင် ထိုင်ကြရမည့်သူတွေသာ ဖြစ်ကြလေသည်။

ဤလိုနှင့် နောက်ဆုံးတွင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုက ပြောပြသည့် စကားများကို စကားပြန်သူငယ်က ချွေးတပ်သား လူမမာများအား တစ်ဆင့် ပြန်လည်ကာ ပြောကြားခြင်းဖြစ်ရလေသည်။

စကားပြန်သူငယ် ပြောကြားသော အိနားမတ်ဆု၏ အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဆေးရုံစခန်းရှိ လူနာများ အားလုံးအနက် အတော်အတန် ကျန်းမာနေပြီဖြစ်သော လူဆယ့်ငါးယောက်သည် (ထိုအချိန်၌ တသီးတခြား ခွဲထုတ်လိုက်သော ချွေးတပ်သားများမှာ ဆယ့်ငါးယောက်တိတိ ရှိကြောင်း ရေတွက်ပြီးလေပြီ။ ကျန်သူများမှာလည်း ဦးဘစောနှင့် ကိုဘတင် အပါအဝင် လေးဆယ့်သုံးယောက် ဖြစ်လေသည်။) ဘုရားသုံးဆူ စခန်းသို့ ကျန်တော်တို့နှင့် တစ်ပါတည်း လိုက်ပါခဲ့ရမည်။ ကျန်သော လူများစုမှာမူ နံနက်စာအတွက် ဆန်ပြုတ်သောက်ပြီးလျှင် ဦးဘစောနှင့် ကိုဘတင်တို့က ခေါင်းဆောင်ကာ ဘုရားသုံးဆူစခန်းသို့ တဖြည်းဖြည်း ချင်း လာခဲ့ကြရမည်ဟု ဆိုပါသည်။

ပြီးလျှင် ထိုနေ့မှစလျက် မည်သည့်ချွေးတပ်သား လူနာမှ ဤဆေးရုံတဲတန်းလျားတွင် မနေခဲ့ရ။ နေခဲ့ ကျန်ခဲ့ပါက မိမိတို့ တာဝန်မဟုတ်။ ဆန်၊ ဆား စသော ပစ္စည်းများကိုလည်း လာရောက်ပေးလိမ့်မည် မဟုတ်။ ဤတဲတန်းလျား

များကိုလည်း မကြာမီ တစ်ရက်၊ နှစ်ရက်အတွင်း မီးရှို့ဖျက်ဆီးပစ်လိမ့်မည်ဟူသော အကြောင်းပင် ဖြစ်လေသည်။

စကားပြန်သူငယ် မောင်ချစ်က ဤကဲ့သို့ ပြောနေသောအချိန်တွင် ကျွန်တော့်အနီးတွင် ဦးဘစော ရှိနေပါသည်။ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုမှလည်း ကျွန်တော်နှင့် ခပ်လှမ်းလှမ်းတွင် ရောက်ရှိနေလေသည်။ ထိုအခါ ဦးဘစောသည် ကျွန်တော့်အနီးသို့ တိုးကပ်လာကာ တီးတိုးလေသံဖြင့် "ကျွန်တော်တို့ကို ဘာလုပ်မလို့လဲ ဆရာလေး" ဟု မေးလေသည်။

ကျွန်တော်သည် ဦးဘစော၏အမေးကို ရုတ်တရက် အဖြေမပေးသေးဘဲ အသာအယာ လက်ကုတ်လိုက်ရပါသည်။ ပြီးလျှင် အိနားမတ်ဆုနှင့် ဂျပန်စစ်သားနှစ်ယောက်၏ အခြေအနေကို လှမ်းကြည့်လိုက်ပါသည်။ အိနားမတ်ဆုရော၊ ဂျပန်စစ်သား နှစ်ယောက်ကိုပါ ကိုးအချိန်တွင် ကျွန်တော်တို့ကို ကျောခိုင်းလျက် ရှိနေလေသည်။

"လူမမာတွေကို မော်လမြိုင် ပို့လိမ့်မယ်"

ကျွန်တော်က အတိုဆုံးနှင့် အမြန်ဆုံး ပြောလိုက်ပါသည်။

"ကျွန်တော်တို့ပါလား ဆရာလေး"

ဦးဘစောက ထပ်မေးပြန်ပါသည်။

သို့ရာတွင် ဦးဘစော၏ ထိုအမေးကိုမူ ကျွန်တော် မည်သို့မှ အဖြေမပေးနိုင်တော့ပါ။ အိနားမတ်ဆုသည် ကျွန်တော်နှင့် ဦးဘစောတို့အား လှမ်းခေါ်လိုက်သောကြောင့် ဖြစ်ပါသည်။

အိနားမတ်ဆုသည် စကားပြန် သူငယ်မှ တစ်ဆင့် ဦးဘစောနှင့် ကိုဘတင်တို့အား လူမမာ ချွေးတပ်သားများအား ဘုရားသုံးဆူ စခန်းသို့ စောင့်ရှောက်ခေါ်ဆောင်ခဲ့ရန် ပြောလေသည်။ ဘုရားသုံးဆူ စခန်းသို့ ရောက်လျှင် လူမမာ ချွေးတပ်သားများအား စခန်းအပြင် မီးရထားလမ်း တစ်နေရာတွင် ထားခဲ့ပြီးနောက် ဦးဘစောနှင့် ကိုဘတင်တို့က သူ့ထံ လာရောက် အကြောင်းကြားရမည်ဟု အိနားမတ်ဆုက ပြောလေသည်။ ထိုအစီအစဉ်များ ပြီးစီးသွားသည့်အခါ ကျွန်တော်တို့သည် လူနာ ဆယ့်ငါးယောက်ကို ခေါ်ဆောင်ခဲ့ပြီးနောက် ဘုရားသုံးဆူစခန်းသို့ ပြန်ခဲ့ကြပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၂၆။ ထိုင်းချွေးတပ်သား

ဘုရားသုံးဆူ စခန်းသို့ ကျွန်တော်တို့ ပြန်ရောက်ကြသည့်အချိန်မှာ နံနက် ထမင်းစားချိန်သို့ပင် ရောက်ရှိနေလေပြီ။ ဂျပန်စစ်ဗိုလ် အိနားမက်ဆု၊ ဂျပန်စစ်သား နှစ်ယောက်နှင့် စကားပြန်သူငယ် မောင်ချစ်တို့မှာကား ကျွန်တော်တို့ထက် အလျင် စောစွာ စခန်းသို့ ရောက်ရှိနေကြပါသည်။ အမှန်မှာ သူတို့က ကျွန်တော်တို့ရှေ့မှ သွားနှင့်ကြခြင်း ဖြစ်လေသည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်မှာ လူမမာ ဆယ်ဂါးယောက်တို့ကို စောင့်ရောက် ခေါ်ဆောင်နေရခြင်း ဖြစ်သောကြောင့် နောက်ကျ ကျန်ရစ်ခဲ့ရခြင်း ဖြစ်လေသည်။

ဤလို အိနားမက်ဆုတို့တစ်တွေ့ ကျွန်တော်တို့အလျင် ဘုရားသုံးဆူစခန်းသို့ ရောက်ရှိနေခြင်းမှာလည်း ကောင်းသည်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုလျှင် အိနားမက်ဆု၏ အမိန့်ပေးချက်အရ ထမင်းချက်ခေါင်း ကိုစံခက လူဆယ်ဂါး ယောက်စာအတွက် ထမင်းကို ထပ်မံချက်ထားခြင်းကြောင့် ဖြစ်ပါသည်။

ထို့နောက်အဖို့ ကျွန်တော်နှင့် ကိုသာမြိုင်တို့နှစ်ယောက်မှာ အလုပ်ခွင်ရှိရာသို့ မလိုက်ကြရတော့ချေ။ ကျွန်တော်တို့သည် အိနားမတ်ဆု အမိန့်ပေးချက်အတိုင်း ကျွန်တော်တို့နှင့်အတူ ခေါ်ဆောင်လာသော ဆေးရုံစခန်းမှ ချွေးတပ်သား ဆယ်ဂါး ယောက်တို့အား တဲတန်းလျားတစ်လုံးတွင် သီးသန့်နေရာ ချထားပေးခြင်း၊ ၎င်းတို့အား ထမင်းကျွေးမွေးခြင်း စသည်များကို ပြုရလေသည်။ ထိုကိစ္စများပြီးစီးသည့်အခါ ထမင်းချက်ခေါင်း ကိုစံခအား နောက်ရောက်လာမည့် လူလေးဆယ် ကျော်အတွက် ထမင်းချက်ပြုတ်စေရပါသည်။ ထိုလူလေးဆယ်ကျော်အတွက် ထမင်းမှာ ညစာအဖို့ဖြစ်ကြောင်းနှင့် ထိုသူများ ရောက်ရှိလာသည့်အခါ မီးရထားလမ်းဘေးတစ်နေရာတွင် နေရာချထားပေးရန်နှင့် ထိုနေရာ၌ပင် ထမင်းကျွေးမွေးခြင်း ပြုရမည်ဟု အိနားမတ်ဆုက ပြောကြားခြင်း ပြုပါသည်။

ကျွန်တော်နှင့် ကိုသာမြိုင်၊ ထမင်းချက်ခေါင်း ကိုစံခတို့သည် အိနားမက်ဆု ပြောကြားသည့်အတိုင်း စီစဉ်ကြရပြီးနောက် အိနားမတ်ဆု၏ အမိန့်ပေးချက် အတိုင်းပင် ရောက်ရှိလာမည့် ချွေးတပ်သား လူမမာများအား ဘုရားသုံးဆူ စခန်း ပေါက်ဝတွင် သွားရောက် စောင့်ဆိုင်းရလေသည်။ စခန်းပေါက်ဝဟု ဆိုသော်လည်း နှိမ့်ပုမ်းသော စခန်း တဲတန်းလျားများနှင့်ကား အတန်ငယ် အလှမ်းဝေးလေသည်။ ကျွန်တော်တို့ စောင့်ရသည့်နေရာသည် မီးရထားလမ်းဘေးတွင် ဖြစ်လေသည်။ မီးရထားလမ်းသည် ဘုရားသုံးဆူဘေးမှ ကပ်လျက် ဖောက်လုပ်ထားခြင်းဖြစ်သည်။ အလုပ်သမားများ နေထိုင်ရသော တဲတန်းလျားစုသည် အောက်ဘက် ချိုင့်ဝှမ်းတွင် ဖြစ်သည်။ စခန်းမှနေကြည့်လျှင် ရထားလမ်းကိုလည်းကောင်း၊ ဘုရားစေတီ သုံးဆူကိုလည်းကောင်း မမြင်နိုင်။ ထို့နည်းတူ ကုန်းမြင့် ရထားလမ်းမှနေ၍ ကြည့်ပါကလည်း အလုပ်သမားတန်းလျားများကို မမြင်နိုင်။ ကြီးမားသော သင်္ဘောကြီးများ၊ ထူထပ်သော ဝါးတောကြီးများသည် အုတ်နံရံ တံတိုင်းပမာ အကာအကွယ်ပြုလျက် ရှိလေသည်။

ကျွန်တော်၊ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ထမင်းချက်ခေါင်း ကိုစံခတို့သည် မီးရထားလမ်းတွင် မထိုင်ကြသေးဘဲ ဘုရားစေတီ သုံးဆူရှိရာဘက်သို့ ဆက်လက် လျှောက်ခဲ့ကြပါသည်။ ကျွန်တော်တို့သည် အခါအခွင့်သင့်၍ သည်နေရာသို့ ရောက်ကြပြီဆိုလျှင် အနည်းဆုံး ဘုရားသုံးဆူကို သွားရောက် ဝတ်ပြုကြလေ့ ရှိပါသည်။ ဂျပန်စစ်သားများနှင့် ဆိုလျှင်ကား ကျွန်တော်တို့ သွားလေ့ မရှိကြပါ။

"ဆေးရုံစခန်းက လူနာတွေကို ဘယ်ပို့မှာလဲ ဆရာလေး"

စေတီတော် သုံးဆူအနီးအရောက်တွင် ကိုစံခက မေးပါလေသည်။ ကျွန်တော်၏ ရင်းနှီးသော မိတ်ဆွေကြီး ကိုသာမြိုင်မှာမူ မနက်ပိုင်းကပင် ကျွန်တော်က ပြောထားသဖြင့် သိပြီး ဖြစ်လေသည်။

"အဲဒီလူတွေကို ဓမ်္မလမြို့ပို့လိမ့်မယ်ဗျ၊ ဘယ်သူ့မှတော့ ခင်ဗျား မပြောနဲ့နော်၊ အိနားမတ်ဆုကိုယ်တိုင်က ဘယ်သူ့မှ မပြောရဘူးလို့ ပိတ်ထားတယ်"

ကိုစံခကို ကျွန်တော်က ပြောလိုက်ပါသည်။ ကိုသာမြိုင်၊ ကိုစံခ စသူများမှာ ကျွန်တော့်အနေနှင့် ဆိုးတိုင်ပင် ကောင်းတိုင်ပင် လူများ ဖြစ်ကြပါသည်။ စိတ်ချယုံကြည်ရမှုရှိသလို တစ်ဦးနှင့်တစ်ဦး ငဲ့ကွက်မှု ခင်မင်မှုများလည်း ရှိကြပါသည်။ ထို့ကြောင့်ပင် ကိုစံခအား ကျွန်တော်က အမှန်အတိုင်း ဖွင့်ထုတ်ပြောကြားလိုက်ခြင်းပင် ဖြစ်ပါသည်။

"ဓမ်္မလမြို့ပို့မယ်၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ကိုစံခသည် တအံ့တသြနှင့် ကျွန်တော့်ကို မေးပါသည်။ ခပ်သွက်သွက် လျှောက်နေသော သူ့ခြေလှမ်းများမှာလည်း အလိုလို ရပ်ဆိုင်းသွားသည်။ သူ မျက်နှာသည် အံ့သြခြင်း ဝေခွဲမရခြင်းများဖြင့် ပြုံးကားကြောင်ကောင် ဖြစ်နေပါသည်။

"ကိုယ့်လူက အကောင်အုံသြသွားတယ် ဟင်တယ်"

ဘွန်ထိုက်ချို ကိုသာမြိုင်က မေးလိုက်ပါသည်။

ကျွန်တော်နှင့် ကိုသာမြိုင်က ခြေလှမ်းမျက် ဆက်လက်၍ လျှောက်ကြသည် အခါ ကိုစံခမှာလည်း ကျွန်တော်တို့နောက်ပါးမှ လိုက်လာလေသည်။

"ဟုတ်တယ်လေဗျာ၊ မော်လမြိုင် ဆေးရုံကို ပို့လိမ့်မယ်"

ကျွန်တော်က ထိုကဲ့သို့ ထပ်မံကာ ပြောလိုက်သည့်ကိုင် ကိုစံခက မလှုပ်ကော့ပါချေ။ တွေတွေဝေးဝေးကြီးနှင့် ခြေလှမ်း ခပ်လေးလေး လျှောက်လိုက် လာလေသည်။

မကြာမီ စေတီတော်များ ရှေ့မှောက်သို့ ရောက်လာသည်။ ကျွန်တော်နှင့် ကိုးသာမြိုင်က ထိုင်ချလိုက်ကြကာ စေတီတော်များကို ဝတ်ဖြည့်ကြသည့်တိုင် ကိုစံခမှာ မတ်တပ်ရပ်လျက် ကွေ့ကွေ့ကြိုး ရှိနေဆဲ ဖြစ်လေသည်။

"ကျွန်တော်တို့၊ ဆရာလေးတို့ကောဗျ"

ကျွန်တော် ဘုရားပတ်ဖြည့်ပြီး၍ ထ,အရပ်လိုက်၌ပင် သည်မေးခွန်းကို ကိုစံခက မေးပြန်ပါသည်။

ဤတစ်ကြိမ်၌မူ ကျွန်တော်ကိုယ်တိုင်ပင် ခပ်တွေတွေ ခပ်ငိုင်ငိုင် ဖြစ်ရ ပါလေသည်။ ကျွန်တော်သည် ကိုစံခ၏ မျက်နှာကိုသာ စူးစိုက်ကြည့်နေမိလေသည်။ သူ့အမေးကို ကျွန်တော် မဖြေနိုင်ပါ။ အဖြေလည်း မပေးတတ်ပါ။ သို့ရာတွင် ကျွန်တော့်ရင်တွင်း၌ကား အတွေးအတောတစ်ခုက လျင်မြန်စွာပင် ပူးဝင်ကပ်ရောက် လာပါသည်။ သည်မေးခွန်းမျိုးကို ကျွန်တော် အမေးအမြန်း မခံရလေသည်မှာ ကြာခဲ့လေပြီကော။ ဆေးရုံစခန်းမှ လူနာများအား မော်လမြိုင်သို့ ပို့သည့်သတင်းမှာ ယခုအချိန်၌ ဖုံးကွယ်ထား၍ ချွေးတပ်သားများ မသိရှိကြသည်မှာ မှန်၏။ သို့သော် နောက်ပိုင်းအချိန်တွင်ကား သိကြလိမ့်မည်မှာ မလွဲပင် ဖြစ်၏။ ထိုအခါ ချွေးတပ် အလုပ်သမားပေါင်း များစွာထဲမှ သည်လို မေးခွန်းပေါင်းများစွာကို ကျွန်တော် ကြားရပေလိမ့်မည်။ နောက်တစ်ကြော်င်းမှာလည်း ကိုစံခ မေးသလိုပင် ကျွန်တော်တို့ ကျန်သူများ ဘယ်နေ့ဘယ်ရက်ရောက်ခါမှ မော်လမြိုင်ကို ရောက်ရလေမည်နည်း။ သည်အတွေးကိုလည်း ကျွန်တော် တွေးမိပါသည်။ ခပ်ရိုးရိုးပြောရလျှင် ကျွန်တော် ကိုယ်တိုင် စိတ်အားငယ်မိလေသည်။

ကျွန်တော်တို့ သုံးယောက်သည် မကြာမီ စေတီတော်များရှေ့မှ ထွက်ခွာကာ လာလမ်းသို့ ပြန်လှည့်ခဲ့ကြလေသည်။ ဦးဘစောတို့ လူစုကို ကျွန်တော်တို့ စောင့်ကြိုကြရမည်မှာ စခန်းတည့်တည့် ရထားလမ်းဘေးမှ ဖြစ်သည်။ စေတီတော် သုံးဆူနှင့်ဆိုလျှင် တစ်ဖာလုံခွဲလောက် အကွာအလှမ်းဖြစ်သည်။ စေတီတော် သုံးဆူသည် တောင်ဘက်တွင် ဖြစ်၍ တားမြစ်ထားသော သတ်မှတ်ဧရိယာအတွင်းသို့ ရောက်ရှိနေလေသည်။

ကျွန်တော်တို့ကား အတွေးကိုယ်စီနှင့် လျှောက်လာကြသည်။ တစ်ယောက်ကို တစ်ယောက် မည်သည့်စကားမျှ မပြော။ ထိုအခါ လေတိုးခတ်သဖြင့် တောရွာငှက် မြည်သော ထီးတော်မှ ဆည်းလည်းသံကလေးများကို ကြားနေရလေသည်။

ရထားလမ်းဘေး အနီးတစ်ဝိုက်တွင်မူ သစ်ပင်ကြီးများ၊ ဝါးတောများ မရှိပါချေ။ ပြောင်တလင်းဖြစ်နေအောင် ခုတ်ထွင်ရှင်းလင်းထားလေသည်။ သို့ရာတွင် သံလမ်းနှင့် ကိုက်နှစ်ဆယ်၊ အစိတ်အကွာ၌ကား သစ်တော၊ ဝါးတောကြီးများက ထူထဲသိပ်သည်းလှဘိသည်။ ပတ်ဝန်းကျင် မည်သည့်ဘက်ကို ကြည့်လိုက်၊ ကြည့်လိုက် စိမ်းစိမ်းညို့ညို့ အုပ်အုပ်မှိုင်းမှိုင်းကြီးများသာ ဖြစ်လေသည်။

ရာသီမှာ နွေဦးကို ကျော်လွန်ခဲ့ပြီးနောက် နွေလယ် ရာသီအတွင်းသို့ ဝင်ရောက်စအချိန် ဖြစ်လေသည်။ တောတောင်ဝန်းကျင်မှာ သွေ့သွေ့ခြောက်ခြောက် ကြီး မဟုတ်၊ စိုစိုထိုင်းထိုင်းကြီးလည်း မဟုတ်။ နေကောင်းသွားအောင် အချိန်မျိုး ဖြစ်လေသည်။ သစ်ပင်တောကောင်တို့၏ ရွှန်းသည် အစိမ်းရောင်နှင့် ရွှေဝါရောင် ရောစပ်ဖက်တွဲကာ ရှိနေသည်။ တောကျေး ကောင့်ကတို့၏ မြည်ကြွေးသံသည် ပတ်ဝန်းကျင် နေရာအနှံ့မှ ကြားနေရလေသည်။

ကျွန်တော်တို့ သုံးယောက်သည် ဦးဘစောတို့ တစ်စုအား စောင့်မျှော်ရမည့် နေရာသို့ ရောက်ခဲ့ကြသည်။ ထိုအချိန်ထိအောင်လည်း ကျွန်တော်တို့ စကား မပြောကြသေး။ အတွေးနယ်ချဲ့၍ ကောင်းနေကြဆဲ ဖြစ်လေသည်။ ကျွန်တော်သည် ခုတ်လှဲထားသော သစ်ပင်ကြီးတစ်ပင်ထက်သို့ ထိုင်ချလိုက်သည်။ ဘွန်ထိုက်ချို ကိုသာမြိုင်ကလည်း ကျွန်တော့်နည်းတူ ကျွန်တော့်ဘေးတွင် ဝင်ရောက်ထိုင်လေသည်။ ထမင်းချက်ခေါင်းကြီး ကိုစံခမှာမူ သူ့လက်ရှိ ထင်းခုတ်ဓားမကြီးကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ မတ်တတ်ကြီးပင် ရှိနေသည်။

"အဲဒီလူတွေထဲမှာ ရောပြီး လိုက်သွားရရင် ကောင်းမှာပဲ၊ ဂျပန် သိရင်လဲ သိပ်တော့ သက်သာလှမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ကိုစံခသည် ကျွန်တော်တို့ကို ပြောသလိုလိုနှင့် သူ့ဘာသာ ရေရွတ်လေသည်။ ပြီးလျှင် ကျွန်တော်တို့မျက်နှာများကို စူးစမ်းသလို ကြည့်လိုက်ပြီးမှ ကိုသာမြိုင်အနီးတွင် ဝင်ရောက်ထိုင်လေသည်။

"ဘယ်ရမလဲဗျာ၊ ဂျပန်တွေက လူပေါင်း ဘယ်လောက်ဆိုတာ စစ်ဆေးပြီးမှ တင်မှာပေါ့ဗျ၊ နောက်ပြီး ဂျပန်စစ်သား အစောင့်အရှောက်လဲ ပါမှာပဲ၊ မော်လမြိုင် မရောက်မချင်း လမ်းမှာ ဘယ်နှစ်ဘူတာ ရပ်နေမှန်း မသိဘူး"

ကိုသာမြိုင်က ပြောလေသည်။

"ခုအတိုင်းဆိုရင် မမာတဲ့ လူတွေကတောင် ခပ်ကောင်းကောင်းပဲဗျာ"

ကိုစံခ ညည်းညည်းညူညူ ပြောလေသည်။

ကျွန်ကော်သည် သူတို့နှစ်ဦး စကားထဲတွင် ပါဝင်စွက်ဖက်ခြင်းမပြုဘဲ ဆက်လက်၍ တွေးကောင်းနေဆဲ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုရပါမူ ကိုစံခ ခပ်စောစောက ပြောလိုက်သော "လူမမာတွေနဲ့ ရောလိုက်သွားရ ကောင်းမှာပဲ" ဟူသော စကားမှာ ကျွန်ကော့်အဖို့ တွေးစရာဖြစ်လာရပြန်ပါသည်။ အစွင့်အရေး ပေးခဲ့လျှင် ယခုလိုအခါမျိုးဌ ထွက်ပြေးရသော် အမှန်ပင် ကောင်းလေမလားဟု ကျွန်တော် စဉ်းစားနေမိလေသည်။ သို့ရာတွင် ထိုကိစ္စမှာ အခြားလူ တစ်ဦး တစ်ယောက် အနေအထက် ကျွန်တော့်အနေကား မလွယ်ကူလှပါချေ။ ယခုလို ကိစ္စမျိုးတွင် ကျွန်ကော်သည် ဂျပန်စစ်ဗိုလ် အိနားမတ်ဆု၏ အနီးတွင် အမြဲလို ရှိနေရသောကြောင့် ဖြစ်လေသည်။

"မော်လမြိုင်ရောက်တော့ ဒီလူတွေ ဘယ်လိုလုပ်မှာလဲ ဆရာလေး၊ သူတို့ နေရပ်ကို ပြန်လွှတ်ပေးမှာလား"

ကျွန်ုတော် အတွေးကောင်းနေခိုက် ကိုစံခက မေးပြန်ပါလေသည်။

"ဆေးရုံတင်ပြီး ဆေးကုပေးမယ်လို့ ပြောတာပဲဗျ"

ကျွန်တော်က ဖြေရပြန်ပါသည်။

"ကျွန်းမာတော့ ပြန်ရရောလား"

ကိုစံခက ထပ်မေးပြန်ပါသည်။ ထိုအမေးကို မေးသူမှာ ကိုစံခသာ ဖြစ်သော်လည်း ကိုသာမြိုင်ကိုယ်တိုင်ကလည်း စိတ်ဝင်စားနေကြောင်း ကျွန်တော် သဘောပေါက်မိလေသည်။

"အဲဒါတော့ ကျွန်တော် အသေအချာ မပြောတတ်ဘူးဗျာ၊ ပြန်လွှတ်ချင်လဲ လွှတ်မှာပဲ၊ ဒီတောထဲ ပြန်ပို့ချင်လဲ ပို့မှာပဲ"

ကျွန်တော့်အဖြေကို ကြားရသည့်အခါ သူတို့နှစ်ဦးစလုံး ကိုယ်စီကိုယ်ငြ သက်ပြင်းချလိုက်ကြလေသည်။

(ထိုကိစ္စနှင့် ပတ်သက်၍ နောင်အခါ သိရသည်မှာ တောတွင်းဆေးရုံမှ လူနာများကို မော်လမြိုင်တွင် ဆေးဝါးကုသပေးခြင်း မဟုတ်ပါချေ။ ၎င်းတို့၏ နေရပ်များသို့ ပြန်လွှတ်လိုက်ခြင်းသာ ဖြစ်လေသည်။ သို့ကြောင့်လည်း ချွေးတပ်သား အတော်များများပင် လမ်းခရီး၌ တစ်ရွာဝင်၊ တစ်ရွာထွက် တောင်းရမ်းစားသောက်ရလျက် တချို့မှာလည်း လမ်းခုလတ်၌ပင် သေကျေပျက်စီးကုန်ကြလေသည်။)

(ရန်ကုန်–မော်လမြိုင် မီးရထားလမ်းတစ်လျှောက်ရှိ ပေါင်၊ ကွဲခြဲ၊ နှင်းပုလဲ၊ ခဲ့ဝန်း၊ ဇင်းကျိုက်၊ ဘီးလင်း၊ ရွှေလှေ၊ စစ်တောင်း စသော ကျေးရွာ၊ မြို့နယ်များတွင် ချွေးတပ်ပြန်များ အတော်ပင် သေဆုံးခဲ့ကြလေသည်။ သို့ရာတွင် မြို့ခံ၊ ရွာခံ လူများက မြှုပ်နှံသင်္ဂြိုဟ်လိုက်ရသည်မှလွဲ၍ မည်သူမည်ဝါ၊ မည်သည့်အရပ်ဒေသက ဟူ၍ကား အပ်ချုပ်မှတ်မှတ်မသိရသည်က များလေသည်။)

(ဖြစ်ရပ်အမှန်မှာ ဂျပန်တို့သည် တောကွင်း ချွေးတပ် စခန်းများရှိ လူနာများကို မော်လမြိုင်သို့ ခေါ်ဆောင်သွားပြီးနောက် မော်လမြိုင်တွင် လေးငါးရက်၊ တစ်ပတ် စသည်ဖြင့် ထားကာ နေရပ်သို့ ပြန်တော့ ဟူ၍လည်းကောင်း၊ သွားလိုရာ သွားတော့ ဟူ၍လည်းကောင်း စေလွှတ်လိုက်ခြင်းသာ ဖြစ်လေသည်။ ဤတွင် မိကွဲ၊ ဖကွဲ၊ သားကွဲ၊ မယားကွဲဖြစ်နေသော လူမမာများကလည်း ဂျပန်တို့၏ တာဝန်မဲ့အပြုအမူကိုပင် ဝမ်းမြောက်ဝမ်းသာ ခံယူကာ ရှိသမျှ စွမ်းအားကလေးဖြင့် နေရပ်သို့ ရည်မှန်းလျက် ခြေဦးတည့်ရာ ပြန်ကြလေသည်။ ထို့ကြောင့်လည်း အပြန်လမ်းခရီးတွင် ချွေးတပ်သားများမှာ အငတ်ငတ်အပြတ်ဘေးတို့ဖြစ်ကာ အသေအပျောက် များပြားလှလေသည်။)

(တချို့ ချွေးတပ်သားများမှာလည်း ကံကောင်းထေါက်မှ၍ မသေမပျောက် ရပ်ရွာသို့ ပြန်ရောက်ကြသည်လည်း ရှိလေသည်။ အချို့မှာမူ ရပ်ရွာသို့ မပြန်တော့ဘဲ ရောက်သည့်နေရာ၌ပင် လုပ်ကိုင်စားသောက်လျက် အိမ်ထောင်ရက်သားများ ကျန်နေကြလေသည်။ စစ်ကြီးပြီးသွားသည့်အခါ ဤစာရေးသူသည် ဘီးလင်း၊ ကျိုက်ထို စသော နယ်ဘက်များ၌လည်းကောင်း၊ သထုံ၊ ကျိုက္ခမီ စသော နယ်ဘက်များ၌လည်းကောင်း ချွေးတပ်ပြန်များကို တွေ့ခဲ့ရလေသည်။ သူတို့ကား အိမ်ထောင်ရက်သားကျလျက် သားသမီးတွေ ရနေကြသည့်တိုင် ထိုင်း–မြန်မာ မီးရထားလမ်း ချွေးတပ်အကြောင်းကို မမေ့ကြသေးဘဲ အရိုးစွဲအောင် နာကြည်းနေကြဆဲ ရှိလေသည်။)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သုံးယောက် စကားတပြောပြောနှင့် ရှိနေကြခိုက်တွင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆက စေလွှတ်လိုက်သော စကားပြန် သူငယ်သည် ကျွန်တော်တို့ ရှိရာသို့ ရောက်လာလေသည်။

"လူမမာတွေ မရောက်သေးဘူးလား ဆရာလေး၊ မာစတာက အကြည့် ခိုင်းလိုက်တယ်"

ကျွန်တော်တို့ အနီးသို့ ရောက်လာသည့်အခါ မောင်ချစ်က ပြောလေသည်။

"မရောက်သေးဘူးကွ၊ သူတို့ ဖြည်းဖြည်းချင်း လာနေမှာပေါ့၊ လမ်းမှာလဲ ခဏခဏ နားနေရမှာပါကွာ"

"ဟုတ်တယ်ဗျာ၊ ခုနစ်နာရီတောင် ထိုးနေပြီ၊ ဒီလူတွေ သုံးနာရီ၊ လေးနာရီ နဲ့မှ ရောက်ပါ့မလားဘဲ"

စကားပြန်သူငယ်သည် အဝေးသို့ လှမ်းမျှော်ကြည့်ရင်း ပြောနေလေသည်။

"ဒါတောင် လူကုန်ရောက်ချင်မှ ရောက်မယ်၊ တချို့တော့ မိုးချုပ်မှ ရောက်မှာပဲ၊ သုံးလေးလှမ်းလျှောက်လိုက်၊ မောလိုက်၊ နားလိုက် ဖြစ်နေမှာ"

ကိုသာမြိုင်က သူ့ထင်မြင်ချက်ကို ပြောပါသည်။

ထိုအခါမှ ကျွန်တော်ကိုယ်တိုင်ကလည်း စဉ်းစားမိလေသည်။ ဦးဘစောတို့ လူစုသည် တစ်ချိန်တည်းနှင့် လူစုတက်စုရောက်ရန် မလွယ်။ အချို့ လူမမာများမှာ အားအင်ကုန်ခန်းနေသူများ ဖြစ်သည့်အတွက် တောင်ကုန်းငယ် တစ်ခုလောက်ကို လည်းကောင်း၊ ချိုင့်ဝှမ်း အနိမ့် အမြင့် တစ်နေရာလောက်ကိုလည်းကောင်း၊ တစ်နာရီလောက် ကြာနေကြမည့်သူများ ဖြစ်လေသည်။ ထို့ကြောင့်ပင် နှစ်မိုင်သာသာ ခရီးလမ်းကို ယခုချိန်ထိ မရောက်ကြသေးခြင်း ဖြစ်လေသည်။

စကားပြန် သူငယ်သည် ဦးဘစောတို့ လူစုရောက်ရှိလာခဲ့လျှင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆက သူ့ထံသို့ လာရောက်ပြောကြားရမည်ဟု မှာကြားလိုက်ကြောင်း နှင့် ကျွန်တော့်ကို ပြောကြားပြီးနောက် စခန်းရှိရာသို့ ပြန်လည်ထွက်သွားလေသည်။ ကျွန်တော်တို့ သုံးဦးသားမှာလည်း စကားစပ်မိစပ်ရာကို ပြောလိုက်၊ ညောင်းညာလျှင် လမ်းထ,လျှောက်လိုက်၊ သစ်တုံးပေါ် ပြန်ထိုင်လိုက်နှင့် ဦးဘစောတို့လူစုကို စောင့်မျှော်နေရပါလေသည်။

ဤလိုနှင့် ညနေ သုံးနာရီထိုးလုနီးမှပင် ကိုဘတင်နှင့် လူမမာ ချွေးတပ်သား အချို့ တောတွင်းမှ ထွက်လာကြလေသည်။ ဦးဘစောနှင့် လူမမာအချို့မှာ နောက်တွင် ကျန်ရစ်နေကြောင်း ပြောပါသည်။ သို့ရာတွင် သိပ်အဝေးအလှမ်းကြီး မဟုတ်သောကြောင့် မကြာမီပင် ရောက်လာလိမ့်မည်ဟူ၍လည်း ပြောပါသည်။

"ခင်ဗျားတို့ ကြာလှချည့်လားဗျ"

ဘွန်ထိုက်ချို ကိုသာမြိုင်က မေးလေသည်။

"ကြာဆို လမ်းမှာ အခါတစ်ရာလောက် နားရတာဗျ၊ ဒီအချိန်ရောက်လာတာ ကံကောင်း"

ကိုဘတင်က ပြောလေသည်။

"ဘယ်အချိန်က ထွက်လာကြတာလဲ"

ကိုစံခက ဝင်၍ မေးပါသည်။

"မွန်းတိမ်းကျော်ကျော်လောက်ကဗျ၊ တချို့ဆိုရင် မလိုက်တော့ဘူး၊ သေချင်သေစေတော့၊ ထားသာ ထားပစ်ခဲ့ပါတော့လို့တောင် ပြောတာဗျ၊ ဦးဘစောနဲ့ ကျွန်တော်က ချော့မော့ပြီး တွဲခေါ်လာရတယ်၊ အဲ-တစ်ယောက်ကွဲခေါ်လို့မှ လေးငါးလှမ်းလျှောက်ရသေး နောက်နှစ်ယောက် သုံးယောက်ကလဲ ကျန်ခဲ့ပြန်ရောဗျ၊ အဲဒီတော့ ပထမ တွဲလာတဲ့လူကို သူမောလောက်တဲ့ နေရာမှာ အနားခိုင်းပြီး ကျန်နေတဲ့လူတွေကို တစ်ယောက်ပြီးတစ်ယောက် ပြန်တွဲခေါ်နေရတယ်"

ကိုဘတင်က လမ်းခရီးတွင် သူတို့ဖြစ်ပျက်လာကြပုံကို ပြောပြပါသည်။ သူက ဤလို ပြောနေနိုင်သေးသော်လည်း အကူပါလာသော လူမမာများမှာမူ စကားတစ်လုံးမျှ မပြောကြားနိုင်ကြချေ။ တောစပ်မြေပြင်ပေါ်တွင် ခြေပစ်လက်ပစ် လဲသူလဲလျက် သစ်ပင်ရင်းတွင် ကျောမှီကာ ဟောဟဲလိုက်သူ လိုက်နေကြလေသည်။ သူတို့ကား ဂျပန်၏ အမိန့်ဖြစ်သောကြောင့်သာ အားတင်း၍ လိုက်ခဲ့ရခြင်းဖြစ်လေသည်။ ထိုကဲ့သို့ မဟုတ်ပါက ကျားဆွဲလိုက ဆွဲပါစေ၊ လဲနေရာတွင် မထဘဲ နေကြမည့်သူတွေ ဖြစ်လေသည်။

"ဆရာလေးတို့က မတွေ့ရလို့ဗျ၊ နည်းနည်းလေး ချောက်ထဲ ဆင်းရတာနဲ့ တလိမ့်ခေါက်ကွေး ကျကုန်တာပဲ၊ လဲရင်လဲ တော်တော်နဲ့ ပြန်မထတော့ဘူး၊ ကုန်းမြင့်လေးတွေ တက်ရင်လဲ ဒလိမ့်ဒလိမ့်နဲ့ ပြန်လိမ့်ကျတာပဲ၊ နောက်ဆုံး မတတ်သာတော့ ဦးဘစောနဲ့ ကျွန်တော်က ခါးကြိုးချည်ပြီး ရှေ့ကနေ တက်၊ သူတို့အထဲက ငါးယောက်၊ ခြောက်ယောက်က နောက်ကနေ ကြိုးကိုင်ပြီး တက်ရတယ်၊ အဲဒါ ပြန်လျှောကျမယ်ဖြစ်ရင် အနီးအနားက သစ်ပင်ကို တွယ်မိတွယ်ရာ တွယ်ထားရတယ်၊ ဒါတောင် တချို့ ဖင်ထိုင်ရက်တစ်မျိုး၊ လေးဘက်ထောက် တစ်မျိုး တက်ရတယ်"

ကိုဘတင်က သူတို့အဖြစ်ကို ဆက်လက်ပြောနေပြန်ပါသည်။

ဟုတ်လည်း ဟုတ်ပါသည်။ ချွေးတပ်သား လူမမာအချို့မှာ လမ်းခရီးတွင် လဲခဲ့ပြခဲ့သဖြင့် ခြေထောက်များ၊ လက်များ ပေါက်ပြဲနေလေသည်။ အချို့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com

ဒူးများပြဲ၊ နှုတ်ခမ်းများ ပေါက်လျက် ရှိနေသည်။ ဆေးရုံတဲတန်းလျားမှ ဘုရား သုံးဆူ စခန်းသို့ လာရာလမ်းသည် အချို့နေရာ၌ ချိုင့်ဝှမ်းများ တောင်ကမူများ ဖြစ်နေပါသည်။ တခြားတစ်လမ်းမှ ရောင်လွှဲသွားရန်လည်း ခဲယဉ်းလှပါသည်။ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးတောကြီးများ၊ သစ်တောကြီးများနှင့် မြင့်မားသော ကျောက်တောင်ကြီးများ ရှိနေသောကြောင့် ဖြစ်လေသည်။

"ကျုပ် ရောက်ဖူးသမျှ ဆေးရုံစခန်းထဲမှာ ဒီဆေးရုံစခန်း အဆိုးဝါးဆုံးဗျ"

ကိုစံခက ပြောလေသည်။ သူသည် ထမင်းချက်ခေါင်း တစ်ယောက်အဖြစ်နှင့် တောတွင်း ဆေးရုံစခန်းပေါင်းအတော်များများကို ရောက်ဖူးသူတစ်ယောက် ဖြစ်လေသည်။

"ကဲ- ဦးဘစောတို့နောက်ကို ကျွန်တော်နဲ့ ခင်ဗျား လိုက်ကြည့်ဦးမှ ကောင်းမယ် ထင်ကယ် ကိုသာမြိုင်၊ ကိုစံခ ဒီက စောင့်ပေါ့ဗျာ၊ လူနုံတော့မှ အိနားမတ်ဆုကို သွားပြောတာပေါ့"

ကျွန်တော်က ပြောလိုက်ပါသည်။ ကျွန်တော်၏ စိတ်ကူးမှာ ဦးဘစောနှင့် လူမမာများကို အကူအညီပေးသင့်က ပေးရန်ပင် ဖြစ်ပါသည်။

"ခင်ဗျားလူတွေ တစ်နာရီလောက်နဲ့ ရောက်ပါ့မလား"

ကိုသာမြိုင်က ကိုဘတင်ကို လှမ်းမေးလေသည်။

"ရောက်တော့ ရောက်ပါလိမ့်မယ်ဗျာ၊ ဒါပေမယ့် အဲဒီထဲက ကိုချစ်စိန်နဲ့ ဦးမြသောင်းဆိုတဲ့ လူနှစ်ယောက်ကတော့ အခြေအနေ တော်တော်ဆိုးတယ်၊ သူတို့နှစ်ယောက်က ထမ်းတောင်ခေါ်ရတယ်"

"ကဲ-လာ ဗျာ- ကိုသာမြိုင်"

ကျွန်တော်သည် ကိုဘတင်၏ စကားဆုံးလျှင်ပင် ဘွန်ထိုက်ချို ကိုသာမြိုင်ကို ခေါ်ငင်ကာ ဦးဘစောတို့နောက်သို့ လိုက်ခဲ့လေသည်။ သူတို့နောက်ကို လိုက်ရန် အတွက် ကျွန်တော်တို့မှာ လမ်းမှားစရာ၊ လမ်းလွဲစရာအကြောင်း မရှိပါချေ။ ဆေးရုံစခန်းသို့ သွားရာလမ်းသည် ဤတစ်လမ်းသာ ရှိလေသည်။ လမ်းပေါက်ဝတွင် ကြက်ခြေနီအမှတ်အသား ဆိုင်းဘုတ်ကြီးတစ်ခုနှင့် လမ်းကို ညွှန်ပြထားသော မြားငုတ်တိုင် လေးငါးတိုင် ရှိလေသည်။

ကျွန်တော်နှင့် ကိုသာမြိုင်တို့ ထွက်လာသည့်အခါ ကိုစံခနှင့် ကိုဘတင်တို့ နှစ်ယောက်မှာ သစ်တုံးထက်တွင် ထိုင်ကာ စကားပြောကျန်ရစ်ကြပါသည်။ ကိုဘတင်မှာ ဆေးရုံစခန်းတွင် မသောက်ခဲ့ရသော ဆေးလိပ်ကို ထမင်းချက်ခေါင်းကြီး

ကိုစံခ၏ ကောင်းမှုဖြင့် အားရပါးရ သောက်ရှုနေလေသည်။ လူမမာချွေးတပ်သား များမှာမူ တောစပ်ဝ အင်ကြင်းနှစ်ပင်အောက်၌ မြေပြင်ပေါ်တွင် အတုံးအရုံး လဲနေကြတော့သည်။

ကျွန်တော်တို့နှစ်ဦးသည် စကားတပြောပြောနှင့် လျှောက်ခဲ့ကြပါသည်။

ဤလိုနှင့် မိနစ် နှစ်ဆယ်၊ အစိတ်ခန့် သွားမိမှ ကျွန်တော့်ရှေ့တွင် ဝါးတောင်ဝှေး ကိုယ်စီကိုင်ထောက်လာသော လူမမာ လေးငါးယောက်ကို စတင်တွေ့ရလေသည်။ ပြီးလျှင် သူတို့နောက် ခပ်လှမ်းလှမ်းမှ တစ်ယောက်ကိုတစ်ယောက် အားပြုတွဲလာသော လူမမာများ၊ မြေပေါ်တွင် လက်နှစ်ဖက်ထောက်ကာ တရွတ်ဆွဲလျက် ဖင်ရွေ့ ဖင်ရွေ့ လာနေသူတစ်ယောက်ကိုလည်းကောင်း၊ သစ်ပင်ကို တစောင်းမှီကာ သာခွေယိုင် နားနေသော လူနှစ်ယောက်ကိုလည်းကောင်း တွေ့ကြရလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်သည် ထိုသူများအား ရထားလမ်းသို့ ရောက်လုပြီဖြစ်ကြောင်း၊ အနည်းငယ် အားတင်း၍ လျှောက်လိုက်လျှင် မကြာမီ ရောက်သွားမည်ဖြစ်ကြောင်း အားပေးစကားများ ပြောရပြီး နောက်ပိုင်းတွင် ကျန်နေသေးသော ဦးဘစောတို့ရှိရာသို့ ဆက်လက်လိုက်ရပါလေသည်။ ဦးဘစော နှင့် မတွေ့မီ လမ်းတစ်လျှောက်၌လည်း တအိအိ တနဲ့နဲ့ လျှောက်လာနေကြသော လူမမာများကို ဆက်လက်ကာ တွေ့ရလေသည်။ ကိုသာမြိုင်နှင့် ကျွန်တော်ကလည်း ရှေးနည်းတူ အားပေးစကား ပြောရပါလေသည်။

သို့နှင့် ရှေ့ဆက်၍ အတန်ငယ်သွားမိကြသည့်အခါမှပင် ကျောက်တောင် ကုန်းကလေးတစ်ခု၏ ဆင်ခြေလျှောတွင် ထိုင်ကာ နားနေကြသော ဦးဘစောနှင့် လူလေးငါးယောက်တို့ကို တွေ့မြင်ရလေသည်။ ဤလို ကျွန်တော်တို့ တွေ့ရသော လူလေးငါးယောက်မှာ နောက်ပိတ်ဆုံး ကျွန်ရှိသူများပင် ဖြစ်လေသည်။ ထိုအထဲတွင် လူနှစ်ယောက်မှာ အခြားသူများထက် ပိုမို မောဟိုက်နေကြောင်း တွေ့ရလေသည်။ ထိုသူနှစ်ယောက်စလုံး၏ ကျောပေါ်တွင် အင်္ကျီဟူ၍ အလျဉ်းမရှိ၊ ဂုန်အိတ်ပိုင်းအသီးသီးကို ခြုံထားလေသည်။ ကျွန်တော်သည် ထိုသူနှစ်ယောက်ကို တွေ့လိုက်ရကာမျှနှင့် ခပ်စောစောက ကိုဘတင် ပြောလိုက်သော အဆိုးရွားဆုံး လူမမာနှစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိလေသည်။ သူတို့နှစ်ဦးသည် ကျွန်လူမမာ များကဲ့သို့ ထိုင်နေကြသည်ဖော့ မဟုတ်။ ကျောက်တောင် ဆင်ခြေလျှောတွင် ဘစောင်းခွေခွေကလေး လဲနေကြပါသည်။

"ဟော-ဆရာလေးတို့တောင် လိုက်လာပြီဟော့-ကဲ-ထကြဦးကွာ၊ ထကြဦး၊ တစ်ထောက်လောက် လိုက်သွားလိုက်ကြဦးစို့၊ ရောက်လဲ ရောက်ခါနီးပါပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com

ဦးဘစောသည် ကျွန်တော်တို့ကို မြင်သည့်အခါ အတော်အားတက်သွားဟန် တူပါသည်။ သူသည် သူ့လူမမာများကို ထိုကဲ့သို့ ပြောလိုက်ပြီး ထိုင်ရာမှ ထ,ရပ်လေသည်။

"ဟုတ်တယ်၊ ရောက်လုနီးပြီဗျ၊ ခင်ဗျားတို့ နောက်ထပ် မိနစ်နှစ်ဆယ်လောက် အားတင်းသွားလိုက်ရင် ၎ထားလမ်းကိုရောက်ပြီ၊ ဟိုကျတော့ စိတ်ချလက်ချ နားကြပေါ့ဗျာ"

ကျွန်တော်က ဤသို့ပြောလိုက်သည့်အခါ ထိုင်နေသော လူသုံးယောက်က တောင်ဝှေးကို အားပြုထောက်ကာ ရှေ့ခရီးကို ထွက်ခွာသွားကြသော်လည်း ဦးဘစော အနီးတွင် ကုံးလုံးလဲနေသော လူမမာချွေးတပ်သား နှစ်ယောက်မှာမူ လဲရာမှ မထဘဲ တဟီးဟီး ညည်းနေဆဲ ရှိလေသည်။

"တောင်ကုန်းအတက်နဲ့ ချောက်ထဲက အတက်တွေမှာ သူတို့နှစ်ယောက်ကို ကျွန်တော်နဲ့ ကိုဘတင်းက တစ်ယောက်စီ ထမ်းတက်ခဲ့ရတယ်ဗျ၊ ဒါကြောင့် ဒီအချိန်လောက်နဲ့ ဒီနေရာကို ရောက်လာတာ"

ကျွန်တော်ရော၊ ကိုသာမြိုင်ပါ ဦးဘစောမျက်နှာကို ပြုံးတူလို လှမ်းကြည့်လိုက်ကြပါသည်။ ကိုသာမြိုင်စိတ်ထဲတွင် မည်သို့ရှိ၍ ကြည့်သည်ကို မသိရသော်လည်း ကျွန်တော့်အနေနှင့်မူ ဦးဘစောအပေါ် အလွန်တရာ ချီးကျူးမိပါသည်။ ချွေးတပ်ထဲတွင် အရေးရယ် အကြောင်းရယ်ဆိုလျှင် ကိုယ်လွတ်ရန်ကြဲသူတွေးသာ များလှသည်။ တစ်ယောက်အပေါ်တစ်ယောက် အနစ်နာခံသော ဦးဘစောလို၊ ကိုသာမြိုင်လို ဘွန်ဆိုက်ချီးမို့ မှာ ရှားလှပါသည်။

မကြာမီ ကျွန်တော်နှင့် ကိုသာမြိုင်သည် ဦးဘစောအား အကူအညီ ပေးကြရလေသည်။ လဲနေသော လူနာနှစ်ယောက်ကို ကျွန်တော်ကိုကိုယ်တိုင် ဝင်ရောက် မွေ့ထူပေးကြရလေသည်။ ပြီးလျှင် ထိုသုနှစ်ဦးအား ပ ်းကောင်ဝှေးကို အားပြု ထောက်စေကာ ဟစ်ဖက်ဟစ်ချက်မှ ကျွန်တော်တို့က ဝင်ရောက်ကွဲရလေသည်။

လူနာနှစ်ဦးစလုံးမှ အချိန်ကာလ အတော်ကြာကပင် မမာမကျန်းဖြစ်နေသူ နှစ်ဦးဖြစ်ပါသည်။ ရေမိုးပင် မချိသောကြောင့် နှစ်ယောက်စလုံး၏ ကိုယ်ရုံ့ များသည် ပုပ်ဟောင်နံစော်လှပါသည်။ ကျွန်တော် ကွဲထားသော လူမမာ၏ ခေါင်းထက်မှ သန်းများသည် ထိုသူ၏ ကုပ်ဆက်ပေါ်နှင့် ခြံထားသော ဂုန်အိတ် ပေါ်တွင် တရွရွ လျှောက်သွားနေကြသည်မှာ အသည်းယားစရာကောင်းလှပါသည်။ အသားအရေများမှာလည်း မွဲခြောက်လျက် ရှိသည်။ အရိုးပေါ် အရေတင် ဖြစ်နေ

သောကြောင့်လည်း လေးငါးလှမ်းလောက် လှမ်းမိသော် တစ်ခါနားရပြန်ပါသည်။ ကျွန်တော်၏ စိတ်ထဲကမူ ထိုသူနှစ်ယောက်မှာ မော်လမြိုင်ရောက်သည့်တိုင် အသက်ရှင်နိုင်စရာအကြောင်း မရှိ၊ သေလိမ့်မည်မလွဲဟု ယူဆမိပါသည်။

လူနာနှစ်ယောက်ကို ကျွန်တော်တို့က တွဲ၍ ခေါ်ရသည့်အခါ အဆိုးဆုံးသော အဖြစ်တစ်ခုကို ကြုံရသည်။ ထိုအဖြစ်မှာ တခြားမဟုတ်ပါ။ လူမမာနှစ်ယောက်စလုံး တိုပင် ကျောက်တုံး၊ ကျောက်ခဲကလေးများပေါ်၌ ကြာရှည်လေးမြင့်စွာ ခြေမချနိုင်သောအဖြစ်ပင် ဖြစ်လေသည်။ ဤနေရာများသည် စောစောပိုင်းအချိန်က ကျောက်တောင်ကြီးများကို ဒိုင်းနမိုင်းဖောက်ခွဲထားသော နေရာများ ဖြစ်သည်။ ထို့ကြောင့်ပင် နေရာအနှံ့အပြားတွင် ချွန်မြသော ကျောက်တုံး ကျောက်ခဲကလေး များဖြင့် တင်းကြိမ်နေလေသည်။ ထိုအခါ လူနာနှစ်ဦးစလုံးပင် ခြေလှမ်း ဆယ်လှမ်းခန့် လျှောက်မိလျှင် တဟီးဟီး ညည်းတွားလာကာ ဟစ်ကြိမ်၊ တစ်ကြိမ် နားနေကြရလေသည်။ သည်လို ရပ်နားပြီဆိုလျှင်လည်း ခြေကို စုံရပ်လျက် တောင့်တောင့်တင်းတင်း ရပ်နားနိုင်သည်တော့ မဟုတ်၊ တစ်ခါတည်း ဖင်ထိုင် ချလိုက်ကြလေသည်။

တစ်ဖန် တစ်အောင့်တစ်နာ နေပြီးနောက် ထလျှောက်သည့်အခါ၌လည်း ခြေလှမ်းတိုင်း လှမ်းကိုင်း အမယ်လေး၊ အဘလေး ညည်းတွားရှာလေသည်။ နှစ်ဦးစလုံး၏ ခြေဖဝါးများသည် ချွန်ထက်သော ကျောက်တုံးကလေးများကို နင်းမိတိုင်း ရှဲ့.ရှဲ့.မဲ့မဲ့နှင့် အသည်းခိုက်အောင် နာကျင်ကြဟန် ရှိလေသည်။

သူတို့ကား လူမမာ တဲတန်းလျားပေါ်တွင် အချိန်ကာလကြာမြင့်စွာ လဲနေ ကြသူများ ဖြစ်လေသည်။ ပြီးလျှင် ယမန်နှစ်က တစ်နွေလုံးလုံး၊ တစ်ဆောင်းလုံးလုံး နေပူစပ်ခါးတွင် ပင်ပန်းကြီးမားစွာ အလုပ်လုပ်ခဲ့ရသောကြောင့်လည်း အလုပ်ဒဏ် သင့်လျက် ခြေဖဝါး၊ လက်ဖဝါးများမှာ အသားများ အလွှာလိုက် အဖတ်လိုက် ကွာကျကြလေသည်။ ကျန်းမာနေစဉ်က အလုပ်ကြမ်း၏ ဒဏ်သင့်မှုများသည် မပေါ်လွင်သော်လည်း ကျန်းမာရေးချို့ကဲ့လာ၍ အိပ်ရာထဲ လဲသည့်အခါ ခန္ဓာကိုယ် အနှံ့အပြားမှ အနာပေါင်းများစွာ ပေါ်ထွက်လာပါသည်။ ထိုအတွင်း အစာအာဟာရ ကောင်းကို မမှီဝဲရခြင်း၊ ဆေးဝါးမရှိခြင်း၊ အဝတ်အထည် မပြည့်စုံခြင်း စသော ချို့တဲ့ချတ်ယွင်းမှုများကလည်း ထိုထိုလူမမာအလုပ်သမားများအား သေမင်းနိုင်ငံသို့ တွန်းပို့ပေးသည်နှင့် တူလှပေသည်။

စင်စစ်အားဖြင့်မူ ထိုမျှလောက် အပြင်းအထန် ရောဂါဝေဒနာ ကပ်ရောက် နေသော လူနာနှစ်ဦးအား ကျွန်တော်တို့သည် ပုခက်နှင့်သော်လည်းကောင်း၊ ထမ်းစင်နှင့်သော်လည်းကောင်း ခေါ်ဆောင်သယ်ယူရန် သင့်ကြောင်း ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

ကွေးမိကြပါသည်။ သို့ရာတွင် ထိုကိစ္စအတွက် မည်သူက တာဝန်ယူမည်နည်း။ ချွေးတပ်သား လူမမာအချင်းချင်းကလည်း တာဝန်မယူနိုင်ချေ။ ဂျပန် စစ်အာဏာပိုင်များကလည်း တာဝန်မဲ့ ပြုမူကြခြင်းသာ ဖြစ်လေသည်။ ဂျပန်များ နာမကျန်းဖြစ်လျှင်ကား ဤသို့မဟုတ်ပေ။ ထမ်းစင်နှင့်တစ်မျိုး၊ ကားနှင့်တစ်သွယ် သယ်ယူလျက် သူတို့အတွက် သီးသန့်ပြုလုပ်ထားသော ဆေးရုံ၊ သူတို့ စစ်ဘက်ဆရာဝန်၊ ဆရာမ၊ သူနာပြု စသည်များနှင့် အကျအန ပြုစုကုသကြလေသည်။

ကျွန်တော်တို့သည် ဤလို နားချည်တစ်ခါ၊ သွားချည်တစ်လှည့်နှင့် စိတ်အရှည်ဆုံးထားကာ လူနာနှစ်ဦးကို တွဲပိုးဆောင်ကြဦးကြရလေသည်။ ဤအဖြစ်မျိုးဌမှ လူလူချင်း ကရုဏာစိတ်ထားတတ်သော ဘွန်ထိုက်ချိုကြီး ဦးဘစောအား၊ များစွာပင် ချီးကျူးထိုက်လေသည်။ အကယ်၍ ဦးဘစောကသာ ထိုသို့သော စိတ်ထားမျိုးမရှိဘဲ ဘယ်လိုနည်းနှင့်မှ မလိုက်နိုင်၍ ထားပစ်ခဲ့ရပါသည်ဆိုလျှင်လည်း ဂျပန်များက ဦးဘစောအပေါ်တွင် အပြင်းအထန် အရေးယူလိမ့်မည်တော့ မဟုတ်ချေ။ တောဟွင်း ချွေးတပ်သား တစ်ဦးတစ်ယောက် သေဆုံးမှုကိစ္စဟူသည် ဖက်ဆစ် ဂျပန်စစ်သားများအနေနှင့် သေနတ်ကျည်ဆံတစ်တောင့်လောက်မျှ တန်ဖိုးမထား သော အဖြစ်ဟု ဆိုရပါမည်။

ကျွန်တော်တို့သည် ညနေ ၄ နာရီထိုးလုနီးမှပင် ရထားလမ်းရှိရာသို့ ရောက်ခဲ့ကြလေသည်။ ကျွန်တော်သည် ဦးဘစောနှင့် ကိုစံခတို့အား ချွေးတပ်သား လူမမာများကို တစ်နေရာတည်းတွင် စုဝေးထားရန် မှာကြားခဲ့ပြီးနောက် ဘွန်ထိုက်ချိုကိုသာမြို့အား ခေါ်ဆောင်ကာ လူမမာ ချွေးတပ်သားအားလုံး ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် အိနားမတ်ဆုကို သွားရောက်ပြောကြားရလေသည်။

ထိုအခါ အိနားမတ်ဆုသည် စစ်သားလေးယောက်နှင့် စကားပြန်သူငယ်တို့ကို ခေါ်ဆောင်ခဲ့ပြီးနောက် ကျွန်တော်တို့နှင့်အတူ ချွေးတပ်သားများရှိရာသို့ လိုက်ပါလာလေသည်။

အိနားမတ်ဆုသည် ဂျပန်စစ်သားများနှင့်အတူ လူမမာ ချွေးတပ်သားများအား ရေတွက်စစ်ဆေးခြင်း ပြုလေသည်။ ပြီးလျှင် လူမမာ ချွေးတပ်သားများအား ယခုည ရောက်လာမည့် ရထားနှင့် မော်လမြိုင်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ မော်လမြိုင်ရောက်သည့်အခါ ကောင်းမွန်စွာ ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း၊ ကျန်းမာလာသည့်အခါ နေရပ်သို့ ပြန်ပို့ပေးမည်ဖြစ်ကြောင်း၊ သို့မဟုတ် အလုပ်ပြန်လည် လုပ်လိုသူများကိုလည်း နိပ္ပန်တပ်မတော်ကြီးက အလုပ် ပြန်လည်ပေးမည် ဖြစ်ကြောင်း၊ အရှေ့အာရှစစ်ပွဲကြီး အောင်မြင်ရေးအတွက် နိပ္ပန်-မြန်မာ လက်တွဲ

ရမည်ဖြစ်ကြောင်း စသည်များကို တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း စကားပြန် သူငယ်မှ ဘစ်ဆင့် ပြောကြားခြင်း ပြုလေသည်။

ကျွန်တော်သည် အိနားမတ်ဆုက ထိုကဲ့သို့ ပြောကြားနေစဉ် လူမမာ ချွေးတပ်သားများ၏ အရိပ်အခြေကို တစ်စေ့တစ်စောင်း အကဲခတ်လေ့လာမိပါသည်။ အိနားမတ်ဆု၏ စကားကြောင့် လူမမာ ချွေးတပ်သားအချို့မှာ ရွှင်မြူးအားတက်လာဟန် ရှိလေသည်။ အချို့က ခပ်ယဲ့ယဲ့ ပြုံးယောင် ဝမ်းသာယောင် ရှိလေသည်။ တချို့မှာမူ မလှုပ်၊ ငုတ်တုတ်ပင် ရှိကြလေသည်။ သို့ရာတွင် အလုပ်ပြန်လည် လုပ်လိုသူများအား အလုပ်ပေးမည်ဆိုသော စကား၊ အာရှစစ်ပွဲကြီး အောင်မြင်ရေးအတွက် ဂျပန်-မြန်မာ လက်တွဲရမည်ဖြစ်ကြောင်း စသော စကားပိုဒ်များ၌မူ တစ်စုံတစ်ရာ စိတ်အားထက်သန်မှု မတွေ့ရပါချေ။ သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်နေကြရုံသာ ဖြစ်လေသည်။ အလကားပါကွာ ဟူသော အဓိပ္ပာယ်ဆောင်ချက်မျိုးသည် လူမာမ တော်တော်များများ၏ မျက်နှာတွင် ပေါ်လွင်နေသည်ဟူ၍ပင် ကျွန်တော် ထင်မိပါသည်။

ထိုအခိုက်၌ပင် ကျွန်တော့်အနီးတွင် ရှိနေကြသော ဦးဘစောနှင့် ကိုဘတင်တို့ကလည်း ကျွန်တော့်ကို မေးခွန်းထုတ်ပြန်ပါတော့သည်။

"ဆရာလေး--မော်လမြိုင်ကို ကျွန်တော်တို့နှစ်ယောက် လိုက်ရမှာလား"

ကျွန်တော်သည် စိတ်ထဲတွင် ဖြစ်ပေါ်လာသော အတွေးတစ်ခုအတိုင်း အဖြေပေးလိုက်ပါသည်။

"လိုက်ရမှာပေါ့ဗျ၊ ခင်ဗျားတို့နှစ်ယောက်လဲ လိုက်ရမှာပဲ၊ ခု-လူစစ်တဲ့ အထဲမှာ ခင်ဗျားကို့နှစ်ယောက်ကိုပါ ထည့်တွက်ထားတာပဲ"

အမှန်အတိုင်းပင် ဖြစ်ပါသည်။ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုသည် လူနာများကို ရေတွက် စစ်ဆေးခြင်းပြုစဉ်က ဦးဘစောရော၊ ကိုဘတင်ကိုပါ ထည့်သွင်းရေတွက်ခြင်း ပြုပါသည်။ အားလုံးပေါင်း လေးဆယ့်သုံးယောက် ဖြစ်သည်။ ထိုလေးဆယ့်သုံးယောက်လုံးကိုပင် မော်လမြိုင်ကို ပို့ပေးလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

"ဟုတ်ပါ့မလား ဆရာလေး၊ ဂျပန် စစ်ဗိုလ်ကို ဆရာလေး မေးကြည့်စမ်းပါလားဗျာ"

ဦးဘစောသည် တစ်စုံတစ်ရာ ဝေခွဲမရသော မျက်နှာဖြင့် ကျွန်တော့်ကို ထပ်ပြောနေပြန်သည်။ လူမမာတချို့မှာ အူမြူးနေကြသော်လည်း ဦးဘစောနှင့် ကိုဘတင်မှာ ခပ်တွေတွေ ခပ်ငိုင်ငိုင် ရှိနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မနက်တုန်းက ဆရာလေးတို့ ခေါ်လာတဲ့ ဆယ့်ငါးယောက်ကရော၊ သူတို့လဲ မော်လမြိုင် သွားရမှာလား"

ကိုဘတင်က မေးပြန်ပါသည်။

စင်စစ် ထိုအမေးသည် မေးသင့်သော စကားပင် ဖြစ်လေသည်။ ကျွန်တော် သိထားရသလောက်ဆိုလျှင် မနက်က ကျွန်တော်တို့နှင့်အတူ ခေါ်ဆောင်ခဲ့သော ချွေးတပ်သား ဆယ့်ငါးယောက်သည် မော်လမြိုင်ကို လိုက်ရမည့်သူများ မဟုတ်ချေ။ သူတို့သည် စခန်းတွင် ကျွန်တော်တို့နှင့်အတူတွဲကာ ဆက်လက်၍ အလုပ်လုပ်ရဦးမည့်သူများသာ ဖြစ်လေသည်။ သို့ဆိုလျှင် ဦးဘစောနှင့် ကိုဘတင်မှာ ထိုသူများထက် ကျန်းမာရေးကောင်းသည်ဟု ဆိုရသောကြောင့် သူတို့နှစ်ယောက် မော်လမြိုင် ပါရေး၊ မပါရေးမှာ တွေးတောစရာအကြောင်းတစ်ခု ဖြစ်နေပါသည်။ ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ထမင်းချက်ခေါင်း ကိုစံခကလည်း သည်အတိုင်းပင် ဝေခွဲမရ တွေးမရ ဖြစ်နေကြသည်။

ကျွန်တော်တို့၏ စေတနာကလည်း ဦးဘစောနှင့် ကိုဘတင်တို့ကို မော်လမြိုင် ပါစေချင်ပါသည်။ ကျွန်တော်တို့သည် နေ့ပေါင်း လပေါင်း ကြာညောင်းလှစွာ ပင်ပန်းဆင်းရဲခြင်း ဒုက္ခအမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရပြီးသူများသာ ဖြစ်သော ကြောင့်လည်း ကိုယ်ချင်းစာနာစိတ်နှင့် အားလုံးအပေါ်တွင် သိမ်းကျုံးကာ စေတနာထားတတ်ကြပါသည်။ မိမိတို့အလှည့် မကျရောက်သေးသဖြင့် မိမိတို့ မပြန်ရသေးသည့်တိုင် ဖြစ်နိုင်သမျှသော ဘဝတူများကိုကား ပြန်စေခွင့်ရစေချင်ကြပါသည်။ ကောတွင်း ချွေးတပ်စခန်းများနှင့် ပတ်သက်သော ဆိုးဝါး ခါးသီးလှသည့် သတင်းစကားများကိုလည်း ဖြို့ပေါ် ရွာပေါ်ရှိ လူများကိုလည်းကောင်း၊ ချွေးတပ်စုဆောင်းရေး ဂျပန်အလိုတော်ရှိများကိုလည်းကောင်း ကြားသိစေချင်ပါသည်။ ကျွန်တော်တို့ တောတွင်းရောက် ချွေးတပ်သားအချို့မှာ ဂျပန်ထက်ပင် ချွေးတပ်စုဆောင်းရေး အရာရှိများနှင့် သူကြီး စသော သူများအပေါ် ပို၍ မကျေမနပ်ဖြစ်နေကြလေသည်။ ချွေးတပ်သားများသည် ထိုသူများအပေါ် တက်တစ်ခေါက် ခေါက် အံတကြိတ်ကြိတ်နှင့် ကျိန်ဆဲရေရွတ်ခြင်း ပြုကြလေသည်။

ကျွန်တော်သည် ကိုဘတင် အမေးကို ဟုတ်တိုင်းမှန်ရာ အဖြေပေးလိုက်ပါသည်။

"ဟို–ဆယ့်ငါးယောက်ကတော့ နေရစ်ခဲ့ရမယ့် လူတွေပဲ၊ နောက်တစ်ခုကတော့ ခင်ဗျားတို့ကိုစွကို မေးပေးပါဆိုရင် အိနားမတ်ဆုကို ကျွန်တော် မေးပေးပါမယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ် ကိုဘစော၊ မေးလိုက်မှ သတိ

ပေးသလို ဖြစ်နေရင်လဲ မကောင်းဘူး၊ အသာ မသိလိုက် မသိဖာသာ နေလိုက်ရင် ကောင်းမယ် ထင်တယ်"

ကျွန်တော်က စဉ်းစားမိသလောက် ပြောရလေသည်။ ကျွန်တော် ထင်သည်မှာ ဤဆေးရုံစခန်းမှ လူနာများ၏ မော်လမြိုင် ပါရေး၊ မပါရေး အဆုံးအဖြတ်သည် ဂျပန်စစ်ဗိုလ် အိနားမတ်ဆု၏ အဆုံးအဖြတ်ပေါ်တွင် တည်သည်ဟူ၍ပင် ထင်သည်။ ဦးဘစောနှင့် ကိုဘတင်တို့ ကိစ္စသည် အိနားမတ်ဆု ထည့်ပေးလျှင် ပါမည်၊ သူ ထည့်မပေးလိုက ကျန်ရစ်မည်။ အိနားမတ်ဆုထက် အဆင့်အတန်းကြီးသော တပ်ဒိန်စခန်းနှင့် သံဖြူဖရုပ်ရှိ ဂျပန်စစ်ဗိုလ်ကြီးများသည် ဤမျှအထိ အသေးစိတ် လိုက်လိမ့်မည်မဟုတ်ဟု ကျွန်တော် ထင်ပါသည်။

ဤလို ကျွန်တော်တို့ ငါးဦးအနေနှင့် မရှင်းမလင်းဖြစ်နေသော ကိစ္စသည် စကားပြန်သူငယ် ရောက်လာသောကြောင့် ချက်ချင်းပင် အဖြေပေါ်လာပါသည်။

စကားပြန် သူငယ် မောင်ချစ်အား ဦးဘစောတို့ကိစ္စကို ကျွန်တော်က ချော့မော့မေးမြန်းသည့်အခါ မောင်ချစ်က အောက်ပါအတိုင်း ပြောပါသည်။

ဦးဘစောနှင့် ကိုဘတင်တို့သည် လူမမာများနှင့်အတူ မော်လမြိုင်သို့ လိုက်ရမည်ဖြစ်ကြောင်း၊ ထိုအကြောင်းကို အိနားမတ်ဆုက ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ ဤလိုဆုံးဖြတ်သည်မှာလည်း တခြားကြောင့်မဟုတ်၊ ဦးဘစောနှင့် ကိုဘတင်တို့သည် လူနာများအား ဆေးရုံစခန်းတွင် ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းသောကြောင့် တစ်ကြောင်း၊ ဟောတွင်းဆေးရုံးစခန်းမှ ရထားလမ်းရောက်းသည့် အထိ စောင့်ရှောက်ခေါ်ဆောင်ခဲ့သောကြောင့် တစ်ကြောင်းပင် ဖြစ်လေသည်။ ဦးဘစောနှင့် ကိုဘတင်မှာ စေတနာအကျိုးပေးခြင်းဟူ၍ပင် ဆိုရပါမည်။

ထိုအခါမှ ဦးဘစောနှင့် ကိုဘတင်တို့မှာလည်း ရယ်နိုင်၊ ပြုံးနိုင်လာကြပါသည်။ ပြီးလျှင် သူတို့နှစ်ဦးက ကျွန်တော်တို့တစ်တွေကိုလည်း သည်ချွေးတပ်စခန်းမှ အမြန်ဆုံး လွတ်ပါစေ၊ ကျက်ပါစေဟု ဆုတောင်းပါကြောင်းနှင့် မျက်ရည်များ ကျဆင်းကာ ပြောကြားခြင်း ပြုရကြလေသည်။

ကျွန်တော်တို့ သုံးယောက်မှာလည်း သူတို့နှစ်ဦးကို ကြည့်ကာ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါလေသည်။ သူတို့ပြန်ကြရတော့မည်ဆိုသည့်အတွက် ကျွန်တော်တို့ ဝမ်းသာရလေသည်။ သို့ရာတွင် ပြန်ရမည့်နေ့ရက်ကို အတိအကျ ဘာမျှမပြောနိုင်သေးသော ကိုယ်ရေးကိုယ်တာအတွက်လည်း ဝမ်းနည်း စိတ်မကောင်းဖြစ်ရသည်တော့ အမှန်။

www.burmeseclassic.com

www.burmeseclassic.com

"တစ်ခုလဲ သတိထားနော် ဦးဘစော၊ ခင်ဗျားတို့နှစ်ယောက်ဟာ မော်လမြိုင် ရောက်တဲ့အထိ သိပ်ပြီး လူသန်မာကြီးတွေလို လုပ်မနေကြနဲ့ဦး၊ ဂျပန်တွေက အခက်သားဗျ၊ တစ်ယောက်က တစ်နေရာကနေပြီး ဒီလိုလုပ်ပေမယ့် တစ်နေရာ ရောက်တော့ တခြားတစ်ယောက်က တစ်မျိုးဖြစ်ချင် ဖြစ်နေတတ်ဓာယ်၊ မဇတ္တ,ဘူး လားဗျ၊ တချို့လူတွေဟာ သူကိုမြို့၊ သူတို့နယ်က လာတုန်းတော့ ဘွန်ထိုက်ချို၊ ဟန်ချိုပါပဲ၊ အဲ ကောထဲလဲရောက်ရော၊ လက်ပတ်တဲဆိပ်တွေ ဖြုတ်ပစ်လိုပစ်၊ အလုပ်ကြမ်းထဲ ထည့်ခိုင်းလိုခိုင်းနဲ့ ဗလောင်းဗလဲ ဖြစ်ကုန်တာပဲ"

ကျွန်တော်က သူတို့နှစ်ဦးကို သတိပေးရပါသည်။ ဂျပန်တို့သည် ဤလို အပြုအမူမျိုးကိုလည်း ဘဂွတ်ထိုး ပြုမူတတ်ကြပါသည်။ ကျွန်တော်တို့ကား မကြာခဏဆိုသလို ဤအဖြစ်မျိုးကို ကြုံတွေ့ခဲ့ရဖူးလေသည်။

"ဆရာလေး ပြောကာ ဟုတ်တယ်ဗျ၊ အဲဒါမျိုးတော့ ကျွန်တော်တို့ သတိထားရမယ်၊ အတော်ကြာ ဒီစခန်းက လွတ်လိုက်ပြီး တခြားစခန်းရောက်မှ ရထားပေါ်က ဆင်းခဲ့ဆိုရင် သေဖို့ပဲ ကောင်းတယ်"

ကိုဘာတင်က ပြောလေသည်။

ဤလို ကျွန်တော်တို့ စကားပြောနေခိုက် ညနေ ၅ နာရီထိုးသွားပြီဖြစ်သော ကြောင့်လည်း အလုပ်စခန်းများရှိရာမှ သုံ့ပန်းခေါ်းတပ်သားများရော၊ အရပ်သား ခေါ်းတပ်သားများပါ အလုပ်သိမ်းကာ တက်ရောက်လာကြလေသည်။ ထိုအခါ ကျွန်တော်တို့နှင့်အတူ ရှိနေသော ဂျပန်စစ်သားများသည် လက်တွေ့ရမ်းလျက် အလုပ်သိမ်းလာသော ဂျပန်စစ်သားများရှိရာသို့ လှမ်းအော်လေသည်။ သဘောမှာ အလုပ်သိမ်း၍ တက်ရောက်လာသော ခေါ်းတပ်သားများအား ကျွန်တော်တို့ ရှိရာဘက်သို့ မလာစေရန်နှင့် စခန်းရှိရာသို့ ခပ်သုတ်သုတ် သွားကြဟူသော အော်ဟစ်အမိန့်ပေးခြင်းပင် ဖြစ်လေသည်။

ထိုအခါ ခေါ်းတပ်သားများကို စောင့်ကြပ်ခေါ်ဆောင်လာသော ဂျပန်စစ်သား များသည် ရှေ့မှနေကာ ကျွန်ုပ်တော်တို့ဘက်သို့ လာသော လမ်းကို ပိတ်ဆို့ထား လိုက်လေသည်။ ကျန်သော ဂျပန်စစ်သားများက သုံ့ပန်းခေါ်းတပ်သားများနှင့် အရပ်သား ခေါ်းတပ်သားများကို ရထားလမ်းဘေး ခေါက်ထဲသို့ မောင်းချလေသည်။ ထိုခေါက်ထဲမှနေကာ ကုန်းမြင့်ကို တက်ရောက်ပြီးနောက် စခန်းရှိရာသို့ သွားရောက် ကြရန် ဖြစ်လေသည်။

သို့နှင့် အလုပ်ခွင်မှ ခေါ်းတပ်သားအားလုံးကုန်ဆောက်မှပင် အိနားမတ်ဆုသည် ကျွန်တော်နှင့် ကိုစံခတို့အား မော်လမြိုင်သို့ ပို့မည့် လူမမာများအား ညစာထမင်း

ကျေးရန် အမိန့်ပေးပါသည်။ ပြီးလျှင် ကျွန်တော်နှင့် ကိုသာမြိုင်ကိုလည်း ဤနေရာတွင်ပင် ထမင်းများ စားသောက်လျက် ရထားလာသည်အထိ စောင့်နေ ကြရမည်။ တဲ့တန်းလျားရှိရာသို့ မပြန်ရသေးဟု ပြောပါသည်။ အိနားမတ်ဆုသည် ထိုအစီအစဉ်များ အားလုံးကို စီစဉ်ညွှန်ကြားပြီးမှ စကားပြန် သူငယ်နှင့်အတူ စခန်းသို့ ပြန်သွားလေသည်။ ယေန့တိုင် ဂျပန်စစ်သား လေးယောက်မှာမူ ကျွန်တော်တို့နှင့်အတူ ကျန်ရစ်ခဲ့လေသည်။

အမှောင်ရိပ်များ ထိုးကာ မိုးကြီးစုပ်စုပ်ချုပ်လေပြီ။ ည ၇ နာရီတက်မနည်း ရှိလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ ဤအချိန်ထိအောင် အိနားမတ်ဆုလည်း မပေါ်လာသေး။ ရထား၏ အရိပ်အရောင်ကိုမျှလည်း မတွေ့မမြင်ရသေး။ လူနာ တွေမှာလည်း ရထားလမ်းဘေး ဘူမိကမ္မလာ မြေမွေ့ရာပေါ်တွင် အကုံးအရုံး အိပ်စက်နေကြလေပြီး ဟောက်သံနှင့် ညည်းတွားသံများသည် ထိုနေရာမှ လွှက်ပေါ် နေ၏။ ဂျပန်စစ်သား လေးယောက်မှာလည်း သေနတ်ကို ရင်ဝယ်ပိုက်လျက် ငိုက်မျဉ်းနေကြလေပြီ။ ကျွန်ုပ်တော်တို့ ငါးယောက်အစုမှာလည်း တသမ်းသမ်း တဝေဝေနှင့် ပျင်းရိငြီးငွေ့လာကြပါလေသည်။

ကျွန်တော်သည် မီးရထားသံလမ်းရှိရာသို့ မျှော်ကြည့်လိုက်သည်။ အမှောင်ထု သည် ကြီးမားစွာ ဖုံးလွှမ်းထားသည်။ မည်သည့်အရာကိုမျှ ကွဲကွဲပြားပြား မမြင်ရ။ ရထားလမ်းနှင့် ခပ်ကွာကွာရှိ သစ်ပင်ကြီးများသည် အမှောင်ထဲတွင် လူမည်းဘီလူးများ လောက်နှင့် ချောက်လှန့်နေသလို ထင်ရလေသည်။ သုံးဆူသော စေတီပေါ်များ မှာလည်း အမှောင်ထုအောက်တွင် ကွယ်ပျောက်လျက် ရှိလေသည်။ တစ်ခါတစ်ခါ ကျွန်တော်တို့ နားထဲတွင် ကြားရသောအသံတစ်ခု ရှိလေသည်။ ထိုအသံမှာ ခပ်လှမ်းလှမ်း တောနက်ရာမှ ကျားဟိန်းသံပင် ဖြစ်လေသည်။

ဦးဘစောနှင့် ကိုသာမြိုင်တို့မှာ မီးပုံထဲသို့ သစ်ကိုင်းခြောက်၊ ပါးကိုင်း ခြောက်များကို ထိုးထည့်လျက် ရှိလေသည်။ ထမင်းချက်ခေါ်းကြီး ကိုစံခမှာမူ အိပ်ငိုက်လိုက်၊ ရထား လာ, မလာ လှမ်းမေးလိုက်၊ တစ်ဖန် ပြန်ငိုက်မျဉ်းလိုက် ဖြစ်နေလေသည်။

သည်လိုနှင့် ရှစ်နာရီကျော်ကျော်လောက်တွင် အိနားမတ်ဆု ရောက်လာ လေသည်။ သူနှင့်အတူ စကားပြန်သူငယ်အပြင် ဂျပန်စစ်သား နှစ်ယောက်တို့ နောက်ထပ် ပါရှိလာလေသည်။ အိနားမတ်ဆုလက်တွင် အစိမ်းရောင် မီးအိမ်နှင့် အနီရောင် မီးအိမ်တစ်လုံးကျ ပါရှိလာသည်။ စကားပြန် သူငယ်၏ လက်ထဲတွင် မီးအိမ်တစ်ဖက်၊ ကညင်ဆီမီးချောင်းတစ်ဖက် ပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် အိန္ဒားမက်ဆုံ၏ အမိန့်ပေးချက်အရ ဂျပန်စစ်သားများနှင့် အတူ တွဲကာ သဲလမ်းတစ်ဘက်ရှိ လူမမာ ချွေးတပ်သားများအား အခြားတစ်ဘက်သို့ ရွှေ့ပြောင်းခြင်း ပြုရလေသည်။ ကိုအချိန်၌ကား လူမမာ ချွေးတပ်သားများမှာမူ အတန်ငယ် သွက်လက်စွာပင် လှုပ်ရှားမှု ပြုကြပါသည်။ ပြီးလျှင် ထိုသူများအား သဲလမ်းနှင့် အတန်ငယ်ကွာသည့် နေရာတွင် တန်းစီကာ အထိုင်ခိုင်းလေသည်။ ဂျပန်စစ်သား ခြောက်ယောက်တို့သည် မီးအိမ်နှင့် မီးတိုင်များကို ကိုင်မြှောက်၍ ချွေးတပ်သားများကို ရေတွက်စစ်ဆေးခြင်း ပြုပြန်လေသည်။

မကြာမီ အမှောင်ထုကြီးအတွင်းမှ တရှိုးရှိုး ခုတ်မောင်းလာသော ရထားသံကို ကြားရလေသည်။ သို့ရာတွင် ရထားမီးကိုကား မမြင်မတွေ့ရသေးချေ။ အိန္ဒားမတ်ဆုသည် ရထားလမ်းအနီးသို့ ထွက်ရပ်ကာ လက်တစ်ဖက်က မီးနိုကို တွေ့ရှမ်းမြှောက်ပြလေသည်။

ကျွန်ုပ်တော်သည် စက္ကန့်ပိုင်း အချိန်အတန်ကြာမှ ရထားကို လှမ်းမြင်ကြရလေသည်။ သို့ရာတွင် ရှေ့မီး လုံးဝမပါသော ရထား၏ သဏ္ဌာန်သည် ပြတ်ပြတ်သားသား မဟုတ်။ အမှောင်ထုအကွင်းမှ တအိအိ ခုတ်မောင်းလာသော ရှည်ရှည်မဲမဲ အရာဝတ္ထုကြီးဟူ၍သာ တွေ့မြင်ကြရခြင်း ဖြစ်လေသည်။

ရထားသည် ဘုရားသုံးဆူ ဘုတာတွင် စက်ရှိန်သတ်ကာ ရပ်တန့်လိုက်လေသည်။ ထိုအခါမှပင် ခေါင်းတွဲမောင်းလာသော ဂျပန်နှင့် မီးထိုးသမား ဂျပန်များ၏ ယျက်နှာများကို ကျွန်ုပ်တော်တို့ တွေ့မြင်လိုက်ရလေသည်။ ရထားမောင်းသမား ဂျပန်သည် မီးအိမ်ငယ်တစ်လုံးကို မြှောက်ကိုင်ထားရင်းမှ အိန္ဒားမတ်ဆုအား တစ်စုံတစ်ရာ လှမ်းမေးလေသည်။ ပြီးသော် ရထားထက်မှ ခုန်ဆင်းလိုက်သည်။

ရထားခေါင်းထဲမှာ ထမ်းမီးထိုးခေါင်းတွဲ ဖြစ်ပါသည်။ ထင်းမှာလည်း ကျွန်တော်တို့ ချွေးတပ်သားများ ခုတ်လှဲဖြတ်တောက်ထားရသော တောထင်းများ ဖြစ်ပါသည်။ ဤတွင် တောထင်းဟုဆိုရာ၌ မီးအားကောင်းသော ကနုစိထင်းမျိုး၊ အင်ကညင်လို ထင်းမျိုးဟော့ မဟုတ်ပေ။ တောသစ်ပင်ဟူသမျှ တွေ့ရာမြင်ရာကို ခုတ်လှဲဖြတ်တောက်ထားခြင်းသာ ဖြစ်လေသည်။ ယုတ်စွအဆုံး ကြောင်လျှာသားများပင် ပါရှိတတ်လေသည်။

ရထားသည် ထိုင်းဘက်မှ လာရသော ရထားဖြစ်လေသည်။ တွဲပေါင်းများစွာ ပါသည်တော့ မဟုတ်။ စုစုပေါင်းမှ တွဲငါးတွဲ ဖြစ်လေသည်။ သုံးတွဲမှာ အလုံပိတ်ထားသော အမိုးအကာနှင့် တွဲလုံးများဖြစ်သည်။ တွဲနှစ်တွဲမှာ နှစ်ပေလောက်

အမြင့်ရှိသော အကာများသာ ပါသည့် ကုန်တင်တွဲကလေးများ ဖြစ်လေသည်။ ဂါတ်ဗိုလ်တွဲဟူ၍ကား အလျဉ်းမပါရှိပေ။

ရထားကို တွေ့ရသည့်အခါ ဦးဘစော အစရှိသော လူနာများ၏ စိတ်ထဲတွင် အဘယ်ပုံရှိလေမည် မပြောတတ်သော်လည်း ကျွန်တော်၏ စိတ်ထဲတွင်မူ ဝမ်းနည်းသယောင်ယောင် လွမ်းဆွတ်သလိုလို ဖြစ်ရလေသည်။

ရထားမောင်းလာသော ဂျပန်သည် အချိန်အတော်ကြာ အိန္ဒားမတ်ဆုနှင့် စကားပြောနေကြပါသည်။ ထိုအချိန်ထိအောင်ပင် လူနာချွေးတပ်သားများမှာလည်း ရထားပေါ်သို့ မတက်ကြရသေးပါ။ ကျွန်တော်သည် အိန္ဒားမတ်ဆု၏ နောက်ပါးမှ နေကာ လူနာ ချွေးတပ်သားများ၏ အရိပ်အကဲကိုလည်းကောင်း၊ ဂျပန်စစ်သားများနှင့် စစ်ဗိုလ် အိန္ဒားမတ်ဆု၊ ရထားမောင်းသမား ဂျပန် ဝသူတို့၏ လှုပ်ရှားမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာနေမိလေသည်။ ရထားမောင်းသမား ဂျပန်သည် အိန္ဒားမတ်ဆုနှင့် စကားပြောသည့်အခါ အတော်လေးပင် လေးလေးစားစားနှင့် ပြန်လည်ပြောကြားနေရသည်ကိုလည်း ကျွန်တော် သတ်ပြုမိပါသည်။ အိန္ဒားမတ်ဆု၏ အဆိုအမိန့်ကို နာခံနေရဟန် တူလေသည်။ ဦးဘစော၊ ကိုဘတင် စသော လူနာ ချွေးတပ်သားများမှာမူ တလှုပ်လှုပ်တရွရွ ဖြစ်နေကြလေသည်။ သေနတ်ကိုင် ဂျပန်စစ်သားများမှာမူ လူနာ ချွေးတပ်သားများအား ဝိုင်းပတ်ထားလေသည်။ ထိုသေနတ်ကိုင် စစ်သားခြောက်ယောက်အနက် အိန္ဒားမတ်ဆုနှင့် နောက်ထပ် ပါလာသော ဂျပန်စစ်သား နှစ်ယောက်တို့မှာမူ ကျန်သူလေးယောက်နှင့် မတူပါ။ သူတို့နှစ်ဦးမှာ လူနာ ချွေးတပ်သားများအား စောင့်ကြပ် ပို့ဆောင်ရမည့်သူ နှစ်ယောက်ဟု ကျွန်တော် ထင်ပါသည်။ အဘယ်ကြောင့်ဆိုရပါမူ သူတို့တွင် ရေဗူးမှ စ၍ ခရီးဆောင်လွယ်အိတ် စသည်များ ပါရှိသောကြောင့် ဖြစ်လေသည်။

မကြာမီ ရထားမောင်း ဂျပန်သည် ရထားခေါင်းတွဲပေါ်ရှိ သူ့အဖော် နှစ်ယောက်ကို တစ်စုံတစ်ရာ လှမ်းအော်ပြောလိုက်ပါသည်။ ထိုအခါ နှစ်ယောက်စလုံး ခုန်ဆင်းလာကြလေသည်။ သူတို့သည် အိန္ဒားမတ်ဆုကို စစ်ဆုံးစံအတိုင်း အလေးပြုကြသည်။ ပြီးလျှင် အိန္ဒားမတ်ဆုကို ခေါ်ဆောင်ကာ တွဲပက်လက်နှစ်ခု ရှိရာသို့ ထွက်ခွာသွားကြလေသည်။ စကားပြန်သူငယ်သည် မီးအိမ်ကို လက်ကကိုင်ကာ အိန္ဒားမတ်ဆုဘေးမှ လိုက်ပါသွားလေသည်။ မကြာမီပင် တွဲပက်လက်နှစ်ခုရှိရာမှ အိန္ဒားမတ်ဆု၏ လှမ်းအော်သံကို ကြားလိုက်ရလေသည်။ ထိုအော်ဟစ်သံကြောင့် သေနတ်ကိုင် ဂျပန်စစ်သား နှစ်ယောက်သည် အိန္ဒားမတ်ဆုတို့ ရှိရာသို့ ပြေးသွားလေသည်။ ထို့နောက်၌ကား တွဲပက်လက်ရှိရာဆီမှ အော်ဟစ်ဆဲရေးသံ၊ တဘုန်းဘုန်း ထုရိုက် ကန်ကျောက်သံများကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အထိတ်တလန့်နှင့် အိနားမတ်ဆတို့ လူရှိရာသို့ လှမ်းကြည့်လိုက်သည်။ ခပ်မှန်မှန် ခပ်ဝါးဝါး မီးရောင်အောက်တွင် တွဲပေါ်မှ တစ်စုံတစ်ယောက်ကို ဂျပန်စစ်သားများက ကန်ချလိုက်သည်ကို မကွဲမပြား တွေ့မြင်လိုက်ရလေသည်။ တွဲပေါ်မှ ကန်ချခံရသူမှာ မြေပြင်ပေါ် ရောက်သည်အထိ မထနိုင်ပါချေ။ ရထားလမ်းဘေးတွင် ခွေခွေကလေး လဲနေပါသည်။ ထိုသူကို ရထား မီးထိုးသမား ဂျပန်က ဆဲရေး ကန်ကျောက်နေပြန်ပါလေသည်။

"ဆရာလေး–ဟိုမှာ ဆူဆူ ဆူဆူနဲ့ ဘာတွေ ဖြစ်နေပြန်လဲ မသိဘူးဗျ"

အနီးတွင် ရှိနေသော ကိုစံခက ပြောလေသည်။

"ကျွန်တော်တို့အထဲက တစ်ယောက်ယောက်များလား၊ ဒါမှမဟုတ် မနက်က ခေါ်လာတဲ့ လူမမာထဲကများလား"

ကိုသာမြိုင်က ပြောလေသည်။

ကျွန်တော့်စိတ်ထဲတွင် ရတ်တရက် တွေးလိုက်မိသည်မှာလည်း ကိုသာမြိုင်ယူဆသလိုပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ချွေးတပ်သားအုပ်စုထဲမှ တစ်စုံတစ်ယောက်သည် လူနာများအား မော်လမြိုင် ပို့မည့်ကိစ္စကို သိရှိသဖြင့် တိတ်တဆိတ် လာရောက်ကာ ရထားတွဲပေါ်သို့ တက်နေခြင်း ဖြစ်လိမ့်မည်ဟု ဖာင်မိပါသည်။

ထိုအခိုက်၌ပင် "ဘိရမာ– မာစတာ၊ ဘရမာ– မာစတာ" ဟူသော အိနားမတ်ဆု၏ အသံနှင့် "ဆရာလေး၊ ဆရာလေး" ဟူသော စကားပြန်သူငယ်၏ ခေါ်သံကို ကြားလိုက်ရသည်။

ကျွန်ဖော်သည် အိနားမတ်ဆတို့ ရှိရာသို့ ခပ်သွက်သွက် လျှောက်လာခဲ့လေသည်။

ကျွန်တော် သူတို့အနီးသို့ ရောက်သွားသည့်အခါ ဂျပန်စစ်သားက လဲနေသူအား ကုပ်ပိုးမှ ကိုင်ကာ ဆွဲထူလိုက်သည်။ အိနားမတ်ဆသည် မောင်ချစ်၏ လက်တွင်းမှ မီးအိမ်ကို လှမ်းယူကာ ထိုသူ၏ မျက်နှာအနီးသို့ ထိုးကပ်လိုက်ပြီး "ဘိရမာ ရှိတက၊ ဘိရမာ ရှိတက" ဟူ၍ ကျွန်တော့်ကို ခပ်တင်တင် မေးပါလေသည်။

ကျွန်တော်သည် ထိုသူ၏ မျက်နှာကို အသေအချာ ကြည့်ပါသည်။ ကျွန်ဖော့် အနီးသို့ ရောက်လာကြသော ကိုသာမြိုင်နှင့် ကိုစံခတို့ကလည်း ထိုသူကို အသေအချာ ကြည့်ကြပါသည်။ ထိုသူမှာ အသက် သုံးဆယ်ကျော်လောက် ဖြစ်ပါသည်။ ရုပ်အင်္ကျီလက်တိုကို ဝတ်ထားသည်။ ဘောင်းဘီခပ်ပွပွနှင့် ဘိုကေနှင့် ဖြစ်သည်။

ထိုသူ၏ အသားအရေမှာ တရုတ်တစ်ယောက်လိုလို၊ ကရင်လိုလို၊ ဗမာတစ်ယောက်လိုလို၊ ရှမ်းအမျိုးသားတစ်ယောက်လိုလိုနှင့် ကျွန်တော်တို့ ခွဲခြားမရပါ။ သူ့ဘစ်ကိုယ်လုံးတွင် ပေကျံညစ်ပတ်လျက် ကုပ်ချောင်းချောင်း၊ ကြောင်တောင်တောင် ဖြစ်လေသည်။

"ကျွန်တော်တို့ အထဲကတော့ မဟုတ်ဘူးဗျ"

ကိုသာမြိုင်က ပြောပါသည်။

"ချွေးတပ်သားတော့ ချွေးတပ်သားပဲဗျ"

ကိုစံခ ပြောလေသည်။

ထိုသူမှာ ကျွန်တော်တို့အထဲက မဟုတ်ကြောင်း ချက်ချင်းပင် ကျွန်တော်တို့ သိပါသည်။ ပြီးလျှင် ကိုစံက ပြောသလို ချွေးတပ်သားတစ်ယောက်ပင် ဖြစ်လိမ့်မည်ဟုလည်း ကျွန်တော်တို့ ခန့်မှန်းမိကြပါသည်။

ထိုအခိုက် အိနားမတ်ဆက ထိုသူသည် ကျွန်တော်တို့အထဲက ဟုတ်,မဟုတ် မေးမြန်းပါသည်။ ကျွန်တော်က မဟုတ်ကြောင်း ဖြေရလေသည်။ တစ်ဖန် မြန်မာအမျိုးသားတစ်ယောက် ဟုတ်သလားဟု မေးမြန်းပါသည်။ ထိုအမေးကို ကျွန်တော်တို့ မဖြေတတ်ကြပါ။ ဤလိုဖြစ်နေစဉ် ရထားမောင်းသမား ဂျပန်သည် ကျွန်တော်တို့ ရှိရာသို့ ရောက်လာလေသည်။ သူသည် ထိုသူနှင့် ကျွန်တော်တို့အဖြစ်ကို ခဏမျှ ငေးကြည့်နေပြီးနောက် ထိုသူမှာ ထိုင်းချွေးတပ်သားတစ်ယောက်ဖြစ်ကြောင်း၊ ရထားပေါ်တွင် ခိုးလိုက်လာခြင်းဖြစ်မည် ဖြစ်ကြောင်း၊ ကောင်းစွာလည်း စိတ်နှံ့ပုံ မရကြောင်း အိနားမတ်ဆကို ပြောလေသည်။

ထိုအခါ အိနားမတ်ဆလည်း ဂျပန်စစ်သားတစ်ယောက်အား ထိုသူကို မီးရထားလမ်းဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ ခေါ်ဆောင်သွားရန် အမိန့်ပေးလေသည်။ ဂျပန်စစ်သားသည် ထိုသူကို ရိုက်မောင်းပုတ်မောင်းလုပ်ကာ ဆွဲခေါ်သွားလေသည်။ ပြီးလျှင် အမှောင်ထုအတွင်း သစ်ပင်ကြီးအောက်၌ ထိုသူကို အထိုင်ခိုင်းထားခဲ့လေသည်။

ထိုကိစ္စပြီးမှပင် ကျွန်တော်တို့သည် အိနားမတ်ဆ အမိန့်ပေးသည့်အတိုင်း ဂျပန်စစ်သားများနှင့်အတူ လူနာများကို စစ်ဆေးရေတွက်လျက် ရထားပေါ်သို့ တင်ဆောင်ပေးကြရလေသည်။ အတော်ကြီး မကျန်းမမာဖြစ်နေသော လူနာ နှစ်ယောက်ကိုလည်း မွေ့ရှိကာ တင်ကြရလေသည်။ ဦးဘစောနှင့် ကိုဘတင့်အို့ နှစ်ဦးမှာလည်း ကျွန်တော်တို့ကို နှုတ်ဆက်ကာ ရထားတွဲပေါ်သို့ တက်ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com

ကြလေသည်။ ခပ်စောစောက ကျွန်တော် ရေးသားခဲ့သည့်အတိုင်းပင် လက်နက်ကိုင် ဂျပန်စစ်သားနှစ်ယောက်တို့မှာလည်း တွဲပက်လက်တစ်ခုပေါ်တွင် တစ်ယောက်ကျ စောင့်ကြပ်လိုက်ပါကြလေသည်။

ရထားသည် ချက်ချင်းတော့ မထွက်နိုင်သေးပါ။ မီးပေါင်ပြည့်အောင် မီးထိုး နေရပါသေးသည်။ ဤလိုနှင့် အချိန်နာရီဝက်ခန့်ကြာမှပင် ဥဩတစ်ချက်ဆွဲကာ ရထားထွက်ပါလေတော့သည်။ ကျွန်တော်၊ ကိုသာမြိုင်နှင့် ထမင်းချက်ခေါင်းကြီး ကိုစံခတို့သည် ရထားဘေးတွင် သုံးယောက်သား တန်းစီရပ်လျက် ရထားထွက်သွားသည်ကို တွေတွေငေးငေးကြီး ကြည့်နေမိကြလေသည်။ ဂျပန်စစ်ဗိုလ် အိနားမတ်ဆသည် မီးအိမ်စိမ်းကို ဇော့ရမ်းပြနေဆဲ ဖြစ်လေသည်။ မကြာမီပင် ရထားသည် အမှောင်ထုကြီးအတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်ကာ ပျောက်ကွယ် သွားလေသည်။

❑

၂၇။ မိတ်ဆွေများနှင့် တွေ့ဆုံခြင်း

ကျွန်တော်တို့သည် လူနာချွေးတပ်သား များ၏ ကိစ္စတာဝန် ပြီးဆုံးသည့်အခါ အိနားမတ်ဆ၏ ရှေ့ဆောင်မှုဖြင့် ခပ်စောစောအချိန်က ထိုင်းချွေးတပ်သားကို အထိုင်ခိုင်းထားသော သစ်ပင်ကြီးအောက်သို့ လာရောက်ခဲ့ကြလေသည်။

သို့ရာတွင် ကျွန်တော်တို့သည် ရထားခိုးစီးလာသော ထိုထိုင်းအမျိုးသားအား မတွေ့ရတော့ပါချေ။ ဂျပန်စစ်သားများနှင့် ကျွန်တော်တို့ သစ်ပင်ကြီးအောက် အနှံ့အပြားတွင်လည်းကောင်း၊ ဘေးပတ်ဝန်းကျင်နေရာများတွင်လည်းကောင်း ကညင်ဆီမီးတိုင်များကို ထွန်းညှိလျက် လိုက်လံရှာဖွေခြင်း ပြုရလေသည်။ သို့ရာတွင် ထိုသူကိုကား အစအနသော်မျှ မတွေ့ရတော့ပါဖေ။

ဤတွင် ကျွန်တော်တို့အားလုံးပင် စိတ်မကျေနပ်ကြသဖြင့် စေတီသုံးဆူရှိရာ ရောက်သည်ထိလည်းကောင်း၊ မီးရထားလမ်းကို ဖြတ်ကျော်ကာ တစ်ဘက်သော တောစပ်အနီးသို့ ရောက်သည်အထိလည်းကောင်း လူစုခွဲကာ ရှာဖွေခြင်း ပြုကြပြန်ပါသည်။ သို့ရာတွင် အရိပ်အယောင်သော်မျှ မမြင်၊ အချည်းနှီးသာ ဖြစ်ကြရလေသည်။

ကျွန်တော်၏ မိတ်ဆွေကြီးများ ဖြစ်သော ကိုသာမြိုင်နှင့် ကိုစံခတို့ကမူ ထိုင်းချွေးတပ်သားသည် ဂျပန်များနှင့် ကျွန်တော်တို့ အလုပ်ရှုပ်နေချိန်တွင် ထိုင်းဘက်သို့ ပြန်လည်ထွက်ပြေးသွားခြင်းပင် ဖြစ်လိမ့်မည်ဟု ဗြောကြပါသည်။ စကားပြန်သူငယ် မောင်ချစ်ကမူ ထိုချွေးတပ်သားသည် ကျွန်တော်တို့အလစ်တွင် မီးရထားတွဲများကြားတွင်သော်လည်းကောင်း၊ အခြားတွဲလွတ်တစ်ခုခုပေါ်တွင် သော်လည်းကောင်း တက်ရောက်လိုက်ပါသွားခြင်းပင် ဖြစ်လိမ့်မည်ဟု ထင်မြင်ကြေး ပေးကြပါသည်။ သို့ရာတွင် ထိုသူ၏ ကိစ္စမှာ မည်သူ့ထင်မြင်ချက်က မှန်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com

မပြောနိုင်သော်လည်း ဂျပန်စစ်သားများရော ကျွန်တော်တို့ပါ ထိုချွေးတပ်သားကို ရှာဖွေ၍ကား မတွေ့ကြရတော့။ နောက်ဆုံး လက်လျှော့ကာ စခန်းသို့ ပြန်ခဲ့ကြရပါလေသည်။

အထက်ပါ အကြောင်းများကို ကြုံတွေ့ခဲ့ရပြီး၍ နောက်ထပ် တနင်္ဂနွေသုံးပတ်ခန့် ကြာရှိသွားသည့်အချိန်၌မူ ကျွန်တော်တို့ နေထိုင်ရာ ဘုရားသုံးဆူစခန်းသို့ ချွေးတပ်သားများ ထပ်မံကာ ရောက်ရှိလာကြပြန်ပါသည်။ ထိုချွေးတပ်သားများသည် မြို့ပေါ် ရွာပေါ်မှ အသစ် ထပ်မံရောက်ရှိလာကြသော ချွေးတပ်သားလူသစ်များတော့ မဟုတ်ကြပါချေ။ စခန်းပြောင်းရွှေ့လာသော လူဟောင်း ချွေးတပ်သားများသာ ဖြစ်ကြပါလေသည်။ ထိုသူများထဲ၌လည်း ကျွန်တော်၏ သိပောင်းကျွမ်းဟောင်း ဖြစ်သော ဆင်ခေါင်းကြီး ဦးနမ်လွှေ့နှင့် ကျောက်တစ်လုံးစခန်းတွင် နေထိုင်စဉ်က သိကျွမ်းခင်မင်ခဲ့ရသော စားနပ်ရိက္ခာ ဂိုဒေါင်စာရေးကိုသန်းမောင်၊ လက်နက်ပစ္စည်း ဂိုဒေါင်စာရေး ကိုချစ်ထွန်း စသူများ ပါရှိလာလေသည်။ သူတို့ပြောင်းရွှေ့လာရသော အုပ်စုထဲတွင် ချွေးတပ်သားပေါင်း တစ်ရာကျော်နှင့် ဆင်ဆယ်ဂိုးခန့် ပါဝင်လေသည်။ ကျွန်တော့်မှာ မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံဆည်းရသဖြင့် ဝမ်းသာသလိုလို ဖြစ်မိသော်လည်း တစ်ဖက်က ကွေးကြွေးသည်းသည့်အခါ၌မူ လူကွေ များလာသဖြင့် အလုပ်တာဝန် ပိုမိုလာတော့မည်ကိုလည်း တွေးတောမိကာ စိတ်မောရပြန်ပါသည်။

ကျွန်တော်သည် ဂိုဒေါင်စာရေး ကိုသန်းမောင်နှင့် တွေ့ရသည့်အခါ ကိုသန်းမောင်နှင့် တွဲဖက်ဖြစ်သော ကိုခင်ရွှေအကြောင်းကို မေးမြန်းကြည့်မိပါသည်။ ထိုအခါ ကိုခင်ဗရွှေမှာ ကျောက်တစ်လုံးစခန်းတွင်ပင် အဖွားဝင်ရောက်ရာမှ အူရောင်ရောဂါနှင့် သေဆုံးရှာပြီဖြစ်ကြောင်း သိရပါသည်။ ကိုချစ်ထွန်းနှင့် တွေ့ကြ၍ ကိုပွကြီးအကြောင်း မေးမြန်းကြည့်သည့်အခါ၌လည်း သူနှင့် ကိုပွကြီးတို့ လူချင်း ကွဲသွားကြသည်မှာ လေးငါးလခန့် ကြာမြင့်ပြီဖြစ်ကြောင်း၊ မည်သည့်စခန်း၊ မည်သည့်နေရာတွင် ရောက်ရှိနေသည်ဟု မသိရကြောင်း ပြောကြားလေသည်။

ဘုရားသုံးဆူ စခန်းတွင် ကိုသန်းမောင်နှင့် ကိုချစ်ထွန်းတို့အား ပြန်လည်ဆုံတွေ့ရသည့်အခါ၌မူ ထိုသူနှစ်ဦးစလုံးပင် ယခင်ကလို ရုပ်ရည်မျိုး၊ ယခင်ကလို အမူအရာမျိုး မဟုတ်တော့သည်ကိုလည်း ကျွန်တော် သတိပြုမိလိုက်လေသည်။ ထိုသူနှစ်ဦးစလုံးသည် ယခင် ကျွန်တော်နှင့် တွေ့ရစဉ်က အတော်ပင် ကျန်းမာဝဖြိုးလျက် ဖျတ်လတ်သွက်လက်သူများ ဖြစ်ကြလေသည်။ အလုပ်လုပ်ရာ၌ အမြဲပင် တက်တက်ကြွကြွနှင့် စိတ်ပါကိုယ်ပါ လုပ်ဆောင်ကြလေသည်။ သူတို့

ရေ့မှောက်တွင် ချွေးတပ် အလုပ်သမားများ မနိုင်မနင်းဝန်ကို ထမ်းပိုးချီမ,နေသည့် အခါများ၌လည်း ဝင်ရောက် ဖေးမလျက် အကူအညီပေးကြသူများ ဖြစ်လေသည်။ သူတို့ကို ကြည့်လိုက်လျှင် အမြဲလိုပင် ရွှင်ရွှင်ပျပျနှင့် တက်တက်ကြွကြွ နေထိုင်ကြသည်ကို တွေ့ရလေသည်။ ချွေးတင်စခန်း တောကြီး တောင်ကြီးအတွင်း၌ပင် ဖြစ်သော်လည်း ခေါင်းက ဘိုကေကို သပ်သပ်ရပ်ရပ် ဖီးသင်ထားတတ်ကြသည်။

ယခုတစ်ကြိမ် တွေ့ရသည့်အခါ ယခင်ကလို မဟုတ်ကြတော့ပါ။ နှစ်ဦးစလုံး အချိုးအသွင် ပြောင်းလဲနေကြလေသည်။ ပြောင်းလဲသမှ နည်းနည်းမဟုတ်၊ အများကြီး ပြောင်းလဲနေပါတော့သည်။ ထိုကဲ့သို့ ပြောင်းလဲသည်မှာလည်း အကောင်းဘက်သို့ ပြောင်းလဲခြင်း မဟုတ်ချေ။ အဆိုးဘက်သို့ ပြောင်းလဲခြင်းသာ ဖြစ်လေသည်။

ကိုသန်းမောင်ရော၊ ကိုချစ်ထွန်းပါ ဆံပင်ရှည် ညှဉ်းဆိုးဆိုးကြီးတွေ ဖြစ်နေကြကာ ခေါင်းတွင် တာဘက်ကိုယ်စီ ပတ်ထားကြလေသည်။ အသားအရေမှာလည်း မွဲခြောက်ခြောက်ကြီးတွေ ဖြစ်နေလေသည်။ သူတို့ကိုယ်ပေါ်မှ အဝတ်အထည်များမှာလည်း ယခင်ကလို ဖြူဖြူစင်စင် မဟုတ်ပါချေ။ ချေးအထပ်ထပ် တက်နေလေသည်။ လူမှာလည်း ပိန်လိုမျော့လျော့ကာ မျက်ကွင်းဟောက်ပက် ဖြစ်နေကြပါသည်။ ကျွန်တော့်ကို စတွေ့၍ ပြုံးပြကြသည်မှာလည်း အားတက်သရော မရှိ။ မချိပြုံး,ပြုံးပြကြခြင်းသာ ဖြစ်လေသည်။ သူတို့အပြောင်းလဲကြီး ပြောင်းလဲကြသည်မှာ သူတို့၏ သွားလာလှုပ်ရှားမှုနှင့် သူတို့၏ စရိုက်များပင် ဖြစ်ကြပါသည်။

နှစ်ယောက်စလုံး ယခင်ကလို ဟက်တက်ကြွကြွ မရှိကြပေ။ ဖင့်ဖင့်နွဲ့နွဲ့၊ လေးလေးကန်ကန်ကြီးတွေ ဖြစ်နေသည်။ သူတို့မျက်နှာသည် ယခင်ကလို မပြုံးတော့ဘဲ မှုန်ဟေဟေ အောက်သိုးသိုးနှင့် တစ်စုံတစ်ရာကို မမက္ခနုပ်သလို ငေးငေးငိုင်ငိုင် ဖြစ်နေကြလေသည်။ ပြီးလျှင် ချွေးတပ်သားများအပေါ်တွင်လည်း ယခင်ကလို အဆက်အဆံမျိုး မဟုတ်တော့ပါ။ အပြစ်တွေ့လျှင် အမြဲတမ်း ကြိမ်းမောင်းရေရွတ်လျက် ရိုက်လား၊ ပုတ်လား လုပ်လာကြလေသည်။ သူတို့နှစ်ယောက် ဂျပန်စစ်သားများ၊ စစ်ဗိုလ်များ၏ အတုကို တုလာခြင်းပေလား၊ သို့တည်းမဟုတ် တစ်စုံတစ်ရာကို စိတ်ဘိုင်းမကျတိုင်း နိုင်ရာလူကို ဖိထောင်းလာခြင်းပေလား မပြောတတ်ပါချေ။ အမှုအကျင့်တွေက သည်မျှပင် ပြောင်းလဲလာပါသည်။

အထူးပြု၍ ပြောရမည်ဆိုလျှင် ထိုသူနှစ်ဦးတွင် ကိုသန်းမောင်မှာ ကျွန်တော်နှင့် ပိုကာ ရင်းနှီးကျွမ်းဝင်သူတစ်ယောက် ဖြစ်ပါသည်။ သူသည် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ပင် မြစ်ဝကျွန်းပေါ်သားတစ်ယောက် ဖြစ်လေသည်။ သူ့တွင် ပူပန်ကြောင့်ကြစရာအဖြစ်မျိုး၊ နောက်ဆံတင်းစရာအဖြစ်မျိုး မရှိလေရော့သလားဟူ၍ပင် ထင်ရလေသည်။ တစ်ဖန် ကိုသန်းမောင်မှာ ဟာသရှိသူ၊ အာဝဇ္ဇန်းရွှင်သူ ဖြစ်လေသည်။ ကျွန်တော်သည် အားလပ်သောအချိန်များတွင် ကိုသန်းမောင်ရှိရာ ဂိုဒေါင်သို့ သွားရောက်ကာ စကားစမြည် ပြောလေ့ရှိပါသည်။ ထိုအခါများတွင် ကျွန်တော်က စိတ်ပျက်စကားများ၊ ရပ်ရွာရှိ ဆွေမျိုးသားချင်းများ၊ မိဘ, ညီအစ်ကို မောင်နှမ စသူများအား သတိရလွမ်းဆွတ်ကြောင်း ပြောသည့်အခါများ၌ပင် ကိုသန်းမောင်က အားပေးစကားများ ပြောတတ်ပါသည်။ ရယ်စရာ မောစရာ စကားများကို ခပ်သောသောပြောလျက် ကျွန်တော်၏ စိတ်ညစ်ညူးမှုများကို ဖြေဖျောက်မှုပေးခဲ့လေ့ရှိပါသည်။ ပြီးလျှင် ကျွန်တော့်ကိုပင် နောက်ပြောင်ကာ "ကိုယ့်လူက နေရပ်မှာ လွမ်းရ ဆွေးရမယ့်သူ ရည်းစားရှိနေပြီ ထင်တယ်၊ ခင်ဗျားရည်းစားနဲ့ စိတ်ဆိုးပြီး ချွေးတပ်ထဲ လိုက်လာတာလား၊ ကျုပ်တို့တော့ ခုချိန်ထိ ဒါမျိုး မကြုံမူးသေးဘူးဗျ" ဟု ပြောရင်း တဝါးဝါး, တဟားဟား လုပ်လေ့ရှိပါသည်။

ကျွန်တော် သတိထား အမှတ်ပြုမိသလောက်မှာ ထိုစဉ်က ကိုသန်းမောင်တို့လို၊ ကိုမင်းရွှေတို့လို လူစားမျိုးကို ဂျပန်က များစွာ သဘောကျသည်ဟု ဆိုရပါမည်။ အင်မတန် စိတ်ထားကြမ်းကြုတ်သော ကုမေကာလို ဂျပန်စစ်ဗိုလ်မျိုးနှင့်ပင် ကိုသန်းမောင်သည် သင့်မြတ်အောင် ပေါင်းသင်းနိုင်သူ ဖြစ်လေသည်။ ကျွန်တော့်တွင် အခက်အခဲကိစ္စကြုံ၍ ကုမေကာကို ပြောမပြီးမည့် အမှုဆိုပါလျှင် ကိုသန်းမောင်နှင့် ကိုခင်ရွှေတို့၏ အကူအညီကို ရယူကာ ပြောရလေ့ရှိပါသည်။ ကိုခင်ရွှေမှာ ပေါင်းတည်နယ်သား ဖြစ်လေသည်။ စင်စစ် ကိုသန်းမောင်တို့၊ ကိုခင်ရွှေတို့ကို ဂျပန်များက သဘောကျသည့်နည်းတူ ဂျပန်တွေ အပေါ်တွင်လည်း ကိုခင်ရွှေတို့၊ ကိုသန်းမောင်တို့က အထင်ကြီးသူများ၊ လိုလိုလားလား ရှိသူများဟူ၍ပင် ဆိုရပါမည်။ သို့ရာတွင် နောက်ပိုင်းအချိန်များတွင်ကား သူတို့သည် ဂျပန်များ၏ အပြုအမူကို ရွံရှာစက်ဆုပ်လာကြဟန် တူလေသည်။ အမှန်က ဂျပန်တို့၏ ဖက်ဆစ်စနစ်သည် ကြာကြာဝါးမှ ခါးမှန်းသိသော စနစ် ဖြစ်လေသည်။ လူသားတို့၏ လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးမှန်သမျှကို အသိအမှတ်မပြု၊ ရိုက်ချိုးဖျက်ဆီးပစ်သော စနစ်ဆိုးကြီးတစ်ခု ဖြစ်လေသည်။

ထို့ကြောင့်ပင် ဤစာအုပ်ရေ့ပိုင်းတွင် ကျွန်တော် ဖော်ပြထားသည့်အတိုင်း နိုင်ငံရေး အမြင်ကျယ်သော၊ လွတ်လပ်ရေး ခေါင်းဆောင်ကြီးလည်း ဖြစ်၍ အမျိုးသားညီညွတ်ရေး ခေါင်းဆောင်ကြီးလည်း ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက **"နောက်ကို ဘယ်တော့မှ ဒီလိုအဖြစ်မျိုး၊ ဒီလို ချွေးတပ်အဆွဲခံရတာမျိုး၊**

ကျေးကျွန်ပြု ခံရတာမျိုး ဒီကမ္ဘာကြီးမှာ မတွေ့ကြရအောင် ကျုပ်တို့အားလုံး သဘောပေါက်ထားကြရမယ်" ဟု အတိုဆုံး၊ အရှင်းလင်းဆုံးနှင့် လေးလေးနက်နက် ပြောလိုက်ခြင်းပင် ဖြစ်လေသည်။

ကိုသန်းမောင်သည် ယခုတစ်ကြိမ် ကျွန်တော်နှင့် ဘုရားသုံးဆူစခန်းတွင် တွေ့ဆုံကြရပြန်သည့်အခါ ခပ်ယဲ့ယဲ့ အပြုံးလောက်နှင့်သာ နူတ်ဆက်ပြီးနောက်-

"ကိုယ့်လူ-ခင်ဗျား အတော်ခွဲကောင်းသားပဲ၊ ထွက်မပြေးသေးပဲကိုး-"

ဟု ပြောပါလေသည်။

ကျွန်တော်က ရုတ်တရက် ဘာမှ ပြန်မပြောသေးဘဲ တစ်စုံတစ်ရာ သံသယရှိသလို သူ့မျက်နှာကို မော့ကြည့်လိုက်ပါသည်။ ထိုအခါ ကျွန်တော် အံ့သြရပါသည်။ သူက ကျွန်တော့်ကို နောက်ပြောင်ပြောဆိုနေခြင်းကော့ မဟုတ်၊ ခပ်တည်တည် ပြောနေခြင်းမျက်စောင့် ဖြစ်ပါသည်။

"ကျုပ်တို့တော့ အခွင့်အရေးမရလို့ကို မလစ်ပြေးရတာ ကိုယ့်လူ၊ ဒီအကိုင်းနေရင်တော့ ကျုပ်တို့ဘဝဟာ တောထဲမှာတင် မသာဖြစ်မယ့် ဘဝ" ဟု ကိုသန်းမောင်က ထပ်ပြောပြန်ပါသည်။

ပြီးလျှင် သူသည် အလွန်တရာ နောင်တ,ရသော စကားကို ဆိုပြန်ပါသည်။

"ကျုပ်တို့၊ ခင်ဗျားတို့က သူတကာလို အဖမ်းအဆီးခံရပြီး ပါလာတဲ့လူတွေ မဟုတ်ဘူးဗို့လား၊ သက်သက်မယ် ကမြင်းကြောထ,ပြီး ဂျပန်ကို အထင်ကြီးလို့ ချွေးတပ်ထဲ ပါလာတာ၊ အဲဒါ ကျုပ်တို့ရဲ့ အမှားပဲ"

"ကိုသန်းမောင် ပြန်ရဖို့ ပြောမကြည့်ဘူးလား"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟာ-မပြောဘဲ နေပါ့မလား၊ ခြောက်လပြည့်တဲ့နေ့မှာပဲ ပြောတာပေါ့၊ တစ်ခါမဟုတ်ဘူး၊ နှစ်ခါပြောတယ်၊ နှစ်ခါစလုံး ပါးရိုက်ခံရတာပဲ၊ ကုမေကာ အကြောင်း ခင်ဗျားလဲ အသိသားပဲဟာ၊ အဲဒီလိုနဲ့ နောက်နှစ်လလောက်ကြာတော့ ကျုပ်တို့ လူသုံးဆယ်လောက်ညီပြီး ပြန်ဖို့ပြောတယ်၊ ရိုက်လိုက်တဲ့ဖြစ်ခြင်း၊ ကျုပ်တော့ မျက်လုံးထဲက မီးကို မွှင့်ထွက်တာပဲ၊ ဒါပေမယ့် အားမလျှော့ပါဘူး၊ ဒီမပြောင်းရခင် တစ်လလောက်အလိုမှာ ကျုပ်က ခပ်စောစောက လူသုံးဆယ်လောက်ကို ပြန်ညှိကြည့်တယ်၊ အားလုံးမှ လူဆယ့်နှစ်ယောက်လောက်ပဲ ရတော့တယ်၊ အဲဒီဆယ့်နှစ်ယောက်နဲ့ပဲ ဘာစည်းတော့ ပြန်ကြမယ်၊ သူတို့အခွင့်မပေးလဲ ဖွတ်ပြန်မယ်ဆိုပြီး စခန်းထဲက အဖွဲ့ကိုမှာ ကျုပ်တို့ကို ကုမေကာကိုယ်တိုင် ဂျပန်စစ်သားတွေနဲ့ လိုက်ဖမ်းတော့တာပဲ၊ ကျုပ်တို့အားလုံးကို ကြိုးနဲ့ တုပ်တော့တာပဲ၊ အဲဒီပြင် လူတွေကို သုံးရက်၊ ကျုပ်ကို ခေါင်းဆောင်ဆိုပြီး ငါးရက်၊ ရေပဲတိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

ထမင်းလုံးလုံး မကျွေးဘူး၊ ဒီမှာ ကြည့်ပါလား။ လက်က ကြိုးတုပ်ရာ ခုတောင် ကောင်းကောင်း မပျောက်ချင်သေးဘူး"

ကိုသန်းမောင်က သူ့လက်ပေါ်ရှိ အမာရွတ်ကို ပြလေသည်။

ကျွန်တော်သည် ကိုသန်းမောင်၏ လက်ကောက်ဝတ် နှစ်ဖက်ပေါ်တွင် အစင်းအရစ်ကြိုးများ တင်ရှိနေသော အမာရွတ်များကို ကြည့်ရင်းက သက်ပြင်းချလိုက်မိပါသည်။ သည်လို အမာရွတ်များကို ကြိုးတုပ်၊ ကြိုးချည်ခံရသော ရွေးတပ်သားများ၏ လက်ကောက်ဝတ်များပေါ်တွင် ကျွန်တော်သည် မြင်ဖူးခဲ့ပြီးသူ ဖြစ်ပါသည်။ ယခု ကိုသန်းမောင်၏ လက်ကောက်ဝတ် နှစ်ဖက်ပေါ်ရှိ အမာရွတ်များမှာလည်း ထိုနည်းအတိုင်း ဖြစ်ပါသည်။ သူ့အမာရွတ်များမှာ ကောင်းစွာပင် မကျက်တတ်သေးဘဲ မြို့စိစိ ဖြစ်နေဟန် ရှိလေသည်။ ဤအရာများသည် ဂျပန်ခေတ် ဗကာအတွင်း ရွေးတပ်စခန်း၏ ဆုတ်ဆိပ်များ၊ သူရဲကောင်း အမှတ်အသားဟူ၍ ဆိုရလေမလားတော့ မပြောတတ်ပါချေ။

ဤတွင် ကျွန်တော်က သူနှင့် စကားစပ်မိသဖြင့် ဆေးရုံစခန်းမှ လူနာများအား မကြာမီကပင် ရထားနှင့် မော်လမြိုင်သို့ ပို့လိုက်ကြောင်းကို ပြောပြပါသည်။ ထိုးအခါ၌လည်း ကိုသန်းမောင်က-

"ဒါ အဆန်းမဟုတ်ပါဘူးဗျာ။ ဒီပြင်စခန်းက လူနာတွေကိုလဲ ဒီလိုပဲ ပို့တာပဲဗျ၊ ဒါပေမယ့် ခင်ဗျား တစ်ခု စဉ်းစားကြည့်ပါ၊ မော်လမြိုင်ရောက်ရင် ဒီလူတွေထဲက ဘယ်လောက် အသက်ရှင်မှာလဲ၊ အဲဒီလို အခွင့်အရေးကြိုတုန်း ခင်ဗျား ပြောဖို့ ကောင်းတယ်" ဟု ဆိုပါသည်။

"အင်း-ခင်ဗျားက ပြောလာမှ ကျွန်တော်ကလဲ ပြောရဦးမယ်၊ ကျွန်တော် ကိုယ်ကိုင်လဲ ပြန်ချင်သမှ ကစ်ပိုင်းနေနေတာပဲ၊ ဒါပေမယ့် ပြန်ပြီး ဖမ်းမိသွားရင် သက်သာမှာ မဟုတ်ဘူး၊ နောက်တစ်ခုကလဲ မော်လမြိုင် မရောက်မချင်း လမ်းမှာ ရထားက ဘယ်နေရာတွေမှာ ရပ်နေဦးမယ်၊ ဘယ်လောက်ကြာကြာ နေဦးမယ်၊ ဂျပန်တွေ ဘယ်အထိ အစစ်အဆေးရှိတယ်၊ အဲဒါတွေကို ကိုယ်က ဘာမှ သိတာ မဟုတ်တော့ ကွက်မပြေ့ဝံ့ဘူးပေါ့ဗျာ၊ ပြောချင်တာတော့ ကြာလှပြီ"

ကျွန်တော်ကလည်း ထိုအခါမှပင် ကျွန်တော့်စိတ်ထဲရှိသမျှကို ဖွင့်ထုတ် ပြောရပါသည်။

"ဟုတ်တော့ ဟုတ်တယ်ဗျ၊ ပြေးချင်ပြေးရင် တပ်ဒိန်စခန်းလောက်က ပြေးဖို့ ကောင်းတယ်၊ ဒါထောင် ရထားခိုးစီးပြီးမှ ကောင်းမှာ၊ ကုန်းကြောင်းသွားဖို့ ဆိုရင်တော့ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ဘူး၊ တစ်နေရာမမိ တစ်နေရာမိမှာပဲ"

"တပ်ဒိန်ကနေ မော်လမြိုင်ကို ဘယ်အချိန်လောက် ရောက်လဲဗျ"

ကျွန်တော်က မေးလိုက်ပါသည်။ ဤနေရာတွင် ကိုသန်းမောင်သည် ကျွန်တော့်ထက် နှံ့စပ်သူတစ်ယောက် ဖြစ်လေသည်။ သူက စားနပ်ရိက္ခာ ဂိုဒေါင် ဈာရေးတစ်ယောက် ဖြစ်လေရာ တပ်ဒိန်တွင် ကျွန်တော်တို့နှင့် နေရစဉ် အခါကပင် ကိုသန်းမောင်သည် ဂျပန်များနှင့် အတူတွဲကာ တစ်လလျှင် သုံးလေးကြိမ်မျှ သံဖြူဧရပ်တွင် ရိက္ခာသွား၍ ထုတ်ယူရသောကြောင့် ဖြစ်လေသည်။

"ရထားနဲ့ဆိုရင် ညဘက်ထွက် မနက်လင်းအားကြီးလောက်မှာ ရောက်သွားမှာပဲ၊ သူတို့ရထားက သိပ်မမြန်ဘူးဗျ၊ ဘူတာတစ်ခါရောက်ရင် ထင်းတစ်ခါ ထိုးနေရတာ"

ကိုသန်းမောင်က ပြောလေသည်။

တပ်ဒိန်စခန်းမှ ဘုရားသုံးဆူစခန်းသို့ ရွှေ့မပြောင်းလာကြစဉ်က ရွေးတပ်သားများမှာ ကုန်းကြောင်းလာရခြင်း ဖြစ်သော်လည်း ကိုသန်းမောင်မှာ ရိက္ခာဂိုဒေါင်တာဝန်ကျ ဂျပန်များနှင့် အတူတွဲလျက် ရထားနှင့် လာခဲ့ရခြင်း ဖြစ်လေသည်။ သူတို့နှင့်အတူ ရိက္ခာပစ္စည်းများလည်း ပါရှိလေသည်။ ကျွန်တော့်မှာ ယခုအချိန်ထိ အောင် သေမင်းတမန်လမ်း၏ ရထားများကို မစီးဘူးသေးသော်လည်း ကိုသန်းမောင်နှင့် ကိုချစ်ထွန်းတို့ကား သံဖြူဧရပ်နှင့် တောတွင်းရွေးတပ်စခန်းများသို့ အကြိမ်ပေါင်း အခေါက်ပေါင်းများစွာပင် စီးဖူး ရောက်ဖူးကြလေပြီ။ သို့ရာတွင် ကိုသန်းမောင်မှာ ထွက်ပြေးရန် အခွင့်အလမ်းမရဘဲ ဖြစ်နေရလေသည်။ သူ့ကို ဂျပန်စစ်ဗိုလ်ကုမေကာက မျက်ခြေပြတ်မခံသောကြောင့်ပင် ဖြစ်လေသည်။

သို့ရာတွင် ဘုရားသုံးဆူစခန်းသို့ ကိုသန်းမောင်တို့ ပြောင်းရွှေ့လာရသော အခါ၌ကား ကုမေကာတစ်ယောက် ပါမလာတော့ပါချေ။ ကုမေကာသည် ကိုသန်းမောင်တို့ ဘုရားသုံးဆူစခန်းသို့ မပြောင်းရွှေ့ရခင် နှစ်ရက်ကပင် မော်လမြိုင်သို့ ရွှေ့ပြောင်းသွားရကြောင်း သိရလေသည်။

ကျွန်တော်သည် ဤလို တောတွင်းရွေးတပ်စခန်းမှ ထွက်ပြေးဖို့ ကောင်းသည်ဆိုသော အကြံဉာဏ်ပေးမှုကို ကိုသန်းမောင်ထံမှသာ မဟုတ်၊ ကိုချစ်ထွန်းထံမှလည်း ရရှိခဲ့လေသည်။ ကိုချစ်ထွန်းကိုယ်တိုင်ကလည်း အခွင့်သင့်လျှင် လစ်သာပြေးဗျ- ဟူသော စကားကို အခါခပ်သိမ်းပင် ပြောကြားခြင်း ပြုပါလေသည်။ သူတို့ကိုယ်တိုင်မှာလည်း သည်အတိုင်းပင် အကြံအစည်ရှိကြောင်း သိထားရပါလေသည်။

သို့ရာတွင် ကျွန်တော်တို့၌ တစ်ခုခက်နေသည်မှာ ထွက်ပြေးဖို့ဆိုရာတွင် လူစုလူဝေးနှင့် မပြေးရ၍တော့ မဖြစ်။ တတ်နိုင်လျှင် တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်း၊ စိတ်တူ၊ ကိုယ်တူ တိုင်ပင်ပြီးမှ ထွက်ပြေးလျှင် အကောင်းဆုံးဖြစ်လိမ့်

www.burmeseclassic.com

www.burmeseclassic.com

မည်ဟု ကျွန်တော် တွေးတောမိသည်။ ပြီးလျှင် အထက်က ကိုသန်းမောင်ပြောသည့်အတိုင်း ကျွန်တော်တို့ ထွက်ပြေးကြမည်ဆိုလျှင်လည်း တပ်ဒိန်စခန်းကဲ့သို့သော စခန်းလောက်ကသာ ထွက်ပြေးရန် ကောင်းလေသည်။ ရထားမှာ အကြောင်းကိစ္စ တစ်စုံတစ်ရာမရှိဘဲ စခန်းတိုင်းတွင် ရပ်တန့်ခြင်းလည်း မရှိချေ။ သို့ရာတွင် တပ်ဒိန်စခန်းကဲ့သို့သော စခန်းတွင်မူ အမြဲတမ်း ရပ်တန့်လေသည်။ တပ်ဒိန်စခန်းမှ ဘူတာအဆောက်အအုံလည်း ဆောက်လုပ်ပြီးစီးလေပြီ။ ချွေးတပ်စခန်းပေါင်း များစွာအနက် အကြီးဆုံးသော စခန်းတစ်ခုလည်း ဖြစ်လေသည်။ ထိုစခန်းတွင် ဂျပန်များလည်း အင်အားများပြားလှသည်။ ရထားအတွက် ထင်းကိစ္စ၊ ရေကိစ္စ စသည်များမှာလည်း အချို့တကျ စိမ်ထားလေသည်။ တောတွင်း ချွေးတပ် ဘူတာရုံစခန်းများအနက် တပ်ဒိန်ဘူတာရုံမှာလည်း အကောင်းဆုံး ဘူတာတစ်ခု ဖြစ်လေသည်။

နောက်ပိုင်းရက်များတွင်မူ ချွေးတပ်သားများမှာ အလုပ်ပို၍ များပြားလာလေသည်။ လူဇွေက ထပ်မံတိုးလာသည့်အတွက် ကျွန်တော်ကိုယ်တိုင်မှာလည်း အလုပ်များလာရလေသည်။ မိုးလင်းသည့်ဆိုလျှင်ပင် ကျွန်တော်နှင့် ဘွန်ထိုက်ချို များသည် အိပ်ရာမှ အစောဆုံး ထ,ကြရသည်။ တဲတန်းလျားပေါ်၌ ချွေးတပ်သားများကို လိုက်လံနှိုးကြရသည်။ ပြီးလျှင် တာကယ်တမ်း နေထိုင်မကောင်းသူများကို ချန်လှပ်ကာ ကျန်သူများကို တဲတန်းလျားရှေ့ မြေကွက်လပ်တွင် တန်းစီ၍ထိုင်ခိုင်းထားရလေသည်။

ဤကိစ္စများအားလုံး အဆင်သင့်ပြီးသည့်အခါ ကျွန်တော်က အိနားမတ်ဆုအား သွားရောက်၍ အကြောင်းကြားခြင်း ပြုရလေသည်။ ထိုအခါမှ အိနားမတ်ဆုနှင့် တာဝန်ကျ ဂျပန်စစ်သားများမှာလည်း ချွေးတပ်သားများ ရှိရာသို့ လိုက်ပါ ဟကာ လူစစ်ဆေးခြင်း၊ အလုပ်တာဝန်ခွဲဝေခြင်း၊ အိနားမတ်ဆုကိုယ်တိုင် မကျန်းမာသူများကို လိုက်လံစစ်ဆေးရေတွက်ခြင်း ပြုရလေသည်။ ကျွန်တော်တို့က ဆေးရုံတန်းလျားပေါ်မှ ခေါ်ဆောင်လာသော လူမမာဆယ်ဂါးယောက်အနက် တချို့တစ်ဝက်မှာမူ အလုပ်ခွင်အတွင်းသို့ လိုက်ပါနိုင်ခြင်း မရှိပါချေ။ ထိုမလိုက်နိုင်သော လူမမာများမှာလည်း ယခင်ဆေးရုံကဲတန်းလျားပေါ်တွင် နေစဉ်အခါက ကဲ့သို့ပင် ထမင်းမကျွေးမွေးဘဲ ဆန်ပြုတ်ကိုသာ တိုက်ကျွေးခြင်း ပြုရလေသည်။ ဤနေရာတွင်လည်း သူတို့အဖြစ်ကို ထပ်မံကာ ကျွန်တော် တင်ပြလိုပါသည်။ အလုပ်မဆင်းနိုင်သော လူမမာများအတွက် ဆန်ပြုတ်ကိုသည်ဟု ဆိုရာ၌ ထမင်းချက်ရုံတွင် ဆန်ပြုတ်၍ လာရောက်တိုက်ကျွေးခြင်း မဟုတ်ပါ။ လူနာတစ်ဦးလျှင် ဆန်နှစ်ဆုပ်ကျ ပေး၍ ကိုယ်တိုင်ကိုယ်ကျ ကျိုသောက်စေခြင်းပင် ဖြစ်ပါသည်၊

ဤသို့ပြုမူသည်မှာ ထမင်းစားချင်လျှင် အလုပ်ဆင်းကြဟူသော အဓိပ္ပာယ်ပင် ဖြစ်လေသည်။ သူတို့အတွက် ပေးသော ဆန်နှစ်ဆုပ်မှာ မနက်အတွက် တစ်ဆုပ်၊ ညအတွက် တစ်ဆုပ် ဖြစ်လေသည်။

ဂျပန်တို့သည် အလုပ်ဆင်းနိုင်သော လူမမာများအတွက် ထမင်းကိုလည်း တစ်မျိုးတစ်ဖုံ စီမံဖန်တီးပေးလေသည်။ ချွေးတပ်သားများအတွက် နံနက်စာ ထမင်းပုံစံမှာ အတော်အတန် ပြည့်စုံလောက်ငသည်ဟု ဆိုရမည်ဖြစ်သော်လည်း ညစာထမင်းပုံစံမှာမူ နံနက်ဘက်နှင့် မတူချေ။ လျော့နည်းပေးထားလေသည်။

ဤကိစ္စအတွက် ကျွန်တော်က ထမင်းချက်ခေါင်း ကိုစံခကို မေးမြန်းကြည့်သည့်အခါ ဂျပန်များသည် နံနက်စာအတွက် ဆန်၊ ပဲ စသည်များကို အပြည့်အဝ ပေးသော်လည်း ညစာအတွက်ကို မည်သည့်အခါမျှ အပြည့်အဝ မပေးကြောင်း၊ ထို့ကြောင့်လည်း သူ့အနေနှင့် ပုံစံထမင်းကို ညဘက်တွင် လျှော့ပေါ့၍ ပေးခြင်း ဖြစ်ကြောင်း ပြောပြပါလေသည်။

ယခုနောက်ပိုင်းရက်များ၌ သုံ့ပန်းချွေးတပ်သားများသည် တောတွင်းရှိ ခုတ်လှဲထားသော သစ်ပင်များကို အပြင်သို့ ဆွဲထုတ်ကာ ဘုရားသုံးဆူ ဘူတာကို ဆောက်လုပ်ခြင်း ပြုနေကြရလေသည်။ ဆင်များ၊ ဆင်ဦးစီးများနှင့် ဆင်ခေါင်းကြီး ဦးနှံ့လွှဲ့တို့မှာလည်း သုံ့ပန်း ချွေးတပ်သားများနှင့်အတူ တွဲကာ အလုပ်ကို အပြင်းအထန် လုပ်ကိုင်နေကြရလေသည်။ ကျန်သော ချွေးတပ်သားများမှာမူ ဒိုင်းနမိုင်းခွဲကာ ဖြိုချထားသော ကျောက်တုံးများကို ရထားလမ်းခင်းရန်အတွက် ထုခွဲခြင်းပြုကြရလေသည်။ ဤလို ကျောက်များကို ထုခွဲကြရသည့်အခါ၌လည်း ဟန်ချိတ်စိုခိုင်းလျှင် ကျောက်ကျင်း မည်၍မည်မျှ ပြီးစီးအောင် ထုခွဲခြင်း ပြုကြရမည်ဟူသော သတ်မှတ်ချက် ရှိလေသည်။ တစ်ဖန် ထိုကဲ့သို့ ထုခွဲပြီးစီးသော ကျောက်ကျင်းများကို ထုခွဲသည့် တောတွင်းမှ ရထားလမ်းဘေးအရောက် ထမ်းပိုးသယ်ဆောင်ခြင်း ပြုကြရလေသည်။ ဤကိစ္စမှာ ညနေ လေးဂါးနာရီမှ ငါးနာရီ အချိန်အတွင်း ဖြစ်လေသည်။ ထိုကိစ္စပြီးလျှင် စခန်းရှိရာသို့ ခေတ္တပြန်လာကြရကာ ညစာထမင်း စားသောက်ရသည်။ ဤလို ထမင်းစားသောက်ပြီးလျှင် တအောင့်တဖြုတ် နားကြပြီးနောက် ရထားလမ်းရှိရာသို့ ပြန်လည်ထွက်ခွာလာကြရကာ ရထားရောက်လာသည်နှင့် တစ်ပြိုင်နက် တွဲပက်လက်များပေါ်သို့ ကျောက်များကို တင်ဆောင်ပေးခြင်း ပြုကြရလေသည်။

ဗြိတိသျှ သုံ့ပန်းများအနေနှင့်ကား ညမိုးချုပ်သည်အထိ အလုပ် မလုပ်ကြရပါချေ။ ညနေ ၅ နာရီဆိုလျှင် သူတို့စခန်းသို့ ပြန်ကြလေသည်။ သူတို့သည် တစ်ခါတစ်ရံမှသာ ခြောက်နာရီထိုးသည်အထိ အလုပ် လုပ်နေတတ်ကြလေသည်၊

www.burmeseclassic.com

www.burmeseclassic.com

သို့ရာကွင် သူတို့အနေနှင့်လည်း မသက်သာရာကြပါချေ။ သူတို့အဖို့ ဘူတာရုံ ဆောက်လုပ်ရသည့် အလုပ်အပြင် ပျက်စီးသွားသော ကံတားတိုင်များ၊ တံတား၊ ပေါင်များကိုလည်း အသစ်တစ်ဖန် အစားထိုးခြင်း၊ ပြုပြင်ခြင်း စသော အလုပ်များကို အပြင်းအထန် လုပ်ကိုင်ကြရပါလေသည်။

ဤတွင် ချွေးတပ်အလုပ်သမားများ၏ ကျောက်ထုရသော အလုပ်၊ ရထား တွဲများပေါ်သို့ ကျောက်များကို တင်ဆောင်ပေးရသော အလုပ်၊ တောတွင်းမှ ကျောက်များကို ရထားလမ်းရောက်သည်အထိ သယ်ဆောင်ရသော အလုပ်များတွင်လည်း ဟန်ချိုအဖွဲ့အား လုံးတို့ပင်လျှင် မိမိတို့ အချိုးကျပုံစံအတိုင်း ပုံစံပြည့်၊ ပုံစံကိုက် လုပ်ကြရလေသည်။ ဟန်ချိုအဖွဲ့တစ်ဖွဲ့သည် ဂျပန်တို့ သတ်မှတ်ထား သော စံချိန်ပုံစံကို မကိုက်ညီပါက ကိုက်ညီပြည့်ဝသည်အထိ အချိန်ကာလ အတိုင်း အတာ မရှိ မပြီး၊ ပြီးအောင် လုပ်ဆောင်ခြင်း ပြုကြရလေသည်။

ထိုအခါ တောထဲတွင် မီးဖိုရခြင်း၊ မီးစည်းမီးတိုင်များ ပြုလုပ်ရခြင်း၊ သယ်ဆောင်ရမည့်လမ်းခရီးတစ်လျှောက် လမ်းကို မြင်ရအောင် မီးစည်းမီးတုတ် ထွန်းညှိရခြင်း၊ ထမင်းစား နောက်ကျရခြင်း၊ ဂျပန်တို့၏ အပြစ်ဒဏ်ပေးမှုကို ထပ်ဆင့်ခံကြရခြင်း စသော ဆင့်ပွားဖြစ်သည့် ပင်ပန်းဆင်းရဲမှုများကို ရင်ဆိုင် ကြရပြန်လေသည်။ အချို့မှာ ဤအဖြစ်မျိုးများကြောင့် ညစာထမင်းကို ရထား လာပြီး၍ ဆယ်နှစ်နာရီ၊ တစ်ချက်မှ စားသောက်ခြင်း ပြုကြရလေသည်။

ဥပမာ–ဟန်ချို မောင်ဖြူ၏ အဖွဲ့သည် သတ်မှတ်ပေးထားသော ကျောက် ကျင်းပုံစံ မပြည့်သည့်အခါ တောကြီးအတွင်း ကျောက်ထုသည့်နေရာတွင် မီးပုံများ ထည့်ကာ ပြီးစီးသည်အထိ ထုခွဲကြရလေသည်။ ဤအချိန်တွင် တာဝန်ပြီးစီးသွား သည့် အဖွဲ့များမှာမူ စခန်းသို့ ပြန်သွားကြလျက် ရေမိုးချိုးခြင်း၊ ညစာ ထမင်း စားသောက်ခြင်းများပင် ပြုလုပ်နေကြပေပြီ။

ဤသို့နှင့် မောင်ဖြူ၏ အဖွဲ့သည် တောတွင်းမှ ကျောက်များကို ရထား လမ်းဘေးရောက်အောင် တစ်ဖန် သယ်ဆောင်ကြရပြန်လေသည်။ ဤကိစ္စ ဤ အလုပ်တာဝန် ပြီးစီးသွားသည့်တိုင် မောင်ဖြူတို့ အဖွဲ့သားများသည် စခန်းရှိရာသို့ မပြန်ကြရတော့ပါချေ။ ရထားလမ်းဘေးတွင်ပင် နေကြရလျက် ရထားလာ၍ ကျောက်များ တင်ပြီးမှပင် အများနည်းတူ စခန်းရှိရာ ပြန်ခွင့်ရကြလေသည်။

ကျွန်တော်သည် အိနားမတ်ဆုအား ထိုအဖြစ်မျိုးကြုံလာသည့်အခါ ထိုဟန်ချို အဖွဲ့သားများအား ရထားလမ်းဘေးဌိပင် ညစာထမင်း စားသောက်ခွင့်ပြုပါရန် ပြောကြားပေးလေသည်။ သို့ရာတွင် အိနားမတ်ဆုက လက်ခံခြင်း မပြုပါချေ။

ခြင်းဆန်ခြင်းပြုကာ ထိုသူများကို မှတ်လောက်သားလောက်ဖြစ်အောင် ထိုကဲ့သို့ပင် ပြုလုပ်ရမည်ဟု ဆိုလေသည်။

စင်စစ် အများနည်းတူ အလုပ်မပြီးကြသော ဟန်ချိုအဖွဲ့သည် အလုပ်ခွင်ကွင် ခိုကတ်နေသော–ကြောင့်တော့ မဟုတ်ပါပေ။ များသောအားဖြင့် ဖြစ်တတ် သည်မှာ ပင်ပန်းနွမ်းနယ်ကာ အားအင်ကုန်ခန်းနေကြခြင်းကြောင့်သာ ဖြစ်လေ သည်။ သို့သော် ဂျပန်များ၏ အယူအဆဝဋ်မှ ခိုကတ်နေခြင်းကြောင့် အလုပ် မပြီးစီးခြင်းဟူ၍ အထင်ရှိဟန် တူလေသည်။ ဤအဖြစ်မျိုးများကြောင့်ပင် မနက်ဘက် ကန်းစီး၍ လူစုခွဲခြင်း၊ လူတွဲခြင်းများ ပြုသည့်အခါ ခပ်စောစောက ကျွန်တော် တင်ပြခဲ့သော အလုပ်ခွင်လိုက်နိုင်သည့် လူမမာအချို့ကို မည်သည့်ဟန်ချိုအဖွဲ့ကမှ မခေါ်ချင်ဘဲ တဆူဆူတပွက်ပွက် ဖြစ်နေတတ်လေသည်။ ထိုကိစ္စအတွက်လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချိုများတွင် ဟိုပြောရ သည်ပြောရနှင့် ပြဿနာတွေ တက်နေတတ်ပါသည်။

တစ်ဖန် ရှိပြန်သည်မှာ လူတွေများလာသည့်အခါ ဂျပန်တို့က စနစ်သစ် တစ်ခုကို သုံးလာကြောင်း ကျွန်တော် သတိပြုမိပါသည်။ ထိုစနစ်မှာ တခြား မဟုတ်ပါ။ ဟန်ချိုအဖွဲ့တစ်ခုခုက အလုပ်တာဝန်တွင် အများနည်းတူ မလုပ်မကိုင် နိုင်၍ အပြစ်ဒဏ်ပေးသည့်အခါများတွင် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများအား လုံး တို့ကိုပါ စုရုံးခေါ်ငင်ကာ ဆဲဆိုကြိမ်းမောင်းခြင်း၊ ရိုက်လားပုတ်လား လုပ်ခြင်းပင် ဖြစ်လေသည်။ ထိုအခါ သဘောသက်ရောက်လာပုံမှာ ဟန်ချိုအဖွဲ့တစ်ဖွဲ့ အလုပ် တာဝန် ချုတ်ယွင်းမှုသည် ဘွန်ထိုက်ချိုအားလုံးက ဖိဖိစီးစီး မခိုင်းခြင်းကြောင့် ဖြစ်ကြောင်း၊ တစ်ဖန် ဘွန်ထိုက်ချိုများ ပေါ်လွှာမှသည် ကျွန်တော်ကိုယ်တိုင်က အုပ်ချုပ်ကွပ်ကဲမှု မရှိသောကြောင့်လည်းကောင်း၊ သွေးထိုးလှုံ့ဆော်မှု၊ ဝါဒဖြန့်မှု မပြုသောကြောင့်တစ်ကြောင်း ဟူ၍ ယူဆခြင်းမျိုးပင် ဖြစ်လေသည်။

ထို့ကြောင့် ဟန်ချိုအဖွဲ့တစ်ခုတွင် ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်လာခဲ့ သော် ကျွန်တော်ရော၊ ဘွန်ထိုက်ချိုအားလုံးရော မသက်သာတော့ပါချေ။ ရှေ့မှ တန်းစီရပ်ရကာ ဆဲဆိုကြိမ်းမောင်းခြင်း၊ ရိုက်နှက် ကန်ကျောက်ခြင်း စသည်များကို ခံကြရပါလေတော့သည်။

ဤသည်ကပင် ဘုရားသုံးဆူစခန်း၌ ဂျပန်များက နောက်ထပ်ကျင့်သုံးလာ သော စနစ်သစ်တစ်ရပ် ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

အပြင်သို့ ဆင်နှင့် ဆွဲထုတ်ရခြင်း၊ ရဲဖန်ရဲခါ လူအားနှင့် မနိုင်သော ဝန်များကို ဆင်များနှင့် ချိုဆွဲမ,ရခြင်းများ ပြုလုပ်ကြရလေသည်။ တချို့ နိမ့်ပမ်းသော ချိုင့်ကြီးများအတွင်းသို့ ကျောက်တုံးကြီးများကို ဆင်နှင့် ကွန်းကာ ဖို့ရခြင်း စသော အလုပ်များကိုလည်း လုပ်ကိုင်ခြင်း ပြုကြရလေသည်။

ဂျပန်များသည် ဖနောက်ပိုင်းအချိန်၊ နောက်ပိုင်းရက်များထိအောင်ပင် အရပ်သား ချွေးတပ်သား အလုပ်သမားများနှင့် စစ်သုံ့ပန်း ချွေးတပ်သားများအား ကူးလူးဆက်ခံခြင်း မရှိရလေအောင် ပညာတ်ခြင်း ပြထားပါလေသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ကား အလုပ်သဘောအရ နီးကပ်စွာ ဖြစ်သွားကြသည်များလည်း ရှိလေသည်။ ထိုအဖြစ်မျိုးတွင်ကား သတိထားကြည့်ရှုရုံမှလွဲ၍ မည်သို့မျှ မတတ်နိုင်ပါချေ။

ကျွန်တော့်တွင် အလုပ်ဘဝဝန်ပိုရှာ၌ ထိုအဖြစ် ထိုကိစ္စမှာလည်း တမျှောင့်ပင် ဖြစ်ရပါလေသည်။ ချွေးတပ်သားများကား နံနက်တိုင်းပင် စစ်သုံ့ပန်းများနှင့် ကင်းရှင်းစွာ နေစေရေန သတိပေးပြောကြားရပါသည်။ ဆေးလိပ်မပေးနှင့်၊ အစားအသောက်မပေးနှင့်၊ စကားမပြောနှင့်၊ သုံ့ပန်း ချွေးတပ်သားများအနီးတွင် ကြာဖြင့်စွာ ရပ်မနေနှင့် ဟူသော စကားများမှာ နံနက် အလုပ်ခွင်ဆင်းကိုင်း ပြောကြားနေရသော ကိစ္စတစ်ခု ဖြစ်လေသည်။

ဤကိစ္စတွင်မူ ကျွန်တော်တို့ အရပ်သား ချွေးတပ် အလုပ်သမားများဘက်က သာ မဟုတ်၊ စစ်သုံ့ပန်း ချွေးတပ်သားများဘက်ကလည်း အဖော်ပင် သတိထား စောင့်စည်းကြောင်း ကျွန်ုပ်ဟာ အကဲခတ်မိပါသည်။ စင်စစ် ဤလို စစ်သုံ့ပန်းများဘက်က စောင့်စည်းခြင်းမှာလည်း အကြီးအကဲဖြစ်သူ စစ်ဗိုလ်၏ သတိပေးတားမြစ်ချက်ကြောင့်ဖြစ်ကြောင်း ကျွန်တော် သိရလေသည်။ သုံ့ပန်းစစ်သားများအနေနှင့်မူ ကျွန်တော်တို့ ချွေးတပ်သားများထက် အစစအရာရာ တော်ရှာ ပြတ်ရာလွန်းသဖြင့် ဆေးလိပ်တိုကလေးတစ်တို၊ မုန့်ပဲသရေစာကလေးတစ်ဖဲ့က အစသွားရည်ယိုနေကြသူများ ဖြစ်လေသည်။ ထို့ကြောင့် သူတို့သည် ရဲဖန်ရဲခါ ဂျပန်များ လစ်လျှင် လစ်သလို ဆေးလိပ်တောင်းခြင်း၊ မုန့်ပဲသရေစာ တောင်းခြင်း၊ ခပ်လှမ်းလှမ်းမှနေလျက် လက်ဟန်ခြေဟန်ပြခြင်း၊ အသံပေးခြင်းများကို ပြုလုပ်တက်ကြလေသည်။

ဤအဖြစ်ကို သုံ့ပန်းစစ်ဗိုလ်က ထွေ့ခဲ့လျှင် တားမြစ်ပိတ်ပင်ခြင်း၊ ကြိမ်ဒေါင်းပြစ်တင်ခြင်း ပြုလေ့ရှိပေသည်။ ထိုအပြုအမူမျိုးကို ဂျပန်စစ်သားများကသာ တွေ့ခဲ့လျှင်မူ သုံ့ပန်းစစ်သားအဖို့ မသက်သာပါချေ။ ပါး၊ နာ ကို ဘယ်ပြန်ညာပြန် ရိုက်နှက်လေတော့သည်။

၂၀။ မမေ့နိုင်သော လက်ဆောင်

ယခုတလောတွင် ကျွန်တော်တို့တစ်တွေ အသက်ရှူမှားလောက်အောင် အလုပ်များနေကြသည်နည်းတူ စစ်သုံ့ပန်း ချွေးတပ်သားများမှာလည်း ဂျပန်စစ်သားများနှင့် အတူ တွဲကာ အလုပ်တာဝန်များကို မနားတမ်း လုပ်ကိုင်နေကြရလေသည်။ စင်စစ် သူတို့သည် ဂျပန်စစ်သားများနှင့်အတူ တွဲနေကြရသည်ဆိုသော်လည်း ဂျပန်စစ်သားများမှာ သူတို့လောက် ပင်ပန်းကြသည်တော့ မဟုတ်ပေ။ ဂျပန်စစ်သားများက သူတို့အပေါ် ကြပ်မတ် ကြည့်ရှုရုံ၊ ညွှန်ကြားစေခိုင်းရုံမျှသာ ဖြစ်လေသည်။

သုံ့ပန်းစစ်ဗိုလ်သည် ဟောကြီးအတွင်းမှ ကောင်းနိုးရာရာ သစ်ပင်များကို သူ့လူများအား ခုတ်လှဲစေလျက် ဆင်များနှင့် အပြင်သို့ ဆွဲထုတ်စေလေသည်။ တစ်ဖန် အပြင်သို့ရောက်လာသော သစ်များကို ခွဲစိတ်ခြင်း၊ အကိုင်းအကာနှင့် ဖြတ်တောက်ခြင်း၊ ရွှေ့ခြင်း စသည်များကိုလည်း သုံ့ပန်းစစ်ဗိုလ်ကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်ခြင်း ပြုလေသည်။ သူတို့သည် ဘုတာရုံအဆောက်အအုံ ဆောက်လုပ်သည့်ကိစ္စကိုမှ ခပ်ဖြည်းဖြည်းပင် လုပ်ကိုင်ကြပါသည်။ ထိုအလဲက အရေးပေါ်ဖြစ်လာသည့် တံတားတိုင် အသစ်လဲရခြင်း၊ တံတားပေါင် အစားထိုးရခြင်း၊ နိမ့်သွားသောနေရာများကို အသစ်တစ်ဖန် ပြုပြင်ရခြင်း စသော ကိစ္စများကိုကား မီးရထားအချိန်မီအောင် အဆောတလျင် အင်တိုက်အားတိုက် လုပ်ကြရလေသည်။

တံတားပြင်ခြင်းကိစ္စ၊ နိမ့်ကျသွားသော သဲလမ်းများကို ပြုပြင်ခြင်းကိစ္စများနှင့် ဘုတာရုံဆောက်လုပ်ခြင်း စသော ကိစ္စများမှာမူ သုံ့ပန်းစစ်သားများသာလျှင် လုပ်ကိုင်ရသည်က များပါသည်။ နိမ့်ကျသွားသော နေရာများတွင် ကျောက်များ လောင်းထည့်ခြင်း စသည်များတွင်လည်း ဗြိတိသျှသုံ့ပန်းများသာ လုပ်ကိုင်ခြင်း ပြုကြလေသည်။ ဆင်ခေါင်းကြီး ဦးနမ့်လွေ့တို့မှာမူ တောတွင်းမှ သစ်များကို

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် သုံ့ပန်းစစ်သားများအနေဖြင့် ချီးကျူးရမည့် အချက်များကိုလည်း ကျွန်တော် သတိပြုမိပါသည်။ ထိုအကြောင်းမှာ တခြားမဟုတ်ပါ။ သုံ့ပန်းစစ်သား၊ တစ်ဦးတစ်ယောက်သည် ရွေးတပ်သား၊ တစ်ဦးတစ်ယောက်က လွှင့်ပစ်လိုက်သော ကွမ်းသီးဖက်ဆေးလိပ်တိုကို ကောက်ယူကာ သောက်မည်ဖြစ်သော်လည်း ဂျပန်စစ်သားများ လွှင့်ပစ်လိုက်သော ကူးဝါးစီးကရက်ကိုမူ မည်မျှလောက် ရှည်နေပါစေ၊ ကောက်ယူကာ သောက်လိမ့်မည်တော့ မဟုတ်ပါပေ။ သူတို့သည် စစ်ပွဲကြီးတစ်ခုကို ယှဉ်ပြိုင်တိုက်ခိုက်ခြင်းပြုရာ၌ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး အဘယ်မျှ ရန်ငြိုးကြီးမားကာ ရွံရှာမုန်းတီးနေကြသည်ဆိုခြင်းကို သိသာလောက်ပေသည်။

ပြီးလျှင် ဂျပန်စစ်သားများ ကိုယ်တိုင်ကလည်း သုံ့ပန်းစစ်သားများ၏ ထိုသဘော ထိုစိတ်ထားကို ရိပ်မိသိရှိဟန် တူလေသည်။ ထို့ကြောင့်ပင် အချို့သော ဂျပန်စစ်သားများက သုံ့ပန်းစစ်သားများ မခံချင်အောင် ပြုမူတတ်လေသည်။ သူတို့၏ အပြုအမူမှာ တစ်ဖက်သားအပေါ် စော်ကားသော အပြုအမူဟူ၍လည်း ဆိုနိုင်လေသည်။ ၎င်းတို့ပြုမူပုံမှာ သူတို့တွင် စီးကရက်ရာရှင် ဖောဖောသီသီ ကလေး ရှိနေသောအခါမျိုး၌ စီးကရက်ကို သုံးလေးဖွာမျှသာ သောက်ဖွာပြီး နောက် အလုပ်လုပ်နေသော သုံ့ပန်းစစ်သားများအနီးသို့ လွှင့်ပစ်တတ်လေသည်။ ထိုအခါ အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်နေရရှာသော သုံ့ပန်းစစ်သားများအဖို့ အဘယ်မျှ သွားရည်ယိုနေပေမည်နည်း။ မြေပြင်ပေါ်တွင် တွေ့ွေ့ွေ့ဖောက်လောင်နေသော စီးကရက် မီးခိုးငွေ့ကလေးသည် သုံ့ပန်းစစ်သား၏ နှလုံးသားအား အဘယ်မျှ ကလိကာ ရှိချိမ့်မည်နည်းဆိုသည်ကို ဆေးလိပ်သောက်တတ်သူကိုင်းသဘောပေါက်လိမ့်မည်ဟု ထင်ပါသည်။

တစ်ဖန် ဘုရားသုံးဆူစခန်း၌ပင် ကျွန်တော်တို့ တွေ့ကြုံရသော အဖြစ်တစ်ခုလည်း ရှိပါသေးသည်။ ထိုအပြုအမူမျိုးမှာမူ စစ်သုံ့ပန်း ရွှေးတပ်သားများသာမက ကျွန်တော်တို့ အရပ်သား ရွှေးတပ်သားများပါ နာကျည်းမှု ဖြစ်ရပါလေသည်။

တောတွင်း၌ ကျွန်တော်တို့ ရွှေးတပ်သားများနှင့် စစ်သုံ့ပန်းများအတွက် ဂျပန်က ပေးသော ဆန်မှာ ငစိန်ဆန်များ ဖြစ်ပါသည်။ ငစိန်ထမင်းဟူသည် အဆာလောင်ခံနိုင်ပါသည်။ အလုပ်ကြမ်းလုပ်ရသူများနှင့် သင့်တော်သည်ဟူသော အယူအဆနှင့် ဂျပန်တို့က ပေးကျွေးခြင်းပင် ဖြစ်ဟန်တူပါသည်။ သို့တည်းမဟုတ် ရွှေးတပ်သားများနှင့် စစ်သုံ့ပန်းများအတွက် ဆန်ကြမ်းသာလျှင် သင့်တော်သည်

ဟူ၍ တစ်ဦးတစ်ယောက်သော ပညာရှိက အကြံပေးဟန် တူပါသည်။ မည်သို့ပင်ဖြစ်စေ ဂျပန်တို့က ရွှေးတပ်သားများအတွက် လူကောင်းဖြစ်စေ၊ လူမမာဖြစ်စေ ငစိန်ဆန်ကြမ်းကိုသာ ပေးလေသည်။

သို့ရာတွင် ထိုငစိန်ဆန်မှာ ကျွန်တော်တို့အဖို့ ဟင်းလျာမယ်သော ကွဲဖက်တစ်ခုခု (ဥပမာ-ချဉ်ပေါင်ဟင်းလို ဟင်းမျိုး) သို့မဟုတ် ငံပြာရည်၊ ငါးပိရည်၊ ငရုတ်သီးထောင်းလို တွဲဖက် အာဟာရမျိုးနှင့် စားသောက်ရခြင်း မဟုတ်ဘဲ မနှုးမနပ် ပဲရေပြုတ်၊ ဖရုံသီးရေပြုတ်၊ ပိန်းဥ၊ ကန်စွန်းဥ ရေပြုတ်မျှလောက်နှင့်သာ စားသောက်ရသောကြောင့်လည်း စားမရ၊ မျိုမရ ဖြစ်ကြရပါသည်။ ထိုအခါ ငစိန်ဆန်သည် ကျွန်တော်တို့အတွက် အာဟာရဖြစ်ဖို့ဝေးစွ၊ ဆာလောင်မွတ်သိပ်မှု ဒဏ်ကိုပင် မခံနိုင်ဘဲ ဖြစ်ရလေသည်။ ကျွန်တော့်ကိုယ်တွေ့ ပြောရပါမူ ကျွန်တော်တို့အထဲတွင် ပါလာသော တောင်သူလယ်သမားကြီးတွေပင် ငစိန်ဆန်ကြမ်းထမင်းကို ရောက်စကသာ လေးနိုင်ကြသော်လည်း နောက်ပိုင်းတွင် ညည်းတွားရေရွတ်လာကြပါသည်။ "ထမင်းလေးက ပျော့ပျော့ပျောင်းပျောင်းဆိုရင်လဲ ဟင်းမကောင်းပေမယ့် ဆားဖြူးပြီး မျိုချရရဲ့ဗျာ" ဟု ဆိုမြည်ကမ်းလာကြပါသည်။ ပြီးလျှင် နောက်ပိုင်းတွင် ငစိန်ထမင်းကြောင့် လည်တန့်နင့် တဆန့်ဆန့် ဖြစ်လာကြလေသည်။

တောတွင်း ရွှေးတပ်စခန်းများ၌ ကြုံတွေ့ခဲ့ရသော ငစိန်ဆန်ကြမ်းထမင်းသည် ကျွန်တော်တို့ ရွှေးတပ် အလုပ်သမားများအဖို့ ကောင်းကျိုးမပြုခဲ့ချေ။ ကစ်ခါကစ်ရံ၌မူ ထိုငစိန်ဆန်ကြမ်းထမင်းသည် ပို၍ပင် ဆိုးဆိုးရွားရွား ဖြစ်လာတတ်လေသည်။ ဖွဖွနှင်းချမ်း၊ ခဲနှင်းချမ်း၊ စပါးလုံးနှင်းချမ်း၊ ဇအောက်သိုးသိုး၊ နံစော်စော် ဆန်များပင် ဖြစ်လေသည်။

ထိုအခါ ကျွန်တော်တို့အားလုံးပင် ဆန်ဖြူဆန်ကောင်း ထမင်းကလေးများကို တောင့်က,လာဟတ်ပါသည်။ "ဆန်ဖြူထမင်းကလေးများ ဆီဆမ်း၊ ဆားဖြူး စားလိုက်ရ ဘယ်လောက်ကောင်းမလဲ" ဟူသော အာသာဆန္ဒသည် လူတိုင်းနှုတ်ဖျားက ရွတ်ဆိုလာတတ်လေသည်။

ဂျပန် ရွှေကိုယ်တော်များမှာမူ ကျွန်တော်တို့ကဲ့သို့ ငစိန်ဆန်ကြမ်း မဟုတ်ပါချေ။ သူတို့အတွက်မှာ ဆန်ဖြူ။ ဆန်ဖကောင်း ဖူးခေါင်းဖူးဖျားများ ဖြစ်လေသည်။ စင်စစ် ကျွန်တော်တို့ ရွှေးတပ်အလုပ်သမားများကိုလည်းကောင်း၊ စစ်သုံ့ပန်း ရွှေးတပ်သားများကိုလည်းကောင်း ငစိန်ဆန်ကြမ်းကို အဆာအလောင်ခံနိုင်စေကောင်းပေသည်၊ သို့မဟုတ် ကျန်းမာရေးနှင့် ညီညွတ်အောင် အာဟာရဓာတ် ဖွဲ့ပြုံးအောင် ပေးပါ ကျွေးပါသည်ဟု ဆိုခဲ့လျှင် သူတို့စစ်သား စစ်ဗိုလ်များလည်း ငစိန်ဆန်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com

ကိုသာ စားသောက်သင့်ပေသည်။ ယခုကား စစ်တပ်သည် အခွင့်ထူးခံ၊ လူ့အဖွဲ့အစည်းကြီး တစ်ရပ်လို ဖြစ်နေလေတော့သည်။ ချွေးတပ်သားများသည် အ,လုပါသည်၊ ထုံလုပါသည်၊ ထိုင်းလုပါသည် ဆိုသော်လည်း ဤသဘောမျှလောက်ကိုကား သိရှိကြလေသည်။ ထိုအဖြစ်မျိုးကြောင့်လည်း ဂျပန်တို့အပေါ် ချွေးတပ်သားများက မကြည်ညိုခြင်း၊ မနှစ်မြို့ခြင်း ဖြစ်ရလေတော့သည်။

ထိုအခါ မကြည်ညိုသူ၊ မနှစ်မြို့သူတို့၏ ဓမ္မတာအရ အလုပ်တာဝန်များကို ဝတ်ဒကျတမ်းကျေလောက်သာ လုပ်ကြလေသည်။ သာသာထိုးထိုး၊ ကြိုးကြိုးပမ်းပမ်း ဟူ၍ကား မရှိသလောက် ဖြစ်လေသည်။ တစ်နည်းပြောရလျှင် ဂျပန်များကို ချွေးတပ်သား အလုပ်သမားများက အနုနည်းဆန့်ကျင်သည့် သဘောပင် ဖြစ်လေသည်။ ချွေးတပ် အလုပ်သမားများသည် ရာနှင့် ထောင်နှင့်ချီကာ ဂျပန်တို့ကို မဆန့်ကျင် မတော်လှန်ဝံ့၍ မဆန့်ကျင် မတော်လှန်သော်လည်း ချွေးတပ်သား တစ်ဦးတစ်ယောက်ချင်းကို မေးကြည့်ပါမူ ပြောဝံ့သောသတ္တိရှိပါက ဂျပန်များအပေါ်တွင် မကျေနပ်ကြောင်း၊ မကြိုက်ကြောင်းကို ပြောကြပေလိမ့်မည်။

ဤလို ဂျပန်တို့အပေါ်တွင် မကြည်ညိုမနှစ်မြို့၍ ချွေးတပ် အလုပ်သမားများက ဝတ်ကျေဝတ်ကုန်မျှ အလုပ်လုပ်ကြသည့်အခါ ဂျပန်တို့ကလည်း မြန်မာချွေးတပ်သားများသည် အလုပ်မကြိုးစားဟူသော အမြင်နှင့် ထုထောင်းရိုက်နှက်ခြင်း၊ နေရာတကာ အာဏာပြ အကြမ်းဖက်လျက် စေခိုင်းခြင်း ပြုလာလေသည်။ တစ်ဖန် ဂျပန်တို့၏ ထိုအပြုအမူကြောင့်ပင် အထက်က ဆိုခဲ့သလို ချွေးတပ်အလုပ်သမားများ ဘက်ကလည်း ခိုကပ်လာကြပြန်လေသည်။ ဤလိုနှင့်သာ ချွေးတပ်စခန်းကြီး တစ်ခုလုံး၊ ထိုင်း-မြန်မာ မီးရထားလမ်း လုပ်ငန်းကြီးတစ်ခုလုံး သွေး၊ ချွေး၊ မျက်ရည်တို့နှင့် ဖုံးလွှမ်းခဲ့ရခြင်း ဖြစ်လေသည်။ လူ့သမိုင်းတွင် ကြီးမားသော အမည်းကွက်များ အဖြစ်နှင့်လည်း စွန်းထင်းကျန်ရစ်ခဲ့ရခြင်းပင် ဖြစ်လေသည်။

တစ်ဖန် စောစောက တင်ပြခဲ့သော ငစိန်ဆန်ကြမ်းထမင်းနှင့် ဆန်ဖြူဆန်ကောင်း ထမင်းအကြောင်းကို ဆက်ရပေဦးမည်။

ဘုရားသုံးဆူစခန်းတွင် အလုပ်တာဝန်ကျသော ဂျပန်စစ်သားများသည် ချွေးတပ်သားများနှင့် သုံ့ပန်းများကဲ့သို့ပင် နံနက်စာထမင်းကို အလုပ်ခွင်အတွင်း၌ စားသောက်ကြရလေသည်။ ဂျပန်စစ်သားများအတွက် ထမင်းကိုမူ ထမင်းချက် ဂျပန်စစ်သားက လိုက်ပို့ပေးလေသည်။

အချိန်တန်လျှင် ထမင်းချက် ဂျပန်စစ်သားသည် ရှေ့နောက် ထမင်းချိုင့်များကို ဝါးလုံးလျှိုထမ်းကာ ထမင်းလာရောက်ပို့မြဲပင် ဖြစ်လေသည်။ ထမင်းချိုင့်များသည် ဂျပန်စစ်သားသုံး ထမင်းချိုင့်များ ဖြစ်လေသည်။ ထိုထမင်းချိုင့်များနှင့်

အတူ ရေနွေးဘူး စသည်များလည်း ပါရှိလေသည်။ ဂျပန်စစ်သားများသည် ထမင်းစားသောက်သည့်အခါ ဇွန်း သို့မဟုတ် တရုတ်ကဲ့သို့ တူနှင့် စားသောက်ခြင်း ပြုလေသည်။ များသောအားဖြင့်ကား တူနှင့်စားသော ဂျပန်စစ်သားက များလေသည်။

ဂျပန်စစ်သားအချို့သည် ထမင်းစားသောက်ပြီးလျှင် ၎င်းတို့စားသောက်၍ ကြွင်းကျန်သော ထမင်း၊ ဟင်းများကို သုံ့ပန်းစစ်သားများ စားသောက်နေသော အနီးအနားရှိ သစ်ငုတ်တိုများပေါ်တွင်သော်လည်းကောင်း၊ ကြွေကျနေသော သစ်ရွက်များပေါ်တွင်သော်လည်းကောင်း စုလိုက်စုပုံ စွန့်ပစ်လေ့ရှိလေသည်။

အစသော် ကျွန်တော်သည် ဤအပြုအမူမှာ အမှတ်မဲ့ပြုမူခြင်းဟု ထင်မိသော်လည်း နောင်အခါတွင်မူ ဂျပန်စစ်သားအချို့က တမင်သက်သက် အကွက်ဆင်ကာ လုပ်ခြင်းဖြစ်ကြောင်း သိရပါလေသည်။ ဤအပြုအမူမှာလည်း စိုးကရက်တို့ကို လွှင့်ပစ်သောနည်းမျိုးနှင့်နှင်ပင် ဖြစ်လေသည်။ ဆန်ဖြူ ဆန်ကောင်းကို စားသောက်ရသော ဂျပန်တို့သည် ငစိန်ဆန်ကြမ်းကို စားသောက်ရသော အရပ်သား ချွေးတပ်အလုပ်သမားများနှင့် စစ်သုံ့ပန်း ချွေးတပ်သားများအပေါ်တွင် စော်ကားမောက်မာပြုကျင့်ခြင်းသာ ဖြစ်လေသည်။ စင်စစ် ဂျပန်စစ်သားများ စွန့်ပစ်သော ထမင်းကျန်၊ ဟင်းကျန်သည် ချွေးတပ်သားများ စားသောက်နေရသော ထမင်း ဟင်းထက် သာလွန်သည်ဆိုခြင်းကိုမူ အထူးပြောစရာ မလိုတော့ပါချေ။

ဘုရားသုံးဆူစခန်းတွင် ကျွန်တော်တို့ နေထိုင်ကြရစဉ် ကျွန်တော်တို့ ချွေးတပ်သားများထဲက အလုပ်သမားနှစ်ယောက် သေဆုံးခဲ့ရကာ သုံ့ပန်းစစ်သားများထဲက တစ်ယောက် သေဆုံးခဲ့လေသည်။ ကျွန်တော်တို့အထဲက သေဆုံးရသူနှစ်ယောက်တွင် တစ်ယောက်မှာ ဘုရားသုံးဆူစခန်းသို့ ကျွန်တော်တို့ ရွှေ့ပြောင်းလာရစဉ်က တဲတန်းလျားပေါ်တွင် တွေ့ရသော လူမမာဖြစ်၍ တစ်ယောက်မှာ ဆေးရုံစခန်းမှ ကျွန်တော်တို့ ခေါ်ဆောင်လာသော လူနာထဲမှ ကိုမဲဆိုသူ ဖြစ်လေသည်။ ကိုမဲသည် ပခုက္ကူသားတစ်ယောက် ဖြစ်သည်ဟု သူ့အဖော်များက ပြောလေသည်။

ထိုသူ့အကြောင်းမှာလည်း ပခုက္ကူသားတစ်ယောက် ဖြစ်ကြောင်း သိရသည်မှလွဲ၍ အခြားထူးထူးထွေထွေ ဘာတစ်ခုမျှ မသိရပါချေ။ ကျွန်တော်တို့ တဲတန်းလျားပေါ်တွင် တွေ့ရသော သေဆုံးရရှာသူမှာမူ မည်သည့်မြို့ရွာသား ဟူ၍ပင် မပြောတတ်ပါချေ။

ကျွန်တော်တို့အထဲက လူနာစ်ယောက် သေဆုံးသည်မှာ နေ့ဘက်တွင် ဖြစ်သော်လည်း စစ်သုံ့ပန်း ချွေးတပ်သားသေဆုံးသည်မှာမူ ညဘက် ၁၁ နာရီ

www.burmeseclassic.com

www.burmeseclassic.com

အချိန်လောက်တွင် ဖြစ်လေသည်။ ထိုအချိန်က ကျွန်တော်တို့အားလုံး ရထားပေါ်သို့ ကျောက်များ တင်နေချိန် ဖြစ်လေသည်။ ထိုအခိုက် စကားပြန်သူငယ်သည် ကျွန်တော်ရှိရာသို့ ဂျပန်စစ်သားနှစ်ယောက်နှင့်အတူ ရောက်ရှိလာပါသည်။

ထိုသူငယ် ရောက်ရှိလာသည်မှာ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုက စေလွှတ်လိုက်သောကြောင့် ဖြစ်ပါသည်။ အိနားမတ်ဆုမှာ ကျွန်တော်တို့နှင့်အတူ မရှိပါ။ ညဘက် ရထားတွဲများပေါ်သို့ ကျွန်တော်တို့တစ်တွေ ကျောက်များ၊ ထင်းများ၊ ဝါးများ တင်ဆောင်ရသည့်အခါ ကျွန်ဆော်တို့နှင့်အတူ ဂျပန်စစ်သား လေးငါးယောက်တို့သာ ရှိလေသည်။ အကြောင်းကိစ္စထူးမရှိလျှင် အိနားမတ်ဆုသည် ညဘက်များတွင် ရထားလမ်းသို့ လာရောက်လေ့ မရှိပါချေ။

"ဘာကိစ္စလဲဟေ့-မောင်ချစ်"

ကျွန်တော်သည် ဘွန်ထိုက်ချို သုံးလေးယောက်နှင့်အတူ ချွေးတပ်သားများ ကျောက်တင်နေသည်ကို စောင့်ကြပ်ကြည့်ရှုနေရာမှ ကျွန်တော်ရှိရာသို့ လာနေသော မောင်ချစ်ကို လှမ်းမေးလိုက်ပါသည်။

"ချွေးတပ်သားတွေ ကျောက်တင်လို့ ပြီးသွားရင် ခပ်မြန်မြန် စခန်းကို ပြန်လွှတ်ဖို့ မာစတာက ပြောလိုက်တယ်ဗျ"

စကားပြန်သူငယ်သည် ကျွန်တော့်အနီးသို့ လာရပ်ရင်း ပြောလေသည်။

"ဘာအကြောင်း ထူးပြန်လဲကွ"

"သုံ့ပန်းစစ်သားတစ်ယောက် သေသွားတယ်ဗျ၊ အဲဒါ ဆရာလေးတို့ အလုပ်ပြီးရင် မသာချလာလိမ့်မယ်"

ကျွန်တော်တို့ ချွေးတပ်သားများမှာ ထိုအချိန်တွင် ကျောက်များ၊ ထင်းများ တင်ဆောင်၍ ပြီးစီးနေလေပြီ။ ထို့ကြောင့်လည်း ကျွန်တော်သည် ဟန်ချို့နှင့် ဘွန်ထိုက်ချို့များအား မိမိတို့လူများကို စစ်ဆေးလျက် စခန်းရှိရာသို့ အမြန်ဆုံး ဝင်ရောက်ကြရန် ပြောရလေသည်။

ခပ်စောစောက စကားပြန်သူငယ်နှင့်အတူ ပါလာသော ဂျပန်စစ်သား နှစ်ယောက်မှာလည်း အလုပ်တာဝန်ကျ ဂျပန်စစ်သားများ ရှိရာသို့ သွားရောက်ကာ တစ်စုံတစ်ရာကို ပြောဆိုနေလေသည်။ သူတို့ပြောနေသော ကိစ္စမှာလည်း သုံ့ပန်းစစ်သား၏ အသုဘကိစ္စပင် ဖြစ်ပါသည်။ ထို့နောက် ရောက်လာသော ဂျပန်စစ်သားနှစ်ယောက်နှင့် ခပ်စောစောအချိန်က ရှိနေကြသော စစ်သားခြောက်ယောက်တို့သည် အသုဘချလာမည့် သုံ့ပန်းစစ်သားအချို့ကို စောင့်ကြပ်ရန်အတွက် ဖြစ်လေသည်။ အသုဘချလာမည့် ကိစ္စတွင်မူ သုံ့ပန်းစစ်ဗိုလ်နှင့် စစ်သားခြောက်ယောက်သာလျှင် လာလိမ့်မည်ဖြစ်ကြောင်း မောင်ချစ်က ပြောပြပါသည်။

"ဒီပြင်လူတွေ အားလုံး ပြန်လွှတ်လိုက်ဗျာ၊ ဆရာလေးတော့ မပြန်ပါနဲ့ဦး၊ ကျွန်တော်တို့ ကြည့်ကြရအောင်"

စကားပြန်သူငယ်က ကျွန်တော့်လက်ကို ဆွဲကိုင်ထားရင်း ပြောလေသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း သုံ့ပန်းစစ်သားတို့၏ အသုဘအခမ်းအနားကို အဘယ်ပုံပြုလုပ်ကြောင်း ကြည့်ချင်ပါသည်။ ပြီးလျှင် ကျွန်တော်နှင့်အတူ စကားပြန်သူငယ် ရှိနေခြင်းကြောင့်လည်း ကျွန်တော့်တွင် တစ်စုံတစ်ရာပြဿနာ မပေါ်နိုင်ကြောင်း ကျွန်တော် စဉ်းစားမိလေသည်။ ဤလို စဉ်းစားမိသောကြောင့်ပင် စကားပြန် သူငယ်၏ အဖော်ညှိမှုကို အလွယ်နှင့် ကျွန်တော် သဘောတူလိုက်ပါသည်။

ဟန်ချို၊ ဘွန်ထိုက်ချိုနှင့် ချွေးတပ်သားများမှာမူ ကျွန်တော်က ပြောလိုက်သောကြောင့် အားလုံးပင် စခန်းရှိရာသို့ ထွက်ခွာသွားကြလေပြီ။ ကြယ်ရောင်ကလေးများ၏ အလင်းမျှသာ ရှိသော ည၏ အမှောင်ထုကြားဝယ် ချွေးတပ်အလုပ်သမားအုပ်စုကြီးသည် မည်မည်ဩဩ ခြေလှမ်း၊ အချီးအစားမကျသော ပုံသဏ္ဌာန်ဖြင့် ကအီကအီတလှပ်လှပ် သွားနေကြလေသည်။ သူတို့ကို ကြည့်ရသည်မှာ ဘေးဒုက္ခပေါင်းများစွာကို ရင်ဆိုင်ရပြီးနောက် သေတွင်းထဲမှ လွတ်မြောက်လာသော အားအင်ကုန်ခန်းနေသူများနှင့် တူလှလေသည်။ သည်အတွင်းကပင် ဩဇာပင်တစ်ပင် အောက်၌ ရပ်ကျန်နေရစ်သော ဂျပန်စစ်သား နှစ်ယောက်က ချွေးတပ်သားများ ရှိရာသို့ ခဲနင့် လှမ်းပစ်လျက် လှမ်းအော်ဟစ်နေလေသည်။ သဘောမှာ ချွေးတပ်သား အားလုံး တဲတန်းလျားရှိရာရောက်မှ စစ်သုံ့ပန်း အသုဘက ချလာရမည်ဖြစ်သောကြောင့် ချွေးတပ်သားများကို ခပ်သွက်သွက် သွားခိုင်းနေခြင်း ဖြစ်လေသည်။

စကားပြန်သူငယ်နှင့် ကျွန်တော်သည် အနီးရှိ ကညင်ပင်အောက်သို့ ဝင်ရပ်လိုက်ကြသည်။ ဂျပန်စစ်သား ခြောက်ယောက်တို့မှာလည်း ရိုင်ဖယ်သေနတ်များကို လွဲစွပ်တပ်လျက် ရထားလမ်းဘေးတွင် ရပ်နေကြလေသည်။ သူတို့သည် သေနတ်အတွင်းသို့ ကျည်ဆန်များလည်း အသင့်ထိုးထားကြလေသည်။ ထိုအချိန်တွင် ရထားမှာလည်း ဘုရားသုံးဆူ ဘူတာမှ ထွက်ခွာသွားလေပြီ။ အတန်ကြာသော် ရထားနှင့် ချွေးတပ်သားများသဏ္ဌာန်သည် ကျွန်တော်တို့၏ မျက်စိအောက်မှ ကွယ်ပျောက်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ဘာမျှ သဲသဲကွဲကွဲ မရှိချေ။ မြင်မြင်သမျှ အရာဝတ္ထုများသည် မည်းမည်းချုန်းချုန်း၊ အုံ့အုံ့မှိုင်းမှိုင်းကြီးတွေသာ ဖြစ်လေသည်။ လေတဖြူးဖြူးတိုက်ခတ်လာသည့်အခါ ဝါးရုံတောများသည် အသံအမည်ဆိုး ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ လှမ်းကြည့်လိုက်သည့်အခါ ထိုဝါးရုံတောများ၏ လှုပ်ရှားပုံသည် ဝိုးတဝါး ကြယ်ရောင်အောက်၌ စိတ်အားငယ်စရာ၊ စိတ်ချောက်ချားစရာမျှသာ ဖြစ်လေသည်။

ထိုအချိန်တိုင်အောင် စစ်သုံ့ပန်း၏ အသုဘမှာ မချလာသေးပါချေ။ ကျန်တော်တို့နှစ်ယောက်မှာလည်း အသုဘချလာမည့် လမ်းကို မျှော်မှန်းကြည့်ရင်း သစ်ပင်အောက်တွင် မတ်တတ်ကြီးတွေပင် ဖြစ်နေကြသည်။ ဂျပန်စစ်သား ရှစ်ယောက်မှာလည်း နဂိုနေရာတွင်ပင် ရပ်နေကြသည်။ သို့ရာတွင် သူတို့ကား ငြိမ်သက်၍ မနေကြချေ။ စကားပြောသူက ပြောလျက်၊ ဆေးလိပ်သောက်သူက သောက်လျက်။

"အသုဘက ဘယ်နေရာမှာ မြုပ်မှာလဲကွ"

ကျန်တော်က မေးလိုက်ပါသည်။

"ဟိုဘက်တောစပ်မှာ မြုပ်မှာပဲဗျ၊ သုံ့ပန်းစစ်ဗိုလ်က ပထမတော့ တဲလိုင်းတွေ နောက်က တောစပ်မှာ မြုပ်မလို့ဗျ၊ မာစတာ အိနားမတ်ဆုက ဒီမှာ လာမြုပ်ဖို့ ပြောတယ်၊ ဟိုနေရာက လူတွေနေရတဲ့နေရာနဲ့ နီးတယ် မဟုတ်လားဗျ"

မောင်ချစ်က ပြောပါသည်။

အမှန်မှာ ကျန်တော်တို့ ချွေးတပ်သားနှစ်ဦး သေဆုံးခဲ့စဉ်ကပင် အတော် အလှမ်းဝေးသော ရထားလမ်းဘေး တောထဲတွင် မြုပ်နှံကြရလေသည်။ ယခုလည်း ဤအတိုင်းပင် ဖြစ်လေသည်။

ကျန်တော်တို့တစ်တွေ ဘုရားသုံးဆူ စခန်းသို့ ရွှေ့ပြောင်းလာကြစဉ်က တဲတန်းလျားများအနီးတွင် လူသေအလောင်းများကို တွေ့ရလေသည်။ အလောင်း တချို့မှာ မြေပေါ်ကွင် ပေါ်လျက် ပုပ်နံဟောင်နေသည်။ ဤလိုဖြစ်ရသည်မှာ မူလ နေထိုင်သွားကြသည့် ချွေးတပ်သားများကပင် ကျင်းတိမ်တိမ် မြုပ်ပစ်ခဲ့ကြ သောကြောင့်ပေလော၊ ဒါမှမဟုတ် တောတိရစ္ဆာန်များကပင် တူးဖော်စားသော ကြောင့်ပေလော မပြောတတ်ပါ။ ထို့ကြောင့်ပင် အိနားမတ်ဆုက ဤမျှ အဝေး အလှမ်းတွင် မြုပ်နှံခိုင်းခြင်း ဖြစ်လေသည်။

သို့နှင့် မကြာမီပင် ကျန်တော်တို့သည် သစ်ပင်၊ ဝါးပင်များအကြားမှ မီးရောင်နှစ်ခုကို လှမ်းမြင်လိုက်ရလေသည်။ ကျန်တော်တို့ တွေ့မြင်ရသော မီးရောင်သည် မီးတုတ်နှစ်ခုဖြစ်ကြောင်း ခန့်မှန်းမိကြပါသည်။ သစ်ပင် သစ်ခက် များအကြားမှ ထိုမီးရောင်နှစ်ခုသည် မြင့်လာလိုက်၊ နိမ့်သွားလိုက်၊ ပျောက်သွား လိုက်၊ ပြန်ပေါ်လာလိုက်နှင့် တအိအိ တလှုပ်လှုပ်နှင့် မြင်နေရခြင်း ဖြစ်လေသည်။ မသိသူများ ဆိုပါက သရဲမီးလား၊ တစ္ဆေမီးလား ဟူ၍ ထင်မှတ်ကြပေလိမ့်မည်။

"မသာချလာပြီ ဆရာလေး"

စကားပြန် သူငယ်သည် ကျွန်တော့်အနီး တိုးကပ်လာရင်း တုန်လှုပ်သလို ပြောလေသည်။ သူ့ရင်ထဲတွင် ကြည်ချင်စိတ်ကို ကြောက်ရွံ့စိတ်က ဝင်နောက် လိုက်ဟန် တူပါသည်။ သူငယ်သည် ဖြောဖြောဆိုဆိုပင် ကျန်တော့်လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ထားလေသည်။ လေက ခပ်ပြင်းပြင်း တိုက်လိုက်သောကြောင့် လည်း သစ်ကိုင်း သစ်ခက်များသည် တသိမ့်သိမ့် တသဲသဲ အသံပြုလေသည်။ စကားပြန် သူငယ်ကို မဆိုထားဘိ၊ ကျန်တော်ကိုယ်တိုင်ပင် စိတ်ထဲက တစ်မျိုးတစ်ဖုံ ဖြစ်မိလေသည်။

မီးတုတ်နှစ်ခုသည် ခပ်စောစောကလိုပင် ပေါ်လိုက်၊ ပျောက်လိုက်၊ နိမ့်လိုက်၊ မြင့်လိုက် ဖြစ်နေသည်။ အသုဘချလာသောလမ်းသည် တဲတန်းလျားများ ရှိရာမှ ရထားလမ်းရှိရာသို့ လာသော လမ်းအတိုင်းပင် ဖြစ်လေသည်။ ထို့ကြောင့် လည်း လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင် ဝါးရုံများက ကာဆီးထားသည်။ ပြီးလျှင် ကုန်းဆင်း ကုန်းတက်ကလေးတွေနှင့် အကွေ့အကောက်ကလေးတွေလည်း ရှိသည်။ တစ်ဖြောင့်တည်းသော လမ်းမှကား မဟုတ်ပါချေ။ အနိမ့်ပိုင်းမှ အမြင့် ရှိရာသို့ အကွေ့အကောက် တက်ရောက်လာရသော လမ်းဖြစ်လေသည်။ ထို့ကြောင့် လည်း မီးရောင်ကို တွေ့ရပြီးနောက် အသုဘ ချလာသူများသည် တော်တော်နှင့် မရောက်သေးခြင်း ဖြစ်လေသည်။

နောက်ထပ် မိနစ်ပိုင်း အတန်ရှိသွားမှပင် ကျန်တော်တို့သည် ၎င်းဆုံးမှ တက်လာသော သုံ့ပန်းစစ်ဗိုလ်ကို မြင်လိုက်ရသည်။ သူ့လက်တွင် မီးတုတ်ကိုင်ထား လေသည်။ ပြီးလျှင် သူ့နောက်ပါးတွင် ပေါက်တူးထမ်းလာသော သုံ့ပန်းစစ်သား၊ နောက်–အလောင်းထမ်းလာသော စစ်သားလေးယောက်၊ သူတို့နောက်မှ မီးတုတ် ကိုင် တစ်ယောက် ဖြစ်လေသည်။ စင်စစ် မီးတုတ်နှစ်ခု၏ အလင်းရောင်မျှဖြင့် လမ်းကို ကောင်းစွာမြင်ကြရသည်တော့ မဟုတ်နိုင်ချေ။ သို့ရာတွင် သူတို့သည် ဤလမ်းခရီးကို သွားလာဖူးကြသူများ ဖြစ်သောကြောင့်လည်း အမှန်းအဆဖြင့် လျှောက်နိုင်ခဲ့ကြခြင်းပင် ဖြစ်လေသည်။ သို့တိုင်အောင် အလောင်းထမ်းလာရသော သုံ့ပန်းလေးယောက်တို့ကား ခြေလှမ်း ခြေချ မမှန်ပါချေ။

ရထားလမ်းရှိရာသို့ သူတို့ရောက်လုလုတွင်မူ အမှောင်ထုအတွင်းရှိ ဂျပန် စစ်သားများသည် သေနတ်များကို အသီးသီး မောင်းထိုးလိုက်ပြီးနောက် နှစ်ယောက်ကူ လူစုခွဲလိုက်လေသည်။ သူတို့နေရာယူလိုက်ကြသည်မှာ သစ်ပင်ကြီးများအောက်တွင် ဖြစ်လေသည်။ တစ်ပင်လျှင် နှစ်ယောက်ကျ နေရာယူထားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် စကားပြန်သူငယ်မှာ သစ်ပင်ကြီးအောက် အမှောင်တွင်းမှ မီးတုတ် အလင်းရောင်ရှိရာသို့ ထွက်ရပ်လိုက်ကြလေသည်။

သုံ့ပန်းစစ်ဗိုလ်သည် ဂျပန်စစ်သားများကို သတိထားမိသလို ကျွန်တော်နှင့် စကားပြန် သူငယ်ကိုလည်း လှမ်းကြည့်လိုက်သည်။ သူသည် ကျွန်တော်တို့ကို မြင်လိုက်သည့်အခါ နဖူးနှင့် ရင်ဘတ်နှစ်ဖက်ပေါ်သို့ လက်ကို ရွှေ့လျားတင်လျက် ဘာသာရေး အထိမ်းအမှတ်ကို ပြုလေသည်။ ထို့နောက် ကျွန်တော်တို့ရှေ့မှ ဖြတ်လျက် ရထားလမ်းကို ကျော်ကာ တောစပ်ရှိရာသို့ ဦးတည်သွားလေသည်။ ကျွန်တော်တို့နှစ်ယောက်သည် သူတို့နောက်ပါးမှ နေလျက် တောစပ်အထိ လိုက်ပါသွားကြပါသည်။

သုံ့ပန်းစစ်ဗိုလ်သည် တောစပ်မှနေလျက် အတွင်းဘက်သို့ အနည်းငယ်မျှသာ ဝင်ရောက်ပြီးနောက် ထိုနေရာတွင် သူ့စစ်သား၏အလောင်းကို မြှုပ်နှံရန် ပြင်ဆင်ခြင်း ပြုလေသည်။ အလောင်းမြှုပ်နှံမည့် နေရာကိုလည်း သူကိုယ်တိုင် ရွေးချယ်ကာ သူကိုယ်တိုင် မြေကျင်းကို စတင်ပေါက်လေသည်။ ပြီးမှ သူ့နောက်ပါ စစ်သားများက တစ်ဦးပြီးတစ်ဦး ပေါက်ကြသည်။ ထိုအခါ အလောင်းစင် ဝါးကပ်ပေါ်တွင် အဆင်သင့် ယူဆောင်လာသော လက်ဝါးကပ်တိုင်တစ်ခု၊ မြေကော်သည့် ဂေါ်ပြားတစ်လက်၊ ဓားတစ်ချောင်း စသည်တို့ကိုလည်း ကျွန်တော် သတိပြုမိပါသည်။

ကျင်းတူးနေခိုက် အလောင်းကို မြေပြင်ပေါ်တွင် ချထားကာ မီးတုတ်အသစ် တစ်ခုကို ထွန်းညှိလျက် အလောင်းအနီးတွင် စိုက်ထူထားသောကြောင့်လည်း ကျွန်တော်တို့သည် သေသူ သုံ့ပန်း၏ပုံပန်းသဏ္ဌာန်ကို အတော်အတန်ပင် ကွဲပြားစွာ မြင်ရလေသည်။ သေဆုံးသူ သုံ့ပန်းစစ်သားမှာ လွန်မင်းစွာ ကြိုလှိမ့်ပျော့လျော့လျက် ရှိလေသည်။ သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ဘောင်းဘီသည် ဒူးဆစ် အထက်ကိုပင် ရောက်နေသော တိုနံ့နံ့ ဘောင်းဘီဖြစ်သည်။ အထက်ပိုင်းတွင် ဝတ်ထားသည်မှာလည်း စစ်အင်္ကျီမဟုတ်၊ စုတ်ပြဲနေသော ဝါကျင့်ကျင့် ညစ်ထပ်ထပ် စွပ်ကျယ်ဖြစ်သည်။

သုံ့ပန်းစစ်သား၏ မျက်နှာသည် ပါးနှစ်ဖက်ချိုင့်ခွက်လျက် မျက်ကွင်း ဟောက်ပက်ဖြစ်လျက် ပါးစပ်အဟောင်းသား ဟ,လျက် မုတ်ဆိတ်ကျင်စွယ်များ ကျိုးတိုးကျဲတဲထောင်လျက် ဖြူဖပ်ဖြူလျော်ဖြစ်ကာ မည်သည့်အချက်မျှ ကြည့်မကောင်းပါချေ။ ထိုဒဏ်ရာတွင်းကပင် ရွံးသိမ်နေသော ခန္ဓာကိုယ်အောက်ပိုင်းနှင့် မလိုက်ဖက်အောင် ဒူးခေါင်းနှစ်ခုက ကြီးမားနေလေသည်။

မြေပြင်တွင် စိုက်ထောင်ထားသော အလောင်းအနီးရှိ မီးတုတ်သည် အရှိန် ပြင်းစွာ တောက်လောင်လျက် ရှိလေသည်။ မီးခိုးမှိုင်း၊ မီးခိုးတန်းများသည်

အလိပ်အလိပ်ထကာ တလူလူလွင့်တက်နေလေသည်။ သုံ့ပန်းစစ်သားများသည် တစ်ယောက်တစ်လက်ဆိုသလိုပင် မြေကြီးများကို တူးဆွလိုက်၊ ဂေါ်ပြားနှင့် ကော်တင်သူက တင်လိုက် လုပ်ကိုင်ကြလေသည်။

ထိုအချိန်၌မူ သုံ့ပန်းစစ်ဗိုလ်သည် အလောင်းကို ဦးတိုက်မြှုပ်နှံမည့် သစ်ပင်ကြီး၏ ပင်လုံးပေါ်တွင် ဓားငယ်တစ်ချောင်းနှင့် တစ်စုံတစ်ရာကို ထွင်းမှတ်လျက် ရှိလေသည်။ သူ့အနီးတွင် စစ်သားတစ်ယောက် မီးတုတ်ကို မြှောက်ပြထားလေသည်။ သုံ့ပန်းစစ်ဗိုလ်၏ လှုပ်ရှားမှုသည် လေးလေးကွေးကွေး မဟုတ်ပေ၊ ခပ်သွက်သွက် ခပ်မြန်မြန် ဖြစ်လေသည်။

ဤလိုနှင့် မကြာမီပင် ကိစ္စအားလုံး ပြီးစီးသွားလေသည်။ ထိုအခါမှပင် သူတို့သည် အလောင်းခြေရင်းတွင် တညီတညွတ်တည်း တန်းစီရပ်ကြပြီးနောက် ကွယ်လွန်သူ သုံ့ပန်းစစ်သားအား အလေးပြုလိုက်ကြသည်။ စစ်ဗိုလ်ဖြစ်သူက တစ်စုံတစ်ရာကိုလည်း နှုတ်ဖျားမှ တတွတ်တွတ်ပြောသံ ကြားလိုက်ရသည်။ ဘာတွေပြောသည်ဟူ၍ကား ကျွန်တော်တို့ မသိပါပေ။

ထို့နောက် ထမ်းစင်ပေါ်မှ အလောင်းကို ကျင်းထဲသို့ချကာ မြေဖို့ခြင်းပြုကြလေသည်။ သုံ့ပန်းစစ်ဗိုလ်နှင့် စစ်သားတစ်ယောက်မှာမူ မြေပုံ၏ ခေါင်းရင်းဘက်တွင် အသင့်ယူဆောင်လာသော လက်ဝါးကပ်တိုင်ကလေးကို အတော်ပင် နက်အောင် ရိုက်သွင်းကာ စိုက်လိုက်ကြသည်။ ထိုကိစ္စများ ပြီးစီးသွားသည့်အခါတွင်လည်း သုံ့ပန်းစစ်ဗိုလ်ရော၊ စစ်သားများအားလုံးပင် နောက်ဆုံးအဖြစ် အလေးပြုကြပြီးမှ ရထားလမ်းရှိရာသို့ ထွက်လာကြလေသည်။

ကျွန်တော်သည် စကားပြန် သူငယ်၏ လက်ကို ဆွဲကာ သူတို့ရှေ့မှနေကာ မီးရထားသံလမ်းကို ဖြတ်ကျော်ခဲ့ပါသည်။

သည်တစ်ကြိမ် တဲတန်းလျားရှိရာသို့ ပြန်ခဲ့ကြသည့်အခါ၌မူ ကျွန်တော်နှင့် စကားပြန် သူငယ်တို့က ရှေ့ဆုံးမှ ဖြစ်လေသည်။ ကျွန်တော်တို့နောက် ခပ်လှမ်းလှမ်းတွင်မူ သုံ့ပန်းစစ်ဗိုလ်နှင့် မီးတုတ်ကိုင် သုံ့ပန်းစစ်သားတစ်ယောက် ဖြစ်လေသည်။ ထို့နောက်ပိုင်း ခပ်လှမ်းလှမ်းတွင် သုံ့ပန်းစစ်သားများဖြစ်လျက် သူတို့နောက်ကမှ ဂျပန်စစ်သားများနှင့် မီးတုတ်ကိုင် သုံ့ပန်းစစ်သားတစ်ယောက်တို့ ဖြစ်ကြလေသည်။

အမှန်အားဖြင့်မူ ကျွန်တော်တို့နှင့် သုံ့ပန်းစစ်သားများသည် တဲစခန်းများရှိရာသို့ ပြန်ကြသည့်အခါ သူ့လမ်း၊ ကိုယ့်လမ်း ခွဲလျက် ပြန်ကြရမည်ဖြစ်သော်လည်း ဂျပန်စစ်သားများက,လမ်းမြင်ရရေးအတွက် မီးတုတ်များ ပါလာသော သုံ့ပန်းများ

www.burmeseclassic.com

www.burmeseclassic.com

အား သည်မှာဘက်လမ်းမှ ခေါ်ဆောင်ခဲ့သောကြောင့်လည်း အပြန်ခရီးတွင် ကျွန်တော်တို့အားလုံး တပေါင်းတစည်းတည်း ပြန်ခဲ့ကြခြင်း ဖြစ်လေသည်။

ဤလို လျှောက်ခဲ့ကြ၍ ကျွန်တော်နှင့် စကားပြန် သူငယ်တို့ ကုန်းဆင်းကလေး တစ်နေရာသို့ ရောက်ခဲ့ကြသည့်အခါ၌မူ ကျွန်တော်တို့ နောက်ပါးမှ သံပန်းစစ်ဗိုလ်နှင့် စစ်သားသည် ခပ်သုတ်သုတ် လျှောက်လာပြီး ကျွန်တော့်အပါးသို့ ချဉ်းကပ်လာလေသည်။ ပြီးလျှင် သံပန်းစစ်ဗိုလ်သည် ကျွန်တော့်ကို အသံပြုလျက် တစ်စုံတစ်ရာသော အရာဝတ္ထုကို ကျွန်တော့်လက်သို့ လှမ်း၍ ပေးလိုက်သည်။ ထို့နောက် နှစ်ဦးစလုံးပင် ကျွန်တော်တို့ရှေ့မှ ဖြတ်တက်သွားကြလေသည်။

ကျွန်တော်သည် သံပန်းစစ်ဗိုလ် ပေးသွားသော ပစ္စည်းကလေးကို ရုတ်တရက် မကြည့်ဝံ့သေးဘဲ ကျွန်တော့်အိတ်ထဲသို့ လျင်မြန်စွာ ထိုးထည့်လိုက်ပါသည်။ ကျွန်တော့်ဘေးတွင် စကားပြန် သူငယ်ပါလာသောကြောင့် တစ်ကြောင်း၊ နောက် ခပ်လှမ်းလှမ်းတွင် ဂျပန်စစ်သားများ ပါရှိလာသောကြောင့် တစ်ကြောင်း ဖြစ်ပါသည်။ သို့ရာတွင် ဂျပန်စစ်သားများမှာမူ ကျွန်တော်တို့နှင့် အတော်ပင် အလှမ်းဝေး ကျန်ရစ်ခဲ့ကြပါသည်။

ရုတ်တရက် ကျွန်တော့်အိတ်ထဲသို့ ထည့်လိုက်သော ပစ္စည်းကလေးသည် မည်သည့်အရာဝတ္ထု၊ မည်သည့်ပစ္စည်းဖြစ်ကြောင်း မသိရသေးသော်လည်း တစ်မိုက်ခန့်သာ ရှိမည့် မာကျောကျော ပစ္စည်းကလေးတစ်ခုဖြစ်ကြောင်းကိုကား ကျွန်တော့်လက်တစ်ဖက်က စမ်းသပ်ကြည့်၍ သိရလေသည်။ ဤလိုနှင့် ကျွန်တော်နေသော တဲပေါ်သို့ ရောက်၍ မီးရောင်တွင် ကြည့်လိုက်သောအခါမှပင် ဖော်တိန်ကလေး တစ်ချောင်းဖြစ်ကြောင်း သိရပါလေသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုဖောင်တိန်ကလေးသည်ပင် သံပန်းစစ်ဗိုလ်အပေါ်၌ ကျွန်တော့်အနေနှင့် အချိန်ကာလ အတော်ကြာ မေ့မရနိုင်သော လက်ဆောင်ပစ္စည်းကလေးတစ်ခုဟူ၍ ကျွန်တော် ယူဆမိလေသည်။

သံပန်းစစ်ဗိုလ်နှင့် ကျွန်တော်မှာမူ ထိုည၊ ထိုအချိန်က တွေ့ကြရခြင်းသည် နောက်ဆုံးပင် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုပါမူ ကျွန်တော်နှင့် ဘွန်ထိုက်ချို အဖွဲ့အချို့သည် နောက်တစ်နေ့မနက် ဝေလီဝေလင်းအချိန်၌ပင် လုံးဝမမျှော်လင့်ပါဘဲ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းခဲ့ရသောကြောင့် ဖြစ်လေသည်။

❑

၂၉။ စွန့်စားရသော အပြန်ခရီး

တပ်ဒိန်စခန်းသို့ ပြောင်းရွှေ့ခဲ့ရသော ကိစ္စနှင့် ပတ်သက်၍ကား ကျွန်တော့်အဖို့ များစွာ စိတ်မကောင်းဖြစ်ရသော ကိစ္စတစ်ခု ရှိခဲ့ရပါလေသည်။ ထိုအဖြစ်မှာ တခြားမဟုတ်ပါ။ ကျွန်တော်တို့နှင့် အမြဲတမ်း တွဲလာခဲ့ရသော ဘွန်ထိုက်ချို ကိုမောင်စိန်တို့အဖွဲ့သည် ကျွန်တော်တို့နှင့် စခန်းပြောင်းရွှေ့ရာသို့ အတူတကွ မပါလာဘဲ ဘုရားသုံးဆူစခန်းတွင် ကျန်နေခဲ့သည့်ကိစ္စပင် ဖြစ်လေသည်။ ဆေးရုံစခန်းမှ ရွှေ့ပြောင်းခဲ့သော လူမမာ ချွေးတပ်သားများမှာလည်း ကျွန်တော်တို့နှင့် အတူ ပါမလာဘဲ ဘုရားသုံးဆူစခန်း၌ပင် ကျန်ရစ်ခဲ့လေသည်။ ထိမင်းချက်ခေါင်းကြီး ကိုစံကမှာလည်း ဘုရားသုံးဆူစခန်း၌ပင် ကျန်ရစ်ခဲ့လေသည်။

ဘွန်ထိုက်ချို့အဖွဲ့အချို့နှင့် ကျွန်တော်မှာ ဂျပန်စစ်ဗိုလ် အိနားမက်ဆု၏ အမိန့်နှင့် ဝေလီဝေလင်းအချိန်တွင် ရုတ်ချည်း ရွှေ့ပြောင်းရသောကြောင့်လည်း ကျွန်တော့်မှာ မည်သူ့ကိုမျှ နှုတ်မဆက်ခဲ့ရပါချေ။ ဂိုဒေါင်စာရေး ကိုသန်းမောင်၊ ကိုချစ်ထွန်း၊ ဆင်ခေါင်းကြီး ဦးနမ့်လွေ့ စသူတွေကိုလည်း ကျွန်တော် နှုတ်မဆက်ခဲ့ပါချေ။ စကားပြန် သူငယ်ကလေး မောင်ချစ်ပင် ကျွန်တော်တို့ ရွှေ့ပြောင်းရမည့် အဖြစ်ကို ကြိုတင်မသိဟု ပြောပါသည်။ ကျွန်တော်တို့ ရွှေ့ပြောင်းရသော ကိစ္စသည် ညအချိန်မတော်တွင် တပ်ဒိန်စခန်းရှိ အထက်စစ်ဗိုလ်များက တယ်လီဖုန်းဆက်ကာ အမိန့်ပေးလိုက်ခြင်း ဖြစ်ဟန်တူကြောင်းနှင့် စကားပြန် သူငယ်က ပြောလေသည်။ ယုတ္တိတန်သော စကားဖြစ်သည်ဟူ၍လည်း ကျွန်တော် ယူဆမိလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို့အဖွဲ့အချို့ တပ်ဒိန်စခန်းသို့ ပြောင်းရွှေ့ကြရမည့် ကိစ္စကို စကားပြန် သူငယ်ကလေးသည် ကြိုတင်၍ မသိရှိခဲ့ကြောင်းမှာလည်း အမှန်အတိုင်းပင် ဖြစ်ပါလိမ့်မည်။ အကယ်၍ စကားပြန် သူငယ်ကလေးသာ

www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်သိရှိခဲ့ပါလျှင် ယမန်နေ့ည သုံ့ပန်းစစ်သား၏ အသုဘမှ အပြန်ဟွင်း ပြောကြား ခြင်းပြုလိမ့်မည်မှာ ယုံမှားသံသယဖြစ်မိစရာ မရှိပါချေ။ ပြီးလျှင် ဂျပန် စစ်ဗိုလ် အိနားမတ်ဆုကိုယ်တိုင်ပင် ညဉ့်ဦးပိုင်းအချိန်အထိ ထိုအကြောင်းကို မသိရှိရသေးဟူ၍လည်း ကျွန်တော် ယူဆမိပါသည်။ အဘယ့်ကြောင့်ဆိုလျှင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုသည် ထိုအကြောင်းမျှလောက်ကိုကား ကျွန်တော့်အပေါ် တွင် ထိန်ချန်လျှို့ဝှက်ထားစရာ မရှိသောကြောင့်လည်း ဖြစ်ပါသည်။ ပြီးလျှင် ဘုရားသုံးဆူစခန်းမှ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းရသောကိစ္စမှာ အောက်စခန်းမှ တောနက်ရာ အထက်စခန်းတစ်နေရာသို့ ပြောင်းရွှေ့ရသည့် ကိစ္စမဟုတ်ပါ။ အထက်စခန်းမှနေကာ အောက်စခန်းသို့ ပြောင်းရွှေ့ရသော ကိစ္စတစ်ခုသာ ဖြစ်လေသည်။ များသောအားဖြင့်လည်း ကျွန်တော်တို့ ချွေးတပ်သားအနေနှင့် စခန်းပြောင်းရွှေ့ခြင်း ပြုကြရသည့်အခါများတွင် အထက်စခန်းများကို ရွှေ့ကြ ပြောင်းကြရသည်ထက် အောက်စခန်းများကို ရွှေ့ပြောင်းရခြင်းကသာ အဖတ်အတန် စိပ်ပါးပါးကြစမြဲပင် ဖြစ်လေသည်။

ကျွန်တော်သည် သည်တစ်ကြိမ် တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း နှင့် အိနားမတ်ဆုက အမိန့်ပေးပြောကြားလိုက်သည့်အခါ၌ပင် စိတ်ထဲက ဆုံးဖြတ် ချက်ကစ်ခုကို ချမှတ်သိုက်ပြီးပင် ဖြစ်လေသည်။

တပ်ဒိန်စခန်းသို့ ရောက်လျှင် အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်ရှုပြီး နောက် ထွက်ပြေးမည်ဟူသော စိတ်ဆုံးဖြတ်ချက် ဖြစ်လေသည်။ ထိုဆုံးဖြတ်ချက် ကိုလည်း သန္နိဋ္ဌာန်တပ်ရပ်အနေနှင့် အပြီးအပိုင် ချမှတ်လိုက်ပါသည်။ ကျွန်တော်တို့ အဖို့ တောတွင်းချွေးတပ်စခန်း ဂျပန်များလက်တွင်းမှ လွတ်မြောက်ရေးလမ်းသည် ဤနည်းတစ်နည်းသာ ရှိကြောင်းကိုလည်း ကျွန်တော်သည် သဘောပေါက်နားလည် ခဲ့ရပါလေပြီ။

နောက်တစ်ကြောင်း ကျွန်တော်တွေးမိသည်မှာ စိတ်ပျက်အားလျော့ကာ ဥတ်တုတ်ထိုင်လျက် အသေခံမည်လော၊ လှုပ်ရှားရုန်းကန်ခြင်းဖြင့် လွတ်မြောက်ရေးကို စွန့်စားအားထုတ်မည်လောဟူသော အကြောင်းနှစ်ချက်ပင် ဖြစ်ပါသည်။ ထိုကိစ္စ အတွက် ကျွန်တော်သည် ဒုတိယနည်းလမ်းကို ရွေးချယ်လိုက်လေသည်။ ဤ နည်းလမ်းသည်သာ တောတွင်းချွေးတပ်စခန်း ရောက်ရှိနေသော ကျွန်တော်လို လူတစ်ယောက်အဖို့ အမှန်ကန်ဆုံးနှင့် အသင့်လျော်ဆုံးဟူ၍လည်း ကျွန်တော် ယူဆမိပါသည်။

သည်တစ်ကြိမ် ဘုရားသုံးဆူစခန်းမှ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းရသည်တွင် ဘွန်ထိုက်ချိုအဖွဲ့ မှူးကို ဂျပန်စစ်ဗိုလ် အိနားမတ်ဆုကိုယ်တိုင်ပင် ရွေးချယ်ခြင်း

ပြုပါသည်။ အိနားမတ်ဆု ရွေးချယ်သောအဖွဲ့ များသည် အကောင်းပင် လုပ်နိုင်ကိုင်နိုင် အားရှိသေးသော အနှစ်တော လူချောဆိုရမည့် အဖွဲ့ များ ဖြစ်ပါသည်။ ထို့ကြောင့် လည်း မသန်မစွမ်းသူများ များနေသော ဘွန်ထိုက်ချို ကိုမောင်စိန်အဖွဲ့၊ ဟန်ချို ကိုချစ်တီးအဖွဲ့တို့မှာ ဘုရားသုံးဆူစခန်း၌ပင် ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။ ကျွန်တော်၏ မိတ်ဆွေကြီးများဖြစ်ကြသော ကိုသာမြိုင်၊ ကိုစိန်မောင် စသူများမှာမူ ကျွန်တော်နှင့်အတူ တပ်ဒိန်စခန်းသို့ ပါရှိလာခဲ့လေသည်။

စခန်းပြောင်းရသည့်အခါ ကျွန်တော့်အဖို့ စိတ်မကောင်းဖြစ်ရသလို စိတ် ချမ်းသာရသော အကြောင်းများလည်း ရှိရပါလေသည်။ ဤလို စိတ်ချမ်းသာရမှုမှာ ကျွန်တော်နှင့် ရင်းနှီးခင်မင်သော ကိုသာမြိုင်တစ်ယောက် ပါရှိလာခြင်းနှင့် ဘွန်ထိုက်ချို ကိုမောင်စိန်အဖွဲ့မှ ကရင်အမျိုးသားကလေး မောင်သာဆင် ပါရှိ လာသောကြောင့်ပင် ဖြစ်ပါသည်။ သာဆင်မှာ ကျွန်တော့်အပေါ်တွင် အစ်ကို အရင်းအချာတစ်ယောက်ပမာ ခင်မင်အားကိုးရှာသူ၊ ကျွန်တော့်အတွက် ဝတ်ကြီး ဝတ်ငယ် ပြုစုရှာသူ၊ တစ်ရပ်တည်း၊ တစ်နယ်တည်းသား ဖြစ်သူ၊ ကျွန်တော့်တို့ ချွေးတပ်သားအဖွဲ့သားများတွင် အသက်အငယ်ဆုံးဖြစ်ရှာသူ ချွေးတပ်သားကလေး ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော် ထွက်ပြေးသည့်အခါ ထိုသူငယ်ကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားရန် ကျွန်တော် ဆုံးဖြတ်ထားသောကြောင့် ဖြစ်ပါသည်။

ဘုရားသုံးဆူစခန်းမှ အတော်အတန်လုပ်အားစွမ်းရှိသော ဘွန်ထိုက်ချို အဖွဲ့များအား တပ်ဒိန်စခန်းသို့ အရေးတကြီးရွှေ့ပြောင်းပေးလိုက်ခြင်းသည် တပ်ဒိန် တံတားကြီး အနီးရှိ မီးရထားသံလမ်းများ အနည်းငယ် နှိမ့်ကျသွားသောကြောင့် ဖြစ်ကြောင်း တပ်ဒိန်သို့ ရောက်သည့်အခါ၌ ကျွန်တော်တို့ သိရှိရလေသည်။

တံတားကြီး တစ်ဖက်နှိမ့်ကျသွားသော နေရာတွင် သုံ့ပန်းစစ်သားများနှင့် ကျွန်တော်တို့ ချွေးတပ်သားအလုပ်သမားများက ဇလီဖားတုံးများ အသစ်လဲလှယ် ခြင်း၊ ကျောက်များ ဖို့ပေးခြင်း စသည်များကို လုပ်ကိုင်ကြရန် ဖြစ်လေသည်။ ကျောက်ဖို့ရမည့် ကိစ္စမှာမူ နှိမ့်ကျသွားသော နေရာ၌သာ မဟုတ်ဘဲ တံတားကြီး၏ ဟိုမှာဘက် တစ်ဖာလုံကျော်ကျော်အကွာအဝေးခန့်နှင့် တံတားကြီး၏ သည်မှာဘက် နှစ်ဖာလုံကျော်ကျော် ဇရိယာအတွင်း ဖြစ်ပါသည်။ တပ်ဒိန်စခန်းသို့ နောက်ထပ် ရောက်ရှိနေသော ဂျပန်စစ်ဗိုလ်သည် ကျွန်တော်တို့ လုပ်ကိုင်ရမည့် အလုပ်များကို ကျွန်တော့်အား ပြောကြားခြင်း ပြုလေသည်။

သူသည် ကျွန်တော်တို့ ချွေးတပ်သားများအားလုံးက အမုန်းဆုံးဖြစ်သော ဂျပန်စစ်ဗိုလ် ကုမေကာ၏ နေရာတွင် ပြောင်းရွှေ့လာရသော ဂျပန်စစ်ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ဖြစ်ပါသည်။ သူ့နာမည်ကို ကျွန်တော် မသိခဲ့ရပါ။ ကျွန်တော့်မှာ ကျွန်တော့်အကြောင့် ကျွန်တော် ဖြစ်သောကြောင့် ထိုကျပန်စစ်ဗိုလ်၏ အမည်နာမ ကိုလည်း သိလိုစိတ် မရှိလှပါ။ ကျွန်တော် အကဲခတ်မိသလောက်ဆိုပါမူ ထိုကျပန်စစ်ဗိုလ်မှာ သဘောဆိုးလွယ်သည်လည်း မဟုတ်၊ ပြောပလောက်အောင် သဘောကောင်းလွယ်သည်လည်း မဟုတ်၊ ဟာသာလဝါ နေတတ်သူ ဖြစ်လေသည်။ သူ့မျက်နှာပေါ်တွင် ကျပန်စစ်ဗိုလ်များနှင့် မတူသော ထူးထူးခြားခြား တွေ့မြင်ရသည်မှာ မုတ်ဆိတ်များပင် ဖြစ်လေသည်။ ထို့ကြောင့် သူ့ကို ချွေးတပ်သားများက ဗိုလ်မုတ်ဆုတ်ဟူ၍ အမည်ပေးလိုက်ကြလေသည်။

ဗိုလ်မုတ်ဆိတ်၏ စကားပြန်မှာလည်း မောင်ချစ်တို့၊ မောင်အေးချို့တို့လို မွန်အမျိုးသားလေးတစ်ယောက်ပင် ဖြစ်လေသည်။ ထိုသူငယ်၏ အမည်မှာ အောင်မောင်စိန်ဟူ၍ ဖြစ်လေသည်။ ထိုသူငယ်ကလေးမှာ ကျွန်တော် တွေ့ဖူးသော စကားပြန် သူငယ်ကလေးများအနက် အလွန်တရာမှ နှုတ်နည်းသူ၊ ထုံထိုင်းထိုင်းနိုင်သူ စကားပြန်ကလေးတစ်ယောက် ဖြစ်လေသည်။ သူသည် မေးမြန်းနိုင်ပါမှ မပြောချင်ပြောချင်နှင့် စကားတစ်ခွန်းပြောသူ ဖြစ်လေသည်။ အ,နေရော့သလား ဟူ၍ပင် ထင်ရလေသည်။ ပြီးလျှင် ထိုသူငယ်မှာ ကျပန်စစ်ဗိုလ် ဗိုလ်မုတ်ဆိတ်၏ အပါးမှ ခွာလှသည်ဟု မရှိပါချေ။ ကျပန်စစ်ဗိုလ်က ခိုင်းလျှင် ခိုင်း၊ မခိုင်းလျှင် အနီးတွင် ငုတ်တုတ်ထိုင်နေတတ်လေသည်။

တပ်ဒိန်စခန်းသည် ကျွန်တော်တို့အဖို့ စခန်းဟောင်းတစ်ခု ဖြစ်သောကြောင့်လည်း ကျွန်တော်တို့ လူများအားလုံးပင် အနေ အစား စိမ်းမနေကြပါပေ။ ဘယ်ကသွားလျှင် ဘယ်ကိုရောက်မည်။ ဘယ်နေရာတွင် ဘာရှိသည်။ ဘယ်ခရီးသည် ဘယ်မျှဝေးသည် ဆိုခြင်းကိုလည်း အစခပ်သိမ်း သိရှိနေကြပါသည်။ ထမင်းချက်ခေါင်းမှာမူ ကျွန်တော်တို့နှင့် ယခုမှ ဆက်ဆံဖူးသော ဦးဘသန်းဆိုသူ ဖြစ်ပါသည်။ မြန်မာ ကရင် ကပြာတစ်ယောက် ဖြစ်ပါသည်။ လူမှာ ပုတိုတို၊ အသားနီစပ်စပ် ဖြစ်သည်။ သဘောကောင်းသော်လည်း စကားအပြောအဆို တိုတောင်းလှလေသည်။ သူက ကျပန်ဆိုလျှင် ဘယ်ကျပန်တွေ့တွေ့၊ မာစတာ၊ မာစတာဟု တွင်တွင်ခေါ်ကာ ကျပန်များက တစ်ခုခုပြောလျှင်လည်း နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ တဟိုက်ထဲ ဟိုက်နေတတ်လေသည်။

တပ်ဒိန်စခန်းသို့ သည်တစ်ကြိမ် ပြန်ရောက်လာသည့်အခါ ယခင်က ကျွန်တော်တို့ နေသွားခဲ့ဖူးသော တဲတန်းလျားများတွင် ကျွန်တော်တို့ မနေကြရတော့ပါချေ။ ယခင်နေသွားသော စခန်းနှင့် ကိုက်တစ်ရာ့လေးဆယ်အကွာတွင်

တဲကြီးနှစ်လုံးရှိ၍ တစ်လုံးတွင် ကျွန်တော်တို့ နေရပါသည်။ ကျန်တစ်လုံးတွင်မူ သုံးပန်းချွေးတပ်သား သုံးလေးဆယ်ခန့် နေကြလေသည်။ ယခင် စခန်းနေရာဟောင်းမှာ ဝမ်းရောဂါများ ဖြစ်ပွားပြီး၍ ကျွန်တော်တို့တစ်တွေ ပြောင်းရွှေ့သွားသည့်နောက် မီးရှို့ဖျက်ဆီးပစ်လိုက်ကြောင်းနှင့် ထမင်းချက်ခေါင်းကြီး ဦးဘသန်းက ပြောပြပါသည်။

ကျွန်တော်တို့နေရသော စခန်းနှင့် ကျွန်တော်တို့ အလုပ်ဆင်းရသည့် အကွာအလှမ်းသည် နှစ်မိုင်သာသာ အကွာအဝေး ရှိလိမ့်မည်ဟု ကျွန်တော် ခန့်မှန်းပါသည်။ ထိုနေရာသည် တဲတားကြီး၏ တစ်ဘက်အစ ဖြစ်လေသည်။ တပ်ဒိန်ဘူတာမှာ တဲတားကြီး၏ သည်မှာဘက်တွင် မဟုတ်ဘဲ ကျန်တစ်ဘက်တွင် ဖြစ်လေသည်။ တဲတားနှင့် ဘူတာသည် တစ်ဖာလုံသာသာ နှစ်ဖာလုံနီးနီး အကွာအဝေး ရှိလေသည်။ ကျပန်များ အများဆုံး နေထိုင်ကြသည်မှာလည်း ဘူတာရှိရာဘက်တွင် ဖြစ်လေသည်။ သို့ရာတွင် ၎င်းတို့နေထိုင်ကြသည်မှာ ဘူတာအနီးတွင် မဟုတ်ပါ။ ဘူတာနှင့် အတန်လှမ်းသော တောစပ်ကလေးအခြေတွင် ဖြစ်လေသည်။

ထိုင်းဘက်မှ လာသော ရထားသည် တပ်ဒိန်တဲတားကြီးကို ဖြတ်ကျော်ခုတ်မောင်းပြီးနောက် တပ်ဒိန်ဘူတာတွင် ဝင်ရောက်ရပ်နားခြင်း ဖြစ်လျက် သံဖြူဇရပ်မှလာသော ရထားမှာမူ ဘူတာတွင် ရပ်နားပြီးနောက်မှ တဲတားကို ဖြတ်ကျော်ခြင်းပင် ဖြစ်လေသည်။ သံဖြူဇရပ်မှ ဘုရားသုံးဆူ စခန်းအတွင်းရှိ တဲတားများအနက် တပ်ဒိန်တဲတားမှာ အကြီးဆုံးဖြစ်သော်လည်း အစောင့်အရှောက်ဟူ၍ကား အလျဉ်းပင် မထားပါပေ။

ကျွန်တော့်မှာ ထွက်ပြေးရန်အတွက် စိတ်နှလုံး ခုန်းခုန်းချထားသော်လည်း ထိုအကြောင်းကို မည်သူ့အားမျှ ဖွင့်ဟတိုင်ပင်ခြင်း၊ တစ်ခုတစ်ရာ ပြောကြားခြင်း မပြုသေးပါ။ ကျွန်တော်နှင့် အရင်းနှီးဆုံးဖြစ်သော ဘွန်ထိုက်ချို ကိုသာမြိုင်ကိုလည်း မပြောသေးဘဲ နှုတ်ဆိတ်ထားပါသည်။ ကျွန်တော်၏ လက်တိုလက်တောင်း တပည့်ကလေးလို ဖြစ်နေသော သာဆင်ကိုလည်း အရိပ်အမြွက်မျှ မသိစေဘဲ ကျွန်တော်တစ်ဦးတည်းသာ ဝမ်းတွင်းကျိတ်ကြိစည်လျက် ရှိပါသည်။

စင်စစ် ချွေးတပ်စခန်းများမှ ထွက်ပြေးမည်ဆိုလျှင် နှစ်ယောက်၊ သုံးယောက် ထက် ပို၍ လူများခဲ့သော် မသင့်တော်ကြောင်း၊ ကျွန်တော် စဉ်းစားမိပါသည်။ ဂိုဒေါင်စာရေး ကိုသန်းမောင်၊ ကိုချစ်ထွန်း စသူများကလည်း သည်အတိုင်းပင် အကြံဉာဏ်ပေးကြပါသည်။ လူစုလူဝေးနှင့် ထွက်ပြေးခြင်းပြုမည်ဆိုပါက ကျပန်များ

www.burmeseclassic.com

www.burmeseclassic.com

ရိပ်မိသိရှိနိုင်လေသည်။ ပြီးလျှင် ဂျပန်များနှင့်တွေ့သည့်ကိုင် အရောင်ရ အတိမ်းရ ခက်လေမည်။ နောက်တစ်ကြောင်း ရှိသည်မှာလည်း ကျွန်တော့်လို လူတစ်ယောက်က ထွက်ပြေးတော့မည်ဆိုလျှင် နောက်မှ တသီတတန်းကြီး လိုက်ကြလေမည်ကိုလည်း၊ စိုးရိမ်ရလေသည်။ ထိုအခါ ကျွန်တော်၏ စိတ်ကူးအကြံအစည်ကြီး တစ်ခုလုံး ပျက်စီးရမည့်အရေးကိုလည်း ကျွန်တော် တွေးတောရလေသည်။ ထို အကြောင်းများကြောင့်ပင် ကျွန်တော်သည် ကျွန်တော်၏ အကြံအစည်ကို မည်သူ့ အားမျှ ဖွင့်ထုတ်ပြောကြားခြင်းမပြုဘဲ လျှို့ဝှက်ထားခြင်းသာ ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်နှင့် သာဆင်တို့ ထွက်ခွာတော့မည်ဆဲဆဲ၌မှ အရင်းနှီးဆုံး ဖြစ်သော ကိုသာမြိုင်ကိုကား ဖွင့်ပြောကြားရန် ကျွန်တော့်တွင် ရည်ရွယ်ထားပြီး ဖြစ်ပါသည်။ ထိုအခါ၌ ကိုသာမြိုင် လိုက်လိုကလည်း သုံးဦးသားပြေးကြရန် ဖြစ်သည်။

သည်တစ်ကြိမ် ကျွန်တော်တို့ နေထိုင်ရသော တဲတန်းလျားသည် သုံ့ပန်းများ နေထိုင်သည့် တဲကြီး၏ နောက်ဘက်တွင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့တစ်တွေသည် ရထားလမ်းရှိရာသို့ သွားလိုပါက သုံ့ပန်းများ နေထိုင်ရာ တဲကြီးအတွင်းမှနေ၍ ဖြတ်သွန်းသွားကြရလေသည်။ တပ်ဒိန်စခန်းတွင် နောက်ဆုံးတွေ့ရသော ဗြိတိသျှစစ်သုံ့ပန်းများအပေါ်တွင်မူ ကျွန်တော့်အနေနှင့် လုံးဝစိတ်မဝင်စားပါချေ။ ထိုသုံ့ပန်းများမှာလည်း များသောအားဖြင့် အလုပ်သိမ်း၍ ပြန်လာပြီးသည်ဆိုလျှင်ပင် တဲတန်းလျားပေါ်တွင် ခွေအိပ်နေတတ်လေသည်။ ယခုတစ်ဖန် သုံ့ပန်းများနှင့် ပတ်သက်၍ တစ်မျိုးဖြစ်နေသည်ကို မြင်ရပြန်ပါသည်။ ထိုတစ်မျိုးမှာ တခြားမဟုတ်ပါ။ သုံ့ပန်းများအတွက် သီးခြား ရိက္ခာရာရှင်ကို မပေးတော့ဘဲ ထမင်းချက်ခေါင်းကြီး ဦးဘသန်းကပင် ထမင်းပုံစံပေးနေရခြင်း ဖြစ်လေသည်။

သုံ့ပန်းများနှင့် ပတ်သက်၍ ထမင်းချက်ခေါင်းကြီး ဦးဘသန်းထံမှ ကျွန်တော် သိရသည်မှာ သုံ့ပန်းစစ်သည်များသည် ကျွန်တော်တို့ မရောက်မီ တစ်ရက်ကမှ ရောက်လာခြင်းဖြစ်ကြောင်း၊ ပြီးလျှင် ၎င်းတို့သည် တနင်္ဂနွေ နှစ်ပတ်၊ သုံးပတ်ခန့်သာ ဤတပ်ဒိန်စခန်းတွင် နေရမည်ဖြစ်၍ သံလမ်းများပြုပြင်ခြင်း၊ ကျောက်များဖို့များ၊ ဧလိဖာတုံးများ လဲလှယ်ခြင်း စသည်တို့ပြီးစီးလျှင် ၎င်းတို့၏ မူလစခန်းသို့ ပြန်လည်ရွှေ့ပြောင်းကြလိမ့်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သုံ့ပန်းများ အတွက် ရိက္ခာရာရှင်ကို သီးခြားထုတ်မပေးတော့ဘဲ အရပ်သား ချွေးတပ်သား များလိုပင် ဦးဘသန်းကပင် ပုံစံပေးနေရကြောင်း သိရပါလေသည်။

ထိုအခါ ကျွန်တော် ကိုယ်တိုင်မှာလည်း ကျွန်တော်၏ ထွက်ပြေးရေး အစီအစဉ်ကို တနင်္ဂနွေ တစ်ပတ်အတွင်း၌ပင် ပြီးစီးအောင် စီစဉ်ရန် အားထုတ်ရ

ပါသည်။ အကယ်၍ အပြေးအခွာနောက်ကျနေပါက ကျွန်တော်တို့ ချွေးတပ်သား များကိုလည်း ဘုရားသုံးဆူစခန်းသို့ ပြန်ပို့နေမည်ဆိုပါက ကျွန်တော်၏ အစီအစဉ် ပျက်သွားလေမည်ကို တွေး၍ စိုးရိမ်ရပါသည်။ ထို့ကြောင့်ပင် ကျွန်တော့်မှာ တပ်ဒိန်စခန်းသို့ ရောက်ပြီး၍ လေးငါးရက်အတွင်း၌မှာပင် လေ့လာစရာကိစ္စများ၊ စုံစမ်းစရာကိစ္စများ၊ သိသင့်သိထိုက်သည်များကို အပူတပြင်း စုံစမ်းလေ့လာခြင်း ပြုရပါလေသည်။

ကျွန်တော်သည် တပ်ဒိန်ဘူတာသို့ ရထားဝင်တတ်သောအချိန်၊ ဘူတာမှ ရထားထွက်တတ်သောအချိန်၊ ညဘက်တွင် တဲတားပေါ်၌ အစောင့်ဂျပန် ရှိ,မရှိ ဆိုသော ကိစ္စ၊ တဲတန်းလျားမှနေကာ ဘူတာရှိရာသို့ အချိန်မတော် သွားရမည့် ကိစ္စ၊ ဂျပန်များ၏ အနေအထား စသည်များကို အသေးစိတ်ကာ လေ့လာစုံစမ်းခြင်း ပြုရပါလေသည်။ ထိုကိစ္စများကို အထပ်ထပ် စုံစမ်းလေ့လာပြီးသည့်နောက် ကျွန်တော်သည် သာဆင်အား မနက်ပိုင်း အလုပ်ဆင်းတော့မည့်ဆဲဆဲမှပင် ညဘက်တွင် ထွက်ပြေးမည့်အကြောင်း မည်သူ့ကိုမျှ မပြောရန်၊ ဣန္ဒြေမပျက် ရှိစေရန်နှင့် ကြိုတင်စီစဉ်ထားရန် မှာကြားပြောဆိုခြင်း ပြုရပါလေသည်။

ကျွန်တော်က ထိုကိစ္စ ထိုအကြောင်းကို ပြောထားသည့်အခါ လူငယ် တစ်ယောက်ဖြစ်သော သာဆင်မှာ အတော်အတန် ဣန္ဒြေပျက်နေပါလေသည်။ သို့ရာတွင် အခါတိုင်းနေနှင့် မတူအောင် သွက်လက် ဖျတ်လတ်နေသော သာဆင်၏ လှုပ်ရှားမှုများကိုကား ဘွန်ထိုက်ချို ကိုသာမြိုင်တို့လူစုက မရိပ်မိကြပါချေ။ ပြီးနောက် သာဆင်မှာ ထိုနေ့တစ်နေ့လုံး ကျွန်တော့်ကို မျက်ကြောပြတ် မခံဘဲ ဖြစ်နေပါလေသည်။ ကျွန်တော် ထွက်ပြေးလျှင် သူ ကျန်ရစ်ခဲ့မည်ကို သာဆင် စိုးရိမ်ကြောင့်ကြဟန် တူလေသည်။

ဤလိုနှင့်ပင် အချိန်သည် တဖြည်းဖြည်း ကုန်လွန်လာလေသည်။ အလုပ် ခွင်မှ တက်ရောက်လာကြသော ချွေးတပ်အလုပ်သမားများမှာလည်း ထုံးစံအတိုင်းပင် ထမင်းများ စားသောက်ကြပြီးနောက် တဲတန်းလျားပေါ်တွင် တုံးလုံးပက်လက် လဲကုန်ကြလေပြီ။ ကိုသာမြိုင်ကိုယ်တိုင်မှာလည်း သူ့နေရာ သူ့အိပ်ရာတွင် လဲနေလေသည်။ တဲအတွင်းရှိ မီးပုံကြီးအနီး၌ ထိုင်နေသူမှာ ကျွန်တော်နှင့် သာဆင်တို့ နှစ်ယောက်တည်းသာ ဖြစ်လေသည်။

ကျွန်တော့်အနေနှင့် စဉ်းစားစိတ်ကူးထားသည်မှာ ဥ နာရီအချိန်လောက်မှ စခန်းအတွင်းက ထွက်ခွာရန် ဖြစ်ပါသည်။ သို့ရာတွင် အချိန်က အတော်လိုသော်သဖြင့် မီးပုံအနီးတွင် ဆေးလိပ်သောက်ရင်း ထိုင်၍ စဉ်းစားနေမိခြင်း ဖြစ်မှသည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်း ထွက်ပြေးရတော့မည်ဆိုသောအခါ၌မူ ကျွန်တော်၏ ရင်ထဲတွင် အတော်ပင် လှုပ်ရှားနေမိလေသည်။ ပြီးသော် နေ့ပေါင်း၊ လပေါင်း၊ အချိန် ကြာညောင်းစွာက သည်တော၊ သည်တောင်ကြီးထဲတွင် ဆင်းရဲငြိုငြင်စွာ အတူတကွ နေထိုင်လာခဲ့ကြသော ချွေးတပ်သားများနှင့် ခွဲခွာရတော့မည့်အရေးကို တွေးတော မိသောကြောင့်လည်း စိတ်မကောင်းခြင်း ဖြစ်ရပါလေသည်။ သို့ရာတွင် ဤ ကိစ္စကား မည်သို့မျှ မတတ်နိုင်ပါချေ။ မိမိ၏ဘဝလွတ်မြောက်ရေး၊ အသက် တစ်ချောင်း တည်မြဲရေးအတွက်ကိုကား သူတို့တစ်တွေနှင့် စွန့်စား ခွဲခွာရမည်တော့ ဖြစ်လေသည်။

သို့နှင့် ၉ နာရီထိုးလုလုတွင်မူ ကျွန်တော်သည် ဘွန်ထိုက်ချို ကိုသာမြိုင်အား၊ ကျွန်တော်၏ အစီအစဉ်ကို ဖွင့်ဟုတ်ကာ ပြောကြားရလေသည်။ "ဘယ်လိုလဲ၊ ခင်ဗျားကော လိုက်မလား ကိုသာမြိုင်" ဟူ၍လည်း ကျွန်တော်က မေးလိုက် ပါသည်။ သို့ရာတွင် လိုက်မယ်၊ မလိုက်ဘူးဆိုသော ကိုသာမြိုင်၏ အဖြေကိုကား ကျွန်တော် တစ်စုံတစ်ရာ မကြားရပါချေ။ မျက်လုံးအိမ်ထဲမှ မျက်ရည်များ တွေတွေ စီးကျလာသော အဖြစ်ကိုသာ ကျွန်တော် မြင်ရပါလေသည်။

"ကျွန်တော်တော့ အတိအကျ ဆုံးဖြတ်ပြီးပြီဗျာ၊ ဒီတောကြီးထဲမှာ အသေ မခံနိုင်ဘူး၊ သာဆင်ကိုလဲ ကျွန်တော် ခေါ်သွားမယ်" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ကိုသာမြိုင်သည် အတန်ကြာတွေနေပြီးမှ "ဆရာလေးတို့ ပြေးနှင့်ပေါ့ဗျာ၊ ဆရာလေး မရှိရင် ကျွန်တော်လဲ ပြေးမှာပဲ၊ ကျွန်တော်ကိုယ်တိုင်လဲ ပြေးချင်နေတာ ကြာလှပြီ၊ ဒါပေမယ့် ကြောက်လဲ ကြောက်တယ်၊ ကျွန်တော် ပြေးရင် ခေါ်ရမယ့် လူက သုံးလေးယောက် ရှိသေးတယ်" ဟု မျက်ရည်များ သုတ်ရင်းက ပြောပါ လေသည်။

ကျွန်တော်သည် ကိုသာမြိုင်အား ကျွန်တော်တို့ကဲ့သို့ပင် ပြေးဖြစ်အောင် ထွက်ပြေးရန်ကိုလည်းကောင်း၊ ထိုကဲ့သို့ ပြေးမည်ဆိုပါကလည်း စခန်းမပြောင်းရွှေ့မီ ပြေးရန်ကိုလည်းကောင်း၊ ဖြေးသည့်အခါ သုံးလေးယောက် တစ်တွဲထက် ပို၍ မပြေးရန်ကိုလည်းကောင်း တိုက်နိုင်သလောက် အကြံဉာဏ်ပေးခဲ့ရလေသည်။

ထိုကိစ္စများပြီးသည့်အခါ ကျွန်တော်နှင့် သာဆင်သည် မယူမဖြစ်သော အသင့်ပြင်ဆင်ပြီးသည့် ကျွန်တော်တို့၏ ပစ္စည်းကလေးများကို လွယ်ပိုးကြရသည်။ ကျွန်တော်သည် ထွက်ခွာရတော့မည့်ဆဲဆဲ ဖြစ်သောကြောင့်လည်း ဤတန်းလျားကြီး

ပေါ်ရှိ ချွေးတပ်သားများအား မျက်လုံးဝေ့ကြည့်လိုက်မိသည်။ သူတို့အားလုံးပင် တဲတန်းလျားကြီးပေါ်၌ တရူးရူး တမောမော အိပ်ပျော်နေကြပါလေပြီ။ အချို့ကား ခွေခွေ၊ အချို့ကား ခြေဆန့်လက်ဆန့် ဖြစ်ကြလေသည်။

မကြာမီ ကျွန်တော်နှင့် သာဆင်သည် ကိုသာမြိုင်ကို နောက်ဆုံးနှုတ်ဆက်ခြင်း အဖြစ် နှုတ်ဆက်ကြပြီးနောက် ငရဲဘုံ၊ ငရဲခန်းတမျှ ရက်စက်ဆိုးသွမ်းယုတ်မာ လှသော ချွေးတပ် တဲတန်းလျားကြီးအတွင်းမှ ထွက်ခဲ့ကြလေသည်။ လူရိုးလူအ ဘွန်ထိုက်ချိုကြီး ကိုသာမြိုင်မှာမူ တဲပေါက်ဝတွင် ရပ်ကာ ကျွန်တော်တို့နှစ်ယောက် ကို လှမ်းမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့ရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၃၀။ မော်လမြိုင်တွင် ကြုံရသောအဖြစ်

တပ်ဒိန်ဘုတာရုံရှိရာသို့ ထွက်ခွာလာကြသည့်အခါ ကျွန်တော်တို့သည် ရထားလမ်းအတိုင်း မဟုတ်ကြဘဲ ရထားလမ်းကို ဖြတ်ကျော်လျက် ကားလမ်းမ လာခဲ့ကြလေသည်။ ဤနေရာတွင် ကားလမ်းသည် မီးရထားလမ်းထက် ကွေ့ကောက် လေသည်။ ပြီးသော် ရထားလမ်းထက်လည်း ပို၍ အတန်ငယ် ဝေးလေသည်။ အစက ကျွန်တော်၏ အကြံအစည်မှာ ရထားလမ်းအတိုင်း သွားမည်ဟူသော အစီအစဉ်ပင် ဖြစ်လေသည်။ နောက်တော့မှ စဉ်းစားမိ၍ ကားလမ်းအတိုင်း လာခဲ့ခြင်းဖြစ်လေသည်။ ရထားလမ်းမှ နေ၍ သွားခဲ့သော် ဂျပန်များနှင့် တွေ့နိုင်သည်။ အကယ်၍ တွေ့ခဲ့လျှင်လည်း အရှောင်ရ၊ အတိမ်းရ ခက်လေသည်။ ကားလမ်းမှာမူ လမ်းဘေးတစ်ဘက်တစ်ချက်တွင် သစ်ပင် တောအုပ်ကြီးများ အနီးကပ်ရှိနေခြင်းကြောင့် အပုန်းရ အရှောင်ရ လွယ်ကူလေသည်။ သို့ရာတွင် တောတိရစ္ဆာန်များနှင့်လည်း တွေ့နိုင်စရာအကြောင်း ရှိပြန်လေသည်။

ကျွန်တော်နှင့် သာဆင်တို့ နှစ်ဦးပေါင်းတွင် လွယ်အိတ်တစ်လုံး၊ ခရီးဆောင် အိပ်ရာလိပ်တစ်ခုသာ ပါရှိကြလေသည်။ ကျွန်တော့်လွယ်တွင်း၌မူ လိုရမယ်ရ ယူဆောင်လာသော ဝါးခွန်တစ်ချောင်း ပါရှိလေသည်။ ကျွန်သော တောတွင်းရောက် ချွေးတပ်သားများမှသာ အသုံးစွဲပြုသည့် ပစ္စည်းမှန်သမျှကိုမူ ဘာတစ်ခုမျှ ကျွန်တော်တို့ မယူဆောင်ခဲ့ကြပါ။ ရောဂါးက စ၍ အားလုံးပင် ကိုသာမြိုင်ကို ပေးပစ်ခဲ့လေသည်။

ကျွန်တော်တို့ ထွက်လာခဲ့ကြသည်မှာ ကားလမ်းအတိုင်း ဖြစ်သော်လည်း ထိုကားလမ်းသည် တပ်ဒိန်တံတားကြီး၏ တစ်ဖက်သို့ ရောက်သည့်အခါ ရထားလမ်းနှင့် ဆုံမိမည် ဖြစ်လေသည်။ ထိုအခါ၌မူ ကျွန်တော်တို့သည် ကားလမ်းအတိုင်း ဆက်လက်သွား၍ကား မရတော့ပါ။ ကားလမ်းကို စွန့်လွှတ်လျက် ဘူတာရုံငယ်

ရှိရာသို့ သွားရမည်ဖြစ်လေသည်။ ကျွန်တော် တွေးမိသလောက်၊ ဆလဲလာမိသလောက် ဆိုရပါမူ ထိုအကူးအသန်းနေရာသည် ကျွန်တော်တို့အဖို့ အန္တရာယ်ရှိနိုင်သော နေရာတစ်နေရာ ဖြစ်လေသည်။

ကျွန်တော်တို့ နှစ်ယောက်သည် လဆန်းရက်၏ ခပ်မှုန်မှုန် ခပ်ပျပျ မြင်ရသည့် လရောင်အလင်းကလေးမျှဖြင့် သတိကြီးစွာထားကာ ခြေလှမ်းသွက်သွက် လျှောက်ခဲ့ကြလေသည်။ မှုန်ပျပျ လရောင်သည် နေရာတိုင်းကို အလင်းရောင်မပေးစွမ်းနိုင်ပါချေ။ ကားလမ်းဘေးအချို့နေရာများတွင် ကြီးမားအုပ်ဆိုင်းနေသော အင်ပင်၊ ကညင်ပင်ကြီးများက ပေါက်ရောက်လျက် ရှိလေရာ ထိုနေရာများသို့ ရောက်သည့်အခါ အလင်းရောင် လုံးဝကင်းမဲ့လျက် အမှောင်ထုက ဖုံးအုပ်ထားလေသည်။

ဤသို့နှင့် ကျွန်တော်တို့နှစ်ယောက်မှာ ခရီးအတော်အတန် ပေါက်ရောက်ခဲ့ကြသည့်တိုင် တစ်ယောက်ကိုတစ်ယောက် စကားတစ်ခုတစ်ရာ မပြောကြားအားသေးဘဲ ရှေ့ခရီးကိုသာ ခပ်တွင်တွင် ဆက်လက်၍ လျှောက်နေကြရပါလေသည်။ ကျွန်တော်က ရှေ့မှနေလျက် ခပ်သုတ်သုတ်လျှောက်သည့်အခါ သာဆင်ကလည်း နောက်ပါးမှ ခပ်သွက်သွက် အမိလိုက်ရှာပါလေသည်။ ဤလိုနှင့်ပင် ကျွန်တော်တို့ နှစ်ယောက်သည် တပ်ဒိန်တံတားကြီး၏ တစ်ဖက်ထိပ်ကို လှမ်းမြင်နိုင်သော ကားလမ်း၏ တစ်နေရာသို့ ရောက်ရှိခဲ့လေသည်။

ထိုအခါမှပင် ကျွန်တော်သည် လျှောက်နေသော ခြေလှမ်းများကို ရပ်တန့်လိုက်သည်။ တံတားကြီးကိုလည်း လှမ်းမျှော်ကြည့်လိုက်မိသည်။ လရောင်သည် ခပ်စောစောတုန်းကလောက် မလင်းတော့ချေ။ မကြာမီ ကွယ်ပျောက်တော့မည့် အသွင်မျိုး ဖြစ်လေသည်။ မှုန်နေသော လရောင်အောက်တွင် မြင်နေရသော ရှည်လျားလှသည့် တံတားကြီး၏ သဏ္ဌာန်သည် ကြောက်စရာကောင်းသလိုလို၊ ရင်နာရာကောင်းသလိုလို ရှိလှသည်ဟု ကျွန်တော် ထင်မိပါသည်။

စင်စစ်အားဖြင့်လည်း ကျွန်တော်၏ စိတ်ဝေဒနာ ဖြစ်ပေါ်မှုသည် မလွန်ကျူးလှ ကျွန်တော် ယူဆမိပါသည်။ ဤတံတားကြီးတစ်ခုသည်ပင် ချွေးတပ်အလုပ်သမားပေါင်း များစွာတို့၏ အသက်နှင့် သွေးများကို စတေးကာ တည်ဆောက်ခဲ့ရသော တံတားကြီးအတွက် ကျွန်တော်တို့ ချွေးများ၊ သွေးများ ကျဆင်းခဲ့ကြရလေသည်။ ကျွန်တော်တို့ အမျိုးသားများ၏ အသက်ကို ပေးခဲ့ စွန့်ခဲ့ကြရလေသည်။ ထို့ကြောင့်ပင် ကျွန်တော်ရော၊ သာဆင်ပါ တစ်ယောက်လက်ကို တစ်ယောက် ကိုင်လျက် အချိန်အတော်ကြီး ကြာသွားသည်အထိ တံတားကြီးကို ငေးငိုင်တြည့် နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ရောက်ရှိနေသောနေရာမှ ကြည့်သည့်အခါ ထိုကဲ့သို့ တပ်ဒိန်တံတားကြီးကို တွေ့မြင်နေရသော်လည်း တပ်ဒိန်ဘူတာကိုကား မတွေ့မမြင်နိုင်သေးချေ။ တပ်ဒိန်ဘူတာကို မြင်ရမည်မှာ တံတားကြီးထိပ်သို့ ရောက်မှ ဖြစ်လေသည်။ ထိုတံတားကြီးထိပ်နှင့် တပ်ဒိန်ဘူတာသည် နှစ်ဖာလုံသာသာခန့် အကွာအဝေးတွင် ဖြစ်လေသည်။

လရောင်မှာ တဖြည်းဖြည်း မှုန်သည်ထက် မှုန်ဝါးသွားသလို ဆန်းစလေ,ကလေးသည်လည်း တစ်ဖက်သော တောအုပ်အတွင်းသို့ တရွေ့ရွေ့ကျဆင်းသွားလေသည်။ ကျွန်တော်သည် တံတားထိပ်သို့ သွားရန်အတွက် လ,ဝင်သည့်တိုင် ထိုနေရာတွင် ရပ်နားနေရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။ ထိုအကြောင်းကိုလည်း သာဆင်ကို ကျွန်တော်က ပြောပြရလေသည်။ လရောင်ကွယ်ပျောက်သွားသည့်တိုင် ကျွန်တော်၏ ခရီးလမ်းအတွက် ကြယ်ကလေးများက အလင်းရောင် ပေးစွမ်းနေဦးမည်တော့ ဖြစ်ပါသည်။

ကျွန်တော်သည် ထိုနေရာတွင် ရပ်တန့်လျက် တံတားကြီးထိပ်သို့ မျက်စိအား အစွမ်းကုန် စူးစိုက်ကြည့်ရှုရလေသည်။ ကျွန်တော်တို့နှစ်ယောက် ရပ်နေသော နေရာသည် ဟာလာဟင်းလင်း နေရာပြောင်တလင်းတော့ မဟုတ်ချေ။ ကြီးမားသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ဖြစ်လေသည်။ ထိုနေရာမှ နေလျက် ဂျပန်များ၏ အရိပ်အခြေအနေကို ကြည့်ရလေသည်။

သည်လိုနှင့် လရောင်လုံးလုံး ကွယ်ပျောက်သွားလေသည်။ ဂျပန်များ၏ လှုပ်ရှားမှုဟူ၍လည်း အရိပ်အရောင်သော်မျှ ကျွန်တော်တို့ မတွေ့ရပါချေ။ ထိုအခါ၌ပင် ကျွန်တော်နှင့် သာဆင်သည် ရှေ့ခရီးကို ဆက်လက်ခဲ့ကြလေသည်။

မကြာမီ ကျွန်တော်တို့ တပ်ဒိန်တံတားကြီးထိပ်သို့ ရောက်ခဲ့ကြလေသည်။ ထိုနေရာမှနေကာ ဘူတာရုံရှိရာသို့ လှမ်းကြည့်လိုက်ကြသည်။ ဘာဆိုဘာမျှ မမြင်ကြရ၊ အရာခပ်သိမ်းပင် မှိုင်းမှုန်ရီဝေနေလေသည်။

ကျွန်တော်သည် သာဆင်၏လက်ကို ဆွဲလျက် ရထားလမ်းအတိုင်း ခပ်သွက်သွက် လျှောက်ခဲ့ကြသည်။ အတန်ကြာလျှောက်မိပြီးမှ သံလမ်းကို စွန့်ပစ်ကာ သံလမ်းအနီးရှိ တောစပ်ကလေးဆီသို့ ဦးတည်လျှောက်ရပြန်လေသည်။ ထိုမှတစ်ဆင့် တောစပ်ကလေးအတိုင်း ဘူတာရှိရာသို့ အမှောင်ရိပ်ခိုကာ စမ်းတဝါးဝါး လျှောက်ရပြန်လေသည်။

ယခုအချိန်၌ကား ကျွန်တော်တို့သည် ဘူတာနှင့် အနီးဆုံးလည်း ဖြစ်၊ တည့်တည့်မတ်မတ်နေရာလည်း ဖြစ်၊ အန္တရာယ်အတွက် စိတ်အချရဆုံးလည်း

ဖြစ်သော တောစပ်သစ်ပင်ကြီးအောက်တွင် ရောက်ရှိနေကြပါလေပြီ။ ထိုအခါမှပင် ဘူတာတွင် ထွန်းညှိထားသော လက်ဆွဲမီးအိမ်ကလေး၏ ဝိုးတဝါးအလင်းရောင်ကိုလည်း ကျွန်တော်တို့ တွေ့ကြရလေသည်။ ကျွန်တော်တို့ နှစ်ဦးအဖို့ ရထားလာသည်အထိ ထိုနေရာမှ စောင့်ကြရန်သာ ရှိလေသည်။

ကျွန်တော်သည် ဤလို ရထားအလာကို စောင့်ဆိုင်းနေရင်းမှပင် မျက်စိနှင့် နှာများကို အလစ်မပေးဘဲ မြင်ကွင်းတစ်လျှောက်ရှိ ပတ်ဝန်းကျင် အနေအထားများကိုလည်း အထူးဂရုစိုက်ကာ လေ့လာခြင်း ပြုရပါလေသည်။ ဘူတာရုံအဆောက်အအုံကလေးကို သတိပြုမိသည့်အခါ ထိုအဆောက်အအုံအတွင်း၌ ဂျပန်များ ရှိလိမ့်မည်ဆိုခြင်းကိုလည်း ကျွန်တော် သတိပြုမိပါသည်။ သို့ရာတွင် ယခုအချိန်၌မူ ဂျပန်များ၏ လှုပ်ရှားမှုကို လုံးဝမတွေ့ရသေးချေ။ သို့ရာတွင် ထိုအဆောက်အအုံကလေး၏ အပြင်ဘက်တစ်နေရာရှိ အမိုးမိုးထားသော တန်းလျားထိုင်ခုံထက်တွင်မူ နှစ်ယောက်၊ သို့မဟုတ် နှစ်ယောက်ထက် မနည်းသော ဂျပန်စစ်သားအစောင့်တာဝန်ကျများ ရှိနေကြောင်းကိုကား အလွန်တရာ မကွဲမပြား ကွေ့နေရလေသည်။

စင်စစ် ဤနေရာသို့ ကျွန်တော်တို့နှစ်ယောက် ရောက်ရှိခဲ့သည်မှာ ကျွန်တော်၏ ခန့်မှန်းတွက်ချက်မှု ကိုက်ညီခြင်း၊ သို့တည်းမဟုတ် ကြိုတင်လေ့လာထားချက်များ၏ အကျိုးပြုခြင်းဟူ၍ပင် ဆိုရပါမည်။ အဘယ်ကြောင့်ဟူမူ ကျွန်တော်တို့ နှစ်ယောက်သည် တပ်ဒိန်တံတားကြီးထိပ်မှနေလျက် ဘူတာရှိရာသို့ ရထားလမ်းအတိုင်း သွားရောက်ခြင်းပြုခဲ့လေသော် ဂျပန်ကင်းသမားများနှင့် ပက်ပင်းတိုးလိမ့်မည်မှာ မလွဲပါချေ။ ယခုကား ရထားလမ်းမှနေ၍ တစ်ဖက်သော တောစပ်သို့ ကူးသန်းလာခဲ့ခြင်းကပင် ကျွန်တော်တို့အဖို့ လွတ်မြောက်မှုနယ်မြေသို့ ခြေချမိခြင်းဟူ၍ ဆိုရပေမည်။

ကျွန်တော်သည် ရထားမလာမီ တပ်ဒိန်ဘူတာကလေး၏ ပတ်ဝန်းကျင် အခြေအနေများကို စေ့စပ်နိုင်သမျှ စေ့စပ်အောင် ထပ်မံလေ့လာခြင်း ပြုပါသည်။ ရထားလာခဲ့သော် မည်သည့်နေရာလောက်တွင် ရပ်တန့်မည်၊ မည်မျှအချိန်ကြာအောင် ရပ်တန့်မည်၊ ထိုအခါ ကျွန်တော်တို့က ရထားရှိရာသို့ အဘယ်ပုံသွားမည်၊ ဂျပန်များ၏ အနေအထားက မည်သို့ရှိနေသည် စသည် စသည်များကိုလည်း တတ်အားသရွေ့ လေ့လာရလေသည်။

ဤတွင် ကျွန်တော် တစ်ချက် သတိပြုမိသည်မှာ ရထားလမ်းဘေးတစ်လျှောက်တွင် စုပုံထားသော ထင်းပုံများပင် ဖြစ်လေသည်။ ထိုထင်းပုံများသည် လူတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်ပင် အမြင့်ရှိလေသည်။ ကျွန်တော်တို့ ရထားဆိုက်သည်နှင့် တစ်ပြိုင်နက် ထိုထင်ပုံများရှိရာသို့ ပြေးဝင်ခိုကပ်ပြီးမှ ဂျပန်တို့၏ အခြေအနေကိုကြည့်ကာ ရထားထွက်တော့မည်ဆိုမှ ရထားတွဲတစ်ခုခုပေါ်သို့ ပြေးတက်လျှင် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု ကျွန်တော် တွေးမိလေသည်။ ဤသို့မဟုတ်ဘဲ ကျွန်တော်တို့ ယခုရောက်ရှိနေသော နေရာမှ ရထားရှိရာသို့ တိုက်ရိုက်ပြေးသွားမည်ဆိုပါက ကျွန်တော်တို့ကို ဂျပန်စစ်သားများက တွေ့သွားနိုင်လေသည်။

ထိုစိတ်ကူးတွက်ချက်မှုအပြင် နောက်ထပ်၍ စဉ်းစား တွေးဆရသော အကြောင်းတစ်ရပ် ရှိပြန်ပါသည်။ ဤသည်မှာ အခြားမဟုတ်ပါ။ ကျွန်တော်တို့ ရောက်ရှိနေသောနေရာသည် မီးရထားသံလမ်း၏ အရှေ့ဘက် တောစပ်တွင် ဖြစ်လေသည်။ ဂျပန်များရှိနေသော တပ်ဒိန်ဘူတာ၏ အနေအထားမှာ အနောက်ဘက်တွင် ဖြစ်လေသည်။ ကျွန်တော်တို့နှင့် ဂျပန်များကို ရထားလမ်းနှင့် ထင်းပုံများက ကြားခြားထားခြင်း ဖြစ်လေသည်။ ထိုအခါ ဘူတာတွင် ရထားဝင်ရောက်ဆိုက်ကပ်ပြီးမှ ကျွန်တော်တို့နှစ်ယောက်က လှုပ်ရှားသွားလာခြင်းပြုမည်ဆိုလျှင် ရထားတစ်စင်းလုံးက ကာကွယ်ထားသောကြောင့် ကျွန်တော်တို့၏ သွားလာလှုပ်ရှားမှုကို ရုတ်တရက် ဂျပန်များ မတွေ့နိုင်ခြင်းပင် ဖြစ်လေသည်။ ဤသို့မဟုတ်ရာဘဲ ရထားလာသည်ကို လှမ်းမြင်တွေ့စဉ်ပင် ထင်းပုံများရှိရာသို့ ပြေးဝင်ခိုကပ်လိုက်မည်ဆိုပါက မတော်တဆ ဂျပန်စစ်သားက တွေ့သွားနိုင်လေသည်။ ဤအချက်ကိုလည်း ကျွန်တော်သည် သာဆင်ကို ကြိုတင်ပြောထားရပါသည်။

ကျွန်တော်ကား ဤသို့ပင် ချွေးတပ်စခန်း ဂျပန်များ၏ လက်တွင်းမှ လွတ်မြောက်ရေးအတွက် သတိကြီးစွာထားကာ ကြိုတင်တွက်ဆခြင်း၊ ကြိုတင် လေ့လာခြင်း စသည်များကို ပြုရပါလေသည်။ ကရင်အမျိုးသားကလေး သာဆင်မှာ လူငယ်တစ်ယောက်သာ ဖြစ်သောကြောင့်လည်း ကျွန်တော့်လောက် တွေးတော ပူပန်ဟန် မရှိပါ။ သူ့အနေနှင့်က ကျွန်တော်ပြေးလျှင် ပြေးမည်၊ ကျွန်တော် သွားလျှင် သွားမည်၊ ကျွန်တော် စားလျှင် စားမည်။ အကယ်၍ ဂျပန်များက ဖမ်းမိသွားလျှင်လည်း ကျွန်တော် ခံရလျှင် သူ ခံရမည်ဟူသော စိတ်ထားမျိုးဖြစ်လေသည်။ သို့ရာတွင် ထိုသူငယ်၌ စွန့်စားဝံ့ စွန့်စားရဲသော သတ္တိရှိကြောင်းကိုမူ ကျွန်တော် ကောင်းစွာ သိရပါသည်။

တောစပ် သစ်ပင်ကြီးအောက်တွင် ကျွန်တော်တို့ရောက်နေသည်မှာ တစ်နာရီ ကျော်ကျော် နှစ်နာရီနီးနီး ကြာမြင့်နေပြီဖြစ်သော်လည်း ရထား၏ အရိပ်အခြည်ကိုကား မတွေ့ရသေးပါချေ။ ကျွန်တော့်စိတ်ထဲတွင် ရထား လာမှ လာပါ့မလား၊

ဟူ၍ပင် စိုးရိမ်ရပြန်လေသည်။ အကယ်၍ အရာဏ်တက်ချိန်ရောက်မှ ရထားမလာခဲ့သော် ကျွန်တော်တို့နှစ်ယောက်သည် မိုးမလင်းခင် အချိန်မီ စခန်းသို့ ပြန်ကြဖို့သာ ရှိလေသည်။ သည်ထက်ပို၍ကား ကျွန်တော်တို့ မည်သို့မျှ မတတ်နိုင်ပါပေ။

ဝိုးတဝါး ကြယ်ရောင် အလင်းမျှသာရှိသော အမှောင်ထုအတွင်း၌ အချိန်ကြာလာသောကြောင့်လည်း ကျွန်တော်၏ မျက်စိများက အကျင့် အတော်ရလာလေသည်။ တစ်ဖက်သော ရထားဘူတာ စကြိုလမ်းကလေးပေါ်၌ ဂျပန်စစ်သား တစ်ယောက်သည် သေနတ်ကို ထမ်းကာ ဟိုလျှောက်၊ သည်လျှောက် ခေါက်တုံ့လှည့်လာ လျှောက်နေလေသည်။ ထိုစစ်သား ဂျပန်သည် အတန်ကြာလျှောက်နေရာမှ ဘူတာအဆောက်အအုံကလေး၏ အပေါက်ဝတွင် ချိတ်ဆွဲထားသော မီးအိမ်မှ မီးရောင်ကို မြွှင့်တင်ပေးလိုက်သည်။ နိကျင့်ကျင့် အလင်းရောင်သည် ခပ်စောစော ကထက် ပိုမိုပြတ်သားလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ဘာသံမျှ မကြားရ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ ရထားသံကို ကြားလိုက်ရလေသည်။ ဂျပန်စစ်သားကိုယ်တိုင်ပင် ထိုအသံကို နားစွင့်နေလေသည်။ ရထားလာရာဆီသို့လည်း မျှော်ကြည့်လေသည်။ မကြာမီ ရထားအသံက ပို၍ပို၍ ကျယ်လောင် ပြတ်သားလာလေသည်။ ထိုအချိန်တွင် အဆောက်အအုံကလေးအတွင်းမှ ထွက်လာသော ဂျပန်စစ်ဗိုလ်၊ တန်းလျားကလေးထက်မှ ထ,လာသော ဂျပန်စစ်သားနှစ်ယောက်၊ သူတို့၏ လှုပ်ရှားမှုများကို တွေ့မြင်လိုက်ရလေသည်။ ဂျပန်စစ်သားတစ်ယောက်သည် မီးနိကို တစ်ဖက်၊ မီးစိမ်းကို တစ်ဖက်ကိုင်လျက် အဆောက်အအုံအတွင်းမှ ထွက်လာသည်။ ပြီးလျှင် မီးစိမ်းကို တစ်နေရာတွင် ချထားပြီးနောက် မီးနီကို ကိုင်မြှောက်ကာ ရထားလမ်းဘေးတွင် ထွက်ရပ်လေသည်။

အချိန် သိပ်မကြာလှပါ၊ ရထားသည် စက်ရှိန်လျော့လျက် တပ်ဒိန်ဘူတာတွင် ဝင်ရောက်ရပ်တန့်လိုက်လေသည်။

ရထားရပ်တန့်၍ စိတ်ချလောက်သည့် အနေအထားသို့ ရောက်လျှင်ပင် ကျွန်တော်သည် သာဆင်ကို လက်တို့လျက် ထင်းပုံကြီးတစ်ပုံအနီးသို့ ပြေးဝင် ချဉ်းကပ်လိုက်လေသည်။ ပြီးနောက် ထိုနေရာတွင် ငြိမ်သက်စွာရပ်လျက် ရထားတွဲများ၏ အခြေအနေကို ကြည့်ရသည်။ ရထားတွဲများသည် အခါတိုင်းနှင့် မည်သို့မျှ မခြားနား၊ ကုန်တွဲတွေချည်း ဖြစ်သည်။ ပက်လက် သုံးတွဲ၊ တွဲလုံး သုံးတွဲ။ ပက်လက် သုံးတွဲစလုံး မည်သည့်ပစ္စည်းမှ မပါရှိချေ။ ဘုရားသုံးဆူစခန်းမှ ကျောက်တွဲများ မပါလာသည်မှာ လေးငါးရက်ခန့် ရှိနေပေပြီ။ ထိုညက တပ်ဒိန်ဘူတာတွင် အချိန်ကြာကြာ မရပ်တန့်ပါ။ ဂျပန်စစ်သားနှစ်ယောက် ရထားပေါ်

www.burmeseclassic.com

www.burmeseclassic.com

သို့ တက်လိုက်လာသည်မျှ ဖြစ်လေသည်။ သူတို့နှစ်ယောက် တက်လိုက်လာကြသည်မှာလည်း ခေါင်းတွဲပေါသို့ ဖြစ်လေသည်။

သေးငယ်စူးရှသော ဥဩသံကို ကြားလိုက်ရလေသည်။ ဥဩသံသည် တိတ်ဆိတ်ငြိမ်သက်သော ညကို ဖောက်ထွင်းလျက် တောအထဲထဲဝ်၊ တောင်အထဲထဲဝ် ပျံ့နှံ့သွားသည်ဟု ထင်မှတ်လိုက်ရလေသည်။

ဂျပန်တစ်ယောက်သည် မီးအိမ်အစိမ်းကို ဇွဲရမ်းပြလေသည်။ ရထားမှာလည်း တဖြည်းဖြည်း ထွက်ခွာစ ပြုလေသည်။ ထိုအချိန်အခိုက်အတန့်၌ပင် ကျွန်တော်သည် သာဆင်၏လက်ကို ခပ်တင်းတင်းဆွဲလျက် တွဲပက်လက်တစ်ခုရှိရာသို့ ပြေးတက်လိုက်သည်။ ပြီးလျှင် သာဆင်၏ ကုပ်ပိုးကို လက်တစ်ဖက်ဖြင့် ဖိထားကာ နှစ်ဦးသား ဝပ်နေလိုက်ကြသည်။ တွဲပက်လက်၏ နှစ်ပေခန့် အမြင့်ရှိသော ဘေးကာသည် ကျွန်တော်တို့နှစ်ယောက်အား လုံခြုံအောင် ကာကွယ်ထားလေသည်။

ရထားသည် တဖြည်းဖြည်း တစစ အရှိန်လျင်မြန်လာလေသည်။ မီးအိမ်စိမ်းသည် ကျွန်တော်တို့နှင့် ပို၍ ပို၍ ဝေးဝေးကျန်ခဲ့လေသည်။ ထိုအချိန်မှ ကျွန်တော်တို့ နှစ်ယောက်စလုံး ဦးခေါင်းထောင်ကာ ပတ်ဝန်းကျင်ကို ကြည့်နိုင်ကြပေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးသည် ညိုညိုမှိုင်းမှိုင်းကြီးတွေသာ မြင်နေရလေသည်။ နိမ့်သည့်နေရာက နိမ့်သည်။ မြင့်သည့်နေရာက မြင့်သည်၊ ဝိုင်းသည့်နေရာက ဝိုင်း၊ ချွန်သည့်နေရာက ချွန်၊ အချို့မှာ တစ်ကိုယ်လုံးစိမ်းနေသော နဂါးကြီးတစ်ကောင်လို အတွန့်အလိမ်၊ အကွေ့အကောက်တွေ ဖြစ်နေသည်။

ကျွန်တော်တို့ နှစ်ယောက်စလုံး ချမ်းအေးလာလေသည်။ လေတိုးသံသည် နားထဲတွင် တဝီဝီဖြစ်နေသည်။ နှစ်ယောက်စလုံး ပြိုင်တူပင် သက်ပြင်းချလိုက်မိကြလေသည်။

တစ်နာရီကျော်ကျော်လောက် ခုတ်မောင်းမိသည့်အခါ ရထားသည် စခန်းတစ်ခုတွင် ရပ်တန့်လိုက်လေသည်။ ထိုစခန်းသည် မည်သည့်စခန်းဟူ၍ကား ကျွန်တော် မပြောတတ်တော့ပါ။ ရထားရပ်လိုက်၍ မကြာမီပင် ချွေးတပ်သားပေါင်းနှစ်ရာကျော်၊ သုံးရာခန့်သည် တွဲပက်လက်ပေါသို့ အလုအယက် တက်ရောက်လာကြလေသည်။ သူတို့နောက်ပါးမှလည်း ဂျပန်စစ်သားများက ရိုက်မောင်း၊ မုတ်မောင်း လုပ်ကာ ဆဲရေးရေရွတ်လျက် တွဲပေါသို့ ဒလကြမ်း အတက်ခိုင်းနေလေသည်။ ကျွန်တော်တို့ လိုက်ပါလာသော တွဲပက်လက်ပေါ်သို့လည်း အလုအယက် တက်ရောက်လာကြလေသည်။ သူတို့သည် ကျွန်တော်နှင့် သာဆင်ကို သတိပြုမိဟန် မတူချေ။ မကြာမီ သူတို့နှင့် ကျွန်တော်တို့မှာ အရောရော, အထွေးထွေး ဖြစ်သွား

လေသည်။ သူတို့ကား ချွေးတပ်စခန်းမှ မော်လမြိုင်သို့ ပို့မည့်သူများ ဖြစ်ကြလေသည်။

ရထားသည် ဥဩတစ်ချက်မှုတ်ကာ ထိုနေရာမှ ထွက်ပြန်ပါလေသည်။ ကျွန်တော်တို့ရှိရာ တွဲပေါသို့ တက်ရောက်လာကြသော ချွေးတပ်သားများမှာလည်း ရထားထွက်သည်ဆိုလျှင်ပင် ငုတ်တုတ်ထိုင်ရင်း အိပ်ငိုက်ကုန်ကြလေသည်။ ၄၂၂နာရီတော်နှင့် သာဆင်သည် ထိုသူများနှင့် လုံးဝမိတ်ဖွဲ့ခြင်း မပြုပါ။ ဤလို မိတ်ဖွဲ့မိအောင်၊ စကားအပြောအဆို မပြုမိအောင် သတိထားလိုက်ကြပါသည်။ သူတို့နှင့် မိတ်ဖွဲ့လျှင် ကျွန်တော်တို့တွင် ပြဿနာတစ်စွန်းတစ်စ ပေါလာနိုင်ပါသည်။ ထို့ကြောင့်လည်း ခပ်မဆိတ် နေလိုက်ကြခြင်း ဖြစ်လေသည်။ သာဆင်မှာ လူငယ်တစ်ယောက်ဖြစ်သောကြောင့် ရထားထွက်၍ မကြာမီပင် ထိုသူများနည်းတူ အိပ်ပျော်သွားလေသည်။

မော်လမြိုင်ဘူတာသို့ ရထားဝင်ရောက်သည်မှာ နံနက် သုံးနာရီလောက်တွင် ဖြစ်လေသည်။ ဘူတာသို့ ရထားဝင်သည်ဆိုလျှင်ပင် ကျွန်တော်သည် ကျီးကန်းတောင်းမှောက် မျက်စိဖြင့် အခြေအနေအရပ်ရပ်ကို အကဲခတ်ရလေသည်။ သာဆင်ကိုလည်း အိပ်ရာမှ နှိုးရလေသည်။ ရထားဘူတာတွင် မီးရောင်များကို တွေ့ရသော်လည်း ကျယ်ကျယ်ပြန့်ပြန့် ထွန်းထားသော သဘောမဟုတ်ပါ။ မီးရောင်မှန်သမျှကို ကြိုးစွာသော အဖုံးအအုပ်များနှင့် ထွန်းထားခြင်း ဖြစ်လေသည်။ ထိုအခါ အလင်းရောင်သည် မီးရှိသည့်နေရာ ကွက်ကွက်ကလေးကိုသာ မြင်ရလေသည်။

ဘူတာတွင်းသို့ ရထားဝင်မိသည်ဆိုလျှင်ပင် အသင့်ကြိုတင် စောင့်ဆိုင်းနေကြသော ဂျပန်စစ်သား နှစ်ဆယ်ကျော် အစီတ်ခန့်သည် ဆူဆူညံညံ လှုပ်လှုပ်ရွရွ ဖြစ်နေပါတော့သည်။ သူတို့သည် သေနတ်ကိုယ်စီလွယ်ကာ အချို့မှာ မီးအိမ်များ၊ လက်နှိပ်ဓာတ်မီး စသည်များကို ကိုင်ဆောင်ထားလေသည်။ ရထားရပ်လိုက်သည့်အခါ ရထားပေါ်တွင် လိုက်ပါလာသော ဂျပန်စစ်သားများမှာလည်း ရထားထက်မခုန်ဆင်းလိုက်ကြလေသည်။ သူတို့သည် မကြာမီ ကျွန်တော်တို့ရှိရာ တွဲပက်လက်များသို့ ချဉ်းကပ်လာပြီးနောက် တွဲပေါ်ရှိ လူများအား လုံးကို အောက်သို့ အဆင်းခိုင်းလေသည်။ ပြီးလျှင် ရထားလမ်းဘေးစကြေပေါ်တွင် လေးယောက်တစ်တွဲ တန်းစီခိုင်းလေသည်။

ရထားနှင့် ပါလာသော ချွေးတပ်သားများ အားလုံးမှာလည်း တရုန်းရုန်းဖြစ်နေကြလေသည်။ အော်သံဟစ်သံ ဆူညံသံများကလည်း ပွက်လောရိုက်နေ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ဂျပန်စစ်သားများသည် ထိုသူများကို တွန်းထိုးကန်ကျောက်ကား အတင်း အထိုင်ခိုင်း၊ အတင်း တန်းစီခိုင်းလေသည်။

ကျွန်တော်သည် သာဆင်၏လက်ကို ဆွဲကာ ထိုလူအုပ်ကြီး၏ နောက်ဆုံးတွင် ဝင်ရောက်ထိုင်လိုက်လေသည်။ လူပေါင်း နှစ်ရာကျော်၊ သုံးရာခန့် လေးယောက် တစ်တွဲ တန်းစီအထိုင်ခိုင်းထားခြင်း ဖြစ်လေရာ ကျွန်တော်နှင့် သာဆင်ကို ရောက်ရှိနေသော နေရာသည် အတော်ပင် အမှောင်ရိပ်ကျနေသောနေရာ ဖြစ်လေသည်။ သို့ရာတွင် မီးအလင်းရောင်ရှိနေသော ဘူတာအထွက်ပေါက်၊ အဝင်ပေါက်မှ ဂျပန်စစ်သားများ၏ လှုပ်ရှားမှုကိုကား အတိုင်းသား မြင်ရလေသည်။

ကျွန်တော်သည် ထိုင်ရာ မထ ဘေးဘီပတ်ဝန်းကျင်ကို ကြည့်လိုက်လေသည်။ ကျွန်တော်တို့ ထိုင်နေသော နေရာမှနေကာ ဘူတာဝင်းအပြင်သို့ ထွက်သွားမည် ဆိုလျှင် အကာအရံမရှိသောကြောင့် ဖြစ်နိုင်ခြေကြောင်း သိရလေသည်။ သို့ရာတွင် ဝင်းအပြင်တွင် လုံးဝ မီးရောင်ဟူ၍ မရှိသောကြောင့် ဂျပန်စစ်သားများ ရှိ၊ မရှိ မသိနိုင်သေးဘဲ ဖြစ်ရလေသည်။ ထိုင်ရာမှ ရုတ်တရက် မထပဲ့သေးသောကြောင့်လည်း အတန်ကြာ ငြိမ်နေရသည်။ ထလိုက်မှ ဂျပန်စစ်သား တစ်ဦးတစ်ယောက်က လှမ်း၍ပြင်သွားပမည်ကိုလည်း စိုးရိမ်ရလေသည်။ ဂျပန်စစ်သားတစ်ယောက် ကလည်း ကျွန်တော်တို့ရှိရာ နောက်ပိုင်းဆီသို့ မကြာမကြာ ဓာတ်မီးနှင့် ထိုးကြည့် နေလေသည်။ သို့ရာတွင် သူ့ဓာတ်မီးမှ ဓာတ်ခဲအား သည် အတော်ပင် ညံ့ဖျင်းနေလေသည်။

သို့နှင့် မိနစ်ပိုင်း အကန်ကြာမှသည်အခါ တန်းစီမှုမှာလည်း စနစ်တကျ ဆိုရလောက်အောင် ပြီးစီးသွားလေသည်။ ထိုအခါမှပင် ရထားဘူဟာရှိရာမှ ဂျပန်စစ်ဗိုလ်တစ်ယောက်သည် နောက်ပါ စစ်သား လေးငါးယောက်နှင့်အတူ တန်းစီထိုင်နေသော လူများတပ်သားများအား ထိပ်ဆုံးမှ စလျက် စစ်ဆေးရေတွက်ခြင်း ပြုလေသည်။ ဗိုစစ်ဗိုလ်၏ လက်ထဲတွင် စာရွက်တစ်ရွက်ကို ကိုင်ထားကြောင်း တွေ့ရလေသည်။

သည်အတိုင်းဆိုလျှင် ဂျပန်များသည် လူများတပ်သားများအား စာရင်းအတိအကျ ဖြစ်စေရန် ရေတွက် စစ်ဆေးနေကြောင်း ကျွန်တော် သဘောပေါက်ရလေသည်။ ကျွန်တော်နှင့် သာဆင်မှာ စာရင်းပါ လာနှစ်ယောက် မဟုတ်ချေ။ တိတ်တဆိတ် ထွက်ပြေးလာသူ နှစ်ယောက်သာ ဖြစ်လေသည်။ ထို့ကြောင့် အဘယ်ပုံဖြင့်လုပ် ရမည်နည်းဟု ကျွန်တော့်မှာ အကြိတ်အဖတ်ရပြန်ပါသည်။

ဤအခိုက်၌ပင် ကျွန်တော်သည် စာရွက်ကိုင်ထားသော ဂျပန်စစ်ဗိုလ်၏ မျက်နှာကို အဝေးမှ နေ၍ပင် အသေအချာ ကြည့်လိုက်မိလေသည်။ စစ်သား

တစ်ယောက်၏ လက်မှ မြှောက်ထားသော မီးအိမ်၏ အလင်းရောင်သည် ထိုစစ်ဗိုလ်၏ မျက်နှာကို မကွဲမပြား မြင်တွေ့နေရသည်။

ထိုစစ်ဗိုလ်၏ မျက်နှာကို ကွက်ခနဲ မြင်လိုက်ရသောကြောင့်လည်း ကျွန်တော်၏ ရင်ထဲမှ ဒိတ်ခနဲ တုန်လှုပ်သွားရသည်။ ကျွန်တော့်တစ်ကိုယ်လုံး ငလျင်လှုပ် ခံရသလို ဖြစ်သွားပါသည်။ ခေါင်းနပန်းကြီးကာ ချက်ချင်း လောလောလတ်လတ် ချွေးစီးတွေ ပြန်ထွက်လာလေသည်။

ကျွန်တော်သည် သာဆင်ကို လက်တို့လိုက်ရာမှ လေသံခပ်အုပ်အုပ်နှင့် "ဟေ့-ဟိုမှာ-ကုမေကာ၊ ကုဓမကာ" ဟု ပြောလိုက်မိသည်။

"ဟုတ်တယ် အစ်ကို၊ ဟုတ်တယ်"

ကျွန်တော် ဇော်ဂျီဆင်၌ ဘာမျှ မပြောတော့ပါ။ သာဆင်ကို လက်ကုပ်လျက် ထိုလူအုပ်ထဲမှ အဝေးသင်္ချိုင်းရိပ်ရှိရာသို့ ပြေးကပ်လိုက်ပါသည်။ ပြီးလျှင် ရထားဘူတာဝင်းကို ဖြတ်ကျော်လွှား အပြင်သို့ ထွက်လိုက်ကြသည်။ အပြင်အပတွင်လည်း အမှောင်နှင့် မည်းမည်းသာ ဖြစ်လေသည်။

မကြာမီ ကျွန်တော်တို့သည် ရထားဘူတာအပြင်ဘက်ရှိ ကုက္ကိုပင်ကြီးများ၊ စိန်ပန်းပင်ကြီးများအောက်တွင် အစုလိုက်၊ အစုလိုက် အိပ်ပျော်နေသူများကို မှန်ဝါးဝါး တွေ့ရလေသည်။ ထိုသူများသည် ရထားစီးခရီးသည်များ ဖြစ်လိမ့်မည်ဟု ခန့်မှန်းရလေသည်။ ကျွန်တော်နှင့် သာဆင်မှာလည်း ကုက္ကိုပင်တစ်ပင်အောက်တွင် ဝင်ရောက် ထိုင်လိုက်သည်။ ထိုအခိုက်၌ပင် ရထားဘူတာအကွင်းမှ ဆူဆူညံညံအသံများကို ကြားရပြီးနောက် ဂျပန်စစ်သား အစောင့်အကြပ်နှင့် ထွက်လာကြသော ချွေးတပ်သားများကို တွေ့လိုက်ရလေသည်။ ကျွန်တော်တို့ နှစ်ယောက်လုံးလည်း မြေပေါ်သို့ လဲချလိုက်ကြလေသည်။

ဂျပန်စစ်ဗိုလ် ကုမေကာနှင့် ဂျပန်စစ်သားများမှာမူ ချွေးတပ်သား အလုပ်သမားများကို မည်သည့်နေရာ၊ မည်သည့်အရပ်သို့ ခေါ်ဆောင်သွားသည် မသိ၊ ခေါ်ဆောင်သွားလေသည်။ ထိုလူအုပ်ကြီး ကွယ်ပျောက်သွားတော့မှပင် ကျွန်တော်တို့ နှစ်ယောက်သည် ငုတ်တုတ်ထိုင်လိုက်ကြလေသည်။ သို့ရာတွင် ကျွန်တော်တို့အနေနှင့်ကား စိတ်နလုံးဒုန်းဒုန်း မချနိုင်သေးပါချေ။ ရှေ့ခရီးအတွက် စဉ်းစားတွေးတောရပြန်ပါလေသည်။ ကျွန်တော်တို့အဖို့ အတော်အတန် စိတ်အေး စိတ်သက်သာရမည်မှာ ရန်ကုန်ရောက်မှ ဖြစ်လေသည်။

သာဆင်မှာ ကလေးဟစ်ယောက်လို ဖြစ်နေသောကြောင့်လည်း မကြာမီပင် သစ်ပင်ရင်းတွင် ဦးခေါင်းစိုက်ကာ အိပ်ပြန်ပါတော့သည်။ ကျွန်တော်သည် သူ့ခေါင်းကို အောက်သို့ ကျွန်တော်၏ အိပ်ရာလိပ်ကို ထိုးသွင်းပေးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

လွယ်အိတ်ထဲမှ ဆေးလိပ်တစ်လိပ်ကို ထုတ်ကာ မီးညှိသောက်ရင်း တွေးတော စိတ်ကူးနေရပါလေသည်။

ကျွန်တော်တို့တွင် ဂျပန်ငွေစက္ကူ အနည်းအကျဉ်း ပါရှိလာပါသည်။ ထို ငွေစက္ကူများသည် တောတွင်း၌ ကျွန်တော်တို့ လုပ်ခရရှိခဲ့သော အုရားနီတဲဆိပ် ငွေစက္ကူများဖြစ်လေသည်။ ငွေအရေအတွက်ကိုမူ မည်မျှဟူ၍ မမှတ်မိပေ။ (The Japanese Government Ten Rupees) ဟူသော တစ်ဆယ်တန်များ ဖြစ်လေသည်။ မည်ရွေ့ မည်မျှပင် ဖြစ်စေ၊ ထိုငွေမျှဖြင့် ကျွန်တော်တို့နှစ်ယောက် ရန်ကုန်ကို ကောင်းမွန်စွာ ရောက်ရှိနိုင်ကြောင်းကိုကား ကျွန်တော် တွက်ဆမိလေသည်။

အချိန်မှာ နံနက် ၄ နာရီထိုးလုနီးနေသောအချိန် ဖြစ်လေသည်။ မီးရထား ဘူတာရုံရှိရာမှလည်း မည်သည့်အသံကိုမျှ မကြားရတော့ချေ။ မီးရောင်ဟူ၍လည်း လုံးလုံးမကြားရ၊ လူသံ သူသံ အစခပ်သိမ်း ဆိတ်သုဉ်းနေလေပြီ။ ကျွန်တော်သည် ဆေးလိပ်ကို မီးခပ်အုပ်အုပ် သောက်မှာရလေသည်။ ဂျပန်ခေတ်၌ ညအချိန်မတော် တွင် ဆေးလိပ်သောက်ခြင်းမှာ အန္တရာယ်တစ်ခုဖြစ်နိုင်ကြောင်း ကျွန်တော် သတိ ပြုမိပါသည်။ ထို့ကြောင့်လည်း ဆေးလိပ်မီးကို ငြိမ်းသတ်တော့မည်ပြုခိုက်၌ပင် ကျွန်တော်ရှိရာသို့ ကုန်းကုန်း ကုန်းကုန်းနှင့် လူတစ်ယောက် ချဉ်းကပ်လာ လေသည်။

ထိုသူသည် ကျွန်တော့်ထံမှ ဆေးလိပ်မီး တောင်းလေသည်။ နောက် သူကိုယ်ကိုင်ကလည်း ဆေးလိပ်မသောက်ရကြောင်း၊ ဂျပန်များ မမြင်အောင် တိတ်တဆိတ် ခိုးသောက်ရကြောင်း ပြောလေသည်။ ပြီးလျှင် သူ့ဆေးလိပ်မီးကို လက်ဝါးနှင့် အုပ်လျက် ပြင်းထန်စွာ ဖွာရှိုက်နေလေသည်။ သူသည် ကျွန်တော့် အနီးတွင် ခပ်ယိုယို ထိုင်ချလိုက်လေသည်။

ကျွန်တော်က ထိုသူအား မော်လမြိုင်မြို့တွင်းသို့ သွားလျှင် အဘယ်ပုံ သွားရမလဲ၊ ရန်ကုန်–မော်လမြိုင် ရထားများ သွား,မသွား၊ သွားလျှင် မည်သည့်အချိန် သွားတတ်ကြောင်းမှ စလျက် မော်လမြိုင်မှ မုတ္တမသို့ အဘယ်ပုံ ကူးသန်းရမည် ဆိုသည်များကိုပါ စုံစမ်းမေးမြန်းကြည့်ရလေသည်။

ထိုအခါ မော်လမြိုင်မြို့တွင်းသို့ သွားလိုလျှင် ၅ နာရီထိုးပါက မြင်းလှည်း များ လာလေ့ရှိကြောင်း၊ ယခုလိုအချိန်မျိုးတွင်မူ လုံးဝ သွား၍ မဖြစ်နိုင်ကြောင်း၊ မော်လမြိုင်တစ်မြို့လုံး ကင်းများ ချထားသဖြင့် အစစအဆေး အမေးအမြန်း ထူလွန်ကြောင်း၊ မသက်သလျှင် ဂျပန်စစ်တပ်သို့ ဖမ်းဆီးပို့လိမ့်မည်ဖြစ်ကြောင်း ပြောကြားခြင်းပြုလေသည်။ ကျန်သောကိစ္စများကိုမူ ကျွန်တော် စိတ်ကျေနပ်လောက်

အောင် ဖြေကြားခြင်း မပြုနိုင်ပါချေ။ ပြီးလျှင် ထိုသူသည် မကြာမီ ဆေးလိပ် မီးကို ငြိမ်းသတ်လျက် ကျွန်တော့်အနီးမှ ထွက်ခွာသွားလေသည်။

ကျွန်တော်သည် ခပ်မြန်မြန် ငါးနာရီထိုးပါစေ၊ မြင်းလှည်းများ လာပါစေဟု ဆုတောင်းမိလေသည်။ ကျွန်တော်တို့နှစ်ယောက်သည် မိုးစင်စင် မလင်းမီ မော်လမြိုင် ဈေးကြီးသို့ ရောက်ဖို့က အရေးတကြီး ဖြစ်နေပါလေသည်။ ကျွန်တော်တို့ ဦးခေါင်းထက်မှ ချွေးတပ်သားတို့၏ ဆဲပင်ရှည် ဘိုကေကြီးများကို ခပ်မြန်မြန် ကိုင်စွဲတုံးပစ်မှ တော်ပေလိမ့်မည်။ ပြီးလျှင် သည်ရထားဘူတာအနီးတွင် မိုးစင်စင် လင်းသည်အထိ နေရန် မသင့်လျော်ဟူ၍လည်း စဉ်းစားမိလေသည်။ ခပ်စောစော ကပင် လူနှစ်ယောက်သည် ကျွန်တော်တို့ရှိရာ အနီးသို့ လာရောက်ပြီးနောက် ချွေးတပ်ပြေးများ ရှိပါက မနက်လင်းလျှင် ဂျပန်များထံ ဖမ်းဆီးခေါ်ဆောင်သွား ရမည်ဖြစ်ကြောင်း ကြွေးကြော်သွားလေသည်။ စင်စစ် ထိုသူနှစ်ယောက်သည် ဆေးလိပ်မီးတောင်းသူ၏ သတင်းပေးချက်အရ ကျွန်တော်တို့ထံမှ ငွေညှစ်လိုသူ နှစ်ယောက်ဟူ၍ ကျွန်တော် တွေးမိပါသည်။ သို့ရာတွင် ထိုသူနှစ်ယောက်မှာ သတ္တိရှိဟန် မတူပါ။ အလစ်သမား၊ ဘိန်းစား သူခိုးများပင် ဖြစ်ဟန် တူလေသည်။

ကျွန်တော်သည် သာဆင်ကိုပင် မနှိုးဘဲ ငုတ်တုတ် ထိုင်မြဲ ထိုင်နေပါသည်။ ပြဿနာပေါ်ပေါက်ခဲ့လျှင် ထိုးကြိတ်သတ်ပုတ်ရန်မှတစ်ပါး အခြားအကြောင်း မရှိနိုင်။ တစ်ချိတစ်ပွဲ စွန့်စားရပေတော့မည်ဟူ၍သာ စိတ်ဆုံးဖြတ်ထားရလေသည်။

ဤလိုနှင့် အလင်းရောင်ကလေးများ ပြူးနို့လာစ၌ပင် ခပ်လှမ်းလှမ်းမှ မောင်းနှင်လာသော မြင်းလှည်းသံများကို ကြားရလေသည်။ ကျွန်တော်သည် သာဆင်ကို အိပ်ရာမှ နှိုးပြီးနောက် ထိုင်ရာမှ ခပ်သွက်သွက် ထလိုက်သည်။ မြင်းခြံသံများသည် တချွင်ချွင်မြည်ကာ မကြာမီ မြင်းလှည်းနှစ်စီး ဘူတာရှေ့တွင် ထိုးရပ်လိုက်လေသည်။

မြင်းလှည်းဆရာသည် ကျွန်တော်တို့ကို မြင်လျှင် ခရီးဦးကြို မေးလေသည်။ ကျွန်တော်က ရှေ့မှနေလျက် မြင်းလှည်းထက်သို့ တက်လိုက်ပါသည်။ သာဆင် တက်မိသည့်အခါ ဈေးနှုန်းကိုပင် မေးမနေနိုင်တော့ဘဲ မော်လမြိုင်ဈေးကြီးသို့ အမောင်းခိုင်းရလေသည်။ ရထားဝင်းအပြင် သစ်ပင်များအောက်တွင် အိပ်နေသော သူများမှာမူ ကျွန်တော်တို့မြင်းလှည်း ထွက်လာသည့်တိုင် ဟန်မပျက်ဘဲ အိပ်နေ ကြဆဲ ဖြစ်လေသည်။

ဤလိုနှင့် မော်လမြိုင်ဈေးကြီးသို့ ရောက်ခဲ့ကြလေသည်။ ကျွန်တော်တို့ ရောက်ရှိသည့်အချိန်မှာ အတန်ငယ် စောနေသေးသောကြောင့်လည်း ဆဲပင်ညွှဲ ဆိုင်များ မဖွင့်လှစ်ကြသေးပါ။ ထိုအခါ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်၍

www.burmeseclassic.com

www.burmeseclassic.com

ရလေသည်။ လက်ဖက်ရည်ဆိုင်မှာလည်း လက်ဖက်ရည်၊ ကော်ဖီဟူ၍ မရပေ။ ရေနွေးကြမ်းနှင့် မုန့်သာလျှင် ရလေသည်။ ထိုဆိုင်တွင် အတန်ကြာ အချိန်ဖြုန်းပြီးနောက် ဆပင်ညှပ်ဆိုင်သို့ ကူးကြရသည်။ ဆပင်ညှပ်ပြီးမှပင် မုတ္တမဘက်သို့ ကူးရန်အတွက် မီးရထားကူးတို့ဆိပ်သို့ လာရောက်ခဲ့ကြလေသည်။ ထိုနေရာ ရောက်သည့်အခါမှပင် ကျွန်တော်တို့တွင် ပြဿနာတစ်ခု ကြုံရပြန်လေသည်။ ကြုံရသော ပြဿနာမှာလည်း သေးသေးမဟုတ်ပါချေ။ ထွက်ပေါက်မရှိသော ပြဿနာအခက်အခဲကစ်ခု ဖြစ်လေသည်။

ဖြစ်ရပုံမှာ ဤသို့ပေတည်း-။

ကျွန်တော်တို့သည် ရန်ကုန်ကို ပြန်နိုင်ရေးအတွက် မော်လမြိုင်မှနေ၍ မုတ္တမဘက်သို့ ကူးရမည်ဖြစ်လေသည်။ ဤလို မုတ္တမဘက်သို့ ကူးသန်းရမည့် ကိစ္စမျိုးလည်း ကူးတို့သမ္မန်၊ ကူးတို့လေ့ စသည်များနှင့် ကူးသန်းခွင့် ရှိသည်တော့ မဟုတ်ပါချေ။ ဆိပ်ခံတော်ယာကြီးတစ်ခုကို ဟိုဘက် သည်ဘက်မှ မော်တော်ကလေးနှစ်စင်းက ညှပ်ဆွဲကာ တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ခရီးသည်များကို တင်ဆောင်ပို့နေသော တစ်ကြိမ်လျှင် လူကိုးဆယ်၊ တစ်ရာပါသည့် ကူးတို့ ဗော်ယာနှင့် ကူးရမည်ဖြစ်လေသည်။ ထိုအခါ ကူးတို့ ဗော်ယာရှိရာသို့ ဆင်းသက်ရမည်မှာ ဇောတံတားမှ ဖြစ်လေသည်။ ထိုဇောတံတားမှ လွဲ၍လည်း အခြားဆင်းသက်စရာ လမ်း မရှိပါချေ။ ထိုကဲ့သို့ ဆင်းသက်ရမည့် ဇောတံတားထိပ်ကနေလျက် ဂျပန်စစ်သားများနှင့် မြန်မာ လေးငါးယောက်က အပေါက်ပိတ်ကာ ခရီးသွားလက်မှတ်များ စစ်ဆေးနေခြင်းပင် ဖြစ်လေသည်။

ချွေးတပ်ပြေးဖြစ်သော ကျွန်တော်တို့တွင် ခရီးသွား လက်မှတ်လည်း မရှိ၊ ဆေးထိုးလက်မှတ်ဟူ၍လည်း မပါ။ ဤနေရာရောက်မှ ကျွန်တော်တို့မှာ အကျဉ်း အကျပ် တွေ့ရပါလေသည်။ ကျွန်တော်သည် ခပ်လှမ်းလှမ်းမှနေကာ တံတားထိပ်ရှိ ဂျပန်စစ်သားများ၏ အပြုအမူနှင့် ခရီးသည်တို့၏ အပြုအမူကို အကဲခတ်ကြည့်နေမိလေသည်။ ဤလို ကျွန်တော်တို့ ကြည့်နေသည်ကိုလည်း ဂျပန်စစ်သားများနှင့် ထိုနေရာရှိလူများ မမြင်ရအောင် သတိထားရပါလေသည်။

ဂိတ်ဟာဝန်ကျ မြန်မာ လေးငါးယောက်သည် ခရီးသည်များ ထုတ်ပြသော ဆေးထိုးလက်မှတ်နှင့် ခရီးသွား လက်မှတ်များကို အသေအချာစစ်ဆေးကြည့်ရှုလေသည်။ ပြီးလျှင် ဗောတံတားပေါ်သို့ တစ်ယောက်ချင်း လွှတ်ပေးသည်။ ထိုနောက် ဗောတံတားအလယ်လောက်မှ ဂျပန်စစ်သားများက ထပ်မံစစ်ဆေးလေသည်။ ပြီးမှ တစ်ယောက်စီ လွှတ်ပေးလေသည်။

အ ၂၅်နှစ်မှာ ၁၀ နာရီထိုးလုနီးနေလေပြီ။ မြင်းလှည်းဆရာထံမှ စုံစမ်းသိရှိရသည်မှာ ကူးတို့မော်တော်သည် တစ်နေ့လျှင် သုံးခေါက်ကျ ဆွဲသည်။ မနက် ၁၀ နာရီ တစ်ခေါက်၊ နေ့လည် ၁ နာရီ တစ်ခေါက်၊ ညနေ ၃ နာရီ တစ်ခေါက် ဖြစ်လေသည်။ ကူးတို့ခင်ဗျားကိုမူ မော်တော်ပေါက်ရောက်မှ လက်မှတ်ယူရသည်။ တစ်ယောက်လျှင် ဂျပန်ငွေ တစ်ကျပ်ဖြစ်သည်ဟု ဆိုလေသည်။

ကျွန်တော်တို့နှစ်ယောက်မှာ ရှေ့မတိုးနိုင်၊ နောက်မဆုတ်သာ ဖြစ်နေရလေသည်။ ဤနေရာတွင် ဆက်လက်ရပ်နေပါကလည်း ဂျပန်စစ်သားများ တွေ့မည်ကို စိုးရိမ်ရလေသည်။ မော်လမြိုင်မြို့ထဲတွင် ရောက်ရာပေါက်ရာ လျှောက်သွားနေ၍လည်း မဖြစ်နိုင်ပါချေ။ မည်မျှလောက်ပင် ရုပ်သွင်ပြောင်းထားသော်လည်း ကျွန်တော်တို့မှာ ချွေးတပ်ပြေးမှန်း အသေအချာကြည့်က သိနိုင်လေသည်။

သည်လိုပင် အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်တိုးနေရခိုက် ကောင်းကင်မှ လေယာဉ်ပျံသံများနှင့်အတူ လေကြောင်းရန် အချက်ပေး သံချောင်းသွဲသံများသည် မော်လမြိုင်တစ်မြို့လုံး နေရာအနှံ့အပြားမှ ထွက်ပေါ်လာလေသည်။ လမ်းပေါ်ရှိ ခရီးသွားလူထုမှာလည်း ခြေဦးတည့်ရာသို့ စွတ်ပြေးကြလေသည်။ အချို့မှာလည်း သစ်ပင်ကွယ်များ၊ တိုက်ကြား၊ အိမ်ကြား၊ လမ်းဘေးရေမြောင်းထဲ စသည်များသို့ ဒရောသောပါး ပြေးဝင်ခိုကပ်ကြလေသည်။

ကျွန်တော်သည် ပထမဦးဆုံး ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ လေယာဉ်ပျံတွေ ဖွေးဖွေးလှုပ်နေသည်။ ပြီးလျှင် ပီးခိုးတန်းများ၊ မီးပွင့်များနှင့်အတူ အဆက်မပြတ် ပစ်ခတ်လိုက်သော စက်သေနတ်သံများ နားကွဲမတတ် ကြားလိုက်ရသည်။ ဒုတိယ ကျွန်တော်ကြည့်လိုက်သည်မှာ ဗောတံတားပေါ်သို့ ဖြစ်လေသည်။ ဗောတံတားပေါ်ရှိ ဂျပန်စစ်သားများရော၊ မြန်မာများရော၊ ခရီးသည်များရော ခြေဦးတည့်ရာသို့ စွတ်ပြေးကြလေသည်။ အချို့ကား ကူးတို့မော်တော်ရှိရာသို့ ပြေးကြသည်။ အချို့မှာ ကုန်းဘက်သို့ ပြေးလာကြသည်။ အချို့မှာ ရေထဲ ခုန်ချကြလေသည်။

ကျွန်တော်သည် ထိုဖြစ်ပေါ်လာသော အခြေအနေပေါ်တွင် မူတည်ကာ ရရှိသော အခွင့်အလမ်းကို လက်မလွတ်တမ်း အသုံးချရန် စိတ်ဆုံးဖြတ်ပြီးသည်နှင့် "ဟော့-သာဆင်၊ လာ-" ဟု ပြောပြောဆိုဆိုပင် သာဆင်၏လက်ကို ဆွဲကာ ဆိပ်ခံဗောတံတားရှိရာသို့ စွတ်ပြေးခဲ့လေသည်။ ထို့နောက်မှ ကျွန်တော်တို့သည် ရပ်ဆိုင်းတွန့်ဆုတ်ခြင်း မရှိကြဘဲ ထွက်ခွာစပြုနေပြီဖြစ်သော ကူးတို့ဗော်ယာ လူအုပ်ကြီးအတွင်းသို့ လွှားခနဲ ခုန်ဆင်းလိုက်ကြပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အရေးမထား၊ ဂရုစိုက်ခြင်း မရှိကြပါ။ တိုးလား တိုက်လားနှင့်ပင် ရေးကြီးသုတ်ပျာ ရှိကြလေသည်။

ကျွန်တော်နှင့် သာဆင်သည် ဂိတ်ပေါက်ရှိရာသို့ လျှောက်လာကြပါသည်။ ဂိတ်ပေါက်ရောက်သောအခါ လက်မှတ်စစ်ဂိတ်စောင့်အား ကျွန်တော်၏ အိတ်ထဲမှ လက်မှတ်နှစ်စောင်ကို ထုတ်ပေးလိုက်လေသည်။ ဂိတ်ပေါက်တွင် ဘောင်းဘီဝတ် မြန်မာ နှစ်ယောက်နှင့် ဂျပန် သုံးလေးယောက် ရှိလေသည်။ ဘူတာကြီးထွက်ပေါက်နှင့် စကြံတစ်လျှောက်တွင် လျှပ်စစ်မီးများ ထွန်းထားသော်လည်း မီးပွင့်များ အားလုံးကိုပင် အုပ်ဆောင်းကြီးများနှင့် ဖုံးကွယ်ထားလေသည်။

သည်လို လက်မှတ်ပေးပြီး၍ ဂိတ်ပေါက်မှ ထွက်တော့မည်အလုပ်၌ပင် လက်မှတ်စစ် ဂိတ်စောင့်သည် ကျွန်တော်၏ အင်္ကျီစကို လှမ်းဆွဲထားပါတော့သည်။ ကျွန်တော်ပေးလိုက်သော မီးရထားလက်မှတ် နှစ်စောင်ကိုလည်း အနီးရှိ ဂျပန်လက်သို့ ပေးလိုက်ပြီးနောက် တစ်စုံတစ်ရာ ပြောလိုက်လေသည်။ ထိုအခါ ဂျပန် သုံးလေးယောက်နှင့် မြန်မာလက်မှတ်စစ် တစ်ယောက်က ကျွန်တော်တို့နှစ်ယောက်ကို ဝိုင်းထားလေသည်။ ပြီးသော် နောက်လူများ ထွက်နိုင်ရန် အတွက် ကျွန်တော်တို့နှစ်ယောက်ကို ဘေးဖယ်ထားလေသည်။ နောက်တော့ သိပ်အချိန်မကြာလှပါ။ လက်မှတ်စစ် မြန်မာနှင့် ဂျပန်စစ်သား နှစ်ယောက်သည် ကျွန်တော်တို့ကို ရုံးခန်းတစ်ခုထဲသို့ ဆွဲခေါ်သွားပါသည်။

"မင်းတို့ လက်မှတ်က ပဲခူးလက်မှတ်၊ ဒဏ်ဆောင်ရမယ်၊ ဆောင်နိုင်မလား"

စားပွဲကစ်လုံးရှေ့ ရောက်သည့်အခါ စားပွဲတွင် ထိုင်နေသော ဂျပန်စစ်ဗိုလ်က မြန်မာသံပီပီသသာဖြင့် မေးလေသည်။ ထိုအခါမှလည်း ကျွန်တော်တို့ အဖမ်းခံရကြောင်း သိရလေသည်။ ဒဏ်ငွေမှာ မများလှပါ။ တစ်ယောက်လျှင် ဂျပန်ငွေ သုံးကျပ်လောက်ဟု ကျွန်တော် ထင်ပါသည်။ သို့ရာတွင် ထိုကဲ့သို့ ဖြစ်ရသည်ကို ကျွန်တော့်စိတ်ထဲတွင် မကျေမနပ်ဖြစ်မိလေသည်။ ဖြစ်ရပုံကိုလည်း ကျွန်တော် ပြန်လည် သုံးသပ်ကြည့်ပါသည်။

စင်စစ် ဤလက်မှတ်နှစ်စောင်သည် သထုံဘူတာတွင် ကျွန်တော်ကိုယ်တိုင် ရန်ကုန်ကိုဟု ပြောယူခဲ့သော လက်မှတ်များ ဖြစ်လေသည်။ ငွေကြေးအနေနှင့်လည်း ရန်ကုန်ခရီးအတွက် အတိအကျပေးခဲ့ရခြင်း ဖြစ်လေသည်။ သို့ရာတွင် တစ်နေ့ ပြောစရာရှိသည်မှာ လက်မှတ်ပေးရောင်းစားရေး ပေးလိုက်သော ရထားလက်မှတ်ကို အဓိကအချက်မကြည့်မိဘဲ အိတ်ထဲသို့ ထိုးထည့်လိုက်ခြင်းသာ ဖြစ်လေသည်။

၃၁။ ကျောက်တံတားဆိပ်တွင်

သထုံမှ ကျွန်တော်တို့ လိုက်ပါလာသော ရထားသည် ရန်ကုန်ဘူတာကြီးသို့ည (၁၀) နာရီကျော်ကျော်လောက်တွင် ရောက်ရှိလာလေသည်။

ထိုကဲ့သို့ ရောက်လာရာ၌ ကျွန်တော်တို့သည် မုတ္တမနှင့် သထုံကြား လမ်းခရီးတွင် ရထားပေါ်၌ တစ်ညအိပ်ခဲ့ရ၍ သထုံနှင့် ရန်ကုန်ကြားကွင် တစ်နေ့လုံးလုံး နားနေရပြီးမှ ရန်ကုန်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။ ရထားများသည် နေ့ဘက်အချိန်များတွင် လုံးဝ ခုတ်မောင်းခြင်း မပြုဘဲ ညဘက်များ၌သာ ခုတ်မောင်းသောကြောင့် ကျွန်တော်တို့ ခရီးဖင့်နွဲ့ရခြင်းပင် ဖြစ်လေသည်။

ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်သည်ဆိုလျှင်ပင် ကျွန်တော်တို့သည် ဘူတာကြီးတစ်ခုလုံး နေရာအနှံ့၌ပင် ဂျပန်စစ်သားများကိုသာ အပြောက်အမြားတွေ့မြင်ရလေသည်။ ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော ရထားတက်မှ ဆင်းသက်လာသူများမှာလည်း ဂျပန်စစ်ဗိုလ်၊ ဂျပန်စစ်သားတွေသာ အများအပြား ဖြစ်ကြောင်း တွေ့ရလေသည်။ မြန်မာလူမျိုး ခရီးသွားဟူ၍ကား ပြောက်တိပြောက်ကျားလောက်သာ မြင်ရလေသည်။ ရန်ကုန်ဘူတာကြီးတစ်ခုလုံးမှာလည်း မီးရထားဘက်ဆိုင်ရာ မြန်မာနှင့် ကုလားကပြား အနည်းအကျဉ်းမှအပ ဂျပန်တွေချည်း ဖြစ်လေသည်။ ဂျပန်ပြည်ရောက်နေသလားဟူ၍ပင် ထင်ရပါလေသည်။

သို့ရာတွင် ရန်ကုန်ရောက်၍ တွေ့ရသော ဂျပန်များမှာ တောတွင်း ချွေးတပ်စခန်းများတွင် တွေ့ခဲ့ရသော ဂျပန်စစ်သားများနှင့်ကား အတော်ကလေး ခြားနားလှပါသည်။ သူတို့သည် ယူနီဖောင်း သစ်သစ်လွင်လွင်၊ ဝတ်ဆင်ထားပုံမှာလည်း ချပ်ချပ်ရပ်ရပ်၊ သွားလာလှုပ်ရှားမှုမှာလည်း ဖျတ်ဖျတ်လတ်လတ်၊ သွက်သွက်လက်လက် ဖြစ်ကြလေသည်။ ပြီးလျှင် ကျွန်တော်တို့နှစ်ဦးကိုလည်း လုံးဝ

www.burmeseclassic.com

www.burmeseclassic.com

သထုံဘုတာသို့ ရထားဝင်သည်မှာ မနက် သုံးနာရီလောက်တွင် ဖြစ်လေသည်။ ရထားဝင်ပြီး၍ ဂျပန်စစ်တပ်က ထွက်ခွင့်ပေးမှပင် စာရေးဖြစ်သူသည် ဖယောင်းတိုင်ကလေး သုံးတိုင် ထွန်းညှိကာ ကမန်းကတမ်း ကတိုက်ကရိုက် လက်မှတ်ကို ရောင်းချခြင်း ပြုလေသည်။

ထိုအခါ ရထားစီး ခရီးသွားလိုသူများသည် တစ်နေကုန် တစ်နေခန်း ဘူတာရုံတွင် လာရောက် စောင့်ကြရလေသည်။ ရထားဝင်မည့်အချိန်၊ ထွက်မည့် အချိန် စသည်များကိုလည်း ခုံစမ်းမေးမြန်းခွင့် မရှိပါချေ။ လက်မှတ်ရောင်းချသော အပေါက်ဝတွင် စာတန်းတစ်ခု ချိတ်ဆွဲထားလေသည်။ **"မီးရထားအချိန် မနံစမ်းရ၊ နံစမ်းလျှင် စပိုင်"** ဟူသော ကြောက်မက်ဖွယ် စာတန်းပင် ဖြစ်လေသည်။

တစ်ဖန် လက်မှတ် ရောင်းချချိန်နှင့် ရထားထွက်ချိန်မှာလည်း မိနစ်ပိုင်း မျှသာ ခြားထားခြင်း ဖြစ်လေသည်။ ထိုအခါ ရထားစီး ခရီးသွားသည် သေပြေး ရှင်ပြေး လက်မှတ် ယူရသည်။ ခွေးရူးလိုက်သည့်အလား ရထားပေါ် အလုအယက် တက်ရသည်။ မလိုက်နိုင် မတွယ်နိုင်က ထိုသူမှာ အချိန်နှေ့ရက် အကန့်အသတ် မရှိ နောက်ရထားကို စောင့်ရပေမည်။ တစ်ဖန် လာသော ရထားကလည်း ထွက်လိုမှ ထွက်သည်။ ထွက်ပြန်တော့လည်း ဂျပန်စစ်သားများနှင့် ပြည့်ကျပ်နေလျှင် လိုက်ခွင့်မရပြန်ချေ။

ကျွန်တော်တို့သည် ဤလိုအဖြစ်မျိုးနှင့် ရထားကို စီးနင်းခဲ့ရလေသည်။ ထို့ကြောင့် ရထားလက်မှတ်ကိုလည်း ဂရုတစိုက် ကြည့်ရှုမနေအား‌တော့ချေ။ ရထားဘူတာတစ်ခုလုံးမှာလည်း အမှောင်ကြီး ကျနေပါလေသည်။ လက်မှတ်ရောင်း စာရေးသည် မှားယွင်းပေးလိုက်သလော၊ သို့တည်းမဟုတ် တမင်သက်သက် ညစ်လိုက်ခြင်းပေ‌ေ‌ေ‌ေ၊ ဒါကိုလည်း အမှန်မပြောနိုင်ပါချေ။

ကျွန်တော်‌ေ‌ေ‌ေသည် ထိုအဖြစ်ကို ပြန်လည် တွေးတောရင်း အိတ်ထဲမှ ငွေကို ထုတ်လျက် ကျသင့်သော‌ဈေးကို ပေးဆောင်လိုက်ရလေသည်။ ပြီးလျှင် ဒဏ်ဆောင်သော ဖြတ်ပိုင်းစာရွက်ငယ်ကို ယူငင်ကာ ဂိတ်အထွက်တွင် ပေးခဲ့ပြီးနောက် သာဆင်နှင့် နစ်ယောက်အတူ ဘူတာရှေ့ ကတ္တရာစေးလမ်းပေါ်သို့ ထွက်ခဲ့လေသည်။

ရန်ကုန်သည် တစ်မြို့လုံး မှောင်ကြီးအတိ ဖုံးလွှမ်း ရှိလေသည်။ ယာဉ် ရထား၊ ကားအသွားအလာ ဟူ၍လည်းကောင်း၊ လူသွားလူလာ ဟူ၍လည်းကောင်း ဘာဆိုဘာကိုမျှ မတွေ့ရပါချေ။ တစ်ပြင် သုသာန်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက် နေလေသည်။ ကျွန်တော်သည် (ဘီအေအေကစားကွင်း) ယခု အောင်ဆန်းကွင်း ဘက်သို့ မျှော်ကြည့်သည်။ ဘာမှ မတွေ့ရ၊ အမှောင်ကျနေလေသည်။ ဆူးလေ

ခုံးကြီး၊ မီးရထားရုံးကြီး စသည်များဘက်သို့ မျှော်ကြည့်မိပြန်လေသည်။ အမှောင်ကြီး ဖုံးနေသည်မှတစ်ပါး၊ မည်သို့မျှ မထူးခြားချေ။ ရန်ကုန်သည် ကျက်သရေ ကင်းမဲ့သော မြို့ပျက်ကြီးလို ဖြစ်နေပါလေသည်။

သည်အတိုင်းဆိုလျှင် ကျွန်တော်တို့ ရှေ့ခရီးကို မဆက်နိုင်သေးကြောင်း တွေးမိလေသည်။ ထိုသို့ဆိုလျှင် ထိုညအဖို့ ဘူတာရှေ့မြက်ခင်းပေါ်၌ နစ်ယောက်သား အိပ်ကြမည်။ မနက်လင်းမှပင် ကြည့်မြင်တိုင် ကျောက်တံတားဆိပ်သို့ ဆင်းသက်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်ရလေသည်။ ဤလိုနှင့် ထိုတစ်ညအဖို့ ကျွန်တော်တို့သည် ရန်ကုန်ဘူတာကြီးရှေ့ရှိ မြက်ခင်းပြင်ပေါ်တွင် သွားရောက် အိပ်စက်ခြင်း ပြုကြရလေသည်။ သို့တိုင်အောင် ကျွန်တော်တို့နစ်ယောက်မှာ နေရာကောင်း မရကြပါ။ မြက်ခင်းများပေါ်တွင် ဂျပန်စစ်သားများက ခြေချစရာ မရှိအောင် အိပ်စက်နေကြသောကြောင့် ဖြစ်လေသည်။

ကျွန်တော်တို့နစ်ယောက်သည် နောက်တစ်နေ့မနက် စောစီးစွာပင် ကြည့်မြင်တိုင် ကျောက်တံတားဆိပ်သို့ ဆင်းသက်ခဲ့ကြပါသည်။ ကျွန်တော်တို့၏ ခရီးစဉ်မှာ ကျောက်တံတားဆိပ်မှနေကာ ညောင်တုန်းသို့ မော်တော်စီးလျက် ပြန်ကြရန်သာ ဖြစ်လေသည်။ ထိုအချိန်က ညောင်တုန်းနှင့် ရန်ကုန်မှာ ဧရာဝတီ သင်္ဘောများ မနုတ်မောင်းတော့ပါ။ သမ္မန် သို့မဟုတ် သရိုန် မော်တော်များကို စီးနင်းကာ ခရီးသွားလာကြပါလေသည်။

ကျောက်တံတားဆိပ်သို့ ကျွန်တော်တို့ ရောက်ရှိသွားသောအခါ၌လည်း ကျွန်တော်တို့သည် စိတ်မချမ်းမြေ့ဖွယ်ကောင်းလှသော အဖြစ်တစ်ခုနှင့် ရင်ဆိုင်ရ ပြန်ပါလေသည်။ ထိုအဖြစ်ကား တခြားမဟုတ်ပါ။ ချွေးတပ်သားတစ်ယောက်သည် ကျဲ့မင်းမြို့သို့ ပြန်မည့်ဆဲဆဲ ညဘက်က မော်တော်ပေါ်ဆင်း၍ အိပ်ပြီးနောက် နံနက်လင်းသည့်အခါ ထိုမော်တော်ပေါ်တွင် အသက်ကုန်ဆုံးနေသော အဖြစ်နှင့် တိုးနေရခြင်းပင် ဖြစ်လေသည်။

ကျွန်တော်နှင့် သာဆင်မှာလည်း ညောင်တုန်း–ရန်ကုန် ခုတ်မောင်းပြေးဆွဲ နေသော မော်တော်များကို မမီလိုက်တော့သဖြင့် ချွေးတပ်သား သေဆုံးနေသော ကျဲ့မင်းမော်တော်ရှိ လူများနှင့်အတူ သေဆုံးသူ ချွေးတပ်သား အသုဘကိစ္စကို ဝိုင်းဝန်းကူညီကြရလေသည်။

ကြည့်မြင်တိုင် ကမ်းနားဈေးမှ ခေါင်းရွက်ဗျတ်ထိုး ဈေးသည်များမှ စကား ကျောက်တံတားဆိပ်ရှိ လေ့သမား၊ တက်သမား စသူများအထိပင် ထိုအသုဘကိစ္စ ဘတွက် ငွေကြေးထည့်ဝင် ကူညီကြလေသည်။ မော်တော်ပိုင်ရှင် တရုတ်အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com

ကလည်း ထိုသူ့အတွက် ရက်လည်သည့်နေ့တွင် မော်တော်ပေါ်၌ ဆွမ်းကျွေးသပိတ်သွတ်ခြင်း ပြုမည်ဟူ၍ ကျွန်တော့်ကို ပြောကြားခြင်း ပြုပါသည်။

ကျွန်တော်တို့သည် ညနေ ၃ နာရီအချိန်တွင် ထိုချွေးတပ်သား၏ အသုဘကို ကြိတောသုသာန်တွင် သွားရောက်ကာ မြှုပ်နှံကြပါသည်။ ကောက်ခံရရှိ၍ ပိုသောငွေများကိုလည်း ကမကထပြုလုပ်သော မော်တော်ပိုင်ရှင်သည် ဘုန်းတော်ကြီးများအား တစ်ပါတည်း လှူဒါန်းလိုက်လေသည်။

သို့ရာတွင် ကမကထပြုလုပ်သော မော်တော်ပိုင်ရှင်နှင့် မော်တော်အလုပ်သမားများသည်လည်းကောင်း၊ အနီးအနားတစ်ဝိုက်ရှိ ရွာသူ ရွာသား၊ လှေသမား၊ တက်သမားများသည်လည်းကောင်း ထိုသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ကျွမ်းဝင်းဟာကို ဟုတ်,မဟုတ်ကိုပင် တပ်အပ်သေချာ မပြောနိုင်ကြပါချေ။ ထိုသူ၌ အဖော်အပေါင်းဟူ၍လည်း တစ်ယောက်မျှ မပါပေ။ ချွေးတပ်ပြန်တစ်ယောက်ဖြစ်ကြောင်း၊ ကျွမ်းဝင်းသို့ သွားမည်ဆိုသော အကြောင်းမျှကိုပင် ထိုသူ့ထံမှ သိရကြောင်းနှင့် မော်တော်အလုပ်သမားကလေးတစ်ဦးက ပြောပြ၍ သိရှိကြရခြင်းသာ ဖြစ်လေသည်။

နိဂုံးချုပ်၍ ဆိုရသော် "ထိုင်း–မြန်မာ မီးရထားလမ်းကြီး" ဖောက်လုပ်ရာ ချွေးတပ်စခန်းများမှ အပြန်တွင် နေရပ်ဌာနိသို့ မရောက်ရှိကြဘဲ သည်ပုံသည်နည်းမျိုးများဖြင့် လမ်းခုလတ်တွင် အသက်သေဆုံးကြရရှာသော ချွေးတပ်အလုပ်သမားများမှာလည်း ထောင်နှင့်ချီကာ ရှိလိမ့်မည်ဟု စာရေးသူ ယူဆမိပါသတည်း။

❑

အစီရင်ခံပါသည်

သမိုင်းကြောင်းတစ်ရပ်ကို ပြောရာ၌ များစွာသော မှတ်တမ်းပြု ပုဂ္ဂိုလ်တို့သည် အကိုးအကား အမှီအငြမ်း စာအုပ်စာတမ်းများ၏ စာရင်းကို တသီတတန်းကြီး ဖော်ထုတ်ပြတတ်ကြလေသည်။

ဤသည်မှာ အစဉ်အလာကြောင့်ပေလား၊ သို့တည်းမဟုတ် ထိုသို့ဖော်ပြနိုင်ပါမှ ခိုင်လုံသည်ဟု ယူဆသောကြောင့်ပေလား မပြောတတ်ပါချေ။

ဤသမိုင်းမှတ်တမ်းသည်မူ အထက်ပါ အချက်များနှင့် ခြားနားလေသည်။

ယခုစာအုပ်ကို ရေးသားပြုစုရာ၌ စာရေးသူ 'ကိုယ်တွေ့ကြုံ' ဖြစ်ကြောင်း ဖြစ်ရပ်များအပေါ်တွင် လုံးဝ အခြေစိုက်ထားပါသည်။ တိကျနိုင်သမျှ တိကျအောင်၊ မှန်နိုင်သမျှ မှန်အောင် လုံ့လပြု စွမ်းအားထုတ်ပါသည်။ မည်သူ့ကို သာစေ၊ မည်သူ့ကို နာစေဟူသော စိတ်ထားမရှိပါ။ ထိုနည်းတူစွာပင် သမိုင်း၏ ပိုင်ဆိုင်မှုကိုလည်း အလွဲအချွတ်မပြုပါပေ။

တစ်ခုပင် ဆိုရန်ရှိပါသည်။ ဤစာအုပ်၏ အရှေ့ပိုင်းတွင် ပါရှိသော မှတ်တမ်းအမှာစကား အချက်အလက်အချို့နှင့် လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတို့ကိုသာလျှင် (The Burma Siam Railway 1942-45) စာအုပ်ကလေးမှ ရေးဖော်တစ်ဦးက ဘာသာပြန်ဆိုပေးခဲ့ခြင်း ဖြစ်လေသည်။

နောက်ထပ်ဆိုရန် တစ်ခုမှာ–

လွန်ခဲ့သော နှစ်ပေါင်း အစိတ်ကျော်ခန့်က ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ကြီး တစ်ခုကို စာရေးသူသည် စိတ်မှတ်ဖြင့်သာ မှတ်သားရေးခဲ့သောကြောင့် လူပုဂ္ဂိုလ်တို့၏ အမည်များ၊ ချွေးတပ်တစ်ခုမှ တစ်ခုသို့ အပြောင်းအရွှေ့တွင် ဖော်ပြထားသော စခန်းအမည်များ စသည်တို့မှာ မှားယွင်း ချွတ်ချော်နိုင်သော ကိစ္စပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် တတိနိုင်သမျှ အမှားအချွတ် နည်းပါးစေရန်ကိုလည်း သတိကြီးစွာ ပြုပါသည်။

နောက်တစ်ကြောင်းသည် အရေးအသား၊နှင့် ပတ်သက်သော ကိစ္စပင် ဖြစ်ပါသည်။ ဤစာအုပ်မှာ မှတ်တမ်းဟူ၍ အမည်ပေးထားသော်လည်း အချို့ နေရာများ (နေရာတော်တော်များများ) တွင်မူ မှတ်တမ်းရေးနည်းမဆန်ဘဲ ဝတ္ထုရေးနည်းရေးဟန်ဆန်သော ကိစ္စပင် ဖြစ်ပါသည်။ ထိုသို့ဖြစ်ရသည်မှာ စာရေးသူသည် ဝတ္ထုရေးသမားတစ်ယောက်သာ ဖြစ်လေရာ မိမိအားသန်လေသော ရေးနည်း ရေးဟန်ဖြင့် တင်ပြလိုခြင်းကြောင့်ပင် ဖြစ်ပါသည်။ ဤလို တင်ပြနည်းကသာ ပို၍ ဆွဲဆောင်စွမ်းအား ရှိသည်ဟူ၍လည်း စာရေးသူ ယူဆပါသည်။

ဤစာအုပ်ကို ရေးသားဖြစ်စုရာ၌-

(၁) ထိုင်း-မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်မှုကို မြန်မာစာပေနယ်၌ ထိုက်ထိုက်တန်တန် စာတစ်အုပ်၊ မှတ်တမ်းတစ်ခု ရှိစေလိုခြင်း။

(၂) စစ်ကြီးတစ်ခုဖြစ်ပွားခဲ့သော် စစ်ဘေးစစ်ဒဏ် ကျရောက်ခံရသော တိုင်းသူပြည်သားများအနေနှင့် အဘယ်ပုံဟု သိစေချင်သော ဆန္ဒ။

(၃) တိုင်းပြည်တစ်ပြည်အတွက် လွတ်လပ်မှုမရှိခဲ့သော် **တိုင်းတစ်ပါးသားတို့ လွှမ်းမိုးခဲ့သော်** မည်မျှဆင်းရဲဒုက္ခ ကြုံကြရသည်ဆိုခြင်းကို သိစေချင်သော ဧစေတနာ၊ အဆိုပါ ဦးတည်ချက်များနှင့် ရေးသားကြိုးကုတ်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ အကူအညီပေးသော စာရေးဆရာ တက္ကသိုလ်ညွှန်ဦး (ဦးသာညွှန့်၊ ဘီ၊ အေ၊ ဘီ၊ အယ်လ်) အား ကျေးဇူးတင်ကြောင်း အစီရင်ခံအပ်ပါသည်။

လင်းယုန်သစ်လွင်

❑

တတိယပိုင်း

စာရေးသူ၏ အမှာ

ကြီးမားသည့် ဖြစ်ရပ်တစ်ခု (သမိုင်း၌ တစ်စုံတစ်ရာ အတိုင်းအတာအထိ အကျုံးဝင်သက်ရောက်မည့် ဖြစ်ရပ်တစ်ခု) ကို လေ့လာရာတွင် ယင်းဖြစ်ရပ်နှင့် စပ်ဆိုင်သည့်အကြောင်း အချက်အလက်များကို အကျယ်အပြန့် သိရှိထားရန် လိုအပ်လေသည်။

ယင်းသို့ သိရှိထားပါမူလည်း ကောင်းခေတ်မျိုးဆက်တို့အဖို့ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ် စသည်တို့ကို ယထာဘူတ ကျွန်မှန်ကန်စွာ ဖော်နှိုက်သုံးသပ်၍ အဆုံးအဖြတ် ပြုနိုင် ပေလိမ့်မည်။

ယခု တင်ပြထားသည့်ဖြစ်ရပ် ဖြစ်ကြောင်းများသည် ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်တို့ ဖောက်လုပ်ခဲ့သည့် ထိုင်း-မြန်မာ မီးရထားလမ်း၌ စာရေးသူ တွေ့ကြုံခဲ့ရသည့် အဖြစ်များ (တတိယပိုင်း) ဖြစ်လေသည်။

ဤအကြောင်း ဆက်ပါဦးမည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုမှ ၁၉၄၃ ခုအတွင်း ဂျပန်တို့သည် ထိုင်းနိုင်ငံ 'ဘန်ပေါင်မှ မြန်မာနိုင်ငံ' သံဖြူရေပြအထိ မီးရထားလမ်း ဖောက်လုပ်ခဲ့သည်။ (အမှန်မှာ ၁၉၄၂ ခုမှ ၁၉၄၄ ခုထိ) ဖြစ်သည်။ ရထားလမ်း ဖောက်လုပ်ပြီးစီးသွားသော်လည်း မခိုင်ခံ့သော တံတား၊ အချို့နေရာများ၌ ပြီး-ပြီးရော လုပ်ကိုင်ခဲ့ရသည့် သံလမ်းနှင့် ဧလီဖားများ၊ ကျောက်ခင်းခြင်းများအပေါ် ရထား တစ်ခါမောင်း တစ်ခါပျက် ဖြစ်နေခြင်းကြောင့် တစ်ကြောင်း၊ ထင်းမီး အားကိုး ခုတ်မောင်းနေရသဖြင့် တောတွင်း သစ်ပင်များကို ခုတ်လဲ ဖြတ်တောက်ရန်နှင့် ကျောက်ခဲကျောက်ထုရန် တစ်ကြောင်း၊ အရပ်သား ဩဇာတပ်သားအချို့နှင့် စစ်သုံ့ပန်းအချို့သည် စစ်ကြီးပြီးဆုံးချိန် (ဂျပန်များ လက်နက်ချ အညံ့ခံသည့်အချိန်) ထိ ရထားလမ်းတွင် ဩဇာတပ်သားများအဖြစ် ရှိနေကြဆဲ လုပ်ကိုင်နေကြရဆဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ယခု တတိယပိုင်း၌ ပါရှိသည့် ဖြစ်ရပ်ဖြစ်ကြောင်းများသည် စာရေးသူ ရေးသားခဲ့ပြီးသော ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးတပ် မှတ်တမ်း (အမျိုးသားစာပေ တိုးတက်ရေးတိုက်မှ ထုတ်ဝေခဲ့သည်။ ၁၉၆၈) နှင့် ယင်းစာအုပ်ကိုပင် (၂)တွဲ ခွဲကာ ရိုက်နှိပ်ဖြန့်ချိခဲ့သည့် (ရှုဝံစာပေဖြန့်ချီရေး) စာအုပ်ပါ ဖြစ်ရပ်များ မဟုတ်ပေ။ ယခု တတိယပိုင်းသည် 'အပလုံစခန်းတွင်' (တတိယမြောက်) ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဖြစ်ကြောင်းများ ဖြစ်သည်။

တစ်ဖန် ယခုစာစုတွင် နောက်ဆက်တွဲ ဖော်ပြထားသည့် မဟာမိတ် စစ်သုံ့ပန်းတစ်ဦး၏ ကိုယ်တွေ့ ကြုံရသော ဖြစ်ရပ်ဖြစ်ကြောင်းများမှာ ၁၉၅၂ ခု၊ သြဂုတ်လထုတ် စစ်ပြန်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ထိုင်း-မြန်မာ မီးရထားလမ်းအကြောင်းကို လေ့လာရာ၌ တစ်ပူးတစ်ပေါင်းတည်း စာအုပ်တစ်အုပ်တည်း လေ့လာနိုင်လျှင် ပိုမိုသင့်လျော်ပေလိမ့်မည်ဟု ယူသည့် စာပေစေတနာ၊ စာပေမေတ္တာဖြင့် ယခု တတိယပိုင်းတွင် ပူးတွဲ ကျည့်ယွင်းထားပါသည်။

တတိယပိုင်း အရေးအသား

စင်စစ် ဝတ္ထုရေးရာက်ဖြစ်ရပ်များသည် နိုင်ငံသမိုင်း၌ အကျုံးဝင်သော နိုင်ငံသားတို့ သိသင့်သိအပ်သော အကြောင်းရပ်များ ဖြစ်ပေသည်။ ယင်းသို့သော ဖြစ်ရပ်ကို (စာပေဖြင့်) တင်ပြရာ၌ စာရေးသူသည် သမိုင်းပုံစံ၊ သမိုင်းရေးဟန်ဖြင့် ရေးသားသင့်သည်လားဟု စဉ်းစားမိပါသည်။

သို့ရာတွင် စာရေးသူသည် သမိုင်းပညာရှင်မဟုတ်ပါ။ ရသ,စာပေသမားတစ်ဦးသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း သမိုင်းပုံစံ၊ သမိုင်းရေးနည်း ရေးဟန်ကို မလိုက်ဘဲ ရသစာပေ ပဟ္ဗုရေးဟန်ဖြင့်သာ မိမိအားသန်သလို တင်ပြထားပါသည်။

သမိုင်း၌ အကျုံးဝင်သည့် အကြောင်းအချက်အလက်များကို စိစစ်ရာတွင်မူ သဏ်ပ၊ ဂိုဟ္ဒာရ သမိုင်းဆရာ၊ သမိုင်းပညာရှင်၏ အလိုသဘောသာ ဖြစ်လေသည်။

မြန်မာမှ ဂျပန်သို့

ထိုင်း-မြန်မာ မီးရထားလမ်း 'ကိုယ်တွေ့ချွေးတပ်မှတ်တမ်း' စာအုပ်မှာ ဂျပန်အမျိုးသားစာပေပညာရှင် မစ္စတာ အိချ၊ တာနာဘီ (H. Tanabe) သည် မြန်မာမှ ဂျပန်ပြန်ဆို၍ ဂျပန်နိုင်ငံ မိုင်နိအိချိ သတင်းစာ တိုက်မှ ၁၉၈၁ ခုနှစ်မှ ရိုက်နှိပ်ဖြန့်ချိခဲ့သည်။

လင်းယုန်သစ်လွင်

ရန်ကုန်မြို့၊ ၁၉၇၁-ခု၊ အောက်တိုဘာလ။

တတိယမြောက် အပလုံ

မိုးရာသီကုန်လွန်ပြီး ဆောင်းရာသီသို့ ရောက်ရှိနေပေပြီ။

ထိုအခါ တောဝန်းကျင်၊ တောင်ဝန်းကျင်အနှံ့သည် ရာသီစက် ရဟတ်၏ သင်္ကေတတည်းဟူသော ခြိုလွှာဖြင့် ပိန်းပိတ်အောင် ရှိနေသည်။

သည်အဖြစ်ဇာတော့ ထုံးစံတစ်ခုပါပဲလေ။ သည်ရာသီရောက်ပြီဆိုမှဖြင့် ကျွန်တော်တို့၏ လေးဘက် လေးတန်သော ဝန်းကျင်သည် မိုးလင်းမှ မိုးချုပ်အထိ၊ ယနေ့မိုးသောက်မှ နောက်နေ့၊ နောက်ရက်ပေါင်း များစွာသော မိုးသောက်ပေါင်းများစွာထိ ရိုဝေသော မြူနှင်းများက မပြတ်မလပ် ဝိုင်းဝန်းလည်အောင် ကာဆီး ပိတ်ဆို့နေတတ်သည်မှာ ရောက်လေသမျှသော စခန်းတိုင်းတွင် ဖြစ်၏။

ယခုလည်း-

သစ်ပင်တွေ ကြည့်ဦးမလား၊ ဝါးတောတွေ ကြည့်ဦးမလား၊ ကျောက်ကောင်ကြီးတွေ၊ ကျောက်ကမ်းပါးယံတွေ ကြည့်ဦးမလား၊ တစ်သွင်သွင် တစ်ငြိမ့်ငြိမ့်ဖြင့် စီးဆင်းလာနေသည့် စမ်းချောင်းရေ အလျဉ်နှင့် ရေတံခွန်မွေးမွေးလှုပ်တွေ ကြည့်ဦးမလား၊ ဂျပန်အိမ်တွေ ကြည့်ဦးမလား၊ ဆင်တင်းကုပ်တွေ ကြည့်ဦးမလား၊ မြင်းဇောင်းတွေ ကြည့်ဦးမလား၊ ရိက္ခာဂိုဒေါင်နှင့် တဲတန်းလျားတွေ ကြည့်ဦးမလား၊ မြင်နိုင်လေသမျှ လက်လှမ်းမီသရွေ့ သက်ရှိ သက်မဲ့ ရုပ်ဒြပ်မှန်သမျှကား နှင်းထုနှင်းလွှာအောက်၌ ပြားပြားမှောက် ဝပ်စင်းနေပါလား။

ထိုအခါ တောဝန်းကျင်၊ တောင်ဝန်းကျင်၏ အသွင်သဏ္ဌာန်ဆိုသည်မှာလည်း ပကတိအနေအထား၌ မရှိပေ။ ပိပြင်မှု ဆိုသည်မှာလည်း စိတ်ကူးရုပ်ပုံလွှာပါလား။ ကျွန်တော်တို့၏ စိတ်အစဉ်သည်ပင်လျှင် နှမ်းပန်းရခြင်း၊ လွမ်းမောရခြင်းနှင့် ဆွတ်ပျံ့ခြင်းကင်းမဲ့သော အမိုက်တိုက်အတွင်းသို့ မရပ်မနား တရစပ် တိုးဝင်ပြေးလွှားနေဘိ၏တကား။

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လေ–

မနေ့ညက ကျွန်ထော်တို့အားလုံး ဖိုလ့ဲဝိုင်းဖွဲ့ခဲ့သည့် ထင်းမီးဖိုများသည်လည်း စကားသံ တိတ်လေပြီ။ မီးရောင်မီးရိပ်ဟူ၍ ဆိတ်သုဉ်း၍ နေပါချေပြီ။ အရာခပ်သိမ်းတို့သည် မလှုပ်မချောက်။ ထိုအခါ နိမိတ်ပုံသဏ္ဌာန်၌ ခြေရာကောက်နိုင်ဖို့ ဆိုသည်ပင် အခက်သား။

သို့တိုင် သမိုင်းဖြစ်ရုပ်ဟူသည် မေ့ပျောက်ထိန်ချန်၍ မရစကောင်း။ ယခုလည်း ဤစာစုသည် မိမေ့မကျန်အပ်သော သမိုင်းဖြစ်ရပ်တစ်ခုအပေါ် အမှတ်ထင်ကာ ကြည့်ခြင်းပေတည်း။

***

အလယ်တွင် စမ်းချောင်းတစ်ခုသာ ခြားပြီး ကျွန်တော်တို့ နေထိုင်ရသော တဲတန်းလျားများ၏ မြောက်ဘက်တွင် စစ်သုံ့ပန်းများ၏ တဲတန်းလျားတစ်ခု ရှိနေပါသည်။ ကျွန်တော်တို့လိုပါပဲ။ အင်ဖက်မိုး၊ အင်ဖက်ကာ၊ ဝါးဖြင့်ပြီးသော ရှည်လျားလျား ပုံမကျ၊ ပန်းမကျ ဖြစ်ကတတ်ဆန်း တဲတန်းလျားတစ်ခုမျှသာ။

ရေစီးအလျဉ်ထန်လှသည့် စမ်းချောင်းငယ်သည် ကျွန်တော်တို့နှင့် သူတို့အဖို့ အခြားအကန့်ဖြစ်လေသည်။ ကျုပ်ဘက်တွင် ဂျပန်တို့ကား သတိကြီးစွာ ထားဟန် ရှိ၏။

ကြည့်လေ–

ဖြတ်ထိုးထားသည့် ဝါးတဲတားတစ်ခုတော့ ရှိပါ၏။ သစ်တွေ၊ ဝါးတွေ အလျဲပယ် ပေါကြွယ်လှသည့် အရပ်ဒေသဖြစ်ပေမည့် တဲတားမှာ မခိုင်မခန့် မည်ကာမတွ တဲတားဆို ရရုံမျှ တဲတားပါ။ ဩ–တဲတား သည် စမ်းချောင်းအထက် အမြင့် ဆယ်ပေလောက် ဖြစ်၏။ အားပါးပါး– လူတစ်ယောက် လမ်းလျှောက်လိုက်လျှင်ပင် ယိမ်းတိယိမ်းယိုင် လှုပ်ခါလှုပ်နဲ့ အထိန်းအကိုင် လက်တန်းကလေးမျှ မရှိ။ ဖြတ်ထိုးထားသော ဝါးက ဝါးပိုးစါး နှစ်လုံးတည်း။ ဘုရား– ဘုရား– တဲတားပေါ်တွင် သွက်သွက်လျှောက်လို့ မတော် တဆ ကျခဲ့သော် သက်သာမည် မဟုတ်။

ထိုအခါ တဲတားပေါ် လျှောက်သွားရသည်မှာ ဘားဆပ်ကပ်ထဲက ကောင်းကင်ကြိုးတန်းလျှောက်သည်ထက် သက်စွန့်ဆံဖျားနိုင်၏။

လိမ့်ကျလည်း ဘာအရေးလဲ။ စမ်းချောင်းထဲ ကျမှာပဲဟု ပေါ့ပေါ့တန်တန် ပြောလို့တော့ မဖြစ်။ ဆယ်ပေအမြင့်မှ ခြေကားယား၊ လက်ကားယားကျခဲ့သော်

အောက်ကျောက်ဆောင်၊ ကျောက်တုံးအချွန်အတက်တွေဖြင့် ရိုက်မိပြီး ပွဲချင်းပြီး သေမည်ဖြစ်၏။

တဲတား၏ ပရိယာယ်ဝေဒစ်ကို အစချွေသော် ကျွန်တော် မသိ၊ နောက်တော့မှ သိရ၏။ ဒါတောင် စခန်းမှူး ကိုဘစိန် ပြောပြ၍ ဖြစ်၏။

"စစ်သုံ့ပန်းတွေဟာ ကသောင်းကနင်းလုပ်ပြီး ဒီဘက်ကမ်းမှာ ရှိတဲ့ ဂျပန်ကင်းစောင့်အိမ်ကို စီးနင်းတိုက်ခိုက်ဖို့ဆိုတာ မလွယ်ဘူးကွ၊ တဲတားက ခနောခနဲ့၊ သုံ့ပန်းတစ်ယောက်တောင် ဖြည်းဖြည်းချင်း လျှောက်နေရတာ မဟုတ်လား၊ နောက်ပြီး မင်း ကြားတယ်မဟုတ်လား၊ မနက်တိုင်း မနက်တိုင်း အလုပ်ဆင်းဖို့ သုံ့ပန်းတွေ ဒီဘက်ကူးလာရင် ကင်းအိမ်ရှေ့ကနေ ဂျပန်စစ်သားဟာ စက်သေနတ်ကြီးတကားကား လုပ်ပြီး 'ဝမ်းဘိုင်ဝမ်း၊ ဝမ်းဘိုင်ဝမ်း' အော်အော်နေတာလေ"

ဤနည်းအားဖြင့်လည်း ဂျပန်သည် သူ၏ ရန်ဘက် စစ်သုံ့ပန်းများအပေါ် ထိန်းချုပ်၏။

"သုံ့ပန်းတွေ ဆားတောင်းရင် မပေးရဘူး၊ ပေးရင် သေဒဏ်"

နံနက်တိုင်း အလုပ်ဆင်းရန် တန်းစီ လူစစ်ပြီဆိုမှဖြင့် အလုပ်ကြပ်ဂျပန်ယောကျ်ဝ ပြောသည့် စကားသည် မြန်မာစကားကို ဘယ်ကဘယ်လို တတ်မြောက်လာသည်မသိ။ တပ်ကြပ်ကြီး ယောကျ်ဝ အရကျက်မှတ်ထားဟန် တူပါသည်။ ပီပီသသ ပြတ်ပြတ်သားသား ကျယ်လောင်စွာ ပြောတတ်ပါသည်။ ခဲတွင်းတွေ့ဟန်လည်း တူပါသည်။ အခါခပ်သိမ်း တစ်သဝေမတိမ်း မမေ့မကျန် ပြောပါသည်။ အာဂ ယောကျ်ဝ။

စခန်းမှူး၊ ဘွန်ထိုက်ချို၊ ဟန်ချိုနှင့် ချွေးတပ်သား အပေါင်းက သူ့ကို ယောကျ်ဝဟု မခေါ်ဘဲ ယောရဝဟု ခေါ်ကြပါသည်။ တကယ်ဆိုတော့လည်း သူသည် ယောရဝ ငရဲထက်များ ကြောက်မက်ဖွယ် ကောင်းလေသလား၊ ငရဲမရောက်ဖူး၍ ကျွန်တော် အတတ်တော့ မပြောနိုင်ပါ။ ဒါပေမယ့် စာပေကျမ်းဂန်များတွင် ဖတ်ရှုရဖူးသော ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ စာရပ်များတွင် တွေ့ရဖူးသော ပန်းချီ၊ ပန်းပု ထဲမှ ငရဲသားဆိုသူများနှင့်တော့ ယော ကျ်ဝ အတော်ကြီးပင် တူပါသည်။

"တောထဲက ကျားကို ကြောက်စရာမလိုဘူးကွ၊ လူအောင်နဲ့ ဝိုင်းရိုက်သတ်ရင် ရတယ်၊ ယောရဝကို ကြောက်ဟေ့– ယောရဝကို ကြောက်၊ သူ့လက်ထဲမှာ သေနတ်နဲ့"

စခန်းမှူး ကိုဘစိန်က ဘွန်ထိုက်ချို၊ ဟန်ချိုများကို သ တိပေးထားပါသည်။ အကျယ်မှုင့်၍တော့ ကိုဘစိန် မပြောသာပါ။ ပြောချိန်လည်း မရပါ။ ယောကျ်ဝက

www.burmeseclassic.com

www.burmeseclassic.com

မြန်မာစကားတော့ နည်းနည်းပါးပါး တတ်သည်။ နောက်ပြီး အလွန်အမင်း အကင်းပါးသည်။ သူ မသက်ာလျှင် "ဘာလဲကွ၊ ဘာလဲ၊ ငါ့ကို ဘာပြောတယ်" ဟု မရမက ကုတ်ကတ်မေးတတ်ပါသည်။ ပြီး–လက်မြန်ခြေမြန်လည်း ရှိလိုက်ပါဘိ။ ပါးရိုက်သည်မှာ ဖျန်းဖျန်းကွဲ၊ စစ်ခြေထောက်ဖြင့် ကန်ကျောက်သည်မှာ တဘုန်းဘုန်း။ သည်တော့လည်း ဟန်ချိုနှင့် ဘွန်ထိုက်ချို့တွေက ကိုဘစိန် ဆိုလိုက်သော အကြောင်းသခေါ်ပကို အကျယ်ချဲ့၍ နားလည် ရပေသည်။

တပ်ကြပ်ကြီး ယောကုဝ မကောင်းကြောင်း အတင်းအဖျင်း ဖရုသဝါစာကို စကားစပ်မိသဖြင့် အလျဉ်းသင့်၍ ကျွန်တော် ပြောပြီးပါပြီ။ သို့ဖြစ်၍ ခမ္မဒိဋ္ဌာန် သဘောအရ ယောကုဝ ကောင်းကြောင်းကိုလည်း ကျွန်တော် ပြော၍ လိုပါလိမ့်မည်။ ပြောလည်း ပြောသင့်ပါသည်။ များပြားစွာသော ကျွန်တော်တို့ ပုထုဇဉ်လူသားသည် အကောင်းနှင့်အဆိုး ဒွန်တွဲနေကြသည် မဟုတ်လား။ လူတစ်ယောက်အနေနှင့် အကောင်းချည်းမဖြစ်နိုင်သလို၊ အဆိုးချည်းလည်း မဖြစ်နိုင်ပါ။ မည်သို့မည်ပုံပင် ထိန်ချန်ဖုံးဖိလျက် ဟန်ဆောင်ဟန်လုပ်ပြီး ဟန်ဖြပ်တွေ ခုတ်နေစေကာမူ၊ အင်းလေ–ငယ်စဉ်က ကျွဲကျောင်းဖူးကြသူတွေလို မဟုတ်လား။ သဘာဝနိယာမ သဘောကိုက ဒွန်တွဲလျက် ပုထုဇဉ်တစ်ယောက်အဖို့ အကောင်းများများ၊ အဆိုးနည်းနည်း၊ မကောင်းတာကို မကောင်းမှန်းသိ၍ ပြစ်ပယ်နိုင်လျှင် တော်ပြီ။

တစ်နှစ်က မိုးရာသီမှာပါ။ သည် အပလုံစခန်းမှာပဲပေါ့။

အဲဒါက ပထမဦးဆုံးအခေါက်၊ စခန်းတည်ဆောက်စ ဖြစ်ပါသည်။

ထိုနေ့က တစ်နေ့လုံး မိုးတွေ တဝုန်းဝုန်း ရွာသွန်းနေပါသည်။ နံနက် လေးနာရီလောက်က ရွာ သောမိုး၊ ခုဆို ညနေ လေးနာရီ၊ မိုးက ရွာကောင်းတုန်း ရွာကောင်းဆဲ။ ကျွန်တော်တို့ အလုပ်သိမ်းရသည်မှာ ညနေ ငါးနာရီဖြစ်သည်။

ပြင်းထန်သော မိုးထဲ လေထဲတွင် အားလုံး ချမ်းခိုက်ခိုက်တုန်နေကြပြီ။ ဂျပန်စစ်သားတွေရော၊ သုံ့ပန်းစစ်သားတွေရော၊ ဘွန်ထိုက်ချို့၊ ဟန်ချိုနှင့် ရွေးတပ်သားတွေရော၊ ဆင်ဦးစီးတွေရော၊ ဆင်တွေရော ဆိုပါတော့။

နံနက်စာထမင်းကိုလည်း ကျွန်တော်တို့အားလုံးသည် မိုးရေ မိုးပေါက် အောက်၌ပင် စားသောက်ခြင်း ပြုကြပါသည်။ အလုပ်ကြပ်ဂျပန် ယောကုဝ အပါအဝင် အခြားအခြားသော ဂျပန်တပ်ကြပ်ကြီးများရော၊ ဂျမန်စစ်သားများရော၊ ကျွန်တော်တို့နည်းတူပင် မိုးထဲလေထဲတွင် စားသောက်ခြင်း ပြုကြရပါသည်။ တစ်ခုရှိသည်မှာ သူတို့တွင် စစ်မိုးကာအင်္ကျီများ ရှိသည်။ ဒါပေမယ့် သူတို့ စစ်မိုးကာ အင်္ကျီများကလည်း မိုးကြိုးလျှင် လုံအုံမထင်ပါ။ ပြီး–သူတို့စစ်မိုးကာက တို့နှံ့နှံ့ဖြစ်သည်။

သူတို့က သစ်ပင်ရင်းတွင် ခြေနံရပ်လျက် ဟန်းကောခေါ် ထမင်းဘူးထဲက ထမင်းကို ဝါးတူ နှစ်ချောင်းဖြင့် ညှပ်ယူစားသောက်သည်။ ခပ်သုတ်သုတ် စားသောက်သည်။ ဘယ်သူမှ ဇိမ်ခံမနေနိုင်။ စစ်သားဆိုတော့လည်း ကျင့်သားရနေပြီပေါ့။

ရွေးတပ်သားများနှင့် ဟန်ချို၊ ဘွန်ထိုက်ချို့များကတော့ သစ်ပင်ကြီးများ အောက်တွင်လည်းကောင်း၊ ကျောက်တောင်၊ ကျောက်ကမ်းပါးယံကြီးများ ဘေးတွင်လည်းကောင်း ခိုကပ်လျက် အုပ်စုဖွဲ့ စားသောက် ကြသည်။ မိုးလုံသည်တော့ မဟုတ်ပါ။ မနုမနပ် စိမ်းဆတ်ဆတ်နှင့် ဆီ၊ ကြက်သွန် အလျဉ်းကင်းမဲ့သော ပဲကြာရည်ပြုတ်သည် တစ်ပေါက်ပေါက်ကျဆင်းနေသည့် မိုးရေပေါက်ကြောင့် ပို၍တော့ နှူးနှူးနပ်နပ် ဖြစ်မလာပါ။ မိုးရေဆမ်းသော ထမင်းတော့ ဖြစ်လာပါသည်။

ထမင်းစား၊ ရေသောက်သော ကိစ္စ၌မူ စစ်သုံ့ပန်းများမှာ ဂျပန်စစ်သားများ၊ ရွေးတပ်သားများနှင့် မတူညီသော အခွင့်အရေးတစ်ခု ရှိပါသည်။ သုံ့ပန်းစည်းကမ်းစည်းမျဉ်းအရလား မဆိုနိုင်ပါ။ ထမင်းစား ချိန်တွင် စစ်သုံ့ပန်းများသည် လူနေစခန်း (တဲတန်းလျား) တွင် ပြန်လည်စားသောက်နိုင်ခွင့် ပေးထားခြင်း ဖြစ်ပါသည်။ စစ်သုံ့ပန်းအင်အား အများအနည်းကို လိုက်၍ လက်နက်ကိုင် စစ်သားများက ခေါ်ဆောင်သွားပါသည်။

မိုးက တဝုန်းဝုန်း တဖြုန်းဖြုန်း သဲကြီးမဲကြီး ရွာသွန်းနေပါသည်။

ကျွန်တော်နှင့် တပ်ကြပ်ကြီး ယောကုဝတို့သည် မိုးဒဏ်မှ သက်သာခံသာမည့် ကညင်ပင်ကြီး တစ်ပင်အောက်၌ ရောက်ရှိနေကြပါသည်။

ထိုအခိုက် ဘယ်လို စိတ်ကူးပေါက်သည် မသိ၊ တပ်ကြပ်ကြီး ယောကုဝသည် သူ့နည်းသူ့ဟန်ဖြင့် ကျွန်တော့်ကို စကားတစ်ခွန်း ပြောလိုက်ပါသည်။

"ဘီရမာ–မကောင်းဘူး၊ နီပွန်နော် အားကြီးကောင်းတယ်"

ဖျတ်ခနဲ သူ့ကို ကျွန်တော် လှည့်ကြည့်လိုက်မိပါသည်။ သူ ဘာပြောချင် ဆိုချင်တာပါလိမ့်။ ကျွန်တော် တွေးသည်။

သူသည် မိုးစက်မိုးပေါက်များ အဆက်မပြတ် သွန်ချနေသည့် မြင်ကွင်း အတွင်းမှ အဝေးအလှမ်းကို မျှော်ငေးကြည့်နေပါသည်။

သူ့ မျက်လုံးအစုံသည် တစ်စုံတစ်ရာ၌ လွမ်းဆွတ်ကြေကွဲ ကသနေဟန် ရှိပါသည်။ သူ့နှလုံးဖျားမှ ဂျပန်သီချင်းတစ်ပုဒ်ကို တိုးတိုးညင်သာဖြင့် ဆွဲဆွဲငင်ငင် ဆိုညည်းနေပါသည်။ သူ့အမူအရာ၊ သူ့နှုတ်က သီချင်းသံနှင့် ပက်ဝန်းကျင် အခြေအနေများကြောင့် တပ်ကြပ်ကြီး ဆိုလိုသည့် စကားအနက်ကို ချက်ချင်းဆိုသလို ကျွန်တော် သဘောပေါက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မည်းသည့်လူမျိုး၊ မည်သည့်နိုင်ငံသားမဆို ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုး အပေါ် ခင်တွယ်ကြစမြဲ မဟုတ်ပါလား။ ကိုယ့်တိုင်းပြည်ကို မချစ်တဲ့သူရယ်လို့ ဘယ်မှာရှိပါ့မလဲဗျာ။ အရှုးတွေမှ မဟုတ်တာ။

ယခုလည်း တပ်ကြပ်ကြီး ယောကုဝက မိုးတွေ သိပ်ရွာလို့ မြန်မာပြည်ဟာ မကောင်းဘူးတဲ့။ မိုး သိပ်မရွာတဲ့ (နိပွန်) ဂျပန်ပြည်ဟာ အလွန်ကောင်းဆိုပဲ။

အင်းလေ-ဒါပေမယ့် တစ်ခုတော့ ပြောစရာရှိပါတယ်။ ဒုတိယ ကမ္ဘာစစ် မဖြစ်ခင် ဟိုးလွန်ခဲ့တဲ့ နှစ်လေးငါးဆယ်လောက်တုန်းကတော့ ဂျပန်ဟာ ခဏခဏ မီးတောင်တွေ ပေါက်ကွဲပြီး၊ ခဏခဏ ငလျင်တွေ လှုပ်လေတော့ သူတို့ခမျာတွေ အိမ်ကောင်းရာကောင်းနှင့်တောင် နေနိုင်ရာအံ့မထင်ပါဘူး။ ကြည့်မှပေါ့၊ လူသုံးပစ္စည်းပစ္စယကိုတောင် စက္ကူရေချိုင့်တို့၊ စက္ကူခွက်တို့၊ စက္ကူလက်သုတ်ပဝါတို့ စသည်ဖြစ်ပေါ့။ ဒါတွေဟာ မီးတောင်ပေါက်လို့၊ ငလျင်လှုပ်လို့၊ ပြိုကွဲပျက်စီးသွားလည်း အကြောင်းမဟုတ်ဘူးပေါ့။ နေအိမ်ပြတင်းပေါက်တို့၊ တံခါးရွက်တို့ ဆိုလည်း စက္ကူတွေပေါ့ဗျာ။

တပ်ကြပ်ကြီး ယောကုဝဟာ ဒီအကြောင်းမသိတာတော့ ဟုတ်မယ် မထင်ဘူးဗျ။ ကျွန်တော်နှင့် သူ ဟောဒဲမှာ ဖတ်ကြစဉ်က သူ့အသက်ဟာ အစိတ်၊ အစိတ်ကျော်လောက် ရှိနေပါပြီ။ ကျွန်တော်နှင့် သူ ငါးကြင်း၊ ငါးသိုင်းပေါ့။ အေးပေါ့ဗျာ ဒါပေမယ့် လူတိုင်းဟာ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ ဂုဏ်သိက္ခာ ကျဆင်းစေမယ့် ကိစ္စမျိုး၊ စကားမျိုးတော့ ဘယ်မှာ ဖွင့်ထုတ်ပြီး ပြောဆိုချင်ပါ့မလဲ။ ဒီနေရာ ဒီကိစ္စမှာတော့ တပ်ကြပ်ကြီးကို ချီးကျူးရပေမပေါ့။ ယောကုဝ ကောင်းပါတယ်။

ပွင့်ပွင့်လင်းလင်း ပြောကြမယ်ဆိုရင် သူ့အယူအဆနှင့် ကျွန်တော့်အယူအဆဟာ ဆန့်ကျင်နေပါတယ်။ သဘောထားချင်း တစ်မျိုးစီပါ။

ကျွန်တော်ကိုကတော့ စန္ဒရား ကိုလုထွဋ်ရဲ့ တိမ်တမန် သီချင်းထဲကလို၊ မိုးများများ ရွာပါစေ၊ မိုးကောင်းပါစေပေါ့။ မိုးကောင်းမှ ကောက်ပဲသီးနှံ ဆန်ရေစပါး ဖြစ်ထွန်းမယ်။ သို့မှ အုမ၊တောင့်မှာကိုး။ ကျွန်တော်တို့ အားကိုးရတာက မိုး။

ဒုဇ္ဈိကွန္တ ရကပ်ဆိုက်တယ်။ ငတ်မွတ်ခေါင်းပါးသေကြေပျက်စီးကယ်ဆိုတာကိုက အရင်းစစ်တော့ ကောက်ပဲသီးနှံ၊ ဆန်ရေစပါး မလုံလောက်မှု၊ မိုးခေါင်မှုဆိုတဲ့ အခြစ်မြေက ကိစ္စတွေကြောင့် ဖြစ်လာရတဲ့ အဖြစ်ပါ။

ဒီထိအောင် တပ်ကြပ်ကြီး ယောကုဝ တွေးသလား၊ မတွေးဘူးလား၊ မဆိုနိုင်ပါဘူး။ မိုးကတော့ ရွာကောင်းဆဲပဲ။ သူနှင့် ကျွန်တော်ဟာ ကညင်ပင်ကြီး

အောက်မှာ ရပ်နေရဆဲပါ။ ငါးနာရီက မထိုးသေးဘူးလေ။ အလုပ်သိမ်း သံချောင်းကလည်း အခုထိ မခေါက်သေးဘူးဗျ။

ခပ်လှမ်းလှမ်း တောင်ကုန်းမြင့်ပေါ်တွင်မူ ဂျပန်ဆန်သော ပုံစံဖြင့် ဝါးကြီးသက်သက် ဆောက်လုပ်ထားသည့် နေတံဆိပ်အလံကို လွှင့်ထူထားသော နေချင့်စဖွယ် ကောင်းသည့် ဂျပန်စစ်ဗိုလ် ယာမာမိုတို့၏ အိမ်ငယ်။ ပြီး- ယင်းနှင့်ဆက်လျက် ဂျပန်စစ်သားများ နေထိုင်သော တဲတန်းလျားများသည် တောင်ကုန်းထက်မှ နေ၍ အောက်ခြေမြေပြန့်ရောက်သည်အထိ မျက်နှာချင်းဆိုင် ခြောက်တန်းလျား ဖြစ်လေသည်။

ထိုတန်းလျားခြောက်လုံးမှာလည်း အချို့တကျ မဟုတ်လှပါ။

တောင်ကုန်းထက်ရှိ ဂျပန်စစ်ဗိုလ်၏ အိမ်ပြတင်းပေါက်မှနေ ကြည့်လျှင် တသွင်သွင်စီးနေသည့် စမ်းချောင်း၊ တဟောဟောကျဆင်းနေသော တောင်ကမ်းပါးယံထက်မှ ရေတံခွန်၊ ရှုခင်းပန်းချီ၏ နောက်ခံ ဘက်ဂရောင်းသည် ဖောစိမ်းစိမ်း၊ အခုလို ဆောင်းရာသီမှာတော့ မြူနှင်းတွေ တဝေဝေပေါ့။

တစ်ဖန် စမ်းချောင်းငယ်၏ ဟိုမှာဘက်တွင် စစ်သုံ့ပန်းများ၏ တဲတန်းလျား၊ နောက်တော့ သည်မှာဘက်ကမ်းရှိ အရပ်သားဖြစ်သော ဖျေးတပ်သားများ၏ တဲတန်းလျားများ။

သဘာဝနိယာမသည် ဆန်းကြယ်လှစွာ၏။ ဆန့်ကျင်ဘက်ဖြစ်သော ဤမြင်ကွင်းနှစ်ရပ်အား တစ်နေရာတည်း၌ ပေါင်းစပ်ပေးထား၏။ တစ်ဖက်တွင် အေးမြစိမ်းစိုသည့် သာယာကြည်နူးဖွယ် တောတောင်ရှုခင်း၊ တစ်ဖက်တွင် အငတ်ငတ်အမွတ်မွတ် ချွေးတပ်သားနှင့် ပစ္စုဒ္ဓေရ စစ်သုံ့ပန်း။

ဆန့်ကျင်ဘက်တို့ ပေါင်းစပ်ခြင်းသည် လူ့လောက၏ နိယာမပေလား။

ရဲဖန်ရဲခါ၌မူ စစ်ဗိုလ် ယာမာမိုတိုသည် အိမ်ငယ်၏ ပြတင်းပေါက်မှ ရပ်လျက် မှန်ပြောင်းတစ်လက်ဖြင့် သုံ့ပန်းများ နေထိုင်သည့် တန်းလျားကိုလည်းကောင်း၊ ချွေးတပ်သားများ နေထိုင်သည့် တဲတန်းလျားကိုလည်းကောင်း၊ ခိုက်ခိုက်စူးစူး ကြည့်ရှုတတ်ပါသည်။ စင်စစ် ချွေးတပ်သားများအပေါ် သည်မျှလောက် မဟုတ်တန်ပါ။ ရန်ဘက်ဖြစ်သော သုံ့ပန်းများအပေါ် စိတ်မချ လက်မချ ရှိဟန် တူပါသည်။

တစ်ကြိမ်တော့ ကျွန်တော်က စခန်းမှူး ကိုဘစိန်ကို ပြောသည်။

"ဟိုက ဘာလုပ်နိုင်မှာတဲ့တုန်း၊ သူတို့က လက်နက်လက်ရှိ၊ ဟိုက လက်နက်မဲ့၊ ဆူဆူပူပူ ထလား ကြွလားဆို အကုန်ပစ်သတ်မှာ"

သည်တော့ ကိုဘစိန်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလဲ ဘယ်ဟုတ်မလဲကွ၊ ဟိုကလဲ သူတို့လို စစ်သားပဲ၊ မဖြစ်နိုင်လွန်းလို့ ကြိတ်မိုတ်ခံနေတာ ဃါ၊ ဟိုကလဲ သူတို့လိုပဲ သတ္တိရှိတယ်ကွ၊ မိုက်တိမိုက်ကန်းတော့ မလုပ်ဘူး၊ အခြေအနေပေးရင် လုပ်မှာ၊ စိတ်ချလို့ ဘယ်ဖြစ်မှာတုန်း၊ ထိုင်းဘက်နဲ့ စကံာပူဘက်မှာ သုံးလေးကြိမ် ဂျပန်တွေ ခံလိုက်ရပြီ"

ကိုဘစိန်က ကျွန်တော်နှင့် တစ်မြို့တည်းသား။ သူက ကျွန်တော့်ထက် လူရေးသာသည်။ ဆယ်တန်း အောင်ပြီးသူ ဖြစ်သည်။ ချွေးတပ်ထဲ လိုက်လာစဉ်က သူ့တွင် အလုပ်လက်ရှိ၊ ညောင်တုန်းမြို့ပိုင်ရုံး စာရေးဖြစ်သည်။ လူက မွှန်တေတေ၊ ခပ်ပေပေ၊ ကျွန်တော့်ကိုတော့ ခင်မင်ပါသည်။

ကျွန်တော့်အမြင်တွင်မူ စစ်သုံ့ပန်းအားလုံးလောက်ပင် ခရမ်းသီးပိန် ဓားတုံး၊ ဒူးခေါင်းကြီးပြီး ခြေသလုံးသိမ်ကာ၊ ဗိုက်ပူနံကားဖြင့် အရိုးပေါ် အရေတင်လျက်၊ နားထင်ချိုင့်ခွက်၊ မျက်တွင်းဟောက်ပက် ဖြင့် သူအို၊ သူနာရပ်တွေ ဖြစ်လေသည်။ ကျွေးမွေးသော အစားအစာဆိုသည်မှာလည်း စလေဆရာ၏ ရေသည်ပြစာတ်ထဲက ငါးသန်သေးနပ် ရေလုံပြွတ်ထက် ဆိုးဝါး၏။ ဆားပြားဆို၍ အလျဉ်းမပါ။ ဘယ်လိုမှ အာဟာရ မသက်ရောက်နိုင်ပါ။ မသေရုံတမည်၊ ခိုင်းလို့စေလို့ ရရုံလောက်သာ ဖြစ်လေသည်။

ဂျပန်များဘက်က ကြည့်ပြန်တော့လည်း ပြောစရာရှိပြန်သည်။ သူတို့အဖြစ်က မြွေပွေးခါးပိုက်ပိုက် ဆိုတာမျိုး။ စိတ်ချလို့ မဖြစ်နိုင်။ သတိတစ်ချက်လစ်၍ အငိုက်မိခံလိုက်ရလျှင် စခန်းတစ်ခုလုံး ပြွတ်ထွက်သွားမည့်အဖြစ်။

မည်သို့ဆိုစေ၊ သူတို့နှစ်ဦးစလုံးသည် လောင်ကျွမ်းတတ်သော မီးနှင့် ကစားတတ်နေကြသူများပေတည်း။

***

ယခု ကျွန်တော်တို့ ရောက်ရှိနေသော စခန်းသည် အပလုံဖြစ်သည်။

ထိုင်း–မြန်မာ ရထားလမ်းဖောက်လုပ်ရာတွင် အပလုံစခန်းသည် 'သံဖြူဇရပ်' နှင့် ခရီးမိုင် ခြောက်ဆယ်ကျော်ခန့် အလှမ်းကွာဝေးသည် ဆိုပါသည်။

သံဖြူဇရပ်နှင့် အပလုံကြားတွင် ကျောက်တစ်လုံးစခန်း၊ တပ်ဒိန်စခန်း၊ အနန်းတွင်းစခန်း စသော စခန်းကြီးများ ရှိသည်။ ဂျပန်ဘာသာ ရေးထိုးထားပြီး မြန်မာအမည်တပ်မထားသည့် စခန်းငယ်ကလေးပေါင်း များစွာ ရှိလေသည်။

တစ်ဖန် အပလုံစခန်း၏ အထက်ဘက်တွင် ဘုရားသုံးဆူစခန်းဟု ရှိလေသည်။

အပလုံနှင့် ဘုရားသုံးဆူသည် မိုင်နှစ်ဆယ်ကျော် ကွာလှမ်းပြီး အမည်တပ်မထားသော ကြားစခန်း ငယ်ပေါင်း များစွာရှိလေသည်။

အမည်တပ်ထားသည့် စခန်းကြီးများသည် ရထားလမ်းဖောက်လုပ်ရာတွင် အဓိကကျသော စခန်းကြီးများ ဖြစ်လေသည်။ စားနပ်ရိက္ခာဂိုဒေါင်များ၊ လုပ်ငန်းခွင်သုံး လက်နက်ကိရိယာ၊ ပစ္စည်းပစ္စယဂိုဒေါင် များ၊ အထွေထွေပစ္စည်းပစ္စယဂိုဒေါင်များ ရှိလေသည်။ ယင်းကမှတစ်ဆင့် ခွဲဝေကာ စခန်းငယ်ကလေးများသို့ ပို့ပေးခြင်း ဖြစ်သည်။

ထို့ကြောင့် စခန်းမကြီးများတွင် ဂျပန် ဦးရေလည်း များပြားသည်။ ချွေးတပ်သားများလည်း များပြားသည်။ စစ်သုံ့ပန်းများလည်း ရှိလေသည်။ စခန်းတိုင်းတွင်တော့ စစ်သုံ့ပန်းများ မရှိကြပါ။ ယင်းအချက်ကို ကောက်ရှုခြင်းဖြင့် မိုးရထားလမ်းဖောက်လုပ်ခြင်း၌ တာဝန်ယူရသော ဂျပန်များသည် ၎င်းတို့အနေဖြင့် အထိန်းရ၊ အကျောင်းရ တာဝန်ကြီးမားသည့် စစ်သုံ့ပန်းများအား မသုံးလျှင် မဖြစ်သည့် ကိစ္စ၌သာ အသုံးပြုလိုကြောင်း ထင်ရှားပါသည်။

အရေးကြီးသည့်တံတား တည်ဆောက်ခြင်း၊ ဧလိဖာခင်းခြင်း၊ သဲလမ်းဆွဲခြင်း စသောလုပ်ငန်းများကို စခန်းမကြီးများက စိမ်ကွပ်ကဲ၍ လုပ်ကိုင်ဆောင်ရွက်ခြင်း ပြုပါသည်။ အဆိုပါ ဂျပန်စစ်သားများမှာ ရိုးရိုးတိုက်ရေးခိုက်ရေး စစ်ဗိုလ်၊ စစ်သားများ မဟုတ်တော့ပါ။ အင်ဂျင်နီယာတပ်၊ ဆောက်လုပ်ရေးတပ်၊ ယန္တရားတပ်များဖြစ်ပြီး စစ်သုံ့ပန်းများမှာလည်း ရထားလမ်းဖောက်လုပ်ရေး၌ ကျွမ်းကျင်နားလည်သော စစ်သုံ့ပန်းများကိုသာ ရွေးချယ်ခေါ်ဆောင်လျက် အသုံးပြုခြင်း ဖြစ်လေသည်။

ရထားလမ်းဖောက်လုပ်ရာတွင် မြန်မာဘက်က တာဝန်ယူရသည့်မှာ သံဖြူဇရပ်မှ ဘုရားသုံးဆူအထိ ဖြစ်ပြီး၊ ယိုးဒယား (ယနေ့အခေါ် ထိုင်း) ဘက်က တာဝန်ယူရသည်မှာ ဘန်ယောင်မှ ဘုရားသုံးဆူအထိ ဖြစ်သည်။ မီးရထားလမ်းသွယ်မိုင်နှစ်ရာခြောက်ဆယ် ရှည်လျားပြီး မြန်မာနှင့် ထိုင်းတို့ ဘုရားသုံးဆူစခန်းတွင် ဆုံမိကြရမည် ဖြစ်လေသည်။

ဂျပန်တို့သည် ယင်း၏ ရထားလမ်းကို ဖောက်လုပ်ရာတွင် အလောင်းမင်း တရားကြီး ဦးအောင်ဇေယျ အယုဒ္ဓရိုင်ငံသို့ စစ်ချီတက်ခဲ့သော စစ်လမ်းကြောင်းကိုလည်း အထိုက်အလျောက် အသုံးပြုခဲ့ကြောင်းဖြင့် စခန်းမှူး ကိုဘစိန်က ကျွန်တော့်ကို ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီဘုရားသုံးဆူဟာ အလောင်းမင်းတရားကြီးရဲ့ ရဲမက်စစ်သည်တော်ကွေ စခန်းချခိုက် တည်ထား ကိုးကွယ်သွားတဲ့ စေတီသုံးဆူ" ဟု ဘုရားသုံးဆူစခန်းရောက်ကြစဉ်က ကိုဘစိန် ပြောခြင်းဖြစ်ပါသည်။

စေတီတော်သုံးဆူတွင် ထီးတော်များ လုံးလုံးပင် မရှိတော့ပါ။ ဘုရားစေတီငုတ်တိုများ ဖြစ်နေပါသည်။ နောက်တော့ သက်ဆိုင်ရာတို့ အစီအစဉ်ဖြင့် ရန်ကုန်က ထီးတော်များ ရောက်ရှိလာပြီး ထီးတော်တင်ခြင်း၊ ထုံးဖြူသကိန်း ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ပေးပါသည်။ သည်တော့မှ စေတီတော် သုံးဆူမှာလည်း တင့်တယ် သပ္ပါယ်လာပါသည်။ တစ်နည်းပြောရရင်တော့ ဝေဒနာသည် ချွေးတပ်သားများကို ကုစားခြင်း တစ်မျိုးတစ်ဖုံပေါ့ဗျာ။

***

စင်စစ် အပလုံစခန်းသည် ကျွန်တော်တို့ မအူပင်ခရိုင် ချွေးတပ်သားများဒုံ့စခန်းစိမ်းတစ်ခုကား မဟုတ်ပါ။ ထိုင်း-မြန်မာ ရထားလမ်းဖောက်ရာ တောတွင်းစခန်းများသို့ ကျွန်တော်တို့ လှည့်ပတ်ရောက်ရှိ ခဲ့ရသည့် တစ်နှစ်ကျော်ကျော်၊ နှစ်နှစ်နီးနီး အချိန်ကာလအတွင်း အပလုံစခန်းသို့ ယခုတစ်ကြိမ်ရောက်ရှိ ခဲ့ခြင်းမှာ တတိယအကြိမ် ဖြစ်လေသည်။

ပထမအကြိမ်ရောက်စဉ်က ဖိုးဥက္ကာ မိုးရာသီဖြစ်ပါသည်။ ယခုလို သုံ့ပန်းဟွေလည်း မရှိကြသေး။ ဂျပန်စစ်ဗိုလ် ယာမာမိုတိုကို မြင်တောင် မမြင်ဖူးသေး။ ဂျပန်အလံ လွှင့်ထူထားသော တောင်ကုန်းထက်က အိမ်ကလေးလည်း မပေါ်ပေါက်သေး။

ရှိကြသည်မှာ ဂျပန်တပ်ကြပ်ကြီး ယောကုဝအပါအဝင် ဂျပန်စစ်သားများ၊ ချွေးတပ်သားများ၊ ဆင်ဦးစီးများနှင့် ဆင်များသာ ဖြစ်လေသည်။

ထိုစဉ်အခါက အပလုံသည် တောကြီးမျက်မည်း စခန်းဟူ၍ ပြောဖို့ပင် ခပ်ခက်ခက်။ ဆင်တိုး၍ မပေါက်နိုင်အောင် ဝါးတော၊ ဘစ်တောကြီးများက အပလုံစခန်းကို လေးဘက်လေးတန် ကာရံပိတ်ဆီးထားလေသည်။

ဆည်းဆာချိန် ကျောခိုင်း၍ မှောင်ရိပျိုးစ နေဝင်ဖျိုးဖျဉ်မှာပင် တောကောင်တိရစ္ဆာန်တို့ အော်မြည်သံကို ကြားရတော့သည်။ ညဉ့်နက်ပြီဆိုလျှင် သမင်တောက်သံ၊ ချေဟောက်သံများကို ကြားရလေသည်။ ဒါက သမင်၊ ဒါက ချေဟု မီးပုံဝိုင်းမှ ချွေးတပ်သားတို့ ပြောဆိုငြင်းခုံတတ်ကြသည်။ ထိုအတွင်း ဆွဲဆွဲငင်ငင် လေးလေးတွဲတွဲဖြင့် အသံရှည် ဆွဲဟစ်လိုက်သော ခွေးအူသံများကို ကြားလိုက်ရသည့်အခါ၌မူ

"မင်္ဂလာမရှိတဲ့အသံ" ဟု တစ်ယောက်သော ချွေးတပ်သားက ဆိုသည်။ သူတို့အားလုံး မျက်စိမျက်နှာ ပျက်ကြသည်။ ငြင်းခုံသံလည်း ဆိတ်သွားသည်။

စိတ်ဥသွေးငယ်ခြင်းလည်း ဖြစ်နိုင်သည်။ ဌာနေကျန် အိမ်သူသမက်ထားနှင့် သမီး၊ သားကို လွမ်းဆွေး ခြင်းလည်း ဖြစ်နိုင်ပါသည်။ တစ်ခုခုတော့ တစ်ခုခု။

ဤသို့ဖြင့် တစ်မိုးတွင်းသာ ကျွန်တော်တို့တစ်တွေ နေလိုက်ရပါသည်။ ကြောက်ခမန်းလိလိဖြစ်သည့် တောကြီးမျက်မည်းရှိသော အပလုံသည် ပြောင်တလင်းခါမတတ် ပြုတ်ပြုတ်ပြုန်းလု ဖြစ်သွားတော့သည်။

ချွေးတပ်သားများသည် သစ်ပင်ကြီးငယ် မှန်သမျှကို ထင်မီးအတွက်လည်းကောင်း၊ မီးရထားလမ်းခင်းရန် ဧလိဖားတုံးအတွက်လည်းကောင်း၊ လမ်းတံတားအတွက်လည်းကောင်း ခုတ်လဲဖြတ်တောက်ခြင်း ပြုကြရသည်။

ဝါးတောကြီးများကို ဂျပန်စစ်သားများနှင့် ချွေးတပ်သားများက လိုအပ်သော အသုံးအဆောင်နှင့် အဆောက်အအုံအတွက် ခုတ်ယူခြင်းပြုကြသည်။ မျှစ်များကို ချိုးယူစားသောက်ကြသည်။ လူတွေသာ မဟုတ်ပါ။ သစ်ဆွဲဆင်ကြီးများကလည်း ဝါးတောကြီးကို တစ်ဖြောင်းဖြောင်း ချိုးဖဲ့စားသောက်ကြသည်။

ကျောက်တောင်ကြီးများသည် ကြီးရာမှ တစ်ဖြည်းဖြည်း ငယ်လိုက်လာသည်။ တောင်ငယ်ကလေးများမှာ လုံးလုံးပင် အစအနပျောက်ပြီး မြေညီမြေပြန့် ဖြစ်ကုန်သည်။ ချွေးတပ်သားများသည် မီးရထားလမ်း ခင်းရန်နှင့် ချောက်ကမ်းပါးများကို ဖို့ရန်အတွက် ကျောက်တောင်ကြီးများကို ဒိုင်းနမိုင်းခွဲကြရသည်။ ကုတ်များ၊ ဆင်များနှင့် တွန်း၍၊ ကော်၍၊ ဆွဲ၍ လိုအပ်သောနေရာသို့ ဖို့ကြရသည်။ တစ်ချို့သော ချွေးတပ်သားများက လမ်းခင်းရန် ကျောက်ထုကြရသည်။

ထိုအခါ ကျောက်တောင်ကြီးများ အဖြစ်မှ အသွင်ပြောင်းကာ ကျောက်တုံး၊ ကျောက်ခဲများအဖြစ် လမ်းဘေးတစ်လျှောက်တွင် အုပ်လိုက်အုပ်လိုက်၊ သစ်ပင်ကြီးများသည် တံတားတိုင်များအဖြစ်လည်းကောင်း၊ တံတားဘောင်များအဖြစ်လည်းကောင်း၊ ဧလိဖားတုံးများအဖြစ်လည်းကောင်း၊ မီးရထားစက်ခေါင်း ထင်းအဖြစ်သို့လည်းကောင်း ဘဝပြောင်း ရောက်ရှိကုန်ပါလေသည်။

သည်ပုံသည်နည်းဖြင့် လူပေါင်း ထောင်သောင်းချီလျက် လူသားတို့၏ လုပ်အားစွမ်းပကားဖြင့် မနေမနား တရမန်းကြမ်း လုပ်ကိုင်လိုက်ခြင်းကြောင့်လည်း အပလုံသို့ တတိယမြောက် ကျွန်တော်တို့များ ရောက်သည့်အခါ၌မူ-

အပလုံသည် လမ်းနှင့်၊ တံတားနှင့်၊ တောင်ကုန်းထက်တွင် ဂျပန်စစ်ဗိုလ် ယာမာမိုတို့၏ အိမ်လှလှကလေးနှင့်-။

www.burmeseclassic.com

www.burmeseclassic.com

ကင်းစောင့်အိမ်ကလေးရှေ့နှင့်၊ အခြားအခြားသောနေရာ သုံးလေးနေရာတွင် ဂျပန်စစ်သားများ ထိုင်ရန် ပြုလုပ်ထားသည့် တန်းလျားထိုင်စရာများနှင့်၊ ရှုခင်းစဖွယ် တင့်တယ်သာယာသော စခန်းတစ်ခု ဖြစ်လာသည်ပေါ့။

ဤတွင် အထက်က စာရေးသူဆိုထားသည့် စကားတစ်ရပ်ကို ပြန်ကောက်ရပါဦးမည်။ နိယာမဖြစ်စဉ်သည် လူ့လောကအား ဆန့်ကျင်ဘက်တို့ဖြင့် ဖွဲ့စည်းပေါင်းစပ်ပေးထားသည်ဟူသော စကား။

အပူနှင့် အအေး၊ အဖြူနှင့် အမည်း၊ သုခနှင့် ဒုက္ခ ယှဉ်တွဲလျက်ပါ။ ယခုလည်း ကြည့်-။

အပလုံ သာယာသည်နှင့် အမျှ-

ကြွဲချောင်းမှ အရည်ကို ယန္တရားစက်ဖြင့် ညှစ်ထုတ်ဘိသည့်အလား၊ မှုလက အားကောင်းမောင်းသန် ချွေးတပ်သားကြီးများမှာလည်း အလုပ်ဒဏ်ကြမ်းကမ်းမှု၊ အနေအစားဆင်းရဲမှု၊ ရာသီဥတုဆိုးရွားမှု၊ ဆေးပါးမရှိမှု၊ ထိတ်လန့်ချောက်ချားရမှု၊ လွမ်းဆွတ်ကြေကွဲရမှု စသော အကြောင်းရပ်များ ပြွမ်းတီးပေါင်းစပ်လျက် အားအင်များ ကုန်ခန်းခဲ့ရလေပြီ။ စိတ်မာတ်တွေလည်း ကျဆုံးခဲ့ရလေပြီ။

ထိုအခါ သူတို့သူကို့နှုတ်က ထွက်ပေါ်လာသည်မှာ-

"သေရင် ပြတ်တာ အေးတာပဲ" တဲ့။ ဥစ္စာဒိဋ္ဌဆန်ဆန် စကား-။

ထို့ကြောင့် ထိုင်း-မြန်မာ မီးရထားလမ်း ခေါ်ဝေါ်ခြင်းထက် ဖြစ်ရပ်များနှင့် လိုက်ဖက်ညီညွတ်သည့် ဤလမ်း၏ ကမ္ဘာ့ကျော်အမည် ပညာဖော်မှာလည်း 'သေမင်းတမန် မီးရထားလမ်း' ဟူ၍၊ တစ်နည်းပြောရလျှင် (The Railway of Death) ဟူ၍-။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ပထမအကြိမ် အပလုံသို့ရောက်စဉ်က မိုးရာသီဖြစ်သော်လည်း ကျွန်တော်တို့အဖွဲ့အနေဖြင့် လူအင်အား တောင့်တင်းပါသည်။

ကျွန်တော်တို့ မအူပင်ခရိုင် တစ်ခုတည်းကပင် မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ လေးမြို့ ပေါင်း လူနှစ်ထောင်ကျော်ကျော်၊ သုံးထောင်နီးနီး ဖြစ်သည်။ အခြားသောဒေသ ရပ်ရွာများမှ ချွေးတပ်သား များနှင့် ပူးပေါင်းလိုက်သည့်အခါ ထိုစဉ်က အပလုံစခန်းတွင် ချွေးတပ်သားပေါင်း ငါးထောင်ကျော်ကျော် ခြောက်ထောင်နီးနီး ဖြစ်သည်။ စားဖိုဆောင်တွင် တာဝန်ယူရသော စားဖိုဆောင်မှူးနှင့် ထမင်းချက်သမားများပင် လူပေါင်း ကိုးဆယ်ကျော် တစ်ရာလောက်နီးနီးဖြစ်ပြီး သူတို့သည် နေ့ည အဆိုင်း ခွဲလျက် ချက်ပြုတ်ကြသည်။

မည်သို့ပင်ဆိုစေ ထိုသူ ထိုချွေးတပ်သားများသည် အပလုံစခန်းကို စတင် တည်ဆောက်သူများဟု ဆိုရပေမည်။

ချွေးတပ်သားဖွဲ့စည်းပုံမှာ ဤသို့ဖြစ်သည်။

ချွေးတပ်သား လေးရာဆိုလျှင် ကြီးကြပ်ကွပ်ကဲရသော ဘွန်ထိုက်ချို တစ်ယောက်ဖြစ်ပြီး၊ ဘွန်ထိုက်ချိုတစ်ယောက် လက်အောက်တွင် ချွေးတပ်သား တစ်ရာကို အုပ်ချုပ်ရသည့် ဟန်ချို လေးယောက်ရှိသည်။ စခန်းမှူးခေါ်သည့် စခန်းတာဝန်ခံများကိုမူ စခန်းကြီးများ၌သာ တစ်စခန်း တစ်ယောက်ကျ ထားရှိသည်။ ဒါပေမယ့် စခန်းတာဝန်ခံသည် စခန်းတစ်ခုတွင် အမြဲအစွဲနေရသည်တော့ မဟုတ်ပါ။ သူ့လူ သူ့အဖွဲ့သားတွေ စခန်းပြောင်းရွှေ့လျှင် သူပါ လိုက်ပါပြောင်းရွှေ့ရလေသည်။ ကျွန်တော်တို့စခန်းမှူး ကိုဘစိန်မှာလည်း ဤအတိုင်းဖြစ်ပါသည်။

စခန်းမှူးခေါ် စခန်းတာဝန်ခံနှင့် ဘွန်ထိုက်ချို၊ ဟန်ချိုများအား ဂျပန်စာရေးသားထားသည့် လက်ပတ်တံဆိပ်များ ပေးထားပါသည်။ သို့မှလည်း စခန်းမှူး၊ ဘွန်ထိုက်ချို၊ ဟန်ချိုများကို လူပေါင်းများစွာတွင် ခွဲခြားပြီး ဂျပန်များ သိနိုင်မည် ဖြစ်လေသည်။ ယင်းအစီအစဉ်မှာ တောတွင်းချွေးတပ်စခန်းသို့ ရောက်မှ စီစဉ်သတ်မှတ်ပေးခြင်းတော့ မဟုတ်ပါ။ မူလမြို့နယ်များကတည်းက ဂျပန်များနှင့် မြို့ပိုင်၊ နယ်ပိုင် စသူများက အရည်အချင်းအလိုက် စခန်းမှူး၊ ဘွန်ထိုက်ချို၊ ဟန်ချို စသည်ဖြင့် သတ်မှတ်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။ စခန်းတာဝန်ခံကိုမူ ခရိုင်တစ်ခုလုံးမှ တစ်ယောက်သာရွေး၍ ခန့်ထားလိုက်ခြင်းဖြစ်လေသည်။

ထိုနေရာတွင် အလျဉ်းသင့်၍ အကြောင်းတစ်ခုကို ထည့်သွင်းပြောရပါဦးမည်။ တစ်ခြားမဟုတ်ပါ။ ကျွန်တော်တို့ မြန်မာများက အက္ခရာဂဏန်း ရွေးရာတွင် မ,ဂဏန်းကို အကြိုက်များပါသည်။ ဥပမာ- ၃ ဂဏန်း၊ ၅ ဂဏန်း၊ ၇ ဂဏန်း၊ ၉ ဂဏန်း စသည်ဖြင့်ပေါ့။ ရတနာ သုံးပါး၊ အနန္တအနန္တ ငါးပါး၊ သူတော်ကောင်းတရား ခုနစ်ပါး၊ ဂုဏ်တော် ကိုးပါးပေါ့ဗျာ။ ဂျပန်များကတော့ ၂ ဂဏန်း၊ ၄ ဂဏန်း၊ ၆ ဂဏန်း၊ ၈ ဂဏန်းစသော စုံဂဏန်းများကို ကြိုက်နှစ်သက်ပုံ ရပါသည်။

ကြည့်မှပေါ့၊ ချွေးတပ်ဖွဲ့စည်းရာတွင် ဘွန်ထိုက်ချိုအုပ်စု တစ်ခုတွင် ချွေးတပ်သား လေးရာဖြစ်သည်။ ဟန်ချို လေးယောက် ဖြစ်သည်။ ပြီး-တန်းစီလူစစ်ပြီဆိုမှဖြင့် လေးယောက်တစ်တွဲ တန်းစီထားမှ သူတို့ နှစ်ခြိုက်ပါသည်။

တစ်ခါတော့ ကျွန်တော်သည် ကျွန်တော့်လူများကို ငါးယောက်ကျ တန်းစီထားလိုက်သည်။ ဂျပန် တပ်ကြပ်ကြီး ယာမာကူချိသည် ရှူးရှူးရှားရှားနှင့် မျက်နှာပျက်ပြီး စိတ်ဆိုးမာန်ဆိုး ကျွန်တော့်ကို ကြိမ်းမောင်းပါသည်။ ချက်ချင်းပင်

www.burmeseclassic.com

www.burmeseclassic.com

လေးယောက်တစ်တန်း ပြင်စီခိုင်းပါသည်။ ယောကုဝလည်း ထိုနည်း အတိုင်း ဖြစ်ပါသည်။ ငါးယောက်တန်းစီမိသဖြင့် သုံးလေးခါ ကျွန်တော် ပြဿနာတက် ဖူးသည်။ "မကောင်းတက- မကောင်းတက-" ဟု ယောကုဝ ပြောပါသည်။

ဤနေရာတွင် တပ်ကြပ်ကြီး ယာမာကူချိအကြောင်းကိုလည်း ပြောရန် ရှိလာပြန်ပါသည်။ တပ်ကြပ်ကြီး ယာမာကူချိသည် ယောကုဝနှင့် ခြားနားပါသည်။ စိတ်ကောင်း သဘောကောင်းရှိသူ တစ်ယောက်ပါ။ ချွေးတပ်သားများ တစ်စုံတစ်ရာ အပြစ်ရှိ၍ ယောကုဝက ပါးရိုက်၊ နားရင်းအုပ်၊ ဝါးရင်း တုတ်နှင့် ရိုက်လားနှက်လား လုပ်နေလျှင် ယာမာကူချိ ရောင်ဖယ်ဖယ်လုပ်ပြီး မသိကျိုးကျွန်ပြုလုပ် မျက်နှာ လွဲနေတတ်ပါသည်။ အားပေးအားမြှောက်သဘော၊ မီးလောင်လေပင့်သဘော မလုပ်တတ်ပါ။ တစ်ဖန် ချွေးတပ်သား တစ်ဦးတစ်ယောက်တွင် အပြစ်ကြီးလေး၍ ကြီးချည်တုပ်ပြီး ကျောက်တုံးကြီး ဦးခေါင်းပေါ် ရွက်ခိုင်း၊ ရပ်ခိုင်းထားပြီဆိုလျှင်လည်း ထိုသူ ထိုချွေးတပ်သား အနီးအပါးသို့ ယာမာကူချိ မကပ်တော့၊ မသွားတော့ပါ။ မသိသလို၊ မမြင်သလိုဖြင့် ဝေးဝေးမှ ကွင်းရှောင်သွားတတ်ပါသည်။

အမှန်တော့ ယာမာကူချိသည် အရပ်သား ချွေးတပ်သားများအပေါ်ထက် စစ်သုံ့ပန်းများအပေါ် ကွပ်ကဲခြင်းပြုရသည်က များပါသည်။

ကျွန်တော်တို့က ရွှေမျက်မှန်ဟု ခေါ်သော ဂျပန်တပ်ကြပ်ကြီးတစ်ယောက် ရှိသေးသည်။ မျက်မှန် တပ်ထားသဖြင့် ချွေးတပ်သားများက သူ့ကို ရွှေမျက်မှန်ဟု ခေါ်ခြင်းဖြစ်သည်။ သူလည်း ယာမာကူချိလိုပင် သဘောထား စိတ်ထား ကောင်းမွန်ပါသည်။ ချွေးတပ်သားများတွင် အပြစ်ရှိလျှင် ဘွန်ထိုက်ချို၊ ဟန်ချို့များကို ကြိမ်းမောင်းသည်။ သူကိုယ်တိုင်တော့ လက်ထိလက်ရောက် မည်သည့်အခါမျှ မပြုလုပ်ပါ။ တစ်ခါက လူလစ်ပြီထင်ပြီး သုံ့ပန်းစစ်ဗိုလ်အား ဆားထုပ်ငယ်တစ်ထုပ် ကျွန်တော် ပစ်ပေးလိုက်သည်။ မရှေးမနှောင်းပင် ကျွန်တော့်ကုပ်ကို နောက်မှနေ၍ လူတစ်ဦးတစ်ယောက်၏ ဖျစ်ညှစ်ခြင်း ခံလိုက်ရသည်။ ထိုအဖြစ်ကြောင့် ကျွန်တော့် တစ်ကိုယ်လုံး ထူပူသွားသည်။ ရင်ထဲက ထိတ်ခနဲ တုန်ခိုက်သွားသည်။

"ဘုရား- ဘုရား- မြတ်စွာဘုရား"

ရွှေမျက်မှန်ပါလား။

"ဘိရှမာ မကောင်းတကား၊ မကောင်းတကား" -ဟု ကျွန်တော့်ကို ကြိမ်းမောင်းသည်။ နောက်တော့မှ ညစ်ထားသော သူ့လက်ကို လွတ်လိုက်သည်။ ကျွန်တော့်အပြုအမူကို အလွန်မကျေနပ်ဟန် သူ့မျက်နှာတွင် ပေါ်လွင်နေပါသည်။

ကျွန်တော်ကိုယ်တိုင်ပင် ကျွန်တော့်ကိုယ်ကျွန်တော် မကျေမနပ်ဖြစ်မိသည်။ ပတ်ဝန်းကျင်ရှေ့နောက် ကို အဇေအစပ်မကြည့်ဘဲ ပေးချင်စိတ်တစ်ခုသာ လွန်ကဲ

ဟာ စေ့ဆော်မှုသည် ကျွန်တော့်အား၊ ကျွန်တော့် ချွတ်ယွင်းချက် ဖြစ်ပါသည်။ ကပါသေးရဲ့-သူနှင့် ကျွန်တော် နှစ်ဦးတည်းမို့-။ ယောကုဝလို၊ ဒါမှ မဟုတ် ခြား တစ်ယောက်ယောက် သာဆိုလျှင် ကျွန်တော် ကြိုးတုပ် ကြိုးချည် ခိုင်းသေခံရပေမည်။ ပြီး-ကျွန်တော့်လက်မောင်းပေါ်က လက်ပတ်ရာထူးလည်း ပြတ်သွားပေမည်။ ကျွန်တော့်ဘဝသည် သာမန် ချွေးတပ်သားတစ်ယောက်အဖြစ် ကျချင်း လျှောကျရောက်ရှိသွားချေမည်။

ဤအဖြစ်ကို ကြည့်လျှင် ဂျပန်စစ်မှုထမ်းများတွင်လည်း ယာမာကူချိလို၊ ရွှေမျက်မှန်လို စစ်မှုထမ်း များလည်း ရှိပါသေးသည်။ မည်သည့်နေရာ၌မဆို အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ပါ။ စစ်မှုထမ်းဆိုပြန် တော့လည်း အမိန့်နှင့်တာဝန်ကို လိုက်နာရပေမှာပေါ့။

***

စမ်းချောင်းတစ်ဖက်ရှိ စစ်သုံ့ပန်းများ၏ တဲတန်းလျားများသည် ချွေးတပ်သား များ၏ တန်းလျားလို လေးလုံးမဟုတ်။ တစ်လုံးတည်းသာ ဖြစ်သည်။ သူတို့က လူအင်အားနည်းပါသည်။ ခြောက်ဆယ်ကျော် ခုနစ်ဆယ်လောက်သာ ရှိလိမ့်မည်ဟု ကျွန်တော် ခန့်မှန်းပါသည်။

သူတို့ကား ဗြိတိသျှ အမျိုးသားများ၊ ဩစတြေးလျ အမျိုးသားများ၊ ဒတ်ချ် အမျိုးသားများ ဖြစ်ကြပါသည်။ အများစုမှာမူ ဗြိတိသျှ အမျိုးသားများ ဖြစ်သည်။ သူတို့အားလုံးအပေါ် ကွပ်ကဲအုပ်ချုပ်သူမှာလည်း ဗြိတိသျှ အမျိုးသား သုံ့ပန်း စစ်ဗိုလ် ဖြစ်ပါသည်။ (ကျွန်တော် ဆားထုပ်ပစ်ပေးလိုက်သော စစ်ဗိုလ်ပင် ဖြစ်ပါသည်။)

ချီးကျူးဖွယ်ကောင်းသည်မှာ စည်းကမ်းကလနာရှိခြင်းနှင့် ယင်းစည်းကမ်းကို လိုက်နာကျင့်သုံးခြင်းပင် ဖြစ်သည်။

ကြည့်ပါ။ နံနက်အလုပ်ဆင်းတော့မည်ဆိုလျှင် တန်းလျားရှေ့တွင် တန်းစီ လူစစ်သည်။ ထမင်းချက် တာဝန်အရ စခန်းဟွင် ကျန်ခဲ့မည့် စစ်သားနှစ်ယောက် လည်း အပါအဝင်ဖြစ်သည်။

တစ်ဖန် စမ်းချောင်းတဲတားကို ဖြတ်ကူးလာပြီးနောက် တစ်ဖက်ကမ်းသို့ ရောက်သည့်အခါ၌လည်း ဂျပန်ကင်းအိမ်ကလေးရှေ့ရှိ မြေကွက်လပ်တွင် တန်းစီ လူစစ်ပြုပြန်ပါသည်။ ဂျပန်များသည် ယင်းကိစ္စတွင် မည်သို့မျှ ပါဝင်စွက်ဖက် ခြင်း ပြုသည်ကို မတွေ့ရပါ။ ခပ်လှမ်းလှမ်းတွင် ရပ်ကြည့်နေသည့် ဂျပန်စစ်သား

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်စ၊ နှစ်ယောက်စ သော်လည်းကောင်း၊ တပ်ကြပ်ကြီး ယောကျ်ား သော်လည်းကောင်း၊ တပ်ကြပ်ကြီး ယာမကူချီသော်လည်းကောင်း၊ ရွှေမျက်မှန် သော်လည်းကောင်း ရှိနေမြဲဖြစ်သည်။

စင်စစ် ဤကိစ္စမှာ တစ်ဖက်က စည်းကမ်းရှိနေလျှင်၊ စနစ်ဇယားကျနေလျှင် ယင်းစည်းကမ်းစနစ်နှင့် ပတ်သက်၍ မည်သို့မျှ ပြောရန်မလို။ မည်သို့မျှ စွက်ဖက် စရာမရှိဟူသော သဘောပင် ဖြစ်သည်။ ကျီး၊ ဘုတ် ရိုသေ၊ ဘုတ်၊ ကျီး ရိုသေ သဘောပေါ့လေ။

ဤမှာဘက်တွင် စခန်းတစ်ခုလုံးကို အုပ်ချုပ်ခြင်းနှင့် လုပ်ငန်းကို စီမံကွပ်ကဲ ရသည့် ဂျပန်စစ်ဗိုလ် ယာမာမိုတိုမှာလည်း ချီးကျူးလေးစားထိုက်ပါသည်။ အချိန် ကျပြီဆိုက သူသည် ဟောင်ကုန်းမြင့်ထက်မှ ဆင်းသက်လာသည်။ သူနှင့်အတူ ဂျပန်စစ်သားနှစ်ယောက် အမြဲတမ်းပါသည်။ မြေပုံလိပ်များ၊ မှန်ပြောင်းနှင့် အခြားလိအပ်သော ပစ္စည်းပစ္စယများကို ယူဆောင်လာကြသည်။

ယာမာမိုတိုတွင် ခက်ထန်ကြမ်းကြုတ်သည့်အသွင် မရှိပါ။ သူ့အမူအရာ၊ သူ့လှုပ်ရှားပြောဆိုမှုသည် ပျော့ပြောင်းညင်သာသည့် ပုံဟန်ဖြစ်ပါသည်။ သူ့ကို ယည်ဝါခန့်ညားသော ဂျပန်စစ်ဗိုလ်တစ်ယောက်ဟု ဆိုရမည်ထက်၊ တည်ငြိမ် ရင့်ကျက်မှုရှိပြီး ချောမောသော ဂျပန်စစ်ဗိုလ်တစ်ယောက်ဟု ဆိုရပါမည်။ ရေညှိ ရောင် စစ်ယူနီဖောင်းသည် သူ့အသားအရောင်နှင့် လိုက်ဖက်လှပါသည်။

ဟောဘွတ်ခေါ် ဘွတ်ဖိနပ်အရှည်ကို စီးထားသော်လည်း သုံ့ပန်းစစ်ဗိုလ်နှင့် ယှဉ်လိုက်လျှင် အတော်ပင် အရပ်ပုနေပါသည်။ သူသည် ဘယ်သူ့ကိုမှ ကြိမ်းဟယ်၊ မောင်းဟယ်၊ အော်လား၊ ဟစ်လား မလုပ်ပါ။ သုံ့ပန်းစစ်ဗိုလ်နှင့် ဆက်ဆံရာ တွင်လည်း အေးအေးဆေးဆေးပင် ဖြစ်၍ သူတို့နှစ်ဦး၏ ဆက်ဆံမှုကို ကြည့်ရသည်မှာ အပေါင်းအသင်း မိတ်ဆွေနှစ်ယောက် တိုင်ပင်နှိုးနောနေသည့် အသွင်မျိုး ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး တလေးတစား ဆက်ဆံသည်ကို တွေ့မြင်ရပါသည်။ ကျွန်တော့်အမြင်ကို ပြောပါရစေ။ သူတို့နှစ်ဦးစလုံးပင် ဆိုင်ရာဆိုင်ရာ အမိန့်ပိုင်၏ ဂုဏ်သိက္ခာကို စောင့်ထိန်းသော စစ်သားကောင်းကြီးများ ဖြစ်ကြသည်ဟု ဆိုချင်ပါသည်။

ဂျပန်စစ်ဗိုလ် ယာမာမိုတို တောင်ကုန်းထက်မှ ဆင်းသက်လာသည့်အခါ ဂျပန်စစ်သားများက အော်ဟစ်လျက် အလေးပြုကြလေသည်။ သူသည် ခြေလှမ်း သွက်သည်။ မြန်မြန်လျှောက်သည်။ ခါးတွင် ချိတ်ထားသောဓားသည် မြေပြင်နှင့် လွတ်သည်ဟု ဆိုရရဲဖြစ်သည်။ ကင်းစောင့်အိမ်ကလေးအနီးတွင် တောတွင်း သစ်များဖြင့် ပြုလုပ်ထားသည့် စားပွဲရှည်တစ်လုံးရှိသည်။ ထိုနေရာတွင် ယာမာမိုတို

ရပ်တန့်လိုက်သည်။ အတူပါလာသော စစ်သားနှစ်ယောက်သည် လမ်းတဲတားနှင့် သက်ဆိုင်သော ပုံစံလိပ်များကို စားပွဲပေါ်ဖြန့်ခင်းသည်။ နောက်တော့ သုံ့ပန်း စစ်ဗိုလ်သည် ယာမာမိုတိုနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ရောက် ရပ်လိုက်သည်။ တပ်ကြပ်ကြီး ယာမာကူချီလည်း အနီးအပါးတွင် နေရာယူရပ်သည်။

စစ်အရာရှိနှစ်ဦးသည် မြေပုံကားချပ်ပေါ်တွင် အချိန်အတန်ကြာ ဆွေးနွေး ညှိနှိုင်းကြပါသည်။ ယနေ့ ကိစ္စ၊ ယနေ့အလုပ်၊ တံတားတည်ဆောက်သည့်ကိစ္စ၊ သံလမ်းဆွဲသည့်ကိစ္စတစ်ခုခုပေါ့လေ။ ယခု လောလောလတ်လတ် လုပ်နေသည် မှာတော့ သံလမ်းဆွဲခြင်း၊ ဇလီဖားချခြင်း၊ ကျောက်ခင်းခြင်းပေါ့ဗျာ။

စစ်သုံ့ပန်းများနှင့် ဆက်ဆံရာတွင်မူ ဂျပန်များအနေဖြင့် အတော်ပင် အဆင်ပြေခြင်းရှိသည်ဟု ဆိုရပါသည်။ တစ်ဖက်တည်း အဆင်ပြေခြင်းဖော့ မဟုတ်။ နှစ်ဦးနှစ်ဝ အဆင်ပြေခြင်းပါ။ ဂျပန်များ ဘက်က သူကိုဖြစ်စေချင်သည့် အနေအထား၊ ပြုလုပ်ချင်သည့် အလုပ်ကို သုံ့ပန်းစစ်ဗိုလ်တစ်ယောက်တည်းအား ဤသို့ဤပုံဟု ပြောလိုက်ရုံမျှသာ ဖြစ်သည်။ ထိုအခါ သုံ့ပန်းစစ်ဗိုလ်က သူ့လူ၊ သူ့စစ်သားများအား ဤနည်း ဤနှယ်ဟု ညွှန်ကြားဖေခိုင်းရုံဖြစ်သည်။ အဖောခံ၊ လွှာညောင်းခံပြီး သုံ့ပန်းစစ်သားတိုင်းအား ဂျပန်စစ်ဗိုလ်က ပြောနေစရာမလို။

ကျွန်တော်တို့နှင့်ကျတော့ ဒီလိုမဟုတ်ပါ။ ဟုတ်နိုင်စရာလည်း အကြောင်း မရှိပါ။ ကျွန်တော်တို့များက အလုပ်ကြမ်း အကိုင်ကြမ်း သက်သက်။ ပညာပါသည့် အလုပ်မဟုတ်။

ဂျပန်တပ်ကြပ်ကြီးများသည် ချွေးတပ်သားများအား သူတို့နိုင်းလိုသည့် အလုပ်အတွက် ဘွန်ထိုက်ချို၊ ဟန်ချိုများကို သဘောပေါက်နားလည်ယောင် ပြောပြခြင်းပြုသည်။ ရှေ့ကနေ၍ နမူနာလုပ်ပြသည်။ ခြေဟန်၊ လက်ဟန်နှင့်လည်း ပြောသည်။ ဤတွင် သဘောပေါက်နားလည်အောင်ဆိုရာ၌ အကြွင်းမဲ့ လုံးဝစေ့ပက်စေ နားလည်မှုရှိအောင်တော့ မစွမ်းဆောင်နိုင်ကြပါ။ အပေါ်ယံသဘောလောက်သာ ပြောနိုင်သည့်အဖြစ်လည်း ကြုံရတတ်ပါသည်။

ထိုအခါ ခုတ်ရာတစ်ခြား။ ရှာတစ်လွဲ၊ အိုးနင်းခွက်နင်း ဖြစ်ရသည့်အဖြစ်မျိုး နှင့်လည်း ကြုံရတက် ပါသည်။

ယင်းအဖြစ်မျိုး ကြုံရသည့်အခါ တစ်ခါတစ်ရံကွင် ရယ်စရာဖြစ်ပင်း သလောက်၊ တစ်ခါတစ်ခါတော့ အသက်ရှူမှောလောက်အောင် ဖြစ်ရတတ်သည်မှာ ဘာသာဝေဟာရနှင့် ပတ်သက်သည့် သင်ခန်းစာတစ်ရပ်ဟု ဆိုရပါမည်။

တစ်ခါက ဂျပန်တပ်ကြပ်ကြီးတစ်ယောက်က ဘွန်ထိုက်ချိုတစ်ယောက်အား တံတားဘောင်တပ်ဆင်မည့် သစ်သားတန်းကြီးတစ်ခုကို တံတားဆောက်လုပ်ရာသို့

www.burmeseclassic.com

www.burmeseclassic.com

ချွေးတပ်သားများနှင့် သယ်ဆောင်ခဲ့ရန် ခြေပြေ လက်ပြ ဟန်အမူအရာနှင့် ပြောသည်။ သူ့ဘာသာ ဂျပန်လိုလည်း ပြောသည်။

ဤတွင် ဘွန်ထိုက်ချို့က "ဟိုက်-ဟိုက်-" ဟု ဘာမသိ၊ ညာမသိ ပြန်ပြောလိုက်သည်။

ဤတွင် ဂျပန်တပ်ကြပ်ကြီးက နားလည်သဘောပေါက်ပြီဟူသော ထင်မှတ်မှုဖြင့် တံတားဆောက်သည့်နေရာသို့ ပြန်လည်သွားလေသည်။ သို့ဖြင့် ရောက်သင့်သည့်အချိန်တန်သည့်တိုင် တံတားဘောင်မရောက် လာသဖြင့် ဂျပန်တပ်ကြပ်ကြီး တစ်ခေါက်ထပ်၍ လိုက်လာသည့်အခါ တံတားဘောင်ကြီးမှာ ဘဝပြောင်းလျက် အပိုင်းပိုင်းအပြတ်ပြတ်ဖြင့် ဇလီဖားတုံးများအဖြစ် ရောက်ရှိနေသည်ကို တွေ့မြင်ရတော့သည်။

ထိုကိစ္စမှာ ရိုက်ရုံ၊ နှက်ရုံ၊ ဆဲရုံ၊ ဆိုရုံလောက်ဖြင့် ပြီးစီးမသွားပါ။ ယင်းအလုပ်ခွင်တွင် ရှိနေကြ သည့် ဟန်ချို့များအား၊ ဘွန်ထိုက်ချို့များအားလုံး၊ တံတားဆောက်လုပ်ရာတွင် ကွပ်ကဲစီမံနေသည့် ဂျပန်စစ်ဗိုလ် ယာမာမိုတို့ ရှေ့မောက်သို့ ရောက်ရှိသွားကြပါသည်။

တပ်ကြပ်ကြီး ယောကုဝသည် ကျွန်တော်တို့ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များအားလုံးကို တန်းစီရပ်နေ စေပါသည်။ ထိုကိစ္စတွင် တံတားဘောင်ကို အသယ်ခိုင်းသည့် ဂျပန်တပ်ကြပ်ကြီးလည်း အနီးတွင် ရှိနေပါသည်။ တပ်ကြပ်ကြီး ယောကုဝသည် ယင်းဂျပန်တပ်ကြပ်ကြီးအား အမေးအမြန်းပြုသည်။ ဘာတွေမေး၍ ဘာတွေ ပြောကြသည်ကို ကျွန်တော်တို့ နားမလည်၍ မသိနိုင်ပါ။ တိုတိုတောင်းတောင်းဖြစ်သည်။ ဂျပန် စစ်ဗိုလ် ယာမာမိုတို့က နားထောင်နေရုံ နားထောင်နေပါသည်။

ဤကိစ္စစစ်မေးနေသည်မှာ စမ်းချောင်းတစ်ခုကို ဖြတ်ထိုးသော တံတားဆောက်လုပ်သည့် အနီးအနားတွင် ဖြစ်သည်။ သို့ပန်းစစ်ဗိုလ်သည် တစ်စုံတစ်ရာ စိုးရိမ်ပူပန်ဟန်ဖြင့် ကျွန်တော်တို့အဖြစ်ကို လှမ်း ကြည့်နေပါသည်။ သူတို့လည်း တံတားဘောင်အတွက် ရှေ့ဆက်၍ အလုပ်မလုပ်နိုင်ပါ။ ရပ်တန့်နေပုံသည်။

ဂျပန်စစ်ဗိုလ် ယာမာမိုတို့၏ အမူအရာကို ကျွန်တော် သတိထား အကဲခတ်မိပါသည်။ သူသည် တန်းစီရပ်နေသော ဘွန်ထိုက်ချို့နှင့် ဟန်ချို့များထဲမှ ပြဿနာ ဖြစ်ပေါ်စေသည့် ဘွန်ထိုက်ချို့ကို မသိမသာ အကဲခတ်ကြောင်း ကျွန်တော် သတိပြုမိလိုက်ပါသည်။ ထိုဘွန်ထိုက်ချို့မှာ ကျွန်တော်တို့နယ်သား မဟုတ်ပါ။ အထက်အရပ် မြို့နယ်ဘက်က ဖြစ်ပါသည်။ သူ့အမည်က ကိုထွန်းမောင်။

ကျွန်တော်သည် ဂျပန်စစ်ဗိုလ် ယာမာမိုတို့၏ ဘေးတစ်ဖက် မလှမ်းမကမ်းတွင် ရပ်နေသော စခန်း တာဝန်ခံ ကိုဘစိန်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ သူကိုယ်တိုင်လည်း ဂျပန်စစ်ဗိုလ်ရှိရာသို့ အာရုံစူးစိုက်နေပါသည်။ သူတို့ ဘာပြော မလဲဟူသော အမူအရာမျိုးဖြစ်လေသည်။

ထိုကိစ္စအပေါ် ခပ်စောစောကတော့ ကျွန်တော် ပေါ့ပေါ့တန်တန်ပင် သတိထားသည်မှာ အမှန်ပါ။ မိမိနှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စမဟုတ်။ မသကာ အရိုက်အနှက်ခံရရုံလောက်ဟု သဘောပိုက်ထားပါသည်။ ယခုတော့ ကျွန်တော် တွေးထင်ယူဆထားသလို မဟုတ်ပါ။ တစ်ကြိမ်သောအခါက ကိုဘစိန် ပြောသလို ဂျပန်စစ်ဗိုလ် ယာမာမိုတို့ ယူဆလေမလား။ ထိုအတွေး ကျွန်တော့်ခေါင်းထဲ ဝင်ရောက်လာပါသည်။

တစ်ကြိမ်သောအခါက ညအိပ်ရာမဝင်မီ မီးပုံဘေးတွင် နစ်ယောက်ထဲ ရှိနေခိုက် တိုးတိုးတိတ်တိတ်ဖြင့် ကျွန်တော့်ကို ကိုဘစိန် သတိပေးဖူးသော အကြောင်းတစ်ခု ရှိခဲ့ပါသည်။

"မင်းကို တစ်ခု သတိပေးထားမယ်၊ သုံ့ပန်းတွေနဲ့ အဆက်အဆံ မလုပ်မိစေနဲ့၊ နောက်တစ်ခုက မင်းလူတွေထဲမှာ ကရင်တွေ အတော်များများ ပါလာတယ် မဟုတ်လား၊ ဂျပန်တွေက ဒီရထားလမ်းဖောက်တဲ့ကိစ္စမှာ အချိန်မကြာ ကြာအောင်၊ မပျက်စီး ပျက်စီးအောင်လုပ်မယ့် အင်္ဂလိပ်လူတွေ ချွေးတပ်ထဲပါလာ မှာကို သံသယဝင်နေတယ်လို့ သခင်ခ (ယခု ကွယ်လွန်) (ရေနံမြေ သခင်ခ) က ငါ့ကို သံဖြူဧရပ်ရောက်တုန်းက သတိပေးလိုက်တယ်"

ကျွန်တော့်အဖွဲ့ထဲတွင် ကရင်အမျိုးသားများ အတော်ပင် ပါရှိလာပါသည်။ ညောင်တုန်းအရှေ့ဘက် ဖြစ်သော နတ်ပေးရွာ၊ ဂရက်ယားရွာနှင့် တောင်ဘက်ရွာများဖြစ်သည့် ကျုံတမာရွာ၊ တူးချောင်းရွာနှင့် ထောကလွတ်ရွာ၊ ပဲရုံဆိပ်ရွာ၊ ထိန်ကုန်းရွာများမှ ကရင်အမျိုးသားများ ဖြစ်ကြပါသည်။ ကျွန်တော့်အမြင်မှာ ထိုသူများသည် ရိုးသားသော ကရင်အမျိုးသား လယ်သမားကြီးများသာ ဖြစ်ကြပါသည်။

ကိုဘစိန် ယင်းကဲ့သို့ ပြောဆိုသတိပေးနိုင်ခြင်းမှာလည်း အကြောင်းရှိပါသည်။ သူ့အနေနှင့်က တစ်လ တစ်ခေါက်၊ နှစ်လ တစ်ခေါက်ဆိုသလို ရိက္ခာသယ်ဆောင်သော ဂျပန်စစ်သားများနှင့်အတူ သံဖြူဧရပ်သို့ လိုက်ရသောကြောင့် ဖြစ်ပါသည်။ ထိုစဉ်အခါက သံဖြူဧရပ် ချွေးတပ်စခန်းမကြီးတွင် ရေနံမြေ သခင်ခနှင့် သခင်စည်အစ်ကိုသည် စခန်းမှူးကြီးများ ဖြစ်နေကြပါသည်။ ထိုပုဂ္ဂိုလ်များက သူ့ကို သတိပေးစကား ပြောလိုက်ခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ခေါင်းထဲသို့ ထိုအတွေး၊ ထိုကိစ္စ ဝင်ရောက်လာသည့်အခါ၌မူ ကျွန်တော် အတော်အတန် တုန်လှုပ်မိပါသည်။ ဂဃနဏ မမေးမမြန်းဘဲ ရှေ့လောတကြီးပြုလုပ်သော ဘွန်ထိုက်ချို ထွန်းမောင်ကိုလည်း စိတ်ဆိုးမိပါသည်။

ဂျပန်များနှင့် ဆက်ဆံရာတွင် အထူးသတိထားရသည့် အကြောင်းတစ်ရပ် ရှိနေပါသည်။ ယင်းအကြောင်းမှာ အခြားမဟုတ်ပါ။ မသက်မှု၊ မယုံကြည်မှု၊ သံသယဝင်မှု ဖြစ်သည်။ အရှင်းဆုံးနှင့် အတိုချုံးဆိုရသော် အင်္ဂလိပ်သူလျှို (စပိုင်) ဟူသော အထင်အမြင်ခံရမှု၊ ယိုးစွပ်ခံရမှုပင် ဖြစ်လေသည်။

အလေးအနက် တွေးတတ်မည်၊ တွေးကြည့်မည် ဆိုလျှင်လည်း မိမိတို့ ယခု ရောက်ရှိနေသောနေရာ (ချွေးတပ်စခန်း) သည် စစ်မြေပြင်ပမာ ဖြစ်၏။ နေ့စဉ်နှင့်အမျှ အချိန်ရှိသရွေ့ မိမိတို့ အဆက်အဆံပြုနေရသည်မှာလည်း အရပ်သား ဂျပန်တွေမဟုတ်။ ကုန်သည်ပွဲစား ဂျပန်များမဟုတ်။ ကထိကတွေ၊ ပါမောက္ခတွေ၊ အနုပညာရှင်တွေ၊ ဆရာဝန်တွေမဟုတ်။ စစ်သားတွေ၊ စစ်အရာရှိနှင့် စစ်ဘက်ဆိုင်ရာ စစ်သားတွေပါလား။

ထို့ကြောင့် ဤလိုနေရာမျိုး၊ ဤလိုအခြေအနေမျိုး၊ ဤလိုလူမျိုးများ အလယ်တွင် စပိုင်၊ သူလျှိုဟုလည်းကောင်း၊ တစ်ဖက်ကလာသော ထောက်လှမ်းရေးဟုလည်းကောင်း ယိုးစွပ်ခံရပါမူ သေပြီသာ မှတ်။

တစ်ခုခက်သည်မှာ ယင်းသို့ဖြင့် စွပ်စွဲခြင်း ခံရပါမူ စွပ်စွဲခြင်းခံရသူ ဘက်ကလည်း စွပ်စွဲသူ နားလည်သဘောပေါက်၍ အမှန်ကို ဆိုက်ရောက်အောင် ရှင်းမပြောနိုင်။ စွပ်စွဲသူဘက်ကလည်း အမှန်ကို သဘောဆိုက်အောင် မမေးမမြန်းနိုင်ခြင်းပင် ဖြစ်ပါသည်။ ယခု ကဲ့တားဘောင်ကိစ္စကိုပဲ ကြည့်။

ဤကွင် မေးစရာတော့ ရှိလာပါသည်။

"ဒီလိုဆို ဂျပန်စကားပြန်တွေ သုံးပါလား၊ စခန်းမှူးတွေလဲ ရှိနေသားပဲ"

တောကွင်း ချွေးတပ်စခန်းများတွင် ကျွန်တော် တွေ့ဆုံခဲ့သည့် ဂျပန် စကားပြန်ကလေးများသည် ဘာတစ်ခုမျှ ဟုတ်တိုတက်တိ၊ မည်မည်ရရ မရှိ။ ယောရှိုနှင့် အာရိဂေကာကိုတော့ ခပ်သွက်သွက်ပြော သည်။ ယောင်တိယောင်ဂါး တကယ့်ကိစ္စဟုပင် ဂျပန်များ သဘောပေါက်နားလည်အောင် ပြောပြနိုင်စွမ်း ရှိဟန်လည်း မတူပါ။ နောက်ပြီး အသက်အရွယ်မှာ နှစ်ငယ်ငယ်ရွယ်လွန်းသည်။

တစ်ဖန် ကိုဘစိန်အပါအဝင် စခန်းမှူးများနှင့် ဂျပန်စစ်ဗိုလ်များ၏ အင်္ဂလိပ် စကားပြောသော ဆက်ဆံရေးဆိုသည်ကရော တကယ်ပဲ တစ်ဦး၏ဆိုလိုချက်ကို တစ်ဦးက အတိအကျ သဘောပေါက်ပါရဲ့လား။ ကျွန်တော့်အမြင်ကို ပြောရရင်ကော စကားပြန် တော်တော်များများရော၊ စခန်းမှူးဆိုသူ များရောဟာ ဂျပန်တွေအဖို့ကော

မပွင့်'တွေချည်းပေါ့ဗျာ။ ပန်းစံပယ် နန်းလယ်မပေါ်ခိုက်တာမို့ အလိုက် တော်တန်
ခွင့်အောင်ပ၊ ခံပွင့်ကို သုံး ဆိုမဟုတ်လား။ သစ်မရှိ၊ ဝါးပေါင်းကွပ် ဆိုတယ်
ဟုတ်လား။

သူလျှိုတို့၊ စပိုင်တို့၊ ထောက်လှမ်းရေးတို့၊ အဖျက်သမားတို့ဆိုတဲ့ ကိစ္စတွေ
က ကျွန်တော်တို့ တောတွင်း စခန်းများမှာသာ မဟုတ်ပါဘူး။ မနဲ့၊ မတ္တမ၊
မော်လမြိုင်၊ သံဖြူဇရပ်ဆိုတဲ့ မြို့ကြီးတွေမှာလည်း ဂျပန်တွေ ခေါင်းခဲနေပါတယ်။
ကစ္ဆေခြောက်ခံနေရပါတယ်။

ရန်သူလေယာဉ်ကို အောက်ကနေ အချက်ပြတာတို့၊ မုတ္တမဘူတာရုံကို
လက်ပစ်ဗုံးနဲ့ ထုသွားတာတို့၊ ကျိုက္ခမိ ဂျပန်စစ်တပ်ကို လက်ပစ်ဗုံးပစ်သွားတာတို့၊
ချွေးတပ်စခန်းက သုံ့ပန်းစစ်သားသုံးယောက် ထွက်ပြေးလွတ်မြောက်သွားတာတို့
ကို စုံနေတာပါပဲ။ ဒီအကြောင်းကို နောက်ပိုင်းမှာ ကျွန်တော် တင်ပြသွားပါမယ်။
ဒီလောလောဆယ်တော့ ဘွန်ထိုက်ချို ထွန်းမောင်နဲ့ တဲ့တားဘောင်ကိစ္စ တင်ပြပါ
ရစေမယ်။

ဂျပန်စစ်ဗိုလ် ယာမာမိုတိုသည် သူ့လူ၊ သူ့တပ်ကြပ်ကြီးကို မေးမြန်းခြင်း
ပြုသည်။ (သူ့လူ၊ သူ့ တပ်ကြပ်ကြီးဆိုသည်မှာ တဲ့တားဘောင် အသယ်ခိုင်း
လိုက်သည့် တပ်ကြပ်ဖြစ်သူ၊ သူ့အမည်ကိုတော့ ကျွန်တော် မသိပါ။) ဘာတွေ
မေးသည် မြန်းသည် မသိပါ။ တစ်ခွန်းစ နှစ်ခွန်းစ၊ ဒါလောက်ပဲ မေးမြန်း
ပါသည်။

နောက်တော့ ကျွန်တော်တို့ စခန်းမှူး ကိုဘစိန်ရှိရာ လှမ်းကြည့်လိုက်သည်။
ဘွန်ထိုက်ချို ထွန်းမောင်ကို လက်ညှိုးထိုးပြသည်။ အင်္ဂလိပ်လိုတော့ တစ်ခွန်း၊
နှစ်ခွန်း ပြောသည်။ ကိုဘစိန်က အပါးပဲ။ အရိပ် သုံးပါး နားလည်သည်။

ဘာကြောင့် တဲ့တားဘောင်ကြီး ဖြတ်ပစ်သလဲ မေးသည်။

ဘွန်ထိုက်ချို ထွန်းမောင်က တဲ့တားပေါ်ခင်းရန် အရေးတကြီး ဖြတ်ခိုင်းသည်
ဆင်ပြီး ဖြက်ခြင်းဖြစ်ကြောင်း၊ သူနှင့် သူ့လူ ချွေးတပ်သားအဖွဲ့ တာဝန်ကျနေသည်မှာ
နှစ်လိုဖွယ်တုံးများ ဖြတ်တောက်နေရ သောကြောင့် ယခုကဲ့သို့ ယူဆမိခြင်းဖြစ်ကြောင်း
ပြောပါသည်။

ယင်းကိစ္စကို ဂျပန်စစ်ဗိုလ် နားလည်အောင် ကိုဘစိန် မနည်းကြိုး ရှင်းပြနေရ
ပါသည်။ ဤနေရာတွင်မူ တပ်ကြပ်ကြီး ယောကုဝကို ချီးမွမ်းထောပနာ ပြုရပါမည်။
သူက တစ်ခွန်း၊ နှစ်ခွန်းစ ဝင်ပြောပါသည်။ ထိုအခါမှ ဂျပန်စစ်ဗိုလ် သဘော

www.burmeseclassic.com

www.burmeseclassic.com

ပေါက်သွားပါသည်။ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ကိစ္စအားလုံး ဘေးမသီ ရန်မခ ပြီးပြတ်သွားပါသည်။ တံတားဘောင်ကိုလည်း နောက်တစ်ချောင်းအစားထိုး၍ သုံးပါသည်။

ဂျပန်တို့ကား တစ်ဆို တစ်၊ နှစ်ဆို နှစ်ဖြစ်သည်။ လွယ်လွယ် ဘယ်တော့မှ မလုပ်။ ပြီး–စကား ရှည်ရှည်ဝေးဝေးပြောလျှင် မကြိုက်။ စစ်တပ်မှိုလားတော့ မသိ။ လုပ်ငန်းခွင်တွင် တူတစ်ချောင်း၊ ဓားမတစ်လက် ပျောက်နေလျှင် မီးတုတ် ထွန်းပြီး မတွေ့မချင်း ရအောင် အရှာခိုင်းပါသည်။ (ထိုအကြောင်းကို "ထိုင်း–မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးမှတ်တမ်း" ပထမတွဲ) စာအုပ်တွင် ဖော်ပြထားပါသည်။

သုံ့ပန်းများ စည်းကမ်းထိန်းသိမ်းမှုကို ထပ်မံတင်ပြပါဦးမည်။

စမ်းချောင်းရေကို ဘယ်တော့မှ အလွတ်မဲ့ သူတို့က မသောက်ပါ။ ကျွန်ကော်တို့ ချွေးတပ်သားအချို့က မောမောပန်းပန်းနှင့် စမ်းချောင်းရေကို လက်ခုပ်ဖြင့် ခပ်ပြီး အားရပါးရ ကုန်းသောက်နေသည့်အခါ သုံ့ပန်းစစ်ဗိုလ်သည် အဝေးအလှမ်းမှနေလျက် ကျွန်တော့်ကို ဦးခေါင်းရမ်း၍ ပြတတ်ပါသည်။ မသောက်စေနဲ့ ဟူသော သဘောပင် ဖြစ်ပါသည်။

ကျွန်တော်တို့နှင့် စစ်သုံ့ပန်းများမှာ အမြင်နီးပေမင့် ခရီးဝေးသည့်အဖြစ်ဟု ဆိုရပါမည်။ အလုပ်ခွင် တစ်နေရာတည်း၊ စခန်းတစ်ခုတည်း၌ ဖြစ်၍ တစ်ဦးနှင့် တစ်ဦး လှမ်းမြင် လှမ်းတွေ့နေရသော်လည်း ကူးလူးဆက်ဆံခြင်းပြုနိုင်ဖို့ကား မလွယ်ကူပါ။ ဤကိစ္စတွင်လည်း ဂျပန်များသည် အကြီးအမား စည်းခြား ချုပ်ချယ်ထားပါသည်။ ထိုအချက်ကိုမူ ကျွန်တော်တို့အနေနှင့်ရော၊ သုံ့ပန်းများအနေနှင့်ရော သတိကြီးစွာ ထားရှိကြပါသည်။ သို့မဟုတ်ပါက နှစ်ဦးနစ်ဝ ဒုက္ခတွေ့နိုင်ပါသည်။

စမ်းချောင်းရေကိစ္စတွင်မူ ဂျပန်များကိုယ်တိုင်ကလည်း တားမြစ်ပိတ်ပင်ခြင်း ပြုထားပါသည်။ စခန်းတာဝန်ခံသည် ယင်းကိစ္စကို အကြိမ်ပေါင်းများစွာ ပြောသည်။ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကလည်း ဆိုင်ရာဆိုင်ရာ ချွေးတပ်သားများအား တဖွဖွပြောပါသည်။ စမ်းချောင်းရေ သောက်နေသော ချွေးတပ်သားကို မြင်လျှင် ဂျပန်စစ်သားက "ခူးရား– ခူးရား–" ဟု ဆဲရေးကာ ပါးနှစ်ဖက်ကို ဘယ်ပြန်၊ ညာပြန် ရိုက်နှက်သည်။

"စမ်းချောင်းထဲက ရေကို မကျိုမချက်ဘဲ သောက်ရင် မင်းတို့ ရောဂါ ဝေဒနာဖြစ်မယ်၊ မနက် အလုပ်ထဲသွားရင် ထမင်းချက်တုန်းက ကျိုထားတဲ့ ရေကျက်အေးကို ဝါးဆစ်ဘူးနဲ့ ထည့်ယူသွားပါ"

စမ်းချောင်းတစ်နေရာတွင် သံဖြူဇရပ်မှ ယူဆောင်လာသည့် သံပုရာပိုင်း ဒယ်အိုးကြီးနှစ်လုံးနှင့် ဖြစ်ပါသည်။

ချွေးတပ်သားများအနေဖြင့်မူ ယင်းသို့သော ပိတ်ပင်တားမြစ်မှုကို အတိအကျ မလိုက်နာကြပါ။ လိုက်နာသူ အလွန်နည်းပါသည်။ လစ်လျှင် လစ်သလို လုပ်သူတွေက များပါသည်။ ခပ်စောစောပိုင်းအချိန်က ဟုတ်တော့မယောင် ရှိသော်လည်း နောက်ပိုင်းတွင်မူ ဖရိဖရဲဖြစ်လာကြောင်း တွေ့ရပါသည်။ နယ်ပေါင်းစုံ အရပ်ဒေသပေါင်းစုံမှ မ,တစ်ရာသားတွေ မဟုတ်လား။ သည်ကြားထဲ အလုပ်ဒဏ်က ဆိုးရွားကြမ်းတမ်းလှသည် မဟုတ်လား။ နေ့ပေါင်း၊ လပေါင်းကလည်း ကြာညောင်းလာသည့်အခါ ဖြစ်ချင်ရာဖြစ်၊ သေချင် သေပါစေဟု စိတ်ထားမျိုး မွေးသူတွေများပြားလာသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကိုလည်း ကြောက်ရကောင်းမှန်း၊ လေးစားရကောင်းမှန်း သဘောမရှိကြတော့ပါ။ မထီမဲ့မြင် လုပ်လာကြပါသည်။ စခန်းတာဝန်ခံ ကိုဘစိန်က ကျွန်တော့်ကို ပြောပါသည်။

"တချို့ကိစ္စတွေမှာ မသိသလို၊ မမြင်သလို လုပ်နေကွာ၊ နေရာတိုင်းပြောလို့တော့ မဖြစ်ဘူး၊ အလုပ်က ပင်ပန်းလွန်းတော့ ဘယ်သူပြောတာမှ နားမထောင်ချင်ဘူး"

ဤနေရာတွင် ထမင်းရုံ (စားဖိုရုံ) အကြောင်းကို ပြောရပါဦးမည်။

စားဖိုရုံခေါ်သည့် ထမင်းချက်ရုံသည် ခပ်စောစောပိုင်းအချိန် ခြောက်လလောက် အတွင်းကတော့ ရေကျက်အေး သို့မဟုတ် ရေနွေးများကို ပေးနိုင်ပါသည်။ ဆေးလည်း ပေးပါသည်။ မည်သည့်ချွေးတပ်သား မဆို ဖိုခွင်ပေါ်ရှိ ပွက်ပွက်ဆူနေသည့် ရေနွေးကို ကြိုက်သလောက် ခပ်ယူနိုင်ပါသည်။ သံပုရာပိုင်းဒယ်အိုး ကြီးများတွင် ဖြစ်သည်။ သို့မဟုတ်ပါလည်း ကျိုချက်ပြီးသား ရေအေးများကို ဖြစ်ပါသည်။

နောင်အခါတွင်မူ ယင်းကိစ္စမှာ တစ်မျိုးတစ်ဖုံ ဖြစ်လာသည်။ စားဖိုရုံမှူးသည် ယခင်အခါကလို ရေနွေးကို ဖောဖောသီသီ မပေးလိုတော့ပါ။ ပေးလည်း မပေးနိုင်တော့ပါ။ ချွေးတပ်သားများ ရေနွေးသွားယူ လျှင် ဘွန်ထိုက်ချိုသော်လည်းကောင်း၊ ဟန်ချိုသော်လည်းကောင်း လိုက်ပါရလေသည်။ သို့တိုင် အလျဉ်ပယ် ယူလို့မရ။ တားမြစ်ပိတ်ပင်ခြင်း ပြုသည်။ အော်လား ဟစ်လား၊ ထိုးလား ရိုက်လား လုပ်လေသည်။

ယင်းသို့ဖြစ်ရသည်မှာ တစ်ခြားကြောင့် မဟုတ်။ နောက်ပိုင်းတွင် ဂျပန်များက ထမင်းချက်တာဝန်ကျ ချွေးတပ်သားများကို လူလျှော့ပေါ်သည်။ ရထားလမ်း အရေးကြီးသည်ဆိုကာ ရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com

စခန်းတာဝန်ခံကလည်း အထက်ပါအတိုင်း သတိပေးခြင်း ပြုပါသည်။

စောစောပိုင်းကတော့ လိုက်နာကြပါသည်။ တောထဲတွင် ဝါးတွေက ပေါတော့ လူတစ်ယောက်ဆို ဝါးဆစ်ဘူး နှစ်လုံး၊ သုံးလုံး လုပ်ထားသည်မှာလည်း အကျအန၊ အဖုံးနှင့်၊ အပိတ်နှင့်။ ပြီး– ပခုံးသိုင်းကြိုးနှင့်။ နောက်တော့ ထည့်သောက်ဖို့ ဝါးဆစ်ခွက်နှင့်။ ယင်း ဝါးဆစ်ဘူး၊ ဝါးဆစ်ခွက်များကို ချောမောပြေပြစ်အောင် လုပ်ဖို့၊ ကျားလျှာတို့၊ တံစဉ်းတို့၊ ကော်ဖတ်တို့ မလိုပါ။ ရထားလမ်းခင်းသည့် ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပွတ်တိုက်လိုက်လျှင်ပင် မိတ်ကပ်လိမ်းခြယ်ထားသည့် အမျိုးသမီး၏ ပါးပြင်အလား ချောမွတ်သွားပါသည်။

ချွေးတပ်သားများ စမ်းချောင်းရေ အစိမ်းတိုင်း သောက်ခြင်းကို ဂျပန်စစ်ဗိုလ် ယာမာမိုတိုကိုယ်တိုင်က မနှစ်ခြိုက်ပါ။ တစ်ကြိမ်တွင် ချွေးတပ်သားတစ်ယောက် စမ်းချောင်းထဲတွင် လူအလစ်ဆင်းပြီး ရေသောက်သည်။ ယင်းအပြုအမူကို ယာမာမိုတို့ တွေ့သွားပါသည်။

သူသည် ကျွန်တော် အထက်က ဆိုခဲ့သည့်အတိုင်း ပျော့ပျောင်းညင်သာသူ တစ်ယောက် ဖြစ်ပါသည်။ အော်လာ၊ဟစ်လာ၊ ရိုက်လာ၊နှက်လာ ဘယ်သူ့ကိုမျှ မလုပ်ပါ။ ထိုသူ ထိုချွေးတပ်သားကိုလည်း ဘာမျှ မပြုလုပ်ပါ။ ဒါပေမယ့် နောက်နေ့နံနက် အလုပ်ဆင်းရန် လူစစ်တန်းစီသည့်အခါ၌မူ စခန်းမှူး ကိုဘစိန်က ဤအကြောင်းကို ပြောပါသည်။ နောက်တစ်ကြိမ် ဤအပြုအမူမျိုးတွေ့ခဲ့လျှင် အပြစ်ကြီးလေးစွာ ခံရမည် ဖြစ်ကြောင်း ပြောသည်။ နောက်တော့ ဘယ်အချိန်က စိုက်ထူလိုက်သည် မသိရပါ။ စမ်းချောင်းတစ်လျှောက် တွင် "စမ်းချောင်းရေကို လုံးဝ မသောက်ရ၊ သောက်လျှင် အပြစ်ကြီးစွာ ပေးခြင်း ခံရမည်" ဟူသော ဆိုင်းဘုတ်ကလေးများကို တွေ့ရပါလေသည်။

သို့ရာတွင် ယင်းသို့သော ပိတ်ပင်တားမြစ်ခြင်းဆိုသည်မှာလည်း နေရာတိုင်းတော့ မဟုတ်ပါ။ အန္တရာယ်ရှိမည့်နေရာ၊ ဘေးဥပဒ်ရှိမည့်နေရာများ၌သာ ယင်းသို့ တားမြစ်ပိတ်ပင်ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် အလုပ်ခွင်၊ အလုပ်စခန်းနှင့် အနီးကပ်ဆုံး စမ်းချောင်းနေရာများတွင် ဖြစ်ပါသည်။

ယင်းသို့သော တားမြစ်ချက်များကို တပ်ဝိန်စခန်း၊ အပလုံစခန်းများတွင်လည်း အချို့နေရာများ၌သာ တွေ့ရပါသည်။ အချို့နေရာများတွင် ယင်းသို့ မတားမြစ်ပါ။ အမှန်က စမ်းချောင်းရေအလျဉ်သည် တသွင်သွင် စီးဆင်းနေသည် မဟုတ်ပါလား။

ဂျပန်များနှင့် သုံ့ပန်းများမှာမူ မည်သည့်နေရာဖြစ်ဖြစ် ရေကို ကျိုချက်ပြီးမှ သောက်ကြပါသည်။ ဂျပန်စစ်ဗိုလ် ယာမာမိုတိုသည် ရေချိုးလျှင်လည်း ကျိုပြီးမှသာ ချိုးပါသည်။ သူ့အတွက် ချိုးရေကို သူ့ စစ်သားနှစ်ယောက်က ကျိုပေးပါသည်။

တစ်ကြောင်း ရှိပြန်သည်မှာ မွန်းတည့်ချိန်ဆိုလျှင် ထမင်းဟင်းကိစ္စအားလုံး ပြီးစီးနေရမည်။ ချွေးတပ်သားများ သူ့အဖွဲ့နှင့်သူ လူအရေတွက်အတိုင်း ထမင်းလာရောက်ယူချိန်တွင် ဆုတ်ဆိုင်းခြင်းမရှိ ပေးနိုင်ရမည်။ မပေးနိုင်ခဲ့လျှင် စားဖိုရုံတာဝန်ခံကို ပါးရိုက်သည်။ နားရင်းအုပ်သည်။ လူလဲပစ်သည်။

ဤတွင် အစ,မကောင်း အနောင်းမသေချာသည့် မပြေမလည်မှုတွေ ဆက်တိုက် ဆက်နွယ်ဖြစ်ပေါ်လာပါသည်။ အချိန်မီ ထမင်းပေးနိုင်ဖို့ အဓိက၊ ရေနွေး အဓိက မဟုတ်ဟု သဘောထားလာသည်။ ယခင် အခါက သံပုရာပိုင်း ဒယ်အိုးကြီး ဆယ်လုံးလောက်ဖြင့် ရေနွေးကျိုသည်။ ယခုတော့ ဒယ်အိုးသုံးလုံးလောက်သာ ကျိုသည်။ ထိုအခါ အချို့သော ချွေးတပ်သားအဖွဲ့သားများမှာ ရေနွေးကျက်ပြီးသား၊ ဆူပြီးသား ရလာသော်လည်း တချို့မှာ ရေနွေးမကျက်တကျက် သို့မဟုတ်ပါက ရေစိမ်းအတိုင်းသာ ရလာသည်။ ဤတွင် ဝမ်းဖောဝမ်းရောင် ဝေဒနာများ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျားရောဂါများ ဖြစ်ကြရလေသည်။

နောက်တစ်ဖန် ထမင်းချက်လုပ်အားက လျော့နည်းနေသည့်အတွက် အချိန်မီပေးနိုင်လျှင် ပြီးရော သဘောပိုက်လျက် ထမင်းကို နပ်အောင် မချက်တော့ပါ။ ပဲဟင်းဆိုလျှင်လည်း ပဲကြီး၊ ပဲကြားစိမ်းဆတ်ဆတ် မနှုမနပ်၊ ပိန်းဥ၊ ရွှေဖရုံသီး၊ ကန်စွန်းဥ ဆိုလျှင်လည်း ဘယ်တော့မှ မနှုမနပ်။ ဆီ၊ ကြက်သွန်၊ ငရုတ်သီး ဟူ၍ ဘယ်ခါမှမပါ။ မနှုမနပ် ပဲကို ဆားတစ်မည်၊ နနွင်းတစ်မည် ထည့်ပြီး ပြုတ်ထားခြင်းသာ ဖြစ်လေသည်။

တကယ်ဆိုတော့ တောတွင်း ချွေးတပ်စခန်းတိုင်းတွင် ဆီ၊ ငရုတ်သီး၊ ကြက်သွန်ဆိုသည်မှာ အလျဉ်းမမြင်ရ၊ မစားမသောက်ကြရပါ။ စင်စစ် ယင်းအဖြစ်သည် မဖြစ်သင့်မဖြစ်ထိုက်ဘဲ ဖြစ်ရခြင်းပါ။ မိမိတို့ လူမျိုးအချင်းချင်း စာနာစိတ်ကင်းမဲ့ခြင်း၊ သက်ညှာစိတ်ကင်းမဲ့ခြင်း၊ သစ္စာ မေတ္တာ ခေါင်းပါးခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်လိုခြင်းများကြောင့် ဖြစ်ပါသည်။

ဂျပန်စစ်ဗိုလ်တစ်ချို့သည် ဤအကြောင်းကို အတော်အတန် ရိပ်စားမိဟန်တူပါသည်။ သံဖြူဇရပ်လို စခန်းကြီးများ၊ ကျိုက္ခမိလို၊ မော်လမြိုင်လို စခန်းကြီးများမှ စခန်းမှူးကြီးများ၊ ချွေးတပ်စုဆောင်းရေး (ချွေးတပ်ဗိုလ်) များနှင့် ကြုံကြိုက်၍ စိတ်အခန့်မသင့်ဖြစ်ခဲ့လျှင် "ဘိရမာ– ဒရောဘော" ဟု ဆဲရေးရေရွတ်ခြင်း ပြုတတ်ပါသည်။

ဤတွင် ကိုဘစိန်ကို ကျွန်တော် မေးမြန်းကြည့်ရပါသည်။

"ဒရောဘောဆိုတာ ဘာလဲဗျ"

"သူခိုးလို့ ပြောတာကွ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း-ကောင်းလေစွ၊ ကောင်းလေစွ၊ ဘိရမာ-ဒရောဘော"တဲ့။

ယင်းသို့ဖြစ်ရခြင်းကိုမူ ကျွန်တော်တို့ စခန်းတာဝန်ခံ ကိုဘစိန် မသိမဟုတ်၊ သိပင် သိသော်လည်း မည်သို့မျှ မတတ်နိုင်။ ကိုဘစိန်သာ မဟုတ်၊ တောတွင်းရောက် စခန်းတာဝန်ခံ အားလုံးလောက်နီးနီး သိရှိကြသော်လည်း ထိုကိစ္စ ထိုအဖြစ်ကို ပြောနိုင်စွမ်း ဆိုနိုင်စွမ်း မရှိကြပါပေ။ သူတို့ကိုယ်တိုင်ပင် ချွေးတပ်သားများနည်းတူ ငတ်တစ်လှည့် ပြတ်တစ်လှည့် ဆိ၊ ငရုတ်သီး၊ ကြက်သွန် မစားရသည့်အဖြစ်ပါ။

တစ်ခုရှိသည်မှာ ကိုဘစိန်သည် သံဖြူဇရပ် ချွေးတပ်စခန်းမကြီးသို့ ရိက္ခာထုတ်သည့် ဂျပန်စစ်သားများနှင့် လိုက်ပါသွားပြီး ပြန်လာသည့်အခါ သူ့အတွက် ခိုးကြောင်ခိုးဝှက် ယူဆောင်လာသော ငရုတ်သီး၊ ကြက်သွန်နီနှင့် ဆီ စသည်များ အနည်းအပါး ပါရှိလာတတ်ပါသည်။ ယင်းပစ္စည်းသုံးမျိုးစလုံးသည် တောတွင်း ချွေးတပ်စခန်းများတွင် ဂုဏ်ပါးပစ္စည်းအဖြစ်မှ ကျော်လွန်လျက် ပျောက်ကွယ်ပစ္စည်းများဟု ပြောရပါမည်။ ကိုဘစိန်က သူ ယူဆောင်လာရသည်မှာ မလွယ်ကူကြောင်း ပြောပါသည်။

"အတူသွားတဲ့ ဂျပန်တပ်ကြပ်ကြီးနဲ့ စစ်သားတွေ မမြင်အောင် မနည်းဝှက်ပြီး ယူလာရတာကွ၊ ဟိုမှာ ဝယ်တော့ခြမ်းတောလဲ ဆီလေးအစိတ်သား သုံးဆယ်သားနဲ့ ငရုတ်သီး လေးငါးဆယ်တောင့်၊ ကြက်သွန် လေးငါးဥ ရမယ့်အရေး ရှိခိုးဦးတင်နဲ့ပါကွာ"

မှန်ပါသည်။ နောင်အကြိမ် နောင်အခေါက် သွားသည့်အခါများ၌မူ ကိုဘစိန်ထံတွင် အခေါက်တိုင်း ဆိ၊ ငရုတ်သီး၊ ကြက်သွန် စသည်များ ပါရှိလာသည် မတွေ့ရပါ။ ဘယ်လိုမှ ဝယ်လို့ မရဘူးကွဟု ပြောပါသည်။ သူ့ထံတွင် ပါရှိလာတတ်သည်မှာ ကူးဝါးစီးကရက် (ဖိလစ်ပိုင်နိုင်ငံဖြစ်) တစ်ဘူး၊ နှစ်ဘူး၊ အင်ဖက်ရွက်ဖြင့် ထုပ်ထားသော ကြဲသကာထုပ်နှစ်ထုပ်၊ သုံးထုပ်လောက်နှင့် ဆန်ကို ပြုလုပ်ထားသည့် မရွေးမနှံ့ထုပ်များ ဖြစ်ပါသည်။

ကျွန်တော်တို့ စခန်းမှူး ကိုဘစိန်သည် သူ့ထံတွင် ပါရှိလာသည့် ပစ္စည်းများထဲမှ ကူးဝါးစီးကရက် နှစ်ဘူး၊ သုံးဘူးကို သူ သောက်ဖို့ ချန်ထားပြီး မရွေးမနှံ့ထုပ်များနှင့် ကြဲသကာထုပ်များကိုမူ ချွေးတပ်သားများအား တစ်ဆင့် ပြန်လည် ရောင်းချပါသည်။ ချွေးတပ်သားများဆိုပေမယ့် အမှန်တော့ အလုပ်သမား ချွေးတပ်သားများ မရရှာကြပါ။ နီးစပ်သော ဘွန်ထိုက်ချို၊ ဟန်ချိုတို့လောက်သာ ရရှိကြပါသည်။ ဒါတောင် ဆင့်ပါးစပ် နှမ်းပက် အလှအယက်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ပြောရန် အကြောင်းတစ်ခု လိုပါလိမ့်မည်။ ပြောမည့်အကြောင်းမှာ ချွေးတပ်အလုပ်သမားများ အားလုံးသည် စခန်းမှူးမှ စပြီး သာမန်အလုပ်သမားထိ ဂျပန်များထံမှ လုပ်ခစားနားများ ရရှိကြပါသည်။ တစ်ပတ် တစ်ကြိမ် ရှင်းပေးပါသည်။

သူတို့ပေးသည့် ဂျပန်ငွေစက္ကူများမှာ ဝါးစိမ်းနဲ့နီပြီး စက္ကူပေါ်တွင် ဝါးမျှင်တွေ ကပ်နေပါသည်။ ချွေးတပ်သားများသည် ဝါးဆစ်ဘူး၌ ထည့်ပြီး လည်ပင်းတွင် ဆွဲထားကြသည်။

ဤအကြောင်းကို "ထိုင်း-မြန်မာ မိုးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း" စာအုပ်ရှေ့ပိုင်းတွင် စာရေးသူ ဖော်ပြထားပြီး ဖြစ်ပါသည်။

သို့ရာတွင် ယင်းစာအုပ်ကို မဖတ်ရှုရသူများအနေဖြင့် မရှင်းမလင်း မဖြစ်စေရန် ထပ်မံ၍ ဖော်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

စာရေးသူ

ယခုတစ်ကြိမ် အပလုံစခန်းသို့ ကျွန်တော် ရောက်ရှိခဲ့ခြင်းမှာ မိုးရထားသံလမ်းဆွဲခြင်း၊ ဇလီဖားတုံး ချခြင်း၊ ဂဝံကျောက်များ ခင်းခြင်း စသော လုပ်ငန်းများအတွက် ရောက်ရှိလာခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် အဆိုပါ အမိကကျသည့် လုပ်ငန်း သုံးရပ်စလုံးမှာလည်း ကျွန်တော်တို့ အရပ်သား ချွေးတပ်သားများ လုပ်ကိုင်ရသည့် အလုပ်များတော့ မဟုတ်ပါပေ။ ဂျပန်များနှင့် သုံ့ပန်းစစ်သားများ ပူးပေါင်းလုပ်ကိုင်ကြခြင်းသာ ဖြစ်ပါသည်။ ဂျပန်များဘက်က ကြည့်လျှင် စစ်ဗိုလ် ယာမာမိုတိုသည် ဦးဆောင် ဦးရွက် ဖြစ်ပါသည်။ သုံ့ပန်းများဘက်ကဆိုလျှင် သုံ့ပန်းစစ်ဗိုလ်သည် ဦးစီးခေါင်းဆောင် ဖြစ်ပါသည်။ ကျွန်တော့်အမြင်တော့ သည်လိုပဲ မြင်ပါသည်။

အလုပ်ခွင်ထဲရောက်သည့်အခါ ယာမာမိုကိုသည် မြေပုံစာရွက်လိပ်ကို သူ့လက်ထဲ ဆုပ်ကိုင်ထားပါသည်။ မကြာခဏ မြေပုံစာရွက်လိပ်ကို ဖြန့်ကာ သုံ့ပန်းစစ်ဗိုလ်နှင့် နီးနှောတိုင်ပင်သည်။ နောက်တော့ ရထားလမ်း၏ ရှေ့တူရွ အဝေးအလှမ်းဆီသို့ အသင့်ချထားသော မှန်ပြောင်းဖြင့် ကြည့်သည်။ တစ်ခါတစ်ခါတွင် ယာမာမိုကို၏ ခွင့်ပြုချက်အရ (သို့မဟုတ်လည်း တိုက်တွန်းချက်ညွှန်ကြားချက်အရပေါ့ဗျာ။)

ထို့နောက်တော့ ခင်းထားသည့် ဇလီဖားတုံးများကို အချို့တကျ ရှိနေရှိ ဂျပန်စစ်ဗိုလ်ရော၊ သုံ့ပန်း စစ်ဗိုလ်ပါ နှစ်ဦးစလုံး အစေ့အစပ် လိုက်လံကြည့်ရှုခြင်း

www.burmeseclassic.com

www.burmeseclassic.com

ပြုကြပါသည်။ ထိုအချိန်တွင် သံ့ပန်းစစ်သည်များ အားလုံးပင် မိမိတို့ဆိုင်ရာ လက်နက်ကိရိယာများကို ကိုင်ဆောင်ကာ ရထားလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် စနစ်တကျ ရပ်နေကြပါသည်။ လက်နက်ကိုင် ဂျပန်စစ်သားများနှင့် တပ်ကြပ်ကြီး ယောကုဝတို့ လူစုလည်း အနီးတစ်ဝိုက်၌ ရှိနေကြလေသည်။

အားလုံး အဆင်ပြေ အချိုးကျသွားသည်အခါ သံ့ပန်းစစ်ဗိုလ်က သူ့လူများကို လက်မြှောက် အချက်ပေးလိုက်ပါသည်။ ဤတွင် ဓာတ်ဆေးက လက်နက်ကိရိယာ တစ်ခုံတစ်ရာ မကိုင်ဆောင်ဘဲ လူချည်း သက်သက် ရပ်နေသော သံ့ပန်းစစ်သားများက သံလမ်းကို ဇလီဖားတုံးပေါ် တင်လိုက်ကြသည်။ တစ်ဖန် နောက်သံလမ်းတစ်ခုကို တင်ကြပြန်ပါသည်။ ထိုကိစ္စပြီးသည့်အခါ စစ်ဗိုလ်နှစ်ဦးစလုံးသည် ပေကြိုးများဖြင့် သံလမ်းတစ်ခုနှင့်တစ်ခု၏ အကွာအဝေးကို တိုင်းထွာခြင်း၊ လမ်းပြေးညီမညီ၊ ဖြောင့်မဖြောင့် ကြည့်ခြင်း၊ ဇလီဖားတုံးများ ငြိမ်သက်မှု ရှိ၊မရှိ စစ်ဆေးခြင်း စသည်များကို အပြန်ပြန်အလှန်လှန် အကြိမ်ပေါင်း အတော်များများ ပြုလုပ်ကြပါသည်။

စိတ်တိုင်းကျပြီဆိုလျှင် ဂျပန်စစ်ဗိုလ် ယာမာမိုတိုသည် ရထားသံလမ်းဘေးတစ်နေရာတွင် ရပ်လိုက်သည်။ သံ့ပန်းစစ်ဗိုလ်ကမူ သူ့လူသံ့ပန်းများအား တစ်စုံတစ်ရာကို အသေးစိတ် ညွှန်ကြားပြောဆိုခြင်း၊ ညွှန်ပြခြင်း ပြုသည်။ နောက်တော့ သူကိုယ်တိုင်က မီးရထားသံလမ်းနှစ်ခုကြား ထိပ်တစ်နေရာ၌ သွားရောက်၍ ထိုင်သည်။ သူထိုင်သည်မှာ မုဆိုး ဒူးထောက်ထိုင်ပုံ ထိုင်နည်း ဖြစ်ပါသည်။

ယင်းသို့ သံ့ပန်းစစ်ဗိုလ်၏ လှုပ်ရှားမှု အချိန်အတွင်းမှာပင် သူတို့၏ ခါးစောင်းလောက် အရှည်ရှိသည့် လွန်ပူကြီးများ ကိုင်ဆောင်ထားသော သံ့ပန်းစစ်သားများသည် သံလမ်းတစ်ဖက်တစ်ချက်တွင် ခြောက်ဦးကျ နေရာယူပြီး အသင့်ဖြစ်နေကြပါသည်။ သူတို့၏ လွန်ပူများကိုလည်း မူလက သတ်မှတ်ပေးထားသော ဇလီဖားတုံးများပေါ်၌ တင်စိုက်ထားပြီး ဖြစ်လေသည်။

နောက်တော့ သံ့ပန်းစစ်ဗိုလ်သည် ဒူးထောက်ထိုင်ရာမှ နေလျက် သူ့လူများ လွန်ပူထိုးစိုက်ထားသည်ကို ညိမည် တည့်မတည့် ကြည့်သည်။ မျက်လုံးကို တစ်ဖက်ဖွင့် တစ်ဖက်မှိတ် ကြည့်သည်။ အပြန်ပြန် အထပ်ထပ် ကြည့်ရှုသည်။

ယင်းသို့ ကြည့်ရှု၍ စိတ်တိုင်းကျဖြစ်သည့်အခါ သူ့ညာလက်ကို အထက်သို့ မြှောက်လိုက်ပါသည်။ လက်ညှိုးကို တန်းတန်းမတ်မတ် ထောင်ထားပါသည်။ ထို့နောက် လက်ညှိုးကို ခရုပတ်ဝိုင်းပတ်ပြပါသည်။ ဤလို လက်ညှိုးကို ကွင်းပတ်ပြနေသမျှတော့ လွန်ပူသမားများကလည်း ဇလီဖားတုံးပေါ်တွင် လွန်သွားဖြင့်

ထိုးဖောက်နေကြပါသည်။ သံလမ်းနှင့် ဇလီဖားတုံးကို ကုပ်တွယ်ရန် သံစို့ကြီးများ ရိုက်သွင်းရန် သံစို့ပေါက်ဖောက်ခြင်းပင် ဖြစ်လေသည်။

ယင်းသို့ဖြင့် အနေတော်ပြီ အလောတော်ဖြစ်ပြီဆိုသည့်အခါ လွန်ပူကြီးများကို စနစ်တကျ တစ်ရစ် ချင်း တစ်ရစ်ချင်း ပြန်လှည့်ထုတ်ကြရသည်။ ထို့နောက်တော့ ဖောက်ထားသည့်နေရာတွင် သံစို့ကြီးများ စိုက်သွင်းပြီး ကြိုးမားသော သံတူများနှင့် အချက်ညီညီ ရိုက်နှက်သွင်းကြပါသည်။ ဤအခါတွင် သံစို့ရိုက်နှက်သည့် တူကိုင်သမားများမှာ စောစောတုန်းက လွန်ပူဖောက်သည့် စစ်သံ့ပန်းများ မဟုတ်ကြပါ။ တစ်ခြားစီ တစ်ကန့်စီ ဖြစ်ပါသည်။

သံလမ်းဆွဲခြင်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများတွင် ဂျပန်များ ဘက်က အတတ်နိုင်ဆုံး စေ့စပ်သေချာချင်သလို စစ်သံ့ပန်းများဘက်ကလည်း အလိုက်လျောနိုင်ဆုံး စေတနာ စိတ်ကောင်းထား၍ လုပ်ကိုင်ဆောင်ရွက်သည်ဟု ယူဆရပါသည်။ ဤနေရာတွင် သံ့ပန်းစစ်ဗိုလ်၏ လှုပ်ရှားဆောင်ရွက်မှုသည် 'စံ' တစ်ခုဖြစ်ပါသည်။ ပြစ်ဒဏ်နှင့် စေတနာသည် ဤနေရာတွင် တစ်သီးတစ်ခြားစီ ဖြစ်တန်ရာပါသည်။

စင်စစ် ပြစ်ဒဏ်ကို ကြောက်ရွံ့ထိတ်လန့်၍ လုပ်ကိုင်ပေးရခြင်းမျိုး မဟုတ်ဘဲ ဝတ္တရဲ့အရ စေတနာထား၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သဘောမျိုးများသည် ဤ "ထိုင်း–မြန်မာ မီးရထားလမ်း" ဖောက်လုပ် မှုတွင် သာဓကတွေ၊ ပြယုဂ်တွေ များစွာ ရှိခဲ့ပေသည်။

စစ်သံ့ပန်းများသာ မဟုတ်ပါ။ မြန်မာရွေးတပ်သားများ ကိုယ်တိုင်မှာလည်း ယင်းသို့သော စေတနာ စိတ်ထားရှိမှုကို အစောပိုင်းအချိန်က တွေ့ရှိရပေသည်။

ခပ်စောစောပိုင်း အချိန်ကတော့ မြန်မာရွေးတပ်သား အားလုံးလိုလိုပင် ညီညာထက္ကြ ရှိကြပါသည်။ လူတော်တော်များများသည် ဤရထားလမ်းတွင် အလုပ်သမား အမြောက်အမြားလိုအပ်သဖြင့် မိမိကိုယ်မိမိ အလုပ်လုပ်ရန် လာရောက်သူအဖြစ် ရထားလမ်း အလုပ်သမားအဖြစ်ဟု ယူဆရင်း ရှိခဲ့ကြပေသည်။ အတင်းအကျပ် ဖမ်းဆီး၍ ခေါ်ဆောင်လာခြင်း ခံရသူများလည်း မရှိမဟုတ်၊ ရှိပါ၏။ သို့ရာတွင် တစ်ဖက်က ရွေးတပ်သား စုဆောင်းရေးဆိုင်ရာ ဂျပန်စစ်ဗိုလ်များ၊ မြို့ပိုင် နယ်ပိုင် စသော အုပ်ချုပ်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ပြီးစလွယ် ပြီးပြီးရောစကားများကလည်း မစားရဘဲနှင့် စားပိုးနှင့်သွားလောက်ပါပေသည်။

"ဟိုမှာက အစားအသောက်ကို သိပ်ကို ပေါကယ်၊ အဝတ်အထည်ဆိုလဲ ဗန်ကောက်ယူမလား၊ ဇင်းမယ်ယူမလား၊ ကြိုက်တာရတယ်၊ နောက်ပြီး ကိုယ့်အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com

တစ်လ စာနှစ်ခါထည့်နိုင်တယ်၊ တကယ်လို့ မပျော်ဘူးဆိုရင် သုံးလပြည့်တော့ ပြန်နိုင်တယ်၊ ဒီထက်ကောင်းတာ ဘာရှိသေးသလဲ"

"နောက်ဆုံးကွာ– ရထားလမ်းလဲ ပေါက်သွားပြီ၊ ကိုယ်ကိုယ်တိုင်ကလဲ အလုပ်ကြိုးစားတယ်ဆိုရင် အမြဲတမ်း အလုပ်သမားဖြစ်သွားမှာပေါ့၊ အဲဒီတော့ ကိုယ့်သား ကိုယ့်မယား ခေါ်ယူပေါ့"

အမှန်တော့ ထိုအချိန် ထိုအခါသမယက မြန်မာနိုင်ငံတွင် အလုပ်အကိုင် ကွားပါးလှပါသည်။ လခစား အလုပ်မှာ ပို၍ပင် ရှားပါးခက်ခဲလှသည်။ စစ်အတွင်း စစ်ကာလဖြစ်သောကြောင့်လည်း ငတ်မသွားသည့်တိုင် အစားအသောက် ရှားပါးလေသည်။ အထည်အဝတ်ဆိုသည်မှာလည်း ဟိုယခင် ဗြိတိသျှများ အုပ်ချုပ်စဉ်ကလို ငွေကြေးပေးဝယ်လို့ပင် ဝယ်တိုင်းမရပါ။ အဝတ်အထည်ရှားပါးမှုကြောင့် လူတိုင်း လိုလို သန်းကြွေးမတွေ တွယ်ကုန်သည်။

မည်သို့ဆိုစေ ဤလိုအဟောအပြောမျိုး၊ ဤလို သွေးဆောင်ဖြားယောင်းမှုမျိုးများဖြင့် စတင်ခဲ့သော်လည်း တောတွင်း ချွေးတပ်အလုပ်စခန်းများ၌မှာမူ ခါးသီးဆိုးရွား ကြမ်းတမ်းရက်စက်သော ရင်ဆိုင်ရမှုများကြောင့် လူပေါင်းမြောက်မြားစွာတို့ သေကျေပျက်ပြုန်းလျက် ဤမိုးရထားလမ်းမှာလည်း ဤမျှလောက် နာမည်ဆိုး ထွက်ခဲ့ရခြင်းပင် ဖြစ်လေသည်။

ထိုအကြောင်းနှင့် ဆက်နွယ်လျက် စာရေးသူ အမှတ်ရနေသည့် အဖြစ်တစ်ခု ရှိပါသည်။ ဝမ်းနည်းစရာလား၊ ရယ်စရာလား မပြောတတ်။

ဘုရားသုံးဆူစခန်းတွင် ညဦးပိုင်း တစ်ည အိပ်ရာမဝင်ကြသေးဘဲ မီးပုံဘေးတွင် ဝိုင်းဖွဲ့နေကြခိုက် ပန်းတနော်နယ်မှ လယ်သမားကြီး ဘကြီးဦးချစ်မြင့်က ကောက်ခါငင်ခါ ကျွန်တော့်ကို စကားတစ်ခွန်း ပြောလိုက်ပါသည်။

"မပျော်သုံးလဆိုတာက အလုပ်လုပ်ဖို့ကို ပြောတာမဟုတ်ဘူး ဆရာလေး၊ ဝဲပေါက်တာ ပြောတာဗျ၊ ကြည့်ပါလား၊ ကျုပ်ကိုယ်ပေါ် ဒီရောက်မှ ပေါက်တဲ့ဝဲတွေ၊ တစ်နှစ်ကျော်နေပြီ၊ ခုထိ မပျောက်သေးဘူး"

စင်စစ်ဖေဖော် ဘကြီးမြင့်တစ်ယောက် တောတွင်းစခန်းသို့ ရောက်ခဲ့သည်မှာ တစ်နှစ်ကျော်သွားပေပြီ။ စကားထဲက ဇာတိပေါ်နေပြီ မဟုတ်လား။ လူအတော်များများသည် ဘကြီးမြင့် နည်းတူပင် တစ်နှစ်ကျော် သမားချည်း ဖြစ်လေသည်။

***

သုံ့ပန်းစစ်သားများ လုပ်ကိုင်ရပုံနှင့် ယင်းတို့၏ အလုပ်တာဝန်၊ ယင်းတို့၏ ဆောင်ရွက်လုပ်ရှားရပုံများကို အထက်တွင် တင်ပြခဲ့ပါသည်။ ယင်းသို့ သုံ့ပန်းများ ဆောင်ရွက်လုပ်ကိုင်နေခိုက်တွင် အရပ်သား ချွေးတပ်သားများ၏ လုပ်ကိုင်ဆောင်ရွက်ရပုံများနှင့် သုံ့ပန်းနှင့်အရပ်သား မည်သို့မည်ပုံ ကျပန်များက စည်းခြားသတ်မှတ်ထားသည်ဆိုသည်ကိုလည်း ဆက်လက်၍ တင်ပြပါမည်။

ယခု စာရေးသူ တင်ပြနေသည်မှာ အပလုံစခန်းသို့ တတိယအကြိမ် ရောက်ရှိစဉ်က အကြောင်းရပ် များ ဖြစ်ပါသည်။ ပထမနှင့် ဒုတိယအခေါက်က အကြောင်းရပ်များကိုမူ 'ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း' တွင် တင်ပြထားပြီး ဖြစ်ပါသည်။

သုံ့ပန်းစစ်သားများက ဤလို ဇလီဖားတုံးချခြင်း၊ သဲလမ်းဆွဲခြင်း စသော အလုပ်များ လုပ်ကိုင် နေရစိုက်တွင် အရပ်သား ချွေးတပ်သားများသည် ကျောက်ထု၊ ကျောက်ခွဲရခြင်း၊ ကျောက်တောင်များကို ဒိုင်းနမိုင်း ဖောက်ခွဲရန်အတွက် အခေါင်းပေါက်ဖောက်ရခြင်း (စနက်တံနှင့် ယမ်းပျော့ထည့်ရန် ဖြစ်သည်။) သစ်ပင်ကြီးများကို ခုတ်လှဲ၍ ရထားမီးထင်းအတွက် ဖြတ်တောက်ရခြင်း၊ ပြီးလျှင် ရထားလမ်းဘေး ကျပန်များ သတ်မှတ်ပေးထားသော နေရာတွင် ထင်းလဲပုံများ ဖွဲ့ခြင်းပြုရပါသည်။

ကျောက်ထု၊ ကျောက်ခွဲရသော ချွေးတပ်သားများမှာလည်း ထင်းဖြတ်ရသော အဆိုင်းအဖွဲ့များနည်းတူပင် ရထားလမ်းဘေးတွင် ကျောက်ကျင်းဖွဲ့လျက် စုပုံခြင်း ပြုကြရပါသည်။ ယင်းအလုပ်များကို လူစုခွဲလျက် မိမိတို့အဆိုင်းနှင့် မိမိတို့ လုပ်ကိုင်ကြရလေသည်။ အလုပ်သမားအဆိုင်းကို ဘွန်ထိုက်ချို၊ ဟန်ချိုများက သင့်တော်သလို စီမံခန့်ခွဲ၍ ဖွဲ့စည်းပေးကြရပါသည်။ ထင်းအလံပုံစံ၊ ကျောက်ကျင်းပုံစံ စသည်များကိုမူ ကျပန်တပ်ကြပ်ကြီးများနှင့် ကျပန်စစ်သားများက သတ်မှတ်ပေးခြင်း ဖြစ်သည်။ ညနေ ငါးနာရီဆိုလျှင် ထင်းပုံများကိုလည်း ကျပန်က ပေကြိုးတိုင်းသည်။ ကျောက်ကျင်းများကိုလည်း ပေကြိုးတိုင်းသည်။ ပေမမိ ပေမပြည့်လျှင် သေပြီသာ မှတ်–။

ယင်းသို့ ချုတ်ယွင်းမှုကြောင့် ထုထောင်းကန်ကျောက် ရိုက်နှက်ခြင်းပြုသည့် အခါတွင်မူ သာမန် အလုပ်သမား ချွေးတပ်သားအဖွဲ့အဆိုင်းများကိုသာ အပြစ်ပေးခြင်းမဟုတ်တော့ပေ။ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကိုလည်း လူကုန်တန်းစီ၍ ရပ်စေပြီး လက်သံပြောင်ပြောင်နှင့် ပါးနားကို ဘယ်ပြန် ညာပြန် နှက်လေသည်။ နောင်အခါတွင်မူ လက်ဖြင့် မရိုက်မနှက်တော့ပါ။ ဝါးတွေက ပေါ်တော့ ပါးရင်း တုတ်ဖြင့် ရိုက်နှက်ခြင်း ပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခု ရှိသည်။ တစ်ခြားမဟုတ်၊ ကျောက်တောင်ကြီးများကို သံတူရွင်းကြီးများ၊ သံတူကြီးများဖြင့် အပေါက်ဖောက်ရသူများ ဖြစ်သည်။ ထိုသူ ထို အဆိုင်းများကိုမူ နံနက်ကတည်းကပင် အတိုင်းအထွာအဖြစ် ဝါးချောင်းကလေးများ ပေးထားပါသည်။ တစ်ပေခွဲခန့်ဖြစ်သည်။ ညနေ ငါးနာရီထိုးလျှင် သတ်မှတ်ပေးထားသည့် ကျောက်တောင်နေရာတွင် ယင်းအတိုင်းအထွာရှိသည့် တွင်းပေါက်တစ်ခု ဖြစ်နေ ရပေမည်။ ပေမမီ၊ ဒေါက်မမီဖြစ်နေလျှင် သူတို့လည်း မသက်သာ။ အရိုက်အနှက်ခံကြရလေသည်။

ယင်းသို့နောက်ပိုင်း အလုပ်များကို လုပ်ကိုင်ရသောအချိန်၌မူ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များမှာ ကပ်သင့်လာပါတော့သည်။ ခပ်စောစောပိုင်းအချိန်များက တုတ် တစ်ချောင်း လက်ကကိုင်ပြီး ချွေးတပ်သားများအပေါ်တွင် ပါးစပ်က အော်ဟယ် ဟစ်ဟယ်နှင့် ကြိမ်းမောင်းရေရွတ်ရုံ ကြိမ်းမောင်းရေရွတ်လျက် ဟိုယောင်ယောင် သည်ယောင်ယောင် အမိန့်ပေးစေခိုင်းခဲ့သော်လည်း ယခုနောက်ပိုင်းတွင်မူ သတ်မှတ် ပုံစံမပြည့်ခဲ့သော ဂျပန်များက ဟန်ချို့၊ ဘွန်ထိုက်ချို့များကိုပါ အလုပ်ကို ဝင်ရောက်၍ လုပ်ကိုင်စေခြင်း၊ ထိုးကြိတ်ရိုက်နှက် ကန်ကျောက်ဆဲရေးခြင်း၊ ကညင်ဆီမီးတိုင်များ၊ ဝါးစည်းမီးတိုင်များ ထွန်းညှိစေကာ မှောင်ရီသည့်အချိန်အထိ လုပ်ငန်းတာဝန်ကို ပြည့်မီသည်ထိ စေခိုင်းခြင်းပြုလေသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချို့၊ ဟန်ချို့များမှာ စောစောပိုင်းအချိန်များကလို ပေါ့ဆဆ ပြောလို့ ဆိုလို့ မဖြစ်ကြတော့ပါ။ လေးလေးနက်နက် ဖိဖိစီးစီးဖြင့် ပြောဆိုကြပ်မတ်လာကြပါသည်။ တစ်ချို့သော ဘွန်ထိုက်ချို့၊ ဟန်ချို့များသည် သူတို့ကိုယ်တိုင် အထိုက်အလျောက် အလုပ်ကို ဝင်ရောက်လုပ်ကိုင် ကြပါသည်။ တစ်ချို့သော ဘွန်ထိုက်ချို့၊ ဟန်ချို့များသည် ချွေးတပ်သားများအား ဆဲဆိုရိုက်ပုတ် ခြင်းများကို ပြုလုပ်လာကြပါသည်။ ကမ္ဘာမီးလောင်သော် သားကောင်ချနင်းဆိုသည့် သဘောမျိုး ဆိုရပါမည်။ မည်သို့ ဆိုစေ ချွေးတပ်သားခမျာများမှာမူ ခံရဘက်ကချည်း ဖြစ်လေသည်။

သူတို့ဘဝသည် ဂျပန်ကိုလည်း ကြောက်ရ၊ ဟန်ချို့၊ ဘွန်ထိုက်ချို့ကိုလည်း ကြောက်ရနှင့် သစ် နှစ်ပင်ကြားပေါက်သော ဝါးပင်ငယ်အလားပါတကား။

ယင်းသို့ဖြစ်ရသည့်အဖြစ်ကို အလေးအနက် သုံးသပ်စိစစ်ကြည့်ပါလျှင် လွန်စွာမှ ရင်နင့်စရာ ကောင်းပါသည်။ ချွေးတပ်သားများသည် အလုပ်တာဝန်ကို မလေးစား၍ မကျိုးနွံ၍ကော့ မဟုတ်ကြပါ။ သူတို့သူတို့တွင် အားအင်များ ဆုတ်ယုတ်ကုန်ခန်းနေပါလေပြီ။ ပေါက်တူးဟစ်ချက် ပေါက်ရခြင်း၊ တူ တစ်ချက် ထုနှက်ရခြင်း၊ လွှတစ်ချက် ဆွဲရခြင်းတို့သည် သူတို့သူတို့အနေဖြင့် ကြီးမားသော

အားထုတ်ရမှု ဖြစ်ပါသည်။ လွန်စွာမှ ပင်ပန်းလှလေသည်။ တကယ်ဆိုတော့ သူတို့ကို အနားပေးဖို့ ကောင်းနေပါပြီ။ ကျွန်တော့်ရှေ့မှ မြင်ကွင်းသည် တစ်ခုသော လောကငရဲပင် ဖြစ်ပါသည်။ ဤအနိဋ္ဌာရုံ၏ တရားခံသည် 'စစ်မက်' ဖြစ်ကြောင်း အစက ကျွန်တော် သဘောမပေါက်ခဲ့ပါ။

နောက်ပိုင်း လုပ်ကိုင်ရသော အလုပ်များသည် စောစောပိုင်းအလုပ်များလောက် ကြမ်းတမ်းခက်တရော်ခြင်း မရှိကြောင်းကိုမူ ရှိုးသားစွာ ဝန်ခံရပါမည်။ သို့ရာတွင် တစ်ခုခက်သည်မှာ လူအင်အား ပြဿနာပင် ဖြစ်သည်။ တစ်နည်း ပြောရလျှင် လုပ်အားပြဿနာ ဖြစ်လေသည်။

တောတွင်း ချွေးတပ်စခန်းများတွင် ယခင်စောစောပိုင်းအချိန်တုန်းကလို လူအင်အားမကောင်းတော့ပါ။ ဆယ်ပုံတစ်ပုံ၊ ဆယ်ခိုင့်တစ်ခိုင်နှုန်းလောက်မျှသာ ကျန်ရှိပါတော့သည်။ သေကျေပျက်စီးကုန်ကြပြီ မဟုတ်ပါလား။ ထိုအတွင်းက 'ယက်သဲကြား ငါးတင်၊ တင်သည့်ငါး ကြောင်စား' ဆိုသည့်နယ် ကျန်ရှိယူ ချွေးတပ်သားအများစုမှာလည်း အားအင်များ ကုန်ခန်းပြီး လေပြင်းပြင်း တိုးလိုက် လျှင်ပင် လဲတော့မည့်အလား ဖြစ်သည်။

လယ်ထဲ၊ ကိုင်းထဲ၊ ယာထဲတွင် ကျွဲနှင့် နွားနှင့် ဖက်ရန်ခဲ့ကြသော ယောကျ်ားရင့်မာကြီးများလည်း မခံနိုင်ပါ။ စက်ရုံကြီးများ၊ အလုပ်ရုံကြီးများ၊ ဆိပ်ကမ်းကြီးများတွင် ဒေါင်းတည်မောင်းကည် အားကောင်း မောင်းသန် ယောကျ်ား ဘသားကြီးများလည်း ကြာတော့ မခံနိုင်ပါ။ အသက်ရင်လျက်က နာမှာရပ် အရိုးစုတွေလို ဖြစ်လာကြပါသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချို့၊ ဟန်ချို့များအနေဖြင့် အလုပ်သမားအဆိုင်းများ မွဲ့.စည်းခြင်းပြုသည့်အခါ များစွာ သတိထားကြရလေသည်။ လူဆယ်ယောက်စု မွဲ့.လျှင် ထိုဆယ်ယောက်တစ်စုတွင် အတော်အတန်လုပ်နိုင်ကိုင်နိုင်စွမ်းရှိသူ (အနူတော လူချော) ကို သုံးယောက်တန် သုံးယောက်၊ လေးယောက်တန် လေးယောက် ထည့်ပေးရလေသည်။ တစ်ဖွဲ့.တည်းတွင် လုပ်နိုင်ကိုင်နိုင်သေးသူချည်း မဖြစ်ဖို့ အရေးကြီးသလို တစ်ဖွဲ့.တည်းတွင် ခရမ်းသီးပိန်၊ ဓားတုံးကြီးတွေချည်း မဖြစ်ဖို့လည်း လိုလေသည်။

နောက်ပိုင်းအချိန်တွင် ချွေးတပ်ဖွဲ့.စည်းမှုဆိုသည်မှာလည်း စောစောပိုင်းအချိန်ကလို စနစ်ဖေးကျကျ မဟုတ်တော့ပါ။ အစကနဦးကတော့ သူ့ဒေသနှင့်သူ၊ သူ့ဖြို့နှင့်သူ၊ သူ့ရိုင်နှင့်သူ ဖြစ်သည်။ ဘွန်ထိုက်ချို့ တစ်ယောက်၏ လက်အောက်တွင် ဟန်ချို့ ဘယ်နှစ်ယောက်၊ ဟန်ချို့တစ်ယောက်၏ လက်အောက်တွင် ချွေးတပ်သား အရေအတွက် မည်ရွေ့မည်မျှ စသည်ဖြင့် ဖြစ်သည်။ ယခုနောက်ပိုင်း၌မူ ယင်းစနစ်

www.burmeseclassic.com

www.burmeseclassic.com

သည် လုံးဝပျက်သွားလေသည်။ ရရာလူ၊ ရရာမြို့၊ ရရာခရိုင်၊ ရရှိရာ ဘွန်ထိုက်ချို၊ ဟန်ချိုတို့ဖြင့် ဖြစ်သလို ဖွဲ့စည်းလုပ်ကိုင်ကြရလေသည်။

ဦးခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေနှစ်ချောင်းရှိခဲ့လျှင် တောတွင်း၊ ချွေးတပ်စခန်း၌ ထိုလူသည် ချွေးတပ်သားဖြစ်လေ၏။ ဂျပန်မာစတာတို့လည်း၊ ဘယ်လိုမှ ကြီးကြီးကျယ်ကျယ် ပြောလို့မဖြစ်တော့ပါ။ ဖြစ်သလိုနည်းနှင့် မီးရထား၊ လမ်းကြီး ပြီးစီးဖို့သာ အဓိကဟူသော ဆုံးဖြတ်ချက်။

ယင်းသို့သော အခြေအနေ၊ ယင်းသို့သော အကြောင်းများကြောင့်လည်း၊ အကျိုးဆက်တစ်ခု ပေါ် ထွက်ခဲ့သည်။ ထိုအကျိုးဆက်ကား တစ်ခြားမဟုတ်ပါ။ ချွေးတပ်သားတစ်ဦးတစ်ယောက် သေဆုံးခဲ့လျှင် မည်သူမည်ဝါ၊ မည်သည့်ဒေသ၊ မည်သည့်အရပ်က ဟူ၍ မေးမရ မြန်းမရ ပြောနိုင်သူမရှိ ဖြစ်ရလေသည်။

တစ်ဖန် ယင်းအကြောင်းနှင့် ဆက်နွယ်ကာ ရပ်ရွာတွင် ကျန်ရှိရစ်သော ၎င်းတို့နှင့် ပတ်သက်သည့် မိဘ၊ ညီအစ်ကိုမောင်နမ၊ သားမယား၊ သားသမီး အစရှိသူများကလည်း သေလို့မှ သေမှန်း မသိရှိကြပါ။ စစ်ကြီးပြီးသည့်နောက် အချိန်ကာလ အတန်ကြာမြင့်သည့်တိုင် လူလည်း ပြန်မလာ၊ သတင်းလည်း တစိုးတစိ မကြားရတော့မှပင် သေပြီဟု သဘောပိုက်ကြလေသည်။ သို့ရာတွင် ယင်းတို့နှင့် ပတ်သက်သူသည် အမှန်သေပြီဟူ၍ကား ၎င်းတို့ကိုယ်တိုင်မှာလည်း အတပ်ပြောနိုင်သည်တော့ မဟုတ်ပေ။ အချိန်ကာလ ကြာညောင်းသည့်တိုင်အောင် ပြန်ရောက်မလာခြင်းကြောင့်သာ သေပြီဟု ယူဆလိုက်ကြခြင်း ဖြစ်ဟန်တူပါသည်။

တစ်ဖန် ယင်းအကြောင်းနှင့် ဆက်စပ်ကာ စိတ်ဝင်စားဖွယ် စဉ်းစားဖွယ် ကောင်းသည့် အဖြစ်တစ်ရပ်ကိုလည်း စာရေးသူ ကြုံခဲ့ဖူးပါသည်။

၁၉၅၈ ခုနှစ်အတွင်းက ဖြစ်ပါသည်။ ယင်းနှစ် ဧပြီလအတွင်းက စာရေးသူသည် 'ပြည်ထောင်စု မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး' ၏ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မွန်ပြည်နယ်ဘက်သို့ ရောက်ရှိခဲ့ပါသည်။ အကြောင်းမှာ မော်လမြိုင်မြို့ကွင် ကျင်းပပြုလုပ်သည့် 'မွန်ယဉ်ကျေးမှု ညီလာခံ' တက်ရောက်ရန် ဖြစ်ပါသည်။

သို့ဖြင့် ညီလာခံရက်များ ပြီးဆုံးသည့် နောက်ပိုင်းတွင် စာရေးသူနှင့် အဖော်တစ်ယောက် (ဦးလှသောင်း-ပြည်တော်သစ်ဂျာနယ် အယ်ဒီတာချုပ်) တို့ ကျိုက္ခမီဘက်သို့ ခရီးဆက်ခဲ့ကြသည်။ ရေလယ်ဘုရားကို ဖူးမြော်ရန်နှင့် ကျိုက္ခမီ ဆားလုပ်ငန်းနှင့် ငါးလုပ်ငန်းများကို လေ့လာရန် ရည်ရွယ်ချက်နှင့် ဖြစ်လေသည်။

တစ်ည ရေလယ်ဘုရားတန်ဆောင်းတွင် ကျွန်တော်တို့ အနားယူနေခိုက် ကရုပ္ပိရွာမှ မွန်အမျိုးသားကြီး သုံးယောက်နှင့် စကားလက်ဆုံ ကျကြပါသည်။

ကျွန်တော်တို့၏ စကားထဲတွင် စပ်မိစပ်ရာဆိုသလိုပင် ထိုင်း-မြန်မာ မီးရထားလမ်း အကြောင်း ပါဝင်လာပါသည်။ ဤတွင် မွန်အမျိုးသားကြီးများက အောက်ပါ အတိုင်း ပြောပြပါသည်။

"အဲဒီ မီးရထားလမ်းက လူငါးယောက်ဟာ ကျုပ်တို့ရွာ ရောက်လာတာပေါ့၊ ဂျပန်လက်က ထွက်ပြေးလာတာ၊ လူနှစ်ယောက်ဆိုရင် ခါးမှာ ပုဆိုးမပါဘူး၊ ဂုန်အိတ်ပတ်ထားတယ်၊ သုံးယောက်ဟာ ရွာရောက်ပြီး ဘာမှမကြာပါဘူး၊ သေသွားတယ်၊ နှစ်ယောက်ကတော့ ကျုပ်တို့ရွာက ဆေးဝါးကုသပေးလို့ ကျန်းမာလာတယ်၊ အဲဒီနှစ်ယောက်ဟာ သူတို့ရပ်ရွာဒေသ မပြန်တော့ဘူး၊ ကျုပ်တို့ရွာမှာပဲ အိမ်ထောင်ရက်သားကျပြီး လုပ်ကိုင်စားသောက် နေကြတယ်၊ သားသမီးတွေကောင် ရနေကြပြီ၊ နှစ်ယောက်စလုံးဟာ ဟိုအထက်အရပ် ဆင်ဖြူကျွန်းနယ်ဘက်ကလို့ ပြောတယ်"

တစ်ဖန် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်အတူ ချောင်းဆုံ ကမ္ဘာငြိမ်းချမ်းရေး ညီလာခံ တက်ရောက်စဉ်ကလည်း ချောင်းဆုံမှ သခင်ကျော်စိန်နှင့် မုရစ်ကြီးရွာမှ သခင်အောင်ဒွေးတို့က ကျွန်တော်နှင့် ဆရာဦးဘဝင်း (လင်းယုန်ဘဝင်း၊ ကွယ်လွန်) တို့အား အောက်ပါအတိုင်း ပြောပြဖူးပါသည်။

"ချွေးတပ်ပြေးတွေဟာ ကျုပ်တို့ ဒေသဘက်လဲ ရောက်လာကြတာပဲဗျ၊ တစ်ချို့လဲ မကျန်းမာဖြစ်လာတော့ သေကုန်ကြတယ်၊ တစ်ချို့ကတော့လဲ သူတို့ရပ်ရွာ အရောက် ပြန်မယ်ဆိုပြီး ရှေ့ခရီးဆက်ကြတာပဲ၊ တစ်ချို့ကတော့လဲ ကျုပ်တို့ရပ်ရွာမှာ သောင်တင်ပြီး အိမ်ထောင်ရက်သားကျပြီး သားသမီးတွေ၊ မြေးတွေတောင် ရနေကြပြီပဲ"

ထိုင်း-မြန်မာ မီးရထားလမ်းဖောက်လုပ်မှုကို အကြောင်းပြုလျက် ယင်းကဲ့သို့သော ရှင်ကွဲ,ကွဲရသည့် အဖြစ်များမှာလည်း များစွာပင် ရှိခဲ့လေသည်။ စစ်ကြီးပြီးဆုံး၍ စာရေးသူ သထုံနယ်ဘက်သို့ ရောက်ရှိခဲ့စဉ်အခါကလည်း သထုံနယ်ဖြစ်သော ကျိုက်ထို၊ ဇင်းကျိုက် စသည့်ဒေသများတွင် အခြေချကာ နေထိုင်ကြသော ချွေးတပ်ပြေးများကို တွေ့ခဲ့ရဖူးပါသည်။

အမှန်က ဤမီးရထားလမ်းကို ဖောက်လုပ်ရာတွင် လူသားအချင်းချင်း ငဲ့ညှာထောက်ထားသည့် စိတ်ရှိမည်ဆိုပါက ဤမျှလောက် အရပ်ဆိုး အကျည်းတန် စရာ အကြောင်းမရှိနိုင်ပါပေ။ နောင်- စစ်ကြီးပြီးဆုံးသွားသည့်အခါ၌လည်း သက်ဆိုင်ရာ နိုင်ငံများအနေဖြင့် ဤလမ်းကို အသုံးပြုခြင်းဖြင့်ပင် ကိုင်းကြည်နှင့် လူမျိုးအတွက် အကျိုးတရား ရှိရာရှိကြောင်း ဖြစ်ပေါ်လာစရာ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ဤအခြေအနေသို့လည်း မရောက်ရှိခဲ့ပေ။ စစ်ကြီးပြီးဆုံးသွားသည့်အခါ ဗြိတိသျှအစိုးရသည် ယင်းသဲလမ်းများကို ဖြုတ်ယူသွားသောကြောင့် ဖြစ်သည်။ ယင်းအကြောင်း 'ကိုယ်တွေ့ချေးတပ်မှတ်တမ်း' စာအုပ် (ရှေ့ပိုင်းများတွင်) အကျယ်ဖော်ပြထားပါသည်။

***

အထက်တွင် တင်ပြထားသည့်အတိုင်း အလုပ်ခွင်၊ အလုပ်စခန်းတွင် အလုပ်လုပ်ရာ၌ ဂျပန်များက သုံ့ပန်းစစ်သားများနှင့် အရပ်သား ချေးတပ်သားများအား မည်သို့မည်ပုံ စည်းခြားသတ်မှတ်ထားသည်ကို ကြည့်ပါ။

ယခု သုံ့ပန်းစစ်သားများနှင့် ဂျပန်များ လုပ်ကိုင်နေသည်မှာ အပလုံစခန်းတွင် ဇလီဖားတုံးခင်းခြင်း၊ သဲလမ်းချခြင်းနှင့် လိုအပ်သော ကျောက်များ ထည့်ခြင်းစသော လုပ်ငန်းများဖြစ်ကြောင်း အထက်တွင် စာရေးသူ တင်ပြထားပါသည်။ ယင်းလုပ်ငန်းကို 'အပလုံ'မှ 'အနန်းကွင်း' စခန်း ရောက်သည့်အထိ ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ တစ်ရက်၊ နှစ်ရက်အတွင်း ပြီးစီးသွားမည့်ကိစ္စတော့ မဟုတ်ပါ။

ယင်းသို့ သုံ့ပန်းစစ်သည်များနှင့် ဂျပန်များ သဲလမ်းချနေစဉ် အရပ်သား ချေးတပ်သားများ၏ လုပ်ကိုင်ဆောင်ရွက်နေမှုကိုလည်း အထက်တွင် ကင်ပြထားပါသည်။

ဤတွင် ထိုလူနှစ်စု၏ အကွာအလှမ်းသည် ကိုက်သုံးဆယ်လောက်သာ ဖြစ်ပေမည်။ လွန်ရောက်ချေရော ကိုက်ငါးဆယ်ပေါ့။ တစ်ဦးနှင့်တစ်ဦး လှမ်းမြင်နေရသည်။ အော်ပြောလျှင်လည်း ကြားနိုင်လေသည်။ ထိုလူနှစ်စု၏ စပ်ကြားတွင် လက်နက်၍ကိုင် ဂျပန်စစ်သားများသည် အမြဲတမ်း စောင့်ကြပ်ကြည့်ရှုနေလေသည်။ ထို့ကြောင့်လည်း သုံ့ပန်းများနှင့် အရပ်သား ချေးတပ်သားများမှာ တစ်ဦးနှင့် တစ်ဦး အဆက်အဆံပြုရန် လွန်စွာပင် ခဲယဉ်းလေသည်။

လက်နက်ကိုင်စောင့်ကြပ်သည့် ဂျပန်စစ်သားများသည် များသောအားဖြင့် လွန်စွာမှ ရိုင်းစိုင်းလေသည်။ ထစ်ခနဲရိုက်လျှင် ခြေဖြင့် ပြေးကန်ခြင်း၊ ကျောကုန်းကို သေနတ်ဒင်ဖြင့် ဆောင့်ခြင်း၊ ဝမ်းဗိုက်ကို သေနတ်ပြောင်းဖြင့် တစ်အားဆောင့်၍ ထိုးခြင်း စသော ရက်စက်ကြမ်းကြုတ်မှုကို မည်သမတာ ပြုကျင့်တတ်သူများ ဖြစ်လေသည်။ ပြီး– ယင်းတို့ကို ကြည့်ရသည်မှာလည်း တစ်သွေး တစ်သံ တစ်မိန့် သမားတွေ ဖြစ်ဟန်ရှိသည်။ အသိမဲ့ ပညာမဲ့ နလပိန်းတုံးတွေ ဖြစ်ဟန်ရှိသည်။

လွန်စွာမှပင် စရိုက်ကြမ်းလေသည်။ ယင်းတို့သည် ကံကောင်းထောက်မသဖြင့် မျက်စိလည်လမ်းမှားကာ လူ့ပြည် လူ့ရွာသို့ တစ်ကြိမ်တစ်ခေါက်သာ ရောက်လာသောသူများ ဖြစ်ဟန်ရှိသည်။

ဤလို ကြမ်းတမ်းရက်စက်သည့် အပြုအမူများကြောင့်လည်း သာမန်ဖြစ်သော ချေးတပ်သားများကို မဆိုထားဘိ၊ ဘွန်ထိုက်ချို၊ ဟန်ချို့များသည်ပင် စစ်သုံ့ပန်းများနှင့် ကင်းရှင်းအောင် နေထိုင်ကြရပါသည်။ ဂျပန်စစ်သားများသည် ဘွန်ထိုက်ချို၊ ဟန်ချို့များသည်ပင် စစ်သုံ့ပန်းများနှင့် ကင်းရှင်းအောင် နေထိုင်ကြရပါသည်။ ဂျပန်စစ်သားများသည် ဘွန်ထိုက်ချို၊ ဟန်ချို့များက စစ်သုံ့ပန်းများ အလုပ်လုပ်နေသည်ကို အဝေးမှနေ၍ ကြည့်နေလျှင်ပင် မကြိုက်ပါ။ ထိုဘွန်ထိုက်ချို၊ ဟန်ချို့များ၊ ဆဲဆိုကြိမ်းဒေါင်းကာ ရပ်နေသည့်နေရာမှ အဝေးသို့ နှင်ထုတ်သည်၊ သို့မဟုတ်လျှင်လည်း ခြေသဲတစ်ဖုန်းဖုန်းနှင့် ပြေးလာကာ ပါးနှစ်ဘက်ကို ဘယ်ပြန် ညာပြန် ရိုက်နှက်လေသည်။

တစ်ခါဒေါသ ဟန်ချိုတစ်ယောက်သည် စစ်သုံ့ပန်းများ ရထားသဲလမ်းဆွဲနေသည်ကို အဝေးမှ လှမ်းကြည့်နေမိသည်။ ဤတွင် ဂျပန်စစ်သားတစ်ယောက်က တွေ့မြင်သွားပါသည်။ ဂျပန်စစ်သားသည် ထိုဟန်ချိုရှိရာသို့ ပြေးလာပြီး ထိုဟန်ချို၏ နံဘေးကို တစ်အားဆောင့်ကန်လိုက်ရာ ဟန်ချိုမှာ မြေပြင်ပေါ် ပုံကျသွားသည်။ ဂျပန်စစ်သားသည် ဘီလူး၊ သဘက်စီးနေသည့်အလား လဲကျနေသော ဟန်ချို၏ လည်ပင်းကို အပေါ်မှနေ၍ တက်နင်းထားသည်။ အနင်းခံထားရသော ဟန်ချိုမှာ တခွီးခွီးဖြင့် ပါးစပ်ထဲက အမြှုပ်တွေ ထွက်နေသည်။ ခြေကားယား လက်ကားယား ဖြစ်နေပြီ။

ယင်းအဖြစ်ကို မြင်တွေ့နေရသော်လည်း အနီးတစ်ဝိုက်ရှိနေသော ဘွန်ထိုက်ချို နှင့် ဟန်ချိုတို့မှာ မည်သို့မျှ မပြောရဲ၊ မဆိုရဲ၊ မတားရဲကြပါ။ မျက်ဝိပျက် မျက်နာပျက်ဖြင့် အဝေးသား အတွေးသား ရှိနေကြပါသည်။

ထိုအခိုက် ကျွန်ုပ်တို့ စခန်းတာဝန်ခံ ကိုဘစိန်သည် ဘယ်နေရာက ဘယ်လိုမြင်တွေ့သွားသည် မသိပါ။ ထိုနေရာသို့ ကိုဘစိန် ပြေးသွားပါသည်။ သူသည် ဂျပန်စစ်သားကို တအားဆောင့်တွန်းပစ်လိုက်သည်။ ဂျပန်စစ်သားမှာ ဘေးတစ်ဖက်သို့ ယိမ်းယိုင်သွားသည်။ အနင်းခံထားရသည့် ဟန်ချိုသည် ဂျပန်စစ်သား ခြေထောက်အောက်မှ လွတ်မြောက်သွားသည်။

သည်မျှဖြင့် မပြီးပါ။

ယိမ်းယိုင်သွားသည့် ဂျပန်စစ်သားသည် သူ့ကိုယ်ကို မတ်လိုက်သည်။ စခန်းတာဝန်ခံ ကိုဘစိန်၏ ပါးကို ဖြန်းခနဲနေအောင် တစ်အားလွှဲရိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုဘစိန်လက်တွင်းမှ စာရွက်များ လွတ်ကျသွားသည်။ ကိုဘစိန်ကိုယ်တိုင်ကလည်း ညည်းသူတစ်ယောက် မဟုတ်ပါ။ လျင်မြန်သွက်လက်သော ကိုဘစိန်၏ ညာလက်သည် ဂျပန်စစ်သား၏ ပါးပေါ်သို့ ဖြောင်းခနဲ ကျရောက်သွားပါသည်။ ဤတွင် ဂျပန်စစ်သားက ကိုဘစိန်ကို သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

ယင်းအဖြစ်ကို အနီးကပ်ဆုံး မြင်နေရသော ကျွန်တော်သည် တစ်ကိုယ်လုံး ထူပူသွားပါသည်။ ခေါင်းနားပန်းကြီးသွားပါသည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် မျှသာ အချိန်ကာလ၏ နောက်ပိုင်းအခြေအနေကို ကျွန်တော် မတွေးဝံ့ပါ။

ထိုအခိုက် တပ်ကြပ်ကြီး ယာမာကူချီ၏ စူးစူးရှရှ အော်ဟစ်သံကို ကြားလိုက်ရသည်။ သူသည် ဂျပန်စစ်ဗိုလ်အနီးတွင် ရှိနေရာမှ ခြေလှမ်းသွက်သွက်ဖြင့် အချင်းဖြစ်ရာသို့ လျှောက်လာနေပါသည်။ ဂျပန်စစ်ဗိုလ် ယာမာမိုတို ဘာပြောလိုက်သည်ဟု မသိရပါ။ တပ်ကြပ်ကြီး ယာမာကူချီ ဘာအော်လိုက်သလဲ ဆိုသည်ကိုလည်း မသိနိုင်ပါ။ သူ အော်ဟစ်လိုက်သည်မှာ ဂျပန်လို ဖြစ်ပါသည်။

ယာမာကူချီ၏ အော်ဟစ်မှုကြောင့် ဂျပန်စစ်သားသည် သူ့သေနတ်ကို ပြန်လည် ရုပ်သိမ်းလိုက်ရသော်လည်း ကိုဘစိန်အပေါ်တွင် အမျက်ပြေဟန် မတူပါ။ စွေစောင်းစောင်း ကြည့်နေဆဲပါ။

ပြဿနာကို အဘယ်ပုံ အဆုံးသတ်ကြလေမည်နည်း။

စင်စစ်တော့ ကျွန်တော်ကိုယ်တိုင်မှာလည်း ယင်းဖြစ်ရပ်ပေါ်တွင် အာရုံစူးစိုက်နေသည့်အသွင်မျိုး မပေါ်လွင်အောင် သတိကြီးစွာထားရပါသည်။ မိမိနှင့် မသက်ဆိုင်သည့် ကိစ္စအပေါ် ဘာသာလဝါနေသည့် သဘောမျိုး နေရပါသည်။ ယင်းသို့မဟုတ်လျှင် ဂျပန်များက မကြိုက်ပါ။ မိမိအနေသာကြီးဟူသော သဘောမျိုး အနေမျိုး ဖြစ်လိုပါသည်။ အနေမတတ်လျှင် အချောင်သက်သက် ကပ်သင့်တတ်ပါသည်။

တပ်ကြပ်ကြီး ယာမာကူချီသည် ဂျပန်စစ်သားကို မေးခွန်းလေးငါးခွန်း မေးမြန်းပါသည်။ နောက်တော့ မူလနေရာကို ပြန်သွားစေသည်။ ပြဿနာစတင် ဖြစ်စေသည့် ဟန်ချိုကိုလည်း သူ၏ လုပ်ငန်းခွင်ရှိရာသို့ ပြန်သွားစေသည်။ စခန်းတာဝန်ခံ ကိုဘစိန်ကို အင်္ဂလိပ်လို သုံးလေးခွန်းပြောသည်။ နောက်တော့ ထိုနေရာမှ ထွက်ခွာသွားပါသည်။

ပြဿနာ ပြီးဆုံးလေပြီလား။

မပြီးဆုံးသေးပေ။ ချွေးတပ်စခန်းတွင် ပြဿနာတစ်ခုဖြစ်ခဲ့လျှင် သည်မျှဖြင့် ပြီးဆုံးရိုး မရှိ။

ကိုဘစိန်သည် ကျွန်တော့်အနီးမှ ဖြတ်လျှောက်သွားပါသည်။ ကျွန်တော့်ကို မကြည့်ဘဲ ကျွန်တော်ကြားလောက်ရုံ စကားတစ်ခွန်း ပြောသွားပါသည်။

"ညနေတော့ ဂျပန်စစ်ဗိုလ်ရုံးလာရမယ်တဲ့"

ဂျပန်စစ်ဗိုလ်ရုံးဆိုသည်မှာ တောင်ကုန်းမြင့်ထက်က အိမ်ကလေးကို ဖြစ်ပါသည်။

ကိုဘစိန် ပြောစကားအရ ရှေ့ဆက်ပြီး ဘာတွေဖြစ်ဦးမှာလဲ ကျွန်တော် တွေးသည်။ ဘာဖြစ်လိမ့်မည်ဟုကား ကျွန်တော်ကိုယ်တိုင်လည်း မပြောတတ်ပါ။ ကိုဘစိန်အတွက်တော့ ကျွန်တော် တွေးတောစိုးရိမ်မိပါသည်။ အကြောင်းရှိပါသည်။ ရံဖန်ရံခါ ဘာမျှမဟုတ်သော အကြောင်းကလေးတစ်ခုကိုပင် ကြီးမားသည့်အပြစ်ကြီးတစ်ခုဟု ဂျပန်များ ယူဆတတ်ပါသည်။ ဆေးလိပ်သောက်ခြင်းကို ခွင့်ပြုထားပါသည်။ သူတို့ဂျပန်စစ်သားများ ကိုယ်တိုင်လည်း ကူးဝါးစီးကရက် (ဖီလစ်ပိုင်နိုင်ငံဖြစ်) ကို အင့္ဂေ့ထောင်းထောင်းထအောင် သောက်သည်။ ဒါပေမယ့် စိတ်အခန့်မသင့်လျှင် ဖက်ဖြူဆေးလိပ် (မော်လမြိုင်ဖြစ်) ကို ချွေးတပ်သားပါးစပ်မှ ဆတ်ခနဲ ဆွဲယူပြီး လွင့်ပစ်တတ်သည်။ ပါးနှစ်ဖက်ကို ဘယ်ပြန် ညာပြန် ရိုက်နှက်သည်။ ဆဲဆိုကြိမ်းမောင်းခြင်း ပြုသည်။ မခက်ပါလား။ ထိုအခါ သူတို့နှင့် ဆက်ဆံရသည်မှာ အတော်ပင် မလွယ်သောကိစ္စဖြစ်ပါသည်။ မဂျမ်းပုံပြောသောစကားလို အရှုံးလင်လုပ်ရတာထက် ခက်ပါသည်။

တကယ်ဆိုကော့ ကျွန်တော်တို့ စခန်းတာဝန်ခံ ကိုဘစိန်ကိုယ်တိုင်မှာလည်း ကြမ္မာငင်ခြင်း ဖြစ်ပါသည်။ ဆွမ်းခံရင်း ငှက်သင့်သည့်သဘော ဖြစ်ပါသည်။

ကျွန်တော်တို့ ချွေးတပ်သားများ အလုပ်လုပ်ရသည့် အလုပ်ခွင်တွင် အချိန်ကြာမြင့်စွာ သူ ရှိနေစရာ မလိုပါ။ (တစ်ခါတစ်ရံတော့ ဂျပန်စစ်ဗိုလ် ယာမာမိုတို က ခေါ်ထားလျှင် နေရပါသည်။) တပ်ဒိန်တံတားကြီးကို နေ့မအား ညမအား တည်ဆောက်စဉ်အခါကမူ ညဘက်တွင် ချွေးတပ်သားများ လစ်ထွက်သွားပြီး သစ်ပင်အောက်များ ချုပ်တိမ်များကြားတွင် သွားရောက်၍ အိပ်ကြပါသည်။ ဤတွင် ဘွန်ထိုက်ချို၊ ဟန်ချိုများနှင့်အတူ ကိုဘစိန်သည် ဝါးရင်းတုတ်တစ်ချောင်းနှင့် ကညင်ဆီမီးတုတ်ကိုင်ကာ လစ်သွားသူ ချွေးတပ်သားများကို လိုက်ရှာ လိုက်ဖမ်းရပါသည်။ ထိုအခါကတော့ ကိုဘစိန်ကို စစ်ဗိုလ် ယာမာမိုတိုက အလုပ်ခွင်တွင် အမြဲခေါ်ထားတတ်ပါသည်။ (တပ်ဒိန်တံတားကြီး တည်ဆောက်သည့်အကြောင်း ကိုမူ ကိုယ်တွေ့ချွေးတပ်မှတ်တမ်း ရှေ့အတွဲများတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။)

ယခုလို ဇလီဖားတုံးချခြင်း၊ သံလမ်းဆွဲခြင်း စသော အလုပ်များကို လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

နေသည့်အခါ ဂျပန်စစ်ဗိုလ် ယာမာမိုတိုက ကိုဘစိန်အား အလုပ်ခွင် အလုပ်စခန်းသို့ မခေါ်တော့ပါ။ သို့ပေမယ့် ကိုဘစိန်သည် ကျန်တော်တို့ အလုပ်ခွင်သို့ တစ်နေ့တစ်ခေါက်တော့ လာရပါသည်။ လာရခြင်းအကြောင်းမှာ အလုပ်ဆင်းကြသည့် ဘွန်ထိုက်ချို၊ ဟန်ချို့များနှင့် ချွေးတပ်သားများ၏ စာရင်းကို ရေးမှတ်ယူငင်ရန် ဖြစ်ပါသည်။

စခန်းမှူးခေါ် စခန်းတာဝန်ခံတစ်ယောက်၏ အလုပ်မှာ အလုပ်ဆင်းသူ ဘွန်ထိုက်ချို၊ ဟန်ချို့နှင့် ချွေးတပ်သားများ၏ စာရင်းဇယားကို ပြုလုပ်၍ တစ်ပတ်တစ်ကြိမ် လုပ်ခ ရှင်းလင်းပေးရန် ဂျပန်တပ်ကြပ်ကြီးမှတစ်ဆင့် ဂျပန်စစ်ဗိုလ်ရုံးသို့ တင်ပြရခြင်း၊ ချွေးတပ်သားများ၏ လုပ်ခကြေးငွေကို တစ်ပတ်တစ်ကြိမ်ကျ ဂျပန်တပ်ကြပ်ကြီးများနှင့်အတူ တွဲ၍ ရှင်းလင်းထုတ်ပေးရခြင်း၊ စားဖိုဆောင်အတွက် နေ့စဉ်ကုန်ကျမည့် ဆန်၊ ပဲ၊ ဆား စသော ပစ္စည်းများကို အလုပ်ဆင်းသူများ စာရင်းအရ ရိက္ခာဂိုဒေါင်မှ ထုတ်ပေးနိုင်ရန် စာရင်းပြုလုပ်ပြီး စားဖိုရုံမှူးနှင့် ထမင်းချက် အလုပ်သမားများအား ထုတ်ပေးရခြင်း၊ သံဖြူဇရပ်တွင် ဂျပန်များနှင့် အတူ ရိက္ခာပစ္စည်းများ သွားရောက်ထုတ်ယူရခြင်း၊ ဘွန်ထိုက်ချို့နှင့် ဟန်ချို့များ အပေါ် ပြောဆို အုပ်ထိန်းရခြင်းနှင့် ဂျပန်စစ်ဗိုလ်နှင့် တပ်ကြပ်ကြီးများက ညွှန်ကြားသည့် အခြားအခြားသော အလုပ်တာဝန်များ ဖြစ်ပါသည်။

ဤနေရာတွင် တစ်ခုပြောစရာ ရှိလာပြန်ပါသည်။ တစ်ခြားမဟုတ်ပါ။

နာမကျန်းဖြစ်ပြီး တဲတန်းလျားများပေါ်တွင် လဲနေသည့် ချွေးတပ်သားများအား စားဖိုရုံမှ ထမင်းမပေးတော့ပါ။ ယင်းတို့အတွက် ရိက္ခာမရသောကြောင့် ဖြစ်ပါသည်။ ဤအကွက်လည်း ကိုဘစိန်သည် စာရင်းတစ်ခုပြု၍ ရိက္ခာဂိုဒေါင်မှူး ဖြစ်သော ဂျပန်တပ်ကြပ်ကြီးထံ တင်ပြတောင်းခံပါသည်။ ယင်းလူနာ ချွေးတပ်သားများအတွက် ဆန်ပြုတ်သောက်ရန် ဆန်နှင့် ဆားထုတ်ပေးရန် တောင်းခံခြင်း ဖြစ်ပါသည်။ သို့ရာတွင် ရိက္ခာဂိုဒေါင်မှူး ဂျပန်တပ်ကြပ်ကြီးက ထုတ်မပေးပါ။ ဤကိစ္စအကွက်လည်း ဂျပန်တပ်ကြပ်ကြီးနှင့် ကိုဘစိန်တို့ မပြေမလည်ဖြစ်ကြပါသည်။ ထိုးဖောက်ကြိတ်တော့မည့် အခြေအနေမျိုး ဖြစ်ခဲ့ပါသည်။

နောက်ဆုံးတော့ ယင်းကိစ္စမှာ ဂျပန်စစ်ဗိုလ်ထံ ရောက်ရှိသွားမှ ချွေးတပ်သားလူနာတစ်ယောက်အတွက် တစ်နေ့လျှင် ဆန်နှစ်ဆုပ်ကျ ရရှိပါသည်။

မကျန်းမမာဖြစ်နေသော ချွေးတပ်သားများအနက် အချို့တို့မှာ အားအင်များ အတော်ပင် ကုန်ခန်းနေကြပါသည်။ အချို့ဆိုလျှင် အသက်ကိုပင် ဖုတ်လိုက် ဖုတ်လိုက် ရှူရှိုက်နေကြရပါသည်။ အချို့ကို ကြည့်ရသည်မှာ မျှော်လင့်စရာ လုံးဝ

မရှိ။ မကြာခင် လူ့ဘဝကို စွန့်ခွာကြတော့မည့်သူများဟု ယူဆရပါသည်။ တောကြီးမျက်မည်းထဲတွင် ဆရာသမားဟူ၍ အလျဉ်းမရှိ၊ ဆေးဝါးဟူ၍ နတ္ထိ၊ ရင်နာစရာကောင်းလှပါသည်။

သူတို့သည် စခန်းတာဝန်ခံ ကိုဘစိန်၏ စွမ်းဆောင်ကြိုးပမ်းပေးမှုဖြင့် ရရှိသော ယင်းတို့အတွက် ဆန်ကို စုပေါင်းကာ အတော်အတန် လှုပ်လှုပ်ရှားရှား ပြုနိုင်သေးသူများက ထမင်းအဖြစ် ချက်တန်သည်ကို ချက်ပြီး ဆန်ပြုတ်တန်သည် ပြုတ် လုပ်ရပါသည်။ နောက်တော့ အတော်အတန်စားနိုင်သေးသူများက ထမင်းကို ဆားဖြူးစားပြီး ထမင်းကို မစားနိုင်သည့်သူများက ဆန်ပြုတ်ကို ဆားခတ်၍ သောက်ကြလေသည်။ နာမကျန်းမှု ပြင်းထန်သူ လူမာမများမှာမူ ဆန်ပြုတ်ကိုမျှ မသောက်နိုင်ကြတော့ပါပေ။

ယင်းတို့၏ အဖြစ်သနစ်ကို ခြုံငုံသုံးသပ်ကြည့်ပါမူ ယင်းတို့အားလုံးသည် ဆိုက်ရောက်လာတော့မည့် သေမင်းတမန်ကို ပင်ပန်းဆင်းရဲစွာ စောင့်မျှော်နေကြသူများပါတကား။ လောကငရဲ၏ အပြည့်အဝ ဒဏ်ခတ်မှုကို ခံယူကာ သေမင်းခေါ်ဆောင်ရာ လိုက်ပါရမည့်သူများပါတကားဟု စာရေးသူ ယူဆမိပါသည်။

❖

www.burmeseclassic.com

www.burmeseclassic.com

ကိုဘစိန်၏ ရွှေဆရီး

အပြင်အပတွင် အမှောင်ရိပ်များ ယှက်သန်းနေပြီ။

ထိုအခါ ကျွန်တော်တို့၏ တဲတန်းလျားအတွင်း၌လည်း အမှောင်ရိပ်က လွှမ်းခြုံစပြုလေပြီ။ သို့ရာတွင် စက္ခုပသာဒအမြင်မှာမူ ပိန်းပိတ်၍ မနေပါ။ ရှည်လျားသော တဲတန်းလျား၏ ဟိုသည်ထိပ် သည်ဘက်ထိပ်နှင့် အလယ်တွင် မီးပုံများ ရှိနေပါသည်။ တစ်ကြောင်းအားဖြင့်လည်း ကျွန်တော်တို့ မျက်လုံးသည် အကျင့်ရနေပြီ။ တော်ရုံသဖြင့် အမှောင်ကို ကြည့်တတ်မြင်တတ်နေပြီ။

တဲတန်းလျားတစ်ခုလုံး ငြိမ်ဆိတ်နေသည်။ လူသူကင်းမဲ့သော အထီးကျန် တဲတန်းလျားကစ်ခုပေလား ဟု အထင်မှားလောက်သည် မဟုတ်ပါ။ ချွေးတပ်သားများ အားလုံးပင် ရှိနေကြပါသည်။ မကြာသေးမီ နာရီပိုင်းအတွင်းကမှ အလုပ်သိမ်းပြီး ပြန်ရောက်လာကြသော ချွေးတပ်သားများအားလုံးလိုလိုပင် တဲတန်းလျား၏ တစ်ဖက်တစ်ချက်သော ဝါးကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ် ဖြစ်နေကြပေသည်။ တချို့မှာ တရှူးရှူးဖြင့် အိပ်ပျော်နေလေပြီ။

ညစာအတွက် ယူဆောင်ထားသော ထမင်းတောင်းနှစ်တောင်း၊ ပဲဟင်းဟူ အမည်ပညတ်ထားသော ပဲကြားရေလုံပြုတ်ထည့်ထားသည့် ဝါးကျည်တောက်များမှာလည်း ထမင်းတောင်းနှစ်တောင်းကို မှေးမှိုလျက် မီးပုံဘေးတွင် လက်ရာမပျက်သည့်အဟိုင်း။

ခပ်စောစောပိုင်း အချိန်များတုန်းကဆိုပါမူ ချွေးတပ်သားများအတွက် ထမင်းဟင်း (ဟင်းပဲဆိုပါတော့) ကို ပုံစံကျဖြစ်အောင် ဘွန်ထိုက်ချို၊ ဟန်ချို များက ဝေခြမ်းပေးခြင်းပြုရပါသည်။ ယခုမူ ဟိုတုန်းကလို မဟုတ်ကြတော့ပါ။ ပြင်းထန်သော ပင်ပန်းမှုဒဏ်က ဆာလောင်မွတ်သိပ်မှုကိုပင် ထိန်းချုပ်ထားဟန် ရှိလေသည်။

ကြည့်မှပေါ့။ အလုပ်ခွင်မှ ပြန်တက်လာလျှင်ပင် သူတို့သည် ဆိုင်ရာဆိုင်ရာ ဘွန်ထိုက်ချို၊ ဟန်ချိုများနှင့်အတူ သူတို့၏ အလုပ်ခွင်သုံး လက်နက်ပစ္စည်းများ ဖြစ်သော ပေါက်တူး၊ ပေါက်ချွန်း၊ ဓား၊ လွှ၊ တူရွင်း စသည်များကို လက်နက်ဂိုဒေါင်သို့ သွားရောက်အပ်နှံပြီးနောက် တဲတန်းလျားရှိရာသို့ မဆိုင်းမတွ ပြန်ရောက်လာကြပါလေသည်။

ထိုအချိန် ထိုအခိုက်ကဆိုလျှင် သူတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြော ရန်ကိုပင် မေ့မျောက်နေကြဟန် ရှိလေသည်။ ပြောလျှင်လည်း တစ်ခွန်းစ၊ နှစ်ခွန်းစ၊ သည့်ထက်ပိုရမည်ကိုလည်း ဝန်လေးဟန် တူပါသည်။

သို့ဖြင့် တဲတန်းလျားအတွင်း ရောက်ပြီဟုဆိုလျှင်ပင် ဝါးကွပ်ပျစ်ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဦးပြီးတစ်ဦး ထိုးလဲ အိပ်ချလိုက်ကြသည်။ တစ်ညီတစ်ညွတ် စည်းဝေးတိုင်ပင်ထားသည့်နယ် ရှိလေသည်။

ထမင်းမုန်း ဟင်းမုန်းပင် သတိမရနိုင်ကြ။

ဟိုတုန်း ဟိုတုန်းကွေကတော့ စားသောက်ရမည့် ထမင်းဟင်းကို သူတို့ တစ်တွေက ဆာလောင်မွတ်သိပ်စွာ စောင့်မျှော်ကြသည်။

"ထမင်းမရောက်သေးဘူးလား၊ ထမင်းယူသွားတဲ့ အကောင်တွေ တယ် ကြာတာပဲ" ဟု တစ်ညည်းညည်း တစ်ညူညူ ကစ်ဖွစ်တောက်တောက် တစ်ယောက် တစ်ပေါက် ပြောကြပါသည်။ ပြီးလျှင် "ထမင်းနည်းနည်း ထပ်ထည့်ပါဦး၊ ဟင်း နည်းနည်း ထပ်ထည့်ပါဦး၊ မတတ်နိုင်ဘူး" ဟု ဆယ်ယောက်တွင် ရှစ်ယောက်၊ ကိုးယောက်က ပြောကြသည်။

ခုတော့ ထမင်းတောင်းနှင့် ပဲဟင်းကျည်တောက်တွေမှာ မီးပုံဘေးတွင် သည်အတိုင်း ငုတ်တုတ်။

ကျွန်တော်သည် တစ်ယောက်တည်း မီးပုံဘေးတွင် ထိုင်ကာ ကိုဘစိန် အလာကို မျှော်ပါသည်။ စိတ်ထဲက တစ်ကြောင့်ကြကြ ဖြစ်နေပါသည်။ အမှိုက်ကစ ပြာသာဒမီးလောင်ဖြစ်နေမလား တွေးသည်။ အခါတိုင်းသော နေ့ရက်များကဆိုလျှင် ကိုဘစိန်သည် ကျွန်တော်တို့ဦးစွာ တဲတန်းလျားသို့ ပြန်ရောက်နေတတ်ပါသည်။ နောက်ကျလျှင်လည်း တစ်အောင့်တစ်ဖြတ်သာ ဖြစ်သည်။

တဲတန်းလျားလေးလုံးရှိသည့်အနက် ကျွန်တော်တို့ ယခုနေသည့်တဲမှာ နံပါတ် (၃) ဖြစ်ပါသည်။ ကျန်သော တဲသုံးလုံးထက် သူက အတော်အတန် ကောင်းမွန်ပါသည်။ အဟန့်ပိုရှိ ကြီးပါသည်။ ကျန်သောတဲများထက် ပို၍လည်း ကျယ်ပါသည်။ အသက်ရှူလေ့ကောင်ခံပါသည်။ ယခုတတိယအကြိမ် အပတ်ခံရောက်

www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ၌မူ ယခင်ယခင်အခါများတုန်းကလို တဲတန်းများတွင် လူနေကျဉ်းကျပ်မှု မရှိတော့ပါ။ လူဦးရေ မထူထပ်တော့ပါ။ အကြောင်းကြောင့်ဖြင့် လူတွေလျော့နည်းကုန်ပါပြီ။

ကျွန်တော်တို့ မအူပင်ခရိုင်မှ ဘွန်ထိုက်ချို၊ ဟန်ချို အပါအဝင် ချွေးတပ်သား ပေါင်း (၂၀၀၀) ကျော်မှာ ယခု အပလုံစခန်းတွင် လူ (၂၀၀) ဝင် မပြည့်တတ်တော့ပါ။ တစ်ခုတော့ ပြောစရာ ရှိပါသည်။ ကျွန်တော်တို့အထဲက ဘွန်ထိုက်ချို နှစ်အုပ်စုမှာ အနှန်းကွင်းစခန်းသို့ ရောက်ရှိနေပါသည်။ ဘွန်ထိုက်ချိုအုပ်စုတစ်ဖွဲ့မှာ ကျောက်တစ်လုံးစခန်းမှ ပြောင်းရွှေ့စဉ်အခါကပင် ယင်းစခန်း၌ ကျန်ရစ်ခဲ့ပါသည်။ ယခုဆိုလျှင် တစ်နှစ်ပြည့်လုနီးပြီ။ တစ်ခါမှ ပြန်လည်ကာ မဆုံဆည်းမိကြပါ။ ထိုအခါ သူတို့တွေ သေသည်၊ ရှိသေးသည်ဆိုခြင်းမှာ ကံတရား၏ အစီအမံပင် ဖြစ်ပါလိမ့်မည်။

သို့မဟုတ်ပါက မျှမျှတတ်ဖြစ်စေရန် တစ်ခုတော့ တွေးရ တောရ စဉ်းစားရပါလိမ့်မည်။ သူတို့တွေကို အလုပ်ကြိုးစားလုပ်သူများဆိုပြီး နေရပ်ဌာနီသို့ ပြန်ပို့လိုက်လေပြီလား။

ဤနေရာတွင် တစ်ခုပြောရန် ရှိလာပြန်သည်။

ဂျပန်နိုင်ငံ အိုဆကာမြို့၊ ဘာသာခြား သိပ္ပံ မြန်မာစာတွဲဖက် ပါမောက္ခ မစ္စတာအိုးနိုတိုးရ မြန်မာပြန်သော 'ဂျပန်စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ' စာအုပ်တွင် ဖော်ပြထားသည့် ဧရာဝတီတိုင်းမှ ချွေးတပ်သား သုံးထောင်ဆိုသည်မှာ မမှန်နိုင်ပါ။

ကျွန်တော်တို့ မအူပင်ခရိုင် (မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ) တစ်ခုတည်းကပင် ချွေးတပ်သားပေါင်း နှစ်ထောင်ကျော်၊ သုံးထောင်နီးနီး ဖြစ်ပါသည်။

(မစ္စတာအိုးနိုတိုးရ 'ဂျပန်စစ်အုပ်ချုပ်ခေတ် မြန်မာနိုင်ငံ' ပုဂံစာအုပ်တိုက်-ရှ)

အချိန်မှာ ခုနစ်နာရီလောက် ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ကျွန်တော့်တွင် နာရီမရှိပါ။ ကိုဘစိန်လက်တွင် နာရီရှိပါသည်။ အပြင်အပတွင်လည်း အမှောင်ထုက သိသိသာသာ ဝန်းရစ်ပိတ်ဆီးလာလေပြီ။ တဲလိုင်းအတွင်းထဲမှာမူ မီးပုံအလင်းရောင်မှ လွဲ၍ မှောင်အတိ ဖုံလွှမ်းနေပေပြီ။

ထိုအခိုက် တစ်စုံတစ်ရာသော အသံကြောင့် အသံလာရာသို့ ကျွန်တော် လှမ်းကြည့်လိုက်ပါသည်။ ကျွန်တော် ထိုင်နေသည်မှာ တဲတန်းလျားတစ်ဖက်ထိပ်ရှိ

မီးပုံဘေးတွင် ဖြစ်သည်။ ကိုဘစိန်နှင့် ကျွန်တော်တို့ ညစာစားသောက်နေကျ ထိုင်နေကျနေရာ ဖြစ်ပါသည်။

ကျွန်တော် ကြည့်နေခိုက်တွင် ချွေးတပ်သား လေးငါးယောက်သည် အိပ်စက်လဲလျောင်းနေရာမှ ကုန်းကုန်းကွကွဖြင့် ထလာကြသည်။ သူတို့သည် တဲတန်းလျားအလယ် မီးပုံဘေး ထမင်းဟောင်းရှိရာသို့ ခြေတရွယ်ဆွဲကာ ဟာရွေ့ရွေ့ သွားရောက်ကြသည်။ နောက်တော့ ကျွန်တော်ရှိရာသို့ တစ်ချက်မျှ လှမ်းကြည့်ကြသည်။ ပြီး-သူတို့ထဲမှ တစ်ယောက်က ကျွန်တော့်ကို အသံပြုသည်။

"ဆရာလေး-မစား သေးဘူးလား"

"စားကြ၊ စားကြ၊ ကြိုက်သလို ထည့်စားကြဗျာ၊ ကျွန်တော် ဗိုလ်လေးလာမှ သူနဲ့အတူ စားမယ်လေ"

သူတို့သည် ဧရာပက်ခွဲကဲ့သို့သော ဝါးခွက်များထဲသို့ ထမင်းနှင့် ပဲဟင်းကို ထည့်ကြသည်။ သူတို့ထဲမှ နှစ်ယောက်သည် မီးပုံထဲသို့ ထင်းကုံး၊ ထင်းခြောင်းများ ထပ်မံကာ ဖြည့်တင်းကြသည်။ သူတို့လိုပင် နောက်ထပ်ပြီး ငါးယောက်အစု ခြောက်ယောက်အစု ထလာကြသည်။ သူတို့လိုပင် ဟါးခွက်တွင် ထမင်းထည့်ကာ စားသောက်ကြသည်။ သူတို့ထဲတွင် စကားသံများကိုလည်း ကြားရစ ဖြစ်လာသည်။

ချွေးတပ်သားများသည် ဘွန်ထိုက်ချို၊ ဟန်ချိုများအား ဆရာလေးဟု ခေါ်သူက ခေါ်ပြီး ဘွန်ထိုက်ချို၊ ဟန်ချိုဟူ၍ပင် ခေါ်သူက ခေါ်သည်။ စခန်းတာဝန်ခံဖြစ်သော ကိုဘစိန်ကိုမူ ကျွန်တော် တစ်ယောက်က လွဲ၍ အားလုံးက ဗိုလ်လေးဟု ခေါ်ဝေါ်ဆက်ဆံမှု ပြုကြပါသည်။ ကျွန်တော့်အနေနှင့်တော့ ဟစ်မြို့တည်းသား နှုတ်ကျင့်ပါနေပေပြီ။ သို့တိုင် ချွေးတပ်သားများ ရှေ့၌မူ ကျွန်တော်ကိုယ်တိုင်ကလည်း ဗိုလ်လေးဟူ၍ပင် ခေါ်ဝင်ဆက်ဆံမှုပြုပါသည်။

တကယ်ဆိုတော့ ကိုဘစိန်တွင် လုပ်ကိုင်ခွင့်ရှိသင့်သလောက် ရှိပါသည်။ ဘွန်ထိုက်ချို၊ ဟန်ချိုနှင့် ချွေးတပ်သားများတွင် အပြစ်တစ်စုံတစ်ရာ ပေါပေါက်ခဲ့သော် သူ့တွင် ရှင်းလင်းဆုံးဖြတ်ပေးနိုင်သည့် အခွင့်အရေးလည်း ရှိပါသည်။ အမှန်က တဲတန်းလျား လေးလုံးစလုံးတွင် ရှိနေသည့် ဘွန်ထိုက်ချို၊ ဟန်ချိုနှင့် ချွေးတပ်သားများ အားလုံးအပေါ် ကိုဘစိန် သြဇာသက်ရောက်ပါသည်။ တာဝန်လည်း ရှိပါသည်။

နောက်တစ်ခု ရှိပြန်သည်မှာ အနှန်းကွင်းစခန်းတွင် တည်ရှိနေသော ဘွန်ထိုက်ချို နှစ်အုပ်စုနှင့် ချွေးတပ်သား သုံးရာကျော် လေးရာလောက်ကိုလည်း ကိုဘစိန်ပင် ထိန်းကွပ်နေရသည့် သဘောရှိပါသည်။ ထိုသူများ၏ လုပ်ခကြေးငွေ

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ကိုဘစိန်နှင့် ဂျပန်တပ်ကြပ်ကြီးတစ်ယောက်တို့က အပတ်စဉ် သွားရောက်၍ ရှင်းလင်းထုတ်ပေးခြင်း ပြုရပါသည်။

ကိုဘစိန်သည် အတွေးအခေါ်ကောင်းရှိသူတစ်ယောက်ဟု ပြောရပါမည်။ အရှည်ကို ကြည့်တတ်သူတစ်ယောက် ဆိုရပါမည်။ ကြီးသည့်အမှု ငယ်အောင်၊ ငယ်သည့်အမှု ပြီးပြေအောင် ဆောင်ရွက်တတ်သူတစ်ယောက်ဟု ဆိုရပါမည်။ မြို့ပိုင်ရုံး စာရေးဘဝဖြင့် အတွေ့အကြုံ အတော်လေးရှိလာသူတစ်ယောက်ဟု ယူဆရပါသည်။

ကျွန်တော့်ကို သူပြောသည်မှာ–

"ဒီအလုပ်တွေ ငါမလုပ်ချင်ဘူး၊ ဒါပေမယ့် မင်းတို့ ပြဿနာတစ်ခုခုဖြစ်လို့ ဂျပန်ဆီရောက်ရင် သက်သာမှာ မဟုတ်ဘူး၊ အပ်လောက်နဲ့ထွင်ရမယ့်ကိစ္စဟာ ပုဆိန်နဲ့ ပေါက်မယ်ကွ၊ နောက်ပြီး သူ့စကား ကိုယ်မသိ၊ ကိုယ့်စကား သူနားမလည်နဲ့၊ ဟိုစကားပြန်ကောင်လေးလဲ အလကားပါကွာ" ဟု ဆိုပါသည်။

ကျွန်တော်သည် မီးပုံဘေးထိုင်ကာ ကိုဘစိန်နှင့် ဆက်နွယ်သော အကြောင်းများကို တွေးတောနေမိပါသည်။ ယင်းသို့တွေးရာမှ တောင်ကုန်းထက်ရှိ ဂျပန်စစ်ဗိုလ် ယာမာမိုတို့၏ အိမ်ကလေးကိုလည်း မကြာခဏ လှမ်းမျှော်၍ ကြည့်မိပါသည်။

ပတ်ဝန်းကျင်မှာ အားလုံးပင် တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ဂျပန်စစ်ဗိုလ် ယာမာမိုတို့၏ အိမ်ငယ်မှ လွဲ၍ အားလုံးသော အဆောက်အအုံများမှာ အမှောင်ဖုံးနေပါသည်။ ဂျပန်စစ်ဗိုလ်၏ နေအိမ်မှာမူ မီးရောင်အလင်းရှိပါသည်။ ကာဗိုက် မီးတိုင်ကို ထွန်းညှိထားခြင်းဖြစ်ပါသည်။ ညဥ့်နက်လျှင်တော့ ယမ်းမီးအလင်းရောင်လည်း ရှိလိမ့်မည် မဟုတ်တော့ပါ။

အချိန်က ဟဖြည်းဖြည်း နောင်းလာသည်။

ည ၈ နာရီလောက်တော့ ရှိပြီ။ ကိုဘစိန် ခုချိန်ထိ ပြန်မရောက်သေး။ ကျွန်တော် ပိုပြီး သူ့အတွက် စိတ်ပူစိတ်ပေမာလာပါသည်။ နေမထိ ထိုင်မရဖြစ်လာသည်။ ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။ တဲအပြင်သို့ ထွက်ခဲ့သည်။ မကြာမီကမှ ထွက်ပြူလာသော လရောင်ကလေးကိုတော့ တွေ့ရသည်။ ကျန်သော တန်းလျားများဆီမှ မကွဲမပြား စကားသံများကို ကြားလိုက်ရသည်။

ကိုဘစိန် ကြီးတုပ်၊ ကြီးချည်ထား ခံနေရပြီလား။

စိုးရိမ်စိတ်ကြောင့် ကျွန်တော့်ရင်ထဲတွင် ပိုမိုတင်းကျပ်လာပါသည်။

ဂျပန်များသည် သူတို့အနေဖြင့် ကြီးလေးသော အပြစ်တစ်ခုဟု ယူဆခဲ့လျှင် သာမန်ချွေးတပ်သားကို မဆိုထား၊ နှင့် ဟန်ချို၊ ဘွန်ထိုက်ချို များကိုလည်း သစ်ပင်

တွင် ဖြစ်စေ၊ စိုက်ထူထားသော ပါးလုံးတိုင်၌ဖြစ်စေ သုံးလေးရက် ကြီးချည်ကြီးတုပ်ထားတတ်ပါသည်။ ဂျပန်စစ်သားကို ပြန်လွှန်ကာ ပါးရိုက်သည့်အတွက် ယခုလည်း ကိုဘစိန်ကို ကြီးတုပ်ချည်နှောင်ထားလေပြီလော။ ထိုအတွေးအတောဖြင့် ကျွန်တော် စိတ်မောနေခိုက်၌ပင် ကျွန်တော့်နောက်မှ အသံတစ်သံကို ကြားလိုက်ရပါသည်။

"ဆရာလေး၊ ဗိုလ်လေး ပြန်ရောက်နေပြီ၊ ခေါ်နေတယ်"

ချွေးတပ်သား ကရင်ကလေး သာဆင်း။ ကျွန်တော်တို့ ညောင်တုန်းနယ်၊ ငါးကြီးအိုင်ရွာမှ ဖြစ်ပါသည်။ သူသည် ကျွန်ကော်နှင့် ကိုဘစိန်တို့၏ လက်တို လက်တောင်း ဟပည့်ကလေးတစ်ယောက်ဟု ဆိုရပါမည်။

"အေး–ငါက ဒီကစောင့်နေတာ၊ တဲလိုင်းဟိုဘက်က လှည့်ဝင်တာကိုး–"

သာဆင်နှင့်အတူ ကျွန်တော် တဲလိုင်းအတွင်း ပြန်ဝင်ခဲ့ပါသည်။ မီးပုံထဲတွင် ထင်းတုံးများ ထပ်ထည့်ထားသဖြင့် မီးရှိန်မီးအား ကောင်းနေပါသည်။ စခန်းတာဝန်ခံ ကိုဘစိန်ကိုလည်း မီးပုံဘေး ထင်းတုံးပေါ်၌ တွေတွေကြီး ထိုင်နေသည်ကို တွေ့လိုက်ရပါလေသည်။

"လာကွာ–လာကွာ–ထမင်းစားကြမယ်၊ သဆင် ငါ့အခန်းထဲက ထမင်းတောင်းနဲ့ ဟင်းအိုး ထုတ်ခဲ့ကွာ၊ ထမင်းခွက်တွေလဲ ထုတ်ကွာ"

ကိုဘစိန်သည် သူ့လက်က သော့ကို သာဆင့်သို့ လှမ်းပေးလိုက်ပါသည်။

တဲလိုင်း၏ ထိပ်ဆုံးတစ်နေရာတွင် စခန်းတာဝန်ခံ ကိုဘစိန်အတွက် ဝါးများဖြင့် ပြုလုပ်ထားသည့် အခန်းဖြစ်ပါသည်။ တံခါးမှာလည်း ဝါးတံခါးဖြစ်ပါသည်။ တံခါးကို သံကြိုးချည်ပြီး သော့ခတ်ထားပါသည်။ အခန်းမှာ အတော်ကလေး ကျယ်ပါသည်။ ထိုအခန်းထဲတွင် သူ အိပ်စက်ပါသည်။ သူ့ပစ္စည်းပစ္စယ ကလေးများနှင့် ဆားထည့်သော ဝါးကျည်တောက်၊ ရေကျက်အေး ဝါးကျည်တောက်နှင့် ဆန်ကို ချက်သည့် အရက်ထည့်သော ဝါးကျည်တောက်များလည်း ယင်းအခန်းငယ်ထဲတွင် ထားရှိပါသည်။ ဆန်အရက်မှာ မွန်စျေးသည်လှည်းများထံမှ ဝယ်ယူရခြင်း ဖြစ်ပါသည်။ ဒါတောင် မွန်စျေးသည်လှည်းများ လာရောက်မှသာ ရရှိခြင်းဖြစ်၍ အလုအယက် ဝယ်ယူရခြင်း ဖြစ်ပါသည်။ တောကြီးခေါင်ခေါင်တွင် ဆန်အရက်မှာ ရွှေလောက်နီးနီး တန်ဖိုးရှိလှပါသည်။

ထိုင်း–မြန်မာ မီးရထားလမ်းဖောက်လုပ်ရာနှင့် အတော်အတန် နီးကပ်သော ကလော့သော့၊ ကျိုက္ခမီ၊ ပင၊ ကရပ္ပိစသော အရပ်ဒေသများမှ မွန်အမျိုးသားကြီးများ အဘွားကြီးများသည် ဟောတွင်း ချွေးတပ်စခန်းများသို့ လှည်းများဖြင့် လာရောက်၍ စျေးရောင်းချခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအတွက် ဂျပန်စစ်ဗိုလ်များထံ အမိန့်လက်မှတ် တောင်းခံရပါသည်။ သိပ်တော့ မလွယ်ပါ။ ခဲခဲယဉ်းယဉ်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း နှစ်လတစ်ခါ သုံးလတစ်ခါလောက်သာ မွန်ဈေးလှည်း နှစ်စီး၊ သုံးစီးလောက်သာ လာရောက် နိုင်ပါသည်။ ဆန်ချက်အရောက်ကိုတော့ သိသိုဝှက်ဝှက် ယူဆောင်လာရပါသည်။ (ယင်းမွန်ဈေးသည် လှည်းများအကြောင်းကို 'ချွေးတပ်မှတ်တမ်း' စာအုပ်တွင် အသေးစိတ် တင်ပြထားပါသည်။ စာရေးသူ)

"ဘယ်လိုလဲဗျ"

မီးပုံဘေးတွင် နှစ်ယောက်သား မျက်နှာချင်းဆိုင်မိသည့်အခါ ကျွန်တော်က မေးလိုက်ပါသည်။

ကိုဘစိန် သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ သူ မျက်နှာမကောင်းပါ။ ဒါပေမယ့် ကိုဘစိန်သည် အတော် ခွန် သတ္တိရှိ၍ ခံနိုင်ရည်ရှိသူတစ်ယောက်တော့ ဖြစ်ပါသည်။

"အင်း–မေးလိုက် မြန်းလိုက်တာ ခေါင်းကို ချာချာလည်ပြီး မူးနောက်နေတာပဲ၊ မိဘက ဘာလုပ်သလဲ၊ ဘယ်ကျောင်းမှာ နေခဲ့သလဲ၊ ဘယ်နှစ်တန်းအောင်လဲ၊ ကျောင်းကထွက်တော့ ဘာလုပ်သလဲ၊ အိမ်ထောင်ရှိသလား၊ ညီအစ်ကို မောင်နှစ်မ ဘယ်နှစ်ယောက်ရှိသလဲ၊ မိဘတွေ ရှိသေးသလား၊ ညီအစ်ကိုမောင်နှစ်မတွေ ရှိသေးသလား၊ သူတို့က ဘာလုပ်ကိုင်စားသောက်ကြသလဲ၊ ဒီရထားလမ်းဖောက်တဲ့ ကိစ္စကို ဘယ်လိုသဘောထားသလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လိုက်လာတာလဲ၊ အင်္ဂလိပ်တွေအပေါ် ဘယ်လိုသဘောထားသလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လိုက်လာတာလဲ၊ အင်္ဂလိပ်တွေအပေါ် ဘယ်လိုသဘောထားသလဲ၊ နိပွန်တွေအပေါ် ဘယ်လို သဘောထားသလဲ၊ အိုကွာ– စုံနေတာပဲ၊ နောက်ပြီး ထပ်တလဲလဲ မေးတယ်ကွ"

သူ့စကားနားထောင်ရင်း ကျွန်တော် ဘုရား–ဘုရား တ,မိပါသည်။

"စစ်ဗိုလ် ယာမာမိုတိုကိုယ်တိုင် မေးတာလားဗျ"

"ဘယ်ဟုတ်မလဲကွာ၊ ယာမာမိုတိုက နားထောင်နေတယ်၊ ယာမာကူချိရယ်၊ ယောကုဝရယ်၊ ရွှေမျက်မှန်ရယ်၊ ယာမာမိုတိုရဲ့ လက်ထောက် ဝမ်းလိုင်းတူးစတား ဂျပန်စစ်ဗိုလ်ရယ်၊ ဝိုင်းဝိုင်းလည်နေတာပဲ၊ ငါဖြေတာကွေအားလုံး ရေးမှတ်ထားတယ်"

"စကားပြန် ကောင်လေးကရော–"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟာ–ဒီကောင်လေးက အလကားပါကွာ၊ ဂျပန်စစ်ဗိုလ်နား ထိုင်နေရဲသက်သက်ပဲ၊ ဘာအသုံးကျတာလိုက်လို့၊ ပြီး– ငါ့ကို မေးတာက အင်္ဂလိပ်လို မေးတာ၊ ဝမ်းလိုင်းတူးစတား (တစ်လိုင်း ကြယ်နှစ်ပွင့်)၊ သူက အများဆုံး ရှေ့ဆောင်ပြီး မေးတယ်"

"ဒါလောက်နဲ့ ပြီးရောလား"

"ပြီးချင်လဲ ပြီးမှာပဲ၊ မပြီးချင်လဲ မပြီးဘူးဘဲ၊ ဘာတတ်နိုင်မှာလဲကွာ၊ ငါ့အထင်တော့ ငါ့ကို တစ်နေရာရာ ပြောင်းပစ်မလား၊ နေရပ်ပြန်ပို့မလား၊ ဒါပဲ ထင်တယ်၊ ပြန်ပို့ရင် ကောင်းတာပဲ၊ ကံဇာရာပေါ့ကွာ၊ ကွေးပူကွေးကြောက်နေဖို့ မလိုပါဘူး၊ ကံစီမံရာပဲ၊ ကဲကွာ–ထမင်းစားကြမယ်"

ညစာထမင်းကိုမူ ကိုဘစိန်၊ ကျွန်တော်နှင့် သားဆင်တို့ သုံးယောက်က အကုဟက္ခ စားသောက်ကြပါသည်။ ယင်းအစီအမံမှာ ကိုဘစိန်၏ ကျွန်တော့် အပေါ်တွင် သက်ညှာဖော်ထားမှု ဖြစ်ပါသည်။ စခန်းတာဝန်ခံအတွက် ထမင်းဟင်းကိုမူ စားဖိုရုံမှ ပေးပါသည်။ ထိုအခါ ဤဆန်၊ ဤဟင်းပင် ဖြစ်သော်လည်း နူးနူးနပ်နပ် ဖြစ်ပါသည်။ ကြည့်မှပေါ့၊ ပဲကြားဟင်းဆိုလျှင်လည်း ပဲကြားမှာ အခွံချွတ်ပြီး နူးနူးနပ်နပ်၊ ပိန်းဥဟင်းဆိုလျှင်လည်း အခွံဖွာပြီး နူးနူးနပ်နပ်၊ ထမင်းဆိုလျှင်လည်း ပျော့ပျော့ပျောင်းပျောင်း၊ ရံဖန်ရံခါ၌မူ ကိုဘစိန်၏ ကောင်းမှုဖြင့် ဟင်းထဲတွင် ဆီကလေး ကြက်သွန်ကလေး ပါလိုက်သေးသည်။ တစ်ခါတစ်ခါတော့ ငရုတ်သီး ဆားထောင်းကလေးများကိုပင် စားသောက်ရပါလေသည်။

မည်သို့ပင်ဆိုပါစေ၊ စားဖိုရုံကို ကြီးစိုးသော စားဖိုရုံမှူးနှင့် ထမင်းချက် ချွေးကပ်သားများမှာမူ ဤဆန်၊ ဤဟင်းကိုပင် နူးနူးနပ်နပ် စားသောက်ကြရမည်မှာ မလွဲပင် ဖြစ်ပါလိမ့်မည်။ ယင်းသို့ဖြစ်ရသည့်အတွက် စားဖိုရုံသမားများအပေါ် အပြစ်တင်ရန်၊ အပြစ်ပြောရန် မသင့်ပါ။ နေ့စဉ်နှင့်အမျှ လူပေါင်းများစွာအတွက် ရေးကြီးသုတ်ပျာနှင့် ချက်ရပြုတ်ရသော ထမင်းဟင်းကိစ္စသည် မည်သို့လျှင် ကောင်းမွန်နိုင်ပါအံ့နည်း။

စခန်းတာဝန်ခံ ကိုဘစိန်အကြောင်းကိုပင် ဆက်လက်၍ ကျွန်တော် တင်ပြပါဦးမည်။

ညက မီးပုံဘေးတွင် ကျွန်တော်နှင့် ကိုဘစိန်တို့ အတော်ပင် ညှဉ်နှက်ဖောင်ထိုင်စကားကောင်းနေကြပါသည်။ သန်းခေါင်အချိန်ထိအောင်ပင် ဖြစ်ပါသည်။ တဲတန်းလျား လေးလုံးစလုံးရှိ အွန်ထိုက်ချို့နှင့် ဟန်ချို့များသည် တစ်ဦးပြီးတစ်ဦး ရောက်လာကာ အကြောင်းအကျိုး မေးမြန်းကြပါသည်။ စခန်းတာဝန်ခံ ကိုဘစိန် အတွက် သူတို့အားလုံးပင် စိတ်ပူပန်ခြင်း ရှိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လွတ်ခနဲ ပြောလိုက်မိပါသည်။

"မလွယ်ပါဘူး ဟေ့ကောင်၊ မနေ့ညက မင်းကိုသာ ငါဖွင့်မပြောတာ၊ ဂိတ်ပေါက်အခြေအနေကို ငါသွားကြည့်တယ်၊ ဒါပေမယ့် ဂိတ်ပေါက်ကင်းကို ကျော်နိုင်ဦးတော့ စခန်းတိုင်း စခန်းတိုင်းဟာ ကင်းတွေလွတ်အောင် သွားဖို့ မလွယ်ဘူး၊ တစ်ခုရှိတာက သံဖြူဇရပ်ကို ရိကျွာထုတ်သွားရရင်တော့ ဟုတ်သားပေါ့၊ ဒီလိုမဟုတ်လို့ကတော့ မလွယ်ဘူး၊ အေး-တစ်ခုရှိတယ်၊ သံဖြူဇရပ်ထိ ရထားလမ်းပေါက်လို့ရှိရင်လဲ တစ်နည်းနည်းနဲ့ ရထားပေါ် ခိုးစီးပြီး လိုက်သွားရရဲ့၊ ခုအတိုင်းက မလွယ်ဘူး၊ ထွက်ပြေးရင် မိမှာပဲ၊ မိရင် ပိုဆိုးမယ်"

ကိုဘစိန် ပြောတော့မှပင် မနေ့ညက တဲတန်းလျား သည်ဘက်ပေါက်က မဝင်ဘဲ တစ်ဖက်ပေါက်က သူ လှည့်ဝင်သည့်သဘောကို ကျွန်တော် သိရပါတော့သည်။

ထိုညကလည်း ကိုဘစိန်နှင့် ကျွန်တော် ညဉ့်အတော်နက်သည့်တိုင်အောင် မီးပုံဘေးတွင် ထွေရာလေးပါး ပြောဆိုနေကြပါသည်။ ထိုညသည် သူနှင့်ကျွန်တော်တို့ အပလုံစခန်းတွင် နောက်ဆုံးဆက်ဆံရသော ညဖြစ်လိမ့်မည်ဟုကား ကျွန်တော့် အနေနှင့်ရော၊ သူ့အနေနှင့်ပါ လုံးဝ မထင်မှတ် မယူဆမိကြပါ။

သို့ရာတွင် ကျွန်တော်နှင့်သူ အိပ်ရာဝင်၍ နှစ်နာရီ၊ အလွန်ဆုံး သုံးနာရီလောက်သာ ရှိပါလိမ့်ဦးမည်။ တပ်ကြပ်ကြီး ယောကုဝနှင့် ဂျပန်စစ်သားနှစ်ယောက်တို့ ရောက်ရှိလာကြပြီး ကိုဘစိန် အခန်းတစ်ခုလုံး မွှေနောက်ရှာဖွေခြင်း ပြုကြပါသည်။ ဂျပန်စစ်သားနှစ်ယောက်လက်ထဲတွင် ကညင်ဆီမီးတိုင်များနှင့် ဖြစ်ပါသည်။ သူတို့သည် ကိုဘစိန်အခန်းထဲမှ တွေ့ရှိသည့် စာရွက်စာတမ်း၊ စာအုပ်များကို ယူဆောင်သွားကြပါသည်။ ယင်းစာရွက်စာတမ်းများသည် ကျွန်တော် သိသလောက်တော့ ချွေးတပ်သားများ၏ လုပ်ခကြေးငွေနှင့် ပတ်သက်သည့် စာရင်းဇယားများ ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် အိပ်နေရာမှ ငေါက်ခနဲ ထထိုင်လိုက်ပါသည်။ ကရင်ကလေး သာဆင်ကို ခပ်နာနာဆွဲလှုပ်ပြီး နှစ်ဦးကြားရံ့ အသံပြု၍ နှိုးရပါသည်။ အခန်းပြင်တွင် ကပ်၍ အိပ်သည်မှန်ပေမင့် ပြဿနာဖြစ်နေသည့် အနီးအပါးကိုတော့ ကျွန်တော်တို့ မသွားရဲ၊ မသွားဝံ့ကြပါ။ ဆွမ်းခံရင်း ငှက်သင့်ဖြစ်မည်ကိုတော့ သတိကြီးစွာ ထားရပါသည်။

နောက်ဆုံးတော့ ကိုဘစိန်ကို ခေါ်ဆောင်သွားကြပါသည်။ ကြီးဘုပ်၊ ကြီးချည်တော့ မလုပ်ပါ။ ကိုဘစိန်သည် ကျွန်တော်နှင့် သာဆင်တို့ ငုတ်တုတ်

"ကိစ္စမရှိတန်ပါဘူးကွာ၊ ငါ့အတွက် စိတ်မပူကြပါနဲ့"

ကိုဘစိန်ကတော့ သည်အပြောမျိုးနှင့်ပင် လာရောက်မေးမြန်းသူ ဘွန်ထိုက်ဂျို၊ ဟန်ချိုအား လုံးကို ပြန်နှင်လွှတ်ပါသည်။ မနှင်လို့လဲသည်း မဖြစ်ပါ။ လူအများကြီး စုဝေးနေလျှင် ဂျပန်ကင်းသမားက သဟောက်သဟ လုပ်ပါသည်။ တဲတန်းလျားအတွင်းကိုလည်း မကြာခဏဝင်၍ စူးစမ်းစစ်ဆေးတတ်ပါသည်။

နောက်တစ်ညတွင်လည်း ကိုဘစိန်ကို ဂျပန်စစ်ဗိုလ်နေအိမ် (ရုံး) သို့ ထပ်မံကာ ခေါ်ပါသည်။ မနေ့ညက မေးမြန်းသော မေးခွန်းပေါင်း မြောက်မြားစွာကိုပင် ထပ်မံ စစ်ဆေးမေးမြန်းခြင်းပြုပါသည်။ နောက်တော့ စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးခိုင်းပါသည်။ မေးမြန်းခြင်းပြုသည်မှာ မနေ့ညကလောက်တော့ အချိန်မကြန့်ကြာပါ။

ကျွန်တော် ကိုဘစိန်ကို မေးကြည့်ပါသည်။

"လက်မှတ်အထိုးခိုင်းတဲ့ စာရွက်ပေါ်မှာ ဘာတွေ ရေးထားလဲဗျ"

"ငါ့ကို မေးမြန်းတဲ့ မေးခွန်းတွေပေါ့ကွာ၊ ရေးတာကတော့ ဂျပန်စာနဲ့ ရေးထားတာကွ၊ ငါ့ကို ထပ်မေးတော့လဲ အဲဒီစာရွက်ပေါ် ကြည့်မေးတာ၊ ဝမ်းလိုင်းတူးစတားက မေးတယ်၊ လက်မှတ်အထိုးခိုင်းတော့လဲ သူပဲ"

သည်ညတော့ ကိုဘစိန် မနေ့ညကထက် ပို၍မျက်နှာမကောင်းပါ။ စကားလည်း မနေ့ညကလောက် မပြောပါ။ သူနှင့်ကျွန်တော် ထိုညက ညစာမစားသောက်တော့ပါ။ သူ့ရှေ့ရေးအတွက် ကျွန်တော်ကိုယ်တိုင် စိတ်ဓာတ်ချောက်ချားလာပါသည်။ ကိုဘစိန်ကို သတ်များပစ်လေမလား၊ ကျွန်တော် တွေးမိသည်။

"ဒီည ထပ်မေးတဲ့ မေးခွန်းတစ်ခုက မြို့ပိုင်ရုံးစာရေး ဘယ်နှစ်နှစ် လုပ်ခဲ့သလဲတဲ့"

"ခင်ဗျား ဘယ်လို ဖြေလိုက်သလဲ"

"အမှန်ပြောရရင် အဲဒီမေးခွန်းတော့ ငါစိတ်ထဲ ထိတ်ခနဲဖြစ်သွားတယ်၊ အဖြေက အကြောင်းမဟုတ်ဖူးကွ၊ ငါ့ကိုယ်ရေးမှတ်တမ်း (ကိုယ်ရေးရာဇဝင်ကို ဆိုလိုသည်။) ဟာ သူတို့လက်ထဲ ရှိပြီးသားဖြစ်မှာပါ၊ တစ်ခုရှိတာက ငါ့ကို အင်္ဂလိပ်လူလို့များ သူတို့ ယူဆသလား မပြောနိုင်ဘူး၊ အဲလိုဆိုရင်တော့ ကင်ပေတိုင်ရုံး ပို့မှာပဲ"

ထိုစကားပြောသံအတွက် ကိုဘစိန်အသံ မှုန်မှန်တော့ပါ။ တုန်ယင်အက်ကွဲနေပါသည်။ နားထောင်နေသော ကျွန်တော်ကိုယ်တိုင်လည်း ခေါင်းနားပန်းကြီးလာပါသည်။

"ခုနေ ထွက်ပြေးရင်-"

www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေသည်ကို မြင်တွေ့.ဟန် တူပါသည်။ ဒါပေမယ့် ဘာတစ်ခွန်းမျှ ပြောမသွားပါ။ တကယ်ဆိုတော့ ပြောဖို့ဆိုဖို့လည်း မသင့်လျော်ပါ။

ဤသည်မှာ–

ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် အားကိုးရာ ဟူသော တောတွင်းချွေးတပ်စခန်း အပလုံ၌ စခန်းတာဝန်ခံ ကိုဘစိန်နှင့် စာရေးသူတို့၏ နောက်ဆုံးပိတ် ဆက်ဆံကြရသော၊ တစ်နည်းပြောရသော် ကွေကွင်းခွဲခွာကြရသော အဖြစ်သနစ် ဖြစ်ပါသည်။

တစ်ဖန် ကိုဘစိန်အကြောင်းကို နောက်ထပ်၍ အနည်းငယ် တင်ပြစရာ ကျန်ရှိနေပါသည်။ ထိုအကြောင်းကို ဆက်လက်၍ တင်ပြပါမည်။

စာရေးသူ နေရပ်သို့ ပြန်လည်ရောက်ရှိသည့်အခါ ကိုဘစိန်ကို ကျန်းကျန်းမာမာဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ပြန်လည်တွေ့.ဆုံကြရပါသည်။

ဤအခြေအနေမျိုး၊ ဤအဖြစ်မျိုး ပြန်လည်ဆုံစည်းကြလိမ့်မည်ဟူ၍ကား ကျွန်တော် လုံးဝ မမျှော်လင့်ခဲ့ပါ။ ဝမ်းသာစရာ ကောင်းလှပါ၏။

သူက သူ.အဖြစ်ကို ပြန်ပြောပြပါသည်။

ချွေးတပ်စခန်းမှ ဂျပန်များက သူ.ကို ပြန်လွှတ်လိုက်ခြင်းတော့ မဟုတ်ပါ။ မော်လမြိုင်ရှိ ကင်ပေတိုင်စစ်ရုံးသို့ ပို့လိုက်ခြင်း ဖြစ်ပါသည်။ ကင်ပေတိုင်စစ်ရုံးက သူ.ကို တစ်ပတ်လောက် ချုပ်နှောင်ထားသည်။ တစ်နေ့ တစ်ကြိမ် စစ်ဆေးမေးမြန်းခြင်း ပြုသည်။ ရိုက်နှက်ညှဉ်းပန်းခြင်း မခံရဟု ပြောပါသည်။

နောက်တော့ ဂျပန်ကင်ပေတိုင်မှ ကိုဘစိန်ကို လွှတ်လိုက်ပါသည်။ လွှတ်ရုံသာမက လမ်းခရီးတွင် ဘေးမသီ၊ အန္တရာယ်မရှိ ပြန်နိုင်စေရန်အတွက် ထောက်ခံစာတစ်စောင်ကိုပင် ရေးပေးလိုက်ပါသည်။

အဲ့တစ်ပါး၊ ယင်းသို့ဖြစ်ရသည်မှာ ကုသိုလ်ကံကြောင့်ချည်းဟု ပြောလို့ မဖြစ်ပါ။ ကုသိုလ်ကံလည်း ပါပါသည်။ စေတနာအကျိုးပေးခြင်း၊ တုံ့ပြန်ခြင်းလည်း ဖြစ်ပါသည်။

တပ်ဒိန်တံတားကြီး တည်ဆောက်စဉ်က ဖြစ်ပါသည်။

ယန္တရားတံတား၊ ဆောက်လုပ်ရေးတပ်ကလား မသိပါ။ ဂျပန်တစ်ယောက်မှာ သစ်သားလက်ရန်းပေါင် ခေါင်းပေါ်ပြွတ်ကျပြီး မူးမေ့သွားပါသည်။ ဦးခေါင်းက သွေးများယိုစီး ကျဆင်းလာပါသည်။

ဤတွင် စခန်းတွင် ရှိနေသော ဂျပန်ဆေးမှူးကို ဂျပန်စစ်သားများ၊ အပြေးအလွှား သွားရောက်ခေါ်ဆောင်ကြပါသည်။ (သည်အချိန်တုန်းကတော့ တောတွင်း

ချွေးတပ်စခန်းကြီးများတွင် ဂျပန်ဆရာဝန်တွေ၊ ဆေးမှူးတွေကို တွေ့.မြင်နေရပါသည်။)

ယင်းသို့ဖြင့် ဆေးမှူး ရောက်လာပြီး ဒဏ်ရာရရှိသော ဂျပန်ကို ပြုစုကုသပေးပါသည်။ ဆေးထည့်ပေးပါသည်။ ပတ်တီး စည်းပေးပါသည်။ သတိလည်း ရလာပါသည်။

သို့ဖြင့် ဆေးမှူးဂျပန်မှာလည်း သူ.တာဝန်၊ သူ.အလုပ်ပြီးစီးသဖြင့် စခန်းသို့ ပြန်ရန်အတွက် ယာယီဖြတ်ထိုးထားသော စမ်းချောင်းကူး သစ်တုံးပေါ် လှမ်းအတက်တွင် အမှတ်မဲ့ ခြေချော်ပြီး စမ်းချောင်းထဲ ထိုးကျသွားပါသည်။

ဤတွင် အနီးတစ်ဝိုက်၌ ရှိနေကြသည့် ဂျပန်များရော၊ ချွေးတပ်သားများရော အထိတ်တလန့်နှင့် အော်ဟစ် ဟစ်ဟစ် ဖြစ်ကုန်ကြပါသည်။

တောင်ပြေး မြောက်ပြေး၊ ကောင်ဆွဲ မြောက်ဆွဲ ဖြစ်ကုန်ကြပါသည်။

အမှန်ကတော့ ဆေးမှူးဂျပန်မှာ အရှိန်အဟုန်ပြင်းစွာဖြင့် တသွင်သွင် စီးဆင်းနေသည့် စမ်းချောင်း၏ ရေအလျဉ်ထဲသို့ လုံးလုံးလျားလျား ကျရောက်သွားခြင်း မဟုတ်ပါ။ ကိုယ်ခန္ဓာအောက်ပိုင်း တစ်ဝက်နီးနီးက ရေထဲရောက်ပြီး အပေါ်ပိုင်းနှင့် သူ.ဆေးသေတ္တာကလေးက ကျောက်ဆောင်ပေါ်တွင် ရှိနေပါသည်။ ဆေးသေတ္တာကိုတော့ သူ.လက်ထဲက မလွှတ်ပါ။ အသေအလဲ ဆုပ်ကိုင်ထားပါသည်။

အမှန်ဆိုတော့ ယင်းဆေးသေတ္တာ သံယောဇဉ်ကြောင့်ပင် သည်အဖြစ် ရောက်ရခြင်းဟု ဆိုရပါမည်။ စမ်းချောင်းတစ်ဖက်နှင့်တစ်ဖက် ဖြတ်ကူးရန် ယာယီတံတားမှာ သစ်ပင်အလုံးကြီး သုံးပင်သုံးလုံးကို ဆက်၍ ထိုးထားခြင်း ဖြစ်ပါသည်။ ကိုင်တွယ်၍ လျှောက်ရန် ဝါးလက်တန်းလည်း ရှိနေပါသည်။ ဆေးမှူးသည် ပထမဦးစွာ တံတားပေါ် လှမ်းတက်လိုက်စဉ်က လက်တန်းကို လှမ်းမကိုင်လိုက်ခြင်းကပင် သူ၏ သတိမဲ့မှု ဖြစ်ပါသည်။ ခြေချော်သွားတော့ အားနေသော လက်တစ်ဖက်ဖြင့် လက်တန်းကို ဖမ်းဆွဲလိုက်သည်။ နောက်ကျသွားလေပြီ။

သူ.အဖြစ်ကို ဆက်လက်၍ တင်ပြပါမည်။

ဆေးမှူးဂျပန် အားလျားမှောက်ကြီး ဖြစ်နေသော ကျောက်တုံး ကျောက်ဆောင်များကလည်း ပြေပြေပြစ်ပြစ် မဟုတ်ပါ။ ရေညှိရေမှော်တွေ အတိဖြင့် ချောကျိနေပါသည်။ ထို့ကြောင့်လည်း သူ ရုတ်တရက် ပြန်ထမရဖြစ်နေပါသည်။ တစ်ဖက်သော လက်က ဆေးသေတ္တာကို အမိအရ ဆုပ်ကိုင်ထားရသဖြင့် ကျန်နေသော လက်တစ်ဖက်က အားယူထောက်သော်လည်း ကျောက်ဆောင်က ရှည်ဖျားကားဖြစ်နေသဖြင့် စိတ်ထင်တိုင်း ထောက်၍ မရဘဲ ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအတိုင်းဆိုလျှင် ဆေးမှု၏ ကိုယ်ခန္ဓာမှာ ကျောက်ဆောင်အောက် လျှောကျသွားရန်သာ ရှိပါသည်။ နောက်တော့ အရိုန်အဟုန်ပြင်းသည့် ရေစီးအလျဉ် ထဲသို့ အတောမသတ် မျောပါသွားရန်သာ ရှိသည်။ တံတားတည်ဆောက်သော နေရာ၏ အောက်ပိုင်း လေးငါးခြောက်ကိုက်ခန့်တွင် ရေစီးအားက ပိုမိုပြင်းထန်ပြီး ကျောက်တုံး ကျောက်ဆောင်နှင့် ရေစီးအလျဉ် ထိခိုက်သံမှာ တဟဲဟဲတဟောဟော မြည်ဟည်းနေပါသည်။

ယင်းသို့ရှိခိုက်၌ပင် ထိုနေရာသို့ လူတစ်ယောက် ပြေးလွှားလာပါသည်။ ထိုသူသည် ဝိုင်းပိတ်ဆို့ကာ နေသော ဂျပန်စစ်သားများနှင့် ဖွဲ့ဖွဲ့တပ်သားများကို တွန်းထိုး ဖယ်ရှားပြီး သူ့လက်တွင် ပါရှိလာသော ကြိုးတစ်ချောင်း၏ အစကို တံတားကူး သစ်လုံးတွင် ပတ်ချည်လိုက်ပြီးနောက် ကျန်သော ကြိုးစတစ်ဖက်ကို ဆွဲကိုင်ကာ လူနှစ်ရပ်သာသာ အမြင့်ရှိသော ကျောက်ဆောင်ထက်သို့ လျှောချ ဆင်းသက်လိုက်ပါသည်။

ထိုးသူမှာ အခြားသူမဟုတ်၊ ကျွန်တော်တို့၏ စခန်းတာဝန်ခံ ဗိုလ်လေးဟု ဖွဲ့ဖွဲ့တပ်သားများက ခေါ်ဝင်ဆက်ဆံသူ ကိုဘစိန် ဖြစ်ပါသည်။

ကျောက်ဆောင်ပေါ် ရောက်သည့်အခါ ကိုဘစိန်သည် သူ့လက်မှ ကြိုးကို မလွတ်ဘဲ ဂျပန်ဆေးမှု၏ ကိုယ်ပေါ်တွင် ခွပြီး ရပ်လိုက်ပါသည်။ ဆေးမှု၏ ဆေးသေတ္တာကို ယူပြီး အပေါ်သို့ လှမ်းပေးပါသည်။ အပေါ်မှ လှမ်းယူ၍ မမီမကမ်းဖြစ်နေသဖြင့် ဝါးလုံးချိတ်နှင့် လှမ်းယူရပါသည်။

နောက်တော့ ကြိုးစကို လက်တစ်ဖက်က ကိုင်ထားပြီး ကျန်သော လက် တစ်ဖက်နှင့် မှောက်လျက်ကြိုးဖြစ်နေသော ဆေးမှုဂျပန်၏ ကိုယ်ခန္ဓာအထက်ပိုင်းကို ခဲခဲယဉ်းယဉ်း ဆွဲထူရပါသည်။ ဆေးမှု၏ မျက်နှာတစ်ပြင်လုံးကို သွေးများဖြင့် ရဲနေပါသည်။ ကျောက်ဆောင်နှင့် ရိုက်မိပြီး နဖူးကွဲသွားပါသည်။ နာခေါင်းထဲ ကလည်း သွေးများ ယိုစီးနေပါသည်။ ပါးစပ်ထဲကလည်း သွေးများ ထွက်ကျနေ ပါသည်။

သို့ရာတွင် ဂျပန်ဆေးမှုမှာ အသက်အရွယ် ငယ်ရွယ်နုပျိုဖြစ်သောကြောင့် ဖျတ်လတ်သွက်လက်စွာ လူပ်ရှားခြင်း ပြုနိုင်ပါသည်။ ကိုဘစိန် လက်ထဲမှ ကြိုးကိုကိုင်ပြီး အပေါ်သို့ တွယ်တက်လာပါသည်။ အပေါ်မှ ဂျပန်စစ်သားများက ဝိုင်းဝန်းကာ ဆွဲတင်ကြပါသည်။ စခန်းတာဝန်ခံ ကိုဘစိန်ကိုယ်တိုင်လည်း ဂျပန် ဆေးမှုလိုပင် အပေါ်သို့ တက်ရောက်လာပါသည်။ သူ့ကိုလည်း ဂျပန်စစ်သား များက ဝိုင်းဝန်းဆွဲတင်ကြပါသည်။

ကိုဘစိန် မော်လမြိုင် ကင်ပေတိုင် ဂျပန်များ လက်တွင်း၌ အနိပ်စက် အညှဉ်းဆဲခံရမည်ဆဲဆဲ ယင်းဂျပန်ဆေးမှုနှင့် ပက်ပင်းကြုံဆုံကာ ယင်းဂျပန် ဆေးမှုက ကယ်တင်လိုက်သဖြင့် ကိုဘစိန်မှာ သေဘေးမှ လွတ်မြောက်ခဲ့ရခြင်းပင် ဖြစ်ပါသည်။

ဝတ္ထုဇာတ်လမ်း ဆန်သော ရုပ်ရှင်ဇာတ်ကားသဖွယ် ဖြစ်သော ယင်းဖြစ်ရပ် သည် ထိုင်း-မြန်မာ မီးရထားလမ်း ဟောက်လုပ်ရာတွင် တပ်ဒိန်တံတားကြီး တည်ဆောက်စဉ်က အမှန်တကယ် ကြုံတွေ့ခဲ့ရသည့် အကြောင်းတစ်ရပ် ဖြစ် ပါသည်။

ယင်းဖြစ်ရပ်ကို ထောက်ရှုလျှင် လူတို့ မည်သည့် ပင်ကိုယ်သဘောအားဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် ယိုင်းပင်းလိုစိတ်၊ ကူညီလိုစိတ်၊ ငဲ့ညှာထောက်ထားလိုစိတ်များ ရှိကြသည်မှာ ဇာတ်အမှန်ပင် ဖြစ်ပါသည်။

သို့ရာတွင်-

ယင်းသို့ ကောင်းမွန်မြင့်မြတ်သော ချီးကျူးဖွယ်လည်း ဖြစ်သော လူ၏ နလုံးသား စိတ်ထားများကိုပင်-

လွန်ကဲသော အတ္တစိတ်၊ လွန်ကဲသော ဣဿာမစ္ဆရိယစိတ်၊ လွန်ကဲသော အဘိဇ္ဈာစိတ်တို့တည်းဟူသော စိတ်ယုတ်မာ၊ စိတ်ရိုင်းတို့က လွှမ်းမိုးဖျက်ဆီးခြင်း ကြောင့် တစ်ဦးအပေါ်တစ်ဦး ဥဟဿိုရ်စိတ်၊ မေတ္တာစိတ် မထားနိုင်ကြခြင်းပါ တကား ဟု စာရေးသူ ဆင်ခြင်သုံးသပ်မိပေသည်။

❖

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးပိတ် ဘုရားသုံးဆူ

စခန်းတာဝန်ခံ ကိုဘစိန် မရှိသည့်အခါ နောက်ထပ် စခန်းမှူး လူသစ် တစ်ယောက်ယောက်များ ရောက်ရှိလာမလားဟု ကျွန်တော်တို့ မျှော်လင့်ကြပါသည်။ ဒါပေမယ့် မရောက်လာတော့ပါ။

ကျွန်တော်တို့ လုပ်ခဲ့ငွေကြေးကိုလည်း ယခင်ကအတိုင်း တစ်ပတ်လျှင် တစ်ကြိမ်ကျ ဂျပန်စစ်ဗိုလ် တစ်ယောက်နှင့် ဂျပန်တပ်ကြပ်ကြီးများက ထုတ်ပေးခြင်း ဖြစ်ကြပါသည်။ ယင်းကိစ္စမှာလည်း ယခင်တုန်းကလောက် တာဝန်မကြီးတော့ပါ။ လက်ရှိ အလုပ်သမား ခွေးတပ်သားဦးရေက အတော်ကြီး လျော့နည်းသွား၍ တစ်ကြောင်း၊ တဲတိုင်းပေါ်တွင် နာကောင်ပက်လက်ဖြစ်နေသော အလုပ်သမား အရေအတွက်က လျော့နည်းလာခြင်းမရှိဘဲ တိုး၍ တိုး၍သာ များပြားလာသော ကြောင့် တစ်ကြောင်း ဖြစ်ပါသည်။ တကယ်လို့ တဲလိုင်းပေါ်တွင် တုံးလုံးပက်လက် ဖြစ်နေသော နာမကျန်းဖြစ်နေသူများထဲက တစ်ယောက်၊ နှစ်ယောက်၊ သုံးလေး ငါးယောက် လျော့နည်းသွားပြီဆိုလျှင်လည်း ယင်းလျော့နည်းသွားမှုမှာ ကောင်းသော လျော့နည်းမှုတော့ မဟုတ်ပါ။ ဖီဝိန်ချုပ်ငြိမ်း၍ ဖြစ်သလိုနည်းဖြင့် မြေမြှုပ်သင်္ကြိုဟ် လိုက်ရခြင်း ဖြစ်ပါသည်။

ထိုအတွင်း တစ်နေ့တွင်မူ တပ်ကြပ်ကြီး ယာမာကူချိသည် ကျွန်တော် ဘယ်လိုမှ မျှော်လင့်မထားသည့် စကားတစ်ခွန်းကို ပြောကြားခြင်းပြုပါသည်။ သူ့စကားကို ကြားရသည်မှာ ကျွန်တော့်အဖို့ မဂ်လာရှိလှပါသည်။ ဝမ်းသာစရာ လည်း ကောင်းလှပါသည်။ တအံ့တသြလည်း အကြီးအကျယ်ဖြစ်ရပါသည်။

တကယ်ဆိုတော့ သူပြောသည့် မြန်မာစကားမှာ အဓိပ္ပာယ်ပြည့်စုံခြင်း၊ ဝါကျမှန်ကန်ခြင်းဆော့ မရှိပါ။ ကျွန်တော် သဘောပေါက်သလို ဘာသာပြန်ရလျှင်....

"သံဖြူဇရပ်သို့ ရထားလမ်းပေါက်ခဲ့လျှင် မြသန်းကြည် (ယူနိတာစိတီ မြသန်းကြည်) အငြိမ့်ဖြင့် အောင်ပွဲခံမည်။"

"မမာမကျန်း ဖြစ်နေသော ခွေးတပ်သားများအား နေရပ်အသီးသီးသို့ ပြန်ပို့ပေးမည်" ဟူသော မဂ်လာသတင်းစကား ဖြစ်ပါသည်။

နောက်စကားတစ်ခွန်းကိုလည်း သူက ပြောပါသေးသည်။ တစ်ခြားမဟုတ်ပါ။ 'မပြောတကား၊ မပြောတကား' ဘယ်သူ့မျှ မပြောနှင့်ဟူသော နှုတ်ပိတ်စကားပင် ဖြစ်သည်။

ဤအချိန်တွင် မီးရထားလမ်းမှာ ထိုင်းနိုင်ငံဘက်ရှိနေ၍ မြန်မာနိုင်ငံ ဘုရားသုံးဆူစခန်းထိ ဆက်သွယ်ဖောက်လုပ်၍ ပြီးစီးနေပြီ။ ထိုင်းဘက်မှ လာသော ရထားသည် တစ်နေ့တစ်ကြိမ်ကျ မှန်မှန် ဘုရားသုံးဆူဘူတာသို့ ဝင်ရောက်နေပေပြီ။

ညွှဉ်ဦးပိုင်းအချိန်၊ ဒါမှမဟုတ် ညဉ့်နက်ပိုင်းအချိန်[illegible] ဘုရားသုံးဆူ ဘူတာသို့ ရထားဝင်လာပြီဆိုလျှင် သေးငယ်စူးရှသော ရထားဥသြသံကို အပလုံ စခန်းမှ ကျွန်တော်တို့တစ်တွေ အတိုင်းသား ကြားနေရလေသည်။

ယင်းသို့ ကြားလိုက်ရသည့်အခါ ကျွန်တော်တို့အားလုံးမှာ မချိတင်ကဲ လှိုက်လှဲဝမ်းနည်းခြင်း ဖြစ်ကြရပါသည်။ ကျွန်တော်ရှေ့၌မှာပင် အချို့အချို့သော ခွေးကပ်သားကြီးများမှာ မျက်ရည်တွေ စီးကျလာပါသည်။ တစ်ချို့မှာ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ဘဲ ရှိုက်ကြီးငင်ကြီးဖြင့် အသံများထွက်အောင်ပင် ငိုကြွေးကြပါသည်။

သို့ပေမယ့် ဒီလူတွေ အမှတ်မရှိကြပါ။ ဒီလိုပဲပြောရပါလိမ့်မည်။ နောက်ရက် နောက်ညများတွင်လည်း အိပ်ပျက်ခံကြပြန်ပါသည်။ မီးပုံဘေးပတ်လည်တွင် ဝိုင်းဖွဲ့ခြင်းပြုကြပါသည်။ နောက်တော့ လွမ်းဆွတ်ကြေကွဲခြင်းဖြစ်ရမည့် ထိုဥသြသံ ကိုပင် သူတို့တွေ မျှော်မှန်းတမ်းမောကြသည် မဟုတ်ပါလား။

'နေပါဦး၊ ရထားဥသြသံ ကြားတာနဲ့ ဘာလို့ မျက်ရည်ကျရတာလဲ၊ ဘာကြောင့် ငိုရတာလဲ'

ခွေးတပ်သားကြီး တစ်ယောက်ကို ကျွန်တော် မေးမြန်းပါသည်။

"ဥသြသံကြားရင် အိမ်ကို သိပ်လွမ်းတာပဲ၊ သိပ်ကို သတိရတာပဲ၊ ငိုချင် လာတယ်၊ စိတ်ထိန်းလို့ မရဘူး"

"ဒီလိုဆို ထွက်ပြေးကြစို့၊ ဘယ်နယ်လဲ ပြေးရဲပါ့မလား"

ကျွန်တော်က သွေးဟိုးစမ်းကြည့်သည်။ အမေးခံရသူ ခွေးတပ်သားသည် ကျွန်တော်တို့ မအူပင်နယ်သား မဟုတ်ပါ။ တွဲတေးမှ လမုတန်းဘက်ကမှ သိရပါသည်။ ယခုနောက်ပိုင်းတွင် တပ်ဖွဲ့တွေက ပုံစံပျက်ကုန်ပြီ။ အုတ်အရော ကျောက်အရော ဖြစ်ကုန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

အမေးခံရသူ ချွေးတပ်သားကြီးမှာ အသက် ငါးဆယ်ကျော်၊ ခြောက်ဆယ် လောက်ရှိပြီ။ ကျွန်တော့်ထက် များစွာကြီးပါသည်။ ခြံလုပ်ငန်းသမားကြီးဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော့်အမေးကို သူ ချက်ချင်း အဖြေမပေးပါ။ အတန်ကြာအောင် ငြိမ်သက်နေပါသည်။ ကျွန်တော့်အပေါ် မယုံမရဲ အကဲခတ်နေကြောင်း ကျွန်တော် ရိပ်စားမိပါသည်။ ထိုသူ၏ ဦးခေါင်းဆံပင်များ သည် ရှည်ချင်တိုင်း ရှည်နေလေပြီ၊ ဖွာဆန်ကြိမနေအောင် နှစ်တောင်သာသာလောက် ရှိမည့် ဂုန်နီစ အပိုင်းတစ်ခုဖြင့် ရစ်ပတ်စည်းနှောင်ထားပါသည်။

ကျွန်တော် သိပါသည်။ နှစ်တောင်သာသာရှိသည့် ယင်းဂုန်နီစသည်ပင် အလုပ်ကြိုးစား[illegible]အား ဂျပန်မာစတာများက ပေးကမ်းချီးမြှင့်သည့် ဆုလာဒ် ဖြစ်ပါသည်။

သူသည် ကျွန်တော့်အမေးကို မဖြေဘဲ ကျွန်တော်မျက်နှာကို ရွှန်းရွှန်းစားစား စူးစိုက်ကြည့်သည်။ မွန်သိပ်ဖြာမှိုင်းပြီး ချိုင့်ခွက်နေသော မျက်လုံးအိမ်အတွင်းမှ ဓာတ်အားတက်သည့် အလင်းရောင်တစ်ချက် ဝင်းလက်လာလေသလားဟု ကျွန်တော် ထင်မှတ်မိပါသည်။ နောက်တော့ ထိုသူသည် ကျွန်တော် မထင်မှတ် သော မေးခွန်းတစ်ခုကို မေးမြန်းခြင်းပြုပါသည်။

"ဆရာလေး ခေါင်းဆောင်မှာလား"

သူ့ကို အဖြေပေးလိုက်ရပါလိမ့်မည်။ ကိုယ်က စလိုက်သည့်ကိစ္စ မဟုတ် ပါလား။

"ခေါင်းဆောင်မှာပေါ့ဗျာ၊ ခေါင်းဆောင်ရမှာပေါ့၊ ဒါပေမယ့် ခုနေ ထွက်ပြေး လို့တော့ မကောင်းသေးဘူးဗျ။ သံဖြူဇရပ်ထိ ရထားလမ်းပေါက်အောင် စောင့်ရ ဦးမှာပေါ့၊ အဲဒီတော့မှ ဖြစ်တဲ့နည်းနဲ့ ရထားပေါ် ခိုးစီးလိုက်သွားရံပေါ့ဗျာ၊ သံဖြူ ဇရပ်ကို ရထားလမ်းဆက်မိဖို့ သိပ်မကြာတော့ပါဘူးလေ"

သို့ဖြင့်-

စခန်းတာဝန်ခံ ကိုဘစိန်ကို ဂျပန်များခေါ်ဆောင်သွားပြီးနောက် အပလုံစခန်း တွင် နောက်ထပ်ပြီး တစ်လကျော်လောက်သာ ကျွန်တော်တို့ ဆက်လက်၍ နေထိုင်ရပါသည်။ ဆောင်းရာသီကုန်လုလုတွင် ကျွန်တော်တို့တစ်တွေ ဘုရားသုံးဆူ စခန်းသို့ ပြောင်းရွှေ့ခြင်းပြုရပြန်ပါသည်။

ဤတွင် ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့မှတ်တမ်း တတိယပိုင်းကို နိဂုံးချုပ်အပ်ပါသည်။

လင်းယုန်သစ်လွင်

၅-၁၀-၁၉၉၁

ဗုဒ္ဓရုပ်တုတော် ထုလုပ်ပြီးစီး

ဗန်ကောက် ဒီဇင်ဘာ ၂၈

ဒုတိယကမ္ဘာစစ်အတွင်း ထိုင်းနိုင်ငံ အနောက်တောင်ပိုင်း ထိုင်း-မြန်မာ နယ်စပ်၌ ရထားလမ်း ဖောက်လုပ်ရာတွင် ဂျပန်စစ်တပ်က ချွေးတပ်ဆွဲခဲ့ပြီးနောက် သေဆုံးခဲ့ရသည့် နိုင်ငံခြားသားများအတွက် အမှတ်တရ အထိမ်းအမှတ်အဖြစ် ဂျပန်စစ်သားဟောင်းတစ်ဦးက ထုလုပ်သည့် ဗုဒ္ဓရုပ်တုတော် တစ်ဆူမှာ အပြီးသတ် ပြီးစီးသွားပြီဟု သိရသည်။

ဗုဒ္ဓရုပ်တုတော်ထား ရှိမည့် ဘုရားကျောင်းဆောင်မှာ တစ်ဝက်တစ်ပျက် ပြီးစီးနေပြီဖြစ်ပြီး ချွေးတပ်ဆွဲ ခံရသူများအတွက် ရည်စူးသော အထိမ်းအမှတ်ပွဲကော် ပြုလုပ်ရန် စီစဉ်ထားသည်။ လာမည့်နှစ် စောစောပိုင်း၌ ပြီးစီးမည်ဖြစ်သည်။

အမ်ဘီအေ/ကျိုက်ဒို
ကြေးမုံသတင်းစာ
၃၀-၁၂-၈၅

www.burmeseclassic.com

www.burmeseclassic.com

ကွေမြစ်ပေါ်မှ တံတား

ကမ္ဘာပေါ်တွင် နာမည်ဆိုး တွင်ကျန်ရစ်ခဲ့သော ထိုင်း-မြန်မာ မိုးရထားလမ်း 'သေမင်းတမန်လမ်း' တည်ဆောက်ကြရင်း မဟာမိတ်စစ်သုံ့ပန်း ခန့်မှန်းခြေ ၁၂၀၀၀ နှင့် အာရှနိုင်ငံမှ ချွေးတပ်သားပေါင်း ၁၀၀၀၀၀ ခန့် အသက် ဆုံးရှုံးခဲ့ကြရပြီးနောက် နှစ်ပေါင်း ၃၃ နှစ်အကြာ ၁၅-၁၀-၇၆ ရက်နေ့ မဟာမိတ်စစ်သုံ့ပန်းဖြစ်ခဲ့ကြသူ ၁၀ ဦးနှင့် ထိုစဉ်အခါက တာဝန်ကျခဲ့သည့် ဂျပန်စစ်သားဟောင်း ၄၂ ဦးတို့ 'ကွေမြစ်ပေါ်မှ တံတား'ကို ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အတူတကွ လက်တွဲကာ ဖြတ်လျှောက်ခဲ့ကြသည်။

ဤတွေ့ဆုံပွဲကို ဂျပန်စစ်တပ် စကားပြန်ဖြစ်ခဲ့သူ ဘာသာဗေဒ ပါမောက္ခ 'တကာရှိနာဂါဆီ' က စီစဉ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်ကိုယ်တိုင် သည်လို ကြိုးပမ်းစီစဉ်ခဲ့တာဟာ မုန်းတီးရေး နှစ်များကို ချစ်ကြည်ရေးနှစ်များအဖြစ် ဖြစ်လာအောင် ပြောင်းသစ်ပြီး တစ်ကမ္ဘာလုံးရဲ့ ခွင့်လွှတ်မှုကို တောင်းခံဖို့ပဲ ဖြစ်ပါတယ်"

အထက်ပါအတိုင်း ပါမောက္ခနာဂါဆီက အနက်အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။

Newsweek
၈-၁၁-၇၆

ဗုဒ္ဓဓေတီတော်
ဂျပန်စစ်ဖြန့်ကြီးတစ်ဦးတ စီစဉ်ခဲ့

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ဘုရင်တပ်မတော်အတွက် ရထားလမ်းဖောက်လုပ်ရာတွင် သေဆုံးခဲ့ကြရသော လူတစ်သိန်းနီးပါးတို့အား ရည်စူး၍ ဗုဒ္ဓဓေတီတစ်ဆူ တည်ထားရန် မိမိ စီစဉ်နေကြောင်းဖြင့် ထိုင်းနိုင်ငံရှိ ကွေမြစ်နှင့် သေမင်းတမန် ရထားလမ်း ဖောက်လုပ်စဉ်က အဖြစ်အပျက်များကို ယခုတိုင် ဖျောက်ဖျက်ပစ်၍ မရနိုင်သေးဘဲ ရှိနေသည့် ဒုတိယကမ္ဘာစစ်ပြန်ကြီး 'နာဂါဆီတာကာရှိ (၆၇ နှစ်) က ထိုင်းနိုင်ငံသို့ ရောက်ရှိနေခိုက် ပြောကြားသည်။

နာဂါဆီဟာကာရှိသည် ယခုအခါ အင်္ဂလိပ်စာသင်ကျောင်းတစ်ခုတွင် ကျောင်းဆရာအလုပ်ဖြင့် အသက်မွေးလျက်ရှိသည်။ ၎င်းသည် ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ လက်နက်ချ အညံ့ခံခဲ့သည့် အကြိမ် (၄၀) မြောက် နှစ်ပတ်လည် အခါသမယ၌ အဆိုပါ ဖောင်ရွာကျော်ကြားသော ရထားလမ်းသို့ လွန်ခဲ့သည့် သီတင်းပတ်က ပြန်လည်လာရောက်ခဲ့သည်။ တာကာရှိသည် ကိုးသို့ ရောက်ရှိနေစဉ်အတွင်း မဟာမိတ် စစ်သမျှိုင်းသို့ သွားရောက်လည်ပတ်ပြီး စေတီတည်ရာဒေသရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းလျက် ရှိသည်။ စေတီတည်ရေးအတွက် ကုန်ကျစရိတ်အများစုကို ၎င်း၏ ကိုယ်ပိုင်ငွေမှ လျှဒါန်းကျခဲ့သွားမည်ဟုလည်း သိရသည်။

တာကာရှိသည် ကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ထိုင်းနိုင်ငံအနောက်ပိုင်းရှိ ကွေမြစ်တံတားကို အကြိမ်ပေါင်း ၃၀ ကျော် လာရောက် လည်ပတ်ခဲ့သည်။ တာကာရှိသည် ဟောလိဝုဒ် ရုပ်ရှင်ကားများနှင့် စာအုပ်များစွာဖြင့် ဖော်ပြပြီး လူသိများ ကျော်ကြားလျက်ရှိသော ကွေမြစ်ကူးတံတားပေါ် ဖြတ်သန်းလမ်းလျှောက်ခဲ့သည်။

ထိုင်းနှင့် မြန်မာနိုင်ငံအကြား ရှိ သစ်တောများကို ဖြတ်၍ ၂၅၈ မိုင်ရှည်သော ရထားလမ်းကို ဖောက်လုပ်ခဲ့ရာတွင် ပါဝင် လုပ်ကိုင်ခဲ့ကြသော ဩစတြေးလျ၊ ဗြိတိန်၊ ဒတ်ချ်နှင့် အမေရိကန်စစ်သုံ့ပန်း ၁၆၀၀၀ ကျော်နှင့် အာရှကိုက်မှ အလုပ်သမား ၈၀၀၀၀ မှ တစ်သိန်းထိ သေဆုံးခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ
အမှာ

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အုပ်ချုပ်ရေးခေတ် ၁၉၄၂ ခု၊ နိဝင်ဘာလမှ စတင်ကာ 'ထိုင်း–မြန်မာ မီးရထားလမ်း' ဖောက်လုပ်ရေးကို ဂျပန် ဘုရင်တပ်မတော် စစ်ဦးစီးဌာနနှင့် အုပ်ချုပ်ရေးဌာနတို့မှ ပူးတွဲလျက် ဆောင်ရွက်ခဲ့ကြပေသည်။

စစ်အတွင်း စစ်ရေးအရ ဖောက်လုပ်သော ရထားလမ်းဖြစ်ခြင်းကြောင့်လည်း သဲလမ်းဖောက်လုပ်ရာတွင် ဗြိတိသျှ၊ ဩစတြေးလျ၊ ဒတ်ချ်စသော မဟာမိတ် စစ်သုံ့ပန်းများအပြင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယ စသော အရပ်သား အလုပ်သမားများကိုလည်း အမြောက်အများပင် အသုံးပြုခဲ့ပေသည်။

ရာသီဥတုဆိုးရွားခြင်း၊ အစားအစာနှင့် အဝတ်အထည် မလုံလောက်ခြင်း၊ ဆေးဝါးနှင့် ကုသခံယူရန် မလွယ်ကူခြင်း၊ အလုပ်ဒဏ် ကြဲမ်းတမ်းခြင်း စသော ချွတ်ယွင်းချက်ပေါင်း များစွာကြောင့် လူအဖြစ် အပျောက်များလည်း ကြောက်ခမန်းလန့်ခမန်း ရှိခဲ့သည်။ ထို့ကြောင့် စစ်ကြီးပြီးသွားသည့်အခါ **'ထိုင်း–မြန်မာ မီးရထားလမ်း'** သည် **အရှေ့တောင်အာရှ၏ 'သေမင်းတမန် မီးရထားလမ်း'** ဟု ကမ္ဘာက အသိ အမှတ်ပြုခဲ့ခြင်း ဖြစ်လေသည်။

သဲလမ်းဖောက်လုပ်ရာတွင် မြန်မာနိုင်ငံဘက်မှ 'သံဖြူဧရပ်မှ ဘုရားသုံးဆူ' စခန်းအထိလည်းကောင်း၊ ထိုင်းနိုင်ငံဘက်မှ 'ဘန်ပေါင် (Ban Paung) မှ ဘုရားသုံးဆူ' စခန်းအထိလည်းကောင်း တာဝန်ယူ ဖောက်လုပ်ရလေသည်။

ဤတွင် မြန်မာနိုင်ငံဘက်မှ တာဝန်ယူ ဖောက်လုပ်ခဲ့ရသော အတွေ့အကြုံ ဖြစ်ရပ်များကိုမူ သုကေသီ ပုဂ္ဂိုလ်များကလည်းကောင်း၊ သဲလမ်းဖောက်လုပ်ရာတွင် ကိုယ်တိုင်ကိုယ်ကြုပ် ပါဝင်ခဲ့သူများကလည်းကောင်း၊ စာအုပ်စာတမ်းအဖြစ်လည်းကောင်း၊ စာနယ်ဇင်းများတွင် လက်လှမ်းမီသလောက် ရေးသားခဲ့ကြပြီးဖြစ်၍လည်းကောင်း အထိုက်အလျောက် ပြည့်စုံပြီဟု ဆိုနိုင်ဖွယ်ရှိလေသည်။

နောက်ဆက်တွဲ ဖော်ပြထားသည့် အကြောင်းရပ်များသည်မူ ဗြိတိသျှ စစ်မှုထမ်း သုံ့ပန်းတစ်ဦး၏ ထိုင်းနိုင်ငံဘက်မှ အတွေ့အကြုံ ဖြစ်လေသည်။ သမိုင်းဖြစ်ရပ်တစ်ခုကို လေ့လာရာတွင် ယင်းဗြိတိသျှ စစ်သုံ့ပန်း၏ အမှတ်အသား ပြုလုပ်ထားချက်များမှာလည်း ခြွင်းချန်မထားသင့်သော အကြောင်းရပ်များ ဖြစ်သည်ဟု ယူဆပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်ငယ်ကို ရေးဖော်လင်းယုန်မောင်မောင်ထံမှ ရရှိ၍ ရေးဖော်တစ်ဦးဖြစ်သော ဦးအောင်ကျော် (စာရေးဆရာ မောင်ကြာညို) က မြန်မာဘာသာသို့ ပြန်ဆိုပေးခြင်း ဖြစ်သဖြင့် ယင်းပုဂ္ဂိုလ်နှစ်ဦးအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ (က)

အောက်ဖော်ပြပါ အချက်များသည် ထိုင်း-မြန်မာ မီးရထား လမ်း ဖောက်လုပ်ရာ၌ ထိုင်းနိုင်ငံဘက်တွင် ကြုံတွေ့ခဲ့ရသော ဖြိုတိသျှ စစ်သည်တော် သုံ့ပန်းတစ်ဦး၏ အတွေ့အကြုံများ ဖြစ်လေသည်။

ကျွန်ုပ်တို့၏ တစ်နေ့တာ ကာလ

စခန်းအများဆုံးတွင် တစ်နေ့တာလုပ်ငန်းကို လူစာရင်းခေါ်ခြင်းနှင့် စတင်ပြီး နောက် ဆန်ပြုတ်နှင့် လက်ဖက်ရည်ကို နံနက်စာအဖြစ် စားသောက်ရလေသည်။ ပြီးလျှင် နံနက် (၈) နာရီတွင် အလုပ် စတင်ရန် လက်နက်ကိရိယာများကို ယူဆောင်လျက် အလုပ်ခွင်ရှိရာသို့ သွားကြရလေသည်။ မွန်းတည့်ချိန်တွင် တစ်နာရီခန့် အနားရကြသည်။

စင်စစ် အနားရသည်ဆိုသော်လည်း ယင်းအချိန်သည် နေ့လယ်စာ စားသောက်ရန် အချိန်ပင် ဖြစ်လေသည်။ စခန်းနှင့် အလုပ်ခွင်နီးလျှင် နေ့လယ်စာ လာပို့သည်။ အကယ်၍ စခန်းနှင့် အလုပ်ခွင် ဝေးနေမည်ဆိုပါက နံနက်ကပင် ထမင်းနှင့် ဟင်းသီးဟင်းရွက် အခြောက်ကြော်များကို ယူဆောင်လာရပြီး ယင်း ထမင်းအေး၊ ဟင်းသီးဟင်းရွက်ကြော်အအေးကိုပင် နေ့လယ်စာအဖြစ် စားသောက် ကြရလေသည်။

ထို့နောက် ညနေ (၄) နာရီအထိ အလုပ်ကို ဆက်လက်လုပ်ကိုင်ကြရပြီး စခန်းသို့ ပြန်ကြရသည်။ အလုပ်သိမ်းသည့်အခါ အနီးတွင် စမ်းချောင်း သို့မဟုတ် မြစ် ချောင်းများရှိလျှင် ရေချိုးချိန် ရကောင်း ရနိုင်သည်။ စခန်းရောက်၍ ညထမင်း စားပြီးချိန်တွင် ဒုတိယအကြိမ် လူစာရင်း ခေါ်ပြန်သည်။

ကျွန်ုပ်တို့ သုံ့ပန်းစခန်းများကို ဂျပန်တို့က မီးမပေး။ ထို့ကြောင့် အဝတ်ဖွပ်လျှော်ခြင်း၊ ဖာထေး ခြင်းနှင့် အခြားသော ကိုယ်ရေးကိုယ်တာကိစ္စဆိုလျှင် မမှောင်ခင်ဖြစ်စေ၊ မီးပုံဘေးတွင် ဖြစ်စေ အလုအယက် လုပ်ကိုင်ကြရလေသည်။

နောက်တစ်နည်း ရှိသည်မှာ အုန်းဆီ (သို့မဟုတ်) ခိုးဝှက်ယူရသော ရေနံဆီကို ရှဉ့်နှင့်ရောစပ်ကာ အဝတ်စုတ်မီးစာဖြင့် ထွန်းသည့် မီးအလင်းရောင်တွင် ဖြစ်စေ လုပ်ဆောင်ကြရလေသည်။

ဂျပန်ဆရာဝန်

ဂျပန်တို့သည် စစ်သုံ့ပန်းများထဲမှ ဖြစ်စေ၊ မိမိတို့ ဂျပန်အချင်းချင်းထဲမှ ဖြစ်စေ ဖျားနာသူများကို ကောင်းစွာ ဂရုမစိုက်ကြပေ။ ဂျပန်လူနာ အများအပြားသည် ကောင်းစွာ ကုသပေးခြင်း မခံရသည့်အတွက် သုံ့ပန်းဆရာဝန်များထံ ခိုးကြောင်ခိုးဝှက် လာ၍ ဆေးကုသခံကြရလေသည်။

မီးရထားလမ်း ဖောက်လုပ်ရာတွင် မြန်မာနိုင်ငံဘက်ရှိ စစ်သုံ့ပန်းများ အားလုံးအတွက် တာဝန်ယူရသော ဆေးမှူးမှာ 'ဟာဂူကို' ဆိုသူ ဖြစ်သည်။ သူသည် ဆေးပညာကို နည်းမှန်ပုံမှန် သင်ယူခဲ့သူ မဟုတ်ဟု ပြောကြသည်။ သူသည် သံဖြူရောဗ်နှင့် အထက်ပိုင်းရှိ လူနာပေါင်းများစွာ သက်သာရေးကို အာမခံခဲ့မှု ထိထိရောက်ရောက် လုပ်မပေးခဲ့ပေ။

သို့သော် ဂျပန်တို့သည် စစ်သုံ့ပန်းတစ်ယောက်ကိုကား ဂျပန်ဆရာဝန်တို့၏ ကုသပေးခြင်းကို အထူးတလည် ခံယူစေခဲ့သည်။ ထိုသူမှာ မြန်မာပြည်ဘက်ရှိ စစ်သုံ့ပန်း လမ်းဖောက်သမားအားလုံး ပါဝင် သော အုပ်စုအမှတ် ၃ အတွက် တရားဝင် စကားပြန်ဖြစ်လေသည်။ ထိုသူ့အသက်သည် ကယ်ဆယ်ခြင်း ခံရ လောက်အောင် တန်ဖိုးရှိသည်ဟု ဂျပန်တို့က ယူဆဟန် ရှိလေသည်။

ထိုသူသည် အူအတက်ပေါက်သဖြင့် မော်လမြိုင်ရှိ ဂျပန်ဆရာဝန် တစ်ယောက်ထံ ပို့ကာ ခွဲစိတ်ခြင်း ခံစေသည်။ ထိုသူကို ခွဲရာတွင် မေ့ဆေးကို မသုံးချေ။ အော်ဒလီ ငါးယောက်က အတင်းချုပ်ကိုင်ထားစေပြီး ခွဲစိတ်ခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ လူနာများကို ဂျပန်တို့ ကောင်းစွာဂရုမစိုက်ခြင်းမှာ ဖျားနာသူများသည် ကောင်းစွာ အစာမစားနိုင်သဖြင့် ထိုသူတို့အတွက် ရိက္ခာလျော့ပေးနိုင်သောကြောင့်ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ခဏ်ကြောင့် မှေခြောက်နှောင့်ခြင်း

ဗြိတိသျှနှင့် သြစတြေးလျှ ထက်ဝက်ခန့်စီ ပါဝင်သော အလုပ်သမားအဖွဲ့ (ဃ) သည် တာရိုးကြီး တစ်ခုကို အပူတပြင်း ဖို့ကြရသည်။ စစ်သို့ပန်းများသည် နေ့ရော ညပါ အနားမရှိ။ သူ့အဆိုင်းနှင့် သူ အလှည့်ကျ လုပ်ကိုင်ကြရလေသည်။ နောက်ဆုံးအပြီးသတ် တာပန်ကျသည့် အဆိုင်းသည် နာရီသုံးဆယ် လုံးလုံး မနားမနေ လုပ်ကိုင်ကြရလေသည်။ ပြီးသောအခါ အလုပ်ခဏ်ကြောင့် မေ့မြော မိန်းမောနေကြသူ ဒါဇင်ပေါင်း မြောက်မြားစွာကို အဖော်ဖြစ်သူ စစ်သို့ပန်း ရွေးတပ်သားများက စခန်းရှိရာသို့ သယ်ဆောင်သွားကြရလေသည်။

ကျပန်တို့ အကျင့်အတည်း

ကျပန်တို့အဖို့ မှန်မှန်ကြီး ဆိုးရွားလာသော စစ်ရေးအခြေအနေကြောင့် ထိုင်း-မြန်မာ မီးရထားလမ်း အမြန်ဆုံးပြီးစီးရန် လိုအပ်လာသည်။ စောစောပိုင်းတွင် ဗြိတိသျှ၊ ဟော်လန်နှင့် အမေရိကန်ပြည်ထောင်စုတို့ အပေါ် မျှော်လင့်ထားသည်ထက် ပို၍ လွယ်ကူလျင်မြန်စွာ အောင်ပွဲများ ရလာသောအခါ ကျပန်တို့သည် ရပြီးသား နယ်မြေများကို ဖြန့်ကုပ်မြဲအောင် ကြိုးစားရမည့်အစား နောက်ထပ် တိုးချဲ့ရန်ကိုသာ ကြဲစည် ကြိုးစားလာကြလေသည်။

ကျပန်တို့သည် အမေရိကန် ပစိဖိတ်ရေတပ်ကို မျှားခေါ်ပြီး ချေမှုန်းရန် ရည်ရွယ်ချက်ဖြင့် မစ်ဒဲဝေးကျွန်းကို ရေကြောင်းမှ အကြီးအကျယ် ချီတက် တိုက်ခိုက်ရန် စီစဉ်လေသည်။ ယင်းတို့၏ လက်နက်နှိုင်ငံ အရှေ့ဖျား နယူးဂိနီကျွန်း တောင်ပိုင်းရှိ မော်စတီဆိပ်ကမ်းမြို့နှင့် ဂွာဒါကာနယ်ကျွန်းအနီးရှိ တူလာဂီကျွန်း တို့ကိုလည်း သိမ်းပိုက်ရန် ကြိုးစားခဲ့လေသည်။

သို့သော် ယင်းစီမံကိန်း သုံးရပ်စလုံးမှာပင် ဂျပန်များအနေဖြင့် အရေးနိမ့်ခဲ့ရလေသည်။

သို့အတွက် စစ်လက်နက် ရိကွာပစ္စည်းများကို မြန်မာပြည် စစ်မြေပြင်ထက်သို့ များစွာမပို့နိုင်ဘဲ ဖြစ်ခဲ့ရလေသည်။ အိန္ဒိယပြည် အရှေ့မြောက်ပိုင်းတွင် ဗြိတိသျှတို့ စစ်အင်အားကလည်း ပိုမိုကာ ကြီးမားလာသည်။ ထို့အပြင် အမေရိကန်လေယာဉ်များသည် အိန္ဒိယမှနေ၍ တရုတ်ပြည် ယူနန်ရှိ ချန်ကေရှိတ်၏ စစ်တပ်များသို့ လက်နက်ပစ္စည်းများ မှန်မှန်ကြီး ပို့ဆောင်ပေးနေသည်။

တဖြည်းဖြည်း အင်အားကြီးထွားလာသော ဗြိတိသျှလေတပ်သည်လည်း မြန်မာ့ဝေဟင်ကို ပိုမိုလွှမ်းမိုးလာသည်။ မြန်မာပြည်သည် သစ်တောထူထပ်သည့် အလျောက် သစ်ပင်များအောက်တွင် တည်ဆောက်ထားသော စစ်အဆောက်အအုံ၊ စခန်းချနေသော စစ်တပ် စသည်တို့ကို လေကြောင်းမှ တိုက်ခိုက်ရန် ခဲယဉ်းသည်။ သို့အတွက် ဗြိတိသျှ လေတပ်သည် လမ်းပန်းအဆက်အသွယ်နှင့် ဂျပန်တို့၏ လေယာဉ်ကွင်းများကိုသာ ဖိ၍ တိုက်ခိုက်ရလေသည်။

၁၉၄၂ ခု၊ အောက်တိုဘာလတွင် အမေရိကန် လေတပ်ကလည်း ရန်ကုန်၊ မန္တလေးနှင့် အခြားသော ပစ်မှတ်များကို ဖိတိုက်လာသည်။ ဂျပန်တို့၏ လက်နက် ပစ္စည်း အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်မြို့ကို အဓိကထားလျက် တိုက်သည်။ ဂျပန်တို့သည် ရက်သတ္တတစ်ပတ်လျှင် ကုန်တန်ချိန် တစ်သိန်းလေးသောင်း အတင်အချလုပ်နိုင်မှ မြန်မာပြည် စစ်မြေပြင်အတွက် အဆင်ပြေမည် ဖြစ်သည်။

ဤအတွင်း ဂျပန်တို့၏ ကုန်သင်္ဘောဆုံးရှုံးမှုကလည်း ပိုပြီးများပြားလာသည်။ ၁၉၄၂ ခုနှစ်ကုန်တွင် ဂျပန်ကုန်သင်္ဘော '၂၄၀' စုစုပေါင်းတန် တစ်သန်းကျော် နစ်မြုပ်ခဲ့လေသည်။ မဟာမိတ်တို့၏ လေကြောင်းနှင့် ရေငုပ်သင်္ဘော အင်အား ကလည်း တိုးတက်လာသည်။ ဂျပန်တို့သည် ကုန်ချောပို့ ကုန်ကြမ်းယူရန် ပင်လယ်လမ်းကို အားမကိုးနိုင်တော့သည့်အတွက် 'ထိုင်း-မြန်မာ မီးရထားလမ်း' သည် စစ်ရေးအရ အထူးပင် အရေးပါလာလေသည်။

ဤရထားလမ်းကို ၁၉၄၃ ခု၊ နိုဝင်ဘာလတွင် အပြီးဖောက်လုပ်ရန် မူလက သတ်မှတ်ခဲ့သည်။ သို့သော် အထက်ဖော်ပြပါ အချက်များကြောင့် အမြန်ပြီးဆုံးရန် လိုအပ်လာသဖြင့် ၁၉၄၃ ခု၊ ဩဂုတ်လတွင် အပြီးအစီးဖောက်မည်ဟု ယင်းနှစ် ဖေဖော်ဝါရီလတွင် တိုကျိုမြို့၌ ကြေညာခဲ့လေသည်။ မြန်မာပြည်ဘက်၌ မိုးကုန်မည့် စက်တင်ဘာလတွင် မဟာမိတ်လေတပ်များက ဖိတိုက်လာမည်ဖြစ်သောကြောင့် မိုးမကုန်မီ လက်နက်ပစ္စည်းများကို များများ သယ်ဆောင်ထားရန် ဂျပန်တို့တွင် ရည်ရွယ်ချက် ရှိလေသည်။

သို့အတွက် ဤလမ်း လျင်မြန်စွာ ပြီးစီးနိုင်ရေးအတွက် အလုပ်သမားများကို စနစ်တကျ စုဆောင်းရန် အရှေ့တောင်တိုင်း ဂျပန်ကပ်မတော်သို့ ညွှန်ကြားချက် ရောက်လာသည်။ အလုပ်သမားရနိုင်သည့် ဌာနနှစ်ခုမှာ စကားပုမြို့၊ ချန်ဖျိစခန်းရှိ မဟာမိတ်သုံ့ပန်းများနှင့် အရှေ့တောင်အာရှ တိုင်းရင်းသားများပင် ဖြစ်လေသည်။

ဤတွင် အာရှတိုက်သည် အာရှတိုက်သားများအတွက် ဖြစ်စေရမည်ဟု ကြွေးကြော်ကာ သာတူ ညီမျှ ကောင်းစားရေး ဒေသကြီး တည်ဆောက်ပါမည်ဟုသော

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၂ ခု၊ ဩဂုတ်လအတွင်း ဒေါက်တာဘမော် အစိုးရက အလုပ်သမား များကို စီမံအုပ်ချုပ် ကွပ်ကဲမည့် ဗဟိုအလုပ်သမား ထိန်းသိမ်းကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းမည့်အကြောင်းကို ကြေညာလေသည်။

ထို့နောက် စစ်ရေး ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်မျိုးသားလုံး စည်းလုံးမည့် အစီအစဉ်တစ်ရပ်ကို ကြေညာလေသည်။ တစ်မျိုးသားလုံး၏ အားထုတ်လုပ်ရှားမှုကို တပ် လေးတပ်ဖွဲ့၍ လှုပ်ရှားသည်။

ယင်းကို အနက် တစ်တပ်မှာ 'ချွေးတပ်' ဖြစ်သည်။ ထိုချွေးတပ်၏ အဓိက တာဝန်မှာ ထိုင်း–မြန်မာ မီးရထားလမ်းနှင့် ယင်းလမ်းဘေးတစ်လျှောက်၌ တစ်ပါတည်း ဖောက်လုပ်နေသည့် ကားလမ်းကို ဖောက်လုပ်ပေးရန် ဖြစ်လေ သည်။

ချွေးတပ်တွင် လိုက်ပါသူများမှာ မိမိတို့ သဘောဆန္ဒအရလာက် အတင်း အကျပ် အဝင်ခိုင်းသဖြင့် ဝင်ရခြင်းက ပို၍များလေသည်။ အကြောင်းမှာ ဖြို့ပိုင် များက ကောင်းသမျှ လူများကို ကျေးရွာသူကြီးများက ရအောင် ရှာပေးရသော ကြောင့်ပင် ဖြစ်သည်။ သူကြီးတစ်ဦးသည် သူ့ဆွေမျိုးသားချင်းများကို ပုက်ကားပြီး သူနှင့် မသင့်မြတ်သူများကို ထည့်သွင်းလေသည်။ အချို့က လာက်ယူပြီး မဝင်ဘဲ နေရအောင် လုပ်ပေးလေသည်။ မရိုးမသားသည့် ဆရာပန်များကလည်း လာက်ယူပြီး မကျန်းမာကြောင်း ဆေးလက်မှတ်ထုတ်ပေးကြလေသည်။

စစ်ကြောင့် အလုပ်လက်မဲ့ ထူပြောလာခြင်း

သို့ရာတွင် လယ်ယာလုပ်ငန်းခွင်နှင့် မြို့ပေါ်များတွင်လည်း အလုပ်လက်မဲ့ ထူပြောလာခြင်းကြောင့်လည်းကောင်း၊ ဂျပန်တို့၏ မြှုဆွယ်မှု၊ ဝါဒဖြန့်မှုများ ကြောင့်လည်းကောင်း ချွေးတပ်တွင်းသို့ ဝင်ရောက်လာသူ အင်အားမှာလည်း မနည်းပါပေ။ မီးရထားလမ်း အလုပ်သမားများအတွက် အလုပ်သမား သမဂ္ဂများ ဖွဲ့စည်းခွင့်ပေးမည်။ နေအိမ်၊ အစားအသောက်နှင့် နောင်အခါ အလုပ်ကြိုးစားလျှင် အမြဲတမ်း အလုပ်သမားအဖြစ် ခန့်ထားပေးမည်ဟူသော ဂျပန်နှင့် ဒေါက်တာ ဘမော် အစိုးရ၏ ဝါဒဖြန့်ချက်များမှာလည်း ဘာတစ်ခုမျှ အဖောက်အထည် ပေါ်မလာပေ။

ဒုတိယ အလုပ်သမားတပ်ဖွဲ့မှာ 'ဟေးဟိုး' တပ် ဖြစ်သည်။ ထိုတပ်သည် အထွေထွေအလုပ်သမား (ဝါ) ရှေ့ပြေး အလုပ်သမားတပ်ဖြစ်ပြီး ယင်းကို

ဂျပန်များကို မလေး၊ ဂျာဗားနှင့် မြန်မာ လူမျိုးတို့က အစပိုင်းတွင် တက်ကြွစွာ အားပေးထောက်ခံခဲ့ကြသည်။

သို့သော် ဂျပန်တို့ကား ယင်းတို့လက်အောက် ကျရောက်လာသော အရှေ့တောင်အာရှ နိုင်ငံသားများကို စစ်သဲ့ပန်းများနည်းတူ ကြမ်းတမ်းစွာ နှိပ်စက်ဆက်ဆံလာသောအခါ ယင်းတိုင်းရင်းသားတို့၏ ထောက်ခံယုံကြည်မှုကို လျင်မြန်စွာ လက်လွှတ်ဆုံးရှုံးကြရလေသည်။

မလေးရှားနိုင်ငံတွင် ဤလမ်းဖောက်လုပ်မည့် အလုပ်သမားများကို လစာကောင်းကောင်း ပေးမည်။ အိမ်ကောင်းကောင်း နေရမည်။ ရိက္ခာရာရှင် ပို့ပေးမည်ဟု မက်လုံးပေး မြှုဆွယ်ခဲ့ရာ တမိလ်ကုလားလူမျိုးများ၊ မြန်မာနှင့် မလေး အလုပ်သမား အများအပြား လိုက်လာကြပေသည်။ အချို့မှာ ဇနီးနှင့် သားသမီးများကိုပါ ခေါ်ဆောင်လာကြလေသည်။

ဂျာဗားကျွန်းတွင်ကား မလေးရှားနိုင်ငံလောက် အလုပ်အကိုင် အခြေအနေ မဆိုးသေးသဖြင့် အလုပ်သမားများများ ခေါ်ယူ၍ မရပေ။ ထိုအခါ ဂျပန်တို့သည် မြို့ကြီးများပေါ်တွင် အခမဲ့ ရုပ်ရှင်ပြသ သည်။ ယုံကြည်လောက်အောင် လေးငါးဆယ်ည ပြသပြီးသောအခါ ရုပ်ရှင်ကြည့်သူများကို ပိတ်ဖမ်းပြီး သန်မာသော ယောကျ်ားတိုင်းကို ချွေးတပ်ဆွဲလေသည်။

(မြန်မာပြည် မြို့ကြီးအချို့တွင်လည်း ဂျပန်များ ဤနည်းအတိုင်း ကျင့်သုံး ခဲ့လေသည်။ **စာရေးသူ**)

တကယ်တမ်း တိုင်းရင်းသား အလုပ်သမားများ ရရှိသော ရိက္ခာရာရှင်သည် စစ်သဲ့ပန်းများ ရရှိသော ရိက္ခာရာရှင်လောက် မရှိပေ။ ယင်းတို့ရရှိသော လုပ်ခမှာ လည်း မတော်ရုံ၊ မသေရုံသာ ရှိသည်။ ၎င်းတို့တွင် ခေါင်းဆောင်ကောင်းဟူ၍လည်း မရှိ။ စည်းလုံးမှုလည်း မရှိ။ စည်းကမ်းလည်းမရှိ။ ထိုအခါ တိုင်းရင်းသား အလုပ်သမားပေါင်းများစွာသည် ရထားလမ်းဘေး တစ်လျှောက်တွင် တိရစ္ဆာန်များ သေသလို သေဆုံးကြရလေသည်။

မြန်မာပြည်တွင်ကား အလုပ်သမား စုဆောင်းရေးကိစ္စကို ဒေါက်တာဘမော် အစိုးရက ကူညီသည်။ မြန်မာတို့သည် ကာယအလုပ်ကို သိပ်မလုပ်ချင်ကြ။ သို့အတွက် မြန်မာပြည်ကို ဂျပန် မသိမ်းမီက မြန်မာ ပြည်ရှိ အလုပ်ကြမ်းသမား အားလုံးနီးပါးမှာ ကုလားများသာ ဖြစ်ကြသည်။ ဂျပန် ဝင်လာသောအခါ ကုလားအလုပ်သမား တစ်ဝက်ခန့် အိန္ဒိယသို့ ပြန်ပြေးကြရာ ဂျပန်တို့အဖို့ အလုပ်သမား မလုံမလောက် ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်များကိုယ်တိုင် မွဲ့စည်းခြင်း ဖြစ်သည်။ သို့ရာတွင် ထိုတပ်ဖွဲ့မှာလည်း ကျန်သော အလုပ်သမား တပ်ဖွဲ့များထက် မသာပေ။ အစားအသောက်၊ ဆေးဝါး၊ ကုသပေးမှုနှင့် စခန်းအခြေအနေ အားလုံးမှာလည်း အည့ံစားဖြစ်သည်။ ထို့ကြောင့် တစ်နေ့တခြား ထွက်ပြေး သူများ များပြားလာလေသည်။

နောက်ထပ် သံ့ပန်းအလုပ်သမားများ ခေါ်ယူခြင်း

မီးရထားလမ်း ဖောက်လုပ်ရေးအတွက် နောက်ထပ် အလုပ်သမား အများအပြား ရနိုင်မည့်နေရာမှာ စကာပူမြို့၊ ချန်ချီစခန်းရှိ စစ်သုံ့ပန်းများ ဖြစ်သည်။ မီးရထားလမ်းတစ်လျှောက်တွင် မဟာမိတ် စစ်သုံ့ပန်း ပေါင်း ၁၆,၀၀၀ ခန့် ကျန်နေသေးသည်။ ယင်းတို့အနက်မှ အပင်ပန်းဆုံး အလုပ်များကို လုပ်ကိုင်ရမည့် တပ်ဖွဲ့နှစ်ဖွဲ့ မွဲ့စည်းရန် ဂျပန်တို့က စီစဉ်သည်။ ယင်းတပ်ဖွဲ့နှစ်ဖွဲ့ကို 'စ' တပ်ဖွဲ့နှင့် 'ဇ' တပ်ဖွဲ့ဟု ခေါ် သည်။ ယင်းတို့ကို ၁၉၃၄ ခုနှစ်၊ ဧပြီလနှင့် မေလတွင် တောတွင်းစခန်းများသို့ အသီးသီး ပို့လိုက်သည်။ ယင်းသို့ ပို့ရာတွင် ဂျပန်တို့၏ ရည်ရွယ်ချက်အမှန်ကို မပြော။ အချို့ကို တိုင်းပြည်အထက်ပိုင်းသို့ ပို့မည်ဟုသာ ပြောသည်။ အချို့ကိုမူ ထိုင်းနိုင်ငံရှိ ကောင်းမွန်ပြီး အစားအသောက်နှင့် ကျန်းမာရေးအခြေအနေ ကောင်းသော စခန်းများတွင် အုပ်ချုပ်ရေးလုပ်ငန်းကို လုပ်ရမည်ဟု ပြောသည်။ အဖွဲ့တစ်ဖွဲ့ကိုမူ ထိုင်း– မြန်မာ နယ်စပ်တွင် စခန်းတစ်ခု ဆောက်လုပ်၍ မီးရထားလမ်း အလုပ်သမားများအတွက် အနားယူ အပန်းဖြေရေးကို စီစဉ်ပေးရမည်ဟု ပြောထားသည်။

ယင်းသို့ မရေမရာ ပြောကြားထားမှုကြောင့် စစ်သုံ့ပန်းများအကြားတွင် ကောလာဟလများ အမျိုးမျိုးဖြစ်နေရာ အချို့ကမူ 'စ' နှင့် 'ဇ' တပ်ဖွဲ့များသည် မလေးရှားနိုင်ငံရှိ တောင်စခန်းများပေါ်မှ ကြက်ခြေနီစခန်းများတွင် အစားအသောက်၊ ဆေးဝါးအပြည့်အစုံနှင့် အခွင့်အရေး အပြည့်အစုံရရှိနေမည်ဟု ထင်ကြေးပေးကြလေသည်။ ယင်းတပ်ဖွဲ့များသည် တောတွင်းစခန်းများရောက်၍ ကျောချမှားပြမှန်း သိကြလေသည်။ သံ့ပန်းအများစုသည် ပစ္စည်းအများအပြား သယ်ဆောင်လာကြပြီး အချို့မှာ အနားယူ စခန်းတွင် တီးရန် စန္ဒရားများပင် ယူလာကြရာ 'ဘန်ပေါင်'စခန်းကို ရောက်၍ အခြေအနေမှန်ကို သိမှ ယင်းပစ္စည်းများကို စွန့်ပစ်ခဲ့ကြရလေသည်။

မီးရထားလမ်း အပြင်းအထန် ဖောက်လုပ်ခြင်း

၁၉၄၃ ခုနှစ်၊ မေလတွင် ဂျပန်တို့သည် မဟာမိတ် စစ်သုံ့ပန်းပေါင်း ၆၁,၀၀၀ (ခြောက်သောင်း တစ်ထောင်)၊ အာရှတိုက်သား အလုပ်သမားပေါင်း ၂၅၀,၀၀၀ (နှစ်သိန်းခွဲ) ကျော်တို့ဖြင့် မီးရထားလမ်း အမြန် ဖောက်လုပ်ရေး စီမံကိန်းကြီးကို စတင်လေတော့သည်။

စင်စစ် ရထားလမ်းဖောက်ချိန်သည် မိုးရာသီနှင့် တိုက်ဆိုင်နေရာ အခက်အခဲများ ဆထက်တမ်းပိုး ပိုမိုလာလေသည်။ နေ့စဉ်ရက်ဆက်လိုလို ရွာသွန်းနေသော မိုးကြောင့် ရောဂါဘယများ ထူပြောလာလေသည်။ ဆောက်လုပ်ထားသည့် တံတားများလည်း ရေထဲပါကုန်သည်။ ဖို့ထားသော မြေများလည်း ရေတိုက်စားသဖြင့် မျောပါကုန်သည်။ ပြင်းထန်သော တောင်ကျရေများနှင့် စမ်းချောင်း ရေစီးအရှိန်က တစ်နေ့လုံး ဆောက်လုပ်ထားခဲ့သည်များကို တစ်ညလုံး ဖျက်ဆီးပစ်လိုက်၏။ လမ်းများမှာလည်း ချောင်းဖြစ်ကုန်ပြီး ရိက္ခာလမ်းကြောင်းများ ပြတ်တောက်ကုန်၏။

ထိုနှစ်က မေလ ၂၂ ရက်နေ့တွင် မိုးဥတု စတင်ပြီး ၁၆ ရက်လုံးလုံး မိုးဆက်တိုက် ရွာ၏။ တောတွင်း စခန်းအများအပြား အိုင်ထွန်း ပွက်ပေါက်ကုန်၏။ တောတွင်းလမ်းများလည်း ရေစီးကြောင်းများ ဖြစ်ကုန်၏။ ကုန်းမြင့်ပေါ်ရှိ စခန်းများပင် နံနှစ်များ တင်ကုန်၏။ အကောင်းဆုံး ဆောက်လုပ်ထားသည့် တဲတန်းလျားများပင် မိုးမလုံပေ။ လူများမှာ အမြဲတမ်း စိုရွှဲနေလေသည်။ တစ်နေ့လုံး မိုးထဲလေထဲတွင် ပင်ပင်ပန်းပန်း လုပ်ကိုင်ရာမှ စခန်းပြန်ရောက်လျှင် ရေစင်အောင် မချက်သော ထမင်းပျော့ကို စားရ၏။ စားနေရင်း ထမင်းထဲ မိုးရေက ဝင်၏။ အိပ်ရာများမှာ စိုရွှဲနေသည့်အပြင် မိုးယို မိုးပက်သဖြင့် အမြဲလိုပင် စိုထိုင်းမှိုင်းနေ၏။ တောခေါင် တောနက်လွန်းသည့် စခန်းအချို့ဆိုလျှင် ရိက္ခာရောက်အောင် မပို့နိုင်၍ စွန့်ခွာကြရ၏။ စစ်သုံ့ပန်းများနှင့် အခြားအလုပ်သမားများကို အစားအသောက် လာရောင်းသော ထိုင်းဈေးသည်များလည်း မလာရောက်နိုင်တော့ပါချေ။

ရထားလမ်းဖောက်လုပ်မှု အထူး အလျင်လိုလာသည့်အခါ စစ်သုံ့ပန်းများနှင့် အခြားအလုပ်သမားများကို ရိုက်နက် ညှဉ်းပန်းမှုမှာ ပိုကဲလာတော့၏။ စစ်သုံ့ပန်း တပ်မှူးများသည် မိမိတို့ တပ်သားများကို သက်ညှာမိ၍ အရိုက်အနက် ခံကြရ၏။ ဖျားနာသူများကို အလုပ်မှ မှားခွင့်ပေးသော စစ်သုံ့ပန်း ဆရာဝန်များလည်း အရိုက်အနက် ခံကြရ၏။ အလုပ်သမားများ သက်သာအောင် ဖန်တီးသော 'ဟန်ချို'များ၊ 'ဘွန်ထိုက်ချို'များမှာလည်း အရိုက်အနက် ခံကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်နေးကွေးလျှင် ဖြစ်စေ၊ ဂျပန်တို့ပြောဆိုသည်ကို ချက်ချင်း နားမလည်လျှင် ဖြစ်စေ အရိုက်အနက် ခံကြရ၏။ ဤအခါမျိုးတွင် အဖောင့်စစ်သားများသည် လက်ဖြင့်သော်လည်းကောင်း၊ ဘွတ်ဖိနပ်ဖြင့်သော်လည်းကောင်း၊ နီးရာပစ္စည်းဖြင့်သော်လည်းကောင်း ရိုက်နှက်ပစ်ခတ် ကန်ကျောက်ကြ၏။ အချို့ကမူ ရိုက်နှက်ရန် ပါးရင်းတုတ်များကို အသင့်ဆောင်ထားကြ၏။ အချို့က ပေါက်ချွန်းရိုး၊ ဓားပြားတို့ဖြင့် ရိုက်နှက်ကြ၏။ တစ်ခါတစ်ရံ ရိုက်ရုံဖြင့် အားမရသေးဘဲ ကျောက်တုံးကြီးများကို ဦးခေါင်းပေါ် မြှောက်ထားခိုင်း၏။ မနိုင်တော့၍ ယိမ်းယိုင်လာလျှင်၊ ကျောက်တုံးလွတ်ကျလျှင် ထပ်၍ အရိုက်ခံရပြန်၏။

ရထားလမ်းပြီးစီးခြင်းနှင့် ကျဆုံးသူများ စာရင်း

သို့နှင့် ၁၉၄၃ ခု၊ အောက်တိုဘာလ ၂၅ ရက်တွင် မိုးရထားလမ်းပြီးဆုံး၍ ရထားများ စတင် ခုတ်မောင်းလေသည်။

နောက်ဆုံးခင်းသော ဇလီဖားအချောင်းကို ကြေးနီဖြင့် ပြုလုပ်ပြီး ရွှေချထားသော စို့ဖြင့် ရိုက်သည်။ မကြာမီ ထိုစို့ကို ရွှေအစစ်ထင်ပြီး သြစတြေးလျ စစ်သုံ့ပန်း တစ်ယောက်က ဖြုတ်ခိုးသွားသည်။

ပွင့်ပွဲအခမ်းအနား၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ကြဉ်မြို့ ရထားတစ်စီးလည်း ရောက်လာ လေသည်။ ဆောင်ကြဉ်မြို့မယ်များသည် လမ်းတွင် တွေ့ရသော သုံ့ပန်းများအား စီးကရက်နှင့် ပိုက်ဆံများ ပေးသွားကြသည်။

ရထားလမ်း ပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် သုံ့ပန်းများကို ငါးသေတ္တာများ ပေးသည်။ အချို့ကို ဘွတ်ဖိနပ်များ၊ ဘောင်းဘီတိုများ ပေးသည်။ ထိုင်းငွေ တစ်ကျပ်စီ ပေးသည်။

ရထားလမ်း အကွာအဝေးမှာ ထိုင်းနိုင်ငံ ဘန်ပေါင်မြို့မှ မြန်မာနိုင်ငံ သံဖြူဇရပ်မြို့ထိ (၁၇၅) မိုင်ဖြစ်သည်။

နောက်ဆုံး ရောက်ရှိလာသော စစ်သုံ့ပန်းတပ်ဖွဲ့များ ဖြစ်သည့် 'စ' နှင့် 'ဇ' တပ်ဖွဲ့များမှာ မူလက လူတစ်သောင်းကျော်ရှိရာ ရထားလမ်းဖောက်လုပ်ပြီး ချိန်တွင် လူခြောက်ထောင်ကျော်သာ ကျန်တော့လေသည်။ 'စ' တပ်ဖွဲ့မှ လူပေါင်း ၃၀၉၆ သေဆုံးပြီး၊ 'ဇ' တပ်ဖွဲ့မှ လူပေါင်း ၈၈၅ ယောက် သေဆုံးသည်။

သို့ရာတွင် ရထားလမ်းဖောက်လုပ်ရင်းမှ သေဆုံးရသော သုံ့ပန်းများလည်း အများအပြားပင် ဖြစ်သည်။ အချို့မှာ မီးရထားလမ်းကို ဆက်လက်ပြုပြင်ရန် စေခိုင်းခံရရင်း သေဆုံးကြရသည်။ အချို့မှာ မိုမိုကို ဆောက်လုပ်ခဲ့သော ခနောခနဲ့

တံတားများပေါ်တွင် လမ်းပြင်ရန် ရထားဖြင့် သွားရင်းလာရင်း အကြောင်းအမျိုးမျိုးကြောင့် ရထားချောက်ထဲ ထိုးကျကာ သေဆုံးကြရသည်။

အချို့မှာ မဟာမိတ်လေယာဉ်တို့၏ တိုက်ခိုက်မှုကြောင့်လည်းကောင်း၊ ပျက်စီးနေသော လမ်းတံတား များကို ပြင်ဆင်နေခိုက် မဟာမိတ်လေယာဉ်များ၏ လက်ချက်ကြောင့်လည်းကောင်း သေကြေကြရသည်။ အချို့မှာ မီးရထားလမ်း ပြုပြင်ရေး ပစ္စည်းများထားသိုရာ စခန်းများအနီးတွင် စခန်းချနေကြရာ ပစ္စည်း စခန်းများကို လေယာဉ်များက လာရောက်တိုက်ခိုက်သည့်အခါ အဖျားခတ်သွား၍ သေကြရလေသည်။ အချို့ကို မီးရထားလမ်းဖောက်အပြီး ဂျပန်ပြည်တွင် ဇနခိုင်းရန် ရေကြောင်းမှ ပို့ရာ လမ်းတွင် မဟာမိတ် လေယာဉ်များနှင့် ရေငုပ်သင်္ဘောများ တိုက်ခိုက်မှုကြောင့် သေဆုံးကြရလေသည်။

ဤမီးရထားလမ်းတွင် မဟာမိတ် စစ်သုံ့ပန်းပေါင်း ၆၁,၀၀၀ ဦး အလုပ် လုပ်ခဲ့ကြသည့်အနက် ၁၂,၃၉၉ ဦး သေဆုံးသည်။

အာရှ တိုင်းရင်းသား (မလေး၊ ဂျာဗား၊ ထိုင်း၊ မြန်မာ၊ ကုလား) ၂၀၀,၀၀၀ ခန့် အလုပ် လုပ်ခဲ့ ရသည့်အနက် ကိုးသောင်းခန့် သေဆုံးရသည်ကို ခန့်မှန်းသည်။

ရထားလမ်းသည် မိုင် ၂၆၀ ခန့်ရှိရာ တစ်မိုင်လျှင် မဟာမိတ် စစ်သုံ့ပန်း ၄၇ ဦးနှင့် အာရှတိုက်သား ချွေးကပ် အလုပ်သမား ၃၄၆ ဦးကျစီ သေဆုံးရာ ရောက်လေသည်။

လင်းယုန်သစ်လွင်

www.burmeseclassic.com